http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြား ဝိနည်းဓိရ အဖွဲ့

အမှတ် (၃)

ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၂၆ ကောဇာ ၁၃၇၇ ဇူလိုင်လ ၁၉၈၂

http://www.dhammadownload.com

လေး သုံး ခြောက်ဆင့် အင်္ဂါနှင့် သင့်တင့်ညီမျှမှု

ဗုဒ္ဓရှင်မြတ် ကြွရောက်လတ် ဆုံးဖြတ်သည်နှင့်တူ

ယော ဟိ ဘိက္ခု စတုဗ္ဗိဓံ ဝိနယကောဝိဒေါ တိလက္ခဏသမ္ပန္နော ဣမာနိ ဆ ဌာနာနိ ဩလောကေတွာ အဓိကရဏံ ဝူပသမေယျာတိ၊ တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော၊ ဗုဒ္ဓေန သယံ နိသီဒိတ္ဝာ ဝိနိစ္ဆိတသဒိသော ဟောတိ။ (ဝိ ဋ္ဌ ၁၊၂၀၂)။

ဟိ၊ မူန်၏။ ယော ဘိက္ခု၊ အကြင်ဝိနည်းမိုရ်ရဟန်းသည်။ စတုဗ္ဗိဓံဝိနယကောဝိဒေါ၊ ၁- သုတ္တခေါ်သော ပါဠိတော်ကို လေ့လာခြင်း၊ ၂-သုတ္တာနုလောမခေါ် ပါဠိတော်နှင့် အဓိပ္ပါယ်တူစကားများကိုလေ့လာခြင်း၊၃-အာစရိယဝါဒခေါ် ဗုဒ္ဓမတညူအဋ္ဌကထာဆရာကြီးများ၏ အယူအဆကို လေ့လာခြင်း၊ ၄- အတ္တနောမတိခေါ် အထက်ဖော်ပြပါသုံးရပ်ကို မျက်ခြည်မပြတ်ကြည့်ရှုလျက် ဆင်ခြင်သက်ဝင်နှိုင်းညှိ၍ မိမိအယူအဆကို ဖော်ထုတ်ခြင်း ဟူသော လေးပါးအပြားရှိသောဝိနည်း၌ လိမ္မာ၏။ တိလက္ခဏသမ္ပန္နော၊ ၁-သုတ္တခေါ် ပါဠိတော်စကားကို နှစ်ပါးသော အာဂမ သဘာဝ ဝိနိစ္ဆယဉာဏ်ရင့်သန်အောင် ကြိုးစားခြင်း၊ ၂-ပါဠိတော်၌ ရပ်တည်လျက် မဆုတ်ယုတ်ရအောင် ကြိုးစားခြင်း၊ ၃- အာစရိယပရမ္မရနယမဋ္ဌိကို ရမိကျွမ်းကျင်မှုရှိအောင် ကြိုးစားခြင်း ဟူသော လက္ခဏသုံးပါးနှင့်ပြည့်စုံ၏။ ဣမာနိ ဆ ဌာနာနိ၊ ၁-အမှု၏အခြေခံ၊ ၂-အစဉ်အဆက်အဖြစ်အပျက်၊ ၃-ပတ်ဝန်းကျင်၊ ၄-စဉ်လယ်အဆုံး၊ ၅-အတွင်း၌ သင့်နိုင်သည့်အပြစ်၊ ၆- အပြစ်လွတ်နိုင်ခွင့်၊ ဤခြောက်ပါးသော အရာတို့ကို။ ဩလောကေတွာ၊ ကြည့်၍။ အဓိကရဏံ၊ အဓိကရဏ်းကို။ ဝူပသမေယျာတိ၊ ငြိမ်းစေအံ့။ တဿ၊ ထိုဝိနည်းမိုရ်ရဟန်း၏။ ဝိနိစ္ဆယော၊ ဖြတ်ထုံးကို။ အပ္ပဋိဝတ္တိယော၊ မမြစ်တားမဖျက်ဆီးနိုင်။ ဗုဒ္ဓေန၊ သက်တော်ထင်ရှား မြတ်စွာဘုရားသည်။ သယံ၊ ကိုယ်တော်တိုင်။ နိသီဒိတ္ဝာ၊ ထိုင်တော်မူ၍။ ဝိနိစ္ဆိတသဒိသော၊ အဆုံးအဖြတ်ပေးအပ်သည်နှင့်တူသည်။ ဟောတိ၊ ဖြစ်၏။


http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြား ဝိနည်းဓိုရိအဖွဲ့

အမှတ် (၃)


ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာဃနာ ၂၅၂၆ ကောဇာ ၁၃၄၄ ဇူလိုင်လ ၁၉၈၂

http://www.dhammadownload.com



ရန်ကုန်မြို့၊ ကမ္ဘာအေးသာသနာ့ရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်–၀၂၄၀၅/၀၂၅၂) က ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁။	ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း	....	....	က
၂။	ရှုံးတော်ဖွင့် အခမ်းအနား အစီအစဉ်	....	....	ဃ
၃။	သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားလွှာ	....	....	ဇ
၄။	နိုင်ငံတော်သီးခြားဝိနည်းဓိုရိုးအဖွဲ့ အမှတ်(၃)ဖွဲ့စည်းခြင်း အမိန့်	....	....	ဈ
၅။	သဘာပတိဆရာတော်ဘုရားကြီး၏ အဖွင့်မိန့်ခွန်း	....		ဋ
၆။	နိုင်ငံတော်သီးခြားဝိနည်းဓိုရိုးအဖွဲ့ အမှတ် (၃)၏ သဘောထားကြေငြာချက်	....	....	ဎ
၇။	စောဒနာတင်သွင်းလွှာ	....	....	၁
၈။	ဝိတ္ထာရစောဒနာတင်သွင်းလွှာ	....	....	၃၇
၉။	သောဓနာချေပလွှာ	....	....	၁၇၂
၁၀။	သောဓနာချေပလွှာနိဂုံး	....	....	၂၀၉
၁၁။	ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ	....	....	၂၉၁
၁၂။	အမှတ် (၁) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	....	....	၃၀၆
၁၃။	အမှတ် (၂) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	....	....	၃၁၆
၁၄။	အမှတ်(၃)စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	....	....	၃၂၇
၁၅။	အမှတ် (၄)စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	....	....	၃၃၃

http://www.dhammadownload.com

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆။	အမှတ် (၅) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	၃၄၄
၁၇။	အမှတ်(၆) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံး သပ်ချက်	၃၄၈
၁၈။	အမှတ် (၇) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	၃၆၇
၁၉။	အမှတ် (၈) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	၃၇၅
၂၀။	အမှတ် (၉) စောဒနာ သောနောတို့ကိုဝေဖန်စိစစ် သုံးသပ်ချက်	၃၈၃
၂၁။	အမှတ် (၁၀) ဖစောဒနာသောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်	၃၈၉
၂၂။	ဓမ္မ,အဓမ္မ စုဒိတက ပယ်ဇယား	၄၂၀
၂၃။	ဓမ္မ အဓမ္မ ပယ်စာရင်းချုပ်	၄၂၁
၂၄။	ကြောင်ပန်းကျမ်းစာဒေသဆိုနှင့်ပါဠိစာပေနှိုင်းယှဉ်ချက်	၄၂၁
၂၅။	ဆုံးဖြတ်ချက်	၄၂၄
၂၆။	နိဂုံးချုပ် မြောင်လင့်တောင့်တချက်	၄၄၃
၂၇။	အမှတ်(၃)အဖွဲ့ ဝိနည်းဓိုရ်မျာ၏ အလုပ်ထိုင်ရက်	၄၄၄
၂၈။	ကြောင်ပန်းတောရကျောင်းဟူသောအမည်နှင့် ပတ်သက်၍ လျှောက်ထားခြင်း	၄၄၆
၂၉။	ကြောင်ပန်းအမည်နှင့် ပတ်သက်၍ ပြန်ကြားခြင်း	၄၄၇
၃၀။	အမွေဝါဒ စွန့်လွှတ်ပုံအခမ်းအနား အစီအစဉ်	၄၄၈
၃၁။	ဝိနည်းဓိုရ်အဖွဲ့ သဘာပတိဆရာတော်၏ ရှင်းလင်း လျှောက်ထားလွှာ	၄၄၉
၃၂။	နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ	၄၅၁
၃၃။	တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၏ နှလုံးသွင်းဖွယ် ဩဝါဒကထာ	၄၅၃
၃၄။	တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၏ မိန့်ကြားချက်	၄၆၂

http://www.dhammadownload.com

ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ

ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း

၁။ သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး လောကသားတို့အကျိုးကို သည်ပိုးရွက်ဆောင်တော်မူပြီးလျှင် အနုပါဒိသေသ နိဗ္ဗာန်တအောင်နှန်းသို့ ကြွမြန်းတော်မူခဲ့ပါသည်၊ ထိုအခါတွင် မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော်၌ ခုနစ်ဆင့်နှန်းသော သံဃာ့ထေရ်တွင်နှင့် အရေဇတွက်မရ အသခ်ျေယျသော ရဟန်းသံဃာတော်တို့ တည်ရှိတော် မူရစ်ကြသည်ဟု ဆိုပေသည်၊ (သာရတ္ထဋီ ၁၂၂၇)၊ ထိုမှ များပြားသော သံဃာတော်တို့တွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ်ကြီးများသည် ထိပ်ဆုံးတန်းက တည်ရှိတော်မူနေကြသကဲ့သို့ မဟိဗ်ဓမ္မသို့ မရောက်ကြသေးသူ ပုထုဇဉ် ရဟန်းတော်များလည်း အများအပြား တည်ရှိ၍ နေပေရာ၏။

၂။ ထိုမှ များပြားသော သံဃာတော်တို့ကို သံဂါယနာအဆင့်ဆင့်ဖြင့် ထောက်ခံချီးမြှောက်၍ ထွန်းတောက်မြင့်မားနေခဲ့သောမွေဝိနယဗုဒ္ဓဒေသနာတော်ဖြင့် နှစ်ပေါင်းများစွာ တညီတညွတ်တည်း စုစည်းနိုင်ခဲ့ပေသည်၊ သို့သော် သာသနာသက်ရှင်၍ လာသည်နှင့်အမျှ ပုထုဇဉ်သံဃာအင်အားကလည်း များပြား၍ များပြား၍ လာမည်ဖြစ်ရာ ပုထုဇဉ်သံဃာ များပြား၍လာသဖြင့်လည်း ပုထုဇဉ်ပီပီ လောကီဓလေ့ အင္ဂေမင်္ဂြိမ်သည်နှင့် "ပါပသို့ ရဇတိ မနော" ဟူသော စကားအရ ပါပတရား၌ မျောပါးသက်ဝင်၍ လာကြမည်သာတည်း၊ ထိုအခါ ဓမ္မဝိနယကိစ္စကမ္မတို့နှင့် စပ်လျဉ်း၍ အချင်းချင်းသဘောထား မည်မျှမှုတို့သည် ပေါ်ပေါက်၍ လာတတ်ကြပေသည်။

၃။ သာသနာ့သမိုင်း၌ သာသနာတော် နှစ်တရာခန့်တွင် အဓမ္မဝတ္ထု ဆယ်ပါးဖြင့် ကျယ်ပွား ငြင်းခုံခဲ့ရာမှအစ အဓိကရဏဝိဝါဒ တရားဆိုးများ တမျိုးပြီးတမျိုး ပေါ်ပေါက်၍ လာခဲ့သည်ကိုတွေ့ရပေသည်၊ ထိုအခါ ပေါ်ပေါက်၍လာသော အဓိကရဏဝိဝါဒတရားများကို ကိစ္စအားလျော်စွာ သာသနာတော်၏ ဥပဒေသ အဓိကရဏသမထ လေးပါးတို့ဖြင့် ကုစားခဲ့သဖြင့် အများအပြားပင် ငြိမ်းအေးသွားခဲ့ကြရပေသည်။

ထိုသာသနာတော်၌ ပေါ်ပေါက်တတ်သော အဓိကရဏခေါ် အဓိကရဏ်း လေးပါးဟူသည်မှာ—

(က) ဝိဝါဒါဓိကရဏ–ဝိဝါဒါဓိကရဏ်း

(ခ) အနုဝါဒါဓိကရဏ–အနုဝါဒါဓိကရဏ်း

http://www.dhammadownload.com

(ဂ) အာပတ္တာဓိကရဏ – အာပတ္တာဓိကရဏ်းနှင့်

(ဃ) ကိစ္စာဓိကရဏ – ကိစ္စာဓိကရဏ်းဟူ၍ ဖြစ်ပေသည်။(ဝိ၃၊၂၁၁)။

၄။ ထိုလေးပါးတို့တွင်–

(က) ဝိဝါဒါဓိကရဏ်းဟူသည် ရဟန်းတော်အချင်းချင်း ဓမ္မကို အဓမ္မဟူ၍ လည်းကောင်း အဓမ္မကို ဓမ္မဟူ၍လည်းကောင်း ဝိနယကို အဝိနယဟူ၍လည်း ကောင်း အဝိနယကို ဝိနယဟူ၍လည်းကောင်း ငြင်းခုံကြခြင်းတည်း။

(ခ) အနုဝါဒါဓိကရဏ်းဟူသည် ရဟန်းတို့က အခြားရဟန်းတပါးကို သင်သည် သီလ,အကျင့်,အယူဝါဒ, အသက်မွေးမှု ပျက်စီးခြင်းလေးမျိုးတို့တွင် တမျိုးမျိုးပျက်စီးနေသူ ဖြစ်သည်ဟု စွပ်စွဲ ငြင်းခုံကြခြင်းဖြစ်သည်။

(ဂ) အာပတ္တာဓိကရဏ်းဟူသည် ထုလ္လစ္စဉ်းအာပတ် ပါစိတ်အာပတ်စသော လဟုကအာပတ်ပါးမျိုး ပါရာဇိကသံဃာဒိသိသ်ဟူသောဂရုကအာပတ် နှစ်မျိုးတို့ (ပေါ်ပေါက်ငြင်းခုံကြခြင်း) သည် အာပတ္တာဓိကရဏ်းမည်၏။

(ဃ) ကိစ္စာဓိကရဏ်းဟူသည် သံဃာ့ကိစ္စအဝဝကို ကိစ္စအားလျော်စွာ ဆိုင်ယုတ်တွဲဖြင့် ဆောင်ရွက်ကြရာ၌ငြင်းကိုပင် ဆိုပေသည် (ဤကိစ္စာဓိကရဏ်းကို ထောက်ဆ၍ အဓိကရဏ်းဆိုတိုင်း ငြင်းခုံခြင်းကို ဆိုလိုသည်မဟုတ်ကြောင်း ဤကိစ္စာဓိကရဏ်းဟူသည်မှာ ပေါ်ပေါက်လာသော သံဃာ့ကံများကိုပင် ဆိုလိုကြောင်း ယင်းအပလောကန စသော သံဃာ့ကံများမှာ ဆိုင်ရာ သမ္ဃတို့ဖြင့် ငြိမ်းအေးပြီးပြေကြောင်းဖြစ်သဖြင့် အဓိကရဏ်းခေါ်ကြောင်း သိမှတ်ကြရာသည်)။

၅။ ဖော်ပြပါအဓိကရဏ်းလေးမျိုးတို့တွင်–

ဤဓမ္မကြောင်ပန်းတော်ရုပါဒနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အဓိကရဏ်းမှာ ဝိဝါဒါဓိကရဏ်းပင် ဖြစ်ပေသည်၊ ဤဝိဝါဒါဓိကရဏ်းသည် လွန်ခဲ့သော နှစ်ခေါင်းမျှားစွာကပင် ပေါ်ပေါက်ခဲ့သော်လည်း ယင်းအဓိကရဏ်း ငြိမ်းရာ ငြိမ်းကြောင်းဖြစ်သော သမ္မုခါဝိနယ သမထစသည်ဘို့ဖြင့် မငြိမ်းအေးခဲ့နိုင်၍ ဒုပ်ချည်တခါ ပေါ်ချည်တလှည့်ဖြင့် နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ရပေသည်။

ယခုကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တသိန်းကျော် သံဃာတော်ဘုရား၏ ကိုယ်ထား သံသဃမ္မုတိရသံဃာ့ကိုယ်စားလှယ် ၁၂၁ဂ-ပါးတို့ တက်ရောက်သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးက အာဏာပိုင်ပြုပြဋ္ဌာန်းထားသော ပိုနည်းငယ်မှားယွင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအခန်း (၂)ပုဒ်မ (၃) လုပ်ထုံးလုပ်နည်းများ ပုဒ်မ-၅၇ (က)တို့အရ

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်(၇) ပါး ပါဝင်သော သံးခြားဝိနည်းဓိရိအဖွဲ့ အမှတ် (၃) ကို ဖွဲ့စည်းပေးပြီးလျှင် နှစ်ပေါင်းများစွာ မငြိမ်းအေးခဲ့သော အဆိုပါ ကြောင်ပန်းတောရဝါဒကို စစ်ဆေး ဖြေရှင်း၍ ငြိမ်းအေးခြင်းသို့ ပြောက်စေခဲ့ပေသည်။

၆။ ထူးခြားသည်ကား ဤကြောင်ပန်းတောရဝါဒကို မစစ်ဆေး မငြိမ်းအေးစေမီက နိုင်ငံတော်သီးခြား ဝိနည်းဓိရိအဖွဲ့ အမှတ်-၁၊ အမှတ်-၂ တို့ဖြင့် ကျောက်သင်္ဘောဝါဒနှင့် လူသေလူဖြစ် ဝါဒါနုဝါဒတို့ကို စစ်ဆေး ငြိမ်းအေးစေခဲ့ပြီးဖြစ်ရာ ယင်းဝါဒနှစ်မျိုးလုံးပင် အဓမ္မဝါဒအဖြစ်ဖြင့် ငြိမ်းအေးသွားရပေသည်၊ ယခုကြောင်ပန်းတောရဝါဒကို ငြိမ်းအေးစေရာ၌ကား အချို့အမှု အချို့အဓမ္မဖြစ်၍ ငြိမ်းအေးစေသဖြင့် ထူးခြားသည်ဟု ဆိုရပါ၏၊ တနည်းအားဖြင့်လည်း ဓမ္မ အမှုဆိုင်ရာ အဓိကရုဏ်းတို့သည် နိုင်ငံတော်သံဃ မဟာနာယကတို့၏ ရုံးတော်၌ အခမ္မချည်း ဖြစ်ရလိမ့်မည်ဟု ထင်မြင်နေကြသူသာ များရာ ဤကြောင်ပန်းတောရဝါဒ၌ မှုအချို့ အဓမ္မအချို့အား ဖြင့် ထိုကဲ့သင့်သလို တရားတော်အားလျော်စွာ အဖြေပေါ်လာသဖြင့် ဓမ္မ အမှု အဓိကရုဏ်း တိုင်းတွင် အဓမ္မချည်း အဆုံးအဖြတ်ပေးသည် မဟုတ်၊ ဓမ္မလမ်းကြောင်း အတိုင်းသာ အဆုံးအဖြတ်ပေးသည်တကားဟု အများသော ရဟန်းရှင်လူတို့အဖို့ သံဃ မဟာနာယကအဖွဲ့ကြီးအား ပိုမိုအားကိုးလာကြသည်ကို တွေ့ရဖယ်သည်။

၇။ ထို့ကြောင့် ဤကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယကို တနိုင်ငံလုံးကပင် စိတ်ပါဝင်စားစွာ စောင့်မျှော်လျက် စာအုပ်အဖြစ်ဖြင့် ပေါ်ထွက်လာရေးကို တမေးတည်းမေး၍ နေကြသဖြင့် ပုံနှိပ်လုပ်ဆောင်၍ ပြည့်ထောင်စုသမ္မတ မြန်မာတနိုင်ငံလုံးသို့ ဖြန့်ချိရန် ကြိုးစားကြရပေသည်၊ ဤသို့ကြိုးစားရာ၌ ကြောင်ပန်းတောရဝါဒ အဆုံးအဖြတ်ပေးပြီးစ အချိန်မှာ ပထမအကြိမ် ဗဟိုသံဃဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကြီးနှင့် နီးကပ်နေသဖြင့် ယင်းအစည်းအဝေးဆိုင်ရာ စာရွက်စာတမ်း ကျမ်းကြီးကျမ်းငယ် အသွယ်သွယ် အစားစားတို့ကို နေ့မအား ညမအား ဇိမ်ခိုပ်နေဆဲဖြစ်သဖြင့် တတ္တဝေဒစောင့်ဆိုင်းထားခဲ့ ရပေသေးသည်၊ ယခု အစည်းအဝေးပြီးစီးသွားမှ ဤကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယကျမ်းကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနမှ အချိန်ယူရိုက်နှိပ်လျက် နိုင်ငံအနှံ့ ဖြန့်ချိ ထုတ်ဝေလိုက်ရပေသည်။

သာသနာရေးဦးစီးဌာန

http://www.dhammadownload.com

၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက်၊ (၉၊ ၂၊၀၂)ခန့်
ရန်ကုန် မြို့ ကမ္ဘာအေးကုန်းပြေး အပရဂေါယာန ကျောင်းဆောင်၌
ကြောင်ပန်းတောရဝါဒကို ဓမ္မ အဓမ္မဖြင့် ကြားနာစစ်ဆေးရန် ဖွင့်လှစ်သော
နိုင်ငံတော်သီးခြား ဝိနည်းဗိုလ်အဖွဲ့ အမှတ် (၃)
ရုံးတော်ဖွင့် အခမ်းအနားအစီအစဉ်

၁။ နိုင်ငံတော်သီးခြားဝိနည်းဗိုလ်အဖွဲ့ ဆရာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်၍ ရုံးတော်ကို ဖွင့်လှစ်ရန်၊

၂။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ သဘောထားကို သာသနာဓရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားရန်၊

၃။ နိုင်ငံတော်သီးခြားဝိနည်းဗိုလ်အဖွဲ့ အမှတ် (၃) ကို ဖွဲ့စည်းကြောင်း နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့၏ အမိန့် (ကြေငြာချက်) ကို ဖတ်ကြားရန်၊

၄။ လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်မှု ရှိ·မရှိ စောဒကနှင့် စုဒိတက တို့အား သဘာပတိဆရာတော်က မေးမြန်းရန်၊

၅။ နိုင်ငံတော် သီးခြားဝိနည်းဗိုလ်အဖွဲ့ အမှတ် (၃)ရုံးတော်၏ သဘောထား ကို ဖတ်ကြားရန်၊

၆။ ကြောင်ပန်းတောရဝါဒကို ဖြန့်ဖြူး ရေးသား ဟောပြောနေခြင်းမှာ ဘုရားဟော ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒ ဖြစ်ကြောင်း စောဒနာတင်သွင်းရန်၊

၇။ စောဒကဆရာတော်များ၏ စောဒနာနှင့် စပ်လျဉ်း၍ ပြန်လည်ချေပ ခြင်းပြု·မပြု စုဒိတကများအား မေးမြန်းရန်၊

၈။ အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာရန်။

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်
ဦးကြည်ညွှန့် လျှောက်ထားလွှာ

ကြွရောက်တော်မူလာကြသည့် ဓကြောင်ပန်းတောရဝါဒနှင့် ပတ်သက်သည့် ဝိနိစ္ဆယ အဆုံးအဖြတ်ပေးမည့် သဘာပတိဆရာတော်ဘုရားကြီးနှင့်တကွ ဆဖဲ့ဝင် ဝိနည်းဓိုရ်ဆရာတော်များ စောဒကဆရာတော်များ စုဒိတကဆရာတော်များကို တပည့်တော်ရှိသေစွာ လျှောက်ထားလိုပါတယ်ဘုရား။

တပည့်တော်တို့ ဒီ ဓမ္မ အဓမ္မအငြင်းပွားမှုများနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်ခဲ့တာ ယခုကြောင်ပန်းတောရ ဝါဒပါဆိုလျှင် တတိယအကြိမ်ရှိလာပါပြီ၊ အခုအချိန်အထိ တပည့်တော်တို့ ဆောင်ရွက်ခဲ့တဲ့နေရာမှာ အောင်အောင်မြင်မြင် ဖားလုံးဖြစ်ခဲ့ပါတယ်၊ ယမုလို အောင်အောင်မြင်မြင် ဖြစ်ခဲ့တာဟာလဲ ဆရာတော်များနှင့် တပည့်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒကာ ဒကာမများအားလုံး ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြလို့ အောင်အောင်မြင်မြင် ဖြစ်ခဲ့ပါတယ်။

ဒီကြောင်ပန်းတောရဝါဒနှင့်ပတ်သက်ပြီးတော့ အဖွင့်မှာလည်း တပည့်တော်လျှောက်ခဲ့ပြီးဖြစ်ပါတယ်၊ အရင်ဖြစ်ခဲ့တဲ့ လူသေလူဖြစ်ဝါဒတို့ ကျောက်သင်္ဘောဝါဒစသည်တို့နှင့် မတူပါဘူး၊ ကြောင်ပန်းတောရ ဝါဒကိစ္စမှာတော့ မူလအစကတဲ့ကိုက အေးချမ်းတဲ့အသွင်ရှိတယ်လို့ တပည့်တော်လျှောက်ထားခဲ့ပါတယ်၊ယခင်ဝါဒများ အဆုံးအဖြတ်ပေးတဲ့ အချိန်ကနှင့်တောင်မတူပဲ အင်မတန် အေးချမ်းတဲ့ အသွင်ရှိပါတယ်။

အထူးသဖြင့် လူသေလူဖြစ်ကိစ္စမှာဆိုယင် တော်တော်ရှုပ်ရှပ်သဲသဲရှိခဲ့ပါတယ်၊ စိတ်ဝင်စားတဲ့လူကလဲများခဲ့ပါတယ်၊ ဒီမှာ ဥပဒေနဲ့အညီ ဆောင်ရွက်တယ်ဆိုတဲ့ကိစ္စကတော့ အားလုံးဆရာတော်များလဲ သိရှိပြီးဖြစ်ပါတယ်၊ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ ပေါ်ပေါက်လာတဲ့ ကိစ္စကို ပြန်ပြီး လျှောက်ရမယ်ဆိုရင် ၁၉၇၀-ပြည့်နှစ်က ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်ခဲ့ပါတယ်၊ အဲဒီ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကနေပြီးတော့ တပည့်တော်တို့ ဝိနည်းခမ္မကံအဓိကရဏ်း မူခင်းများ ဖြေရှင်းရေးနှင့် ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခဲ့ပါတယ်၊ အဲဒီ လုပ်ထုံးလုပ်နည်းများပေါ် မူတည်ပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့ အာဏာစက်သဘောမျိုး သက်ရောက်အောင် အကူအညီပေးနိုင်အောင် ပြည်သူ့လုတ်တော်မှာ

http://www.dhammadownload.com

တင်ပြီး ဆရာတော်များရေးဆွဲခဲ့တဲ့ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရဲ့ အချက်အလက်များအတိုင်း အဲဒီပေါ်မူတည်ပြီး ဥပဒေတရပ်ကို ရေးဆွဲပြီး လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။

အဲဒီမှာ ပုဒ်မအားလုံး အရေအတွက် ၁၃-ခုပဲရှိပါတယ်၊ ပုဒ်မ ၁၃-ခုရှိတဲ့ အနက် ပုဒ်မ(၃) တွင်—

> "ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာမှုခင်းကိုဖြစ်စေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်"

လို့ ဆိုထားပါတယ်၊ နောက်ပြီးတော့ အဲဒီဆုံးဖြတ်ချက်နဲ့ပတ်သက်လို့ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ (၁၃) မှာ—

> "ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်သည်"

ဒီလိုပါရှိပါတယ်၊အဲဒီပုဒ်မ ၂-ခုအရ ဆရာတော်များကပေးမဲ့ အဆုံးအဖြတ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဘို့ တပည့်တော်တို့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှာ ဥပဒေအရ တာဝန်ရှိပါတယ်။

ဒီမှာ့ စောဒကဆရာတော်များရော စုဒိတကဆရာတော်များရော တပည့်တော်တို့ရဲ့ သဘောထားကိုလျှောက်ထားရမယ်ဆိုယင် ဒီကိစ္စတွေမှာ အမှုအမှန် သူနိုင်ကိုယ်နိုင် ပြိုင်ပြီးတော့ အဆုံးအဖြတ်ခံတဲ့သဘောမျိုးမဟုတ်ပဲနဲ့ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမဖြစ်တဲ့ အမှန်တရားကို သီးခြားဝိနည်းဓိုရ် ဆရာတော်ဘုရားကြီးများထံ တင်ပြပြီး အမှန်တရားကိုရှာဖွေတဲ့သဘောမျိုးဒီလိုဆောင်ရွက်စေလိုတဲ့ သဘောထား တပည့်တော်တို့မှာရှိပါတယ်၊ အဲဒီသဘောထား အတိုင်း ဆောင်ရွက်တာကိုတွေ့ရတဲ့အတွက် တပည့်တော်များအနေနဲ့ အင်မတန် ဝမ်းမြောက်ဝမ်းသာ ရှိရပါတယ်၊ ဆရာတော်များကိုလဲ ကြည်ညိုမဆုံး ရှိရပါတယ်။

http://www.dhammadownload.com

ဒါကြောင့် ဓမ္မအဓမ္မ အငြင်းပွားတဲ့ အမှုတွေနဲ့ ပတ်သက်ပြီးတော့ ဆရာတော်ကြီးများကိုယ်တိုင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှာ အလေးအနက်ထားပြီး စဉ်းစားတဲ့အခါ ရိုးရိုးသာမန် မြို့နယ်ဝိနည်းဂိုရုဏ်များနဲ့ မဆုံးဖြတ်စေပဲ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အပါး၃၀၀-ထဲက ပရိယတ္တိ စာတတ် ပေတတ် ဆရာတော်များ အနည်းဆုံး၁၂ပါးပါဝင်တဲ့ အဖွဲ့နဲ့ဆုံးဖြတ်ရမယ်ဆိုပြီး ဆရာတော်များကိုယ်တိုင် ဥပဒေ ရေးဆွဲထည့်သွင်းခဲ့ကြောင်း သိရှိရပါတယ်။


အဲဒီ အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ထဲမှာလဲ ပရိယတ္တိသာသနာတော်ကို ရေးသားခြင်း ဟောပြောခြင်းနှင့် ပတ်သက်ပြီး မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့ နာယကအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ထဲမှာလဲ ဝ ချက်အပါအဝင် ဖြစ်ပါ၀ယ်။

အဲဒီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်နဲ့အညီ သံဃာ့ကိစ္စ သံဃာတော်များသာ ဆောင်ရွက်ရမယ်ဆိုတဲ့ မူအတိုင်း ဆောင်ရွက်လာခဲ့တာ အောင်မြင်မှုများ ရရှိလာပြီးတော့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အလားအလာကောင်းများ ပေါ်ထွက်လျက်ရှိတယ်ဆိုတာ သံဃာတော်များလဲ သိပါတယ်၊ ဒကာ ဒကာမများလဲ သိရှိတဲ့အတွက် အင်မတန်ပဲ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့အချိန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ဆရာတော်များပေးမဲ့ အဆုံးအဖြတ်ကို စုဒိတကဆရာတော်များရော နှစ်ဖက်ပုဂ္ဂိုလ်များကိုပါ တပည့်တော်တို့က ထပ်မံလျှောက်ထားရမှာကတော့ အချုံးအနှိုင် အဆုံးအဖြတ် သဘောမျိုးမဟုတ်ပဲနဲ့ အမှားအမှန်ကို ဆရာတော်များက ညှိနှိုင်းဆုံးဖြတ်တဲ့ ဝိနိစ္ဆယကို နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ်နဲ့ လက်ခံကြလိမ့်မယ်လို့ တပည့်တော်များက မျှော်လင့်ပါတယ်၊ အဲဒါလို့လက်ခံဖို့အတွက် ဆောင်ရွက်ပေးဖို့ရာ တပည့်တော်များမှာ တာဝန်ရှိပါတယ် ဆိုတဲ့အကြောင်း လျှောက်ထားအပ်ပါတယ် ဘုရား။

http://www.dhammadownload.com.

http://www.dhammadownload.com



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်

နိုင်ငံတော်
သံဃမဟာနာယကအဖွဲ့
ဗဟိုဌာနချုပ်

ဇမ္ဗုဒီပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

စာအမှတ်၊ ၂၀၀/၁/သာ–မဟာန
နေ့စွဲ၊ ၁၃၄၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၃- ရက်
(၁၉၈၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော် ဗဟို သံဃဝန်ဆောင် ဆရာတော်များသာပါဝင်သော နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၃) ဖွဲ့စည်းခြင်းအမိန့်

(လုပ်ထုံးလုပ်နည်းများ အပိုဒ်-၅၇)

၁။ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သည် စောဒက ဦးသုဇာတ၊ရတနာ မာန်ဇအောင်တိုက်၊ မကျီးဂွရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။ ဦးပညာဝံသ၊ တလုက်ထော်ကျောင်းကြီး၊ တလုတ်ဇထော်ရွာ၊ ဟသ်ာတမြို့နယ်၊ ရောဝတီတိုင်း။ ဦးဂမ္ဘီရဗုဒ္ဓိ၊ သုခိတာရုံစာသင်တိုက်၊ ဝေါမြို့၊ ပဲခူးတိုင်း၊ ဦးဇောတိက၊ သာစည်ကျောင်းတိုက်၊ မင်းခေါင်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်းတို့နှင့် စုဒိတက ဦးနန္ဒိယ (၁)၊ ဦးယုဝိန္ဒ၊ ဦးနန္ဒိယ (၂) ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း။ ဦးပဏ္ဍိတ၊ ကြောင်ပန်းဓမ္မာရုံကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ ဦးသုန္ဒရ၊ ကြောင်ပန်းကျောင်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာ၊ မြို့နယ်၊ ရန်ကုန်တိုင်းတို့၏ ကြောင်ပန်းတောရဝါဒနှင့် ပတ်သက်၍ ဓမ္မအမွေအဖြစ် အငြင်းပွားမှုကို ဝိနည်းတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးနိုင်အတွက် အောက်ဖော်ပြပါ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်များသာပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၃)ကို ဖွဲ့စည်းလိုက်ပါသည်။

http://www.dhammadownload.com

အမှတ်စဉ်	ဘွဲ့တော်	သိက္ခာ	ကျောင်းတိုက်
၁။	ဘဒ္ဒန္တဩဘာသ	၅၁	သရက်တောကျောင်း၊ကျောက်မဲမြို့။
၂။	ဘဒ္ဒန္တပဏ္ဍဝ	၄၉	ရွှေအင်းရိပ်သာ၊ တပ်ကုန်းမြို့။
၃။	ဘဒ္ဒန္တနာရဒါဘိဝံသ	၄၇	မစိုးရိမ်ဘိုက်၊ မန္တလေးမြို့။
၄။	ဘဒ္ဒန္တနေမိန္ဒ	၄၁	မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့။
၅။	ဘဒ္ဒန္တကဝိဓဇ	၃၈	မဟာဝိဇယာရာမတိုက်၊ စလင်းမြို့။
၆။	ဘဒ္ဒန္တဇိလောကသာရ	၃၇	မြို့သစ်ကျောင်း၊ မလှိုင်မြို့။
၇။	ဘဒ္ဒန္တဝိမလ	၂၄	မဟာလယ်တီတိုက်၊ မုံရွာမြို့။

၂။ အထက်ပါ နိုင်ငံတော် သီးခြားဝိနည်းဗိုဒ် အဖွဲ့အမှတ် (၃) တွင် သင့်လျော်ရာတပါးကို သဘာပတိအဖြစ် စာင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

(ဘဒ္ဒန္တရေဝတာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com

သဘာဝတိဆရာတော်ဘုရားကြီး၏ အဖွင့်မိန့်ခွန်း

၁။ ဤယနေ့ သာသနာတော်နှစ် ၂၅၂၆-ခု၊ မြန်မာသက္ကရာဇ် ၁၃၄၄-ခုနှစ် ကဆုန်လဆန်း ၄-ရက် (၂၆-၄-၈၂) တနင်းလာနေ့နံနက် (၈) နာရီအချိန်ကစ၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၃) ဝိနည်းဓိုရ်ဆရာတော်များ ရုံးတော်က ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယကို ချမှတ်တော့မည် ဖြစ်ပါသည်။

ဝိနိစ္ဆယစာတမ်းကို ဖတ်ကြားချမှတ်ခြင်းမပြုမီ ရှေးဦးစွာ အနည်းငယ် ပြောကြားလိုသည်မှာ လောကဘ္ဍ မည်သူမဆို မိမိရည်ရွယ်ချက်အတိုင်း တသွေ့ မတိမ်း ဖြစ်စေချင်သည့်သူချည်းသာဖြစ်သည်၊ အပြိုင်အဆိုင်ပြုလုပ်ကြသည့် ကိစ္စများမှာဆိုလျှင် မိမိကသာ သာလိုသည် နိုင်လိုသည်၊ ဤသည်မှာ လောကဓမ္မတာဖြစ်သဖြင့် အပြစ်ဆိုစရာမလိုဟု ဆိုနိုင်ပေသည်၊ သို့သော် ဤဓမ္မအဓမ္မဝိနိစ္ဆယရေးရာ၌ကား စောဒက စုဒိတက နှစ်ဖက်သောပုဂ္ဂိုလ်တို့သည် ဗုဒ္ဓရှင်တော်မြတ်၏ သားတော်များချည်း ဖြစ်ကြပြီးလျှင် မိမိတို့ကိုယ်ကျိုး ကိုယ်စီးပွားကို ပြုလုပ်နေကြခြင်းမဟုတ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဦးစားပေး၍ ဤရုံးတော်သို့ရောက်ရှိလာကြသူများချည်းသာဖြစ်ပေသည်။

၂။ စောဒကဆရာတော်များက—

"ဤသို့စောဒနာရခြင်းသည် တပည့်တော်များ၏ ကိုယ်ကျိုးမပါ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် အတွက်လည်းကောင်း သုခါသံဃာ သာမဂ္ဂီ ဒေသနာတော်နှင့်အညီ သာသနာ့ဝန်ထမ်း ညီရင်းအစ်ကိုဖြစ်ကြကုန်သော သံဃာအချင်းချင်း ဝိဝါဒမကဲ့မပြား တသားတည်း ညီညွတ်ရေးအတွက်လည်းကောင်း ထေရဝါဒပိဋကတ်တော်လာ နိဗ္ဗာန်ရောက်ကြောင်း ဒေသနာတော်များ မှန်ကန်စွာတည်ရှိနိုင်ရေး အတွက် လည်းကောင်း ကောင်း မြတ်သော ရည်ရွယ်ချက်ဖြင့်သာ စောဒနာရခြင်းဖြစ်ပါကြောင်း" (သခေါ်ပစောဒနာတင်သွင်းလွှာနိဒါန်း)

ဤသို့ နိဒါန်းသွယ်၍ စင်ကြယ်သောစိတ်ထားဖြင့် စောဒနာခဲ့ကြသကဲ့သို့ပင် စုဒိတကဆရာတော်များကလည်း—

"တပည့်တော်များ ကြောင်ပန်းတောရဝါဒကို ဓမ္မ အဓမ္မ စိစစ်ရန် စောဒနာချက်ပေါ် ပေါက်လာခြင်းအတွက် ငြင်းခုံထိပါးအမှားမပါစေရန် အထူးသတိပြု၍ တာဝန်ရှိသောသက်ဆိုင်ရာအချက်တို့ကိုသာ ဉာဏ်မီသလောက် ဖြေဆိုသောဓနာခြင်းဖြင့် ဝိနည်းဓိုရ်ဆရာတော်များ၏

http://www.dhammadownload.com

စီစစ်ဆုံးဖြတ်ချက် ဝိနိစ္ဆယချမှတ်သည်ကို နာယူ၍ သာသနာတော်ကိစ္စအဝဝ အေးငြိမ်းချမ်းသာမှု ရလိမ့်မည်ဟု မမှိတ်မသုံ ယုံကြည်သက်ဝင်သော ရည်ရွယ်ချက်ဖြင့် ဖြေဆိုသောနောပါမည်ဘုရား"(သောဓနာဇင်သင်းလွှာနိဒါန်း)

သောဓနာတင်သင်းလွှာနိဒါန်းတွင် ဝန်ခံကတိပြုခဲ့ကြပေသည်။

၃။ ယင်းစောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ်တို့၏နိဒါနကထာ စေတနာ စကားသံတို့အရ သူတော်ကောင်းလက္ခဏာ ပြည့်စုံသူများချည်းသာ ဖြစ်ကြသည်နှင့် အညီ အထက်တွင် ပြောဆိုသကဲ့သို့ ပုံပဲ့ ဆင်ပဲ့ ဝင်နဲ့ကြရာ မိမိကသာ သာလို နိုင်လိုသော စိတ်ထားမျိုးကို မထားရှိပဲ မြတ်စွာဘုရား သာသနာတော်ကြီး အတွက် ဤပြစ်ပေါ်လာသော ဝိဝါဒါဓိကရဏ ကိုး တွင် ထေရဝါဒပိဋကတော်ဟု ဆိုအပ်သော ပါဠိတော်အဋ္ဌကထာ ဋီကာတို့နှင့်နှိုင် ညီလျက် ဝိနည်းဓိုရ် ဆရာတော်များက ဤကာဓမ္မ ဤကာ အဓမ္မဟူ၍ ဝိနိစ္ဆယ ချမှတ်ဆုံးဖြတ်သည့် အတိုင်း ပြတ်ပြတ်သားသား လိုက်နာကြဖို့ပင် ဖြစ်ပေသည်။

ဤသို့လိုက်နာကြရာ၌ ဝိနိစ္ဆယချမှတ်ချက်များတွင် ဓမဟူ၍ ဖြစ်လာသည့် အခါင်္ဂလည်းကောင်း အဓမ္မဟူ၍ ဖြစ်လာသည့်အခါင်္ဂ လည်းကောင်း စောဒကပုဂ္ဂိုလ်များကလည်း ဤအချက်တွင် ငါတို့စောဒနာလိုက်သည့်အတွက် ဓမ္မ အဓမ္မ ပီသပြတ်သားစွာ အဖြေပေါ်ခဲ့ပေသည်ဟူ၍ လည်းကောင်း စုဒိတကပုဂ္ဂိုလ်များကလည်း ငါတို့အဖို့ အမြဲတစေ လိုက်နာသိရှိနေရန်အတွက် ဓမ္မ အဓမ္မဟု ပီပြင်သေချာ သိရပါပေသည်ဟူ၍ လည်းကောင်း စိတ်ဇာနိုင်ကြလျက် စောဒကပုဂ္ဂိုလ်တို့က စုဒိတကပုဂ္ဂိုလ်တို့ အပေါ်၌ လည်းကောင်း စုဒိတကပုဂ္ဂိုလ်တို့ကလည်း စောဒက ပုဂ္ဂိုလ်တို့အပေါ်၌ လည်းကောင်း ဒေါသအာဃာတမထား မေတ္တာ ကရုဏာ မုဒိတာပွားကြရန် မှာကြားလိုပေသည်။

၄။ ဝိနည်းဓိုရ် ဆရာတော်တို့သည် ဤကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယကို ပြုစုကြရာ၌ ပေါ့ပေါ့ဆဆ သဘောမထား လေးစားဂရု အထူးပင်လုံ့လပြု၍ ပါဠိ အဋ္ဌကထာဋီကာ ဂန္ထရမြောက်မြားစွာတို့ကို မှေနှောက်ရှာဖွေကာ အချိန်ကြာကြာယူလျက် ဝိနည်းဓိုရ်အချင်းချင်း ဝိုင်းထိုင်ကာဆွေးနွေး၍ ရေးသားဆုံးဖြတ်ခဲ့ကြပေသည်၊ အမှန်အားဖြင့်ဆိုရသော် ဤကြောင်ပန်းတောရဝါဒကိစ္စသည့် အခြားအခြားသော ဝိဝါဒါဓိကရဏ ကိစ္စများထက် ခက်ခဲသိမ်မွေ့လှပေသည်၊ ထို့ကြောင့် ဝိနိစ္ဆယချမှတ်ရေးသားရာ၌လည်း ရှေးဦးစွာ စောဒနာသောဓနာ နှစ်ဖြာနှစ်ဝတ်တို့ကို တိတိပပလေ့လာ၍ စာပေချိန်ခွင်၌ တင်စက်

http://www.dhammadownload.com

သုံးသပ်ခဲ့ပေသည်၊ စောဒနာ သောဓနာ အချက်ပေါင်း ၁၀-ကို အကျယ်တဝင့် သုံးသပ်ပြီးမှသာ ဆုံးဖြတ်ချက်စာတမ်းကို သီးခြားပြုစုခဲ့ကြရပေသည်။

ထို့ကြောင့် ယခုဖတ်ကြားရာ၌ ရှေးဦးစွာ သုံးသပ်ချက်များကို ကြားနာကြရပေမည်၊ သုံးသပ်ချက်များပြီးဆုံးမှ ဆုံးဖြတ်ချက်ကို ဆက်လက်ကြားနာကြရပေမည်၊ သုံးသပ်ချက်တို့တွင် ပါဠိအဋ္ဌကထာ ဋီကာဂန္ထဆရာ အထောက်အကိုးတို့ဖြင့် ကြောင်းကျိုးစုံလင်စွာ ဖော်ပြထားပြီး ဆုံးဖြတ်ချက်တွင်မူ အတိုရုံး၍ လိုရင်းမျှကိုသာ ထုတ်ပြလျက် ဓမ္မ အဓမ္မဆုံးဖြတ်မည် ဖြစ်ပေသည်။

သို့ဖြစ်၍ ငါတို့၏ စောဒနာ သောဓနာချက်တို့အပေါ် မူတည်၍ ထုက်ပေါ်လာသော ယခုဖတ်ကြား‌လတ္တံ့သော ဆုံးဖြတ်ချက်များသည် ငါတို့အတွက် သက်သက် ဖြစ်ပေါ်လာရသော်ဓမ္မ အဓမ္မ သာရအနှစ် အမြုတေရတနာ အစစ်များပါတကား‌ဟု စိတ်ထား‌စေတနာ ဖြူစင်စွာဖြင့် နာကြားကြပါ‌ဟု ဩဝါဒ စကား ပြောကြား‌လိုပေသည်။

ဦးဩဘာသ

သဘာဝပတိဆရာတော်

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့

http://www.dhammadownload.com



ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာ
နိုင်ငံတော်
နိုင်ငံတော် သီးခြားဝိနည်းဝိုဏ်အဖွဲ့
အမှတ် (၃)
(အဗရဂေါယာန ကျောင်းဆောင်)
[၁၃၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော်
၁-ရက် (၉-၂-၈၂) အင်္ဂါနေ့]

သဘောထားကြေငြာချက်

၁။ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ် ကြောင်ပန်းတောရဝါဒကို မေ့မအဓမ္မ စစ်ဆေးဆုံးဖြတ်ရန် ဥပဒေနှင့်အညီ ဖွဲ့စည်းအပ်သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သီးခြား ဝိနည်းဝိုဏ်အဖွဲ့ အမှတ်(၃)၏ သဘောထားကို အောက်ပါအတိုင်း ထုတ်ပြန်ကြေငြာလိုက်သည်။

၂။ ဝိနည်းဓမ္မကံ အဓိကရဏ်း မူခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေအခန်း(၂) ပုဒ်မ (၃)၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမူခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်(၅၇) (ပြင်ဆင်ချက်–က)နှင့်အညီ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က အထက်ဖော်ပြပါ ကြောင်ပန်းတောရဝါဒကို ဓမ္မ အဓမ္မ စိစစ်ဆုံးဖြတ်ရန် နိုင်ငံတော်သီးခြား ဝိနည်းဝိုဏ်အဖွဲ့ အမှတ်(၃)ကို ဖွဲ့စည်းပေးခဲ့သည်နှင့်အညီ ယနေ့ (၁၃၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁-ရက်) (၉-၂-၈၂) အင်္ဂါနေ့ နံနက် ၈-နာရီအချိန်တွင် ဤအဗရဂေါယာန ကျောင်းဆောင်၌ နိုင်ငံတော်သီးခြားဝိနည်းဝိုဏ်အဖွဲ့ အမှတ်(၃) ဂိုဏ်းတော်ကို ဖွင့်လှစ်လိုက်သည်။

၃။ ဤဂိုဏ်းတော်သို့ ဆင့်ခေါ်ထားချက်အရ စောဒကပုဂ္ဂိုလ်များနှင့် စုဒိ-တကပုဂ္ဂိုလ်များ အားလုံး စုံညီရောက်ရှိနေကြပြီးဖြစ်ရာ စောဒက စုဒိတက နှစ်ဖက်လုံးမှ ပုဂ္ဂိုလ်များသည် ဗုဒ္ဓမြတ်စွာ၏ သားတော်များ ဖြစ်ကြသည်နှင့် အညီ အချင်းချင်း မေတ္တာဘာဝနာတရား ရှေထားရှိ၍ စောဒနာခြင်း (အကြောင်းအားလျော်စွာ ပြန်လည်ချေပသမှု သောဓနာ ပြုလိုကလည်း)

http://www.dhammadownload.com

မေတ္တာတရားဖြင့် သိမ်မွေ့စွာ သောဓနာခြင်းပြုကြရန်နှင့် စောဒနာ သောဓနာတို့ကို နှုတ်လျှာမမြွက် စာဆက်သက်ဖြင့်သာ ရေးသားတင်သွင်းရမည် ဖြစ်၍ အကြောင်းအားလျော်စွာ ဝိနည်းဓိုရိပုဂ္ဂိုလ်တို့က နှုတ်မေးခွန်းတို့ကို မေးမှသာ နှုတ်ဖြင့်ဖြေကြားခြင်း ပြုကြရမည်ဖြစ်ကြောင်း ကြိုတင်သတိပေးစကား ပြောကြားပါသည်။

၄။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အမှတ် (၃)အဖွဲ့ ဆရာဓတ်မျှားသည် စောဒနာ–သို့မဟုတ်– စောဒနာ သောဓနာ နှစ်ဖြာနှစ်ဝတ္ထုကို ထေရဝါဒပုဒ္ဓပိဋကတ်တော်နှင့်အညီ စိစစ်ဝေဖန်၍ ဆုံးဖြတ်ကြမည်ဖြစ်ရာ——

နစ အာမိသံ နိဿာယ၊ နစ နိဿာယ ပုဂ္ဂလံ။
ဥဘော ဓေတေ ဝိဝဇ္ဇေတွာ၊ ယထာ ဓမ္မော တထာ ကရေ။

ဟူသော ပရိဝါရပါဠိ(၂၀၄)လာ ဂါထာတော်အတိုင်း—

(၁) အာမိသကို အမှီပြု၍ ဆုံးဖြတ်ခြင်း
(၂) ပုဂ္ဂိုလ်ကို အမှီပြု၍ ဆုံးဖြတ်ခြင်း

တို့ကို ဝေးစွာရှောင်ကြဉ်၍တရားနှင့်လျော်ညီစွာသာ ဗုဒ္ဓမြတ်စွာ၏ ရွှေမျက်နှာတော်ကိုကြည့်၍ အဂတိမလိုက် တရားဆိုက်ရာ ဖြောင့်မှန်စွာသာ စိစစ်ဆုံးဖြတ်မည်ဖြစ်သည်။


၅။ သို့ဖြစ်၍ ဤရုံးတော်ရှေ့မှောက် စုံညီစွာထောက်ခံနေကြသော စောဒက စုဒိတက နှစ်ဝတ္ထုသော ပုဂ္ဂိုလ်တို့သည် ဤရုံးတော်၏ အဆုံးအဖြတ်ကို လိုက်နာမည်ဖြစ်ကြောင်း ဧကတိပြုထားကြသည့်အတိုင်း ဤရုံးတော်က ဓမ္မဟူ၍လည်းကောင်း အဓမ္မဟူ၍လည်းကောင်း ဆုံးဖြတ်ချက်မချမှတ်မီအတွင်း စောဒနာသောဓနာလက္ခဏာတို့ကိုလည်းကောင်း ယင်းတို့ပါ အချက်အလက်တို့ကို လည်းကောင်း ယင်းတို့နှင့်စပ်သော စာရွက်စာတမ်း တိတ်ခွေ ဟောပြောချက်တို့ကို လည်းကောင်း ရုံးတော်၏ သဘောတူခွင့်ပြုချက်မရပဲ ပြင်ပသို့ ပြောကြားဖြန့်ဝေခြင်းမပြုကြရန် အထူးသတိပေး တားမြစ်သိုက်သည်။

၆။ ဤဖော်ပြပါ အမှုခြင်းရာ အဖြာဖြာတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဦးစီးဌာနကိုကသာ လိုအပ်သလို ဖြန့်ဝေသိစေလိမ့်မည်ဖြစ်သည်၊ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဤရုံးတော်ကို မထေမဲ့မြင်ပြုသည်ဟု ယူဆမည်ဖြစ်ကြောင်း အထူးသတိပေးပို့သည်။


http://www.dhammadownload.com

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃)

၁။ ဘဒ္ဒန္တသြဘာသ (သီကွာ—၅၃)
သဘာသတိ
ဆရာတော်ကျောင်း၊ ကျောက်မဲမြို့




၂။ ဘဒ္ဒန္တပဏ္ဍဓ(သီကွာ–၅၀)
အဖွဲ့ဝင်
ရွှေအင်းရိပ်သာ၊ တပ်ကုန်းမြို့




၃။ ဘဒ္ဒန္တ နာရဒါဘိဝံသ (သီကွာ–၄၉)
အဖွဲ့ဝင်
မစိုးရိမ်တိုက်၊ မန္တလေးမြို့




၄။ ဘဒ္ဒန္တကဝိဓ(သီကွာ—၄၀)
အဖွဲ့ဝင်
မဟာဝိဇယာရာမတိုက်၊ ဆင်ဖြူကျွန်းမြို့




၅။ ဘဒ္ဒန္တနေမိန္ဒ (သီကွာ–၄၀)
အဖွဲ့ဝင်
မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့



၆။ ဘဒ္ဒန္တတိလောကသာရ(သီကွာ—၃၈)
အဖွဲ့ဝင်
မြို့သစ်ကျောင်း၊ မလှိုင်မြို့



၇။ ဘဒ္ဒန္တဝိမလ(သီကွာ—၂၆)
အဖွဲ့ဝင်
မဟာလယ်တီတိုက်၊ မုံရွာမြို့



http://www.dhammadownload.com



သဘာပတိဆရာတော် ဩဝါဒစကား မိန့်ကြားနေပုံ



ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ ဝိနိစ္ဆယဆုံးဖြတ်ချက်
ဖတ်ကြားနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com




ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တတိလောကသာဝရ ဝိနိစ္ဆယဆုံးဖြတ်ချက်
ဖတ်ကြားနေပုံ



ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တဝိမလ ဝိနိစ္ဆယဆုံးဖြတ်ချက်
ဖတ်ကြားနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com



ကြောင်ပန်းဝါဒ ဝိနိစ္ဆယခုံရုံး
ဝိနည်းဓိုရ်ဆရာတော်များနှင့် စောဒကပုဂ္ဂိုလ်များ



ကြောင်ပန်းဝါဒ ဝိနိစ္ဆယခုံရုံး
ဝိနည်းဓိုရ်ဆရာတော်များနှင့် စုဒီတကပုဂ္ဂိုလ်များ

http://www.dhammadownload.com

http://www.dhammadownload.com



စောဒကဆရာတော် (၄) ပါး




စုဗိတကဆရာတော် (၅) ပါး

http://www.dhammadownload.com


http://www.dhammadownload.com



ကြောင်ပန်းဝါဒ ဝိနိစ္ဆယခုံရုံး သဘာပတိဆရာတော်က နိုင်ငံတော်သံဃမဟာ
နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားထံသို့ ကြောင်ပန်းဝါဒ ဝိနိစ္ဆယနှင့်
စာအုပ်စာတမ်းများ အပ်နှံနေပုံ




http://www.dhammadownload.com



http://www.dhammadownload.com



သံဃမဟာနာယက တဲ့ဖက်အကျိုးဆောင်ဆရာတော်က
အခမ္မဝါဒစွန့်လွှတ်ကြသော စုဒိတကမ္ပဂ္ဂိလ်တို့အား
အမှာစကားမိန့်ကြားနေပုံ



စုဒိဘက ဦးနန္ဒိယ (၁) အခမ္မဝါဒစွန့်လွှတ်ကြောင်း
လက်မှတ်ရေးထိုးနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com



ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ



ဝိနည်းဓိုရ်ဆရာတော် သာဒ္ဒန္တကဝိဇ

http://www.dhammadownload.com

http://www.dhammadownload.com



ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ



ကြောင်ပန်းဝါဒ ဝိနီစ္ဆယချမှတ်ပြီးနောက် အဓမ္မဝါဒစွန့်လွှတ်ပွဲအခမ်းအနားကို
အခမ်းအနားမှူးက ဖွင့်လှစ်နေပုံ

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်အဖွဲ့
အမှတ် (၃)

ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယအတွက် စောဒနာတင်သွင်းလွှာ

၁၃၄၃-ခုနှစ် တပို့တွဲလပြည့်ကျော် (၁) ရက်
(၉-၂-၈၂)

နိဒါန်း

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် အမှတ် (၃) နိုင်ငံတော် သီးခြား ဝိနည်းဝိုရ်ဆရာတော် အရှင်သူမြတ်များဘုရား—

၁။ ကြောင်ပန်းတောရဝါဒနှင့်ပတ်သက်၍ ဓမ္မဝါဒ+အဓမ္မဝါဒအဖြစ် ဓမ္မဝိနယနှင့်အညီ စီစစ်သုံးသပ် ဆုံးဖြတ်ချက် ဝိနိစ္ဆယ ချမှတ်ပေးတော်မူနိုင်ပါရန် စောဒနာ တင်သွင်းခွင့် ပြုတော်မူပါမည့်အကြောင်း စောဒကများ အနေဖြင့် ရှိသေလေးမြတ်စွာ တောင်းပန်လျှောက်ကြားပါသည် ဝိနည်းဝိုရ်ဆရာတော်များဘုရား။

၂။ စောဒနာချက်များ မတင်သွင်းမီ တပည့်တော် စောဒကများအနေဖြင့် စောဒနာရခြင်းအကြောင်းများကို အနည်းငယ် လျှောက်ထားခွင့် ပြုပါဘုရား။

အမှတ် (၃) နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်ဆရာတော်များဘုရား။

၃။ တပည့်တော်များသည် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ဘုတလင်မြို့အနီး ကြောင်ပန်းတိုက်ရင်းမှစ၍ စစ်ကိုင်းတိုင်း မန္တလေးတိုင်း မကွေးတိုင်းတို့တွင် အချက်အချာပြု အခြေစိုက်ကာ မြန်မာနိုင်ငံ ထက်အောက်ဒေသအသီးသီးတွင် ပြန့်ပွားနေသော ကြောင်ပန်းတောရဝါဒကို လေ့လာ သုံးသပ်ခဲ့ကြပါသည်ဘုရား။

ယင်းသို့ လေ့လာသုံးသပ်ရာတွင် ကြောင်ပန်းတောရဝါဒီတို့ ရေးသားထုတ်ဝေသော စာအုပ်များကို ဖတ်ရှုလေ့လာခြင်း တိုက်ရိုက်နာကြားဖူးသူများထံတွေ့ဆုံလေ့လာခြင်း ကြောင်ပန်းဝါဒ အဓိကပျံ့နှံ့ရာဒေသရှိ ရဟန်း ရှင် လူများ

http://www.dhammadownload.com

ထံ ဆည်းကပ်တွေ့ဆုံမေးမြန်းခြင်း ယင်းဒေသခံ သိက္ခာဝါ ကြီးရင့်တော်မူကြသည့် ပညာရှိ ဆရာတော်ကြီးများထံ ဆည်းကပ်ခြင်းများဖြင့် လေ့ လာခဲ့ကြပါသည်ဘုရား။

၄။ ယင်းသို့ လေ့ လာသောအခါ ကြောင်ပန်းတောရဝါဒသည် နှစ်ပေါင်း (၇၀) ကျော် (၈၀) ခန့်မှ စတင်ပေါ် ပေါက်လာကြောင်း သိရှိရပါသည်၊ ဤသို့ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့သဖြင့် မြန်မာနိုင်ငံတွင် ပေါ် ပေါက်ခဲ့ပြီး၍ ပြန့်ပွားထွန်းကားနေသည့် အဓမ္မဝါဒများအနက် ယနေ့တိုင် သက်တမ်းအရှည်ဆုံး အဓမ္မဝါဒတခုဖြစ်ပါသည်ဟု ဆိုနိုင်သည့်ပြင် ခိုင်ခိုင်မာမာ ကျောက်စာရေးထွင်း ကျောက်ထက်အက္ခရာတင်ထားသည့် ဝါဒလည်းဖြင့်ပါသည်၊ ယင်းသို့ သက်တမ်းရှည်သည့်အလျောက် "အမှားကြောလျှင် အမှန်ဖြစ်" ဆိုသကဲ့သို့ အချို့ဒေသအချို့ ပုဂ္ဂိုလ်များသည် ကြောင်ပန်းဝါဒကို ဓမ္မဝါဒ(ဝါဒမှန်)ဟု ထင်မြင်ယူဆသူများလည်း ရှိမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်၊ ထို့ပြင် အချို့ ပုဂ္ဂိုလ်များကလည်း သေချာစေ့ ငု မလေ့ လာဖူးပါပဲ ဝိပဿနာဟုဆိုလိုက်လျှင်ပင် နိဗ္ဗာန်ကိုအမြန် ဝင်ရောက်ချင်ဇောဖြင့် အယုံအကြည်စောကာ တဆင့်စကား နာကြားယင်း "ဝါဒစွဲ"နေသူများ, အကိုးအကားပြုသူများလည်း ရှိနိုင်ကြပါသည်ဘုရား။

ထို့ကြောင့်ပင် မူလဘူတ မံ့ရွာဘုတလင်ဒေသ၌ "အင်း ခန်းတော့ လယ်တီလယ်တီတော့ ငှက်ကျ ငှက်ကျတော့ ကြောင်ခုတ်"ဟု စံနည်းတဘောင် အသစ်တခုပြု၍ သုံးစွဲနေကြောင်း သိရှိရပါသည်၊ ဆိုလိုသည်မှာ အင်းခန်းဆရာတော် နောက် လယ်တီဆရာတော် ထို့နောက် ငှက်တွင်းဆရာတော် ထို့နောက် ကြောင်ပန်းဆရာတော် ပေါ် လာသည်ဟု ဆိုလိုပါသည်ဘုရား။

သို့သော်လည်း ကြောင်ပန်းဝါဒသည် နှစ်ပရိစ္ဆေဒ ရှည်ကြာပြီး ဝါဒသက်ရင့်သည်နှင့်အမျှ ရောက်လေရာရာ ဒေသခံ ရဟန်း,ရှင် ,လူများ၏ ဆန့်ကျင်မှုဝဋ္ဋိ-ပက္ခများကို ရင်ဆိုင်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်မဟုတ် ဖြစ်ခဲ့ပါသည်ဘုရား။

၅။ ဤသို့ဆန့်ကျင်မှု ပဋိပက္ခ အကြိမ်ကြိမ်ပင် ဖြစ်ခဲ့ရသော်လည်း ဓမ္မစက်ကို အထောက်အပံ့ပေးနိုင်သော အာဏာစက်အမှီရသည့် "သံဃာ့အဖွဲ့အစည်းများ" မရှိခဲ့ဖူးသဖြင့် ခိုင်မာတိကျသည့် ဝိနိစ္ဆယကို ရရှိခဲ့သော်လည်း "စက္က။ ကျား"ကဲ့သို့ အဆုံးမရောက်ခဲ့ပါ၍ ဓမ္မဝါဒိသံဃာများနှင့် ကြောင်ပန်းဝါဒီများသည် "ဘတပြန် ကျားတပြန်"ဆိုသကဲ့သို့ တဖက်နှင့်တဖက် အပြန်အလှန် ဆန့်ကျင်ကာ ဝိဝါဒါဓိကရဏ်းကြီးများ ဖြစ်ခဲ့ကြပါသည်ဘုရား။

http://www.dhammadownload.com

၆။ ယင်းဝိဝါဒါဓိကရဏ်းတို့ကြောင့် ကြောင်ပန်းဝါဒကို ဆန့်ကျင်သည့်—

"မဟာဥသ္မိကတကျမ်း အဓမ္မဝါဒနိဂ္ဂဟကျမ်း မလသုသောဓနီကျမ်း နိဂုဏ္ဍိုရုဖွယ်ကျမ်း ယထာဘူတဝိနိစ္ဆယ" စသော ကျမ်းစာ အသီးသီးပေါ် ထွက်သကဲ့သို့ ကြောင်ပန်းဘက်မှလည်း **ဥပဝါဒဝိသောဓနီ သမ္မာဝိနိစ္ဆယကျမ်း**စသည့် ကျမ်းစာအသီးသီးတို့ဖြင့် ဝါဒတိုက်ပွဲ(ဝိဝါဒါဓိကရဏ်း)ကို ဆင်နွှဲကြသော်လည်း ဤအဓိကရဏ်းသည် ယနေ့တိုင် ငြိမ်းအေးရာ မရသေးပါဘုရား။

၇။ ထို့ကြောင့် ဤ နှစ် (၈၀) ခန့်မျှထိ ကြာညောင်းလာသော "ကြောင်ပန်းဝါဒ" ကို တပည့်တော်မျှားသည် "အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော" ဟု သီလက္ခန်ဒီကာ (၂၁၈) ၌ လာသည့်အတိုင်း တပည့်တော်မျှား လက်ထက်ထိ ဤဝါဒ ရှိလာခဲ့သဖြင့် သာသနာတော်၏ ကျရောက်လာသည့် တာဝန်ကို မလွဲမသွေ ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချကာ "စောဒနာလွှာ" မျှား တင်သွင်းရခြင်း ဖြစ်ပါသည်ဘုရား။

ယင်းသို့ စောဒနာလွှာ တင်သွင်းရာတွင် "ကြောင်ပန်းတောရ ဝိပဿနာဝါဒီ" ဖြစ်ကြကုန်သော စုဒိတကမျှားနှင့်တကွ ရဟန်း,ရှင်,လူ မည်သူတစုံတဦးကိုမျှ ထိခိုက်နစ်နာစေလိုသော ဆန္ဒမရှိပါပဲ တပည့်တော်မျှား၏ကိုယ်ကျိုးကို မကြည့် ဗုဒ္ဓဝါဒ ဓမ္မဒေသနာတော်သည် ပိဋကတ်တော်နှင့်အညီ သန့်ရှင်းစွာ တည်တံ့ရေးကိုလည်းကောင်း စာလာပေလာ ဒေသနာတော်များ ပြန့်ပွားထွန်းကားရေးကိုလည်းကောင်း သံဃာတော်များ၏ နှစ်ပေါင်းများစွာ ဖြစ်ပွားနေသော ဝိဝါဒါဓိကရဏ်းကြီး ငြိမ်းအေးစေရေးကိုလည်းကောင်း သဒ္ဓါဓလဝဖြစ်ကြကုန်သော ဗုဒ္ဓဘာသာဝင်များ လမ်းမမှားစေရေးကိုလည်းကောင်း ရည်ရွယ်ကာ ဗုဒ္ဓဝါဒ ဓမ္မဒေသနာတော်ကျိုးကိုသာ ကြည့်၍ စောဒနာလွှာ တင်သွင်းရခြင်း ဖြစ်ပါသည်ဘုရား။

၈။ ကြောင်ပန်းတောရဝါဒကို လေ့လာ သုံးသပ် ကြည့်သောအခါ ကြောင်ပန်းတောရဝါဒသည်—

(၁) တုံး—တိုင်စသည့် ငေါဟာရသမ္မုတိ ပညတ်နှင့် ရုပ်အချို့ကို နာမ်ဟု ဟောပြောရေးသားသော တုံးနာမ်-တိုင်နာမ် အဓမ္မဝါဒ၊

(၂) သက္ကာယဒိဋ္ဌိရှိလျှင် ဗုဒ္ဓဘာသာမဖြစ် သရဏဂုံမတည်ဟု ယူဆသော အဓမ္မဝါဒ၊

(၃) ကုသလကမ္မပထ ပုညကိရိယာကို ပြုလုပ်ကြခြင်းသည် ဗာလုဿုက္ကမလူမိုက်အလုပ်ဟု ဟောပြောရေးသားသော အဓမ္မဝါဒ၊

http://www.dhammadownload.com

(၄) ဥာဏဝိပ္ပယုတ်ကုသိုလ်ကို ကောင်းသောတရား (ကုသလဓမ္မ) ဟု ပြောဟောပြုကျင့်လျှင် ခွေး, နွားစသော အပါယ်ဘုံသားများနှင့် တူကြောင်း ဟောပြောရေးသားသည့် အဓမ္မဝါဒ၊

(၅) ဝဋ်သုံးပါးကိုဖြစ်စေသော တရားတို့ကို မနာမယူကောင်း ဟော ပြောသူတို့အား မပေး-မလှူကောင်းဟု ဒါနကိုပယ်သည့် အဓမ္မဝါဒ၊

(၆) အန္ဓပုထုဇဉ်မှသည် ရဟန္တာသို့တိုင် အဆင့်ဆင့် ကျင့်ကြံရသည်ဟု ပြောဟောလျှင် မှားသည်ဟု ဆိုသဖြင့် "ကျင့်ကြံစရာမလို-သိလျှင် ပြီးရော" ဆိုကာ အနုပုဗ္ဗသိက္ခာကို ပယ်ရှားသည့် အဓမ္မဝါဒ၊

(၇) နိဗ္ဗာန်နှင့် ပတ်သက်၍—

(က) လဟာပြင်ကောင်းကင်ပညတ်၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (ကောင်းကင်ဘုံနိဗ္ဗာန်) ဝါဒ

(ခ) စိတ်ဝိညာဏ်ကို နိဗ္ဗာန်ဟုကောက်ယူသော (ဝိညာဏ်နိဗ္ဗာန်) ဝါဒ၊

(ဂ) ခန္ဓာကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (အဇ္ဈတ္တိက နိဗ္ဗာန်) ဝါဒဖြစ်၍ ပုဒ္ဓဝါဒနိဗ္ဗာန်မဟုတ်၊ ကြောင်ပန်းတို့၏ "တက္ကိနိဗ္ဗာန်" အဓမ္မဝါဒ၊

(၈) နိဗ္ဗာန်သို့ရောက်သော်လည်း ခန္ဓာငါးပါး မပျက်မစီး အတိုင်းတိုင်းရှိ သည်ဟု ယူဆပြီး ကောင်းကင်ကို သတ္တဝါဟုခေါ်ကြောင်း ဟော ပြောရေးသားသည့် "သဿတဒိဋ္ဌိ" အဓမ္မဝါဒ၊

(၉) ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိသည်ဟုလည်းကောင်း ပုဗ္ဗေနိဝါသညာဏ် တော်ကို သညာဟုလည်းကောင်း စွပ်စွဲသော (အဗ္ဘာစိက္ခန) အဓမ္မ ဝါဒ၊

(၁၀) စာပေပရိယတ် မတတ်ကျွမ်းသူများအား လှည့်စားသည့် (မာယာ သာဌေယျ) အဓမ္မဝါဒ –

စသည်တို့ဖြစ်ကြောင်း တွေ့ရပါသည်ဘုရား။

၉။ ယင်းသို့ ကြောင်ပန်းတောရဝါဒီ ဘုန်းကြီးများ၏ ရေးသား ဟော ပြောမှုတို့ကြောင့် "ကြောင်ပန်းဝါဒီ" လူပုဂ္ဂိုလ်များအနေဖြင့် ဘယ်အဆလဲ မှန်းကာ ဝိပဿနာတရားဆိုသည်ကို နာကြားလိုက်စားယင်း "သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ" ကိုမျှ မခွဲခြားနိုင်ကြတော့ပဲ အောက်ပါ ရှိပြီးပြီးဆိုးရွားသည့်

http://www.dhammadownload.com

အသုံးအနှုန်းတို့ကို ပြုမှုသုံးနှုန်းလာကြောင်း ကြားသိရပါသည်ဘုရား၊ ယင်း စကားများမှာ အလွန်ရိုင်းပြ "ဂါမ္မဒေါသ" သင့်သော်လည်း ရွှေဆောင် ဆရာတို့၏ ဟောပြောမှုကြောင့် နောက်လိုက်ဒကာတို့၏ တရားလွန် အယူအဆ ဖြစ်ပေါ်ရာမှ မိစ္ဆာဒိဋ္ဌိသို့ရောက်ပုံကို တင်ပြလိုပါသောကြောင့် ဝိနည်းဓိရိဆရာတော်များအနေဖြင့် "နားနှင့်မနာ ဖဝါးနှင့်နာ" ဆိုသကဲ့သို့ တပည့်တော်များအား တင်ပြခွင့် ပြုတော်မူ၍ ခွင့်လွှတ်တော်မူကာ နှားဆင်တော်မူကြပါဘုရား။

၁၀။ ယင်းကဲ့သို့ စကားများအနက် အလွန်ဆိုးရွား မကြားဝံ့မနာသာ စကားအချို့မှာ—

(က) ဘုန်းကြီးမပါ သံဃာဆွမ်းကျွေး၊

(ခ) အသက်ကြီးလှီရှိသေရလျှင် အိမ်ခေါင်းရင်းမှ မန်ကျည်းပင်ကြီး အဆက် ၂၀၀-ကျော်ပြီ၊

(ဂ) ဝါဝါမြင်တိုင်း ကိုးကွယ်ရလျှင် မီးဖိုချောင်မှ နွေးဗူးကို အမြဲရှိခိုး၊

(ဃ) (ကျောက်ရစ်ဒေသ၌ ထင်ရှားသည့်) ရွှေဥပါင်းလောင်းဘုရားနဲ့ စီးတဲ့ ဖိနပ် အတူမမှတ်နိုင်လျှင် ပညတ် ပရမတ် မကွဲ၊

(င) အစိန္တေယျနဲ့.... "ဆဲဆိုသံ"ကိုမျှ အတူမမှတ်နိုင်လျှင် ပညတ် ပရမတ် မကွဲ၊

(စ) ရွာကျောင်းရှိ သက်တော် (၇၀)ကျော် ဆရာတော်ကြီး၏ ခေါင်းမှ ဆံပင်နဲ့ ငါ၏ (မဇတ်ရာ)အမွေးနဲ့အတူ မမှတ်နိုင်လျှင် ပညတ် ပရမတ် မကွဲ၊

(ဆ) စေတီဘုရားလည်း အဋ္ဌကလာပ်ရုပ် ဖိနပ်လည်း အဋ္ဌကလာပ်ရုပ် ရှိခိုးရန်မလို— စသည်တို့ဖြင့် ဓပြာဆို၍ ရတနာ သုံးပါးအား စော်ကား မော်ကား ပြုခဲ့ကာ ဝစီဘေဒကံကြီးများ ထိုက်ကုန်ကြပါသည် ဘုရား။

ဤစကားများကို ကြားရသော ဝိနည်းဓိရိဆရာတော်ကြီးများ အနေဖြင့် ဒီလောက် ဟုတ်မှဟုတ်ပါ့မလား— ပြောမှ ပြောပါ့မလား ဟူ၍ သံသယဝင် နိုင်ပါသည်ဘုရား၊ သို့ပါ၍ တပည့်တော်များအနေဖြင့် စာအုပ်ကို တင်ပြရန် ရွာဖေ့၍ မရရှိသော်လည်း ကြောင်ပန်း ဦးဝံသ ရေး "သဉ္ဉပါဒိသေသ— ပြည်သူနိဗ္ဗာန်" စာအုပ်တွင် အောက်ပါစကားများ ရေးသားထားကြောင်း ဝက်လက်မြို့နယ် မဟာဗိုလ်ဂိုဏ်း ဆံဃာများ ထုတ်ပြန်သည့် "မလသုသောဓနီ" ဧငါ

http://www.dhammadownload.com

ကြောင်ပန်းဝါဒ စိစစ်ဆုံးဖြတ်သည့် စာအုပ် (နှာ–၁၅၈ မှ ၁၆၁)၌ ဖော်ပြထားသည်ကို တဆင့် တင်ပြပါရစေ ဘုရား။

(ကြောင်ပန်း ဦးဝံသရေး သဉ္ဇပါဒိသေသ ပြည်သူ့နိဗ္ဗာန်စာအုပ်–စာမျက်နှာ ၁၁၁ မှ)—

ကမ္ဘာ့လောကကြီး တစုလုံး ဗုဒ္ဓဝါဒ ဝိပဿနာလမ်းစဉ်မှ အတိအကျ ဝေဖန်လျှင် ဖောက်ပြန်သောအစု ခံစားသောအစု မှတ်သားသောအစု ပြုပြင်သော အစု ကြံစည်ဒသာ သိဒသာအစု ဟူ၍ ငါးစု- ငါးပါး ပြင်ပမှ တပါး လူ့နတ်ဗြဟ္မာ သုံးဆယ့်တဘုံကား အလျှင်းမရှိ၊ဘိတ်မရှိ၊ အိုကေ-မရှိ၊ စမတ်-မရှိ၊ ကက်(စ်) မရှိ၊ အော့(ဖ်) မရှိ ဖြစ်နေရကား ငါဟူသော စမတ် ကျနိုင်စရာ မရှိတော့သဖြင့် အိုကေ-မဖြစ်ပဲ ဝိပဿနာ နိုင်ငံတော် ကက်(စ်) ပြုလိုက်ရာတွင် ဒုစရိတ အော့(ဖ်)ဆိုက် ဖြစ်တော့မည်သာတည်း။

စာမျက်နှာ (၁၂၂)၌လည်း—

သမ္မသနာ၊ ဝေဖန်၏။ ဥဒယဗ္ဗယ၊ ဖြစ်ပျက်မှုသာ တွေ့ရ၏။ ဘင်္ဂ၊ အပျက်သည်သာ ဆုံး၏။ အာဒီနဝ၊ အပြစ်သာ၌၏။ ဘယ၊ ဘေးအစုသာ တည်း။ နိဗ္ဗိဒါ၊ ငြီးငွေ့စရာ တွေ့၏။ မုဉ္ဇတုကမျတာ၊ ဒီဟာတွေမှ လွတ်ချင်၏၊ ပဋိသင်္ခါနုပဿနာ၊ လွတ်အောင် ဝေဖန်၏။ သင်္ခါရုပေက္ခာ၊ ဒါတွေ ဂရုမစိုက်ပါ။ အနုလောမ၊ ဂေါတြဘူကျ ပုထုဇဉ်ဘဝဖြတ် "စာကလေး အမွေးနှုတ် ဖြုတ်"ပြီးရော၊ ဦးဘိုးထော်ကြီး ရောက်လာတယ်။

မယ်ဇလီဆီဆွတ်–ပြုတ်။

ဦးဘိုးထော်။ ။အလို တယ်လွယ်ပါကလား။

"လွယ်ဆို ဝိပဿနာကိုးဗျ၊ ခင်ဗျားတို့ အမေ အဖေ သာ ခက်တာ၊ ကျွန်တော်တို့ ဘုရားက လွယ်တယ်"

"ဒို့ အမေ့အဖေ ဘာဖြစ်သလဲ"

"ယောကျ်ားနှင့် မိန်းမလေ" ဘုရားကတော့ "နဲ ပုရိသော-နဲ ဣတ္ထိဗျ။ ဟီ-ဟီ-ဟီ"

သောက်ကမြင်းမသားလေး၊ လူ-ပြောင်ချော်ချော်နဲ့။ စိတ်မဆိုးပါနဲ့ ရှင် ဘိုးထော်ရယ်။

မင်းကလား ငါ့များ ရှင်ထဲ့ ခေါ်လို့။

ခင်ဗျားလောက် မကဘူး၊ ရှင်သာရီပုတ္တရာ ရှင်အာနန္ဒာ ရှင်ဥပါလီ–ဘာလဲ၊ ခင်ဗျားတို့ရွာ ဘုန်းကြီး ဘယ်နှစ်ယောက်ရှိလဲ။

ဟဲ့–ဘုန်းကြီး ဘယ်နှစ်ပါး ပြောပါ။

အရိယာတောင် ရှစ်ယောက်ဆို မဟုတ်လား။

http://www.dhammadownload.com

ဟုတ်တော့ဟုတ်ကဲ့၊ မင်းပြောမှ သတိရ။ ဒါပေမဲ့ လူကြီး သူကြီး စကား နာယူမယ်ကွဲ့။

ဆို–ခင်ဗျားကြီး ဘာပြောတာလဲ၊ ဘုရားစကား နားထောင်ရမှာ မဟုတ်လား၊ မှားမယ်နော်၊ဘုရားတောင်မှ သူ့အဖေက တောမထွက်နဲ့ ပြောတာ နားထောင်နေယင် ဘုရားဖြစ်မလား။

အေး—ဒါလဲ ဟုတ်တော့ဟုတ်ကဲ့ဟေ့၊ ဒါဖြင့် မင်းတို့ခေတ်မှာ ဘုရား မကြိုက်တဲ့ ဝက်တွေ တားမြစ်ရေး မလုပ်နိုင်ဖူးလားကွဲ့။

ဒါကတော့ (ပါဏာတိပါတ)ဆိုတဲ့ ဒုစရိတသာ ထားရလိမ့်မယ်၊ ဝက်ကိုတော့ ဘုရားက သေအောင်ကြိုက်တာပေါ့၊ ဝက်ပျိုသား စားသေ ဆို မဟုတ်လား။

အေး–ဟုတ်သားပဲ၊ ငါ မေ့နေလို့ဟဲ့။

ဟု ရေးသားထားပါသည်။

အဆိုပါ စကားတို့မှာ ကြောင်ပန်း ဦးဝံသ ရေး သဉ္ဇပါဒိသေသပြုည်သူ့ နိဗ္ဗာန်စာအုပ်ပါ စကားများဖြစ်သည်ဟု ဆိုသဖြင့် အထက်ပါ တင်ပြခဲ့သော "ဘုန်းကြီးမပါ သံဃာဆွမ်းကျွေး" စသည့် အရပ်စကားများသည်လည်း မပြောနိုင် မဖြစ်နိုင်စရာ မရှိ၊ ပြောရိုးဆိုစဉ် ဖြစ်နေသည်ကို သံသယဝင်စရာ မလိုတော့ပါဘုရား။

၁၁။ ယင်းသို့ ဟောပြော ယူဆကြသည့် ကြောင်ပန်းတောရ ဝါဒီတို့၏ လှုံ့ဆော်မှုကြောင့် ရောက်လေရာရာ ဒေသတို့တွင် အောက်ပါ ဖြစ်ရပ်များ ပေါ်ထွက်ခဲ့ပါသည်။

ယင်းဖြစ်ရပ်များမှာ–

(က) ရေစကြိုမြို့ သံဃာတော်များသည် ၁၃၁၂-ခုနှစ်တွင် ကြောင်ပန်း ဝါဒါနုဝတ္တက ရဟန်းတို့ကို ဥက္ခေပနီယပကာသနီယက် ပြုကြ၍ ကြောင်ပန်းဝါဒီ လူပုဂ္ဂိုလ်များအား ပတ္တနိက္ခုဇ္ဇနက်ပြုခဲ့ခြင်း၊

—အဓမ္မဝါဒနိဂ္ဂဟကျမ်းကို ရေးသားထုတ်ဝေခဲ့ခြင်း၊

(ခ) ဘုတလင်မြို့ မြို့နယ်ဝိနိစ္ဆယဌာန ရုံးတော်မှ မိစ္ဆာဝါဒ အဓမ္မဝါဒ အဖြစ် ၁၃၂၁-ခုနှစ်တွင် ဆုံးဖြတ်ခဲ့ကြခြင်း၊

(ဂ) ဝက်လက်မြို့နယ် မဟာဗိုလ်ဂိုဏ်း သံဃာများကလည်း "မဏ္ဍသုသောဓနီ" ကျမ်းကိုရေး၍ အဓမ္မမိစ္ဆာဝါဒ ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြခြင်း၊

http://www.dhammadownload.com

(ဃ) ရွှေဘို အနောက်လက် မူးကမ်းကြီးရွာ လက်လှုပ်ရွာ စသော ကျေးရွာများရှိ သံဃာများကလည်း နိဂုဏ္ဌိ်ရှုဖွယ်ကျမ်း မဟာ-ကက္ကဋကစည်တော်ကြီး စသည့်စာအုပ်များ ရေးသားထုတ်ဝေ၍ တားမြစ်နှိမ်နင်းခဲ့ကြခြင်း၊

(င) ချောင်းဦးမြို့နယ်လုံးဆိုင်ရာ မဟာဝိသေသ သံဃာအဖွဲ့ကလည်း "ကြောင်ပန်းဝါဒီ ရဟန်းများကို ကံကြီး ကံငယ် မပြုပဲ ကြဉ်ဖယ်၍ လူများကို ပထွန်ကျွေးနှင့်" ပြုခဲ့ကြခြင်း၊

(စ) ရေဦး ဝါဆိုဆရာတော်ကလည်း မိစ္ဆာဝါဒနိဂုဟကျမ်း စသည်ရေး၍ တားမြစ်နှိမ်နင်းခဲ့ခြင်း၊

(ဆ) မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရဟန်းတွဲ (ဦးဇဝန) လူအများ ပိဋကဆရာကြီး ဦးစံထူး ဇရး "မဟာဥဿုကတကျမ်း" ၌ ကြောင်ပန်းဝါဒသည် နိယတမိစ္ဆာဒိဋ္ဌိကို အားပေးသည့် ဝါဒဖြစ်ကြောင်း ၁၃၁၅-ခုနှစ်တွင် ရေးသားခဲ့ခြင်း၊

(ဇ) ကြောင်ပန်းဝါဒီများ ဆောက်ရာဒေသတွင် ဒေသခံ ရဟန်း, ရှင်, လူ, ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးစိတ်ဝမ်း မအေးချမ်းပဲ သံဃာကွဲ ဆရာကွဲ ဒကာကွဲ အကွဲကွဲအပြားပြားဖြစ်ကာ "ဝိဝါဒါဓိကရဏ်း" ကြီးများ ဖြစ်ခဲ့ကြခြင်း၊

(ဈ) စစ်ကိုင်းတိုင်း ညောင်ပင်ဝန်းရွာ စသည်၌ မဏ္ဍပ်ကိုမီးရှို့ခြင်း ဓားခုတ်မှုဖြစ်ခြင်း စသော ငြိမ်ဝပ်ပိပြားရေးကို ထိပါးစေသည့် ရာဇဝတ်မှုများ ဖြစ်ခဲ့ခြင်း–

စသည်တို့ဖြင့် သံဃာကွဲပြားခြင်းနှင့် ဝိဝါဒါဓိကရဏ်းကြီးများ ဖြစ်ခဲ့ကြပါသည် ဘုရား။။

၁၂။ ယင်းသို့ နှစ်ပေါင်းများစွာ မအေးငြိမ်းနိုင်သည့် အပြေခံအကြောင်းရင်းများကို လေ့လာသုံးသပ်ကြည့်သော အခါ–

(က) ဓမ္မဝါဒီသံဃာတော်များသည် "ဝိဝါဒါဓိကရဏ်း" ကို အေးချမ်းစွာ တွေ့ဆုံဖြေရှင်းရန် ကြောင်ပန်းဝါဒီတို့အား မေတ္တာရပ်ခံသော်လည်း ကြောင်ပန်းဝါဒီတို့က မလိုက်လျောသဖြင့် တွေ့ဆုံခွင့် မရခဲ့ကြခြင်း၊

(ခ) ၁၃၂၁-ခု (၁၉၅၉)ခုနှစ်တွင် နိုင်ငံတော် အစိုးရ၏ ဘုတလင်မြို့မြို့နယ်ဝိနိစ္ဆယရုံးမှ လူလွှတ်၍(၃)ကြိမ်တိုင် အကြောင်းကြားခြင်း

http://www.dhammadownload.com

အမှုဖွင့်မည့်အကြောင်း ဩတိပေးစာ ပေးပို့ခြင်း လာရောက်အစစ်ခံရန် (သမ္မန်စာ) ပေးပို့ခြင်းတို့ဖြင့် ခေါ်ယူသော်လည်း ဝိနိစ္ဆယရုံးသို့ပင် လာရောက်တွေ့ဆုံ ရှင်းလင်းမှု မပြုကြသည့်ပြင် တစုံတခု အကြောင်းပြန်ကြားမှု မရှိခဲ့ခြင်း၊

(၈) ထိုသို့ မရှင်းလင်း မတွေ့ဆုံသော်လည်း မြို့နယ်ဝိနိစ္ဆယရုံးတော်၏ ဆုံးဖြတ်ချက် ဝိနိစ္ဆယကို ပြန်လှန်တုံ့ပြန်၍ "သမ္မာဝိနိစ္ဆယကျမ်း" ကို ထုတ်ဝေခဲ့ခြင်းတို့ဖြင့် သံဃာတော်များအား ဥပဒေဘောင် အတွင်းမှ ရင်မဆိုင်ပဲ ရှောင်ပြေးကာ သံဃာကို ဂရုဂါရဝမရှိ စော်ကားခြင်းဖြင့် အဓိကရုဏ်းကို ကြီးသည်ထက် ကြီးထွားစေရန်သာ ဖန်တီးခဲ့ကြပါသည်။

၁၃။ ထို့ပြင် ကြောင်ပန်းဝါဒ တရားများသည် "မသီ" သူများအား နားမလည်သူများက လှည့်စားသကဲ့သို့ ပါဠိအဋ္ဌကထာများကို လိုရာဆွဲကိုးကား၍ "ပရမတ်နှင့်ပညတ်"ကိုမျှ ကဲ့ပြားခြားနားစွာ မသိမမြင်စေရန် လှည့်ပတ်ကာ "ဘုရားဟောဒေသနာ"ဆိုလျက် ဗုဒ္ဓဝါဒ၏ အဓိကအနှစ်ပိုင်းဖြစ်သော "အဘိဓမ္မာ"ဒေသနာတော်ကို ပျက်ပြား အထင်လွဲမှားစေရုံမျှမက "ဗုဒ္ဓ၏နိဗ္ဗာန်" လမ်းစဉ်ကြီးကိုပါ ပျောက်အောင်လုပ်သော ဝါဒသာဖြစ်ပါသည်၊ ယင်း ကြောင်ပန်းဝါဒသည် ဗုဒ္ဓဝါဒ ဝိပဿနာတရား အမည်ခံ၍ ဗုဒ္ဓသာသနာတော်၏ အတွင်းဝင်လှိုက်စားသည့် ခမ္မဋ္ဌဏ္ဍာယ်ကို ဖြစ်ပေါ်စေသော အဓမ္မဝါဒသာ ဖြစ်ပါသည်ဘုရား။

၁၄။ ယင်းသို့"ခမ္မဋ္ဌဏ္ဍာယ် အဓမ္မဝါဒ" ဖြစ်ကြောင်းကို ၁၃၄၂-ခုနှစ် တပို့တွဲ လဆန်း ၄-ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁)မှ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်တော်မူခဲ့ကြသော "ကျောက်သင်္ဘောဝါဒ"၏ မြစ်ဖျားခံ ပေါက်ပွားလာရာ မူလဘူတသည် ကြောင်ပန်းဝါဒဖြစ်ကြောင်းကို "ကြောင်ပန်း ဆရာတော်၏ တုံးနာမ်, တိုင်နာမ်ဝါဒကို အားထုတ်ရာမှ ကျောက်သင်္ဘော ဆရာတော် တရားပေါက်ကာ တုံးစိတ်, တိုင်စိတ် အဓမ္မဝါဒတရားကြီး ပေါ်ပေါက်လာကြောင်း"ဖြင့် "ကျောက်သင်္ဘောထေရပွတ္တိနှင့် တရားတော်များ စာအုပ်" စာမျက်နှာ- ၃၅၄၊၃၅၅၊၃၅၆-၌ အတိအလင်း ဖော်ပြသက်သေခံထားပါသည်ဘုရား။

အမှတ်(၃) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား—

၁၅။ သာသနာတော်တွင် ပဂ္ဂိုလ်မသန့်ရှင်းခြင်းသည် မသန့်ရှင်းသော ထိုပဂ္ဂိုလ်တဦးအတွက်သာ နစ်နာဆုံးရှုံးခြင်း ဖြစ်ရသော်လည်း အယူဝါဒမသန့်ရှင်းလျှင်မူ ဗုဒ္ဓ၏ ယထာဓမ္မ ယထာဝိနယသာသနာတော်နှင့် တကွ ဗုဒ္ဓသာသ

http://www.dhammadownload.com

နာတော်၏ အထွတ်ထိပ်ဖျား "နိဗ္ဗာန်" တရားကြီးပါ ကွယ်ပျောက်သွားနိုင်ပါသဖြင့် ဗုဒ္ဓဝါဒ သန့်ရှင်းစွာ တည်ဘုံနိုင်ရေးသည် လွန်စွာ အရေးကြီးပါသည်ဘုရား။

၁၆။ ထို့ကြောင့် ဤကြောင်ပန်းတောရဝါဒသည် ဗုဒ္ဓပိဋကတ်တော်နှင့် မညီ "အမွေဝါဒ" သာဖြစ်သည်ဟု တပည့်တော်များ မမှိတ်မသုံ ယုံကြည်ပါသဖြင့် ဝိနည်းဓိုရ်ဆရာတော်များအနေဖြင့် ဓမ္မဝိနယနှင့်အညီ လေ့လာစိစစ်ဝေဖန်သုံးသပ် ဆုံးဖြတ်ပေးတော်မူနိုင်ပါရန် ဤစောဒနာလွှာများကို တင်သွင်းလျှောက်ကြားပါသည်ဘုရား။

၁၇။ ဤသို့စောဒနာရခြင်းသည် တပည့်တော်များ၏ ကိုယ်ကျိုးမပါ သာသနာတော်သန့်ရှင်းစွာ တည်တံ့ပြန့်ပွားစေရေးအတွက်လည်းကောင်း "သုခါသံဃာ သာမဂ္ဂီ" ဒေသနာတော်နှင့်အညီ သာသနာ့ဝန်ထမ်း ညီရင်းအကိုဖြစ်ကြကုန်သော သံဃာအချင်းချင်း ဝိဝါဒမကွဲမပြား တသားတည်း ညီညွတ်ရေးအတွက်လည်းကောင်း ထေရဝါဒပိဋကတ်တော်လာ "နိဗ္ဗာန်" ဆောက်ကြောင်း ဒေသနာတော်များ မှန်ကန်စွာ တည်ရှိနိုင်ရေးအတွက်လည်းကောင်း ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့်သာ စောဒနာရခြင်းဖြစ်ပါကြောင်း လျှောက်ကြားယင်း ကြောင်ပန်းဝါဒမှ ဓမ္မဝိနယနှင့်မညီသည့် အချက်များစွာတို့အနက် အရေးကြီးသည့်အချက်များကို ထုတ်နုတ်၍ ဆက်လက် တင်ပြလျှောက်ထားကြပါမည်ဘုရား။

၁။ ဦးပညာဝံသ — တလုဘ်ထော်ရွာကျောင်း
ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်း

၂။ ဦးသုဇာတ — ရတနာမာန်အောင်တိုက်
မကျီးဂွရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း

၃။ ဦးဂမ္ဘီရဗုဒ္ဓိ — (ဓမ္မာစရိယပါဠိဝါရဂူ)
သုခီတာရုံစာသင်တိုက်
ဝေါမြို့၊ ပဲခူးတိုင်း

၄။ ဦးဇောတိက — (ဓမ္မာစရိယ)
သာစည်ကျောင်းတိုက်
မင်းခေါင်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း

http://www.dhammadownload.com

စောဒနာ အမှတ် (၁)

တုံးတိုင်စသည့် ဝေါဟာရသမ္မုတိပညတ်နှင့်ရုပ်အချို့ကို နာမ်ဟုဟောပြော ရေးသားသောတုံးနာမ်,တိုင်နာမဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ်(၃) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၁။ ကြောင်ပန်းတောရင်ဒသည် ဝိပဿနာတရားအမည်ခံ၍ ရုပ်နာမ် တရား တွင်တွင်ဟောကာ မသိနားမလည်သူများအား ဆရာတဆူလုပ်ခဲ့ကြသော်လည်း သူတို့ကိုယ်တိုင် ရုပ်, နာမ်, ပညတ်,ပရမတ် မကွဲပြားကြောင်း,အာက်ပါ ၎င်းတို့၏ စာအုပ်များပါ အချက်အလက်များက ဖော်ပြပါသည်ဘုရား။

ယင်းအချက်များမှာ—

(က) **ယခုအခါ ဥပမာနှင့်တကွ နာမ်ကိုပြမည် များစွာသတိထား—**
သမုဒ္ဒရာအိုင်အင်း တွင်းကန်ထွေးထွ ရေရှိသမျှ ခွက်ဖလား မျက်ဖျန်ဥရောက် နှင်းပေါက်ရေမှာ နေလရိပ်ထင် မြင်သည့်ပမာ အိမ်ကျောင်းတုံးဖျာ ဘုံသုံးရွာစသော သတ္တဝါသာမှတ်လေ.....
(ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲ နှာ-၂၇၀-မှ)

(ခ) ဝိပဿနာနှင့်ဖြင့်မသင့်၊ မသင့်ပုံက စိတ်စေတသိက်ဟူသော နာမ်တရားသည် တုံးဖျာစသည်တွင်မှာမရှိ သူဒါစသောသတ္တဝါမှာသာ စိတ်စေတသိက်ဟူသော နာမ်တရားရှိသည်ဟု ထင်လွဲစွဲမှားခြင်းသည် ဒိဋ္ဌိစေတသိက်ဟူ၍သာ မှတ်ပါ၊ အထူးသတိထား—
(ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲ နှာ-၃၂၀ မှ)

(ဂ) **ရုပ်နာမ်ဆိုတာ ဒီလိုပါ**

ဒီနေရာမှာ ရုပ်နာမ်နှစ်ပါး ခွဲပြရမယ်ဆိုရင်—
အဆင်းကရုပ်— တုံးကနာမ်
အသံကရုပ် — တုံးကနာမ်
အနံ့ကရုပ် — တုံးကနာမ်
အရသာကရုပ်— တုံးကနာမ်
မာတာနူးညံ့တာ ပူတာအေးတာ ထောက်ကန်တာ လှုပ်ရှားတာက ရုပ် — တုံးကနာမ်

(ဝိပဿနာအလင်းရောင်ကျမ်း အရှင်ကောဝိဒ၏နာမ်လောက နှာ-၉၂ မှ)

http://www.dhammadownload.com

(ဃ) ဒုဂါရခြောက်ပါးအာဂုံခြောက်ပါးတို့၌ ခန္ဓာငါးပါး သစ္စာလေးပါး ဖွဲ့နည်း

(စက္ခုဒုဂါရ) နေရောင်၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး—အရောင်က ရူပက္ခန္ဓာ၊ ကောင်း မကောင်းအလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းကို မှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသခါရက္ခန္ဓာ၊ နေက ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(သောတဒုဂါရ) ကြွက်သံ၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး—အသံက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်း မှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသခါရက္ခန္ဓာ၊ ကြွက်က ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(ဃာနဒုဂါရ) ရေနံဆီနံ့ ၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး—အနံ့က ရူပက္ခန္ဓာ၊ ကောင်းမကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းကိုမှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသခါရက္ခန္ဓာ၊ ရေနံဆီက ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(ဇိဝှါဒုဂါရ) ထန်းလျက်ချိုတယ်၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး—ချိုတဲ့အရသာက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလယ်အလတ် အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းကိုသိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာသခါရက္ခန္ဓာ၊ ထန်းလျက်က ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(ကာယဒုဂါရ)ဦးခေါင်းမာတယ်, နှူးညံ့တယ်၊ ပူတယ် အေးတယ်၊ ထောက်ကန်လှုပ်ရှားတယ်၊ ခန္ဓာ ငါးပါး။ သစ္စာလေးပါး—မာတာ, နှူးညံ့တာ,ပူတာ,အေးတာ,ထောက်ကန်လှုပ်ရှားတာက ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊ အဟောင်းမှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှုပြုပြင်မှု လှုံ့ဆော်မှုက စေတနာသခါရက္ခန္ဓာ၊ ဦးခေါင်းက ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(မနောဒုဂါရ) အရှေ့အနောက်, တောင်မြောက်, အောက်, အထက်၊ အနိမ့်အမြင့် အဝေးအနီး၊ အသေးအကြီး၊ လေးမြောင့်, ရှစ်ထောင့်၊ နက် တိမ်,တိုရှည်၊ ရှိ မရှိ၊ သိ မသိ၊ ငုတ်တုတ်၊ခန္ဓာ

http://www.dhammadownload.com

ငါးပါး၊ သစ္စာလေးပါး– ဟဒယဝတ္ထုက ရှုပက္ခ်ွန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာက္ခန္ဓာ၊အဟောင်း မှတ်သိမှုက သညာက္ခန္ဓာ၊ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှုက စေတနာ သင်္ခါရက္ခန္ဓာ၊ အလွေ အနောက်၊ တောင်-မြောက် အောက်-အထက်၊ အနိမ့်-အမြင့်၊ အဝေး-အနီး၊ အသေး-အကြီး၊ လေးမြွေ့ခ်ွင့်, ရှစ်ထောင့်၊ နက်-တိမ်၊ တို-ရှည်၊ ရှိ-မရှိ၊ သိ-မသိ၊ ငုတ်တုတ်က ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး။

(c) ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ စိတ် စေတသိက် ရုပ် သစ္စာလေးပါးမျှဖွဲ့နည်း

(စက္ခုဒွါရ) နေရောင်-စိတ် စေတသိက် ရုပ်၊ သစ္စာလေးပါး– နေက-စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ အရောင်က ရုပ်၊စိတ်စေတသိက်ရုပ်။

(သောတဒွါရ) ကြက်သံ စိတ်စေတသိက်ရုပ်၊ သစ္စာလေးပါး– ကြက်က-စိတ်၊ ကောင်း-မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ အသံကရုပ်၊ စိတ်စေတသိက်ရုပ်။

(ဃာနဒွါရ) ရေနံဆီနံ့—စိတ်စေတသိက်ရုပ်၊ သစ္စာလေးပါး—ရေနံဆီက—စိတ်၊ ကောင်းမကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ အနံ့ကရုပ်၊ စိတ်စေတသိက်ရုပ်။

(ဇိဝှါဒွါရ) ထန်းလျက်ချိုတယ်—စိတ်စေတသိက်ရုပ်၊ သစ္စာလေးပါး–ထန်းလျက်က စိတ်၊ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ ချိုတဲ့အရသာက ရုပ်၊ စိတ်စေတသိက်ရုပ်။

(ကာယဒွါရ) ဥခေါင်းမာတယ်၊ နူးညံ့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက်ကန်လှုပ်ရှားတယ်—စိတ်စေတသိက်ရုပ်၊ သစ္စာလေးပါး–ဥခေါင်းကစိတ်၊ ကောင်း မကောင်းအလတ်အားဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ မာတာ, နူးညံ့တာ, ပူတာ, အေးတာ, ထောက်ကန်လှုပ်ရှားတာက ရုပ်၊ စိတ်စေတသိက်ရုပ်။

(မနောဒွါရ) အလွေအနောက်၊ တောင်မြောက်, အောက်အထက်, အနိမ့်အမြင့်၊ အဝေးအနီး၊ အသေးအကြီး၊ လေးမြွေ့ခ်ွင့်ရှစ်ထောင့်၊ နက်တိမ်၊ တို—ရှည်၊ ရှိ—မရှိ၊ သိ—မသိ၊ ငုတ်တုတ်၊စိတ်စေတသိက်ရုပ်၊ သစ္စာလေးပါး အလွေ—အနောက်၊ တောင်-

http://www.dhammadownload.com

မြောက်၊ အောက် အထက်၊ အနိမ့် အမြင့်၊ အဝေး အနီး၊ အသေး အကြီး၊ လေးမြှောင့်၊ ရှစ်ထောင့်၊ နက်—တိမ်၊ တို—ရှည်၊ ရှိ—မရှိ၊ သိ—မသိ၊ ငုတ်တုတ်က စိတ်၊ ကောင်း မကောင်း အလတ်အား ဖြင့် ခံစားမှုက ဝေဒနာစေတသိက်၊ ဟဒယဝတ္ထုက ရုပ်၊ စိတ်စေတသိက်ရုပ်။

(စ) ဒုါရခြောက်ပါး၊ အာရုံခြောက်ပါးတို့၌ နာမ်ရုပ်နှစ်ပါး သစ္စာလေးပါးဖွဲ့နည်း

(စက္ခုဒ္ဒါရ) နေရောင်—နာမ်ရုပ်၊ သစ္စာလေးပါး —နေက နာမ်၊ အရောင်က ရုပ်၊ နာမ်ရုပ်နှစ်ပါး။

(သောတဒ္ဒါရ) ကြွက်သံ၊ နာမ်ရုပ်၊ သစ္စာလေးပါး —ကြွက်က နာမ်၊ အသံက ရုပ်၊ နာမ်ရုပ်နှစ်ပါး။

(ဃာနဒ္ဒါရ) ရေနံဆီနံ့—နာမ်ရုပ်၊ သစ္စာလေးပါး — ရေနံဆီက နာမ်၊ အနံ့က ရုပ်၊ နာမ်ရုပ်နှစ်ပါး။

(ဇိဝှါဒ္ဒါရ) ထန်းလျက်ချိုတယ်၊ နာမ်ရုပ်၊ သစ္စာလေးပါး၊ —ထန်းလျက်က နာမ်၊ ချိုရသာက ရုပ်၊ နာမ်ရုပ်နှစ်ပါး။

(ကာယဒ္ဒါ၎) ဦးခေါင်းမာတယ်၊ နူးညံ့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက်ကန်လှုပ်ရှားတယ်—နာမ်ရုပ်၊ သစ္စာလေးပါး —ဦးခေါင်းက နာမ်၊မာတာ၊ နူးညံ့တာ၊ ပူတာ အေးတာ ထောက်ကန်လှုပ်ရှားတာကရုပ်၊ နာမ်ရုပ်နှစ်ပါး။

(မနောဒ္ဒါရ) အရွေ့အနောက်၊ တောင် မြောက်၊ အောက် အထက်၊ အနိမ့် အမြင့်၊ အဝေး အနီး၊ အသေးအကြီး၊ လေးမြှောင့်၊ ရှစ်ထောင့်၊ နက်-တိမ်၊ တို-ရှည်၊ ရှိ-မရှိ၊ သိ-မသိ၊ ငုတ်တုတ်၊—နာမ်ရုပ် သစ္စာလေးပါး--အရွေ့အနောက်၊ တောင်မြောက်၊ အောက်-အထက်၊ အနိမ့်၊ အမြင့်၊ အဝေး အနီး၊ အသေး-အကြီး၊ လေးမြှောင့်-ရှစ်ထောင့်၊ နက်-တိမ်၊တို-ရှည်၊ ရှိ-မရှိ၊ သိ-မသိ၊ ငုတ်တုတ်က နာမ်၊ ဟဒယဝတ္ထုကရုပ်၊ နာမ်ရုပ်နှစ်ပါး။

(ကြောင်ပန်း ဒုတိယ ဆရာတော်ရေး တရားသင်နည်း ဆွေးနွေးနည်းခေါ် စတုသစ္စာဖိပကာသနီကျမ်း၊ ကြောင်ပန်းသုံးစောင်တွဲ စာမျက်နှာ ၁၇မှ ၂၃ သမ္မတပုံနှိပ်တိုက် ဆိုင်းတန်း၊ မန္တလေး ၁၃၁၈ ခု နယုန်လထုတ်မှ)

http://www.dhammadownload.com

(ဆ) ခန္ဓာ ငါးပါးဖွဲ့ပုံ

အမေး။ စက္ခုဒွါရ နေရောင်၊ ခန္ဓာငါးပါး ဖွဲ့၍ပြစမ်းပါ။

အဖြေ။ အရောင်က —ရူပက္ခန္ဓာ
ခံစားမှုက —ဝေဒနာက္ခန္ဓာ
မှတ်သားမှုက —သညာက္ခန္ဓာ
စေ့ဆော်မှုက —စေတနာသခ်ါရက္ခန္ဓာ
နေက —ဝိညာဏက္ခန္ဓာ

သောတဒွါရ ကြက်သံ၊ ခန္ဓာငါးပါး ဖွဲ့၍ပြစမ်းပါ
အသံက —ရူပက္ခန္ဓာ
ခံစားမှုက —ဝေဒနာက္ခန္ဓာ
မှတ်သားမှုက —သညာက္ခန္ဓာ
စေ့ဆော်မှုက —စေတနာသခ်ါရက္ခန္ဓာ
ကြက်က —ဝိညာဏက္ခန္ဓာ

ဃာနဒွါရ ရေနံဆီနံ့ —ခန္ဓာငါးပါး ဖွဲ့၍ပြစမ်းပါ
အနံ့က —ရူပက္ခန္ဓာ
ခံစားမှုက —ဝေဒနာက္ခန္ဓာ
မှတ်သားမှုက —သညာက္ခန္ဓာ
စေ့ဆော်မှုက —စေတနာသခ်ါရက္ခန္ဓာ
ရေနံဆီက —ဝိညာဏက္ခန္ဓာ

ဇိဝှါဒွါရ ထန်းလျက်ချိုတယ် ခန္ဓာငါးပါးဖွဲ့၍စမ်းပြပါ
ချိုရသာက —ရူပက္ခန္ဓာ
ခံစားမှုက —ဝေဒနာက္ခန္ဓာ
မှတ်သားမှုက —သညာက္ခန္ဓာ
စေ့ဆော်မှုက —စေတနာသခ်ါရက္ခန္ဓာ
ထန်းလျက်က —ဝိညာဏက္ခန္ဓာ

ကာယဒွါရ ဦးခေါင်းမာတယ်, နှူးညံ့တယ်၊ ပူတယ်· အေးတယ်၊ ထောက်ကန်တယ် လှုပ်ရှားတယ်၊ ခန္ဓာငါးပါးဖွဲ့၍ ပြစမ်းပါ။

မာတာ, နှူးညံ့တာ ပူတာ, အေးတာ, ထောက်ကန်တာ, လှုပ်ရှားတာက ရူပက္ခန္ဓာ။

http://www.dhammadownload.com

ခံစားမှုက — ဝေဒနာကွန္ဓာ
မှတ်သားမှုက — သညာကွန္ဓာ
စေ့ဆော်မှုက — စေတနာသခ်ါရကွန္ဓာ
ဦးခေါင်းက — ဝိညာဏကွန္ဓာ

မနောဒွါရ အရှေ့, အနောက်, တောင်, မြောက် ခန္ဓာငါးပါး ဖွဲ့၍ပြစမ်းပါ။
နှလုံးအကြည်က — ရူပကွန္ဓာ
ခံစားမှုက — ဝေဒနာကွန္ဓာ
မှတ်သားမှုက — သညာကွန္ဓာ
စေ့ဆော်မှုက — စေတနာသခ်ါရကွန္ဓာ
အရှေ့ အနောက် တောင် မြောက်က – ဝိညာဏကွန္ဓာ

(၈) စိတ်စေတသိက် ရှုပ်ဖွဲ့ပုံ

အမေး။ ။ စက္ခုဒွါရ နေရောင်၊ စိတ်, စေတသိက်ရှုပ် ဖွဲ့၍ပြစမ်းပါ။

ဖြေ။ နေက — စိတ်

ခံစားမှုက — ဝေဒနာ စေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာ စေတသိက်
အရောင်က — ရှုပ်

သောတဒွါရ ကြက်သံ၊ စိတ်, စေတသိက် ရှုပ်ဖွဲ့၍ ပြစမ်းပါ။
ကြက်က — စိတ်
ခံစားမှုက — ဝေဒနာ စေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာ စေတသိက်
အသံက — ရှုပ်

ဃာနဒွါရ ရေနံဆီနံ့ စိတ် စေတသိက် ရှုပ်ဖွဲ့၍ ပြစမ်းပါ။
ရေနံဆီက — စိတ်
ခံစားမှုက — ဝေဒနာ စေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာ စေတသိက်
အနံ့က — ရှုပ်

http://www.dhammadownload.com

ဇဋ္ဌါဒ္ဓါရ ထန်းလျက်ချိုတယ် စိတ် စေတသိက် ရုပ်ဖွဲ့၍ ပြစမ်းပါ။

ထန်းလျက်က — စိတ်
ခံစားမှုက — ဝေဒနာစေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာစေတသိက်
ချိုရသဘက — ရုပ်

ကာယဒ္ဓါရ ဦးခေါင်း မာတယ်၊ နှူးညံ့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက်ကန်လှုပ်ရှားတယ်, စိတ် စေတသိက် ရုပ်ဖွဲ့၍ ပြစမ်းပါ။

ဦးခေါင်းက — စိတ်
ခံစားမှုက — ဝေဒနာစေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာစေတသိက်
မာတာ နူးညံ့တာ, ပူတာ အေးတာ၊ ထောက်ကန်တာ၊ လှုပ်ရှားတာက ရုပ်၊

မနောဒ္ဓါရ အာရုံ,အနောက်,တောင့်,မြောက် စိတ်စေတသိက် ရုပ်ဖွဲ့၍ ပြစမ်းပါ။

အာရုံ,အနောက်,တောင့်,မြောက် က — စိတ်
ခံစားမှုက — ဝေဒနာစေတသိက်
မှတ်သားမှုက — သညာစေတသိက်
စေ့ဆော်မှုက — စေတနာစေတသိက်
နှလုံးအကြည်က — ရုပ်

(ဈ) နာမ်—ရုပ် ဖွဲ့ပုံ

အမေး။ ။စက္ခုဒ္ဓါရ၊ နေရောင်၊ နာမ်,ရုပ် ဖွဲ့၍ပြစမ်းပါ။

အဖြေ။ ။နေက — နာမ်
အရောင်က — ရုပ်

သောတဒ္ဓါရ ကြက်သံ၊ နာမ် ရုပ် ဖွဲ့၍ ပြစမ်းပါ။
ကြက်က — နာမ်
အသံက — ရုပ်

http://www.dhammadownload.com

ဃာနဒွါရ **ရေနုံဆီနုံ** — နာမ်ရုပ် ဖွဲ့၍ ပြစမ်းပါ။
ရေနုံဆီက — နာမ်
အနုံက — ရုပ်

ဇိဝှါဒွါရ ထန်းလျက်ချိုတယ်၊ နာမ် ရုပ် ဖွဲ့၍ပြစမ်းပါ။
ထန်းလျက်က — နာမ်
ချိုရသာက — ရုပ်

ကာယဒွါရ ဦးခေါင်းမာတယ်၊ နူးညံ့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက်ကန်တယ်၊ လှုပ်ရှားတယ်၊ နာမ်ရုပ်ဖွဲ့၍ပြစမ်းပါ။
ဦးခေါင်းက– နာမ်
မာတာ, နူးညံ့တာ၊ ပူတာ့, အေးတာ, ထောက်ကန်တာ, လှုပ်ရှားတာက–ရုပ်

မနောဒွါရ အချွေ, အနောက်, တောင်, မြောက်, နာမ်ရုပ်ဖွဲ့၍ပြစမ်းပါ။
အချွေ, အနောက်, တောင်–မြောက်က–နာမ်
နှလုံးအကြည်က– ရုပ်
(ဝိပဿနာအလင်းရောင်ကျမ်း စာမျက်နှာ-၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅ မှ)

(ည) **လေးစိတ်ခွဲနည်း အမေးအဖြေ**

အမေး။ လူဆိုတဲ့အမည်က ဘာနာမ်လဲ
ဖြေ။ သမုတိနာမ်ဖြစ်ပါသည်။
မေး။ အဆင်းသဏ္ဌာန်ရှိအမည် ဝဏ္ဏက ဘာနာမ်လဲ
ဖြေ။ ပရမတ်နာမ်ဖြစ်ပါသည်။
(ကြောင်ပန်းသုံးစောင်တွဲ စတုသစ္စာဒီပကာသနီကျမ်း တရားသင်နည်း ဆွေးနွေးနည်း နှာ-၁၄၂-၁၄၃ မှ)

၂။ ဤသို့ ပညတ်များကိုနာမ်ဟုယူဆ ဟောပြောရေးသားခဲ့သော်လည်း နောက်တခါ ရုပ်ကိုနာမ်လုပ်ပြန်ပါသည်၊ ယင်းတို့မှာ—

(၄) နက်ဖြူနီဝါ၊ စိမ်းအပြာ၊ ခြောက်ဖြာအဆင်း ဓာတ် အဆင်းခြောက်ပါး ရုပ်တရားဖြစ်သည်။
နီတာကနာမ် အဆင်းကရုပ်ဟု အယူရှိသော 'နီနာမ်' ဝါဒသည် အခြေအမြစ်မရှိ၊ နီတာနှင့်အဆင်းအတူတူပါပဲ ခွဲမခနပါနှင့်တော့၊ နီတာပင်လျှင် အဆင်း၊ အဆင်းပင်လျှင် နီတာ၊ ရှစ်ပြားနှင့်တမူးပါပဲ၊ အကြောင်အကျားကသာ နာမ်ဖြစ်သည်။ (ဝိပဿနာအလင်းရောင်ကျမ်း နှာ-၃၁မှ)

http://www.dhammadownload.com

(၄) အသေးအကြီး လေးမြောင့် ရှစ်ထောင့်၊တို–ရှည်၊ငုတ်တုတ်က–နာမ် (ကြောင်ပန်းဒုတိယဆရာတော်ရေး တရားသင်နည်းဆွေးနွေးနည်း ခေါ် စတုသစ္စာဒီပကာသနီကျမ်း ကြောင်ပန်း သုံးစောင်တွဲ နှာ-၂၃ မှ)

၃။ ဤဖော်ပြပါအချက်အလက်များသည် ကြောင်ပန်းတောရ မူလဆရာတော်မှစ၍ တပည့်စဉ်ဆက်ရေးသားခဲ့သော် စာအုပ်များမှဖြစ်ပါသည်။

၄။ ယင်းအချက်အလက်များအရ "ကြောင်ပန်းတောရ ဝိပဿနာဝါဒ" သည် ပညတ်ကိုနာမ်လုပ်လိုက်၊ ရုပ်ကိုနာမ်လုပ်လိုက်ဖြင့် ပညတ်ပရမတ်မကွဲပြားယောင်ဝါးဝါးဖြင့် ဘုရားဟောဒေသနာတော်ဟုပြောပြီး လှည့်စားသူများသာဖြစ်ကြောင်း ထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့်အညီ စိစစ်ဆုံးဖြတ်ချက်ချတော်မူပါရန် စောဒနာ အမှတ်(၁)အဖြစ် တင်သွင်းပါသည်ဘုရား။

စောဒနာ အမှတ် (၂)

ကြောင်ပန်းတောရဝါဒသည် သက္ကာယဒိဋ္ဌိရှိလျှင် ဗုဒ္ဓဘာသာမဖြစ် သရဏဂုံမတည်ဟု ယူဆဟောပြောရေးသားသော အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါ ဘုရား။

အမှတ်(၃) နိဂုံးတော် သိုးခြားဝိနည်းရိုရိ ဆရာတော်များဘုရား—

၁။ ကြောင်ပန်းမူလဆရာတော်နှင့် ကြောင်ပန်းဝါဒီရဟန်း ရှင်လူ တို့သည် ၎င်းတို့ ဟောပြောရေးသားသောတရားမှ တရားစစ် တရားမှန်ဟု ထင်မှတ်ကြကာ ကြောင်ပန်းဝါဒီမှသာ ဗုဒ္ဓဘာသာဖြစ်၍ သရဏဂုံတည်သည်၊ ကျန်သူများမှာ ဗုဒ္ဓဘာသာမဖြစ်၊ သရဏဂုံမတည်လေဟန်ဖြင့် ဗုဒ္ဓ၏ဓမ္မဒေသနာနှင့် မကိုက်ညီပဲ ဟောပြောရေးသားကြခြင်းဖြင့် " အဓမ္မဝါဒ "ကို ထူထောင်ခဲ့ကြကြောင်း ဖော်ပြပါ အချက်အလက်များက သက်သေခံပါသည်ဘုရား။

ယင်း အချက်အလက်များမှာ—

(က) သူငါကစ သက္ကာယဒိဋ္ဌိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်၊ စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင်၏ ရန်သူတွေနှင့်သာ တူကြပေသည်၊ များများကြီး သတိထားကြပါကုန်၊ သတိမူကြပါကုန်။

(ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲ၊ ဝိပဿနာဒီပနီ၊ စာ-မျက်နှာ-၁၁၂-မှ) ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့-၇၃၊

http://www.dhammadownload.com

၂။ ယင်းသို့ ဆရာက သက္ကာယဒိဋ္ဌိရှိလျှင် ဗုဒ္ဓဘာသာမဖြစ်ဟု ရေးသား သကဲ့သို့ တပည့်ကလည်း ဆရာ့တပည့်ပီပီ ဆရာ့အတိုလိုက်ကာ ဗုဒ္ဓ၏ဓမ္မဒေသနာကို တောင်လှန်လိုက်ပုံမှာ–

(ခ) မေး – ဘယ်လိုပုဂ္ဂိုလ်ကို သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ခေါ်သလဲ။
ဖြေ – မရမဏ္ဍာရုပ်နာမ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာကို ပိုင်းခြားရှု သိသဖြင့် သက္ကာယဒိဋ္ဌိပြုတ်၊ ကျွတ်လွတ်သောသူကိုသာ သရဏဂုံ တည်သောသူလို့ ဆိုရပါသည် ဟု ရေးသားထားပါသည်။

(ဦးဘိုရေး—ခြောက်စောင်တွဲကောက်နုတ်ချက်၊ သစ္စာသုံးလီ လင်းဇောင်ခြည်ကျမ်း စာမျက်နှာ-၇၃၅)

၃။ ယင်း ကြောင်ပန်းတောရဝါဒီတို့ အဆိုအရ သောတာပန်ဖြစ်မှ ဗုဒ္ဓဘာသာဝင်ဖြစ်၍ သရဏဂုံတည်သည်၊ သောတာပန်မဖြစ်လျှင် သရဏဂုံမတည်၊ ဗုဒ္ဓဘာသာမဖြစ်ဟုဆိုသဖြင့် ယခုလက်ရှိကြောင်ပန်းဝါဒီများအပါအဝင် ရဟန်းရှင်လူများတွင် ဗုဒ္ဓဘာသာဝင်မရှိ၊ သရဏဂုံတည်သူမရှိတော့သဖြင့် ဗုဒ္ဓသာသနာ တော်ကြီး ပျက်ပြီဟု ဆိုရမလောက်ပင် ဖြစ်ပါသည်။

၄။ ထို့ကြောင့် ဓေသနာတော်နှင့် သာသနာတော်ကို ဆန့်ကျင်သော "အဓမ္မဝါဒ" ဖြစ်ကြောင်းထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့်အညီ စီစစ်ဆုံးဖြတ်ချက် ချပေးတော်မူပါရန် စောဒနာအမှတ်(၂) အဖြစ် တင်သွင်းပါသည်ဘုရား။

စောဒနာ အမှတ် (၃)

ကုသလကပ္ပဟ-ပုညကိရိယာ ကုသိုလ်ကိုပြုလုပ်ကြခြင်းသည် ဗာလုဿက္က=လူမိုက်အလုပ်ဟု ဟောပြောရေးသားသော "အမွေ" ဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ် (၃) နိုင်ငံတော်သီးခြား ဝိနည်းစိုရ်ဆရာတော်များဘုရား–

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် **ကုသလကမ္မပထ ပုညကိရိယာကိုပြုလုပ်လျှင် မှားသည်၊ ထိုသို့လုပ်လျှင် ဗာလုဿက္က=လူမိုက်အလုပ်ဖြစ်ကြောင်း** သစ္စာ ၄-ပါးကိုသိ-မင်္ဂဏ်ရပြီးမှသာ **ကုသိုလ်လုပ်သင့်ကြောင်းဖြင့် "ကမ္မဿကတာသမ္မာဒိဋ္ဌိ"ကို ပယ်ရှားသည့် အဓမ္မဝါဒ ဖြစ်ကြောင်းကို အောက်ပါရေးသားချက်များက ထင်သေခံလျက် ရှိပါသည်ဘုရား။**

http://www.dhammadownload.com

ယင်းအချက်အလက်များမှာ—

(က) မင်ဖိုလ်နိဗ္ဗာန်သို့ မဆိုက်မကပ် လူနတ်ဗြဟ္မစိုးသောကို သာယာခြင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ပြုသောသဒ္ဓါကို ပသာဒသဒ္ဓါဆိုသည်၊ ယခုကာလ သာသနာတော်သမယ၌ ထိုပသာဒသဒ္ဓါနှင့် ခုဏ္ဍောနောင်ခါ ကောင်းအောင်သာဟု ပြုကြသမျှ ကုသလကမ္မပထသခ်ါရကို ဗာလုဿကွက္ကဟုဆိုရမည်၊ ဗာလုဿကွက္ကဆိုသည်မှာ—

ဗာလာနံ ဥဿုက္ကောတိ ဗာလုဿုက္ကော·ဟု ဝိဂြိုဟ်ပြု၊ ဗာလာနံ၊ လူအဖျင်း, လူ့အဖြုန်း, လူ့အသုဉ်း, လူ့အသွန်, လူ့အခွံ, လူ့အကာ၊ လူ့ချုံချုံချုံချာချာ၊ သံသရာမှာ မသိဆုံး, အမိုက်တုံး, အမိုက်ခဲ, အမိုက်မဲမှန်လှ လူ့ဗာလတို့၏။ဥဿုက္ကော၊ မင်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော အကျိုးမမျှား-အလကားသား ယောင်ဝါး၍ အားထုတ်မှုတည်း။ ဗ္ဟုတိတသ္မာ၊ ထို့ကြောင့်။ ဗလုဿုက္ကော၊ ဗာလု-ဿုက္ကမည်၏။

ဤဝိဂြိုဟ်အတိုင်း အဟုတ်အမှန်ကို မသိသောသူတို့သည် မင်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးမပြုး အချည်းနှီးအလကားသား ပြုမှုားသမျှသော ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည် ဗာလုဿုက္ကမည်ကုန်၏။

(ဘုတလင်မြို့ ကြောင်ပန်းဆရာတော်ရေး ဝိပဿနာခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီ နှာ-၅ မှ၊ရတနာဒီပံပုံနှိပ်တိုက်၊ မန္တလေးမြို့ ၇၃)

(ခ) ပါရမီဆယ်ပါး မဂ္ဂင်ရှစ်ပါး မြတ်တရားကို သတိမထား မသိသောအားဖြင့် လူကောင်း နတ်ကောင်း ဘဝကောင်းကို တောင့်တပြီးလျှင် ကုသလကမ္မပထတရား ပုညကြိယာဆယ်ပါးကို ပြုမှုားသောသူများသည် မြတ်စွာဘုရား၏ရန်သူ သူဗုန်နှင့်တူကုန်၏။

(ဂ) ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းဆောသူကောင်းတို့အား ထိုက် (၂၉) ပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်ဘစ်က လွတ်ကြမည်—စသည်တို့ဖြစ်ပါသည်ဘုရား။

(ဝိပဿနာခြောက်စောင်တွဲ၊ စာမျက်နှာ ၇-မှ)

၂။ ဖော်ပြပါရေးသားချက်များသည် ကမ္မဿကတာသမ္မာဒိဋ္ဌိကို လုံးဝပယ်ရှားပြီး ပုညကြိယာ ကုသိုလ်လုပ်သူတို့ကို နောက်ဆုတ်စေလျက် စေတနာပျက်ပြားစေသော ဟောပြောရေးသားချက်များဖြစ်ပါ၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် "အဓမ္မ" ဝါဒသာဖြစ်ကြောင်း ထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့်အညီ စီစစ်ဆုံးဖြတ်ချက် ချပေးတော်မူပါရန် စောဒနာဇာမှတ် (၃) အဖြစ် တင်သွင်းပါသည်ဘုရား။

http://www.dhammadownload.com

စောဒနာအမှတ် (၇)

ဉာဏဝိပွယုတ်ကုသိုလ်ကို ကောင်းသောတရား (ကုသလဓမ္မ) ဟု ဟော ပြောပြုကျင့်လျှင် ခွေး နွားစသော အပါယ်ဘုံသားများနှင့် တူကြောင်း ဟော ပြောရေးသားသည့် အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် ပုညကိရိယာကုသိုလ်ကို ဉာဏဝိပွယုတ် ကုသိုလ်၊ ပါရမီကုသိုလ်ကို မဂ်ကုသိုလ်ဟု ယူချင်သလို ယူထားကြောင်းကို အောက်ပါအချက်အလက်များက သက်သေခံလျက်ရှိပါသည်။

ယင်းအချက်အလက်များမှာ—

(က) ပုညကိရိယာဆယ်ပါးနှင့် ပါရမီဆယ်ပါးအထူးကား— ကုသလကမ္မပထကုသိုလ်၊ ဝဋ္ဋနိဿိတကုသိုလ်၊ ပုညာဘိသင်္ခါရ ကုသိုလ်၊ ပုညကိရိယာကုသိုလ်၊ ဉာဏဝိပွယုတ်ကုသိုလ်–စသည်တို့ မှာ အတူတူသာမှတ်ပါ၊ ထို့ကြောင့် ဒါနသီလစသော ကုသိုလ် ကောင်းမှုကိုပြုလျှင် ပုညကိရိယာချည်းပင်ဟု မထင်နှင့် မမှတ်နှင့်။

(ခ) ခုရောနောင်ခါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ဉာဏဝိပွယုတ် စိတ်လေးခု နှင့် ပြုပြုသမျှစသော ကုသိုလ်မှသာ ပုညကိရိယာဆိုပါ၊ ပါရမီ ကုသိုလ် မဂ်ကုသိုလ် ဝိဝဋ္ဋကုသိုလ် ဉာဏသမ္ပယုတ်ကုသိုလ် စသည် တို့မှာ အတူတူသာမှတ်ပါ။(ဘုတလင်မြို့ ကြောင်ပန်းဆရာတော်ရေး ဝိပဿနာခြောက်စောင်တွဲ စာမျက်နှာ ၁၃-မှ၊ ရတနာဒီပံ ပိဋကတ် ပုံနှိပ်တိုက်၊ မန္တလေးမြို့-၇၃)

၂။ ဤသို့ ပုညကိရိယာကုသိုလ်ကို ဉာဏဝိပွယုတ်ကုသိုလ်သက်သက်-ဉာဏ သမ္ပယုတ်မပါ၊ ပါရမီကုသိုလ်ကို မဂ်ကုသိုလ်ဟု ကောက်ယူ၍ ၎င်းပါရမီကုသိုလ် မဂ်ကုသိုလ်မှသာ ဉာဏသမ္ပယုတ်ကုသိုလ်ဟု "ကုသိုလ်အကြောင်း စာပေမသင် ဖူးသူများအား" အကြောင်ရိုက်ကာ မှိုင်းတိုက်ပြီးလျှင် ဘုရားရှင်နှင့် ရဟန္တာ သာဝကကြီးများ အာစရိယပရမ္ပရာ ဆရာအစဉ်အဆက်တို့ကို ရက်ရက်စက်စက် ရိုင်းရိုင်းပြပြ တိရစ္ဆာန်များနှင့် နှိုင်းပြလိုက်ပုံမှာ အောက်ပါအချက်က သက် သေခံလျက်ရှိပါသည်။

(ဂ) မဟာကုသိုလ် ဉာဏဝိပွယုတ်စိတ်လေးခုနှင့် ပြုပြုသမျှ ကုသလကမ္မ-ပထတရား ပုညကိရိယာဆယ်ပါးကို သာသနာတော်အခါများ၌ ကောင်းသောတရားဟု ပြောမှား ဟောမှား ပြုကျင့်မှားသောသူ

http://www.dhammadownload.com

မျှားသည် သာသနာပလူမျှား အပါယ်ဘုံသား ခွေး ဝက် ကျဲ နွားမျှားနှင့် အလားတူ ဆုယူမှားကြောင်းကို–

ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ အဝိဇ္ဇာ ပစ္စယာ သခါရာ-စသည်ဖြင့် သံယုတ်ပါဠိတော်၌ ဟောတော်မူ၏–

စသည်တို့ ဖြစ်ပါသည်ဘုရား။

(ဇင်းရေး ဝိပဿနာခြောက်စောင်တဲ့ စာမျက်နှာ၊ ၁၉-မှ)

၃။ ထိုကဲ့သို့ ဘုရားရှင်ဟောသည့် ပါဠိတော်ကို လိုရာဆဲ့ အဓိပ္ပာယ်ယူကာ မသိနားမလည်သူမျှားအား ခြိမ်းခြောက်ခြင်းဖြင့် သူဘက်ပါအောင်ဆွဲလျက် အာစရိယပရမ္မရ ဆရာစဉ်ဆက်တို့ကို တိရစ္ဆာန်မျှားနှင့် ရက်စက်စွာနှိုင်းယှဉ်သည့် အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့်အညီ စီစစ်ဆုံးဖြတ်ချက်ချပေးတော်မူပါရန် စောဒနာအမှတ် (၄) အဖြစ် တင်သွင်းပါသည် ဘုရား။

စောဒနာ အမှတ် (၅)

ဝဠုံသုံးပါးကိုဖြစ်စေသော တရားတို့ကို မနာမယူကောင်း၊ ဟောသူတို့အား မပေးကောင်း မလှူကောင်းဟု ဒါနကိုပယ်သည့် အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ် (၃) နိဂုံးတော် ဝိနည်းဗိုဠ်ဆရာတော်များဘုရား–

၁။ ကြောင်ပန်းတောရဝါဒီတို့သည် ဘုရားရှင်ဟောတော်မူသော ဒါနကထာကို လိုသလိုဆွဲကာ "ဟောရိုး ဟောစဉ် ဒါနကထာ" ဟောသူများအား မလှူကောင်း မပေးကောင်းဟုဆိုသဖြင့် ဒါနကိုပယ်ရာရောက်ကြောင်း အောက်ပါအချက်အလက်များက သက်သေခံလျက်ရှိပါသည်ဘုရား။

ယင်းအချက်များမှာ–

(က) လောကဋ္ဌ ကိလေသဝဋ္ဋ ဖြစ်မှု ကမ္မဝဋ္ဋဖြစ်မှု ဝိပါကဝဋ္ဋဖြစ်မှု တရားတွေကို နာလည်းမနာကောင်း၊ ယူလည်းမယူကောင်း၊ ဤကိလေသာဖြစ်မှု တရားတို့ကို ဟောပြောသူတို့ကိုလည်း မဆည်းကပ် မကိုးကွယ်ကောင်း၊ မပေးကောင်း၊ မလှူကောင်းဟု မှတ်ကြလေကုန် တပည့်တို့၊ သတိရှိကြစေ....

စသည်တို့ ဖြစ်ပါသည်ဘုရား။

(ဦးဝါသဝရေး ဝိပဿနာအလင်းရောင်ကျမ်း ပဋိဝေဓဒီပနီ စာမျက်နှာ ၁၅၃-မှ ကမ္ဘာ့အောင်လံပုံနှိပ်တိုက်၊ ၃၇၉-မောင်ထောင်လေးလမ်း၊ ရန်ကုန်မြို့)

http://www.dhammadownload.com

၂။ ဤသို့ဟောပြောကာ (ကိုယ့်ဘက်ကိုယ်ယက်လျက်) မိုင်းတိုက်လိုက်ကြောင်း အောက်ပါအချက်က သက်သေခံပါသည်။

(၀) ဤသို့ အဘိဓမ္မာနည်းအားဖြင့်သာ အာရုံပြု၍ လှူအပ်သော ဒါန သည်သာလျှင် အမွှန်ဆုံး အမြတ်ဆုံး ဖြစ်သည်ဟု ကျမ်းပြုဆရာကြီး တို့ ဆိုကြကုန်၏၊ အဘယ့်ကြောင့်မြတ်သနည်း၊ ထမင်းဟူသော အကပ်ပိယပညတ်၊ ဆွမ်းဟူသော ကပ်ပိယပညတ် ဤပညတ်တို့မှ လွတ်မြောက်၍ အဆင်းဟူသောပရမတ်၊ အသံဟူသော ပရမတ် သဘောတရားစုကို အာရုံပြု၍ ဖြစ်သောကြောင့်တည်း။

(ကြောင်ပန်း စတုတ္ထဆရာတော် ဦးတိဏ္ဏရေး ဝိဝဋ္ဋဒါန ဒီပနီကျမ်း စာမျက်နှာ ၂၂-မှ ကမ္ဘာ့အောင်လံပုံနှိပ်တိုက်၊ ၃၇၉-စစ်ကဲမောင် ထောင်လေးလမ်း၊ ရန်ကုန်၊ ၁၃၂၉ ခုနှစ်)

၃။ ဤသို့ ဟောခြင်းဖြင့် ဘုရားရှင်၏ ဒါနကထာကို ပျက်ပြားစေပြီး ဒါန ကို ပယ်ရာရောက်စေနိုင်၍ ဒါနကိုပယ်သည့် အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါ သဖြင့် ဓမ္မဝိနယနှင့်အညီ စိစစ်ဆုံးဖြတ်ချက်ပေးတော်မူရန် အမှတ် (၅) စော ဒနာအဖြစ် တင်သွင်းပါသည်ဘုရား။

စောဒနာ အမှတ် (၆)

အန္ဓပုထုဇဉ်မှသည် ရဟန္တာသို့တိုင် အဆင့်ဆင့် ကျင့်ကြံရသည်ဟု ပြောဟော လျှင် မှားသည်ဟုဆိုသဖြင့် "ကျင့်ကြံစရာမလို သိလျှင်ပြီးရော" ဆိုကာ "အနု-ပုဗ္ဗသိက္ခာ"ကို ပယ်ရှားသည့် အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ်(၃) နိဒ်ဒံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား—

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် ဘုရားရှင် ဟောကြားတော်မူသော ပုဂ္ဂိုလ်အဆင့်ဆင့် မြင့်ရာမြင့်ကြောင်း ကောင်းမြတ်သောအစဉ်အတိုင်း ကျင့် ရမည့် အနုပုဗ္ဗသိက္ခာကို ပယ်ရှားကာ ကျင့်စရာမလို သိလျှင်ပြီးရောဆိုသည့် အဓမ္မဝါဒဖြစ်ကြောင်း အောက်ပါအချက်များက သက်သေခံလျက် ရှိပါသည် ဘုရား။

ယင်း အချက်အလက်များမှာ—

(က) လောကဥ္စ အန္ဓပုထုဇဉ်က ကလျာဏပုထုဇဉ်ဖြစ်အောင် လုပ်ရသည်၊ ကလျာဏပုထုဇဉ်က သောတာပန်ဖြစ်အောင် လုပ်ရသည်၊ သောတာပန်က သကဒါဂါမ် ဖြစ်အောင် လုပ်ရသည်၊ သကဒါဂါမ်က

http://www.dhammadownload.com

အနာဂါမ်ဖြစ်အောင် လုပ်ရသည်၊ အနာဂါမ်က ရဟန္တာဖြစ်အောင် လုပ်ရသည်၊ ဒိဋိတ်က တိဟိတ်ဖြစ်အောင် လုပ်ရသည် စသည်ဖြင့် ပြောကြဟောကြကုန်၏၊ ယူလည်းယူကြကုန်၏၊ လွဲလေစ၊ မှားလေစ၊ မှောက်လေစ၊ ပညာမဲ့တို့၏ အသုံးအယူပင်တည်း—

ဟုဖြစ်ပါသည်။

(ဦးဝါသဝရေး ဝိပဿနာ အလင်းရောင်ကျမ်း၊ ပဋိဝေဓဒီပနီ စာမျက်နှာ ၁၁၃-မှ)

၂။ ဤသို့ကျွင့်စဉ် အနုပုဗ္ဗသိက္ခာကို ပယ်သတဲ့သို့ ကျင့်စဉ်ရာမလို သိလျှင်ပြီးရောဟု လွယ်လွယ်နှင့် သောတာပန်ဖြစ်ကြောင်းကို ရဲရဲကြီးအဆုံးအဖြတ်ပေးကာ "ကြောင်ပန်း သောတာပန်များ" ပေါ် ပေါက်စေခဲ့ကြောင်း အောက်ပါအချက်အလက်များက သက်သေခံပါသည်ဘုရား။

ယင်းအချက်အလက်များမှာ—

(ခ) တကဲ့ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဘယ်အနိစ္စ ဒုက္ခ ဘယ်အနတ္တဟု ရှုဖွယ်ရာမရှိ တကယ်ပြီးစီးပါ၏၊ လိုရင်းကား ပရမတ်ဆတ်ဆတ် ဓာတ်ကိုပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခမ်းတနား အခြားလုပ်ဖွယ်မရှိ အကုန်လုံးပြီးစီးပါ၏၊ ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသော သဘောကို ဘယ်လိုပင်မြင်မြင် ဘယ်ဟာ မမြဲဟုရှုလျှင် မဟုတ်သောနည်း မမှန်သောနည်း ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင် အဟုတ်မြင် အမှန်မြင် သောတာပန်ပင်ဟုသာ မှတ်ပါ။

(ကြောင်ပန်း ဝိပဿနာခြောက်စောင်တွဲ နှာ ၇၉-၈၀-မှ)

(ဂ) ဤကဲ့သို့ စာပေကို ကြည့်ရှုလည်းကောင်း သူတပါးဟောသော တရားကို ကြားရှုသော်လည်းကောင်း မိမိစိတ်၌ ခြိုက်ခနဲသိမြင်လျှင် သောတာပန်ဟုသာ မှတ်ပါ။

(ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲ စာမျက်နှာ ၈၉-မှ)

(ဃ) "အမြင်ရှင်း ထင်လင်းသောတာပန်"

ဤကဲ့သို့ ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ပေါက်အောင်ရှုမြင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပညာရှိတို့ သိမြင်ပုံတည်း။

http://www.dhammadownload.com

ဤကဲ့သို့ စာပေကို ကြည့်ရှုသော်လည်းကောင်း သူတပါး ဟောသောတရားကို ကြားရှုသော်လည်းကောင်း မိမိစိတ်၌တကယ် နှစ်ခြိုက်စွာ သိမြင်လျှင် သောတာပန်ဟုသာ မှတ်ပါ။
(ကြောင်ပန်း ဆရာတော်ကြီး၏ ဩဝါဒမိန့်ခွန်းတော် နှာ ၅၉-မှ ဣစ္ဆာသယ ပုံနှိပ်တိုက်၊ ၁၁၃/၂၄-လမ်း၊ ရန်ကုန်)

(ဂ) မသိလျှင်မပြီး၊ သိလျှင်ပြီး၏ဟု မုချမှတ်ကြလေကုန် တပည့်တို့ (ဝိပဿနာအလင်းရောင်ကျမ်း ပဋိဝေဓဒီပနီ စာမျက်နှာ ၁၃၃-မှ)—

စသည့် ရေးသားချက်များပင် ဖြစ်ပါသည်ဘုရား။

၃။ ဤအချက်အလက်များသည် ကျင့်စဉ်မလို သိလျှင်ပြီးရောဆိုပြီး လွယ်လွယ်နှင့် နေရင်းထိုင်ရင်း အလိုအလျောက် သောတာပန်ဘဝရောက်ကာ "ဗုဒ္ဓမြတ်စွာ၏ ဒေသနာအလိုကျ ကျင့်ရှု အားထုတ်ရမည့် "ဝိသုဒ္ဓိခုနစ်ပါး၊ ဝိပဿနာဉာဏ်များ" တို့ကို အပိုအလုပ်ဟု ထင်မြင်ယူဆစေလျက်" ဗုဒ္ဓဝါဒနည်းစနစ်မကျ အချောင်ရမ်းသည့် ကြောင်ပန်း သောတာပန်များ ပေါ်ပေါက်စေ၍ အနုပုဗ္ဗသိက္ခာကို ပယ်ရှားသည့် အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားသည့်ပြင် "အကျင့်ပဋိပတ်များကို ပျက်ပြားစေသည့်" အယူဆိုးများကို အားပေးသောကြောင့် "ကျင့်စဉ်မလို သိလျှင်ပြီးသည့်ဝါဒ" များ၏ မြစ်ဖျားခံ ပေါ်ပေါက်ရာ အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါသဖြင့် "ဓမ္မဝိနိစ္ဆယနှင့်အညီ စိစစ်ဆုံးဖြတ်ချက်ချပေးတော်မူပါရန် စောဒနာ အမှတ်(၆)အဖြစ် တင်သွင်းပါသည်ဘုရား။

စောဒနာ အမှတ် (၇)

နိဗ္ဗာန်နှင့် ပတ်သက်၍ (က) လဟာပြင် ကောင်းကင်ပညတ်၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (ကောင်းကင်ဘုံ နိဗ္ဗာန်) ဝါဒ၊ (ခ) စိတ်ဝိညာဏ်ကို နိဗ္ဗာန်ဟု ကောက်ယူသော (ဝိညာဏ်နိဗ္ဗာန်) ဝါဒ၊ (ဂ) ခန္ဓာကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (အတ္တဆိုကနိဗ္ဗာန်) ဝါဒသာဖြစ်၍ ဗုဒ္ဓဝါဒနိဗ္ဗာန်မဟုတ်၊ ကြောင်ပန်းတို့၏ တက္ကီအဓမ္မဝါဒ နိဗ္ဗာန်သာဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များ ဘုရား—

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် နိဗ္ဗာန်ကို အမျိုးမျိုး ယူဆရေးသားဟောပြောကြပါသည်၊ ယင်းတို့အနက် လဟာပြင် ကောင်းကင်ပညတ်၌ နိဗ္ဗာန်ရှိသည်ဟုယူဆသော (ကောင်းကင်ဘုံ နိဗ္ဗာန်) ဝါဒဖြစ်ကြောင်း အောက်ပါအချက်အလက်များက သက်သေခံပါသည် ဘုရား။

http://www.dhammadownload.com

ယင်း အချက်အလက်များမှာ—

(က) ဤသို့ ဝဲယာရွှေနောက်- ထက်အောက်ဖီလာ ဆယ်မျက်နှာ အဆုံး မရှိသော လဟာပြင်ကြီးအတိုင်းသာ သြကာသ လောက ဆိုသည်။ (ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲ၊ ဝိဝဋ္ဋ ဒီပနီကျမ်း စာမျက်နှာ ၃၂-မှ)

(ခ) ပရမတ္ထသဘာဝ အတိပါကဋ္ဌ အလွန်ပင် ကြီးကျယ်ထင်ရှားလှသော ရုပ်,နာမ် သခါရတို့၏ ဖြစ်,ပျက်ရာ အသန်တမဖြစ်သော လဟာပြင် လောကကြီးကိုသာ သြကာသလောကဆိုသည် မှတ်ပါ။

(ဂ) အသန်တ လဟာပြင်ကြီးမှာမှ သြကာသလောက သတ္တုကျသည် ဟူလို။ (ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီကျမ်း စာမျက်နှာ ၃၄-၃၅- မှ)

(ဃ) လိုရင်းက သြကာသလောကထဲမှာ ထာဝစဉ် ထာဝရ အနိစ္စခေတ် နည်းများ မရှိအပ်သော ပရမတ်တရား ထင်ရှားရှိ၏ဟု သိအပ်သည် မှာ "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ (ပြဟ္မနိမန္တန သုတ် ပါဠိတော်) (ခြောက်စောင်တွဲ၊ သုံးလောကဒီပနီ စာမျက်နှာ ၂၅၂-မှ)

(င) အသန်တဆိုတာ သစ္စာမှလွတ်သော တရားပင်တည်း၊ ထို့ကြောင့် အသန်တသဘောကို မြင်အောင်ရှုကြရမည်၊ မြင်အောင် လုပ်ကြရ မည်ဟု ငါဆရာတို့ မိန့်ဆိုတိုက်တွန်းသတည်း။ (ဦးဝါသဝ ရေး ဝိပဿနာ အလင်းရောင်ကျမ်း ပဋိဝေဓဒီပနီ စာမျက်နှာ ၁၃၁-မှ)

(စ) ရုပ်, နာမ်နှစ်ပါးဌ ဖြစ်ပျက်သဘောမျှ သခါရလောကကြီးကို အနှစ် အသား ရှာမရပဲ သက်သက်လဟာပြင် ကောင်းကင်ကြီးဟု ထင်မြင် လာ၏၊ ထိုသို့ ထင်မြင်လာသောအခါ ကိလေသာ သုံးချက်သည် တပြိုင်နက် ကင်းချုပ်လေ၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ဤကား အနတ္တ ထင်မြင်ပုံတည်း။ (ဦးဝါသဝရေး ပဋိဝေဓဒီပနီ၊ ဝိပဿနာ အလင်းရောင်ကျမ်း နှာ ၁၂၇-မှ)

၂။ ဤသို့ လဟာပြင် ကောင်းကင်ပညတ်ကြီးကို သြကာသလောက အဖြစ် ကြံဖန်တည်ဆောက်ပြကာ ထိုလဟာပြင်၌ နိဗ္ဗာန်ရှိကြောင်း ဆိုပြီးသော် လည်း ဝိညာဏ်ပုဒ်အရ သိမှတ်ကြံဖန် နာမ်ဓာတ်ဟုဆိုပြန်သဖြင့် နိဗ္ဗာန်၏အရမှာ

http://www.dhammadownload.com

ဝိညာဏ်ဖြစ်ပြန်သောကြောင့် "ဝိညာဏ်နိဗ္ဗာန်" ဝါဒဖြစ်ကြောင်း အောက်ပါ အချက်က ဖော်ပြသက်သေခံပါသည် ဘုရား။

(ဆ) ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ ဟူသော ပြဟ္မနိမန္တန သုတ် ပါဠိတော်အရကို ပြတော်မူသည်၊ အနက်လွယ်ပြီ။

ဤအရာမှာ **သတ္တပဂ္ဂလ** အတ္တဇီဝနှင့် မရောမဖက် အပြောခက် သက်သက်မျှသော သဘောတရားက ဤကားမြဲ၏ ဤကားမမြဲ အနဲနဲစသော သိမှတ်ကြံဖန် နာမ်ဓာတ်ဟူသော **အမူအရာ** ဤဟာ· ဗျာပါရ ကိရိယာထူးမျှ ပရမတ္ထသဘောကို ဝိညာဏံ ဟူသော ပုဒ်က ဟောသည်။

(ခြောက်စောင်တွဲ၊ သဘာဝဒီပနီ၊ စာမျက်နှာ ၁၆၇·မှ)

၃။ **နိဗ္ဗာန်**ကို ဤသို့ ဟောရုံမျှ **အား**မရသေးပဲ ဆက်လက်ကြံဖန် ဟောပြန်သည်မှာ ခန္ဓာကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည်ဟု "အဇ္ဈတ္တိကနိဗ္ဗာန်" ဝါဒဖြစ်ကြောင်း အောက်ပါ အချက်က သက်သေခံပါသည် ဘုရား။

(၉) အဲဒီနိဗ္ဗာန် နိရောဓသစ္စာကော ဘယ်မှာလဲ၊

(မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်မှာပါ ဘုရား)

ကြောင်ပန်း ဦးတိဏ္ဏ၏ ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း၊ ပထမတွဲ စာမျက်နှာ ၁၅၁-မှ၊ မာလာမြို့ငံပုန်ပိတိုက်၊ ကျောက်သွေးတန်း၊ မန္တလေးထုတ်)

၄။ ဖော်ပြပါ အချက်အလက်များကို ထောက်ရှု၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒပါ နိဗ္ဗာန်သဘောတရားသည် ထင်မြင်သလို ပရမ်းပတာ ယူဆလျက် ကောင်းကင်ကိုဗဟိုပြုကာ ကောင်းကင်မြင်လျှင် နိဗ္ဗာန်မြင်၊ ကောင်းကင်မြင်လျှင် ကိလေသာငြိမ်း၊ ကောင်းကင်ထဲမှာ ဝိညာဏ်ကိန်း၊ ငြိမ်းရာနိဗ္ဗာန် ကိုယ်သန္တာန် အမှန်ရှိသည်ဟု ရေးသား ပြောကာ ဘုရားရှင် ဟောဖော်မိန့်ကြားတော်မူသည့် ဝါဒမဟုတ်၊ ကြောင်ပန်းတို့ ကြံဖန်ယူဆသည့် တက္ကိအဓမ္မဝါဒ နိဗ္ဗာန်သာဖြစ်ကြောင်း ထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့်အညီ စိစစ်ဆုံးဖြတ်ချက် ချပေးတော်မူပါရန် စောဒနာအမှတ် (၇) အဖြစ် တင်သွင်းပါသည် ဘုရား။

http://www.dhammadownload.com

စောဒနာ အမှတ် (၈)

နိဗ္ဗာန်သို့ ရောက်သော်လည်း ခန္ဓာငါးပါး မပျက်မစီး အတိုင်းတိုင်းရှိသည်ဟု ယူဆပြီး ကောင်းကင်ကို သတ္တဝါခေါ်ကြောင်း ဟောပြောခရားသားသည့်— "သဿတဒိဋ္ဌိ" အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ် (၃) နိဂုံးတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား –

၁။ ကြောင်ပန်းတောရဝါဒီတို့သည် ဘုရားရှင်၏ တရားတော်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သည့် (ဥဇုဝိပစ္စနိက) သာသနာတော်ကို ဖီလာတိုက်သော အဓမ္မဝါဒ ဖြစ်ကြောင်းကို အောက်ပါ အချက်အလက်များက သက်သေ ခံပါသည် ဘုရား။

(က) နိဗ္ဗာန်ကို ရသည် မရသည်အတွက်နှင့် ခန္ဓာငါးပါး သဘာဝတရား က လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်း မရှိ၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိလေသည်။

(သုံးစောင်တွဲ စတုသစ္စာဒီပကာသနီကျမ်း စာမျက်နှာ-၇၃ မှ)

၂။ ဤသို့ ဒုတိယ ကြောင်ပန်းဆရာတော်က မရေမရာ ရေးခဲ့သည်ကို တတိယဆရာတော်က ဆက်လက်၍ ဘုရားရှင်၏ နိဗ္ဗာန်ရောက်သောအခါ ဘဝ ပြတ်သည်ဟု ဟောပြောခြင်းကို ဥစ္ဆေဒဒိဋ္ဌိအဖြစ် စွပ်စွဲကာ တိကျပြတ်သားစွာ ဤကဲ့သို့ ရေးသား သက်သေခံခဲ့ပါသည်ဘုရား။

(ခ) နိဗ္ဗာန်သို့ ရောက်သောကာလ သတ္တဝါပြတ်၏၊ နောက်တဖန် ပြန်၍ သတ္တဝါမဖြစ်ပြီဟု သိမြင်ယူမှားမှသည် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်း။ (ကြောင်ပန်း တတိယဆရာတော်ရေး ဗုဒ္ဓဘာသာဒီပနီကျမ်း စာမျက်နှာ ၁၈ မှ ကြောင်ပန်းဩဝါဒ ဖြန့်ချိရေးဌာန၊ တက်နေလင်းပုံနှိပ်တိုက်၊ ပဲကုန်း မန္တလေးထုတ်)

၃။ ဆက်လက်၍ သခ်ါရတို့သည် အစအဆုံးမရှိ၊ ဧကဝရတည်ကြောင်းဖြင့် "သဿတဒိဋ္ဌိ" ချောက်တွင်းသို့ အရောက်ဆင်းသက်သွားပုံကို အောက်ပါ အချက်က သက်သေခံပါသည်ဘုရား။

(ဂ) သတ္တောကာသ သခ်ါရအားဖြင့် လောကသုံးပါးတို့တွင် သဝိညာဏက အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒ် ဌိ ဘင် ဖြစ်မျက်စဉ် သခ်ါရတို့သည် ပရမတ္ထသဘာဝ ဟူသောအကြောင်း

http://www.dhammadownload.com

ကြောင့် အဆုံးလည်း မရ အစလည်း မရှိ၊ နိယာမအားဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော သဘောရှိကုန်၏။
(ခြောက်စောင်တွဲ သဘာဝဒီပနီ နှာ-၁၅၁)

၄။ ဆက်လက်ပြီး ကောင်းကင်ကို "သတ္တဝါ" ကောင်းကင်ကို "ငါ" ကောင်းကင်ကို "ကိုယ်" ခေါ်ဆိုကြောင်း ယောင်နနလုပ်ပုံကို အောက်ပါအချက်က သက်သေခံပါသည် ဘုရား။

(ဃ) ဘယ်ဟာတစ်မျှ မရှိ မမြင်သော ကောင်းကင်ကိုသာ သတ္တဝါ ခေါ်သည် ငါ ခေါ်သည် ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်၊ ဤ အင်္ဂကထာပြု အလိုတော်က—
"ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ"
ဟူသော ပြဟ္မနိမန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည်။
(ခြောက်စောင်တွဲ သဘာဝဒီပနီကျမ်း၊ နှာ-၁၆၇)

၅။ ဖော်ပြပါ အချက်အလက်များကို ထောက်၍ ကြောင်ပန်းတောရဝါဒသည် နိဗ္ဗာန်ရောက်လျှင် "ဘဝပြတ်၏"ဟု ဘုရားရှင် ဟောကြားတော်မူချက်ကို ဖြောင့်ဖြောင့် ဆန့်ကျင်ဖီလာလုပ်ကာ ခန္ဓာငါးပါးအတိုင်းရှိပြီး ကောင်းကင်ပညတ်ကို သတ္တဝါပညတ်နှင့် အတူတူ ယူဆလျက် "ဘယ်တော့မှ မပျက်မစီး အတိုင်းတိုင်းတည်သော ခန္ဓာကိုယ်ကြီး"ဟု "သဿတဒိဋ္ဌိ"အတွင်း သက်ဝင်သည့် ဥဇုဝိပစ္စနိက အဓမ္မဝါဒသာဖြစ်ကြောင်း ထင်ရှားပါသဖြင့် ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချပေးတော်မူပါရန် စောဒနာ အမှတ် (၈) အဖြစ် တင်သွင်းပါသည် ဘုရား။

စောဒနာ အမှတ်(၉)

ဘုရားရှင်၌"ဝိညာဏ်လိမ်"ရှိသည်ဟုလည်းကောင်း ပုဗ္ဗေနိဝါသညာဏ်တော်ကို သညာဟုလည်းကောင်း ဆိုသဖြင့် ဘုရားရှင်၏ "ဗောဓိညာဏ်တော်ကို စွပ်စွဲသော(အဗ္ဘာစိက္ခန)အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ်(၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်များဘုရား–

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် "သမ္မညုတညာဏ်တော်, ဗောဓိညာဏ်တော်"တို့၌ ကိလေသာကုန်စင်အောင် မပယ်နိုင်သေးပဲ လောက၏ပြောရိုးဆိုစဉ် အသုံးအနှုန်းဟူသော လောကသမညာ သုံးနှုန်းခြင်းကိုပင် စိတ်ပေါ်

http://www.dhammadownload.com

လာလျှင် ခေါ် ချင်သောကြောင့် ခေါ် ဆိုရသည့် "ဝိညာဏ်" ၏အလိမ်ခံရကြောင်း ကို စွပ်စွဲထားခြင်းနှင့်ပတ်သက်၍ အောက်ပါအချက်အလက်က သက်သေခံလျက် ရှိပါသည်ဘုရား။

(က) ဝိညာဏ်လိမ်တော့ လိမ်ချင်လိမ်ပစေ၊ ဘုရားတောင်မှ လိမ်သေးတာပဲ၊အဆင်းခေတ်သား ပရမတ်တရားကို မြတ်စွာဘုရားရဲ့မျက်လုံးတော်က သေသေချာချာမြင်ရပါလျက် "ရူဟုလာ" လို့စိတ်ပေါ်လာတဲ့အတွက် "ချစ်သားရာဟုလာ" လို့ နှုတ်တော်ကခေါ် ရတယ် မဟုတ်လား။

(မှန်ပါ–ဝိညာဏ်လိမ်လက်တွင်းက မကင်းသေးလို့ နှုတ်တော်က ခေါ် ရပါဘုရား)

(အရှင်ကောဝိဒ၏နှာမ်လောက ဝိပဿနာအလင်းရောင်ကျမ်း စာမျက်နှာ ၃၆-၃၇ မှ)

၂။ ဤသို့ ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိသည်ဟု စွပ်စွဲရုံမျှမဟုတ်၊ ထပ်မံ၍ သညာ,ပညာကိုလည်း မကွဲပြား၊ ဉာဏ်တော်ကို သညာ-ဟု ကောက်ကာ ခန္ဓာငါးပါးဖွဲ့ရာမှာ ထင်သလို ဖွဲ့လိုက်ပုံကို အောက်ပါအချက်က သက်သေခံပါသည် ဘုရား။

(ခ) သညာကွန္ဓာဆိုသည်ကား– ကုသိုလ်,အကုသိုလ်နှစ်ပါး၌ပင် ကြားမြင်ကြုံသိသမျှအစစ၌ ကျမ်းကျင်မှတ်မိ တတ်သိလိမ္မာခြင်းကို သညာဆိုသည်၊ အယုတ်အားဖြင့် အကုသိုလ်အရာမှာ မုဆိုးတံငါတို့၏ အလိမ္မာ, ကျား၏အသို့, ကြောင်၏အသို အစရှိသည်တို့၏ အလိမ္မာတို့ကို သညာဆိုသည်၊ သတိထား၊ အလတ်အားဖြင့် ကုသိုလ်အရာမှာ စာပေကျမ်းဂန် စသည်တို့ကို ဆောင်အံမှတ်မိ တတ်သိလိမ္မာသည်ကို သညာဆိုသည်၊ အမြတ်အားဖြင့် ဘုရား,ရဟန္တာတို့တွင် ပကတိသာဝက ရဟန္တာတို့၏သညာတော်မှာ ကမ္ဘာ ရာထောင်ကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊ မဟာသာဝကတို့၏သညာတော်မှာ ကမ္ဘာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊အဂ္ဂသာဝကတို့၏သညာတော်မှာ တသောင်းနှင့် ကမ္ဘာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊ ပစ္စေကဗုဒ္ဓါတို့၏သညာတော်မှာ နှစ်သောင်းနှင့်ကမ္ဘာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊ သမ္မာသမ္ဗုဒ္ဓဘုရားတို့၏သညာတော်မှာ လေးသောင်းနှင့်ကမ္ဘာတသိန်း၊ ရှစ်သောင်းနှင့်တဆဲခြောက်သောင်း သောင်းနှစ်ဆယ် ကမ္ဘာတသိန်း စသည်ဖြင့် မှတ်မိ သိမြင်တော် မူသမျှကို သညာဆိုသည်၊ သတိမူပါ။

(ခြောက်စောင်တဲ့ သုံးလေးကဒီပနီကျမ်း—၂၀၃၊ ၂၀၄)

http://www.dhammadownload.com

၃။ ဖော်ပြပါ အချက်များသည် ဘုရားရှင်၏ စိတ္တဝိပလ္လာသ မကင်းသေးရှိသော ဝိညာဏ်လိမ်ခံရကာ "ချစ်သား—ရာဟုလာ" ဟု ခေါ်ရကြောင်းနှင့် မိမိ၏ သညာ,ပညာ မကွဲပြားသည်ကို ဘုရားရှင်အပေါ် ပစ်ပုံလျက် ပုဗ္ဗေနိဝါသညာဏ်တော်ကြီးကိုပင် အမှတ်သညာ ကောင်းခြင်းသာ ဖြစ်သည်ဟု ဟောပြော ရေးသားပါသဖြင့် ဘုရားရှင်၏ ဗောဓိညာဏ်တော်ကို ကိလေသာကုန်အောင် မသတ်နိုင်ဟု စွပ်စွဲသော (အဗ္ဘာစိက္ခန) အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါသောကြောင့် စီစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် စောဒနာ အမှတ် (၉)အဖြစ် တင်သွင်းပါသည်ဘုရား။

စောဒနာ အမှတ်(၁၀)

ကြောင်ပန်းတောရဝါဒသည် စာပေပရိယတ် မတတ်ကျမ်းသူမျှားအား လှည့်စားသည့်(မာယာသာဌေယျ)အဓမ္မဝါဒဖြစ်ကြောင်း စောဒနာပါဘုရား။

အမှတ်(၃) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား–

၄။ ကြောင်ပန်းတောရဝါဒီတို့သည် ဗုဒ္ဓဝစန ပိဋကတ်စာပေ မတတ်ကျမ်းကြသော ရဟန်းရှင်လူတို့ကို လိုရာပါဋ္ဌိတို့ကို ထင်သလိုကိုးကားကာ သူတို့လိုရာဆွဲ၍ အမျိုးမျိုးလှည့်စားခဲ့ကြကြောင်း အောက်ပါအချက်များက သက်သေခံလျက်ရှိပါသည်ဘုရား။

(က) နိဗ္ဗာနံ ပတ္ထေတ္ဝာ ဟူသော အဋ္ဌကထာ၏သဘောကား နိဗ္ဗာန်ကို ရပါလို၏ဘုရားဟု ပါးစပ်စကားဖြင့်ဆိုသည်မဟုတ်၊ ပရမတ်နှင့် ဓာတ်အစစ်ကိုသိမှ ရှိသမျှရုပ်နာမ်စုကို တခုစီခွဲခြမ်း၍စဲလမ်းသော ဒိဋ္ဌဓာတ်ကို ပရမတ်ဉာဏ်ဖြင့်ရှာသော် ဗြဟ္မာနတ်လူမပိုင် မဆိုဆိုင် အလေ့ပေါက် သူအလျောက်ဖြစ်မစဲ မမြဲသည့်ဓာတ်အစုကို အတတ် ရှုမြင်လာသော် ငါ၏ကိုယ်မဆိုထားဘိ ငါတကားစွဲဖို့ရန်မျှ ရှာကြံ၍ ဘယ်မတွေ့သိမ်မွေသောဝိပဿနာဝတရား သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်မှသာ နိဗ္ဗာန်ကို တောင်းရာကျသည်။

(ခြောက်ဓောင်တွဲ ဝိဝဋ္ဋဒီပနီကျမ်း နှာ-၂၈၊ မူ)

၅။ ကြောင်ပန်းဝါဒသည် ဤသို့ နိဗ္ဗာန်ဆုတောင်းခြင်းကို မှားသယောင် ရေးသားရုံမျှဖြင့် မကျေနပ်နိုင်သေးပဲ မဂ်သံဖို့လ်သံပေး၍ "ကာမရူပကံများကို ပုတ်ခတ်ပစ်ပယ်လိုက်ပုံ" ကို အောက်ပါအချက်က သက်သေခံလျက် ရှိပါသည်ဘုရား။

http://www.dhammadownload.com

(၁) အကုသိုလ်ဆယ်ပါး ပုညကိရိယာဆယ်ပါး မဟဂ္ဂုတ်ကုသိုလ်ကိုးပါး ဤနှစ်ဆဲ့ကိုးပါးသော သာသနာပတရားတို့သည် စကြဝဠာအနန္တ ကမ္ဘာအနန္တ သတ္တဝါတည်ထောင်စကပင် လောကတံတွာ ဓမ္မတာတရား သတ္တဝါ ဖြစ်ပွားသောတရားဖြစ်၍ ဘုရား၏ရန်သူအစစ်ကောန် ဖြစ်၏၊ အကုသလကမ္မ ပထတရားဆယ်ပါးကိုပြုမှုဖီလျှင် အပါယ်လေးဘုံ၌ ကောန်စင်စစ်ဖြစ်မည်ဟူ၍မှတ်၊ ထိုအကုသလ ကမ္မပထတရား ဆယ်ပါးကိုပြုမှားခြင်းကြောင့် နိဗ္ဗာန်သို့လည်းမသွား၊ အခြားသောဘုံတို့၌လည်းမဖြစ်၊ အပါယ်ဧလေးဘုံ၌သာဖြစ်သည်၊ ထို့အတူ ကုသလကမ္မပထတရား ပုညကိရိယာဆယ်ပါးကိုပြုမှားမီလျှင် လူ့ဘုံ နတ်ဘုံမှာသာဖြစ်သည်၊ ထိုပုညကိရိယာ ဆယ်ပါးကိုပြုမှားခြင်းကြောင့် နိဗ္ဗာန်သို့လည်းမသွား အပါယ်လေးပါး၌လည်းမကျ ငြဟ္မာ့ဘုံသို့လည်းမဆိုက် လူ့ဘုံနတ်ဘုံ၌သာဖြစ်သည်၊ ထို့အတူ မဟဂ္ဂုတ်ကုသိုလ်ကိုးပါးကို ပြုမှားခြင်းကြောင့် ငြဟ္မာ့ဘုံနှစ်ဆယ်၌သာဖြစ်သည်၊ ထိုမဟဂ္ဂုတ်ကံကြောင့် နိဗ္ဗာန်သို့လည်းမသွား၊ အခြားသောဘုံတို့၌လည်းမဖြစ်၊ စင်းစစ်အားဖြင့် ဥပမာပုံ–သူမောင်းဆုံနှင့်သူမောင်း ကျောက်အလားကဲ့သို့ သူဘုံနှင့်သူကံတရား လောကတံတွာဓမ္မတာအားဖြင့် ဖြစ်ပွား၍သာနေသည်၊ ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံ နှစ်ဆဲ့ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆဲ့တစ်က လွတ်ကြမည်၊ ထိုဘုံသုံးဆဲ့တစ်၌ မဖြစ်သည်ကို နိဗ္ဗာန်ဆိုသည်။

(ကြောင်ပန်း ခြောက်စောင်တွဲ စာမျက်နှာ-၈၊ ၉)

၃။ ဆက်လက်၍ ကြောင်ပန်းဝါဒီတို့သည် မဂ်ဉာဏ်ရပြီးလုပ်သောကုသိုလ်မှ ပါရမီကုသိုလ်ဆိုတာ လှည့်စားပုံကို အောက်ပါအချက်က သက်သေခံပါသည်။

(၈) ထို့ကြောင့် ကာမ ရူပ အရူပဟူသော ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ဗျောက်ကင်းမှု ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွာမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကိုဖြစ်စေလျက် တဏှာမဖက် ဝဋ်မှထွက်လိုသော ဆန္ဒ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုနှင့် ပြူသမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်ဟူလို။

(ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီ နှာ-၁၃-၁၄)

http://www.dhammadownload.com

၄။ ကြောင်ပန်းဝါဒသည် ဤသို့ကာမဂုဏကံကိုပုတ်ခတ်ပယ်ရှားရာ၌ သာမန်မျှ မဟုတ်၊ကံသခ်ါရကို အပေါင်းသရုပ် အရေအတွက်မျှသာ မှန်ကန်၍ အစိတ်သရုပ်ကို လိုသလိုဆွဲပြီးလှည့်စားပုံကို အောက်ပါအချက်က သက်သေခံပါသည်။

(ဃ) ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတဆယ် ပုညကိရိယာဝတ္ထုဆယ်ပါးကြောင့်ဖြစ်သော ကုသိုလ်ကံတဆယ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဖြစ်သော ရူပါဝစရ ကုသိုလ်ကံငါးခု အရူပါဝစရ ကုသိုလ်ကံလေးခု အားဖြင့် ကံပေါင်းနှစ်ဆဲ့ကိုးခု။

(ခြောက်စောင်တွဲ၊ သုံးလောကဒီပနီကျမ်း နှာ-၂၂၃ မှ)

၅။ ဤသို့ ပုဒ္ဓဝစနမမှဒေသနာကို အယူအကောက် လွဲချော်မှုဖြင့် မကျေနပ်သေးသဖြင့် ပရမတ်ယောင်ယောင် ပညတ်ယောင်ယောင်နှင့် သမ္မုတိနယ်ပရမတ်နယ်မကွဲမပြားပဲ ပရမတ်ရှပ်နာမ်သာ ငရဲသို့သွားသည်ဟု လှည့်စားပုံကို အောက်ပါအချက်က သက်သေခံပါသည်ဘုရား။

(c) ပါဏာတိပါတ အစရှိသော ဒုစရိုက်ပြုသူခပဲမှာ ငရဲသို့ကျရောက်သည်ဟူသော ဒေသနာတော်ကို ယုံပါ၏လောမေးသောအခါ မိရိုးဖလာ ဆရာအစဉ်လူတိုင်းပင် ယုံပါ၏ဆိုရုံတွင် အနိစ္စဓာတ် ပရမတ်ပြင် ပုဂ္ဂိုလ်သတ္တဝါ ဘယ်ဟာတစိမရှိသည်ကိုပင် သိမြင်မှသာ ထိုဒေသနာတော်ကို ယုံရာကျမည်၊ အဘယ့်ကြောင့်နည်း၊ ပုဂ္ဂိုလ်,သတ္တဝါမှာ အနှစ်အထည်နှင့်တကယ်ရှိက ထိုအဝီစီ စသော ငရဲရွှစ်သွယ်ကို အကယ်ရောက်အောင် ဘယ်အပေါက်,ဘယ်တွင်းက ဆင်းကြမည်နည်းမေး၊ ထိုအခါ အနှစ်ခြုပ်နိမိတ်မကပ်သော အနိစ္စဓာတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏၊ ဆိုဖို့သာရှိသည်၊ ထို့တူပမာ လူ နတ်ပြဟ္မာ ခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းမို့၍ သာ သိရာ၏။

(ဝိပဿနာခြောက်စောင်တွဲ၊ သုံးလောကဒီပနီ နှာ-၂၃၅)

၆။ ဆက်လက်၍ ကြောင်ပန်းတို့ အမြင်မကွဲပဲ ကုသိုလ်ကံ အကုသိုလ်ကံကို ပယ်ရှားလိုရ်၍ "ဝိညာဏ်မြင်ဖြင့်" ခြိမ်းခြောက်လှည့်စားပုံကို အောက်ပါအချက်က သက်သေခံလျက်ရှိပါသည်။

(စ) အများသူငါ မိစ္ဆာယူလွဲ ငရဲကြီးလှ ကုသိုလ်ရဟု ပြုကြရှောင်ကြဉ် ဝိညာဏ်မြင်တည့် မှားပင်မှားဘိ မှားခေါင်ထိ၏။
(ခြောက်စောင်တွဲ ဝိပဿနာဒီပနီကျမ်း နှာ-၉၅ မှ)

http://www.dhammadownload.com

၇။ ထို့ပြင် လောက(၃)ပါးကို ကျမ်းဂန်မရှိ တက္ကိဝါဒဖြင့် ကြံမိကြံရာ ကောက်ပြုပုံကို အောက်ပါအချက်က သက်သေခံပါသည်။

(ဆ) ဤသို့ဝဲယာရွေ့နောက် ထက်အောက်ဖီလာ ဆယ်မျက်နှာအားဖြင့် ဆုံးစဝိုင်းခြား ကမ်းကရနားမရှိ လဟာပြင်ကြီး အတိသာဖြစ်သော သြကာသလောကကြီး၏နယ်တခွင် တပြင်လုံးအဆုံးမရှိထဲမှာ သစ်ပင်, မြေ, ရေ,နေ,လ စသော အနိန္ဒြိယဗဒ္ဓ အဝိညာဏက ရှိသမျှကိုပင် သခ်ါရလောကဆိုသည်၊ ဤန္ဒြိယဗဒ္ဓ သဝိညာဏကရှိသမျှကိုလည်း သတ္တလောကဆိုသည်။

(ခြောက်စောင်တွဲ စာမျက်နှာ-၃၂ မှ)

အမှတ် ၃-နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား–

၈။ ဖော်ပြပါအချက်အလက်များသည် အနည်းငယ်မျှသာရှိပါသေးသည်ဘုရား၊ ဝိနည်းဓိုရ်ဆရာတော်များကိုယ်တိုင် ကြောင်ပန်းခြောက်စောင်တွဲ, သုံးစောင်တွဲ စသည့်စာအုပ်များကို ဖတ်ရှုလေ့လာကြည့်သောအခါ "အဘိ-ဓေယျတ္ထ" ကောက်မရအောင် ဗလန္ဒံ ထင်မိထင်ရာ ရေးမိရေးရာ ရေးထားကြောင်းကိုယ်တော်တိုင် တွေ့ကြရပါလိမ့်မည်ဘုရား၊ ထို့ကြောင့် အချက်အလက်ရှာဖွေတင်ပြခြင်းကို ရပ်နားသင့်ပြီဖြစ်ပါ၍ ဖော်ပြခဲ့သောအချက်အလက်များကို ထောက်ရှုကာ ကြောင်ပန်းတောရဝိပဿနာဝါဒသည် ပရိယတ်စာပေ မတတ်ကျမ်းသူ "သဒ္ဓါဗလ၀"ဖြစ်ကြသည့် ဗုဒ္ဓဘာသာဝင်တို့အား ဘုရားမဟောသည်ကို ဟောသယောင်ဖြင့် "ဝိပဿနာသံ မဂ်သံဖိုလ်သံပေး၍" လှည့်စားသည့် (မာယာ သာဌေယျ)အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါဆဖြင့် ဓမ္မဝိနယနှင့်အညီ စိစစ်ဆုံးဖြတ်ချက်ချပေးတော်မူပါရန် စောဒနာအမှတ်(၁၀)အဖြစ် တင်သွင်းပါဆည်ဘုရား။

သက်သေခံ ပစ္စည်းစာရင်း

အမှတ် – ၃-နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်များဘုရား—

ယခု တပည့်တော်များ တင်သွင်းလျှောက်ကြားခဲ့သော အချက်အလက်များကို ကြည့်ရှု စိစစ်သုံးသပ်တော်မူကာ ကြောင်ပန်းတောရ ဝါဒီတို့၏—

(က) ကံအကြောင်းနှင့် လောကအကြောင်းဆိုင်ရာ အကေဒက်အယူများ၊

(ခ) သရဏဂုံတည်ခြင်းနှင့် ဗုဒ္ဓဘာသာ ဖြစ်, မဖြစ် အယူအဆများ၊

http://www.dhammadownload.com

ဤ(ဂ) ဝိပဿနာနှင့် နိဗ္ဗာန်ဆိုင်ရာ အယူအဆများ၊

(ဃ) ပဋိတ်, ပရမတ်ဆိုင်ရာ အယူအဆများ–

နှင့်ပတ်သက်၍ ဟောပြောရေးသားချက်များသည့် သံဂါယနာ (၆)တန်ဝင် ဗုဒ္ဓဝစနပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်သည့် အဓမ္မဝါဒသာ ဖြစ်သည်ဟု တပည့်တော်များ ယုံကြည်ကြပါသဖြင့် ထေရဝါဒ ပိဋကတ်တော်လာ ဒေသနာတော်နှင့် ညီညွတ်, မညီညွတ် ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ပေးတော်မူပါရန်အတွက် ကြောင်ပန်းတောရဝါဒီတို့၏ ရေးသားထားသည့် စာအုပ်(၁၆) အုပ်ကို သက်သေခံအဖြစ် ဤစောဒနာလွှာနှင့်အတူ တင်ပြပါသည်ဘုရား။

သက်သေခံစာအုပ်များ

၁။ ကြောင်ပန်းဆရာတော်ရေး ဝိပဿနာခြောက်စောင်တွဲ၊
၂။ ဒုတိယကြောင်ပန်းတောရဆရာတော်ရေး ကြောင်ပန်းသုံးစောင်တွဲ၊
၃။ တတိယဆရာတော်ရေး ဗုဒ္ဓဘာသာဒီပနီကျမ်း၊
၄။ ဦးဝီရိယရေး စတုသစ္စဒီပနီကျမ်းနှင့် သစ္စတ္ထဒီပနီကျမ်း၊
၅။ ဦးနန္ဒိယရေး ဥပဝါဒဝိသောဓနီကျမ်း၊
၆။ ကြောင်ပန်းဆရာတော်၏ ဩဝါဒမိန့်ခွန်းတော်၊
၇။ ဦးပဏ္ဍဝရေး ကြောင်ပန်းတံခွန်ခေါ် တုံးနာမ် တိုင်နာမ်ဋီကာ၊
၈။ ဦးတိဏ္ဏရေး ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း (ပ၊ ဒု၊ တ) ၃-တွဲ၊
၉။ ။ ဝိဝဋ္ဋဒါနဒီပနီကျမ်း၊
၁၀။ ဦးပဏ္ဍဝရေး သဘာဝတံခွန်ကျမ်း၊
၁၁။ ဦးကောဝိဒ-ဦးဝါသဝရေး ဝိပဿနာ အလင်းရောင်ကျမ်း၊
၁၂။ အရှင်ကောသလ္လရေး ဝိပဿနာအလုပ်စခန်း ကြောင်ပန်းလမ်းစဉ်၊
၁၃။ ဦးဘိုရေး ခြောက်စောင်တွဲကောက်နုတ်ချက်
သစ္စာသုံးလီလင်းရောင်ခြည်၊
၁၄။ အရှင်ကောဝိဒရေး ဝိပဿနာသင်တန်း ကန်တော့ပန်း။

ဝိနိစ္ဆယစာအုပ်များ

(က) ဘုတလင်မြို့နယ် ယထာဘူတ ဝိနိစ္ဆယ၊
(ခ) ဝက်လက်မြို့နယ် မလသုသောဓနီ၊
(ဂ) ရေစကြိုမြို့ အဓမ္မဝါဒနိဂ္ဂဟကျမ်း။

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့
အမှတ် (၃)

သီးခြားဝိနည်းဓိုရ် ဆရာတော်ဘုရားများထံ တင်သွင်းလျှောက်ကြားသော ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယအတွက် ဝိတ္ထာရစောဒနာ တင်သွင်းလျှာပါ ဘုရား—

ဝဒ၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၅) ရက်။
၁၉၈၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်။

ရှိသေလေးမြတ်စွာ လျှောက်ကြားပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

ယခုအခါ တပည့်တော်များသည် "ကြောင်ပန်းတောရဝါဒ" အပေါ် သခေါ်ပအားဖြင့် စောဒနာထားသော အချက်များအား စောဒနာလျှာပါ အတိုင်း လိုအပ်သလို သဘောတူရာ ပူးပေါင်း၍ တင်သွင်းပါမည်ဘုရား။

သဘောတူရာဆိုသည်တွင် သခေါ်ပစောဒနာပါ စောဒနာချက် ခေါင်းစဉ်ကြီးအလိုက် စုပေါင်း၍ "ကြောင်ပန်းဝါဒ" စာအုပ်များမှ ကောက်နုတ်ပြီး ပါဠိတော် အင်္ဂကထာ ဋီကာတို့နှင့်မညီပုံကို ရှင်းလင်းချက်များနှင့်အတူ တင်သွင်းမည်ဖြစ်ပါသဖြင့် ဤစောဒနာလျှာကို "ရှင်းလင်းချက်=ဝိတ္ထာရစောဒနာ" ဟု မှတ်တော်မူကြပါဘုရား။

ပြီးခဲ့သည့် ရုံးဖွင့်စဖြစ်သော ၁၉၈၂-ခု၊ ဖေဖော်ဝါရီလ (၉) ရက်နေ့က ဆရာတော်များထံ တင်သွင်းလျှောက်ကြားခဲ့ပြီးသော သခေါ်ပစောဒနာပါ အချက်အလက် ခေါင်းစဉ်အလိုက် ယခုအခါ အာဂမယုတ္တိ သဘာဝယုတ္တိတို့ဖြင့် ရှင်းလင်းတင်ပြ လျှောက်ထားသွားပါမည်ဘုရား။

ဝိတ္ထာရစောဒနာအမှတ်- ၁

ကြောင်ပန်းတောရ ဝါဒသည် တုံးတိုင်စသည့် "ဝေါဟာရသမ္မုတိပညတ်နှင့် ရုပ်အချို့" ကို နာမ်ဟုဟောပြောရေးသားသော တုံးနာမ်, တိုင်နာမ် ဝါဒ ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ဝိတ္ထာရစောဒနာပါ ဘုရား။

ရှိသေလေးမြတ်စွာ လျှောက်ကြားပါသည် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်များ ဘုရား—

၁။ ကြောင်ပန်းတောရဝါဒ ဝိပဿနာ စာအုပ်များပါ ထေရဝါဒ ပါဠိတော် အင်္ဂကထာနှင့်မညီ မှားယွင်းသည့် အချက်အလက်များအနက်မှ အမှတ် (၁)

http://www.dhammadownload.com

စောဒနာဖြစ်သော တုံးတိုင်စသည့် ဝေါဟာရသမ္မုတိပညတ်နှင့် ရုပ်အခွျိုကို နာမ်ဟုရေးသားဟောပြောသော "ပညတ်+ပရမတ်ရောနှော" သည့် တုံးနာမ် တိုင်နာမ် ဝါဒဖြစ်ကြောင်းနှင့် စပ်လျဉ်းသော အချက်အလက်များကို သခေါ်ပ စောဒနာလွှာတွင် ဖော်ပြခဲ့ပြီးပါပြီ ဘုရား။

ထိုအချက်အလက်များကို အနှစ်ချုပ် ထုတ်ပြရပါလျှင်—

(က) တုံး+ တိုင်+ ဖျာ+ အိမ်+ ကျောင်း စသည်တို့သည် နာမ်-စိတ်-ဝိညာဏက္ခန္ဓာ။

(ခ) နေ+ကြက်+ရေနံဆီ+ ထန်းလျက်+ဦးခေါင်း+ အရွှေ အနောက်၊ တောင် မြောက်၊ အောက်အထက်၊ အနိမ့်အမြင့်၊ အဝေး အနီး၊ အသေး အကြီး၊ နာမ်-စိတ်-ဝိညာဏက္ခန္ဓာ စသည်တို့ဖြင့် အာရုံဖြစ်သော လောကဝေါဟာရ သမ္မုတိပညတ်များကို အာရမ္မဏိက ဖြစ်သော နာမ်စိတ်-ဝိညာဏက္ခန္ဓာဟု ရေးသားဟောပြောခြင်း။

(ဂ) အကြောင်အကျားဟူသော ရုပ်ကို နာမ်ဟု ရေးသားဟောပြောခြင်းတို့ ဖြစ်ပါသည်။

ယင်းသို့ ရေးသားဟောပြောချက်များကို သခေါ်ပစောဒနာလွှာတွင် စုံလင်စွာ တင်ပြခဲ့ပြီးဖြစ်၍ ယင်း တင်ပြချက်များအရ ကြောင်ပန်း ဝါဒီတို့သည် ဝိပဿနာဝါဒ အမည်ခံထားသဖြင့် ခန္ဓာငါးပါး သစ္စာလေးပါးကို လှိုင်လှိုင်ကြီး ဖွဲ့ဆိုပြပါသည်၊ သို့သော် မြတ်စွာဘုရား၏ ဒေသနာကွမ္မ ဒေသနာစဉ်လာ (အာဘိဓမ္မာထုံးစံ)မှ လွတ်၍ ကြောင်ပန်းနည်း ကြောင်ပန်းဟန်ဖြင့် ကြောင်ပန်း ပုံစံထွင်ကာ ဖွဲ့ဆိုထားကြောင်း ထင်ရှားပါသည် ဘုရား။

၂။ ကြောင်ပန်းဝါဒ (စာအုပ်ပါ)ခန္ဓာငါးပါးဖွဲ့ရာတွင် (စက္ခုဒွါရ)အတွက် "နေရောင်" ကို ဖွဲ့ဆိုထုတ်၍—

နေက– ဝိညာဏက္ခန္ဓာ
သောတဒွါရအတွက် ကြက်သံ– ကြက် ဝိညာဏက္ခန္ဓာ
ဃာနဒွါရအတွက် ရေနံဆီနံ့– ရေနံဆီက ဝိညာဏက္ခန္ဓာ
ဇိဝှါဒွါရအတွက် ထန်းလျက်ချိုကယ်—ထန်းလျက်က ဝိညာဏက္ခန္ဓာ
ကာယဒွါရအတွက် ဦးခေါင်းမာတယ်— ဦးခေါင်းက ဝိညာဏက္ခန္ဓာ
မနောဒွါရအတွက် အရွှေ အနောက်၊ တောင်,မြောက် (စသည်) က— ဝိညာဏက္ခန္ဓာ- ဟု လည်းကောင်း၊ စိတ်စေတသိက် ရုပ်ဖွဲ့ရာ၌ လည်း (အထက်ဖော်ပြခဲ့သော) နေ-ကြက် စသည့် (ဝေါဟာရ သမ္မုတိပညတ်) များကို စိတ်ဟုလည်းကောင်း—

http://www.dhammadownload.com

နာမ်၊ ရုပ်ခွဲရာ၌လည်း (နေ+ကြက် စသည့်) ဝေါဟာရသမ္မုတိပညတ်များကိုနာမ်ဟု လည်းကောင်း- အတိအလင်း ခွဲပြထားပါသည်။

ထို့ပြင် တုံး– တိုင်– ဗျာ– ကျောင်း– အိမ် စသော လောကသမ္မုတိပညတ်များကိုလည်း နာမ်ဟု ရေးသားထားပါသည် ဘုရား။

နေ–ကြက် စသည်တို့သည် လောကဝေါဟာရဖြင့် ခေါ်ဝေါ် ပညတ်သမုတ်အပ်သော အမည်နာမ ပညတ်မျှသာ ဖြစ်ပါသည်၊ ယင်းသို့ **ခေါ်ဝေါ်** အပ်သော အမည်နာမများသည် "**ပညတ်**" များ ဖြစ်ကြောင်းကို—

> "ကတမေ ဓမ္မာ ပညတ္တိ၊ ယာ တေသံ တေသံ ဓမ္မာနံ သင်္ခါ သမညာ ပညတ္တိ၌ ဝေါဟာရော နာမံ နာမကမ္မံ နာမဓေယ္ယံ နိရုတ္တိ ဗျဉ္ဇနံ အာဘိလာပေါ၊ ဣမေ ဓမ္မာ ပညတ္တိ"

(ဓမ္မသင်္ဂဏီပါဠိ၊ နာ-၂၅၆၊ ပုဒ်-၁၃၁၅) ၌ မြတ်စွာဘုရားရှင်သည် အတိအလင်း ဟောကြားတော်မူခဲ့ပါသည်။

ယင်းသို့ ခေါ်ဝေါ် ပြောဆိုအပ်သော အဆုဝတ္ထုများကို ပညတ်များ ဖြစ်ကြောင်း ထပ်ဆင့်ရှင်းလင်းလိုသော အဋ္ဌကထာဆရာသည်—

> "အဟန္တိ မမန္တိ ပရောတိ ပရဿာတိ **သတ္တော**တိ ဘာဝေါတိ ပေါသောတိ ပုဂ္ဂလောတိ နရောတိ မာဏဝေါတိ **တိဿော**တိ ဒတ္တောတိ မဥ္ဇော ပိဠ်ဘိသိ့ဳမိမွေ့ဟနံ ဝိဟာရော ပရိဝေဏံ ဒွါရံ ဝါ-တပါနန္တိ။ ဧဝံ အနေကေဟိ အာကာရေဟိ သံကထီယတီတိ သင်္ခါ" စသည်ဖြင့် (အဋ္ဌသာလိနီ၊ ဋီ၊ နာ-၄၂၀၊ ပုဒ်-၁၃၁၅) ၌ ဖွင့်ဆိုရှင်းလင်းတော်မူပါသည်။

ဆိုလိုသည်မှာ "ငါ–သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ ကုဋေ (ခုတင်) ညောင်စောင်း ခေါင်းအုံး ကျောင်း ပရိဝုဏ် တံခါးမ ပြူတင်းပေါက် မောင်ဖြူ မောင်နီ" စသည်တို့သည် ခေါ်ဝေါ် ပြောဆို အပ်သောကြောင့် "**ပညတ်**" များဟု ဆိုလိုပါသည်၊ ဤသို့ အကြောင်းအရာပေါင်းများစွာတို့သည် ခေါ်ဝေါ် ပြောဆို၍ ရလျှင်ပင် "**ပညတ်**" ဖြစ်ပါသည်၊ ထို့ကြောင့် နေ ကြက် ရေနံဆီ ထန်းလျက် ဦးခေါင်း အရွှေ အနောက် တောင် မြောက် တုံး တိုင် စသည်တို့သည် ပညတ်ဖြစ်ကြောင်း (အထက် ဖော်ပြခဲ့သော) ဒေသနာအရ ထင်ရှားပါသည်။

ခေါ်ဝေါ် ပြောဆိုရမည့် အမည်ပြု "နာမပညတ်" ကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာဆရာက ဆက်လက်၍—

http://www.dhammadownload.com

"နာမန္တိ စတုပ္ပဒံ နာမံ သာမည္ဉ နာမံ ဂုဏနာမံ ကိတ္တိမနာမံ ဩပပါတိကနာမန္တိ" ဟု ဖွင့်ဆိုရှင်းလင်းပါသေးသည်။

အမည်ပြု "နာမပညတ်" သည် ၄-မျိုးရှိပါသည်၊ ယင်း ၄-မျိုးတွင် ကမ္ဘာဦး သူတို့ သမုတ်ထားအပ်သော "မဟာသမ္မတ" ဟူသော မင်း၏အမည်သည် သာမညနာမပညတ်၊ ဓမ္မကထိက ဝိနည်းဓိုရ် တိပိဋကရေ သဒ္ဒါတရားရှိသူ စသည်တို့သည်လည်းကောင်း အမည်ရသူတို့၏ ဂုဏ်အရည်အချင်းအလိုက် "ဂုဏ်မှ ရောက်လာသမျှ" နာမပညတ်သည် ဂုဏနာမပညတ်။

ဘဂဝါ အရဟံ ဘုရား စသော မြတ်စွာဘုရား၏ များလှစွာသောအမည် နာမတော်တို့သည်လည်း 'ဂုဏနာမပညတ်'တို့ပင် ဖြစ်ပါသည်။

မွေးစကာလတွင် ခေါ်တွင်အပ်သော မောင်ဖြူ-မောင်နီ စသည်တို့သည် ကိတ္တိမနာမပညတ်၊

လ-ဓနု-သမုဒ္ဒရာ မြေကြီး တောင် စသည်တို့သည် ရှေးဦး ကမ္ဘာ၌လည်း 'လ နေ' စသည် ခေါ်ခဲ့သည့်အတိုင်း ယခုလည်း ရှေးကမ္ဘာအတိုင်း ခေါ်ဝေါ်ရသဖြင့် "ဩပပါတိကနာမပညတ်" ဤလေးမျိုးလုံးသည် ဤနေရာ၌ နာမပညတ်သာ ဖြစ်၏ဟု အဋ္ဌသာလိနီ အဋ္ဌကထာဆရာက ရှင်းလင်းတော်မူခဲ့ပါသည်၊ အဆုံးစွန်အားဖြင့် သဓတ္တာပိ သခီရောပိ နာမတော မုတ္တကော နာမ နတ္ထိ သတ္တဝါဖြစ်စေ သခီရဖြစ်စေ အမည်မှ မလွတ်နိုင် ဟု ဖွင့်ပြပါသည်။

ဤမျှဆိုလျှင် ပညတ်ဟူသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေတာ် ဖြစ်ပါသည်၊ ထို့ပြင် ယင်းပညတ်ဟူသည်မှာ ပဋ္ဌာန်းပစ္စည်းတမျိုး ဖြစ်ကြောင်း–

ပညတ္တိ နာမရူပါနံ၊ ဝဿေန တိဝိဓာ ဒ္ဝိတာ။
ပစ္စယာ နာမ ပဋ္ဌာနေ၊ စတုဝီသတိ သမ္ဘဝေါ။

ဟု(အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ)၌ ဖော်ပြပါသည်၊ ထို့အဋ္ဌကထာ၌ပင် ပညတ်သည် ဓမ္မာရုံတမျိုးဖြစ်ကြောင်း–

ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိ-ဝသေန ဆဓာ သင်္ဂဟံ။

ဓမ္မာရုံကို ပသာဒရူပ် သုခုမရူပ် စိတ် စေတသိက် နိဗ္ဗာန် ပညတ်တို့၏ အစုံမ်းအားဖြင့် ခြောက်ပါး အပြားအားဖြင့် ပေါင်းယူရေတွက်အပ်၏ ဟုလည်း ဖွင့်ဆိုကောက်ပြထားပါသည်။

http://www.dhammadownload.com

ထို့ပြင် ထိုပညတ်ကို မသိလျှင် ပညတ်ပရမတ် မကွဲမပြား ရောထွေးယှက်တင်
အံမဝင်ဂွင်မကျ "နိဗ္ဗာန်" တရားတော်ပါ လွဲမှားစေနိုင်သဖြင့် ဘုရားရှင်တို့
သိတော်မူအပ်သည့် "ဥေ ယျဓမ္မတရား ငါးပါး" တို့တွင် သခ်ါရ ဝိကာရ
လက္ခဏ နိဗ္ဗာန် ပညတ်ဟု သိစရာအာရုံတမျိုး သိစရာတရားတမျိုး အဖြစ်
ဟောကြားတော်မူပါသည်။

ထို့ကြောင့် ပညတ်ဟူသည်မှာ ပရမတ်တရား ၄-ပါးတို့မှ တသီးတခြား
အာရုံတမျိုးဖြစ်ကြောင်း မနေဝိညာဏ် စိတ်၏ အာရုံဖြစ်သော ဓမ္မာရုံ(၆)မျိုး
တွင် ပါဝင်သော အာရုံပင်ဖြစ်ကြောင်း၊ ယင်းပညတ်ကိုလည်း မြတ်စွာဘုရားရှင်
ပစ်ပယ်တော်မမူကြောင်း ထင်ရှားပါသည် ဘုရား။

ပညတ်သည် ပရမတ္ထတရား ၄-ပါး မဟုတ်ပဲ ပညတ်သည် ပညတ်သာဖြစ်လျက်
ပရမတ်ဆည်လည်း ပရမတ်သာ ဖြစ်ပါသည်၊ ပညတ်နှင့် ပရမတ်သည် တွဲစပ်၍
ရကောင်းသော်လည်း "တခုတည်းအဖြစ် ထပ်တူပြု၍ မရကောင်းပါ" သူနယ်
နှင့် သူနယ် အကန့်အသတ်ရှိရပါမည်။

ထို့ကြောင့်ပင် အဋ္ဌသာလိနီအဋ္ဌကထာ နာမရူပ-ဒုတိယဝိပုဒ်အဖွင့်၌ "မဟာ-
သမ္မတ တိဿ ဓမ္မကထိက" စသည်တို့ကဲ့သို့ ဝေဒနာစသော နာမ်တရား ရုပ်
တရား ပရမတ်တရားတို့၏ အမည်သည် သူတပါး ခေါ် ဝေါ် မှ အမည်နာမရသည်
မဟုတ်၊ ဝေဒနာစသည့် (ပရမတ်တရား) တို့သည် မဟာပထဝီမြေကြီး စသည်
တို့ကဲ့သို့ မိမိ၏အမည်ကို (မိမိဘာသာ)ပြုလျက် ဖြစ်ပေါ်ကြသည်၊ ထိုဝေဒနာ
စသည့် ပရမတ်တရား ဖြစ်ပေါ်လာလျှင် ထိုဝေဒနာစသည့် အမည်သည် (အလို
အလျောက်) ဖြစ်ပေါ်လာသည် ဖြစ်၏၊ တစုံတယောက်က "သင် ဝေဒနာ
ဖြစ်ပါ" စသည်ဖြင့် အမည်ပေးစရာမလိုဟု ဖွင့်ပြပါသည်။

ထိုပညတ်တို့ကို ပဋ္ဌာနပညတ် အဋ္ဌကထာ နှာ-၂၆ ၌လည်းကောင်း
အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ၌လည်းကောင်း ပညတ် (၆) မျိုး ခွဲပြခဲ့ပါသည်၊
ယင်းသို့ ပညတ်ကိုခွဲရာ၌ အခြေခံသဘောမှာ ပရမတ္ထတရားအားဖြင့် ထင်ရှား
ရှိခြင်းနှင့် ပရမတ္ထတရားအားဖြင့် ထင်ရှားမရှိခြင်းတို့ကို အခြေခံပါသည်။

ပရမတ္ထတရားအားဖြင့် ရှိသော ပညတ်ဟူသည်မှာ ပရမတ္ထတရားလေးပါး
ဖြစ်သော စိတ် (၈၉) စေတသိက် (၅၁) ရုပ် (၂၈) နိဗ္ဗာန် ဤ (၄) အုပ်စု၌
တခုခုတွင် ပါဝင်လျှင် ထင်ရှားရှိ (ဝိဇ္ဇမာန) ပညတ်ဖြစ်၍ ယင်း (၄) အုပ်စု
တွင် မပါဝင်လျှင် ထင်ရှားမရှိ (အဝိဇ္ဇမာန) ပညတ်ဖြစ်ပါသည်၊ ဆိုလိုသည်မှာ
ပရမတ်တရားကိုယ် ကောက်ယူ၍ရသော ပညတ်နှင့် ပရမတ်တရားကိုယ် ကောက်
ယူ၍ မရသော ပညတ်ဟု ဆိုလိုပါသည်၊ ထိုတွင်–

http://www.dhammadownload.com

ပရမတ်တရားကိုယ် ကောက်၍ရလျှင် ပရမတ္ထသစ္စာ=အဟုတ်မှန်။
ပရမတ်တရားကိုယ် ကောက်၍ မရလျှင် သမ္မုတိသစ္စာ=သမုတ်မှန်ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူပါသည်၊ ထို့ကြောင့် သူ့နယ်နှင့်သူ နယ်ကန့်သတ်၍ ထားတတ်မှသာ၍ပင် ပညတ်+ပရမတ် ကွဲပြားကာ လွဲမှားမှုမရှိ အမှန်ကို သိနိုင်ပါသည်။

ဤမျှဆိုလျှင် ပညတ်ကို ဘုရားရှင်ဟောကြောင်း ထင်ရှားပါပြီဘုရား၊ ထိုမှတဆင့်တက်၍ "ကြောင်ပန်းတောရဝါဒအဆိုကို့စစ်ဆေးကြည့်လျှင် တုံး+တိုင်+ကြက်+ခေနံဆီ+ထန်းလျက် စသည်တို့သည် "နာမညတ်" ဟုဘုရားရှင်တိုက်ရိုက် ဟောကြားသည်ကို ကြောင်ပန်းဝါဒက "ဝိညာဏက္ခန္ဓာ-စိတ် နာမ်ထဲတွင် သွင်းယူ၍ နာမ်ပရမတ်" ဟု ဆိုပါသည်။

ထို့ကြောင့် ကြောင်ပန်းဝါဒ ခြောက်စောင်တွဲနှင့် စတုသစ္စာဒီပကာသနီ ကျမ်းတို့၌ တုံး+တိုင်+ကြက် (စသည်)တို့ကို ဝိညာဏက္ခန္ဓာဟူ၍လည်းကောင်း စိတ်ဟူ၍လည်းကောင်း နာမ်ဟူ၍လည်းကောင်း ဖော်ပြထားပါသည်၊ ဒေသနာအဆိုအရ ဝိညာဏက္ခန္ဓာ ဖွဲ့နိုင်သော တရားများတွင် တုံး + တိုင် +ကြက် (စသည်)တို့ မပါဝင်ကြောင်းကို—

> "သတ္တဝိဓေန ဝိညာဏက္ခန္ဓော၊ စက္ခုဝိညာဏံ(ပ) မနောဝိညာဏ-ဓာတု၊ ဧဝံ သတ္တဝိဓေန ဝိညာဏက္ခန္ဓော၊
>
> (ဝိဘင်းပါဠိ—၄၉)
>
> ဝိညာဏံ ဝိညာဏက္ခန္ဓောတိ—အာမန္တာ
> ဝိညာဏက္ခန္ဓော ဝိညာဏန္တိ—အာမန္တာ (ခန္ဓယမိုက်ပါဠိ-၂၂)
>
> ပရမတ္ထတော သမ္မုတိ ဌပေတ္ဝာ နိဗ္ဗတ္တိတ-
> ပရမတ္ထဝသေန စိတ္တံ ဝိညာဏက္ခန္ဓော"(ဋီကာကျော်-နှာ-၇၃)

တို့၌ အသီးသီး ဝိညာဏက္ခန္ဓာ ဖွဲ့ဆိုရာတွင် စိတ်(၈၉)ကိုသာ ကောက်ယူလျက် တုံး+ကြက် စသည့်ပညတ်များ လုံးဝ မပါရှိပါ။

နာမ်တရားကို ကောက်ယူရာတွင်—

> တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊အာသင်္ခတာ စ ဓာတု၊ ဣဒံ ဝုစ္စတိ နာမံ (ခမ္မသင်္ဂဏိ-ပါဠို-နှာ၊ ၂၅၆ပဒ-၁၃၁၆)၌ နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါးကိုသာ နာမ်ဟု ကောက်ယူပါသည်။

http://www.dhammadownload.com

ထို့ပြင် "ရုပ်(၂၈)သည် ရူပက္ခန္ဓာ စိတ်(၈၉) စေတသိက်(၅၂)ဟု ဆိုအပ်သော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်=ပေါင်း (၅)ပါးကို အရူပဟု လည်းကောင်း နာမ်ဟုလည်းကောင်း ခေါ်ဆိုသည်။ ထိုမှကြွင်းကျန်သမျှ တရားများကို ပညတ်ဟု ခေါ်ဆိုကြောင်း (အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ)၌ ဖွင့်ပြထားပါသည်။

ထို့ကြောင့် ပညတ်သည် နာမ်၌လည်းကောင်း စိတ်၌လည်းကောင်း ဝိညာဏက္ခန္ဓာ၌ လည်းကောင်း လုံးဝ မပါဝင်ပါ၊ ပညတ်ကို နာမ်ဟူ၍လည်းကောင်း စိတ်ဟူ၍လည်းကောင်း ဝိညာဏက္ခန္ဓာဟူ၍လည်းကောင်း လုံးဝ ကောက်ယူ၍ မရပဲ နာမ်သည် ပရမတ် သက်သက်သာဖြစ်ပါသည်၊ပညတ်မဟုတ်ပါ၊ ထို့အတူ ပညတ်သည်လည်း ပညတ်သာဖြစ်၍ နာမ် လုံးဝ မဟုတ်ပါ။

ထို့ပြင် ခန္ဓာငါးပါး ဖွဲ့ဆိုရာ၌လည်း ရုပ်(၂၈)ခုသည့် ရူပက္ခန္ဓာ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ သညာစေတသိက်သည် သညက္ခန္ဓာ ဝေဒနာ သညာမှကြွင်းသော စေတသိက် (၅၀)သည် သင်္ခါရက္ခန္ဓာ စိတ်(၈၉)သည် ဝိညာဏက္ခန္ဓာဟု ပရမတ္ထတရား (၄) ပါးတွင် နိဗ္ဗာန်မှလွဲ၍ စိတ်စေတသိက် ရုပ်ပရမတ်တရားကိုသာ ခန္ဓာဖွဲ့ပါသည် ပညတ်ကို မည်သည့်ခန္ဓာထဲတွင်မှ မဖွဲ့ဆိုပါ၊ ခန္ဓာ အာယတန ဓာတ် သစ္စာဖွဲ့၍ရကောင်းသော တရားဟူသည်မှာ ပရမတ္ထ (၄)ပါးသာ ဖြစ်ပါသည်၊ မည်သည့်ပညတ်မျှ ခန္ဓာအာယတနဓာတ်သစ္စာဖွဲ့ရာ၌ မပါဝင်ပါ။

ဓမ္မက္ခန္ဓာ အဆိုအရ ပညတ်သည် ပရမတ်တွင် မပါဝင်သော်လည်း ကြောင်ပန်းဝါဒ အဆိုအရမူ တုံးကနာမ်-တိုင်ကနာမ်-ဟု

(ကြောင်ပန်းဝါဒီ အရှင်ကောဝိဒရေး နာမ်လောကစာအုပ် စာမျက်နှာ ၉၂-၌)

"ရုပ်နာမ် ဆိုဒါ ဒီလိုပါ

အဆင်းက-ရုပ်၊	တုံးက-နာမ်
အသံက-ရုပ်၊	တုံးက-နာမ်
အနံ့က-ရုပ်၊	တုံးက-နာမ်

စသည်ဖြင့် တိတိကျကျ ဆိုထားပါသည်။

ထိုစာအုပ်(စာမျက်နှာ-၇၀-၇၉)၌လည်း—

သတ္တုစုံ ဒီဇိုဖြုတ်ပြမယ်-ဒကာသိန်းရွှေ၊ ရွှေမှာ တုံးကလေး တခု ချထားလိုက်စမ်း ချပြီးယင် မျက်စိနဲ့ကြည့်လိုက်ဆုံး—

http://www.dhammadownload.com

စက္ခုဥ္ဇ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊စက္ခုဥ္ဇ၊ မျက်စိအကြည်ကိုလည်း ကောင်း (ပ) ဥပ္ပဇ္ဇတိ၊ ဘွားကနဲ ဖြစ်ပေါ်လာ၏လို့ ဟောတော်မူတဲ့အတိုင်း အဆင်းကိုသာ မြင်ရတယ် မဟုတ်လား၊

အကယ်၍ တုံးကိုမြင်ရပါတယ်ဆိုယင်—

"စက္ခုဥ္ဇ ပဋိစ္စ တုံးပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"လို့ ဟောမှာပေါ့ဟု ကိုး ကားထားပြီး နာမ်ဖြစ်ကြောင်း ထပ်ဆိုပြန်ပါသည်။

ကြောင်ပန်းဝါဒီဆိုသကဲ့သို့ သံယုတ်ဒေသနာတော်နည်းအရ တွက်ရပါလျှင် စက္ခုပသာဒ အကြည်ရုပ် အဆင်းရူပါရုံရုပ် စက္ခုဝိညာဏ် မြင်သိစိတ်= ဣန္ဒြေ(၃)ခု ပေါင်းဆုံခြင်းကြောင့်=ဖဿ·တွေ့ဆုံမှုဖြစ်ကြောင်းကို—

စက္ခုဥ္ဇ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော·ဟု ဒေသနာကျမ ရှိပါသည်။ (တိဏ္ဏံ သင်္ဂတိ ဖဿောတိ တိဏ္ဏံ သင်္ဂတိယာ ဖဿော နိဒါန ဝဂ္ဂသံယုတ် အဋ္ဌကထာ-နှာ·၆၉)

ထို့ကြောင့် ဗဟိဒ္ဓပြင်ပမှ ရူပါရုံအဆင်းဓာတ်နှင့် အဇ္ဈတ္တိက စက္ခုပသာဒ မျက်စိအကြည်ဓာတ်တို့ တိုက်ဆုံလျှင် အဇ္ဈတ္တိကစိတ်၌ စက္ခုဝိညာဏ် ဖြစ်ပေါ် ရသည်၊ ၎င်း(၃)ခုတို့ ပေါင်းဆုံခြင်းကြောင့်=ဖဿ ဖြစ်ပေါ်လာပါသည်။

ထိုသို့ဖြစ်ပုံကို ပုံသေနည်းတခုဖြင့် တင်ပြပါမည်ဘုရား။

တည်နေရာ =ဗဟိဒ္ဓ>အဇ္ဈတ္တ>အဇ္ဈတ္တ =ဖဿ
ပရမတ်ဖြစ်စဉ် =ရူပါရုံ>စက္ခုဒွါရ>စက္ခုဝိညာဏ်=တွေ့ဆုံမှု
(ဝေါဟာရ) =တုံး >မျက်စိ >မြင်သိစိတ် =မြင်သည်။

ဤသို့ဖြစ်လာပါသည်၊ ယင်းသို့ဖြစ်ရာတွင် ကြောင်ပန်းဝါဒီက တုံးကို အထည်ကိုယ်ဖြပ် အဖြစ် ရုပ်ဝတ္ထုကောက်ယူ၍ တုံးဟူသော ဝေါဟာရကို မြင်သိစိတ် စက္ခုဝိညာဏ် နာမ်ဖြစ်သည်ဟုဆိုသဖြင့်—

ရူပါရုံ မျက်စိ တုံး=ဟု ပြောင်းပြန်လန် သွားပါတော့သည်၊ ကြောင်ပန်း အဆိုကို ဒေသနာတော်စဉ်ရလျှင်—

စက္ခုဥ္ဇ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ=တုံး ဟု ဟောတော်မူရပါမည်၊ မြတ်စွာ ဘုရားရှင်ကမူ ဟောတော်မမူခဲ့ပါ၊ ထို့ပြင် ဖဿ၏ ပေါင်းဆုံမှုမှာ ပရမတ္ထ သက်သက်မျှသာ ရှိရမည် ဖြစ်သော်လည်း ကြောင်ပန်းဝါဒီ အလိုအတိုင်း ဆိုလျှင် ပညတ်က ကန့်လန့်ကန့်လန့် ဝင်ရှုပ်သဖြင့် "ဆွမ်းဆန်ထဲ ကြက် ချေးရော"ဆိုသကဲ့သို့ ပရမတ်ထဲ ပညတ်နှောလာသဖြင့် အဘိဓမ္မာဒေသနာ မဟုတ်တော့ပါ။

http://www.dhammadownload.com

ပညတ်နှင့် ပရမတ်ခွဲရန်ပုံသေနည်းမှာ–

ပရမတ္ထအားဖြင့် ထင်ရှားရှိသောအရာသည်–ပရမတ်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအရာသည်– ပညတ်
ဟု ပုံသေနည်းမှတ်ရပါမည်။

ပရမတ္ထ အားဖြင့် ထင်ရှားရှိသောအရာ ဟူသည် စိတ်+စေတသိက်+ရုပ်+နိဗ္ဗာန်(၄) အုပ်စုတွင် ပါဝင်ရပါမည်၊ ထို(၄)အုပ်စုတွင် မပါဝင်လျှင် ပညတ်သာ ဖြစ်ကြောင်း (အထက်တွင်) အကိုးအကားဖြင့် ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်အရ ခေါ်ဝေါ်ပညတ်သုံးနှုန်းပြောဆိုမှု မှန်သမျှ ပညတ်နှင့်မကင်းပါ၊ သို့သော် ပရမတ္ထအထည်ကိုယ်ဖြစ် ကောက်၍ ရသည်နှင့် မရသည်သာ ခြားနားပါသည်၊ ထို့ကြောင့် ဖော်ပြပါ ပုံသေနည်းတခုဖြင့် ပညတ်+ပရမတ်ကို ခွဲပြပါဦးမည်ဟုရှား။

ပုံသေနည်း— ပရမတ္ထဝေါဟာရ၌ ပါလျှင်–ပရမတ်
ပရမတ္ထဝေါဟာရ၌ မပါလျှင်—ပညတ်

ထို့ကြောင့်- တုံး>စက္ခုပသာဒ>စက္ခုဝိညာဏ်

တုံး=ပရမတ္ထအုပ်စု(၄) မျိုးတွင် =တုံးဟူသော ဝေါဟာရ
မပါသဖြင့် (အဝိဇ္ဇမာန)ပညတ်

စက္ခုပသာဒ=ရုပ် (၂၈)၌ပါသဖြင့် ပရမတ်
စက္ခုဝိညာဏ်=စိတ် (၈၉)၌ ပါသဖြင့် ပရမတ်

ထို့ကြောင့် ဝေါဟာရဗေဒနည်းဖြင့် ရှင်းလျှင်=

=တုံး >စက္ခုပသာဒ> စက္ခုဝိညာဏ်
=ပညတ်> ပရမတ်> ပရမတ်(ပညတ်ပရမတ်အခွဲ)
=ပညတ်> ရုပ် > နာမ် (ပညတ်ရုပ်နာမ်အခွဲ)

ပရမတ္ထသဘာဝအရှင်းလျှင်–

=အဋ္ဌကထာပ်ရုပ်>ပသာဒရုပ် > ဝိညာဏ်နာမ်
=ပရမတ် > ပရမတ်> ပရမတ်

ဤသို့ ပရမတ်(၃)ခု ပေါင်းဆုံမှုသာ(အဘိဓမ္မတ္ထ) သဘောသက်ရောက်ပါသည်၊ ထို့အတူ "ကြက်သံ"ဟူသော ဝေါဟာရ၌—

http://www.dhammadownload.com

ကြက် + အသံ= ကြက်သံ
ပညတ်+ ရုပ် = ပညတ်ရုပ်

ပညတ် (၆) မျိုးတွင် အဝိဇ္ဇမာန+ဝိဇ္ဇမာန = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် သာဖြစ်ပါသည်၊ သို့သော် ကြောင်ပန်းဝါဒကမူ ကြက်ကနာမ်+အသံကရုပ်ဟု ဆို သဖြင့် ပညတ်ကို နာမ်လုပ်သည့်(ပညတ် ပရမတ်ရောသည့်)ဝါဒသာဖြစ်ပါသည်၊ ကြောင်ပန်းဝါဒအတိုင်း "ကြက်သံ"ကို ဒေသနာပုံစံအရ ဖြည့်ကြည့်ပါလျှင်

ဖြစ်စဉ် =ကြက်+အသံ>သောတပသာဒ> သောတဝိညာဏ်
ကြောင်ပန်းဝါဒ =နာမ် + ရုပ် > ရုပ်> နာမ်

ဒေသနာ = ... သောတဋ္ဌ ပဋိစ္စ....

သဒ္ဒေ စ ဥပဇ္ဇတိ.....သောတဝိညာဏံ ဟု ဖြစ်လာပါမည်။

သို့ဖြင့်"သဒ္ဒေ စ"၌ သဒ္ဒါရုံရုပ်ကိုသာ ကောက်ယူရန်ဖြစ်သော်လည်း ကြောင်ပန်း ဝါဒအရ "ကြက်နာမ်ကြီး"ပါ ရောနှောကောက်ယူရမည်ဖြစ်၍ ဒေသနာတော် အစဉ်ပျက်သွားပါသည်။

ဤနေရာတွင် "တုံးနှင့် ကြက်သံ" မှာ ပညတ်ချင်းတူသော်လည်း အမျိုး အစားချင်း ကွဲပြားကြောင်း သိရန်လိုပါသည်။

တုံးသည် အဝိဇ္ဇမာန ပညတ်
ကြက်သံသည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်

ဖြစ်၍ ပရမတ္ထသဘာဝအရဆိုလျှင် "တုံး" သည် အဋ္ဌကလာပ်ရုပ်ဆက်သက်ဖြစ် ပြီး ကြက်သံမှာ ကြက်ဟုခေါ်ဝေါ်သော ရုပ် + နာမ်မှ တဆင့်ထွက်ပေါ်လာ သောအသံ=သဒ္ဒါရုံဖြစ်ပါသည်။

ထို့ကြောင့် တုံးကို "စက္ခုပသာဒ" ဖြင့် တွေ့ဆုံရာတွင် အဋ္ဌကလာပ်ရုပ်ကို မြင်တွေ့ရသော်လည်း "ကြက်သံ" ကို သောတပသာဒဖြင့် ထိခိုက်ရာတွင် "ကြက်" ကို ကြား၍ရသည် မဟုတ်ပါ၊ "အသံ" ကိုသာ ကြားရခြင်းဖြစ် ပါသည်၊ သောတဝိညာဏ်ပေါ်သောအခါ သောတဝိညာဏ်သည် ကြားသည့် အသံကိုသိရုံမှလွဲ၍ "ကြက်"ဟုသိသည်မဟုတ်ပါ၊ သိနိုင်ရန်စွမ်းအင်လည်း သော တဝိညာဏ်တွင်မရှိပါ၊ အသံကိုသိရုံလေးမျှ သိနိုင်သော စွမ်းအင်သာရှိပါသည်၊ ထိုသို့ "ကြားသိစိတ်" သောတဝိညာဏဝီထိနောက် ဆက်လက်ဖြစ်သော (တဒနု-ဝတ္တကမနောဒ္ဓါရိကဝီထိ)မနောဝိညာဏ် စိတ်အစဉ်များ (မရပ်မနား)ဖြစ်ပေါ်မှ သာလျှင် နာမပညတ် အတ္ထပညတ်များကို သိနိုင်ပါသည်၊ ထို့ကြောင့် အဘိ-

http://www.dhammadownload.com

> ဓမ္မတ္ထ ဝိဘာဝိနီဋီကာ ပစ္စည်းပိုင်း ဝစီဃောသာနုသာရေန အဖွင့် (နှာ-၂၅၅) ၌ "ဃဋ္ဋာဒိသဒ္ဒဋ္ဌိ သုဏန္တသဒ္ဒေ ကေမေကံ သဒ္ဒံ အာရဗ္ဘ ပစ္စုပ္ပန္နာတီတာရမ္မဏဝသေန ဒ္ဝေ ဒ္ဝေ ဇဝနဝါရာ, ဗုဒ္ဓိယာ ဂဟိတနာမ ပဏ္ဍိတ္တိဘူတံ အက္ခရုဝလိ မာရဗ္ဘ ကောတိ ဧဝံ သောတဝိညာဏ-ဝီထိယာ အနန္တရာယ အတီတသဒ္ဒါရမ္မဏာယ ဇဝနဝီထိယာ အနန္တရံ နာမပညတ္တိယာဂဟဏံ၊ တတော ပရံ အတ္ထာဝဗောဓေတိ အာစရိယာ"

စည်စသော အသံကို ကြားသူအား အသံတခုခုကို အာရုံပြု၍ ပစ္စုပ္ပန်အာရုံ အတိတ်အာရုံ၏ အစွမ်းဖြင့် ဇောဝါရ နှစ်ကြိမ် နှစ်ကြိမ်ဖြစ်သည်၊ အသိဉာဏ်သည် ယူအပ်သော နာမပညတ်ဖြစ်သည့် အက္ခရာအစဉ် (နာမည်)ကို အာရုံပြု၍ ဇောဝါရတကြိမ်ဖြစ်သည်၊ ဤသို့ "သောတဝိညာဏဝီထိနောက် အဆက်မပြတ်ဖြစ်သော အတိတ်သဒ္ဒါရုံကို အာရုံပြုသော ဇောဝီထိသည် အဆက်မပြတ် နာမပညတ်ကိုယူသည်၊ ထို့နောက်ဖြစ်သော ဝီထိသည် အတ္ထပညတ်ကိုသိ၏ဟု ဆရာတို့ ဆိုကြကုန်၏" ဟု ဋီကာဆရာမိန့်တော်မူပါသည်။

ထို "ကြားသိစိတ်" သောတဝိညာဏဝီထိနောက် ဆက်လက်ဖြစ်ပေါ်သော (မနောဒ္ဒါရိကဝီထိ) မနောဝိညာဏ်ဖြစ်ပုံနှင့် ပညတ်သိပုံကို ပုံစံတန်းဖြင့် တင်ပြပါမည်။

ဝီထိစဉ်	=သောတဝိညာဏ် >မနောဝိညာဏ် > မနောဝိညာဏ် မနောဝိညာဏ်	
အာရုံ	=ပစ္စုပ္ပန်သဒ္ဒါရုံ >အတိတ်သဒ္ဒါရုံ > ပညတ်ဓမ္မာရုံ> ပညတ်ဓမ္မာရုံ	
အဓိပ္ပါယ်	=ကြားသိ	>ဆက်ခံသိ >အမည်သိ>ပုံစံသိ
ဝေါဟာရ	=အသံ	>အသံ >အသံ၏အမည်>အသံ၏ပုံစံ
ပညတ်/ပရမတ်ပေါ်ပုံ	=ပရမတ်	>ပရမတ်>နာမပညတ်>အတ္ထပညတ်
ကြက်သံ (အစားထိုး)	=အသံ	>အသံ ကြက်သံ ကြက်ဖို+မ သံ (စသည်)
အသိ	=သာမန်သိ	>သာမန်သိ>မှတ်ဉာဏ်သိ>မှတ်ဉာဏ်သိ

ဤပုံစံကိုကြည့်လျှင် သောတဝိညာဏ်စိတ်နောက် မနောဝိညာဏ်စိတ်ဖြစ်သောအခါ တတိယဝီထိဖြစ်သည့် ဒုတိယမနောဝိညာဏဝီထိရောက်မှသာ "ကြက်" ဟူသော "ပညတ်" အာရုံပေါ်လာကြောင်း သိသာပါသည်။

ယင်းသို့ ပညတ်ဓမ္မာရုံပေါ်လာသော်လည်း "စိတ်" ကြောင့် "ကြက်" ဟူသော ပညတ်ပေါ်လာသည်မဟုတ်၊ "ကြက်" ပညတ်အာရုံကြောင့်သာလျှင် "စိတ်" ပေါ်လာခြင်းဖြစ်ပါသည်၊ အကယ်၍ "အသံ"ကို ကြားသော်လည်း မကြားဖူး

http://www.dhammadownload.com

သော အသံဖြစ်လျှင် ဖြစ်စေ အမှတ်သညာနည်းသော်သူ ဖြစ်လျှင်ဖြစ်စေ "တဒနုဝတ္တကမနောဒ္ဓါရဝီထိ" မနောဝိညာဏ်စိတ် ဆက်မဖြစ်နိုင်ပဲ ဘဝင်ကျသွား ရပါသည်၊ ကြားဖူးနေကျ အသားကျသောအသံဖြစ်စေ အမှတ်သညာခဲ့စဲ့နေ သောအသံဖြစ်စေ နှလုံးသွင်းအားကောင်းလျှင် ထင်ရှားလျင်မြန်စွာ မနော ဝိညာဏ်စိတ် ဖြစ်ပေါ်လာပါသည်။

ဤနေရာတွင် ပုံစံကိုကြည့်လိုက်လျှင်ပင် မူလဝီထိဖြစ်သော "သောတဝိညာဏ်" ကြားသိစိတ်တွင် မည်သည့်ပညတ်မျှမပါသေးပါ၊ ထို့နောက် "ဆက်ခံသိ" မနော-ဝိညာဏ်တွင်လည်း ပညတ်မပါသေးပါ၊ အသံ=သဒ္ဒါရုံကိုသာ အာရုံပြုနေပါ သေးသည်၊ တတိယဝီထိ မနောဝိညာဏ်ရောက်မှသာ "မှတ်ဉာဏ်" (ဤနေရာ၌ မြန်မာဝေါဟာရ အသုံးအနှုန်း မှတ်ဉာဏ်ဟု သုံးထားခြင်းဖြစ်ပါသည်) သိပေါ်လာပြီးလျှင် 'မှတ်ခဲ့ဖူးသော' အာရုံကို စတင်မှတ်မိပါသည်၊ ထိုအခါတွင် "နာမပညတ်ကို သိသည့်စိတ်" ဖြစ်လာပါသည်၊ ထို့နောက် "အတ္ထပညတ်"ကို သိသည်စိတ် ဆက်လက်ဖြစ်ပါသည်၊ ထို့ကြောင့် မူလ ဝီထိသော့တဝိညာဏ်နှင့် ဆက်ခံသိ–မနောဝိညာဏ်တွင် ထင်လာသော သဒ္ဒါရုံ=အသံပရမတ်ကိုနောက် ဆက် မနောဝိညာဏ်၏အာရုံဖြစ်သော နာမပညတ်က ဖုံးလွှမ်းသွားပါတော့သည်၊ ဆက်လက်၍ အတ္ထပညတ် ပေါ်လာသောအခါ အတိုးအခဲ ဃနပညတ်များ ထင်လာသဖြင့် ပရမတ်၏မူလ သဒ္ဒါရုံ အသံမျှမကတော့ပဲ ဇာတ္ဌာရုံ အနိဋ္ဌာရုံ အလိုက် ကုသိုလ်ဝီထိ အကုသိုလ်ဝီထိများ ထိုက်သင့်သလို ဆက်လက်ဖြစ်ပါသည်။

ဤနေရာ၌ "ပညတ်"ဖုံးသွားသဖြင့် ပညတ်ဓမ္မာရုံကို အာရုံပြုသည့်စိတ်သည် အာရုံနောက်ကို လိုက်သွားကာ ပရမတ်ကို ထွင်းဖောက်သိနိုင်စွမ်း မရှိတော့ပါ၊ အဘိဓမ္မာသဘောတွင် စုပေါင်းဖြစ်ပေါ် စဉ်နှင့် ဆင့်ကဲဖြစ်ပေါ် စဉ်တို့ကို သဘော ပေါက်ရန်လိုပါသည်၊ "သောတဝိညာဏ်" စိတ်ဖြစ်ပေါ်ခြင်းသည် 'သဒ္ဒါရုံ+ သောတပသာဒ+သောတဝိညာဏ်'(၃) ခုစုဆုံ၍ ဖြစ်သောကြောင့် စုပေါင်းဖြစ် ပေါ် စဉ်ဖြစ်ပါသည်။ "သော့တဝိညာဏ်" နောက် တဒနုဝတ္တက မနောဝိညာဏ်တို့ ဖြစ်ပေါ်ရာတွင် ဆင့်ကဲဆင့်ကဲ ဆက်လက်ခံယူ ပြောင်းလဲဖြစ်ပေါ်ခြင်းဖြစ်၍ "ဆင့်ကဲဖြစ်ပေါ်စဉ်" ဖြစ်ပါသည်။

အာရုံသည် အသိခံရသည့်သဘော စိတ်သည် သိတတ်သည့်သဘောသာ ဖြစ်၍ အာရုံ၏ အထင်ခံ (ဝင်ပေါက်)ဒွါရကို အကြောင်းပြုပြီးဆိုင်ရာ ဝိညာဏ် စိတ်ဟု အမည်ရပါသည်၊ ထို့ကြောင့် မနကိုစွဲ၍ မနောဝိညာဏ် သောတကိုစွဲ၍ သောတဝိညာဏ် စသည့်အမည်များ ရလာပါသည်၊ ဗုဒ္ဓ၏ဒေသနာအရ အတွင်း အဇ္ဈတ္တိကဖြစ်သော ဒွါရနှင့် ဝိညာဏ်စိတ်ကိုသာ အဓိကထားကြောင်း ပြင်ပ အာရုံကို အတွင်းအဇ္ဈတ္တသို့ ဆွဲသွင်းမယူသင့်ကြောင်း ထင်ရှားပါသည်။

http://www.dhammadownload.com

ကြောင်ပန်းကမ္ဘ ပြင်ပ ဗဟိဒ္ဓအာရုံကို အဓိကထားပြီး ကြက်ကိုစဉ်၍ ကြက်ဝိညာဏ် တုံးကိုစဉ်၍ တုံးဝိညာဏ်ဟု ဗဟိဒ္ဓ+အဇ္ဈတ္တ, အာရုံ+အာရမ္မဏိက, ပညတ်+ပရမတ် မကွဲပြားပဲ တသားတည်း ထပ်တူပြုကာ 'ပညတ်ခွာ' သည် ဆိုရင်း လုံးလည်လိုက်နေပါသည်။

ယင်းသို့ ပညတ်ကို နာမ်လုပ်ပုံကို ကြောင်ပန်းသုံးစောင်တွဲ၊ စတုသစ္စာဒီပကာသနီကျမ်း တရားသင်နည်း ဆွေးနွေးနည်း စာမျက်နှာ ၁၄၂/၁၄၃-၌

လေးစိတ်ခွဲနည်း အမေးအဖြေ

မေး။ ။လူဆိုတဲ့အမည်က ဘာနာမ်လဲ၊

ဖြေ။ ။သမုတိနာမ် ဖြစ်ပါသည်။

မေး။ ။အဆင်းသဘောရှိအမည် ဝဏ္ဏက ဘာနာမ်လဲ၊

ဖြေ။ ။ပရမတ်နာမ် ဖြစ်ပါသည်–

ဟု အမေး+အဖြေ လုပ်ထားပါသည်။

ဤနေရာ၌လည်း ကြောင်ပန်းသည် 'သူလိုရာဆွဲ၍' မေးသွားပါသည်၊ ဤမေးခွန်းမျိုးမှာ 'နိမိတ်ပြမေးခွန်း'ဟု ခေါ်ရပါမည်၊ အမှန်မှာ လူအမည်က ဘာနာမ်လဲဆိုကတည်းက နာမ်ကိုသာ မေးခြင်းဖြစ်ပါသည်၊ ပညတ်-ပရမတ်ခွဲရန် မေးခြင်းမဟုတ်ပါ၊ သို့မဟုတ် မေးသူက လူအမည်ကို ပညတ်မှန်းသိသဖြင့် နာမ်အမျိုးအစားထဲ ဆွဲသွင်းယူလို၍ လူအမည်က ဘာနာမ်လဲဟု နိမိတ်ပြ မေးဖြေ ပြုလုပ်ပြီး ပညတ်ကို နာမ်လုပ်သွားပါသည်။

ထို့ပြင် အဆင်းသဘောရှိအမည် ဝဏ္ဏက ဘာနာမ်လဲဟု ထပ်မေးပြန်သေးသည်၊ အမှန်မေးရမည်မှာ 'လူအမည်က ဘာပညတ်လဲ၊ ဝဏ္ဏက ဘာပညတ်လဲ'ဟုသာ ပညတ်အမျိုးအစားခွဲခြားရန် မေးသင့်ပါသည်၊ သို့သော် ကြောင်ပန်းကမ္ဘ ပညတ်ကို နာမ်လုပ်လိုသဖြင့် 'အရာရာကို ဘာနာမ်လဲ'ချည်း မေးကာ သူလိုရာဆွဲ၍ ပညတ်ကိုနာမ်လုပ်သည့် ဝါဒသာ ဖြစ်ပါသည်။

ဤနေရာတွင် ကြောင်ပန်းဝါဒီတို့က 'ရုပ်+နာမ်ဆိုသော ပရမတ္ထစကားမှ နာမ်ကို ပြောသည် မဟုတ်ပါ၊ လောကဝေါဟာရအရ အမည် နာမပညတ် (နာမည်)ကို နာမ်ဟု ဆိုထားခြင်းသာ ဖြစ်ကြောင်း' ဆိုခဲ့ပါလျှင်လည်း– မြန်မာဝေါဟာရ အသုံးအနှုန်းတွင် 'မောင်ဖြူ-မောင်နီ'စသော အမည်နာမ ပညတ် (နာမည်)ကို 'နာမ်'ဟု မည်သည့်အခါမျှ မည်သူကမျှ သုံးနှုန်းခေါ်ဝေါ်ရုံး မရှိပါ၊ ပုံစံပြရပါလျှင်–

http://www.dhammadownload.com

မင်းအမည် ဘယ်သူလဲ
မင်းနာမည် ပြောစမ်းပါ
သူ့နာမည် ဘယ်လို‌ခေါ်သလဲ

အမည်နာမ ပြောပြပါ—စသည်ဖြင့်သာ သုံးနှုန်းရိုး ရှိကြပါသည်၊ 'မင်းနာမ် ဘယ်သူလဲ မင်းနာမ်ပြောစမ်းပါ၊ သူ့နာမ် ဘယ်လို‌ခေါ်သလဲ' စသည်ကို မည်သည့်အခါမှ သုံးနှုန်းရိုး မရှိကြပါ၊ မြန်မာဝေါဟာရ အသုံးအနှုန်းတွင်လည်း 'နံ' ရေးချ မ-သတ် (နာမ်) ဟူသော စကားလုံးကို ရုပ်+နာမ်ဟူသော ပရမတ် ဆိုင်ရာ အသုံးအနှုန်း၌သာ သုံးနှုန်းရိုး ရှိကြပါသည်၊ 'နာမ်'ဟု ကြားလိုက်လျှင် ပြောလိုက်လျှင်ပင် 'စိတ်'ကို ဆိုလိုကြောင်း မြန်မာတိုင်း နားလည်ပါသည်၊ 'နာမ်'ဟု ကြားလျှင် အမည်နာမကို ပြောကြောင်း မေးကြောင်း ဘယ် မြန်မာလူမျိုးမျှ မသိ နားမလည်ကြပါ၊ ထို့ကြောင့် ကြောင်ပန်းဝါဒီတို့က ခေါ်ဝေါ်ပြောဆိုအပ်သော 'အမည်'ကို 'နာမ်'ဟု သုံးနှုန်းခြင်းပါဟု ဆို‌ခဲ့သော် လူတိုင်းနားလည်ထားကြသော ပရမတ်အသုံးအနှုန်း 'ရုပ်+နာမ်'နှင့် ရောထွေး စေပါသည်၊ ထို့ပြင် ကြောင်ပန်းဝါဒီတို့သည် ရိုးရိုးပုဂ္ဂိုလ်များ မဟုတ်ကြပဲ ပရမတ်ဖြစ်သော 'ရုပ်+နာမ်' စကားလုံးလိုင်လိုင် ပြောနေကြသည့် 'ဝိပဿနာ' အမည်ခံထားသူများဖြစ်ပါသည်၊ ထို့သို့ဝိပဿနာအမည်ခံထားသဖြင့် 'ရုပ်+နာမ် သုံးရာတွင်လည်း ဤ'နာမ်' အမည်ကို ခေါ်ရာ၌လည်း ဤ'နာမ်'ကိုသာ သုံးပါ လျှင် ကြောင်ပန်းတို့၏ ပရမတ်စကားသည် အမည်ပညတ် 'နာမ်'နှင့် ပရမတ် 'နာမ်'တို့ကို ရောမွှေလိုက်သဖြင့် ဗုဒ္ဓမြတ်စွာ၏ 'ရုပ်+နာမ်' ဟူသော ပရမတ် နှင့် မြန်မာဝေါဟာရ 'အမည်'တို့သည် ရောထွေးပြီး ဗုဒ္ဓ၏ တရားတော်ကိုပါ ပျက်စီးစေပါသည်၊ ထို့ကြောင့် ထိုသို့အမည်ကို 'နာမ်'ဟု သုံးပါသည်ဆို‌ခဲ့လျှင်လည်း 'ကြောင်ပန်းတို့၏ ယောင်ယမ်းခြင်းသာဖြစ်ပြီး' 'သဘာဝယုတ္တိမတန်' ဆင်ခြေကန်ခြင်းသာ ဖြစ်ပါသည်။

ထို့ပြင် (ဝိပဿနာအလင်းရောင်ကျမ်း၊ ဝိပဿနာအခြေပြုသင်တန်း နှာ-၃၀)၌–

နက်-နီ-ဖြူ-ဝါ၊ စိမ်း-အပြာ၊ ခြောက်ဖြာအဆင်းဓာတ်၊ 'အဆင်းခြောက်ပါး ရုပ်တရားဖြစ်သည်၊ နီတာဂနာမ် အဆင်းကရုပ်ဟု အယူရှိသော 'နီနာမ်'ဝါဒ သည် အခြေအမြစ်မရှိ၊နီတာနှင့်အဆင်း အတူတူပါပဲ၊ ခဲ့မနေပါနှင့်တော့ နီတာ ပင်လျှင်အဆင်း၊ အဆင်းပင်လျှင်နီတာ၊ ရှုစ်ပြားနှင့်တမူး အတူတူပါပဲ့၊ အကြောင်အကျားကသာ နာမ်ဖြစ်သည်'ဟု ဆိုပြန်သေးသည်။

ဤနေရာ၌ အကြောင်အကျားကသာ နာမ်ဖြစ်သည်ဟု ဆိုသဖြင့် ရှေ့စကား နောက်စကား ကွဲလွဲနေပါသည်၊ နီ-ဖြူ-နက် စသည်တို့ကို ရုပ်ဟုယူခြင်းမှာ ဗုဒ္ဓ

http://www.dhammadownload.com

ဝစနပါဠိတော်နှင့် ညီညွတ်ပါသည်၊ 'အကြောင်အကျားသာ နာမ်' ဟု ဆိုသဖြင့် အကြောင်အကျား၏ အခြေခံသည် -နိဖြူ-နက်စသော ဖ-ပါးတို့ ဟောနေခြင်းကိုပင် 'အကြောင်အကျား' ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

အကြောင်အကျားဟူသည် ရုပ်မှထုတ်ပေါ်လာသောအဆင်း (ဝဏ္ဏနိဘာ) ဖြစ်၍ မျက်စိ၌အာရုံအဖြစ် တွေ့ဆုံထိခိုက်ခြင်းဖြင့် မြင်ရသော်အမှတ်လက္ခဏာ ရှိသောကြောင့် "စက္ခုပဋိဟနနလက္ခဏံ ရူပံ" အဋ္ဌသာလိနီ (နှာ-၃၅၅)၌ ဖွင့်ပြသော ရူပ၏လက္ခဏာတွင် ပါဝင်သဖြင့် ရုပ်သာဖြစ်သည်၊ နာမ် လုံးဝ မဟုတ်ပါ။

"ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သန်ဌာနံ သဏ္ဌာနံ"

(မဇ္ဈိမဋီ-နှာ -၁၆၃၊ ပဒ-၆၁၆)စသည်။

မဟာဘုတ် ၄-ပါးကိုမှီ၍ အဆင်းမှထုတ်ပေါ်သော (စက္ခုဝိညာဏ်အား ထင်မြင်စေသော) မြင်ကောင်းသည့် တစုံတခုသောအရာသည်လည်း ရုပ်ပင် ဖြစ်၏ ဟု ဟောကြားတော်မူသဖြင့် 'အကြောင်အကျား'သည် ရုပ်ဖြစ်သော်လည်း ကြောင်ပန်းကမူ 'အကြောင်အကျား'ကသာ နာမ်ဖြစ်သည်ဟု ဆိုသောကြောင့် ရုပ်ကို နာမ်လုပ်ပြန်ပါသည်။

နက် နီ ဖြူ ဝါ စိမ်း အပြာကို ရုပ်ဟု ကောက်ယူသော ကြောင်ပန်း ဝါဒသည် ရုပ်ချင်းအတူတူဖြစ်သော (အရောင်ရောနှောသွားသည့်)အကြောင် အကျားကိုမူ အရောင်ရောနှောခြင်း ဟူသော ဃနပညတ်အဖုံး ခံလိုက်ရသည်ကို လုံးဝ မသိရှိတော့ပဲ "နာမ်"ဟု ကောက်ယူလိုက်သဖြင့် ဆရာတဆူလုပ်ချင်ပြီး ပညတ်+ပရမတ်ကိုသာ ခွဲပြနေသည့် ဆရာကိုယ်တိုင်က ဃနဖုံး ခံနေရကြောင်း မသိရှာပဲ အကန်း လမ်းသွားသကဲ့သို့ စမ်းတဝါးဝါးဖြင့် ပရမတ်လမ်း သလား နေယင်း "အိုးတွင်းထည့်ထားသော လိပ်ကဲ့သို့" ထုတ်ပေါက်ရှာမရဖြစ်နေပြီး ထင်မိထင်ရာ ပညတ်ကိုနာမ်ဟု ရေးလိုက်၊ရုပ်ကိုနာမ်ဟု ပြောလိုက်ဖြင့် မောဟိုက်နေပါသည်။

ထို့ကြောင့် နက်နီဖြူဝါ စိမ်းအပြာတို့ကို အဆင်းရုပ် အကြောင်အကျားသာ နာမ်ဟု ဆိုသော ကြောင်ပန်းဝါဒသည် ကေစ္စသဏ္ဌာတဝါဒ=အချို့မြို့၏၊ အချို့ မြို့ဆိုသော ဝါဒကဲ့သို့ ရုပ်တခုတည်းကိုပင် အချို့ရုပ် အချို့နာမ်ဟု ဆိုသဖြင့် လိုရာဆွဲဝါဒသာ ဖြစ်သည့်ပြင် ဘုရားဟော ပါဠိတော် အဋ္ဌကထာတို့နှင့် မညီညွတ် ဘုရားဟော ပါဠိ အဋ္ဌကထာတို့ကို အိုးမဲသုတ်သောဝါဒသာ ဖြစ်ပါသည်။

ထို့ကြောင့် တုံး+တိုင်+ဗျာ စသော လောကဝေါဟာရသမ္မုတိ ပညတ်များသည်—

http://www.dhammadownload.com

ကြောင်ပန်းဝါဒက နာမ် စိတ် ဝိညာဏက္ခန္ဓာ
ပုဒ္ဓဝါဒက ဝေါဟာရပညတ် ခန္ဓာဖွဲ့၍ မရ
ကြောင်ပန်းဝါဒက အာရမ္မဏိက
ပုဒ္ဓဝါဒက အာရုံ
ကြောင်ပန်းက အဇ္ဈတ္တိက အတွင်းစိတ်ဝိညာဏ်
ပုဒ္ဓဝါဒက ဗဟိဒ္ဓ ပြင်ပ ပညတ်အာရုံ
အကြောင်အကျား လေးမြောင့် ရှစ်ထောင့် စသည်တို့သည်လည်း–
ကြောင်ပန်းဝါဒက နာမ်
ပုဒ္ဓဝါဒက ရူပ်

ဟု ဖော်ပြခဲ့ပြီးသော ပါဠိ အဋ္ဌကထာ အကိုးအကား အာဂမယုတ္တိ သဘောကို ရှင်းလင်းခြင်း သဘာဝယုတ္တိတို့အရ လုံးဝ မတူ ကွဲပြားခြားနားသည်မှာ ထင်ရှားပါသောကြောင့် "လောကဝေါဟာရသမ္မုတိပညတ်နှင့် ရူပ် အချို့ကိုနာမ်"လုပ်သော ဝါဒသည် ပုဒ္ဓဝါဒမဟုတ် ကြောင်ပန်း တောရ ဝိပဿနာဝါဒီတို့၏ ဉာဏ်နှိဉာဏ်နက်ထုတ်ကာ ကြံဆသော ဝါဒသာဖြစ်ပါ၍ အခမ္မဝါဒအဖြစ် စိစစ်သုံးသပ် ဆုံးဖြတ်ပေးတော်မူပါမည့်အကြောင်း ဝိတ္ထာရ-စောဒနာအမှတ်-၁ အဖြစ် တင်သွင်းလျှောက်ကြား ပါသည်ဘုရား။

ဝိတ္ထာရစောဒနာ အမှတ် (၂)

ကြောင်ပန်း တောရဝါဒသည် သက္ကာယဒိဋ္ဌိရှိလျှင် ပုဒ္ဓဘာသာမဖြစ် သရဏဂုံမတည်ဟု ယူဆဟောခြေပြာ ရေးသားသော အခမ္မဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရစောဒနာပါဘုရား–

ရှိသေလေးမြတ်စွာ လျှောက်ကြားပါသည် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်များဘုရား–

ကြောင်ပန်းတောရဝါဒီတို့သည် ပုဒ္ဓဘာသာဖြစ်မှု သရဏဂုံတည်မှုတို့ကို ပုဒ္ဓဝစန ပါဠိ အဋ္ဌကထာနှင့်တကွ ရှေးရှေး ဆရာစဉ်ဆက်တို့၏ အယူအဆ တို့ကို တော်လှန်၍ ဝါဒသစ်ဝါဒဆန်းအဖြစ် တီထွင်ခဲ့ကြပါသည်၊ ပုဒ္ဓဘာသာ ဖြစ် မဖြစ် သရဏဂုံတည် မတည်ကို ဘုရားအလိုတော်နှင့် ဆန့်ကျင်ကာ ကြောင်ပန်း အလိုအတိုင်း ယူဆပုံကို အောက်ဖော်ပြပါ စကားရပ်တို့ဖြင့် ထင်ရှားပါသည်ဘုရား–

http://www.dhammadownload.com

(က) သူငါကစ သက္ကာယဒိဋ္ဌိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်၊ စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင် ရန်သူနှင့် တူကြပေသည်၊ များများကြီး သတိထားကြပါကုန်၊ သတိမူကြပါကုန်။

(ခြောက်စောင်တွဲ၊ ဝိပဿနာဒီပနီ နှာ-၁၁၂)

ဤစာပါ အဓိပ္ပါယ်မှာ အထူးရှင်းရန် မလိုတော့ပါ၊ ကြောင်ပန်းဝါဒအရ သက္ကာယဒိဋ္ဌိရှိလျှင် ဗုဒ္ဓဘာသာမဖြစ်ပဲ သက္ကာယဒိဋ္ဌိမရှိ-သက္ကာယဒိဋ္ဌိ ကင်းပြတ်မှသာလျှင် ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆိုလိုကြောင်း ထင်ရှား နေပါသည် ဘုရား။

ထိုသို့ ဆရာကဆိုသည်ကို စာပည့် ဦးဘိုဆိုသူက သူ့စာအုပ်၌ ထပ်မံရှင်းလင်းပြတ်သားစွာ ရေးသားလိုက်ပုံကို ကြည့်လျှင်လည်း ကြောင်ပန်းဝါဒ၏ သရဏဂုံတည် မတည်ကို ပိုမိုရှိ နားလည်သဘောပေါက်စရာ ဖြစ်ပါသည် ဘုရား။

(ခ) မေး — ဘယ်လိုပုဂ္ဂိုလ်ကို သရဏဂုံတည်တဲ့ ပုဂ္ဂိုလ် ခေါ်ပါသလဲ။

ဖြေ — ပရမတ္ထရုပ်,နာမ်နှစ်ပါး၊ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာကို ပိုင်းခြားရှု သိသဖြင့် သက္ကာယဒိဋ္ဌိပြုတ် ကျွတ်လွတ်သောသူကိုသာ သရဏဂုံတည်သောသူလို့ ဆိုရပါသည်။

(ဦးဘိုရေး – ခြောက် စောင်တွဲ ကောက်နုတ်ချက်၊ သစ္စာသုံးလီ လင်းဇော်ခြည်ကျမ်း–နှာ–၇၃)

ထို့ကြောင့် ကြောင်ပန်းဝါဒသည် ဗုဒ္ဓအလိုတော်ကျ မကျမှာ အထူးစစ်ဆေးရန်မင် မလိုတော့ပါ၊ ဗုဒ္ဓဘာသာဖြစ်ခြင်းနှင့် သရဏဂုံတည်ခြင်းကိုပင် လို သလို ဆဲယူတတ်သည့် (အတ္တနောမတိ)မိမိအလို မိမိအယူအဆကိုသာ ဦးစား ပေးသည့် ဝါဒသာဖြစ်ပါသည်၊ ဗုဒ္ဓဘာသာဖြစ်မဖြစ် ပြဿနာနှင့် သရဏဂုံ တည် မတည်ပြဿနာကို စာလာပေလာ ဒေသနာ၏ ပဂ္ဂလဇ္ဈာသယ ဝေနေယျ-ဇ္ဈာသယကို လိုက်၍ ဟောပြောထားသော တိုင်းထွာရမည့် ဒေသနာဉာဏ်တော် ဖြင့် မတိုင်းထွာပဲ မိမိတို့၏ စာလွတ် ပေလွတ် ကဗျာလွတ် ကြံမိကြံရာ အတ္တ-နောမတိ ဖြင့်သာ သူတို့လိုချင် သလို တိုင်းထွာခြင်းဖြင့် ဒေသနာတော်လမ်း စဉ်မှ သွေဖည်သွားပါသည် ဘုရား။

နိဒ်ဒေသတော် သီးခြား ဝိနည်းဓိုရ် ဆရာတော် ဇာရှင်မြတ်တို့ဘုရား –

ဝေဟာရဗေဒအရ ဗုဒ္ဓဘာသာဟူသော ဝေဟာရသည် မြန်မာနိုင်ငံ၏ အသုံးအနှုန်း ဝေဟာရသာ ဖြစ်ပါသည်၊ ဗုဒ္ဓဘာသာဟူသော ဝေဟာရကို

http://www.dhammadownload.com

ပါဠိပိဋကစာပေ၌ မတွေ့ဘူးပါ၊ သို့သော် ဘာသာခြားဖြစ်သော ခရစ်ယာန်+အစ္စလာမ်+ဟိန္ဒူစသည့် အယူဝါဒရှိသူများ ပေါ်ပေါက်လာသောအခါ အယူအဆ ကိုးကွယ်မှုချင်း မတူသဖြင့် အယူတူသူများကို စုရှိ "သူ့ဘာသာ ကိုယ့်ဘာသာ"ဆိုပြီး ပေါ်ပေါက်လာသည်ဟု ထင်မြင်ယူဆရပါသည်၊ ယုံကြည်ကိုးကွယ်မှုအလိုက် သူ့အုပ်စု ကိုယ့်အုပ်စု (သို့မဟုတ်)ဗုဒ္ဓကို ကိုးကွယ်သူအုပ်စု၊ ခရစ်ယာန်ကို ကိုးကွယ်သူအုပ်စု၊ မဟာမဒ်ကို ကိုးကွယ်သူအုပ်စုဟု ခွဲခြားသတ်မှတ် ခေါ်ဝေါ်ရာမှ ဗုဒ္ဓဘာသာဟူသော ဝေါဟာရ ပေါ်လာသည်ဟု ယူဆရပါသည်၊ ဘာသာဟူသော ဝေါဟာရနှင့်ပတ်သက်၍ ကမ္ဘာ့စာပေ ပညာရှင် မြန်မာ့စာပေ ပညာရှင် ပါဠိစာပေပညာရှင်တို့သည် အယူအဆ အမျိုးမျိုးဖြင့် ဒေသဆိုင်ရာသမိုင်းများ စာပေများကို အထောက်အထား အကိုးပြုကာ ရေးသားပြောဆိုကြပါသော်လည်း တိကျသည့် အဖြေကို မရသေးပါ၊ သို့သော် ဗုဒ္ဓနှင့်ဘာသာကို တဲ့ရှိ ဗုဒ္ဓဘာသာဟူသော "ဝေါဟာရ"သည် မြန်မာပြည်ဖွား ပါဠိစကားသာဖြစ်ကြောင်းမူ ထင်ရှားပါသည်၊ ဗုဒ္ဓဘာသာဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို "ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သူ"ဟု လူတိုင်းနားလည်သဘောပေါက်လျက် ရှိကြပါသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဖြစ်-မဖြစ် ဆိုသည့် စကားနှင့် ပတ်သက်၍ ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သူ၏ လိုအပ်သည့် အချက်အလက်များကို ပါဠိပိဋကတ်စာပေများ၌ စိစစ်ကြည့်လျှင် ပေါ်လွင်လာပါမည်၊ သို့မှသာ "ဗုဒ္ဓဘာသာ"ဟူသည့် ဝေါဟာရ၏အဓိပ္ပါယ်လည်း ရှင်းလင်းသွားပါမည်ဘုရား။

ဗုဒ္ဓဘာသာဟူသော ဝေါဟာရနှင့်တူညီသောပိဋကတ်ပါဠိစာပေအသုံးအနှုန်းမှာ ဥပါသက=(ရတနာသုံးပါးဆည်းကပ်သူ) ဟူသော ဝေါဟာရပင် ဖြစ်ပါသည်၊ ပါဠိစာပေအသုံးအနှုန်းဖြစ်သော ဥပါသက=ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူဟူသော အသုံးအနှုန်းနှင့် မြန်မာပြည်ဖွား ပါဠိစကားဖြစ်သော ဗုဒ္ဓဘာသာ=ဗုဒ္ဓကို ကိုးကွယ် ဆည်းကပ်သူဟူသော ဝေါဟာရ အသုံးအနှုန်းတို့မှာ စကားလုံးသာ ခြားနား၍ အဓိပ္ပါယ်အားဖြင့် တူညီပါသည်။

ဥပါသကဟူသော ဝေါဟာရအသုံးအနှုန်းကို ဗုဒ္ဓလက်ထက်တော် ကာလက ပင် သရဏဂုံတည်ခန်းများ၌ အမြောက်အမြား တွေ့ရပါသည်၊ ထိုတွင် ရှေးအကျဆုံးနှင့် အထင်ရှားဆုံးမှာ တပုဿဲနှင့် ဘလ္လိက ညီနောင်တို့၏ သရဏဂုံတည်ခန်း ဖြစ်ပါသည်၊ ဥက္ကလာသား တပုဿနှင့် ဘလ္လိက ညီနောင်တို့သည် ဘုရားရှင်နှင့် တွေ့ဆုံကာ ပထမဦးဆုံး သရဏဂုံတည်သူများဖြစ်ကြောင်း ဗုဒ္ဓဘာသာ လောကတွင် ထင်ရှားခဲ့ပါသည်၊ ထိုဥက္ကလာသား ညီနောင်တို့ ဘုရားရှင်နှင့် တွေ့ဆုံစဉ် အချိန်ကာလသည် ဘုရားရှင်၏ ရှေးဦးတရားဖြစ်သော "ဓမ္မစက္ကပ္ပဝတ္တန"သုတ်တော်ကိုပင် မဟောရသေးပါ၊ ဘုရားရှင်သည် ဗောဓိပင်

http://www.dhammadownload.com

နှင့် ရွှေပလွင်ကို အောင်မြင်တော်မူပြီးနောက် ဗောဓိပင်ခြေ ပလ္လင်ပေါ်၌ ထိုင်နေတော်မူခြင်း (၇)ရက်=ပလ္လင်သတ္တာဟာ၊ ဗောဓိပင်နှင့် ရွှေပလွင်ကို မမှိတ်မသုံ ကြည့်တော်မူခြင်း (၇) ရက်=အနိမိသ သတ္တာဟာ၊ ရွှေပလွင်နှင့် ရပ်တော်မူရာ နေရာကြား စင်္ကြံသွားတော်မူခြင်း (၇) ရက်=ရတနာစင်္ကမ သတ္တာဟာ၊ နတ်တို့ဖန်ဆင်းအပ်သော ရွှေစံအိမ်တော်၌ အနန္တနယ ပဋ္ဌာန်း ကျမ်းကြီးကို ဆင်ခြင်တော်မူခြင်း (၇)ရက်=ရတနာဃရသတ္တာဟာ၊ ထိုမှ ဆိတ်ကျောင်းသားတို့ ပန်းဖြေရိပ်သာ ဆိတ်ကျောင်း ညောင်ပင်၌ (၇)ရက်= အဇပါလသတ္တာဟာ၊ ထိုမှ မုစလိန္ဒာအိုင်ရှိ မုစလိန္ဒာ နဂါးမင်း၏ ပါးပျဉ်းအိမ် အတွင်း၌ (၇)ရက်=မုစလိန္ဒသတ္တာဟာ၊ ထိုမှ လင်းလွန်းပင်ရင်း၌ (၇)ရက် ရာဇာယတနသတ္တာဟာအားဖြင့် သတ္တာဟာ ၇-ရက် ၇-လီ (၄၉) ရက်တာမျှ သီတင်းသုံးတော်မူခဲ့ပါသည်၊ ယင်းသို့ (၄၉)ရက် ပြည့်မြောက်တော်မူ၍ ဘုရား ရှင်သည် သမာပတ်မှ ထတော်မူသော နေ့၌ပင်လျှင် ဥက္ကလာသား တပုဿနှင့် ဘလ္လိကတို့ ရောက်လာကြ၍ မုန့်ဆွမ်း ကပ်တော်မူကြပြီးလျှင် – (ဝိနယ-မဟာဝဂ္ဂ-၄၊နှာ-၂၃၈-၂၄၁)။

> 'ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ မမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု၊ အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ' (ဝိနယမဟာ-ဝဂ္ဂပါဠိ။နှာ-၅)

"အရှင်ဘုရား ထိုတပည့်တော်တို့သည် မြတ်စွာဘုရားရှင်ကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ (ကိုးကွယ်ပါ၏) မြတ်စွာဘုရားသည် တပည့်တော်တို့ကို ယနေ့မှစ၍ အသက်ရှည်သမျှ ကာလ ပတ်လုံး ကိုးကွယ်ရာဟု ဆည်းကပ်ကြ (သရဏဂုံတည်ကြ)သော ဥပါသကာတို့ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ထားကာ ဒွေဝါစိက သရဏဂုံ ဆောက်တည် ပြီး ဥပါသကာ=ဘုရား, တရားကို ဆည်းကပ်သူ ဗုဒ္ဓဘာသာအဖြစ်သို့ ရောက် ကြောင်း ဟောကြားတော်မူပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဟူသော မြန်မာပြည်ဖွား ပါဠိစကားနှင့် ပိဋကပါဠိစာပေစကား 'ဥပါသကာ'တို့သည် အဓိပ္ပါယ်သဘောတရားချင်း အတူတူပင် ဖြစ်ပါသည်၊ ဥပါသကာ=ရတနာသုံးပါးဆည်းကပ်သူဟူသော ဝေါဟာရသည် လည်း ဘုရားရှင် ပွင့်တော်မူမှသာ ပေါ်လာသော ဝေါဟာရ ဖြစ်ပါသည်၊ ဘုရားရှင် မပွင့်လျှင် ပေါ်ပုံမရပါ၊ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာ ပြန်လည် ဟောကြားတော်မူသော ရွှေဖြစ်ဟောင်း အောက်မေ့ဖွယ် ဇာတ် နိပါတ် ဝတ္ထုတို့တွင် သာသနာပ ကာလဖြစ်စဉ်များ၌ သုံးနှုန်းထားကြောင်း မတွေ့ရသောကြောင့် ဘုရားရှင် ပွင့်မှပေါ်သော ဝေါဟာရဟု ဆိုရခြင်း ဖြစ်ပါ၏

http://www.dhammadownload.com

သည်၊ ဗုဒ္ဓပွင့်တော်မူပြီး နောက်ပိုင်း ယခုခေတ် ပေါ်ပေါက်နေကြသော ကိုးကွယ်ခံ ဘာသာအသီးသီး၌လည်းကောင်း၊ ဗုဒ္ဓနှင့် စင်ပြိုင်မှင့်ကြ၍ ဗုဒ္ဓအမည်ခံ ကိုးကွယ်ခံ ဆရာကြီးများ၏ ဘာသာအသီးသီး၌လည်းကောင်း ဥပါသကဟူသော ဝေါဟာရကို မတွေ့ရှိခဲ့ရသဖြင့် ဥပါသကဟူသော ဝေါဟာရသည် ဗုဒ္ဓဘာသာ၏ မူပိုင်စကားလုံးဟု ဆိုရမည် ဖြစ်ပါသည်၊ ဥပါသကဟူသော ဝေါဟာရသည် ဗုဒ္ဓပွင့်တော်မူပြီး (၄၉) ရက်မြောက်မှစ၍ပေါ် ပေါက်လာခဲ့ကြောင်း ဖော်ပြပါ ဥက္ကလာသား တပုဿန္နင့် ဘလ္လိကညီနောင် ဝတ္ထုအရ ထင်ရှားပါသည်။

ထို့ကြောင့် ဥပါသကာဖြစ်လျှင် ဗုဒ္ဓဘာသာဖြစ်သည် သရဏဂုံ တည်သည်၊ ဥပါသကာ မဖြစ်လျှင် ဗုဒ္ဓဘာသာမဖြစ် သရဏဂုံမတည်ဟု ယူဆရပါမည်။ ဥပါသကာဟူသည်—

> "ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ။ တ္တောဝတာ ခေါ မဟာနာမ ဥပါသကော ဟောတိ"။
>
> (သံ၊၃၊၃၄၄)

"မဟာနာမ်....အကြင်ကြောင့် ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ မဟာနာမ်(ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း)မျှလောက်ဖြင့်ပင် ဥပါသကာ ဖြစ်၏"ဟု ဘုရားရှင် ဟောကြားတော်မူသောကြောင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူသည် ဥပါသကာအဖြစ် ရောက်ပါသည်။

ထို့ပြင်—

> "ကော ဥပါသကောတိ ယော'ကောစိ သရဏံ ဂတော ဂဟဋ္ဌော"
>
> (ဒီ၊၃၊၁၊၂၀၉)

"ကော့ ဥပါသကော (ဥပါသကာဆိုသည် အဘယ်နည်း)ဟူသည်ကား—

အမှတ်မရှိ တစုံတယောက်သော ရတနာသုံးပါးကို ကိုးကွယ်ရာဟု ဆည်းကပ်သော လူပုဂ္ဂိုလ်တည်း"ဟု ဖွင့်ဆိုထားသဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လျှင်ပင် ဥပါသကဗုဒ္ဓဘာသာဝင် ဖြစ်သွားပါသည်၊ ထို့တွင် ဂဟဋ္ဌလူပုဂ္ဂိုလ်ဟု ဆိုသဖြင့် (ရှင်+ရဟန်း)တို့သည် ပဗ္ဗဇိတ ရှင်ရဟန်းဖြစ်၍ ဥပါသက်-၌ မပါဝင်တော့ပါ၊ ဥပါသကာခေါ် ရကြောင်း အကြောင်းပြချက်ကိုမူ—

http://www.dhammadownload.com

"ကသ္မာ ဥပါသကောတိ ရစာနတ္တယဿ ဥပါသနတော။
သော ဟိ ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော၊ တထာ ဓမ္မံ သံဃံ"

(ဒီ၊ဋ္ဌ၊၁၊၂၀၉)

ကသ္မာ ဥပါသကောတိ=အဘယ့်ကြောင့် ဥပါသကာ ခေါ်သနည်း ဟူသည်ကား ရတနာသုံးပါးအား ဆည်းကပ်တတ်သောကြောင့် ဥပါသကာ ခေါ်ရပါ၏သည်၊ ထို့အတူ တရားကို ဆည်းကပ် သံဃာကို ဆည်းကပ်တတ်သောကြောင့် ဥပါသကာ ခေါ်ရပါသည်ဟု ဥပါသကာဖြစ်ရခြင်း အကြောင်းကို ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ ဖြစ်-မဖြစ် သရဏကုံ တည်-မတည်မှာ သက္ကာယဒိဋ္ဌိရှိ-မရှိ သစ္စာလေးပါး ရှုပ်နာမ်တရား သိ-မသိနှင့် မဆိုင်ကြောင်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းနှင့်သာ ဆိုင်၍ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူမှန်လျှင် ဥပါသက=ဗုဒ္ဓဘာသာဖြစ်ကြောင်း ထင်ရှားပါပြီဘုရား။

သရဏကုံနှင့် ပတ်သက်၍—

"တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတဝိဒ္ဓံသိတကိလေသော - တပ္ပရာယ-
ဏတာကာရပ္ပဝတ္တော အပရပ္ပစ္စယော ဝါ စိတ္တုပ္ပါဒေါ သရဏဂမနံ၊ တံ
သမဒိသတ္တော တံ သရဏံ ဂစ္ဆတိ"။

ဒီ၊ဋ္ဌ၊၁၊၂၀၆။ ခုဒ္ဒ၊၆။ အံ ဋ္ဌ-၂-၁၆။

ထို (ရတနာသုံးပါးကို) ကြည်ညိုခြင်း လေးစားခြင်းတို့ဖြင့် ပတ်သက်အပ် (ကင်းပြီး)သော ကိလေသာရှိသော ထို (ရတနာသုံးပါး) တို့လျှင် လည်းလျှောင်းရာ အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် သရဏကုံ မည်၏၊ ထိုစိတ္တုပ္ပါဒ်နှင့် ပြည့်စုံသော သက္တဝါသည် ကိုးကွယ်ခြင်းသို့ ရောက်၏ဟု ဖွင့်ပြသဖြင့် သစ္စာလေးပါး ရှုပ်နာမ်နှစ်ပါး ပိုင်းခြားသိ၍ သက္ကာယဒိဋ္ဌိပြုတ်မှ သရဏကုံတည်သည်ဟူသော ကြောင်ပန်းဝါဒသည် ဘုရားအလိုတော်နှင့် မကိုက်ညီပါ။

ထပ်မံ၍ အဋ္ဌကထာဆရာက—

"ဝုတ္တပ္ပကာရေန စိတ္တုပ္ပါဒေန တောနိ မေ တိဏိ ရတနာနိ သရဏံ၊
တောနိ ပရာယဏန္တိ ဧဝံ ဥပေတိတိ အတ္ထော။

(ဒီ-ဋ္ဌ-၁၊၂၀၆။ အံ-ဋ္ဌ-၂-၁၇။)

ဆိုခဲ့ပြီးသော(ရတနာသုံးပါးကို ကြည်ညိုလေးစားခြင်း ဟူသော) စိတ္တုပ္ပါဒ်ဖြင့် ဤရတနာသုံးပါးတို့သည် ငါ၏ ကိုးကွယ်ရာတည်း၊ ဤရတနာသုံးပါး

http://www.dhammadownload.com

တို့သည် ငါ၏ လည်းလျောင်း မှိုခိုရာတည်းဟု ဤသို့ ဆည်းကပ်သည်ဟူသော အနက် (သဘောအဓိပ္ပာယ်)ကို သိအပ်၏ဟု ဆက်လက်ဖွင့်ဆိုသဖြင့် ရတနာသုံးပါးတို့ကို ကြည်ညိုလေးစားသော စိတ်သည်သာ အဓိကဖြစ်ပါသည်၊ သက္ကာယဒိဋ္ဌိပြုတ်, ရှပ် နာမ် သစ္စာလေးပါးသိမှုနှင့် သရဏကုံ တည် မတည် ပြဿနာမှာ မပတ်သက်ပါ။

ထိုတွင် တပ္ပသာဒ-ထိုရတနာသုံးပါးကို ကြည်ညိုခြင်းဟူသော စကားဖြင့် လောကီသရဏကုံ၊ တဂ္ဂရုတာ=ထိုရတနာသုံးပါးကို လေးစား (အလေးအနက် တန်ဖိုးထား)ခြင်း ဟူသော စကားဖြင့် လောကုတ္တရာသရဏကုံ ဆိုလိုကြောင်းကို ပြလိုသဖြင့် အဋ္ဌကထာဆရာသည် သရဏကုံ နှစ်မျိုးကို ထပ်မံဖွင့်ပြပါသည်။

သရဏကုံသည် (၁) လောကုတ္တရာသရဏကုံ
(၂) လောကီသရဏကုံ-ဟု နှစ်မျိုးအပြားရှိပါသည်၊

ထိုနှစ်မျိုးတို့၏ အဓိပ္ပာယ်အရကောက်ကိုလည်း—

> "တတ္ထ လောကုတ္တရံ ဒီဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတ္ဝာ ကိစ္စတော သကလေပိ ရတနတ္တယေ ဣစ္ဆတိ"
>
> (ဒီ-ဋ္ဌ-၁-၂၀၆။ အံ-ဋ္ဌ-၂-၁၇။)

ထိုသရဏကုံနှစ်မျိုးတွင် လောကုတ္တရာသရဏကုံသည် သစ္စာမြင်သိကြကုန်သော (သောတာပန် စသော အရိယာ)ပုဂ္ဂိုလ်ထို့အား မဂ်ခဏ၌ သရဏကုံညစ် နွမ်းခြင်း၏ အကြောင်းတို့ကို သမုစ္ဆေဒ ပဟာန (မဂ်သတ္တိ)ဖြင့် ပယ်ဖြတ်ခြင်း အာရုံအားဖြင့်နိဗ္ဗာန်ကိုအာရုံပြု၍ကိစ္စအားဖြင့်ရတနာသုံးပါးလုံး(လုံးဝအပြည့်အစုံ)၌ သက်ဝင်ယုံကြည်ခြင်း ပြည့်စုံ၏ဟု ဖွင့်ပြပါသည်။

ထို့ပြင် လောကီသရဏကုံအတွက်မူ—

> 'လောကိယံ ပုထုဇ္ဇနာနံ သရဏဂမနုပက္ကိလေသဝိက္ခမ္ဘနေန အာရမ္မဏတော ဗုဒ္ဓါဒိဂုဏာရမ္မဏံ ဟုတ္ဝာ ဣစ္ဆတိ။ တံ အတ္ထတော ဗုဒ္ဓါဒိသု ဝတ္ထုသု သဒ္ဓါပဋိလာဘော သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ ဒသ ပုညကိရိယာဝတ္ထုသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ (ဒီ-ဋ္ဌ-၁-၂၀၆။ အံ-ဋ္ဌ-၂-၁၇။)

လောကီသရဏကုံသည် ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့အား သရဏကုံညစ်နွမ်းခြင်း၏ အကြောင်းတို့ကို ဝိက္ခမ္ဘနအားဖြင့် ပယ်ခွာ၍ အာရုံအားဖြင့် ဘုရား, တရား, သံဃာဂုဏ်ကို အာရုံပြု၍ (သရဏကုံ)ပြည့်စုံ၏။ ထိုလောကီသရဏကုံသည် အနက်

http://www.dhammadownload.com

အဓိပ္ပါယ်သဘောအားဖြင့် ဘုရားစသော ဝတ္ထုတို့၌ ကြည်ညိုခြင်း သဒ္ဓါတရား ကို ရ၏၊ ကြည်ညိုခြင်း သဒ္ဓါအရင်းခံရှိသော သမ္မာဒိဋ္ဌိသည် ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့၌ အယူဖြောင့်မတ်ခြင်း ဒိဋ္ဌိဇုကမ္မဖြစ်၏ဟု ဖွင့်ပြပါသည်။

ထိုအဋ္ဌကထာစကားများအရ သစ္စာလေးပါး ရှပ် နာမ်နှစ်ပါး သက္ကာယဒိဋ္ဌိ ပြုတ်မှ သရဏဂုံတည်သည်မဟုတ်ကြောင်း ထင်ရှားပါသည်။

သစ္စာမြင်သိပြီးသော(အရိယာပုဂ္ဂိုလ်တို့၏ သရဏဂုံတည်ခြင်းသည်၊ မဂ်ဉာဏ် ရလိုက်သည်နှင့် နိဗ္ဗာန်ကို မျက်မှောက်အာရုံပြုသည်နှင့်တပြိုင်နက် သရဏဂုံ ပျက်ရာပျက်ကြောင်း ညှိုးနွမ်းရာ ညှိုးနွမ်းကြောင်း အညစ်အကြေးတို့ကို သမုစ္ဆေဒအားဖြင့် အမြစ်ပြတ် ရှင်းလင်းလိုက်ပါသည်၊ ထို့သို့ သမုစ္ဆေဒ အားဖြင့် ဥပက္ကိလေသ=သရဏဂုံညစ်နွမ်းကြောင်းတို့ကို ပယ်သတ်သည်နှင့်အမျှ ရတနာသုံးပါးအပေါ်၌ မမှိတ်မသုံ ပြည့်ပြည့်စုံစုံ ခြင်းချက်မရှိ ကြည်ညိုခြင်း, ယုံကြည်ခြင်း=အဝေစ္ဆပ္ပသန္နဖြစ်ပြီးလျှင် သရဏဂုံတည်သွားပါသည်၊ ထိုကိစ္စမှာ သောတာပန်စသော အရိယာတို့၏ သရဏဂုံဖြစ်၍ လောကုတ္တရာသရဏဂုံဖြစ် ပါသည်၊ ထိုလောကုတ္တရာသရဏဂုံသည် ဘယ်သောအခါမျှ မပျက်သော ကြောင့် ဘဝကူးပြီးနောက်လည်း ဗုဒ္ဓမြတ်စွာမုခ်၍ အခြားသောပုဂ္ဂိုလ်ကို ဆရာ အဖြစ် မည်သူမျှပြတော့ပဲ ဗုဒ္ဓမှဗုဒ္ဓဟု နှစ်နှစ်ခြိုက်ခြိုက် အသည်းခိုက်ကာ ယုံကြည် ပါသည်။ (ဘဗဋ္ဌရေပိ ဟိ အရိယသာဝကော အညံသတ္ထာရံ န ဥဒ္ဒိသတိတိ)

(ဒီ-ဋ-၁-၂၀၉။ အံ-ဋ-၂-၂၀။ သာရတ္ထ-ဋီ-၁-၄၂၁။)

ထိုလောကီသရဏဂုံတည်သူသာ သရဏဂုံတည်သူ မဟုတ်သေးပါ၊ လောက တွင် အရိယာပုဂ္ဂိုလ်ချည်းဖြစ်စေ အရိယာဖြစ်မည့်သူချည်းဖြစ်စေ မရှိနိုင်ပါ၊ ပုဂ္ဂိုလ်ဟူသည်ကို မြတ်စွာဘုရားရှင်က (၁၂)မျိုးပင်ရှိကြောင်း ဟောကြား ခဲ့ပါသည်၊ ထိုတွင် အရိယာပုဂ္ဂိုလ်(၈)ယောက်ရှိသကဲ့သို့ အရိယာမဟုတ်သော ပုထုဇဉ်(၄)ယောက် ရှိကြောင်းလည်း ဟောကြားပါသည်၊ပုထုဇဉ်လေးယောက် တွင် အရိယာဖြစ်နိုင်သော ပုထုဇဉ်မှာ တိဟိတ်ပုထုဇဉ် (၁) ယောက်သာရှိ၍ ကျန် (၃) ယောက်မှာ ဤဘဝတွင်မဂ်ဉာဏ်မရနိုင်၍ အရိယာမဖြစ်နိုင်ပါ၊ သို့ဖြင့် ကြောင်ပန်းဝါဒအလိုအရမူ ၎င်းပုထုဇဉ်(၃)ယောက်သည် သာသနာတော်နှင့် တွေ့သော်လည်း သရဏဂုံမတည်၍ ဗုဒ္ဓဘာသာမဖြစ် နိုင်တော့ပြီလောဟု စဉ်းစား စရာဖြစ်ပါသည်။

ထို့ကြောင့် သာမန်ပုထုဇဉ်တို့လည်း သရဏဂုံတည်နိုင်သည့်အတွက် သရ-ဏဂုံတည်ရာမှစ၍ ကျင့်စဉ်သိက္ခာများ အဆင့်ဆင့်ရကာ ဘဝသမ္ပတ္တိ ဘောဂ-သမ္ပတ္တိတို့မှစ၍ ဘဝအဆင့်ဆင့်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့်ပုဏ္ဍဥ်ပုဂ္ဂိုလ်တို့လည်း(ရွပ်,နာမ်ခန္ဓာပါး သစ္စာလေးပါးမသိမမြင်၊ သက္ကာယဒိဋ္ဌိမပြုတ်သေးသော်လည်း)သရဏဂုံတည်နိုင်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါးတို့၏ဂုဏ်ကိုယုံကြည်မှု ကိုးကွယ်ဆည်းကပ်မှုဖြစ်လျှင် လောကီသရဏဂုံတည်နိုင်ပါသည်၊ ထိုလောကီ သရဏဂုံအမျိုးအစားမျာ်းကို အဋ္ဌကထာဆရာက–

၁။ ရတနာသုံးပါးအား မိမိကိုယ်ကိုစွန့်လွှတ်လျှူဒါန်းခြင်းဖြင့် ဆည်းကပ်သော= အတ္တသန္နိယျာတန သရဏဂုံ၊

၂။ ရတနာသုံးပါးသည်သာ လည်းလျော်းမှီခိုရာဟု အားကိုးယုံကြည်ခြင်းဖြင့်ဆည်းကပ်သော တပ္ပရာယဏ သရဏဂုံ၊

၃။ ရတနာသုံးပါး၏ တပည့်အဖြစ်ခံယူခြင်းဖြင့် ဆည်းကပ်သော သိဿ-ဘာဝူပဂမန သရဏဂုံ၊

၄။ ရတနာသုံးပါးတို့၌ ရှိခိုးမြတ်နိုး ရိုသေခြင်းဖြင့် ဆည်းကပ်သော ပဏိပါတ သရဏဂုံ (ဒီ-ဋ္ဌ-၁-၂၀၆။ ခု-ဋ္ဌ-၁၊၆-၇။ အံ-ဋ္ဌ-၂-၁၈။ သာရတ္ထဋီ-၁-၄၁၇)ဟု လေးမျိုးရှိကြောင်းဖွင့်ပြပါသည်။ ဤ(၄)မျိုးတွင် တမျိုးမျိုးကိုပြုလုပ်ခြင်းဖြင့်(ပြုလုပ်သူသည်)သရဏဂုံကိုယူပြီးဖြစ်သည်ဟု အဋ္ဌကထာဆရာက ဆက်လက်ဖွင့်ပြပါသည်။

"ဣမေသဉ္ဉိ စတုန္နံ အာကာရာနံ အညတရမ္ပိ ကရောန္တေန ဂဟိတံယေဝ ဟောတိ သရဏံ" (သီ-ဋ္ဌ-၁-၂၀၆။ အံ-ဋ္ဌ-၂-၁၈။သာရတ္ထဋီ-၁-၄၁၇၊)

= ရတနာသုံးပါးတို့၌ ရှိခိုးရိုသေခြင်းဖြင့် ဆည်းကပ်သော ပဏိပါတ သရဏဂုံသည်—

(က) ဆေးမျိုးဟူ၍ရိုသေရှိခိုးခြင်း= (သာကိယ ကောလိယတို့ကဲ့သို့ ရှိခိုးခြင်းမျိုး)

(ခ) ကြောက်၍ ရိုသေရှိခိုးခြင်း(ရဟန်းဂေါတမသည်မင်းကိုးကွယ်သဖြင့် ရှိမခိုးလျှင် ငါ့ကိုအရေးယူခံရမည်ဟု ကြောက်၍ရှိခိုးခြင်းမျိုး)

(ဂ) ဆရာဖြစ်ခဲ့ဖူး၍ ရှိခိုးခြင်း

(ဘုရားအလောင်းလက်ထက်က ပညာသင်ပေးဖူးသည်ကို အောက်မေ့သတိရ၍ဖြစ်စေ၊ ဗုဒ္ဓလက်ထက်တော်၌လည်း လောကီစီးပွားရေးကြီးပွားရေးအဆုံးအမကို သင်ယူဖူး၍ဖြစ်စေ "ငါ့ဆရာ" ဟု ရှိခိုးခြင်းမျိုး)

http://www.dhammadownload.com

(ဃ) လောကဌ် အမြတ်ဆုံးပုဂ္ဂိုလ်ဟူ၍ ရှိခိုးခြင်း လေးမျိုးတို့တွင် နောက်ဆုံး လောကဌ် အမြတ်ဆုံးပုဂ္ဂိုလ်ဟူ၍ ရှိခိုးခြင်း(ဒက္ခိဏေယျပဏိပါတ) သည်သာ သရဏဂုံတည်ကြောင်းကိုလည်း ဖွင့်ပြပါသည်။

"တတ္ထ ဒက္ခိဏေယျပဏိပါတေန သရဏဂမနံ ဟောတိ၊ နဂ္ဂတရေဟိ"

(ဒီ-ဋ္ဌ-၁-၂၀၇။ အံဋ္ဌ-၂-၁၈။)

ယော ပန အယံ လောကေ အဂ္ဂဒက္ခိဏေယျော ဝုဿတိ၊ တေနေဝ ဂဟိတံ ဟောတိ သရဏံ (ဒီ-ဋ္ဌ-၁-၂၀၇။ အံ-ဋ္ဌ-၂-၁၉။)

အကြင်ပုဂ္ဂိုလ်သည် "ဤမြတ်စွာဘုရားသည် လောကဌ်မြတ်သောအပူဇော်ကို ခံတော်မူထိုက်၏" ဟူသော(စိတ်ဖြင့်)ရှိခိုး၏၊ထိုရှိခိုးခြင်းသည်ပင်လျှင် သရဏဂုံယူခြင်းဖြစ်၏ ဟုဆိုသဖြင့် ဤသို့နှလုံးသွင်းကာ ရှိခိုးလိုက်လျှင်ပင် သရဏဂုံတည်ပြီးဖြစ်ပါတော့သည်၊ သစ္စာလေးပါး ချပ်နာမ်နှစ်ပါးသိရှိကာ သက္ကာယဒိဋ္ဌိပြုတ်မှ သရဏဂုံတည်သည်မဟုတ်ပါ။

ဤသို့သက္ကာယဒိဋ္ဌိမပြုတ် သစ္စာလေးပါးချပ်နာမ်နှစ်ပါးကို မသိသော်လည်း လောကီသရဏဂုံတည်ကာမျှဖြင့် ထူးခြားသော အကျိုးမျာ်း ရနိုင်ပါသည်။ ထို့ကြောင့်-

"လောကိယဿ ပန သရဏဂမနဿ ဘဝသမ္ပဒါပိ ဘောဂသမ္ပဒါပိ ဖလမေဝ"(ဒီ-ဋ္ဌ-၁-၂၀၇။ အံ-ဋ္ဌ-၂-၂၀)။)

လောကီသရဏဂုံတည်သူအား (သုဂတိဘဝသို့ ရောက်ခြင်း) ဘဝသမ္ပဒါ (လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခံစားရခြင်း) ဘောဂသမ္ပဒါတို့သည် လောကီသရဏဂုံ၏ အကျိုးပင်ဖြစ်၏။

"နဂေါ အဂ္ဂိဒတ္တ တောနိ သရဏံ ဂတော သဗ္ဗဒုက္ခာ ပမုစ္စတိ၊ ဗုဒ္ဓံ ဓမ္မံ သံဃံ ပန သရဏံ ဂန္ဆာ သကလဝဋ္ဋဒုက္ခာ ပမုစ္စတိ"။

(ဓမ္မပဒ-ဋ္ဌ-၂-၁၅၉။)

အဂ္ဂိဒတ္တပုဏ္ဏားကြီး ဤ(ရေ မြေ တော တောင်စသည်) ကိုးကွယ်ရာတို့ကို ကိုးကွယ်သူသည် ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်၊ ဘုရား တရား သံဃာ (ရတနာသုံးပါး)ကို ကိုးကွယ်ခြင်းကြောင့် အလုံးစုံသော ဝဋ်ဆင်းရဲမှ လွတ်မြောက်၏။

http://www.dhammadownload.com

"ယော စ ဂဟဋ္ဌော ဝါ ပဗ္ဗဇိတော ဝါ လ္ကတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ" အာဒိကံ ဗုဒ္ဓ ဓမ္မ သံဃာနုဿတိ ကမ္မဋ္ဌာနံ နိဿာယ သေဋ္ဌဝသေန ဗုဒ္ဓဋ္ဌ ဓမ္မဋ္ဌ သံဃဋ္ဌ သရဏံ ဂတော"(ဓမ္မ-ဋ္ဌ-၂-၁၆၀)

"အကြင်လူဖြစ်စေ ရဟန်းဖြစ်စေ 'လ္ကတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' စသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဓမ္မာနုဿတိကမ္မဋ္ဌာန်း သံဃာနုဿတိကမ္မဋ္ဌာန်းကိုမှီ၍ မြတ်သည်၏အစွမ်းဖြင့် ဘုရားကိုလည်းကောင်း တရားကိုလည်းကောင်း သံဃာကိုလည်းကောင်း ကိုးကွယ်ရာဟု ဆည်းကပ်၏။"

"အတ္တာနံ နိယျာတေတွာ ဒိန္နတ္တာ သရဏဂမနံ တတော မဟပ္ဖလတရံ"။

(အံ-ဋ္ဌ-၃-၂၇၂။)

မိမိကိုယ်ကိုအပ်နှင်း၍ လျှုအပ်သောကြောင့် (အတ္တသန္နိယျာတန)လောကီသရဏဂုံသည် ထို(ဝေလာမပုဏ္ဏားလျှုအပ်သော) အလျှုထက် အကျိုးကြီး၏။

"ယသ္မာ စ သရဏဂမနံ နာမ တိဏ္ဏရတနာနံ ဇီဝိတပရိစ္စာဂမယံ ပုညံ သဂ္ဂသမ္ပတ္တိံ ဒေတိ၊ တသ္မာ မဟပ္ဖလတရဏ္ဆ မဟာနိသံသတရဏ္ဆဝါတိ ဝေဒိတဗ္ဗံ" (ဒီ-ဋ္ဌ-၁-၂၅)

သရဏဂုံနာမ တိဏ္ဏံ ရတနာနံ ဇီဝိတပရိစ္စာဂမယံ ပုညံ သဗ္ဗသမ္ပတ္တိံ ဒေတိ၊ တသ္မာ မဟပ္ဖလတရန္တိ အဓိပ္ပါယော (အံ-ဋ္ဌ-၃-၂၈၈)

ရတနာသုံးပါးတို့အား အသက်ကိုစွန့်လှတ်လျှုဒါန်းခြင်းဖြင့်ပြီးသောကုသိုလ်ကောင်းမှုကဲ့ဟု ဆိုအပ်သော သရဏဂုံတည်ခြင်းမည်သည် နတ်ပြည်စည်းစိမ်ကိုလည်းကောင်း အလုံးစုံသော စည်းစိမ်ကိုလည်းကောင်း ပေး၏၊ ထို့ကြောင့် အကျိုးအာနိသင်ကြီးမြတ်၏။

"တတော စာတုဒ္ဒိသသံဃံ ဥဒ္ဒိဿ ဝိဟာရကရဏံ၊ တတော သရဏဂမနံ မဟပ္ဖလတရန္တိ၊ (သီ-ဋ္ဌ-သစ်-၂-၁၈၆။ သာရတ္ထ-ဋီ၊ ၁-၄၂၁။)

ဘုရားအလောင်း ဝေလာမပုဏ္ဏား၏အလျှုကိုဟောရာ၌ အဆင့်ဆင့်အကျိုးကြီးရာကြီးကြောင်းကိုပြဆိုရာ ၃-နှစ် ၃-လတိုင်တိုင်အလျှုရေစက် လက်နှင့် မကွာ လျှုဒါန်းသော ဘုရားလောင်း ဝေလာမပုဏ္ဏား၏ အလျှုဒါနထက် သောတာပန်ပုဂ္ဂိုလ်တဦးအား လျှုဒါန်းခြင်းကမြတ်၏(ထိုမှအဆင့်ဆင့် အရိယာ

http://www.dhammadownload.com

(ဂ)ယောက် ပစ္စေကဗုဒ္ဓါ- သမ္မာသမ္ဗုဒ္ဓတို့အား လှူခြင်းက သာ၍မြတ်သည်) ထိုထက် ဘုရားအမှူးပြုသောသံဃာ၊ ထိုထက် စာတုဒ္ဒိသာ သံဃာကို ရည်မှန်း၍ သံဃိကကျောင်းအလှူ၊ ထိုသို့သော အဆင့်ဆင့်အလှူဒါနထက် သရဏဂုံတည်ခြင်းက ပိုမိုရှိ၍ အကျိုးကြီးမြတ်၏။

"ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိ ံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(သံ-၁-၂၅၊ ဒီ-၂၊ ၂၀၄)

ဘုရားကိုးကွယ်ဆည်းကပ်သောသူသည် သေဆုံးကွယ်လွန်သောအခါ အပါယ်ဘုံသို့မရောက် နတ်ပြည်သို့သာ ရောက်သည်။

သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊ ဗုဒ္ဓ သရဏဂမန ဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဧကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ၊ တေ အညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ ဒိဗ္ဗေန အာယုနာ ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန သုခေန ဒိဗ္ဗေန ယသေန ဒိဗ္ဗေန အာဓိပတေယ္ယေန ဒိဗ္ဗေ ဟိ ရူပေဟိ ဒိဗ္ဗေဟိ သဒ္ဒေဟိ ဒိဗ္ဗေဟိ ဂန္ဓေဟိ ဒိဗ္ဗေဟိ ရသေဟိ ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ။

(သံ၊ ၂၊၄၆၇။)

သိကြားမင်း–ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် လောကဋ္ဌ သတ္တဝါအချို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်အခါမှာ နတ်ရွာသုဂတိလောကသို့ ကပ်ရောက်ကြကုန်၏၊ ထို့နတ်တို့သည် အသက် အဆင်း ချမ်းသာ အခြံအရံ ကျော်စော အစိုးရခြင်းနှင့် အာရုံငါးပါး ဟူသော အာဂုဒ္ဓာန (၁၀) မျိုး တို့ဌ အခြား နတ်တို့ထက်သာလွန်၏— စသည်တို့ဖြင့် သရဏဂုံတည်ခြင်း၏ အကျိုးတရားကို မြောက်မြားစွာ ဖွင့်ဆိုဟောကြားတော်မူပါသည်၊ ထို့ကြောင့် ဤမျှလောက် သရဏဂုံတည်ခြင်းသည်ပင် ဘုရားရှင်၏ တန်ခိုးတော် အနန္တ အရသာကို ခံစားရခြင်းနှင့် သာသနာတော်နှင့် တွေ့ရခြင်း၏ အကျိုးအမြတ်ပင် ဖြစ်ပါသည်။

ထိုသို့ သရဏဂုံတည်ရှိသည် သာမန်မျှမဟုတ်ပါ၊ သာသနာတော်ကို ကြည်ညိုလိုသူတိုင်းသည် သရဏဂုံကိုတနည်းနည်းဖြင့် ဆောက်တည်ရပါမည်၊ သရဏဂုံကို ဆောက်တည်လိုက်လျှင်ပင် သရဏဂုံ ပျက်ကြောင်းမျှားကို မပြုလုပ်သေးသမျှ သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင် ဖြစ်နေပါသည်၊ သရဏဂုံကို တကြိမ် ဆောက်တည်ပြီးလျှင် ထပ်မံဆောက်တည်ရန် မလိုတော့ပဲ သရဏဂုံ တည်နေသည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

သရဏံ ပန ကေတိက္ခဏ ဝါ သန္တိကေ သံဃဿ ဝါ ဂဏဿ ဝါ သကိံ ဂဟိတံ ဂဟိတ မေဝ ဟောတိ၊ နတ္ထိ တဿ ပုနပ္ပုနံ ကတ္တဗ္ဗတာ။ (ဒီ၊ဋ္ဌ၊၁၊၂၇၂။)

ရဟန်းတပါးထံ၌ ဖြစ်စေ သံဃာထံ ဂိုဏ်းထံ၌ ဖြစ်စေ သရဏဂုံကို တကြိမ်သာ ယူလိုက်လျှင် သရဏဂုံ တည်သည်၊ ထိုသရဏဂုံအတွက် ထပ်မံ ပြုလုပ် ဆောက်တည်ဖွယ် မလို၊ ထိုသို့ ကိစ္စနည်းသော်လည်း (အထက်က ဖော်ပြခဲ့ပြီးသည့် အတိုင်း) အကျိုးအမြတ်များမှာမူ မနှိုင်းယှဉ်သာအောင် ရရှိပါသည်၊ ထိုအကျိုးအမြတ်များ ရစေနိုင်သည့် သရဏဂုံသည် သက္ကာယဒိဋ္ဌိ ပြုတ် သစ္စာလေးပါး ရှုပ်နာမ်နှစ်ပါး သိမှသာ တည်သည်မဟုတ်၊ အသိဉာဏ် မရှိသေးသည့် ကလေးသူငယ်ပင် တည်နိုင်ပါသေးသည်။

တတ္ထ ပဌမေန ပဒေန မာတာဒီဟိ ဥဿာဟိတဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဂဟိတံ။ (သီ၊ဋ္ဌီ၊သစ်။၂၊၁၇၉)

သဒ္ဓါ ပဋိလာဘောတိ ဣမိနာ မာတာဒီဟိ ဥဿာဟိတဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တသရဏဂမနံ ဒဿိတန္တိ ဝေဒိတဗ္ဗံ။ (သာရတ္ထဋ္ဌီ၊၁၊၄၁၇)

သဒ္ဓါပဋိလာဘော (ဘုရား စသည်တို့၌ ကြည်ညိုမှုသဒ္ဓါကို ရ၏) ဟူသော ပုဒ်ဖြင့် မိခင် စသည်တို့သည် စေခိုင်း တိုက်တွန်းခြင်းဖြင့် (ဘုရားကိုရှိခိုးခြင်း စသည်ကို ပြုလုပ်သော) ကလေးငယ် စသည်တို့အား ဉာဏဝိပ္ပယုတ် သရဏဂုံကို ယူအပ်ပြီး ဖြစ်၏။

ဤနေရာတွင် ဟတ္ထကအာဠဝက မင်းသားကလေးကိုပင် ဥပမာ ပြပါမည်၊ ဟတ္ထကအာဠဝက မင်းသားကလေးကို ဘီလူးကြီးအာဠဝကသည် ဘုရားရှင်အား လှူခဲ့ရာမှ နောင်အချိန် ကြီးပြင်းသောအခါ မိဘများက "ဘုရားရှင်နှင့် ဘိက္ခု သံဃာ" အား ဆည်းကပ်ပါဟု တိုက်တွန်းစေလှတ်ရာမှ အနာဂါမ်ဖြစ်ကာ တေဒဂ်ဘွဲ့ကိုပင် ရရှိလေသည်။ (ယက္ခသံယုတ်၊ အာဠဝကသုတ်၊ဋ္ဌ။၃၀၈)

ထိုသို့ ကလေးသူငယ်တို့သည်ပင် မိခင်ဖခင်က တိုက်တွန်းကာမျှဖြင့် သရဏဂုံ တည်သည်ဟု ဆိုသော် မိဘရိုးရာအားဖြင့် ဖြစ်သော ရတနာသုံးပါး ကြည်ညိုဆည်းကပ်ခြင်းသည်လည်း သရဏဂုံတည်၍ ဗုဒ္ဓဘာသာ ဖြစ်ပါသည်၊ သရဏဂုံတည်ခြင်းသည် နိဗ္ဗာန်၏မုခ်ဦးဖြစ်၍ နိဗ္ဗာန်၏တံခါးကို ခေါက်လိုက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့်—

ဟေဋ္ဌိမကောဋိယာ တိသရဏံ ဂတော ဥပါသကောပိ သောတာပတ္တိ-ဖလသစ္ဆိကိရိယာယ ပဋိပန္နော နာမ။ (မ၊ဋ္ဌ၊၄။၂၂၃)

http://www.dhammadownload.com

အနိမ့်ဆုံးအားဖြင့် သရဏဂုံစာညွှန်းသော ဥပါသကာမျှသည်ပင်လျှင် သောတာပန်ဖိုလ်ကို မျက်မှောက်ပြုရန် (သောတာပန်ဖြစ်ရန်) အလို့ငှါ ကျင့်သူမည်၏။

သရဏဂုံတည်သော ဥပါသကာသည် သောတာပန် ဖြစ်ရန် အားထုတ်သူ ဖြစ်သည်ဟု ဆိုသဖြင့် ထိုပုဂ္ဂိုလ်၌ သက္ကာယဒိဋ္ဌိ မပြုတ်သေး၍ သရဏဂုံတည်ခြင်းသည်ပင် သစ္စာလေးပါး ရှုပ်နာမ်တရားသို့ သက္ကာယဒိဋ္ဌိပြုတ်ရန် အခြေခံအကြောင်းပင် ဖြစ်ပါသည်၊ သရဏဂုံမတည်လျှင်မူ သက္ကာယဒိဋ္ဌိပြုတ်ရန် အလွန်ဝေးပါသည်။

ထို့ကြောင့် ဘုရားရှင်သည် ဥပါသကာဟူသော ဗုဒ္ဓဘာသာနှစ်မျိုးရှိကြောင်း ဟောကြားတော်မူခဲ့ပါလျှင်၊ ယုတ်နိမ့်သော ဒွန်းစဏ္ဍားနှင့် တူသော စဏ္ဍာလ ဥပါသကာနှင့် မြင့်မြတ်၍ ပဒုမ္မာကြာနှင့် ဟူသော ပဒုမ ဥပါသကာဟု နှစ်မျိုးရှိ၍ ယင်းနှစ်မျိုးတို့ကို အောက်ပါ အရည်အချင်းအလိုက် ခွဲခြားရပါမည်၊

စဏ္ဍာလဥပါသကာ	ပဒုမဥပါသကာ
၁။ ရတနာသုံးပါးအား အလွန်မကြည်ညို၊	မမှိတ်မသုံ ကြည်ညို၊
၂။ ၅-ပါးသီလ မလုံခြုံ (သီလမရှိ)၊	လုံခြုံ (သီလရှိ)၊
၃။ အကြားအမြင်စသော လောကီမင်္ဂလာကို ပြုလုပ်လေ့ရှိခြင်း၊	လောကီမင်္ဂလာကို မပြုလုပ်ခြင်း၊
၄။ အကြားအမြင်စသော လောကီမင်္ဂလာကို ယုံ၍ ကံမယုံ၊	မင်္ဂလာကိုမယုံ၊ ကံကိုယုံ၊
၅။ သာသနာပဋိသာအလျှုခံရှာ၍ အလှူပေး၊	သာသနာတွင်းဋ္ဌသာ အလှူခံရှာ၍ အလှူပေး၊ (အံ၊ ၂၊ ၁၈၁။)

ဤသို့ မြတ်စွာဘုရားသည် ဥပါသကာ ဟူသော ဗုဒ္ဓဘာသာကို အညံ့စား နှင့် အမြတ်စား ခွဲခြားတော်မူသော်လည်း အညံ့စားဖြစ်သော စဏ္ဍာလ ဥပါသကာ အမျိုးအစားကို ဥပါသကာ မဖြစ်ဟူ၍လည်းကောင်း ငါ့ရန်သူဟူ၍ လည်းကောင်း ငါ၏သူပုန် ဟူ၍ လည်းကောင်း ဟောကြားတော်မမူပါ၊ မူနှိပါသည်–ဘုရားရှင်သည် ပုဂ္ဂိုလ်အသီးအသီး တို့၏ အတွင်းအဇ္ဈတ္တစိတ် စရိုက်ကို သိတော်မူသဖြင့် ပုဂ္ဂိုလ်အဆင့်ဆင့်ကို ခွဲခြားသတ်မှတ်၍ ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို တန်ဆာတန်ရာဖြင့် အပ်ရာသိပ်သည်း နားထွင်းနည်းသို့ တဖြည်းဖြည်း ချဉ်း ကပ်မတော်မူခဲ့ပါသည်၊ သတ္တဝါတိုင်းသည် အားလုံး ရဟန္တာချည်း

http://www.dhammadownload.com

မဖြစ်နိုင်သဖြင့် "ဉာဏ်နှင့်လူနွေ့ အနုအရင့်အလိုက်" အရိယာကိုပင် ဂ-မျိုး ဂ-စား ခွဲခြားတော်မူပါသည်၊ ထို့အတူ ပုထုဇဉ်ကိုလည်း အားလုံး သောတာပန် ဖြစ်နိုင်သည်ဟု မြင်တော်မမူသဖြင့် သရဏဂုံတည်ရုံလောက်ဖြင့် ပြီးရမည့်သူကို သရဏဂုံတည်ရုံလောက် ထို့မှတဆင့် ဘဝအဆင့်ဆင့်ကူးကာ (ဘဝသမ္ပတ္တိရရာမှ) ကျွတ်တမ်းဝင်နိုင်သည်ထိ အဆင့်ဆင့် အကျိုးအာနိသံသ နိဿန္ဒဖလတို့ကို မျှော်ကိုးရှု "သရဏဂုံတည်သူသည် သောတာပန်ဖြစ်ရန် ကျင့်သူပင်" ဟု သရဏဂုံ၏ အကျိုးတရားကို ဟောတော်မူခဲ့ပါသည်။

ပုဂ္ဂိုလ်တို့၏ စရိုက်ဆိုသည်မှာ အမျိုးမျိုးဖြစ်ပါသည်၊ ထို့ကြောင့် သတ္တဝါတိုင်း (သို့မဟုတ်) လူတိုင်း နိဗ္ဗာန်ကို တိုက်ရိုက်ရောက်ချင်သူချည်း မဆိုနိုင်ပါ၊ တဖြည်းဖြည်းလိုချင်သူနှင့် မြန်မြန်လိုချင်သူဟု ဆန္ဒအားလျော်စွာ ရှိကြပါသည်၊ ထိုထိုပုဂ္ဂိုလ်တို့၏ ဆန္ဒအားလျော်စွာ လိုရာအကျိုးတို့ကို ဖြည့်စွမ်းနိုင်သည်မှာ သရဏဂုံဟူသော ရတနာသုံးပါး၏ စွမ်းရည်ပင် ဖြစ်ပါသည်၊ ရတနာသုံးပါး ကိုးကွယ်သူအား "ရွေ့လိုချင်ရွေ့-ငွေ့လိုချင်ငွေ့" ဆိုသကဲ့သို့ လူနတ်ဗြဟ္မာဟူသော ဘဝသုခ သက်မှုည် ဆင်းလှစသော သမ္ပတ္တိသုခ ဒုက္ခပြတ်ငြိမ်းဝင်္ဂဇာတ်သိမ်းရာဖြစ်သော သန္တိသုခ ဤသုခချမ်းသာ(၃)မျိုးကို ပေးနိုင်သဖြင့် လိုရာသိဒ္ဓိကို ပြီးစီးစေနိုင်သော သရဏဂုံသာဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်တွင် ထင်ရှားသော သောဏဒဏ္ဍပုဏ္ဏားကြီးသည် ဓမ္မဒေသနာတော်ကို နာကြားပြီးနောက် တရားထူးတည်းဟူသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရပါ၊ ထိုသို့မရရုံမျှမက ဘုရား၊ရှင်နှင့်တွေ့လျှင် ဦးချရှိခိုးခြင်းကိုပင် မိမိစည်းစိမ် လာဘ်သပ်ပကာ လျော့ပါး-လူအများး ကဲ့ရဲ့မှာ ကြောက်သော ကြောင့် "ရှင်တော်ဂေါတမ ပရိသတ်ကြား၌ တပည့်တော်၏လက်အုပ်ချီခြင်းကို ခရီးဦးကြိုဆိုခြင်းဟုလည်းကောင်း ခေါင်းပေါင်း ချတ်လိုက်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးခြင်းဟုလည်းကောင်း တပည့်တော်သည် ယာဉ်ရထားပေါ်မှ သွားသော အခါ ရထားနှင့်တံကို ချခြင်းကို ထိုယာဉ်ပေါ်မှဆင်းသက်ခြင်းဟုလည်းကောင်း ယာဉ်ပေါ်မှထိုးကို ရွှမ်းသိမ်းလိုက်လျှင် အရှင်ဘုရားကို ရှိခိုးခြင်းဟုလည်း ကောင်း မှတ်တော်မူပါ" ဟု လျှောက်ထားသော သောဏဒဏ္ဍပုဏ္ဏားကြီး သည်ပင် သရဏဂုံတည်၍ ဥပါသကာဗုဒ္ဓဘာသာဖြစ်သွားကြောင်းကို—

> သောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။ ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ(ဒီ-၁။၁၁၇-၁၁၈)

"ရှင်ဘော်ဂေါတမကိုလည်းကောင်း တရားသံဃာကိုလည်းကောင်း ကိုးကွယ်ပါ၏၊ ရှင်တော်ဂေါတမသည် တပည့်တော်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ၊ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ပါသည်" ဟု ဟောကြားပါသည်။

http://www.dhammadownload.com

ဗုဒ္ဓလက်ထက်တော်က သက္ကာယဒိဋ္ဌိတန်းလန်းရှိကြသော အဇာတသတ်မင်း သောဏဒဏ္ဍပုဏ္ဏားစသော လူမျှားစွာတို့သည်ပင် သရဏဂုံတည်ရုံ ဥပါသကာ ဖြစ်ကြသေးကြောင်း အထောက်အထား များစွာရှိပါသည်ယနေ့မြန်မာနိုင်ငံ၌ ရှိကြသော ဗုဒ္ဓဘာသာဝင်တို့သည် မွေးသည်မှစ၍ သေသည်တိုင် (အင်္ဂတဂ္ဂေ ပါဏုပေတဲ) ရတနာသုံးပါးကို ရိုသေဒသာစိတ် ရှိသေသောအမူအရာ ရှိကြသဖြင့် အများစုမှာ သရဏဂုံတည်၍ ဥပါသကာဟူသော ပဋိဉာဉပါဋိဿာပေ အသုံးအနှုန်း ဗုဒ္ဓဘာသာဟူသော မြန်မာပြည်ဖွား ပါဋိဿကာအသုံးအနှုန်း သို့ သက်ဝင်ကာ ဗုဒ္ဓဘာသာဖြစ်၍ ဘုရားရှင်၏ ရန်သူမဟုတ် သူပုန်မဟုတ် ကိုးကွယ်သူတပည့်သာ ဖြစ်ကြပါသည်။

ထို့ကြောင့် ပဂ္ဂိုလ်၏ စရိုက်ဆန္ဒနှင့် လျော်ညီသော အကျိုးကို ပေးနိုင်သဖြင့် သက္ကာယဒိဋ္ဌိမပြုတ်၍ သစ္စာလေးပါး ရုပ်နာမ်နှစ်ပါးကိုမသိ၍ ဇ ရဏဂုံ မတည် ဗုဒ္ဓဘာသာ မဖြစ်ရုံမျှမက ဘုရားရှင်ရန်သူ ဖြစ်သည်ဆိုသည်မှာ ကြောင်ပန်းဝါဒသာဖြစ်၍ ဘုရားရှင်ဝါဒ မဟုတ်ပါ၊ ဘုရားဌင်၏အလိုမှာ ရတနာ(၃)ပါးကို ယုံကြည်ကာမျှ ရှိခိုးကာမျှသည်ပင် သရဏဂုံတည်ပါသည်၊ သရဏဂုံတည်လျှင် ဥပါသကာဖြစ်ပါသည်၊ ဥပါသကာဖြစ်လျှင် မြန်မာပြည်ဖွား ပါဋိဿကား အသုံးအနှုန်းဖြစ်သည့် ဗုဒ္ဓဘာသာလည်း ဖြစ်သွားပါသည်ဘုရား၊ ဖော်ပြပါ ပါဋိ-အဋ္ဌကထာ-ဋီကာ အကိုးအကား အာဂမယုတ္တိ သဘောတရား ရှင်းလင်းခြင်း သဘာဝယုတ္တိတို့အရ-

သရဏဂုံတည်-မတည် ဗုဒ္ဓဘာသာ ဖြစ်-မဖြစ်နှင့် စပ်လျဉ်း၍-

ကြောင်ပန်းဝါဒက— သက္ကာယဒိဋ္ဌိ ပြုတ်မှ သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

ဗုဒ္ဓဝါဒက — သက္ကာယဒိဋ္ဌိ မပြုတ်သေးသော်လည်း သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

ကြောင်ပန်းဓါဒက— ရုပ်နာမ် သစ္စာလေးပါး ပိုင်းခြားသိမှ သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

ဗုဒ္ဓဝါဒက — ရုပ်နာမ် သစ္စာလေးပါး ပိုင်းခြား မသိသော်လည်း သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

ကြောင်ပန်းဝါဒက— သောတာပန်ဖြစ်မှ သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

ဗုဒ္ဓဝါဒက — သောတာပန် မဖြစ်သေးသည့် ပုထုဇဉ်လည်း သရဏဂုံတည်၊ ဗုဒ္ဓဘာသာဖြစ်၊

http://www.dhammadownload.com

ကြောင်ပန်းဝါဒကား— သရဏာဂုံတည်-မတည်၊ ပုဒ္ဓဘာသာဖြစ်-မဖြစ်ကို (ဒီဠိပြုတ်၊ သစ္စာဖိုင်းခြားသိစသော)ကိလေသာ ပယ်သတ်ခြင်းဖြင့်သာ ဆုံးဖြတ်သည်၊ ရတနာသုံးပါးကြည်ညိုခြင်းဖြင့် မဆုံးဖြတ်၊

ပုဒ္ဓဝါဒက — ကိလေသာပယ်ခြင်းဖြင့် မဆုံးဖြတ်၊ ရတနာသုံးပါးကြည်ညိုခြင်းဖြင့်သာ ဆုံးဖြတ်သည်—

စသည်ဖြင့် အလွန်ကွာဝေးကာ ဘုရားဟောဒေသနာတော် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်လျက်ရှိကြောင်း ထင်ရှားပါသည် ဘုရား။

ထို့ကြောင့် သင်္ကာယဒိဋ္ဌိမပြုတ် သစ္စာလေးပါးမသိ- ရှပ်နာမ်နှစ်ပါးမသိလျှင် သရဏာဂုံမတည် ပုဒ္ဓဘာသာမဖြစ် ဘုရားရှင် ရန်သူနှင့်တူ၏ဆိုသော ကြောင်ပန်းဝါဒသည် ပုဒ္ဓဝစန ပါဠိအဋ္ဌကထာဌ် မပါမရှိပါသဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ရှိသေစွာ တင်သွင်းလျှောက်ကြားပါသည် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဝိဇ္ဇာဂရ စောဒနာ အမှတ် (၃)

ကြောင်ပန်းတောရ ဝါဒသည် ကုသလကမ္မပထ ပုညကိရိယာ ကုသိုလ်ပြုလုပ်ကြခြင်းသည် ဗာလုဿုက္ကာ=လူမိုက်အလုပ်ဟု ဟောပြောရေးသားသော အဓမ္မဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိဇ္ဇာဂရ စောဒနာပါဘုရား—

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်တို့ဘုရား—

၁။ ကြောင်ပန်းတောရ ဝါဒီတို့သည် ပုဒ္ဓဘာသာ စာလာပေလာ ဒေသနာတော်၏ အခြေခံမူလဖြစ်သော ကုသလကမ္မပထ ပုညကိရိယာကိုပြုလုပ်လျှင်မှားသည်၊ ထိုသို့လုပ်သူသည် ဗာလုဿုက္ကာ=လူမိုက်အလုပ်ကို လုပ်သူဟုစွပ်စွဲကာ သစ္စာ(၄)ပါးကို သိ-မက်ဉာဏ်ရပြီးမှသာ လုပ်သင့်ကြောင်းကို ရေးသားဟောပြောကြပါသည်၊ ထိုသို့ ကုသလကမ္မပထ ပုညကိရိယာကုသိုလ်မျိုး ပြုလုပ်သူကို လူမိုက်ဖြစ်ကြိုး ဘုရားရှင်သူ သူပုန်နှင့်တူသည်ဟု ဟောပြောသဖြင့် ကုသိုလ်လုပ်သူတို့၏ သဒ္ဓါယုံကြည်မှုအား ကို လျော့ပါးအားနည်းစေရာ ရောက်ပါသည်၊ ယင်းသို့ သဒ္ဓါယုံကြည်ချက်ကို အားနည်းစေသဖြင့် သဒ္ဓါပျက်ပြားကာ ပုညကိရိယာ ကုသိုလ်ကို ပစ်ပယ်သည့်ဝါဒသို့ သက်ရောက်သွားနိုင်ပါသည် ဘုရား။

http://www.dhammadownload.com

နိုင်ငံတော် ဆီးခြားဝိနည်းစိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၂။ ယင်းဆို ကမ္မဿကတာ သမ္မာဒိဋ္ဌိကို ပယ်ရှားသည့်ဝါဒဆို သက်ဇောက် စေနိုင်ပုံကို အောက်ပါ ကြောင်ပန်းတောရ ဝါဒီတို့၏ ရေးသားချက်များက သက်သေခံလျက်ရှိပါသည် ဘုရား။

(က) မင်ဖိုလ်နိဗ္ဗာန်သို့ မဆိုက်မကပ် ဖူနုတ်တို့၏ ချမ်းသာကို သာယာခြင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်ပြုသောသဒ္ဓါကို ပသာဒသဒ္ဓါဆိုသည်၊ ယခုကာလ သာသနာတော် သမယ၌ ထိုပသာဒသဒ္ဓါနှင့် ခုရောနောင်ပါ ကောင်းအောင်သာဟု ပြုကြသမျှ ကုသလကမ္မပထ သခ်ါရကို ဗာလုဿုက္က ဟု ဆိုရမည်၊ ဗာလုဿုက္ကဆိုသည်—

"ဗာလာနံ ဥဿုက္ကော‌တိ ဗာလုဿုက္ကော"

ဟုဝိဂြိုဟ်ပြု– ဗာလာနံ၊ လူအဖျင်း– လူ့အဖြုန်း၊ လူ့အသုန်း– လူ့အသွန်– လူ့အခွံ– လူ့အကာ– လူ့ချူချူချာချာ၊ သံသရာမှာ မသိဆုံး– အမိုက်တုံး– အမိုက်ခဲ– အမိုက်မဲ့ မှန်လှ လူ့ဗာလတို့၏။ ဥဿုက္ကော၊ မင်္ဂဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော အကျိုးမမျှား အလကားသား ယောင်ဝါးရှိ အားထုတ်မှုတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗာလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

ဤဝိဂြိုဟ်အတိုင်း အဟုတ်အမှန်ကို မသိသော်သူတို့သည် မင်ဖိုလ် နိဗ္ဗာန်ဟူသော အကျိုးမပြီး အချည်းနှီးအလကားသား ပြုမှုားသမျှသော ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည် ဗာလုဿုက္ကမည်၏၊ (ဘုတလင်မြို့၊ ကြောင်ပန်းဆရာတော်ရေး ဝိပဿနာဓြောက်စောင်တွဲ ဝိဝဒ္ဓဒီပနီ-နှာ-၅၊ ရတနာဒီပံ ပုံနှိပ်တိုက်၊ မန္တလေးမြို့-၇၃)

(ခ) ပါရမီဆယ်ပါး မဂ္ဂင်ရှစ်ပါး မြတ်တရားကို သတိမထား မသိသော အားဖြင့် လူကောင်းနတ်ကောင်း ဘဝကောင်းကို တောင့်တပြီးလျှင် ကုသလကမ္မပထတရား ပုညကိရိယာဆယ်ပါးကို ပြုမှုားသောသူများသည် မြတ်စွာဘုရား၏ ရန်သူ သူပုန်နှင့် တူကုန်၏။

(ဂ) ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံ (၂၉) ပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်တစ်ဘုံက လွတ်ကြမည်။

(ဝိပဿနာ ခြောက်စောင်တွဲ၊ စာမျက်နှာ-၃-မှ)

ဖော်ပြပါစကားတို့ကို ထောက်ရှုလျှင် ကြောင်ပန်းဂါဒသည် ကုသိုလ်ကို လုပ်ရန် ကုသလစွန့်မျှား ယုတ်လျော့စေကြောင်း ထင်ရှားပါသည် ဘုရား။

ဘုရားရှင်သည် ကုသိုလ်နှင့်စပ်လျဉ်း၍ မည်သို့ပြုသည်ဟင်ဖြစ်စေ ကုသိုလ်သည် ဓကာင်းမြတ်ချမ်းသာသော သုခကျိုးကို ပေးကြောင်းသာ ဟောတော်မူပါသည်၊ ကုသိုလ်နှင့်စပ်ဆိုင်၍ ကဲ့ရဲ့တော်မမူပါ၊ သို့သော် ပုဂ္ဂိုလ်တို့၏

http://www.dhammadownload.com

အဆင့်ဆင့် မြင့်ရာမြင့်ကြောင်း လူကောင်း နတ်ကောင်း ဘဝမှသည် လွတ်မြောက်ရာ ချမ်းသာနိဗ္ဗာန်သို့ ရောက်စေလိုသော ဆန္ဒတော်မှာ ဗုဒ္ဓမြတ်စွာ၏ အလွန်ကြီးမားသော ဆန္ဒတော်ပင် ဖြစ်ပါသည်၊ ထို့ကြောင့် ဘုရားရှင်၏ အထင်ရှားဆုံးနှင့် အကျဉ်းဆုံးဩဝါဒ အနုသာသနကထာတော်မှာ—

"သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါနသာသနံ။
(ဒီ-၂-၄၂။ မဇ္ဈိမ-၄၁)

အကုသိုလ်မှန်သမျှ မပြုလုပ်ရခြင်း၊
ကုသိုလ်မှန်သမျှ ပြုလုပ်ပွားများရခြင်း၊
မိမိစိတ်ကို ဖြူစင်အောင် ဆုံးမထားရခြင်း—

၌ သုံးမျိုးတို့သည် ဘုရားရှင်တိုင်း၏ အဆုံးအမတော်တည်း။

ဟူသည်ပင် ဖြစ်ပါသည်၊ ၌ အနုသာသနကထာတော်ကို အကျယ်ချဲ့ဖွင့်သောအခါ အကုသိုလ်ကို မပြုလုပ်ရခြင်းဟူသည် သိက္ခာသုံးပါးတို့တွင် သီလသိက္ခာ=ပဋိက္ခသုံးပုံတွင် ဝိနယပိဋကကို ဆိုလိုပါသည်၊ ကုသိုလ်ကို လုပ်ရခြင်းဟူသည် သိက္ခာသုံးပါးတွင် သမာဓိသိက္ခာ= ပဋိက္ခသုံးပုံတွင် သုတ္တန္တပိဋကက၊ မိမိစိတ်ကို ဖြူစင်အောင် ထားရခြင်းဟူသည် သိက္ခာသုံးပါးတွင် ပညာသိက္ခာ= ပဋိက္ခသုံးပုံတွင် အဘိဓမ္မပိဋကကို ဆိုလိုပါသည်၊ ယင်းသို့ အကျဉ်းအားဖြင့် ဩဝါဒ(၃) ချက်၊ အကျယ်အားဖြင့် ပိဋကသုံးပုံ၊ ကျင့်စဉ်အားဖြင့် သိက္ခာ(၃) ပါးတို့သည် မကွဲမပြား တသားတည်း ဖြစ်ကြပါသည်၊ ထို "ကုသလဿူပသမ္ပဒါ" ကို ဖွင့်လျှင် သုတ္တန္တပိဋကတခုလုံး ရအပ်သည်ဖြစ်၍ စတုဘူမက ကုသိုလ်ကိုပြုလုပ်ရန်သာ တိုက်တွန်းတော်မူကြောင်း ထင်ရှားပါသည်။

"ကုသလဿာဘိ စတုဘူမိကကုသလဿ" (ဒီ.ဋ္ဌ ၂-၆၉)

ကုသိုလ်ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ မိမိလုပ်ချင်သည့် အရာသာ ကုသိုလ်မဟုတ်၊ လုပ်ချင်သည်ဖြစ်စေ မလုပ်ချင်သည်ဖြစ်စေ ဇာပြစ်ကင်းစင်ခြင်း အကျိုးပေးသောအခါ ဆင်းရဲကင်းဝေး ချမ်းသာကိုပေးခြင်း အမှတ်အသားလက္ခဏာနှင့် ပြည့်စုံသောလုပ်ငန်းသည် ကုသိုလ်၏ သဘာဝပင် ဖြစ်ပါသည်၊ ယင်းကုသိုလ်၏ကိစ္စမှာ အကုသိုလ်ဟူသော မကောင်းမှုကို ဖျက်ဆီးနိုင်စွမ်းရှိခြင်းပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကုသိုလ်ဟူသည်ကို မိမိလုပ်ချင်သော အလုပ်မှသာ ကုသိုလ်-မလုပ်ချင်သော အလုပ်ဆိုလျှင် ကုသိုလ်မဟုတ်ဟု ကန့်

http://www.dhammadownload.com

ကွက်ရန်မသင့်ပါချေ၊ ကုသိုလ်မှန်သမျှ လုပ်ရပါမည်၊ ကုသိုလ်နှင့် စပ်လျဉ်း၍ "မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်စေခြင်းငှါ ဖြစ်ပြီးသော ကုသိုလ်တို့ကို တည်ဘုံစေခြင်းငှါ မမေ့မပျောက်ခြင်း ထပ်မံပွားများခြင်း ပြန့်ပွားခြင်းငှါ ပွားများခြင်းငှါ ထက်ဝန်းကျင်မှ ပြည့်စုံခြင်းငှါ ဆန္ဒကိုဖြစ်စေ၏၊ လုံ့လကြီးကုတ် အားထုတ်၏၊ ဝီရိယကိုအားထုတ်၏၊ စိတ်ကိုချီးမြှောက်၏"

(အံ-၁-၅၇၉၊ သမ္မပ္ပဓာနသုတ်)

ဟု ဟောကြားတော်မူပါသည်၊ ဗုဒ္ဓဘာသာဝင် ဥပါသကာတို့ ကြိုးစားပြုလုပ်ရမည့် မှန်ကန်သည့် ဝီရိယစွမ်းအား (၄) မျိုးတွင် ကုသိုလ်နှင့် စပ်လျဉ်း၍ ဤသို့ ဟောကြားတော်မူသဖြင့် ကုသိုလ်ဟူသည်ကို မည်သည့်ကုသိုလ်ဖြစ်စေ လုပ်ရမည်ဖြစ်ကြောင်း ကုသိုလ်ကိုလုပ်သူသည် ဘုရားရှင်၏ ရန်သူမဟုတ်ကြောင်း ထင်ရှားပါသည်၊ ထို့ပြင် ကုသိုလ်နှင့် အကုသိုလ်မှာ အကျိုးပေးခြင်း မတူကြောင်းကို–

ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလ္လာဏကာရီ ကလ္လာဏံ၊ ပါပကာရီ စ ပါပကံ။

(သံ-၁-၂၂၉၊ သမ္မောဒ ၌-၄၁၉)

"အကြင်မျိုးစေ့ကို စိုက်ပျိုး၏၊ ထိုမျိုးစေ့နှင့်တူသော အသီးကိုသာ စားသုံးရသကဲ့သို့ ကောင်းမှုပြုလုပ်သူသည် ကောင်းကျိုးချမ်းသာကို ခံစားရ၏၊ မကောင်းမှု အကုသိုလ်ပြုသူသည် မကောင်းကျိုးဆင်းရဲကိုသာ ခံစားရသည်" ဟု ဟောကြားတော်မူပါသည်။

ထို့ပြင် ကုသိုလ်ကိုပြုလုပ်သောအခါ မည်သည့်ကုသိုလ်မဆို ရွေးချယ်မနေပဲ ကြုံလာလျှင် "ငါရွေက-ငါရွေက" ဟု မြန်မြန်လုပ်သင့်ကြောင်း ကုသိုလ်ကို လုပ်သူသည် ပျင်းရိဖွင့်နွဲ့ အချိန်ဆွဲကာ နွေ့ရွေ့ ညရွေ့ လုပ်တတ်သဖြင့် မြန်မြန်လုပ်သင့်ကြောင်းကို—

အဘိတ္ထရေထ ကလ္လာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။

(ဓမ္မပဒ-၃၀)

"ကောင်းမှုကို မြန်မြန်လုပ်ကြပါ၊ မကောင်းမှုမှ စိတ်ကိုတားမြစ်ပါ၊ကောင်းမှုလုပ်သူ၏ စိတ်သည် ပျင်းရိဖွဲ့နွဲ့ အချိန်ဆွဲတတ်သည်၊ စိတ်သည် မကောင်းမှု၌ ပျော်မွေ့တတ်သည်" ဟု ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ကုသိုလ်လုပ်သူတို့၏ ကုသိုလ်လုပ်ငန်းအပေါ် ယုံကြည်ချက် (သဒ္ဓါ) သည် ၄-မျိုးရှိပါသည်၊ ယင်း (၄) မျိုးတွင် ပသာဒသဒ္ဓါနှင့် မပြူကောင်းဟုလည်း ဘုရားရှင်က ဟောဒေတော်မမူမပါ။

ကြောင်ပန်းဝါဒက ပသာဒသဒ္ဓါကို လိုသလို ကောက်ယူထားပုံမှာ "မင်္ဂ ဖိုလ်နိဗ္ဗာန်သို့ မဆိုက်မကပ်၊ လူနတ်ချမ်းသာကို သာယာခြင်း သမ္မာဒိဋ္ဌိနှင့် ပြူသော သဒ္ဓါကို ပသာဒ သဒ္ဓါဆိုသည်" ဟု (ခြောက်စောင်တဲ့ ဝိဝဋ္ဋဒီပနီ၊ နှာ-၅) ၌ ရေးသားထားပါသည်။

စာလာပေလာ ဒေသနာတော်အလိုအရ ပသာဒ သဒ္ဓါဟူသည်–
"ဘုရား, တရား, သံဃာဟူသော စကားသံကို ကြားခါမျှ၌ စိတ်ကြည်လင်ခြင်းကို ပသာဒ သဒ္ဓါ" ဟုခေါ်ပါသည်။

"ပုဒ္ဓေါ ဓမ္မော သံဃောတိ ဝုတ္တေ ပန ပသာဒေါ ပသာဒသဒ္ဓါ"
(ဒီ-ဋ္ဌ ၂-၁၁၉)

သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါတိ အာဒိနာ ပဋ္ဌါဒိသု ဥပ္ပဇ္ဇနကပသာဒေါ ပသာဒ-သဒ္ဓါ မဟာကပ္ပိနရာဇာဒိနံ ဝိယ၊ (ဒီ-ဋီ ၂-၁၂၀)

ဤသို့ "ဘုရား-တရား-သံဃာ" ဟူသော အမည်ကို ကြားရုံမျှ ကလေးဖြင့် စိတ်ကြည်လင် ချမ်းမြေ့သွားသော မဟာကပ္ပိနမင်းကြီးသည် ဘုရားရှင်နှင့် တွေ့ဆုံလို၍ ဆက်လက်ထွက်ခွါကာ ရဟန်းဝတ်ခဲ့ပါသည်၊ (ဓမ္မ-ဋ္ဌ-၁-၃၅၁)

ထို့ပြင် မဋ္ဌကုဏ္ဍလိဝတ္ထု၌ ဘုရားရှင်ကို မြင်ခါမျှဖြင့် စိတ်ကြည်လင်ချမ်းမြေ့သွားသော မဋ္ဌကုဏ္ဍလိမှာလည်း နတ်ပြည်သို့ ရောက်သွားရပါသည်၊ ပသာဒသဒ္ဓါ၏ စွမ်းအားမှာ ဤမျှ အရှိန်အဟုန်ကောင်းလှပါသည်၊ ဤသို့သော ပသာဒသဒ္ဓါဖြစ်ခိုက် မဋ္ဌကုဏ္ဍလိသည် မည်သည့်ဆုကိုမျှ ဆာလောင်းခဲ့ပါ၊ လူကောင်း နတ်ကောင်းဖြစ်လိုသော ဇောခြင်တဖျက်လည်း မပါပါ၊ သို့သော်– ဘုရားရှင်၌ ကြည်ညိုခါမျှဖြစ်သည့် ပသာဒသဒ္ဓါ၏ စွမ်းအားအရှိန်ကြောင့်သာ နတ်ရွာသုဂတိသို့ ရောက်ခဲ့ရပါသည်၊ ဤမဋ္ဌကုဏ္ဍလိသည် ဘုရားရှင်၌ လူကောင်း နတ်ကောင်းကို လိုချင်၍ ရှိခိုးသည်မဟုတ်၊ "မြတ်စွာဘုရားကို မြင်လျှင် မိုက်ကန်းသည့် ဖခင်ကို အမှီပြု၍ ဤသို့သော ဘုရားရှင်ကို ချဉ်းကပ်ကာ ဝေယျာဝစ္စလည်း မလုပ်နိုင်၊ လှူဖွယ်လည်းမလှူနိုင်၊ တရားလည်း မနာနိုင်ခဲ့၊ ယခုတော့ ငါ့လက်နှစ်ဖက်ကိုတောင်မှ ငါအစိုးတရဖြင့် မမြှောက်ချိနိုင်တော့၊ အခြားလုပ်စရာလည်း မရှိတော့" ဟု စိတ်ကူးပေါ်ကာ စိတ်ဖြင့်သာ ကြည်ညိုရုံမျှ-ကြည်ညိုနိုင်လေသည်၊ ထို့ခဏ-သေဆုံးသွားကာ နတ်ပြည်ရောက်သွားရခြင်းသည် ပသာဒသဒ္ဓါ၏ စွမ်းအားပင်ဖြစ်ပါသည်၊ ဤမဋ္ဌကုဏ္ဍလို

http://www.dhammadownload.com

ဝတ္ထုဠ္ဍ် ကံနှင့်ကံ၏ အကျိုးကို ယုံကြည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိပင် အချိန်ကာလကြာမြင့်စွာ ကြိုတင်စီမံခွင့် မရလိုက်ပဲ ရုတ်တရက် ရှောင်တခင် သေခါနီးမှဖြစ်သော အရေးပေါ် ပဿဒ္ဓသဒ္ဒါ အည့်စားလေးမျှက ဤမျှထိ အကျိုးပေးနိုင်ကြောင်း ဖော်ပြပါသည်၊ ဗုဒ္ဓဝစန ဒေသနာတော်၌ မဋ္ဌကုဏ္ဍလီ ဝတ္ထုကဲ့သို့သော သာဓကပေါင်းများစွာ ရှိပါသည်။

ပဿဒ္ဓ သဒ္ဒါသည် ထိုကဲ့သို့ ကြည်လင်ချမ်းမြေ့ရာမှ တဆင့်တက်ကာ ဘုရားဂုဏ်စသည်တို့ကို အမှန် သက်ဝင်ယုံကြည်မှု သြဇပွနသဒ္ဒါ ဖြစ်လာပါသည်၊ ပဿဒ္ဓသဒ္ဒါ ဖြစ်ပေါ် လျှင် သူတပါးထို့မသိနိုင်သေးပဲ သြဇပွနသဒ္ဒါ ဖြစ်ပေါ် ခါမှ သက်ဝင်ယုံကြည်ကာ စေတိယင်္ဂဏ-ဗောဓိယင်္ဂဏစသော ဝတ္ထုရား အားလုံးကို ဖြည့်ကျင့်လာပါသည်၊ ထို့ကြောင့် ပဿဒ္ဓသဒ္ဒါဟူသည် မြင်ကာ ကြားကာမျှဖြင့် စိတ်ကြည်လင် ချမ်းမြေ့ခြင်းသာဖြစ်၍ သြဇပွနသဒ္ဒါသည် ယုံကြည်အပ်သည့်ဝတ္ထုကို သက်ဝင်ယုံကြည်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကြောင်ပန်းဝါဒက "လူနတ်တို့ ချမ်းသာကို သာယာခြင်းကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်ပြုသောသဒ္ဒါကို ပဿဒ္ဓသဒ္ဒါ" ဟု ဆိုသဖြင့် ပဿဒ္ဓသဒ္ဒါအရ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ကောက်ယူသောကြောင့် ဗုဒ္ဓဝစနပါဠိ အဋ္ဌကထာနှင့် လုံးဝမညီညွတ်၍ မှားယွင်းသည့် "အဓမ္မဝါဒ" သာ ဖြစ်ပါသည်။

ထိုသို့ ပဿဒ္ဓသဒ္ဒါအရ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ကောက်ယူပြီးလျှင်– ယခုကာလ သာသနာတော်၌ သမယဌ် ထိုပဿဒ္ဓသဒ္ဒါနှင့် ခုရောနောင်ခါ ကောင်းအောင်သာဟု ပြုကြသမျှ ကုသလကမ္မပထသခါရကို ဗာလုဿုက္ကဟု ဆိုရမည်–

(ခြောက်စောင်တဲ့ ဝိဝဏ္ဏဒီပနီ နှာ-၅)

ဟု ဆိုထားပြန်ကာ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြင့် ပြုလုပ်သော ကုသိုလ်မှန်သမျှ ဗာလုဿုက္ကာ=လူမိုက်တို့၏ အလုပ်ဟု နှိမ့်ချ၍ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ဗုဒ္ဓဝစန မဟုတ်လေဟန် ရေးသားထားပါသည်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိသည် အဆင့်မြင့်လိုကြသော သတ္တဝါတိုင်း၏ အခြေခံဖြစ်ပါသည်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ မပါလျှင် ဤသာသနာတော်နှင့်လည်း မတွေ့ကြုံနိုင်ပါ၊ ထို့အတူ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိသို့ မရောက်မီ ၎င်းတို့သို့ ရောက်စေနိုင်ရန်အတွက် အခြေခံမှာ ယင်းဝိပဿနာသမ္မာဒိဋ္ဌိ-မဂ္ဂသမ္မာဒိဋ္ဌိတို့ကို ယုံကြည်ရန်အမြင်မှန်ဖြင့် မြဲတည်ရန်သည် အဓိကလိုအပ်ပါသည်၊ ယင်းသို့ယုံကြည်စေရန် အမြင်မှန်စေရန် အဓိကလိုအပ်ချက်ကို ကမ္မဿကတာသမ္မာဒိဋ္ဌိက ဖြည့်စွမ်းနိုင်ပါသည်၊ ထို့ကြောင့် ကမ္မဿကတာသမ္မာဒိဋ္ဌိကို ဘုရားရှင်က သမ္မာဒိဋ္ဌိ=အမြင်မှန်ထဲတွင် ထည့်သွင်းဟောကြားတော်မူပါသည်၊ ဆိုလိုသည်မှာ ကမ္မဿကတာသမ္မာဒိဋ္ဌိရှိမှသာ မဂ္ဂ-

http://www.dhammadownload.com

ဖလသမ္မာဒိဋ္ဌိသို့ ရောက်နိုင်သည်၊ မဂ္ဂဖလသမ္မာဒိဋ္ဌိကို ကမ္မဿကတာသမ္မာဒိဋ္ဌိက စ ရသည်ဟု ဆိုလိုပါသည်။

> တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကမ္မဿကတာဉာဏံ သစ္စာနုလောမိကဉာဏံ၊ မဂ္ဂသမင်္ဂိဿ ဉာဏံ ဖလသမင်္ဂိဿ ဉာဏံ (ဓမ္မသင်္ဂဏီ-ပါ-၂၆၄၊ပဒ-၁၃၇၃)

ဒိဋ္ဌိဝိသုဒ္ဓိ(=အယူ၏စင်ကြယ်ခြင်း) ဟူသည် အဘယ်နည်း၊ ကမ္မဿကတာဉာဏ်၊ သစ္စာနုလောမိက(ဝိပဿနာ)ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်-တို့သည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်။

ဤသို့ ဘုရားရှင်သည် ဒိဋ္ဌိဝိသုဒ္ဓိ (=အယူ၏စင်ကြယ်ခြင်း)တို့တွင် ကမ္မဿကတာဉာဏ်ကို အခြေခံအဖြစ် ဟောကြားတော်မူခဲ့ပါသည်၊ ထို့ကမ္မဿကတာဉာဏ်ဟူသည်မှာ "ကြောင်ပန်းဝါဒဆိုသကဲ့သို့" ပသာဒသဒ္ဒါဖြင့် ပြုသည်မဟုတ်ပါ၊ ကုသိုလ်ကံကို တကယ်နစ်နစ်နောနော နားလည်၍ ဉာဏ်နှင့်ယှဉ်ကာ သက်ဝင်ယုံကြည်မှု သြကပ္ပနသဒ္ဓါသာဖြစ်ပါသည်။

> "ကမ္မဿကတာဉာဏန္တိ ဣဒံ ကမ္မံ သကံ၊ ဣဒံ နော သကန္တိ ဧဝနယပညာ။ တတ္ထ အတ္ထနော ဝါ ကတံ ဟောတု ပရေန ဝါ၊ သဗ္ဗမ္မိ အကုသလံ ကမ္မံ နော သကံ"
>
> (အင်္ဂုသာလိနီ-၄၃၃)

"ကမ္မဿကတာဉာဏ်ဟူသည် ဤကံသည် ငါ့ဥစ္စာဖြစ်၏၊ ဤကံသည် ငါ့ဥစ္စာမဟုတ်"ဟု သိသောပညာတည်း၊ ထိုကဲ့နှစ်ပါးတို့တွင် မိမိပြုသည်ဖြစ်စေ သူတပါးပြုသည်ဖြစ်စေ အကျိုးကိုဖျက်ဆီးခြင်း အကျိုးမဲ့ကိုဖြစ်စေတတ်ခြင်း ကြောင့် အလုံးစုံသော အကုသိုလ်ကံသည် ငါ့ဥစ္စာမဟုတ်၊ ကုသိုလ်ကံသည် အကျိုးမဲ့ကို ဖျက်ဆီးနိုင်စွမ်းရှိခြင်း အကျိုးကို ဖြစ်ထွန်းစေနိုင်ခြင်းကြောင့် ငါ့ဥစ္စာဖြစ်သည်၊ ကမ္မဿကတာဉာဏ်သည် ကုသိုလ်ကံသာ ငါ့ဥစ္စာဟု နစ်နစ်နောနောဉာဏ်နှင့်ယှဉ်ကာ ယုံကြည်သည့် ကုသိုလ်ကံတို့တွင် ဈာနသမ္မာဒိဋ္ဌိ အသင်းဝင် ရူပ+အရူပ ကုသိုလ်ကံ၊ ဝိပဿနာသမ္မာဒိဋ္ဌိအသင်းဝင် ကာမာဝစရ(မဟာ) ကုသိုလ်ကံ၊ မဂ္ဂသမ္မာဒိဋ္ဌိအသင်းဝင် မဂ်ကုသိုလ်ကံတို့လည်း ပါဝင်နေကြောင်း သဘောပေါက်မှုပါမည်၊ အဘယ့်ကြောင့်ဆိုသော် သမ္မာဒိဋ္ဌိဟူသော အမည်သည် ခေါ်ဝေါ်အပ်သော အသုံးအနှုန်းအမည်ဖြစ်၍ အဘိဓမ္မာအလိုအရ ဆိုင်ရာစိတ်နှင့် ယှဉ်သောပညာကို အရကောက်ယူရပါသည်၊ ထို့ကြောင့် သမ္မာဒိဋ္ဌိ(၅)မျိုး၏ အဘိဓမ္မာဒေသနာနည်းဖြစ်သော အရကောက်ကို ကောက်ပြရသော်-

http://www.dhammadownload.com

ကမ္မဿကတာသမ္မာဒိဋ္ဌိအရ– မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-၌ ယှဉ်သော ပညာစေတသိက်

ဈာန	။	–	ရူပကုသိုလ်၊ အရူပကုသိုလ်၌ ။
ဝိပဿနာ	။	–	မဟာကုသိုလ်ဉာဏ်သမ္ပယုတ် (၄)ခု၌ ။
မဂ္ဂသမ္မာဒိဋ္ဌိ	။	–	မဂ်ကုသိုလ်စိတ်၌ ။
ဖလသမ္မာဒိဋ္ဌိ	။	–	ဖိုလ်စိတ်၌ ။

တို့ကို သက်ဆိုင်သလို ကောက်ယူရပါမည်၊ ထိုသို့ ကောက်ယူလိုက်လျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် ကံကိုယုံရုံတွင် ခုဘဝ နောက်ဘဝကို ဖြစ်စေတတ်သော ကံကိုသာ ဝက္ခက်၍ ယုံသည်မဟုတ်ပါ၊ မဂ်ဖိုလ်ကိုရစေနိုင်သော ဝိပဿနာဘာဝနာမယကံ၊ နိဗ္ဗာန်ကိုရစေနိုင်သော လောကုတ္တရာမဂ်ကုသိုလ်ကံတို့ကိုလည်း ယုံကြည်ပါသည်၊ ဝိပဿနာနှင့် မဂ်ဉာဏ် အခေါ် ခံတရားတို့သည် ကုသိုလ်ကံမျှားဖြစ်ကြောင်း ကံတရားမျှားဖြစ်ကြောင်း "ကုသလာ ဓမ္မာ" ပုဒ် အရ (ကုသိုလ်စိတ်-၂၁)ကို ကောက်ယူရကြောင်း သိနားလည်ရန်လိုပါသည်၊ သို့မှသာ ဗုဒ္ဓဝစနနှင့် ညီညွတ်ပါလိမ့်မည်၊ ထို့ကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၏ စွမ်းအင်သည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရရန် အခြေခံ အကြောင်းရင်းကြီး ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ဖြစ်ကြသူတိုင်းသည် သရဏဂုံတည်ကြသဖြင့် ထို သရဏဂုံတည်ခြင်းသည်ပင် ဒိဋ္ဌိဇုကမ္မ (ကမ္မဿကတာသမ္မာဒိဋ္ဌိ)သို့ အလို အလျောက် ရောက်သွားကြောင်းကို–

> "သရဏဂမနမ္ပိ ဟိ ဒိဋ္ဌိဇုကမ္မတေနေဝ သင်္ဂယှတိ" (ဣတိဝုတ္တက ၁၉၅ ပုညကိရိယသုတ်အဖွင့်)

၌ ဖွင့်ဆိုထားပါသေးသည်၊ ထို့ကြောင့် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်သော သရဏဂုံဆောက်တည်ခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်လမ်းကြောင်းမှန်ကြီး၏ ပထမဦး အစ လမ်းဝကြီးပင် ဖြစ်ပါသည်။

> "တတ္ထ ကမ္မဿကတာသမ္မာဒိဋ္ဌိ သမ္မတ္တဘဝံ အာကဍ္ဎတိ။
> (အံ–၆–၁–၃၆၉)

ထိုသမ္မာဒိဋ္ဌိ ငါးမျိုးတို့တွင် ကမ္မဿကတာသမ္မာဒိဋ္ဌိသည် ပြည့်စုံသောဘဝကို ယူငင်၏။

ကမ္မဿကတာသမ္မာဒိဋ္ဌိသည် သမ္မတ္တိဘဝကို ရစေနိုင်သောကြောင့် အားသေးသည်ဟု မဆိုနိုင်၊ မပြုလုပ်ကောင်းဟု မဆိုနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သမ္မတ္တိဘဝကိုမျှမရလျှင် ဘယ်သောအခါမျှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရစေသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

ကျွမသို့ ကမ္မဿကတဉ္ဇော ဌတ္ဝာ ကျွမေ သတ္တာ ဗဟုံ ဝဇ္ဇဂါမိကမ္မံ အာယူဟိတ္ဝာ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏန-ပထံ ဝီတိဝတ္တာ။

(အင်္ဂုတ္တရ၊ လိန်-၄၃၄)

ဤကမ္မဿကတဉာဏ်၌တည်၍ (၀၂) တည်သောကြောင့် ဤသတ္တဝါတို့သည် များစွာသော ဝဇ္ဇဂါမိကံဟူသော ဝဋ်ကို လည်စေတတ်သည့် ကံကို အားထုတ်ကြကုန်၍ ချမ်းသာတခုဖြင့် ချမ်းသာတခုကို အစဉ်ခံစားရကုန်လျက် အရဟတ္တဖိုလ်သို့ ရောက်ကြသူတို့သည် မရေတွက်နိုင်ကြကုန်။

အင်္ဂုတ္တရလိန် အဋ္ဌကထာဆရာက ဤစကားကို ဥပမာတခုဖြင့် တင်ပြသည်မှာ–"စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော ယောကျ်ားသည် ခရီးရှည်ထွက်ခွါသွားရာ မိမိခရီးသွားရာလမ်းရှိ ရွာနိုဂုံးတို့၌ နက္ခတ်ပွဲလမ်းသဘင် ကြေငြာသံကြားရသောအခါ 'ငါဟာညေ့်သည်ပဲ ဘယ်သူကို မှီခိုအားကိုးပြီး နက္ခတ်ပွဲဆင်နွှဲရပါ့'ဟု စဉ်းစားရန်မလိုပဲ မိမိအလိုရှိသလို ဧင္ဆင့်ထုတ်သုံးပြီး နက္ခတ်ပွဲဆင်နွှဲကာ ချမ်းချမ်းသာသာ ခရီးကို လွန်မြောက်သွားသကဲ့သို့ ကမ္မဿကတာဉာဏ်၌ ရပ်တည်ကြသူတို့သည် သမ္မတ္တိစည်းစိမ် အမျိုးမျိုးကို ခံစားပြီး အရဟတ္တဖိုလ်ရောက်ကြကာ နိဗ္ဗာန်နန်း မြန်းနိုင်သူဦးရေမှာ ရေတွက်၍ပင်မရအောင် ရှိကြသည်"ဟု ဆိုပါသည်။

ဘုရားရှင်က "အဘိဏှပစ္စဝေက္ခိတဗ္ဗဌာန" သုတ်တွင် အမြဲမပြတ် နှစ်ဉ်ဂုဏ်တို့ အပ်သော တရားငါးပါးတို့တွင် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်သော–

ကမ္မဿကောမှိ ကမ္မဒါယာဒေါ် ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ် ဘဝိဿာမိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ·ဟု အကုသိုလ်ဓုစရိုက်တရားများမှ ပယ်ရှားနိုင်ကြောင်း ကောင်းမြတ်သော အကျိုးကို မြင်တော်မူ၍ နှစ်ဉ်မပြတ် နှလုံးသွင်းရမည့် အကြောင်း ဟောကြားတော်မူပါသည်။

ဤသွေ့ဤမျှ ဂဏန်းချ၍ မရနိုင်လောက်အောင် အကျိုးတရားများ ရရှိသည့် ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့်လုပ်သော ကုသိုလ်မှန်သမျှ ဗာဟုဿကော=လူမိုက် အလုပ်ဟု ကြောင်ပန်းဝါဒက ရက်စက်စွာဆိုလိုက်ပုံမှာ–

"ဗာလာနံ ဥဿုက္ကော ဗာလုဿုက္ကော"

ဗာလာနံ=လူ့အဖျင်း လူအဖြုန်း လူ့အသုဉ်း လူ့အသံ့ လူ့အခွံ့ လူ့အကာ လူ့ချူချူချာချာ သဲသရုပ်မှာမသိဆုံး အမိုက်တုံး အမိုက်ခဲ့ အမိုက်မဲ့မှုန်လှ

http://www.dhammadownload.com

လူ့ဗာလတို့၏။ ဥဿုက္ကော၊ မင်္ဂဿ ဖိုလ်ဿ နိဗ္ဗာန်ဟူသော အကျိုးမမျှား အလကားသား ယောင်ဝါး၍ အားထုတ်မှုတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗာလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

ဤဝိဂြိုဟ်အတိုင်း အဟုတ်အမှန်ကို မသိသောသူတို့သည် မင်္ဂဖိုလ်နိဗ္ဗာန်ဟူသော အကျိုးမပြီး အချည်းနှီး အလားကားသား ပြုမှုသမျှသော ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည် ဗာလုဿုက္ကမည်၏။ ဟူသည်ပင် ဖြစ်ပါသည်။

ဤစကားအရ ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ပြုလုပ်သည့် ကုသိုလ်မှန်သမျှ မှားရုံမှားသည်မဟုတ်သေး၊ လုပ်သူမှန်သမျှ 'လူ့အဖျင်း၊ ထူအဖြုန်း၊ လူ့အသုဉ်း၊ လူ့အခဲ၊ လူ့အသံ၊ လူ့အကာ၊ လူ့ခုးချုချာချာ၊ သံသရာမှာမသိဆုံးအမိုက်တုံး အမိုက်ခဲ အမိုက်မဲမှန်လှ လူ့ဗာလချည်းဟု ဆိုလိုက်သဖြင့် ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်-မင်္ဂဖိုလ်နိဗ္ဗာန်၏ အခြေခံအုတ်မြစ်ကို ရိုက်ချိုးဖျက်ဆီးလိုက်ခြင်းဖြစ်၍ "ဘုရားရှင်ဟောသည့် ဓမ္မဝါဒ" တခုလုံး အမြစ်ပါထူးဖော်သည့် "အဓမ္မဝါဒ"သာ ဖြစ်ပါသည်၊ ကြောင်ပန်းဝါဒအရ ဗာလ=လူမိုက်ဟူသည်ကို ကမ္မဿကတာသမ္မာဒိဋ္ဌိဖြင့် ကုသိုလ်လုပ်သူဟု စွဲဆိုသော်လည်း ဗုဒ္ဓမြတ်စွာကမူ ဗာလ=လူမိုက်၏ လက္ခဏာကို ကြောင်ပန်းဆိုသလို မဟုတ်ပဲ ဤသို့ဟောတော်မူပါသည်။

> တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ၊ ကတမာနိ တီဏိ၊ ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတ-စိန္တီ စ ဟောတိ ဒုဘ္ဘာသိတဘာသီ စ၊ ဒုက္ကဋကမ္မကာရီ စ။
>
> (အံ-၁ စိန္တီသုတ်-၁၀၀)

ရဟန်းတို့-ဗာလ=လူမိုက်၏ ဗာလလက္ခဏာ ဗာလနိမိတ် ဗာလဖြစ်ဥဉ်တို့သည် ဤသုံးပါးတို့တည်း၊ ရဟန်းတို့-ဗာလလူမိုက်သည် မကောင်းသော အကြံအစည်ကို ကြံစည်လေ့ရှိ၏၊ မကောင်းသောစကားကို ပြောဆိုလေ့ရှိ၏၊ မကောင်းသောအလုပ်ကို လုပ်လေ့ရှိ၏၊ ထို့လက္ခဏာတို့ကိုကြည့်၍ ထိုသူကို "ဤသူသည် ဗာလလူမိုက်" ဟု ပညာရှိတို့ သိကြကုန်၏။

> တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ ကာယဒုစ္စရိတေန ဝစီဒုစ္စရိတေန မနောဒုစ္စရိ-တေန။
>
> (အံ-၃-၁၀၀၊ လက္ခဏသုတ်)

http://www.dhammadownload.com

ရဟန်းတို့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် (တရား ၃-ပါး) နှင့် ပြည့်စုံသောလူကို လူမိုက်ဟုသိရမည်။

တိဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ အကုသလေန ကာယကမ္မေန အကုသလေန ဝစီကမ္မေန အကုသလေန မနောကမ္မေန။

(အံ-၁-၁၀၂-အကုသလသုတ်)

ရဟန်းတို့ အကုသိုလ်ကာယကံ အကုသိုလ်ဝစီကံ အကုသိုလ်မနောကံ (သုံးပါးနှင့် ပြည့်စုံသူကို) ဗာလ လူမိုက်ဟုသိရမည်။

ဤသို့ သုတ္တန်များအရ ဗာလလူမိုက်၏ လက္ခဏာမှာ မကောင်းသည့် အကြံ အစည် အပြောအဆို အပြုအမူတို့ကို ကြံစည်ပြောဆိုပြုမူခြင်းဖြစ်၍ ၎င်းဗာလသည် ဒုစရိုက်နှင့် အကုသိုလ်ကိုသာ လုပ်လေ့ရှိကြောင်း ဟောကြားတော်မူသဖြင့် ကုသိုလ်လုပ်သူသည် ဗာလမဟုတ်၊ ကုသိုလ်လုပ်ခြင်းသည် ဗာလလက္ခဏာမဟုတ် ပဏ္ဍိတလက္ခဏာသာ ဖြစ်ကြောင်း ဟောတော်မူပါသည်၊ သုတ္တန်နည်းအရ ဗာလကို ဤသို့ ဟောကြားတော်မူသကဲ့သို့ အဘိဓမ္မာနည်းအရလည်း—

ကတမေ ဓမ္မာ ဗာလာ အဟိရိကဉ္စ အနောတ္တပ္ပဉ္စ၊ ဣမေ ဓမ္မာ ဗာလာ၊ သမ္ပေပိ အကုသလာ ဓမ္မာ ဗာလာ (ဓမ္မသင်္ဂဏီ-၂၅၅-၁၃၀၇)

ရဟန်းတို့ အကုသိုလ်ဒုစရိုက်တို့ကို မရှက်ခြင်း အဟိရိက၊ မကြောက်ခြင်း အနောတ္တပ္ပ (နှစ်ပါး) တို့သည် ဗာလတို့တည်း၊ အလုံးစုံသော အကုသိုလ်တရားတို့သည် ဗာလဖြစ်ကုန်၏ ဟု ဟောတော်မူသဖြင့် အကုသိုလ်သည်သာ ဗာလလူမိုက် အရကောက်ရပါသည်။

ဗာလာ နာမ ယေ ကေစိ ပါဏာတိပါတာဒိအကုသလကမ္မပထသမန္နာဂတာ သတ္တာ။ (ခု ဋ္ဌ-၁-၁၀၆)

"ဗာလမည်သည် ပါဏာတိပါတစသော အကုသလကမ္မပထတရားနှင့် ပြည့်စုံသော အမှတ်မရှိ သတ္တဝါတို့တည်း"။

တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော အဗျတ္တော အသပ္ပုရိသော ဧတံ ဥပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇော စ ဟောတိ သာနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ။ (အံ-၁-၂၉၇-ဧတသုတ်)

http://www.dhammadownload.com

"ရဟန်းတို့- မလိမ်မာ၍ သူတော်ကောင်း မဟုတ်သော လူမိုက်သည် မိမိ ကိုယ်ကို တူးဖြိုခြင်းအမှုကို ဆောင်ရွက်တတ်၏၊ ပညာရှိတို့သည် အပြစ်ရှိ၏ဟု ကဲ့ရဲ့အပ်၏၊ အပြစ်ရှိ၏ဟု အဖန်တလဲလဲ ကဲ့ရဲ့အပ်၏၊ များစွာသော အကုသိုလ် ကို ပွားစေတတ်၏။

ဗာလ လူမိုက်သည် ကုသိုလ်ကို မလုပ်ကြောင်း အကုသိုလ်စရိုက်များကိုသာ လုပ်ကြောင်းနှင့် အကုသလကမ္မပထ တရားနှင့် ပြည့်စုံသူသည်သာ ဗာလလူမိုက် ဖြစ်ကြောင်း (ဖော်ပြပါ) ပါဠိ အဋ္ဌကထာများက ဆိုပါသည်၊ ကြောင်ပန်းကမူ "ကုသလကမ္မပထတရား ပုညကိရိယာဆယ်ပါး ပြုလုပ်သူကို လူမိုက်ဟုဆိုသဖြင့် ဗုဒ္ဓဝစန ဓမ္မဒေသနာကို ဆန့်ကျင်သည့် "အဓမ္မဝါဒ" သာ ဖြစ်ပါသည်။

တဖန် "ကြောင်ပန်းဝါဒ"က ယင်း ကုသိုလ်လုပ်သူကို "မြတ်စွာဘုရား၏ ရန်သူ သူပုန်နှင့်တူ၏"ဟု ဆိုပြန်သေးသည်၊ ဘုရားရှင်က ကုသိုလ်ဟူသည် နည်း သည်များသည် မဟူ ကြုံတိုင်း ကြုံတိုင်း လုပ်ရမည် ဖြစ်ကြောင်းကိုသာ ဟော တော်မူပါသည်၊ ကုသိုလ်၏ လက္ခဏာကို (အထက်တွင်) ဖော်ပြပြီးဖြစ်၍ ကုသိုလ်ဟူသည် မည်သည့်အခါမျှ ဆင်းရဲကို မပေးကြောင်း ထင်ရှားပါသည်။

မတ္တာ သုခပရိစ္စာဂါ၊
ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊
သမ္မဿံ ဝိပုလံ သုခံ။ (ဓမ္မပဒ-၂၅)

ပညာရှိသည် အနည်းငယ်မျှသော ချမ်းသာစည်းစိမ်ကို စွန့်လွှတ်ခါမျှဖြင့် ကြီးကျယ်မြင့်မားသော ချမ်းသာကို မြင်သိသည်ရှိသော် အနည်းငယ်မျှသော စည်းစိမ်ချမ်းသာကို စွန့်လွှတ်ကုန်၏။

"မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ဣဋ္ဌဿ ကန္တဿ ပိယဿ မနာပဿ ယဒိဒံ ပုညာနိ (ဣတိဝုတ်-၂၁၅၊ အံ-၂-၃၏)

ရဟန်းတို့ ပုညကိရိယာ ကုသိုလ်တို့ကို မကြောက်ကြကုန်လင့်၊ အကြင် ပုညကိရိယာ ကုသိုလ်တို့သည် ရှိကြကုန်၏၊ ထိုပုညကိရိယာ ကုသိုလ်ဟူသော အမည်သည် လူနတ်ပြဟ္မာ ချမ်းသာ မင်္ဂလာချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့၏ အမည်ပေတည်း။

ဤသို့ ဘုရားရှင်သည် ကုသိုလ်ဟူသည် ရသလိုလုပ်သင့်ကြောင်း ကုသိုလ် ဟူသော အမည်သည် ချမ်းသာ၏ အမည်သာဖြစ်ကြောင်း ဟောကြားတော်မူကာ ကုသိုလ်မကြောက်ကြရန် အကုသိုလ်ကိုသာကြောက်ရန် အဖန်ဖန် ဟောကြားတော်မူပါသည်၊ ထို့ပြင် လူကောင်း နတ်ကောင်း ပြဟ္မာကောင်းဖြစ်ရန်

http://www.dhammadownload.com

တောင့်တခြင်းကို ဘုရားရှင်က အလွန်အရာ လိုလားတော်မမူသော်လည်း ကဲ့ရဲ့ပစ်ပယ်တော်မမူပဲ (ပုဂ္ဂိုလ်အလိုက်) တောင့်တသင့်ကြောင်းကို—

> တီဏိမာနိ ဘိက္ခဝေ သုခါနိ ပတ္ထယမာနော သီလံ ရက္ခေယျ ပဏ္ဍိတော၊ ကတမာနိ တီဏိ၊ ပသံသာ မေ အာဂစ္ဆတူတိ သီလံ ရက္ခေယျ ပဏ္ဍိတော ဘောဂါ မေ ဥပပဇ္ဇန္တူတိ သီလံ ရက္ခေယျ ပဏ္ဍိတော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇိဿာမီတိ သီလံ ရက္ခေယျ ပဏ္ဍိတော (ဇာတိဝုတ်-၂၄၁)

ရဟန်းတို့ ပညာရှိသည် ဤသုံးပါးတို့ကို တောင့်တကုန်လျက် သီလကို စောင့်ရှောက်၏။ ငါ့အား ချီးမွမ်းဖွယ်ရာ ရောက်လာမါစေဟု တောင့်တလျက် ပညာရှိသည် သီလကို စောင့်ရှောက်၏။

ငါ့အား စည်းစိမ်ဥစ္စာ ရောက်လာပါစေဟု တောင့်တလျက် ပညာရှိသည် သီလကို စောင့်ရှောက်၏။

ငါသေပြီးနောက် သုဂတိဘဝ ရောက်ပါစေဟု တောင့်တလျက် ပညာရှိသည် သီလကိုစောင့်ရှောက်၏ဟု ဟောကြားတော်မူပါသည်။

ဤနေရာ၌ ပသံသာ ဘောဂ သုဂတိလောကတို့သည် ဝဋ်ဆုတို့သာ ဖြစ်ပါသည်၊ သို့သော် ဝဋ်ချင်းတူသော်လည်း "ဝဋ်မျှင်မပြတ်" နိုင်သူတို့အတွက် သုခဝဋ်နှင့် ဒုက္ခဝဋ်တို့တွင် သုခဝဋ်သည် (အပြီးတိုင် မငြိမ်းအေးနိုင်သေးသော်လည်း) ဒုက္ခဝဋ်နှင့်စာလျှင် အနည်းငယ် သက်သာရာရကာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သည့် အခွင့်ကောင်းကြီးကို ရစေနိုင်၍ ဘုရားရှင်က ပစ်ပယ်ထောမမူရုံမျှမက ကဲ့ရဲ့တော်မမူပဲ တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင်—

> တယောမေ ဥပနိဿယာ ဒါနူပနိဿယော သီလူပနိဿယော ဘာဝနူပနိဿယော စာတိ။ တေသု ဒါနသီလူပနိဿယာ ဒုဗ္ဗလာ၊ ဘာဝနူပနိဿယော ဗလဝါ။ ဒါန သီလူပနိဿယာ ဟိ တယော မဂ္ဂေ စ ဖလာနိ စ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ။ (ခန္ဓဝဂ္ဂသံယုတ်-၄-၂၅၁)

"ဒါန-သီလ-ဘာဝနာဟူသော အားကြီးသောအကြောင်းတရား သုံးပါးတို့တွင် ဒါန သီလအကြောင်းတို့သည် အားနည်းကုန်၏၊ ဘာဝနာအကြောင်းသည် အားကြီး၏၊ ဒါန သီလဟူသော အားကြီးသည့် အကြောင်းကြောင့် အောက်မဂ် အောက်ဖိုလ်တို့ကို ရစေကုန်၏၊ ဘာဝနာဟူသော အားကြီးသည့် အကြောင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်၏ဟု အင်္ဂကထာဆရာ ဖွင့်ပြ

http://www.dhammadownload.com

ဆဖြင့် ဒါန သီလသည် မဂ်ဖိုလ် နိဗ္ဗာန် ဟူသော အကျိုးမပြီး အချည်းနှီး အလကား မဟုတ်ကြောင်း ထင်ရှားပါသည်။

ဒါန သီလသည် သောတာပန် သကဒါဂါမ် အနာဂါမ် အဆင့်ဖြစ်သော အောက်မဂ် အောက်ဖိုလ်ကို ရစေနိုင်ကြောင်း ကောင်းမြတ်သော ဥပနိဿယ ပစ္စည်းဖြစ်သည်ဟုဆိုသဖြင့် "ဒါန သီလသည် မဂ် ဖိုလ် နိဗ္ဗာန်ဟူသော အကျိုး မပြီး" ဟုဆိုသော ကြောင်ပန်းဝါဒသည် "ဓမ္မဂါဒ" မဟုတ် အဓမ္မဝါဒဖြစ်ကြောင်း ထင်ရှားပါသည်ဘုရား။

ကြောင်ပန်းဝါဒက ဆက်၍ ကံကို ပယ်ရှားလိုက်သည်မှာ—

"ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံ (၂၉)ပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်တစ်က လွတ်ကြမည်" ဟု ဆိုပြန်သည်။

ထို(၂၉)ပါးဟူသည် အကုသိုလ်ကံ ၁၂-ပါး မဟာကုသိုလ် ဂ-ပါး မဟဂ္ဂုတ် ကုသိုလ်ကံ ၉-ပါး ပေါင်း (၂၉)ပါး ဖြစ်ပါသည်၊ ၎င်း (၂၉)ပါးကို ပယ်ရှားမှ ဘုံသုံးဆယ့်တစ်က လွတ်မည်ဟု ဆိုသဖြင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့အနေဖြင့် ဘယ်ကံကို လုပ်ရပါမည်နည်း—

မဂ်ဉာဏ်မရသေးသူမှန်သမျှ မဂ်ကုသိုလ်ကံလည်း မဖြစ်သေးပါ၊ မဂ်ဉာဏ် ရပြီးသော်လည်း ဖလဆမာပတ် မဝင်စားလျှင် (အောက်မဂ် အောက်ဖိုလ်ရပြီးသူ) သောတပုဂ္ဂိုလ်တို့သည် မဟာကုသိုလ်ကံ ပုညကိရိယာဝတ္ထုကိုသာ လုပ်ရပါသည်၊ ထို့ကြောင့် ပုထုဇဉ်တို့က ကံ(၂၉)ပါးလုံး ပယ်လိုက်လျှင် ဘယ်ကံ လုပ်ရဖါမည်နည်း၊ လုပ်စရာ ကံမရှိတော့ပါ။

အကုသိုလ်ကံကို ပယ်သည်မှာ ဘုရားရှင်ကိုယ်တော်တိုင်က ပဟာတဗ္ဗ ပယ်ရမည့်တရားဟု ဟောခဲ့ပြီးဖြစ်၍ အထူးဆိုရန်မလိုပါ၊ သဘာဝကျပါသည်၊ ဒါနကံ သီလကံကို မလုပ်ပဲ ဝိပဿနာဘာဝနာ ကံကိုသာ လုပ်ရမည် ဆိုသော် ယင်းဝိပဿနာကံသည် မဂ်ကုသိုလ်ကံဖြစ်ပြီလော၊ မဟုတ်သေးပါ၊ လုံးဝ မဟုတ်သေးပါ၊ ခေတ်အခေါ် တရားအားထုတ်ခြင်းဟူသော ဝိပဿနာ ဘာဝနာကံသည် လောကုတ္တရာကုသိုလ်မဟုတ်သေးပဲ ကာမာဝစရ မဟာကုသိုလ်ကံ ပုညကိရိယာဝတ္ထုပင် ရှိပါသေးသည်၊ သို့သော် ကြောင်ပန်းပါဒကမူ မိမိတို့ လုပ်ခိုင်းနေသော "ဝိပဿနာတရား" ကိုပင် မည်သည့်ကုသိုလ်ထဲ ဝင်ရောက်မှန်း မသိပဲ ငါးလုံးရှည်နှင့် ရောရမ်းလိုက်သဖြင့် ကောင်းကင်ကိုမော့ကာ "လ-ကို တံတွေးနှင့် ထွေးသူသည် ကိုယ့်မျက်နှာပေါ် သာ တံတွေးပြန်ကျသကဲ့သို့" ကိုယ့် အလုပ် ဝိပဿနာတရားပါ အားမထုတ်နှင့်တော့ ကံမှန်သမျှ မလုပ်ကြနှင့် ပြတ်ကြစော့ဟုဆိုရာရောက်ပြီး "ကံကို ပယ်သည်" အကိရိယဝါဒအဖြစ် ရောက်သွားပါသည်။

http://www.dhammadownload.com

ဘုရားရှင်လက်ထက်တော်က သိခါမောဂ္ဂလ္လာနပုဏ္ဏားကြီးသည် ဘုရားရှင်ထံ လာရောက်၍ "အရှင်ဂေါတမ သောဏကာယနခေါ်တဲ့ လူငယ်တယောက်က ရဟန်းကြီး ဂေါတမသည် 'ကံအားလုံး မပြုလုပ်ရ'ဟု ဟောပြော ညွတ်နေသည်၊ ကံအားလုံး မပြုလုပ်ရဟု ဟောပြောပညတ်ကာ (ကံမလုပ်မှု) လောက ကြီး ပြတ်၏ ဟု ဟောပြောနေသည်၊ 'အို-မိတ်ဆွေကြီး....ဤလောကသည် ကံသည်သာ အမှန်တရား၊ ဤလောကသည် ကံတရားကြောင့် တည်နေသည် မဟုတ်လား' ဟု ကျွန်ုပ်ကို လာရောက်ပြောဆိုကြောင်း" လျှောက်ထား၏၊ ထို အခါ ဘုရားရှင်က "ပုဏ္ဏားကြီး ငါဒီဓကားပြောဘို့ဝေးစွ၊ သောဏကာယနကို မြင်ပင်မမြင်ဖူးပါ၊ ငါကိုယ်တိုင် ထွင်းဖောက်မျက်မှောက်ပြုပြီး ဟောကြားအပ် သော ကံ ၄-မျိုးရှိသည်၊ ယင်းတို့မှာ ကဏှ=မည်းသော အကုသိုလ်ကံ၊ သုက္က=ဖြူစင်သော ကုသိုလ်ကံ၊ ကဏှ သုက္က=အမည်းအဖြူကုသိုလ် အကုသိုလ်နှံ့ရောနှော သောကံ၊ အကဏှ အသုက္က=မမည်း မဖြူပဲ ကံကုန်စေတတ်သော ကံတို့ပင်ဖြစ်ပါ သည်။ (အံ—စတုက္က-သောဏကာယနသုတ်-၅၅၅)

ဤလေးမျိုးတို့၏ အရကောက်တို့ကို အကုသိုလ်သခါရဖြစ်သော ၅-ပါးသီလ ကျူးလွန်ခြင်းနှင့် ပဉ္စာနန္တရိယကံသည် ကဏှ-မည်းသောကံ၊ ကုသိုလ်သခါရဖြစ် သော ၅-ပါးသီလ လုံခြုံခြင်းနှင့် သုစရိုက် ၁၀-ပါးသည် သုက္က=ဖြူသောကံ၊ ထို နှစ်ပါး ရောနှောပြုလုပ်ခြင်းကို ကဏှသုက္က=အမည်းအဖြူ ရောသောကံ၊ မဂ္ဂင် ၈-ပါး ဗောဇ္ဈင် ၇-ပါးကို အကဏှအသုက္က = ကံကုန်စေတတ်သော ကံ-ဟု ဆက်လက် ဟောကြားတော်မူပါသည်။

အကယ်၍ ဘုရားရှင်ရှိတော်မူခဲ့ပါလျှင် သိခါမောဂ္ဂလ္လာနပုဏ္ဏားကြီး လျှောက် ထားသကဲ့သို့—

"မြတ်စွာဘုရား မြတ်စွာဘုရားက ကံ(၂၉)ပါးရှောင်မှု (၃၁)ဘုံက လွတ်ပြီး နိဗ္ဗာန်ရောက်မည့် ဟောကြားနေကြောင်း ကြောင်ပန်းဝါဒီတို့က တဆင့် ပြော နေပါသည်ဘုရား"ဟု လျှောက်ထားခဲ့သော် (သောဏကာယန လုလင် အကြောင်း မိန့်တော်မူသကဲ့သို့) ဒီဓကားမျိုး ပြောဘို့ဝေးစွ၊ ကြောင်ပန်းကို ကြားတောင် မကြားဖူးဘူး၊ ငါဟောပြောနေတာက ကံ(၄)မျိုး ရှိသည်ဟု ဆက်လက်ဟောကြားတော်မူမည်မှာ မလွဲပါ။

ဘုရားရှင်၏ ရှောင်ကြဉ် ပယ်ရှားသင့်သော ကံဟူသည်မှာ ကံ ၂၉-ပါး မဟုတ်ပါ၊ အကုသိုလ်ကံသာ ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်က ဝေရဉ္ဇပုဏ္ဏားအား "ပုဏ္ဏားကြီး ရဟန်းဂေါတမ သည် အကိရိယဝါဒရှိသူဟု ပြောဆိုလျှင် "ကာယ+ဝစီ+မနောဒုစရိုက် တရား များကို မပြုလုပ်ရဟု ငါဟော၏၊ များလှစွာသော အကုသိုလ်တရားမှန်သမျှ

http://www.dhammadownload.com

မပြုလုပ်ရပါဟု ငါဟောခဲ့ ဟူ၍ ပရိယာယ်အားဖြင့် ဟောကြားတော်မူပါသည်။(ဝိ-ပါရာဇိကပါ-၃)

ဘုရားရှင်က အကုသိုလ်ကံ မှန်သမျှသော မပြုလုပ်ရ ရှောင်ရှားရန် ဟောကြားတော်မူသော်လည်း ကြောင်ပန်းဝါဒကမူ ကံ(၂၉)ပါးကို ရှောင်မှု ၃၁-ဘုံမှ လွတ်မြောက်မည်ဟု ကြွေးကြော်လိုက်သဖြင့် ကံကိုပယ်ရှားသည့် အကိရိယဝါဒ လုံးလုံးဖြစ်သွားပါတော့သည်။

ထို့ပြင် သုစရိုက်တရားလုပ်သူ ကုသိုလ်ကံမှန်သမျှလုပ်သူသည် ပညာရှိဖြစ်ကြောင်းကို (ဗာလဆိုင်ရာ ဖော်ပြပြီးသုတ်များ၏) သုက္ကပက္ခများ၌ဟောကြားတော်မူသဖြင့်လည်းကောင်း ခုဒ္ဒကပါဋ-၄-၁၀၇-၌-

ပဏ္ဍိတာ နာမ ယေကေစိ ပါဏာတိပါတာ ဝေရမဏိအာဒိ ဒသကုသလကမ္မပထသမန္နာဂတာ သတ္တာ-ဟု ဖွင့်ဆိုသဖြင့်လည်းကောင်း ပညာရှိလျှင် ကုသိုလ်လုပ်သည်၊ ကုသိုလ်လုပ်မှ ပညာရှိဖြစ်ကြောင်း ထင်ရှားပါသည်။

အထက်ပါစကားများကို အားလုံးခြုံ၍ ကြောင်ပန်းဝါဒနှင့် ဗုဒ္ဓဝါဒတို့၏ကံနှင့်ပတ်သက်သည့် အယူအဆတို့ကို အကျဉ်းချုပ်လိုက်လျှင်—

ကြောင်ပန်းဝါဒ က– ပုညကိရိယာလုပ်သူ ဗာလ
ဗုဒ္ဓဝါဒက– ပုညကိရိယာလုပ်သူ ပဏ္ဍိတ
ကြောင်ပန်းဝါဒက– လောကီကုသိုလ်ကံအပါအဝင် ကံမှန်သမျှပယ်
ဗုဒ္ဓဝါဒ က– အကုသိုလ်ကံသာပယ်၊ လောကီကုသိုလ်ကိုမပယ်
ကြောင်ပန်းဝါဒ က– ပုညကိရိယာလုပ်လျှင် ဗာလသုဏ္ဏက
ဗုဒ္ဓဝါဒ က– ပုညကိရိယာလုပ်လျှင် ပဏ္ဍိတသုဏ္ဏက
ကြောင်ပန်းဝါဒက– ပုညကိရိယာလုပ်လျှင် ဘုရားရန်သူ
ဗုဒ္ဓဝါဒ က– ပုညကိရိယာလုပ်လျှင် ဘုရားအလိုတူ
ကြောင်ပန်းဝါဒ က– ပုညကိရိယာကုသိုလ်ကို ကွဲရွဲရွှတ်ချ
ဗုဒ္ဓဝါဒက– ပုညကိရိယာကုသိုလ်ကို ချီးမွမ်း
ကြောင်ပန်းဝါဒ က–ပုညကိရိယာ မလုပ်ရန် ခြိမ်းခြောက်
ဗုဒ္ဓဝါဒ က– ပုညကိရိယာလုပ်ရန် တိုက်တွန်းသည့် ဝါဒများ–

ဖြစ်ခြင်းကြောင့် မြွှမှုန်နှင့် မြင့်မိုရ်တောင်ကဲ့သို့ ကွာခြားပါသည်ဘုရား။

ကြောင်ပန်းဝါဒသည် ကုသိုလ်လုပ်သူများကို လူ့အဖျင်း လူ့အဖြုန်း လူ့အသုဉ်း လူ့အဆုံ လူ့အခဲ့ လူ့အကာ လူ့ချူချူချာချာ စသည်ဖြင့်

http://www.dhammadownload.com

နှိမ့်ချစွပ်စွဲကြသောင်လည်း ၎င်းတို့ကိုယ်တိုင် ၎င်းတို့ဆိုသောစာနှင့်ညီညွတ်နေကြောင်း "ခေါင်းမှန်း ဖင်မှန်းမသိ" ဆိုသကဲ့သို့ဖြစ်နေကြောင်းကို–

> မက္ခလိ ဘိက္ခဝေ မောဃပုရိသော ဧဝံဝါဒီ ဧဝံဒိဋ္ဌိ "နတ္ထိ ကမ္မံ၊ နတ္ထိ ကိရိယံ၊ နတ္ထိ ဝီရိယန္တိ"။ (အံ-၁၊ ကေသကမ္မလသုတ်-၂၉၀)

ရဟန်းတို့ မင်္ကဖိုလ်မမိုး အချည်းနှီးသော လူ့အဖြုန်း မက္ခလိဂေါသာလသည် ကုသိုလ်ကံ မရှိ၊ ကုသိုလ်ကံကိုပြုလုပ်စရာမလို၊ ကုသိုလ်ကံကို ကြိုးစားအားထုတ်ရန်မလိုဟု အယူဝါဒရှိ၏၊ထိုမင်္ကဖိုလ်မမိုးအချည်းနှီးသောလူ့အဖြုန်း မက္ခလိသည် ဤအယူဝါဒဖြင့် ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့ ကုန်သော ဘုရားအဆူဆူတို့ ဟောကြားသည့် "ကမ္မဝါဒ-ကိရိယဝါဒ ဝီရိယဝါဒ"ကို တားမြစ်ပိတ်ပင်သူ ဖြစ်၏ဟု ဟောတော်မူခဲ့ပါသဖြင့် ကြောင်ပန်းဝါဒသည် (မက္ခလိဝါဒ) နှင့် ထပ်တူညီပါသောကြောင့် အဓမ္မဝါဒသာဖြစ်ကြောင်း တင်သွင်းလျှောက်ထားပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိဋ္ဌာန်အဖွဲ့ အမှတ်(၃) ဆရာတော်များဘုရား။

ဝိတ္ထာရစောဒနာ အမှတ်(၄)

ကြောင်ပန်းတောရဝါဒသည် ဉာဏဝိပ္ပယုတ်ကုသိုလ်ကို ကောင်းသောတရား (ကုသလဓမ္မ)ဟု ဟောပြောပြုကျင့်လျှင် ခွေးနွားစသော အပါယ်ဘုံသားများနှင့်တူကြောင်း ဟောပြောရေးသားသည့် အဓမ္မဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရစောဒနာပါဘုရား။

ရှိသေစွာလျှောက်ကြားပါသည် နိုင်ငံတော် အမှတ်(၃) သီးခြားဝိနည်းဓိဋ္ဌာန် ဆရာတော်ကြီးများဘုရား–

ကြောင်ပန်းတောရဝါဒီတို့သည် ပုဒ္ဓဝစန ပရိယတ်စာပေကို မသင်ကြားဖူးသည့် ပုဒ္ဓဘာသာဝင်များအား အကြောင်ရိုက်ပြီး မှိုင်းတိုက်ကာ စာလာပေလာ ဒေသနာတော်နှင့်မညီညွတ်ပဲ အကဲ့ကဲ့အပြားပြား လိုချင်သလို ဆွဲယူဟောပြောရေးသားခြင်းဖြင့် အဓမ္မကို ဓမ္မလုပ်ခဲ့ကြပါသည်ဘုရား။

ကြောင်ပန်းတောရဝါဒီတို့သည် သူတို့ လိုလျှင်လိုသလို ဆွဲယူသကဲ့သို့မလို လျှင်လည်း မလိုသလို ပစ်ပယ်တတ်ကာ ကာလိုက်-တွန်းလိုက် လုပ်တတ်သည့် "ကာတွန်း" ဝါဒသမားများဖြစ်ကြောင်း အောက်ပါအချက်အလက်များက ထက်သေခံပါသည်ဘုရား။

http://www.dhammadownload.com

(က) ပုညကိရိယာဆယ်ပါးနှင့် ပါရမီဆယ်ပါးအထူးကား—

ကုသလကမ္မပထကုသိုလ် ဝင်္ကနိဿိတကုသိုလ် ပုညာဘိသန္ဒါရကုသိုလ် ပုညကိရိယာကုသိုလ် ဉာဏဝိပ္ပယုတ်ကုသိုလ် စသည်ထို့မှာ အတူတူသာမှတ်ပါ၊ ထို့ကြောင့် ဒါနသီလစသော ကုသိုလ်ကောင်းမှုကိုဖြို့လျှင် ပုညကိရိယာချည်း ပင် ဟု မထင်နှင့်၊ မမှတ်နှင့်၊ (ခြောက်စောင်တွဲ ၁၃-မှ)

ဤရေးသားချက်တွင် "ဒါနသီလစသော ကုသိုလ်ကောင်းမှုကိုပြို့လျှင် ပုညကိရိယာချည်းပင်ဟု မထင်နှင့် မမှတ်နှင့်"ဟု ဆိုသဖြင့် ဒါနသီလပြို့လျှင် ပုညကိရိယာမဟုတ်လျှင် ဘာကုသိုလ်များဖြစ်ရဦးမလဲဟု မေးချင်ပါသည်၊ ဘုရားရှင်က ဒါနသီလကုသိုလ်ကို ပုညကိရိယာကုသိုလ်ပါဟု တိုက်ရိုက်ဟောထားပါလျက် "ကြောင်ပန်းက ပုညကိရိယာချည်းမထင်နဲ့"ဟုဆိုသဖြင့် ဘာထင်ရမလဲဟု မေးရပါမည်၊ ဒါနသီလစသောကုသိုလ်ကောင်းမှုများသည် ပုညကိရိယာချည်းဖြစ်ကြကြောင်း အောက်ပါသုတ္တန်ဋ္ဌကထာဟောကြားတော်မူပါသည်။

> တီဏိမာနိ ဘိက္ခဝေ ပုညကိရိယ ဝတ္ထူနိ။ ကတမာနိ တီဏိ၊ ဒါနမယံ ပုညကိရိယဝတ္ထု၊ သီလမယံ ပုညကိရိယဝတ္ထု၊ ဘာဝနာမယံ ပုညကိရိယ ဝတ္ထု။
>
> (အံ-၃၊ ပုညကိရိယာ-ဝတ္ထုသုတ်-၇၂)

"ရဟန်းတို့ ပုညကိရိယာဝတ္ထု တို့သည် ဒါနမယပုညကိရိယဝတ္ထု သီလမယ ပုညကိရိယဝတ္ထု၊ ဘာဝနာမယပုညကိရိယဝတ္ထု ဟူ၍ (၃)ပါးရှိကုန်၏။

> "ကထံ ဒါနမယံ ပုညကိရိယဝတ္ထု၊ သီလမယံ၊ ဘာဝနာမယံ၊ အပစိတိသဟဂတံ၊ ဝေယျာဝစ္စသဟဂတံ၊ ပတ္တာနုပ္ပဒါနံ၊ အဇ္ဈာနုမောဒနံ၊ ဒေသနာမယံ၊ သဝနမယံ၊ ဒိဋ္ဌုကမ္မံ ပုညကိရိယဝတ္ထူတိ ဣမာနိ ဒသ ပုညကိရိယဝတ္ထူနိနာမ။ (အဋ္ဌသာလိနီ-၂၀၁)

ဒါနပြုခြင်း သီလစောင့်ခြင်း ဘာဝနာပွားများခြင်း ရိုသေဆည်းကပ်ခြင်း ဝေယျာဝစ္စ လုပ်ဆောင်ခြင်း အလှူ၏အဖို့ကို အမျှဝေခြင်း ဝမ်းမြောက်ဝမ်းသာ သာဒုခေါ်ခြင်း တရားဟောခြင်း တရားနာခြင်း အယူကို ဖြောင့်စွာယူခြင်း အာဒိဖြင့် ဤ (၁၀) ပါးတို့သည် ပုညကိရိယဝတ္ထုမည်ကုန်၏။

ဤ (၁၀)ပါးတို့တွင် သရဏဂုံယူခြင်း အများအကျိုးဆောင်ခြင်း (ပရဟိတ) နှစ်ပါး ထပ်ထည့်သွင်းကာ (၁၂)ပါးရှိကြောင်းလည်း (မူလပဏ္ဏာသဋီ၊ ၂-၁၃၄)၌ ဖွင့်ပါသေးသည်၊ ဗုဒ္ဓဝစနပါဠိနှင့် အဋ္ဌကထာအသီးသီး၌ ပုည

http://www.dhammadownload.com

ကိရိယာဝတ္ထုကို ဖေါ်ပြပါ (၁၀)လုံး ဟောကြား ဖွင့်ဆိုတော်မူပါသည်၊ ကြောင်ပန်းက ထိုပုဂ္ဂိကိရိယာကုသိုလ်ကိုပင် ဝင်္ခနိဿိတကုသိုလ်ဟု လည်းကောင်း ဉာဏဝိပ္ပယုတ် ကုသိုလ်ဟုလည်းကောင်း ဆိုထားပြန်ပါသည်။

ဆိုပုဂ္ဂိကိရိယာ ကုသိုလ်ဟူသော အမည်သည် ဘုတ္တနိအမည်ဖြစ်ပါသည်၊ အဘိဓမ္မာတရားကို အရကောက် ပါလျှင် ပုဂ္ဂိကိရိယာဝတ္ထုအရ ကာမာဝစရ (မဟာ) ကုသိုလ်စိတ် (၈) ခု ရှုပါရုဝစရကုသိုလ် (၅) ခုကို ကောက်ယူရပါသည်။

ဒါနမယာတိအာဒီဟိ တာသံယေဝ စေတနာနံ ပုဂ္ဂိကိရိယဝတ္ထု-ဝသေန ပဝတ္တိ ဒဿိတာ၊ တတ္ထ အဋ္ဌ ကာမာဝစရာဝ ဒါနသီလမယာ ဟောန္တိ၊ ဘာဝနာမယာ ပန တေရသပိ။ (သမ္မော-နှာ-၁၃၅)

ပုဂ္ဂိကိရိယာဝတ္ထုအရ ပုဉ္ဉာဘိသင်္ခါရကုသိုလ် ဖြစ်သော မဟာကုသိုလ်စိတ် (၈)ခု ရှုပကုသိုလ်စိတ် (၅)ခု ပေါင်း (၁၃) ခုတို့ကို ကောက်ယူရသော ကြောင့် ဉာဏဝိပ္ပယုတ် ကုသိုလ်ဟု ကြောင်ပန်းဝါဒ ဆိုထားခြင်းသည် စာလာပေလာ ဓမ္မသနာတော်နှင့် လုံးဝ မညီညွတ်ပါ၊ အဘယ့်ကြောင့်ဆိုသော်– မဟာကုသိုလ်စိတ် (၈) ခုသည် ဉာဏဝိပ္ပယုတ်ကုသိုလ်ချည်း မဟုတ်၊ ဉာဏသမ္ပယုတ် ကုသိုလ်လည်း ပါဝင်ပါသည်၊ ထို့ပြင် ရှုပါဝစရ ကုသိုလ်ဟူသည် ဉာဏဝိပ္ပယုတ် လုံးဝမဟုတ် – ဉာဏသမ္ပယုတ် သက်သက်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ပုဂ္ဂိကိရိယာ=ကာမာဝစရ (မဟာ) ကုသိုလ်ကို ဉာဏ်ပညာဦးစီးရှိလုပ်လျှင် ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်၍ ဉာဏ်မပါပဲ ပြုလုပ်လျှင် ဉာဏဝိပ္ပယုတ် ကုသိုလ်ဖြစ်ပါသည်၊ ဉာဏ်ပါခြင်း မပါခြင်း ဆိုသည်မှာ ပြုလုပ်အားထုတ်သူ၏ နှလုံးသွင်းအသိဉာဏ်တို့နှင့် ဆိုင်ပါသည်။

ပုဂ္ဂိကိရိယာဝတ္ထု (၁၀)ခုကို အခိုကလုပ်ငန်းကြီးဖြစ်သော ဒါန သီလ ဘာဝနာ (၃)ခုတွင်း သွတ်သွင်းပေါင်းယူကာ ဒါနမယ (ဒါနအုပ်စု) သုံးခု၊ သီလမယ (သီလအုပ်စု) သုံးခု၊ ဘာဝနာမယ (ဘာဝနာအုပ်စု) သုံးခုဟူ၍ အုပ်စု (၃) ခုခွဲပြီးလျှင် ဒိဋ္ဌဓမ္မကို အုပ်စုသုံးခုလုံးတွင် ယူပါသည် (ဒိဋ္ဌဓမ္မကို ဘာဝနာအုပ်စု၌လည်း ယူပါသည်၊ သို့သော် ဒိဋ္ဌဓမ္မအရ ကမ္မဿကတာဉာဏ်ကို ကောက်ယူသဖြင့် (၃)ခုလုံး သွင်းယူသောနည်းက အကောင်းဆုံးဟု ယူဆ၍ (၃)ခုလုံး သွင်းသည့်နည်းကို အသုံးပြုပါသည်။

ယင်းသို့ သုံးအုပ်စု ခွဲလိုက်သောအခါ–

ဒါန =အလှူပေးခြင်း

ပတ္တိဒါန =အမျှဝေခြင်း+ပတ္တာနုမောဒန= သာဓုခေါ်ခြင်းတို့သည် ဒါနမယ=ဒါနအုပ်စု

http://www.dhammadownload.com

သီလ =သီလစောင့်ခြင်း+အပစိတိ ' = ရှိသေဆည်းကပ်ခြင်း+ ဝေယျာဝစ္စ=ကူညီလုပ်ဆောင်ခြင်း တို့သည် သီလမယ= သီလအုပ်စု

ဘာဝနာ =တရားအာရုံထုတ်ခြင်း + ဒေသနာ= တရားဟောခြင်း ဓမ္မသဝန=တရားနာခြင်းတို့သည် ဘာဝနာမယ=ဘာဝနာ အုပ်စု ဖြစ်၍ ယင်းသုံးအုပ်စုလုံးတွင် ဒိဋ္ဌဇုကမ္မ=အယူကိုဖြောင့် မတ်စွာ ယူခြင်းသည် အာရုံလုံးပါဝင်ပါသည်။

ဆိုလိုသည်မှာ–ဒါနသီလ ဘာဝနာတို့ကို+ဒိဋ္ဌဇုကမ္မ–ကမ္မဿကတာဉာဏ်က ထိန်းချုပ်ထားသည်ဟု ဆိုလိုပါသည်။

အပစိတိဝေယျာဝစ္စာနိ ဟိ သီလမယေ သင်္ဂဟံ ဂစ္ဆန္တိ။ ပတ္တာနုပ္ပဒါန အပ္ပနုမောဒနာနိ ဒါနမယေ၊ ဒေသနာသဝနဒိဋ္ဌဇုကမ္မာနိ ဘာဝနာ မယေ၊ ယေ ပန "ဒိဋ္ဌဇုကမ္မံ သမ္မေသံ နိယမလက္ခဏန္တိ" ဝဒန္တိ၊ တေသံ တံ တီသုပိ သင်္ဂဟံ ဂစ္ဆတိ။ (အဋ္ဌသာလိနီ—၂၀၃)

ဒီဃဘာဏကာ ပနာဟု ဒိဋ္ဌဇုကမ္မံ သမ္မေသံ နိယမလက္ခဏံ။ ယံ ကိဉ္စိ ပုညံ ကရောန္တဿ ဟိ ဒိဋ္ဌိယာ ဥဇုကဘာဝေ နေဝ မဟပ္ဖလံ ဟောတီတိ။ (အဋ္ဌသာလိနီ—၂၀၃)

ဒိဋ္ဌဇုကမ္မဟူသည် ကမ္မဿကတာဉာဏ်ဖြစ်၍ ယင်းဒိဋ္ဌဇုကမ္မခေါ် ကမ္မဿ ကတာဉာဏ်သည် ဒါန သီလ ဘာဝနာအုပ်စု (၃) ခုလုံး ပါဝင်သဖြင့် မဟာ-ကုသိုလ်စိတ် (၈)ခုတွင် ဉာဏသမ္ပယုတ်နှင့် ဉာဏဝိပ္ပယုတ်ဟု နှစ်ပိုင်းခွဲဟော ကြားတော်မူပါသည်၊ ထို့ကြောင့် ကာမာဝစရကုသိုလ် ဖြစ်သော ဒါန သီလ ဘာဝနာအုပ်စုမှ တခုခုလုပ်လျှင် မဟာကုသိုလ်စိတ် (၈)ခုတွင် တခုခုသာ ဖြစ်နိုင်ပါသည်၊ ဉာဏဝိပ္ပယုတ်ချည်းသာဖြစ်သည်ဟု ပြော၍ မရပါ။

ဒါနဖြစ်စေ သီလဖြစ်စေ ဘာဝနာဖြစ်စေ ကုသိုလ်တခုခုကို လုပ်မည်ဆိုလျှင် ' လုပ်တော့မည် ' ဟု စိတ်ကူးစဉ်မှစ၍ မဟာကုသိုလ်စိတ် (၈)ခုတွင် တခုခု ဖြစ်ပါသည်။

ဒါနံ ဒဿာမီတိ စိန္တေန္တော အဋ္ဌန္နံ ကာမာဝစရကုသလစိတ္တာနံ အညတရေနေဝ စိန္တေတိ။ (အဋ္ဌသာလိနီ.၂၀၄)

ထို့အတူ (ငါသည် အယူကိုဖြောင့်စွာလုပ်ရမည်ဟု) ဒိဋ္ဌဇုကမ္မခေါ် ကမ္မ ဿကတာဉာဏ် စတင်ဖြစ်ပေါ်စဉ်မှစ၍ မဟာကုသိုလ်စိတ် (၈)ခုတွင် တခုခု ဖြစ်ပါသည်၊ ထို့နောက် အယူဖြောင့်မတ်သည်ဟု ဆိုအပ်သောကံနှင့် ကမ္မဖလ ကိုယုံကြည်သည့် အခါတွင် ကမ္မဿကတာဉာဏ်ပါဝင်လာပြီးဖြစ်၍ ဉာဏ-သမ္ပယုတ်=ဉာဏ်နှင့်ယှဉ်သော မဟာကုသိုလ်စိတ် (၄) ခုတွင် တခုခုသာဖြစ်ပါ

http://www.dhammadownload.com

တေဇောဆာည်၊ ကမ္မဿကတညာဏ် ပါဓင်လာပြီးဖြစ်၍ ပညာစေတသိက်ယုံ့လာသဖြင့် ညာဏဝိပွယုတ်=ညာဏ်မပါဒသာ မဟာကုသိုလ်စိတ် (၄)ခု မဖြစ်တော့ပါ။

ဒိဋ္ဌိ ဥဇုကံ ကရိဿာမီတိ စိန္တေစန္တာပိ တေသံယေဝ အညတရေန စိန္တေတိ၊ ဥဇုံကရောန္တော ပန စတုန္နံ ညာဏသမ္ပယုတ္တာနံ အညတရေန ကရောတိ။ (အဋ္ဌသာလိနီ–၂၀၄)

ငါ့အယူ ဖြောင့်မတ်ပြီဟု ဆင်ခြင်သောအခါတွင်မူ မဟာကုသိုလ်စိတ်(၈)ခုတွင် (ညာဏဝိပွယုတ် သမ္ပယုတ် နှစ်မျိုးလုံး) တခုခုဖြင့် ဆင်ခြင်ပါသည်။

ဒိဋ္ဌိ မေ ဥဇုကာကတာတိ ပစ္စဝေက္ခန္တော အဋ္ဌန္နံ အညတရေန ပစ္စဝေက္ခတိ။ (အဋ္ဌသာလိနီ–၂၀၄)

ဤအရာသည် ဘုရားရှင်၏ ညာဏ်တော်အနန္တ (ဗုဒ္ဓဉာဏ် အနန္တ) ဖြစ်၍ ဘုရားရှင်မှ လွဲ၍ အခြားမည်သူမှ ကဲ့ပြားစွာ ခွဲခြား သိနိုင်သည့်အရာ မဟုတ်ပါ၊ ထို့ကြောင့် အစီန္တေယျ=မကြံကောင်း မစဉ်းရာ တရား (၄)ပါးတွင် ဗုဒ္ဓဝိသယ=ဘုရားနှင့်သာ ဆိုင်သော အရာကို ကြံစည်လျှင် ရူးလျှင် ရူး၊မရူးလျှင် စိတ်ပင်ပန်းရုံသာရှိမည်ဟု ဟောကြားတော်မူပါသည်၊ ဗုဒ္ဓ၏ ညာဏ်တော်အနန္တကို ယုံကြည်ကြသော ရဟန်း ရှင် လူ မည်သည့်ပုဂ္ဂိုလ်ဖြစ်စေ ဤကုသိုလ်စိတ်နှင့် ဆိုင်သော အရာကို ပိုမိုလွန်ကဲစွာ မကြံစည်အပ်၊ မကြံစည်သင့်ပဲ ညာဏ်တော် အနန္တကို ယုံကြည်၍ ကြည်ညိုလေးမြတ်စွာဖြင့် မဟာကုသိုလ်စိတ် (၈) ခုသာရှိသည် (ညာဏသမ္ပယုတ်+ညာဏဝိပွယုတ်နှစ်မျိုးလုံး ရောနှောနေသည်)ဟုသာ အယုံကြီး ယုံကာ အကြည်ကြီး ကြည်သင့်ပါသည်။

သမ္မဒ္ဓတညာဏေန ပရိစ္ဆိန္ဒိတွာ "အဋ္ဌဝေတာနီ"တိ သရိက္ခဒ္ဓေန အဋ္ဌဝဂေါဒ္ဓာသေ ကတွာ ဒဿေသိ။ (အဋ္ဌသာလိနီ-၂၀၅။)

ဤနေရာတွင် ကုသိုလ်ပြုလျှင် မည်သည့်အခါမျိုး မည်သို့ ပြုလုပ်သော နည်းမျိုးသည် ညာဏသမ္ပယုတ် ဖြစ်၍ မည်သို့ ပြုလုပ်လျှင် ညာဏဝိပွယုတ် ဖြစ်သည်တို့ကို ပုညာယူဟန ဖ-မျိုးနှင့် ရှင်းလင်းဖော်ပြပါမည်။

ပုညာယူဟန ဖ-မျိုးတွင် မိမိသဘောအလျောက် လုပ်ခြင်းသည်=သဃံ ကာရ၊ သူတပါးလုပ်သည်ကို မြင်ရ၍ (အားကျပြီး)လုပ်လျှင်=ပရံကာရ၊ မိမိကိုယ်တိုင် ကိုယ်ကြုပ်လုပ်လျှင်=သာဟတ္ထိက၊ တဆင့်စေခိုင်း၍ လုပ်လျှင်=အာဏတ္တိက၊ ကံကိုလည်းကောင်း ကံ၏အကျိုးကိုလည်းကောင်း ယုံကြည် ၍

http://www.dhammadownload.com

လုပ်လျှင်=သမ္မာနကတာ၊ ကံနှင့်အကျိုးကို မသိပဲ လုပ်လျှင်=အသမ္မာနကတာ ဟု (၆)မျိုး ရှိပါသည်၊ ယင်း (၆)မျိုးကို ဉာဏသမ္မယုတ် ဉာဏဝိပ္ပယုတ်ခဲ့လိုက် သော် မိမိသဘောအလျောက်လုပ်ခြင်း=သယံကာရ၊ အားကျ၍ ထလုပ်ခြင်း =ပရံကာရ၊ ကိုယ်တိုင် လုပ်ခြင်း=သာဟတ္ထိက၊ သူတပါးကို လုပ်ခိုင်းခြင်း= အာဏတ္တိက ၄-မျိုးသည် မဟာကုသိုလ်စိတ် (၈) ခုတွင် တခုခုသော စိတ်ဖြင့် ပြုလုပ်သဖြင့် ဉာဏ်ပါသည့်အခါ ဉာဏသမ္မယုတ်ဖြစ်၍ ဉာဏ်မပါသည့်အခါ ဉာဏ ဝိပ္ပယုတ်ကုသိုလ်မျိုး ဖြစ်ပါသည်။

ကံနှင့် ကံအကျိုးကို ယုံကြည်ပြီး လုပ်သည့်=သမ္မာနကတာ ကုသိုလ်သည် ကမ္မဿကတာဉာဏ်ပါဝင်နေသဖြင့် ဉာဏသမ္မယုတ်ကုသိုလ်မျိုးသာ ကောန် ဖြစ်ပါ သည်၊ ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုး မဖြစ်နိုင်တော့ပါ၊ ကံနှင့်အကျိုးကို မသိပဲ ပြုလုပ်သည့် အသမ္မာနကတာကုသိုလ်သည် ကံနှင့် အကျိုးကိုမျှ သိသည့်ဉာဏ် မပါတော့သဖြင့် ဉာဏဝိပ္ပယုတ်သက်သက်သာ ဖြစ်ပါသည်၊ ဉာဏသမ္မယုတ် ကုသိုလ် မဖြစ်ပါ၊ကုသိုလ်လုပ်ငန်းကိုလည်း ခဲခြားရန်မလိုပါ၊ ပုညကိရိယာကိုပင် လုပ်ရပါသည်၊ ပုထုဇဉ်ဖြစ်စေ၊ အရိယာဖြစ်စေ ပုညကိရိယာကိုပင် လုပ်ရပါ သည်၊ ဒါန,သီလ,ဘာဝနာဟူသော ပုညကိရိယာပြုလုပ်ဆုတွင် ပြုလုပ်သူ ကာရ ကပုဂ္ဂိုလ်၏ အသိဉာဏ်ဦးစီးသော သဒ္ဓါတရားအနိမ့်အမြင့်ပေါ်တွင် မှီ၍ ဖြစ်လာ သော စိတ်၏ ရည်ရွယ်ချက်နှင့် တောင့်တသော ဆုတောင်းမှုပတ္ထနာအပေါ်တွင် ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ် ဖြစ်ပါသည်၊ အရိယာပုဂ္ဂိုလ်တို့အတွက်မူ အနိမ့်ဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာအနုသယကို အမြစ်ပြတ် ပယ်သတ်ပြီး ဖြစ်၍ ကံနှင့် အကျိုးတရားကို မမှိတ်မသုံ သိရှိယုံကြည်လျက် ပိုင်နိုင်သော အသိ ဉာဏ်ရပြီး ဖြစ်သောကြောင့် ဝဋ္ဋကုသိုလ်မျိုး မဖြစ်တော့ပါ၊ ထိုကိစ္စသည် မဂ်ဉာဏ်၏ကိစ္စ ဖြစ်၍ အထူးတလည် တိုက်တွန်း ကြိုးစားနေရသော ကိစ္စမျိုး မဟုတ်တော့ပါ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့အတွက်မူ အသိဉာဏ်ရှိသူနှင့် မရှိသူအလိုက် ဉာဏဝိပ္ပယုတ် ဉာဏသမ္မယုတ်ရောနှော ဖြစ်တတ်ပါသည်၊ သို့သော် မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ လောကတွင် ကုသိုလ်ပြုလုပ်တိုင်း ဆရာ,ရဟန်း (ဘုန်းတော်ကြီးများ)က ကံနှင့် ကံအကျိုးတရားအကြောင်း အမြဲလိုလို ဟောကြားညွှန်ပြဆုံးမနေကြသဖြင့် ကုသိုလ်လုပ်သူတိုင်းလိုလို ကံနှင့်အကျိုးကို မျော်ကိုးယုံကြည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိမူ အနိမ့်ဆုံး ပါဝင်သဖြင့် ဉာဏသမ္မယုတ်ကုသိုလ် ဖြစ်သည်သာ များကြပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံကို ဆောက်တည်ကြရသဖြင့် သရဏဂုံ ဓဆောက်တည်ခြင်းသည် ဒိဋ္ဌိဇုကမ္မ-ကမ္မဿကတာ သမ္မာဒိဋ္ဌိ၌ ပါဝင်ကြောင်း-

http://www.dhammadownload.com

သရဏဂမနမ်ပိ ဟိ ဒိဋ္ဌိဇုဂတေနေဝ သင်္ဂဟံ။

ဤတိဝုတ်–အဋ္ဌ–၁၉၅ ပုညကိရိယ ဝတ္ထုသုတ်၌ ဖွင့်ဆိုထားသောကြောင့် သရဏဂုံတည်သူတိုင်း ပြုလုပ်သော ကုသိုလ်မှန်သမျှ ကမ္မဿကတာသမ္မာဒိဋ္ဌိမူ အနိမ့်ဆုံး ပါဝင်ကြောင်း ထင်ရှားပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာလောကထဲ၌ ကုသိုလ်ပြုလုပ်တိုင်း "ဤဒံမေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု" "ကျွန်ုပ်၏ဤဒါနသည် အာသဝေါကုန်ရာ နိဗ္ဗာန်သို့ ရောက်ပါစေ" ဟုဆိုကာ ရေစက်သွန်းချ အမျှဝေကြမြဲဖြစ်ပါသည်၊ ထို့ကြောင့် မြန်မာ့ဗုဒ္ဓဘာသာလောကသည် ဗုဒ္ဓဘာသာဆိုင်ရာ ကုသိုလ်တခု လုပ်လျှင် နိဗ္ဗာန်ကို ဆုတောင်းရကောင်းမှန်းသိ၍ ဆုတောင်းမြဲ ရှိကြသော ကြောင့် ဝိဝဋ္ဋကုသိုလ်သာ အဖြစ်များကြပါသည်။

ဗုဒ္ဓဘာသာ၏ ပြုလုပ်ပုံးများရမည့် ဘာဝေတမ္မတရားမှာ ကုသိုလ်တရား သာဖြစ်၍ ယင်းကုသိုလ်တရား၏ လုပ်ရမည့်အာကာရ အရမှာ ပုညကိရိယာ (၁၀) ခုသာဖြစ်ပါသည်။

> ကမ္မဉ္စ ဖလဉ္စ သဒ္ဓဟိတ္ဝာ ကတံ သမ္မာနကတံ နာမ၊ ကမ္မမ္ပိ ဖလမ္ပိ အဇာနိတ္ဝာ ကတံ အသမ္မာနကတံနာမ။ သမ္မာနကရဏံ ပန စတူဟိ ဉာဏသမ္ပယုတ္တေဟိ ဟောတိ၊ အသမ္မာနကရဏံ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ။
>
> (အဋ္ဌသာလိနီ-၂၀၆)

ကံကိုလည်း**ကောင်း** အကျိုး**ကို**လည်း**ကောင်း** ယုံကြည်၍ပြုလျှင် သမ္မာန-ကတ=သို့၍ ပြုသည်မည်၏၊ ကံနှင့် အကျိုးကိုမသိပဲပြုလျှင် အသမ္မာနကတ= မသိပဲ ပြုလုပ်သည်မည်၏၊ သို့၍ပြုလျှင်–ဉာဏသမ္ပယုတ် ၄-ခုဖြစ်၏၊ မသိပဲ ပြုလျှင် ဉာဏဝိပ္ပယုတ် ၄-ခုဖြစ်၏ဟု ဖွင့်ဆိုသဖြင့် ကံကိုယုံလျှင် အကျိုးကိုပါ သိရာရောက်ပြီး ဉာဏသမ္ပယုတ်ဖြစ်သွားပါသည်။

ထို့ကြောင့် "ကုသလကမ္မပထကုသိုလ် ဝဋ္ဋနိဿိတကုသိုလ် ပုညာဘိသင်္ခါရ ကုသိုလ် ပုညကိရိယာကုသိုလ် ဉာဏဝိပ္ပယုတ်ကုသိုလ် စသည်တို့မှာ အတူတူမှတ်ပါ၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြင်သမျှသော ကုသိုလ်မှသာ ပုညကိရိယာဆိုပါ" ဟုဆိုသော ကြောင်ပန်းဝါဒသည် ဗုဒ္ဓဝစနပါဠိနှင့် အဋ္ဌကထာ စာလာ ပေလာ ဒေသနာတော်မဟုတ်၍ "အဓမ္မဝါဒ" ဖြစ်ကြောင်း ထင်ရှားပါသည်။

ကြောင်ပန်းဝါဒက "ပါရမီကုသိုလ်၊ မဂ်ကုသိုလ်၊ ဝိဝဋ္ဋကုသိုလ်၊ ဉာဏသမ္ပ-ယုတ်ကုသိုလ် အတူတူသာမှတ်ပါ" ဟုဆက်လက်ဆိုပြန်ပါသေးသည်၊ ကြောင်ပန်း ဝါဒ အဆိုသည် ဉာဏ်ပါလျှင် ဝိဝဋ္ဋ, ဉာဏ်မပါလျှင် ဝဋ္ဋ, ဉာဏ်ပါလျှင် ပါရမီ

http://www.dhammadownload.com

ကုသိုလ်, ဉာဏ်မပါလျှင် ပုဉ္ဇကိရိယာကုသိုလ်, ဉာဏ်ပါလျှင် မဂ်ကုသိုလ်, ဉာဏ်မပါလျှင် ပုညာဘိသင်္ခါရဟု အလွဲလွဲအမှားများများ စာလာ ပေလာ ဒေသနာတော်မဟုတ်ပဲ ထင်မိထင်ရာ ရေးသားထားခြင်းဖြင့် အဓမ္မကို ဓမ္မလုပ်ပြန်ပါသည်။

ဉာဏ်ပါသည် မပါသည်နှင့်ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ်ဆိုသည်မှာ တခြားစီဖြစ်ပါသည်၊ ဝဋ္ဋကုသိုလ်သည် (အထက်တွင် ရှင်းပြပြီးခဲ့သည့်အတိုင်း) ကမ္မဿကတာဉာဏ်ပါပြီးဖြစ်၍ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်နေပါသည်၊ ကမ္မဿကတာဉာဏ်မပါသောအသမ္ပဇာနကတ (မသိပဲလုပ်သည့်) ကုသိုလ်သာ ဉာဏဝိပ္ပယုတ်ဖြစ်ပါသည်၊ ဆိုလိုသည်မှာ ဝဋ္ဋဟူသော–"လူကောင်း-နတ်ကောင်း ပြဟ္မာကောင်း"ကို တောင့်တပြီး ကုသိုလ်လုပ်ခြင်းသည် "ဒီကုသိုလ်လုပ်လျှင် ဒီအကျိုးရမည်" ဟုကံနှင့် အကျိုးကို ယုံကြည်မျော်ကိုးကာ ပြုလုပ်သောကြောင့် အနည်းဆုံး ကမ္မဿကတာသမ္မာဒိဋ္ဌိသို့ ဝင်ရောက်၍ ဒိဋ္ဌိဇုကမ္မဖြစ်ပြီး ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်သည်၊ ဉာဏဝိပ္ပယုတ်ကုသိုလ်မဟုတ်ပါ-ဟုဆိုလိုပါသည်။

ဝဋ္ဋကုသိုလ်နှင့် ဝိဝဋ္ဋကုသိုလ်ကို ခွဲခြားရန်မှာ ဉာဏ်ပါခြင်း= ဉာဏသမ္ပယုတ် ဉာဏ်မပါခြင်း = ဉာဏဝိပ္ပယုတ်နှင့် ခွဲခြားရန်မဟုတ်ပါ၊ ရည်ရွယ်ချက်နှင့် ဆုတောင်းမှု ပတ္ထနာနှင့် ဆိုင်ပါသည်၊ အကျဉ်းအားဖြင့် ဒါန+သီလ+ဘာဝနာ (၃) ခုသာရှိပါသည်၊ ယနေ့မုဒ္ဓဘာသာဝင်တို့ လုပ်နေကျဖြစ်သော အလှူပေး+အမျှဝေ+သာဓုခေါ် + ဥပုသ်သီတင်းစောင့်+ရတနာသုံးပါး မိဘဆရာအသက်ဂုဏ်ဝါကြီးသူ ဆည်းကပ်ရိုသေ+မိဘဆရာ သံဃာစသည်၌ ပြုအပ်သောဝတ် သူနာပြုလုပ်ငန်းစသော ဝေယျာဝစ္စ ကူညီလုပ်ဆောင်ခြင်း+ဘုရားရှိခိုးမေတ္တာပို့+ပုတီးစိပ်+ တရားဟော+တရားနာ+ သမထအားထုတ်+ဝိပဿနာရှုမှတ်ခြင်းစသော ထင်ရှားသော ကုသိုလ်များသည် ဒါန သီလ ဘာဝနာတွင်ပါဝင်ပြီးဖြစ်ပါသည်။

ဝိပဿနာတရားဟုဆိုလိုက်သည်နှင့် လောကုတ္တရာကုသိုလ် မဟုတ်သေးပါ၊ ဝိပဿနာအားထုတ်ခြင်းသည် ကာမာဝစရ(မဟာ) ကုသိုလ်-ကာမာဝစရကံသာဖြစ်ပါသေးသည်၊ ဒါန သီလ ဘာဝနာမယကုသိုလ်သာ ဖြစ်ပါသေးသည်၊ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်လိုက်ရုံမျှဖြင့် လောကုတ္တရာကုသိုလ်မဟုတ်ပါ၊ မဂ်ဉာဏ်မကျမချင်း မဂ်အပွနာသို့ မရောက်သေးသမျှ လောကုတ္တရာဟူသော အမည်မရသေးပဲ လောကီကာမာဝစရကုသိုလ် (ဉာဏသမ္ပယုတ်)သာ ဖြစ်ပါသည်၊ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်ခြင်း, သတိပဋ္ဌာန်(၄)ပါး တပါးပါးကိုရှုမှတ်ခြင်းနှင့် အတူ တရားထိုင်ခြင်းဟူသော ဘာဝနာမယကုသိုလ်ကို ကြိမ်ဖန်များစွာရှုမှတ်သည်ဖြစ်စေ အကြိမ်များစွာ တရားထိုင်သည်ဖြစ်စေ လပေါင်း နှစ်ပေါင်းများစွာ မွေးသည်မှ သေသည့်တိုင် တရားထိုင်သည်ဖြစ်စေ မဂ်ဉာဏ် မရမချင်း လောကုတ္တရာကုသိုလ် မဖြစ်သေးပဲ လောကီကာမာဝစရ ဘာဝနာမယ ပုဉ္ဇကိရိယာကုသိုလ်သာ ဖြစ်ပါသေးသည်၊ ကိလေသာကို သတ်ရာ၌လည်း အပြီး

http://www.dhammadownload.com

ထက် အပြတ်အပိုင် နိုင်နိုင်နင်းနင်း ကင်းရှင်းအောင်သတ်နိုင်သည့်=သမုစ္ဆေဒ ပဟာန်စွမ်းအားသည် မဂ်ပညာအရာသာဖြစ်၍ ဝိပဿနာပညာအရာ မဟုတ် သေးသဖြင့် ဝိပဿနာတရား ရှုမှတ်ပွားများနေစဉ် (ဝိပဿကပုဂ္ဂိုလ်အား) တဒင်္ဂအားဖြင့် ကိလေသာကင်းရှံသာကင်း-ငြိမ်ရှံသာငြိမ်နေ၍ မပြတ် မငြိမ်း သေးပါ။

> ဝိပဿနာမဂ္ဂေန စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဘာဝံ ဝေန္တဿ။ပ။ပဝတ္တာ စေတနာ အဋ္ဌတိံသာယ ဝါ အာရမ္မဏေသု အပ္ပနံ အပ္ပတ္တာ သမ္မာပိ စေတနာ ဘာဝနာမယံ ပုညကိရိယဝတ္ထု နာမ။
> (အဋ္ဌသာလိနီ-၂၀၂)

ထို့ကြောင့် ဝိပဿနာတရား အားထုတ်သည်ဟု ဆိုလိုက်သည်နှင့် ဝိပဿနာ အလုပ်မှု ဝိဝဋ္ဋကုသိုလ်ဟု ထင်မှတ်ကာ အခြား ဒါန သီလ ဘာဝနာ ကုသိုလ် တို့ကို ပစ်ပယ်လိုက်လျှင် "လမ်းပေါ်မှာ လမ်းပျောက်သူ"ကဲ့သို့ ဒိဋ္ဌိ ဝိစိကိစ္ဆာ တို့၏ လှည့်ပတ်မှုဖြင့် ဗန်းမော် ဆရာတော်၏ဥပမာကဲ့သို့ "ရွှေမထွက်ပဲ-နောက် ထွက်"ကာ အတ္တဒိဋ္ဌိ ဖုံးလွှမ်းခံရပါလိမ့်မည်။

ထို့ကြောင့်-

> ကုသလကမ္မပထဟူသည်=အဘိဓမ္မာအသုံးအနှုန်း
> ပုညကိရိယာဟူသည် = သုတ္တန်အသုံးအနှုန်း
> ပါရမီဟူသည်=အလောင်းတော်တို့၏ ပုဂ္ဂိုလ်ရေးအသုံးအနှုန်း
> ဝဋ္ဋ—ဝိဝဋ္ဋဟူသည်=ရည်ရွယ်ချက် အသုံးအနှုန်း
> သမ္မယုတ်၊ဝိပ္ပယုတ်ဟူသည်=ဉာဏဝိဘင်္ဂဒေသနာ (ဉာဏ်ပိုင်းဆိုင်ရာ) အသုံးအနှုန်း—

ဖြစ်၍ အဘိဓမ္မာတရားကိုယ်အရမှာ မဟာကုသိုလ်စိတ်(၈)စုနှင့် ရူပကုသိုလ် (၅)ခုဖြစ်ပြီး လုပ်ငန်းအရမှာ ဒါနခန်း+သီလခန်း+ဘာဝနာခန်းသာ ဖြစ်သော ကြောင့် လုပ်ငန်းချင်းတူကြပါသည်၊ လုပ်ငန်းချင်းတူသော်လည်း အခြေအနေ အကြောင်းအရာနှင့် လုပ်သူ၏ရည်ရွယ်ချက်၊ လုပ်သူ၏ စောင့်တမှု၊ လုပ်သူ၏ အသိဉာဏ်အရ ခွဲခြားထားခြင်းသာ ဖြစ်ပါသည်။

ထပ်မံ၍ခွဲခြားရပါလျှင် ဒါနမယ သီလမယ ကုသိုလ်၏အရမှာ မဟာကုသိုလ် စိတ်(၈)စုကိုသာကောက်ရ၍ ဘာဝနာမယ ကုသိုလ်၏အရမှာ မဟာကုသိုလ်စိတ် (၈)စုနှင့် ရူပါဝစရကုသိုလ်စိတ်(၅)စုကို ကောက်ယူရပါသည်၊ သမ္မာဒိဋ္ဌိ (၅) မျိုးဖြင့် ခွဲခြားလျှင် ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ဝိပဿနာသမ္မာဒိဋ္ဌိအရ မဟာ ကုသိုလ် ဉာဏသမ္ပယုတ်(၄)စုကို ကောက်ရ၍ ဈာနသမ္မာဒိဋ္ဌိအရ ရူပါဝစရ ကုသိုလ်(၅)စုသာ ကောက်ယူရပါသည်။

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းသဘောအရ ပြောရပါလျှင် ဒါနအုပ်စု သီလအုပ်စု တခုခုလုပ်လျှင် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်၍နေသည်မှာ သေချာပါသည်၊ ဘာဝနာမယ အုပ်စုထွင် တရားဟော-တရားနာခြင်းသည်လည်း ဘာဝနာမယ၊ တရားအားထုတ်ခြင်းသည်လည်း ဘာဝနာမယပင်ဖြစ်ပါသည်၊ ထိုတွင် တရား အားထုတ်ရာ၌ ဘုရားရှိခိုး မေတ္တာပို့ စသည်တို့သည် သမထဘာဝနာဖြစ်၍ အနိစ္စ+ဒုက္ခ+အနတ္တ လက္ခဏာရေး(၃)ပါးဖြင့် ရှုမှတ်ခြင်းသည့် ဝိပဿနာ ဘာဝနာ ဖြစ်ပါသည်၊ မည်သည့် ဘာဝနာလုပ်ငန်း လုပ်သည်ဖြစ်စေ အပွနာစ္ဆို မရောက်သေးမီ ဘာဝနာမယ ပုညကိရိယကုသိုလ်ပင် ဖြစ်ပါသည်၊ သမထအားထုတ်လျှင် စျာန်မရောက်မချင်း ဝိပဿနာအားထုတ်လျှင် လောကုတ္တရာမဂ်ဉာဏ် မရောက်မချင်း ဂေါတြဘူဉာဏ်တိုင်အောင် ဘာဝနာမယပုညကိရိယာ မဟာကုသိုလ်(ဉာဏသမ္မယုတ်)ကုသိုလ်သာ ဖြစ်ပါသည်၊ စျာန်ရသော အခါ စျာနသမ္မာဒိဋ္ဌိ၊ မဂ်ရလျှင် မဂ္ဂသမ္မာဒိဋ္ဌိဖြစ်သွားပြီး မရမချင်း စျာန+မဂ္ဂသမ္မာဒိဋ္ဌိမဖြစ် သေးပဲ လောကီကာမာဝစရ မဟာကုသိုလ် (ဘာဝနာမယ) ပုညကိရိယာသာဖြစ်ပါသည်၊ သမထဘာဝနာ အားထုတ်သူအား စျာန်မရသေး သောကြောင့် စျာနသမ္မာဒိဋ္ဌိ ရှုပါဝစရ ကုသိုလ်လည်း မဖြစ်သေး၊ ဝိပဿနာ အားထုတ်သူအားလည်း မဂ်မရသေးသောကြောင့် မဂ္ဂသမ္မာဒိဋ္ဌိ လောကုတ္တရာ မဂ်ကုသိုလ်လည်းမဖြစ်သေးပဲ ကာမာဝစရ ဉာဏသမ္မယုတ် ပုညကိရိယာ ဘာဝနာမယ ကုသိုလ်သာ ဖြစ်ပါသေးသည်။

ထို့ကြောင့် လုပ်ငန်းသဘောနှင့် ကြည့်သော်လည်း "ဝိပဿနာအားထုတ်မှု" သက္ကာယဒိဋ္ဌိပြုတ်မှု သစ္စာလေးပါးသိမှုသာ ဉာဏသမ္မယုတ်ကုသိုလ်ဖြစ်သည် မဟုတ်ပါ၊ ကမ္မဿကတသမ္မာဒိဋ္ဌိ=ကံနှင့်ကံအကျိုးကို ယုံကြည်လျှင်ပင် ဉာဏသမ္မယုတ်ကုသိုလ်ဖြစ်ပါသည်။ ဉာဏသမ္မယုတ်ကုသိုလ် ဖြစ်ကြောင်း များမှာ-

၁။ ကမ္မတော=ပြုလုပ်သောကံရှိခြင်း
၂။ ဥပပတ္တိတော=ဘဝကောင်းကိုရခြင်း
၃။ ဣန္ဒြိယ ပရိပါကတော=ဣန္ဒြေရင့်ကျက်ခြင်း
၄။ ကိလေသဒူရီဘာဝတော=ကိလေသာ ဝေးကွာခြင်းတို့ဖြစ်ပါသည်။

ထို ၄-မျိုးတွင် အချက်အလက် တခုခုကြောင့် ဉာဏသမ္မယုတ်ကုသိုလ် ဖြစ်ပါသည်။(အင်္ဂုတ္တရ-၁၁၇)

ထို ၄-မျိုး ထမျိုးမျိုးကြောင့် ဉာဏသမ္မယုတ်ဖြစ်ပုံကို တင်ပြပါမည်-

၁။ လူတယောက်သည် အခြားသူကို တရားဟောသည်၊ အပြစ်ကင်းမဲ့သည့် ဆင်စီး မြင်းစီးစသော အသက်မွေး ဝမ်းကျောင်း အတတ်ပညာ

http://www.dhammadownload.com

လယ်လုပ်ကုန်သွယ်စသော စီးပွားရေးလုပ်ငန်း အသက်မွေး ဝမ်းကျောင်းပညာ ဆေးပညာ နက္ခတ် ဗေဒင်ပညာ ဟောပြောရေးပညာ သင်ကြားမှု ပညာတို့ကို အခြားသူများအား သင်ပေးသည်၊ မွေကထိကကို ပူဇော်၍ တရားပွဲကျင်းပသည်၊ "နောင်အခါ ပညာရှိ ဖြစ်ရပါစေ"ဟု ဆုတောင်း၍ အထူးထူး အပြားပြားသောဒါနကို လှူသည်၊ ဤကံမျိုးကို အမှီရသည့် ပုဂ္ဂိုလ်အား ဖြစ်သော ကုသိုလ်သည် ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်သည်။

၂။ ဒေါသကင်းသော ပြဟ္မာဘုံ၌ဖြစ်သည့် သတ္တဝါအား ထိုပြဟ္မာဘုံ၌ သက်သာ လွယ်ကူစွာ တရားတို့ ပေါ်ကုန်၏၊ "ချစ်သားတို့.... သင်တို့ဖြစ်ခြင်းသည် နှေး၏ ထိုသို့တရားပေါ် စဉ်ခဏ၌ လျင်မြန်စွာသာ တရားထူးကို ရ၏"ဟု ဟော သော (အံ-၁-သောတာနုဂတသုတ်-၅၀၅)နည်းမျိုးဖြင့် ဘဝကောင်းကို အမှီပြု၍ ဖြစ်သော ကုသိုလ်သည်လည်း ဉာဏသမ္ပယုတ်ဖြစ်သည်။

၃။ လူ့နွေ့ရင့်ကျက်၍ ပညာဒသက အသက်အရွယ်ရောက်သူတို့အား လူ့နွေ့ရင့်ကျက်ခြင်းကို အမှီပြု၍ ကုသိုလ်ဖြစ်သော် ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်ပါသည်။

၄။ ကိလေသာကို ခွါကုန်သော သူတို့အား ကိလေသာ ဝေးကွာသော ကြောင့် ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်ပါသည်။

ထို့ပြင် မေးမြန်း ဆွေးနွေးခြင်း အိပ်ရာ-နေရာ အသုံး အဆောင် စသော အရာဝတ္ထုများ သန့်ရှင်းစွာ ရှိခြင်း လူ့နွေ့ညီမျှသော အကျင့်ရှိခြင်း ပညာမဲ့ကို ရှောင်ကြဉ်ခြင်း ပညာရှိကို မှီဝဲဆည်းကပ်ခြင်း ဂမ္ဘီရဉာဏ်ရှင်တို့ ကျက်စားရာ သုတ္တန်တို့ကို ဆင်ခြင်အောက်မေ့ခြင်း ထိုသုတ္တန်ကို အဖန်ဖန် နှလုံးသွင်းခြင်းတို့သည်လည်း ဉာဏသမ္ပယုတ်ဖြစ်ကြောင်းတို့ပင် ဖြစ်ပါသည်။
(အင္ဂုသ္တရလိန်-၁၁၈)။

ထို့ရှစ်မျိုးတို့တွင် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ အစဉ်အလာ လုပ်ငန်းများတွင် ဆရာရဟန်း (ဘုန်းကြီး)တို့၏ ဆိုဆုံးမ ပဲ့ပြင်ခြင်းတို့သည် ဉာဏသမ္ပယုတ် ဖြစ်စေရန် ရည်သန့်၍ ဆုံးမခဲ့ခြင်း၊ ဝိဝဋ္ဋကုသိုလ်ဖြစ်စေရန် ရည်သန့်၍ သင်ကြား ပေးခြင်းတို့သာဖြစ်၍ ပညာရှိကို မှီဝဲဆည်းကပ်ရခြင်းပင် ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာလောကဌ် ဒါနမယ သီလမယ ဘာဝနာမယ တခုခုလုပ်သောအခါ ရေစက်ချ ဆုတောင်းခြင်းသည် မပါလျှင် မပြီးခဲ့ပါ၊ 'ရေစက်ချ' ဆိုသော စာပိုဒ်၏ ပထမပိုင်းတွင် ကုသိုလ်ရှင်၏ ယုံကြည်ရမည့် ယုံကြည်ချက် ဖြစ်သော "ကမ္မဥ္ဇာ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ္ဇာ၊ ကံ၏အကျိုးကိုလည်း ကောင်း။ ရတနတ္တယဂုဏဥ္ဇာ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း။ သဒ္ဒဟိတ္တာ၊ မမှိတ်မသုံ ယုံကြည်ပါကုန်သည်ဖြစ်၍"ဟူသော စကားများသည် မပါလျှင် မပြီးခဲ့ပါ၊ ယင်း 'ကမ္မဥ္ဇာ'စသည့် စာပိုဒ်သည် ပုညကိရိယာဝတ္ထု (၉)

http://www.dhammadownload.com

ခုလုံးကို အုပ်ချုပ်ထိန်းသိမ်း ပဲ့ကိုင်ပေးသော ကမ္မဿကတာသမ္မာဒိဋ္ဌိပင် ဖြစ်ပါသည်၊ ယင်းသို့ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်သဖြင့် ယင်းသို့ပြုလုပ်သော ကုသိုလ်သည်လည်း ဉာဏသမ္ပယုတ်=ဉာဏ်နှင့်ယှဉ်သော ကုသိုလ်ဖြစ်ပါသည်။

ထို့မှတဆင့်တက်၍ "သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယစ၊ လွတ်မြောက်ခြင်း အကျိုးငှါလည်းကောင်း၊ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယစ၊ မျက်မှောက်ပြုပါရခြင်းအကျိုးငှါလည်းကောင်း" စသည်တို့သည် ရည်ရွယ်ချက်ကို ဖော်ပြရာ ရောက်ပါသည်၊ ရည်ရွယ်ချက်မှာ နိဗ္ဗာန်ကို ရောက်ရန် ကုသိုလ်ပြုသည်ဟု ဆိုသဖြင့်လည်းကောင်း အတိုဆုံးအားဖြင့် 'ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု' တို့သည် ဝိဝဋ္ဋကို ဆုတောင်းခြင်း ရည်ရွယ်ခြင်းဖြစ်၍ ဝိဝဋ္ဋကုသိုလ် ဖြစ်နေပါသည်၊ ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာလောကတွင် ဓလေ့ထုံးတမ်းစဉ်လာ ကုသိုလ်ပြုလုပ်နည်းတို့သည် အနည်းဆုံး ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ပါဝင်၍ ဉာဏသမ္ပယုတ်ဖြစ်ပြီး နိဗ္ဗာန်ကို ရည်ရွယ်ပြုလုပ်သဖြင့် ဝိဝဋ္ဋကုသိုလ် ဖြစ်သောကြောင့် ဤကုသိုလ်မျိုးသည် နိဗ္ဗာန်မရောက်မချင်း မကုန်ဆုံးသေးပဲ ဘဝမည်မျှကြာသည်ဖြစ်စေ နိဗ္ဗာန်ရောက်ကြောင်း မျိုးစေ့ကို ရရှိသွားသည်သာ ဖြစ်ပါသည်။

ဤသို့ 'ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု၊ နိဗ္ဗာနဿ ပစ္စယော ဟောတု' ဟူ၍ ဆုတောင်းလိုက်လျှင် အရဟတ္တဖိုလ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ်တို့ကို ရနိုင်သည့်ပြင် အရဟတ္တဖိုလ်သို့မရောက်ပဲ (ကုသိုလ်၏) အကျိုးတရား မကုန်ဆုံးသွားနိုင်ပါ။

'ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု' တိ ဧဝံ ပန ဝိဝဋ္ဋံပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ၌ဌပိတံ အရဟတ္တမ္မိ ပစ္စေကဗောဓိဉာဏမ္မိ သမ္မာသမ္ဗောဓိဉာဏမ္မိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပတ္တာ ပရိယောသာနံ ဂစ္ဆတိ။ (သံ-ဋ္ဌ-၁၊၁၈)။

ကုသိုလ်နှင့် စပ်ဆိုင်၍ ဘုရားရှင်သည် 'ကောင်းသောတရား' သာ ဖြစ်ကြောင်းကို အကြိမ်ကြိမ်အဖန်ဖန် နည်းအမျိုးမျိုးဖြင့် ဟောကြားတော်မူခဲ့ပါသည်၊ ကာယက် ဝစီကံမြောက် ကုသိုလ်လုပ်သည်ကို မဆိုထားနှင့် ကုသိုလ်တရားတို့၌ စိတ်ညွတ်ရုံမျှ ကုသိုလ်လုပ်ချင်စိတ်ကလေး ဖြစ်ရုံမျှကိုပင် အကျိုးကျေးဇူးများကြောင်း ဟောကြားတော်မူပါသည်။

စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊
ကော ပန ဝါဒေါ ကာယေန ဝါစာယ အနုဝိဓိယနာသု

(မ၊၁-၅၂)

http://www.dhammadownload.com

စုန္ဒ-ကုသိုလ်တရားပို့ဌ် စိတ်ဖြစ်ခါမျှကိုပင်လျှင် အကျိုးကျေးဇူး ကြီးမား၏ ဟု ငါဟောသည်၊ ကာယဒုစရိုက်ဝစီကံတို့ဖြင့် ပြုလုပ်လျှင်မူ အဘယ်ပြောစရာရှိတော့မည်နည်း။

ယင်းသို့ ကုသိုလ်အပေါ် စိတ်ဖြစ်ရုံမျှကိုပင် အကျိုးကျေးဇူးများကြောင်း ဟောရုံတင်မျှမက ကုသိုလ်ဆိုသည်ကို 'နည်းသည် များသည်' မရွေးချယ်ပဲ ကုသိုလ်ကို အနည်းငယ်မှစ၍ ရာသိုလုပ်သင့်ကြောင်း ကုသိုလ်ကို နည်းသည်ဟု မကဲ့ရဲ့သင့်ကြောင်းကိုလည်း—

မာဝမညေထ ပုညဿ၊ န မန္ဒံ အာဂမိဿတိ၊
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ—

(ခုဒ္ဒပဒ-ဂါထာ-၁၂၂)

အနည်းငယ်မျှ ကုသိုလ်ကိုလုပ်မိသဖြင့် အကျိုးပေး နည်းမှာပါဟု မကဲ့ရဲ့နှင့် မထေမဲ့မြင် မလုပ်ပါနှင့် အဖုံးဖွင့်ထားသော ရေအိုးကြီးသည် မိုးရွာသောအခါ မိုးရေစက်ကလေးပေါင်းများစွာ ကျပါများသဖြင့် ပြည့်ရသကဲ့သို့ ပညာရှိသည် ကုသိုလ်ကို နည်းနည်း နည်းနည်းလုပ်ခြင်းဖြင့် ပြည့်စုံ၏ဟု ဟောတော်မူသော ကြောင့် ကုသိုလ်ဟူသည့် ဉာဏသမ္ပယုတ်မှ ဝိပ္ပယုတ်မှ ဆိုသည်ထက် 'အစက်ကျများ ပြည့်သောလားသို့' ရရာကုသိုလ်ကို ရသည့်အချိန်အခါ ရသည့်နေရာတွင် လုပ်ရပါမည်၊ ယင်းသို့လုပ်သော ကုသိုလ်မျိုးကို ဘုရားရှင်က 'မကဲ့ရဲ့ မရွံတ်ချပါနှင့်' ဟု ဆိုထားသော်လည်း ကြောင်ပန်းကမူ 'ခွေး-ဝက်-ကျဲ-နွား အပါယ်ဘုံသားများနှင့် တူသည်' ဟု ကဲ့ရဲ့ရွံတ်ချဝံ့သော သဏ္ဌိကောင်းကြီး ဖြစ်လေသည်။

အထက်ဖော်ပြပါ အချက်အလက်များအရတို့ဖြင့်ပင်—

ဉာဏဝိပ္ပယုတ် ကုသိုလ်သည်လည်း၊ ကုသလဓမ္မ=ကောင်းသော တရားဖြစ်ကြောင်း ထင်ရှားပါပြီ၊ ထို့ကြောင့် ဉာဏဝိပ္ပယုတ်ဖြစ်စေ သမ္ပယုတ်ဖြစ်စေ ကုသိုလ်သည် ကောင်းသည်သာဖြစ်၍ ကောင်းသောတရား ဖြစ်ကြောင်း သို့သော် အကောင်းထဲတွင် ပို၍ကောင်းသည်ကိုသာ ဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်ပါသည်၊ ဉာဏဝိပ္ပယုတ် ကုသိုလ်ကို ကုသလဓမ္မ=ကောင်းသော တရားဟု ဟောတော်မူသည်မှာလည်း မြတ်စွာဘုရား ဉာဏသမ္ပယုတ်ကို ကုသလဓမ္မ=ကောင်းသောတရားဟု ဟောတော်မူသည်မှာလည်း မြတ်စွာဘုရား မဟာကုသိုလ်စိတ် (၈) ပါး ရှိကြောင်း ဟောတော်မူသည်မှာလည်း မြတ်စွာဘုရားပင်ဖြစ်၍ "ကြောင်ပန်းကသာ" ဉာဏဝိပ္ပယုတ်ကို ပုညကိရိယာဟု ပြော လို့မြော် ထိုတရားများကို ကောင်းသောတရား=ကုသလဓမ္မဟု ဟောပြောများ

http://www.dhammadownload.com

သူဆည် အပါယ်ဘုံသား ခွေး, ဝက်, ကျဲ, နွားများနှင့် တူသည်ဟုဆိုသဖြင့် ဘုရားရှင်ကိုပါ စော်ကားသော ဝါဒသာဖြစ်ပါသည်။

ဖော်ပြပါ အချက်အလက်များအရ ကုသိုလ်နှင့်စပ်လျဉ်း၍–

ကြောင်ပန်းဝါဒက – ပုညကိရိယာကုသိုလ်သည် ညဏဝိပ္ပယုတ် တခု တည်းသာ
ဗုဒ္ဓဝါဒက – ညဏသမ္ပယုတ်+ဝိပ္ပယုတ် နှစ်မျိုးလုံးရှိ
ကြောင်ပန်းဝါဒက – ဝဋ္ဋနိဿိတ သက်သက်
ဗုဒ္ဓဝါဒက – ဝဋ္ဋ+ဝိဝဋ္ဋနှစ်မျိုးရှိ
ကြောင်ပန်းဝါဒက – ဒါန သီလကုသိုလ်သည် ပုညကိရိယာချည်းမဟုတ်
ဗုဒ္ဓဝါဒက – ဒါန သီလကုသိုလ်မှန်သမျှ ပုညကိရိယာချည်း
ကြောင်ပန်းဝါဒက – ဝိဝဋ္ဋနိဿိတကုသိုလ်အရ မဂ်ကုသိုလ်ကို ကောက်သည်
ဗုဒ္ဓဝါဒက – ဝိဝဋ္ဋနိဿိတကုသိုလ်အရ ပုညကိရိယာကုသိုလ်ကို ကောက်သည်
ကြောင်ပန်းဝါဒက – ပါရမီကုသိုလ်အရ မဂ်ကုသိုလ်ကို ကောက်သည်
ဗုဒ္ဓဝါဒက – ပါရမီကုသိုလ် အရ ပုညကိရိယာ ကုသိုလ်ကို ကောက်သည်
ကြောင်ပန်းဝါဒက – ညဏဝိပ္ပယုတ်ပုညကိရိယာကို ကဲ့ရဲ့ရွှတ်ချ
ဗုဒ္ဓဝါဒက – ညဏဝိပ္ပယုတ်ပုညကိရိယာကို မကဲ့ရဲ့ မရွှတ်ချ
ကြောင်ပန်းဝါဒက – ညဏဝိပ္ပယုတ်ပုညကိရိယာသည် ကောင်းသော တရား (ကုသလမဟု) မဟုတ်၊
ဗုဒ္ဓဝါဒက – ညဏဝိပ္ပယုတ်ပုညကိရိယာသည် ကောင်းသော တရား (ကုသလမဟု) ဟုတ်သည်၊
ကြောင်ပန်းဝါဒက – ညဏဝိပ္ပယုတ်ကုသိုလ်သည် လုံးဝ မလုပ်သင့်သော တရား
ဗုဒ္ဓဝါဒက – ညဏဝိပ္ပယုတ် ကုသိုလ်သည် လုပ်သင့်သေးသော တရား–

စသည်ဖြင့် ဗုဒ္ဓဝါဒနှင့် ကြောင်ပန်းဝါဒသည် ကွာခြားကြောင်း ကြောင်ပန်းဝါဒသည် ဗုဒ္ဓဝါဒနှင့် မညီညွတ်ကြောင်း ထင်ရှားပါသည်။

ဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘဝ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူ၍ ဝေဿာရဇ္ဇဉာဏ်တော်မြတ်ဖြင့် ဟောကြားတော်မူခဲ့သော ကုသိုလ်စိတ်များကို ကြောင်ပန်းက သူလိုချင်သလို ဆွဲယူ၍ "ကာချင်သလိုကာ၊ တွန်းချင်

http://www.dhammadownload.com

သလို တွန်းလျက်" အမျိုးမျိုး ဟောပြောရေးသားပြီး (ပိဋကစာပေ မသင်ဖူးသူများအား) ကုသိုလ်အကြောင်းအရာကို ဗုဒ္ဓအလိုကျလိုလိုနှင့် အကြောင်ရှိက်ကာ မှိုင်းတိုက်ပြီးလျှင် "ပုညကိရိယာကုသိုလ်" မပြုဝံ့အောင် ခြောက်လှန့်လျက် ဗုဒ္ဓ၏ သာသနာတော်ကို ဖျက်ဆီးသည့် ဝိပဿနာအမည်ခံ အဓမ္မဝါဒဖြစ်ကြောင်း ဝိတ္ထာရစောဒနာအမှတ် (၄)အဖြစ် တင်သွင်းလျှောက်ထားပါသည် ဘုရား။

ဝိတ္ထာရစောဒနာ အမှတ် (၅)

ကြောင်ပန်းတောရဝါဒသည် ဝဋ္ဋသုံးပါးကိုဖြစ်စေသော တရားတို့ကို မနာမယူကောင်း၊ ဟောပြောသူတို့အား မပေးကောင်း မလှူကောင်းဟု ဒါနကို ပယ်သည့် ဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရစောဒနာပါဘုရား။

ရှိသေစွာ လျှောက်ထားပါသည် နိုင်ငံတော် အမှတ်(၃)သီးခြား ဝိနည်းဓိုရ် ဆရာတော်များဘုရား–

ကြောင်ပန်းတောရဝါဒီတို့သည် ဘုရားရှင် ဟောတော်မူသော ဒေသနာတော်ကို လိုသလိုဆွဲယူကာ (ဥာဂရိုးဟောစဉ် ဒါနကထာ) ဟောသူများအား မလှူကောင်း မပေးကောင်းဟု ဟောပြောရေးသားထားသည်မှာ–

> လောကဋ္ဌ ကိလေသာဝဋ္ဋဖြစ်မှု ကမ္မဝဋ္ဋဖြစ်မှု ဝိပါကဝဋ္ဋဖြစ်မှု တရားတွေကို နာလည်းမနာကောင်း၊ ယူလည်း မယူကောင်း–
> ဦးဝါသဝရေး ပဋိဝေဓဒီပနီကျမ်း၊ ဝိပဿနာအလင်းရောင်ကျမ်း၊ (နှာ-၁၅၃)၌ ရေးသားထားပါသည်။

ဤစာအလိုမှာ ပယ်သင့်ပယ်ထိုက်သော ကိလေသာဝဋ္ဋ ဖြစ်မှုတရားတို့ကို ပယ်ချင်မှု မထောင်းတာသေးပါ၊ ဘုရားအလိုတော်လည်းကျ၍ လူပညာရှိ ရဟန်းပညာရှိတို့ သာခုခေါ်ရပါမည်၊ ယခုမူ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဖြစ်မှုတရားတို့ကိုပါ မနာမယူကောင်းဟု ဆိုသဖြင့် ဘုရားရှင်၏–

> ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယာတိ–
> (ဥပရိပဏ္ဏာသ-ပါ-၂၄၄)

ဟူသော ဒေသနာတော်နှင့် လုံးဝ ဆန့်ကျင်လျက်ရှိပါသည်။

ဝဋ္ဋသုံးပါးဟူသော စကားသည် ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ခဲ့ပြဟောကြားတော်မူခြင်းဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး၌ ကမ္မဝဋ္ဋအရ သခ်ါရနှင့် ဘဝ၊

http://www.dhammadownload.com

ကိလေသဝဋ်အရ အဝိဇ္ဇာ တဏှာ ဥပါဒါန်၊ ဝိပါကဝဋ်အရ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ကောက်ယူရပါသည်၊ ထိုတွင် ကိလေသဝဋ်အရ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဖြစ်ရာဖြစ်ကြောင်း တရားတို့ကို မနာယူကောင်းဆိုလျှင် တော်ပါသေးသည်၊ ယခုမူ–

ကမ္မဝဋ် ဝိပါကဝဋ် ဖြစ်မှုတရားတို့ကိုပါ မနာကောင်း မယူကောင်းဟု ဆိုသဖြင့် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော ကံနှင့် ကံ၏အကျိုးတရားတို့ ပါဝင်သော ဒေသနာတော်မှန်သမျှ မနာကောင်း မယူကောင်းဟု ဆိုရာ ရောက်သောကြောင့် မြတ်စွာဘုရားကိုပင် တားမြစ်ရာရောက်ပါသည်။

ဝဋ်မြစ်မပြတ်သူမှန်သမျှ ဝဋ်ဖြစ်ရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်၊ ဝဋ်မြစ်မပြတ်နိုင်သူများအတွက် ကောင်းသောဝဋ်သို့ ရောက်စေနိုင်ကြောင်း နည်းလမ်းကောင်းများကို ဟောကြားတော်မူခဲ့ပါသည်၊ ထို့ကြောင့် ဘုရားရှင်တိုင်း ဟောရိုးဟောစဉ် အနုပုဗ္ဗိကထာဌ ဒါနကထာ-သီလကထာ-သဂ္ဂကထာ-ကာမာနံအာဒီနဝကထာ နေက္ခမ္မေ အာနိသံသကထာ-မဂ္ဂကထာ အားဖြင့် အစဉ်အလာအတိုင်း ဟောကြားတော်မူပါသည်၊ ဒါနကထာ-သီလကထာ-သဂ္ဂကထာတို့သည် ဝဋ်မြစ်မပြတ်နိုင်သူတို့အတွက် အထက်သုဂတိရောက်ကြောင်း တရားများဖြစ်၍ ဝိပါကဝဋ်ကို ဖြစ်စေကြောင်း တရားများဖြစ်ပါသည်၊ သို့သော် ဘုရားရှင်၏ ရည်ရွယ်တော်မူချက်သည် လောကကြီး၏ ကောင်းကျိုးဆောင်နိုင်ရန် လောကကြီးကို သနားစောင့်ရှောက်တော်မူရန် ရည်ရွယ်တော်မူကြောင်းကို–

> တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အယံ ခေါ ဘိက္ခဝေ ကေပဋိလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ–

(အံ၊ ၁၊ ကေပဋိလဝဂ်-၂၁-၂၂)

ရဟန်းတို့ လောက၌ သမ္မာသမ္ဗုဒ္ဓဘုရား တည်းဟူသော ပုဂ္ဂိုလ်တဦးပေါ်ထွန်းလာသည်ရှိသော် သတ္တဝါများ အကျိုးရှိဖို့ရာ သတ္တဝါများ ချမ်းသာဖို့ရာ သတ္တလောကကြီးကို သနားစောင့်ရှောက်ဖို့ရာ နတ်လူတို့၏ အကျိုးစီးပွားရှိဖို့ရာ ကြီးပွားချမ်းသာဖို့ရာ (ပုဂ္ဂိုဏ်း)ပေါ် ပေါက်တော်မူ၏ဟု ဟောကြားတော်မူပါသည်။

ထို့ကြောင့် ဘုရားရှင် ဟောကြားတော်မူသော ဓမ္မက္ခန္ဓာ ဒေသနာတော်မှန်သမျှသည် သတ္တဝါတို့၏ စီးပွားချမ်းသာကိုသာ ဖြစ်စေနိုင်သဖြင့် နာကြားသင့် နာကြားထိုက်သော တရားများချည်း ဖြစ်ပါသည်၊ သို့သော်လည်း

http://www.dhammadownload.com

ကြောင်ပန်းတောရဝါဒီတို့ကမူ ကမ္မဝင်္ဂ် ကိလေသာဝင်္ဂ်ကို ဖြစ်ပွားစေသော တရားကို မနာကောင်း မယူကောင်းဟု ဆိုသဖြင့် မြတ်စွာဘုရား၏ ဉာဏ်တော် ထက်ပင် သာလွန်သော ပုဂ္ဂိုလ်များဟု "သူတို့ကိုယ်သူဘို့" အထင်ရောက်ကာ ဘုရားဟော ဓမ္မဒေသနာတော်ထက်ပင် ကျော်လွန် ဟောကြားခဲ့ခြင်းသာ ဖြစ်ပါသည်။

ဘုရားရှင် ဟောကြားတော်မူသော တရားတော်များသည် "အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း အနက်နှင့် ပြည့်စုံခြင်း သဒ္ဒါနည်းဖြင့် ပြည့်စုံခြင်း အလုံးစုံပြည့်စုံခြင်း ပယ်ရှားရန်မလို အောင် သန့်ဖြင်ခြင်း သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်း" ဟူသော ဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူပါသည်၊ ထို့ကြောင့် ဘုရားရှင်၏ တရားတော်များကို တစုံတယောက်သောသူက တစုံတခုကိုမျှ ပယ်နုတ်+ဖြည့်စွက်ခြင်း လိုတိုး+ ပိုလျှော့ခြင်း ပြုလုပ်ရန်မလိုတော့ပဲ အလိုလို လုံးဝပြည့်စုံတော်မူသော တရား တော်မြတ်များသာ ဖြစ်ပါသည်ဘုရား။

ဘုရားရှင်သည် တရားတော်များကိုလည်း ကြဲကြဲဖန်ဖန် ဉာဏ်သာမန်ဖြင့် ဖြစ်ကာဘတ်ဆန်း ဟောတော်မူသည်မဟုတ်ပဲ "သယံ အဘိညာ သစ္ဆိကတ္ဝာ ပဝေဒေတိ" ကိုယ်တော်ဘိုင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်တွေ့မြင် မျက်မှောက် ပြုပြီးမှသာ ဟောကြားတော်မူခဲ့ပါသည်၊ ယခု ကြောင်ပန်းတောရဝါဒီတို့ကမူ ဘုရားရှင်တရားတော်များသည် ပိုနေသယောင် လိုနေသယောင်ဖြင့် မိမိတို့၏ "ကြံမိ ကံရာ တက္ကိဉာဏ်ကိုအစွမ်းကုန်ထုတ်ကာ" ဘုရားရှင်၏ဝိပဿနာတရား အရိပ်ကိုခိုပြီး ထင်သလိုဟောပြောခြင်းဖြင့် လိုနေသယောင်+ပိုနေသယောင် အထင်မှားစေလျက် တရားတော်ကို ဖျက်ဆီးခဲ့ကြပါသည်။

ဘုရားရှင်၏တရားတော်များသည် "လိုအပ်သောအကျိုး"ကို ရရှိစေနိုင်ရန် သတ္တဝါတို့၏အလိုစရိုက်နှင့် လျော်စွာ လောကီဒုက္ခကို လောကီသုခဖြင့် လည်းကောင်း ဘဝဒုက္ခကို ဘဝသုခဖြင့်လည်းကောင်း ထိုထိုလောကီသုခ+ဘဝ သုခတို့ကို သန္တိသုခဖြင့်လည်းကောင်း အဆင့်ဆင့် ဒုက္ခကို ဖျက်ပယ်ပျောက်၊ စေ၍ သုခကိုလက်ဝယ်ရောက်စေနိုင်သည့် တရားတော်သာဖြစ်ပါသည်။
ထို့ကြောင့် သံသရာမှထွက်ရပ်လမ်းများကို—

ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
(ခုဒ္ဒကပါဋ္ဌ၊ ၉၊ နိဓိကဏ္ဍသုတ်)

"ဒါန+သီလ+သမာဓိ+ပညာ"တို့ကို ရွေးအိုးသဖွယ် မြှုပ်နှံကြရန်ဟော ကြားတော်မူပါသည်။

http://www.dhammadownload.com

ယင်းသို့ ဒါန+သီလ+သမာဓိ+ပညာတို့ကို ပွားများရာ၌ ကုသိုလ်ပုညကို ပြုလုပ်ခြင်းတည်းဟူသော ရွှေအိုးမြုပ်ခြင်းသည်သာ "အနုဂါမိကမ္ဘစ္စာ" ဖြစ်၍ နတ်လူပြဟ္မာသတ္တဝါတို့ အားထုတ်ပွားများကြိုးစားစေလိုတော်မူသဖြင့်—

အသာဓာရဏာမညေသိ၊ အစောရာဟရဏော နိဓိ။
ကယိရာထ ဓီရော ပုညာနိ၊ ယော နိဓိ အနုဂါမိကော။
(နိဓိကဏ္ဍသုတ် ၁၀)

ဟု ကိုယ်ပိုင်အထုပ် ကိုယ်ပိုင်ဥစ္စာ ကိုယ့်နောက်ပါပြီး ဘယ်သူမျှမဖျက်ဆီးနိုင်သောကြောင့် "ပညာရှိတို့သည် ကုသိုလ်ပြုလုပ်ကြ" ဟု တိုက်တွန်းတော်မူပါသည်၊ ဤသို့ဒါန သီလတို့ကိုပြုလုပ်ကြသဖြင့် အကျိုးတရားတို့တွင် ဝိပါက ဝဋ်ဟူသော လိုရာကိစ္စများ ပြီးစီးရရှိစေနိုင်ကြောင်းကို—

သေ ဒေဝမနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ
(နိဓိကဏ္ဍသုတ် -၁၀)

ဟု ဗေဟာကြားတော်မူပါသည်၊ ထို့ပြင် ဝိပါကဝဋ်ဖြစ်သော လှပဝင်းစို ချောမောပြေပြစ်၍ အသံကောင်း ရုပ်ချော ဥစ္စာပေါ ခြွေရံများ ရထူးဂုဏ် သိန်နှင့် ပြည့်စုံခြင်းတို့ကို ရရှိစေနိုင်ကြောင်းကိုလည်း

သုဝဏ္ဏတာ သုသရတာ၊ သုသဏ္ဌာနာ သုရူပတာ။
အာဓိပစ္စ ပရိဝါရာ၊ သဗ္ဗမေတေန လဗ္ဘတိ—ဟုလည်းကောင်း

ပဒေသရုဇ်မင်း ဒေဝရုဇ်မင်း စက္ကဝတ်(စကြာ)မင်းစသော "အစိုးရပိုင်း" ဆိုင်ရာ စည်းစိမ်ချမ်းသာများကိုလည်း ဒါန သီလတို့က ဖေးနိုင်ကြောင်းကို—

ပဒေသရဇ္ဇံ ဣဿရိယံ၊ စက္ကဝတ္တိသုခံ ပိယံ။
ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊ သဗ္ဗမေတေန လဗ္ဘတိ—ဟုလည်းကောင်း—

ထို့လောကီသုခမျှနှင့် ဒါန သီလ သမာဓိပညာတို့၏ အကျိုးတရားသည် ကုန်ခန်းသွားသည်မဟုတ်သေး၊ လူ့စည်းစိမ် နတ်စည်းစိမ်တို့နှင့် ပျော်မွေ့ပြီး သည်နောက် "နိဗ္ဗာန်ချမ်းသာ"ကိုလည်း ရစေနိုင်ကြောင်းကို—

မာနုဿိကာစ သမ္ပတ္တိ၊ ဒေဝလောကေ စ ယော ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ—ဟုလည်းကောင်း—

နိဓိကဏ္ဍသုတ်၌ ဘုရားရှင်ကိုယ်တိုင်ဟောကြားတော်မူပါသည်ဘုရား၊ထို့ဒါန သီလတရားတို့မှာ ဝိပါကဝဋ်ကို ဖြစ်စေတတ်သော တရားတို့သာ ဖြစ်ပါသော်လည်း ထိုတရားကို ဟောကြားသူက ဘုရားရှင်၊ နာကြားသူက သောတာပန်

http://www.dhammadownload.com

လောင်းဖြစ်သော သဒ္ဒေးတို့ဖြစ်ကြောင်းထင်ရှားပါလျက် ကြောင်ပန်းတောရ ဝါဒီတို့ကမူ "ကမ္မဝင်္ဂ် ကိလေသဝင်္ဂ်ဖြစ်မှုတရားတွေကို နာလည်းမနာကောင်း ယူလည်းမယူကောင်း"ဟု ဆိုသဖြင့် ဘုရားရှင်၏ တရားတော်သည် မတိကျသေးရ၍ ဘုရားကိုဆရာလုပ်ကာ ထပ်မံဖြည့်စွက်ရာရောက်ခြင်းကြောင့် ကြောင်ပန်းဝါဒသည် အဓမ္မဝါဒသာ ဖြစ်ပါသည်ဘုရား။

ထို့ပြင် ကြောင်ပန်းတောရဝါဒီတို့က "ကိလေသာဖြစ်မှု တရားများကို ဟောပြောသူတို့ကိုလည်း မဆည်းကပ် မကိုးကွယ်ကောင်း၊ မပေးကောင်း မလှူကောင်း"ဟု ဆိုပြန်ပါသည်၊ ဘုရားရှင်က ကိုးကွယ်ဆည်းကပ်မှုနှင့် ပေးမှုလှူမှုတို့ကို တရားဟောပြောခြင်းနှင့် မစပ်ယှက် မဆက်ဆိုင်၊ သီလ-သမာဓိ-ပညာ-သိက္ခာ (၃) ပါးနှင့်သာ ခွဲခြားသတ်မှတ်ပါသည်၊ သီလ-သမာဓိ-ပညာ ဟူသော ကိုယ်ကျင့်သိက္ခာ ကောင်းမှုန် မြင့်မြတ်သူများကိုသာ ရွေးချယ်လှူဒါန်းစေလိုကြောင်းကိုသာ ရည်ရွယ်တော်မူပါသည်၊ တရားဟောမှုနှင့် မပတ်သက်ကြောင်း ထင်ရှားပါသည်၊ ထို့ကြောင့် နိဓိကဏ္ဍသုတ် ကုသိုလ်ပုည ရွှေအိုးမြုပ်နှံရာဌာန(၇)နေရာကို ဟောကြားတော်မူရာတွင်–

စေတိယမ္ပိ စ သံဃေ ဝါ၊ ပုဂ္ဂလေ အတိထိသု ဝါ။
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမ္ပိ ဘာတရိ၊

စေတီ သံဃာ ပုဂ္ဂိုလ် ဧည့်သည် မိခင် ဖခင် အစ်ကိုကြီး- အစ်မကြီး ဟူ၍ အလှူခံပုဂ္ဂိုလ်တို့တွင် အမေ-အဖေ-အစ်ကိုကြီး အစ်မကြီးတို့ပါ ပါဝင်ပါသည်၊ လောကသဘာဝအရ စဉ်းစားပါလျှင် အစ်ကို အစ်မအကြီးဆုံးတို့သည် ချီပိုးသယ်ယူခြင်းစသော ပြုစုမှုကျေးဇူးရှိကြသော်လည်း ကိလေသဝင်္ဂ်-ကမ္မဝင်္ဂ်-ဝိပါကဝင်္ဂ် တို့ကုန်ခန်းရာ တရားစကားကို ဟောပြောနိုင်သူများ မဟုတ်ပါ၊ အချို့မိခင် ဖခင်တို့သည်လည်း ပြောဟောနိုင်သူများ မဟုတ်ကြပါ၊ ထို့ကို မပြော ဟောနိုင်သော်လည်း အလှူခံရာပုဂ္ဂိုလ်၊ လှူဒါန်းရန် အလှူငွေဒါနတို့တွင် ထည့်သွင်းဟောကြားတော်မူပါသည်၊ မိဘနှင့်အစ်ကို အစ်မကြီးတို့ကို "မာတာ ပိတု ဥပဋ္ဌာနံ၊ ဉာတကာနဥ္စ သင်္ဂဟော" ဒေသနာအရ ပေးကမ်းထောက်ပံ့ခြင်းသည်ပင် "သမ္ဘကာမဒဒေါ နိဓိ၊ ယံယဒေဝါဘိပတ္ထေန္တိ" လိုရာကို ပေးနိုင်စွမ်းသော ရွှေအိုးကြီးဖြစ်ကြောင်း၊ လိုချင်ရာကို ပေးနိုင်ကြောင်းတို့ကို ဟောကြားတော်မူသဖြင့် အလှူခံပုဂ္ဂိုလ်နှင့် တရားဟောပြောသူတို့ မပတ်သက်ကြောင်း ထင်ရှားပါသည်။

ထို့ပြင် ဒက္ခိဏာဝိဘင်္ဂသုတ် (ဥပရိပဏ္ဏာသပါဠိ-၂၉၇-၂၉၈)တွင် အလှူခံပုဂ္ဂိုလ်တို့ကို အဆင့်ဆင့်ဟောကြားတော်မူရာ၌ သီလ-သမာဓိ-ပညာ အဆင့်ကို သာ သတ်မှတ်တော်မူ၍ "ဘယ်တရားဟောသူအား လှူလျှင် အကျိုးကြီးသည်

http://www.dhammadownload.com

ဘယ်တရားဟောသူအား မလျှူကောင်း" ဟု ဟောကြားတော်မမူပါ၊ သီလ-သမာဓိ-ပညာအရ အနိမ့်ဆုံး တိရစ္ဆာန်မှ အမြင့်ဆုံး ဗုဒ္ဓပမုခသံဃာထိ အလှူခံ (၁၄)မျိုးရှိကြောင်းနှင့် ရနိုင်သော အကျိုးတရားများကို ဟောကြားတော်မူပါသည်။

ထို့ပြင် သံဃာကိုလှူသော အလှူပေး ပုဂ္ဂိုလ်၏စိတ်သည် ကြည်လင်ချမ်းမြေ့၍ ထိုကြည်လင်ချမ်းမြေ့သော စိတ်ကလေးသည်ပင် ကောင်းရာသုဂတိ-နတ်ပြည်လောကဟူသော (ဝိပါကဝဋ်)ကို ရရှိစေနိုင်ကြောင်းကို–

သံဃေ တေ ဒါနံ ဒဒတော စိတ္တံ ပသီဒိဿတိ၊ သော တုံ ပသန္နစိတ္တော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇိဿတိ"(အံ-၂။၃၄၄-ဒါဂုကမ္မိကသုတ်)

ဟု ဝိပါကဝဋ်ဖြစ်ကြောင်း တရားဖြစ်သည့် ဒါနကို ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူပါသည်။

မဏ္ဍိမပဏ္ဏာသပါဠိတော် ဥပါလိသုတ်တွင် ဒကာဥပါလိအား မူလက ဆရာဖြစ်ခဲ့သော နိဂဏ္ဌတို့အား ပေးလှူရန် တိုက်တွန်းတော်မူခဲ့ကြောင်းကို–

> ဒီဃရတ္တံ ခေါ တေ ဂဟပတိ နိဂဏ္ဌာနံ သြပါနဘူတံ ကုလံ၊ ယေန နေသံ ဥပဂတာနံ ပိဏ္ဍကံ ဒါတုမ္ပိ မညေယျာသိ (မ ၂-ဥပါလိသုတ်-၄၂) ဟု ဟောကြားတော်မူပါသည်။

ထို့ပြင် အင်္ဂုတ္တရ တိက(၁၆၁–၁၆၂)၌လည်း–

> ယေဟိ တေ စန္ဒနိကာယ ဝါ သြလိဂလ္လေ ဝါ ပါဏာ၊ တတြပိ ယော ထာလိဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဍ္ဍေတိ "ယေ တတ္ထ ပါဏာ တေ တေန ယာပေန္တူ"တိ၊ တတောနိဒါနမ္ပဟံ ဝဒ္ဓ ပုညဿ အာဂမံ ဝဒါမိ၊ ကော ပန ဝါဒေါ မနုဿဘူတေ။

အိုင်ငယ်များ၌ နေကြကုန်သောသတ္တဝါများအား (သနားသောစိတ်ဖြင့်) မျတနိုင်ကြပါစေဟူသော စိတ်နှလုံးပိုက်ကာ လက်ဆေးရေ အိုးခွက်ပန်းကန်ဆေးရေတို့ကိုစွန့်ပစ်လိုက်လျှင်ပင် ကုသိုလ်ဖြစ်ကြောင်း လူပုဂ္ဂိုလ်အား ပေးကမ်းခြင်း၌ ဆိုဖွယ်ရာမရှိတော့၊ ပိုမို၍ ကုသိုလ်ဖြစ်ကြောင်း ဝဒ္ဓဂေါတ္တပရိဗိုဇ်အား ဟောကြားတော်မူပါသည်။

ယခု ကြောင်ပန်းတောရဝါဒီတို့ကမူ "ကိလေသာဖြစ်မှုတရား ဟောပြောသူတို့ကို မပေးကောင်း မလှူကောင်း"ဟု ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်တားမြစ်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ၊ "အဘိဓမ္မာနည်းအားဖြင့် အာရုံပြု၍ လှူအပ်သော ဒါနသည်သာလျှင် အမွှန်ဆုံး အမြတ်ဆုံး ဖြစ်သည်ဟု

http://www.dhammadownload.com

ကျမ်းပြုဆရာကြီးတို့ ဆိုကြကုန်၏"ဟု ဆက်လက်၍ အသံကောင်း ဟစ်ထားခြင်းဖြင့် အခြား ပုဂ္ဂိုလ်များအား ဒါန ဝတ္ထုနည်းပါးစေပြီး ကြောင်ပန်းတို့ကိုသာ လှူဒါန်းစေရန် တွန်းဆွဲလုပ်ထားကြောင်း ထင်ရှားပါသည်။

ဤနေရာ၌ "အဘိဓမ္မာဒါနသာ အမြတ်ဆုံး"ဟု ဘယ်ကျမ်းဂန် စာပေမှ မတွေ့မိပါ၊ ဘုရားရှင်က ဒါနခန်း ဒါနကထ တွင် ဝိနည်း ဒေသနာနည်းဖြင့် ပစ္စည်း(၄)ပါး၊ သုတ္တန်နည်းအားဖြင့် အန္န–စားစရာ၊ ပါန–သောက်စရာ၊ ဝတ္ထ–အဝတ်အထည်၊ ယာန–ယာဉ်၊ မာလ–ပန်းမန်၊ ဝိလေပန–လိမ်းကျံစရာ၊ ဂန္ဓ–အမွှေးနံ့သာ၊ သေယျ–အိပ်ရာ၊ အာဝသထ–အဆောက်အအုံ၊ပဒီပ– ဆီမီးဟူသော (၁၀)ပါး။

အဘိဓမ္မာနည်းအား ဖြင့် အဆင်း အသံ အနံ့ အရသာ အထိအတွေ့ ဓမ္မာရုံဟူသော အာရုံခြောက်ပါးတို့ကို နေရာအလိုက် ဒေသနာတော်နည်းအရသာလျှင် ခွဲပြခြင်း ဖြစ်ပါသည်၊ အဘိဓမ္မာဒါနသာ အမြတ်ဆုံးဟု ဘုရားရှင် ဟောကြား တော်မမူပါ၊ ကြောင်ပန်းတောရ ဝါဒီတို့ကသာ ပြောခြင်း ဖြစ်ပါသ ည်။

ဖော်ပြပါ လှူဖွယ်ဝတ္ထုတို့ကို ဟော ကြားတော်မူပြီး ဒါနပြုရာ၌ မည်သို့ အာရုံပြုရမည်ကို ဆိုင်ရာ ဒေသနာနည်းကိုသာ ညွှန်ပြတော်မူပါသည်၊ ဝိနယ နည်းဖြင့် ဖြစ်စေ၊ သုတ္တန်နည်းဖြင့် ဖြစ်စေ အဘိဓမ္မာနည်းဖြင့် ဖြစ်စေ လှူဖွယ် ဝတ္ထုကို လှူဒါန်းရာ၌ ဒါနအင်္ဂါမြောက်ရန်သာ အမေးကြီးပါသည်၊ ဒါနအင်္ဂါ တွင် အလှူရှင်ဘက်မှ ပြည့်စုံရမည့် အင်္ဂါတွင်—

ပုဗ္ဗေ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတ္ဝာ အတ္ထမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။

(အံ၊ ၂၊ဆဋ္ဌင်္ဂါနသုတ်-၂၉၆)

မလှူမီ လှူဆဲ လှူပြီးအခါမျှား၌ စိတ်ကြည်လင်စွာ သဒ္ဓါအားကောင်းခြင်းနှင့် ပြည့်စုံလျှင် ဒါနမြောက်သည် ဟု ဟော ကြားတော်မူပါသည်။

ထို့ပြင် ဒါနတကာတို့တွင် အမြတ်ဆုံး ဒါနဟူသည်မှာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ=အလုံးစုံသောဒါနကို ဓမ္မဒါနသည် အောင်နိုင်၏"ဟု ဓမ္မပဒ၊ပါ-၆၄-၌ ဘုရားရှင် ဟောကြားတော်မူပါသည်။

အဋ္ဌကထာ ဆရာကလည်း—

တတ္ထ သဗ္ဗဒါနံ ဓမ္မဒါနန္တိ သစေပိ ဟိ စက္ကဝါဠဂဗ္ဘေ ယာဝ ဗြဟ္မ-
လောကာ နိရန္တရံ ကတ္ဝာ သန္ထိသိန္နာနံ ဗုဒ္ဓူပစ္စေကဗုဒ္ဓဓီဏာသဝါနံ
ကဒလိဂဗ္ဘသဒိသာနိ စီဝရာနိ ဒဒေယျ၊ ထသ္မိံ သမာဂမေ စတုပ္ပဒိ-

http://www.dhammadownload.com

ကာယ ဂါထာယ ကတာနုမောဒနာဝ သေဋ္ဌာ။ တံ ဟိ ဒါနံ တဿာ ဂါထာယ သောဋ္ဌသိ ကလံ နာဂ္ဃတိ။ ဧဝံ ဓမ္မဿ ဒေသနာပိ ဝါစနမ္မိ သဝနမ္မိ မဟန္ထံ။ (ဓမ္မပဒဋ္ဌ၊ ၂၊နှာ-၃၅၂)

လှူဖွယ်ဝတ္ထုဒါနတို့ထက် ဂါထာတပုဒ်ဖြင့် တရားဟောခြင်း ဓမ္မဒါနကထာ အမြတ်ဆုံးဟု ဖွင့်ဆိုပါသည်၊စကြဝဠာတိုက်အတွင်း ငြဟ္မာဘုံတိုင် ထိစပ်အောင် နေထိုင်တော်မူကြသည့် ဘုရား ပစ္စေကာ ရဟန္တာ တို့အား သင်္ကန်းတို့ကို လှူသော ဒါနပုံဝှင် တရားဂါထာတပုဒ် ဟောခြင်းကို ထိုသင်္ကန်းအလှူဒါနက ၁၆-စိတ် ၁-စိတ်ပင် မမီအောင် တရားဟောခြင်း ဓမ္မဒါနကသာ ြတ်သည်၊ ဓမ္မဒါနဖြစ်သော တရားဟော တရားပို့ချ တရားနာခြင်းသည် သို့ကလောက် ကြီးကျယ် မြင့်မြတ်သည်ဟု ဆိုလိုပါသည်၊ သို့သော် ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့ကမူ "ဓမ္မဒါန ဟူသည်တွင် အဘိဓမ္မာဒါန အာရုံ ၆-ပါးတွင် ပါဝင်သော ဓမ္မာရုံ ဒါနနှင့် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ တွင် ပါဝင်သော "ဓမ္မ-ဒါန"တို့ကို တူသည်ဟု ထင်လေသလော မပြော်တတ်ပါ၊ အမှန်မှာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ' မှ "ဓမ္မဒါန" အရ တရားဟောပြောခြင်း ဓမ္မဒေသနာကို ကောက်ယူရပါသည်၊ ထို့ကြောင့် ဒါနတို့တွင် အဘိဓမ္မာဒါနသာ အမြတ်ဆုံး ဟု ဘုရားရှင် ဟောတော်မမူ၊ ကြောင်ပန်းဝါဒီတို့ကသာ ပြောဆိုကြပါသည်၊ ကျမ်းပြုဆရာကြီးတို့ ဆိုကြကုန်၏ဟု ကြောင်ပန်းဝါဒီတို့ ဆိုကြသော်လည်း မည်သည့်ဆရာကဆိုကြောင်း မဖော်ပြသဖြင့် မသိရပါ၊ သို့သော် ဘုရားရှင်နှင့် အဋ္ဌကထာ ဆရာတို့ကမူ ဆိုတော်မမူခဲ့ကြပါသဖြင့် "အဘိဓမ္မာဒါနသာ အမြတ်ဆုံး"ဟူသော ကြောင်ပန်းဝါဒီတို့၏အယူသည် ဝိပဿနာအမည်ခံ၍ ဘုရားရှင်၏ "ဝိပဿနာ"ဟူသော အဘိဓမ္မာ ဒေသနာ အရိပ်ကိုခိုကာ အသံကောင်းဟစ်ပြီး လှည့်စားခြင်းသာ ဖြစ်ပါသည်ဘုရား။

ဒါနကထာနှင့် စပ်ဆိုင်၍ ဇေတဝန်ကျောင်း ဒကာကြီး အနာထပိဏ်သဌေး အကြောင်း အနည်းငယ်တင်ပြလိုပါသည်၊ (အများသိပ်ြုးအတိုင်း) ၅၄-ကုဋေ အသပြာငွေကို အကုန်အကျခံကာ "ဇေတဝန်ကျောင်း"တော်ကြီးကို လှူဒါန်း ခဲ့သူ ကျောင်းဒကာကြီး အနာထပိဏ်သည် ၂၄-နှစ်လုံးလုံး ဘုရားရှင်နှင့် ရင်းနှီး စွာ ဆည်းကပ်သော်လည်း ဘုရားရှင်က ဒါနကထာကိုသာ ဟောတော်မူပါသည်၊ ရှင်သာရိပုတ္တရာ စသော ဗုဒ္ဓ၏ မဟာသာဝကကြီးများကလည်း မိမိတို့ထံ လာသောအခါ ဒါနကထာကိုသာ ဟောတော်မူခဲ့ကြပါသည်။

အနာထပိဏ်သဌေးကြီး သေခါနီးကာလ အရှင်သာရိပုတ္တရာနှင့် အရှင် အာနန္ဒာတို့ကြွကာ အရှင်သာရိပုတ္တရာက အတွင်း အာယတန (၆)ပါး၊ အပြင် အာယတန (၆)ပါး မှသည် အရဟတ္တဖိုလ်ရောက်ကြောင်း တရားတော်ကို

http://www.dhammadownload.com

ဟောကြားတော်မူရာ ကျောင်းဒကာကြီး မျက်ရည်ကျလျက် "၂၄-နှစ်လုံးလုံး ဤတရားမျိုးကို တကြိမ်တခါမှ မြတ်စွာဘုရားက မဟောဖူးသဖြင့် မနာဖူး၍ မျက်ရည်ကျမိကြောင်း" လျှောက်ထားသည်။

ထိုအခါ အရှင်သာရိပုတ္တရာက "ကျောင်းဒကာကြီး လူဝတ်ကြောင်တို့မည်သည် လယ်ယာမိုးမြေ ရွှေငွေရတနာ အစေအပါး သားမယားစသည်အပေါ် မှာသာ တွယ်တာစွဲလမ်းခြင်းက သာလွန်ကြသည်၊ ထို့ကြောင့် သားမယား ပစ္စည်း စသည်များ ပြတ်ရာပြတ်ကြောင်း တရားစကားမျိုးသည် မထင်မြင်လွယ် မနှစ်လိုကြ"ဟု မိန့်တော်မူရာ ကျောင်းဒကာကြီးက "အရှင်ဘုရား.... လူဝတ်ကြောင်ထဲမှာလည်း ကိလေသာမှုန် နည်းပါးသော ပုဂ္ဂိုလ်များအတွက် ထင်မြင်လွယ်ပါလိမ့်မည်"ဟု လျှောက်သော်လည်း အရှင်သာရိပုတ္တရာက မည်သို့မျှ ပြန်လည်မိန့်တော်မမူပါ၊ (အနာထပိဏ္ဍိကောဝါဒသုတ်၊ ဥပရိ-၃၀၁-၌-၂၃၀)

ဤသုတ်၌ ၂၄-နှစ်လုံးလုံးဆည်းကပ်၍ သောတာပန်ဖြစ်ပြီးသော ကျောင်းဒကာကြီး အနာထပိဏ်ကိုပင် ဘုရားရှင်က ကမ္ဘဝင်္ဂ် ဝိပါကဝင်္ဂ်ကို ဖြစ်ပွားစေနိုင်သော ဒါနကထာကိုပင် ဟောကြားကြောင်းနှင့် သားမယား ဆုတူးစည်းစိမ်စသည့် လောကီစည်းစိမ်ကို ရိပ်ငြိမ်ချမ်းသာ သာယာစရာအဖြစ် စွဲလမ်းသော လူဝတ်ကြောင်တို့အား ပရမတ်တရား ဓာတ်တရား အစွဲအလမ်းဖြတ်ရမည့်တရားများသည် မထင်မြင်လွယ်၍ မဟောကြောင်း ထင်ရှားပါသည် ဘုရား။

ဘုရားလက်ထက် ဟိုတခေတ်ကပင် ဤသို့စွဲလမ်းလွန်း၍ မဟောဆိုသော်ယခုခေတ်တွင် ပြောစရာ မလိုတော့ပါ၊ ဝိပဿနာတရား အနည်းအပါး တကြိမ် နှစ်ကြိမ် အားထုတ်ပြီး၍ ဆိုင်ရာဓမ္မကထိက က မြောက်လိုက်လျှင် "ဘဝင်မြင့် ရောဂါ စွဲကပ်ကာ" အခြားရဟန်းများအား မရှိသေလို၊ ဘုရားရှိခိုးခြင်းကိုပင် "အစွဲဥပါဒါန်"ဟု ထင်ကာ ကိုယ်သာယာချင်တာကြတော့ ခန္ဓာဝန်ဟု မတန်မရာ ပြောကြားယူဆသော ခေတ်ဖြစ်ကြောင်း တွေ့သိရပါသည်ဘုရား။

ထိုသို့ "ဝိပဿနာ အမည်ခံကာ" ကိလေသာဖြစ်မှု တရားတို့ကို ဟောပြောသူတို့အား မဆည်းကပ်ကောင်း မကိုးကွယ်ကောင်း မပေးကောင်း မလှူကောင်းဟု ကြောင်ပန်းက အသံကောင်းဟစ်ကာ အခြား ရိုးသားစွာ ဟောပြောသည့် သံဃာတို့အား ပုတ်ခတ်ပြီး ဒကာ-ဒကာမများအား မှိုင်းတိုက်လှည့်စားပုံကို ထင်ရှားစေရန်အတွက် ဓကြောင်းပန်းဦးတိတ္ထာရေး ဝိပဿနာ အလုပ် အကျဉ်းချုပ် ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်းစာအုပ် တတိယတွဲမှ အောက်ပါအရေးအသားကို တင်ပြခွင့်ပြုပါဘုရား။

http://www.dhammadownload.com

ဤစာသားကို ကြောင်ပန်းတို့ ဘယ်အသံဖြင့် ဟောသည်ကို ဝိနည်းဓိုရ် ဆရာတော်ကြီးများ မှန်းဆနိုင်ရန် စာသားအလိုက် အသံထားခွင့် ပြုတော်မူပါမည့်အကြောင်း အနူးအညွှတ် တောင်းပန်လျှောက်ကြားပါသည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား။

ကြောင်ပန်းဦးတိဏ္ဏရေး ဝိပဿနာအလုပ် အကျဉ်းချုပ် ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း ၂၃-မှ စ၍ ယခုလို ဒိဋ္ဌိဖြုတ်ပြပါသည်ဘုရား။

နှမသက်လယ် သူဇာမယ်ရယ်....မင်း ဘယ့်နယ်ဇာတွက်ကြောင့် စိတ်လက်မအေး ဖြစ်ရပါသလဲ။

ဘုရားနှမကလေးအပေါ်မှာ မေတ္တာတော် တကယ်ထားပြီး အဟုတ်ကို ချစ်ရှဲလား။

အို....ဘယ့်နယ်ပြောပါလိမ့် မောင်မောင့်ကြင်ဖော် အသဲကြော်ရယ်၊ မေတ္တာတော်ဆန္ဒဟာ လွန်မင်းစွာ ရှိလှသည်ကို အားလုံးပင် သိကြပြီး ဖြစ်ပါတယ်၊ ချစ်တာကတသွင်၊ ခင်တာက တပါး၊ သနားတာက တဖုံ၊ ရွှေနှုတ်တော် ငုံလို့ တောင် ထားချင်ရှဲ၊ တကယ့်အချစ်ဓာတ် ပြင်းပြလွန်းလို့မို့ အချစ်ဇာတ်ကြီးတောင် ခင်းပြပြီးပြီ မဟုတ်လား၊ မောင်တော်ဘုရားစိတ်ရှုပ်အောင် မလုပ်ပါနှင့်၊ အဟုတ်ချစ်ရေး မချစ်ရေး ယခုအသစ်မေးပြီး မင်းစစ်ဆေးနေစရာ မဟုတ်တော့ပါဘူးကွယ်။

ချစ်မေတ္တာစစ်စစ်နှင့် ကျမကို အဟုတ်ချစ်ထာဖြင့် ညစ်လာတဲ့စိတ်ကလေးကို အေးသွားအောင် လုပ်ပေးရမယ်၊ ငြင်းပယ်တော်မူမှာလား။

မငြင်းမပယ်ပါဘူးကွယ်၊ လွယ်လွယ်နှင့်ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်၊ အရေးကို ပြောစမ်းပါဦး၊ နေမကောင်းဘူးလား—နေမကောင်းယင် မောင်ဘုရားလက်သုံးတော်ထားတဲ့ သမားတော်ကြီးတွေ ခေါ်ပေးမယ်လေ။

နေမကောင်းတဲ့အရေးလဲ မဟုတ်သေးပါဘုရား....

ဒါမှမဟုတ်သေးယင် ရွှေနန်းကြမ်းပြင် မြသလွန်ပေါ်မှာ လှန့်လိုက် စောင်းလိုက် တပွေ့ပွေ့တပိုက်ပိုက် တအိုက်အိုက်နေရလို့ ညောင်းကိုက်ပါသလား၊ ညောင်းကိုက်ယင်လဲ သောင်းထိုက်တဲ့အပျို့တော် အနှိပ်သည်တော်တွေ ခန်းဆောင်ဗေအသီးအသီးမှာ တပုံတခေါင်းကြီးအရှိသားကပဲ ကဲ ခေါ်ပေးမလေ။

ဩော်....ခေါင်းကိုက်ခြင်း ဆိုတဲ့ ဝေဒနာလဲ ကျမ ဘယ်အခါကမှ မရှိပါဘူး ဓမာင်တော်ဘုရား။

http://www.dhammadownload.com

ခြေ....ရန်သူကို ချစ်သူထင်ရှာလို့ ညင်ညင်သာသာနှင့် ချော့မြူကာ ပြောနေလိုက်တာ ကျောချမ်းစရာမကောင်းပါဘိ တကာဗိုလ်ရယ် (မှန်ပါ-ကျောချမ်းစရာကြီးပါဘုရား)။

ဒီလိုမှ မဟုတ်ပါက စားသောက်နေရတဲ့ ပွဲတော် အစာအာဟာရအတွက် မနှစ်သက်သေးလို့လား၊ ညာတပါး ဘာသားများ စားချင်လို့ စိတ်မချင်ဖြစ်ရသလဲ၊ အကယ်၍များ နှမတော် စားသောက်လိုပါတယ်ဆိုယင် ကောင်းကင်မှာ သွားလာ စိုင်းနှင့်၍နေသော သိန္ဓောမြင်းကိုပင်ဖြစ်စေ ဖမ်းချေကြ၊ သွား မောင်းများဟု မဆိုင်းမနေ တိုင်းပြေကို ခိုင်းစေပမယ်၊ ထို့ပြင်တသီး ဤမြေကြီးအောက်မှ စားသောက်လိုသော အစာအာဟာရ ရှိပါတယ်ဆိုယင် ထိုမြေကြီးကို အမြန်တူးဖော်ကြီး ရွေတော်ရောက် ယူကျေးစေပမယ်၊ သူ တပါး ယူကျေးတာကိုမှ အလိုတော်မကျသေးယင် အဝေးအနီး ခရီးလမ်း ကြေ ငံး ဆိုးကောင်းနှစ်ပါး ပဓာနမထားပဲ ကိုယ်တော်တိုင်သွား သမုဒ္ဒရာကြီး ခြားနေသော်လဲ မောင်ဘုရား လက်ပစ်ကူးပြီး အချစ်ဦးကို ယူကျေးပမယ်၊ စိတ်အေးပါကွယ် အလှရယ်။

ထိုအခါ ဘီလူးမသည် အစားအသောက်အတွက်နှင့် ပတ်သက်လာရာ မိမိ ပကတိစိတ်ထား အရိပ်အရောင် ပေါ်သွားမည်စိုးသဖြင့် မင်းကြီး၏ရင်ခွင်သို့ တိုး၍ တိုး၍ ခေါင်းကလေးနှင့်ဝှေ့ဝှေ့ပြီး ဟင့်အင်း-ဟင့်အင်း-အစား အသောက်ကို မနှစ်သက်၍ ပွဲတော်အတွက်လဲဟုတ်ဖူး-ဟုတ်ဖူးဟု ပြန်ပြော လေသော်-

ဟား ဟား ဟား အခုမှ မောင်ဘုရားရိပ်ဩဝါ ရိပ်မိပေါ့၊ လက်စသတ် တော့ မင်းတို့ မိန်းမဆိုတာ ဖီးမှု, လိမ်းမှု, ဝတ်ဆင်မှု၌ အလွန် အာရုံပြုလေ့ရှိ ကြသည့်အတိုင်း ပုတီး, နားတောင်း, လက်ကောက်, ဂျက်ကြပ် လက်စွပ်, ပုဆိုး, ဆံထိုး, ဆံဘို, ဆံညှပ်တာက်, ဘယက်တန်ဆာ ဒွါဒဒုတို့ကို မင်းအလိုရှိလို့ မဟုတ်လား၊ စိတ်ကြည်ရွှင်ထားပါတော့ ခုတ်ပြီးလုပ်ပြီးက အစားစား ဟိုထား ဒီထားက အထွေထွေ ရွှေတိုက် ငွေတိုက်က အခန်းနေး ဖွင့်လိုက်စမ်းကွယ် အကုန်လုံး၊ သုံးလိုက်စမ်းကွယ် ထင်သလို ဆင်လိုဆင် ဝတ်လိုတာဝတ် စားလို တာစား ကြွားလိုတာကြွား၊ မောင်ဘုရားမတားမြစ်၊ သ်ကြားဆံရစ် သုဇာတာ နှင့် ပြိုင်ကြ ဆိုင်ကြတောင် မင်းက အနိုင်ရမှ မောင့်စိတ်က ကျေနပ်မှာမို့ ဒါတွေ အရပ်ရပ် ရှာရှည်လို့မထပ်ပရစေနှင့်တော့ ရတနာတွေကိုလဲ အပ်ပါပြီကွယ်။

အင့်ဟင် အင့်ဟင် ဒီရွှေ့ငွေ့ ကျောက်သံပတ္တမြား အစားအစာတွေကိုလဲ ဘာလုပ်ဖို့တုန်း လိုချင်ဘောင်-လိုချင်ဘောင်၊ ကျွန်မကိုယ်ကောင်ကို တကိုယ်လုံး တကောင်လုံး လိုရာကိုသုံးပါတော့ဟု အစရင်းကိုက အင်္ဂါနှင်းလိုက်တာ

http://www.dhammadownload.com

ဒီရတနာ ဒီတန်ဆာ ဒီဟာတွေကို လိုချင်လို့ သိမ်းပိုက်ချင်လို့ ဝတ်ဆင်ချင်လို့မှ မဟုတ်ပဲ မောင်တော်လဲ အမြင်သား၊ ဘုရားနှမလို့ ကိုယ်ကောင်များ အထူး ပြင်ဆင်ဖို့လိုသေးသလား၊ ပကတိသဘောအားဖြင့် ကံတရားအဟုန်ကြောင့် တင့်တယ်ခြင်း ဂုဏ်အလုံးစုံတို့နှင့် အကုန်လုံး ပြည့်စုံပြီးသား ဖြစ်ပါတယ်၊ အနို့ ပြီးတော့လဲ အရှင်မင်းမြတ်ချစ်ခင်၍ မိဖုယားအရာ တင်လိုက်ကတည်းက အထက်တန်းအမြင့်သို့ ဆိုက်ပေါ့ပဲ၊ စိန်တွေကတဝဲဝဲ၊ မြတွေက တိုးလို့တွဲလန့်ဆင်ပေါ်မှာ အလံစိုက်နေဖို့လဲ မလိုတော်ပါဘူး ပျို့ချစ်ဦးရယ်။

အောင်မယ် မာယာစကား အတော်များတတ်တဲ့ ဘီလူးမပါလားဟ တကာ ဗိုလ်ရ (မှန်ပါဘီလူးမတို့ ထုံးစံ သည်အတိုင်း မှန်ပါဘုရား)။

အချစ်ပန်းခက် ပုလဲရွက်ကယ်၊ မောင်ဘယ့်နှယ်ကြံရမတုံး၊ ဤလောကတခုလုံး သိမ်းကျုံးသည့်စကား ယောကျ်ားတို့၏သဘောအရကို ပြောပြရမည်ဆို လျှင် မိမိချစ်ခင်သူ ငြိုငြင်၍အလိုမဋ္ဌင် စိတ်ပင်ပန်းပြီး သူ၏မျက်နှာကလေးကို ညှိုးနွမ်းနေကာကို မြင်ရလျှင် ဘဝင်ဟဒယမှာ မက်လုံးဖမ်းသဖြင့် ထပြီး လက်ရုံးတန်းချင်တဲ့ သဘောမျိုးတွေဟာ ပေါ်လာတတ်ရိုးဖြစ်ပါတယ်၊ ဒါကြောင့် မင်းစိတ်ဓာတ် ညှိုးနွမ်း၍ မင့်မျက်နှာ မချင်လန်းဘူးဆိုလျှင် ခင်မောင်လဲ ထပြီး လက်ရုံးသာ တန်းလိုက်ချင်တော့တာပဲ၊ သို့ကလို မယားအတွက်နှင့် အားတက်ကာ ဆောင်ရွက်မဟ, ကြိုးစားမဟ, လုပ်မကု ကိုင်မကွဆိုတဲ့ လက်ရုံးတန်းပြီး အစွမ်းပြလိုတာဟာ ယောကျ်ားတို့ ဓမ္မတာပါပဲနော်။

ကျွန်မပြောပြတာကို သဘောမကျလျှင် ဘုရားနှမကလေး အပြစ်ပေးတော်မူမှာလား–

အို–ဘာတွေဆိုဆို ဘာကိုပြောပြော ဘုရားဟောစကား အမှန်သာထား အမှားမရှိတာလို့ ချစ်ဇမ္ဗော်ပိုသောကြောင့် ရွှေနားဝင်ချိုပြီးသားမို့ အပြစ်မထားပါဘူးကွယ်၊ ပြောသာပြောပ ဘယ်နည်းမဆို သဘောကျပါမယ်။

ကျွန်မမှာ အသက်ကယ် အရွယ်ကနု မင်းမှုမင်းရေး လူမှုရေး နားမလည်သေးသဖြင့် ကလေးမိုက်အလား သဘောတော်ထားပြီး အကယ်၍များ ကျွန်မစကား အပြစ်ရှိခြားအံ့၊ အပြစ်ရှိခဲ့သော် ထိုအပြစ်ကို ခွင့်လွှတ်တော်မူပါ မောင်ဘုရား။

စိန်ဆံထိုးပန် ပုလဲပျံရယ်၊ အကဲဟန်အမြင်သားဟာမို့ တင်ပါးကလေးက ခပ်ကားကား၊ ရင်သားကလေးက ခပ်မောက်မောက်၊ ဆံဆံတောက်ကလေးက ပိတုန်းသွေး၊ မျက်ခုံးကလေးက သုံးရက်လ၊ မျက်လုံးနှစ်ဘက်က စက်ဆောက်ကြည့်၊ ဖျာ့ဖျာ့ပါးကလေးက မို့မို့၊ ဟောဒီ ပဒုမ္မာလေးက ကြွကြွ၊ဟောဒီ နှုတ်ခမ်း

http://www.dhammadownload.com

ကလေးက နီနီနှင့် မင်းဘယ်လိုပင် အပလီပိုသော်လဲ မောင်ဘုရား ဌေးနားဝင်ချိုပမယ် စိတ်ချ၍သာ သံတော်ဦးတင်ပါကွယ်။

အမိန့်အခွင့်ရတာဖြင့် ဘုရားနှမ သံတော်ဦးတင်ပါရစေ ဌေးနားတော်ဆင်ပါတော့ ပြည်ကြီးရှင် ပျိုထိပ်တင်ဘုရား။

ဟား ဟား ဟား....တင်စေဗျား....တင်စေဗျား။

(ဒီဋ္ဌပြုတ်လမ်း၊ အတွဲ-တ၊ နှာ-၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈)

ဤစာသားကို ကြည့်လျှင်ပင် "ဝိပဿနာအလုပ်အကျဉ်းချုပ်-ဒီဋ္ဌိပြုတ်လမ်း" ဟု အမည်ခံသော်လည်း ကိုလေသာဝင်္ခဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို မည်မျှပွားစေနိုင်ကြောင်း ဒီဋ္ဌိပြုတ်ဟု အသံဒကာင်း ဟစ်ဒသော်လည်း တဏှာနှင့် ဒီဋ္ဌိကိုမငြိ-ငြိအောင် ကွင်းကွင်းကွက်ကွက် ပေါ်အောင် ဘယ်လို မှိုင်းတိုက်ကြောင်း ထင်ရှားပါပြီဘုရား၊ စာထဲတွင် ဤမျှသာပါသော်လည်း ပြင်ပဘာရား ပွဲများ၌ ကြောင်ပန်းမယ်ကဒလေးများနှင့် တရုံးရုံး အသံတိုက်ကြပြီး ဇာတ်ပွဲထွက်သည့်ပမာ တရားဟောဘုန်းကြီးများက မင်းသားသံနှင့်ဟစ်ကာ ကြောင်ပန်းမယ်ကဒလေးများက သံပြိုင်မေတ္တာပို့ဆုတောင်းကြကြောင်း သိရှိရပါသည်။ ထိုသို့သံပြိုင် မေတ္တာပို့ဆုတောင်းသံကို ထင်ရှားစရန်အတွက်–

ကြောင်ပန်း သဘာဝအခြေပြခေါ် ဝိပဿနာသင်တန်း စာအုပ် နှာ-၄၅ မှ နမူနာ ဆုတောင်းတပုဒ်မျှ တင်ပြပါရစေဘုရား၊

မိုးလေဝသ ညီမျှပါစေ
ဆန်ရေစပါး ပေါမျှားပါစေ
တိုင်းပြည်သာကြောင်း မင်းကောင်းတည်စေ
အရောင်လှမ်း ကြောင်ပန်းပွင့်ပါစေ
အောင်ပါစေ ချမ်းကြည်အေးမြစေ
ဒို့ယခု တောင်းဆုပြည့်ပါစေ။

ဤမျှဆိုလျှင် စာသွားမှသည် လက်တွေ့ဆီသို့ မျော်ရည်မှန်းလျှင် ဘယ်လိုစခန်းသွားကြကြောင်း ထင်ရှားပါပြီဘုရား။

ထို့ကြောင့် ကြောင်ပန်းတောရ ဝါဒီတို့သည် အဘိဓမ္မာသံ ဝိပဿနာသံတို့ကို "ခပ်သန်သန်" ကြွေးကြော်၍ "ဝိပဿနာအလုပ်"ကို အသံကောင်းဟစ်ပြကာ သူတို့ဟောချင်ရာ-ပြောချင်ရာများကို မသိမမြင်နိုင်စေရန် အတွက် ပုဒ္ဓမြတ်စွာ၏ ဝိပဿနာဟူသော စကားလုံးအရိပ်ကို ခိုလျှက် ပုဒ္ဓဘာသာဝင်များအား ဘုရားဟောလိုလိုဖြင့် ထင်ယောင်မှားစေသည့် အဝိဇ္ဇာ၊

http://www.dhammadownload.com

အသံကောင်း အပြောကောင်း အခွဲကောင်း အန္ဓဲကောင်းတို့ကို တဏှာထ ကြွသောင်းကျန်းစရာ စကားလုံးတို့ဖြင့် ကွင်းကွင်းကွက်ကွက် ပေါ်လွင်စေ၍ သွားရေကျလောက်အောင် ဟောပြောကာ စွဲမက်စေသည့် တဏှာ "ကြောင်ပန်းမှ ကြောင်ပန်း" အမျှားနှင့်မတူ တမူထူးခြားပါပေတယ်ဟု စွဲလမ်းစေသော ဥပါဒါန်ဟုဆိုအပ်သော ကိလေသာဝင်္ဂိတရားတို့ကို ကြောင်ပန်းဝါဒီများကသာ ဟောပြောနေကြကြောင်း ထင်ရှားပါသဖြင့် ကြောင်ပန်းဝါဒီတို့၏ တရားသည်သာ "မနာကောင်း-မယူကောင်းသည့် တရား၊ ကိလေသာကို ဖြစ်ပွားစေသည့်တရား၊ မပေးကောင်း မလှူကောင်းသည့် ပုဂ္ဂိုလ်များ" ဖြစ်၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် ဒါနကထာ သီလကထာတို့ကို ပယ်ရှားသည့် အဓမ္မဝါဒဖြစ်ကြောင်း စိစစ်သုံးသပ် ဆုံးဖြတ်ပေးတော်မူနိုင်ပါရန် စောဒနာအမှတ်(၅)အဖြစ် တင်သွင်းလျှောက်ကြားပါသည် နိုင်ငံတော် သီးခြားဝိနည်းဗိုလ်ဆရာတော် အရှင်မြတ်တို့ဘုရား။

ဝိတ္ထာရစောဒနာ အမှတ်(၆)

ကြောင်ပန်းတောရဝါဒသည် အန္ဓပုထုဇဉ်မှသည် ရဟန္တာသို့တိုင် အဆင့်ဆင့် ကျင့်ကြံရသည်ဟု ပြောဟောလျှင် မှားသည်ဟုဆိုသဖြင့် (ကျင့်ကြံစရာမလို-သိလျှင်ပြီးရော) ဆိုကာ အနုပုဗ္ဗသိက္ခာကိုပယ်ရှားသည့်(အဓမ္မ)ဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရစောဒနာပါဘုရား။

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် နိုင်ငံတော် အမှတ်(၃) သီးခြားဝိနည်းဗိုလ် ဆရာတော်များဘုရား–

ကြောင်ပန်းတောရဝါဒီတို့သည် ဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော်အစဉ်=ဒေသနာကျမကိုလည်းကောင်း သံသရာမှလွတ်ရာလွတ်ကြောင်းကောင်းမြတ်သောကျင့်စဉ်=ပဋိပတ္တိကျမ ကိုလည်းကောင်း အစဉ်အတိုင်း အဆင့်ဆင့်ကျင့်ရမည့် အနုပုဗ္ဗသိက္ခာကိုလည်းကောင်း ပစ်ပယ်ကာ စာလာပေလာ ဓမ္မကွန်ရာ ဒေသနာတော်နှင့် ဆန့်ကျင်ပြီးသူတို့ လိုရာကို ဆွဲယူဟောပြောခြင်းဖြင့် "အဓမ္မကိုဝမ္မ" ပါဟု အတင်းအဓမ္မလုပ်ဇာတ်ခင်းသည့် အဓမ္မဝါဒဖြစ်ပါသည်ဘုရား၊ ထိုသို့ဟောပြောပုံများမှ အနည်းငယ်တင်ပြရပါလျှင်–

(ဦးဝါသဝရေး ဝိပဿနာအလင်းထောင်ကျမ်း၊ နှာ-၁၁၃)၌

(က) လောကဋ္ဌ အန္ဓပုထုဇဉ်က ကလျာဏပုထုဇဉ်ဖြစ်အောင်လုပ်ရသည်၊ ကလျာဏပုထုဇဉ်က သောတာပန်ဖြစ်အောင်လုပ်ရသည်၊ သော

http://www.dhammadownload.com

တာပန်က သကဒါဂါမ်ဖြစ်အောင်လုပ်ရသည်၊ သကဒါဂါမ်က အနာဂါမ်ဖြစ်အောင်လုပ်ရသည် အနာဂါမ်က ရဟန္တာဖြစ်အောင်လုပ်ရသည် ဒိဋိတ်က တိဟိတ်ဖြစ်အောင် လုပ်ရသည် စသည်ဖြင့် ပြောကြားဟောကြကုန်၏၊ ယူလည်းယူကြကုန်၏၊ လွဲလေစ၊ မှားလေစ၊ မှောက်လေစ၊ ပညာမဲ့တို့၏ အသုံးအယူပင်တည်း။

ဟု ရေးသားထားပါသည်၊ ကြောင်ပန်းဝါဒီတို့က အန္ဓပုထုဇဉ်မှသည် အဆင့်ဆင့်ကျင့်ကြံအားထုတ်ခြင်းကို မှားသည် ပညာမဲ့တို့အသုံးအယူပင်ဖြစ်သည်ဟုဆိုသဖြင့် ဗုဒ္ဓမြတ်အားလုံးကို မီးတိုက်ဖျက်ဆီးလိုက်သော ဝါဒသာ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် သတ္တဝါဟူသည်မှာ ပုထုဇဉ်ဘဝမှ စခဲ့ကြခြင်း ဖြစ်ပါသည်၊ မည်သည့်သတ္တဝါ မှ "သတ္တဝါအစ" ဖြစ်စဉ်မှစ၍ ရဟန္တာအဖြစ် (ကိလေသာကင်းကုန်ပြီး) မွေးဖွားခဲ့ကြသည် မဟုတ်ပါ၊ သတ္တဝါစဖြစ်စဉ်ကတည်းက ရဟန္တာအဖြစ် မွေးဖွားခဲ့ကြလျှင် လည်း တက်စရာလမ်း သံသရာလည်စရာလမ် မရှိ တော့သဖြင့် "ဘဝစက်ရဟတ်" ပြတ်သုံး၍ ဘဝလက်စတုံးကာ နိဗ္ဗာန်သို့ရောက်ခဲ့ပြီးဖြစ်လျက် "နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"သာ ဖြစ်ရပါမည်၊ မိမိတို့ဦးထိပ်ထား ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓမြတ်စွာသည်ပင်လျှင် မွေးဖွားစဉ်က ပုထုဇဉ်အဖြစ်နှင့်သာ စတင်ခဲ့ရပါသည်၊ ထို့ကြောင့် (၆)နှစ်ဘိုင်တိုင် ဒုက္ခဆင်းရဲအမျိုးမျိုးတို့ကိုခံကာ ကျင့်ကြံရာမှ သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ခြင်းဖြစ်ပါသည်၊ ဗုဒ္ဓဖြစ်တော်မူ၍ ဓမ္မဒေသနာ ဟောကြားတော်မူရာ၌လည်း မိမိ၏ ပါရမီစဉ်ဆက်အဆင့်ဆင့် ကျင့်ခဲ့ပုံမျှားကိုပြန်လှန်ဟောကြားတော် မူခဲ့ပါသည်၊ထို့အတူ မိမိ၏သာဝကမျှားအားလည်းကုသိုလ်ကို အနည်းငယ်မှစ၍ ခဏခဏပွားများကြရန်အတွက် ပန်းထိမ်သည်သည် ဖားဖိုဖြင့် ဌေး၏အညစ်အကြေးတို့ကို ဖြည်းဖြည်းချင်း မူတ်လှင့်သကဲ့သို့ အကုသိုလ်အညစ်အကြေးတို့ကို ကုသိုလ်ကို ခဏခဏ လုပ်ခြင်းဖြင့် မူတ်လှင့်ပစ်ရမည်ဖြစ်ကြောင်းကို–

အနုပုဗ္ဗန ဓမ္မဘဝိ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတသ္ဆေဝ၊နိဒ္ဓမေ မလမတ္တနော။

(ဓမ္မပဒ-၄၊ အညတရ ဗြာဟ္မဏဝတ္ထု)

ဟု ဟောကြားတော်မူပါသည်။

သာသနာတော်၏ "အင်္ဂစ္ဆရိယ ဓမ္မ=အံ့ဖွယ်ရှစ်ဖြာ" သာသနာတော်ကို ဟောကြားရာ၌လည်း သမုဒ္ဒရာကြီးဆည် ကမ်းစပ်မှ ခဏက်ကမ်းမရှိပဲ အစဉ်အတိုင်း နက်ရှိုင်းသွားသကဲ့သို့ သာသနာတော်သည်လည်း အစဉ်အတိုင်း

http://www.dhammadownload.com

ကျင့်ရမည့်= အနုပုဗ္ဗသိက္ခာ, အစဉ်အတိုင်း ပြုရမည့်= အနုပုဗ္ဗကိရိယာ, အစဉ်အတိုင်း အားထုတ်ရမည့်=အနုပုဗ္ဗပဋိပဒါတို့ရှိပြီး စလျှင်စချင်း ရဟန္တာမဖြစ်နိုင် (ဝိ.စူဠဝဂ္ဂ.ပါ.၄၂၁) ဟု ဟောကြားတော်မူပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အလိုတော်အားဖြင့် အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါဖြစ်သော အံ့ဖွယ်ရှစ်ဖြာ သာသနာတော်ကြီးတွင် သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်ကြရန် အလွန်အမင်း တိုက်တွန်းတော်မူပါသည်၊ ထို့ကြောင့် မ ၃.၁၂၂၊ အာနာပါနဿတိသုတ်၌---

> အာရဒ္ဓေါသို့ ဘိက္ခဝေ ဣမာယ ပဋိပဒါယ၊ အာရဒ္ဓစိတ္တောသို့ ဘိက္ခဝေ ဣမာယ ပဋိပဒါယ။ တသ္မာ တိဟ ဘိက္ခဝေ ဘိယ္ယောသေါ မတ္တာယ ဝီရိယံ အာရဘထ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ။

"ရဟန်းတို့ ဤ အကျင့်တရား၌ အားထုတ်အပ်၏၊ အားထုတ်ချင်သောစိတ် ရှိရ၏၊ ထို့ကြောင့် မရောက်သေးသောတရားကို ရောက်စေခြင်းငှါ မရသေးသောတရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ အတိုင်းအထက်အလွန် အားထုတ်ရမည်" ဟု ဟောကြားတော်မူပါသည်။

ဆိုလိုသည်မှာ ရဟန္တာမဖြစ်မချင်း နားနေရန်မလိုပဲ မနားမနေ အားထုတ်ရမည်ဟု ဆိုလိုပါသည်၊ ထို့ကြောင့် ဗုဒ္ဓဓမ္မ ဒေသနာတော်သည် အားထုတ်ရမည့် (ဝီရိယာရမ္ဘ) ဝါဒသာ ဖြစ်ပါသည်။

အားထုတ်ရာ၌လည်း ဖားခုန်သကဲ့သို့ တောခုန် တောင်ခုန် ခုန်ပျံကျော်လွှားကာ အားထုတ်၍မရပဲ ကျင့်စဉ်အတိုင်း ကျင့်ကြံ အားထုတ်ရမည့် အကြောင်းကို မ.၂၊ ၁၄၅ ကိဠာဂိရိသုတ်၌---

> နာဟံ ဘိက္ခဝေ အာဒိကေနေဝ အညာဏုဝံ ဝဒါမိ။အပိ စ ဘိက္ခဝေ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ အညာဏုဝာ ဟောတိ–

စသည်ဖြင့် စလျှင်စချင်း (အားထုတ်လျှင် အားထုတ်ချင်း) ရဟန္တာဖြစ်မည်ဟု ဟောတော်မမူ၊ အစဉ်အတိုင်း ကျင့်ကြံအားထုတ်ရန် ဟောကြားတော်မူပါသည်။

ဤတွင် အနုပုဗ္ဗသိက္ခာ= အစဉ်အတိုင်း ကျင့်ကြံခြင်းဟူသည်ကို ပါဠိတော်၌ ဆက်လက် ဟောကြားတော်မူသည်မှာ—

http://www.dhammadownload.com

ဤသာသနာတော်၌ သက်ဝင်ယုံကြည်ခြင်း သဒ္ဓါဖြစ်မှ (ဆရာ၏အနီးသို့) ဆည်းကပ်မည်၊ အနီးသို့လာမှ အနီး၌ထိုင်မည်၊ ထိုင်သည်ရှိသော် နားထောင်မည်၊ နားထောင်လျှင် တရားကို နာကြားမည်၊ တရားနာရ၍ တရားကိုဆောင်ယူမည်၊ ဆောင်ယူပြီးသော တရားတို့၏ သဘောတရားကို စူးစမ်းလေ့လာမည်၊ အနက်သဘောကို စူးစမ်းခြင်းကြောင့် တရားတို့သည် ရှုခြင်းကိုခံ့ကုန်၏၊ တရားတို့ရှုခြင်းငှါ ခန့်ကြကုန်သော် အားထုတ်လို ပြုလုံသောဆန္ဒ ဖြစ်၏၊ ဆန္ဒဖြစ်သော် အားထုတ်ကျင့်ကြံ၏၊ အားထုတ်ပြီး၍ (အနိစ္စ ဒုက္ခ အနတ္တဟု) နှိုင်းချိန်၏၊ စူးစမ်းသော ဝိပဿနာဖြင့် နှိုင်းချိန်သည်ရှိသော် မဂ်အကျင့်ကို အားထုတ်၏၊ (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ် ရှိလျက် နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ မဂ်ပညာဖြင့် ထိုနိဗ္ဗာန်ကို ထွင်းဖောက်၍ မြင်၏ဟု အဆင့်ဆင့် ဟောကြားတော်မူပါသည်။

ဤဒေသနာတော်၌ အနုပုဗ္ဗသိက္ခာ အစဉ်အတိုင်း ကျင့်ခြင်းဟူသည် သဒ္ဓါတရား ဖြစ်ပေါ်ထူမှစ၍ အဆင့်ဆင့် အစဉ်အတိုင်း အရဟတ္တဖိုလ် ရောက်သည့်တိုင် ကျင့်ကြံရသည်၊ ဖားခုန်သလို ခုန်ပျံကျော်လွှား ကျင့်ကြံအားထုတ်ခြင်းဖြင့် "ငါ့တရားကို မရ" ဟု ဆိုလိုပါသည်၊ ထို့ကြောင့် သဒ္ဓါတရားမှစ၍ အဆင့်ဆင့် အားမထုတ်ခဲ့သော် ဝိပဿီပန္နေ=အကျင့်ဖောက်ပြန်သူ၊ မိစ္ဆာပဋိပန္နေ=အကျင့်မှားသူ ပုဂ္ဂိုလ်များဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

ထိုသို့အားထုတ်ရာ၌ ဝိရိယ၏အင်္ဂါဖြစ်သော "အရေ+အကြော+အရိုးသာကြွင်းပါစေ၊ အသား အသွေးများ ခန်းခြောက်ပါစေ၊ ယောကျ်ားစွမ်းအားလုံ့လဖြင့် ကြိုးစားအားထုတ်မည်" ဟု ပြင်းထန်စွာ ကျင့်ကြံရမည့်အကြောင်း ဟောတော်မူပါသည်။

သောတာပတ္တိယင်္ဂတရား (၄) ပါး တွင်လည်း ဓမ္မာနုဓမ္မပဋိပတ္တိ=လောကုတ္တရာတရား(၉)ပါးအား သင့်လျော်သောအကျင့်ရှိရမည်ဟု ဟောတော်မူကြောင်း သိရှိကြပါသည်၊ သို့သော် ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့ကမူ "ကျင့်စဉ်ကိုပယ်၍ အရှင်မွေး ဓနုချင်းကြီး" ဆိုသကဲ့သို့ တရားအားထုတ်ကာမျှ ဆင်ခြင်ကာမျှ နှလုံးသွင်းကာမျှ ရှုပ်နာမ် စကားလေး ပြောကာမျှဖြင့်—

ပရမတ်ဆတ်ဆတ် ဓာတ်ကိုပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာ
တရားဟု တခမ်းတနား အခြား လုပ်ဖွယ်မရှိ၊ အကုန်လုံးပြီးစီးပါ၏—

ဟု ဆိုပြီးလျှင် ချက်ချင်းလက်ငင်း အရေးပေါ်အရိယာများကို ကြောင်ပန်းတက္ကိအရိယာအဖြစ် မွေးထုတ်ပေးနေကြပါသည်၊ မိမိတို့၏ အဆန်းထွင်မှုကို လူမြင်အောင် ပြချင်သည့်နှင့် အမြီးမြွောက် ကသော ဥဒေါင်းကဲ့သို့ အဟိရိက အနောတ္တပ္ပ ကုဟန လပန တရား ပွားများစရာသာ ဖြစ်ခဲ့ပါသည်။

http://www.dhammadownload.com

ကြောင်ပန်းဝါဒီက ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရား တခမ်းတနား ရှုဖွယ်မလို၊ ဓာတ်ပေါက်လျှင် ကိစ္စပြီးဟုဆိုကာ ဝိပဿနာတင်ပုံနည်းကို ဆက်လက်ပြဆိုထုတွင်—

> "ဝိပဿနာတင်လျှင် မမြဲသောသဘောကို ဘယ်လိုပင်မြင်မြင် ဘယ်ဟာမမြဲဟု ရှုလျှင် မဟုတ်သောနည်း၊ မမှန်သောနည်း၊ ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး၊ ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင် အဟုတ်မြင် အမှန်မြင်၊ သောတာပန်ပင်"ဟု ကြောင်ပန်းနည်းကို ထွင်ပြပါသည်။

ဤစကားရပ်တွင် ဝိပဿနာတင်လျှင် ဘယ်ဟာမမြဲဟု ရှုလျှင်နည်းမှာ၊ မမြဲတဲ့သဘောသာ ဘယ်ဟာဟု ရှုလျှင်နည်းမှန်ဟု မလိမ့်တပတ် လုပ်ထားပြန်ပါသည်၊ ဘယ်ဟာမမြဲဆိုသည်နှင့် "မမြဲတာဘယ်ဟာ" ဆိုသည်မှာ ကုလားကြီးနှင့် အရုကြီးကဲ့သို့ အထည်ကိုယ်သဘောတရားမှာ အတူတူပင်ဖြစ်ပါသည်၊ ဤသို့ရှုရာတွင် အရှုခံတရားမှာ ရုပ်နာမ်,ရှုမြင်ပုံမှာ မမြဲခြင်း, ရုပ်နာမ် မမြဲခြင်းနှင့် မမြဲသော ရုပ်နာမ်သည် ဝိသေသနရွေးနောက်ထားပုံသာ ခြားပါသည်၊ အရှုခံ အထည်ကိုယ်နှင့် ရှုမြင်ပုံအခြင်းအရာ လက္ခဏာသာ ခြားပါသည်၊ သဘောတရားမှာ ရုပ်နာမ်ဟူသော အရှုခံ အထည်ကိုယ်တရား၏ အခြင်းအရာလက္ခဏာမှာ မမြဲခြင်းဖြစ်၍ ထိုအထည်ကိုယ်အရှုခံ ရုပ်နာမ်၏ မမြဲမှုသဘောကို ရှုမြင်ရခြင်းပင် ဖြစ်ပါသည်၊ ဗုဒ္ဓအလိုကျ ဝိပဿနာတရား၏လက္ခဏာမှာ အနိစ္စမမြဲခြင်း, ဒုက္ခ-ဆင်းရဲခြင်း, အနတ္တ-အနှစ်အသားမရှိခြင်းဖြစ်၍ အရှုခံရုပ်နာမ်ပရမတ်၏ အာကာရများကို ယင်းတို့၏ သဘာဝအတိုင်း မမြဲခြင်းသဘောစသည်ကို ရှုမြင်ရမည်ဖြစ်ပါသည်၊ ယခုမူ ကြောင်ပန်းတောရ တက္ကိဝိပဿနာကမူ "ဘယ်ဟာမမြဲဟု ရှုလျှင် မဟုတ်မမှန်သောနည်း၊ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး" ဟု ဆိုသဖြင့် ဗုဒ္ဓဝါဒီဝိပဿနာ စာလာပေလာ ဒေသနာတော်လာသည့် ဝိပဿနာမဟုတ်၊ ကြောင်ပန်းတောရမှ ထုတ်လုပ်သည့် တက္ကိဝိပဿနာသာဖြစ်ကြောင်း ထင်ရှားပါသည်ဘုရား။

ထို့ပြင် "ဤကဲ့သို့ စာပေကိုကြည့်၍သော်လည်းကောင်း သူတပါး ဟောသောတရားကိုကြား၍သော်လည်းကောင်း မိမိစိတ်၌ခြုံက်ခနဲသိလျှင် သောတာပန်ပင်ဟုသာမှတ်"ဟု ဆိုပြန်သဖြင့် တရားအားထုတ်မှုကို ပေပျင်းပျင်း ခပ်ပေါ့ပေါ့ ကိလေသာနှင့်နော့ကာ သေခါနီးမှ အပါယ်လေးရွာကိုမူ ခပ်ကြောက်ကြောက် ကသောက်ကယောက်နှင့် နိဗ္ဗာန်ကို မော့နေသူများအတွက် ဤအကွက်သည် ယောင်ယမ်းသော ကြောင်ပန်း၏ ထောင်ဖမ်းသော ထောင်ချောက်ပင် ဖြစ်ပါသည်၊ ဤအခါတွင် ဘိုးသူတော်နှစ်ဦး စာစကားဆွေးနွေး

http://www.dhammadownload.com

ရာ တဦးကလည်း စာမတတ်၊ တဦးကလည်း စာမတတ်သဖြင့် ဖိုးသူတော် တယောက်က ကြံရာမရ၍ တောင်ငှေးဖြင့် မြေကြီးမှာ စက်ဝိုင်းတခုရေးပြီး မေး သည်ကို တဦးကလည်း ကြံရာမရသည်နှင့် "မနက်ကစား‌တဲ့ မုန့်ပျစ်စလက်ကြီး" ဟု ဖြေဆိုလိုက်ရာ မေးခွန်း ထုတ်သူကလည်း ဘာမျှ ဇာကြံအစည်မရှိပါသော ကြောင့် ရောယောင်လိုက်ကာ "သဘောချင်း မျှလိုက်လေ ဦးသူတော်ရယ်" ဟု ချီးပသကဲ့သို့ ကြောင်ပန်းဆရာ ဒကာနှစ်ဦးနှစ်ဘက်တို့ ထောင်မှန်းမသိ ချောက် မှန်းမသိပဲ သဘောချင်းမျှကာ "သိလျှင်ပြီးရော-သောတာပန်ဘဝ" ရောက်ကုန် ကြပါသည်။

ထိုသို့ ကြောင်ပန်းက "ခြိုက်ခနဲသိလျှင် သောတာပန်ပင်" ဟု လူ့ အကြိုက် ပေးကာ ရဲရဲဆုံးဖြတ်ခဲ့သဖြင့် ပုဂ္ဂိုလ် ၄-မျိုးတွင် ပဒ ပရမပုဂ္ဂိုလ်=သစ္စာ (၄) ပါးကို နကန်းမျှ မသိနိုင်သူ လူစားများကပင် "သင်္ကန်းနဲ့ထမီ အတူတူ၊ ဘုရား ခန္ဓာ၊ လူ့ ခန္ဓာ၊ ခွေးခန္ဓာအတူတူ" စသည်ဖြင့် ဓာတ်ပေါက်လျက် အထင်လွဲပြီး ငရဲလမ်းနိုးသည့် အကုသိုလ်ကြိုးများ ပွားများသည်ကို တွေ့ရပါသည်။

ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူ‌ရာ၌ ပဂ္ဂလဇ္ဈာသယ=တရား နာသူပုဂ္ဂိုလ်၏ အတွင်းသဘော အလိုဆန္ဒ ဝေနေယျဇ္ဈာသယ=ကျွတ် တိုက်သူ၏ အတွင်းသဘော အလိုဆန္ဒအလိုက် ထိုက်သည့် အားလျော်စွာ ဟောကြားတော်မူကြောင်း ထိုထို ပါဠိအဋ္ဌကထာများ၌ များစွာ ပါရှိပါသည်၊ "မကျင့်ပဲနှင့် သိသူမရှိသလော" ဟု ကြားအံ့၊ အဖြေမှာမူ "ရှိပါသည်" ဟုသာ သာမန်အားဖြင့် ဖြေရပါမည်၊ သို့သော် ဤ အမေး၏ အဖြေသည် ဤနှားတွင် မရပ်နားသင့်ပါ၊ ဆက်မေးရပါဦးမည်၊ ထိုပုဂ္ဂိုလ်မျိုးမှာ မည်သည့် ပုဂ္ဂိုလ်မျိုးနည်းဟု မေးမှသာ သဘာဝကျ ပါသည်၊ "ဗုဒ္ဓဋ္ဌေလက်ထက်တော်ကာလက အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂ-လ္လာန် စသော အဂ္ဂသာဝက-မဟာသာဝက စသည်တို့သည် ပါရမီရင့်ကျက် ပြီး၍ တောက်မည့်မီးခဲ တရဲရဲဖြစ်ကာ အတ္တပြဘကလေး အနည်းငယ် ဖုံးနေသူ များဖြစ်သော်လည်း ဗီဇကိုက အနတ္တကို မင်ခဲ့သူများ ရှာခဲ့သူများဖြစ်သော ကြောင့် ဒေသနာသံဟူသော ပရတောဃောသပစ္စည်း ရရုံမျှဖြင့် ဉာဏ်ပွင့်သူ များသာ မကျင့်ပဲနှင့် သိသူရှိပါသည်"ဟု ဖြေရပါမည်၊ အခြား ပုဂ္ဂိုလ်အများ စုမှာ ဝီရိယအင်္ဂါ (၄) ပါးနှင့် ကျင့်မှ ရသူသာ များကြပါသည်၊ ပုဂ္ဂိုလ် ဟူသည် ဘုရားရှင်က ခေတ်အခါနှင့် အဆင့်အတန်းရှိကြောင်း ခွဲပြတော်မူပါ သည်၊ ထို့ ကြောင့် ဘုရားရှင်၏ ဉာဏ်တော်တို့တွင် ဣန္ဒြိယပရောပရိယတ္တဉာဏ် တော်=ကျွတ်ထိုက်သော သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေတို့၏ အနုအရင့် ပွင့် နိုင် မပွင့်နိုင်ကို သိသောဉာဏ် အာသယာနုသယဉာဏ်တော်=သတ္တဝါတို့၏

http://www.dhammadownload.com

အလို အဇ္ဈာသယကို သိသောဉာဏ်တို့သည် သတ္တဝါတို့၏ ပုဂ္ဂိုလ်စရိုက်နှင့် အချိန်အခါကို သိနိုင်စေရန် ရည်ရွယ်တော်မူသော ဉာဏ်တော်များသာဖြစ်၍ ယင်း ဉာဏ်တော်တို့ဖြင့် နှိုင်းချင့်ကာ ဟောကြားချေချွတ်တော်မူခဲ့ပါသည်။

ဗုဒ္ဓလက်ထက်တော်ကပင် "မကျင့်ပဲသိသူနှင့် ကျင့်မှသိသူ ဘယ်သူများသနည်းဆိုသော် ကျင့်မှသိသူကသာ များပြားကြပါသည်၊ အရှင်သာရိပုတ္တရာ စသည်တို့သည်လည်း ရှေးရှေးဘဝအဆက်ဆက် အထုံဝါသနာဖြင့် လေ့ကျက်ခဲ့သူများသာဖြစ်ကြောင်း (ထိုထိုပုဂ္ဂိုလ်တို့၏ ပြန်ပြောင်းဟောပြောချက်ဖြစ်သည့်)ထေရာ+ထေရီပဒါန် ပါဠိ-အဋ္ဌကထာများ၌ များစွာဖော်ပြထားပါသည်။

သတ္တဝါတို့၏ စိတ်ရောဂါ ကိလေသာ အနာကို ကုသရာ၌ တူသူမရှိ၊ အထူးတလည် စွမ်းစွမ်းတမံ ကျွမ်းကျင်တော်မူသော ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ အတွင်း အဇ္ဈတ္တသန္တာန်ကို သိမြင်စွမ်းတော်မူ၍ ဘယ်ပုဂ္ဂိုလ်သည်၊ ဘယ်အလေ့အကျင့်စရိုက်ပြော၍၊ ဘယ်သို့သောကမ္မဋ္ဌာန်းပေးရမည်ကို အနာသိက ဆေးရှိရာဆိုသကဲ့သို့ အနာနှင့်ဆေး တည့်အောင်ပေးနိုင်သော စွမ်းရည်ပိုင်ရှင် သဗ္ဗညုတဉာဏ်တော်သခင်ဖြစ်ပါသည်။

ယခုကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့ကမူ သူတပါးစိတ်မှာဖြစ်ပေါ်သော ကိလေသာကို သိမြင်ဖို့ဝေးစွ မိပိတို့၏အဇ္ဈတ္တမှာဖြစ်သော ကိလေသာကိုမျှ ကဲ့ပြားစွာမသိမြင်ပါပဲ လာလာသမျှသူကို မန်ကျည်းသီးဆေးတလက်နှင့် ဝမ်းပျက်၍ သေလိုကသေစေ၊ ဘယ်သူသေသေ ငတေမာ ပြီးရော သဘောထားသည့် ဆေးသမားကဲ့သို့ ပုဂ္ဂိုလ်နှင့် ခေတ်ကာလကို မည်သို့မျှမကြည့်၊ မသိနားမလည်သူများကို "ခေတ်ပေါက်လျှင်ပြီးရော ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားကိုမျှ အားထုတ်ချန်မလို၊ ခြိုက်ခနဲသိလျှင်သောတာပန်ပင်"ဟု အဆုံးအဖြတ်ပေးကာ ဗုဒ္ဓမြတ်စွာ၏ အနုပုဗ္ဗသိက္ခာ ဓမ္မာနုဓမ္မပဋိပတ္တိကိုပစ်လွှင့်၍ မကျင့်ပဲနှင့်သိလျှင်ပြီးရော သောတာပန်များကိုမွေးထုတ်လျက် ဗုဒ္ဓ၏ဝိပဿနာတရားကို ဖျက်ဆီးခဲ့ကြပါသည်ဘုရား။

ပုဂ္ဂိုလ်အလိုက်တွင် ဝေနေယျဇ္ဈာသယ=ကျတ်ထိုက်သူ၏အလိုဟူသည်ပုဂ္ဂိုလ်အဆင့်ချင်းတူလျှင်ပင် အခြေခံအကျင့်၊ ပုဗ္ဗဘာဂ ပဋိပဒါရှိသူနှင့် မရှိသူကို ခွဲခြားရှင်းဟောကြားတော်မူကြောင်း (ဥပရိ-၌-ဓာတုဝိဘင်္သုတ်-၂၀၇) ၌ "အကြင်ပုဂ္ဂိုလ်အား ပုဗ္ဗဘာဂပဋိပဒါ= အခြေခံအကျင့်ဖြစ်သော သီလစသည် မပြည့်စုံခဲ့၊ ထိုပုဂ္ဂိုလ်အား သီလသံဝရ= သီလစောင့်ခြင်းမှစ၍ ဈာန်တရားထိ၊ ပုဗ္ဗဘာဂပဋိပဒါ= အခြေခံအကျင့်ကိုဟောကြားပြီးမှသာ ဝိပဿနာတရား ဟောကြားသည်၊ အကြင်ပုဂ္ဂိုလ်အား ပုဗ္ဗဘာဂ ပဋိပဒါ= အခြေခံအကျင့်နှင့် ပြည့်စုံခဲ့လျှင် အရဟတ္တဖိုလ်၏အခြေခံဝိပဿနာတရားကိုသာ ဟောကြားသည်ဟု

http://www.dhammadownload.com

ဖွင့်ပြပါသည်၊ အဆိုပါသုတ်အရ "ပုဂ္ဂလသာတိမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းစကားကိုကြားရုံမျှဖြင့်ပင် အာနာပါနစတုတ္ထစျာန်ရကာ သာမဏေသီလနှင့်ပြည့်စုံသည်"ဟု ဆိုထားပါသည်။

ဤဝတ္ထုတွင်ပင် "အရဟာတ္တဖိုလ်၏အခြေခံဖြစ်သော ဝိပဿနာတရား"ဟု ဆိုထားပါလျက် ကြောင်ပန်းကမူ "ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျင်ဘယ်အနိစ္စ, ဒုက္ခ, ဘယ်အနတ္တ ရှုဖွယ်ရာမရှိ၊ တကယ်ကြီးပြီး စီးပါ၏"ဟုရေးသားသဖြင့် အနာဂါမ်ပုဂ္ဂိုလ်သည်ပင် ပရမတ်ကို တကယ်မသိသေး၍ ဝိပဿနာတရားကို ဗုဒ္ဓမြတ်စွာက ဟောကြားသကဲ့သို့ ဖြစ်နေပါသည်၊ သို့မဟုတ် ကြောင်ပန်း၏တပည့်များသည် အနာဂါမ်ထက် ပိုမိုသောအဆင့်သို့ ရောက်နေသယောင်ဖြစ်နေပါသည်၊ ထို့ကြောင့် ဘဝင်မြင့်ရောဂါ စွဲကပ်ကြကာ နတ်ဝတ်ပုဆိုး တိမ်မီးခိုးကို ယုံမိသောဘုရင်ကဲ့သို့ ဗုဒ္ဓသာသနာတော်အလယ်တွင် ရှက်ဖွယ်ချည်းသာဖြစ်ကြောင်း တိုင်းသိပြည်လှုံ ဆူညံသံမစဲ သံဃာ့ကံပြုပွဲများခြိမ့်ခြိမ့်သဲခဲ့ရပါသည်။

ကြောင်ပန်းသည် လယ်တီဆရာတော်၏တပည့်အမည်ခံ၍ တိုင်းသိပြည်သိ ကမ္ဘာကပါသိကြသည့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏အရှိန်အဝါကိုယူကာ အရာရာမှာ **လယ်တီဌာကာ**ကို ကိုးကားခဲ့သော်လည်း ပုဂ္ဂိုလ်နှင့်ခေတ်ကာလ အရေးရောက်သောအခါလယ်တီဆရာတော်၏ "ဗောဓိပက္ခိယဒီပနီကျမ်း (ဒီပနီပေါင်းချုပ် စာမျက်နှာ ၂၅၄-ပါ)နေယျ-ပဒပရမပုဂ္ဂိုလ် ခေတ်ဟူသော ခေါင်းစဉ်အောက်၌-

"ယခုအခါ၌ **သာသနာတော်**တွင်းမှာ ထိုပုဂ္ဂိုလ်နှစ်မျိုးသာ၍ကြတော့သည်" ဟုဆိုထားသည်ကိုမျှ မကြည့်မမြင် မသိချင်တော့ပဲ ထင်မိထင်ရာ ကိုယ်မလိုချင် တာကျတော့ပစ်ပယ် ကိုယ်လိုရာကျတော့ ဆွဲယူကာကွယ်ခဲ့သဖြင့် "ဝက်သားကြိုက်သောတောထွက်ကိုရင်ကြီး ဆွမ်းတော်တင်ရာ၌ ဝက်သားနည်းသွားမှာစိုးသည်ကို မြတ်စွာဘုရား **ဝမ်း**တော်လွားမှာစိုး၍"ဟု အကြောင်းပြသကဲ့သို့ လိုတမျှိုး မလိုတမျှိုး ဝါဒီသာဖြစ်ပါသည်။

ဖော်ပြပါအချက်အလက်များအရ-

ကြောင်ပန်းဝါဒက- အဆင့်ဆင့် မကျင့်ရ၊ ကျင့်လျှင်မှားသည်

ဗုဒ္ဓဝါဒက- အဆင့်ဆင့်ကျင့်ရမည်၊ ကျင့်မှလမ်းမှန်သည်

ကြောင်ပန်းဝါဒက- ထိုသို့ယူဆလျှင် ပညာမဲ့အယူ

ဗုဒ္ဓဝါဒက- ထိုသို့ယူဆလျှင် ပညာရှိအယူ (ဘုရားကိုယ်ဘော်တိုင် ဟောသည်)

http://www.dhammadownload.com

ကြောင်ပန်းဝါဒက– ဓာတ်ပေါက်လျှင် ဝိပဿနာ ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဈာမလို
ဗုဒ္ဓဝါဒက– ဓာတ်ပေါက်သော်လည်း ကျင့်ရမည်
ကြောင်ပန်းဝါဒက– ဓာတ်ပေါက်လျှင် ကိစ္စပြီး
ဗုဒ္ဓဝါဒက– ရဟန္တာဖြစ်မှ ကိစ္စပြီး
ကြောင်ပန်းဝါဒက– ဘယ်ဟာမမြဲဟုရှုမှတ်လျှင် နည်းမှား
ဗုဒ္ဓဝါဒက– ဘယ်ဟာမမြဲ ဟုရှုမှတ်လျှင် နည်းမှန်
ကြောင်ပန်းဝါဒက– ဘယ်လိုသိသိ သိလျှင်သောတာပန်
ဗုဒ္ဓဝါဒက– ကျင့်ကြံပြီးကိုယ်တိုင်သိမှ သောတာပန်
ကြောင်ပန်းဝါဒက– အနုပုဗ္ဗသိက္ခာ အစဉ်အတိုင်းကျင့်စဈာမလို
ဗုဒ္ဓဝါဒက– အနုပုဗ္ဗသိက္ခာ အစဉ်အတိုင်းကျင့်စဈာလို

စသည်တို့ဖြင့် ကြောင်ပန်းဝါဒနှင့် ဗုဒ္ဓဝါဒထို့သည် ခြားနားလျက် ရှိကြောင်း ထင်ရှားပါသည်။

ထို့ကြောင့် ကြောင်ပန်း၏ 'အနုပုထုဇ္ဇဉ်မှ ရဟန္တာသို့တိုင် ကျင့်ရသည်' ဟုဟောပြောလျှင် အယူမှား ပညာမဲ့ အသုံး ဟူသော ဝါဒသည်လည်းကောင်း၊

ပရမတ် ဆတ်ဆတ် ဓာတ်ပေါက်လျှင် အနိစ္စ, ဒုက္ခ, အနတ္တ, ရှုစဈာမလို ဟူသောဝါဒသည် လည်းကောင်း၊

ဝိသုဒ္ဓိ ခုနစ်ပါး ဝိပဿနာတရား လုပ်ဖွယ်မရှိ၊ အကုန်လုံး ပြီးစီး၏ဟူသော ဝါဒသည် လည်းကောင်း၊

ဤကဲ့သို့ စာပေကို ကြည့်၍သော်လည်းကောင်း သူတပါး ဟောသော တရားကို ကြား၍သော်လည်းကောင်း မိမိစိတ်၌ ခိုက်ခနဲသိလျှင် သောတာပန် ဟူသော ဝါဒသည်လည်းကောင်း ဗုဒ္ဓမြတ်စွာ၏ အနုပုဗ္ဗသိက္ခာ=အစဉ်အတိုင်း ကျင့်ကြံမှုခြင်း၊ ပုဗ္ဗဘာဂပဋိပဒါ=အခြေခံ အကျင့်ရှိရခြင်း ဟူသော ဒေသနာတော်နှင့် မညီညွတ်ပဲ ဗုဒ္ဓ၏ ဝိပဿနာ ဓမ္မကျင့်စဉ်များကို အမြစ်မှ စ၍ တူးဖြိုဖျက်ဆီး မီးတိုက်ပစ်သော မိစ္ဆာပဋိပန္နာ=အမှားကို ကျင့်သည့်ဝါဒ ဝိပဋိပန္နာ= ဖောက်ပြန်စွာကျင့်သည့် ဝါဒသာ ဖြစ်ပါ၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် ဗုဒ္ဓဝါဒဝိပဿနာမဟုတ်၊ ကြောင်ပန်းတို့၏ တက္ကိဝိပဿနာ ဝါဒသာ ဖြစ်ကြောင်း လျှောက်ထားယင်း အဓမ္မဝါဒ ဖြစ်ကြောင်း ဝိတ္ထာရ စောဒနာ အမှတ် (၆)အဖြစ် တင်သွင်းလျှောက်ကြားပါသည် နိဂုံးတော် သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား။

http://www.dhammadownload.com

ဝိတ္ထာရစောဒနာ အမှတ် (၇)

ကြောင်ပန်းစတာရဝါဒသည် နိဗ္ဗာန်နှင့်ပတ်သက်၍—

(က) လဟာပြင် ကောင်းကင်ပညတ်၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (ဒကာင်းကင်ဘုံ နိဗ္ဗာန်) ဝါဒ၊ (ခ) စိတ်ဝိညာဏ်ကို နိဗ္ဗာန်ဟု ကောက်ယူသော (ဝိညာဏ်နိဗ္ဗာန်) ဝါဒ၊ (ဂ) ခန္ဓာကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည်ဟု ယူဆသော (အဇ္ဈတ္တိကနိဗ္ဗာန်)ဝါဒသာ ဖြစ်၍ ပုဗ္ဗဝါဒ နိဗ္ဗာန်မဟုတ်၊ ကြောင်ပန်းတို့၏ တက္ကိဝါဒ နိဗ္ဗာန်သာဖြစ်ကြောင်း ဝိတ္ထာရ စောဒနာပါဘုရား။

ရှိသေလေးမြတ်စွာ လျှောက်ကြားပါသည် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များ ဘုရား—

ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့သည် နိဗ္ဗာန်နှင့်ပတ်သက်၍ အမျိုးမျိုး ယူဆကာ ဟောပြောကြပါသည်၊ နိဗ္ဗာန်ဟူသော စကားလုံးကို မသုံးနှုန်းသော်လည်း နိဗ္ဗာန်၏ သဘော သက်ရောက်သော စကားများဖြင့် နိဗ္ဗာန်ကို အမျိုးမျိုး ယူဆသားပါသည်၊ ထိုသို့ ယူဆသားရာတွင် ကောင်းကင်ပညတ်ကို ဩကာသလောကအဖြစ် တည်ဆောက်ပြကာ ကြောင်ပန်းတို့၏ တက္ကိဩကာသလောက ခေါ် ထို လဟာပြင်ကောင်းကင် ပညတ်ကြီးထဲ၌ 'ထာဝစဉ်ထာဝရ အနိစ္စဓာတ် နည်းများ မရှိအပ်သော ပရမတ်တရား ထင်ရှားရှိ၏' ဟု ဆိုထားသဖြင့် နိဗ္ဗာန်ရှိကြောင်း ဆိုရာရောက်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထို စကား၏ အဓိပ္ပာယ်ကို အရကောက်ရလျှင် ထာဝစဉ် ထာဝရ ပရမတ်တရား အနိစ္စဓာတ် အနည်းအများ မရှိအပ်သော ပရမတ်တရားသည် လဟာပြင် ကောင်းကင်ပညတ် ဟူသော 'ဩကာသလောကထဲ၌ ရှိ၏'ဟု အဓိပ္ပာယ် ရပါသည်၊ စကားတခုကို ပီပီပြင်ပြင် တိတိကျကျ မဆိုသည်မှာ ကြောင်ပန်းဝါဒ၏ ဓလေ့ပင် ဖြစ်ပါသည်၊ ထို့ကြောင့် နိဗ္ဗာန်ဟု တိုက်ရိုက်စကားလုံး မသုံးနှုန်းသော်လည်း—

ထာဝရ – ပရမတ်

အနိစ္စ မရှိသဖြင့် နိစ္စ – ပရမတ် ကို အရကောက်လျှင် နိဗ္ဗာန်ပင် ဖြစ်ပါသည်၊ ပရမတ်တရား (၄)ပါးတွင် စိတ် – စေတသိက် ရုပ်ပရမတ် ထို့သည် ထာဝရ ပရမတ်များ မဟုတ်ကြပါ၊ ထာဝစဉ် ထာဝရပရမတ်ဟူသည် နိဗ္ဗာန်တခုတည်းသာ ရှိပါသည်။

ထို့ပြင် အနိစ္စဓာတ် နည်းများ မရှိအပ်သော ပရမတ် ဆိုသည်မှာလည်း နိဗ္ဗာန်ပရမတ်သာ ရှိပါသည်၊ အခြား စိတ်–စေတသိက် ရုပ်ပရမတ်သည် အနိစ္စဓာတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

ဤနေရာ၌ လဟာပြင် ကောင်းကင်ပညတ်သည် နိစ္စထာဝရဖြစ်သောကြောင့် 'ကောင်းကင်ပညတ်'ကို ဆိုသည်ဟု ကြောင်ပန်းက ဆိုခဲ့လျှင် 'ပရမတ် တရား ထင်ရှားရှိ၏'ဟု ကြောင်ပန်းက ဆက်ဆိုထားပြန်သဖြင့် သူစကားအတိုင်း ပညတ်ကို မဆို၊ ပရမတ်တရားကိုသာ ကောက်ရပါမည်၊ တို့ကြောင့်–

ထာဝစဉ် ထာဝရ – ပရမတ်တရား

အနိစ္စဓာတ် မရှိအပ်သော (နိစ္စဓာတ်) ပရမတ်တရားသည် 'ပညတ်'မဟုတ်ပဲ ပရမတ်ဖြစ်သောကြောင့် နိဗ္ဗာန်ပင်ဖြစ်ကြောင်း ထင်ရှားပါသည်ဘုရား။

နိဗ္ဗာန်ဝါဒ ပြဿနာမှာ ခေတ်အဆက်ဆက် အမြဲတမ်း ပေါ်လွှင်သော ပြဿနာဖြစ်ပါသည် ဘုရား၊ နိဗ္ဗာန် အယူဆတွင် သန်ရာ ဟောပြောရာမှ ဗုဒ္ဓဝါဒ နိဗ္ဗာန်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သွားသော ဝါဒများ ပွတ်ကာသီကာ ဆန့်ကျင်သောဝါဒများ ပေါ်ခဲ့ပူးပါသည်၊ ယင်းဝါဒများတွင် ပွတ်ကာသီကာ လွဲလျှင် ဖြစ်စေ သဘာမန်အယူအဆလွဲလျှင် ဖြစ်စေ၊ ထူးခြားသောပြဿနာ ပေါ်မည် မဟုတ်ပါ၊ ယခုမူ ကြောင်ပန်း ဝါဒီတို့သည် မိမိတို့အယူဆကိုပင် အမျိုးမျိုးခဲ့ထွင်ယူဆရုံမျှမက ဗုဒ္ဓဘာသာဝင်ထုကိုပါ စည်းရုံးလျက် ၎င်းတို့၏ နိဗ္ဗာန်ဝါဒပြန့်ပွားရန် ထူထောင်ခဲ့ကြပါသည်၊ ယင်းသို့ထူထောင်ရာတွင် နိဗ္ဗာန်အကြောင်းအရာကို အမျိုးမျိုးကြံဆကာ အခြေခံခိုင်ခိုင်နှင့် ထူထောင်နိုင်ရန် စာလာပေလာ ဒေသနာလာသည့် လောက (၃)ပါး အကောက်အယူကို ဖျက်ဆီး၍ ကြောင်ပန်းနည်း ကြောင်ပန်းဟန်ဖြင့် ပုံစံသစ်ထွင်ပြီး ပုံစံသစ် နိဗ္ဗာန်ကို ထူထောင်ခဲ့ကြပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များ ဘုရား–

ကြောင်ပန်းသည် ကြောင်ပန်း နိဗ္ဗာန်ကြီး တည်ဆောက်ရန်အတွက် နယ်သစ်ပယ်သစ် ရှာသောအားဖြင့် လောက (၃)ပါးတွင် ဩကာသလောက ကောက်ယူပုံမှာ—

ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီ (နှာ၊၃၄-၃၅)၌–

ပရမတ္ထသဘာဝ အတိပါကဋ္ဌ အလွန်ပင် ကြီးကျယ် ထင်ရှားလှသော ရူပ်,နာမ် သခါရတို့၏ ဖြစ်ပျက်ရာ အသခ်္ခတဓမ္မဖြစ်သော **လဟာပြင် လောကကြီးကိုသာ ဩကာသလောက** ဆိုသည်ဟု မှတ်ပါ ဟုလည်းကောင်း၊

(နှာ- ၃၂) ၌–

ဝဲယာရွှေနောက် ထက်အောက်ဖီလာ ဆယ်မျက်နှာ အဆုံးမရှိသော **လဟာပြင်ကြီးအတိကိုသာ ဩကာသလောက** ဆိုသည် ဟုလည်းကောင်း လဟာပြင်ကြီးကိုသာ ဩကာသလောကကောက်ယူ ထားပါသည်။

http://www.dhammadownload.com

ထိုသို့ လဟာပြင်ကြီး ကို သြကာသလောကဟု ကောက်ယူခြင်းသည် အဋ္ဌကထာဋ္ဌီကာ အလိုက္ခ မဟုတ်ပဲ ကြောင်ပန်း၏ ကြံမိကြံရာ တက္ကိဉာဏ်ဖြင့် အကြံအဖန် သြကာသလောကကြီးသာ ဖြစ်ကြောင်း အောက်ပါ ပါဠိတော် အဋ္ဌကထာ ဋ္ဌီကာစကားတို့အရ ထင်ရှားပါသည်။

(က) အနိန္ဒြိယဗဒ္ဓါနံ ရူပါဒီနံ သမူဟော သန္တာနော စ သြကာသ-လောကော (ဝိသုဒ္ဓိမဂ်- မဟာဋ္ဌီကာ-ပ-၂၃၇)

(ခ) ပထဝီပဗ္ဗတာဒိဘေဒေါ သြကာသလောကော (ဣတိဝုတ် ဋ္ဌ--၂၄၈)

(ဂ) အနိန္ဒြိယဗဒ္ဓါနံ ဥတုဇရူပါနံ သမူဟာသန္တာနဘူတော သြကာသ-လောကော၊ (ဝိမတိ-ဋ္ဌီ-ပ-၅၂)

(ဃ) အနိန္ဒြိယဗဒ္ဓါနံ ရူပါဒီနံ သမူဟော သန္တာနော စ သြကာသ-လောကော (သာရတ္ထ-ဋ္ဌီ ပ-နှာ-၂၄၁)

(င) လောကီယတိ ဝိစိတ္တာကာရတော ဒိဿတီတိ စက္ခဝါဋ္ဌသဒ္ဒါတော လောကော၊ သြကာသလောကော (ဥဒါန-ဋ္ဌ-၁၈၇)

(စ) အာကာသော မဟာဆုဇ အကမ္မဇော အဟေတုဇော အနုတူဇော။ (မိလိန္ဒပဉှာ-ပါ-၂၆၀)

ဖော်ပြပါ အဋ္ဌကထာ ဋ္ဌီကာတို့အလိုအရ—

မြေကြီး၊ တောင် (တော+တောင်+ရေ+မြေ) စသည် ဣန္ဒြေနှင့် မစပ်ကြကုန်သော စက္ခဝဋ္ဌာကြီးကို သြကာသလောကဟု ကောက်ယူရပါမည်။

ထိုထိုပါဠိတော် အဋ္ဌကထာ ဋ္ဌီကာနည်းအရ –

(က) ဣန္ဒြေနှင့် မစပ်၍ (နာမ်မရှိ) သော ရုပ်များဖြစ်ခြင်း

(ခ) ရုပ်များတွင် ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် ဖြစ်ခြင်း

(ဂ) ထိုဥတုဇရုပ်တို့၏ စုပေါင်း ဖွဲ့စည်းမှု သမူဟဖြစ်ခြင်း

(ဃ) အကောင်အထည်ဖြပ် သဏ္ဌာန်ရှိခြင်းတို့သည် သြကာသလောက အရ ကောက်နိုင်ရန် အင်္ဂါများ ဂုဏ်သတ္တိများ ဖြစ်ပါသည်၊ ထိုဂုဏ်သတ္တိ အင်္ဂါအချက်အလက်များနှင့် ပြည့်စုံသော ရုပ်ဝတ္ထုကို သြကာသလောကအရ ကောက်ယူရပါသည်၊ ထိုထိုပါဠိတော် အဋ္ဌကထာ ဋ္ဌီကာများက ဖော်ပြ ထားသည်မှာ မြေကြီး+တောင် စသော စက္ခဝဋ္ဌာ ကမ္ဘာလောကကြီးကို သြကာသလောကဟု ဆိုပါသည်။

http://www.dhammadownload.com

အမှန်မှာ ဩကာသလောက ဟူသည် ရုပ်ရှိသော သတ္တဝါ နာမ်ရှိသော သတ္တဝါ ရုပ်,နာမ်ရှိသောသတ္တဝါတို့၏ တည်နေရာ အရပ်များသာ ဖြစ်ပါသည်၊ ထို့ကြောင့် ဥတုဇရုပ်တို့၏ စုပေါင်းဖွဲ့စည်းမှု သမူဟရှိမှသာ အဆိုပါ သတ္တလောကကြီး၏ ရပ်တည်ရာ ရနိုင်ပါသည်၊ လူ့လောကတွင် မြေကြီးနှင့် စပ်ဆိုင်၍ အကြီးဆုံးမြင်းမိုရ်တောင်မှသည် အသေးဆုံး (အဋ္ဌကထာ၌ ဂ-ခု စုပေါင်းရာ) မြူမှုန်ကလေးအထိသည် အနိန္ဒြိယဇဋ္ဌ ဥတုဇရုပ်တို့၏ ဖွဲ့စည်းမှု သမူဟဖြစ်၍ လုံးဝိုင်း+လေးထောင့် စသော **သန္ဌာန်အသီးသီး**သည်လည်း ဖြစ်ပေါ်လာပါသည်၊ ထို့ကြောင့် ဩကာသလောကအရ အသေးဆုံး (အဋ္ဌကထာ၌ ဂ-ခု) ဖွဲ့စည်းမှု မြူမှုန်မှစ၍ သမူဟသန္ဌာန် ဖြစ်သည့် ဥတုဇရုပ်များကို ကောက်ယူရပါသည်။

ယခု ကြောင်ပန်းကမူ "**လဟာပြင်လောကကြီး**ကို ဩကာသလောက"ဟု အတိအလင်း ကောက်ယူခဲ့သဖြင့် ပါဠိတော်အဋ္ဌကထာ ဋီကာလာနည်းများနှင့် မညီညွတ်ဆန့်ကျင်ပါသည်၊ ထိုလဟာပြင်လောကကြီးသည် ဩကာသလောက ဂုဏ်အင်္ဂါဖြစ်သော ဥတုဇရုပ်တို့၏ စုပေါင်းဖွဲ့စည်းမှု အကောင်အထည်ဖြစ်သန္ဌာန်ရှိမှုတို့ မရှိပါ၊ လဟာပြင်သည် ဘာသန္ဌာန်မျှမရှိ၊ ဘာအဖွဲ့အစည်းမျှမရှိ၍သာ "ဟင်းလင်းပြင်"ကြီး ဖြစ်နေသောကြောင့် မည်သည့်ထောက်တည်ရာ ဩကာသမျှ မဖြစ်နိုင်ပါ၊ ကြောင်ပန်း၏ တက္ကိဉာဏ် အကြံအဖန်ဖြင့် သတ္တဝါက မြေကြီး မြေကြီးကရေ ရေကလေ လေက **လဟာပြင်**ဟု အဆင့်ဆင့် ကြံဖန်ကာ "အသခ်္ဘလဟာပြင် ကြီးမှာမှ ဩကာသလောက သတ္တုချသည်ဟူလို" ဟု အလွဲလွဲ အမှားများ ကြံဖန်တည်ဆောက် ထားခြင်းမျှသာ ဖြစ်ပါသည်၊ သဘာဝအားဖြင့် လဟာပြင်ဟူသည်မှာ ဘာမျှမရှိ၍ ဟင်းလင်းကြီးဖြစ်နေရာ ၎င်း လဟာပြင် ဟင်းလင်းကြီး၌ ရုပ်ဝတ္ထုတို့သည် မျောပါနေရသည်မှာ သဘာဝသာ ဖြစ်ပါသည်၊ ထောက်တည်ရာ မရှိသဖြင့် အောက်သို့ကျစရာ ထိစရာ ခိုက်စရာ အခုအခံ မရှိသောကြောင့် ပေါ်လောမျောကာ မျောချင်ရာမျော ပါချင်ရာ ပါနေရသည်မှာ မမှတ်သဘာဝပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကြောင်ပန်း၏ တက္ကိဉာဏ် အကြံအဖန် လဟာပြင်လောကဟူသည် အဂမယုတ္တိ သဘာဝယုတ္တိမှ လုံးဝကင်းလွတ်သောဝါဒသာ ဖြစ်ပါသည်၊ကြောင်ပန်းသည် ဤသို့ လဟာပြင်ကို ဩကာသလောကကောက်ယူနိုင်ရန် ဩကာသလောကကြီး၏ နယ်တခွင်လုံး တပြင်လုံး အဆုံးမရှိကြီးထဲမှာ သစ်ပင် ရေ မြေ နေ လ စသော အနိန္ဒြိယဇဋ္ဌ အဝိညာဏက ရှိသမျှကိုပင် သခ်ါရလောကဆိုသည်ဟု (ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီ နှာ-၃၂)၌ဆိုထားကာ သူလဟာပြင်လောကကြီးကို အထောက်အကူပြုလိုက်ပြန်ပါသည်၊ အဋ္ဌကထာ ဋီကာများအရ သခ်ါရလောကဟူသည် အဋ္ဌကထာ ဋီကာနည်းအရ ကောက်ယူထားသော

http://www.dhammadownload.com

သတ္တလောက သြကာသလောက နှစ်ခုစပ်ကို သခ်ါရလောကဟု ဆိုပါသော ကြောင့် ကြောင်ပန်း၏ သခ်ါရလောကသည်လည်း ကြောင်ပန်းသခ်ါရလောက သာ ဖြစ်ပါသည်၊ ဗုဒ္ဓဝါဒပါ သခ်ါရလောကမဟုတ်ပါ။

ထိုသို့ သြကာသလောကကြီးအဖြစ် လဟာပြင်ကြီးကို ကောက်ယူခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ၊ ကြောင်ပန်း၏ ဇ္ဈာဏ်တော် စူးရောက်မှုဖြင့် နိဗ္ဗာန ဓာတ်သည် လဟာပြင်၌ ရှိကြောင်း ကြောင်ပန်း၏ နိဗ္ဗာန်ကို တည်ဆောက် စရာ နေရာ ရှာခြင်းဖြစ်၍ အလွန် နက်ရှိုင်းသည့် တက္ကိဉာဏ် ဖြစ်ပါသည်၊ ထို့ကြောင့် ခြောက်စောင်တွဲ၊ သုံးလောကဒီပနီ (နှာ–၂၅၂)၌–

လိုရင်းက သြကာသလောကထဲမှာ ထာဝစဉ် ထာဝရ အနိစ္စဓာတ်နည်းများ မရှိအပ်သော ပရမတ်တရား ထင်ရှား ရှိ၏ဟု သိအပ်သည်မှာ "ဝိညာဏံ အနိ-ဒဿနံ အနန္တံ သဗ္ဗတောပဘံ"။(ဗြဟ္မနိမန္တနသုတ်ပါဠိတော်)ဟု အကိုးအကား ဖြင့် ထင်ယောင် ဝိုးဝါးဖြစ်အောင် ရေးသားထားပါသည်၊ ဤစကားကိုအစပိုင်း တွင် ရှင်းလင်းပြီးခဲ့ပါပြီဘုရား၊ သို့သော် အကိုးပါဠိအရကို ကြည့်မလျှင် "ဝိညာဏံ အနိဒဿနံ" နှစ်ပုဒ်လုံးအရ နိဗ္ဗာန်ကို ကောက်ယူရမည်ဖြစ်ကြောင်း ၎င်းသုတ်အဋ္ဌကထာက ဖွင့်ပြပါသည်၊ ထို့ကြောင့် ကြောင်ပန်းသည် သူတကျိဉာဏ်ဖြင့် အကြံအဖန်လုပ်ထားသော လဟာပြင်လောကကြီးထဲမှာ ထာဝစဉ် ထာဝရဖြစ်သည့် ပရမတ်, အနိစ္စမရှိ-နိစ္စဖြစ်သည့် ပရမတ် ထင်ရှားရှိသည်ဟု ဆိုသောကြောင့်လည်းကောင်း အကိုးပါဠိမှာလည်း နိဗ္ဗာန်ကို အရ ကောက်ရ သော "ဝိညာဏံ အနိဒဿနံ"ကို ကိုးကားထားသောကြောင့်လည်းကောင်း လဟာပြင်ကောင်းကင်ကြီး၌ နိဗ္ဗာန်ရှိကြောင်း ယူဆဟောပြောသော ကောင်း ကင်ဘုံနိဗ္ဗာန်ဝါဒ ဖြစ်ပါသည်။

ထိုသို့ ဆရာလုပ်သူက ကောင်းကင်ထဲမှာ နိဗ္ဗာန်ရှိသည်ဟု ဆိုခဲ့ဟု တပည့် လုပ်သူကလည်း–

ဦးဝါသဝရေး ပဋိဝေဓဒီပနီ ဝိပဿနာအလင်းရောင်ကျမ်း (၁၃၁)၌–

"အသခ်ါတဆိုတာ သစ္စာမှလွတ်သော တရားပင်တည်း၊ ထို့ကြောင့် အသခ်ါတ သဘောကို မြင်အောင် ရှုကြရမည်၊ မြင်အောင် လုပ်ကြရမည်ဟု ငါဆရာတို့ မိန့်ဆို တိုက်တွန်းသတည်း"ဟု ဆရာ့အတုလိုက်ကာ ယောင်ယမ်းလိုက်ပါသေး သည်၊ ထိုစကားရပ်အရ အသခ်ါတဟူသည် ပညတ်နှင့် ပရမတ်ဟု နှစ်မျိုး ရှိပါ သည်၊ ပညတ်မှန်သမျှ အသခ်ါတချည်းသာ ဖြစ်သော်လည်း ပရမတ်တွင်မူ စိတ် စေတသိက် ရုပ်တို့သည် အသခ်ါတဖြစ်၍ နိဗ္ဗာန်သာ အသခ်ါတဖြစ်ပါသည်၊ ထိုတွင် ပညတ်သည် အသခ်ါတဖြစ်ကာ သစ္စာမှ လွတ်ပါသည်၊ နိဗ္ဗာန်မှာမူ အသခ်ါတဖြစ်သော်လည်း သစ္စာမှ မလွတ်ပါ၊ "နိရောဓော နာမ နိဗ္ဗာနံ"အရ

http://www.dhammadownload.com

နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်ကြောင်း ထင်ရှားပါသည်၊ သို့သော် ယောင်ယမ်းသော ကြောင်ပန်းတပည့်ကမူ ယောင်ကန်းကန်းဖြင့် "အသန်တဆိုတာ သစ္စာမှ လွှတ်သော ထားပင်တည်း" ဟု ဆိုလိုက်သဖြင့် ဗုဒ္ဓ၏ နိရောဓသစ္စာကြီးကိုပါ လဟာပြင်ထဲမျှောထုတ်လိုက်လေသည်၊ ထိုသို့ သစ္စာမှ လွှတ်သော အသန်တ ပညတ်ကို ပရမတ်ယောင်ယောင်ဖြင့် အသန်တခွင်း ထပ်တူပြုကာ "မြင်အောင်ရှု မြင်အောင်လုပ်"ဟု တိုက်တွန်းပြန်၍ လဟာပြင် ကောင်းကင်ကြီးကို မြင်အောင်ရှု မြင်အောင် လုပ်ဟု ဆိုရာရောက်သဖြင့် ရုပ် နာမ်စကားကို ပလ္လင်ပြောကြားလျက် ဝိပဿနာအမည်ခံသော်လည်း "အာကာသံ အနန္တံ"ဟူသော ကသိုဏ်းပညတ်ပွားများစေသောကြောင့် သမထလမ်း ဝိပဿနာလမ်း ရောပြွမ်းစေပြီး ဗုဒ္ဓ၏ သန္တိသုခ နိဗ္ဗာန်ကြီးကို ဖျက်ဆီးလိုက်ပါသည်၊ အာကာသကောင်းကင်ကြီးသည် အဘာဝပညတ်သာဖြစ်၍ ပရမတ်တရားမဟုတ်ပါ၊ ပရမတ်တရားမဟုတ်သောကြောင့် ဝိပဿနာဘူမိ ဝိပဿနာရှုမှတ်သော ပုဂ္ဂိုလ်၏ ရှုစရာ မှတ်စရာ အာရုံလည်း မဟုတ်ပါ၊ သို့သော် ကြောင်ပန်းဝါဒီတို့သည် "ဘာမျှမရှိသော ကောင်းကင်ကို နိဗ္ဗာန်၏ ရုပ်နာမ်သင်္ခါရမရှိပုံနှင့် ထပ်တူပြုကာ ကောင်းကင်ကို ကြည့်ရ ရှုရမည်"ဟု တဦးက ပြောသလို တဦးကလည်း ရုပ်နာမ်နှစ်ပါးခွဲဖြစ်ပျက်သဘောမျှ သင်္ခါရလောကကြီးကို အနှစ်အသား ရှာမရပဲ သက်သက်လဟာပြင် ကောင်းကင်ကြီးဟု ထင်မြင်လာ၏၊ ထိုသို့ ထင်မြင်လာသောအဝါ ကိလေသာသုံးချက်သည် တပြိုင်နက် ကင်းချုပ်လေ၏၊ ငြိမ်းခြင်းသို့ရောက်၏။ ဤကား အနတ္တထင်မြင်ပုံတည်း ဟု—

ဦးဝါသဝရေး ပဋိဝေဓဒီပနီ ဝိပဿနာအလင်းရောင်ကျမ်း (၁၂၇)၌ ရေးသားဟောပြောပြန်ပါသည်။

ကြောင်ပန်းဝါဒီရေးသော စာ၏အဓိပ္ပာယ်မှာ အနတ္တထင်ပုံကို ရေးပြခြင်းဖြစ်ပါသည်၊ သို့သော် အနတ္တထင်ရာ၌–

ကြောင်ပန်းဝါဒီသည် ဗုဒ္ဓဝါဒမဟုတ်၊ ကြောင်ပန်းဝါဒကိုသာ ဖော်ပြခြင်းဖြစ်ကြောင်း ထင်ရှားပါသည်၊ အဘယ်ကြောင့်ဆိုသော် အမှတ်အသား ရုပ်နာမ်၌ အနှစ်အသား ရှာမရသောအခါ ရုပ်နာမ်နိမိတ် ပျောက်သွားပြီး "သက်သက်လဟာပြင်ကောင်းကင်ကြီးဟု ထင်မြင်လာ၏"ဟု ဆိုပြန်ရာ–

ရုပ်နာမ်ပျောက်သွားသည်နှင့် လဟာပြင်ကောင်းကင်ကြီး ထင်လာသော အခါ အနတ္တလက္ခဏာဝိပဿနာဘူမိ ပရမတ်တရားမဟုတ်တော့ပဲ အာကာသပညတ်အာရုံကို မြင်လာသည်ဟု ဆိုထားပါသည်။

ဤသို့ အာကာသပညတ်လဟာပြင်ကောင်းကင်ကြီးမြင်လာလျှင် ပညတ်အာရုံ ဖြစ်သွားသဖြင့် ဗုဒ္ဓဝါဒ အနတ္တ၏အာရုံမှာ ရုပ်နာမ်ပရမတ်–

http://www.dhammadownload.com

ကြောင်ပန်းဝါဒီမြင်သည့် အနတ္တအာရုံမှာ လဟာပြင်ကောင်းကင်ပညတ် ဖြစ်၍ အနတ္တလက္ခဏာအစစ် မဟုတ်နိုင်ပါ။

ထို့ပြင် ထိုသို့ ထင်မြင်လာသောအခါ ကိလေသာသုံးချက် တပြိုင်နက် ကင်းချုပ်လေ၏ဟုဆိုပြန်သဖြင့် ကောင်းကင်ကြီးမြင်နေစဉ် ကိလေသာသုံးချက် (အနုသယကိလေသာပါ ပါဝင်၍ သမုစ္ဆေဒပဟာန်ဖြင့်) ချုပ်ငြိမ်းသောကြောင့် မဂ်ကိစ္စဖြစ်ကာ မဂ်ဉာဏ်ရ၍ မဂ်ကျပြီဟုဆိုထားပါသည်၊ နောက်တဖန် "ငြိမ်းခြင်းသို့ ရောက်၏"ဟု ဆိုပြန်သဖြင့် မဂ်၏သတ္တိဖြစ်သော ကိလေသာ သုံးချက် ချုပ်ပြီးမှ ငြိမ်းရသောကြောင့် "နိဗ္ဗာန်ကို ဖိုလ်စိတ်ဖြင့် မျက်မှောက်ပြုသည်" ဟု ဆိုထားခြင်းသာ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကြောင်ပန်းဝါဒ၏ နိဗ္ဗာန်မှာ "လဟာပြင်ကောင်းကင်ကြီးသာ ဖြစ်ကြောင်း" ပို၍ထင်ရှားပါပြီ ဘုရား။

အနတ္တသင်မြင်ပုံနှင့် စပ်လျဉ်း၍ ရုပ်နာမ်ကို အနှစ်အသား ဘာမျှရှာမရ အောင် ရှုမြင်လာပြီး အနတ္တထင်မြင်လာသောအခါ အချို့တရား အားထုတ် သူများက အနတ္တ၏ အတ္တမှကင်းဆိတ်ပုံကို "ဘာမျှမရှိ"ဟူသော မြန်မာ့ဝေါဟာရ အသုံးအနှုန်း၏ သဘာဝနှင့် ထပ်တူပြုကာ ကြောင်ပန်း၏ အယူအဆမှာ မှန်သယောင်ယောင် ထင်တတ်ကြပါသည်။

တရားအားထုတ်သူ ယောဂီတို့၏ သတိထားရန်မှာ ဝိပဿနာ တရား အားထုတ်သောအခါ လက္ခဏာရေးတင်လျှင် ဘယ်သောအခါမျှ ရုပ်နာမ်ပရမတ် မပျောက်ဖို့လိုပါသည်၊ ရုပ်နာမ်ပျောက်သည်၏ အဆုံးတွင်လည်း ပရမတ်အာရုံ ရှိရန်လိုပါသည်၊ ပညတ်အာရုံကိုမူ မည်သည့်အခါမျှ မရောက်စေရန်ဖြစ်ပါသည်။

ပညတ်အာရုံထင်လျှင် မည်သည့် ပညတ်အာရုံထင်သည်ဖြစ်စေ "ပညတ် နိမိတ် မပျောက်သဖြင့် "ဝိပဿနာဘူမိ" မဟုတ်ကြောင်း သတိထားရပါမည်။

ထို့သို့ရုပ်နာမ်ကို လက္ခဏာရေး (၃) ပါးတွင်တပါးပါးဖြင့် ရှုမှတ်ပွားများနေ သော ယောဂီအား အထူးထူးသော ဓာတ်တို့ကို ခွဲခြား စိတ်ဖြာ၍ နှလုံး မသွင်းခြင်းကြောင့် ဖြစ်စေ အစိုင်အခဲ ဃနဖုံးခြင်းကြောင့် ဖြစ်စေ အနတ္တ လက္ခဏာ မထင်စေနိုင်ပါ။

ထို့ကြောင့် ယောဂီ၏ ဉာဏ်အမြင်တွင် ရုပ်ကို ရှုလျှင် ပထဝီဓာတ် အာပေါ ဓာတ် စသည်တို့ကို (သူသဘောတရားနှင့်သူ) တသီးတခြားစီ၊ နာမ်ကို ရှုလျှင် လည်း ဖဿ+ဝေဒနာ စသည်တို့ကို (သူသဘောတရားနှင့်သူ) တသီးတခြားစီ ကွဲကွဲပြားပြားသိရပါမည်၊ ထို့သို့သိပြီး၍ အစိုင်အခဲ (လူ — လက်မောင်း—

http://www.dhammadownload.com

ခေါင်း-ဗိုက်-စသော) ဃနကို ရုပ်တို့၏ အစုအပေါင်း (ပထဝီ+အာပေါတို့၏ စုပေါင်းနေခြင်းသဘော) ဟု သဘောပေါက်ကာ ကိုယ်ပိုင် သိမြင်လာသော် အနတ္တ လက္ခဏာထင်ပုံဖြစ်ပါသည်။

နာနာ ဓာတုယော ဝိနိမ္မုဇ္ဈိတ္တာ ဃနဝိနိမ္မောဂေ ကတေ အနတ္တ-
လက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ ဝိသုဒ္ဓိ—၄-၂၂၄။

ယင်းအခါ ဃန ကျေပုံမှာ ဘာမျှမရှိတော့ပဲ လဟာပြင်ကောင်းကင်ကြီး ကို မြင်လာသည် မဟုတ်ပါ၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်စဉ် သခ်ါရတို့ကို မျက်ဝါး ထင်ထင် (ဒီပဇာလာဝိယ+နဒီသောတောဝိယ)ဆိုသကဲ့သို့ ပြောင်းလဲမှု အစဉ် ကို မြင်နေရပါသေးသည်၊ ဤသို့ပြောင်းလဲမှုအစဉ်ကို မမြင်ရသေးမီ အချင်း အချင်း အထောက်အကူပြုကာ ဖြစ်ပေါ်နေကြသော (ဝါ) စုပေါင်းဖြစ်ပေါ် စဉ်အရ ရုပ်ဆိုလျှင် အနည်းဆုံး အဝိနိဗ္ဘောဂ အဋ္ဌကလာပ်ရုပ်ရှစ်ခု နာမ်ဆို လျှင်လည်း အနည်းဆုံး စိတ်နှင့် သမ္ပယုတ္တသာဓာရဏ စေတသိက် ခုနစ်ခု တို့သည် တခုနှင့် တခု သူသဘာဝနှင့် သူ အမှီသဟဲ အထောက်အကူပြု ဖြစ်ပေါ်ကြသော ရုပ်နာမ်တရား အစုအပေါင်းကြီးကို တခုတည်းအဖြစ် နှလုံးသွင်းခြင်းဖြင့် (တကြိမ်တခါမျှတရားအားမထုတ်ဖူးသူသည်) ယူအပ်သော သမူဟဃန=(အစု ပေါင်းအနေဖြင့် အစိုင်အခဲ)အဖြစ် မြင်ခြင်းဖြင့် သမူဟဃန ဖုံးခဲ့ရခြင်း။

ထိုသို့ရုပ်နာမ်တရားတို့၏ သူသဘာဝကိစ္စနှင့် သူသတ်မှတ်ချက် အသီးသီး ရှိပါသော်လည်း (ဉာဏ်အဝါးမဝ အသားမကျသေးသော ယောဂီသည်) ကိစ္စ တခုတည်းအဖြစ် ယူအပ်သောကိစ္စဃန = (ကိစ္စအနေဖြင့် တခုတည်းဟု အစိုင် အခဲ) အဖြစ်မြင်ခြင်းဖြင့် ကိစ္စဃန အဖုံးခံရခြင်း။

အာရုံနှင့်တကွဖြစ်ကုန်သောတရားတို့၏ သူအာရုံနှင့် သူအာရုံ ကွဲပြားခြင်းရှိပါ သော်လည်း အာရုံတခုတည်းအဖြစ် ယူအပ်သော အာရမ္မဏဃန=(အာရုံအနေ ဖြင့် တခုတည်းဟုအစိုင်အခဲ) အဖြစ်မြင်ခြင်းဖြင့် အာရမ္မဏဃန အဖုံးခံရခြင်း တို့ဖြင့် အနတ္တလက္ခဏာကို သေချာစွာမမြင်ရသေးပါ၊ ထိုဖုံးလွှမ်းခံရသော ဃန မျှားကို တောဘူမက ရုပ်နာမ်ပရိစ္ဆေဒဉာဏ်တို့၏ သဘောတရားတို့၌ ဉာဏ်ဖြင့် အသီး သီး တခြားစီတည်နှိုစီ တသန့်စီ သိမြင်လာသည်ရှိသော် ရေမြုပ်ကို့လက်ဖြင့် ချေ သောအခါ ကျွသွားသကဲ့သို့ "အကြောင်းအားလျော်စွာ ဖြစ်သော ဃနမှ ကင်းဆိတ်သော သဘောတရားတို့သည် တရားသဘောမျှသာ ဖြစ်သည်" ဟု ထင်မြင်လာသောအခါ (ဃနကျေ၍) အနတ္တ လက္ခဏာ ထင်ရှားစွာပေါ်လာ ပါသည်။ (ဝိသုဒ္ဓိ—မဟာဋီ—၄၃၇)

ထိုအခါ "ရေမြုပ်ကျေသကဲ့သို့" ဟူသော ဥပမာအရ ရေမြုပ်အဖူး အဖောင်းကလေး ကျေသွားလျှင် "ဘာမျှမရှိတော့" ဟု ထင်စရာမေးစရာ ဖြစ်ပါ သည်၊ ရေမြုပ်အဖြစ်မှကျေသွားကာ အဖူးအဖောင်းကလေးမှကင်းပျောက်သွား သော်လည်း "ရေအဖြစ်" လက်တွင်စွဲပိုကျန်နေပြီး ရေအဖြစ်မှ မပျောက်သွား

http://www.dhammadownload.com

သကဲ့သို့ ဝိပဿနာရှုသော ယောဂီ၏ဉာဏ်တွင် ရှုမှတ်နေသော တေဘူမကရုပ်နာမ်ပရမတ် တရားတို့၏(သူသဘာဝ+သူ့ကိစ္စ+သူ့အာရုံနှင့်သူ တသီးတခြားစီထင်မြင်နေကာ) သမူဟ+ကိစ္စ+အာရမ္မဏ အစိုင်အခဲဃနမျှား ကျေပျောက်သွားသော်လည်း ရုပ်နာမ်ခမ္မတို့မူ မပျောက်ဘဲ (–) ပရမတ်အဖြစ်မြင်လျက် ရှိနေပါသည်၊ အခြားသော မည်သည့် ပညတ်အာရုံကိုမျှ မမြင်ရ- အာရုံမပြုရပါ၊ ပရမတ်အာရုံသက်သက်ဖြစ်နေရပါသည်။

သည္ဥ—အရ—အတ္တမှကင်းဆိတ်မှုသည် "ဘာမျှမရှိ" ဟူသော မြန်မာဝေါဟာရဖြင့် "ဘာတခုမျှ မရှိအောင် ဆိတ်သုဉ်းမှု" မဟုတ်၊ အတ္တ(ဒိဋ္ဌိ) ဟူသော အနှစ်သာရ အတ္တနိယ (ငါဟာ—ငါ့ဥစ္စာ) ဟူသော အနှစ်သာရ မရှိခြင်းကို သာ ဆိုလိုပါသည်၊ လောကဝေါဟာရ၌ "ဘာမျှမရှိတဲ့အိမ်၊ ဘာမျှမရှိတဲ့အိုး" ဟူသောစကားအသုံးအနှုန်းတွင် အိမ်–အိုးတို့မရှိခြင်းကိုပြောသည်မဟုတ်၊ ထိုအိုးထဲအိမ်ထဲမှာ တစုံတရာဝတ္ထုဘာမျှ မရှိခြင်းကို ဆိုလိုပါသည်၊ မြတ်စွာဘုရား၏ ဆိုလိုတော်မူခြင်းမှာလည်း— "အကြင်အတ္တ (ငါဟူသောဒိဋ္ဌိ) သည် တေဘူမက သခ်ါရနာမ်တရားဌ၌မဖြစ်၊ ထို့ကြောင့် ထိုအတ္တမှ ကင်းဆိတ်သော ရုပ်နာမ်ကို ကောင်းမွန်စွာ အဖန်တလဲလဲမြင်၏၊ အကြင်ရုပ်နာမ်သည် ထိုအတ္တ (ငါဟူသော ဒိဋ္ဌိ)ဌ၌ ကြွင်းကျန်၏၊ ထင်ရှားရှိသော ထိုရုပ်နာမ်ကို ဤရုပ်နာမ်သာရှိ၏ (အတ္တ မရှိ)ဟုသိ၏ဟု အတ္တိမှ ကင်းမှု ဆိတ်သုဉ်းမှုကို ဆိုလိုတော်မူပါသည်။(ပဋိ သမ္ဘိဒါ ဌ-၂၃၉)

ထို့ကြောင့် မြတ်စွာဘုရားရှင်ကလည်း–

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော၁။
အတ္တာနုဒိဋ္ဌိ ဥိဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(သုတ္တနိပါတ-၄၄၈)

ချစ်သား မောဃရာဇ အမြဲမပြတ်သတိကင်ကာ အတ္တာနုဒိဋ္ဌိကိုပယ်နုတ်ပြီး လောကကို ကင်းဆိတ်သောအားဖြင့် ရှုလော့၊ ဤသို့ရှုသော်-သေခြင်းကို လွန်မြောက်၏၊ ဤသို့လောကကို-ကင်းဆိတ်သောအားဖြင့် ရှုမြင်သူကို သေမင်းသည် မမြင်နိုင်ဟု ဟောကြားတော်မူပါသည်။

ဤသို့ ရုပ်နာမ် တေဘူမက သခ်ါရတို့၏ အတ္တမှကင်းဆိတ်မှု ဇီဝမှကင်းဆိတ်မှု သတ္တပုဂ္ဂလစသည်တို့မှ ကင်းဆိတ်မှုကိုမြင်ခြင်းသည် အနတ္တလက္ခဏာ မြင်ပုံ ဖြစ်ပါသည်၊ ထိုသို့မြင်သော် ရုပ်နာမ်အာရုံပင်ဖြစ်ကာ ရုပ်နာမ်အာရုံမှလွတ်၍ (ဂေါတြဘူဉာဏ်ရောက်သောအခါ) သန္တိသုခ-နိဗ္ဗာန်ဟူသော် ပရမတ်အာရုံထင်

http://www.dhammadownload.com

လာပါသည်၊ ဆိုလိုသည်မှာ– ဝိပဿနာဉာဏ်စမှစ၍ ဝိပဿနာဉာဏ်အဆုံးဖြစ်သော အနုလောမဉာဏ်အထိ ရုပ်နာမ် ပရမတ်အာရုံ ထိုမှဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလျှင် နိဗ္ဗာန်ဟူသော ပရမတ်အာရုံသာဖြစ်ပေါ်လာပြီး ပရမတ်အာရုံမှ ပရမတ်အာရုံသို့သာ ဆက်လက်အာရုံပြုရပါမည်၊ တစုံတရာ ပညတ်အာရုံမျှားထင်လာလျှင် နိဗ္ဗာန်လည်းမဟုတ် ပရမတ်လည်းမဟုတ်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်းမကျပဲ ယုတ်စွအဆုံး-ဝိပဿနာ၏ အာရုံလည်းမဟုတ်သဖြင့် ဝိပဿနာလက္ခဏာပင် ပျောက်ကွယ်သွားနိုင်ပါသည်။

ထို့ကြောင့် ကြောင်ပန်းဝါဒီ၏ "လဟာပြင်ကောင်းကင်ကြီးမြင်နေစဉ် ကိုလေသာသုံးချက် တပြိုင်နက်ချုပ်၏၊ ငြိမ်းခြင်းသို့ရောက်၏၊ ဤကား အနုတ္တထင်မြင်ပုံတည်း" ဟု ဆိုခြင်းသည် လဟာပြင်ကောင်းကင်ကြီးကို နိဗ္ဗာန်ဟု ဆိုလိုသဖြင့် နိဗ္ဗာန်ကို အာရုံပြုရာပြုကြောင်း အခြေအနေပေါ်အောင် (ကိုယ်တွေ့ မဆိုက်ပဲ စာအလိုအရ) မဂ်ဉာဏ်၏သတ္တိကိုထည့်သွင်းကာ "ကိလေသာသုံးချက် တပြိုင်နက်ချုပ်၏" ဟု ဆိုပြီး ဖိုလ်ဉာဏ်၏ အာရုံဖြစ်ပုံနှင့် နိဗ္ဗာန်၏ သန္တိသုခသဘောပေါ်အောင် "ငြိမ်းခြင်းသို့ ရောက်၏" ဟုဆိုလိုက်ရာ-ဘုရားဟောဒေသနာနှင့်လည်းမကိုက်၊ သဘာဝလည်းမဆိုက်ပဲ "သူထို့လိုရာ ကောင်းကင်သို့သာ" ဆိုက်ရှာပါတော့သည်။

ထို့ကြောင့် ကြောင်ပန်း၏ လဟာပြင်၌ ထာဝစဉ်ထာဝရ အနိစ္စလုံးဝမရှိနိစ္စဖြစ်သည့် ပရမတ်တရားဖြစ်သော နိဗ္ဗာန်ရှိသည်ဆိုသောဝါဒသည် ဗုဒ္ဓ၏ ဝါဒ နိဗ္ဗာန်မဟုတ်၊ ကြောင်ပန်း၏ စကြာနိဗ္ဗာန်ဝါဒသာဖြစ်ကြောင်း တင်ပြလျှောက်ကြားပါသည့်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိရိဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကြောင်ပန်းသည် နိဗ္ဗာန်နှင့်ပတ်သက်၍ ဖော်ပြပြီးအတိုင်း ကောင်းကင်၌ နိဗ္ဗာန်ရှိသည်ဟု ဆိုရုံမျှမကသေးပဲ "ဝိညာဏံ အနိဒဿနံ အနန္တံ သမ္မာတောပဘံ"ကို တွင်တွင်သုံးကာ နိဗ္ဗာန်အရ ကောက်ရသော ဝိညာဏ်ပုဒ်ကို စိတ်နာမ်ဟု ကောက်ပြပြန်သဖြင့် ဝိညာဏ်နိဗ္ဗာန်အဖြစ် တည်ထောင်ပြန်ပါသည်၊ "ဝိညာဏံ အနိဒဿနံ- အနန္တံ သမ္မတောပဘံ"၏ အနက်ကိုလည်း အဋ္ဌကထာနည်းမကျ သူလိုသလို ရေးသားထားပြန်ပါသည်၊ ကြောင်ပန်း၏ အနက်မှာ —

ဝိညာဏ်၊ အနိစ္စဓာတ်ပရမတ်ဖြင့်သာ သိအပ်စွာ၏။ အနိဒဿနံ၊အနိစ္စဓာတ် ပရမတ်၏ရွှေနောက်ကာလ ရုပ်ဌာနနှင့် သဏ္ဌာန်ပမာဏ ညွှန်ပြခြင်းငှါ မထိုက်။ အနန္တံ၊အနိစ္စဓာတ် ပရမတ်အလုံး ဘယ်တုန်းကစ ဆုံးဘယ်မျှဟု အစအဆုံး

http://www.dhammadownload.com

နှစ်ပါးလုံးမရှိအပ်။ သဗ္ဗတောပဘံ၊ ဘယ်ခါမပြတ် ပေါ်သိမ်းရပ်၌ အနိစ္စခေတ် ပရမတ်တရား ထင်ရှားရှိန်ရှိန် ထိန်ထိန်လင်းလင်း ဝင်းဝင်းတောက်ရှိ၏ဟု—

ခြောက်စောင်တဲ့ သုံးလောကဒီပနီ (နှာ-၂၅၂)၌ အနက်ပေးပါသည်။

အဋ္ဌကထာအလိုကျ သမ္မန်ရမည့် အနက်မှန်မှာ—

ဝိညာဏ်၊ ဉာဏ်အပေါင်းတို့တွင် ထူးကဲလွန်မြတ်သော အရိယမဂ်ဉာဏ်ဖြင့် ပစ္စက္ခသိထိုက်သော။ အနိဒ္ဓသနံ၊စက္ခုဝိညာဏ်ဖြင့် သိကောင်းသောအရာလည်း မဟုတ်ပေ။ ဝါ၊ မြဲသော တခုတည်းသောနိဗ္ဗာန်၏ အစွန်အသွှ ပဏီတ သဘောရှိရာ၌ ထုတ်ပြစရာ ဥပမာလည်းမရှိသော၊ အနန္တံ၊ ဥပါဒ်စွန်း ဌိစွန်း ဘင်စွန်းလည်းမရှိသော။(အကြင်သခ်ာတရားသည် ရှေးကမရှိနှင့်ပဲ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၏၊ ဖြစ်၍တဖန် ချုပ်ပျောက်ပြန်၏၊ ထိုသခ်ာတရားသည် ဥပါဒ်စွန်းဘင်စွန်းတို့ဖြင့် အစွန်းရှိနေ၏၊ အသခ်ာနိစ္စ နိဗ္ဗာန်အားကား ထိုအစွန်းနှစ်ခုလုံးမရှိ၊ ထို့ကြောင့်ပင် သစ်လွင်ခြင်းမှကင်းသော ဌိစွန်းလည်း မရှိဟူဆိုလိုပါသည်)။ သဗ္ဗတော ပဘံ၊ အလုံးစုံသော ကမ္မဋ္ဌာန်းဝင်းဟူသော ဆိပ်ကမ်းလည်းရှိသော—

(မဟာသမုဒ္ဒရာအား အကြင်အကြင်အရပ်မှ သက်ဆင်းလိုကုန်၏၊ ထိုထို သက်ဆင်းရာအရပ်သည်ပင် ဆိပ်ကမ်းဖြစ်၏၊ ဆိပ်ကမ်းမဟုတ်သောနေရာ မည်သည်မရှိ၊ ထို့အတူ နိဗ္ဗာန်အား အကြင်အကြင်ကမ္မဋ္ဌာန်းဖြင့် နိဗ္ဗာန်သို့သက်ဝင်လိုကုန်၏၊ ထိုထိုကမ္မဋ္ဌာန်းသည်ပင် ဆိပ်ကမ်းဖြစ်၏၊ ဗုဒ္ဓဝါဒလာ နည်းစနစ်မှန်ကန်တိကျသော ကမ္မဋ္ဌာန်းဆိုလျှင် မည်သည့်ကမ္မဋ္ဌာန်းဖြစ်စေ နိဗ္ဗာန်သို့သက်ဝင်ကြောင်း မဟုတ်သော ကမ္မဋ္ဌာန်းမည်သည်မရှိ၊ ထို့ကြောင့် သဗ္ဗတောပဘံဟု ဟောတော်မူအပ်ပါသည်၊ ဤနည်း၌ သဗ္ဗတောပဘံ-ဟုဆိုလိုလျက် သဗ္ဗတောပဘံဟု ပကို ဘပြု၍ဆိုထားပါသည်၊ ပပ သဒ္ဒါဆိပ်ကမ်း ဟောဖြစ်ပါသည်။)

ဝါ-တစုံတခုသောတဲရားသည် မည်စ်နှမ်းစေအပ်သည်၏ အဖြစ်ကြောင့် စင်းလုံးချောလည်း သန့်ရှင်းစင်ကြယ်သော (ယံ နိဗ္ဗာနံ၊အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ရှိ၏။) ဟု အနက်မှန်ကို သမ္မန်ရပါမည်။

ယခုမူ ကြောင်ပန်းသည် နိဗ္ဗာနံဟူသော ဝိသေသျပုဒ်၏ ဝိသေသနဂုဏ်ပုဒ်များကို "စိတ်ဝိညာဏ်" ဟုလည်းကောင်း အနိစ္စခေတ်ဟု လည်းကောင်း လိုရာဆွဲ အနက်ပြန်ပါသည်၊ ထို့ပြင် ဝိညာဏပုဒ်အရ "နိဗ္ဗာန်ကို မကောက်ပဲ" ကသောက် ကရောက် စိတ်ဝိညာဏ်ကို ကောက်ယူပုံမှာ—

http://www.dhammadownload.com

ဤအရာမှာ သတ္တပုဂ္ဂလ အတ္တဇီဝနှင့် မရောမဖက် အပြောခက်သက်သက်မျှသော တရားက ဤကားမြဲ၏၊ ဤကားမမြဲ၊ အနဲနဲစသော သိမှတ်ကြံဖန်နာမ်ဓာတ်ဟူသော အမူအရာ ဤဟာ ဗျာပါရ ကိရိယာထူးမျှ ပရမတ္ထသဘောကို ဝိညာဏ်ဟူသော ပုဒ်ကဟောသည် ဟု ခြောက်စောင်တွဲ သဘာဝဒီပနီ (၁၆၇)၌ ဆိုထားပါသည်။

ဤနေရာ၌ သိမှတ်ကြံဖန် နာမ်ဓာတ်ဟူသော အမူအရာကို ဝိညာဏ်ပုဒ်အရ ကောက်ယူသဖြင့် "စိတ်နာမ်" ကို နိဗ္ဗာန်နာမ်နှင့် ရောနှောကာ သဘောမပေါက်ပဲ အတူပူးတွဲလိုက်ခြင်းကြောင့် ဝိညာဏ်သည် နိဗ္ဗာန်ဖြစ်သွားကာ ဝိညာဏ်နိဗ္ဗာန်ဝါဒဖြစ်ကြောင်း ထင်ရှားပါသည်၊ အမှန်မှာ ဝိညာဏ်နှင့် အနိဒဿနံ နှစ်ပုဒ်လုံး နိဗ္ဗာန်ကိုသာ ဆိုလိုကြောင်း (မဋ္ဌ ၂-၃၁၀)၌ "ပဒဒ္ဒယေနပိ နိဗ္ဗာန-မေဝ ဝုတ္တံ" ဟု ဖွင့်ပြထားပါသည်၊ ဤကဲ့သို့ အဋ္ဌကထာအဖွင့်နှင့်အညီ နိဗ္ဗာန်-ပရမတ္ထ ကောက်ယူရမည်ကိုပင် စိတ်နာမ်ပရမတ္ထကို ကောက်ယူပြန်သဖြင့် ကြောင်ပန်းတောရဝိပဿနာဝါဒ နိဗ္ဗာန်သည် ဝိညာဏ်နိဗ္ဗာန် စိတ်နိဗ္ဗာန်ကြီး ဖြစ်ရပြန်ပါသည်။

ထိုအချက်များကို ကြည့်လျှင်ပင် ကြောင်ပန်းတောရ ဝိပဿနာဝါဒ၏ နိဗ္ဗာန်ဝါဒသည် ရေရာတိကျသော လမ်းစဉ်မှန် တရားအားထုတ်မှုဖြစ်ပေါ်ဖော် ညွှန်တွေ့မဆန် မရေရာ မတိကျသော ပရိကပ္ပကြံဆ၍ယူသော နိဗ္ဗာန်မျှသာဖြစ်၍ ဗုဒ္ဓဝါဒနိဗ္ဗာန်မဟုတ်ကြောင်း ထင်ရှားပါသည်။

ဤသို့ဆိုလျှင် (တရားအားထုတ်သူ အချို့သူတို့က) စာသံပေသံပါသည့် ပရိယတ်၏ သဘောမျှသာဖြစ်သည်ဟု စွပ်စွဲခဲ့သော် သဘာဝယုတ္တိဖြင့် တင်ပြပါဦးမည်ဘုရား။

ဗုဒ္ဓ၏ဓမ္မကို သိရမည့်အဆင့် သဘာဝဉာဏ်များမှာ ပုထုဇဉ်တို့သိရမည့် အနုမောဇဉာဏ်နှင့် အရိယာတို့သိရမည့် ပဋိဝေဓဉာဏ်ဟု နှစ်မျိုးရှိပါသည်၊ ထို နှစ်မျိုးတွင် ပုထုဇဉ်တို့ သိနည်းဖြစ်သော အနုမောဇဉာဏ်သည် သုတမယဉာဏ်= ကြားသိ၊ စိန္တာမယဉာဏ်= ကြံသိ၊ ဘာဝနာမယဉာဏ်=ရှုမှတ်ပွားများသိ (ဝိသုဒ္ဓိမဟာဋီ ၂-၂၈၈)ဟု သုံးမျိုးရှိပါသည်၊ အနုမောဇဉာဏ် သိပုံမှာ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ သိနေခြင်းဖြစ်ပါသည်၊ ပဋိဝေဓဉာဏ် သိပုံမှာ အကြိမ်တည်းဖြင့် ကိစ္စပြီးသိခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် အနုမောဇဉာဏ်ဟူသည် ပုထုဇဉ်တို့ သိအပ်သော ဉာဏ်ဖြစ်၍ ပဋိဝေဓဉာဏ်ဟူသည် အရိယာ (မဂ်) ပုဂ္ဂိုလ်တို့ သိအပ်သောဉာဏ်ဖြစ်ပါသည်၊ တရားအားထုတ်သူ ပုထုဇဉ်ယောဂီပုဂ္ဂိုလ်သည် သုတမယဉာဏ်=ကြားသိ၊ စိန္တာမယဉာဏ်=ကြံသိ၊ ဘာဝနာမယဉာဏ်=ရှုမှတ်ပွားများသိ သုံးမျိုးတွင်သာ ကျင်လည်၍ ပရမတ္ထ

http://www.dhammadownload.com

သဘာဝကို ထုပ်ခါထပ်ခါ အဖန်ဖန် သိနေရပါသည်၊ တခါတည်း ကိစ္စပြီးဖြင့် မသိနိုင်သေးပါ၊ ကိလေသာကို ခွာရှဲသာခွာနိုင်၍ အပြီးသတ် မပယ်သတ်နိုင် သေးပါ၊ ထို့ကြောင့် အနုပေဒဉာဏ်မျှဖြင့်သာ သိရပါသည်၊ ပဋိဝေဓဉာဏ် ဟူသည်မှာ မဂ်ဉာဏ်ကိုဆိုပါသည်၊ မဂ်ဉာဏ်၏သတ္တိမှာ ကိလေသာကို ဖောက် ထွင်း၍ တကြိမ်တည်းဖြင့် ခေါင်းမထောင်နိုင်အောင် ကိစ္စပြီးသတ်နိုင်စွမ်းရှိပါ သည်၊ ထို့ကြောင့် ပဋိဝေဓဉာဏ်ဖြင့် တကြိမ်သိပြီးလျှင် (ဆိုင်ရာကိလေသာ) တို့ မပေါ် ပေါက်အောင် ပယ်သတ်နိုင်သဖြင့် ပဋိဝေဓဉာဏ်ဟူသည် မဂ်ပုဂ္ဂိုလ်တို့ သိအပ်သော ဉာဏ်ဖြစ်ပါသည်၊ ပုထုဇဉ်ပုဂ္ဂိုလ်၏ အသိနှင့် မဂ်ပုဂ္ဂိုလ်တို့၏ အသိမှာ ဤသို့ ခြားနားပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပဓာနအလုပ် ကမ္မဋ္ဌာန်းအားထုတ်မည်ဆိုလျှင် ပရ-တော ဃောသပစ္စည်းဟူသော သုတမယဉာဏ်=ကြားသိမှ စရပါသည်၊ ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓမလွဲ၍ အခြားပုဂ္ဂိုလ်များသည် တပါးသူ၏ ဟောပြောမှုဟူသော ပရတော ဃောသပစ္စယ သုတမယဉာဏ်ကိုရမှသာ အဆင့်ဆင့်ဖြင့် မဂ်ဉာဏ်ပွင့် လာရပါသည်၊ ဉာဏ်ပညာအရာတွင် ဗုဒ္ဓမလွဲ၍ နှိုင်းယှဉ်စရာမရှိသော အရှင် သာရိပုတ္တရာသည်ပင် အရှင်အဿဇိထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ဟူသော ပရတော ဃောသပစ္စယ=သုတမယဉာဏ်မှ စခဲ့ရပါသည်၊ သို့ဆိုလျှင် ကြောင်ပန်းဝါဒီမျာ်းက "သူတို့လည်း ဆရာထံမှ သုတမယဉာဏ်ရသည်" ဆိုငြားအံ့၊ ဥပ္ပဋ္ဌိတည္ဆ=ပုဂ္ဂိုလ်၏ပါရမီကို လိုက်တုလျှင် "မဏ္ဍုကေပိ ဥကြေသီဟော ကာ-ကဂ္ဂဟေ ပိယေပိယေ" ဟူသော လောကနီတိ စကားအလာ ဆောင့်ကြောင့် ထိုင်တတ်ကာမျှဖြင့် ခြင်္သေ့ထင်သော ဖားသူငယ်ကို "ကိလေသာ" ကျီးသုတ် သောအခါမှ အကွာကြီးကွာမှန်း သိရပါလိမ့်မည်။

သာမန် သူလိုကိုယ်လို ပုထုဇဉ်မှန်သမျှတို့သည် သုတမယဉာဏ် ဆရာပြော ဟောသံကို ကြားရခါမျှဖြင့် ဘာဝနာမယ ရှုမှတ်ပွားများ၍ သိသောဉာဏ်ကို မထိထားဘဲ ကြံစည်စဉ်းစားကာ တရားသဘောကို တွေးတောဆင်ခြင်သည့် စိန္တာမယဉာဏ်ပင် ကြံစည်သူရှားလှပါသည်။

တရားနာနေသော ပုဂ္ဂိုလ်သည် တရားဟောခမ္မကထိက၏ တရားသံကို ကြားနေရ၍ သုတမယဉာဏ်ကုရသည် ဆုစေး၊ စိန္တာမယဉာဏ်ဖြင့် မည်မျှ လိုက်ကာ ဟောပြောနေသော တရား၏ အတွင်းသဘောကို ကြံစည်စဉ်းစားပါ သနည်း၊ သို့ ကြံစည်စဉ်းစားသည် ဆိုစေဦး၊ မိမိခန္ဓာကိုယ်တွင်း ဉာဏ်နှင့်ဆင့် ခြင်း၍ ဟောပြောနေသည့် တရားအတိုင်း မည်သို့ရှုမှတ်ပွားများမှု ဘာဝနာ မယဉာဏ်ရှိလေသနည်း။

စဉ်းစားကြည့်ခဲသာအခါ တရားသဘောထက် ကြိုက်နှစ်သက်ရာ စကားလုံး ကိုသာ လိုက်မှတ်ကာ တရား၏အတွင်းသဘောကို မကြံစည်နိုင်ပဲရှိတတ်ပါသည်၊

http://www.dhammadownload.com

မကြံစည်နိုင်သော် မိမိခန္ဓာကိုယ်တွင် ဉာဏ်ယှဉ်ကာ ပွားများလှုမှတ်နိုင်ဖို့မှာ ပိုမို ဝေးကွာသွားပါသည်၊ သို့ဖြင့် ဟောပြောသည့် တရားသဘော၌ ပါသော ဉာဏ်ချင်း မကူးစက် စကားလုံးချင်းသာ ကူးယှက်ကာ နှစ်သက်မှုဖြင့် နေသူသာ များပြားပါသည်။

ဤသို့ ဘာဝနာမယ ကိုယ်တွေ့လှုမှတ်ပွားများခြင်းဖြင့် ရရှိသောအသိဉာဏ် ဖြစ်ပေါ်စေဦး၊ ဘာဝနာမယဉာဏ်သည်ပင် အနုဗောဓဉာဏ်သာ ဖြစ်သေး၍ ပုထုဇဉ်တို့၏ ဉာဏ်အရာသာဖြစ်ပါသေးသည်၊ ဆိုလိုသည်မှာ ဘာဝနာမယ ဉာဏ် ရင့်သန်လာသူများပင် ပုထုဇဉ်အဆင့်သာ ဖြစ်ပါသေးသည်ဟု ဆိုလိုပါသည်၊ ထိုဘာဝနာမယဉာဏ်ကိုပင် ထပ်ခါထပ်ခါ (ဘာဝိတာ ဗဟုလီကတာ) ကြိမ်ဖန်များစွာ ပွားများနိုင်ပါမှ "အသားအသွေး ခန်းခြောက်၍ အရိုးပေါ် အရေတင်ချင်တင်ပါစေ မင်္ဂလာမရသမျှ ငါမထ" ဟူသော ဇွဲသတ္တိနှင့် ဝီရိယ သဒ္ဓါစသော ဣန္ဒြေတရားတို့ကို စောင့်ထိန်းပြီး မည်သည်းမည်မျှအားထုတ်ပါမူ ပဋိ-ဝေဓဉာဏ်သို့တိုင် ထွင်းဖောက်သိမြင်နိုင်ပါမည်၊ သို့မဟုတ်ပဲ အချိန်စေ့၍ ကမ္မ ဋ္ဌာန်းအာရုံဖြုတ်၊ ရက်စေ့၍ အမျှားနည်းတူ တရားထွက်၊ ဆောဂါဖြစ်မှာ ကြောက်၍ ခပ်ရှဲ့ရှဲ့တရားထိုင်ရုံမျှဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဝေး၍ ဘာဝနာမယ ဉာဏ်မျှပင် ရဖို့ခက်ခဲပါသည်၊ ထို့ကြောင့်ပင် ယနေ့ဖြစ်ပေါ်နေသော ပြဿနာ များမှာ ဤကဲ့သို့ ဒေသနာဉာဏ်ကို မှန်ကန်စွာအဆင့်ဆင့်မသိ အတ္တနော မတိ ပရိကပ္ပ = ကိုယ့်အတွေး– ကိုယ့်အကြံမျှသာ ဖြစ်ကြ၍ မရှင်းနိုင်+မလင်းနိုင် သူနိုင်+ငါနိုင်ဖြင့် ကိုယ့်နည်း ကိုယ့်ဟန် ကိုယ့်ပုံစံ ဖြစ်သော နိဗ္ဗာန်ပြိုင်ပွဲကြီး ဖွင့်ကြကာ ဝိပဿနာလမ်းသွယ်များ ရှုပ်ထွေးနေရခြင်းဖြစ်ပါသည်။

ထိုသို့ ကြောင်ပန်းတောရဝိပဿနာဝါဒီတို့ဆည် ကောင်းကင်နိဗ္ဗာန် ဝိညာဏ် နိဗ္ဗာန်ကို ယူဆရုံမျှသာမကသေးပဲ ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း၊ ပထမတွဲ (နှာ ၁၅၁)၌–

အဲဒီ နိဏ္ဍာသစ္စာ နိဗ္ဗာန်ကော ဘယ်မှာလဲ–

မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်မှာပါဘုရားဟု အမေးအဖြေ လုပ်ကာ နိဗ္ဗာန်ကို ခန္ဓာကိုယ်တွင်းမှာရှိကြောင်း (အဇ္ဈတ္တိကနိဗ္ဗာန်) ဝါဒကို ဟော ပြောပြန်ပါသည်၊ ဤ (အဇ္ဈတ္တိက) ကိုယ်တွင်း နိဗ္ဗာန်ဝါဒသည် ကြောင်ပန်း တပည့်များ၏ လက်သုံးဖြစ်ပုံရပါသည်၊ အဘယ်ကြောင့်ဆိုသော် ကြောင်ပန်း နည်းဖြင့် တရားပေါက်သည်ဟု ဘုကိုယ်တိုင်ဝန်ခံထားသော ကျောက်သင်္ဘော ဝါဒကလည်း အဇ္ဈတ္တိက=ကိုယ်တွင်းနိဗ္ဗာန်ကိုပင် ဟောပြောခဲ့၍ အဓမ္မဝါဒ အဖြစ် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁) မှ ဝိနိစ္ဆယ ချမှတ်ခဲ့ရ ပါသည်၊ ထို့ကြောင့် မူလပထမကြောင်ပန်းဆရာတော်က နိဗ္ဗာန်ကို မရဲတရဲ မပွင့်

http://www.dhammadownload.com

တပုဒ့် မလိမ့်တပတ်လုပ်ကာ "ဧရုဟိတဿသုတ်၊ ဗြဟ္မနိမန္တနသုတ်"လာ ပါဠိတိပိဋ်းတစ်ချားကို ကိုးကားဟောပြောခဲ့သော်လည်း ကျောက်သတ်ဘောကမူ ဆရာ့အလို ပါဠိကိုယူကာ ပွင့်ပွင့်လင်းလင်းပင် "ခန္ဓာကိုယ်မှာ နိဗ္ဗာန်" ဟု တိုက်ရိုက်ညွှန်းခဲ့ပါသည်၊ ထို့အတူ ကြောင်ပန်း ဦးတိဏ္ဏကလည်း (ဖော်ပြပါ အတိုင်း) နိဗ္ဗာန်ကို ခန္ဓာကိုယ်တည်းမှာဟု ရဲရဲတင်းတင်း ညွှန်ပြပြန်ပါသည်။

နိဗ္ဗာန်ဟူသည် အဇ္ဈတ္တမဟုတ်၊ ဗဟိဒ္ဓတရားသာဖြစ်ကြောင်း ဓမ္မသင်္ဂဏီ ပါဠိ(၂၇၃)၌—

အနိန္ဒြယ ဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဌပေတွာ သမ္မေ ဓမ္မာ သိယာ အဇ္ဈတ္တာ သိယာ ဗဟိဒ္ဓါ၊ သိယာ အဇ္ဈတ္တဗဟိဒ္ဓါ။ အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ။

ဤနှစ်နှင့်မစပ်ကုန်သော ရုပ်ကိုလည်းကောင်း နိဗ္ဗာန်ကိုလည်းကောင်း ဖယ်ထား၍ အလုံးစုံသော တရားမှန်သမျှ ရုံခါအတွင်း၌ ရုံခါ အပြင်၌ ရုံခါ အတွင်း အပြင်၌ ဖြစ်ကုန်၏၊ အနိန္ဒြိယ ဗဒ္ဓရုပ်နှင့် နိဗ္ဗာန်တို့သည် ဗဟိဒ္ဓတရားသက်သက်သာ ဖြစ်ကုန်၏ဟု—ဘုရားရှင် ဟောကြားတော်မူသော ကြောင့် "နိဗ္ဗာန်သည် အဇ္ဈတ္တိက ကိုယ်အတွင်းမှာမရှိကြောင်း" ထင်ရှားပါသည်။

ထို့ကြောင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒလာ—

(က) ကောင်းကင်၌ နိဗ္ဗာန်ရှိသည်ဟူသော (ကောင်းကင်ဘုံနိဗ္ဗာန်) ဝါဒ သည်လည်းကောင်း၊

(ခ) ဝိညာဏ်ကို နိဗ္ဗာန်ဟုယူသော (ဝိညာဏ်နိဗ္ဗာန်) ဝါဒသည်လည်း ကောင်း၊

(ဂ) ကိုယ်တွင်းမှာ နိဗ္ဗာန်ရှိသည်ဟူသော (အဇ္ဈတ္တိက နိဗ္ဗာန်)ဝါဒသည် လည်းကောင်း၊

ဗုဒ္ဓဝါဒ နိဗ္ဗာန်များမဟုတ်ကြပဲ ယောင်ယမ်းသော ကြောင်ပန်းတို့၏ ယောင် ကန်းကန်းယူဆသော (တက္ကိဝါဒ နိဗ္ဗာန်) သာဖြစ်ပါ၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒ၏ နိဗ္ဗာန်ဝါဒကို အဓမ္မဝါဒအဖြစ် စိစစ်သုံးသပ် ဆုံးဖြတ်ပေး တော်မူပါရန် ဝိတ္ထာရစောဒနာ အမှတ်(၇)အဖြစ် တင်သွင်းလျှောက်ကြားပါသည် နိဒ်ဒေတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

http://www.dhammadownload.com

ဝိတ္ထာရစောဒနာ အမှတ် (၈)

ကြောင်ပန်းတောရဝါဒသည် နိဗ္ဗာန်သို့ရောက်သော်ထည်း ခန္ဓာငါးပါး မပျက်စီး အတိုင်းတိုင်းရှိသည်ဟု ယူဆပြီး ကောင်းကင်ကို သတ္တဝါခေါ် ကြောင်း ဟောပြောရေးသားသည့် "သဿတဒိဋ္ဌိ" အစမှဝါဒဖြစ်ကြောင်း တင်သွင်း သည့် ဝိတ္ထာရစောဒနာပါဘုရား။

ရှိသေစွာ လျှောက်ကြားတင်သွင်းပါသည် အမှတ်(၃) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်မျှားဘုရား—

ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့သည် ဘုရားရှင် ဟောတော်မူသော ဘုရားတော်မျှားကို လူနားမလည်စေရန် ရေးသားဟောပြောခြင်းဖြင့် အထင် ကြီးခံကာ ဗုဒ္ဓမြတ်စွာ ဒေသနာတော် အမှန်မျှားကို ထင်ယောင်ထင်မှားဖြစ်စေ ရန် ဟောပြောရေးသားသည့် ဝါဒဖြစ်ပါသည်၊ ထိုသို့ ဗုဒ္ဓမြတ်စွာ၏ ဒေသနာ တော်အပေါ် တွေဝေယုံမှားမှု ဝိစိကိစ္ဆာပုံားမျှားစေရန် ရေးသားခြင်းဖြင့် ဗုဒ္ဓ မြတ်စွာ၏ တရားတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည့် (ဥဇုဝိပစ္စနိကဝါဒ)ဖြစ် ကြောင်းကို အောက်ပါအရေးအသားက သက်သေခံလျက်ရှိပါသည်ဘုရား။

(ကြောင်ပန်းသုံးစောင်တွဲ စတုသစ္စာဒီပကာသနီကျမ်း နှာ-၈၃) ၌

> "နိဗ္ဗာန်ကိုရသည့် မရသည်အတွက်နှင့် ခန္ဓာငါးပါး သဘာဝတရား က လျော့ခြင်း နည်းခြင်း ၂ တိုးခြင်း ဆုတ်ခြင်းမရှိ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိလေသည်"

ဟု ရေးသားထားပါသည် ယင်းစကား၏ အဓိပ္ပါယ်မှာ နိဗ္ဗာန်ကို ရသည့်အတွက် ကြောင့် ခန္ဓာငါးပါးက လျော့နည်းမသွားပဲ နိဗ္ဗာန်ကို မရသည့်အတွက်ကြောင့် လည်း ခန္ဓာငါးပါး တိုးမလာဟု ဆိုလိုပါသည်၊ ထိုသို့ဆိုလျှင် ကြောင်ပန်းဝါဒီ တို့ကို မေးရမည်မှာ– "နိဗ္ဗာန်မရလို့ ခန္ဓာငါးပါး တိုးချဲ့တိုးပါစေဦး နိဗ္ဗာန်ရ လို့မှ ခန္ဓာငါးပါးမလျော့လျှင် ဘယ်တော့ ဒီခန္ဓာငါးပါး လျော့သွား ကုန်သွား မလဲ" ဟု မေးလိုပါသည်၊ ထိုသို့ဆိုခြင်းသည် ကြောင်ပန်းဝါဒီတို့သည် ဗုဒ္ဓ၏ တရားတော်ကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် နှစ်နှစ်ကာကာ ကိုယ်တွေ့မပေါက်ရောက် ကြောင်း ကိုယ်တွေ့မပေါက်ရောက်သော်လည်း ဒေသနာနှင့်မညီ–ကြံမိကြံရာ အကြံအဖန် တက္ကိဝါဒဖြင့် သူများထက်ထူးစေလိုရှိ ဖြန်းကာသန်းကာ ဟော သောတရားဖြစ်ကြောင်း ပေါ်လွင်စေပါသည်ဘုရား။

ထို့ပြင် "ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်းရှိ၏"ဟု ဆိုပြန်သဖြင့် ဤခန္ဓာ ငါးပါးသည် ခိုင်မြဲမဆွေး ကျောက်စာတိုင်ကဲ့သို့ ကူဋဋ္ဌော သေကဋ္ဌာယီ အဖြစ် ယူဆထားကြောင်း ဖော်ပြပြန်ပါသည်၊ ကြောင်ပန်းတောရဝါဒီတို့သည် ဤသို့

http://www.dhammadownload.com

ခန္ဓာငါးပါး အတိုင်းတိုင်းရှိသည်ဟု ယုံကြည်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်ကို "သဿတဒိဋ္ဌိ" အနှယ်ဖြစ်စေလျက် သဿတဒိဋ္ဌိဘက်သို့ ယိမ်းစေပြီး ဗုဒ္ဓဘာသာဝင်များ၏ သဒ္ဓါတရားကို ထင်ယောင်ထင်မှားဖြစ်စေခြင်းဖြင့် ဖျက်ဆီးခဲ့ကြပါသည်၊ နိဗ္ဗာန်ရောက်သောကြောင့် ခန္ဓာငါးပါး လျော့နည်းမသွားဟု ရှေးဆရာကဆိုသည်ကို နောက်ဆရာက ထပ်မံ၍–

"နိဗ္ဗာန်သို့ရောက်သောကာလ သတ္တဝါပြတ်၏၊ နောင်တဖန်ပြန်၍ သတ္တဝါမဖြစ်ပြီဟု သိမြင်ယူမှားမှုသည် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်း" ဟု

တတိယဆရာတော်ရေး ဗုဒ္ဓဘာသာဒီပနီကျမ်း (နှာ-၁၈) ၌ ရေးသားပြန်ပါသည်၊ ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့သည် ဤသို့ နိဗ္ဗာန်ရောက်ခြင်းကြောင့် ခန္ဓာငါးပါးမလျော့ နိဗ္ဗာန်ရောက်လျှင် သတ္တဝါမပြတ်၊ ခန္ဓာငါးပါးအတိုင်းတိုင်းရှိသည်ဟု ယူဆခြင်းဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကွဲပြားကြောင်း ထင်ရှားပါ၏သည်။

ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်နှင့်စပ်ဆိုင်၍ နိဗ္ဗာန်ရောက်နိုင်ရန် ဂုဏ်သတ္တိဖြစ်သော "တဏှာယ အသေသဝိရာဂနိရောဓော" လိုချင်တပ်မက်စဲလမ်းခြင်း တဏှာ၏အကြွင်းမဲ့အမြစ်ပြတ် ကင်းကုန်ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်တို့၏ဘဝနှင့် စပ်ဆိုင်သည့် အထင်ရှားဆုံးနှင့် အထိမိဆုံး အတိုဆုံး တရားတော်မှာ "အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ" ပင်ဖြစ်ပါ၏သည်၊ ဘုရားရှင်သည် ဤဒေသနာတော်ကို ပထမဦးဆုံး တရားပွဲဖြစ်သည့် ပဉ္စဝဂ္ဂီငါးဦးအား ဟောကြားတော်မူရာ၌ "သင်္ခါရလေးပါး တရားများကို မသိသေးမီ ဘုရားဟုဝန်မခံခဲ့၊ ယခု သိပြီး ဖြစ်၍ ဘုရားဟုဝန်ခံပြီ" ဟု ဟောကြားတော်မူပြီး မိမိဘုရားဖြစ်ရခြင်း၏ ဂုဏ်သတ္တိကို ထင်ထင်ရှားရှား အတိုဆုံးဖြင့် ပဉ္စဝဂ္ဂီငါးဦးအား နားလည်စေရန် ဖော်ပြတော်မူလို၍ "အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ—ဤဇာတိသည် နောက်ဆုံးဇာတိဖြစ်သည်၊ နောက်တဖန် ဘဝသစ်မဖြစ်တော့" ဟု ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်က(မိမိ၏)သန္တာန်၌တဏှာကင်းကုန်တော်မူခြင်းကြောင့် "ဤဇာတိ (ဖြစ်ခြင်း) သည် နောက်ဆုံးဇာတိ (ဖြစ်ပြင်း) ပါ၊ နောက်ထပ် ဘဝသစ်မဖြစ်နိုင်တော့" ဟု ဟောတော်မူပါလျက် ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့ကမူ "နိဗ္ဗာန်ကိုရောက်သည့်အတွက်နှင့် ခန္ဓာငါးပါးမလျော့၊ ခန္ဓာငါးပါးကခန္ဓာငါးပါးအတိုင်းရှိသည်" ဟုဆိုခြင်း နိဗ္ဗာန်ရောက်သောကာလ သတ္တဝါပြတ်၏ဟုယူလျှင် "ဥစ္ဆေဒဒိဋ္ဌိ" ဟုဆိုခြင်းတို့သည် ဘုရားရှင်၏ ဒေသနာတော် အလိုမကျရှိမျှမက ဘုရားရှင်ကိုပါ ဥစ္ဆေဒဒိဋ္ဌိ သမားဟု စွဲချက်တင်ရာ ရောက်ပါသည်။

http://www.dhammadownload.com

ဘုရားရှင်သည် ဘဝပြတ်ရခြင်းနှင့်ပတ်သက်၍ ဥစ္ဆေဒဒိဋ္ဌိ၏ ဘဝပြတ်ယူဆပုံ နိဗ္ဗာန်ရောက်သူ၏ ဘဝပြတ်ပုံတို့ကို ဒေသနာတော်တွင် အထင်အရှား ဟော ကြားတော်မူပါသည်၊ ဥစ္ဆေဒဒိဋ္ဌိ၏ ဘဝပြတ်ပုံမှာ "နိဗ္ဗာန်ရောက်ခြင်း မရောက် ခြင်း" နှင့် လုံးဝမစပ်ဆိုင်ပါ၊ ဥစ္ဆေဒဒိဋ္ဌိ၏ ဘဝပြတ်မှု ယုံကြည်ယူဆချက်သည် တဏှာဒိဋ္ဌိကိုအရင်းခံကာ လောကီစျာန်ရမ္မနှင့် စိတ်ကူးကြံဆမှုတို့ကြောင့်ဖြစ် သော ယုံကြည်ယူဆချက်သာ ဖြစ်ပါသည်၊ အချို့ လက်တွေ့ မျက်တွေ့ယုံ သ ဘောမျိုးဖြင့်ယုံကြည်ယူဆခြင်းမျိုးကြောင့်လည်း ဖြစ်တတ်ပါသည်၊ မည်သို့ဖြစ် စေ ဥစ္ဆေဒဒိဋ္ဌိဟူသည်မှာ ဤဘဝ ဤခန္ဓာ သေလျှင်ပြတ်၏၊ နောက်ဘဝမရှိဟု ယုံကြည်ခြင်းဖြစ်ပါသည်၊ ဤနေရာ၌ "ဤဘဝဤခန္ဓာ သေလျှင်ပြတ်၏" ဟူသည် မှန်ကန်သောအကျင့် မှန်ကန်သောအမြင် မှန်ကန်စွာပယ်ရှားအပ်ပြီးသော ကိ လေသာတရား တစုံတခုမျှမရှိပဲ တဏှာဒိဋ္ဌိတန်းလန်းဖြင့် မိမိနှစ်သက်၍ မခွာချင် အောင် စွဲယူခြင်းတို့ကြောင့်ယူထားသည့် အယူအဆသာဖြစ်ပါသည်၊ ထို့ပြင် "ခန္ဓာကိုယ်ကို အတ္တဟု စွဲယူကာ ဤအတ္တ သေလျှင်ပြတ်၏၊ နောက်ထပ်အတ္တ အသစ်မဖြစ်တော့"ဟု ယူဆခြင်းကို ဥစ္ဆေဒဒိဋ္ဌိဟုဆိုလိုပါသည်။

ဆိုလိုသည်မှာ လက်ရှိဘဝသေလျှင် ပြတ်၏၊ နောက်ထပ်ဘဝသစ်မဖြစ်၊ (နောက်ဘဝမရှိ)ဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသည်၊ နိဗ္ဗာန်ရောက်လျှင် ပြတ်၏ ဟူသောစကားနှင့် "သေလျှင်ပြတ်၏"ဟူသော စကားတို့သည် အလွန် ခြားနားပါသည်၊ နိဗ္ဗာန်ရောက်သူ၏ နောက်ဘဝမရှိခြင်းသည် နိဗ္ဗာန်ရောက် မည့်သူ၏စိတ်၌ မရှိချင်ကာမျှဖြင့် နောက်ဘဝမရှိခြင်း မဟုတ်ပါ။

ဘဝဖြစ်ဇကြောင်း တရားများကို မှန်ကန်စွာ ကျင့်ကြံပယ်ရှားခြင်း "ပဋိပတ္တိ-ဂ္ဂမ" ကျင့်စဉ်တို့ဖြင့် ဆုံးခန်းတိုင်ရောက် ပေါက်မြောက်ပြီး၍သော "နောက်ဘဝ မရှိခြင်း" ဖြစ်ပါသည်၊ ဘဝရှိချင်ခြင်း (ဘဝတဏှာ) ဘဝမရှိချင်ခြင်း (ဝိဘဝ-တဏှာ)တို့သည် တဏှာ၏ဂုဏ်သတ္တိများဖြစ်၍ "ဘဝမရှိချင်ခြင်း"သည်ပင်လျှင် ဘဝဖြစ်ခြင်း အကြောင်း၏ အရင်းအမြစ်ကြီး ဖြစ်နေပါသည်။

အကယ်၍ တစုံတယောက်က နောက်ဘဝ မရှိချင်တော့ဟု စိတ်ဖြစ်ကာမျှ တောင့်တကာမျှဖြင့် နောက်ဘဝကမရှိခြင်း ပြတ်သွားခြင်းမဟုတ်ပါ၊ "ပြတ်ရာ ပြတ်ကြောင်း"အကျင့်ကောင်းဖြစ်သည့်လမ်းမှန်ကိုဆုံးခန်းတိုင်ရောက် ကျင့်ကြံ ပြီးစီးမှသာလျှင် "ခန္ဓာသစ်ဟူသော ဘဝသစ်" မဖြစ်နိုင်တော့ခြင်းသည် ဗုဒ္ဓ မြတ်စွာ၏ ဒေသနာတော်အလိုကျဖြစ်ပါသည်၊ ဤသို့ကျင့်ကြံရန်နည်းလမ်းသည် ဗုဒ္ဓသာသနာတော်၌ စနစ်တကျတည်ရှိနေသော နည်းလမ်းမှလွဲ၍ အခြား သော "ကိုယ်ပိုင်နည်း" ဘာသာခြားနည်းတို့ဖြင့် ဘယ်လောက်ကျင့်ကျင့် မရနိုင်

http://www.dhammadownload.com

ပါ၊ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓ၏ နိဗ္ဗာန်တရားသည် ဗုဒ္ဓမှလွဲ၍ အခြားသူများ မဖော်ထုတ် မဟောပြောနိုင်သည့် "ဗုဒ္ဓသာသနာ တခုတည်းနှင့်သာ ဆိုင်သော နိဗ္ဗာန်" ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်၏ "နိဗ္ဗာန်ရောက်သူသည် ဘဝသစ်မဖြစ်"ဟူသော တရားတော်သည် ခန္ဓာငါးပါးယုတ်လျော့ခြင်း ကုန်ပျောက်ခြင်းကို ဆိုလိုပါသည်၊ နိဗ္ဗာန်တွင် သဉ္ဉပါဒိသေသ=ရဟန္တာတို့ ပရိနိဗ္ဗာန်မပြုမီ (ကိလေသာငြိမ်းပြီး)ရရှိသော နိဗ္ဗာန်အနုပါဒိသေသ=ကိလေသာပြတ်ငြိမ်းပြီးသောရဟန္တာ ပုဂ္ဂိုလ်တို့ ခန္ဓာဝန်ငြိမ်း ပရိနိဗ္ဗာန်ပြုပြီးရရှိသော နိဗ္ဗာန်ဟု ခွဲခြားဟောထားပါသည်၊ မည်သို့ဟောစေ ကြောင်ပန်းတောရ ဝါဒီအဆိုအရ "နိဗ္ဗာန်ရောက်လျှင် သတ္တဝါပြတ်၏"ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏ဟု ဆိုသောကြောင့် ဗုဒ္ဓမြတ်စွာ၏ အနုပါဒိသေသ နိဗ္ဗာန်ကြီးသည် ခရီးမရောက် ကိစ္စမပြီးမြောက်ပဲ သာမန်ပုထုဇဉ်တို့အတွက် အထင်လွဲမှားကာ ဗုဒ္ဓသာသနာအပေါ် သဒ္ဓါတရား ပျက်ပြားစေပါသည်၊ ထို့ကြောင့်ဆိုလျှင် ကြောင်ပန်းဝါဒီတို့က "သတ္တဝါ ဆိုတာ ပညတ်၊ ခန္ဓာငါးပါးက ပရမတ်၊ ပညတ်ဆိုတာ ပျောက်လို့မရဘူး"ဟု ငြင်းချက်ထုတ်ခဲ့လျှင်—

သတ္တောတိ ခန္ဓသန္တာနော၊တတ္ထ ဟိ သတ္တပညတ္တိ(သီ-ဋီ-ဟောင်း-၁၁၁)

သတ္တဝါဟူသည် ခန္ဓာအစဉ်ပင်ဖြစ်သည်၊ မှန်ပါသည်၊ ထိုခန္ဓာအစဉ်၌ သတ္တဝါဟု ပညတ်မှုဖြစ်ရပါသည်ဟု ဆိုသောကြောင့် ခန္ဓာမရှိလျှင် သတ္တဝါမရှိ၊ ခန္ဓာရှိလို့ သတ္တဝါရှိရပါသည်ဟု ဋီကာဆရာက ဘုရားရှင်အလိုကျအောင် ဖြေပြပါသည်၊ ဆက်၍ "ခန္ဓာငါးပါးကနိဗ္ဗာန်ရောက်သော်လည်းမပျောက်မစီးအတိုင်းတိုင်းကြီးရှိနေတဲ့အတွက် သတ္တဝါဆိုတဲ့ ပညတ်လည်းမပျောက်ဘူးဟု ဆက်ငြင်းလျှင် ဘုရားရှင်သည် ဘုရားဖြစ်ခါစ ဝမ်းမြောက်လွန်း၍ ဥဒါန်းကျူးစဉ်ကပင်လျှင်—

အနေကဇာတိသံသာရံ(ပ)တဏှာနံ ခယမဇ္ဈဂါ (ဓမ္မပဒ-၃၆)

ဘဝများစွာ ငါ့ခန္ဓာကိုပုံစံအမျိုးမျိုးဖြင့် ဆောက်လုပ်လာသောတဏှာခေါ်ငြား လက်သမားအင်ဂျင်နီယာ ယခုအခါ သင့်ကို ငါတွေ့ပြီ သင်ဆောက်လုပ်သော ခန္ဓာအိမ်၏ အမိုးအခြင်ရုနယ်ဟူသော ကိလေသာများ စုလစ်မွှန်ချွန်အချက်အခြာဟူသော အဝိဇ္ဇာတရားတို့ကို ချိုးဖဲ့ဖျက်ဆီးပြီးပြီဖြစ်၍ နောက်ထပ် သင်မဆောက်နိုင်တော့ပါဘူး၊ (ဆောက်နိုင်လျှင် ဆောက်စမ်းပါ)ဟု ကြွေးကြော်တော်မူခဲ့ပါသည်၊ထို့ပြင် ပထမဆုံး ဒေသနာဓမ္မစကြာ (ဓမ္မစက္ကပ္ပ-ဝတ္တန)သုတ်၌လည်း—

အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ—

http://www.dhammadownload.com

ဟူ၍လည်းကောင်း ထိုထိုသုတ္တန်အသီးသီး၌ ရဟန္တာဖြစ်ရပ်များ ဟော ကြားတော်မူ၍—

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယ-

ဟူ၍လည်းကောင်း ကိလေသာကုန်ခန်း ရဟန္တာဖြစ်သူတို့သည် ဇာတိဟူ သော ဘဝကုန်ပြီ ပြတ်ပြီ၊ ယင်းသို့ဘဝကုန်ရာအကျင့်ကောင်းကိုကျင့်သုံးပြီးပြီ၊ (ဘဝကုန်စေရန်အတွက် သတ်စရာတဏှာကိုသတ်ဖို့ လုပ်စရာမရှိအောင်) လုပ် စရာမှန်သမျှ လုပ်ပြီးပြီ၊ (တဏှာကိုသတ်ရန် မဂ်ကိစ္စ ၁၆-ချက်အတွက်) တခြား လုပ်စရာမရှိတော့ဟု ဟောကြားတော် မူပါသည်။

ထို့ပြင်—

ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌတိ၊ ယာဝဿ ကာယော ဋ္ဌဿတိ၊ တာဝ နံ ဒက္ခန္တိ ဒေဝမနုဿာ၊ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ န နံ ဒက္ခန္တိ ဒေဝမနုဿာ (ဒီ ၁၊၄၂)

ရဟန်းတို့ ငါဘုရားရှင်၏ အတ္တဘောဟုဆိုအပ်သော ရုပ်နာမ်အပေါင်းသည် ဘဝကို ဖြစ်စေတတ်သော တဏှာကင်းပြတ် ငြိမ်းပြီးဖြစ်၍ တည်နေ၏၊ (ထို့ကြောင့်) ငါဘုရား၏ ခန္ဓာကိုယ် တည်နေသရွေ့ (မပျက်မစီးမီ) သာလျှင် နတ်လူပြဟ္မာတို့သည် ဖူးမြင်ကြရမည်၊ ခန္ဓာကိုယ်ပျက်စီးပြီးသည်မှ နောက်၌ ငါဘုရားကို ဖူးမြင်ရတော့မည်မဟုတ် ဟု ဟောကြားတော်မူပါသည်။

ဘုရားရှင် ဟောတော်မူသည့် နိဗ္ဗာန်ရောက်သူ "ခီဏာ ဇာတိ" ဘဝကုန်ပြီး ဟူသော "ဘဝကင်းပြတ်ခြင်းသည်" အကြောင်းမဲ့ သဘ့်မန်စျာန်ရရုံမျှဖြင့် လည်းကောင်း အထင်အမြင် ကြံဆချက်ဖြင့် လည်းကောင်း ကာမဂုဏ် ချမ်း သာများ တရားလွန်ခံစားပြီး "ဒုစရိုက်တုံးကြီး" ဖြစ်သူများ၏ နောက်ဘဝကို မတွေးခေါ်ရဲ မမြော်မြင်ရဲသောကြောင့် ဘဝမရှိရဲသော ယူဆချက်ဖြင့် လည်းကောင်း ဟောတော်မူခြင်းမဟုတ်ပဲ အရဟတ္တ မဂ်ဉာဏ်၏ စွမ်းရည်ကို နည်းမှန်လမ်းမှန်ဖြင့် စနစ်ဘက္ကု ရရှိတော်မူပြီး ဟောတော်မူခြင်းသာ ဖြစ်ပါ သည်၊ ထို့ကြောင့် "ဝုသိတံ ဗြဟ္မစရိယံ" မြတ်သောအကျင့်ကို ကျင့်ပြီးပြီဟု ဟောတော်မူခြင်း ဖြစ်ပါသည်၊ အရဟတ္တမဂ်ဉာဏ်ကို မပွားရသေးသောကြောင့် ကေဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရဘဝတို့၌ ကေခန္ဓာ စတုခန္ဓာ ပဉ္စက္ခန္ဓာ (ရုပ်နာမ်) အပြားရှိသော ဇာတိဖြစ်ရပါသည်၊ ထိုဇာတိသည် အရဟတ္တမဂ်ကို ပွားများပြီးနောက် မဖြစ်ပေါ်နိုင်သော သဘောရောက်သွား သောကြောင့် (ဇာတိ) ကုန်သွားပါသည်၊ ဇာတိကို ထိုရဟန္တာ ဖြစ်သွား

http://www.dhammadownload.com

သော ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဘင်ဝနာ၏ ပယ်သတ်ပြီးသည့် ကိလေသာတို့ကို ဆင်ခြင်ကာ "ကိလေသာ မဖြစ်သည်ရှိသော် ထင်ရှားရှိသောကံသည်လည်း နောင် ပဋိသန္ဓေအကျိုးပေးခြင်း (ဘဝသစ်ကို ဖြစ်စေနိုင်သော သတ္တိစွမ်းအား) မရှိ" ဟု သိခြင်းဖြစ်ပါသည်။ (မဋ္ဌ ၁-၁၃၁)

ဥစ္ဆေဒဒိဋ္ဌိ၏ ဘဝပြတ်မှု=ဘဝနိရောဓ ယူဆပုံမှာ—

ထိုထိုရောက်ရာဘဝ၌ အကွာပြတ်၏ဟုယူဆကာ သေပြီးသည်နောက် ဘဝသစ်မဖြစ်ဟု ဘဝနိရောဓ ဘဝချုပ်ခြင်းကို ယူဆခြင်းဖြစ်ပါသည်၊ ရဟန္တာဆိုး၏ ဘဝနိရောဓ ဘဝချုပ်မှုမှာ ဤသို့ ရောက်ရာဘဝမှာ ဘဝပြတ်ပြီး နောက်ဆုပ်မဖြစ်ဟု ယူဆခြင်းမျိုး မဟုတ်ပါ၊ ကိလေသာကုန်ဆုံး ချုပ်ငြိမ်းသည်ရှိသော် ကံအကျိုးမပေးနိုင်သောကြောင့် ဖြစ်ရာ အကြောင်းမရှိတော့သဖြင့် (အလို အလျောက်) ဘဝသစ်မဖြစ်တော့ပဲ ချုပ်ငြိမ်းခြင်းကို ဆိုလိုပါသည်၊ ထိုသို့ ကိလေသာချုပ်မှုကြောင့် ကံအကျိုးမပေးနိုင်ခြင်းဟု မယူဆပဲ ထိုထိုရောက်ရာ ဘဝထူးကိုအကြောင်းပြုပြီး အတ္တပြတ်၏ဟု ယူဆပြီး ဘဝနိရောဓ ဘဝပြတ်၏ဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်သွားပါသည်။

ယခုမူ ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့က နိဗ္ဗာန်ရောက်လျှင် ဘဝနိရောဓ သတ္တဝါပြတ်၏ဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဟု ရေးသားသဖြင့် နိဗ္ဗာန်ရောက်သည့်တိုင် ဘဝမပြတ်နိုင်ပဲ ချာလည်လည် နေရဦးတော့မလို ဖြစ်နေပါသည်။

ဤနေရာတွင် ကြောင်ပန်းတို့က ယောင်ယမ်းကာ ဘဝနှင့် သတ္တဝါ မတူပါ၊ ခန္ဓာငါးပါးနှင့် သတ္တဝါ ပရမတ်နှင့် ပညတ် မတူပါဟု ငြင်းခဲ့ပါလျှင် ဝိနည်းဓိုရ် ဆရာတော်များမှတဆင့် မေးပါရစေဘုရား၊ "ခန္ဓာငါးပါးမရှိလျှင် သတ္တဝါ ဟူသော သတ္တပညတ် ဘယ်ကလာဖြစ်ပါသလဲ- ယခုအခါ ဗုဒ္ဓမြတ်စွာနှင့် ရဟန္တာများသည် ပရိနိဗ္ဗာန်ပြုပြီး၍ ၎င်းတို့၏ ခန္ဓာငါးပါး မရှိတော့ပါ၊ ကြောင်ပန်းအလိုအရ အကယ်၍ ခန္ဓာငါးပါး အတိုင်းတိုင်း ရှိသည်ဆိုလျှင် ဘုရားရှင်နှင့် ရဟန္တာတို့၏ ခန္ဓာငါးပါး ဘယ်မှာရှိသလဲ ရှာပြပေးစမ်းပါ" ဟု မေးလိုပါသည်။

ထိုသို့မေးလျှင် ကြောင်ပန်းဝါဒီတို့က ၎င်းတို့၏ ခြောက်စောင်တွဲ-သဘာဝဒီပနီ ကျမ်းကို ကိုင်ကာ စာမျက်နှာ-၁၅၁ ကို လှန်လျက်—

"သတ္တောကာသ သခ်ါရအားဖြင့် လောကသုံးပါးတို့တွင် သဝိညာဏက အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒ် ဌိ ဘင် ဖြစ်ပျက်စဉ် သခ်ါရ

http://www.dhammadownload.com

တရားတို့သည် ပရမတ္ထသဘာဝဟူသော အကြောင်းကြောင့် အဆုံးလည်းမရ၊ အစလည်း မရှိ နိယာမအားဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော သဘောတည်ရှိကုန်၏" ဟု ငြင်းဆိုခဲ့သည်ရှိသော် ယင်းသို့ ရှုပ်နာမ်ဟူသမျှ မသုဉ်းမဆိတ်တည်ရှိသည့် အယူအဆသည်—

သဿတော အတ္တာ စ လောကော စ ဝန္ဓျော ကူဋဋ္ဌော ဧသိကဋ္ဌာယ်-
ဋ္ဌိတော။ (ဒီ ၁-ဗြဟ္မဇာလ-၁၅)

အတ္တသည် လည်းကောင်း လောကသည် လည်းကောင်း မြဲ၏၊ (နွားမမြုံ၊ ထန်းပင်ဖိုကဲ့သို့) မြဲ၏၊ တောင်ထုတ်ကဲ့သို့ တည်၏၊ မလှုပ်မယိုင် တံခါးတိုင်ကဲ့သို့ တည်၏၊ "အတ္တိတွေဝသဿတိသမံ" လနေ မြင့်မိုရ်တောင်တို့ကဲ့သို့ အမြဲတမ်း တည်၏" ဟူသော သဿတဝါဒသို့ ရောက်သွားပါသည်၊ ထို့ကြောင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် နိဗ္ဗာန်ရောက်လျှင် ခန္ဓာငါးပါး အတိုင်းတိုင်း ရှိသည်၊ မပျက်မစီး မဆိတ်မသုဉ်း" ဟု ယူဆသဖြင့် သဿတဒိဋ္ဌိဝါဒသာ ဖြစ်ပါသည်။

အကယ်၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့က "ခန္ဓာငါးပါးကို မဆို၊ သတ္တဝါဟူသည် ပညတ်ဖြစ်သည်၊ ပညတ်သည် နိစ္စထာဝရ အသခ်္ခတမမြဲဖြစ်၍ "သတ္တဝါဟူသော ပညတ်"မပျောက်ကွယ်ခြင်းကိုသာ ဆိုပါသည် ဟု ဆိုပါလျှင် ထပ်မံ၍ မေးခွန်းထုတ်ရပါဦးမည် ဘုရား။

"အို- ကြောင်ပန်းဝါဒီ သတ္တဝါဆိုတာ ဘာကိုခေါ်ပါသလဲ၊ နိဗ္ဗာန်ရောက်၍မှ သတ္တဝါမပြတ်သေးလျှင် ဘုရားရှင်နှင့် ရဟန္တာတို့သည် မည်သည့် သတ္တဝါဖြစ်နေကြပါသလဲ ဦးကြောင်ပန်းတို့"ဟု မေးလိုပါသည်၊ ထိုသို့မေးလျှင် ကြောင်ပန်းဝါဒီတို့က ၎င်းတို့၏ ခြောက်စောင်တွဲ သဘာဝဒီပနီကြီး ကိုင်ပြီး (စာမျက်နှာ-၁၆၇) ကို လှန်ကာ—

ဘယ်ဟာတစ်မှ မရှိ မမြင်သော ကောင်းကင်ကိုသာ သတ္တဝါ ခေါ်သည်၊ ငါခေါ်သည်၊ ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်၊ ဤအဋ္ဌကထာပြဖော် အလိုတော်က "ဝိညာဏံ အနိဒဿနံ အနန္တံ သမ္ဗတောပဘံ"ဟူသော ပြဟ္မနိမန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည့်—

ဟု ငြင်းချက်ထုတ်လျှင် ကောင်းကင်ဟာ သတ္တဝါပေါ့၊ ကောင်းကင်ဟာ ငါပေါ့၊ ကောင်းကင်ဟာ ကိုယ်ပေါ့ဟု ဖြေဆိုခဲ့သော် "ကြောင်ပန်းတောရ ဝိပဿနာဝါဒ" ၏ အနှစ်သာရမှာ ပေါ်လွင်သွားပါပြီ ဘုရား။

http://www.dhammadownload.com

"အတ္ထိတ္ထေဝ သဿတိသမံ" လနေ မြင်းမိုရ်တောင် စသည်တို့ကဲ့သို့ အမြဲတည်သော အတ္တဟု ဆိုသော သဿတဒိဋ္ဌနှင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့၏ ဒိဋ္ဌိတို့သည် "မြေကြီးသည် မြဲသကဲ့သို့ ငါဟူသော အတ္တ မြဲ၏" ဟု ယူဆသည်နှင့် "ကောင်းကင်ကြီးဟာ နိစ္စထာဝရ အသခ်တ ဖြစ်သကဲ့သို့ ငါဟူသော ကိုယ်ဟူသော သတ္တဝါကြီးသည်လည်း မြဲ၏"ဟု ယူဆခြင်းသာ ဖြစ်၍ ဗြဟ္မဇာလသုတ်ပါ သဿတဒိဋ္ဌိက မြေကြီး, ကြောဇပန်းတောရ ဝိပဿနာဝါဒီတို့က ကောင်းကင်ညွှန်ပြမှု ဥပမာသာ ကွာခြားပြီး မြဲပုံချင်းမှာ အတူတူသာ ဖြစ်ပါသည်။

ဤနေရာတွင် ပါဠို ပိဋကတ်စာပေ မတတ်ကျွမ်းသူများက "ပြောမဲ့သာ ပြောတာ ကြောင်ပန်းကလဲ ဝိညာဏံ အနိဒဿနံ စတဲ့ ပါဠိအကိုးကြီးနဲ့" ဟု ထင်မြင်စရာ ဖြစ်ပါသည်၊ သို့သော် "ဝိညာဏံ အနိဒဿနံ"သည် ဗုဒ္ဓဝါဒအရ နိဗ္ဗာန်ကိုပြရာ ပါဠို၊ ကြောင်ပန်းတောရ ဝိပဿနာ ဝါဒီတို့က ကောင်းကင်ကို သတ္တဝါ ခေါ်ကြောင်း ငါခေါ်ကြောင်း ကိုယ်ခေါ်ကြောင်း ကိုးတဲ့နေရာဖြစ်၍ 'ခေတ်ပြားပြက်လုံးထဲက လူရွှင်တော် ပြောသကဲ့သို့ ပိဏ္ဍပါတံ သေမျိုးကိုးဗျ' ထဲက ဖြစ်သွားပါသည်၊ ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့သည် "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ"ကို အလွန်ခံတွင်းတွေ့ကာ မြန်မာသမားတော်ကြီး၏ လက်သုံး လျာပုတ်ဆေးကဲ့သို့ ရေလဲနှင့် အမျိုးမျိုး လှည့်သုံးခဲ့ပါသည်၊ ထို့ပါဠိကို ကြောင်ပန်းစာအုပ်များ၌ အကြိမ်ပေါင်း (၅)ကြိမ် ၅-နေရာမှာထက်မနဲ သုံးထားကြောင်း တွေ့ရပါသည်၊ ထို့ကြောင့် ကြောင်ပန်းတောရ ဝိပဿနာ ဝါဒီတို့၏ "နိဗ္ဗာန်ရောက်သောကြောင့် ခန္ဓာငါးပါး မလျော့၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိသည်" ဟူသော အယူအဆ၊ နိဗ္ဗာန်ရောက်သော ကာလ သတ္တဝါပြတ်၏ဟုယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဟူသော အယူအဆ၊ လောကသုံးပါးတွင် ရုပ် နာမ် မှန်သမျှ မသုဉ်းကောင်း မဆိတ်ကောင်း ဟူသော အယူအဆ၊ ကောင်းကင်ကို သတ္တဝါ ကိုယ် ငါခေါ်သည် ဟူသော အယူအဆတို့ကို အနှစ်ချုပ်လျှင် သတ္တဝါ မြဲသည်၊ သတ္တဝါသည် ဘယ်တော့မှ မပျက်စီး၊ ကမ္ဘာပျက်သည် ဖြစ်စေ နိဗ္ဗာန်ရောက်သည် ဖြစ်စေ ဖြစ်ချင်ရာဖြစ် သတ္တဝါခေါ် ငါနှင့် ခန္ဓာကြီးကတော့ မြဲကိုမြဲသည်ဟု ဆိုလိုရင်း အဓိပ္ပာယ် ရပါသည်။

ဘုရားရှင် ဒေသနာတော်အရ–

အရဟတော အနုပါဒိသေသ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တဿ စရိမက-
ဝိညာဏဿ နိရောဓေန ပညာ စ သတိ စ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ
ဂူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ၊ (စူဠနိဒ္ဒေသပါဠိ-၃၄)

http://www.dhammadownload.com

ရဟန္တာဗုဒ္ဓါလ်သည် အနုပါဒိသေသပရိနိဗ္ဗာန် ပြုသည်ရှိသော် နောက်ဆုံး ပဝိနိဗ္ဗာန စုတိ ချုပ်ခြင်းကြောင့် (ပရိနိဗ္ဗာနစုတိနှင့် တပြိုင်နက်) နာမ် ရုပ် ကရုဏာတို့သည် ကင်းပြတ်ချုပ်ငြိမ်းလေကုန်သည် ဟုလည်းကောင်း—

သဗ္ဗာ ဓာတုယော မဟာဗောဓိပလ္လင်္ကေ ရာသိဘူတော သုဝဏ္ဏက္ခန္ဓော ဝိယ ဧကဉ္ဇနာ ဟုတ္ဝာ ဆဗ္ဗဏ္ဏရသ္မိယော ဝိဿဇ္ဇေသွန်၊ တာ ဒဿသဟဿိ လောကဓာတုံ ဖရိသွန်၊ ဓာတူသု တေဇောဓာတု ဥဋ္ဌဟိတ္ဝာ ယာဝ ပြဟ္မ-လောကာ ဥဂ္ဂစ္ဆိသွတိ၊ သာသပမတ္တာယပိ ဓာတုယာ သတိ ကေ-ဇာလာဝ ဘဝိသွတိ၊ ဓာတူသု ပရိယာဒါနံ ဂတာသု ပစ္ဆိဇ္ဇိသွတိ။

(အဘိ ဋ္ဌ ၂-၄၁၄)

ထိုထိုအရပ်ဒေသရှိ ဘုရားရှင်၏ ဓာတ်တော်တို့သည် မဟာဗောဓိပင် အပဆုံတရွေ့ပလ္လင်တော်၌ တစုတဝေးတည်း ရှေတုံးရွေခဲကြီးကဲ့သို့ ဖြစ်ကာ ဆောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးကုန်လျက် လောကဓာတ်တသောင်းသို့ ပျံနှံ့လေကုန်သည်၊ ဓာတ်တော်တို့မှာ မီးတောက်လောင်၍ ပြဟ္မာ့ဘုံတိုင် မီး လျှံတက်သည်၊ အသေးငယ်ဆုံး မုန်ညင်းစေ့ခန့် ဓာတ်တော်မျှသည်ပင် မီးလျှံ ဖြစ်ကာ နောက်ဆုံးဓာတ်တော်တို့ ကုန်ဆုံးသောအခါမှ မီးငြိမ်း၏ ဟု လည်း ကောင်း ပါဠိတော် အဋ္ဌကထာများ၌ ဟောကြားဖွင့်ဆိုတော်မူသဖြင့် နိဗ္ဗာန် ရောက်သူအတွက် ခန္ဓာငါးပါး ကုန်ပျောက် ပျက်စီးသွားကြောင်း ထင်ရှား ပါသည်။

ကမ္ဘာဖျက် မီးလောင်သောအခါ (အာဘဿရာဘုံသို့တိုင် လောင်သွား ရာ၌) ပရမဘဏ္ဍု မြို့ခန့်မျှသော သခ်ါရတရားပါမကျန် လောင်မြိုက်သွားကာ သခါရတရားကုန်မှ ထောပတ်ဆီမီးငြိမ်းသလို ပြာမျှမကျန် ငြိမ်းလေသည်၊ ထိုအခါ အထက်ကောင်းကင်နှင့် အောက်ကောင်းကင်တို့သည် (ကမ္ဘာကြီး မရှိတော့သဖြင့်) တစပ်တည်းဖြစ်ကာ ဆက်စပ်သွားပြီး လုံးဝ မှောင်ကျသွား ပါတော့သည်။ (ဝိသုဒ္ဓိ ဋ္ဌ-၂-၄၆)

ထိုအခါ၌ အကယ်၍ အခြားရဟန္တာတို့၏ ဓာတ်တော်တို့ ကြွင်းကျန်သေး သော် ကမ္ဘာဖျက်မီး၏ အရှိန်ကြောင့် လုံးဝပျောက်ငြိမ်း၍ စခန်း သိမ်း သွားရသည်သာ ဖြစ်ပါသည်။

ဖော်ပြပါ အချက်အလက်များအရ နိဂုံးယှဉ်ပြရပါလျှင်—

ကြောင်ပန်း ဝါဒက – နိဗ္ဗာန်ကို ရသော့ကြောင့် ခန္ဓာမလျော့

ဗုဒ္ဓဝါဒက — နိဗ္ဗာန်ကို ရသောကြောင့် ခန္ဓာလျော့

http://www.dhammadownload.com

ကြောင်ပန်း ဝါဒက — နိဗ္ဗာန်ကို ရောက်သော်လည်း ခန္ဓာမြဲ–
အတိုင်းတိုင်းရှိ

ဗုဒ္ဓဝါဒက – နိဗ္ဗာန်ကိုရောက်သော် ခန္ဓာချုပ်

ကြောင်ပန်း ဝါဒက – နိဗ္ဗာန်ရောက်သော်လည်း သတ္တဝါဖြစ်

ဗုဒ္ဓဝါဒက – နိဗ္ဗာန်ရောက်သော် သတ္တဝါမဖြစ်

ကြောင်ပန်း ဝါဒက — သတ္တဝါဟူသည် ကောင်းကင်

ဗုဒ္ဓဝါဒက – သတ္တဝါဟူသည် ရုပ်+နာမ်–

စသည်တို့ဖြင့် အလွန်တရာ ကွာခြားလှကြောင်း ဖော်ပြပါ ပါဠိ အဋ္ဌကထာတို့ အရ သိသာ ထင်ရှားပါသည်။

ထိုသို့ ဘုရားရှင်က ဘုရားရှင်နှင့်တကွ နိဗ္ဗာန်ရောက်သူ ရဟန္တာတို့၏ နိဗ္ဗာန် ရောက်လျှင် "ဓိဏာ ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"ဟု ကြိမ်ဖန်များစွာ ဟော တော်မူသည်ကို လည်းကောင်း၊ နောက်ဆုံးအမျှားကြည်ညိုကာ ကုသိုလ်ပွားစေရန် ချန်ထားခဲ့သော ဓာတ်ကြွင်းဓာတ်တော် ဥတုဇရုပ်တို့သည် ဓာတုပရိနိဗ္ဗာန်ပြုခြင်း အခြားရဟန္တာတို့၏ ဓာတ်တော်များသည် ဓာတုပရိနိဗ္ဗာန်မပြုသေးပဲ ကြွင်းကျန်သေးလျှင်ပင် ကမ္ဘာဒျက်မီးဖြင့် လောင်ကျွမ်းစေနိုင်ခြင်းတို့ဖြင့် မကြွင်းမကျန်ကုန်ပျောက်ကြောင်း ဖွင့်ဆိုတော်မူသည်ကို လည်းကောင်း (မသိကျိုးကျန်ပြုကာ) ကောင်းကင်ထဲကို လက်ညှိုးထိုးပြလျက် သတ္တဝါပြော လိုပြော ငါပြောလိုပြော ခန္ဓာမြဲသည်ဟုဆိုလိုဆို ပရမတ္ထသဘောကြောင့် ရုပ်နာမ် မသုဉ်းကောင်း မဆိတ်ကောင်းဟု ရေးလိုရေးဖြင့် ရမ်းချင်ရာ ရမ်းနေသော ကြောင်ပန်းတောရဝိပဿနာဝါဒသည် သဿတဒိဋ္ဌိဝါဒသာဖြစ်ကြောင်း ထင်ရှားပါသဖြင့် အဓမ္မဝါဒ ဖြစ်ပါကြောင်း ဝိတ္ထာရ စောဒနာအမှတ် (၇) အဖြစ် တင်သွင်းလျှောက်ကြားပါသည် အမှတ် ၃၊ နိုင်ငံတော်သီးခြားဝိနည်း ဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဝိတ္ထာရစောဒနာ အမှတ် (၉)

ကြောင်ပန်းစတာရဝါဒသည် ဘုရားရှင်၌ "ဝိညာဏ်လိမ်ရှိသည်"ဟု လည်း ကောင်း ပုဗ္ဗေနိဝါသ ဉာဏ်တော်ကို သညာဟုလည်းကောင်း ရေးသားဟော ပြောခြင်းဖြင့် ဘုရားရှင်၏ ဗောဓိဉာဏ်တော်ကို စွပ်စွဲသော အဿဘဝိကွန်ဝါဒ ဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရ စောဒနာပါဘုရား။

ရှိသေစွာ လျှောက်ကြားတင်သွင်းပါသည် အမှတ် (၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်အရှင်မြတ်များဘုရား။

http://www.dhammadownload.com

ကြောင်မန်းတောရဝါဒီတို့သည် ဘုရားရှင်၏ ဗောဓိညာဏ်တော်သည် ကိလေသာကို ကုန်စင်အောင် မပယ်နိုင်သေးကြောင်းကို ရည်ရွယ်ကာ ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိသေးသည်ဟု ရေးသားဟောပြောခဲ့ ကြပါသည် ဘုရား၊ ယင်းဆို ဝိညာဏ်လိမ် ရှိကြောင်းကို အရှင်ကောဝိဒ၏ နာမ်းလာက ဝိပဿနာအလင်း ဆောင်ကျမ်း (၂၆/၂၇) ၌—

> ဝိညာဏ်လိမ်ကတော့ လိမ်ပါစေ၊ ဘုရားတောင်မှ လိမ်သေးတာပဲ၊ အဆင်းခေတ်သား ပရမတ်တရားကို မြတ်စွာဘုရား၌ မျက်လုံးတော်က သေသေချာချာ မြင်ရပါလျက် ရာဟုလာလို့ စိတ်ပေါ်လာတဲ့အတွက် ချစ်သားရာဟုလာလို့ နှုတ်တော်က ခေါ်ရတယ်မဟုတ်လား—
>
> မှန်ပါ ဝိညာဏ်လိမ်သက်တွင်းက မကင်းသေးလို့ နှုတ်တော်က ခေါ်ရပါဘုရား—

ဟု တရားဟောနှင့် တရားထောက်တို့နှစ်ဦး "အပေးအယူမျှ" ကာ ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိကြောင်း ရေးသားထားပါသည်။

ဤသို့ရေးသား ဟောပြောခြင်းဖြင့် ဘုရားရှင်၏ ဗောဓိညာဏ်တော်သည် စိညာဏ်လိမ်ဟူသော စိတ္တဝိပလ္လာသကို မပယ်ရှားနိုင်သေးကြောင်း လောကခံ အာရုံနှင့်တွေ့ကြုံလျှင် "ဘုရားရှင်ပင် တုန်ခါရသေးကြောင်း" ကို ဖော်ပြစွပ်စွဲထား ခြင်းသာ ဖြစ်ပါသည်။

ဘုရားရှင်သည် အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ကိလေသာကို ပယ်ဖျက် သုတ်သင်ခဲ့ရာ၌ မည်သူထံကမျှ နည်းမခံ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်သာ ပယ်ရှားတော်မူခဲ့ရာ ဤသို့သော ကိလေသာကိုမျှ မပယ်သတ်နိုင်သေးလျှင် ဝါသနာနှင့်တကွ ပယ်သတ်တော်မူပြီးသော ဂုဏ်သည် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်နှင့် မတန်မရာ သာမန်ပုထုဇဉ်တို့ ဉာဏ်အမြင်၌ အထင်အမြင်သေး ရွှပ် ထွေးစရာကို ဖြစ်စေပါသည်။

ဘုရားရှင်လို သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် မဆိုထားဘိ သာမန်ရဟန္တာဖြစ်ကြ သောအရဟတ္တမဂ်ဉာဏ်ပိုင်ရှင်တို့သည်ပင် မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ဆိုင်ရာဝိပလ္လာသများကို ပယ်ရှားခဲ့ပြီးဖြစ်၍ ဝိညာဏ်လိမ်ခေါ် စိတ္တဝိပလ္လာသကို ပယ်သတ်ပြီး ဖြစ်ပါသည်၊ မဂ်ဉာဏ်၏သတ္တိသည် အတ္တနှင့်ကပ်၍ လိမ်နေကြသော ဒိဋ္ဌိ=အယူ အဆ, သညာ=အမှတ်အထင်, စိတ္တ=အသိစိတ်တို့၏ ဖောက်ပြန်လိမ်လည်မှု ဝိပလ္လာသ ထို့ကို "သူအဆင့်နှင့်သူ" ပယ်ရှားခဲ့ကြောင်း ဘုရားရှင် ဟောကြား တော်မူခဲ့ပါသည်။

http://www.dhammadownload.com

ထိုသို့ မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ပယ်သတ်တော်မူခဲ့ကြောင်းကို–

သောတာပန်ပုဂ္ဂိုလ်သည် အနိစ္စ၌ နိစ္စဟု စွဲယူထင်မှတ်ထားသော သညာ-ဝိပလ္လာသ=အမှတ်မှား, စိတ္တဝိပလ္လာသ=အသိမှား, ဒိဋ္ဌိဝိပလ္လာသ=အယူမှား (၃) ခုစလုံး အနတ္တ၌ အတ္တဟု စွဲယူထင်မှတ်ထားသော သညာဝိပလ္လာသ=အမှတ်မှား, စိတ္တဝိပလ္လာသ=အသိမှား, ဒိဋ္ဌိဝိပလ္လာသ=အယူမှား(၃)ခုလုံး–

ဒုက္ခ၌ သုခဟု စွဲယူထင်မှတ်ရာ၌မူ ဒိဋ္ဌိဝိပလ္လာသ=အယူမှား, အသုဘ၌သုဘဟု စွဲယူထင်မှတ်ရာ၌ ဒိဋ္ဌိဝိပလ္လာသ=အယူမှား, ဤ ဝိပလ္လာသ ဖောက်ပြန်မှု (၈)ပါးတို့ကို သောတာပတ္တိမဂ်ဉာဏ်စွမ်းဖြင့် ပယ်ရှားခဲ့ပါသည်။

သကဒါဂါမ်သည် အသုဘ၌ သုဘဟု စွဲယူထင်မှတ်သော သညာ+စိတ္တ+ဝိပလ္လာသ(၂)ခုကို ခေါင်းပါးရုံသာလုပ်နိုင်ပါသည်၊ အပြီးသတ်မပယ်နိုင်ပါ။

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂကို ပယ်သောကြောင့် အသုဘ၌ သုဘဟု စွဲယူထင်မှတ်သော (သောတာပန်၏ လက်ကျန်)ဝိပလ္လာသ (၄)ခုထဲမှ သညာဝိပလ္လာသ=အမှတ်မှားနှင့် စိတ္တဝိပလ္လာသ=အသိမှား (၂)ခုကို အနာဂါမိမဂ်ဉာဏ်စွမ်းအားဖြင့် ပယ်ရှားခဲ့ပါသည်၊ ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာကင်းပြတ်သောကြောင့်(အနာဂါမ်၏ လက်ကျန်ဖြစ်သော) ဒုက္ခ၌ သုခဟု စွဲယူ ထင်မှတ်သော သညာဝိပလ္လာသ=အမှတ်မှားနှင့် စိတ္တဝိပလ္လာသ=အသိမှား (၂)ပါးကို ထပ်မံပယ်ရှားလိုက်သောအခါ ရဟန္တာဘုဂ္ဂိုလ်၌ ဝိပလ္လာသ(၁၂)ပါး ကင်းကွာသွားပါတော့သည်။

(ပဋိသမ္ဘိဒါမဂ္ဂပါဠိ ၂၇၄။ဋ္ဌ-၂-၁၇၉။အံ၊ဋီ၊ ၂-၃၀၄။)

ဤသို့ ကိလေသာတရား ဝိပလ္လာသ(၁၂)ပါးတို့ကို အရဟတ္တမဂ်ဖြင့် ပယ်ရှားပြီး၍ ကိလေသာလက်ကျန် လုံးဝမရှိ အမြစ် အငုတ်ပါ မကျန်တော့ပဲ ကိလေသာမှ ကင်းစင်သည့် သာမန်ရဟန္တာမျှသည်ပင် ဝိပလ္လာသခေါ် အထင်မှား အယူမှား အသိမှားတို့ကို ပယ်သတ်နိုင်ပြီးဖြစ်ပါလျက် သဗ္ဗညုတ ဉာဏ်တော်ပိုင်ရှင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကိုပင် ဝိညာဏ်လိမ်ရှိသည်ဟု ဆိုသော ကြောင်ပန်းတောရဝါဒသည် ဗောဓိညာဏ်တော်ကိုစွပ်စွဲသော အဿဘစိကန္နဝါဒသာ ဖြစ်ပါသည်။

ဘုရားရှင်သည် "ရာဟုလာ" "အာနန္ဒာ" စသည်ဖြင့်လောကသမ္မုတိပညတ်ကိုလည်း ပယ်ရှားတော်မမူခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် ပယ်ရှား၍လည်း မဖြစ်သဖြင့် မပယ်ရှားခြင်းသာဖြစ်ပါသည်၊ တဏှာဒိဋ္ဌိမာနတို့ဖြင့် သုံးသပ်စွဲလမ်း၍လည်းကောင်း တစုံတခုသော ကိလေသာ၏ အလိမ်အလှည့်ခံရကာ ထုံမှိုင်းသွားခြင်းဖြင့်လည်းကောင်း ခေါ် ဝေါ် ခြင်းမဟုတ်ပါ၊ ဘုရားရှင်ကိုယ်တော်မြတ်

http://www.dhammadownload.com

သည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ၂-ပါးလုံးကို "သူနယ်နှင့်သူ" ကန့်သတ်၍ အသုံးချနိုင်စေရန် ဟောကြားတော် မူပါသည်၊ ဤသို့ သမ္မုတိသစ္စာခေါ် သမ္မုတိဒေသနာကို ဟောကြားခေါ် ဝေါ် အသုံးပြုပါသော်လည်း ဘုရားရှင်သည် တဏှာမာနဒိဋ္ဌိတို့ဖြင့် သုံးသပ်စွဲလမ်းမှု လုံးဝမရှိခဲ့ပါ၊ သာမန်ပုထုဇဉ် လောကီလူအများတို့သည် တဏှာမာနဒိဋ္ဌိတို့ကို မပယ်ရသေးသောကြောင့် 'ငါ-ငါ့ဟာ' စသည်ဖြင့် တဏှာမာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်ကာ ခေါ် ဝေါ် သုံးနှုန်းကြပါသည်၊ ဘုရားရှင်သည် လောကအသုံးအနှုန်းနှင့် ကင်းလျှင် လောကအနက်သဘောကို နားမလည်နိုင်မသိနိုင်ခဲ့သော် အခက်အခဲရှိနိုင်သောကြောင့်သာ (တဏှာမာနဒိဋ္ဌိတို့ဖြင့် လုံးဝမသုံးသပ်ပဲ) သုံးနှုန်းတော်မူခဲ့ပါသည်၊ ထို့ကြောင့် ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိ၍ (ဝါ၊ ဝိညာဏ်၏ အလိမ်ကို ခံရ၍ မဟုတ်ပဲ ဒေသနာဝိလာသ လောကသမညာအဖြစ်ဖြင့်သာ သုံးနှုန်းတော်မူ၍ သမ္မုတိဒေသနာကို ဟော တော်မူခြင်းဖြစ်ပါသည်။

ထိုသို့ သမ္မုတိဒေသနာ ပဂ္ဂလကထာကို ဟောတော်မူရခြင်း၏ အကြောင်းမှာ (ဂ)မျိုးရှိပါသည်၊ ထို(ဂ)မျိုးတို့မှာ အရှက်အကြောက်ကို ပြလိုခြင်း ကံအကျိုးတရားကိုပြလိုခြင်း ပုဂ္ဂိုလ်တဦး၏ ပြုလုပ်ပုံကိုပြလိုခြင်း ပဋ္ဌာနန္တရိယကံကြီး ထိုက်ပုံကို ပြသိုခြင်း မေတ္တာစသည့် ဗြဟ္မစိုရ်တရားကို ပြလိုခြင်း ပုဗ္ဗေနိဝါသ (ရှေးဘဝဟောင်းအကြောင်းအရာကို)ပြလိုခြင်း အလှူ၏ စင်ကြယ်မှုကို ပြလိုခြင်း လောကသမ္မုတိကို မပယ်လိုခြင်းတို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါနှင့် စပ်ဆိုင်သော "ရာဟုလာ"စသော အမည်နာမ ပညတ်များကို ခေါ် ဝေါ် သုံးစွဲ တော်မူပါသည်။

ထိုအကြောင်းအရာ (ဂ)မျိုး တို့တွင် တမျိုးမျိုးကြောင့်သာ လောကဝေါဟာရကို သုံးစွဲတော်မူရခြင်းဖြစ်ပါသည်၊ ကြောင်ပန်းဝါဒီဆိုသလို "ဝိညာဏ်လိမ် လက်တွင်းက မလွတ်ကင်းသေး" လို့ မဟုတ်ပါ။

အကယ်၍ ဝိညာဏ်လိမ် မရှိလျှင် "ရာဟုလာ"စသည်ဖြင့် မခေါ် ရပါဟုဆိုခဲ့သော် "လောကဥ် ခန္ဓာငါးပါး ရုပ်နာမ်တရားသာ ပရမတ်အားဖြင့် အရှိတရားဖြစ်၍ လူ့ လောကရှိ သတ္တဝါအားလုံးသည် ခန္ဓာငါးပါး ရုပ်နာမ်တရားချည်းသာ ဖြစ်ပါသည်၊ ထိုအခါ သုံးနှုန်းရာ၌ 'ခန္ဓာငါးပါး'အရှိတရားကိုသာ စွဲခေါ် ရလျှင် သမ္မုတိအားဖြင့် ခွေးကိုလူက ရိုက်သည်ဟုပြောရာ၌ခွေးနှင့်လူ ဟူသည် ပရမတ်အားဖြင့် မရှိ၍ ပရမတ်အရှိတရားဖြစ်သော "ခန္ဓာငါးပါး"ချင်း ရောနှော သွားကာ "ခန္ဓာငါးပါးကို ခန္ဓာငါးပါးက ရိုက်သည်"ဟုပြောရပါမည်၊ ထိုအခါ လောကဥ် မရှင်းနိုင်သော ပြဿနာပေါင်းများစွာ ရှိလာပါမည်၊ ထို့ကြောင့် ဘုရားရှင်သည် အရှက်အကြောက်ကို ထိန်းသိမ်းစေလိုစ့မျိုးတွင် "ခန္ဓာငါးပါးက

http://www.dhammadownload.com

အကုသိုလ်ကို ရွက်ကြောက်တယ်"ဟု ဟောခဲ့သော် လူနားမလည်နိုင်ပဲ တွေဝေမိန်းမောကာ ရန်သူဖြစ်သွားစေပါသည်၊ "မိန်းမ, ယောကျ်ား, မောင်ဖြူဟာ အရွက်အကြောက်ရှိတယ်"ဟုပြောမှသာ လူနားလည်ပြီး တွေဝေမှု ကင်းသွားနိုင်ပါသည်။

ထို့အတူကံအကျိုးတရားဟောလိုရာမျိုးတွင်လည်း'ခန္ဓာသည်ကံသာလျှင်ဥစ္စာရှိ၏'ဟုလည်းကောင်း၊ ခန္ဓာသည် ကျောင်းဆောက်သည်, ဓာတ်တရားကအစမေသတ်သည်,ရုပ်နာမ်က မေတ္တာပို့သည်,ရုပ်နာမ်က ရှေးဘဝကို အောက်မေ့သည်, ရုပ်နာမ်က အလှူခံသည်စသည်တို့ဖြင့် ခန္ဓာ အာယတန ဓာတ် ရုပ်နာမ် ဆိုသည့် အသုံးအနှုန်းဖြင့်သာ ပြောဆိုသုံးနှုန်းခဲ့ပါမူ လူအများ နားမလည်နိုင်ပဲ တွေဝေမိန်းမောပြီး ဆန့်ကျင်ဘက်အဖြစ် ရန်မူလာကြမည်မှာ သဘာဝဓမ္မတာပင်ဖြစ်ပါသည်၊ သူနားမလည်သောစကားကို ပြောဆိုလာသဖြင့် စိတ်ရှုပ် တွေဝေကာ ရုပ်နာမ်က ဘယ်လိုအလှူခံနိုင်မလဲ စသည်ဖြင့် ဆန့်ကျင်ကာ ရန်မူလာခြင်းဖြင့် ပြဿနာများ ရှုပ်ထွေးကုန်ပါမည်။

ထို့ပြင် ဘုရားရှင်တိုင်းသည် လောကသမ္မုတိကို ပယ်စွန့်ရှိုးမရှိကြပါ၊ လောက၏ ပြောရိုးဆိုစဉ် စကားများအပေါ် တည်ပြီးသာလျှင် တရားဓမ္မဟောပြတော်မူပါသည်၊ ထို့ကြောင့် 'ချစ်သားရာဟုလာ' စသည်ဖြင့် သမ္မုတ်ကထာကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ပြီး ဝိညာဏ်၏ အလိမ်ခံရသောကြောင့် မဟုတ်ပါ။

ဘုရားရှင်၌ တဏှာမာနဒိဋ္ဌိတို့ဖြင့် မသုံးသပ်ပဲ လောက၏ ပြောရိုးဆိုစဉ် လောကပညတ်များကို ခေါ် ဝေါ် သုံးနှုန်းတော်မူကြောင်းကို–

> ဣမာ ခေါ စိတ္တ လောကသမညာ လောကနိရုတ္တိယော လောကဝေါဟာရာ လောကပညတ္တိယော၊ ယာဟိ တထာဂတော ဝေါဟရတိ အပရာမသန္တိ။ (ဒီ.၁.၁၈၆)

'စိတ္တ–အမည်ပညတ်တို့ကို ငါဘုရားသည် တဏှာမာနဒိဋ္ဌိတို့ဖြင့် မှားမှားယွင်းယွင်း သုံးသပ်တော်မမူပဲ လောကဌ် ညီညီညွတ်ညွတ် အသိအမှတ်ပြုအပ်သော အမည်ပညတ် လောကဌ်ထုတ်ဖော် ပြောကိုကြသောစကား လောကဌ် ခေါ် ဝေါ် သုံးနှုန်းနေကြသော အမည်ပညတ် လောကဌ် ကွဲပြားစွာ သိစေတတ်သော အမည်ပညတ်စကားများကို ခေါ် ဝေါ် သုံးနှုန်းသည်'ဟု ဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူပါသည်။

http://www.dhammadownload.com

ထို့ပြင် ကိလေသာကင်းစင်သော ရဟန္တာများသည်လည်း လောကီပုထုဇဉ် လူအများကဲ့သို့ တဏှာ ဒိဋ္ဌိ မာနတို့ဖြင့် မသုံးသပ် မစဲ့လမ်းမဲ့ လောကဝေါဟာရ ပြောရိုးပြောစဉ် ခေါ်ရိုးခေါ်စဉ်စကားများဖြစ်၍သာ ခေါ်ဝေါ်ပြောဆိုခြင်း ဖြစ်ကြောင်းကိုလည်း –

ပဟီနမာနဿ န သန္တိ ဂန္ထာ၊
ဝိမုပိတာ မာနဂန္ထဿ သဗ္ဗေ။
သ ဝီတိဝတ္တော မညတံ သုမေဓော၊
အဟံ ဝဒါမီတိ ပိ သော ဝဒေယျ။
မမံ ဝဒန္တီတိ ပိ သော ဝဒေယျ၊
လောကေ သမညံ ကုသလော ဝိဒိတ္ဝာ။
ဝေါဟာရမတ္တေန သော ဝေါဟရေယျာတိ။ (သံ-၁၊၁၄)

မာနကုန်ပြီး၍ ဂန္ထတရားပါမကျန်တော့အောင် မာနနှင့်ဂန္ထတရားတို့ကိုဆုံးမ ပယ်ရှားပြီးသော ရဟန္တာပုဂ္ဂိုလ်အား တဏှာမာနဒိဋ္ဌိတို့ဖြင့် အောက်မေ့ မှတ်ထင်ခြင်းကို လွန်မြောက်ပြီးသောကြောင့် 'ငါပြောဆိုသည်၊ ငါ့ကိုပြောတာပဲ' ဟု ပြောဆိုသုံးနှုန်းခြင်းမျိုးသည် လောကအသုံးအနှုန်းကို ကျွမ်းကျွမ်းကျင်ကျင် သိပြီး၍ 'ပြောဆိုရုံမျှ' ပြောဆိုခြင်းသာဖြစ်ပါသည်ဟု ဟောကြားတော်မူသဖြင့် သူလိုကိုယ်လို တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ် မစဲ့လမ်းဟု ဆိုလို ပါသည်။

ဘုရားရှင်၏ 'ချစ်သား....ရာဟုလာ'ဟု ခေါ်ဝေါ်ခြင်းကို ဝိညာဏ်၏အလိမ် ခံရသည်ဆိုသော ကြောင်ပန်းတောရဝါဒီတို့၏ စကားသည် ဘုရားရှင်၏ အင်္ဂုတ္တရသုတ္တန္တမဂ္ဂဝဂ်၏ (၁ဂ) ပါးတွင်–

ဘဂဝတော ဿဒ္ဓံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ၊ သဒ္ဓံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ၊ သဒ္ဓံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ (ဝိဘင်္ဂမူလဋ္ဌီကာ နှာ-၂)

ဘုရားရှင်၏ ကာယကံ ဝစီကံ မနောကံတို့သည် ဉာဏ်ပညာရှေ့သွား ရှိ၏၊ ဉာဏ်နောက်သို့သာ အစဉ်လိုက်၏ဟု ဖွင့်ဆိုတော်မူပါသည်၊ ဘုရားရှင်၏ ကိုယ် နှုတ် နှလုံး သုံးပါးလုံးသည် ဉာဏ်ဦးမစီးသောအခါ မရှိ၊ ဉာဏ်ပါတော်မူသည် ချည်းသာဖြစ်ပါသည်၊ ဉာဏ်နောက်သို့သာ ကိုယ် နှုတ် နှလုံး (သုံးပါးလုံး) လိုက် တော်မူကြပါသည်၊ သတိချုတ်ယွင်းမှုကင်းရန်မှာ စဉ်းစားရန်မလိုပါ၊ထို့ ကြောင့် ဘုရားရှင်၏ 'ချစ်သားရာဟုလာ' ဟု ခေါ်ဝေါ်ခြင်းကို 'ဝိညာဏ်လိမ်'ဟု ဆိုခြင်း သည် 'သတိကင်းလွတ်ကာ ဉာဏ်မပါ ဉာဏ်နှင့် စိတ်ကင်းကွာသောကြောင့်

http://www.dhammadownload.com

ဝိညာဏ်၏ အလိမ်ခံရသည်'ဟု ဘုရားရှင်၏ ဗောဓိဉာဏ်တော်အား စွပ်စွဲသော ဝါဒဖြစ်ကြောင်း ထင်ရှားပါ၍ ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် ဘုရားရှင်အား စွပ်စွဲသော အဇ္ဈာစီကွန်ဝါဒဖြစ်ကြောင်းပါဘုရား။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရိဿရာတော်များဘုရား....

ကြောင်ပန်းတောရဝါဒီတို့သည် ဘုရားရှင်အား ဝိညာဏ်လိမ်ရှိသည်ဟု စွပ်စွဲရုံမျှမကသေးပဲ ဘုရားရှင်၏ လေးသခ်ျကမ္ဘာတသိန်း သိမြင်တော်မူခြင်းကို လည်း ဒေဘိညာဏ် (ဉာဏ်ထူး)ဟု မယူဆပဲ စာလာပေလာ ဒေသနာတော်နှင့် ဆန့်ကျင်စွာ 'သညာကွန္ဓာ' သညာအဖြစ်ကေဒဲက်ယူ၍ ခြောက်စောင်တဲ့ သုံးလေးကဒီပန်ကျမ်း (၂၀၃-၂၀၄)၌-

> အမြတ်အာဒါးဖြင့် ဘုရားရဟန္တာတို့တွင် ပကတိသာဝကရဟန္တာတို့၏ သညာတော်မှာ ကမ္ဘာရာထောင်ကိုလည်း မှတ်မိသိမြင် တော်မူရာ၏၊ မဟာသာဝကရဟန္တာတို့၏ သညာတော်မှာ ကမ္ဘာတသိန်း ကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊ ပစ္စေကဗုဒ္ဓါတို့၏သညာတော်မှာ နှစ်သခ်ျနှင့် ကမ္ဘာတသိန်းကိုလ်ည်း မှတ်မိသိမြင်တော်မူရာ၏၊ သမ္မာသမ္ဗုဒ္ဓ ဘုရားတို့၏သညာတော်မှာ လေးသခ်ျနှင့် ကမ္ဘာတသိန်း၊ ရှစ်သခ်ျ၊တဆယ့် ခြောက်ထခ်ျ၊ သခ်ျနှစ်ဆယ်၊ ကမ္ဘာတသိန်းစသည်ဖြင့် မှတ်မိ သိမြင်တော်မူရာ၏ဟု ရေးသားထားပြန်ပါသည်။

ကြောင်ပန်းတောရဝါဒသည် ဗုဒ္ဓမြတ်စွာဒေသနာတော်ကို အခြေခံကျကျ လေ့လာသင်ကြားဖူးပုံမရကြောင်း "ပုဗ္ဗေနိဝါသညာဏ်ကို သညာ"ဟု ကောက်ယူခြင်းက သက်သေခံလျက်ရှိပါသည်ဘုရား၊ အခြေခံ စနစ်တကျဖြင့် သင်ယူခဲ့ဖူးလျှင် "ပုဗ္ဗေနိဝါသညာဏ်၏ဒေရ" အဘိညာဏ်ဒေခါ ရူပါဝစရ ပဉ္စမစျာန် ကုသိုလ်ကြိယာစိတ် ၂-ခုကို ကောက်ယူရကြောင်း သိရမည်သာဖြစ်ပါသည်၊ ယခုမူ "ကြောင်ပန်းတို့၏ သိဟန်ဆောင်သော" တက္ကိဉာဏ်ယောင်ဖြင့် ထင်မိထင်ရာ ဉာဏ်ပညာကို "သညာ" ဟု လွဲမှားစွာ ကောက်ယူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ လေးသခ်ျနှင့် ကမ္ဘာတသိန်း ရှစ်သခ်ျ၊ ဆယ့်ခြောက်သခ်ျ၊ သခ်ျနှစ်ဆယ်တိုင် ပြန်ပြောင်းအောက်မေ့ဆင်ခြင်နိုင်ခြင်း "ဉာဏ်ပညာ" တော်ကိုပင် သညာကွန္ဓာဖွဲ့လိုက်သဖြင့် စာပေမသင်ဖူးသော ဗုဒ္ဓဘာသာဝင် လူထုဇီးစိတ်ဝယ်အော်.... အခြား စာတတ်ပေတတ်ဘုန်းကြီးများ ဟောတာက ဉာဏ်ပညာတဲ့-တို့ကြောင်ပန်းဟောမှပဲ သညာဆိုပဲ တယ်ရှင်းကိုး-အင်း-ဒါကြောင့် အဟောင်းကိုမှတ်မိတာ သညာဆိုတဲ့ တို့ကြောင်ပန်းရဲ့ခန္ဓာဖွဲ့နည်းက တယ်ဟုတ်ပါလား၊ ကျားတွေ ခွေးတွေ မှတ်မိတာကလဲ သညာ၊ တို့မှတ်မိတာကလဲ-သညာ၊ ဘုရား

http://www.dhammadownload.com

မှတ်မိတာကလဲသည်ဘ၊ သိပ်မှမကွာပါပဲလား၊ ကိုယ်တွေ့ဉာဏ်မြင်ပဲကိုး....ဟု အံ့သြေးမောစေပြီး ဘုရားရှင်၏ ပုဗ္ဗေနိဝါသဉာဏ်အပေါ် ဝိစိကိစ္ဆာဝင်ကာ ယုံမှားတွေးတောမှု ဖြစ်စေပါသည်။

အဘိညာဏ်ဒေါ့ဟူသော ရူပါဝစရကုသိုလ် ပဉ္စမစျာန်နှင့် ကြိယာပဉ္စမစျာန် စိတ် ၂-ပါးကို "အဘိညာဏ်" အရကောက်ယူပြီး ရှေးဘဝနေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်လည်အောက်မေ့ဆင်ခြင်နိုင်ခြင်း၊ (ပုဗ္ဗနိဝါသာနုဿတိ) အဘိ-ညာဏ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့တွင် ဘုရားရှင်မျှမက ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကနှင့် ကမ္မဝါဒီတိတ္ထိပုဂ္ဂိုလ်တို့လည်း ဝင်စားနိုင်ကြပါသည်၊ ထိုသို့ ဝင်စားနိုင်သော်လည်း ကမ္မဝါဒီတိတ္ထိ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့အား ရူပါဝစရ ပဉ္စမစျာန်ကုသိုလ် အဘိညာဏ်ကိုသာ ရနိုင်၍ ရဟန္တာ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓတို့သည် ရူပါဝစရ ပဉ္စမစျာန်ကြိယာ အဘိညာဏ်ကိုမူတော်မူကြပါသည်၊ ထိုတွင် မည်သည့်ပုဂ္ဂိုလ်ရသည့် အဘိညာဏ်ဖြစ်စေ ရူပါဝစရစိတ်ဖြစ်၍ ဉာဏသမ္ပယုတ်စိတ်ဖြစ်ကာ ပညာစေတသိက်နှင့် ယှဉ်သည်သာဖြစ်ပါသည်၊ ရူပါဝစရစိတ်မှန်လျှင် ပညာစေတသိက် မယှဉ်သောစိတ်ဟူ၍မရှိပါ၊ ထို့ကြောင့် "အဘိညာဏ်" ဆိုလျှင် "ဉာဏ်ပညာအရာ" ဟု နားလည်သဘောပေါက်ကြပါသည်၊ ကြောင်ပန်းကသာ "သညာ" ဟု တက္ကိဉာဏ်ယောင်ဖြင့် ကြံဖန်ကောက်ယူခြင်း ဖြစ်ပါသည်၊ ပုဗ္ဗေနိဝါသအဘိညာဏ်ဖြင့် ရှေးရှေးဘဝအစဉ်ကို အောက်မေ့ဆင်ခြင်ရာတွင် နေခဲ့ဖူးသော ခန္ဓာအစဉ်၌ အောက်မေ့ခြင်း သတိဖြင့် အောက်မေ့ပြီးလျှင် ထိုသတိဉာဏ်ပညာယှဉ်သော စိတ်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် ပုဗ္ဗေနိဝါ-သာနုဿတိ အဘိညာဏ်ဝင်စားရာတွင် "သတိနှင့်ပညာ" ကို ဦးစားပေး အရကောက်ရပါသည်၊ အောက်မေ့ခြင်း သတိဖြစ်သော်လည်း ဉာဏ်ပညာနှင့် ကင်းကွာ၍မဖြစ်ပါ၊ ဉာဏ်ပညာယှဉ်မှသာလျှင် အောက်မေ့နိုင်စွမ်း ပိုမိုအားကောင်းပါသည်၊ ထို့ကြောင့် ကမ္မဝါဒီ တိတ္ထိတို့၏ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်သည် ကမ္ဘာ ၄၀-တို့ကိုသာ အောက်မေ့ဆင်ခြင်နိုင်စွမ်း ရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် "နာမရူပ ပရိစ္ဆေဒ" နာမ်ရုပ်တို့ကို ပိုင်းခြား၍သိသော ဉာဏ်ကိုမျှ မရသောကြောင့် "ဉာဏ်ပညာအရာ" အားနည်းသောကြောင့် ကမ္ဘာ ၄၀-ကိုသာ အောက်မေ့နိုင်ခြင်းဖြစ်ပါသည်၊ ထို့အတူ ဗုဒ္ဓသာဝက ပစ္စေကဗုဒ္ဓါ သမ္မာ-သမ္ဗုဒ္ဓတို့၏ ရှေးဘဝခန္ဓာ အစဉ်ဆင်ခြင်အောက်မေ့ရာ၌ အနည်းအများကွာခြားခြင်းသည်လည်း ဉာဏ်ပညာကွာခြားသောကြောင့်သာ ဖြစ်ပါသည်၊ ထိုသို့ ဉာဏ်ပညာကွာခြား၍ ကွာခြားခြင်းကို ကြောင်ပန်းဝါဒီအလိုအရဆိုမူ "သညာကွာ၍ ကွာခြားခြင်းဖြစ်သည်" ဘုရားက ပိုမှတ်နိုင်သည်၊ ပကတိသာဝက–က ဘုရားလောက် မမှတ်မိနိုင်ဟု သညာကိုသာ အဓိက ကောက်ယူလျက် အဟောင်းသိမှုက သညာကွန္ဓာ" ဟု ဖွဲ့ဆိုကာ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကိုလည်း

http://www.dhammadownload.com

သညာထဲဆွဲသွင်းလိုက်ခြင်းဖြင့် ဗုဒ္ဓ၏ဒေသနာတော် အလိုမကျ–ဒေသနာနည်းနှင့် ဆန့်ကျင်သော ဝါဒသာဖြစ်ကြောင်း ထင်ရှားပါသည်။

ထိုသို့ ရှေးရှေးဘဝကို ပြန်ပြောင်း အောက်မေ့ဆင်ခြင်နိုင်ခြင်း ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ဗုဒ္ဓဝါဒအရ "ဉာဏ်ပညာ"ဖြစ်၍ သခ်ါရကွန္ဓာ။

ကြောင်ပန်းဝါဒအရ "သညာ" ဖြစ်၍ သညာကွန္ဓာဟု ကောက်ယူခြင်းဖြင့် အလွန်တရာ ကွာခြားလှပါသည်ဘုရား။

ထို့ကြောင့် ကြောင်ပန်းတောရဝါဒသည် ဘုရားရှင်၏ "ဝစီကံ" တော်၌ ဉာဏ်မယှဉ်နိုင်သေးသဖြင့် ဘုရားရှင်၏ဉာဏ်တော်သည် နေရာတကာ မပျံ့မနှံ့၊ ဉာဏ်နှင့်သတိ ကင်းလွတ်ကာ "ချစ်သား–ရာဟုလာ" ဟု ခေါ်ဆိုခြင်းဖြစ်၍ ဘုရားရှင်၌ ဝိညာဏ်လိမ်ရှိသည်ဟူ၍လည်းကောင်း–

ဉာဏ်တော်ကို သညာဟုကောက်ယူခြင်းဖြင့် ဘုရားရှင်၏ဉာဏ်တော်ကို သေးသိမ်စေကာ "ဗောဓိဉာဏ်တော်" ကို စွပ်စွဲသော အဿာဝိကွန အဓမ္မဝါဒဖြစ်ပါသောကြောင့် ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ်ဆုံးဖြတ်ချက် ချတော်မူနိုင်ပါရန် ဝိတ္ထာရစောဒနာ အမှတ် (၉) အဖြစ် တင်သွင်းလျှောက်ကြားပါသည်– အမှတ် (၃) နိဒ်ဒေတော် သီးခြားဝိနည်းဓိရိ ဆရာတော်များဘုရား။

ဝိတ္ထာရစောဒနာ အမှတ် (၁၀)

ကြောင်ပန်းတောရ ဝါဒသည် စာပေပရိယတ် မတတ်ကျွမ်းသူများအား လှည့်စားသည့် (မာယာသာဌေယျ) ဝါဒဖြစ်ကြောင်း တင်သွင်းသည့် ဝိတ္ထာရစောဒနာပါ ဘုရား။

ရှိသေစွာ လျှောက်ကြားပါသည် အမှတ်-၃ နိဒ်ဒေတော်သီးခြားဝိနည်းဓိရိ ဆရာတော်များ ဘုရား။

ကြောင်ပန်းတောရ ဝါဒီတို့သည် ဗုဒ္ဓဝစန ပိဋကတ်စာပေ မတတ်ကျွမ်းကြသော ရဟန်းရှင်လူတို့အား နည်းအမျိုးမျိုးဖြင့် လှည့်ပတ်ကာ ဟိုအကြောင်းရောက် ဒီအကြောင်းရောက်ဖြင့် အမျိုးမျိုး လှည့်စားခဲ့ကြပါသည်၊ ယင်းသို့ လှည့်စားသည့် စကားများကိုစုပေါင်း၍ ဤစောဒနာအဖြစ် တင်ရခြင်းမှာ တခုစီတင်ရပါလျှင် စောဒနာချက် များပြားကာ အချက်အလက်များမှာ တူသည်က များနေသောကြောင့် စုပေါင်းကာ တင်သွင်းရခြင်းပါ ဘုရား။

http://www.dhammadownload.com

ထို့ကြောင့် ဤစောဒနာချက်၏ အဓိက အနှစ်ပိုင်းမှာ လှည့်စား၍ ဟောပြောရေးသားသည့် အချက်များ စုပေါင်းထားသဖြင့် တခုနှင့်တခု ဆက်စပ်မှု မရှိသော်လည်း နီးစပ်ရာများကို စုပေါင်းတင်ပြထားရပါသည် ဘုရား။

ဤစောဒနာ၏ ဆိုလိုချက်များတွင်—

(က) နိဗ္ဗာန်ကို ပါးစပ်က ဆုတောင်းရန်မလို၊ သစ္စာလေးပါး ပိုင်းခြားသိမှ နိဗ္ဗာန်ကိုဆုတောင်းရာ ရောက်သည်ဟု ဆိုခြင်း။

(ခ) အကုသိုလ်ကံ (၁၀)ပါး၊ ပုညကိရိယာ (၁၀) ပါး၊ မဟဂ္ဂုတ်ကုသိုလ် (၉) ပါး၊ ဤကံ (၂၉) ပါး ရှောင်မှ နိဗ္ဗာန်ရောက်မည်ဟု ဆိုခြင်း၊ ထို့ပြင် မဂ်ရပြီးကုသိုလ်လုပ်မှ ပါရမီကုသိုလ်ဟုဆိုခြင်း။

(ဂ) ကံ (၂၉)ပါး ကောက်ယူရာတွင် ပါဠိအဋ္ဌကထာလာ နည်းအတိုင်း မကောက်ယူပဲ "သူဌင်သလို" ကောက်ယူထားခြင်း။

(ဃ) ဒုစရိုက်လုပ်သူ ငရဲမသွား၊ ပရမတ်တရား ရှုပ်နာမ်သာ ငရဲသွားသည်ဟု ဆိုခြင်း။

(င) ငရဲကြီးသည် ကုသိုလ်ရသည်ဟု ယူဆခြင်းသည် မိစ္ဆာအယူဖြစ်ခြင်း စသည်တို့ ဖြစ်ပါသည်။

ကြောင်ပန်းတောရ ဝါဒီတို့၏ ဖော်ပြပါ ဆိုလိုချက်များ၏ "မူရင်း" စောဒနာများကို ၉–၂–၀၂ နေ့က တင်သွင်းသော စောဒနာလွှာများတွင် ဖော်ပြလျှောက်ကြားပြီး ဖြစ်ပါသည်ဘုရား။

ဖော်ပြပါ ဆိုလိုချက်များအနက်မှ အမှတ် (က) ဖြစ်သော နိဗ္ဗာန်ကို ပါးစပ်က ဆုတောင်းရန်မလို၊ သစ္စာလေးပါးသိမြင်မှသာ နိဗ္ဗာန်ကို ဆုတောင်းရာ ရောက်သည်ဟူသော စောဒနာနှင့် စပ်လျဉ်း၍ ကြောင်ပန်းတောရ ဝါဒသည် ဗုဒ္ဓဝါဒ ဓမ္မဒေသနာနှင့် ဆန့်ကျင်လျက် ရှိပါသည်။

သစ္စာလေးပါးကို ပိုင်းခြားသိမြင်သူ ဟူသည်မှာ မဂ်ဉာဏ်ရသူ ဖြစ်ပါသည်၊ မဂ်ဉာဏ်မရသေးဆမျှ သစ္စာလေးပါးကို ပိုင်းပိုင်းခြားခြား မသိနိုင်သေးဟု၊ ပိုင်းခြားသိဟူသော မြန်မာစကားမှာ- ပဋိဝေဓဉာဏ်ကို ဆိုလိုခြင်းဖြစ်ပါသည်၊ ပဋိဝေဓဉာဏ်ရသူသာ သစ္စာလေးပါးကို ပိုင်းခြားသိကာ မဂ်ဉာဏ်ရပြီး သော တာပန်အဖြစ် ရောက်ပါသည်၊ ထို့ကြောင့် "သစ္စာလေးပါးကို ပိုင်းခြားသိမြင်မှသာ နိဗ္ဗာန်ကို ဆုတောင်းရာကျသည်" ဟူသော ကြောင်ပန်းတောရ ဝိပဿနာ ဝါဒသည် "သောတာပန်ဖြစ်မှ" နိဗ္ဗာန်ကို ဆုတောင်းရာ ရောက်သည်ဟုဆိုရာ ရောက်ပါသည်၊ အမှန်မှာ သစ္စာလေးပါး ပိုင်းခြားသိမြင်၍ မဂ်ဉာဏ်ရသူများ

http://www.dhammadownload.com

အတွက် နိဗ္ဗာန်ကို ရပြီးဖြစ်သောကြောင့် နိဗ္ဗာန်ကိုဆုတောင်းရန်ပင်မလိုတော့ပါ၊ ဆုတောင်းခြင်းသည် မိမိလိုရာကို မရသေး မရောက်သေး၍သာ ရစေရောက်စေလိုသောဆန္ဒဖြင့် ဆုတောင်းခြင်း ဖြစ်ပါသည်၊ ရပြီး ရောက်ပြီးသူအတွက်မူ တောင်းစရာမလိုတော့ပါ၊ ပြည့်စုံပြီးသား လက်ဝယ်ရောက်ပြီးသားကို ထပ်မံတောင်းစရာမလို၊ အသုံးပြုရန်သာ ရှိပါသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့၏ နိဗ္ဗာန်ကို ဆုတောင်းခြင်းသည် အကြောင်းမဲ့အလုပ်မဲ့ ဘာမျှမလုပ်ပဲ ဆုတောင်းရုံသက်သက် တောင်းနေခြင်း မဟုတ်ပါ၊ ဒါနမယ သီလမယ ဘာဝနာမယဟူသောပုညကိရိယာ ကုသိုလ် တခုခုကို ပြုလုပ်သောအခါမှ တောင်းခြင်းသာ ဖြစ်ပါသည်၊ ကုသိုလ်မပြုပဲ အလကားသက်သက် ဆုတောင်းသူ မရှိသလောက်ပင် ဖြစ်ပါသည်၊ အနည်းဆုံး ဗုဒ္ဓဘာသာဝင်တိုင်း လုပ်လေ့လုပ်ထဖြစ်သော ဘုရားရှိခိုးသောအခါမျိုး "ရဟန်းသံဃာ ရှိခိုးသောအခါမျိုး" သောက်တော်ရေချမ်း ဆီမီး ပန်း ဆက်ကပ်သော အခါမျိုးတွင် ဆုတောင်းကြခြင်း ဖြစ်ပါသည်၊ ဤဘုရားရှိခိုးခြင်း စသော လုပ်ငန်းများသည် သေးငယ်သည်ဟုထင်ရသော်လည်း ဘုရားဂုဏ်တော်ကို ဝစီကံမြောက် ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် မနောကံဟူသော စိတ်ကိုပါ (အသံအာရုံက) လှုံ့မြှုံးသွားကာ မနောကံ၌ ပီတိသောမနဿကိုပါ ဖြစ်စေလျက် ဗုဒ္ဓါနုဿတိဘာဝနာကို ပီပီပြင်ပြင် ပွါးများခြင်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် ဘုရားရှိခိုးခြင်း ဟူသော ကုသိုလ်ကောင်းမှုသည်—

ကာယကံက ရှိခိုးအလေးပြုသောကြောင့် အပစာယနကုသိုလ်
ဝစီကံက ရွတ်ဆိုပွါးများသောကြောင့်- ဘာဝနာကုသိုလ်
မနောကံက ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုသောကြောင့် ဘာဝနာကုသိုလ်
ဟူသော ဗုဒ္ဓါနုဿတိ ဘာဝနာ တရား ပွါးများခြင်းသာ ဖြစ်ပါသည်။

ထိုကုသိုလ်ကို ပြုလုပ်သောအခါ မိမိ၏ရည်ရွယ်ချက်ဖြစ်သော ဆုတောင်းခြင်း ပတ္ထနာကို ပြုလုပ်သင့်မကြောင်း ဆုတောင်းခြင်းပတ္ထနာ မပြုလုပ်ခဲ့သော်ကောင်းကင်ကိုပစ်သောတုတ်သည် အရင်း အဖျား အလယ် ဘယ်ဘက်က ပြန်ကျမှန်းမသိသကဲ့သို့ ဂတိမမြဲကြောင်းကို အဋ္ဌကထာဆရာက ဖွင့်ပြပါသည်။

မိမိလိုရာ ဆုတောင်းသူသည် ဆုတောင်းရုံသက်သက်မျှဖြင့်လည်း ပြည့်စုံသည် မဟုတ်ပါ၊ ဆုတောင်းပြည့်ရန်အတွက် လိုအပ်သည့်အချက်များမှာ 'သဒ္ဓါ-သီလ-သုတ-စာဂ-ပညာ' ဤငါးဖြာနှင့် ပြည့်စုံလျှင် ဆုတောင်းပြည့်ပါသည်၊ ယင်း ငါးပါး ပြည့်စုံသော်လည်း ဆုတောင်းခြင်း မရှိလျှင် ဂတိမမြဲ၊ ဆုသာ

http://www.dhammadownload.com

တောင်း၍ ယင်း ၅-ပါး မပြည့်စုံလျှင်လည်း ဂတိမမြဲပါ၊ သဒ္ဓါ-သီလ-သုတ-စာဂ-ပညာနှင့် ဆုတောင်းခြင်း ပတ္ထနာ ရှိမှသာ ဂတိမြဲ၊ ဖြစ်သည်၊ ထို့ကြောင့် ကုသိုလ်ကို ပြုလုပ်တိုင်း (မိမိလိုရာ) ဌာနတခုခု၌ ဆုတောင်းခြင်း ပြုသင့်ပါသည်။

'အယံ မဂ္ဂေါ အယံ ပဋိပဒါတိ သဟ ပတ္ထနာယ ပဋ္ဌမွာဝ။ ယဿ ဟိ ပဋ္ဌမွာ အတ္ထိ၊ နု ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ၊ နု ပဋ္ဌမွာ၊ တဿပိ အနိဗဒ္ဓါ။ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။ ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတိတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတ္ဝာ ကောသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။ (မ-ဋ္ဌ-၄၊၁၀၄)

ထို့ကြောင့် ကုသိုလ်ပြုတိုင်း ဆုတောင်းသင့်ပါသည်၊ ဆုတောင်းရာတွင် ဘုရားရှင်က—

သဒ္ဓါ-သီလ-သုတ-စာဂ-ပညာ ဤငါးဖြာနှင့် ပြည့်စုံသူသည် လူချမ်းသာဖြစ်သော ခတ္တိယမဟာသာလ ဂဟပတိမဟာသာလ နတ်ပြည် ၆-ထပ် ရူပ-ဗြဟ္မာ အရူပဗြဟ္မာ တို့အပြင် အာသဝက္ခယ အာသဝေါကုန်ရာ နိဗ္ဗာန်ကိုပါ စိတ်ဆောက်တည်လျှင် စိတ်ကိုပွားလျှင် (တောင့်တလျှင်) ထို (တောင့်တရာ၌) ဖြစ်ပါသည်ဟု ဟောကြားတော်မူပါသည်။

သော တံ စိတ္တံ ဒဟတိ၊တံ စိတ္တံ အဓိဋ္ဌာတိ၊တံ စိတ္တံ ဘာဝေတိ။ တဿ တေ သခ်ါရာ စ ဝိဟာရာ စ ဧဝံ ဘာဝိတာ ဧဝံ ဗဟုလီကတာ တတြုပပတ္တိယာ သံဝတ္တန္တိ။ (မ၊၃ -၁၄၅-သခ်ါရုပပတ္တိသုတ်)

ထို့ကြောင့် 'ဆုတောင်းခြင်း ပတ္ထနာ'အလုပ်သည် ဗုဒ္ဓဘာသာတို့၏'အဓိက' လုပ်ငန်းတရပ် ဖြစ်ကြောင်း ထင်ရှားပါသည်၊ ယင်းသို့ ဆုတောင်းရာ၌ ဗုဒ္ဓမြတ်စွာ အလိုတော်ကျ ဖြစ်စေရန် ဝိဝဋ္ဋ=နိဗ္ဗာန်ကိုသာ ဆုတောင်းရမည် ဖြစ်ပါသည်၊ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှိခိုး ကန်တော့ချိုး နောက်ဆုံးတွင် 'နိဗ္ဗာန်'ကို ဆုတောင်းခြင်း ပါခဲ့ကြပါသည်၊ ကုသိုလ်တခုခု ပြုရာတွင်လည်း ဆရာရဟန်းတို့က ညွှန်ပြ ဆုံးမကြသဖြင့် နိဗ္ဗာန်ကို ဆုတောင်းမြဲ ဖြစ်ပါသည်၊ ယင်းသို့ ဆုတောင်းခြင်းသည် စိတ်၏ ရည်ရွယ်တောင့်တချက်ကို နှုတ်က ဖော်ထုတ်ခြင်း ဝစီကံ=ပါးစပ်အလုပ် ဖြစ်ပါသည်၊ ပါးစပ်က အသံဖြင့် ထုတ်ဖော်ဆုတောင်းမှသာ ဆုဖြစ်ရမည့် ဒက္ခိဏေယျပုဂ္ဂိုလ်က သိရှိကာ'ဣစ္ဆိတံ ပတ္ထိတံ' စသည်ဖြင့် ပစ္စေကဗုဒ္ဓါဘုရားတိုင်း ဆုပေးတော်မူကြကြောင်းကို ပါဠိ အဋ္ဌ-

http://www.dhammadownload.com

ကထာများ၌ များစွာရှိပါသည်၊ နှုတ်ဖြင့် မထုတ်ဖော်ခဲ့သော် ဆုတောင်းမှုလိုရာ ဆန္ဒကို မသိရသဖြင့် ရှင်ပစ္စေကဗုဒ္ဓါတို့၏ 'ဣစ္ဆိတံ ပတ္ထိတံ' စသော "ဆုပေးမှု သည်လည်း ဖြစ်ပေါ် မလာနိုင်ပါ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏'ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု' ဟု အာသဝက္ခယ=ဝိဝဋ္ဋနိဗ္ဗာန်ကို ဆုတောင်း၍ ကုသိုလ်ကောင်းမှုကို ပြုလုပ်လျှင် ဝိဝဋ္ဋ ဟူသော နိဗ္ဗာန်၏ အစွမ်းဖြင့် ကောင်းစွာထားအပ်သော အရဟတ္တဖိုလ် ပစ္စေကဗောဓိဉာဏ် သဗ္ဗညုတဉာဏ်ကို ရနိုင်ပါသည်၊ အရဟတ္တဖိုလ်ကိုမရပဲ အကျိုးကုန်ခြင်းသို့ မရောက်နိုင်ပါ။

> 'ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု'တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋူပနိဿယေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိ-ဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ နှ အရဟတ္တံ အပ္ပတ္ဝာ ပရိယောသာနံ ဂစ္ဆတိ။ (သံ-ဋ္ဌ-၂-၁၈၊ပဋိပဒါသုတ် အဖွင့်)

ထို့ကြောင့် သစ္စာလေးပါး ပိုင်းခြားသိမှ နိဗ္ဗာန်ကို ဆုတောင်းရခြင်း မဟုတ်ပါ၊ သစ္စာလေးပါး သိစေရန်သာ ဆုတောင်းရခြင်း ဖြစ်ကြောင်း၊ ဗုဒ္ဓဒေသနာတော်လာ သာဓကဝတ္ထု မြောက်မြားစွာ ရှိပါသည်၊ ဥပမာ– ရှင်အညာသိကောဏ္ဍညလောင်း စသော ပုဂ္ဂိုလ်များသည် ရှေးဘုရားရှင်များလက်ထက်၌ သစ္စာလေးပါး မသိရသေး၍ သစ္စာလေးပါး ဦးဦးဖျားဖျား သိစေရန် ဆုတောင်းခဲ့သောကြောင့်သာ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်၌ သစ္စာလေးပါး ဦးဦးဖျားဖျား ပထမဆုံး သိရခြင်း ဖြစ်ပါသည်။

အကျဉ်းချုပ် ပြောရပါလျှင်—

ဆုတောင်းခြင်းသည် – ရွှေ
သစ္စာသိခြင်းသည် – နောက်
ဆုတောင်းခြင်းသည် – အကြောင်း
သစ္စာသိခြင်းသည် – အကျိုး ဟု ဆိုလိုပါသည်။

ထို့ကြောင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒဖြစ်သော 'သစ္စာလေးပါး ပိုင်းခြားသိမှ နိဗ္ဗာန်ကို ဆုတောင်းရာရောက်သည်' ဟူသော စကားသည် ဘုရားရှင် ပါဠိတော် ဒေသနာတော်နှင့် အဋ္ဌကထာဆရာတို့၏ အလိုမဟုတ်၊ ဗုဒ္ဓဝစန ပါဠိအဋ္ဌကထာနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒဆာ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

(ခ)အမှတ် လိုရင်းမှာ အကုသိုလ်ဆယ်ပါး၊ ပုညကိရိယာ ၁၀-ပါး၊ မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါး၊ ဤကံ (၂၉) ပါးကိုရှောင်ကြဉ်မှ ဘုံသုံးဆယ့်တစ်၌ မဖြစ်ပဲ နိဗ္ဗာန်ရောက်မည်ဆိုဟုထားပါသည်၊ အကုသိုလ် ၁၀-ပါး ရှောင်မှ နိဗ္ဗာန် ရောက်မည်ဆိုသည်ကို လက်ခံရပါမည်၊ အကုသိုလ်ဟူသည် ပဟာတဗ္ဗတရားဟု ဘုရားရှင် ဟောထားတော်မူသဖြင့် ပယ်သင့်ပယ်ထိုက် ပယ်ရမည့် တရားဖြစ်၍ ပယ်ရှား ရှောင်ကြဉ်ရမည်သာ ဖြစ်ပါသည်။

သို့သော်၊ ဤသို့သော်အတွက်မူ သာသနာတော်ပါ ပျက်ရမည့် 'သို့သော်' ဖြစ်ပါသည်၊ ပုညကိရိယာ ၁၀-ပါး မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါးကိုမူဘုရားရှင်က ဘာဝေတဗ္ဗ- ပွားများအပ်သည့်တရားဟု ဟောကြားတော်မူပါသည်၊ ဘုရားရှင်က ပွားရမည့်တရားဟု အထင်အရှား ပါဠိတော်အသီးသီး၌ ဟောကြားတော်မူပါလျက် ကြောင်ပန်းလက်ထက်ရောက်မှ ပယ်ရမည့် ပဟာတဗ္ဗတရားဟု ဆိုကာ 'ပုညကိရိယာကိုရှောင်မှ နိဗ္ဗာန်ရောက်မည်'ဟု ဟစ်ကြွေးလျက် 'ရှေး ဘုရားတို့ မဟောသည်ကို ငါကဟောဦးမှ'ဆိုပြီး စိတ်အကြံပေါက်၍'ကသောက် ကရောက်ဒေသနာ' ဟောကြားတတ်သည့် 'ဘုရားလက်သစ်တဆူ' ဖြစ်ဟန် တူပါသည်။

ထိုသို့ ပုညကိရိယာ (ဒါန သိလ ဘာဝနာ) ကုသိုလ်ကိုရှောင်မှနိဗ္ဗာန်ရောက် မည်ဆိုသော ကြောင်ပန်း၀ါဒီတို့အား မေးလိုပါသည်–

> 'ပုညကိရိယာကို ရှောင်ကြဉ်မှ နိဗ္ဗာန်ရောက်မည်ဆိုတဲ့ဦးကြောင်ပန်း ပုညကိရိယာကို မလုပ်ရလျှင် ဘာများလုပ်ရဦးမှာလဲ၊ လုပ်စရာကော ရှိသေးရဲ့လား၊ ရှိသေးလျှင် ပြောစမ်းပါ ဦးကြောင်ပန်း၊ ဦးကြောင် ပန်းတို့လုပ်တဲ့ ဝိပဿနာတရားဆိုတာ ဘာကုသိုလ်ပါလဲ၊ဘယ်ကုသိုလ်ထဲ ပါပါသလဲ'လို့ မေးလိုပါသည်။

ကိုယ်လုပ်တဲ့အလုပ်မှ ဘယ်ကုသိုလ်ထဲပါမှန်း မသိပဲ ကြောင်ပန်း၏မူအတိုင်း ယောင်ကန်းကန်းနှင့် ယောင်ယမ်းပြီး ပယ်လိုက်သဖြင့် ကိုယ်လုပ်သော ဝိပဿနာ ကိုပါ ပယ်ပြီးသား ဖြစ်သွားကာ'အကိရိယ'=ဘာမျှမလုပ်ရဝါဒကြီးကိုထူထောင် လာခဲ့ပြန်ပါသည်။

ဝိပဿနာတရားအားထုတ်ခြင်းသည် ဘာဝနာပယ ပုညကိရိယာထဲတွင်ပါဝင် ပါသည်၊ ထို့ကြောင့်ပုညကိရိယာကိုပယ်လျှင် ဝိပဿနာပါ ပယ်ပြီးသား ဖြစ်ပါ သည်၊ ထို့ပြင် ကြောင်ပန်းက ခြိမ်းခြောက်လိုက်သည်မှာ 'ထိုပုညကိရိယာ ဆယ်ပါးကို ပြုမွားခြင်းကြောင့် နိဗ္ဗာန်သို့လည်း မသွား၊ အပါယ်လေးပါး၌

http://www.dhammadownload.com

လည်း မကျ၊ ပြဟ္မာ့ဘုံသို့လည်း မဆိုက်၊ လူ့ဘုံ, နတ်ဘုံ၌သာ ဖြစ်သည်' ဟု ၁-နှင့် ၁-ပေါင်း=၂-ဆိုသော သိပ္ပံနည်းကျ သချိုင်္ဂဟတွက်နည်းဖြင့် တွက်ပြထားပါသေးသည်။

ဥပမာပေးပုံလည်း 'သူ့မောင်းဆုံနှင့် သူမောင်း ကျောက် အလားကဲ့သို့' သူဘုန်းနှင့် သူကံတရား လောကတံတွာ ဓမ္မတာအားဖြင့် ဖြစ်ပွားရှိသာနေသည်ဟု တိတိကျကျ ဆိုထားပြန်သေးသည်။

ထိုသို့ဆိုလျှင် မေးရပါဦးမည် 'အနာထပိဏ်-ဝိသာခါတို့ဟာ နတ်ပြည်ရောက်ဘာ ဘာကြောင့်ပါလဲ၊ ဗိမ္မိသာရမင်းကြီး ဇနဝသဘအမည်ရတဲ့ ဝေဿဝဏ် နတ်မင်းကြီးရဲ့ အခိုင်းခံ နတ်မျိုး၌ ဖြစ်ရတာ ဘာကြောင့်ပါလဲ၊ အဲဒီ ပုဂ္ဂိုလ်တွေ မင်္ဂဇာမရ သောတာပန်မဖြစ်သေးလို့လား ဦးကြောင်ပန်း' ဟု မေးလိုပါသည်။

ဇနေတိ သဒိသံ ပါကံ-ဟူသော ပါဠိကို ထင်သလိုဆွဲကာ ပုညကိရိယာထဲပါဆွဲသွင်းလိုက်သဖြင့်အလွဲလွဲအချော်ချော်ဖြစ်ကုန်ပါသည်၊ 'ဇနေတိ သဒိသံ ပါကံ' ဟူသောအကျိုးကို ပေးသည့် ကုသိုလ်မှာ စျာန်ရကြသော မဟဂ္ဂုတ် ကုသိုလ်ကံအဘွက် ပထမစျာန်ရလျှင် ပထမစျာန်ပြဟ္မာ့ဘုံ ဒုတိယစျာန်ရလျှင် ဒုတိယစျာန်ပြဟ္မာ့ဘုံ စသည်ဖြင့်ရသော စျာန်ဆိုင်ရာ ဘုံသို့ရောက်ရကြောင်းကို ဆိုခြင်းဖြစ်ပါသည်၊ ပုညကိရိယာအတွက် မပါပါ၊ ပုညက်ရိယာကုသိုလ်သည် အလွန်တရာ ကျယ်ပါသည်၊ စျာန်ဇလိုလျှင်လည်း ပုညကိရိယာက စရပါသည်၊ မင်္ဂဇိုလ်ရချင်လည်း ပုညကိရိယာ၊ နိဗ္ဗာန်ရောက်ချင်လည်းပုညကိရိယာကသာစရပါသည်၊ ထို့ကြောင့် 'ပုညကိရိယာကို ပြုမှုးခြင်းကြောင့်လူ့ဘုံ,နတ်ဘုံ၌သာဖြစ်ရသည်' ဆိုသော ကြောင်ပန်း၀ါဒသည် ဗုဒ္ဓ၀ါဒမဟုတ်ပါ၊ ကြောင်ပန်း ၀ါဒသာ ဖြစ်ပါသည်။

ဝိသာခါ-အနာထပိဏ်တို့သည် သောတာပန်စစ်စစ်ဖြစ်ကြပါလျက် နိဗ္ဗာန်ကို တိုက်ရိုက်မရောက်နိုင်ကြသေးသဖြင့် နတ်ဘုံ၌ ရောက်ရသည်ကို ပုညကိရိယာကုသိုလ်ကံကြောင့်ဟုဆိုလျှင် ဝိသာခါ,အနာထပိဏ်တို့ ပုညကိရိယာက် မပါသော် ဘယ်ဘုံ ဘယ်နေရာ ဘယ်နားမှာသွားကာ ဘာသတ္တ၀ါများ ဖြစ်ရဦးမည်နည်း၊ မင်္ဂဇာဏ်ဆိုတိုင်း ဘ၀ကုန်ပြတ်သေးသည် မဟုတ်ပါ၊ အရဟတ္တမင်္ဂဇာလွဲ၍ အခြားမင်္ဂဇာများသည် တဏှာကို အကုန်အစင် မပယ်သတ်နိုင်သေး၍ ဘ၀ရှိရပါဦးမည်၊ ထိုဘ၀တို့ကို အလွန်တရာ အရာကျယ်ပြောသော ပုညကိရိယာက ပေးပါသည်၊ ထို့အတူ အပါယ်တံခါးပိတ်ဓသာ မင်္ဂဇာဏ်ကိုလည်း ပုညကိရိယာကပင် ပေးပါသည်၊ထို့ကြောင့် ပုညကိရိယာ မဟဂ္ဂုတ်ကံတို့သည် ဘာ၀ေတဗ္ဗ- ပွားများအပ်

http://www.dhammadownload.com

သော ဆောင်ရမည့် တရားသာဖြစ်၍ ပဟာတမ္မ- ရှောင်ရမည့်တရား မဟုတ်ပါ၊ ကုသိုလ်မှန်သမျှ နေကွမ္မချည်းဖြစ်ကြပါသည်။

သဗ္ဗေပိ ကုသလာ ဓမ္မာ နေကွမ္မံ နာမ (ဣတိဝုတ်-၄-၃၃၀)

ကာမဂုဏ်မှ ထွက်မြောက်ခြင်း ကိလေသာမှ ထွက်မြောက်ခြင်း နေကွမ္မ ငါးပါးတို့တွင်—

၁။ ရဟန်းပြုခြင်း၊ ၂။ ပဌမဈာန်ရခြင်း၊ ၃။ နိဗ္ဗာန်၊ ၄။ ဝိပဿနာ၊ ၅။ အလုံးစုံသောကုသိုလ်တရားဟု ကုသိုလ်တရား ဈာန်တရားပါ ပါဝင်ပါသည်။

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေကွမ္မန္တိ ပဝုစ္စရေ။ (ဣတိဝုတ် ၄-၃၃၁)

ကုသိုလ်မှန်သရွေ့ ဈာန်အပွနာ မဂ်အပွနာသို့မဟုတ်သေးသမျှ ဒါန ဖြစ်စေ သီလဖြစ်စေ ဘာဝနာဖြစ်စေ ပုညကိရိယာချည်းသာ အမည်ရ၍ ပြုလုပ်သင့် ပြုလုပ်သိုက်ကာ ပြုလုပ်လျှင် နေကွမ္မဓာတ်ကိန်းအောင်းလျက် မဂ်ဖိုလ် နိဗ္ဗာန်ပါ ရောက်နိုင်ပါသည်။

ထို့ကြောင့် 'သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဣတိုင်းဖြာ၌ ရပ်တည်၍ ကသိုဏ်း ပရိကမ်ကိုပြုပြီး ထိုထိုသမာပတ်တို့ကို ပွားများကာ ဌပဗြဟ္မဉ္ဈာန်၌ ဖြစ်သည်၊ အရူပဈာန်ကုရ၍ အရူပဗြဟ္မဉ္ဈာန်၌ဖြစ်သည်၊ သမာပတ်လျှင် နီးစွာသော အကြောင်းရှိသော ဝိပဿနာကို ပွားများ၍ အနာဂါမိဖိုလ်ရကာ သုဒ္ဓါဝါသ-၅-ဘုံ၌ဖြစ်သည်၊ အထက်မဂ်ကိုပွား၍ အာသဝေါကုန်ရာ နိဗ္ဗာန်သို့ရောက်၏။

ဣမေ ပဉ္စ ဓမ္မာ သီလံ၊ သော ဣမသ္မိံ သီလေ ပတိဋ္ဌာယ ကသိဏပရိ-ကမ္မံ ကတ္တာ တာ တာ သမာပတ္တိယော ဘာဝေတ္တာ ရူပီဗြဟ္မလောကေ နိဗ္ဗတ္တတိ၊ အရူပဇ္ဈာနာနိ နိဗ္ဗတ္တေတ္တာ အရူပီဗြဟ္မလောကေ၊ သမာပတ္တိ-ပဒဋ္ဌာနံ ဝိပဿနံ ဝဍ္ဎေတ္တာ အနာဂါမိဖလံ သစ္ဆိကတ္တာ ပဋ္ဌာသု သုဒ္ဓါဝါ-သေသု နိဗ္ဗတ္တတိ။ ဥပရိမဂ္ဂံ ဘာဝေတ္တာ အာသဝက္ခယံ ပါပုဏာတိ။
(မ ဋ္ဌ ၄၊၁၀၅-၁၀၆)

ပုညကိရိယာကုသိုလ်သည် အကျိုးပေး အရာကျယ်သလောက် နိဗ္ဗာန်မဂ်ဖိုလ် သို့တိုင် ခရီးပေါက်မြောက်သောကြောင့် ပရိယာယဓမ္မဖြစ်သည်၊ ပရိယာယဓမ္မ ဖြစ်သော ပုညကိရိယာကို ပြုလုပ်၍ နိဗ္ဗာန်ကို ဆုတောင်းရာမှ အစဉ်အတိုင်း နိပ္ပရိယာယဓမ္မ ဖြစ်သော နိဗ္ဗာန်ကို ရနိုင်ကြောင်းကို—

"ဣဓေကစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဂန္ဓမာလာဒီဟိ ဝတ္ထုပူဇံ ကရောတိ၊ ဓမ္မံ

http://www.dhammadownload.com

သုဏာတိ ဒေသေတိ စျာနသမာပတ္တိယော နိဗ္ဗတ္တေတိ၊ ဧဝံ ကရောန္တော အနုပုဗ္ဗေန နိပ္ပရိယာယမဓမ္မံ အမတံ နိဗ္ဗာနံ ပဋ္ဌိလဘတိ၊ အယံ ပရိယာယမဓမ္မော" ဟု ဖွင့်ဆိုထားပါသည်။ (မ ဋ္ဌ ၁၊၉၃။)

ထိုကြောင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒဖြစ်သော "သူမောင်းဆုံနှင့် သူမောင်းကျောက်အလား" သူကံနှင့်သူဘုံဆိုသည်မှာ နေရာဟကာမဟုတ်၊ကမ္မ-နိယာမ၏ သဘောတရားကို ၁-နဲ့ ၁-ပေါင်း=၂ ဟူသော ပုံသေ သခ်ၤာနည်းကဲ့သို့ မတွက်သင့်ကြောင်း အလောတော်သော မောင်းဆုံနှင့် မောင်းကျောက်တို့သည် တူရာချင်း လဲမပြောင်းထောင်းလျှင်လည်း ရကောင်းပါသေးကြောင်း ထင်ရှားပါ၍ ကြောင်ပန်းဝါဒီတို့အား သိစေလိုသည်မှာ—

အကုသိုလ်ကံကိုသာပယ်ပါ၊ ကုသိုလ်ကံမျှားကို ချန်ထားပါ၊ မပယ်လိုက်ပါနှင့်ဦး၊ အလွန်တရာ အရာကျယ်ပြောပြီး နိဗ္ဗာန်ရောက်ရန်အခြေခံအုတ်မြစ်ဖြစ်တဲ့ ပုညကိရိယာကိုလဲမရှောင်ရှားလိုက်ပါနှင့်ဦး၊ ပုညကိရိယာကိုရှောင်တာဟာနိဗ္ဗာန်ကိုရှောင်တာနဲ့ အတူတူ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း သိစေလိုပါသည် ဘုရား။

ကံ (၂၉) ပါး ရှောင်မှ နိဗ္ဗာန်ရောက်မည်ဟုဆိုပြီးမှ ဆက်လက်၍ သူသဝက မျှားကို နိဗ္ဗာန်မြန်မြန်ရောက်စေရန် လောဘတဏှာကို ပဟာန် (၃) ပါးဖြင့် ပယ်သတ်ကာ တဏှာအမြစ်ဖြတ်ပြီးမှ လုပ်သောကုသိုလ်မှသာ ပါရမီကုသိုလ်ဟု ရေးသားပြန်ပါသည်။

တဏှာကုန်ပြီးမှ ပါရမီကုသိုလ်လုပ်ရန်မလိုတော့ပါ၊ ပါရမီဆိုသည်မှာ နိဗ္ဗာန်ကမ်းတဘက်သို့ ပို့ဆောင်တတ်သောကြောင့် ပါရမီဆိုခြင်းဖြစ်ပါသည်၊ ယခုမူ "တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းပြီး၍ တဏှာကုန်ပြီးလျှင်" "တဏှာယ အသေသဝိရာဂနိရောဓ" နိဗ္ဗာန်ကိုရပြီးဖြစ်ပါသည်၊ နိဗ္ဗာန်ဟူသည် တဏှာ၏ ကင်းကုန်ရာဖြစ်၍ တဏှာကင်းကုန်ပြီးလျှင် နိဗ္ဗာန်ပင်ဖြစ်ပါသည်၊ ကြောင်ပန်းဝါဒအရ တဏှာကို သမုစ္ဆေဒအားဖြင့်ပြတ်စဲချုပ်ငြိမ်းစေပြီးမှ လုပ်သောကုသိုလ်ကို ပါရမီ ကုသိုလ်ဟုဆိုခြင်းသည် လိုရာတဘက်ကမ်း ရောက်ပြီးမှ ကူးစရာ ဖောင်ပြန်ရှာသည်နှင့် တူပါသည်၊ နိဗ္ဗာန်ကို မရသေး မရောက်သေး၍ သံသရာဒီဘက်ကမ်းမှ နိဗ္ဗာန်တဘက်ကမ်း ကူးလို၍သာ ပါရမီကုသိုလ်ဟူသော လှေဖောင် သင်္ဘောကူးစရာကို ရှာရပါသည်၊ ယခုမူကြောင်ပန်းဝါဒက နိဗ္ဗာန်ဘက်ကမ်းရောက်ပြီးမှ "လှေဖောင် သင်္ဘောပြန်ရှာရမည်ဆိုသဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုနှင့် ပြုလေ့ကုသိုလ်သည် နိဗ္ဗာန်မှ သံသရာကိုပြန်ကူး၍ အလည်တခေါက်ပြန်လာသလို ဖြစ်ပါတော့သည်၊ ထို့ကြောင့် တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းစေပြီးမှ ပါရမီကုသိုလ် အထူးတလည် လုပ်စရာမလိုတော့ပါ၊ နိဗ္ဗာန်ကိုရပြီး၍ ပါရမီ ပြည့်စုံပြီးသားသာ ဖြစ်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့်ပုညကိရိယာကုသိုလ်ကို ရှောင်ခိုင်းပြီးမှ ကြံရာမရသည်နှင့် တဏှာကုန်မှ မဟာကုသိုလ်ပါရမီကို ဖြည့်ပါဦးဆိုသော ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် "တဖက်ကမ်းရောက်ပြီးမှ လှေပြန်ရှာသူကဲ့သို့လည်းကောင်း ပါရမီမပြည့်ခင်ကမူ ပုညကိရိယာကို မလုပ်နဲ့ရှောင်ပါဟုဆိုပြီး နိဗ္ဗာန်ရောက်ပြီးမှ ပါရမီကုသိုလ်လုပ်ပါဟုလည်းကောင်း" ရောက်တတ်ရာရာဖြင့် လှည့်စားသည့် မာယာသာဋ္ဌေယျဝါဒသာ ဖြစ်ပါသည်။

အမှတ်(ဂ) အရ ကံ(၂၉)ပါး ကောက်ယူရာတွင် ပါဠိတော် အဋ္ဌကထာဋီကာ ဗုဒ္ဓသာသနာတော်၏ ဆရာစဉ်ဆက် နည်းမျာ်းကိုမယူပဲ ကြောင်ပန်းနည်း ကြောင်ပန်းဟန်ဖြင့် ကြောင်ပန်းပုံစံသစ်ထွင်ကာ စာလွှတ်ပေလွှတ် ကောက်ပြထားပုံမှာ—

ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတဆယ် ပုညကိရိယာဝတ္ထုဆယ်ပါးကြောင့်ဖြစ်သော ကုသိုလ်ကံတဆယ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဖြစ်သော ရှုပါဝစရကုသိုလ်ကံငါးခု အရှုပါဝစရကုသိုလ်ကံလေးခုအားဖြင့် ကံပေါင်း နှစ်ဆယ့်ကိုးခုဟု ဖြစ်ပါသည်။

ထိုစကားတွင် ပါဠိတော် အဋ္ဌကထာနည်းမှာ အကုသိုလ်ကံဆယ့်နှစ်ခု မဟာကုသိုလ်ကံရှစ်ခုသာ ဖြစ်သော်လည်း ကြောင်ပန်းက အကုသိုလ်ကံကို နှစ်ခုလျှော့၍ မဟာကုသိုလ်ကံကို ၂-ခုတိုးကာ (လိုတိုးပိုလျှော့လုပ်ပြီး) ရှုပအရှုပကုသိုလ်ကိုးပါးနှင့် ပေါင်းသော် နှစ်ဆယ့်ကိုးချင်းကိုက်အောင်နည်းသစ်ထွင်ကာ စာရင်းညှိလိုက်ပါသည် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အရ သင်္ခါရ(၂၉) ပါးကို ကောက်ပြခြင်းဖြစ်ဟန်တူပါသည်။ သို့သော် မည်သည့်နေရာတွင် ကောက်ကောက် လိုတိုးပိုလျှော့လုပ်၍တော့ မရပါ၊ ဒေသနာ့လာ နည်းစနစ်အတိုင်း ကောက်ယူရပါမည်၊ အဘယ့်ကြောင့်ဆိုသော် သင်္ခါရ ၂၉ ပါး ဟူသည်မှာ ဘုရားရှင် ဟောတော်မူသော တရားသာ ဖြစ်ပြီး ကြောင်ပန်းဟောသော တရားမဟုတ်သောကြောင့် ကြောင်ပန်းယူချင်သလို ယူ၍မရပဲ နည်းစနစ်မှန်မှ သဘာဝဆိုက်မည်ဖြစ်ပါသည်၊ သို့မဟုတ် ကြောင်ပန်းတောရ ဝိပဿနာဝါဒီတို့က 'ရဂစ်နဲ့ကြောင်းကြောင်း ယပင့်နဲ့ကျောင်းကျောင်း ဘယ်သူကအိမ်လို့ဖတ်မှာလဲ' ဆိုသော စာမတတ်သည့် တောထွက်ကြီးလို "ငါတို့ဟာငါတို့ ငါတို့ဆရာအတိုင်း ဘယ်ကလိုလို ဘယ်ကပိုပို အားလုံးပေါင်း ၂၉-ခုဖြစ် ပြီးရော" ဆိုကာ ကျားကျားမီးယပ်ခွဲပါလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်၏ မူပိုင်ဝါဒဖြစ်သော ဝိပဿနာဝါဒဟူသော အမည်ကိုလည်း မခံယူပဲ သာသနာပြင်ပထွက်သွားခြင်းဖြင့် သာသနာတော်အား ချီးမြှောက်စေလိုပါသည်။

http://www.dhammadownload.com

အကယ်၍ "**စာတတ်တဲ့သူတွေ့ ကောက်တာကစာသဘော လက်တွေ့က လက်တွေ့၊ ဒိုးကြောင်ပန်းက လက်တွေ့နဲ့ကိုယ်တွေ့နဲ့ ညီကောက်တာ စာနဲ့ကောက်ယူတာမဟုတ်ဘူး**" ဟု လူ့အကြိုက်နှောပြီး ကိုယ်တွေ့ဟုပြောဆိုကာငြင်းဆိုခဲ့လျှင်–

ဒုစရိုက်တရား ဆယ်ပါးကြောင့် အကုသိုလ်ကံတဆယ်

ပုညကိရိယာဝတ္ထုဆယ်ပါးကြောင့် ကုသိုလ်ကံတဆယ်ကတော့ တဆယ်ချင်း တူလို့ရှိပါစေဦး–

ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဖြစ်သော ရှုပါဝစရ ကုသိုလ်ကံငါးပါး အရှုပါဝစရကုသိုလ်ကံလေးပါးက ဘာကြောင့်ဖြစ်ရပါသလဲ။

ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဆိုလျှင် ဘာကမ္မဋ္ဌာန်းစီးဖြန်း စီးဖြန်း စီးဖြန်းတာချင်း သဘောချင်းတူလို့ တစ်ခုပဲဆိုလျှင် ရှုပကုသိုလ်ကံလည်း ငါးခုမဖြစ်ပါပဲ တစ်ခုသာဖြစ်ရပြီး အရှုပကုသိုလ်ကံကလည်း တစ်နုထဲသာဖြစ်ရပါမည်၊ အကယ်၍ ဗုဒ္ဓသာသနာ နည်းစနစ်အရ သမထကမ္မဋ္ဌာန်းက လေးဆယ်တောင်ရှိတာကိုးဆိုလျှင် "သူမောင်းဆုံနဲ့သူမောင်းကျောက်" ဆိုသောကြောင်ပန်းပုံသေနည်းအရ ရှုပ+အရှုပကုသိုလ်**ကံ**လေးဆယ်ပင် ဖြစ်ရပါမည်၊ သို့**မဟုတ်** (အထက်ကဖော်ပြခဲ့သလို) သဘောတရားချင်းတူ၍ ကောက်ယူပါသည်ဆိုလျှင်လည်း တစ်ခုသာဖြစ်ရပါမည်၊ ယခုမူ တစ်ခုလည်းမဟုတ်၊ လေးဆယ်လည်းမဟုတ်၊ အပေါ်က အကုသိုလ်**ကံ** ကုသိုလ်**ကံ** ကောက်စဉ်**က**ပြုလုပ်မှု အခြင်းအရာ **ကမ္မ**ပထအလိုက် (၁၀)စီကောက်ခဲ့ပြီး အောက်**က**မဟဂ္ဂုတ်**ကံ**ကျတော့မှ **ကမ္မဋ္ဌာန်း** စီးဖြန်းခြင်းကြောင့်ဖြစ်သော ရှုပ–**ကံ**–ငါးပါး၊ အရှုပ–**ကံ**လေးပါးဟုဆိုသော ကြောင်ပန်း ဝါဒသည် စဉ်ပေနည်းအရလည်း **မမှန်**၊ **သဘာဝ**ဟန်လည်း**မ**ဟုတ်၊ **ကိုယ်ကြိုက်ရာ ကောက်ကာစာပေပရိယတ်မတတ်ကျမ်းသူမျာ**းအား လှည့်**စား**သည့်မာယာသာဌေယျ ဝါဒဖြစ်ကြောင်း ထင်ရှားပါသည်ဘုရား။

(ဃ) အမှတ်ဆိုလိုရင်းမှာ "ပါဏာတိပါတစသော**ဒုစရိုက်**ပြုသူ ငရဲမသွား ပရမတ်ဖြစ်သော ရုပ်နာမ်သာ ငရဲသွား**သည်**" ဟုဆိုထားပါသည်၊ ယင်းသို့ "**ဒုစရိုက်**ပြုသူ ငရဲမသွား ရုပ်နာမ်သာ ငရဲသွား**သည်**" ကို ကြောင်ပန်းက ပုဂ္ဂိုလ်သတ္တဝါ**ဘယ်ဟာ**တစ်**မရှိသော**ကြောင့် အနိစ္စဓာတ်ပရမတ်သာ ရောက်သည်၊ ပုဂ္ဂိုလ်သတ္တဝါ ငရဲသွားသည်ဆိုလျှင် ငရဲရောက်အောင် **ဘယ်**တွင်း **ဘယ်**အပေါက်က ဆင်းကြမည်နည်းဟုပင် အမေးထုတ်ထားပါသေး**သည်**။

သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကိုလည်းကောင်း သမုတိဒေသနာနှင့် ပရမတ္ထဒေသနာကိုလည်းကောင်း သူ့**စည်း**နှင့်သူ သူ့နေရာနှင့်သူ နေရာ အသုံး**မ**ပြုပဲ ရောထွေးယှက်တင် **အံမဝင်ဂွင်မကျ အသုံးချ**ထား**သ**ဖြင့် "လှချင်လွန်း၍

http://www.dhammadownload.com

သွားချောင်တိုက် ရေစီးကမ်းပြိုလိုက်"ဆိုသကဲ့သို့ ပညတ် ပရမတ်ရှုပ်ထွေးလျက် ဒုစရိုက်လုပ်သည်မှာလည်း ပရမတ်တရားသာဖြစ်၍ သူ့ သဘောသူဆောင်တာ ဟုအထင်အမှတ်လွဲပုံကို ဤနိဒါန်း၌ တင်ပြခဲ့ပြီးသော ကြောင်ပန်းဦးသံဝရရေး သဉ္ဇပါဒိသေသ ပြည်သူ့ နိဗ္ဗာန်စာအုပ်တနေရာ၌ "မင်းတို့ခေတ်မှာဘုရားမကြိုက်တဲ့ဝက်တွေ တားမြစ်ရေးမလုပ်နိုင်ဘူးလားကွဲ့၊ ဒါကတော့ (ပါဏာဝိပါတာ)ဆိုတဲ့ ဒုစရိတသာ ထားရလိမ့်မယ်၊ဝက်ကိုတော့ဘုရားကသေအောင်ကြိုက်တာပေါ့၊ ဝက်ပျိုသားစား ဆေးဆို မဟုတ်လား" ဟု ရေးခဲ့ကြောင်း မလသုသော်ဓနိမ့ တဆင့်သိခဲ့ရပါသည်။

ထိုသို့ သမုတိသစ္စာ ပရမတ္ထသစ္စာမကွဲပဲ ဒုစရိုက်ကိုပြုသူမှာ သတ္တဝါပြုလုပ်သည်မဟုတ်၊ ဒုစရိုက်တရားသဘောကသာ ပြုလုပ်သည်၊ ထို့ကြောင့် "အကျိုးတရားကိုခံစားသည်မှာလည်း အနိစ္စဓာတ် ပရမတ်+ဒုစရိုက်ကိုပြုလုပ်သူကလည်း အနိစ္စဓာတ်ပရမတ်ဖြစ်၍ အားလုံး ပရမတ် သဘောသာဆိုကာ လုပ်ချင်ရာလုပ်၍ ဒုစရိုက်သော သုစရိုက်သော ရှောင်ရန်မလိုပဲ ကံကိုပယ်သောဝါဒကို ဖြစ်ပွားစေခြင်းဖြင့် ဗုဒ္ဓ၏ ဝိပဿနာတရားအရိပ်ကိုခိုကာ ဗုဒ္ဓ၏ဒေသနာတော်ကို ချိုးဖဲ့ဖျက်ဆီးသည့် "မာယာသာဒြေယျ အမွေဝါဒသာ" ဖြစ်ပါသည်။

အမှတ် (စ)၏ လိုရင်းမှာ ထိုသို့အကုသိုလ်ကို ရှောင်ခြင်း ကုသိုလ်ကိုပြုလုပ်ခြင်းတို့သည် ဝိညာဏ်လှည့်စားကာ "ဝိညာဏ်လိမ်"ခံရခြင်းသာဖြစ်၍ "မှားပင်မှားဘိ မှားခေါင်ထိ"၏ဟု ဆိုထားပါသည်၊ ထိုစကားအရ အကုသိုလ်လုပ်တာလည်း ဝိညာဏ်လိမ်တာ၊ ကုသိုလ်လုပ်တာလည်း ဝိညာဏ် လိမ်တာ၊ ဝိညာဏ် လိမ်တာကိုပင် ရှောင်ကြဉ်ခြင်း ပြုလုပ်ခြင်း လုပ်နေကြခြင်းကြောင့် အမှားသံသရာ့ထိပ်ခေါင် ရောက်နေသည် ဆိုခြင်းဖြင့် ကုသိုလ်ကိုလုပ်ချင်စိတ် (ကုသလစ္ဆန္ဒ)များ အကုသိုလ်ကိုရှောင်ချင်စိတ်များ မရှိတော့ပဲ "လုပ်ချင်ရာလုပ် အရေးမကြီး သတ္တဝါက ငရဲမသွား အနိစ္စတရားကြီးက သွားလိမ့်မည်"ဟု ကမ္မဿကတာသမ္မာဒိဋ္ဌိကံနှင့် ကံ၏အကျိုးတရားကို ပယ်ရှားသော အဟေတုကဒိဋ္ဌိဆီသို့ ဦးတည်စေပါသည်၊ ထို့ကြောင့် ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် မသိနားမလည်သူများအား သဘောမပေါက်စေပဲ ပညတ် ပရမတ် ရှုပ်ထွေးစေလျက် အဟေတုကဒိဋ္ဌိဖြစ်စေရန် လှည့်စားသည့် မာယာသာဒြေယျ အဓမ္မဝါဒသာ ဖြစ်ပါသည်။

အမှတ် (ဆ)၏ ဆိုလိုရင်းမှာ လောကသုံးပါး အကောက်တွင် သန်ါရလောကအရ အနိန္ဒြိယဗဒ္ဓ အဝိညာဏကရုပ်သက်သက်ဖြစ်သော သစ်ပင်,မြေ, ရေ, နေ့, လ စသည်တို့ကိုသာ သန်ါရလောကအရ ကောက်ခြင်းဖြင့် သတ္တလောကဖြစ်သော ဣန္ဒြိယဗဒ္ဓ သဝိညာဏကဖြစ်သော သတ္တဝါများမှာဖြစ်ပျက်မှုသန်ါရမရှိတော့ပဲ သန်ါရလောကမှ ကင်းလွတ်သွားပြန်ပါသည်။

http://www.dhammadownload.com

ဣန္ဒြိယဗဟွါနံ ခန္ဓာနံ သမူဟော သန္တာနော စ သတ္တလောကော၊ အနိန္ဒြိယဗဟွါနံ ရူပါဒီနံ သမူဟော သန္တာနော စ သြကာသလော-ကော၊ ဥဘယေပိ ခန္ဓာ သခ်ါရလောကော ပစ္စယေဟိ သခ်ါရိယန္တိ လုဇ္ဇန္တိ ပလုဇ္ဇန္တိ စာတိ (ဝိသုဒ္ဓိမဟာဋီ-၁-၂၇၇။ သာရတ္ထ–ဋီ-၁-၂၄၁၊ ဝိမတိ–ဋီ-၁-၅၂။)

ဣန္ဒြေနှင့်စပ်ကြသော ဣန္ဒြိယဗဒ္ဓရုပ် ခန္ဓာအပေါင်းသည် လည်းကောင်း အစဉ်သည်လည်းကောင်း သတ္တလောက၊ ဣန္ဒြေနှင့်မစပ်ကြသော အနိန္ဒြိယ ဗဒ္ဓ ရုပ် ခန္ဓာအပေါင်းသည်လည်းကောင်း အစဉ်သည်လည်းကောင်း သြကာသ-လောက ထိုခန္ဓာနှစ်မျိုးအပေါင်းသည် အကြောင်းတရားသည် ပေါင်းဆုံပြုပြင် အပ်သော်ကြောင့်လည်းကောင်း ခဏိကအားဖြင့် ပျက်ကြသောကြောင့်လည်း ကောင်း သန္တတိအားဖြင့် အပြားအားဖြင့် ပျက်ကြသောကြောင့် လည်း ကောင်း သခ်ါရလောက ဟုဆိုသဖြင့် ကျမ်းဂန်နည်းအရ လောကသုံးပါးမှာ–

သတ္တဝါမှန်သမျှ သတ္တလောက၊

သစ်ပင် နေလ ရေမြေ တောင်းတောင် စသောနာမ်မရှိသည့် ဥတုဇရုပ်မှန်သမျှ သြကာသလောက။

ထို (သတ္တဝါနှင့် ဥတုဇရုပ် ဟူသော သတ္တလောက–သြကာသလောက) နှစ် မျိုးလုံးသည် ဖြစ်ပျက်သောကြောင့် သခ်ါရလောကဟု ကောက်ယူရပါမည်။

ကြောင်ပန်းအဆိုအရမူ သတ္တဝါများမှာ သခ်ါရလောကထဲတွင် မပါဝင်၍ ဖြစ်ပျက်မှုကင်းလွတ်ကာ ခိုင်မြဲသောသဘောသို့ သက်ရောက်စေပါသည်၊ ကြောင်ပန်းကဆိုသည်မှာ စောဒနာအမှတ် (၇) တွင် ပါဝင်ခဲ့ပြီး ဖြစ်သော "ကောင်းကင်ကို ကိုယ်ခေါ်သည် ငါခေါ်သည် သတ္တဝါခေါ်သည်" ဟုဆို ထားသဖြင့် သတ္တဝါကို သခ်ါရလောကထဲ ထည့်သွင်းလိုက်လျှင် ကောင်းကင် နှင့် တခြားစီ ဖြစ်သွားပါမည်၊ ထို့ကြောင့် ကောင်းကင်ကို လက်ညှိုးထိုးပြီး သတ္တဝါ-ငါ-ကိုယ်ဟုလုပ်ပြကာ သခ်ါရလောကထဲမှာ သတ္တဝါချန်ထားပြီး မဖြစ် မပျက်–အမြဲတည်သော "ကောင်းကင်ဆိုသည့် ခန္ဓာကိုယ်" ဟူသော အယူအဆ ကို လက်စွဲထားပါသည်။

ထို့ကြောင့် သြကာသလောကအရ ကောင်းကင်ကို ကောက်သကဲ့သို့ သခ်ါ-ရလောကအရလည်း သတ္တလောကကိုချန်ကာ ကျမ်းဂန်အရ သြကာသလောက ဖြစ်သော သစ်ပင် နေ လ ရေ မြေ တောတောင်ကိုသာ ကွက်ကောက်ခြင်းဖြင့် စာပေကျမ်းဂန် မသင်ဖူးသည့် ဗုဒ္ဓဘာသာဝင် လူ ရှင်ရဟန်းတို့အား လှည့်စား သည့် မာယာသာဋေယျ အဓမ္မဝါဒသာ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

အမှတ်–၃ နိုင်ငံတော် သီးခြားဝိနည်းဗိုရ်ဆရာတော်များဘုရား—

ဖော်ပြပါ အချက်အလက်များဖြင့်ပင် ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် ဗုဒ္ဓဝစနပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် မညီညွတ်ရုံမျှမက စာပေကျမ်းဂန်လာနည်းများကို ပျက်ပြားစေကာ ကိုယ်တွေ့ကိုအခြေခံပြီး ထင်ရာကို မှန်း၍ အကန်းလမ်းသွားသလို စမ်းတဝါးဝါးဖြင့် ဟိုရောက် ဒီရောက်-ပညတ်ကို ပေါက် ပရမတ်ရောက်–ပရမတ်ကိုပေါက် ပညတ်ရောက် ပညတ်ကိုလဲမပို်င်–ပရမတ်လဲမနိုင်ပါပဲ ဆရာတဆူလုပ်ချင်သည်နှင့် ခပ်ငိုင်ငိုင်နေရာမှထ အော်သူကဲ့သို့ ယောင်ယမ်းသည့် ကြောင်ပန်း၏ အဓမ္မဝါဒသာဖြစ်ပါသည်။

ကြောင်ပန်းတောရ ဝိပဿနာဝါဒသည် ဝိပဿနာဟူသော ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော် အမည်ယူထားကာ အချို့နေရာများ၌ ဗုဒ္ဓဝစနပါဠို အဋ္ဌကထာများကို လိုသလိုဆွဲယူကိုးထားပြီး "သာသနာတော်၏စကားလုံး အသုံးအနှုန်းများအယူအဆများကိုသုံးနှုန်းယူဆထားသောကြောင့်ဓမ္မဝါဒပါ" ဟုထင်မြင်စေရန် ခုခံကာကွယ် ဖုံးဖိထားပါသည်၊ သို့သော် နိဂဏ္ဌနာဋပုတ္တ (ဂျိန်း)ဆရာကြီး၏ အယူဝါဒသည် သာသနာတော်နှင့် အနည်းငယ်သင့်လျော် အကျုံးဝင်သော်လည်း အယူဝါဒ မစင်ကြယ်သောကြောင့် နိဂဏ္ဌ၏ အယူဝါဒမှန်သမျှ ဒိဋ္ဌိချည်းသာ ဖြစ်ပါသည်ဟု–

> "တေသဃ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္မိ အတ္ထိ၊အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ" (ဒီ.ဋ္ဌ.၁.၁၅၁)

၌ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသကဲ့သို့ ကြောင်ပန်းတောရဝါဒသည်လည်း ဗုဒ္ဓဘာသာ၏–

(က) ကံအကြောင်းနှင့် လောကအကြောင်းဆိုင်ရာ အကောက်အယူများ

(ခ) သရဏဂုံတည်ခြင်းနှင့် ဗုဒ္ဓဘာသာဖြစ် မဖြစ် အယူအဆများ

(ဂ) ဝိပဿနာနှင့် နိဗ္ဗာန်ဆိုင်ရာ အကောက်အယူများ

(ဃ) ပညတ်+ပရမတ်ဆိုင်ရာ အကောက်အယူများနှင့် အခြားသော အကောက်အယူ ဟောပြောရေးသားမှုတို့သည် ပါဠို အဋ္ဌကထာကို ကိုးကား၍ ဗုဒ္ဓသာသနာတော်နှင့် ညီညွတ်လေဟန် ဗုဒ္ဓသာသနာတော်၏ သံဂါယနာ ဖြစ်တန်ဝင် ထေရဝါဒ ပိဋကတော်မှယူ၍ ရေးသားဟောပြောလေဟန် ထင်မြင်ရသော်လည်း အမှန်မှာ–ကြောင်ပန်းတို့၏ ကြံမိကြံရာ တကိုယ်ကျင့်များကို အား ကိုးရာ "ကျားကန်" ရုံမျှလောက် အသုံးပြုထားပြီး အယူဝါဒတခြား–အကိုး

http://www.dhammadownload.com

ထည့်သာဓက တခြားသာဖြစ်ပါသောကြောင့် ဗုဒ္ဓမြတ်စွာ ဒေသနာတော်တခုလုံး၏ အနှစ်သာရဖြစ်သော "နိဗ္ဗာန်" နှင့် "ကျင့်စဉ်" တို့ကို ထိခိုက်စေ်ကားပျက်ပြားစေသော အဓမ္မဝါဒသာ ဖြစ်ပါသည်။

ဗုဒ္ဓ၏ ပိဋကတ်တော်လာ စာလာပေလာ ဒေသနာတော်နှင့် လားလားမှ မဆိုင် မဆီဆိုင်အလေ့ပေါက် သူအလျောက်သူဘာသာ–သူဝါသနာအရ သူတရားဓမ္မသာဖြစ်ပါ၍ ဗုဒ္ဓဝါဒ၏ဓမ္မမဟုတ်၊ အဓမ္မဝါဒသာဖြစ်ကြောင်း ထင်ရှားပါသဖြင့် ကြောင်ပန်းတောရဝါဒသည် အဓမ္မဝါဒသာဖြစ်သည်ဟု တပည့်တော်များ မမှိတ်မသုံ ယုံကြည်ကြပါသည်ဘုရား။

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား–

အထက်ပါ အချက်အလက်များကြောင့် ကြောင်ပန်းတောရဝါဒကို သာသနာတော်နှင့်မလျော်ကန်သော အဓမ္မဝါဒဖြစ်ကြောင်း စိစစ်သုံးသပ်ဆုံးဖြတ်ချက်ချတော်မူပါရန် ဝိတ္ထာရစောဒနာများကို တင်သွင်းလျှောက်ကြားပါသည်ဘုရား။

စောဒနာနိဂုံး

ရှိသေလေးမြတ်စွာ လျှောက်ကြားပါသည်—

နိုင်ငံတော်အမှတ်-၃ သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၁။ တပည့်ခံတော်များသည် ကြောင်ပန်းတော်ရဝါဒနှင့်စပ်လျဉ်း၍ "ဓမ္မ+အဓမ္မ" ဆုံးဖြတ်ချက် ဝိနိစ္ဆယခံယူရန်အတွက် ကြောင်ပန်းတောရဝါဒ စာအုပ်များပါ ရေးသားဟောပြောချက်များမှ ကောက်နုတ်၍ စောဒနာ (၁၀)ချက်ကို ပါဠိ-အဋ္ဌကထာ-ဋီကာအကိုးသာဓက အာဂမယုတ္တိ သဘာဝယုတ္တိတို့ဖြင့် တင်သွင်းလျှောက်ကြား စောဒနာပြီးပါပြီဘုရား၊ ယခုအခါ ကြောင်ပန်းတောရဝါဒအား ပယ်ရှင်းလွှဲလွှဲလျောင်ချက်အဖြစ် နိဂုံးချုပ်အနေဖြင့် တင်ပြလျှောက်ထားခွင့်ပြုတော်မူပါဘုရား။

နိုင်ငံတော်အမှတ်-၃ သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၂။ ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ကြောင်ပန်းတောရဝါဒကဲ့သို့ဓမ္မန္တရာယ်ကို ဖြစ်ပေါ်စေသောဝါဒများ ပေါ်ပေါက်စဖူး ပေါ်ပေါက်နေကြသဖြင့် ဆရာတော်တို့ကဲ့သို့ သီးခြားဝိနည်းဓိုရ်ဆရာတော်များ သာသနာတော်၏ဝါဒသန့်ရှင်းရေးအတွက် အလုပ်ရှုပ်ခဲ့ကြရပါသည်ဘုရား၊ ယင်းဓမ္မန္တရာယ်ဝါဒများ ပေါ်ပေါက်ရာတွင် အခြေခံမြုံကြည်ချက်နှစ်မျိုးကြောင့် ပေါ်ပေါက်လာကြောင်း တွေ့ရှိပါသည်၊ တမျိုးမှာ သံဂါယနာ ၆-တန်ဝင် ထေရဝါဒပိဋကပါဠိ

http://www.dhammadownload.com

အင်္ဂကထာများကို မယုံကြည်ပဲ ပစ်ပယ်ကာ လက်တွေ့မျက်တွေ့ အမြင်များဖြင့် ဗုဒ္ဓသာသနာမှ လွတ်ကင်းသည်ခေတ်အခေါ် "သိပ္ပံ"စသော ခေတ်ပေါ် အတွေးအခေါ်ပညာအသီးသီးနှင့် တိုင်းထွာသော ဝါဒများဖြစ်ပြီး တမျိုးမှာ ပိဋကပါဠို အင်္ဂကထာကို ယုံကြည်သယောင်ဖြင့် ယင်း ပါဠိအင်္ဂကထာများထဲမှ လိုရာကောက်နုတ်ကာ ဗုဒ္ဓသာသနာ၏ အဆင့်အမြင့်ဆုံး အနှစ်ပိုင်းဖြစ်သည့် ဝိပဿနာဟူသော "ကိုယ်ကျင့်အဘိဓမ္မာ"ကိုမှီပြီး 'နိဗ္ဗာန်'ဟူသော ဗုဒ္ဓဘာသာပန်းတိုင်ကြီးကို "မိမိတို့၏တက္ကိဉာဏ်"ဖြင့် တိုင်းထွာသောဝါဒမျိုး ဖြစ်ပါသည်။

၃။ ထိုနှစ်မျိုးထဲတွင်တပည့်ခတ်များယခုစောဒနာတင်သွင်းသော ကြောင်ပန်းတောရဝါဒသည် "ဝိပဿနာ"ဟူသော အမည်ကိုခံယူ၍ ဝိပဿနာအရိပ်ကို ခိုကာ သူလိုရာပါဠို အင်္ဂကထာတို့ကို ကိုးကားလျက် 'သရဏဂုံ' ပုညကိရိယာ ကုသိုလ်စသည့် ဗုဒ္ဓသာသနာတော်၏ အခြေခံအကျင့်ဟူသော အခက်အလက်များကို ချိုးဖဲ့ဖျက်ဆီးသည့် ဒုတိယအမျိုးအစားထဲတွင် ပါဝင်သောဝါဒသာ ဖြစ်ပါသည်ဘုရား။

၄။ ထို့ကြောင့် ကြောင်ပန်းတောရဝါဒသည် သူ၏"ကောင်းကင်နိဗ္ဗာန်ဘုံ" ကြီး ဆောက်နိုင်ရန်အတွက် ဗုဒ္ဓသာသနာတော်၏ ထေရဝါဒပိဋကတ်တော်ကို "ကျားထောက်ကျားကန်" အသုံးပြုခြင်းဖြင့် ဗုဒ္ဓဘာသာဝင် လူထု၏အမြင်ဝယ် ဗုဒ္ဓမြတ်စွာ၏ တရားတော်ဟု ထင်မြင်စေကာ နှစ်ပေါင်း(၁၀)ခန့် ကြာမြင့်သည်ထိ ခိုင်မာစွာ ရပ်တည်နေခြင်း ဖြစ်ပါသည်။

၅။ ကြောင်ပန်းတောရဝါဒသည်"ဝိပဿနာ"အမည်ခံသော်လည်း ဗုဒ္ဓမြတ်စွာ၏ဝိပဿနာ လမ်းစဉ် သတိပဋ္ဌာန်လေးမျိုးတွင် ဘယ်အမျိုးတွင် ပါဝင်သည် ဟုတိတိကျကျ မိမိရရမရှိပဲ"ဓမ္မာနုပဿနာသတိပဋ္ဌာန်"ယောင်ယောင်ဖြင့်ပညတ် +ပရမတ်ကို ရောထွေးစေကြောင်း စောဒနာချက်များအရ ထင်ရှားပါသည်ဘုရား။

၆။ ကြောင်ပန်းတောရဝါဒသည် သူ၏"ကောင်းကင်နိဗ္ဗာန်ဘုံကြီး"ကိုတည်ဆောက်ရာတွင် ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်ဖြစ်သော သရဏဂုံတည်ခြင်းကို ပါ ဘုရားအလိုတော်နှင့် ဆန့်ကျင်ကာ ပြောင်းလဲပစ်ခဲ့ပါသည်၊ ယင်းသို့ ပါဠို အင်္ဂကထာအလိုကျမဟုတ်ပဲ "သူတက္ကိဉာဏ်"ဖြင့် ကြံဖန်ထားသောသက္ကာယဒိဋ္ဌိပြုတ်မှ သရဏဂုံတည်၍ ဗုဒ္ဓဘာသာဖြစ်သည် ဟူသော အခြေခံအုတ်မြစ်ပေါ်တွင်—

> ကျင့်စဉ်မလို သိလျှင်ပြီးရော ဆိုသည့်တိုင်ကိုထူပြီး ပုညကိရိယာ ကုသိုလ်ကံများ ရှောင်ကြဉ်ရမည်ဟူသော ထုတ် လျောက် ယက်မ ဒိုင်းမြားတို့ကို တပ်ဆင်လျက် တုံးတိုင်စသောပညတ်များကို 'နာမ်' လုပ်

http://www.dhammadownload.com

သည့် အမိုးအခြင်ကို မိုးစေ၍ ဝိညာဏ်လိမ်ဟူသော ကြောင်လိမ်လှေကားကြီးဖြင့် ကောင်းကင်လဟာပြင်ကြီးကို ထုပိကာတင်ကာ သူ၏ ကောင်းကင်နိဗ္ဗာန်ဘုံကြီးကို ဗုဒ္ဓမြတ်စွာ၏ ဝိပဿနာဟူသော ဆေးရောင်တင်ပေးလိုက်သောအခါ 'ဗုဒ္ဓဘာသာဝင်ထု၏' မျက်စိအမြင်တွင် အမြင်လှပ ပသာဒဖြစ်စေခဲ့ပါသည်ဘုရား။

၇။ ယင်းသို့ တည်ဆောက်ရာတွင် ကြောင်ပန်းတောရဝါဒီတို့ အဓိကအသုံးပြုသောလက်နက်မှာ "အရာရာကိုနာမ်" ဟုယူဆသောဝိညာဏ်လိမ် နာမ်လက်နက်ပင် ဖြစ်ပါသည်။

"အရာရာသည်နာမ်ကြောင့်ဖြစ်သည်" ဟုဆိုကာ နောက်ဆုံး 'နိဗ္ဗာန်' ကိုလည်း စိတ်နာမ်ယောင်ယောင် 'စိတ်ထင်မြင်ရာ ကောင်းကင်ယောင်ယောင်' ဖြင့် နာမ်ဝိညာဏ်ကို ဦးစားပေးသည့်ဝါဒဖြစ်ပါသည်။

၈။ ထိုသို့ 'ဝိညာဏ်နာမ်' ကို ဦးစားပေးကာ ဝိညာဏ်လှည့်စားရာ ခံရသည်ဟုဆိုပြီး ကုသိုလ်လုပ်လျှင် ချမ်းသာရာရောက်ခြင်း အကုသိုလ်လုပ်လျှင် ငရဲရောက်ခြင်း ဆင်းရဲခြင်းဆိုသည့် အယူအဆများမှာလည်း ဝိညာဏ်၏ အလှည့်ခံရခြင်း ဖြစ်ကြောင်းတို့ကို ဟောပြောရေးသားခဲ့သည့် "ဝိညာဏဝါဒ" ဖြစ်ပါသည်။

၉။ ထိုသို့ ရေးသားဟောပြောခဲ့ခြင်းကြောင့် (နိဒါန်းတွင် တင်ပြခဲ့သော) ဝိဝါဒါဓိကရဏ်းများနှင့်တကွ "စိတ်-စိတ်အတိုင်းထား လုပ်သမျှ ဒုက္ခ" ဆိုသည့် ကျောက်သင်္ဘောအဓမ္မဝါဒကိုလည်း ပေါက်ပွားစေခဲ့ခြင်းဖြင့် ကျောက်သင်္ဘော ကဲ့သို့ 'ကြောင်ပန်း' အမည်မခံပဲ ကိုယ့်အမည် ကိုယ်ယူထား သည့် အဓမ္မဝါဒများမည်မျှရှိသည်ကိုမသိနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော်ကြောင်ပန်းတောရ ဝါဒပါရေးသားချက်များတွင် မရေရာ မတိကျသည့် စကားအဆို အသုံးအနှုန်းများဖြင့် တင်းကြပ်ပြည့်နေ၍ ပါဠိတော်ကိုပင် သူလိုသလို အနက်ပေးကာ လိုရာဆွဲ၍ ရစေနိုင်သည့် အချက်အလက်များ ပါရှိသောကြောင့် ဖြစ်ပါသည်။

၁၀။ ကြောင်ပန်းဝါဒပါ အချက်အလက်များထဲမှာ–

ပညတ်ကို နာမ်လုပ်ချင်သလား
ကောင်းကင်ကို နိဗ္ဗာန်လုပ်ချင်သလား
ဝိညာဏ်ကို နိဗ္ဗာန်လုပ်ချင်သလား
ခန္ဓာကိုယ်ကြီးကို နိဗ္ဗာန်လုပ်ချင်သလား
ပုညကိရိယာများကို ပယ်ချင်သလား
ငရဲဆိုတာမရှိ နတ်ပြဟ္မာဆိုတာ မရှိလို့ ဆိုချင်သလား

http://www.dhammadownload.com

ကျင့်စဉ်မလို သိလျှင်ပြီးရော သောတာပန် ဖြစ်ချင်သလား
ပုထုဇဉ်က ရဟန္တာဖြစ်အောင် ကျင့်တာ မှားတယ်ဟု ဆိုချင်သလား
ခန္ဓာကိုယ်ကြီး မပျက်မစီး အတိုင်းတိုင်းကြီးရှိတယ်ဟု ယူချင်သလား

စသည့် မဟုတ်မမှန် ဗုဒ္ဓဝစန မွေကိုတော်လှန်လိုလျှင် ကြောင်ပန်းဝါဒတွင် ပြည့်စုံသောသဲလွန်စ မြောက်မြားစွာရှိသဖြင့် ယူလိုသူကဿာ ကိုယ် ကြိုက်နှစ်သက်ရာရွေးကာ တော်လှန်ရုံရှိပါသည်။

ထိုအချက်အလက် သဲလွန်စများအရ ကြောင်ပန်းဝါဒသည် ပင်မအဓမ္မဝါဒ ဖြစ်ကြောင်း ထင်ရှားပါသည် ဘုရား။

၁၁။ ဝိပဿနာ အားထုတ်သော "ကြောင်ပန်းတောရ ဝါဒီ" တို့သည် မိမိတို့၏ ကိုယ်တွေ့ ဉာဏ်မြင်ကို "ပိဋကမှတ်ကျောက်" ဖြင့် တင်ကြည့်သော်လည်း "ပကတ်ဇမ္မူရာဇ်" ရွှေအစစ်ကို မမြင်ဖူးပဲ "အကဲဖြတ်သူ" ကဲ့သို့ ကိုယ်လိုရာ ဆွဲကာ "ဗုဒ္ဓဝါဒ၏" နောက်ဆုံးပန်းတိုင်ဖြစ်သည့် "နိဗ္ဗာန်"ကို တွင်တွင်ဟော ပြောယူဆပြီး ဗုဒ္ဓဘာသာဝင်ထုကို တွေးတောစေးမောစေခဲ့ပါသည်။

၁၂။ အမှန်မှာ ပိဋကတော်သည် ဗုဒ္ဓမြတ်စွာနှင့် အဂ္ဂမဟာသာဝကထေရ် ရဟန္တာအသီးသီးတို့၏ "ကိုယ်တွေ့ဉာဏ်မြင် မှတ်တမ်းကြီး" ပင် ဖြစ်ပါ၍ မိမိတို့ အားထုတ်ထားသည့်တရားများကို ဗုဒ္ဓကိုယ်တွေ့ ပိဋကတော်နှင့်ညှိကြည့်ပြီးလျှင် မည်လျှင် မိမိကိုယ်တွေ့ကိုသာ ပယ်ရပါမည်၊ ဗုဒ္ဓကိုယ်တွေ့ကိုမူ မပယ်ရပါ၊ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်ပြုခါနီး၌ပင် "ငါ့ကိုယ်စား- ဘုရားပေါင်းများစွာအဖြစ် ဓမ္မဝိနယကို ဟောပြောခဲ့ပြီ အာနန္ဒာ" ဟု ကိုယ်စားတော် ထားခဲ့သော ပိဋကတ်အဆုံးအဖြတ်သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအဖြတ်ပင် ဖြစ်သောကြောင့် ဗုဒ္ဓကိုယ်တွေ့ကို မပယ်သင့်သည်မှာ ဗုဒ္ဓကို ကြည်ညိုသည့် သစ္စာရှိတပည့်ကောင်း ဖြစ်ကြသော ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ ထားရှိရမည့် ခံယူချက်ပင် ဖြစ်ပါသည်။

၁၃။ ဝိပဿနာကို အားထုတ် ဟောပြောကြသူများ သတိထားစရာမှာ "နိဗ္ဗာန်"ကိုအလွန်အမင်းပြောဟောနေခြင်းထက် "နိဗ္ဗာန်" ရောက်ရန် လမ်းမှန် အတိုင်း ကျင့်ကြံကြဖို့ အရေးကြီးပါသည်၊ ယခုမူ "အကျင့်ထက် အပြော"ကို ပိုမိုဦးစားပေးသဖြင့် သာသနာတော်အား ဒုက္ခပေးသူများအဖြစ်သို့ ရောက်ရပါသည်။

၁၄။ နိဗ္ဗာန်နှင့်ပတ်သက်၍ "ဘယ်ဟာ နိဗ္ဗာန်" ဟု အမျိုးမျိုး ကြံဖန်ယူဆကြမည့်အချိန်များကို စာလာပေလာ ဒေသနာတော်နှင့် ညီညွတ်သည့် ပဋိပတ္တိ-ကမ္မများကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်းသာ သဘာဝကျပါသည်၊

http://www.dhammadownload.com

သို့မဟုတ်ပါက ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော် ရေးသား ဆုံးမတော်မူခဲ့သော—

ဆိုပိမ့်ဟုတ်ရာ၊ စေ့စေ့နာလော၊ သဒ္ဓါပရမတ်၊ မန္ဒုနပ်ပဲ၊ လူတတ်တဆူ၊ ငါကောဟူ၍၊ အယူထွေဆန်း၊ မရဲလွန်းနှင့်၊ ကျမ်းတွဲဂန်တဲ့၊ မ ရွှဲ စသော၊ လေးမြတ်ပါမှ၊ ပညာတိုးပွါး၊ အကျိုးများလိမ့်၊ လေးပါးပင်လယ်၊ နက်ဝှမ်း ကျယ်ကို၊ ယုန်ငယ်သေးကွေး၊ မလောက်လေးမူ၊ သေဘေးမနှောင်း၊ မြဲစ တောင်းတည်း၊ ခါကောင်းသမယ၊ နဝမတွဲ၊ ဘဝအခိုက်၊ မကြိုက်စသော၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မိစ္ဆာယုဉ်က၊ လူတင်လုံးလုံး၊ အဖြစ်ရှုံး၏၊ ထုံးဟောင်းတန်ဆီ၊ ကျမ်းအညီနှင့်၊ ဂမ္ဘီရဓာတ်၊ ပရမတ်ကို၊ အတတ်တွေး တော၊ မဟောပြောနှင့်၊ သဘောသကန်၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲစွာ ကို၊ အရာမသိ၊ မရိပ်မိပဲ၊ ဟုတ်လိုနိုးနိုး၊ ဆင်ကန်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမူ၊ ပရမ်းပတာ၊ စိတ်သညာဖြင့်၊ ထင်ရာထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိမြစ်၊ စုံးစုံးနစ်သည်။ ။လူဖြစ်ဤတွင် အဆုံးတည်း။

ဟူသော လင်္ကာပါအတိုင်း မဖြစ်စေလိုသောဆန္ဒဖြင့် ကြောင်ပန်းတောရ ဝါဒီဖြစ်ကြကုန်သော စုဒိတကများနှင့် အားလုံးသော ပုဂ္ဂိုလ်တို့အား အချိန်မီ ပြန်လည် ပြင်ဆင်ကြပါမည့်အကြောင်း ဝိနည်းဓိုရ် ဆရာတော်များမှတဆင့် သာသနာ့ဝန်ထမ်း ညီရင်းအစ်ကိုမေတ္တာဖြင့် မေတ္တာရပ်ခံပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၁၅။ ကြောင်ပန်းတောရ ဝါဒနှင့် စပ်ဆိုင်သမျှ စောဒနာခြင်းကိစ္စ ပြီးပါပြီ ဘုရား၊ စုဒိတကများ တင်သွင်းမည့် သောဓနာချက်တို့နှင့် တပည့်တော်တို့၏ စောဒနာချက်များကို စိစစ်သုံးသပ် ဆုံးဖြတ်တော်မူရန်မှာ ဆရာတော်များ၏ တာဝန်သာ ဖြစ်ပါ၍ တပည့်တော်များ မျက်နှာကို မကြည့် ဗုဒ္ဓမြတ်စွာ၏ ပိဋကကျမ်းစာ ရှေ့မျက်နှာတော်ကိုသာ ကြည့်တော်မူ၍ သဘောသက်ရာ ဆုံးဖြတ်တော်မူကြပါဘုရား၊ ဓမ္မဝါဒဟူ၍ဖြစ်စေ အဓမ္မဝါဒဟူ၍ဖြစ်စေ ဆုံးဖြတ် သည်ကို နာခံရန်အဆင်သင့် ရှိကြပါကြောင်း လျှောက်ကြားပါသည်ဘုရား။

နောက်ဆုံးအနေဖြင့် တောင်းပန်လျှောက်ကြားလိုသည်မှာ ဤစောဒနာလွှာ တင်သွင်းစဉ် တပည့်တော်များ၏ ကာယကံ ဝစီကံ မနောကံ တို့သည် မရှိ မဒသ မထေမဲ့မြင် ပြုလိုသောဆန္ဒ တစိုးတစိမျှ မရှိပါသော်လည်း ချွတ်ချော်တိမ်းပါး မှားခဲ့မိပါသော် သနားကြင်နာ ခွင့်လွှတ်တော်မူကြပါရန် တောင်းပန် လျှောက်ကြားယင်း နိဂုံးချုပ်ပါသည် အမှတ်-၃ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များ ဘုရား။

ရှိသေမြတ်နိုးစွာဖြင့်

http://www.dhammadownload.com

ဧဝဘကမျှဝး

၁။ ဦးပညာဝံသ — တလုတ်ထောင်ချောကျောင်း ဟင်္သာတမြို့နယ်၊ ရောဝတီတိုင်း

၂။ ဦးဃုဇောဟ — ရတနာမာန်အောင်တိုက် မကျည်းခွရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း

၃။ ဦးဂမ္ဘီရဗုဒ္ဓိ (ဓမ္မာစရိယပါဠိဝါရဂူ) — သုခိတာရုံစာသင်တိုက် ဝေါမြို့၊ ပဲခူးတိုင်း

၄။ ဦးဇောတိက (ဓမ္မာစရိယ) — သာစည်ကျောင်းတိုက် မင်းခေါင်ရွာ၊ ချောင်းဦးမြို့နယ် စစ်ကိုင်းတိုင်း

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြားဝိနည်းဝိုရိုးအဖွဲ့

အမှတ် (၃)

၁၃၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂)ရက်

(၂၀-၂-၈၂)

နိဒါန်း

ရှိသေလေးမြတ်စွာ လျှောက်ထား အသနားတော်မြတ် ခံဝံ့ပါသည် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဝိုရိုးအဖွဲ့ သဘာပတိဆရာတော် အမှူး ရှိသော ဝိနည်းဝိုရိုးဆရာဘော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

တပည့်တော်မျှား စုဒိတကတို့၏ သောဇနာရန်အတွက်–

၁။ ရည်ရွယ်ချက်၊

၂။ ကိုးကားချက်၊

၃။ ထောက်ထားချက်—

အချက်သုံးချက်ဖြင့် အကျဉ်းနိဒါန်း လျှောက်ထားခွင့် ပေးသနားတော် မူပါရန် ရှိသေစွာ လျှောက်ထား အသနားတော်မြတ် ခံဝံ့ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

၁။ ရည်ရွယ်ချက်ပါ ဘုရား။

တပည့်တော်မျှား ကြောင်ပန်းတောရဝါဒကို ဓမ္မ အဓမ္မ စိစစ်ရန် စောဒနာ ချက် ပေါ်ပေါက်လာခြင်းအတွက် ငြင်းခုံထိပါး အမှားမပါစေရန် အထူး သတိ ပြု၍ တာဝန်ရှိသော သက်ဆိုင်ရာအချက်တို့ကိုသာ ဉာဏ်မီသလောက် ဖြေဆို သောဇနာခြင်းဖြင့် ဝိနည်းဝိုရိုးဆရာတော်များ၏ စိစစ်ဆုံးဖြတ် ဝိနိစ္ဆယ ချမှတ် သည်ကို နာယူ၍ သာသနာတော် ကိစ္စအဝဝ အေးငြိမ်းချမ်းသာမှု ရရှိလိမ့်မည် ဟု မမှိတ်မသုန် ယုံကြည်သက်ဝင်သော(ရည်ရွယ်ချက်)ဖြင့် ဖြေဆို သောဇနာ ပါမည်ဘုရား။

http://www.dhammadownload.com

၂။ ကိုးကားချက်ပါဘုရား။

ထေရဝါဒ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို မူရင်းထား၍ စဉ်လာဆင်းသက် အနွယ်တော်ဆက် ဖြစ်တော်မူကြကုန်သော နိုင်ငံကျော်ကြား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများတို့၏ ကျမ်းအစောင်စောင်တို့ကို ကိုးကားဖြေဆိုသောခနာပါမည်ဘုရား။

၃။ ထောက်ထားချက်ပါဘုရား။

ကြောင်ပန်းတောရ ပထမဆရာတော်သည် လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ရှင်အဖြစ် ရဟန်းအဖြစ် ရောက်အောင် ချီးမြှောက်ခြင်းခံရသော တပည့်ရင်း ဖြစ်ပါသည့် ဘုရား။

(က) ၁၂၅၉-ခုနှစ်၊ ဘုတလင်မြို့နယ် အနောက်မြောက်ပိုင်း ဝက်ရဲတောကြီး၌ ခြောက်နှစ်တိုင်တိုင် ယာတဲကလေးများ၌ ဆွမ်းခံ၍ တပါးတည်း တရားအားထုတ်ပါသည်ဘုရား၊ ထိုကာလအတွင်း လယ်တီဆရာတော်ဘုရားကြီး တဝါကြွရောက် သီတင်းသုံးပြီး နှစ်ပါးအတူ တရားအားထုတ်ကြောင်း သိရှိသူ ရွှေနောက်မီ သက်ရွယ်ကြီးသူများ ယခုတိုင် ရှိကြပါသည်ဘုရား။

(ခ) ၁၂၆၅-ခုနှစ် မောင်းထောင်ရွာ မြောက်ဘက် ကတိုးကူတော် ကြောင်ပန်းတောကြီးတွင် သီတင်းသုံး၍ ကြောင်ပန်းပင်တောမှ နေ့စဉ်ဆွမ်းခံထွက်သည်ကို အကြောင်းပြု၍ ဖူးတွေ့ရသော ရဟန်းရှင်လူတို့က ကြောင်ပန်းကိုယ်တော်ဟု ခေါ်ဆိုခြင်းက အစ ကြောင်ပန်းဆရာတော် တွင်လာပါသည် ဘုရား။

(ဂ) ၁၂၇၄-ခုနှစ်၊ ဘုတလင်မြို့နှင့် တမိုင်ခန့်ကွာဝေးသော ကျပ်ကုန်းအမည်တွင်သည့် မန်ကျည်းပင်ကြီးအောက်မှာ သီတင်းသုံးနိုင်ရက်လ အတန်ကြာမှ ၎င်းနေရာ ပတ်ဝန်းကျင်သတ်မှတ်၍ ကျောင်းဆောက်ကာလှူဒါန်းသဖြင့် ယခုတိုင် ကြောင်ပန်းတောရ အမည်တွင်ပါသည်ဘုရား။

(ဃ) ကြောင်ပန်းတောရ သီတင်းသုံးစဉ် တပည့် ရှင်ရဟန်း တိုးပွားလာ၍ အမိန့်ရှိသည်မှာ မြို့ရွာအတွင်း ဒုမင်္ဂလ သုမင်္ဂလကိစ္စများကို ရွာကျောင်းနေ ပုဂ္ဂိုလ်များက ဆောင်ရွက်ချီးမြှောက်တော်မူကြလိမ့်မည်၊ ငါတို့တောရကျောင်းနေ ပုဂ္ဂိုလ်များက ဆွမ်းခံစားရုံမှအပ မည်သည့် ဒုမင်္ဂလ သုမင်္ဂလကိုမှ လိုက်ပါအလှူခံခြင်း မပြုရဟု မိန့်ကြားသဖြင့် ယခုတိုင် စောင့်စည်းကြလျက် ရှိပါသည်ဘုရား။

http://www.dhammadownload.com

(c) အာဂန္တု ကြွလာလျှင် ဘာကိစ္စကြွလာပါသလဲ မေးပါသည်၊ တရား အားထုတ်ရန် ကြွလာကြောင်းလျှောက်လျှင် ရှင်ဖြစ်က လိင်ဒဏ် သေခိယ ရဟန်းဖြစ်က ပါတိမောက် ရ မရ မေးမြန်းပြီး မရလျှင် သင်ရပါသည်၊ ရလျှင် တရားအားထုတ် နေထိုင်ခွင့် ပေးပါသည်။

လူဒါယကာများ ညဉ့်အိပ်ညဉ့်နေလာလျှင် ရှစ်ပါးသီလ စောင့်ထိန်းစေ၍ ကြီးငယ်မဟူ ညစာထမင်း မစားကြရပါဘုရား။

(d) ကြောင်ပန်းတောရမှ တခြားသွားလိုလျှင် လျှောက်သော အခါ မနေချင်သွားရွံ့ပေါ့ကွယ်၊ ဘယ်သွားမှာလဲ ဘယ်နေမှာလဲ မေးမြန်းချုပ်ချယ် ခြင်း မပြုလုပ်ပါဘုရား။

(ဆ) ကြောင်ပန်းတောရသည် ဂိုဏ်းသီးခြားမရှိပါ၊ ရွေးအစဉ်အလာအရ သုမဂ္ဂါဂိုဏ်းဝင်များ ဖြစ်ကြပါသည်ဘုရား။

(e) ရဟန်း ရှင်လူအပေါင်းတို့အား ဒါနဝတ် မချုတ်စေရန် ရေသောက် တိုင်း လာဘ်ရည်သောက်တိုင်း ထမင်း ဆွမ်းစားတိုင်း ရေဦး ဆွမ်းဦးများ အခါခပ်သိမ်း လှူဒါန်းရမည်၊ တတ်စွမ်းသမျှ လှူဒါန်းဆုဌာန်လည်း မို့မောက် ပြည့်ဝစွာ လှူဒါန်းကြရမည် မိန့်ကြားသဖြင့် မုံရွာ၊ ဘုတလင်မြို့နယ်တို့၌ အသက်(၆၀)မှ(၈၀)လောက်အတွင်း ရေ 'လာဘ်ရည် စသည့် သောက်တိုင်း ရေဦးငှဲ့၍ ဗုဒ္ဓံ ပူဇေမိဟု စိတ်ထဲကရွတ်ဆို လှူဒါန်းသည်ကို တွေ့မြင်ရသဖြင့် ကြောင်ပန်းဆရာတော်တပည့်ဟု မမေးပဲ သိနိုင်ပါသည်ဘုရား။

(f) ရင်းချာသော တပည့်ဒါယကာ ဒါယိကာမများကို တလလေးသီတင်း သီလဆောက်တည်စေပါသည်၊ တတ်နိုင်လျှင် ဥပုသ်ကြို ဥပုသ်အထုတ် ဆောက် တည်စေ၍ ဆရာတော်ကြီး လက်ထက်က ယခုတိုင်အောင် ဝတ်မပျက်သော သီတင်းသည်များ ရှိကြပါသေးသည်ဘုရား။

(g) သီတင်းသည်များ နမော တဿ ဂုဏ်တော်ဖွင့် ရွတ်နာမ်အနှစ်စု, ဒုက္ခ, အနတ္တ ပုတီးစိပ်ခိုင်းပါသည်ဘုရား။

(h) ရက် လ ကြာ နေထိုင်သော ရဟန်း ရှင် လူများအား ခန္ဓာငါးပါး အာယတန တဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ သစ္စာလေးပါး ကျက်မှတ်ခိုင်းပါသည်ဘုရား။

http://www.dhammadownload.com

ကြောင်ပန်းတောရ ဒုတိယဆရာတော်
ထောက်ထားချက်ပါဘုရား

၁၂၀၀-ခုနှစ်၊ ကြောင်ပန်းတောရ ဒုတိယဆရာတော် ဆက်လက်အုပ်ချုပ်ပါသည်ဘုရား။

ပထမကြောင်ပန်းဆရာတော်ဘုရားကြီး၏ မူလစည်းမျဉ်း အခြေခံထား၍ ဒုတိယဆရာတော် ဖြည့်စွက်သော စည်းမျဉ်းပါဘုရား။

(က) ကြောင်ပန်းတောရ၌ ရောက်လာသော ရဟန်းရှင်လူတို့ကို(ပရဝဏ္ဏာနုပဿိဿ) အစချီသော ဂါထာပါဠိအနက် နှုတ်ရက်ချက်စေပြီး အဲသဝေါ ကင်းပြတ်၍ နိဗ္ဗာန်အမြတ် ရလိုသူတို့သည် အခါခပ်သိမ်း သူတပါးအပြစ် မပြောဆို မိအောင် စောင့်ထိန်းကြရမည်ဟု မိန့်ကြားပြီး ရဟန်းတပါး တရားဟောစဉ် (တချို့က)ဟု သုံးနှုန်းမိသဖြင့် ပလ္လင်ပေါ်က အဆင်းခိုင်းခဲ့ဖူးပါသည်ဘုရား။
(ဆဋ္ဌမ ခုဒ္ဒက နိကာယ ဓမ္မပဒ ပါဠိတော်၊ နှာ-၅၀၊ ဂါထာအမှတ် ၂၅၃)

(ခ) သူတပါးအသိခက် ကွေ့ကောက် လှည့်ပတ်သော အနက်အဓိပ္ပါယ်မျိုး မဟောပြောရ၊ ဘုရားဟော ပါဠိတော် ကိုးကားဟောပြောကြရမည်ဟု မိန့်ကြားပါသည်ဘုရား။

(ဂ) ဝတ်တက် ဝတ်ကပ် ပျက်ကွက်သူအား သဲဒဏ် ရေဒဏ်ထား၍ ဆုံးမပါသည်ဘုရား။

အထက်ပါ အကွဲရာစဉ် (က)(ခ)(ဂ)တို့ကို စည်းမျဉ်းအဖြစ်ဖြည့်စွက်ထားရှိပါသည်ဘုရား။

ကြောင်ပန်းတောရ တတိယဆရာတော်
ထောက်ထားချက်ပါဘုရား

၁၂၉၀-ခုနှစ် ကြောင်ပန်းတောရ တတိယဆရာတော် ဆက်လက်အုပ်ချုပ်ပါသည်ဘုရား။

ပထမဆရာတော် ဒုတိယဆရာတော်တို့၏ စည်းမျဉ်းမူ အခြေခံထား၍ တတိယဆရာတော် ဖြည့်စွက်သော စည်းမျဉ်းပါဘုရား။

(က) အစဉ်အလာစည်းမျဉ်းဟောင်းများ မူတည်ထား၍ (နိဗ္ဗာန်အစနမောက)ဟု ရှေးပညာရှိစကား အလေးထား၍ တရားမဟောမီ နမော တဿ ရွတ်ဆိုကြရမည်၊ လောကီလောကုတ္တရာ အရာရာ၌ နမော တဿ ရွတ်ဆိုကြရမည်ဟု မိန့်ကြားတော်မူခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

(ခ) တရားဟောတိုင်း (မဟောခင် မေတ္တာ, ဟောစဉ် သစ္စာ, ဟောပြီး ဥပေက္ခာ)ဟု နှလုံးသွင်းကြရမည်၊ ဟောပြီး ဥပေက္ခာဘုံရောဉ် ငါဟောခဲ့တဲ့ တရား ပရိသတ်နှစ်ခြိုက်ပါမည်လေဟုတွေးတောယူပန်ခြင်းမဖြစ်အောင်ဥပေက္ခာထားနိုင်ရမည်ဟု မိန့်ကြားတော်မူပါသည်ဘုရား။

အထက်ပါ အကွက်စဉ် (က)(ခ)တို့ကို စည်းမျဉ်းအဖြစ် ဖြည့်စွက်ထားရှိပါသည်ဘုရား။

ကြောင်ပန်းတောရ စတုတ္ထဆရာတော်
ထောက်ထားချက်ပါဘုရား

၁၃၀၀-ပြည့်နှစ်၊ တတိယဆရာတော်က စတုတ္ထဆရာတော်အား ကြောင်ပန်းတောရ တာဝန်ခံ နာယကအဖြစ် လွှဲပြောင်းပေးခဲ့ပါသည်ဘုရား၊ မူလအစဉ်အလာ စည်းမျဉ်းများကို မူထား၍ စတုတ္ထဆရာတော် ဖြည့်စွက်သောစည်းမျဉ်းပါဘုရား။

စတုတ္ထဆရာတော်လက်ထက်မှာ အမြို့မြို့အနယ်နယ်မှ ကြောင်ပန်း အမည်ခံရဟန်းရှင်လူတို့သည် ကြောင်ပန်းတောရ အသိမပေးပဲ မိမိတို့သဘောနှင့် ရိုက်နှိပ်ဖြန့်ဝေကြသော စာအုပ်စာတမ်း စာစောင်များ ပေါ်ထွက်နေကြောင်း ကြားသိရပါသည်ဘုရား။

(က) ၁၃၁၀-ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် စတုတ္ထဆရာတော်က ကြောင်ပန်းတောရ သံဃာစုဝေးစေ၍ သံဃာစုံညီမျက်မှောက်၌ အောက်ပါစည်းမျဉ်းထုတ်ပါသည်ဘုရား။

၁၃၁၀-ပြည့်နှစ် ဝါဆိုလပြည့်နေ့
စတုတ္ထနာယကဆရာတော် ထုတ်ပြန်မိန့်ကြားထားသော
ဥပဒေစည်းမျဉ်း

ပထမဆရာတော် ဒုတိယဆရာတော် တတိယဆရာတော် ရေးသားသော စာအုပ် စာတမ်းများ ငါရေးသားသော စာအုပ်စာတမ်းများနှင့် ပဏ္ဏာ ရေးသားသော စာအုပ် စာတမ်းများမှ တပါး အခြားကျမ်း ကြောင်ပန်းအမည်ခံရဟန်းနှင့် လူ ရေးသားကြသော စာအုပ်စာတမ်း များကို ငါတို့ကြောင်ပန်းတောရတိုက်က လုံးဝတာဝန်မယူ၊ ရေးသားသော ဟောပြောကြသောပုဂ္ဂိုလ်များ၏တာဝန်သာဖြစ်သည်ဟု စည်းမျဉ်းထုတ်ခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

ကြောင်ပန်းပဥ္စမဆရာတော် လျှောက်ထားချက်ပါဘုရား

၁၃၄၀-ပြည့်နှစ်၊ ကြောင်ပန်းတောရ ပဥ္စမဆရာတော် ဆက်လက်အုပ်ချုပ်ပါသည်ဘုရား။

၁၃၄၀-ပြည့်နှစ်၊ ပြာသိုလဆန်း (၃)ရက်နေ့ ပဥ္စမဆရာတော်သည် သံဃာစုံဝေးစေ၍ အတိုင်ပင်ခံ နာယက (၇)ပါး ရွေးချယ်ပြီး အစဉ်အလာစည်းမျဉ်းဟောင်း မူထား၍ "ဒါနအစ သီလရှေးဦးစွာ ဘာဝနာ ပထမ" ဤသုံးချက် မူထားပြီး နေထိုင်ဟောပြော ကျင့်ကြံမှု စည်းမျဉ်း ဖြည့်စွက်ကြပါဟု မိန့်ကြားသဖြင့် ဖြည့်စွက်ကြပါသည်ဘုရား။

နာယက(၇)ပါး ဖြည့်စွက်ချက် စည်းမျဉ်းပါဘုရား

၁။ ပဥ္စမ နာယက ဆရာတော်၊ ဆရာတော်ဦးနန္ဒမာလာ၊ ဆရာတော် ဦးသုန္ဒရ၊ ဦးယုဝိန္ဒ၊ ဦးပညာဝံသ၊ ဦးပဏ္ဍိတ၊ ဦးနန္ဒိယ၊ ၎င်းဆရာတော် (၇) ပါးတို့ကို တာဝန်ခံ နာယကအဖြစ် တင်မြှောက်ကြပါသည်။

၂။ နာယကဆရာတော် (၇)ပါးသည် ကိစ္စ အရပ်ရပ်ကို လုပ်ဆောင်ရာ၌ ဩဝါဒခံ သံဃာတော်အပေါင်း၏ လုပ်ဆောင်ချက် ဖြစ်စေရပါမည်ဘုရား။

၃။ ဩဝါဒခံ သံဃာတော်များသည် ရွေးယောင်က ရှိခဲ့သော စည်းကမ်းအရ ပါဠိတော်,အဋ္ဌကထာ,ဋီကာ, လယ်တီဆရာတော်, ပထမကြောင်ပန်း ဆရာတော်မှစ၍ ပဥ္စမဆရာတော်အထိ ရေးသားခဲ့သော စာပေတို့နှင့်ညီစွာ ဟောပြောကြရပါမည်ဘုရား။

၄။ ဩဝါဒခံ ဆရာတော် သံဃာတော်များသည် တရားဟောပြောရာ၌ လည်းကောင်း, ဆွေးနွေးရာ၌လည်းကောင်း စရဏတရားကို မိမိလည်းအချို့ကျ သူတပါးကိုလည်း အချို့ကျအောင် ဟောပြောရမည်၊ ဝိဇ္ဇာတရားကိုလည်း ယဉ်ကျေးသောစကား ဥပမာများနှင့် ရှုပ်နာမ်နှစ်ရပ် ပရမတ်ကို ဉာဏ်မြင်သာအောင် ဟောပြောပေးရပါမည်ဘုရား။

၅။ (က) မိမိ ပုဂ္ဂိုလ်ရေးအရ လက်ခံနေထိုင်သော ကျောင်းကန်အတွက် နှင့် ပတ်သက်သော ကိစ္စကြီးငယ်ပြဿနာများသည် မိမိတာဝန်သာဖြစ်စေရမည်၊ နာယကဆရာတော်များနှင့် မပတ်သက်ပါဘုရား။

(ခ) တရားရေးနှင့်ပတ်သက်၍ အထက်ပါစည်းကမ်းအတိုင်း ဟောပြောသော်လည်းကောင်း စည်းကမ်းနှင့်မညီညွတ်ပဲ ဟောပြောသော်လည်းကောင်း ပြဿနာဖြစ်ခဲ့လျှင် နာယကဆရာတော်များထံ ကိုယ်တိုင်လာရောက် ပြောကြားရပါမည်ဘုရား။

http://www.dhammadownload.com

၆။ ဩဝါဒခံဆရာတော်များသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, လယ်တီဆရာတော်, ပထမနှင့်ဒုတိယဆရာတော်မှ စ၍ ပဋ္ဌမဆရာတော်တို့ ရေးသားခဲ့သော စာပေကျမ်းဂန်များနှင့် မညီညွတ်ပဲ၊ ဟောပြောသဖြင့် ပြဿနာဖြစ်ခဲ့ပါက ဟောပြောသူ၏ တာဝန်သာဖြစ်စေရပါမည် ဘုရား။

အထူးလျှောက်ထားချက်ပါ ဘုရား

အထက်ဖော်ပြပါ စတုတ္ထဆရာတော် ဖြည့်စွက်စည်းမျဉ်းအရ တပည့်တော်များ ကြောင်ပန်းတောရနှင့် မသက်ဆိုင်သောစာအုပ်များ ထောက်ပြစောဒနာချက်တို့ကို ဖြေဆိုသောခနာခြင်း မပြုလုပ်ပါဘုရား။

တပည့်တော်များ သက်ဆိုင်သောစာအုပ်များမှ ထောက်ပြစောဒနာချက်များကိုသာ ဖြေဆိုသောခနာ ပြုကြပါမည် ဘုရား–

နိုင်ငံတော်သီးခြားဝိနည်းဓိုရိ အမှတ်(၃)သဘာပတိ ဆရာတော်အမှူးရှိသော ဝိနည်းဓိုရိဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ဘုရား–

နိဒါန်းအစဖော်ပြပါ (၁) ရည်ရွယ်ချက် (၂) ကိုးကားချက် (၃) ထောက်ထားချက်တို့ဖြင့် စောဒနာ (၁၀) ချက်ကို ဆက်လက်ဖြေဆို သောခနာခွင့် ပေးသနားတော်မူပါရန် ရိုသေစွာ လျှောက်ထား အသနားတော်မြတ် ခံဝံ့ပါသည် အမှတ် (၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရိဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သောဒနာအမှတ် (၁)

တုံးနာမ် တိုင်နာမ် နေနာမ် ကြက်နာမ် စသော ဝါဒသည် ဝိပဿနာနာမပရိညာ ရူပပရိညာ ဝါဒဖြစ်ကြောင်း (သောဒနာ)ပါ ဘုရား။

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရိ ဆရာကော်မျှား ဘုရား၊ ကြောင်ပန်းတောရ ဝါဒသည် ဝိပဿနာ, နာမပရိညာ, ရူပပရိညာ ဝါဒဖြစ်ကြောင်း တပည့်တော်တို့ ဉာဏ်မီသမျှ လျှောက်ထားအပ်ပါသည် ဘုရား။

ကြောင်ပန်း ခြောက်စောင်တွဲ ရတနာဒီပနီကျမ်း(ကမ္ဘာလုံးမူ နှာ-၃၃၃)၌–

(က) ယခုအခါ ဥပမာနှင့်တကွ နာမ်ကိုပြမည် မျှားစွာသတိထား၊ သမုဒ္ဒရာအင်းအိုင် တွင်းကန်ထွေထွေ ရေရှိသမျှ ခွက်ဖလား မြက်ဖျားဥဇ္ဈောက်နှင်းပေါက်ရေမှာ နေလရိပ်ထင် မြင်သည့်ပမာ အိမ်, ကျောင်း, တုံး, ဖျာ ဘုံသုံးရွာစသော သတ္တဝါသဘောမှတ်လေ။

http://www.dhammadownload.com

ဥပမာ, ဥပမေယျ့ ဟပ်၍ပြသော်ကား ကေတ္တ နာနတ္တ ဇာဗျာပါရ ဧဝံတံထွာ မေ့မတာဓာတ် သမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း ပစ္စုည်းပြုမျှ သခ်ိတ ပရမတ်က နေလနှင့်တူ၏၊ နေ လ ရောင်နှင့် ရုပ် နာမ် သခ်ိရ အနိစ္စဓာတ် ပရမတ်တူ၏၊ ထိုအနိစ္စမှာမူလည်း ဇာန္ဒြိယဗဒ္ဓ အနိစ္စမှ စကွ၊ သောတ စသော ဝတ္ထုရုပ် ခြောက်ပါးက မြက်ဖျာဥ်ရောက် နှင်းပေါက် ရေတွေနှင့် တူ၏။

ထိုနှင်းပေါက်ရေတွင် နေအသွင် လအသွင် အရိပ်ထင်သည်နှင့်ကား ဝတ္ထုရုပ်တွင် လူ့ဒဿင် ရှင်အသွင် သစ်ပင်စသော သဏ္ဌာန်အရိပ် နိမိတ် အထင် မြင်ကြံသမျှ အစစနှင့် တူလှ၏၊ ဤဥပမာကို အခါခါကြံကြည့်၍သာ သိပါ မြင်ပါ သိကောင်းပါ၏။

ဤသို့ ရေးသား မိန့်ဆိုတော်မူထ၍–

သမုဒ္ဒရာ အိုင်အင်းတွေထဲမှာ လည်းကောင်း တွင်း ကန် ရေတွေထဲမှာ လည်းကောင်း ခွက်ဖလားထဲ ထည့်ထားသော ရေတွေထဲမှာ လည်းကောင်း ကောင်းကင်က နေရောင် လရောင်တွေ ကျမေ့က်၍လာကြပါသည်၊ နေရောင် ကျရောက်ခြင်းကြောင့် ဒွက်ဖလား ရေထဲမှ နေရိပ်ထင်ပါသည်၊ လရောင် ကျရောက်ခြင်းကြောင့် ခွက်ဖလားထဲမှာ လရိပ်ထင်ပါသည်၊ ကောင်းကင် နေကား (တနေ့)ပင် ဖြစ်သော်လည်း ခွက်ဖလားတရာရှိလျှင် နေ(၁၀၀)ရှိ၍ နေပါသည်၊ ကောင်းကင် လမှာ တလပင် ရှိသော်လည်း ခွက်ဖလား (၁၀၀) ရှိလျှင် လ(၁၀၀) ရှိ၍ နေပါသည်။

ထို့အတူ သခ်ိတပရမတ်သည် နေလနှင့် တူပါသည်၊ သခ်ိရပရမတ်သည် နေရောင် လရောင်နှင့် တူပါသည်၊ တုံး တိုင် နေ စသော ပညတ် အိမ် ကျောင်း တုံး ဖျာ ဘုံသုံးရွာ သတ္တဝါ စသော ပညတ် အမျိုးမျိုးတို့ကား နေ၏အရိပ် လ၏အရိပ်နှင့် တူကြပါသည်။

ကြောင်ပန်း ခြောက်စောင်တွဲ၊ ကြောင်ပန်းဟောစဉ်ကျမ်း ကမ္ဘာလုံး မူ၊ နှာ-၃၉၆-မှာ–

(ခ) ဤစကားမှာ ဂန္ဆခရ အလိုအားဖြင့် ဟုတ်မှန် ပြောဆိုသင့်၏၊ ဝိပဿနာနှင့်ဖြင့် မသင့်၊ မသင့်ပုံက စိတ် စေတသိက် ဟူသော နာမ်တရားသည် တုံး ဖျာ စသည်တို့မှာ မရှိ၊ သူ ငါ စသော သတ္တဝါမှာသာ စိတ် စေတသိက် ဟူသော နာမ်တရား ရှိသည်ဟု ထင်လွဲစွဲမှားခြင်းသည် ဒိဋ္ဌိ စေတသိက် ဟူ၍သာ မှတ်ပါ။ (အထူး သတိထား)။

http://www.dhammadownload.com

ဤသို့ ရေးသား မိန့်ဆိုတော်မူရာ၌—

သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များမှာ ဂန္ထဓုရ ဝိပဿနာဓုရ ဟူ၍ ဓုရနှစ်ပါး ရှိကြရာတွင် ဂန္ထဓုရမှာ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာ ဋီကာစသည်များဖြင့် အကျယ်များစွာ ဆောင်ရွက် ပို့ချရ သင်ကြားရပါသည်၊ (အကျယ်ဆောင်) ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါသည်၊ ဝိပဿနာဓုရမှာ ထို ပိဋကတ် နိကာယ်ထဲမှ အကျဉ်းမျှ ဖြစ်သော ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကိုသာ ဆောင်ထား၍ ဝိပဿနာ အားထုတ်ကြရသော အကျဉ်းဆောင် ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါသည်၊ ဒကာ ဒကာမတို့ကို ဟောပြောကြရာမှာမူကား ထို့ထက်ပင် ကျဉ်းအောင် ဟောပြောကြရပါမည်၊ သစ်ပင် တုံး ဖျာ စသည်တို့မှာ တရားကိုယ်အားဖြင့် အဋ္ဌကလာပ်ရုပ် ဓာတ် (၈)ပါးသာ ရှိကြပါသည်၊ အဋ္ဌကလာပ် ရုပ် ဓာတ် အပေါ်မှာ သစ်ပင် တုံး ဖျာ စသည်ဖြင့် ပညတ်ရပါသည်၊ ဘယ်ပုဂ္ဂိုလ် ပညတ်ပါသနည်း၊ လူက ပညတ်သည်ဟု သမ္မုတိသစ္စာအားဖြင့် ပြောရပါမည်၊ လူဆိုတာကလည်း ပညတ်ဖြစ်၍ နေပြန်ပါသည်၊ ပညတ်ဆိုတာ သိတဲ့တရားမျိုး မဟုတ်ပါ၊ ထို့ကြောင့် အရင်းစစ် အမြစ်မြေက ဆိုသည့်အတိုင်း မနောဒ္ဓါရ မနော-ဝိညာဏ် စိတ်ကသာလျှင် အဋ္ဌကလာပ် ရုပ် ဓာတ်အပေါ်မှာ သစ်ပင် တုံး ဖျာ နေ စသည်ဖြင့် မထင်မရှားသော အဝိဇ္ဇမာန ပညတ်ကို ထင်ရှား၍လာအောင် ပညတ်ပါသည်၊ သမုတ်ပါသည်၊ ဟိုမှာသစ်ပင် ဟိုမှာတုံး ဟိုမှာဖျာ ဟိုမှာနေ ဟူ၍ ထင်ရှားလာပါသည်၊ မနောဒ္ဓါရ ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်။

ထို့ကြောင့် သမ္မုတိသစ္စာကို ဟောသော ဂန္ထဓုရ အလိုအားဖြင့် သစ်ပင် တုံး ဖျာ စသည်တို့မှာ အဝိညာဏက ဆိုသင့်ပါ၏၊ လူ နတ် စသည်တို့မှာလည်း သဝိညာဏက ဆိုသင့်ပါ၏၊ သို့သော် ပရမတ္ထသစ္စာကိုဟောသော ဝိပဿနာ-ဓုရ အလိုအားဖြင့်မူကား သစ်ပင်လို့ ခေါ်လိုက်လျှင် စိတ်-စေတသိက်-ရုပ် ဖြစ်ပါသည်၊ သစ်ပင်လို့ ပညတ်ထာက အာရုံ ပြုတာက မနောဝိညာဏ်စိတ် စိတ်ကိုမှီ၍ ဖြစ်တာက စေတသိက် သစ်ပင်အခေါ်ခံတာက အဋ္ဌကလာပ်ရုပ် ဖြစ်ပါသည်၊ ထို့အတူ– တုံး ဖျာ နေစသည်တို့ကို ခေါ်လိုက်လျှင် စိတ်-စေတသိက်-ရုပ် ဖြစ်ပါသည်၊ ထို့အတူ လူ နတ်လို့ ပြောလိုက်လျှင် စိတ်-စေတသိက်-ရုပ် ဖြစ်ပါသည်၊ လူနတ်လို့ ပညတ်တာက အာရုံ ပြုတာက မနောဝိညာဏ်စိတ် စိတ်ကိုမှီ၍ဖြစ်တာက စေတသိက် ရုပ်အပေါင်းအစုက ရုပ် ဖြစ်ပါသည်၊ ဤကား၊ ပရမတ္ထ သစ္စာ ဂိပဿနာ ဓုရအလိုဖြစ်ပါသည်။

http://www.dhammadownload.com

ထေရဝါဒဒဠှအကျုံးဝင်သော လယ်တီပရမတ္ထဒီပနီ သင်္ဂြိဟ် မဟာဋီကာ ဣစ္ဆာသယပုံနှိပ်တိုက်မူ -နှာ (၁၇)မှာ-

"ဒေ့ ဟိ သစ္စာနိ သမ္မုတိသစ္စံ ပရမတ္ထသစ္စန္တိ တတ္ထ သတ္တ ပုဂ္ဂလ-အတ္တဇီဝါဒိကာ ပညတ္တိ အတ္ထာ သဘာဝတော အဝိဇ္ဇမာနာယေဝ ဟောန္တိ။ ဓမ္မဝဝတ္ထာနညာဏရဟိတာနံ ပန မဟာဇနာနံ စိတ္တေ မဟန္တမဟန္တာပိ ဟုတ္ဝာ ဝိဇ္ဇမာနာ ဝိယ ပညာယန္တိ တေ စ မဟာဇနာ သမဂ္ဂါ ဟုတ္ဝာ တေသံ ကေန္ဆေန အတ္ထိဘာဝံ ဂဟေတ္ဝာ တထာ တထာ ဝေါဟာရန္တိ စေဝ သမ္မဒ္ဒိစ္ဆန္တိ စ။"

ဖြန်မာပြန်လိုရင်းမှာ။ ။သမ္မုတိသစ္စာ ပရမတ္ထသစ္စာအားဖြင့်(၂)မျိုးရှိရာတွင် သတ္တဝါရှိသည် ပုဂ္ဂိုလ်ရှိသည် အတ္တရှိသည် ဇီဝရှိသည် ဆိုရာမှာ ပညတ်အနက်ဖြစ်ပါသည်၊ ထိုပညတ်အနက်သည် ပရမတ္ထသဘောအား ဖြင့် အထင်အရှား မရှိပါ၊ မမြဝဝတ္ထာန နာမရူပပရိစ္ဆေဒဉာဏ်အမြင် အယူအဆ ကင်း၍ နေကြကုန်သော လူအပေါင်းတို့၏ စိတ်ထဲမှာ ထိုသတ္တဝါစသော ပညတ် တို့သည် ကြီးကျယ် အလွန်ကြီးကျယ်နေကြကုန်၏၊ ထိုသတ္တဝါစသော ပညတ် အမျိုးမျိုးတို့သည် စိတ်ထဲမှာ အထင်အရှားကြီးလို ထင်ရှား၍နေကြကုန်၏၊ ထိုလူအပေါင်းတို့သည် ညီညီညွတ်ညွတ် ပုဂ္ဂိုလ်ရှိသည်အဖြစ်ကို စွဲယူကြကုန်၍ ပြောဆိုရှိနေကြကုန်၏၊ ဝန်ခံ၍ နေကြကုန်၏။

ဤသို့ ရေးသားမိန့်ဆိုတော်မူခြင်းကြောင့်-

"တုံး တိုင် ဖျာ အိမ် ကျောင်း ဘုံသုံးရွာ လူ နတ် စသော ထင်ရှား မရှိသော အဝိဇ္ဇမာန ပညတ်အမျိုးမျိုးတို့မှာ မနောဝိညာဏ်စိတ်ထဲမှာသာ ထင်ထင်ရှားရှား ရှိနေကြပါသည်၊ ပညတ်သက်သက်မှာ အဝိဇ္ဇမာနဖြစ်၍ ထင်ထင်ရှားရှား မရှိပါ။

ထို့ကြောင့် အကျဉ်းဆောင်ဖြစ်ကြသော ဝိပဿနာဓုရပုဂ္ဂိုလ်တို့မှာ ဂန္ထဓုရ အကျယ်ကို မလိုက်ကြသည်ဖြစ်၍-

တုံး ပညတ် မမြာရုံ တိုင် ပညတ်ဓမ္မာရုံတို့နှင့် တွဲ၍ အာရမ္မဏိကဖြစ်သော မနောဝိညာဏ်စိတ် ပေါ်တိုင်း ပေါ်တိုင်း စိတ်ကိုဖမ်း၍ ရှုသည့်အခါမှာ အာရုံ အာရမ္မဏိက တွဲ၍ တုံးနှင်မ်, တိုင်နှာမ်ဟု နာမပရိညာ ဝိပဿနာ ရှုပွားကြပါသည်၊ အကျဉ်းဆောင် ဝိပဿနာဓုရကို ဟောပြောကြပါသည်။

ထေရဝါဒ ယမိုက်ပါဠိတော် ပ-ဆဋ္ဌမူ-နှာ (၂၂-၂၃)၌-

"ဝိညာဏံ ဝိညာဏက္ခန္ဓောတိ အာမန္တာ။ ။ဝိညာဏက္ခန္ဓော ဝိညာဏန္တိ အာမန္တာ။"

http://www.dhammadownload.com

"ခန္ဓာ ဝိညာဏကွန္ဓောတိ ဝိညာဏကွန္ဓော ခန္ဓော စေဝ ဝိညာ-
ဏကွန္ဓော စ အဝသေသာ ခန္ဓာ နု ဝိညာဏကွန္ဓော။"

မြန်မာပြန်လိုရင်းမှာ။ ။ဝိညာဏ်(၆)ပါးသည် ဝိညာဏကွန္ဓာ မည်သလော။ ဝိညာဏကွန္ဓာ မည်ပါ၏။ ။ဝိညာဏကွန္ဓာသည် ဝိညာဏ် မည်သလော။ ဝိညာဏ်မည်ပါ၏။

ခန္ဓာတို့သည် ဝိညာဏကွန္ဓာမည်သလော။ ။ဝိညာဏကွန္ဓာသည် ခန္ဓာလည်း မည်ပါ၏။ ဝိညာဏကွန္ဓာလည်း မည်ပါ၏။ အကြွင်းလေးပါးတို့သည် ခန္ဓာသာ မည်ပါ၏။ ဝိညာဏကွန္ဓာ မမည်ပါ။

ဤသို့ ဟောတော်မူရာ၌ ဝိညာဏ်(၆)ပါး ပေါ်ရပုံမှာ–

ဒွါရ(၆)ပါး အာရုံ(၆)ပါး တိုက်တဲ့အခါမှာ ဝိညာဏ်(၆-ပါး ပေါ်ပါသည်။ ပေါ်တဲ့ ဝိညာဏ် (၆)ပါးသည်သာလျှင် ဝိညာဏကွန္ဓာ ဖွဲ့ရပါသည်။

ရုပ်ဒွါရနှင့် ရုပ်အာရုံ ပညတ်အာရုံတို့ကို ဝိညာဏကွန္ဓာ မဖွဲ့ရပါ။

အထူးအားဖြင့် မနောဒွါရ တိုင် ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာဖြစ်ပေါ်ရာမှာ—

အာရုံဖြစ်သော တုံး ပညတ် ဓမ္မာရုံကို ဝိညာဏကွန္ဓာ မဖွဲ့ရပါ။

အာရမ္မဏိကဖြစ်သော မနောဝိညာဏ်စိတ်ကိုသာလျှင် ဝိညာဏကွန္ဓာ ဖွဲ့ရ ပါသည်။

ဆိုလိုသည်မှာ တုံး ပညတ်ဓမ္မာရုံ၊ နာမ် မနောဝိညာဏ် စိတ်ဖြစ်ပါသည်။

နာမပရိညာ ဝိပဿနာရှုရာမှာ တုံး ပညတ်ဓမ္မာရုံကို မရှုမပွားရပါ၊ အာရမ္မဏိကဖြစ်သောနာမ် မနောဝိညာဏ်စိတ်ကိုသာ ဝိပဿနာဉာဏ်ဖြင့် ရှုပွားရပါသည်။

ဆဋ္ဌမှု ထေရဝါဒ ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော်၊ နှာ(၅၃)

"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။"

မြန်မာပြန်သိုရင်းမှာ—အလုံးစုံသော သင်္ခါရတရားတို့သည်မမြဲကုန်၊ ဤသို့ အကြွင်းအခါမှာ ဝိပဿနာဖြင့် မြင်၏ ရှုပွား၏။ ထို အခါမှာ သင်္ခါရ ဒုက္ခတရား၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် စင်ကြယ်ခြင်း၏ အကြောင်းမက်တည်း။

http://www.dhammadownload.com

ဤသို့ဟောကြားတော်မူခြင်းကြောင့်—

အဋ္ဌကလောပ်ရုပ်ခာတ်အပေါ်မှာ တုံးလို့ တိုင်လို့ နေလို့ သိသော မနောဝိညာဏ်စိတ်သည် ဓမ္မာရုံ (၆) မျိုးတို့တွင် စိတ်ဓမ္မာရုံသခံရ အနိစ္စဖြစ်နေ၍ (၀)အချခံ အာရုံ အပြုခံ စိတ် ဓမ္မာရုံဖြစ်နေ၍ ဉာဏသမ္မယုတ် စိတ်ဌယှဉ်သော ဝိပဿနာဉာဏ်သည် အာရမ္မဏိကဖြစ်ပါသည်။

ဆိုလိုရင်းမှာ စိတ်ဓမ္မာရုံဉာဏ် အာရမ္မဏိကဖြစ်ပါသည်။

ထို တုံးနာမ် တိုင်နာမ် နေနာမ် စသော၀ါဒသည် ဝိပဿနာ နာမပရိညာ ရူပပရိညာ ၀ါဒဖြစ်ကြောင်းကို— ကြောင်ပန်းသုံးစောင်ဟဲ့ (တက်နေသင်းပုံနှိပ်တိုက် မန္တလေးမူ) စာမျက်နှာ (၄)မှ (၁၅)အထိ ဤသို့ ရေးသားထားပြီး ဖြစ်ပါသည်ဘုရား။

သတ္တ၀ါတို့၏ သံသရာဌ် အဖန်ဖန်ဖြစ်ပေါ်ပုံ သတ္တ၀ါတို့၏ သံသရာဌ် ဖြစ်ပေါ်မှု၏ ချုပ်ငြိမ်း ရုပ်သိမ်းပုံကို မြတ်စွာဘုရား ဟောတော်မူအပ်သော နိဒါန်း၀ဂ္ဂသံယုတ် ပါဠိတော်ကြီး၌—

လောကသမုဒယဉ္စ ဘိက္ခဝေ ဒေသေဿာမိ လောကနိရောဓဉ္စ၊ ကထဉ္စ ဘိက္ခဝေ လောကသမုဒယော စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေ၀လဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ပ။ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ပ။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ပ။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ပ။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ။ ပ။ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဧ၀ဉ္စ ဘိက္ခဝေ လောကသမုဒယော။

http://www.dhammadownload.com

ကထဉ္စ ဘိက္ခဝေ လောကနိရောဓော စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ပ။ ဥပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ဧဝဉ္စ ဘိက္ခဝေ လောကနိရောဓော။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသမုဒယဉ္စ၊ လူသတ္တဝါအဖန်ဖန်ဖြစ်ပွားရ၍ နေပုံကိုလည်းကောင်း။ လောကနိရောဓဉ္စ၊ လူသတ္တဝါဖြစ်ပွားမှု ချုပ်ငြိမ်းရပ်သိမ်းပုံကိုလည်းကောင်း။ ဒေသေဿာမိ၊ ငါဘုရားဟောတော်မူအံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ ကဿဉ္စ၊ အဘယ်သို့သျှင်။ လောကသမုဒယော၊ လူသတ္တဝါ အဖန်ဖန်ဖြစ်ပွား၍ နေမှုသည်။ ဟောတိ၊ ဖြစ်သနည်းဟူမူကား— စက္ခုဉ္စ၊ စက္ခုအကြည်ကိုလည်းကောင်း။ ရူပေ စ၊ အဆင်းအမျိုးမျိုးဟူသော ရူပဓာတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ စက္ခုအကြည်, ရူပါရုံ စက္ခုဝိညာဏ်ဟူသော ဓာတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံစည်းဝေးလုံးထွေးထိခိုက်မှုသည်။ ဖဿော၊ ဖဿတရား မည်၏။ ဖဿပစ္စယာ၊ ဖဿတရား ဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဖြစ်ပေါ်မှုကြောင့်။ တဏှာ၊ တဏှာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ တဏှာပစ္စယာ၊ တဏှာဖြစ်ပေါ်မှုကြောင့်။ ဥပါဒါနံ၊ အပြင်းအထန် စွဲတတ်သော ဥပါဒါန်တရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရား ဖြစ်ပေါ်မှုကြောင့်။ ဘဝေါ၊ ဘဝအသစ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဘဝပစ္စယာ၊ ဘဝဖြစ်ပေါ်မှုကြောင့်။ ဇာတိ၊ သစ်ရာတဆူးတို့၏ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော ဇာတိတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဇာတိပစ္စယာ၊ ဇာတိဖြစ်ပေါ်မှုကြောင့်။ ဇရာ၊ ရင့်ရော်အိုမင်းခြင်းလည်းကောင်း။ မရဏ၊ ချုပ်ဆုံးပျက်စီးခြင်းလည်းကောင်း။ သောက၊ စိုးရိမ်ပူပန်ရခြင်းမှလည်းကောင်း။ ပရိဒေဝ၊ ငိုကြွေးမြည်တမ်းရခြင်းလည်းကောင်း။ ဒုက္ခ၊ ဆင်းရဲခြင်းလည်းကောင်း။ ဒေါမနဿ၊ နှလုံးမသာယာခြင်းလည်းကောင်း။ ဥပါယာသာ၊ သက်ကြီးဖိုလှိုက် ငင်ငွိုက်ပင်ပန်းရခြင်းတို့သည်လည်းကောင်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ သုဒ္ဓမဖက် သက်သက် ဒုက္ခစု ဒုက္ခခဲကြီး ဖြစ်နေသော။ ဧတဿ၊ ထိုဝဋ်တရား၏။ သမုဒယော၊ ပွားစည်းဖြစ်ထွန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သောတ ဃာန ဇိဝှါ ကာယ မနကို အရင်းတည်၍ ဟောသော ပါဠိတော်စုမှာလည်း ဤအတိုင်းပင် သိလေ။

http://www.dhammadownload.com

မှတ်ချက်။ ။တယောက် တယောက်သော သတ္တဝါ၏ ဘဝအဆက်ဆက် ဖြစ်ပေါ်၍ နေမှုဌ် တခု တခုသော ဖြစ်ပေါ်ရန်အစကို ဓာတ် သုံးပါး သုံးပါး တွဲဖက်၍ ပြတော်မူပေသော ပဋိစ္စသမုပ္ပါဒ်နည်းပေတည်း။

(က) စက္ခုဠ္ဠ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ဓာတ်သုံးပါးတွဲ။

(ခ) သောတဠ္ဠ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ ဓာတ်သုံးပါးတွဲ။

(ဂ) ဃာနဠ္ဠ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ ဓာတ်သုံးပါတွဲ။

(ဃ) ဇိဝှဠ္ဠ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ ဓာတ်သုံးပါးတွဲ။

(င) ကာယဠ္ဠ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ ဓာတ် သုံးပါးတွဲ။

(စ) မနဠ္ဠ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ဓာတ်သုံးပါးတွဲ။ သုံးပါးခြောက်လီ (၁၈)ပါး ဖြစ်၏။

ဧကော ဓမ္မော အရ ဓာတ်တပါးပါးကို နှလုံးသွင်းရန် စတုက္က အဂုံတ္တရ ပါဠိတော် မြတ်စွာဘုရား ဟောတော်မူသော ရာဟုလောဝါဒသုတ် ပါဠိတော် နှာ (၄၈၃-၄)၌

အထ ခေါ အာယသ္မာ ရာဟုလော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ကေမန္တံ နိသီဒိ၊ ကေမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ ရာဟုလံ ဘဂဝါ တေဒဝေါစ—

ယာ စ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု ယာ စ ဗာဟိရာ ပထဝီဓာတု၊ ပထဝီဓာတု ရေဝေသာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ။

ယာ စ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု ယာ စ ဗာဟိရာ အာပေါဓာတု၊ အာပေါဓာတု ရေဝေသာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါဓာတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

ယာ စ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု ယာ စ ဗာဟိရာ တေဇောဓာတု၊ တေဇောဓာတု ရေဝေသာ၊ တံ "နေတံ မမ၊ နေသော-

http://www.dhammadownload.com

ဟမသို့၊ နု မေသော အတ္တာ” တိ ဧဝမေတံ် ယထာဘူတံ် သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ် ယထာဘူတံ် သမ္မပ္ပညာယ ဒိသွာ တေဇောဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇောဓာတုယာ စိတ္တံ် ဝိရာဇေတိ။

ယာ စ ရာဟုလ အဇ္ဈတ္တိကာ ဝါယောဓာတု ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ၊ တံ် “နေတံ်မမ နေသော-ဟမသ္မိ နု မေသော အတ္တာ” တိ ဧဝမေတံ် ယထာဘူတံ် သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ် ယထာဘူတံ် သမ္မပ္ပညာယ ဒိသွာ ဝါယောဓာတုယာ နိဗ္ဗိန္ဒတိ၊ ဝါယောဓာတုယာ စိတ္တံ် ဝိရာဇေတိ။

ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတူသု ဓာတူသု နေဝတ္တာနံ် နု အတ္တာနိယံ် သမနုပဿတိ၊ အယံ် ဝုစ္စတိ ရာဟုလ ဘိက္ခု အန္တောစ္ဆိဒ္ဓိ တဏှံ်၊ ဝိဝတ္တယိ သံ်ယောဇနံ်၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

အနက်ကား။ ။အထ ခေါ၊ ထိုအခါ၌။ အာယသ္မာရာဟုလော၊အရှင်ရာဟုလာ-သည်။ ယေန၊ အကြောင်အရာ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာဘုရား ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိ-ဝါဒေတ္ဝာ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍၊ ကေမန္တံ၊ သင့်တင့်သောအရပ်၌။ နိသီဒိ၊ နေ၏။ ကေမန္တံ၊ သင့်တင့်သောအရပ်၌။ နိသိန္နံခေါ၊ နေပြီးသော။ အာယသ္မန္တံ် ရာဟုလံ၊ အရှင်ရာဟုလာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတဝေါ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာ စ ပထဝီဓာတု၊ အကြောင် ပထဝီဓာတ်သည်လည်း။အတ္ထိ၊ရှိ၏။ ဗာဟိရာ၊အပသန္တာန်၌ ဖြစ်သော။ ယာ စ ပထဝီဓာတု၊ အကြောင်ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤ ပထဝီဓာတ်နှစ်ပါးသည်။ ပထဝီဓာတုရေဝ၊ မြေသဘောသက်သက်သာတည်း။ တေံ၊ ဤပထဝီဓာတ် နှစ်မျိုးလုံးသည်။ နု မမ၊ ငါပိုင်ဥစ္စာမဟုတ်။ သော၊ ပထဝီဓာတ် နှစ်မျိုးလုံးသည်။ နု အဟမသ္မိ၊ ငါမဟုတ်။ သော၊ ဤ ပထဝီ နှစ်မျိုးလုံးသည်။ နု မေ အတ္တာ၊ ငါ၏အတ္တမဟုတ်။ ဣတိဧဝံ၊ ဤသို့။ဧဝံ၊ ဤပထဝီနှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ဧဝံ၊ ဤသို့။ ဧတံ၊ ဤပထဝီဓာတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒိသွာ၊ မြင်၍။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ စိတ္တံ၊ စိတ်သည်။ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

http://www.dhammadownload.com

ရဟုလ၊ ရဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာ စ အာပေါဓာတု၊ အကြင်အာပေါဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာ စ အာပေါဓာတု၊ အကြင်အာပေါဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤအာပေါဓာတ်နှစ်ပါးသည်။ အာပေါဓာတုရေ၀၊ ရေသဘောသက်သက်သာတည်း။ တေ၊ ဤအာပေါဓာတ်နှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤအာပေါဓာတ် နှစ်မျိုးလုံးသည်။ နအဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ဤအာပေါဓာတ် နှစ်မျိုးလုံးသည်။ နမေ အတ္တာ၊ငါ၏အတ္တာမဟုတ်။ ဣတိဧဝံ၊ ဤသို့။ တေ၊ ဤအာပေါဓာတ် နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့။ တေ၊ ဤအာပေါဓာတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊ မြင်၍။ အာပေါဓာတုယာ၊ အာပေါဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ အာပေါဓာတုယာ၊ အာပေါဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

ရဟုလ၊ ရဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာ စ တေဇောဓာတု၊ အကြင်တေဇောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာ စ တေဇောဓာတု၊ အကြင်တေဇောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤတေဇောဓာတ်နှစ်ပါးသည်။ တေဇောဓာတုရေ၀၊ မီးသဘောသက်သက်သာတည်း။ တေ၊ ဤတေဇောဓာတ် နှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ သည်။ နအဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤတေဇောဓာတ်နှစ်မျိုးလုံးသည်။ နမေ အတ္တာ၊ ငါ၏အတ္တာမဟုတ်။ ဣတိဧဝံ၊ ဤသို့။ တေ၊ ဤတေဇောဓာတ် နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့။ တေ၊ ဤတေဇောဓာတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဖြင့်။ ဒိသွာ၊ မြင်၍။ တေဇောဓာတုယာ၊ တေဇောဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ တေဇောဓာတုယာ၊ တေဇောဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

ရဟုလ၊ ရဟုလာ။ အဇ္ဈတ္တိကာ၊အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ယာ စ ဝါယောဓာတု၊ အကြင်ဝါယောဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ယာ စ ဝါယောဓာတု၊ လည်း။ အတ္ထိ၊ရှိ၏။ သော၊ ဤဝါယောဓာတ် နှစ်မျိုးလုံးသည်။ ဝါယောဓာတုရေ၀၊ လေသဘောသက်သက်သာတည်း။တေ၊ ဤ ဝါယောဓာတ် နှစ်မျိုးလုံးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤဝါယောဓာတ်နှစ်မျိုးလုံးသည်။ နအဟ မသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤဝါယော

http://www.dhammadownload.com

ခေတ်နှစ်မျိုးလုံးသည်။ နှ မေ အတ္တာ၊ ငါ၏အတ္တမဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တေံ၊ ဤဝါယောခေတ်နှစ်မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့။ တေံ၊ ဤဝါယောခေတ်ကို။ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊ မြင်၍။ ဝါယောခေတုယာ၊ ဝါယောခေတ်၌။ နိဗ္ဗိန္ဒတိ၊ငြီးငွေ့၏။ ဝါယောခေတု-ယာ၊ ဝါယောခေတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ ထပ်ခြင်းကင်း၏။

ရာဟုလ၊ရာဟုလာ။ခေါ၊စင်စစ်။ယတော၊အကြောင်အခါ၌။ဘိက္ခု၊ရဟန်းသည်။ စတူသု၊လေးပါးကုန်သော။ကုမာသု ခေတူသု၊ ဤခေတ်တို့၌။ နေဝတ္တာနံ၊ အနှစ် သာရ အတ္တမဟုတ်သည်ကို။ နှ အတ္တနိယံ၊ကိုယ်နှင့်မစပ်သည်ကို။ သမနုပဿတိ၊ ကောင်းစွာမြင်၏။ ရာဟုလ၊ ရာဟုလာ။ အယံ ဘိက္ခု၊ ဤသို့မြင်သောရဟန်း ကို။ သမ္မာဒသော၊ ကောင်းစွာမြင်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဏှံ၊ တဏှာကို။ အဇ္ဈတ္တံ၊ ဖြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်ကို။ ဝိဝတ္တယိ၊ မဖြစ်စေပြီ။ သမ္မာ၊ ကောင်းစွာ။ မာနာဘိသမယာ၊ မာနကို ပယ်နိုင်ခြင်း ကြောင့်။ ဒုက္ခဿ၊ အမျိုးမျိုးသောဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုနိုင်ပြီ။

ပထဝီဂေဝေသာ ပါဠိ၌ အဓိပ္ပာယ်ကား–

မြေကြီး, တော့တောင် စသည်တို့၌ရှိသော ဗာဟိရ ပထဝီသည်လည်း ငါပိုင် ဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်ဟု ထင်ရှား၏၊ ထို့အတူ မိမိ၏ အဗျတ္တသန္တာန်၌ရှိသော ခက်မာမှု ကိရိယာကိုလည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏အတ္တလည်းမဟုတ်ဟု ဉာဏ်အမြင်၌ ထင်ရှားစေရမည်၊ ပထဝီနှစ်မျိုးထပ်တူကျစေရမည်၊ အဗျတ္တပထဝီကို ပုဂ္ဂိုလ်သတ္တဝါ ငါဖြစ်၍ မနေ စေနှင့် ငါ၏ဥစ္စာဖြစ်၍ မနေစေနှင့် ငါ၏အတ္တဖြစ်၍မနေစေနှင့်ဟု ဧဝ ကျောက် ကန် လျှဉ်ထိပ်သံပြင်းပြင်းနှင့် ခပ်တင်းတင်းဟောတော်မူပေသတည်း။

ရာဟုလောဝါဒသုတ်ပါဠိအနက်ပြီး၏။

ခန္ဓာငါးပါး

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ။

ရူပက္ခန္ဓာ၏ သဘောလက္ခဏာကား—

ရူပက္ခန္ဓာ၊ ပထဝီ မာမှု နူးညံ့မှု မြေဓာတ်။ အာပေါ၊ ဖွဲ့စည်းမှု ယိုစီးမှု ရေဓာတ်။တေဇော၊ ပူမှု အေးမှု မီးဓာတ်၊ ဝါယော၊ ထောက်ကန့်မှု လှုပ်ရှားမှု

http://www.dhammadownload.com

လေခတ်။ ဝဏ္ဏ၊ အဆင်းခတ်။ ဂန္ဓ၊ အနံ့ ခတ်။ ရသ၊ ချို ချဉ်,စပ်,ငန်,ဖန်, ခါး ရသခတ်။ ဩဇာ၊ ရုပ်ကို ကြီးပွားစေတတ်သော ခတ်ဆီ ခတ်စေး ဩဇာခဲတ်။ သဒ္ဒ၊ အသံခတ်။

ရှုပကဏ္ဍာပြီး၏။

ရှင်းလင်းဖော်ပြသောအခန်း

ပထဝီ အာပေါ တေဇော ဝါယော ဤလေးပါးကို မဟာဘုတ်လေးပါးဟု ခေါ်သည်၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤလေးပါးကို ဥပါဒါရုပ် လေးပါးဟုခေါ်သည်၊ ဤမဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်လေးပါးကို အဋ္ဌကလာပ်ရုပ် ခတ်ရှစ်ပါးဟုခေါ်သည်၊ ၎င်းအဋ္ဌကလာပ်ရုပ် ခတ်ရှစ်ပါးတို့သည် အတူတကွဖြစ်၍ အတူတကွပျက်တတ်သော တရားမျိုးဖြစ်၍ အဝိနိဗ္ဘောဂ ရုပ်မည်၏။

ထိုအဝိနိဗ္ဘောဂရုပ်တို့၌ နိသတ္တ နိဇီဝ မြင်ပုံကား တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် အဖြူ အနီ အဝါ အစိမ်း အမည်း အစရှိသော ဝဏ္ဏ အဆင်းက မျက်စိဖြင့် မြင်ကောင်းသော ရုပ်ခတ်တမျိုးမည်၏၊ တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် အမွှေးနံ့ အပုပ်နံ့ဟု ဆိုအပ်သော အနံ့ခတ်ဟူသမျှသည် နှာခေါင်းနှင့် နမ်းမိမှ သိရသော ရုပ်ခတ်တမျိုးမည်၏၊ တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် ချို ချဉ် စပ် ငန် ဖန် ခါး ရသခတ်အမျိုးမျိုးသည် လျှာပြင်ပေါ် သို့ဆောက်မှ သိကြရသော ရုပ်ခတ်တမျိုးမည်၏၊ တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် ဩဇာရုပ်ကို ကြီးပွါးစေတတ်သော ခတ်ဆီ ခတ်စေး ဩဇာခတ်ဆိုတာ သုခုမရုပ်ဖြစ်၍ မနောဒွါရ၌ စိတ်နှင့်ဉာဏ်နှင့်သာ သိအပ်သိထိုက်သော ရုပ်ကို ကြီးပွါးစေတတ်သော ဩဇာရုပ်တမျိုးမည်၏၊ တိုင်ဟူ၍ ခေါ်ဆိုသမုတ်ကြတဲ့ အဋ္ဌကလာပ်ရုပ်တွင် မာမှု နူးညံ့မှု ရုပ်တမျိုး၊ ပူမှု အေးမှု ရုင်တမျိုး၊ ထောက်ကန်မှု လှုပ်ရှားမှုရုပ်တမျိုး၊ ဤသုံးမျိုးသော ရုပ်ကတော့ ကိုယ်အင်္ဂါတို့နှင့် နင်းမိ ကိုင်မိ တိုက်ခိုက် ထိပါးသော အခါတို့၌သာ သိရသောကြောင့် ဖောဋ္ဌဗ္ဗရုပ်ခတ် တမျိုးမည်၏။

မှတ်ချက်။ ။အဋ္ဌကလာပ်ရုပ်ခတ်အချင်းချင်း ထိခိုက်မှုဒဏ်ကြောင့် အသံဖြစ်ပေါ်သည်၊ ၎င်းအသံခတ်ကို ထည့်သွင်းရေတွက်သော် နဝက ကလာပ်ရုပ် ကိုးပါးဟုခေါ်သည်။

http://www.dhammadownload.com

ဒွါရခြောက်ပါး၌ အစီအစဉ်အတိုင်း အာရုံခြောက်ပါးကို ဝေဖန်တွဲဖက်၍ ပြသောအခန်း

ဝဏ္ဏ–အဆင်းခေတ်မှာ စက္ခုဒွါရနှင့်ဆိုင်သည်။

သဒ္ဒ–အသံခေတ်မှာ သောတဒွါရနှင့်ဆိုင်သည်။

ဂန္ဓ –အနံ့ခေတ်မှာ ဃာနဒွါရနှင့်ဆိုင်သည်။

ရသ –ချို,ချဉ်,စပ်,ငန်,ဖန်,ခါး ရသခေတ်မှာ ဇိဝှါဒွါရနှင့် ဆိုင်သည်။

ပထဝီ –မာမှု နူးညံ့မှု မြေခေတ်။

တေဇော–ပူမှုအေးမှု မီးခေတ်။

ဝါယော–ထောက်ကန်မှု၊ လှုပ်ရှားမှု၊ လေခေတ်။ ဤသုံးပါးသောခေတ် သည် ဖောဋ္ဌဗ္ဗခေတ်မည်သည်။

ဖောဋ္ဌဗ္ဗခေတ်များမှာ ကာယဒွါရနှင့်ဆိုင်သည်။

အာပေါခေတ် –ဩဇာခေတ်များမှာ မနောဒွါရနှင့် ဆိုင်သည်။

ဂုဏ်ပြင် မနောဒွါရနှင့်ဆိုင်သော ဓမ္မခေတ်ဆိုသည်ကား ကုသိုလ်တရား အကုသိုလ်တရား အဗျာကတ တရားအလုံးစုံကို ဓမ္မခေတ်ဆိုသည်။

ဒွါရခြောက်ပါး၌ အာရုံခြောက်ပါး တွဲဖက်၍ပြသော အခန်းပြီး၏။

နာမကွန်ခွာလေးပါး၏ သဘောလက္ခဏာကိုကား –

ဝေဒနာကွန်ခွာ ကောင်း မကောင်း အလတ်အားဖြင့် ခံစားမှု ဝေဒနာ စေတသိက်၊ သညာကွန်ခွာ အဖောင်းမှတ်သိမှု သညာစေတသိက်၊ သင်္ခါရကွန်ခွာ စေ့ဆော်မှု ပြုပြင်မှု လှုံ့ဆော်မှု စေတနာစေတသိက်၊ ဝိညာဏကွန်ခွာ ထွေထွေ လာလာကြဲသိမှုစိတ်။

နာမကွန်ခွာ လေးပါးသဘောလက္ခဏာကို ပြသောအခန်းပြီး၏။

ထို နာမကွန်ခွာလေးပါးတို့တွင် ဝိညာဏကွန်ခွာ ထွေထွေလာလာကြဲ၍ သိပုံကို အနည်းငယ်မျှ ဖော်ပြလိုက်ပါမည်။

တိုင်ဟူ၍ ခေါ်ဆိုမှုတခုသည် စိတ်ထဲတွင် အထင်ကြီးထင်၍ အဆင်းရုပါရုံတွေကို စိတ်က ရှာသွေးလုံးလုံး တိုင်ဟု ကြံစည်ပြီးမှ တိုင်ဟုခေါ်ဆိုမှုတခုနှုတ်ဖျားပါးစပ်ဝတွင် ဖြစ်ပေါ်လာတယ်။

http://www.dhammadownload.com

ဒါကြောင့် တိုင်ဟု ကြံစည်တိုင်း ကြံစည်တိုင်း ခေါ်ဝေါ်ပြောဆိုမှု ဖြစ်တိုင်း ဖြစ်တိုင်း သူတပါးပြောဆိုသော အသံကို ကြားရ၍ တိုင်တိုင်ဟု ကြံသိမှု ပေါ်တိုင်းပေါ်တိုင်း ဝိညာဏက္ခန္ဓာ နာမ်တရားဟု ဆင်ခြင်ရမည်၊ နှလုံးသွင်း ရမည်၊ ဤကဲ့သို့ ဝိညာဏခေတ် နာမ်တရားတခုကို နှလုံးသွင်းရုံနှင့် နိဗ္ဗာန် ရ၏ဟု ယုံကြည်အားထားရန် ဘုရားဟောတော်မူသော–

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ပုတ္တမံသူပမသုတ်-နှာ-၃၂၄ ၌—

ဝိညာဏော ဘိက္ခဝေ အာဟာရေ ပရိညာတော နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ-ကရဏီယန္တိ ဝဒါမိ။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏော အာဟာရေ၊ ဝိညာဏာ-ဟာရကို။ ပရိညာတေ၊ ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ဟူသမျှ ရူပ်ဟူသမျှသည်။ ပရိညာတံ၊ ပိုင်နိုင်မှု အလိုလို ပြီးစီးလေတော့သည်။ ဟောတိ၊ ဖြစ်၏။ နာမရူပေ၊ နာမ်ဟူသမျှ ရူပ်ဟူသမျှသည်။ ပရိညာတေ၊ ပိုင်နိုင်မှု အလိုလိုပြီးမီးသည်ရှိသော်။ အရိယ သာဝကဿ၊ ငါဘုရား ကပည့်သားအား။ ဥတ္တရိ၊ ထို့ထက်အလွန်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ ကရဏီယံ၊ ပြုဖွယ်လုပ်ဖွယ် အားထုတ်ဖွယ် ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

စောဒနာ အမှတ် (၁) (ဂ) မှာ ပါရှိသော အရှင်ကောဝိဒ၏ နာမ်လောကမှာ ကြောင်ပန်းတောရမှ အသိအမှတ်မပြုသော စာအုပ် ဖြစ်ပါ၍ သောဓနာ လျှောက်ဆိုဖွယ် မရှိပါဘုရား။

အမှတ် (၁) (ဃ) (င) (စ) တို့ကို ဆက်လက်၍ (သောဓနာ) လျှောက်ထားပါမည်ဘုရား။

ထို (ဃ) (င) (စ) တို့တွင်လည်း (စ) ကို (သောဓနာ) လျှောက်ထားလိုက်ပါလျှင် (ဃ) (င) တို့မှာ အကျုံးဝင်ပြီး သောဓနာလျှောက်ထားပြီး ဖြစ်ပါ၍ (စ) ကိုသာ (သောဓနာ) လျှောက်ထားရန် ခွင့်ပြုတော်မူကြပါ ဘုရား။

ကြောင်ပန်းသုံးစောင်တွဲ စတုသစ္စာဒီပကာသနီကျမ်း တရားသင်နည်း ဆွေးနွေးနည်း၊ တက်နေလင်းပုံနှိပ်တိုက်၊ စာမျက်နှာ (၂၀)မှ အစပြု၍—

(စ) ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးတို့၌ နာမ် ရူပ် နှစ်ပါး၊ သစ္စာ လေးပါး ဖွဲ့နည်း။

http://www.dhammadownload.com

(စ) စက္ခုဒ္ဒါရ နေရောင် နာမ်ရုပ် သစ္စာလေးပါး၊ နေက နာမ်၊ အရောင်က ရုပ်။

သောတဒ္ဒါရ ကြက်သံ နာမ်ရုပ် သစ္စာလေးပါး၊ ကြက်က နာမ်၊ အသံက ရုပ်။

ဃာနဒ္ဒါရ ရေနံဆီနံ့ နာမ်ရုပ် သစ္စာလေးပါး၊ ရေနံဆီက နာမ်၊ အနံ့က ရုပ်။

ဇိဝှါဒ္ဒါရ ထန်းလျက် ချိုတယ် နာမ်ရုပ် သစ္စာလေးပါး၊ ထန်းလျက်က နာမ်၊ ချိုတဲ့ရသာက ရုပ်။

ကာယဒ္ဒါရ ဦးခေါင်းမာတယ် နူးညံ့တယ် ပူတယ် အေးတယ် ထောက်ကန်လှုပ်ရှားတယ် နာမ်ရုပ် သစ္စာလေးပါး၊ ဦးခေါင်းက နာမ်၊ မာတာ့ နူးညံ့တာ့ ပူတာ့ အေးတာ့ ထောက်ကန်လှုပ်ရှားတာ က ရုပ်။

မနောဒ္ဒါရ-အရှေ့ အနောက် (ပ)ငုတ်တုတ် နာမ်ရုပ် သစ္စာ လေးပါး၊ အရှေ့ အနောက် (ပ)ငုတ်တုတ်က နာမ်၊ ဟဒယဝတ္ထုက ရုပ်။

ဤသို့ ရေးသားတော်မူရာမှာ–

စက္ခုဒ္ဒါရမှာ တိုက်သောအရောင်က ရူပါရုံ ရုပ်တရား ဖြစ်ပါသည်၊ စက္ခုဒ္ဒါရမှာ နေတည်းဟူသော ပညတ်ဓမ္မာရုံ မတိုက်ပါ၊ ပညတ်ဓမ္မာရုံ မတိုက်ခြင်းကြောင့် စက္ခုဒ္ဒါရ စက္ခုဝိညာဏ်က နေကိုမြင်သည် မဟုတ်ပါ၊ စက္ခုဒ္ဒါရ စက္ခုဝိညာဏ်က အရောင်ရူပါရုံကိုသာ မြင်သည်၊ ထို့ကြောင့် ထေရဝါဒပိဋကတော် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ဆဋ္ဌမူ-နှာ ၃၀၂- "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဟု ဟောတော်မူပါသည်။

နေဆိုသည်မှာ ပညတ်ဓမ္မာရုံ ဖြစ်ပါသည်၊ ပညတ်ဓမ္မာရုံ ဖြစ်ခြင်းကြောင့် မနောဒ္ဒါရ မနောဝိညာဏ်နှင့်သာ ဆိုင်ပါသည်၊ နေ ဆိုသော ပညတ်ဓမ္မာရုံသည် စက္ခုဒ္ဒါရ စက္ခုဝိညာဏ်နှင့် မဆိုင်ပါ၊ နေ ဆိုသော ပညတ်ဓမ္မာရုံကို စက္ခုဒ္ဒါရ စက္ခုဝိညာဏ်က မမြင်ပါ။

ထိုပညတ်ဓမ္မာရုံသည် "နိဗ္ဗာန် ပညတ္တိ စ ကာလဝိမုတ္တံ နာမ" ဟူသော ထေရဝါဒအဝင် အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ ပကိဏ္ဏကပရိစ္ဆေဒဝဏ္ဏနာ–နှာ (၁၃၀) ကျမ်းမှာပါရှိခြင်းကြောင့် နေ-ဟူသော ပညတ်ဓမ္မာရုံသည် အတိတ်ကာလမှ လွှတ်၍နေသော ပစ္စုပ္ပန်ကာလမှ လွှတ်၍နေသော အနာဂတ်ကာလမှ လွှတ်၍ နေသော ကာလဝိမုတ် ပညတ်ဓမ္မာရုံ ဖြစ်ပါသည်။

ထို နေ-ဟူသော ကာလဝိမုတ်ပညတ်ဓမ္မာရုံဆည် မနောဒ္ဒါရမှာတိုက်၍မနော ဝိညာဏ်စိတ်ကသာ ထင်ထင်ရှားရှား အာရုံပြုပါသည်၊ နေ လို့ ထင်ရှားအောင်

http://www.dhammadownload.com

အာရုံပြုပါသည်၊ ဟိုမှာ (ဓန)လို့ အရောင်ရှုပါရုံအပေါ်မှာ ထင်ရှားအောင် ပြနိုင်ပါသည်။

ထို့ကြောင့် ထေရဝါဒပိဋကတ်တော် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဆဋ္ဌမနှာ(၃၂၀)၊

(မနုဇ္ဇ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ) ဟု ဟောတော်မူပါသည်၊ ထို နေဟူသော် ကာလဝိမုတ် ပညတ်ဓမ္မာရုံသည် (စိတ္တပရိကပွ) စိတ်ကကြုံစည်လို့သာ ထင်ရှားခြင်း (စိတ္တမယ) စိတ်ဖြင့်ပြီးခြင်း (စိတ္တနိမ္မိတ) စိတ်ဖန်ဆင်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ထေရဝါဒပိဋကတ်တော်၌ အကျုံးဝင်သော လယ်တီဆရာတော် ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာ ကဝိမျက်မှန်မူ-နှာ(၁၅)မှာ-

ယာ ပန် အတ္ထနော လက္ခဏေန ဝိဇ္ဇမာနောယေဝ နု ဟောတိ။ ဝိဇ္ဇမာနသာ ပန အတ္ထသာ နာနာပဝတ္တိ အာကာရေ ဥပါဒါယ (စိတ္တေန ပရိကပွေတွာ) သဝိဂ္ဂဟံ ကတွာ ဂဟိတော (စိတ္တမယော) (စိတ္တနိမ္မိတော) ဟုတွာ စိတ္တေ ဧဝ ဥပလဗ္ဘမာနော ဟောတိ၊ ဧသော သတ္တာပုဂ္ဂလာဒိကော အတ္ထော ပရိကပွသိဒ္ဓေါ နာမ။

မြန်မာပြန် လိုရင်းမှာ—သဘာဝသိဒ္ဓတရားမှ တပါး ပရိကပွသိဒ္ဓသဘော တရားကို ပြဆိုပါဦးမည်၊ သတ္တဝါ ပုဂ္ဂိုလ် အစရှိသော အကြင်ပညတ်သဘော တရားသည် မိမိ၏ လက္ခဏာအားဖြင့် (ပရမတ်) ကဲ့သို့ အဟုတ်အမှန် အထင်အရှား ရှိနိုင်သည်၊ မဖြစ်နိုင်သည် မဟုတ်နိုင်သည်သာလျှင် ကတည်း၊ စင်စစ်ကောန်အမှန်သော်ကား အဟုတ်အမှန်ရှိပေသော (ပရမတ်) သဘောတရား၏ အထူးထူးသော ဖြစ်ခြင်း အမူအရာတို့ကို ထောက်ဆစဲမှု အကြောင်းပြု၍ (မနောဝိညာဏ်) စိတ်ဖြင့် မဟုတ်မမှန်လုပ်ကြုံဖန်၍ ကိုယ်ထည်ဖြစ်မဟုတ် မရှိပါပဲလျက် ကိုယ်ဖြစ်ဟုတ်သလို ရှိသလိုလို မမှန်မဟုတ်ကြုံဖန်လုပ်၍ ယူအပ်သည့်စိတ်ဖြင့်ပြီးသည့်စိတ်သည် လှည့်ပတ်လိမ်ပြ ဖန်ဆင်းအပ်သည်ဖြစ်၍ စိတ်ထဲသာလျှင် ရအပ်သည်ဖြစ်၏၊ သတ္တဝါ ပုဂ္ဂိုလ်အစရှိသော ထိုပညတ်သဘောတရားသည် (လုပ်ကြုံ)ဆသဖြင့် ပြီးစီးသော (ပရိကပွသိဒ္ဓ)တရားမည်၏။

ဤသို့ မိန့်ဆိုတော်မူခြင်းကြောင့်-

စက္ခုဒ္ဒါရ စက္ခုဝိညာဏ်ဖြင့်သာ သိအပ်, မြင်အပ်သော (အရောင်)ရှုပါရုံအပေါ်မှာ မနောဒ္ဒါရ မနောဝိညာဏ်စိတ်ကသာ (နေ)ပညတ်ဓမ္မာရုံကို အာရုံပြု၍ ပစ္စုပ္ပန်မှာ (နေ)တကယ်ရှိ ဘိသကဲ့သို့ (နေ)ဟု ကြုံဆ၍ သိခြင်းသည် စိတ္တပရိကပွ(နေ)ဖြစ်ပါသည်၊ စိတ္တနိမ္မိတ(နေ)ဖြစ်ပါသည်၊ စိတ္တေ ဧဝ ဥပလဗ္ဘမာန(နေ)ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုပရမတ္ထဒီပနီဋီကာကြီးအဖွင့် ထေရဝါဒ၌ အကျုံးဝင်သော (အနုဒီပနီ) ကျမ်း၊ ဣစ္ဆာသယမူ-နှာ(၃၆)မှာလည်း –

> စိတ္တေန ပရိကပ္ပေတ္ဝာတိ မနောဝိညာဏစိတ္တေန(အဝိဇ္ဇမာနံ) သဏ္ဌာနံ (ဝိဇ္ဇမာနံ)ကတ္ဝာ-သဝိဂ္ဂဟံ ကတ္ဝာတိ သရီရံ ကတ္ဝာ ဝတ္ထုဒဗ္ဗ-သဟိတံ ကတ္ဝာတိ ဝုတ္တံ ဟောတိ။ စိတ္တမယော စိတ္တနိမ္မိတောတိ သုပိ-နန္တေ ဒိဋ္ဌပုဗ္ဗနိ ဝိယ စိတ္တေန ပကတော စိတ္တေန နိမ္မိတောတိ။

မြန်မာပြန်လိုရင်းမှာ – စိတ္တေန ပရိကပ္ပေတ္ဝာဟူသည်ကား မနောဝိညာဏ်စိတ်ဖြင့် အဟုတ်အမှန် ထင်ရှားမရှိသော ပုံဟန်သဏ္ဌာန်ကို ထင်ရှားရှိသကဲ့သို့ ကြံဖန်ပြုလုပ်၍ အထည်ဝတ္ထုဒြပ်နှင့် တကွ ဖြစ်ဟန်လိုလိုကို ကြံဖန်ပြုလုပ်၍ ဤသို့ဆိုလိုသည်ဖြစ်၏။ စိတ္တမယော- စိတ္တနိမ္မိတောဟူသည်ကား အိပ်မက်ထဲ၌ မြင်မက်အပ်သော အိပ်မက်ရုပ်ပုံတို့ကဲ့သို့ (မနောဝိညာဏ်)စိတ်ဖြင့် ပြုလုပ်ပြီးစီးအပ်ပြီး (မနောဝိညာဏ်)စိတ်ဖြင့် လှည့်ပတ် လိမ်ပြ ဖန်ဆင်းအပ်သည် ဖြစ်သောကြောင့် (မနောဝိညာဏ်)စိတ်၌ သာလျှင် ရအပ်သည်ဖြစ်၏။

ဆိုလိုရင်းအချုပ်မှာ (နေ)ဟူသည် ထင်ရှားမရှိသော အဝိဇ္ဇမာန ပညတ်ဓမ္မာရုံဖြစ်ပါသည်၊ (နေဝန်း)ဟူသည် ထင်ရှားမရှိသော သဏ္ဌာနပညတ်ဓမ္မာရုံဖြစ်ပါသည်၊ (နေ)ပညတ် (နေဝန်း) သဏ္ဌာနပညတ်ထင်ရှားရှိ၍ လာအောင် (မနောဝိညာဏ်)စိတ်က သာလျှင် ကြံဖန်ပြုလုပ်ပေးသဖြင့် (နေ) ပညတ်ထင်ရှားရှိဖြစ်လာပါသည်။ စိတ္တမယ (နေ)ဖြစ်လာပါသည်၊စိတ္တနိမ္မိတ(နေ) ဖြစ်၍ လာပါသည်။

ထို့ပြင် ထေရဝါဒ၌ အကျုံးဝင်သော လယ်တီကမ္မဋ္ဌာန ဒီပနီ သုဓမ္မဝတီမူ၊ နှာ–(၉၀၊ ၉၁) မှာ –

> ယခုအခါ မျက်လှည့်သည်အသွင်ကဲ့သို့ ဝိညာဏ်ခြောက်ပါးအမှောက် အမှား လှည့်စား၍ နေပုံကို ပြဆိုပေအံ့၊ မျက်စိဥပစာဋ္ဌ ရှိသမျှသော ဝတ္ထုဒြပ်တို့ကို မျက်စိဖြင့်မြင်ကြရာ၌ အဟုတ်ရှိ တကယ်ရှိဖြစ်သော ခတ်သဘာဝကို မြင်ကြသည်မဟုတ်၊ ဝိညာဏ်သည် မဟုတ်မမှန် လုပ်ကြံဖန်ဆင်း ခင်းကျင်းဖော် ပြသော ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ား ဝတ်စားတန်ဆာ အိမ် ယာ ကျောင်း ကန် ဝင်းခြံ တုံး တိုင် ဖျာယိုင် အိုင် အင်း သစ်ပင် ချုံနွယ် အစ ရှိသော အထည်ဒြပ် ပညတ်နိုင်ငံ၏ အဆောက်အအုံ တွေကိုသာ မြင်ကြရကုန်၏။

ထို့ကြောင့် သတ္တဝါတို့သည် ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် တစုံတခုသော ဝတ္ထုအထည်မဟုတ်၊ တုစ္ဆသုည သဘာဝမျိုးဖြစ်သော ရူပဓာတ်ကို ငါမြင်သည်

http://www.dhammadownload.com

ဟု မဖြစ်ကြကုန်၊ မည်သည့်ပုဂ္ဂိုလ်ကိုမြင်သည် မည်သည့်သတ္တဝါကိုမြင်သည် မည်သည့်အထည်ဝတ္ထုကို ငါမြင်သည်ဟု ဖြစ်ကြကုန်၏၊ ဤသို့သောမြင်မှုကို စတုသစ္စအရာ ဝိပဿနာအရာတို့၌ မဟုတ်မမှန်ကို မြင်ကြကုန်၏ဟု ဆိုသတည်း။

ဤသို့ ရေးသား မိန့်ဆိုတော်မူသောကြောင့် အရောင်တည်းဟူသော ရူပါရုံ ရုပ်ဓာတ်အဖေါ်မှာ မျက်လှည့်သည် အသွင်ကဲ့သို့ ဝိညာဏ် (၆) ပါးထဲက မနောဝိညာဏ် စိတ်နာမ်တရားသည် (နေ)ကိုမြင်သည်၊ (နေဝန်း) ကိုမြင်သည်ဟူ၍ မဟုတ်မမှန်လုပ်ကြံ၍ ပြပါသည်။

ထိုမှတပါး—သဒ္ဒသနာရေးဦးစီးမူ ထေရဝါဒ၌ အကျုံးဝင်သော လယ်တီဆရာတော်၏ဘာဝနာဒီပနီ နှာ—၂၄—မှာ—

သစ်ပင်၌ ကောန်ရှိရင်း အမှန်ရှိရင်း အဟုတ်ရှိရင်းဖြစ်ကြကုန်သော အဋ္ဌကလာပ်ရုပ်တို့ကိုလည်းကောင်း ထိုရုပ်တို့၌ရှိသောအနိစ္စအချက် ကြီးကိုလည်းကောင်း ဉာဏ်အမြင်ပေါက်ခဲ့သည်ရှိသော် သစ်ပင် သစ်ကိုင်း သစ်ခက် သစ်ညွန့် သစ်ပွင့် သစ်သီး အစရှိကုန်သော ပထမအရိပ်အသွင်တို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏၊ အမှန်ရှိရင်းမျိုးမဟုတ် အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်၊ (စိတ်အာရုံထဲမှာသာ) မျက်လှည့်အသွင်ကဲ့သို့ ထင်မြင်ရသော အရိပ်မျိုး နိမိတ်မျိုး အသွင်သဏ္ဌာန်မျိုးတို့သာတည်းဟု ဉာဏ်၌ရှင်းလင်းစွာ ထင်မြင်၏။

ဤသို့ဧရေးသားမိန့်ဆိုတော်မူခြင်းကြောင့် (နေ) ဟု ခေါ်ဆိုအပ်သော အဋ္ဌကလာပ် ရုပ်ဓာတ်ရှစ်ပါးထဲမှ (အရောင်) ဟုဆိုအပ်သော ရူပါရုံရုပ်ဓာတ်အပေါ်မှာ (နေ)ဟု မျက်လှည့်အသွင် အမှားမြင်ခြင်းသည် အာရမ္မဏိက မနောဝိညာဏ်စိတ်၏ အာရုံထဲမှာသာ ထင်ရမြင်ရသော နာမ်၏အရိပ်မျိုး နာမ်၏ နိမိတ်မျိုး နာမ်၏အသွင်သဏ္ဌာန်မျိုးသာတည်းဟု ဉာဏ်၌ရှင်းလင်းစွာ ထင်မြင်ရပါသည်။

ထေရဝါဒ၌ အကျုံးဝင်သော သာသနာရေးဦးစီးမူ လယ်တီဆရာတော်၏ ဘာဝနာဒီပနီ နှာ ၄၈၊ ၄၉-မှာ ဓာတ်အမြင်မပေါက်သော ပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် အရူးစိတ်နှင့် ထပ်တူပင်တည်း၊ အရူး၏စိတ်မှာ ဘာမျှမဟုတ် ဘာမျှမရှိသော ကောင်းကင်ကို ရေပြင်ကြီး ပင်လယ်ပြင်ကြီး အဟုတ်အမှန် ထင်မြင်၍ နေမှုနှင့် ပုထုဇဉ်သတ္တဝါတို့၏စိတ်မှာ နိမိတ်ကြီးနှစ်ပါးထင်မြင်၍နေမှု တူလှ၏။

ရုပ်ဓာတ် နာမ်ဓာတ်တို့သည်သာ အဟုတ်ရှိအမှန်ရှိ ဖြစ်ကုန်၏၊ ထိုအဟုတ်ရှိ အမှန်ရှိစွဲကား မျက်တောင်တခတ် လျှပ်တပြက်မျှ ခိုင်မြဲသော နိစ္စမျိုးမဟုတ်ကုန်၊ အလိုသို့လိုက်တတ်သော အတ္တမျိုးမဟုတ်ကုန်၊ အနိစ္စမျိုး အနတ္တမျိုးတို့သာ ဖြစ်ကုန်၏။

http://www.dhammadownload.com

နိမိတ်ကြီးနှစ်ပါးတို့ကား အဟုတ်ရှိ အမှန်ရှိမဟုတ်၊ (စိတ်ဝိညာဏ်) ထင်ချင်တတ်တိုင်း ထင်မြင်ရှိနေသော အထည်ဖြပ်ကြီးဖြစ်၍ နိစ္စအနေ, အတ္တအနေ ထင်မြင်ရှိနေကြကုန်၏။

(နိမိတ်ကြီးနှစ်ပါး)ဆိုသည်လည်း အထည်ဖြပ်မဟုတ်သော ရုပ်ဓာတ်နာမ်ဓာတ်ကိုပင် အထည်ဖြပ်ပြုလုပ်၍ ထင်မြင်သောအမှုတည်း၊ ဤသို့ ရေးသားမိန့်ဆိုတော်မူခြင်းကြောင့် စက္ခုဒ္ဒါရ စက္ခုဝိညာဏ်သည် အာရုံပြုသောအားဖြင့် မြင်အပ်သော (အရောင်)တည်းဟူသော ရူပါရုံရုပ်တရားအပေါ်မှာ မနောဒ္ဒါရ မနောဝိညာဏ်သည် အာရုံပြုသောအားဖြင့် သိအပ်သော (နေ)ဟူသော (နေဝန်း)ဟူသော ပညတ်ခမ္မာရုံကို နိစ္စအနေ, အတ္တအနေထင်မြင်၍ နေကြကုန်သည်။

ထေရဝါဒဒ္ဒီပကျုံးဝင်သော သာသနာရေးဦးစီးမှူ လယ်တီဘာဝနာဒီပနီ နှာ ၂၄-မှာ–

ပညာမျက်စိအမြင် ရှိကြကုန်သော လူတို့သည်ကား အန္ဓပုထုဇဉ်တို့ကဲ့သို့ပင် ပကတိမျက်စိဖြင့် သန္ဌာန်တိနိမိတ်ကြီးကို မြင်ကြကုန်သော်လည်း ပကတိမျက်စိအမြင်မည်သည် ဟုတ်မှန်သောခမ္မာသို့ ဘယ်အခါမျှ ဆိုက်ရိုးမရှိ၊ မဟုတ်တရုတ်တွေအနန္တ အမြဲပါရှိ၏ဟုသိကြလျက် ရှိသဖြင့် ပကတိမျက်စိအမြင်ကို ဝိညာဏ်၏ လိမ်မှုကြီးဟု ပယ်ရှားရ၍ ပညာမျက်စိအမြင်ကို ပေါ်အောင်ဖော်၍ ကြည့်ကြကုန်၏၊ ဤသို့ ရေးသားမိန့်ဆိုတော်မူခြင်းကြောင့် စက္ခုဒ္ဒါရ စက္ခုဝိညာဏ်စိတ်ဖြင့် (အရောင်) တည်းဟူသော ရူပါရုံပရမတ်ကို မြင်ပါသော်လည်း နောက်လိုက် မနောဒ္ဒါရ မနောဝိညာဏ်စိတ်ဖြင့် (နေ) တည်းဟူသော ပညတ်ခမ္မာရုံကို အာရုံပြုလျက် မဟုတ်တရုတ်တွေ အနန္တ လိမ်ပြပါသည်၊ ထို့ကြောင့် ပကတိမျက်စိအမြင်ဟု ဆိုအပ်သော စက္ခုဒ္ဒါရ စက္ခုဝိညာဏ်၏ အာရုံဖြစ်သော (အရောင်)၏ အပေါ်မှာ မနောဒ္ဒါရ မနောဝိညာဏ်၏ အာရုံဖြစ်သော (နေ)သည် မနောဝိညာဏ်၏ လိမ်မှုတည်းဟု ပညာမျက်စိအမြင်ကို ပေါ်အောင်သာ ရှုပွားရမည် ဖြစ်ပါသည်။

လယ်တီဆရာတော်၏ ဘာဝနာဒီပနီ နှာ-၆၃ သာသနာရေးဦးစီးမှုမှာ—

ပညာမျက်စိ ရှိကြကုန်သော ကလျာဏ ပဏ္ဍိတ ပုဂ္ဂိုလ်တို့သည်ကား ပကတိမျက်စိအမြင်နှင့် မြင်ရသော နိမိတ်သဏ္ဌာန် မဟုတ်မမှန်ကြီးကို အတတ်သိကြကုန်သဖြင့် ပကတိမျက်စိအမြင်ကို စိတ်ဝိညာဏ်၏ လိမ်လည်မှုတည်းဟု ပယ်ရှား၍ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ သူ ငါဟူ၍မရှိ၊ ခြေတလှမ်းမှ ခြေတလှမ်းသို့ ကူး၍ သွားသောသူ လာသောသူ ဟူ၍ တစုံတယောက်မျှမရှိ၊ လှမ်းသောခြေ ဟူ၍ပင် မရှိ၊ ခြေလှမ်းဟူ၍ပင်မရှိ၊ ပကတိမျက်မြင် ဝိညာဏ်မျက်လှည့်၏ အမှုသာတည်း။

http://www.dhammadownload.com

ဤသို့ ရေးသား မိန့်ဆိုတော်မူသောကြောင့် ပညာမျက်စိ ရှိကြသော ကလျာဏ ပုထုဇဉ်တို့သည်ကား စက္ခုဒ္ဒါရ စက္ခုဝိညာဏ်စိတ်ဖြင့် (အရောင်) တည်းဟူသော ရူပါရုံ ရူပ်တရားကိုသာ မြင်ရသည်၊ (နေ)ဟူသော နာမပညတ် (နေဝန်း)ဟူသော အတ္ထပညတ် တို့ကို မြင်ရသည်မဟုတ်၊ မနောဒ္ဒါရ မနော ဝိညာဏ်စိတ်ဖြင့်သာ ရူပါရုံအပေါ်မှာ (နေ)လို့ သိသည်၊ နေဝန်းလို့သာ သိသည်ဟု မြင်ကြကုန်၏၊ ပကတိမျက်စိဖြင့် (နေ)ကို မြင်သည် (နေဝန်း) ကို မြင်သည် ဆိုသည်ကား ဝိညာဏ်မျက်လှည့်၏ အမှုသာတည်း။

ဟံသာဝတီမူ ထေရဝါဒ၌ အကျုံးဝင်သော လယ်တီဆရာတော်၏ သာသနာ့ ဝိသေသနီ ပထမတွဲ နှာ-၆ မှာ–

အဖြေကား— ပညတ်တရားမည်သည် ပထဝီ ဖဿ **အစရှိသော** ပရမတ် တရားများ ကဲ့သို့ ဓာတ်သားနှင့်တကွ အဟုတ်အမှန်ရှိသော **တရားမျိုးမဟုတ်၊** စိတ်မနောထဲတွင် သဏ္ဌာန်ကြီးငယ် အထည်ဖြပ်ပေါ် အောင် လုပ်ကြံ၍ယူရသော တရားမျိုးသာဖြစ်၍ လုပ်ကြံ၍ယူမှုမည်သည်လည်း အစုမ်းသတ္တိ ထက်သန်စွာ ရှိကြသော မနောဝိညာဏဓာတ် စိတ်တို့၌သာ ရှိ၏၊ နွားဖြူ မြင်းဖြူ စသည်ကို မြင်ကြရာ၌ စက္ခုဝိညာဏ်စိတ်သည် ဖြူသော အဆင်းမျှကိုသာ မြင်နိုင်၏၊ နွားဖြူ မြင်းဖြူ ဟူ၍ မသိတတ်၊ စက္ခုဒ္ဒါရဝီထိနောက်၌ အစဉ်လိုက်၍ ဖြစ်ပေါ် နေကြသော မနောဝိညာဏ်စိတ်တို့သည်သာလျှင် စက္ခုဝိညာဏ် မြင်သော အဖြူ သည်ကား နွားဖြူ မြင်းဖြူ ဖြစ်သည်ဟု ပညတ်ပေါ် အောင် လုပ်ကြံ၍ ယူကြကုန်၏။

ဤသို့ ရေးသား မိန့်ဆိုတော်မူခြင်းကြောင့် (နေ) (နေဝန်း) ဟူသော နာမပညတ် အတ္ထပညတ် တရားမည်သည် (အရောင်) **အစရှိသော** ရူပ်ဓာတ် ရူပ်ပရမတ်တရားများကဲ့သို့ ဓာတ်သားနှင့်တကွ အဟုတ်အမှန်ရှိသော **တရားမျိုး** မဟုတ်၊ စိတ်မနောထဲတွင် (နေဝန်း)ဟူသော သဏ္ဌာန်ကြီးငယ် အထည် ဖြပ် ပေါ် အောင် လုပ်ကြံ၍ ယူရသော တရားမျိုးသာဖြစ်၍ လုပ်ကြံ၍ယူမှု မည် သည်လည်း အစုမ်းသတ္တိ ထက်သန်စွာရှိကြသော မနောဝိညာဏဓာတ် **စိတ်** တို့၌သာ ရှိ၏။ (နေရောင်) စသည် မြင်ကြရာ၌ စက္ခုဒ္ဒါရ စက္ခုဝိညာဏ် စိတ်သည် (အရောင်) အဆင်းရူပါရုံကိုသာ မြင်နိုင်၏၊ (နေ)ဟူ၍ မသိတတ်၊ စက္ခုဒ္ဒါရဝီထိနောက် အစဉ်လိုက်၍ ဖြစ်ပေါ် နေကြသော မနောဝိညာဏ်စိတ် တို့သည်သာလျှင် စက္ခုဝိညာဏ်မြင်သော (အရောင်) သည်ကား (နေရောင်) ဖြစ်သည်ဟု ပညတ်ပေါ် အောင် လုပ်ကြံ၍ ယူကြကုန်သည်။

ထေရဝါဒ၌ အကျုံးဝင်သော လယ်ဘီဒီပနီပေါင်းချုပ် ပထမတွဲ နှာ-၃ ဝိပဿနာဒီပနီ သာသနာရေးဦးစီးမှူ—

http://www.dhammadownload.com

စိတ္တဇိပလ္လာသဒ္ဒါ မျက်လှည့်ကြီး ဥပမာဆိုသည်ကား မျက်လှည့်ကြီး ပညာမျိုးသည် ရှိ၏၊ ထိုပညာဖြင့် ပြုလုပ်၍ ပြသည်ရှိသော် ကြည့်မြင်သူ လူအများတို့သည် မြေစိုင်ခဲ စသည်ကို ရွှေခဲ ငွေခဲ စသည် ထင်မြင်ကြကုန်၏၊ မျက်လှည့်ပညာ၏ အစွမ်းသည် လူတို့၏ ပကတိသော မျက်စိမြင်မှုကို ဖျက်၍ မျက်စိမြင်မှုတမျိုး ပြောင်းလဲစေနိုင်၏၊ တခဏအားဖြင့် စိတ်ကို ဖောက်ပြန်စေနိုင်၏၊ ပကတိအချိန်အခါ၌ မြေစိုင်ခဲကို မြေစိုင်ခဲအတိုင်း မြင်ကြကုန်၏၊ ထိုအခါ မြေစိုင်ခဲကို ဝါဝါဝင်းဝင်း ရွှေအဆင်း, ဖြူဖြူလင်းလင်း ငွေအဆင်း အနေဖြင့် မြင်ကြကုန်၏၊ ရွှေဟူ၍ ငွေဟူ၍ ယုံကြည်ခြင်း မှားယွင်းကြကုန်၏။

ဤဥပမာနှင့်တူစွာ စိတ်သည် မဟုတ်သည်ကို အဟုတ် လုပ်ကြံ၍ လှည့်စား တတ်၏၊ ညဉ့်အခါ သစ်ငုတ်ကို မြင်လေရာ လူဟူ၍ လှည့်စား၏၊ တောခြုံကို မြင်လေရာ တောဆင်ဟူ၍ လှည့်စား၏၊ တောဆင်ကိုမြင်လေရာ တောခြုံဟူ၍ လှည့်စား၏၊ လောကဌ် ဒိဋ္ဌမျက်မြင်မျိုးထဲတွင် အထင်မှားသမျှသည် စိတ်၏ **လှည့်စားမှုကြီးမှတ်။**

ဤသို့ ရေးသား မိန့်ဆိုတော်မူခြင်းကြောင့် စက္ခုဒ္ဒါရ စက္ခုဝိညာဏ်စိတ်ဖြင့် မြင်အပ်သော (အရောင်)တည်းဟူသော ရူပါရုံ၊ ရုပ်ခတ်အပေါ်မှာ (နေ) (နေဝန်းကြီး) ဟူ၍ မနောဒ္ဒါရ မနောဝိညာဏ်စိတ်က အထင်မှားမှုလှည့်စားမှု ဖြစ်ပါသည်။

ထေရဝါဒ၌ အကျုံးဝင်သော မန္တလေး အောင်ဇေယျပုံနှိပ်တိုက်မှ၊လယ်တီ ဗုဒ္ဓဘာသာအလင်းပြ၊ နှာ(၁၀၅)မှာ-

ယောကျ်ားသည် မျက်စိဖြင့် အဆင်းကိုမြင်၏ ဟူသောစကားဌ မြင်ခြင်း မည်သည်ကား စက္ခုဝိညာဏ်စိတ်ပင်လျှင်တည်း၊ ထို စက္ခုဝိညာဏ်စိတ်သည် အဆင်းကို အာရုံပြု၏၊ အဆင်းမည်သည်လည်း ဝဏ္ဏာယတနခေါ်သော ရူပါရုံ ခေတ်တရားဖြစ်၏၊ ပဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် ပဂ္ဂိုလ်ကမြင်သည် မဟုတ်၊ အဆင်းကို မြင်ပြီးသောအခါ တဖန် မနောဝိညာဏ်စိတ်တို့ဖြင့် သတ္တဝါဟူ၍ မှတ်ထင်၏၊ ယောကျ်ားဟူ၍ မိန်းမဟူ၍ ဦးခေါင်းဟူ၍ မျက်နှာဟူ၍ ခြေလက် အင်္ဂါဟူ၍ မှတ်ထင်၏၊ သစ်ပင်ဟူ၍ ရထားဟူ၍ အိမ်ဟူ၍ ကျောင်းဟူ၍ မှတ်ထင်၏၊ ဤသို့ ဖြစ်ရခြင်းကား မြင်ခြင်းဒဿနလျှင် အကြောင်းရင်းရှိသော စိတ္တဇိပလ္လာသမျိုးပေတည်း၊ ကြားခြင်းသဝန နံခြင်း ဃာယန လျက်ခြင်းသာယနတွေ့ထိခြင်း ဖုသနလျှင် အကြောင်းရင်းရှိသောစိတ္တဇိပလ္လာသ တို့၌လည်း ထိုနည်းအတူပင်တည်း၊ (စိတ်လျှင် အရင်းရှိသောစိတ္တဇိပလ္လာသသည်ကား လွန်စွာ အရာကျယ်၏၊)ဤသို့ ရေးသားမိန့်ဆိုတော်မူခြင်းကြောင့် စက္ခု-ဒ္ဒါရ မျက်စိဖြင့် (အရောင်) တည်းဟူသော အဆင်းရုပါရုံကို မြင်၏ဟု ဆိုရာ၌

http://www.dhammadownload.com

ခန္ဓာ လေးပါး ဤခန္ဓာငါးပါးတို့သည်လည်းကောင်း မနောဒွါရ (နေ) မနောဝိညာဏ်ဝေဒနာ သညာ စေတနာဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါး ဟဒယဝတ္ထုဟု ဆိုအပ်သော ရုပ်ခန္ဓာတပါး ဤခန္ဓာငါးပါးတို့သည်လည်း ကောင်း ဒုက္ခသစ္စာမည်၏၊ ထို ဒုက္ခသစ္စာသည်သာလျှင် ပရိညာကိစ္စ(သိ) ကိစ္စဖြစ်ပါသည်၊ (နေ)တည်းဟူသော ပညတ်ဓမ္မာရုံမှာ ပရိညာကိစ္စမထိုက်ပါ၊ (သိ) ကိစ္စမထိုက်ပါ။ ထို ဒုက္ခသစ္စာကို ဖြစ်စေတတ်သော ထို ဒုက္ခသစ္စာကို သာယာတတ်သော လောဘတဏှာသည် သမုဒယသစ္စာ ဖြစ်ပါသည်၊ ထို သမုဒယသစ္စာသည်သာလျှင် ပဟာနကိစ္စ ထိုက်ပါသည်၊ (နေ)တည်းဟူသော ပညတ်ဓမ္မာရုံ စသည်တို့မှာ ပဟာနကိစ္စ မထိုက်ပါ၊ (ပယ်)ကိစ္စ မထိုက်ပါ၊ နိဗ္ဗောဓသစ္စာ နိဗ္ဗာန်သည်သာ (သစ္ဆိကရဏကိစ္စ) (ဆိုက်ကိစ္စ) မထိုက်ပါ၊ ပညတ်ဓမ္မာရုံမှာ သစ္ဆိကရဏကိစ္စ ဆိုက်ကိစ္စမထိုက်ပါ၊ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ သည်သာ (ဘာဝနာကိစ္စ) (ပွားကိစ္စ) ထိုက်ပါသည်၊ ပညတ်ဓမ္မာရုံမှာ (ဘာဝနာကိစ္စ) (ပွားကိစ္စ)မထိုက်ပါ။

ထို့ကြောင့် ပညတ်ဓမ္မာရုံသည် သစ္စာလေးပါးနှင့် ချ၍ ကြည့်က ကိစ္စကြီးလေးပါးနှင့် ချ၍ကြည့်က ဘယ်သစ္စာထဲမှမပါပါ၊ ဘယ်ကိစ္စထဲမှမပါပါ။

ထေရဝါဒ၌အကျုံးဝင်သော မြန်မာပြည်ပုံနှိပ်မှု ရွှေကျင်ထတိယ သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီး၏ ပရမတ္ထစက္ခုကျမ်း၊ နှာ(၃၃)၊

နာမ်ရုပ်ကိုအပိုင်အနိုင် အဟုတ်သိ တကယ်သိနိုင်မှ ပညတ်ကွယ်ပျောက်မည်၊ ပညတ် ကွယ်ပျောက်မှလည်း တဏှာ မာန ဒိဋ္ဌိ ကင်းပြတ်မည် ဟူ၍ လည်းဓကောင်း၊ ၎င်းကျမ်း နှာ(၄၇)၌လည်း ပညတ်ကိုဖယ်ထား၊ ခွာလှန်၍ အဖြောင့်အမှန်ကောန်ရှိ အဟုတ်ရှိ ရေတွက်သော် ရုပ်တရား နာမ်တရားနှစ်ပါး သာရှိသည်၊ယင်းနှစ်ပါးကို နုတ်လိုက်သော် တလောကလုံးမှာ ဘာမျှမရှိမှတ်လေ ဟူ၍လည်းကောင်း။

၎င်းကျမ်း နှာ (၂၇၉)၌ ပညတ်ကား လောကီဘက်၌ အသုံးကျသည်၊ လောကုတ္တရာဘက်သို့ တက်လိုလျှင် ပညတ်ဖျက်ရမည်၊ ဤအရာ၌ ပရမတ္ထဉာဏ်ကိုသာ ပြလိုရင်းတည်း၊ ယင်းပရမတ္ထဉာဏ်ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်ဟူ၍ နှစ်မျိုးမှတ်၊ ယင်းနှစ်မျိုးတို့တွင် ဝိပဿနာဉာဏ်ဆိုသည်မှာ အထူးသိတတ်သော ဉာဏ်ကိုဆိုသည်၊ အထူးသိဆိုသည်မှာလည်းသိနေကျ ပညတ္တိ ဉာဏ်ထက်ထူး၍ တခုတည်း တရှိတည်း မိန်းမကောင် ယောကျ်ားကောင် သူကောင် ငါကောင်ဟူသော အမြွေးအကာ ပညတ်လွှာကို ဖယ်ထားခွာလှစ်၍ အကြောင်း အကျိုးဖြစ်သောရုပ်အစစ် နာမ်အစစ်ကိုသိသည်ကို ဆိုသည်။

http://www.dhammadownload.com

မြင်ခြင်းမည်သည်ကား စက္ခုဝိညာဏ်စိတ်ပင်တည်း၊ ထိုစက္ခုဝိညာဏ်စိတ်သည် (အရောင်) ရှုပါရုံကို အာရုံပြု၏၊ (အရောင်)အဆင်းမည်သည်လည်း ဝဏ္ဏာယတနခေါ်သော ရှုပါရုံဓာတ်တရားဖြစ်၏၊ (နေ) မဟုတ် (နေဝန်း) မဟုတ်(အရောင်) အဆင်းကို မြင်ပြီးသောအခါ တဖန် မနောဝိညာဏ်စိတ်တို့ဖြင့် (နေ) ဟူ၍(နေဝန်း)ဟူ၍ မှတ်ထင်၏၊ ဤသို့ မှတ်ထင်ခြင်းကား မြင်ခြင်းဒဿနလျှင် အကြောင်းရင်းရှိသော (နေ) (နေဝန်း) ပညတ်ဓမ္မာရုံသည်ကား စိတ္တဝိပလ္လာသမျိုးဖြစ်ပါသည်။

ထေရဝါဒ၌ အကျုံးဝင်သော ပုဒ္ဓသာသနာပုံနှိပ်တိုက်မူ– လယ်တီပရမတ္ထသံခိပ်ကျမ်း၊ နှာ (၅၄)မှာ–

(၁) ပထဝီ ဖဿ အစရှိသော ဒုက္ခသစ္စာတရားမျိုးသည် အပိုင်သိမှု၏ ဆိုင်ရာတည်း၊ ပရိညာဉာဏ် ထက်သန်လေလေ ထိုတရားမျိုး၏ ထင်ရှားရှိမှုပေါ်လေလေ ဖြစ်၏၊ သဘာဝမရှိသော ပညတ်တရားသည် ထက်သန်သော ဉာဏ်နှင့် စေ့စေ့ကြည့်မခံ ထိုဉာဏ်နှင့် စေ့စေ့ကြည့်လေလေ သဘာဝမရှိမှု ထင်ရှားလေလေ ဖြစ်၏၊ ဒုက္ခသစ္စာတရားမျိုးမှာ မသိလျှင် သံသရာ၌ နစ်၏၊ သိလျှင် သံသရာမှ ထမြောက်၏၊ သဘာဝမရှိသော ပညတ်မျိုးမှာ သိ မသိ အတွက် ထိုကဲ့သို့ အပြစ်မရှိ။

(၂) ကိလေသာတရားမျိုးသည် အကြွင်းမဲ့ ပယ်သတ်မှု၏ ဆိုင်ရာတည်း၊ မပယ်သတ်လျှင် သံသရာ၌ နစ်၏၊ ပယ်သတ်လျှင် သံသရာမှ ထမြောက်၏၊ သဘာဝမရှိသော ပညတ်မျိုး၌ ပယ်မပယ်အတွက် ထိုကဲ့သို့သောအပြစ်မရှိ။

(၃) ကိလေသာမီးတို့၏ အကြွင်းမဲ့ငြိမ်းခြင်းဟူသော နိဗ္ဗာန်သည် ကိုယ်သန္တာန်၌ ဆိုက်ရောက်မှု၏ ဆိုင်ရာတည်း၊ မဆိုက်လျှင် သံသရာ၌နစ်၏၊ ဆိုက်လျှင် သံသရာဒုက္ခမှ လွတ်မြောက်၏၊ သဘာဝမရှိသော ပညတ်မျိုး၌ ဆိုက်မဆိုက်အတွက် ထိုကဲ့သို့သော အကျိုးအပြစ်မရှိ။

(၄) မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ ဝါရားမျိုးသည် ပွားများမှု၏ ဆိုင်ရာတည်း၊ မပွားများလျှင် သံသရာ၌ နစ်၏၊ ပွားများ၍ တန္ဒေတခြား ကြီးပွားသွားလျှင် သံသရာမှ ကမြောက်၏၊ သဘာဝမရှိသော ပညတ်မျိုး၌ ကြီးပွားဖွယ် အဘယ်မှာ ရှိအံ့နည်း။

ဤပရမတ်ပညတ် ခွဲနည်းကို ဉာဏ်ပိုင်မှ ပရမတ်စကား နိဗ္ဗာန်စကား ပြောဆိုမှု၌ အသိဉာဏ် ရှင်းလင်းနိုင်မည်။

ဤသို့ ရေးသားမိန့်ဆိုတော်မူခြင်းကြောင့် စက္ခုဒ္ဒါရ (အရောင်)စက္ခုဝိညာဏ် ဝေဒနာ သညာ စေတနာဟု ဆိုအပ်ဖွယ် ရုပ်ခန္ဓာတပါးနှင့် နာမ်

http://www.dhammadownload.com

ပညတ္တိ ဌဇပတ္ထာ ဝိသေသေန ပဿတီတိ ဝိပဿနာ။

ပညတ္တိ၊ **အမေါ်ယံ အဓမ္မြး အကာ** ပညတ်လ္ဘာကို။ ဌပေတ္ထာ၊ ခ္ဆာလ္ဖစ်ဖယ်ထားရ်။ ဝိသေသေန၊ သိနေကျပညတ်ဉာဏ်ထက် ထူးသော **အား**ဖြင့်။ ပဿတိ၊ **အဓကြောင်းအကျိုးဖြစ်သော** ရုပ်စစ်နာမ်စစ်ကို မြင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏ ဟူရ်လည်းကောင်း ဤသို့ရေးသားမိန့်ဆိုတော်မူခြင်းကြောင့်—

(နေ)အစရှိသော ပညတ်သည် သမ္မုတိသစ္စာအာရုမ္မာ အသုံးကျ အသုံးဝင်ဖြစ်သော်လည်း ပရမတ္ထသစ္စာ ဝိပဿနာအာရုမ္မာမူ အသုံးမကျ **အ**သုံးမဝင်ပါ၊ ထို့(နေ)အစရှိသော ပညတ်ကွယ်ပျောက်ပါစေခြင်းအကျိုးငှါ (အရောင်)ကို ရှုပ်တရားဟုပိုင်းခြားလိုက် (နေ)ကို မနောဝိညာဏ်စိတ်ကိစ္စ နာမ်ကိစ္စဟု သိစေခြင်းငှါ(နေ)က နာမ် ဟုဆိုပါသည်၊ (နေ)ပညတ်ကို **နာ**မ်မဖွဲ့ပါ။

ဓထရဝါဒ၌ အကျုံးဝင်သောလယ်တီဆရာတော် ပဋ္ဌိစ္စသမုပ္ပါဒ် **ဒီပနီကျမ်း၊ လယ်တီမဏ္ဍိုင်မူ** နှာ(၁၃)၌—

ပုထုဇ်သတ္တဝါတို့သည် **ငါ**ဟူသောစကား **ကိုယ်**ဟူသောစကား**ကို တဓလာ**ကလုံး **တအုန်းအုန်း**ပြောလည်း ပြောကြကုန်၏၊ ပြောတိုင်း**ပြောတိုင်း**လည်း စိတ်အထင်ပါကြကုန်၏၊ သက္ကာယဒိဋ္ဌိကို ပယ်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည်**ကား အ**ပြောမှာ အများနည်းတူပင် ပြောကြကုန်၏၊ စိတ်အထင်မှာမူကား မရှိပြီ၊ **ငါ**ဟူ၍ ပြောကြ**သော်**လည်း စိတ်မှာတကယ်ငါဟုတ်သည်ဟု မထင်ကြကုန်ပြီ၊ ဤသို့ရေး**သား**မိန့်ဆိုတော်မူခြင်းကြောင့်—

လောကလူအပေါင်းသည် (နေ)ဟူသောစကားကို ပြောကြကုန်၏၊ ပြောတိုင်းလည်း စိတ်အထင်ပါကြကုန်၏၊ နာမရူပ ပရိစ္ဆေဒဉာဏ် ရရှိကြကုန်သော **ကလျာဏ** ပုထုဇ်ပုဂ္ဂိုလ်တို့သည်**ကား** အပြောမှာ အများနည်းတူပင် ပြောကြပါ၏၊ ဉာဏ်အမြင်မှာမူကား (နေ)က မနောဝိညာဏ် စိတ်အထင်မျှသာဟု မြင်ကြကုန်၏၊ အာရမ္မဏိကဖြစ်**သော** (မနောဝိညာဏ်စိတ်က**သာ**လျှင်) ဝိပဿနာအရာမှာ လိုရင်းဖြစ်ပါသည်၊ ရှုလုံးရှုကွက်ဖြစ်ပါသည်၊ စိတ္တာနုပဿနာဖြစ်ပါသည်။

ထေရဝါဒ၌အကျုံးဝင်သော လယ်တီဆဋ္ဌမူ အလင်းကျမ်း၊ နှာ(၃၉၇)

ဝိညာဏ်ခြောက်ပါးတို့၌ **ကိုယ်**ခန္ဓာတခုလုံးကို ခြောက်ဌာနပြု၍ သူဌာန သူဌာနတို့မှာ သူ့အာရုံ သူ့အာရုံ တွေ့ဆုံဆဲအခါ သူဝတ္ထု သူ့အာရုံကို စွဲ၍ သူဝိညာဏ်ရုံခါရုံခါဖြစ်ပေါ်မှုကို မသိခြင်း မျက်စိမြင်မှု နားကြားမှု နှာခေါင်းနံမှု လျှာအရသာသိမ်မှု **ကိုယ်**အင်္ဂါတို့မှာ အတွေ့အထိသိမှု စိတ်မနောမှာ

http://www.dhammadownload.com

ထွေထွေလာလာကြံမှု သိမှုဟူသော ဝိညာဏ်ခြောက်ပါးတို့ကို ခေတ်အသီးအခြား ဓမ္မအသီးအခြားမသိခြင်းသည် ဝိညာဏ်၌ ဓမ္မသမ္မောဟ ပထမမျှောင်ကြီးမည်၏။

ထေရဝါဒ၌ အကျုံးဝင်သော လယ်တီဒီပနီပေါင်းချုပ် (ပ)အုပ် အလင်းကျမ်း သာသနာရေးဦးစီးမှူ နှာ(၄၁၇)–

ဝိပဿနာယောဂီ ပုဂ္ဂိုလ်များမှာမူကား-ဤသို့ဖြစ်၍ နေကြရာမှာ အလုံးစုံခြုံမိ ငုံမိလောက်သောအချက်ကိုရွာ၍ ဝိညာဏ်ထိပေါင်း တသိန်းတသန်းမက ကုဋေမကကိုပင် တဝိညာဏ်တည်း တချက်တည်းပြု၍ ဥဒယမှ ဝယမှုကို ရှုရသည်၊ ဖြစ်ခြင်းပျက်ခြင်းကိုရှုသောဉာဏ်မှာ အကုန်ပါစေနိုင်သည်သာ ပမာဏတည်း၊ ငါမြင်သည် ငါကြားသည် ငါနံသည် ငါအရသာကိုသိသည် ကိုယ်အင်္ဂါမှာ ထိသည်ကို ငါသိသည် ငါထွေထွေလာလာကြံဖန်သည် ဟု ဖြစ်သော ငရဲမီးခြောက်မျိုး ငါပြောသည် ငါဆိုသည်ကိုယ်အင်္ဂါကို ငါလှူပ်ရှားသည် ငါသွားသည် ငါလာသည် စသည်ဖြင့်ဖြစ်သော ငရဲမီးမျိုးအကုန်ကုယ်ပျောက်စေနိုင်သည်သာ ပမာဏတည်း၊ ငါမြင်သည် ငါကြားသည်စသည်ဖြင့် ငါလုံး ဖုံးအုပ်၍နေသော လက္ခဏတွယ သမ္မောဟအမိုက်မှ အလင်းဉာဏ်ပေါက်သည်သာ ပမာဏတည်း။

ထေရဝါဒ၌အကျုံးဝင်သော လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာနဒီပနီ၊ နှာ (၉၀) ဟံသာဝတီမူ။

ဥပမာ ဘုံသုံးပါးသည် ရှားစောင်းတောကြီးနှင့် တူ၏၊ ဝိညာဏ်ခြောက်ပါးသည် မျက်လှည့်ဆရာနှင့် တူ၏၊ အဇ္ဈတ္တ ဗဟိဒ္ဓ ခန္ဓာငါးပါးသည် ရှားစောင်းပင်ပကတိနှင့် တူ၏၊ (ခေတ်နိုင်ငံကြီးသည် ရှားစောင်းပင် ပကတိနှင့်တူ၏) သော်လည်းဆိုလေ၊ ပညတ်နိုင်ငံကြီးသည် မျက်လှည့်အတတ်နှင့် ထင်မြင်စေအပ်သောရွေ့ပဒေသာပင်ကြီးနှင့်တူ၏။ ဤသို့ ရေးသားမိန့်တော်မူရာ၌—

စက္ခုဝိညာဏ်စိတ်၏ မြင်မှုဖြစ်သော (အဆောင်) ရူပါရုံအဆင်းခေတ် မနော-ဝိညာဏ်စိတ်၏ ထွေထွေလာလာ သိမှုဖြစ်သော (နေ) ပညတ်ဓမ္မာရုံ ဤသို့ (ဒုါရ) (အာရုံ) (ဝိညာဏ်) ဖြစ်ပုံတို့ကို ခေတ်အသီးအခြားဟူ၍ ဓမ္မအသီးအခြားဟူ၍ မသိခြင်းသည် စက္ခုဝိညာဏ် (မနောဝိညာဏ်)တို့၌ ဓမ္မသမ္မောဟ ပထမမျှောင်ကြီး ဖြစ်ပါသည်၊ စက္ခုဒ္ဒါရ (အဆောင်) ရူပါရုံစက္ခုဝိညာဏ်စိတ်၌ (ငါမြင်သည်) ဟူ၍လည်းကောင်း မနောဒ္ဒါရ (နေ) ပညတ်ဓမ္မာရုံ မနော-ဝိညာဏ်စိတ်၌ ငါသိသည်ဟူ၍လည်းကောင်း ငါလုံး ဖုံးအုပ်၍နေသော လက္ခဏတွယသမ္မောဟအမိုက်မှ အလင်းဉာဏ် ပေါက်ပါသည်၊ (နေ)အစရှိသော ပညတ်နိုင်ငံကြီးသည် မျက်လှည့်အတတ်ဖြင့် ထင်မြင်စေအပ်ပါသည်။

http://www.dhammadownload.com

ထေရဝါဒ ပိဋကတ် ဆဋ္ဌမူ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်း၊ နှစ (၂၀၇)။

ယံ ပဿတိ နု တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နု ပဿတိ။
အပဿံ ပဇ္ဈတေ မူဠှော၊ ပဇ္ဈမာနော နု မုစ္စတိတိ။

လောကော၊ လူအပေါင်းသည်။ ယံ၊ အကြင်မိန်းမ ယောကျ်ားကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုမြင်အပ်သော မိန်းမ ယောကျ်ားသည်။ ဒိဋ္ဌံ၊ တကယ်မြင်ထိုက်သော ရှုပါရုံသည်။ နု၊ မဟုတ်။ တနည်း—ဒိဋ္ဌံ၊ တကယ်မြင်ထိုက်သော ရှုပါရုံသည်။ တံ၊ ထိုမြင်အပ်သော ယောကျ်ား မိန်းမသည်။ နု၊ မဟုတ်။ ယံ၊ အကြင် ရှုပါရုံကို။ ဒိဋ္ဌံ၊ တကယ်မြင်အပ်၏။ တံ၊ ထိုတကယ်မြင်အပ်သော ရှုပါရုံကို။ လောကော၊ လူအပေါင်းသည်။ ပညာစက္ခုနာ၊ ပညာမျက်စိဖြင့်။ ဘူတတော၊ အဟုတ်အမှန်အားဖြင့်။ နု ပဿတိ၊ မမြင်။ အပဿံ၊ ပညာစက္ခုဖြင့် ဟုတ်မှန်စွာ မမြင်လတ်သော် (ဝါ) မမြင်သော။ မူဠှော၊ တွေဝေသူကို။ ပဇ္ဈတေ၊ ရာဂဖြင့် နှောင်ဖွဲ့အပ်၏။ ပဇ္ဈမာနော၊ ရာဂဖြင့် နှောင်ဖွဲ့အပ်သူသည်။ နု မုစ္စတိ၊ မလွတ်နိုင်။ (သမ္မောဟ ဝိနောဒနီ ဘာသာဋ္ဌိကာ အနက် ၂၀၆။ ဝိဘင် မူလဋ္ဌိကာ နိဿယ၊ နှာ-၇၆၇။)

ဤသို့ ရေးသားမိန့်ဆိုတော်မူရာ၌ မိန်းမယောကျ်ားစသော ပညတ်ကို မြင်၏ ဟုဆိုရာ၌ မိန်းမ ယောကျ်ားစသော ပညတ်ကို စက္ခုဝိညာဏ်စိတ် စက္ခုဒွါရ မျက်စိဖြင့် မမြင်နိုင်ပါ၊ စက္ခုဝိညာဏ်စိတ် စက္ခုဒွါရမျက်စိဖြင့် တကယ်မြင်နိုင်သည်ကား အဆင်းရှုပါရုံကိုသာ မြင်ရပါသည်၊ အဆင်းရှုပါရုံသည် မိန်းမ ယောကျ်ား မဟုတ်ပါ၊ မိန်းမယောကျ်ားသည် ပညတ်ဓမ္မာရုံမျှသာ ဖြစ်ပါသည်၊ မနောဒွါရ မနောဝိညာဏ်စိတ်ဖြင့်သာ သိအပ်သော မိန်းမယောကျ်ား သည် ပညတ်မြောရုံသာ ဖြစ်ပါသည်၊ ဤကဲ့သို့ ဒွါရချင်းလည်းမတူ အာရုံချင်းလည်းမတူ ဝိညာဏ်ချင်းလည်း မတူပါပဲလျက် အတူထားပါမူကား သမုဒယ သစ္စာ ရာဂဖြင့် မြင်တိုင်းမြင်တိုင်း နှောင်ဖွဲ့နေပါသည်။

ထို့အတူ စက္ခုဝိညာဏ် စက္ခုဒွါရ မျက်စိဖြင့် (အရောင်)ရှုပါရုံကိုသာ မြင်ပါသည်၊ (နေ)ကို မမြင်ရပါ၊ (နေ)ကို မနောဒွါရ မနောဝိညာဏ်စိတ်ဖြင့်သာ သိရပါသည်။ (ထေရဝါဒနှင့်အညီ ဝိသုဒ္ဓိမဂ် ၌-ဒု-နှာ (၇၂)၊ ကြောင်းရေ-၆။

သခါရာဝ သခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။

ထေရဝါဒ ဇမ္ဗူဒီပ မိတ်ဆွေ သီလကွန်ဋိကာဟောင်း ဇာလိယသုတ်အဖုဝ်၊ နှာ (၃၁၈)၊ ကြောင်းရေ (၂၆)။

http://www.dhammadownload.com

ဝဏ္ဏာ သုတဿ ဒီဃ ရဿတာ ပရိကပ္ပန ဃဒိသံ။

ဆိုလိုရင်းမှာ သခ်ါရတရားတို့သည်သာလျှင် သခ်ါရတရားတို့ကို ရှုကုန်၏ သုံးသပ်ကုန်၏ ပိုင်းခြားကုန်၏ သိမ်းဆည်းကုန်၏ဟု မိန့်ဆိုခြင်းကြောင့် သခ်ါရဖြစ်သော ဝိပဿနာညာဏ်သည် ပညတ်ပျောက်ကွယ်သော နာမ်ရုပ်နှစ်ပါးကို သာလျှင် ရှုပွားပါသည်၊ လောကဥ် မိန်းမမြို၏သားသည် စကားဖြစ်ရုံမျှသာ ထားရသကဲ့သို့ ထို့အတူ ပညတ်အာရုံ (နေ)ကို စကားအနေနှင့်သာ ထားရှိ၍ အာရမ္မဏိကဖြစ်သော ထွေထွေလာလာ ကြံသိတတ်သော (မနောဝိညာဏ်စိတ်) ကိုသာလျှင် ဝိပဿနာဉာဏ်က ရှုပွားရပါသည်။

ထေရဝါဒ အပါအဝင် အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ အာရမ္မဏ၊ သင်္ဂဟ၊(နှာ-၂၀)

စက္ခုဒ္ဒါရိကစိတ္တာနံ သဗ္ဗေသမ္မိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒ္ဒါရိကစိတ္တာဒီနမ္မိ သဒ္ဒါဒီနိ တာနိ စ ပစ္စုပ္ပန္နာနိယေဝ။

သဗ္ဗေသမ္မိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စက္ခုဒ္ဒါရိကစိတ္တာနံ၊ စက္ခုဒ္ဒါရဉ်ဖြစ်ကုန်သော စိတ်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ ရူပမေဝ၊ ရူပါရုံသာတည်း။ တဉ္စ၊ ထိုရူပါရုံသည်လည်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ တထာ၊ ထို့အတူ။ သောတဒ္ဒါရိကစိတ္တာဒီနံ၊ သောတဒ္ဒါရဉ်ဖြစ်သော စိတ် စသည်တို့၏။ ဝါ၊ သော-တဒ္ဒါရဉ်ဖြစ်သောစိတ် (ပ) ကာယဒ္ဒါရဉ်ဖြစ်သော စိတ်တို့၏။ အာရမ္မဏာနိပိ၊ အာရုံတို့သည်လည်း။ သဒ္ဒါဒီနိ၊ သဒ္ဒါရုံစသည်တို့တည်း။ (ဝါ) သဒ္ဒါရုံ ။ပ။ ဖောဋ္ဌဗ္ဗာရုံတို့တည်း။ တာနိ၊ ထိုအာရုံတို့သည်လည်း။ ပစ္စုပ္ပန္နာနိယေဝ၊ ပစ္စုပ္ပန်တို့သာလျှင်တည်း။

လိုရင်းမှာ—စက္ခုဒ္ဒါရမှ ဖြစ်ကြသော စက္ခုဝိညာဏ်စသော (၄၆)ပါးသော စိတ်တို့သည် ပစ္စုပ္ပန် ရူပါရုံကိုသာ အာရုံပြုကြကုန်၏၊ သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်စသော (၄၆) ပါးစီသော စိတ်တို့ကလည်း ပစ္စုပ္ပန်အာရုံတို့ကိုသာ အာရုံပြုကြကုန်၏၊ ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ် ပညတ်ဓမ္မာရုံကို အာရုံမပြုကြပါ၊ ထို့ကြောင့် မျက်စိစက္ခုဒ္ဒါရ စက္ခုဝိညာဏ်စိတ်စသော စိတ်တို့သည်(အရောင်)အဆင်း ရူပါရုံကိုသာ အာရုံပြုကြကုန်၏၊ ကာလဝိမုတ် (နေ)ပညတ် ဓမ္မာရုံကို အာရုံမပြုကြကုန်၊ (နေ)ကို မမြင်ပါကုန်ဟု ဆိုလိုပါသည်။

ထေရဝါဒ ပိဋကတ်ဝင် ဓမ္မသင်္ဂဏီ အနုဋ္ဌီကာ ဆဋ္ဌ၊ (နှာ-၂၅)

မနောဝိညာဏံ အနေကက္ခတ္တုံ ဥပ္ပဇ္ဇမာနံ ပုရိမသိဒ္ဓကပ္ပနာဝသေန သမူဟာကာရေန သဏ္ဌာနာဒိအာကာရေန စ ပဝတ္တတိ။

http://www.dhammadownload.com

လိုရင်းမှာ မနောဝိညာဏ်လိမ်သည် အကြိမ်များစွာ ဖြစ်ပေါ်လာသည်ရှိသော် ရှေးမနောဝိညာဏ်လိမ်တို့ လုပ်ကြံဖူးသော အတိုင်းဖြင့် ပြီးသော လုပ်ကြံခြင်း၏အစွမ်းဖြင့် အပေါင်းအခြင်းအရာသဏ္ဌာန်ဖြပ် ဃန အခြင်းအရာဖြင့် ဖြစ်၏။

ထို့ကြောင့် မျက်စိ စက္ခုဒွါရ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော (အရောင်) အဆင်း ရှုပါရုံအပေါ်မှာ မနောဒွါရ မနောဝိညာဏ်စိတ်ကို အကြိမ်များစွာ ဖြစ်၍ (နေ) ဟူသော သမူဟာကာရပညတ် (နေဝန်း)ဟူသော သဏ္ဌာနာကာရ ပညတ်တွေ့ မနောဝိညာဏ်စိတ်ထဲမှာ ဖြစ်ပေါ်လာပါသည်၊ (ဝါ) ပညတ်ကို အာရုံပြုလျက် မနောဝိညာဏ်စိတ်တွေ့ ဖြစ်ပေါ်လာပါသည်၊

ဃရဝါဒအဝင် ဋီကာကျော် ဆဋ္ဌ၊ နှာ- (၃၄)

ဝိစိတ္ထကာရဏံ စိတ္တံ အတ္ထနော စိတ္တတာယ ဝါ၊ ဝိစိတ္တာရမ္မဏန္တိ စ။

မြန်မာပြန်လိုရင်းမှာ မနောဝိညာဏ်စိတ်သည် အာရုံအပေါ်မှာ ဆန်းဆန်းကြယ်ကြယ် ပြုလုပ်တတ်သောကြောင့် စိတ်မည်၏၊ တနည်းကား–မိမိတည်းဟူသော စိတ်တရား၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့် စိတ်မည်၏၊တနည်းကား ဆန်းကြယ်သော အာရုံရှိသောကြောင့် စိတ်မည်၏။

ထို့ကြောင့် (အရောင်) တည်းဟူသော ရှုပါရုံအပေါ်မှာ (နေ) စသည်ဖြင့် ဆန်းဆန်းကြယ်ကြယ် အာရုံပြုတတ်သောကြောင့် စိတ်မည်၏၊ စိတ်ကိုက ဆန်းကြယ်သောကြောင့် စိတ်မည်၏၊ (နေ) စသည်ဖြင့် ဆန်းကြယ်သော အာရုံရှိခြင်းကြောင့် စိတ်မည်၏။

ဆဋ္ဌမူ အဘိဓမ္မတ္ထသင်္ဂဟ ပစ္ဆည်းပိုင်း၊ နှာ (၅၇)

တထာ တထာ ပရိကပ္ပိယမာနာ သခ်ိယတိ သမညာယတိ
ဝေါဟရီယတိ ပညာပီယတိတိ ပညတ္တိတိ ပဝုစ္စတိ။

ထိုထိုထင်ရှားရှိသော ရှုပ်နာမ်တရားအစုံမျှသာဖြစ်သော ပရမတ်သဘော တရားတို့၏ အခြင်းအရာကို စိတ်ဖြင့်ကြံဆ၍ ပုဂ္ဂိုလ်ဆတ္တဝါ လူ နတ် ဗြဟ္မာ ကမ္ဘာ ရေ မြေ နေ လ နက္ခတ် အရပ်ရပ်ဟု ရေတွက်အပ် သမုတ်အပ် ခေါ်ဝေါ်အပ်၊ပညတ်အပ်သောကြောင့်၊ ပညတ်ဟု ဆိုအပ်ပါသည်။ ထို့ကြောင့် (အရောင်)အဆင်းဓာတ်၏ အချင်းအရာအပေါ်မှာ မနောဝိညာဏ်စိတ်က(နေ) ဟုကြံဆ၏၊ ကြံဆသည့်အတိုင်း (နံနက်နေ) (မွန်းတည့်နေ) (ညနေနေ)ဟု ရေတွက်၏၊ (နေ)ဟု သမုတ်၏၊ (နေ)ဟု ပြောဆို၏၊ မနောဝိညာဏ်စိတ်က ကြံဆရင်း(နေ)ပညတ်ဓမ္မာရုံကို အာရုံပြုပါသည်၊ အာရုံပြုယင်း ကြံဆပါသည်။

http://www.dhammadownload.com

ထေရဝါဒ ဓမ္မသင်္ဂဏီ ပါဠိတော် ဆဋ္ဌမှု၊ နှာ (၂၅၀)

ရှုပံ အတ္တတော သမနုပဿတိ၊ ရူပ်အပေါ်မှာ (အတ္တ)ဟု သင်္ကာယဒိဋ္ဌိက စုံပါသည်၊ (အရောင်)ရဲ့ အပေါ်မှာ ဒိဋ္ဌိဂတသမ္မယုတ် မနောဝိညာဏ်စိတ်က (တက္ကဲ့နေကြီး)ဟု အလွဲသိ၍ နေပါသည်။

ထေရဝါဒ အင်္ဂသာလိနီ အဋ္ဌကထာ ဆဋ္ဌမှု နှာ(၁၁၄)

ကေကဂ် အာရမ္မဏံ ဒ္ဋိသု ဒ္ဋိသု ဒ္ဋိရေသု အာပါထ မာဂစ္ဆတိ။

တခုတခုသောအာရုံသည် နှစ်ပါးနှစ်ပါးသော ဒ္ဋိရတို့၌ ထင်ခြင်းသို့ရောက်ပါသည်။

ထို့ကြောင့် (အရောင်) တည်းတူသော ရူပါရုံတခုသည် မျက်စိ စက္ခုဒ္ဋိရမှာ ကောန်ထိုက်ပါသည်၊ ဘဝင်မနောဒ္ဋိရမှာ အနောကန်ထိုက်ပါသည်။

ထေရဝါဒ၌ အကျုံးဝင်သော လယ်တီဆရာတော်၏ သာသနာ ဝိသောဓနီ ဒု-နှာ (၁၈၆)၊

စိတ္တဝိပလ္လာသကို (မာယူပမဋ္ဌ ဝိညာဏ်)ဟု ဟောတော်မူ၏၊ ဝိညာဏ်သည် မျက်လှည့်နှင့်တူ၏ဟူလို၊ မျက်လှည့်ဥပမာသည် နက်နဲ၏၊ ဤသို့လျှင် မိစ္ဆာ၊ ပက္ခ၌ ဝိညာဏ်၏သိမှုသည် ကြီးမား၏၊ ထွေထွေလာလာ ဓမ္မာက်မှားစွာ ကြုံဖန်တတ်၏၊ ဤသို့ ရေးသား မိန့်ဆိုတော်မူခြင်းဓကြောင့် အကုသိုလ်စိတ်ဖြစ်သော စိတ္တဝိပလ္လာသ မနောဝိညာဏ်စိတ်သည် (အရောင်) အဆင်းဓာတ်ရဲ့ အပေါ်မှာ (နေကြီး) (နေဝန်းကြီး)ဟု ထွေထွေလာလာ မှောက်မှားစွာ ကြုံဖန်တတ်ပါသည်၊ (နေ)က နာမပညတ် ဓမ္မာရုံ စိတ္တဝိပလ္လာသ မနောဝိညာဏ်စိတ်က အာရမ္မဏိကဖြစ်ပါသည်။

ထေရဝါဒ သံယုတ္တအဋ္ဌကထာ ဒု-ဆဋ္ဌမှု၊ နှာ (၂၉၆)၌—

> ဝိညာဏမ္ပိ အသာရကဋ္ဌေန မာယာသဒိသံ၊ တထာ အဂယှူပဂဋ္ဌေန။
>
> ယထာ စ မာယာ ဣတ္တထာ လဟုပစ္စုပဋ္ဌာနာ၊ ဧဝံ ဝိညာဏံ၊ တဉ္စဲ တတောပိ၊ ဣတ္တထရတရဋ္ဌေဝ လဟုပစ္စုပဋ္ဌာနတရဋ္ဌေ။ တေနေဝ ဟိ စိတ္တေန ပုရိသော အာဂတောဝိယ ဂတောဝိယ ဋ္ဌိတောဝိယ နိသိန္နောဝိယ ဟောတိ။ အညဒေဝ စ အာဂမနကာလေ စိတ္တံ့ အညံ့ ဂမနကာလာဒိသု။ ဧဝမ္ပိ ဝိညာဏံ၊ မာယာသဒိသံ။ မာယာ စ မဟာဇနံ ဝဉ္စေတိ၊ ယံ ကိဉ္စိဒေဝ "ဣဒံ သုဝဏ္ဏံ ရဇတံ မုတ္တာ"တိ ဂါဟာပေတိ၊

http://www.dhammadownload.com

ဝိညာဏမို့ မဟာဇနံ ဝဇ္ဇေတိ။ တေနေဝ ဟိ စိတ္တေန အာဂစ္ဆန္တံ ဝိယ ဌိတံ ဝိယ နိသိန္နံ ဝိယ ကတ္ဝာ ဂါဟာပေတိ၊ အညဒေဝ စ အာဂမနေ စိတ္တံ့ အညံ ဂမနာဒီသု။ ဧဝမို့ ဝိညာဏံ မာယာသဒိသံ။

အကျဉ်းချုပ်ဆိုလိုရင်းမှာ မျက်လှည့်ဆရာသည် ရွှေမဟုတ်သော ကျောက်ခဲကို ရွှေဟုထင်မြင်ရအောင် လူအပေါင်းကို လိမ်ပြတတ်သကဲ့သို့ ထို့အတူ စိတ်သည် တခုချုပ် တခုပေါ် သောအားဖြင့် စိတ်အသစ်အသစ် ဖြစ်ပေါ်နေသည်မှန်သော်လည်း တခုတည်းမဟုတ်သောစိတ်ကို တခုတည်းဟုထင်အောင် နိစ္စထာဝရဟုထင်အောင် စိတ်သည် လိမ်ပြတတ်သောကြောင့် မျက်လှည့်ဆရာနှင့် တူပြန်ပါသည်။

ထို့ကြောင့် မျက်စိ စက္ခုဒွါရ စက္ခုဝိညာဏ်စိတ်က (အဆောင်) အဆင်းရုပါရုံကိုသာ မြင်ရပါသော်လည်း မနောဒွါရမနောဝိညာဏ်စိတ်ဘည် အဟောင်း ချုပ်အသစ်ပေါ် လျက် (နေ) ဟူ၍ လိမ်ပြပါသည်၊ မနောဝိညာဏ်စိတ်ပေါင်း များစွာဖြစ်လျက် တခုတည်းစိတ်က (နေ) လို့ သိသည်ဟု နိစ္စထာဝရ ထင်ရအောင် လိမ်ပြနေပါသည်၊ ထိုသို့လိမ်ပြရာ၌ မနောဒွါရ (နေ) ပညတ်ဓမ္မာရုံ မနောဝိညာဏ်စိတ်သာ ဖြစ်ပါသည်။

ထေရဝါဒ ပိဋကတ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ပုပ္ဖဝဂ် ဒုတိယ ဂဒ္ဒုလဗန္ဓသုတ် ဆဋ္ဌမူ၊ နှာ (၁၂၃) ကြောင်းရေ (၁၆)၌–

ဒိဋ္ဌံ ဝေါ ဘိက္ခဝေ စရဏံ နာမ စိတ္တန္တိ။ ဧဝံ ဘန္တေ။ တမို့ ခေါ ဘိက္ခဝေ စရဏံ နာမ စိတ္တံ စိတ္တေနေဝ စိတ္တိတံ၊ တေနာပိ ခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တညေဝ စိတ္တတရုံ။

နာဟံ ဘိက္ခဝေ အညံ ကေနိကာယမို့ သမနုပဿာမိ ဧဝံ စိတ္တံ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ၊ တေပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိတာ၊ တေဟိပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတေဟိ ပါဏေဟိ စိတ္တညေဝ စိတ္တတရုံ။

အကျဉ်းချုပ်ဆိုလိုရင်းမှာ–ပုဂ္ဂိုလ်စသည်မဟုတ်သောရုပ်နာမ်နှစ်ပါးအပေါ် ၌ စိတ်မနောတည်းမှာ ပုဂ္ဂိုလ်စသည်ဟု ကြောင်ကြောင်ကြီး ထင်မြင်နေခြင်းသည် စိတ်ဆန်းကြယ်မှုဖြစ်ပါသည်၊ စိတ်ထက် ဆန်းကြယ်သောတရား တခြား တပါး သော တရားအပေါင်းကိုမျှ ငါဘုရားမြင်တော်မမူဟု မိန့်တော်မူပါသည်။

ဤကဲ့သို့ပင် (အဆောင်) ရှုပါရုံအပေါ် ၌ မနောဝိညာဏ်စိတ်သည် (နေ) ဟူ၍လည်းကောင်း (နေမှုန်းတည့်)ဟူ၍လည်းကောင်း (နေဝင်ပြီ) ဟူ၍ လည်းကောင်း (နေထွက်ပြီ)ဟူ၍လည်းကောင်း ဆန်းဆန်းကြယ်ကြယ်သိတတ်ပါသည်။

http://www.dhammadownload.com

ထေရဝါဒ ဆဋ္ဌမူ ဝိသုဒ္ဓိမဂ် ဆဋ္ဌ (ပ)အုပ်၊ နှာ(၃၆၁)၌–

ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတသော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာဒိ သမ္ဘုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။

လိုရင်းမှာ ဤဓာတ်ရှစ်ပါး သဘောတရားတို့၏ ပေါင်းဆုံခြင်းကြောင့် ဆံပင်စသော အမည်နာမပညတ်မျှသည် မရှိသော်လည်း ရှိသကဲ့သို့ဖြစ်လာ၏၊ ထိုရှစ်ပါးကုန်သော သဘောတရားတို့ကိုသာလျှင် အသီးအသီး ခွဲခြမ်းစိတ်ဖြာ ဝေဖန်လာခြင်းကြောင့် ဆံပင်စသော အမည်နာမပညတ်မျှသည် အရိပ်အရောင်မျှမရ မရှိတော့ပြီ၊ ထို့ကြောင့် အဋ္ဌကလာပ် ရှုပ် ဓာတ်ရှစ်ပါး ပေါင်းဆုံမိလျှင် (နေ) ဟူသော အမည်နာမပညတ်ဟူသမျှသည် မနောဝိညာဏ်စိတ်ထဲမှာ ဖြစ်ပေါ်လာ၏၊ အဋ္ဌကလာပ် ရှုပ် ဓာတ်ရှစ်ပါးကို လက္ခဏာအသီးအသီး ခွဲခြားလိုက်လျှင် (နေ) စသော နာမပညတ် ကွယ်ပျောက်သွားရ၏၊ ဝေါဟာရပညတ်စကား ကြိယာမျှသာ ပြောရပါသည်။

ထေရဝါဒဆဋ္ဌမူ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ နှာ-၇၄ ၌–

ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝဓမ္မော နာမ။

ဟိ သစ္စံ၊ မှန်၏။ ယဒိဒံ-ယော အယံ သဘာဝဓမ္မော နာမ၊ အကြင်သဘာဝဓမ္မ ပရမတ္ထတရားမည်သည်။ အတ္ထိ၊ ရှိ၏။သော၊ ထိုဆတ်ဆတ်သဘောမျှ ပရမတ္ထတရားမည်သည်။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တိမတ္တမေဝ၊ ဖြဉ်သဏ္ဌာန် ပြုရန်မရှိ အနိမိတ္တ သဘာဝအမူအရာ ဖြစ်ပေါ်ခြင်း ကြိယာမျှသာလျှင်တည်း။

ဤသို့ ရေးသားမိန့်ဆိုတော်မူရာမှာ ခန္ဓာရုပ် နာမ် ပရမတ္ထ သစ္စာမှာ–အကြောင်းတိုက်ဆိုင်လာမှသာလျှင် ရှုဖြစ်ပေါ်နိုင်လာ၏၊ ဖြစ်ပေါ်လာရာမှာလည်း ဖြဉ်သဏ္ဌာန်မရှိ၊ အနိမိတ္တ သဘောကိရိယာမျှသာရှိ၏၊ ထို့ကြောင့်(နေ)ဟု ခေါ်ဆိုရသော အဋ္ဌကလာပ်ရှုပ် ဓာတ်ရှစ်ပါးမှာ ဖြဉ်သဏ္ဌာန်ပြစရာမရှိ၊အနိမိတ္တသဘော ကိရိယာမျှသာ ရှိပါသည်။

ထေရဝါဒဆဋ္ဌမူ မဏိသာရ မဉ္ဇူသာဋီကာ ဒု-ပစ္စယ ပရိစ္ဆေဒ၊ နှာ-၄၇၂ ၌

သဒ္ဒံ ပဌမ စိတ္တေန၊ တိတံ ဒုတိယ စေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

ဤဋီကာကြီး၏ ဆိုလိုရင်းမှာ သောတဒွါရ ပထမ သောတဝိညာဏ်စိတ်ဖြင့် ပြောလိုက်သော အသံကိုသာ ကြားသိပါသည်၊ ထိုသောတဒွါရ သောတဝိညာဏ်

http://www.dhammadownload.com

စိတ်ဖြင့် နေ နာမပညတ်ကို မသိပါ၊ မနောဒွါရ ဒုတိယမနောဝိညာဏ်စိတ်ဖြင့် အတိတ်အသံ သဒ္ဒါရုံကိုသာ သိပါသည်။ နေ နာမပညတ်ကို မသိပါ။ မနောဒွါရ တတိယ မနောဝိညာဏ်စိတ်ဖြင့်သာ အသံခေတ်၏ အပေါ်မှာ နေ ဟူသော နာမပညတ်ကို သိပါသည်၊ နေ က နာမပညတ်ဓမ္မာရုံ၊ တတိယမနောဝိညာဏ်စိတ် နာမ်တရားက အာရမ္မဏိကဖြစ်ပါသည်၊ (ဝါ) နေ နာမ်ဖြစ်လာပါသည်။

မနောဒွါရ စတုတ္ထ မနောဝိညာဏ်စိတ်ဖြင့် နေဝန်း သဏ္ဌာန်ဟူသော အတ္ထပညတ်ကိုသိပါသည်၊ နေ ပုံဟန်က အတ္ထပညတ်ဓမ္မာရုံ စတုတ္ထ မနောဝိညာဏ်စိတ် နာမ်တရားက အာရမ္မဏိကဖြစ်ပါသည်၊ (ဝါ) နေ နာမ်ဖြစ်လာပါသည်၊ထို့ကြောင့် ပစ္စုပ္ပန်အသံသည်သာလျှင် သောတဝိညာဏ် သောတဒွါရနှင့်သာ ဆိုင်ပါသည်၊ နေ သည် သောတဝိညာဏ် သောတဒွါရနှင့်သာ မဆိုင်ပါ၊ အတိတ်အသံသည်သာလျှင် ဒုတိယမနောဝိညာဏ်၊ မနောဒွါရနှင့်သာ ဆိုင်ပါသည်၊ ကာလသုံးပါးထဲမှာ မရှိသော နေ ကာလဝိမုတ် နာမပညတ် ဓမ္မာရုံသည် မနောဒွါရ၊ တတိယမနောဝိညာဏ်စိတ် နာမ်တရားနှင့်သာ ဆိုင်ပါသည်။ (ဝါ) နေ နာမ်ဖြစ်ပါသည်၊ ကာလသုံးပါးထဲမှာ မရှိသော နေ ကာလဝိမုတ် အတ္ထပညတ် ဓမ္မာရုံသည် မနောဒွါရ စတုတ္ထမနောဝိညာဏ်စိတ် နာမ်တရားနှင့် သာဆိုင်ပါသည်၊ (ဝါ) နေ နာမ်ဖြစ်ပါသည်။

ဤလေးဝီထိကိုချ၍ ကြည့်ပါလျှင် နေ ပညတ်ဓမ္မာရုံသည် အာရမ္မဏိက ဖြစ်သော မနောဝိညာဏ်စိတ် နာမ်တရားနှင့်သာ သက်ဆိုင်သဖြင့် နေ နာမ်ဖြစ်သင့်ပါသည်။

ထိုသောတဒွါရ သောတဝိညာဏ်စိတ်နှင့်တကွ လေးဝီထိဖြစ်ပုံကို နည်းမှီ နယဂ္ဂါဟ ပြု၍ ရှုပါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံတို့မှာလည်း-

ပဌမံ သဒ္ဒံ သောတေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။ ။

ဆဋ္ဌမူ သီလက္ခန်ဒီကာသစ်၊ ဒုတိယ၊ နှာ-၃၉၈ ၌လည်း ဤကဲ့သို့ မိန့်ပါသည်ဘုရား။

လေးဝီထိဖြစ်ပုံကို ဇမ္မူမိတ်ဆွေမူ-သခေါပဝဏ္ဏနာဒီကာပါဠိ ပစ္စယပရိစ္ဆေဒ နှာ-၂၉၃။

ဣမိနာ နယေန ရူပဂန္ဓာဒိအာရမ္မဏေသုပိ ဧကော ဝိညာဏဝီထိ၊ ဧကော တဒနုဝတ္တကဝီထိ၊ တတော နာမ ပညာပကဝီထိ၊ တတော အတ္ထ

http://www.dhammadownload.com

ဗောဓကဝိထိတိ စတသော ဝိထိယော လဇ္ဇန္တိ-ဟု မိန့်တော်မူပါသည်။

ဤဋီကာကို နယဂ္ဂါဟ ပြု၍ ကျန် (၄) ဝိထ်ဖြစ်ပုံ အကျဉ်း။

စက္ခုဒ္ဒါရ ပထမစက္ခုဝိညာဏ်စိတ်ဖြင့် ပစ္စုပ္ပန်အဆင်း အရောင် ရှုပါရုံကို သာ ဒဿနကိစ္စဖြင့် မြင်ပါသည်။ နေ ပညတ်ကို မျက်စိဖြင့်မမြင်ရပါ။ ဒဿန ကိစ္စမတပ်ပါ။

မနောဒ္ဒါရ ဒုတိယမနောဝိညာဏ်စိတ်ဖြင့် အတိတ်အဆင်းကိုသာ အာရုံပြု ပါသည်၊ နေ ပညတ်ကိုအာရုံမပြုပါ။

မနောဒ္ဒါရ တတိယမနောဝိညာဏ်စိတ်ဖြင့် ကာလသုံးပါးထဲမှာ မရှိသော ကာလဝိမုတ် နေ နာမပညတ် ဓမ္မာရုံကို ကာလသုံးပါးထဲမှာ အရှိကဲ့သို့ အာရုံ ပြုပါသည်၊ (ဝါ) နေ နာမ်ဖြစ်ပါသည်။

မနောဒ္ဒါရ စတုတ္ထမနောဝိညာဏ်စိတ်ဖြင့် ကာလသုံးပါးထဲမှာ မရှိသော ကာလဝိမုတ် နေဝန်းပုံဟန် အတ္ထပညတ်ဓမ္မာရုံကို ကာလသုံးပါးထဲမှာ အရှိကဲ့ သို့ အာရုံပြုပါသည်၊ (ဝါ) နေ နာမ်ဖြစ်ပါသည်။

ဤလေးဝိထိကိုချ၍ ကြည့်ပါလျှင်လည်း နေ ပညတ်ဓမ္မာရုံသည် အာရမ္မ-ဏိကဖြစ်သော မနောဝိညာဏ်စိတ် နာမ်တရားနှင့်သာ သက်ဆိုင်ပါသဖြင့် နေ နာမ်ဖြစ်သင့်ပါသည်၊ ထို့အတူ ဃာနဒ္ဒါရ ဃာနဝိညာဏ်စိတ်နှင့်တကွ လေးဝိထိ ဖြစ်ပုံ၊ ထို့အတူ ဇိဝှါဒ္ဒါရ ဇိဝှါဝိညာဏ်စိတ်နှင့်တကွ လေးဝိထိဖြစ်ပုံ ထို့အတူ ကာယဒ္ဒါရ ကာယဝိညာဏ်စိတ်နှင့်တကွ လေးဝိထိဖြစ်ပုံတို့ကို သိမြင်ပါလျှင် နေ ပညတ်ဓမ္မာရုံကို မျက်စိနှင့်မမြင်ရ၊ နားနှင့်မကြားရ၊ နှာခေါင်းမှာ မနံရ၊ လျှာနှင့်မလျက်မိ၊ ကာယလက်နှင့်လည်း မကိုင်မိသော နေ ပညတ်ဓမ္မာရုံဖြစ် ပါသည်။

တတိယမနောဝိညာဏ် စတုတ္ထ မနောဝိညာဏ် စိတ်ထဲမှာသာ အာရုံ အာရမ္မဏိက အဖြစ်ဖြင့် တွေ့ရသော (ဝါ) စိတ်ထဲမှာသာ ထင်ရှားရှိသော နေ နာမ်သာ ဖြစ်ပါသည်။

နာမပရိညာ–နာမ်ဝိပဿနာကို ရှုပွားဆဲအခါမှာ နေ ပညတ်ဓမ္မာရုံနှင့်တွဲ ၍ အာရမ္မဏိကဖြစ်သော မနောဝိညာဏ်စိတ်ကို ဉာဏ်နှင့်မီအောင် ဉာဏ်ထဲဝင် လာအောင် ဖမ်းချုပ်ခြင်း ပွားခြင်း အားထုတ်ခြင်း အလုပ်လုပ်ခြင်းသာ ဖြစ်ပါ သည်၊ ရိုးရိုး ပကတိအခါမှာ နေ ပညတ်ဓမ္မာရုံ မနောဝိညာဏ်စိတ်က အာရမ္မဏိက နာမ်တရားဖြစ်ပါသည်။

http://www.dhammadownload.com

ဝိပဿနာရှုသော အခါမှာ ထိုမနောဝိညာဏ်စိတ် နာမ်က စိတ်ဓမ္မာရုံ ဝိပဿနာဉာဏ်က အာရုမ္မဏိကဖြစ်ပါသည်၊ ထို့ကြောင့် ကြောင်ပန်းတောရ သံဃာတော်များသည် နေထဲနာမ်ဖြစ်သည်ဟု နာမ်ရှိသည်ဟု ဘယ်အခါမှ မပြောဟောခဲ့ကြပါ၊ နေ ပညတ်ကိုလည်း ဘယ်အခါမှ နာမ်ဖွဲ့၍ မပြောဟောခဲ့ကြပါ။

ဝိပဿနာရှုပွားအားထုတ် အလုပ်လုပ်သောအခါမှာသာ ပညတ်နှင့် အာရုံ အာရုမ္မဏိကတွဲ၍ နေသော မနောဝိညာဏ်စိတ် နာမ်တရားကိုသာလျှင် မိအောင်ဖမ်း၍ ဝိပဿနာ ရှုပွားကြရပါသည်၊ အလုပ်လုပ်ကြရပါသည် အားထုတ်ကြရပါသည်၊ ဝိပဿနာဉာဏ်ဖြင့် မနောဝိညာဏ်စိတ် နာမ်တရားကို ဖမ်းမိသောအခါမှာ နေ ဟူသော ပညတ် ပျောက်ကွယ်သွား၍ နေဟူ စကား ကိုရိယာ ပါရုံမျှသာ ပါပါတော့သည်။

ထေရဝါဒ ဆဋ္ဌမူ – သဂါထာဝဂ္ဂသံယုတ်ပါဠိတော် အရဟန္တသုတ် နှာ(၁၄)၌

အဟံ ဝဒါမိတိပိ သော ဝဒေယျ၊
မမံ ဝဒန္တီတိပိ သော ဝဒေယျ။
လောကေ သမညံ ကုသလော ဝိဒိတ္ဝာ၊
ဝေါဟာရမတ္တေန သော ဝေါဟရေယျာတိ။

မြန်မာပြန်လိုရင်းမှာ – ရဟန္တာအရှင်မြတ်တို့မှာ ငါစကားပြောဆို၏။ ငါ့ကို သူတပါးတို့က ပြောဆိုရာ၏၊ ငါ့ကို ပြောဆိုကုန်၏ဟု ပြောဆိုရာ၏၊ လောက ပြောဆိုကြသော နာမပညတ်ကိုသိ၍ ဝေါဟာရမတ္တအားဖြင့် ပြောဆိုကြကုန်၏။ ထို့ကြောင့် သမ္မုတိသစ္စာ အားဖြင့် တုံးကုံမြင်သည် တိုင်ကိုမြင်သည်၊ နေကိုမြင်သည် စသည်အားဖြင့် ဝေါဟာရ အားဖြင့်ပြောရပါသည်၊ ပရမတ္ထသစ္စာ ဉာဏ်မြင်မှာမူကား မြင်ရာ နာမ်ရုပ်၊ ကြားရာ နာမ်ရုပ်စသည်ဖြစ်ပါသည်။

ထေရဝါဒ ဆဋ္ဌမူ နိဒါနဝဂ္ဂသံယုတ်ဋ္ဌ–နှာ(၇၂) ၌–

ပရမတ္ထံ ကထေန္တာပိ သမ္မုတိံ အမုဉ္စိတ္ဝာ ကထေန္တိ။

မြန်မာပြန်လိုရင်းမှာ – ဘုရားရှင်တို့မည်သည် ပရမတ္ထသစ္စာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ဟောပြောတော်မူကြပါကုန်သော်လည်း သမ္မုတိသစ္စာ ဝေါဟာရပညတ်ကို မလွှတ်မူ၍ ဟောကြားတော်မူကြကုန်၏။

ထို့ကြောင့် မြင်ရာနာမ်ရုပ် ကြားရာနာမ်ရုပ် စသည်ဖြင့် ပရမတ္ထသစ္စာကို ဟောပြောကြပါကုန်သော်လည်း သမ္မုတိသစ္စာ ဝေါဟာရပညတ် ထုံး–တိုင်–နေ စသည်တို့ကို ပြောဆိုကြပါသည်။ ယခု သောဓနာလျှောက်ထားချက်တို့ကို ပြန်၍ ဝေဖန်ရပါလျှင် စက္ခုဒ္ဒါရသည် ရုပ်တရားဖြစ်ပါသည်၊ စက္ခုဒ္ဒါရမှာ

http://www.dhammadownload.com

အဆောင် ရှုပါရုံတိုက်ပါသည်၊ စက္ခုဒွါရမှာ စက္ခုဝိညာဏ်ဝေဒနာသညာ စေတနာ နာမ်တရားပေါ်ပါသည်၊ အဆောင် သည် ရှုပါရုံရုပ်တရားဖြစ်ပါသည်၊ ကေန်အားဖြင့် စက္ခုဒွါရမှာတိုက်ပါသည်။ အဆောင်ကို ကေန်အားဖြင့် စက္ခုဝိညာဏ် ဝေဒနာ သညာ စေတနာ နာမ်တရားတို့က အာရုံပြုပါသည်၊ ဒဿနကိစ္စအားဖြင့် မြင်ပါသည်။

စက္ခုဝိညာဏ် ဝေဒနာ သညာ စေတနာသည် စက္ခုဒွါရမှာ ဖြစ်ပါသည်။ အဆောင်ကိုသာ ကေန်အားဖြင့် အာရုံပြုပါသည်။

မနောဒွါရသည် ဘဝင်စိတ် ဖြစ်ပါသည်။

မနောဒွါရမှာ နေ စသော ပညတ်ဓမ္မာရုံ ထိုက်ပါသည်၊ မနောဒွါရမှာ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပေါ်ပါသည်၊ နေ မှာ ပညတ်ဓမ္မာရုံ ဖြစ်ပါသည်၊ နေ ပညတ်ဓမ္မာရုံသည် ကေန်အားဖြင့် မနောဒွါရမှာ ထိုက်ပါသည်၊ နေ ပညတ်ဓမ္မာရုံသည် မနောဝိညာဏ်စိတ် ဝေဒနာ သညာ စေတနာ နာမ်တရားတို့၏ အာရုံဖြစ်ပါသည်။

အကျဉ်းချုပ်အားဖြင့် အဆောင် သည် စက္ခုဒွါရ စက္ခုဝိညာဏ် ဝေဒနာ သညာ စေတနာတို့နှင့် ဆိုင်ပါသည်၊ နေ ပညတ် မြောရုံသည် မနောဒွါရ မနောဝိညာဏ် ဝေဒနာ သညာတို့နှင့် ဆိုင်ပါသည်။

ထို့အတူ အလားတူသာလျှင်—

အသံ သောတဒွါရ သဒ္ဒါရုံ သောတဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ ကြက် မနောဒွါရ ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ အနံ့ ဃာနဒွါရ ဂန္ဓာရုံ ဃာန-ဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ ရေနံဆီ မနောဒွါရ ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ ချိုတယ် ဇိဝှါဒွါရ ရသာရုံ ဇိဝှါဝိညာဏ် ဝေဒနာ သညာ၊ စေတနာ ဖြစ်ပါသည်၊ ထန်းလျက် မနောဒွါရ ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ မာတယ် ကာယဒွါရ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယ-ဝိညာဏ် ဝေဒနာ သညာ စေတနာ ဖြစ်ပါသည်၊ ဦးခေါင်း မနောဒွါရ၊ ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာဖြစ်ပါသည်၊ မနောဒွါရ အရှေ့ အနောက် စသော ပညတ်ဓမ္မာရုံ မနောဝိညာဏ် ဝေဒနာ သညာ စေတနာ နာမ်ခန္ဓာလေးပါး ဟဒယဝတ္ထု ရုပ်တရားဖြစ်ပါသည်။

ဝိပဿနာရှုသောအခါ ပညတ်ပျောက်ကွယ်ရမည် ဖြစ်ပါ၍ ပညတ်အာရုံနှင့် တွဲ၍နေသော အာရမ္မဏိက မနောဝိညာဏ်စိတ် တရားကို ဝိပဿနာဉာဏ်နှင့်

http://www.dhammadownload.com

ဖမ်းမိပါလျှင် နေ ပညတ် ဓမ္မာရုံ ကူယ်ပျောက်သွား၍ ပရမတ် မနော-ဝိညာဏ်စိတ်သာ ဝိပဿနာဉာဏ်ထဲမှာ ဖမ်းမိ၍ နေပါသည်။

ထေရဝါဒ၌ အကျုံးဝင်သော လယ်တီဆရာတော် ပရမတ္ထဒီပနီ ဋီကာ ဂ္ဂန္ဓာသယမူ-နှာ (၁၇)။

ပရမတ္ထသစ္စံ ပန ပတ္ဌာ တံ သစ္စမေဝ နာ ဟောတိ။

လိုရင်းမှာ ထိုသမ္မုတိသစ္စာသည် ပရမတ္ထသစ္စာသို့ ရောက်သောအခါ သစ္စာ မမည်တော့ပါ။

ထိုဝိပဿနာရှုဆဲ ခဏမှာ မနောဝိညာဏ်စိတ်က စိတ်ဓမ္မာရုံ သခ်ါရ အနိစ္စအာရုံဖြစ်နေ၍ ဝိပဿနာဉာဏ်က အာရမ္မဏိက ဖြစ်၍ နေပါသည်၊ ရှုပွါး၍နေပါသည်၊ **အလုပ်လုပ်**၍ နေပါသည်၊ အားထုတ်၍ နေပါသည်၊ ထုံး ပညတ် တိုင် ပညတ် နေ ပညတ်တို့ နာမ်ဖွဲ့သည်မဟုတ်ပါ၊ ထုံး တိုင် နေ ပညတ်တို့နှင့် တွဲ၍ မနောဝိညာဏ်စိတ်ကို ဝိပဿနာဉာဏ်ဖြင့် ဖမ်း၍ ရှုပွါး အားထုတ်ရခြင်း ဖြစ်ပါသည်၊ မနောဝိညာဏ်စိတ်ကို ဖမ်းမိသောအခါ မနောဝိညာဏ်က စိတ် ဓမ္မာရုံ ဝိပဿနာဉာဏ်က အာရမ္မဏိက ဖြစ်ပါသည်။

ဤသို့လျှင် ဝိပဿနာခုရ အကျဉ်းဆောင် နည်းအားဖြင့် စက္ခုဒ္ဒါရ နေရောင် နာမ်ရုပ် သစ္စာလေးပါး နေက နာမ်, အရောင်က ရုပ်, နာမ်ရုပ်နှစ်ပါး ဖြစ်ပါသည်။

အကျဉ်းချုပ်မှာ—

ကြက်သံ၊ ကြက်က နာမ် အသံက ရုပ် ကြက်သံ နာမ်ရုပ် ဖြစ်ပါသည်၊ ရေနံဆီနံ့ ရေနံဆီက နာမ် အနံ့က ရုပ်၊ ရေနံဆီနံ့ နာမ်ရုပ်ဖြစ်ပါသည်၊ ထန်းလျက်ချိုတယ် ထန်းလျက်က နာမ်, ချိုရသာကရုပ်။

ထန်းလျက်ချိုတယ်၊ နာမ်ရုပ်ဖြစ်ပါသည်၊ ဦးခေါင်းမှာလည်း ဦးခေါင်း က နာမ် မာတာက ရုပ်၊ ဦးခေါင်းမာတယ် နာမ်ရုပ်ဖြစ်ပါသည်၊ အရှေ့ အနောက်(လ) ငုတ်တုတ်က နာမ်၊ ဟဒယဝတ္ထုက ရုပ်အရှေ့ အနောက်(လ) ငုတ်တုတ် နာမ်ရုပ်ဖြစ်ပါသည်၊ ထို့ထက် အကျဉ်းချုပ်ရပါမူကား—

ကောင်းကင်မှာ တနေ တလ သာ ရှိသကဲ့သို့–

တခွက် တဖလားမှာလဲ တနေ တလ သာရှိသကဲ့သို့–

ခန္ဓာမှာလည်း တရုပ် တနာမ် သာ ရှိပါသည်။

http://www.dhammadownload.com

ထေရဝါဒ ဆင်ဌမူ ဝိသုဒ္ဓိမဂ် ဌ-ဒု-နှာ (၂၂၈) ဌ်–

နာမဉ္ဇ ရူပဉ္စာတိ ဒွေဓာ ဝဝတ္ထပေတိ။ နာမရူပ မတ္တာတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ။

လိုရင်းမှာ ဝိပဿနာရှုဆဲခဏ၌ နာမ်တပုံ ရုပ်တပုံ ကျိုသို့ နှစ်ပုံထား၍ နာမ်ရုပ် နှစ်ပါးမျှမှ အပိုအလွန် တပါးတခြားသော သတ္တဝါ ပုဂ္ဂိုလ် နတ် ဗြဟ္မာ ဟူ၍ အလျဉ်း မရှိပါ၊ ထို့ကြောင့် တရုပ် တနာမ် ဖြစ်ပါသည်။

ထိုမှဘပါး (ဆ) (ဇ) (ဈ) မှာ ပါရှိသော ဝိပဿနာအလင်းရောင်ကျမ်း၌ ပါရှိသော အမေးအဖြေများမှာ ကြောင်ပန်းတောရမှ အသိအမှတ်မပြုသော စာအုပ်များဖြစ်၍ သောဓနာ လျှောက်ထားရန် မလိုတော့ပါဘုရား ထိုမှ တပါး (ည)မှာ ပါရှိသော လေးစိတ်ခွဲနည်း ဆိုတာလဲ ကြောင်ပန်း သုံးစောင်တွဲမှာ မပါရှိပါ၊ တွဲ၍ရိုက်ထားသော စာအုပ်ဖြစ်၍ သောဓနာ လျှောက်ထားရန် မလိုတော့ပါဘုရား။

ထိုမှတပါး (၂)မှာ ပါရှိသော ဝိပဿနာအလင်းရောင်ကျမ်းမှာလည်း အသိအမှတ်မပြုသော စာအုပ်ဖြစ်၍ သောဓနာ လျှောက်ထားဖွယ် မရှိပါဘုရား၊ ထိုမှဘပါး (ဌ)မှာ ပါရှိသော အသေး အကြီး လေးမြှောင့် ရှစ်ထောင့် တို ရှည် ငုတ်တုတ်က နာမ် ဆိုရာမှာ မနောဒွါရ အခန်းမှာ အကျဉ်းဖြေဆိုပြီး ဖြစ်ပါသည်၊ ပညတ်ခမ္မာရုံမျိုးတွေ ဖြစ်၍ တိုးနာမ် တိုင်နာမ် နေနာမ်တို့နှင့် အတူတူသာ ဖြစ်ပါ၍ အထူး(သောဓနာ)ရန် မလိုတော့ပါဘုရား။

ထိုမှတပါး (၃) စောဒကလွှာမှာ ပါရှိသော ကျမ်းစာများအနက် ခြောက်စောင်တွဲ သုံးစောင်တွဲ ကျိုနှစ်ကျမ်း သည်သာလျှင် အသိအမှတ်ပြု ကျမ်းများ ဖြစ်ပါသည်၊ ကျန်စာအုပ်များမှာ အသိအမှတ်ပြု စာအုပ်များ မဟုတ်ပါ၊ ထိုမှတပါး (၄)အရ တိုး, တိုင်, နေ, ကြက် စသော ပညတ်တို့ကို နာမ် မဖွဲ့ကြပါ နာမ် မလုပ်ကြပါ၊ **ပညတ်ခမ္မာရုံနှင့် အာရမ္မဏိက မနောဝိညာဏ်ကို အာရုံ အာရမ္မဏိက တွဲ၍ ပြခြင်းသာ ဖြစ်ပါသည်၊ ပညတ်ကို နာမ်မလုပ်သလို ရုပ်ကိုလည်း နာမ်လုပ်၍ မရှုကြပါ၊ တိုး, တိုင်, နေ, ကြက် စသည်တို့က ပညတ်ခမ္မာရုံ အာရမ္မဏိက မနောဝိညာဏ်စိတ်က ပရမတ် ကျိုသို့ ပညတ်ကို အာရုံသီးသန့်ထား၍ မနောဝိညာဏ်ကို ပရမတ်သီးသန့်ထား၍ ကွဲကွဲပြားပြား ဟောပြောကြပါသည်။**

ကျိုသို့ သောဓနာလျှောက်ထားသော အချက်အလက်တို့ကို ခမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ်(၁) သောဓနာကို တင်သွင်း လျှောက်ထားပါသည့် အမှတ်(၃) နိဂၤံတော် သီးခြား ဝိနည်းစိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

http://www.dhammadownload.com

သောဓနာ အမှတ်(၂)

ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အမှတ်(၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

တပည့်တော်တို့ ဉာဏ်မီသမျှ အမှတ် ၂ (က) စောဒနာ၏ သောဓနာချက်ပါ ဘုရား။

သက္ကာယဒိဋ္ဌိအပြစ်သည် ပေါ့ပေါ့ နှေးနှေး သေးသေး မွမွ မထင်ရ၊ ရင်ဝလုံစူး ထိပ်ဦးမီးလောင် ပမာဆောင်၍ မြတ်ဘုန်းခေါင်ရှင်စောသည် သတ္တိယာဝိယ ဩမဇ္ဇော–ဟု သနားသော မဟာကရုဏာဖြင့် အရေးကြီးစွာ သံယုတ်ပါဠိတော်မှာ ဟောကြားတော်မူပါသည်ဘုရား။

ထို့ကြောင့် သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ နှာ ၉၈-၌—

> ဒိဋ္ဌဂတိကဿ ဒဿနံ နာမ န နိဗ္ဗဒံ၊ ထုသရာသိမှိ နိခါတခါဏု ဝိယ စဋ္ဌလံ၊ ဥမ္မတ္တကပစ္ဆိယံ ပူဝခဏ္ဍဂူထဂေါမယာဒီနိ ဝိယ စေတ္ထ သုန္ဒရမိဋ္ဌ အသုန္ဒရမိဋ္ဌ ဟောတိယေဝ။

အဓိပ္ပာယ်မှာ—ခန္ဓာငါးပါး ရုပ် နာမ် နုစ်ပါးကို ပိုင်းခြားမသိ မရိပ်မိ၍ ဒိဋ္ဌိအယူရှိသူမှာ ဖုံပုံ တုတ်စိုက်သကဲ့သို့ အမြဲမဟုတ် တုန်လှုပ်၍ နေပါသည်ဘုရား၊ သူရူးတို့၏ ခြင်းတောင်းထဲ၌ မုန့်ပဲ မုန့်ကျိုး မုန့်သိုးမုန့်ခြောက် လူမစင် ခွေး နွားချေးတလီ ဖုံအမှိုက်စသည်ကဲ့သို့ ကောင်း, မကောင်း ထွေလာဖြစ်၍ နေပါသည် ဘုရား။

လယ်တီဒီပနီပေါင်းချုပ် ပ.တွဲ၊ နှာ ၃၂၆ ၌–

ယခုအခါ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြကုန်သော ပညာရှိတို့သည် မြတ်စွာဘုရားကြီး ပွင့်တော်မူလာရာ ရည်ရွယ်တော်မူရင်း အလင်းမဟုတ်သော ကြောင့် ဤကမ္မဿကတာ ဉာဏ်ပညာ သမ္မာဒိဋ္ဌိ အလင်းဘက်သို့ သက်ရောက်ကာမျှနှင့် အားရတင်းတိမ်၍ မနေကြကုန်ရာ၊ ပညာရှိတို့ သတိရှိကြရန် အလွန်ကောင်းသော အနက် အချက်ကြီး တခုပေတည်း။

၎င်း ဒီပနီပေါင်းချုပ် ပ.တွဲ နှာ(၄) ဝိပဿနာဒီပနီ ဝိဝဋ္ဋပက္ခ၌ မူကား ဗောဓိပက္ခိယ သမ္မာဒိဋ္ဌိသည် လမ်းရိုးလမ်းမှန်ကြီးနှင့် တူ၏၊ နိဗ္ဗာန်သည် လူကောင်း သူကောင်းတို့၏ မြို့ ရွာနှင့် တူ၏။

မိမိခန္ဓာကိုယ်ကို ငါ၏အတ္တဟု စွဲလမ်းသော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိသည် လမ်းဆိုးလမ်းမှားကြီးနှင့် တူ၏၊ လှုပ်ပြည် နတ်ပြည် ငြဟ္မာပြည်နှင့်တကွသော သံသရာလောကကြီးသည် နတ်ဆိုးတို့၏ မြို့ရွာနှင့်တူ၏ဟု ထုတ်ဆိုထားပါသည် ဘုရား။

http://www.dhammadownload.com

အလွန်ဆိုးဝါးသော သက္ကာယဒိဋ္ဌိယုတ်ကို ပယ်ဖြတ်နိုင်သော တရားမှာ ဒိဋ္ဌိယော နာမ ဝိပဿနာယ ဧဝ ပဟီနာ (သံ၊ဋ္ဌ၊ ၂။၂၄၈)နှင့်အညီ ဝိပဿနာ တရားဖြစ်ပါသည်ဘုရား။

ထို့ကြောင့်—

သဒ္ဓါဒယော ဟိ ပဋ္ဌ ဓမ္မာ ဗာဟိရသမယသ္မိံပိ ဟောန္တိ၊ဝိပဿနာ-ဉာဏံ သာသနသ္မိံ ယေဝ—

ဟု (မ၊ဋ္ဌ၊၄။၁၆)နှင့်အညီ ရခဲလှစွာ သာသနာနှင့် လျော်ကန်လျောက်ပတ် ရရှိအပ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော ကလျာဏပုဒ္ဓဘာသာ ပရမတ္ထ-ပုဒ္ဓဘာသာကို ရည်ရွယ်ငဲ့စောင်း အကြောင်းပြုကာ သက္ကာယဒိဋ္ဌိက ပုဒ္ဓ ဘာသာမဖြစ်ဟု ဆိုထားပါသည်ဘုရား။

ထို့ပြင်လယ်တိဆရာတော်ကြီး ရေးသားတော်မူသော ဥတ္တမပုရိသဒီပနီ သာသနာရေးဦးစီးမူ နှာ—၁၅၅—၌။

ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်စသော တရားစုသည် ပုဒ္ဓဘာသာမှာမှ ရှိသောတရားစု ဖြစ်၍ ပုဒ္ဓဘာသာဝင်ဆိုလျှင် ထိုတရားတို့ကို သိကျွမ်းလိမ္မာပါမှ ပုဒ္ဓဘာသာဝင်ဆိုစလောက်သည်ဟု ရေးသားထားပါသည် ဘုရား။

(မူလပဏ္ဏာသအဋ္ဌကထာ၊နှာ—၂၂၊၂၃)တို့၌—

မံသစက္ခုနာ ဟိ ဒိဗ္ဗစက္ခုနာ ဝါ အရိယာ ဒိဋ္ဌပိ အဒိဋ္ဌာဝ ဟောန္တိ၊ တေသံ စက္ခုနံ ဝဏ္ဏမတ္တဂ္ဂဟဏမေဝ။ နာ အရိယဘာဝ-ကေစရတော။ သောဏသိင်္ဂါလာဒယောပိ စ စက္ခုနာ အရိယေ ပဿန္တိ၊ နာ စ တေ အရိယာနံ ဒဿာဝိနော။

တတြိဒံ ဝတ္ထု— စိတ္တလပဗ္ဗတဝါသိနော ကိရ ခီဏာသဝဝတ္ထေရဿ ဥပဋ္ဌာကော ဝုစ္စပဗ္ဗဇိတော ကေဒိဝသံ ထေရေန သဒ္ဓိံ ပိဏ္ဍာယ စရိတ္ဝာ ထေရဿ ပတ္တစီဝရံ ဂဟေတ္ဝာ ပိဋ္ဌိတော အာဂစ္ဆန္တော ထေရံ ပုစ္ဆိ "အရိယာ နာမ ဘန္တေ ကီဒိသာ"တိ။ ထေရော အာဟ "ဣမေ-ကစ္စော မဟလ္လကော အရိယာနံ ပတ္တစီဝရံ ဂဟေတ္ဝာ ဝတ္တပဋိပတ္တိံ ကတ္ဝာ သဟစရန္တောပိ နော အရိယေ ဇာနာတိ၊ ဧဝံ ဒုဇ္ဇနာ အာဝုသော အရိယာ"တိ။ ဧဝံ ဝုတ္တေပိ သော နော အညာသိ။ တသ္မာ နာ စက္ခုနာ ဒဿနံ ဒဿနံ၊ ဉာဏေန ဒဿနမေဝ ဒဿနံ။ ယထာဟ "ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတီ"။

http://www.dhammadownload.com

အဓိပ္ပါယ်မှာ—လူတို့၏ ပကတိ မံသမျက်စိဖြင့်လည်းကောင်း၊ ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဒိဗ္ဗစက္ခုခေါ် သော ဉာဏ်မျက်စိဖြင့်လည်းကောင်း ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်ကြီးတွေကို မြင်ကြကုန်သော်လည်း ဉာဏ်မျက်စီ မရှိက မြင်ရသည်မဟုတ်ကုန်၊ ပညာမျက်စိရှိမှသာ ဘုရားဆိုတာ ဘယ်လို သံဃာဆိုတာ ဘယ်လိုဟု သိမြင်ပိုင်းခြား နိုင်သောကြောင့် မြင်သည်မည်ပါသည်။

ပကတိ မံသမျက်စိဖြင့် မြင်ခြင်းသည် ဓေး ဝက် ကျဲ နွား တိရစ္ဆာန်များနှင့် မြင်ခြင်းတူကြောင်း ဖွင့်ဆိုပြီးလျှင် ထိုစကားရပ်၌ သက်သေသာဓက ဝတ္ထုပြုသည်မှာ စိတ္တလပမ္မတတောင်၌နေသော အာသဝေါကင်းကွာ ရဟန္တာ၏ အလုပ်အကျွေး ဝုစ္စပမ္မဒ္ဒိတ ရဟန်းကြီးသည် တနေ့သောအခါ ဆွမ်းကိစ္စ အလို့ငှါ လှည့်လည်၍ မထေရ်၏သပိတ်ကို ယူပြီးလျှင် မထေရ်၏ နောက်မှ လိုက်၍ အရှင်ဘုရား ရဟန္တာဆိုတာ ဘယ်လိုလဲဟု မေးမြန်းပါသည်ဘုရား၊ ငါ့ရှင်—ဤလောကဌ် အချို့သော အရွယ်ကြီးသော ပုဂ္ဂိုလ်သည် အရိယာတို့၏ သပိတ်သင်္ကန်းကိုယူ၍ ထက်ချပ်မကွာ အတူပါသော်လည်း အရိယာမှန်းမသိ ပကတိမျက်စိဖြင့် မမြင် ဉာဏ်မျက်စိရှိမှသာ မြင်ရ၏ဟု ဖြေကြားတော်မူပါသည်ဘုရား။

ဆက်လက်၍ ဝက္ကလိသုတ်ဖြင့် ချစ်သားဝက္ကလိ ဤခန္ဓာကိုယ်ကြီးကို မြင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း တရားမမြင်လျှင် ငါဘုရားကိုမမြင် တရားမြင်မှသာလျှင် ငါဘုရားကို မြင်သည်ဟု ကမ္ဘာ့လက်ရိုး မြင်နေကျမျိုး အဖိုးမတန်သဖြင့် တဆင့်တိုးကာ မဟာကရုဏာဖြင့် ဉာဏ်မျက်စိ တပ်ဆင်ပေးတော်မူခဲ့ပါသည် ဘုရား။

ထို့ပြင် ဟောင်လေးလုံးဆရာတော်ကြီး စီရင်အပ်သော "စတုဂိရိရှုဖွယ်ကျမ်း" ပထမ(၇)စောင်တွဲ၊ သုခမွဝတီမူ၊ နှာ(၂၆၂)၌—

လူ့ပြည် နတ်ပြည်သို့ ဝန္ဒနိဿိတဖြစ်သော ကုသိုလ်ကောင်းမှုကြောင့် ရောက်ရာ၏၊ ပဋိသန္ဓေအစ စုတိအဆုံးတိုင်အောင် ဖြစ်လေသမျှခမ္မတို့သည် သံသာရဝဋ္ဋဒုက္ခတို့သာ ဖြစ်ကုန်သည်၊ ဒုက္ခသစ္စာ သမုဒယသစ္စာတို့သာ ဖြစ်ကုန်သည်။

သို့ကိုလျက် ပုဂ္ဂိုလ် သတ္တဝါ လူ့ရွာ နတ်ပြည်၌ စည်းစိမ်ချမ်းသာကိုစံပျော်ရသည်ဟု စွဲယူမှတ်သောသူသည် အတ္တဝါဒ ဒိဋ္ဌိမည်၏၊ ယထာဘူတဉာဏ်ဟူသော လောကီသစ္စာကိုတောင်မျှ မခံယူလျှင် အစိန္တေယျ ဘုရားသခင်၏ရန်သူ အစစ်ဖြစ်တော့သည်။

သာသနိက သမ္မာဒိဋ္ဌိအဖြစ်သို့ မရောက်သူ ဖြစ်သောကြောင့် သမ္မာဒိဋ္ဌိမဟုတ်ဟူလိုဟု ရေးသားထားပါသည်ဘုရား။

http://www.dhammadownload.com

သရဏဂုံမတည် ဟူသော အမှတ် ၂-(ခ) စောဒနာချက်သည် တပည့်တော် မျှားနှင့် လုံးဝ မပတ်သက်ပါဘုရား။

ထို့ကြောင့်–ဘုရားရှင်၏ ပါဝစန သာဓကတို့ကိုယူကာ သူငါကစ ဒိဋ္ဌိ ရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်၊ ဧင်စစ် မိစ္ဆာအယူ ဘုရားရှင် ရန်သူနှင့် တူကြပေသည်။ များးများကြီး သတိထားကြပါကုန်၊သတိမူကြပါကုန်ဟုကြောင်ပန်း ခြောက်စောင်တွဲ ဝိပဿနာဒီပနီ နှာ-၃၁၂-၌ ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ် ကို့နှင့်အညီ ရေးသားတော်မူခဲ့ပါသည်၊ အမှတ် (၃) နိုင်ငံတော် သီးခြား ဝိနည်းဓိုရိဆရာတော် သခင် အရှင်သူမြတ်တို့ဘုရား။

သောဒနာ အမှတ်(၃)

အမှတ်(၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရိ အရှင်သူမြတ်တို့ဘုရား၊ အမှတ် (၃) စောဒနာချက်ကို တပည့်တော်တို့ ဉာဏ်မီသမျှ သောဒနာချက်ပါဘုရား။

(က) ဗာလုဿုက္ကဟု ရေးသားရာ၌ လောကဒုစရိုက် ပြုနေကြသော လူမိုက် မျိုးကို ဆိုသည်မဟုတ်ပါဘုရား၊ တဏှာဖြင့် တောင့်တ၍ ပြုလုပ်အပ်သော ဝဋ္ဋ-နိဿိတကုသလကမ္မပထကုသိုလ်၊ ဝဋ္ဋနိဿိတပုညကိရိယာကုသိုလ်များသည် ဝဋ်ဆင်းရဲသို့သာ ပို့ဆောင်သည်ဖြစ်၍ နိဗ္ဗာန်ကို မပို့မဆောင်နိုင်သည့် အတွက် ဗာလုဿုက္ကဟု ဆိုပါသည်ဘုရား။

ဤကျမ်းနာမည်က ဝိဝဋ္ဋဒီပနီကျမ်းဟု အမည်တပ်ထားခြင်းကြောင့် နိဗ္ဗာန် သို့ ရောက်အောင် ပို့ဆောင်နိုင်သော ဒါန သီလ ဘာဝနာများကို သာလျှင် အမြတ်ထား၍ ဗုဒ္ဓဘာသိတဖြစ်သော နိဗ္ဗာန်ကိုသာ ဆုတောင်းပါ။ ကုသိုလ် အမျိုးမျိုး ပြုလုပ်သည့်အခါမှာ ဆုတောင်းမှားမှန် ဗုဒ္ဓါပ္ပါဒနဝမ ခေတ်ကြီး၌ ဤလူ့ ဘဝဟာ အမြတ်ဆုံးသာဖြစ်ကြောင်းကို အဂုံတို့ရိပါဠိတော်မြတ် အဋ္ဌက နိပါတ်ဘို့၌ အောက်ပါအတိုင်း တွေ့ရပါသည်ဘုရား။

ဇကော၁ ဓေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ ဟု ဟောတော်မူ၏၊ ဆဋ္ဌမူ.နှာ-၆၁၊ ပဌမပဏ္ဏာသ ဂဟပတိဝဂ် အကွဏ သုတ် ကြောင်းရေ ၁၄။

အဓိပ္ပာယ်မှာ – ရဟန်းတို့ ဧင်စစ် တခုတည်းဖြစ်သော ဗုဒ္ဓုပ္ပါဒနဝမခေတ်သည် သာလျှင် မင်္ဂလာဟူသော မြတ်သောအကျင့်ကို ကျင့်သုံးခြင်းငှါ အားတုတ် နိုင်ကြောင်း အခွင့်ကောင်းကြီးလည်း ဟုတ်ပါပေ၏၊ ရယူနိုင်ကြောင်း အခါ ကောင်းကြီးလည်း မှန်ပါပေ၏။

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတဲ့ ဆဋ္ဌမူ နှာ-၁၆၂၊ သဓမ္မာဟဝိနောဒနီ အဋ္ဌကထာ ဆဋ္ဌမူ နှာ-၁၃၀-၌ စုဏ္ဏိယအာကျယ်လာသည်ကို ဂါထာသီကုံးထား သော မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ပရမတ္ထသင်္ဂဟပဘေဒနီကျမ်း ပစ္စည်း ပိုင်း -နှာ-၂၆၃-၌လည်းကောင်း ဆိုဒ္ဓါပိဓာနနီကျမ်း-နှာ-(၁၄) ပြည်ကြီးမဏ္ဍိုင် ၌လည်းကောင်း–

(၁) ဒုက္ခာဒီသု အညာဏေန၊ အာရဘေ ဒုက္ခဟေတဝေါ။
နိရောဓာဒိ အညာဏေန၊ ယညာမရ တပါဒိကေ။

အဝိစ–

(၂) မရူပပါတံ ဒီပစ္စိံ၊ မခုလိတ္တာ လေဟနံ။
ဂူထကိဋ္ဌံ ဝိသံ ခါဒံ၊ ပိသာ စ နဂရံယထာ။

(၃) ဗာလော ကရောတိ သခ်ါရေ၊ တိဝိဓေ ဒုက္ခဟေတဝေါ။
တသ္မာ သတိ အဝိဇ္ဇာယ၊ ဘာဝတော ပစ္စယော မတော။

အဓိပ္ပါယ်မှာ–သစ္စာလေးပါးကို မသိခြင်းကြောင့် သံသရာဝဋ်ဆင်းရဲကြီးထဲ၌ ရောက်အောင် ရအောင် ဝဋ္ဌနိဿိတ ပုညကိရိယာ ဒါနသီလဘာဝနာကို အားထုတ်ရာ၌ ဥပမာမျှားမှာ ဝဋ္ဌနိဿိတ ပုညာဘိသင်္ခါရကို နတ်သမီးကိုလိုချင်၍ ချောက်ထဲခုန်ဆင်းသောသူကဲ့သို့လည်းကောင်း ဆီမီးကို ရွှေထင်သော ပိုးဖလံ ကဲ့သို့လည်းကောင်း ပျားရည်လူးထား သန်လျက်သွားကို လျှာဖြင့် လျက်သော သူကဲ့သို့လည်းကောင်း အပုညာဘိသင်္ခါရကို မစင်ကစားသော ကလေးကဲ့သို့ လည်းကောင်း အဆိပ်မျိုသောသူကဲ့သို့လည်းကောင်း

ဝဋ္ဌနိဿိတအာနေဉ္ဇာဘိသင်္ခါရကို ကြပ်ပြတ္တာဌာနကို နတ်မြို့ဆင်သောသူ ကဲ့သို့လည်းကောင်း။

ဗာလော၊ မိုက်မည်းသည်းထန် ပုဆုဇ္ဇဉ်သည် ဤဥပမာမျှားနှင့် အနက်ကို ထောက်၍ ဗာလပုဿုဇ္ဇာ ဟု ရေးသားပါသည် ဘုရား။

လယ်တ်အာဟာရဒီပနီ သုဓမ္မဝတီ ပုံနှိပ်တိုက်–နှာ–၄၇–၌ ဗာလပုဿုဇ္ဇာဟူ သော စကား၌ ဗာလာနံ ဥဿုဇ္ဇော ဗာလပုဿုဇ္ဇော–ဟု ဝိဂြိုဟ်ပြု။ ဗာလာ-နံ သစ္စာလေးပါးတရားကို မသိကြကုန်သေးသော သူတို့၏။ ဥဿုဇ္ဇော၊ ကြောင့်ကြမျာပါရစိုက်မှုတည်း။ ဤတို၊ ဤသို့သော အကြောင်းကြောင့်။ ဗာလပုဿုဇ္ဇော ၊ ဗာလပုဿုဇ္ဇာမည်၏။

ဂုင်းကျမ်းနှာ–(၇၇) ကြောင်းရေ (၁၉) မှ ၂၀-အထိပါ ဘုရား၊ ဗာလ ပုထုဇ္ဇဉ်တို့သည် အပါယ်ကို ကြောက်လှ၍ ဒါန သီလ ဘာဝနာကို အားထုတ်

http://www.dhammadownload.com

ကြသည်ရှိသော် လူ့ဝိညာဉ် လူ့ဘဝ နတ်ဝိညာဉ် နတ်ဘဝ ဗြဟ္မာဝိညာဉ် ဗြဟ္မာဘဝကို ကြိုးကြိုးစားစား အားထုတ်ကြကုန်၏။ အားထားရာ ဝိညာဏ်ကို ရသည့်အတွက် မိမိကိုယ်ပြုလုပ်ရန် အားထား၍အပါယ်ငရဲသို့ဝေလဲလဲ ပြန်၍ပြန်၍ ကျကာကျကာနေကြကုန်၏၊ ဝိညာဏ်ကိုမလွတ်သမျှ သည်ဘဝဂ်ကပင်သော် လည်း အပါယ်သို့သာလားကြကုန်၏၊ အပါယ်ကျမှုလည်း ဆုံးခန်းမရှိ ကုသိုလ်မှု သန်ရာဒုက္ခလည်း ဆုံးခန်းမရှိလေ။ ဤသို့ လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူပါသည်။

လယ်တီဆရာတော်၏ သာသနာရေးဦးစီးမှု ဥက္ကာမပုရိသဒီပနီ နှာ—၂၀၆-၌ ဗာလုဿုက္ကမည်၏၊ အဝိဇ္ဇာ— သန်ရာ— ၂-ပါးတွင် သန်ရာကိုဆိုသတည်း၊ တဏှာ၊ ဥပါဒါန်ဘဝ သုံးပါးတွင် ကမ္မဘဝမှုကို ဗာလုဿုက္ကဆိုသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဆိုဒ္ဓပိဓာနနီ ကျမ်း နှာ—၄၀၂—၄၀၃ ၌ (ပြည်ကြီးမဏ္ဍိုင် ပုန်ပိတိုက်တွင်) အဝိဇ္ဇာပစ္စယာ သန်ရာဟူသော ပဋိစ္စသမုပ္ပါဒ်စက်တွင်း သံသရာနယ်ပယ်တွင်းသို့ သတ်သတ်ဝင် သော ဝဋ္ဋနိဿိတ ပုညာအပုညာ အာနေဉ္ဇာဘိသန်ရာ သုံးပါးကိုစေတနာကံရောစေ-တနာသမ္မယုတ် စိတ္တုပ္ပါဒ်ရော အကုန်ကြောက်အပ်၏၊ ဘယ်လောက်ပင် ချမ်းသာ သက်ရှည်သော လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ အကျိုးပေးသော်လည်း မသေခင် ခဏမျှ ချမ်းသာသကဲ့သို့ ထင်ရ၏၊ လက်စသတ်လျှင် သေပြတ်ပျက်စီး ခြင်းစသော ဘေးထဲတွင် တဝဲလည်လည် အဆုံးမရှိအောင် ဆင်းရဲရသည်၊ အဆိပ်ခပ်သော အမဲတုံးကို ကျွေး၍ စားရသော ဧခွန်ခွင့်တူ၏ ဟု ဤသို့ မဟာဝိသုဒ္ဓါရုံ ဆရာတော် မိန့်တော်မူပါသည်။

မုနိန္ဒဘိလင်္ကာရ သဒ္ဓမ္မ ဓဇ သာမိ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ တောင်-လေးလုံးဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော စတုဂီရိ ရှုဖွယ်ကျမ်း တတိယ (ဂ)စောင်တွဲ သုဓမ္မဝတီရိုက် နှာ (၃၀၃) ကြောင်းရေ(၁)၌ ဝဋ္ဋနိဿိ-တဖြစ်ကုန်သော်သိလစိတ္တ ပညာတရား တိုးပွားများစေခြင်းငှါ လုံ့လအားထုတ် ခြင်းသည် ရောဂါဝေဒနာ တိုးပွားများစေတတ်သော အစာအာဟာရကို ဗာလသူနာ မလိမ္မာ၍ စားသည်နှင့် သဒိသ တူလှသည်၊ ဝိဝဋ္ဋနိဿိတဖြစ်ကုန်-သော အဓိသီလ အဓိစိတ္တ အဓိပညာတရားတို့ကို ပွားများစေခြင်းငှါ လုံ့လ အားထုတ်ရခြင်းသည်မူကား ကြီးစွာသော ရောဂါဝေဒနာတို့ကို လျင်မြန်ဆော စွာလွတ်ကင်းပျောက်စေတတ်သော သတ္တိအာနုဘော်ရှိသော ဩသဓ မည်သော ဆေးကို ပညာရှိ သူနာ လိမ္မာ၍ စားသည်နှင့် တူလှသည်၊ ဤသို့တောင်လေးလုံး ဆရာတော် မိန့်တော်မူပါသည် ဘုရား။

http://www.dhammadownload.com

မဟာဝိသုဒ္ဓါရုံဆရာတော်ရေးသားသော – ဆင်ခြင်မှု — ပရမတ္ထသရူပဘေဒနီ ကျမ်း (ပ) နှာ—၃၄၄။ ဆင်ခြင်မှု–သမ္မောဟဝိနောဒနီကျမ်းဋီ နှာ၊၁၄၃- ၌—

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ကေဒါ ပုညံ၊ အပုညမပိ ကေဒါ။

ဝမ်းတွင်းကန်းဥပမာ။

တထာ၊ ထို့အတူ။ သံသာရေ၊ သံသရာ၌။ သံသရံ၊ ကျင်လည်ရသော။ အပရိဏာယကော၊ အရဟတ္တမဂ်ကို ပြီးစေနိုင်သော အဆွေခင်ပွန်းကောင်း ကင်းသော (၀၊) အရဟတ္တမဂ်ဉာဏ်တိုင်အောင် ရှေ့ဆောင်ဉာဏ်ကင်းသော။ ဗာလော၊ ပုထုဇဉ် သေက္ခ လူ့ဗာလသည်။ ကေဒါ၊ ရံခါ။ ပုညံ၊ ကောင်းမှုကို။ ကရောတိ။ ပြုမိ၏။ ကေဒါ၊ ရံခါ။ အပုညံအပိ၊ မကောင်းမှုကိုလည်း။ ကရောတိ၊ ပြုမိ၏။ ဤသို့မဟာဝိသုဒ္ဓါရုံဆရာတော် မိန့်တော်မူပါသည်။

အထက်ပါစကားရပ်တို့ကို အထောက်ပြု၍ ဗာလုဿုက္ကဒ္ဒရကို ဉာဏ်မီသမျှ ဖြေဆိုခြင်းတရပ် အပြီးသတ်ပါသည်ဘုရား။

(ခ) (ဂ) နှစ်ချက်ကို သဘောတူ၍ တပေါင်းတည်း ဖြေဆိုပါရစေဘုရား။ ဝိဝဋ္ဋ ဒီပနီကျမ်း နေရောင်ခြည်မှု၊ စာမျက်နှာ(၇)၌ ဥပမာပုံ သစ်စေ့ကြောင့် သစ်ပင် သစ်ပင်ကြောင့် သစ်စေ့ စသည်ကဲ့သို့ ထိုကံနှစ်ဆယ့်ကိုးပါးကြောင့် သတ္တဝါ သတ္တဝါကြောင့် ထိုကံနှစ်ဆယ့်ကိုးပါး ဤသို့အားဖြင့် စကြဝဠာ အနန္တ ကမ္ဘာအနန္တ သတ္တဝါတည်ဆောင်စကပင် လောကတံထွာ ဓမ္မတာတရား သတ္တဝါဖြစ်ပွားသော တရားဖြစ်၍ ဘုရား၏ရန်သူအစစ် ကေန့်ဖြစ်၏ ဟု ဆိုပေသည်။

ရန်သူဟူသောစကား၌ ဥပမာအားဖြင့် မြေစိုက်ဘုရား တည်ထားသော အခါ ရှေးဦးစွာငြမ်းသစ်သားကို ကောင်းမွန်စွာ ချည်နှောင်ရစ်တုပ် ပြုလုပ်ရာ၏၊ ဤသို့ပြုလုပ်ပြီး နောက် အုတ်ကျောက် အင်္ဂတေ ထွေ့ဆွေကိစ္စ ရှေ့ချီထီးတင်ပြီးသောကာလ ထိုငြမ်းကို အသုံးမကျ အကုန်လုံး စွန့်ပစ်လိုက်ရလေကုန်၏။

ဤသို့ ထီးတင် ရှေ့ချ ဘုရားကိစ္စ ပြီးသည့်ကာလ ထိုငြမ်းကိုမှ မပစ် မပယ်ကြမူ ထိုဘုရား၏ ရန်သူအစစ် ထိုငြမ်းဖြစ်၏၊ အဘယ့်ကြောင့်နည်းဟူမူကား ထိုငြမ်းသစ်သားသည် ဘုရားကို ကွယ်ကာ၍ ထားသဖြင့် ဘုရားကိုမှ ကြည်ညိုခွင့်ကို မရရှိမျှမကလေသေး၊ တုပ်ချည်သော လျှော်မျှင် ဆွေး၍မျှား

http://www.dhammadownload.com

ကျခဲ့လျှင် ထိုဘုရားကိုပင် ပျက်စီးကွဲအက်အောင် ချိုးဖျက်သော ရန်သူကြီး သက်သက် ဖြစ်လေကုန်၏။

ထို့တူပမာဏ သာသနာပ အခါကာလ နိဗ္ဗာန်ရ တရား သစ္စာလေးပါးကို ဟောကြားနိုင်သူ ဘယ်တဆူမျှ မပြူမပေါက်ကြ၍ အပါယ်လေးပါးသို့ မလားမရောက်ရစေခြင်း လူ့ဘောင် လူ့ရွာ သာသနာ၌ ကြုံကြိုက်ရစေခြင်း အကျိုးငှါသာ ပုညကိရိယာ ဆယ်ဖြာကို လွန်စွာသော ဥဿာဟဖြင့် ပြုလုပ်ကြရပေသည်။

ဤသို့သာသနာပ အခါကာလက ပြုကျင့်ခဲ့ကြ၍ ယခုအခါ လူ့ဘောင် လူ့ရွာသာသနာ၌ ကြုံကြိုက်ကြပေကုန်သော ရဟန်းရှင်လူ သူခပ်သိမ်းတို့မှာ ပုညကိရိယာ ဆယ်ဖြာကို လွန်စွာကြောက်ကြ၍ နိဗ္ဗာန်ရောက် တရား ပါရမီ ဆယ်ပါး ဝိပဿနာတရားကို အာထုတ်ကြကုန်ရာ၏။

ဤစကားရပ်၌ မြေစိုက်ဘုရား တည်ထားသောအခါ ငြမ်းသစ်သား ကြောင့်သာ ဘုရားကိစ္စ ပြီးစီးထမြောက်ရပေသည်၊ ထိုသို့ ဘုရားကိစ္စ ပြီးစီးသော ကာလ၌ကား ထိုငြမ်းသစ်သားသည် ဘုရား၏ရန်သူ ဖြစ်သလို အတူ ယခုအခါ လူ့ဘောင် လူ့ရွာ သာသနာ၌ ကြုံကြိုက်ရခြင်းသည်ကား ပုညာဘိသင်္ခါရ သာသနာပတရား ကုသလကမ္မဿထ ပုညကိရိယာဆယ်ပါး၏ ကျေးဇူးကြီးပါပေတည်း။

ယခုအခါ သာသနာတော်တရား မဂ္ဂင် (၈)ပါးနှင့် ကြုံကြိုက်ကြသောအခါ၌ကား သစ္စာလေးတန်၊ မဂ်ဖိုလ်ဉာဏ်ကို ရရန်အစစ် ပုညကိရိယာဖြစ်၏ ဟူလို။

ဤသို့ ရေးသားတော်မူရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ရန်သူ ဆိုသည်မှာ ဝဋ္ဋနိဿိတ ဝဋ္ဌဂါမိမြစ်သော ကံနှစ်ဆယ့်ကိုးပါး ဖြစ်ပါသည်၊ (၀၊) ဝဋ္ဋနိဿိတ ဝဋ္ဌဂါမိဖြစ်သော လောကီကုသိုလ်ကံ(၁၇)ပါး ဖြစ်ပါသည်။

မြေစိုက်ဘုရား၏ ရန်သူဆိုသည်မှာ ဘုရားပြီးစီးသော အခါမှာ ငြမ်းသစ်သား ဖြစ်ပါသည်၊ သစ္စာလေးပါး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရန်သူမှာ ဝဋ္ဋနိဿိတ ဝဋ္ဌဂါမိဖြစ်သော ပုညကိရိယာဆယ်ပါး ဖြစ်ပါသည်ဘုရား။

ထင်ရှားစေဦးအံ့—

(သုတ္တနိပါတ် ပါဋိတော်၊ ဆဋ္ဌမူ၊ နာ(၃၄၂)၌—

အနုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ။
ယေသဉ္စ အတ္ထော ပုညေန၊ တေ မာရော ဝတ္ထုမရဟတိ။

http://www.dhammadownload.com

လယ်တီဆရာတော် သောမနဿုပေက္ခာဒီပနီကျမ်း၌ပါသော ပဓာနသုတ် ပါဠိတော်နိဿယ၊ နှာ-(၁၃၉)၌-

> မယုံ၊ ငါ့အား။ ပုညေန၊ ကုသိုလ်ကောင်းမှုဖြင့်။ အဏုမတ္တောပိ၊ အဏုမြူမျှလည်း။ အတ္ထော၊ အလိုဆန္ဒသည်။ နတ္ထိ၊ မရှိ။ ယေသဉ္စ၊ အကြင်ပညာသေးငယ် လူမမယ်တို့အား။ ပုညေန၊ ကုသိုလ်ကောင်းမှုဖြင့်။ အတ္ထော၊ အလိုဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုပညာနှင့် ကောင်းမှုကုသိုလ်ကို အလိုဆန္ဒ ရှိရှာကြကုန်သော ဗာလပုထုဇဉ် လူသာမန်တို့ကိုသာ။ မာရော၊ မာရ်နတ်သည်။ ဝတ္တုံ၊ ကောင်းမှုမကောင်းမှုဟူသော စကားကို ပြောဆိုခြင်းငှါ။ အရဟတိ၊ ထိုက်တန်လေသတည်း။

ဟူသော ပဓာနသုတ် ပါဠိတော်ကို ထောက်သောအားဖြင့်လည်း နိဿိတာလောကီကုသိုလ်ကံ(၁၇)ပါးသည် ဘုရားရန်သူ ဖြစ်ပါသည်ဘုရား။

လယ်တီဆရာတော်၏ဥတ္တမပုရိသဒီပနီ၊သာသနာရေးဦးစီးမှူးနှာ-(၁၃၉)၌-

အဘိသခါရမာရ်ဆိုသည်ကား သုစရိုက်ဆယ်ပါး ဒုစရိုက်ဆယ်ပါးကို ဆိုသတည်း၊ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် အပစာယနကုသိုလ် ဝေယျာဝစ္စကုသိုလ် ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ် စသည်လည်း အဘိသခါရမာရ်ပင်တည်း။

ဝဋ္ဋနိဿိတဖြစ်သော ဒါန သီလ အစရှိသည်တို့ကို ယူလေ။

လယ်တီဆရာတော်၏ ဘာဝနာဒီပနီ၊ သာသနာရေးဦးစီးမှူ နှာ-၂၀၃ ကြောင်းရေ(၁၇)၌

သတ္တော မာရေန္တိတိ မာရော၊ မာရုနံ အာမိသာတိ မာရာမိသာ။

သတ္တော၊ သတ္တဝါတို့ကို။ မာရေန္တိ၊ သတ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ မာရော၊ မာရ်မည်ကုန်၏။ ကိလေသ ခန္ဓ အဘိသင်္ခါရ မစ္စုဟူသော မာရ်လေးပါးတို့ကိုရကုန်၏။

ကြောင်းရေ(၂၇)၌ အဘိသင်္ခါရမာရ်ဆိုသည်ကား လောကီကုသိုလ် အကုသိုလ်တို့ကို ဆိုသတည်း၊ ဤသို့လယ်တီဆရာတော်မိန့်တော်မူပါသည်ဘုရား။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆဋ္ဌမှု-နှာ ၃၆။ ဧကနိပါတ် ကေဓမ္မတတိယဝဂ်၌-

> သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ။ ဧဝမေဝ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ နာ ဝဏ္ဏေမိ အန္ဆမသော အစ္ဆရာသဃ်ာတမတ္တမ္ပိ။

http://www.dhammadownload.com

ဤပါဠိတော်ကြီး၏ အပြောယ်လိုရင်းမှာ ရဟန်းတို့ အနည်းငယ်သော မစင်ကျင်ကြီးဟာ မကောင်းသောအနံ့ တွေ့ရှိသလို မျက်စိတမှိတ် လျှပ်တပြက် ခန့်မျှ ဘဝင်၌ ဖြစ်ရခြင်းကို ငါဘုရားမချီးမွမ်း။

ထို့ကြောင့် ဧစတီတော် ဘုရား၏ ရန်သူ ငြမ်းဖြစ်သကဲ့သို့ ဝဇ္ဇနိဿိတ ပုဉ္ဇကိရိယာ ဒါန သီလ ဘာဝနာ ကံ (၁၇)ပါးသည် မင်္ဂိုလ် နိဗ္ဗာန် လိုလားသူတို့၏ ရန်သူဖြစ်ပါသည်၊ ဘုရား၏ရန်သူဖြစ်ပါသည်။

ဝိဝဇ္ဇနိဿိတ ပုဉ္ဇကိရိယာ ဒါန သီလ ဘာဝနာ ကံ (၁၇)ပါးသည် မင်္ဂိုလ် နိဗ္ဗာန် လိုလားသူတို့၏ မိတ်ရင်းအစစ် ဖြစ်ကြောင်းကို တပည့်တော်မျှား ဟောကြားလျက်ရှိကြပါသည်၊ မိမိတို့လည်း ပြုလုပ် အားထုတ်ကြပါသည် ဘုရား၊ ဝိဝဇ္ဇ ဒါန,သီလ,မပယ်ကြပါဘုရား။

လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာနဒီပနီ-သုဓမ္မဝတီမူ နှာ-(၁၃၈) နှင့် ဟံသာဝတီမူ နှာ-(၁၄၁)၌-

သဒ္ဓါ သီလ အစရှိသောလောကီကုသိုလ်တို့သည် အလိမ္မာမစေ့စုံသူတို့ အား ထုဂ ဒေါသစသော မီးကြီး (၆)မျိုးတို့ကို ဇောက်လောင်စည်ကား ပွားစည်း စေတတ်ကုန်သည်ဟူ၍ ဟောတော်မူသဖြင့် ထိုကုသိုလ်ဓာတ်တို့၏ သတ္တဝါတို့ကိုနှစ်သက်မှုသည် အဘယ်မျှ ကြီးကျယ်ရာသည်ဟု မျော်နိုင်လေရာ၏။

ထို့ကြောင့် လောကီဝဇ္ဇကုသိုလ်တို့ကို သူသတ်ယောကျ်ား မာရ်ငါးပါးတို့တွင် အဘိသခါရ မာန်ဟူ၍ သူသတ်ယောကျ်ား မာရ်မျိုးတပါးအဖြစ်ဖြင့် ဟောတော် မူပေသည်။

ဤသို့ လယ်တီဆရာတော်မိန့်တော် မူပါသည်ဘုရား။

ပဋိပဒါသုတ်အဖွင့် နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ နှာ(၁၈)ဆဋ္ဌမုဒ္ဒ်—

နနု စ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိ အတ္ထိ အာနေဉ္ဇာဘိသင်္ခါ-ရောပိ၊ သော ကထံ မိစ္ဆာပဋိပဒါ ဟောတီတိ။ ဝဇ္ဇသီသတ္တာ။ ယံ ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပတ္ထေတ္ဝာ ပဝတ္တိတံ၊ အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋူပကွိယံ ဝဇ္ဇသီသန္တိ ဝဇ္ဇသီ-သတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။ ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတ္ဝာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌက်ယာဂုမတ္တဒါနမ္ပိ ပဏ္ဍမုဋ္ဌဒါနမတ္တမ္ပိ၊ သဗ္ဗံ တံ ဝိဝဋ္ဋူပကွိယံ ဝိဝဇ္ဇနိဿိတံ၊ ဝိဝဋ္ဋူပကွိကတ္တာ သမ္မာပဋိပဒါဝ ဟော-တိ။အ့ဃမတ္တကမ္ပိ ဟိ ပဏ္ဍမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု မဟန္တံ ဝေလာ-မဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတ္ဝာ ဝဇ္ဇနိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နောဝိဝဋ္ဋံ။

http://www.dhammadownload.com

"ဣဒံ မေ ဒါနံ အာသဝက္ခယာ၀ဟံ ဟောတူ"တိ စေ၀ံ ပန ဝိ၀ဋ်ဋံ ပတ္ထေန္တေန ဝိ၀ဋ္ဋ၀သေန သမ္မာ ဌိတံ အရဟတ္တမ္မိ ပစ္စေကဗောဓိဉာဏမ္မိ သဗ္ဗညုတညာဏမ္မိ ဒါတုံ သက္ကောတိယေ၀၊ နာ အရဟတ္တံ အပ္ပတ္ဝာ ပရိယောသာနံ ဂစ္ဆတိ။

စ စောဒေမိ၊ စောဒနာဉီးအံ့။ အ၀ိဇ္ဇာပစ္စယာ၊ အ၀ိဇ္ဇာဟူသော်အကြောင်းကြောင့်။ ပုညာဘိသင်္ခါရောပိ၊ သဉ်လည်းကောင်း။ အာနေဉ္ဇာဘိသင်္ခါရောပိ၊ သဉ်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသင်္ခါရနှစ်ပါးသည်။ ကထံ၊ အဘယ်သို့လျှင်။ မိစ္ဆာပဋိပဒါ၊ မှားသော အကျင့်သည်။ ဟောတိနာ၊ ဖြစ်နိုင်ပါအံ့နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဝဋ္ဋသီသတ္တာ၊ အ၀ိဇ္ဇာဘည်းဟူသော ဝဋ်ဉီးခေါင်း ရှိသည်၏အဖြစ်ကြောင့်။ မိစ္ဆာပဋိပဒါ၊ မှားသောအကျင့် ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ ဟိသဒ္ဒေါ၊ ထိုစကားမှန်၏။ ဘ၀တ္တယသင်္ခါတံ၊ ဘ၀သုံးပါးဟုဆိုအပ်သော။ ဝဋ်၊ ဘောဘုမိုကဝဋ်ဒုက္ခကို။ပတ္ထေတွာ၊သာယာခင်မင်နှစ်သက်တောင့်တ၍။ပ၀တ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ မြတ်ထုတ်လွန်ဖုံး အထက်ဆုံးအားဖြင့်။ ပဋ္ဌာဘိညာ၊ ကုသိုလ်အဘိညာဉ်ငါးပါးတို့သော်လည်းဖြစ်သော။ အဋ္ဌ ၀ါ ပန သမာပတ္တိယော၊ သမာပတ်ရှစ်ပါးတို့သည်မူလည်း ဖြစ်သော။ ယံကိဉ္စိ၊ အကြင်အမှတ်မျှ တစုံတခုသောကံသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောကံသည်။ ဝဋ္ဋူပက္ခိယံ၊ ဝဋ်၏အသင်းအပင်း ဝဋ်ဆင်းရဲဘက်သာတည်း။ ဝဋ္ဋသီသံ၊ ဝဋ်ဆင်းရဲအကြောင်း ဝဋ်ဉီးခေါင်းနှင့်အလားတူ၏။ ဣတိတသ္မာ ဝဋ္ဋသီသတ္တာ၊ ထိုဝဋ်၏အကြောင်း ဝဋ်ဉီးခေါင်းဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါ၀၊ လမ်းမှားလမ်းလွဲသော ပြောခြင်းဟောခြင်း ပြုကျင့်ခြင်းသည်သာလျှင်။ဟောတိ၊ ဖြစ်၏။ ဝိ၀ဋ်ံ၊ဝဋ်ကင်းရာဖြစ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ပတ္ထေတွာ၊တောင့်တ၍။ပ၀တ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ ယုတ်ညံ့ဖျင်းသုဉ်းအောက်ထစ်ဆုံးအားဖြင့်၊ ဥဋ္ဌုက်ယာဂုမတ္တဒါနမ္ပိ၊ တမုတ်မပို တဟင်းချိုမျှသော ယာဂုအလှူသည်မူလည်း ဖြစ်သော။ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ၊ ဟင်းရွက်တဆုပ် အလှူမျှသည်မူလည်းဖြစ်သော။ ယံ ပန ကိဉ္စိ၊အကြင်အမှတ်မျှ တစုံတခုသော ကံသည်ကား။ အတ္ထိ၊ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ကံသည်။ ဝိ၀ဋ္ဋူပက္ခိယံ၊ နိဗ္ဗာန်အဖို့၌ဖြစ်၏။ ဝိ၀ဋ္ဋနိဿိတံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကိုမှီ၏။ ဣတိတသ္မာ ဝိ၀ဋူပက္ခိကတ္တာ၊ ထိုသို့နိဗ္ဗာန်အဖို့၌ဖြစ်သောကြောင့်။ သမ္မာပဋိပဒါ၀၊ လမ်းမှန်လမ်းကောင်း နိဗ္ဗာန်ရောက်ကြောင်းမတိမ်းမစောင်းသော ပြောဟောပြုကျင့်ကောင်းချည်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိသဒ္ဒေါ၊ ထိုစကားမှန်၏။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှသော်လည်းဖြစ်သော။ ပဏ္ဏမုဋ္ဌိမတ္တဒါန ကုသလံ ၀ါ၊ ဟင်းရွက်တဆုပ်မျှ လှူရ

http://www.dhammadownload.com

သော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်ခမ်းနား များပြားစွာသော။ ဝေလာမဒါနာဒိ ကုသလံ ဝါ၊ အလောင်းတော် ဝေလာမ ပုဏ္ဏား အလားတူ အလှူအစရှိသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ တေဘုမ္မိကဝဋ္ဋအတွင်း၌ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်ကို။ ပတ္ထေတူဝ၊ တောင့်တ၍။ ဝါ၊ သာယာခင်မက် နှစ်သက်စွဲမိ အထင်ငြို၍။ ဝဋ္ဋနိ ဃိတဝသေန၊ ဝဋ္ဋဒုက္ခကို မှီသည်၏အစွမ်းဖြင့်။ မိစ္ဆာ၊ မှားယွင်းချွတ်ခြော်။ ဌပိတံ၊ ဖြစ်စေအပ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ္ဋဆင်းရဲသို့သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာနိဗ္ဗာန်သို့။ အာဟရိတုံ၊ ရောက်အောင်ပို့ဆောင်ခြင်းငှါ။ နော သက္ကောတိ၊ မစွမ်းနိုင်။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤအလှူဒါန ပုညစေတနာသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါလေးတန် ကုန်ရာမှန်သော နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိ ဧဝံ ပန၊ ဤသို့ကား။ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တလျက်။ ဝိဝဋ္ဋဝသေန၊ ဝဋ္ဋကင်းရာ နိဗ္ဗာန်ကို ရည်သန်သော ဆန္ဒ၏ အစွမ်းဖြင့်။ သမ္ပဒါ၊ ကောင်းစွာ။ ဌပိတံ၊ ဖြစ်စေအပ်သော ကောင်းမှုကုသိုလ်သည်။ အရဟတ္တမ္ပိ၊ ပကတိသာဝက မဟာသာဝက အဂ္ဂသာဝက ရဟန္တာအဖြစ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။ သမ္မာသမ္ဗောဓိဉာဏမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်တော့သည်သာလျှင်တည်း။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အပ္ပတူဝ၊ မရောက်စေမူ၍။ ပရိယောသာနံ၊ ဘဝစက်ရဟတ် လမ်းခုလတ်တွင် စ သတ်ကုန်ခန်း အကျိုးဆုံးခန်းခြင်းသို့။ နဂစ္ဆတိ၊ မရောက်။

ဆိုလိုရင်းမှာ–အဝိဇ္ဇာဦးစီးသော အဝိဇ္ဇာအလိုအတိုင်း ဖြစ်ကြရသော ဝဋ္ဋနိဿိတပုညကိရိယာ ဒါန သီလ ဘာဝနာနှင့်တကွ လောကီကုသိုလ် ကံ(၁၇)ပါး သည်–ဝဋ္ဋပက္ခ ဝဋ္ဋသီသ မိစ္ဆာပဋိပဒါ မိစ္ဆာဌပိတ ဖြစ်ပါသည်၊ (ဝါ)ဘုရား ရန်သူဖြစ်ပါသည်။ (ဝါ) မြေစိုက်ဘုများ၏ ရန်သူဖြစ်သော ငြမ်းသစ်သားနှင့် တူပါသည်၊ (ဝါ) သစ္စာလေးတန် မဂ်ဖိုလ်ဉာဏ်၏ ရန်သူအစစ် ဝဋ္ဋနိဿိတပုညကိရိယာ ဖြစ်ပါသည်၊ ထို့ကြောင့် ကြောင်ပန်းတောရ သံဃာများသည် မြတ်စွာဘုရားကြီး၏ အလိုကျဖြစ်သော လောကုတ္တရာ လောကီချမ်းသာ နှစ်ပါးကို ပေးစွမ်းနိုင်သော ရောက်အောင်ပို့ဆောင်နိုင်သော သတ္တိရှိသော ဝိဝဋ္ဋနိဿိတ ဒါန သီလ လောကီကုသိုလ်ကံများကိုသာ ဟောပြော ပြုလုပ် အားထုတ် ပွားများလျက် ရှိကြပါသည်၊ (ဝါ) ဝိဝဋ္ဋပက္ခ ဝိဝဋ္ဋနိဿိတ သမ္မာပဋိပဒါ

http://www.dhammadownload.com

သမ္မာဌပိတဖြစ်သော ပုညကိရိယာ ဒါန သီလ ဘာဝနာ လောကီကုသိုလ် စေတနာမျှားကိုသာ ဟောပြော ပြုလုပ် အားထုတ်ပွားများလျက် ရှိကြပါသည် ဘုရား။

လယ်တီဆရာတော်ဘုရားကြီး၏ (ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း) (မြန်မာ့အလင်း ပုံနှိပ်တိုက်မူ) စာမျက်နှာ ၂၅၀-မှ ၂၆၁-အထိ၌—

မာ ဘိက္ခဝေ ပုညာနိ ဘာယိတ္ထ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနီတိ အစရှိသော ဒေသနာတော်များသည် ပါရမီပက္ခိယ ကုသိုလ်ကိုရည်စူး၍ ဟောကြားတော်မူအပ်သော ဒေသနာတော်များ ဖြစ်လေလည်။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ မာ ဘာယိတ္ထ၊မကြောက်ကြကုန်လင့်။ ယဒိဒံ ပုညာနီတိ၊ အကြင် ကုသိုလ်ကောင်းမှုဟူသော စကားသည်။ သုခဿ၊ ချမ်းသာအပေါင်း၏။ အဓိဝစနံ၊ အမည်စကားရင်းပေတည်း။

သာသနာတော်မှအပဖြစ်သော အညတိတ္ထိယဝါဒီတို့ လုပ်အပ်သော ကုသိုလ် ကောင်းမှုတို့သည်လည်း ရှိကုန်၏၊ ထိုသူတို့လုပ်အပ်သော ကုသိုလ် ပုညမျှား သည်ကား ဝဋ္ဋနိဿိတသက်သက်တို့သာ ဖြစ်ကုန်၏၊ ထိုစကားမှန်၏– သာသနာ တော်မှ အပဖြစ်ကုန်သော ထိုဗာဟိရက တိတ္ထိတို့သည် ဝိဋ္ဋဖြစ်သော နိဗ္ဗာန်ကို ပင် မသိရှာကြလေကုန်၊ ထိုသူတို့၏ ကုသိုလ်ကို သခ်ါရုပဒ် ကမ္မဘဝပုဒ်ဟု ဆိုအပ်၏ ထည့်သွင်းအပ်၏။

သခ်ါရုပဒ် ဘဝပုဒ်တွင် ပါဝင်သော ကုသိုလ် အကုသိုလ်မျိုးကို ရည်၍ပင်လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ ဟောကြားတော်မူ၏။

(ထေရဝါဒ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ ပုတ္တမံသူပမသုတ်၊ ဆဋ္ဌမူ၊ နှာ၊ ၃၂၄-၌)

ကထဉ္စ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗော။ သေယျထာပိ ဘိက္ခဝေ အဂ်ါရကာသု သာမိကပေါ်ရိသာ ပုဏ္ဏာ အဂ်ါရာနံ ဝိဘာစ္စကာနံ ဝိတဓုမာနံ။ အထ ပုရိသော အာဂစ္ဆေယျ ဇိဝိတုကာမော-အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိက္ကူလော၊ တမေနံ ဧဒှ ဗလဝန္တော ပုရိသာ နာနာဗာဟာသု ဂဟေတွာ တံ အဂ်ါရကာသုံ ဥပကဍ္ဎေယျုံ အထ ခေါ ဘိက္ခဝေ တဿ ပုရိသဿ အာရကာဝဿ စေဘာနာ အာရကာ ပတ္ထနာ အာရကာ ပဏိဓိ။ တံ ကိဿ ဟေတု၊ ဧဝံ ဟိ ဘိက္ခဝေ တဿ ပုရိသဿ ဟောတိ။

http://www.dhammadownload.com

"ဣမံ စာဟံ အင်္ဂါရကာသုံ ပဟတိဿာမိ၊ တတောနိဒါနံ မရဏံ ဝါ နိဂစ္ဆာမိ မရဏမတ္တံ ဝါ ဒုက္ခ"န္တိ။ ဧဝမေဝ ခွိဟံ ဘိက္ခဝေ "မနော-သဉ္စေတနာဟာရော ဒဋ္ဌဗ္ဗော"တိ ဝဒါမိ။ ဤသို့မိန့်ဆိုဟောကြားတော်မူပါသည်ဘုရား။

ချစ်သားရဟန်းတို့ အလွန်တရာ ပူပန်ခင်းရဲ၍ ကြောက်မက်ဖွယ်ကောင်းလှသော ငရဲမည်သည်ရှိ၏၊ ထိုငရဲတို့၌ ရှိရှိသမျှတို့သည် အနိဋ္ဌတို့သာဖြစ်ကုန်၏။

မျက်စိဖြင့် ရှုမြင်လျှင်လည်း ကြောက်လန့်ဖွယ်ရာ အနိဋ္ဌာရုံတို့ကိုသာလျှင် တွေ့မြင်ရ၏။ နားဖြင့်လည်း ကြောက်လန့်ဖွယ်ရာ အနိဋ္ဌာရုံတို့ကိုသာ ကြားရ၏၊ (ပ)စိတ်ဖြင့်တွေးဆလျှင်လည်း ကြောက်လန့်ဖွယ်ရာ အနိဋ္ဌာရုံတို့ကိုသာ သိရ၏၊ ဤသို့ဟောတော်မူသည်ရှိသော် အမှတ်မထင်သော ရဟန်းတပါးက ဘုန်းဒတ်ကြီးသော မြတ်စွာဘုရားကို ဤသို့ လျှောက်ကြားလေ၏။

အရှင်ဘုရား ဟောကြားတော်မူသော ထိုငရဲအပူအပန်သည် လွန်စွာ ကြီးစွတကား၊ ထိုငရဲအပူအပန်သည် လွန်စွာကြောက်ဖွယ်ကောင်းစွတကား၊ အရှင်ဘုရား လျှောက်ထားပါဦးအံ့၊ ထိုငရဲအပူအပန်ထက် ကြီးသော အပူမျိုးရှိသေးသလော၊ ထိုငရဲကြောက်မက်ဖွယ်ထက် ကြီးသော ကြောက်မက်ဖွယ်မျိုးသည် ရှိပါသေးသလော့ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်း ထို့ထက်ပူပန်မှု ထို့ထက်ကြောက်ဖွယ်ကောင်းသောအရာသည် ရှိသေးသည်ဟူ၍ မိန့်တော်မူ၏။

ထိုအခါ ရဟန်းက အပူအပန်နှင့် ကြောက်ဖွယ်ဟူသည် အဘယ်ဖြစ်ပါသနည်းဟူ၍ လျှောက်ထားလေ၏။

ထိုအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူ၏။

အို ချစ်သား အကြင် ရဟန်း ပုဏ္ဏားတို့သည် သစ္စာလေးပါး တရားအမှန်ဟူကို မသိကြလေကုန်၊ ထိုရဟန်း ပုဏ္ဏားတို့သည် ပဋိသန္ဓေ နေခြင်း ဇာတိကို ဖြစ်စေတတ်ကုန်သော သခါရတို့၌ မွေ့လျော်ကြလေကုန်၏၊ အိုခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ပင်ပန်းခြင်းကိုဖြစ်စေတတ်ကုန်သော သခါရတို့၌ မွေ့လျော်ကြကုန်၏၊ ထိုသခါရတို့၌ မွေ့လျော်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဇာတိစသည်တို့ကိုဖြစ်စေတတ်ကုန်သော သခါရမျိုးတို့ကို ပြုလုပ်အားထုတ်ကြလေကုန်၏၊ ထိုသခါရတို့ကို ပြုလုပ်အားထုတ်ကြကုန်သော် ပဋိသန္ဓေနေခြင်းတည်းဟူသော အပူမျိုးတို့ဖြင့် ပူပန်ကြရကုန်၏၊ အိုမှု အပူမျိုးဖြင့်လည်း ပူပန်ကြရကုန်၏၊ သေမှု အပူမျိုးဖြင့်လည်း ပူပန်ကြရကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံး

http://www.dhammadownload.com

မဿာမှု လွန်စွာပင်ပန်းမှုဟု ဆိုအပ်သော အပူမျိုးဖြင့်လည်း ပူပန်ကြရကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေခြင်း အိခြင်း နာခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း လွန်စွာပင်ပန်းခြင်း တည်းဟူသော ကြောက်မက်ဖွယ်ဘေးမျိုးမျှ မလွတ်နိုင်ကြကုန်၊ အမျိုးမျိုးသော ဆင်းရဲအပေါင်းတို့မှ မလွတ်နိုင်ကြကုန်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏ဟူ၍ မိန့်တော်မူသည်။

လယ်တီဆရာတော်(အာဟာရဒီပနီ၊ သုခမူမူ၊ နှာ-၉၈)၌

ပရိညာဗုံစဉ်ပမာကား— လူအများတို့ သွားလာရာ လမ်းခရီးဆုံကြီး၏ နံပါး၌ နက်လှ ကျယ်လှစွာသော ရှားမီးကျီးတွင်းကြီး နှစ်ခုသည် ရှိသတတ်၊ အားခွန်ဗလ ကြီးလှသော ယောကျ်ားနှစ်ယောက်သည်လည်း ထိုတွင်းကြီး အနီး၌ နေ၍ လာလာသမျှသော လူအပေါင်းတို့ကို အမြဲဖမ်းဆီးဆွဲငင်၍ ထိုမီးကျီးတွင်းကြီး (၂)ခုထဲသို့ ပစ်ချသတတ်၊ ဤကား ဥပမာတည်း။

ဒုက္ခဝေဒနာ အိုးကြီးဖြစ်သော ဒုဂ္ဂတိဘုံ ကိလေသာမီး တဟုံးဟုံးတောက်လောင်၍ နေကြရာဖြစ်သော သုဂတိဘုံ နှစ်ပါးသည် မီးကျီးတွင်းကြီးနှစ်ခုနှင့် တူသည်၊ ကုသိုလ် အကုသိုလ်စေတနာ နှစ်ပါးသည် ယောကျ်ားအားကောင်းနှစ်ယောက်နှင့် တူသည်၊ ပြဆိုခဲ့ပြီးသော အတိုင်း ဘဝတပါး ဆက်လက်မိအောင် နာမ်တရားတို့ကို အတွင်ခိုင်းနှင်မှုသည် မီးကျီးတွင်းကြီး နှစ်ခုသို့ ပစ်ချသည်နှင့် တူသည်။

လာလာသမျှ လူအပေါင်းတို့ကို ဖမ်းမှု မိမှု ဆွဲငင်မှုဆိုရာ၌ မိမိသန္တာန်၌ ရှုရှုရှုခဏမစဲ ဖြစ်၍ နေသော စိတ်စေတနာကို တဏှာမာနဒိဋ္ဌိဖြင့် ငါဟူ၍လည်းကောင်း ငါ့စိတ် ငါ၏အကြံ ငါ၏စေတနာ ငါ၏ဒါန ငါ၏သီလတို့၏ ကောင်းမှု ငါ၏ကုသိုလ် ဟူ၍လည်းကောင်း သာယာတွယ်တာမှုတို့ကို ဆိုသတည်း။

ထိုသို့သာယာတွယ်တာသော သူသည် မီးကျီးတွင်းသို့ ပစ်ချသော ယောကျ်ားကို သွား၍ ကိုင်ဖက်သော ခရီးသည်ဗာလကဲ့သို့ ထိုဒါန ထိုသီလ ထိုကောင်းမှု ထိုကုသိုလ်စေတနာတို့ကို ဖက်တွယ်သော သူသည် ထိုသို့ ဖက်တွယ်သောသူတို့ ဖက်တွယ်မြဲတိုင်း မရဏာသန္နတိုင်အောင် အတင်းဆွဲငင်လေ၍ သေသည်၏ အခြားမဲ့၌ ဘဝတပါးသို့ ပစ်ချလေ၏၊ အတင်းဆွဲငင်မှုဆိုသည်ကား ထိုစိတ်စေတနာတို့ကို ငါဟူ၍ ငါ၏ ကောင်းမှုကုသိုလ်ဟူ၍ ငါ၏ ကိုယ်ဟူ၍ စွဲလမ်းမှုရှိနေသည့်အတွက် ထိုကောင်းမှုကုသိုလ်တို့၌ တွယ်တာသော တဏှာ မာန ဒိဋ္ဌိကိုကို ပယ်သတ်ဖြတ်တောက်ရန် မဂ္ဂင်ရှစ်ပါးတို့ကို အားမထုတ်မူ၍ လောက

http://www.dhammadownload.com

ဘာဝနာ မနသိကာရမှတပါး လောကဓမ္မပသာဒ ကောင်းစွာ ဗာဟိရ ကုသိုလ် မျိုးတို့ကို ကြိုးကြိုးစားစား အားထုတ်မှုတို့ကိုပြု၍ နေကြကုန်သော သူတို့သည် အတင်းဆွဲငင်ရာ ပါကြလေကုန်သောသူတို့တည်း။

ထိုသို့သောအမှုကို၌ လိုက်စား၍နေချင်သော မိမိစိတ်စေတနာ ဗရပွါတွေကို နာနာနှိပ်ကွပ် အတင်းသတ်၍ ဝိပဿနာ မဂ်ပညာမျိုးကို ကောင်းစွာ စုံမြဲ အရခဲ့၍ နေသောသူ၊ ည်မူကား ထိုစေတနာ ဆွဲငင်ရာသို့ မပါမလိုက်သူ ပေတည်း။

ဤတွင်ရွှေ့ကား မနောသဥ္စေတနာဟာရကင်္ခာန်း အစီအရင်ပြီး၏။

ဤသို့ လယ်တီဆရာတော် ရေးသားမိန့်ဆိုးတော် မူပါသည်ဘုရား။

မဟာဝိသု ါရုံဆရာတော် ရေးသားသော ပရမတ္ထသရူပဘေဒနီကျမ်း ဒု.တွဲ ဆဋ္ဌမူ နှာ ၆၈၆-၆၈၇ ၌—

အင်္ဂါရကာသူပမာ၊ (အင်္ဂါရ=မီးကျီး။ ကာသု=တွင်းအစု) အသက်ရှည်၍ ချမ်းသာလိုသည့် ယော ကျွေးဘဉီးကို အားခွန်ငလန့်ပြည့်စုံသော ယောကျ်ားနှစ်ဦးက လက်မောင်းကို ကိုင်၍ လက်ခုပ်တဖောင်ကျော်မျှ နက်သော မီးကျီးတွင်.ထဲသို့ အတင်းအမေ့ ဆွဲငင် တွန်းချကြသည်။

ထိုအခါ မီးကျီးတွင်းထဲသို့ ဆွဲချခံရသည့် ယောကျ်ားအား မီးကျီးတွင်းထဲ ကျရောက်လျှင် သေမည်ဖြစ်သေ ကြောင့် လည်းကောင်း သေလောက်နီးပါး ဆင်းရဲဝေဒနာကို ခံစားရမည့် ဖြစ်သောကြောင့် လည်းကောင်း မီးကျီးတွင်းမှ လွတ်လို ဝေးလိုသည့်စေတနာ ဖြစ်ပေါ်လာသည်၊ ထို့အတူ မနောသဥ္စေတနာဟာရကို ရှုမှတ်အပ်၏။

စေတနာဟူသော မနောသဥ္စေတနာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်၏၊ ပဋိသန္ဓေနှင့် သေခြင်းဆင်းရဲ မရဏဒုက္ခသည် အမြဲယှဉ်၍ ပါလေသည်။

ယင်းစေတနာ၌ ထိုထိုဘဝ၌ ပဋိသန္ဓေဖြစ်ရအောင် ပစ်ချခြင်းဘေး ရှိ၏၊ ထိုဘေးမှလွတ်အောင် မီးကျီးတွင်းပမာ သက်ဆင်းပုံစရာ မကောင်းသော ဘဝသို့ ရောက်စေတတ်သည့် စေတနာ တည်းဟူသော မနောသဥ္စေတနာဟာရကို ရှုမှတ်အပ်၏။

မနောသဥ္စေတနာဟာရကို ပိုင်းခြားသိသော် ယင်းစေတနာမှာ တဏှာသာလျှင် အကြောင်းရင်းရှိသောကြောင့် တဏှာကို ပိုင်းခြား၍ သိလာ

http://www.dhammadownload.com

ယင်း တဏှာကို ပိုင်းခြားချသိသော် အထက်၌ ပြုဖွယ်ကိစ္စမရှိပြီ၊ အရဟတ္တဖိုလ်သို့ ဆိုက်လေတော့သည်။

ဤ၌ မီးကျီးတွင်းသည် တေဘူမက ဝဋ်ဆင်းရဲ ပြောထူသည့် ဘဝသံသရာနှင့် တူ၏၊ မီးကျီးတွင်းသို့ ဆွဲချခံရသူသည် ဝဋ်ကိုမှီသော ဗာလပုထုဇဉ်နှင့် တူ၏၊ ခွန်အားဗလနှင့် ပြည့်စုံသူနှစ်ဦးသည် ကုသိုလ် အကုသိုလ် ကံနှင့် တူသည်၊ အားခွန်ဗလ ပြည့်စုံသူနှစ်ဦးက မီးကျီးတွင်းထဲ ဆွဲချခြင်းသည် ကုသိုလ်အကုသိုလ် ကံများကို ပုထုဇဉ်တို့က အားထုတ် ပြုလုပ်နေခြင်းနှင့် တူသည်။

မီးကျီးတွင်းလျှင် အကြောင်းရှိသော ဆင်းရဲသည် ကံလျှင် အကြောင်းရှိသော ဝဋ်ဆင်းရဲနှင့် တူသည်။

ဤသို့ မဟာဝိသုဒ္ဓါရုံဆရာတော် ရေးသား မိန့်ဆိုတော် မူပါသည်ဟုဆိုး။

တောင်တွင်းအကျော် အရှင်မဟာသီလဝံသဆရာတော်၏(ပါရမီကဗျာ)၌–

သူမိုက်အလှူ၊ ပေးပါမူလည်း၊
ရွှယ်ချူဖိုလ်မဂ်၊ မပန်နက်တည့်၊
မှာဘက်ဝယ်သာ၊ ကျင်လည်ရှာ၏။

ဤသို့ မိန့်တော်မူပါသည့် ဘုရား။

အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ခရမ်းမြို့ ရစ်ကန်ကြီး ဆရာတော်ဘုရား၏ မိစ္ဆာဝါဒ ပဟာနဒီပနီကျမ်း ၌–

ထို့နှစ်ပါးတို့တွင် ဝဋ္ဋနိဿိတပုညာ အနရိယပရိယေသနကို တရံတဆစ် ဘယ်တော့မျှ မဖြစ်စေရာ။

ဤသို့ မိန့်တော်မူပါသည်ဘုရား။

အရှင်ဝရသမ္မောဓိမထေရ်မြတ်၏ ရေစက်ဂိုဏ်းစာကျမ်း၌လည်း–

ဝဋ္ဋနိဿိတကုသိုလ်ကို တရံတဆစ်မျှ မဖြစ်စေရန် နိဗ္ဗာန်ကို တောင့်တ၍ ဒါနစသော ကုသိုလ်တရားတို့ကို အားထုတ်ကုန်ရာသည်။

ဤသို့ မိန့်တော်မူပါသည် ဘုရား။

ဝိသုဒ္ဓိမဂ် (ပ)ဆဋ္ဌ-နှာ-(၁၃)၊လယ်တီဆရာတော်ဘုရား၏ ဥတ္တမပုရိသဒီပနီ သာသနာရေးဦးစီးဌာန၊ နှာ-(၁၁)၌–

ယသကာမတာယ ဝါ သမာဒိန္နံ ဟီနံ၊ ပုညဖလကာမတာယ မတ္ထိမံ၊ ကတ္တုဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏီတံ။

http://www.dhammadownload.com

ဤပါဠိမိန့်ချက်အဓိပ္ပာယ်မှာ – အကျော်အစောကို အလိုရှိ၍ ဖြစ်စေအပ်သော ကုသိုလ်သည် ဟိနကုသိုလ် အကျိုးကိုအလိုရှိ၍ဖြစ်စေအပ်သော ကုသိုလ်သည်မဇ္ဈိမကုသိုလ် ပြုသင့်ပြုထိုက်သော အရိယာန္တယ် စင်ကြယ်သော သူတော်ကောင်း အလေ့ကို မှီ၍ ဖြစ်စေအပ်သော ကုသိုလ်သည် ပဏီတကုသိုလ် ဤသို့ မိန့်ပါသည်ဘုရား။

ဓမ္မသင်္ဂဏီမူလဋီကာ၊ ဆဋ္ဌမှု၊ နှာ-(၁၁၀)၌—

> ဝဋ္ဋနိဿိတေနေဝ ဒါနာဒိဝသေန ပဝတ္တိတာ၊ တေ ဟီနာတိ ကာတဗ္ဗာ ယေ ဝိဝဋ္ဋနိဿိတေန ဒါနာဒိဝသေန ပဝတ္တိကာ၊ တေ ပဏီတာတိ ကာတဗ္ဗာ။

မြန်မာပြန်လိုရင်းမှာ—အကျိုးပေးခြင်း ရှိကုန်သော အကြင်ကုသိုလ်တရားတို့သည် (ဝဋ္ဋနိဿိတ)သာလျှင် ဖြစ်သော ဒါနအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်စေကြကုန်၏၊ ပြုအပ်ကုန်သော ထိုဝဋ္ဋနိဿိတကုသိုလ်တရားတို့ကို (ဟီန) ဟူ၍ မှတ်အပ်ကုန်၏။

အကြင်ကုသိုလ်တရားတို့သည် ဝိဝဋ္ဋနိဿိတသာလျှင်ဖြစ်သော ဒါနအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်စေကြကုန်၏၊ ပြုအပ်ကုန်သော ထို ဝိဝဋ္ဋနိဿိတကုသိုလ်တရားတို့ကို ပဏီတဟူ၍ မှတ်အပ်ကုန်၏။

ဤထေရဝါဒ အဋ္ဌကထာဋီကာတို့ကို အားကိုးပြု၍ ဝိဝဋ္ဋဒီပနီဟူသော အမည်နှင့် အညီ ရေးသားခြင်း ဖြစ်ပါသည်ဘုရား၊ ကြောင်ပန်းဆရာတော်ဘုရားကြီးသည် ကုသိုလ်တို့ကို အဆင့်အမြင့်ထား၍ ဗလဝစေတနာဖြင့် ပြုလုပ်ပါသည်၊ ပြုလုပ်ရမည်ဟု ဆိုတာကို အောက်ပါ ခြောက်စောင်တွဲ စကားရပ်တို့က သက်သေခံပါသည်ဘုရား၊ သက်သေခံ အထောက်အထားများ ဖြစ်ပါသည် ဘုရား။

ကမ္မာလုံးမှူ သုံးလောကဒီပနီ စာမျက်နှာ ၂၅၅-၌ "မြင်ကြုံပုံမှာ ဒါနမှူ ပြုကြသောအခါ မိမိအကျိုးမျှကို သိကြ၍ ပြုရသည်ထက် သတ္တဝါအများတို့၏ ဟိတချမ်းကိုး အကျိုးစီးပွား ကုသိုလ်တရား ဖြစ်ပေါ် ပေါက်ပွား အများရှိကြသည်ကို ပီတိပါမောဇ္ဇ တရား ပွားများမှုနှင့် ပြုရလျှင် အတ္တ ပရ ဒိဋ္ဌသမ္မရာနှစ်ဖြာနှစ်ဦး ကျေးဇူးမဆုံး တလောကလုံး၏ ကုသလမူ ဟေတုပစ္စယ အာနိသံသ အမျိုးမျိုး ကျိုးရင်း ကျိုးဖျား အလွန်ပင် ပွားများမှု အာသီသနှင့် ပြုကြရမည်" ဟူလိုသည်။

ဂင်းနှာ-၂၄၇၊ ၂၄၈ – "သမ္မုတိသစ္စာ၌ ကောင်းစွာတည်ကြ၍ ဒါန သီလ ဘာဝနာကိစ္စ လူ့ကိစ္စ ရှင်ကိစ္စ ကျွင့်ကိစ္စ ကြဉ်ကိစ္စ ဤဟာဗျာပါရစု အစစ

http://www.dhammadownload.com

ဟူသမျှ စရဏအမှုကို ကောင်းစွာပြုကြကုန်သော သူတို့က လူနတ်တို့သုခ သမ္မုတိချမ်းသာမျှ စည်းစိမ်နှင့်တကွ သမ္မာသမ္မုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကဖြစ်ကြကုန်၍ နိဗ္ဗာန်သို့ ရကြ ရောက်ကြလေကုန်၏၊ ဖောက်ပြန်စွာ ကျင့်ကြကုန်သော သူတို့က အပါယ်သို့ကျ သက္ကာယဒိဋ္ဌိ အစရှိသော ဇာတိ ဇရာ ဗျာဓိ မရဏ ဝဋ်ဒုက္ခမှ မလွတ်ရ မထွက်မြောက်ရ။

ဂင်းနှာ ၂၅၄-၌ ထင်ရှားစေအံ့—ပရမတ်သစ္စာ ပညာမပါသော ဉာဏ-ဝိပ္ပယုတ်ကုသိုလ်က သမုဒယဖြစ်၍ သက္ကာယဒိဋ္ဌိ အစရှိသော သံသရာညွတ် ခန္ဓာဝဋ်က မလွတ်သောတရား ဘုရားပစ္စေကဗုဒ္ဓါ သာဝကလောင်းတို့ လမ်း ကြောင်းအညီ ပါရမီအလုပ် မဟုတ်သောကြောင့်တည်း၊ တချို့ကလည်း လောကီသမ္မာဒိဋ္ဌိ သမ္မုတိသစ္စာကြီးကိုပင် မထီမဲ့မြင် ကာလ ဒါန သီလ ပယ်ရမလို ဒိဋ္ဌိတဏှာ မာန ပို၍ ပုဂ္ဂိုလ်ရွေးမှတ် ပရမတ် တဖက်သတ်မျှားမှာလည်း အမှားချည်းသာ မှတ်လေ။

အဘယ်ကြောင့်နည်း—နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ စသော ကံ ကံ၏အကျိုးကို ပယ်ခဲ့သော မိစ္ဆာဒိဋ္ဌိငြမ်းဖြစ်၍ သုဂတိစခန်း ဘုရားပစ္စေကဗုဒ္ဓါ သာဝက လောင်းတို့ လမ်းကြောင်းညီမျှ ဒါနပါရမီ အစရှိသော ပုညစာဂီ ပါရမီလမ်း ပိတ်ပိတ်ကန်း၍ အပါယ်တလမ်းသာ ဖြစ်သောကြောင့်တည်း။

လို့ရင်းကြီးကား—ဤလောကမှာ ဓမ္မတို့တံထွာ မနေသာသော ဤဟာ ဗျာပါရမှု ကာယဒွါရ ဝစီဒွါရစု ဒါန သီလ စရဏမှုကို ပြုကြသောအခါ မနောကံအရာ ဝိပဿနာ ဉာဏသမ္မယုတ် ဝိဇ္ဇာမှုန့် ပြုကြမှသာ သံသရာညွတ် ခန္ဓာဝဋ်က လွတ်ကြမည်။

ဂင်း နှာ-၂၆-၌—သိသာစေအံ့၊ ဒိဋ္ဌဓမ္မိကဋ္ဌ ခုဘဝအကျိုး သမ္ပရာယိကဋ္ဌ ဟူသော တမလွန်ဘဝမှာ အကျိုးရှိရာ စိတ်သညာသိ သမ္မုတိသစ္စာမှာ ဒါန သီလ စရဏကို ဝစီကာယနှင့် ဖြောင့်မှန်စွာ ကျင့်ကြ၍ ပရမတ္ထဟူသော လောကုတ္တရာအကျိုးငှါ မနောကံအရာ ဝိပဿနာ ဝိဇ္ဇာမှုန့် ထိုဒါန သီလ စရဏစုကိုပင် တွင်တွင်လိုက်စား ရင်ခွင်ပိုက်ထား၍၊

ဂင်း နှာ-၂၈၉-၌—သမ္မုတိသစ္စာအရ ကျင့်ကိစ္စ ကြဉ်ကိစ္စမှ ဝစီကာယ ဒါန သီလ စရဏစုကို သမ္မုတိသစ္စာနှင့်ချည်းသာ အရာရာမှာ ဖြောင့်မှန်စွာ ပြုကျင့်ပြောဆိုရမည်။

ရတနာ ဒီပနီ၊ နှာ-၃၂၃၊ ၃၂၄။ များ၌—

ကျောက် ကြေး အင်္ဂတေ ရွှေ ငွေ သစ်သား အစရှိသော ရုပ်ပွားတော် မြတ်ကို လှူကပ်ပူဇော် ဖူးမြော်ကြသောအခါ ဘုရားစစ်ကိုသာ လှူဒါန်းပူဇော်

http://www.dhammadownload.com

ဖူးမြော်ကြသည်၊ ကျောက် ကြေး အင်္ဂတေ ငွေ ငွေ သစ်သားကို မမြင်ကြ မဖူးကြ။

ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား—မှန်ပြင်မှန်သားနှင့် ကျောက် ကြေး အင်္ဂတေ ငွေ ငွေ သစ်သား ကိုယ်တော်စား ကိုယ်တော်ပွား ကုပ်တော် နှင့် မခြား ရုပ်ရှင်တော်ဘုရား ရုပ်ပွားတူလျှင်၊ မှန်ရိုပ်နှင့်ကား ဂေါတမမြတ်စွာ ဘုရားစစ် ဘုရားနှစ်ကြိမ်နှင့် တူလျှင်၊ မုန်ကြည့်သော်သူနှင့်ကား ဆွမ်းတော် ပန်းတော် ရေချမ်းတော် မီးပူဇော်ကြ ဖူးမြော်ကြသော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့နှင့် တူလျှင်။

ဂင်း နှာ-၃၃၅-၌—ကိုယ်ကျိုး ကိုယ်စီးပွားဆိုသည်ကား ဒါန သီလ ဘာဝနာ တရားပင်တည်း၊ ထိုတရားကို အားထုတ်ခွင့် အားထုတ်ထိုက်နှင့် ဆိုက် ရောက် ရရှိကြ၏ ဟူလိုသည်။

ဂင်း နှာ-၃၃၇၊ ၃၃၈-၌—ဤတူပမာ သူငါကစ ရဟန်း ရှင် လူ ဟူသမျှမှာ ကာမာဝစရ ကုသလရိုန်စော် အားနုဘော်အခွင့်ပေး အရေးရ၍ အကြင်မျှ လောက် ကာလပတ်လုံး အရာအထောင် စသည်ဖြင့် ရေတတ်၏၊ ထိုမျှလောက် ကာလပတ်လုံး လှူချင်တိုင်းလှူ ပေးချင်တိုင်းပေးသော်လည်း မမဲ့နှဲ့ မခန်း နိုင်၊ အဘယ်ကြောင့်နည်း ကုသိုလ်က အကျိုးပေးသောအခါ ဖြစ်ဝေ သော ကြောင့်တည်း၊ အကြင်အခါ ကုသိုလ်ကံ မှိန်မှေး သိမ်သေးကုန်ခန်း၏၊ ထိုအခါ မလှူမတန်းသော်လည်းမဲ့ မပေးမကမ်းသော်လည်းမဲ့ ဤကဲ့သို့သော ကမ္မဿ-ကတာ သမ္မာဒိဋ္ဌိကိုပင် နဖူးလက်တင် ဆင်ခြင်စဉ်းစားမျှားမျှားကြီး သတိထား ကြပါကုန်။

ဥပမာ–ဥပမေယျ ဟပ်၍ ပြသော်ကား–ရှေးကံဟောင်းသည် ရေ ကြောင်းက ထွက်လေသော ရေနှင့်တူ၏၊ လှူ-မလှူသည် ရေ ခပ်-မခပ် စသည်နှင့်တူ၏ဟု သိလေ မှတ်လေ။

ဂင်း နှာ-၃၃၉-၌ ထို့အတူ ဤလောက၌ မှန်ရိုပ်နှင့်တူသော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့ကို မြင်ရာမှာ သံဃာတော်မြတ် မြင်သောအခါ သံဃာတော် မြတ်နှင့် ထိုက်တန်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်း တို့တွင် ထိုသံဃာတော်မြတ် လိုအပ်သော ပစ္စည်းကို ဝန်နှင့်အား မြှားနှင့် လေးကဲ့သို့ မနှေးမြန်စွာ လှူဒါန်းရာ၏။

ဂင်း နှာ-၃၄၆-၌ တောင်သူ လူလိမ္မာနှင့်ကား မိမိ မိမိတို့၏ အဝတ် အစားကို မျှတရုံထား၍ ဒါန သီလ ဘာဝနာတရားကို များစွာပြုသော မိန်းမ ယောကျ်ား မဟန်း ရှင် လူ ခပ်သိမ်းသူတို့နှင့်ကား တောင်သူ လူလိမ္မာ မခြား အလားတူ၏။

http://www.dhammadownload.com

ၔင်း နှာ-၃၅၀-၌ ထိုဒါန သီလ စရဏကိုပင် တွင်တွင်လိုက်စား ရင်ခွင်ပိုက်ထားကြ၍—

ကြောင်ပန်းဟောစဉ်ကျမ်း နှာ-၃၀၁-၌ ထိုသာသနာတွင်းမှာမှ ဒါနတရား က များစွာ သာ၍ အရေးကြီးကြသည်၊ အရေးကြီးပုံမှာ သာသနာပဒါန သာသနာတော်တွင်းဒါန နှစ်ပါးတို့တွင် သာသနာပဒါန များစွာ ပြုခဲ့ကြလှလေပြီ၊ သာသနာတော်တွင်း ဒါနက ဓနုတ္တရသံဃာတော် အလှူခံတက် ပဋိဂ္ဂါလ်မြတ်နှင့် ဆည်းကပ်လှူဒါန်းခြင်းငှါ လွန်မင်းစွာ ခဲယဉ်းလှလေသည်။

အဘယ်ကြောင့်နည်း — အကုံရနတ်သား ဣန္ဒကနတ်သား များ၏ ဝတ္ထု ထောက်ရှု၍သိလေ။

ၔင်း နှာ-၃၀၂-၌—ယခုအခါ သာသနာတော်ထမ်း ရဟန်းတော် ခုဂို့တဲ့ သမ္မုတိထေရ် သံဃာတို့ကို ကြည်လင်စွာ အမြတ်ဆ၍ အရဟတ္တဓဇ အနွယ်လာသမို့ ပရမတ္ထ အကယ်သာဟု ဖွယ်ရာစွာသဘောကျပြီးလျှင် အလောဘ ဟိတ်အခြေခံ၍ စိတ်နေပရမံ သောမနသ်ပွားကြ၍ ဇောတိရသ် ပတ္တမြား ပမာဆောင်သော် သဒ္ဓါရောင်ဖြူကာဆွန့်၍ လှူဒါန ဒါတဗ္ဗတို့ကို သာဟတ္ထ ကံကာယဖြင့် ပရံပရုဘဝ အခြေပြုဧဖို့ မြေအထု ဘူပထဗျာကို သူအပါ သက်သေညွှန်းပြီးလျှင် ရေသွန်း၍ လှူဒါန်းရမည်ဟူလိုသည်။

ၔင်း နှာ-၃၀၃-၌ ယခုအခါ အလွန်တရာ မြင့်မြတ်လှစွာသော အနုတ္တရ အလှူခံနှင့် တွေ့ကြုံကြ၍ ဒါနတရားက များစွာအရေးကြီးကြသည်။

(ခ)၊ (ဂ) အရ ဉာဏ်မီသမျှ ဖြေဆိုခြင်းတရပ် အပြီးသတ်ပါဘုရား။

ဤသို့ သောဓနာ လျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ် (၃) သောဓနာကို တင်သွင်း လျှောက်ထားပါသည် အမှတ် (၃) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သောဓနာ အမှတ် (၄)

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် သံဃာတော်အရှင် သူမြတ်တို့ဘုရား၊ တပည့်တော်တို့ ဉာဏ်မီသမျှ အမှတ် (၄) စောဒနာချက်ကို သောဓနာချက်ပါဘုရား။

၁။ (က) ကုသလကမ္မပထကုသိုလ် ဝဋ္ဋနိဿိတကုသိုလ် ပုညာဘိသန်ဒါရ ကုသိုလ် ပုညကိရိယကုသိုလ် ဉာဏဝိပ္ပယုတ်ကုသိုလ်ဟူ၍ ဤသို့

http://www.dhammadownload.com

ရေးသားရာ၌ တောင့်တခြင်း တဏှာပါသော ကုသိုလ်များကို အာဘူတူသာ မှတ်ပါဟု ရေးသားခြင်း ဖြစ်ပါသည်၊ ထိုကုသိုလ် အားလုံးသည် လောကီချမ်းသာကိုသာ ပေးစွမ်းနိုင်၍ လောကုတ္တရာ ချမ်းသာကို မပေးနိုင်တာချင်းတူပုံကို ရေးသားခြင်း ဖြစ်ပါသည် ဘုရား၊ တူပုံကို အောက်ပါ ထေရဝါဒ နိဒါနသံယုတ် အင်္ဂကထာ ဆင်ဆမူ၊ နှာ (၁၈)၌—

အပ္ပဗဟုကမိဒံ ဟိ ပဏ္ဍုမုဒ္ဒိမတ္တာဒါနကုသလံ ဝါ ဟောတု မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတ္ဝာ ဝဋ္ဋ-နိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ-ဟူ၍ ဖွင့်ဆိုထားပါသည်ဘုရား။

အဓိပ္ပာယ်အကျဉ်းချုပ်မှာ နည်းနည်းများများလောကီစည်းစိမ် ချမ်းသာကို တောင့်တ၍ ပြုသမျှ ကုသိုလ်များသည် လောကီ ချမ်းသာကိုသာ ပေးစွမ်းနိုင်သည်၊ နိဗ္ဗာန်ကို မပေးနိုင် ရောက် အောင်မဆောင်နိုင်ဟု အဓိပ္ပာယ်ရပါသည်ဘုရား။

(ခ) ပါရမီကုသိုလ်, မဂ်ကုသိုလ်, ဝိဝဋ္ဋကုသိုလ် ဥာဏသမ္ပယုတ် ကုသိုလ် ဤကုသိုလ်များသည် နိဗ္ဗာန်ကို ရောက်အောင် ပို့ဆောင်နိုင်ခြင်း ပေးနိုင်ခြင်းတူသောကြောင့် အတူတူသာ မှတ်ပါဟု ရေးသား ခြင်းဖြစ်ပါသည်ဘုရား၊ ဝိဝဋ္ဋနိဿိတ ပုညကိရိယာကို ပါရမီ ကုသိုလ် ဝိဝဋ္ဋကုသိုလ်၌ သဘာဝယုတ္တိအားဖြင့် ပါဝင်သွားပြီ ဖြစ်၍ ဂန္ဆဂျအပြစ်မှ လွတ်စေရန် ရေးသားခြင်း မပြုခဲ့ပါ ဘုရား။

ဂုဏ် ခြောက်စောင်တွဲ အဖွင့်ဖြစ်သော စတုတ္ထဆရာတော် ဦးတိဏ္ဏရေးသားသော ဝိဝဋ္ဋဒါနဒီပနီကျမ်း၊ နှာ(၁၀၀)၌ ထိုဒါန သီလ ဘာဝနာစသော ပုညကိရိယာဝတ္ထု (၁၀)ပါးတို့သည်—

(၁) ဝဋ္ဋနိဿိတ ပုညကိရိယာကုသိုလ်၊ (၂) ဝိဝဋ္ဋနိဿိတပုည ကိရိယာကုသိုလ် ဤသို့ မိမိတို့ ညွှတ်ကိုင်းသောစေတနာ၏ အစွမ်းအား ဖြင့် (၂) ပါးအပြားရှိ၏။

ခြောက်စောင်တွဲအဖွင့် ဦးပဏ္ဍဝရေးသားသော သဘာဝတံခွန် ကျမ်း၊ နှာ-၂၄၇ ၌—

ပုညကိရိယာဝတ္ထု (၁၀) ပါးတွင် အမြွက်မျှပြရပါလျှင် သက်ကြီး ဝါကြီးပုဂ္ဂိုလ်များကို အရိုအသေပြုမူတည်းဟူသော အပစာယနကုသိုလ်

http://www.dhammadownload.com

အရာဝယ် သက်ကြီးဝါကြီး ပုဂ္ဂိုလ်ဟူသည် အဟုတ်အမှန်ရှိ၏၊ ထိုသူတို့ကို အရှိအသေပြုခြင်း အပစာယနကုသိုလ်သည် လူနတ်စည်းစိမ်ချမ်းသာကျိုးကို ပေး၏ဟု ဤမျှသာ ယုံကြည်သိမြင်၍ ပြုသောသူသည် ဝဋ္ဋနိဿိတအပစာယန ကုသိုလ်မျှ (စရဏ တဖက်သတ်) ပြုတတ်သူဖြစ်၍ ဝိဇ္ဇာမပါရကား ဝဋ်၌သာလည်၏၊ နိဗ္ဗာန်သို့မရောက်ပေ၊ ရှိသေထိုက်သော ပုဂ္ဂိုလ်သတ္တဝါဟူသည် မြို့မျှမရှိ ချုပ်နာမ်သာရှိ၏၊ ချုပ်နာမ်အချင်းချင်းရိုသေဖွယ်မရှိဟု မှားသောအားဖြင့် နှလုံးသွင်းလျက် အပစာယနတည်းဟူသော စရဏမျိုးသမျှတိုအချိုးကို ဖျက်၍ သက်ကြီးဝါကြီး ပုဂ္ဂိုလ်မျှားကို ကိုးယိုးကားယား ခန့်ညားမရှိ မထီမဲ့မြင် ပြောဆိုနေထိုင်ခြင်းကို ပြုနေသောသူသည်လည်း စရဏမပါ၊ ဝိဇ္ဇာတဖက်သတ် ပုဂ္ဂိုလ်ဖြစ်ရကား နိဗ္ဗာန်သို့မသွားနိုင်၊ သက်ကြီးဝါကြီး ပုဂ္ဂိုလ်တည်းဟူသော သမ္မုတိသစ္စာကို ချိုးဖျက်၍ မထီမဲ့မြင် ပြုခြင်သော ကျော်နင်းပြစ်မှားမှုအကုသိုလ် အဂါရဝစိတ်ကြောင့် အပါယ်၌ မြုပ်ရလေသည်၊ ချုပ်နာမ်သာ အဟုတ်အမှန်ရှိ၏၊ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်ဆိုသည်ကား အဟုတ်မရှိ သမုတ်ရှိသမုတိမျှတည်း၊ ထိုသမ္မုတိမျှဖြစ်သော သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကို သမ္မုတိမျှ အနေအတိုင်းထား၍ ဝိဇ္ဇာဉာဏ် ယှဉ်တဲ့လျက် ရှိသေခြင်းပြုမူကား ဝိဝဋ္ဋနိဿိတ အပစာယနကုသိုလ်ဖြစ်သဖြင့် ဝိဇ္ဇာစရဏ သမ္မန္နပုဂ္ဂိုလ် စွယ်စုံပညာရှိဟု ဆိုလောက်ရကား နိဗ္ဗာန်ရွေ့ဘုံသို့ ခိုလှုံရတော့သည်၊ ဤသို့စသည်ဖြင့် ဝိဇ္ဇာစရဏသမ္မန္နပုဂ္ဂိုလ်မြတ်ဖြစ်အောင် စရဏမပြုတိုင်း ဝိဇ္ဇာနှင့်တွဲပါဟူလို—

ထို့ကြောင့် လယ်တိဆရာတော်၏ သာသနသမ္ဂဟဒီပနီကျမ်း၌—

စရဏံ ပါဒဟက္ခံဝ၊ ဝိဇ္ဇာတုဏ္ဍသမံ သမံ။
ပူရယိတ္ဝာန ပက္ခေယျုံ၊ ဘူဠိတုံ အမတံ ရသံ။

ဤပါဠိတော်၏ လိုရင်းအပြောင်ယမ်းမှာ အရိယာတို့ လက်သုံးဖြစ်သော ဝိဝဋ္ဋနိဿိတ ဒါန သီလမျှားကို တွင်တွင်လိုက်စား၍ ဘာဝနာကို ထင်မြင်အောင်ရှုပွားလျက် ဝိဇ္ဇာစရဏ ချိန်ခွင်လျှာ ပမာဏ ညီမျှစွာ အားထုတ်ရမည်ဟု အဓိပ္ပါယ်ရပါသည်ဘုရား။

မဂ်ကုသိုလ်ဟုပါရှိရာ၌ လောကုတ္တရာမဂ်ကို ရေးသားခြင်း မဟုတ်ပါဘုရား၊ ပုဗ္ဗဘာဂ လောကိမဂ်ကို ရေးသားခြင်း ဖြစ်ပါသည်ဘုရား။

ဝိဝဋ္ဋဒီပနီကျမ်း နှာ-၁၂ ၌—

ကာမ ဂုဟ အရွယဟူသော ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု ဝိကွမ္ဘန

http://www.dhammadownload.com

ပဟာန်အားဖြင့် ခွာရှဲမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို (ဖြစ်စေလျက်) တဏှာမဖက် (ဝဋ်မှထွက်လိုသောဆန္ဒ) (မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှသော) ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ် ဆိုသည်ဟူလို–

ဤသို့ရေးသားရာ၌–

မှတ်ချက်။ (၁) ဖြစ်စေလျက် (၂) ဝဋ်မှ ထွက်လိုသောဆန္ဒ (၃) မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှသော ဤသုံးချက်ကို ထောက်သဖြင့်လည်းကောင်း၊

ထေရဝါဒ ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ မဟာသတိပဋ္ဌာန ဥဒ္ဒေသဝါရကထာဝဏ္ဏနာ ဆဋ္ဌမ နာ-၃၃၆ ကြောင်းရေ ၂၂ ၌–

ကာယာဒိဓမ္မတုအာရမ္မဏပဗ္ဗတ္တော ဟိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ ဣဓာဓိပ္ပေတော နာ လောကုတ္တရော။

ဤအဋ္ဌကထာကို ထောက်သဖြင့်လည်းကောင်း–

မြန်မာပြန် လိုရင်းမှာ ကာယာနုပဿနာအစရှိသော လေးပါးသောအာရုံသို့ ရောက်သော ပုဗ္ဗဘာဂသတိပဋ္ဌာန်ဟုဆိုအပ်သော ဝိပဿနာမဂ်ကို ဤနေရာမှာ အလိုရှိအပ်၏၊ လောကုတ္တရာမဂ်ကို ဤနေရာမှာ အလိုမရှိအပ်။

သုက္ခဝိပဿက နည်းလမ်း။ ။သုက္ခဝိပဿက ပုဂ္ဂိုလ်တို့၏ နည်းလမ်းအားဖြင့်ကား အာနာပါန အစရှိသော သမထအလုပ်ကို တသီးတခြား မလုပ်ပြီ၊ သီလကွန္ဓမဂ္ဂင်သုံးပါးကို ဆောက်တည်ပြီးလျှင် ပညာကွန္ဓ မဂ္ဂင်အလုပ်ကို ထူထောင်၍ အားထုတ်၏၊ သမာဓိကွန္ဓ မဂ္ဂင်သုံးပါးသည် ပညာကွန္ဓ မဂ္ဂင်နှစ်ပါးနှင့် တွဲဖက်၍ ပါလေ၏၊ ပဉ္စင်္ဂိကမဂ်ဟူ၍ခေါ်၏၊ မဂ္ဂင်ငါးပါး တပေါင်းတည်း ဖြစ်ပွာ.၍သွား၏၊ ရှေးသီလကွန္ဓမဂ္ဂင်သုံးပါးနှင့်ပေါင်းသော် မဂ္ဂင်ရှစ်ပါးဖြစ်၏။

လယ်တီဒီပနီပေါင်းချုပ် (ပ)တွဲ မဂ္ဂင်္ဒီပနီ၊ နာ(၂၁၀)၌လည်း–

ထေရဝါဒအပါအဝင်ဖြစ်သော ဤလယ်တီဆရာတော်ဘုရားကြီး၏ ရေးသားပုံကို ထောက်သဖြင့်လည်းကောင်း မဂ်ကုသိုလ်အရ ပုဗ္ဗဘာဂလောကီ မဂ်ကုသိုလ်သာ ယူရပါမည်ဘုရား။

ပညကိရိယာချည်း မထင်နှင့်ဟု ရေးသားရာ၌ ဝဋ္ဋနိဿိတ ပုညကိရိယာကိုသာ ရေးသားခြင်းဖြစ်ပါသည်၊ ဝိဝဋ္ဋနိဿိတပုညကိရိယာကို ဝိဝဋ္ဋနိဿိတကုသိုလ်၌ ပါဝင်သွားပြီး ဖြစ်သော ကြောင့် ဆရာတော်ဘုရားကြီးက သိလောက်သဖြင့် ရေးသားခြင်းမပြုပါ။

http://www.dhammadownload.com

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်း နှာ(၂၁၈)၌—

ထိုဝိဇ္ဇနိဿိတကုသိုလ်ကိုမူကား သန်ဂရုဖဒ်၌လည်း မထည့်သွင်းအပ်၊ ကာမဘာဝ၌လည်း မထည့်သွင်းအပ်။

အဘယ့်ကြောင့်နည်းဆိုသော်—

ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် ဝဋ်လည်ပုံကို ရည်၍ဟောအပ်သော ဝဋ္ဋကထာဒေသနာဖြစ်လေသောကြောင့်တည်း၊ ဤသို့မိန့်တော်မူပါသည်ဘုရား။

(ဂ) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှကုသိုလ် ကုသလကမ္မပထတရား(၁၀)ပါး၊ ပုညကိရိယာ(၁၀)ပါးဟု ဤသို့ ဖြည့်စွက် ယူရပါမည်ဘုရား။

အဝိဇ္ဇာဦးစီးသော ဝဋ္ဋနိဿိတကုသိုလ်များကို ရေးသားခြင်း ဖြစ်ပါသည်ဘုရား။

အပါယ်ဘုံသား ခွေး, ဝက်, ကျွဲ, နွားများမှာ နိဗ္ဗာန်ကို ရောက်စေနိုင်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်များ ပါရမီကုသိုလ်များကို ပြုလုပ်ခွင့်မရသော ဘုံများဖြစ်၍ ပြုလုပ်ခွင့်ရသော သုဂတိဘုံကို ရအောင် ဆုတောင်းရမည်ဟု ရေးသားခြင်း ဖြင့်ပါသည်ဘုရား။

လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဥတ္တမပုရိသဒီပနီဟံသာဝတီမူ၊ နှာ(၁၀)၌ ဆုတောင်းမှားပုံကို ဤသို့ ရေးသားထားပါသည်ဘုရား။

မေဏ္ဍကသဋ္ဌေး၏ ကျွန်ဖြစ်သော ပုဏ္ဏသည် ပစ္စေကဗုဒ္ဓါကို တွေ့၍ ဆွမ်းလှူသောအခါ ဆုတောင်း နေရာမကျသည့်အတွက် ဘဝအဆက်ဆက် ကျွန်ခံရခြင်းဖြစ်ရလေ၏၊ စူဠသုဘဒ္ဒါဆင်မသည် ပစ္စေကဗုဒ္ဓါကို သစ်သီးဆွမ်းလှူရာ ဆုတောင်းချော်၍ အလောင်းတော် ဆင်မင်းကို သတ်သဖြင့် ငရဲသို့ကျရလေ၏၊ ရွှေဘဝဋ္ဌ ပစ္စေကဗုဒ္ဓါကို တွေ့ကြသော ကုသမင်းကြီးနှင့် ပဘာဝတီတို့လည်း ဆုတောင်းမတဲ့ အဟန်ဃဲ ရွဲ့ကြ၍ ကသီလင်တ ဒုက္ခအထွေထွေ ဖြစ်ကြလေ၏။

ဤသို့သျှင် ကုသိုလ်ပြုရာ ဆုတောင်းချော်ကြ၍ မတော်မလု ဖြစ်ကြကုန်သော ဝတ္ထုနိပါတ် ဇာတ်ဆုဇင်တို့သည် အလွန်ပင် များလှကုန်၏၊ ဆုံးမသင်ကြားသော ဆရာလည်း နေရာ ကျလိုလှ၏၊ ဝိခုရဇာတ်တော်မှာ ဈာန်ရ ရသော်လည်း ဦးကို ဆွမ်းကျွေးသော သဋ္ဌေးကြီး လေးဦးတွင် နှစ်ဦးသော သဋ္ဌေးတို့သည် မိမိတို့ ဆရာရသော် စကားကို နာခံ၍ တိရစ္ဆာန် နဂါး ဂဠုန်ဖြစ်ကြကုန်

http://www.dhammadownload.com

၏၊ ဤသို့ ဆရာပြုလုပ်သူအတွက်ကြောင့် လက်အောက်တပည့်သား အမှုးခြေမြစ် မနှစ်တန် နှစ်ရသော အရာများကိုလည်း သတိထားကြကုန်ရာ၏ဟု မိန့်တော်မူပါသည်။

ထို့ကြောင့် သုဂတိဘုံ၌ သာသနာတော်တွင်းကာလ ရှေးကြဖြစ်နေသော ပုဂ္ဂိုလ်များမှာ ဒါန၊ သီလ၊ ဘာဝနာများကို ပြုလုပ်ဆောက်တည် ပွားများအားထုတ်တိုင်း နိဗ္ဗာန်ကိုသာ ဆုတောင်း၍ ပြုလုပ်ပါဟု ဗုဒ္ဓဘာသိတကို ရေးသားခြင်း ဖြစ်ပါသည်ဘုရား။

ထေရဝါဒ နိဒါနသံယုတ် အဋ္ဌကထာ ပဋိပဒါသုတ် အဖွင့် ဆဋ္ဌမ၊ နှာ (၁၈)၌–

> ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌက်-ယာဂုမတ္တဒါနမ်ိဳ ပဏ္ဏမုဋ္ဌဒါနမတ္တမ်ိဳ၊ သမ်ဳံ တံ ဝိဝဋ္ဋူပကို်ယံ ဝိဝဋ္ဋနိဿိတံ၊ ဝိဝဋ္ဋ ပကို်ကတ္တာ သမ္မာပဋိပဒါဝ ဟောတိ။

အကျဉ်းအဓိပ္ပာယ်မှာ— အနည်းဆုံး အုန်းတမူတ်မပို တဟင်းချိုမျှသော ယာဂုအလှူ ဟင်းရွက်တဆုပ် အလှူမှစ၍ နိဗ္ဗာန်ကိုသာ ဆုတောင်းပြုလုပ်ပါ၊ ဒါ၌ ဘုရားအလိုတော်ကျ ကောင်းသောအကျင့် ဖြစ်ပါမည်ဟု သဘောရပါသည်ဘုရား။

ဎင်းကျမ်း နှာ (၁၈) ၌ ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ်ိဳ ပစ္စေကဗောဓိ-ဉာဏမ်ိဳ သဗ္ဗညုတညာဏမ်ိဳ ဒါတုံ သက္ကောတိဓေဝ၊ နှ အရဟတ္တံ အပတွာ ပရိယောသာနံ ဂစ္ဆတိ။

အဓိပ္ပာယ်လိုရင်းမှာ— ဒါနကုသိုလ် ပြုလုပ်တိုင်း နိဗ္ဗာန်ကိုသာ ဆုတောင်း၍ ပြုလုပ်သော ကုသိုလ်မှသာ ပကတိသာဝက မဟာသာဝက အဂ္ဂသာဝက အဖြစ်ကိုလည်းကောင်း ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း သဗ္ဗညုတဉာဏ်ကို လည်းကောင်း ရနိုင်ပါမည် ဘုရား။

ဤသို့ သောဓနာလျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ် (၄) သောဓနာကို တင်သွင်းလျှောက်ထားပါသည်၊ အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းစိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

http://www.dhammadownload.com

သောဓနာ အမှတ် (၅)

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

အမှတ် (၅) စောဒနာချက်ကို ဉာဏ်မီသမျှ သောဓနာချက်ပါဘုရား။

(က) စောဒနာချက်မှာ— ဘုရားတပည့်တော်တို့နှင့် လုံးဝ မပတ်သက်ပါဘုရား။

(ခ) ကလျာဏပုထုဇ္ဇဉ်တို့သည် ဒါန သီလ ပြုရာမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့နှင့် တန်းတူသတ္တိရှိပုံ မြတ်ပုံကို အောက်ပါ ပဋ္ဌာန်းပါဠိတော် ပဥ္စဝဂါရ အာရမ္မဏပစ္စည်း ဆဋ္ဌမူ (ပ) နှာ-၁၃၂၊ ၁၃၃-၌

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ပစ္စဝေက္ခတိ၊ ဆေက္ခာ ဝါ၊ ပုထုဇ္ဇနာ ဝါ၊ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ဤ ပဋ္ဌာန်းပါဠိတော်ကြီး၏ လိုရင်းမှာ—ကုသိုလ်သည် ကုသိုလ်တရားအား အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

ဖြုပုံကား။ ။ဒါနကို လှူဒါန်း၍ သီလကို ဆောက်တည်၍ ဥပုသ်ကို ကျင့်သုံး၍ ထိုဒါန သီလ ဥပုသ်ကိုဆင်ခြင်၏။

ဆင်ခြင်ပုံကား။ ။သေက္ခအရိယာ ပုဂ္ဂိုလ် ကလျာဏပုထုဇ္ဇဉ် ပုဂ္ဂိုလ်တို့သည် ဒါနကုသိုလ် သီလကုသိုလ် ဥပုသ်ကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တ-ဟူ၍ ဝိပဿနာ ရှုကြပါကုန်သည်ဘုရား။

ထေရဝါဒ ဝိနည်းပါဠိတော် ဒေသနာနည်းအားဖြင့် ရဟန်းတို့အား မအပ်သော အခေါ် အဝေါ် ထမင်းဟူသော ပညတ်အပ်သော အခေါ် အဝေါ် ဆွမ်းဟူသော ပညတ်တို့မှ လွှတ်မြောက်၍ အဆင်း အသံ အစရှိသော ပရမတ် သဘောတရားစုကို အာရုံပြု၍ ဖြစ်သောကြောင့် သုတ္တန်ဒါနထက် ဝိနည်းဒါန မြတ်ပုံ ဝိနည်းဒါနထက် အဘိဓမ္မာဒါနမြတ်ပုံကို—

အဘိဓာနပ္ပဒီပိကာ ဋီကာ (၂) ဘူကဏ္ဍ-၄၊ စတုဗ္ဗဏ္ဏဝဂ္ဂဝဏ္ဏနာ ဆဋ္ဌမူ၊ နှာ (၂၉၃) ၌—

http://www.dhammadownload.com

တတ္ထဝေဝမာစရိယာ ဝဒန္တိ သုတ္တန္တနယဒါနတော ဝိနယဒါနမေဝ မဟပ္ပလံ၊ တတော်ပိ အဘိဓမ္မဒါနမေဝ မဟပ္ပလံ၊ ကသ္မာ ရူပါဒိသု ပရမတ္ထဝသေနေဝ အဘိနိဝိသိတ္တာ ဒါနဝသေန တတော်ပိ အတိသယဒါနတ္တာတိ။

အနက်။ ။တတ္ထဝေ၊ ထို ဗာဟိယဒါနအစရဏ်ဒ်ပင်လျှင်။ အာစရိယာ၊ ကျမ်းတတ်အကျော် ဆရာတော်တို့သည်။ ဝဒန္တိ၊ ဥဒ်ဏ်ရောင်စုံလျက် မိန့်မြွက်တော်မူကြကုန်၏။ သုတ္တန္တနယဒါနတော၊ သုတ္တန်နည်းအားဖြင့် လှူသော ဒါနထက်။ ဝိနယဒါနမေဝ၊ ဝိနည်းဒေသနာတော်အားဖြင့် လှူသော ဒါနသည်ပင်လျှင်။ မဟပ္ပလံ၊ အကျိုးကြီးပါ၏။ တတော်ပိ၊ ထို ဝိနည်းဒေသနာတော် နည်းအားဖြင့် လှူသောဒါနထက်။ အဘိဓမ္မနယဒါနမေဝ၊ အဘိဓမ္မာနည်းအားဖြင့် လှူသောဒါနသည်သာလျှင်။ မဟပ္ပလံ၊ အကျိုးကြီးစေ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ရူပါဒိသု၊ ရူပါရုံ အစရှိသည်တို့၌။ ပရမတ္ထဝသေနေဝ၊ ပရမတ္ထ၏ အစွမ်းဖြင့်သာလျှင်။ အဘိနိဝိသိတ္တာ၊ နှလုံးသွင်း၍။ ဒါနဝသေန၊ လှူအပ်သော ဒါန၏အစွမ်းဖြင့်။ တတော်ပိ၊ ထို သုတ္တန်ဝိနည်း ဒါနထို့ထက်လည်း။ အတိသယဒါနတ္တာ၊ လွန်ကဲသော ဒါန၏ အဖြစ်ကြောင့်။ အဘိဓမ္မနယဒါနမေဝ၊ အဘိဓမ္မာဒါနသည်သာလျှင်။မဟပ္ပလံ၊ အကျိုးကြီးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

စတုတ္ထနာယကဆရာတော် ဦးတိဏ္ဏရေး ဒီဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း တတိယတွဲ နှာ (၂၄)၌–

ဥပမာ ဥပမေယျဟပ်သော် သက္ကာယဒိဋ္ဌိ လှမ်းမိုးအုပ်စိုးလျက်ရှိသော ဤ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကား ဘီလူးမနှင့် တူစေ၊ ယခင် ပြဆိုခဲ့ပြီးသော တဏှာသိုလ်ငတ္တုကြီးအတိုင်းပါပဲ၊ ဘီလူးမကြီးကို ထိပ်ခေါင်တင်မကြီး ထားလိုက်တော့ တခြားလူ အပူမတိုက်ပဲ မင်းဘုရားတဆူ ဒုံရင်းလူကို အပူတိုက်တာလို ဤခန္ဓာကိုယ်တည်းဟူသော ဘီလူးမကို အလိုလိုက်မိလို့ အလိုလိုက်နေကြတဲ့ ပုထုဇဉ် သူငါအမိုက် ဒုံရင်းလူတွေကို လိုက်လိုက်ပြီး အမြဲတမ်း အပူတိုက်နေတော့တာပဲ မဟုတ်လား ဒကာဗိုလ်ရ—

ဤရေးသားပုံကို ထောက်သဖြင့် မိမိခန္ဓာကိုယ်ကြီး၏ အပြင်းအထန် နှိပ်စက်နေပုံကို သိစေလိုရှိ၍ ရေးခွင့်ဆိုက်သော နေရာဖြစ်သောကြောင့် ရေးသားခြင်း ဖြစ်ပါသည်။

မန်လည်ဆရာတော်ဘုရားကြီး ဗန်းမော်ဆရာတော်ဘုရားကြီး မျှားလည်းရေးခွင့်ဆိုက်က ရေးတော်မူကြောင်းကို ရဟန်း ရှင် လူမျှား အသိဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com

ဤသို့ သောဓနာ လျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ်(၅) သောဓနာကို ဖောင်သွင်း လျှောက်ထားပါသည် အမှတ်(၃) ပဲနည်းမိုရ်အရှင်သူမြတ်တို့ဘုရား။

သောဓနာ အမှတ်(၆)

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ဘုရား—

စောဒနာ အမှတ်(၆)ကို ဉာဏ်မီသမျှ တပည့်တော်မျှား၏ သောဓနာချက် ပါဘုရား။

အမှတ်(က)အချက်မှာ တပည့်တော်မျှား တာဝန်ယူထားသော ကျမ်းစာ များမဟုတ်သဖြင့် တပည့်တော်မျှား ဖြေဆိုရန် တာဝန်မရှိပါဘုရား၊ (ခ) အမှတ်ပြု စောဒနာကိုသာ ဖြေဆိုပါမည်ဘုရား။

(ခ) တကယ် ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့်တကယ်သိမြင်လျှင် ဘယ်အနိစ္စ,ဒုက္ခ, ဘယ်အနတ္တ ဟု ရှုဖွယ်ရာမရှိ၊ တကယ်ကြီး ပြီးစီးပါ၏၊ လိုရင်းကား – ပရမတ်ဆတ်ဆတ် ဓာတ်ကိုပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာ တရားဟု တခမ်းတနား အခြားလုပ်ဖွယ်မရှိ၊ အကုန်လုံးပြီးစီးပါ၏၊ ဤအရာ တွင် ဝိပဿနာတင်လျှင် မမြဲသော သဘောကို ဘယ်လိုပင်မြင်မြင် ဘယ်ဟာ မမြဲဟု ရှုလျှင် မဟုတ်သောနည်း မမှန်သောနည်း၊ ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး၊ ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင် လျှင် အဟုတ်မြင် အမှန်မြင် သေးတာပန်ဟုသာ မှတ်ပါ။

(ကမ္ဘာလုံးမူ၊ခြောက်စောင်တွဲ—နွာ—၉၂)

ထိုစကားပိုဒ်များကို ၎င်းခြောက်စောင်တွဲမူနှင့်ပင် ပြန်လည်နှိုင်းယှဉ် ထုတ် နုတ်၍ လျှောက်ထားပါမည်ဘုရား။

(ခ) ၎င်းမူ(၁၀၇)၌ မိမိဉာဏ်မျက်စိအား ဝတ်ထား၍ ပွားများသည် လည်းတချက် ဟူ၍လည်းကောင်း—

(၂) ၎င်းမူ (၁၄၂)၌ နိဗ္ဗာန်ကို လိုလား၍ ဝိပဿနာတရားကို အားထုတ် ကြသော်ဆူ ရှင်ရှင် လူလူ ဟူသမျှတို့သည် မြင်းမိုရ်တောင်သွား ယောကျ်ားနှင့် တူ၏ ဟူ၍လည်းကောင်း—

(၃) ၎င်းမူ(၂၈၂)၌ သူငါတို့အား သတ္တဝါများမှာ သံသရာနှင့်အမျှ ခဲယဉ်းကြသည် ဟူ၍လည်းကောင်း—

http://www.dhammadownload.com

(၄) ၎င်းမူ(၃၅၁)၌ ယခုအခါ သူသူငါငါပင် ပရမတ်သစ္စာ ပညာမြင်ကို အသိလို ချို့ရိပ်ရိပ်က တဆိပ်မျှရှိကြ၍ ထိုပရမတ္ထသစ္စာ သဘာဝကိုပင် မမြင်မနေဘူးတဲ့၊ အံကြိတ်ခဲ၍ လွန်ကဲအားသစ်ကြပါကုန် ဟူ၍လည်းကောင်း–

(၅) ၃၄၉–၃၉၂ တို့၌ ဖြစ်ပြီးသောအကုသိုလ်ကို ပယ်ခွာရအောင် ဝီရိယလုံ့လ ဥဿာဟဖြင့် အားထုတ်ကြရမည်၊ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်ကြရအောင် အားထုတ်ကြရမည် စသည်တို့လည်းကောင်း–

(၆) ထိုကြောင့် သာသနာခဏ ဝိပဿနာဓမ္မ အနိစ္စ,ဒုက္ခ,အနတ္တ တရားကို များစွာအားထုတ်ကြရမည် ဟူ၍လည်းကောင်း၊ ဤသည်တို့မှာ အချို့မျှသာ ဖြစ်ပါသေးသည်။

ဤစကားအပိုဒ် ဝါကျများကို ထောက်ဆ၍ အနုပုဗ္ဗသိက္ခာကို ပယ်သောဝါဒ ကျင့်ကြံ ရှုပွား အားထုတ်စရာမလို သိလျှင်ပြီးရောဝါဒ ဟုတ်မဟုတ်ကို အမှတ်(၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများ သိနိုင်လောက်ပါပြီဘုရား။

အထက်တွင် ဖော်ပြခဲ့သော ခြောက်စောင်တဲ့ စကားပုဒ်များကို အာစရိယဝါဒ ရသမျှ ဉာဏ်မီသမျှ အဝယဝတ္ထ အဓိပ္ပာယ်ဖော်ပြရလျှင်–

(၁) တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင်—ဟူသောစကားအရ ဆိုလို ထည်မူ–

> သမ္မသနဉာဏတော ပဋ္ဌာယ ဟိ ဒဿနမေဝ အဓိပ္ပေတံ၊ န သဘာဝ ဇာနနမတ္တံ။ ယတော စက္ခုနာ ပဿန္တဿေဝ သုဋ္ဌု ပစ္စက္ခတော ဒဿနတ္ထာယ ပုနပ္ပုနံ ဘာဝနာကမ္မံနာမ တတ္ထ ဣစ္ဆိတဗ္ဗံ ဟောတိ။

မန္တလေး ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ရိုက် လယ်တီဆရာတော်ဘုရားကြီး၏ အနုဋီပနီပါဠိ–နှာ–၂၇၇–

ဟူသည်နှင့်အညီ သညာမြင် ဝိညာဏ်မြင်တို့ဖြင့် သဘာဝကို သိရုံကလေးမျှ မဟုတ်ပဲ၊ ဝါ–အနုဗောဓ သိရုံကလေးမျှ မဟုတ်ပဲ ပဋိဝေဓသိ ထိုးထိုးထွင်းထွင်းသိ ခန္ဓာငါးပါး ပရမတ္ထတရားတို့ကို မျက်စိနှင့်တဲ့တဲ့မြင်သကဲ့သို့ သိသော ကာယသစ္စိကရဏ-သိ ဉာဏသစ္စိကရဏ-သိ သိသော အသိမျိုး အမြင်မျိုး ကိုဟာ ဆိုလိုပါသည်။ ထို့ကြောင့်—

> ကေသော ဂဟိတောတိ အနုဿဝေန ဝါ၊ အာစရိယပရမ္ပရာယ ဝါ ဣတိ ကိရာယ ဝါ ပိဋကသမ္ပဒါနေန ဝါ အာကာရပရိဝိတက္ကေန ဝါ

http://www.dhammadownload.com

ဒီဋ္ဌိနိဗ္ဗာနကွန်တိယာ ဝါ တက္ကဟေတု ဝါ နယဟေတု ဝါ အကထေတွာ ပစ္စက္ခတော၁ ဉာဏေန ပဋိဝိဇ္ဈိတွာ ဝိယ ကေသော ဂဟိတော ဆန်ဒိဋ္ဌာနကတာဝ ကထိတာတိ အတ္ထော။[၁]

ဤအဋ္ဌကထာပြသော ဝိပဿနာဉာဏ်၏ အနီးအပါး၌ ဝိပဿနာဉာဏ်ကို ကပ်၍ ဖျက်ဆီးတတ်သော အသိ(၇)မျိုးမှ တပါးသော အသိမျိုး အမြင်မျိုးကိုသာ တကယ်ထိထိမိမိနှင့် တကယ်သိမြင်သော အသိအမြင်ဟု ဆိုလိုပါသည်။

(၂) တကယ်ကြီး ပြီးစီးပါ၏ ဆိုသည်မှာ အထက်ဖော်ပြသကဲ့သို့ သိမြင်လျှင် ဉာတပရိညာ တီရဏပရိညာ (၂)ပါး တပါတည်း တကယ်ကြီး ပြီးစီးပါ၏။ ထို့ကြောင့်–

တတ္ထ ရူပံ အနိစ္စံ ခယဋ္ဌေနာတိ တံတံ ရူပံ ဉာဏေန ဒဋ္ဌံ ဂဟေတွာ အယံ ပထဝီဓာတု အနိစ္စံ ခယဋ္ဌေန အယံ အာပေါဓာတု အနိစ္စံ ခယဋ္ဌေနာတိ အာဒိနာ သမ္မသနံ ကာတဗ္ဗံ။

(ဣစ္ဆာသယ ဝိဠကတ်ပုံနှိပ်တိုက်ရိုက် လယ်တီဆရာတော်ကြီး၏ ပရမတ္ထ ဒီပနီဋီကာ နှာ-၄၃၇)

ဉာဏေန ဒဋ္ဌံ ဂဟေတွာတိ ဓမ္မဝဝတ္ထာနဉာဏေန သုဋ္ဌု ဝိဘူတံ ကတွာတိ အဓိပ္ပါယော။

(မန္တလေး ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ရိုက်၊ လယ်တီဆရာတော် ဘုရားကြီး၏ အနုဒီပနီပါဠိ နှာ-၂၉၉)

ဤဋီကာ ဒီပနီတို့နှင့်အညီ ဓမ္မဝဝတ္ထာနဉာဏ်အလင်းဖြင့် ဉာတ တီရဏ ပရိညာ(၂)ပါးတို့ တကယ် ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဝါ- တကယ်တန်း ဉာဏ ဒဋ္ဌ ဂဟဏဖြစ်လျှင် တကယ်ကြီး ပြီးစီးပါ၏၊ ဤသို့ဆိုပါသည် ဘုရား။

(၃) ပရမတ်ဆတ် ဓာတ်ကိုပေါက်လျှင် ဆိုသည်မှာ (ပေါက်) ဟူသော မြန်မာစကားအရ အထက်တွင် အဋ္ဌကထာ ဋီကာ ဒီပနီတို့ဖြင့် ဖော်ပြခဲ့သော အသိမျိုးကို ဤနေရာ၌ သိမြင် ပေါက်ရောက်ခြင်း အဓိပ္ပာယ်ဖြင့် (ပေါက်) ဟု ဆိုပါသည်ဘုရား။

(၄) ဘယ်အနိစ္စ ဒုက္ခ ဘယ်အနတ္တဟု ရှုဖွယ်ရာမရှိ ဟူသော စကားနှင့် ဝိသုဒ္ဓိ ခုနစ်ပါး ဝိပဿနာတရားဟု တခမ်းတနား အခြား လုပ်ဖွယ်မရှိ အကုန်လုံး ပြီးစီးပါ၏ ဆိုသည်တို့မှာ—

၁။ ပါထိကဝဂ္ဂ အဋ္ဌကထာ၊ ဆဋ္ဌမု-နှာ-၆၂။

http://www.dhammadownload.com

အထက်၌ ဖော်ပြခဲ့သလို တကယ် ပရမတ်ဆတ်ဆတ်ကို တကယ် ထိထိမိမိ နှင့် တကယ်သိမြင်ပေါက်ရောက်လျှင် ပရိညာ ၃-ပါးတို့တွင် တီရဏပရိညာ ပဟာနပရိညာ၊ ကမ္မဋ္ဌာန်း ၂-မျိုးတို့ဘွင် ဝိပဿနာကမ္မဋ္ဌာန်း၊ ဝိသုဒ္ဓိနှင့် ပြောလျှင် ဝိသုဒ္ဓိ ခုနစ်ပါး ဖြစ်ပါတော့သည်ဘုရား၊ ဝိပဿနာအလုပ်သည် အဝုတ္ထသိဒ္ဓိနည်းဖြင့် အတွင်းဝင်ပြီး ပြုလုပ်အားထုတ်ပြီး ဖြစ်ပါတော့သည်ဘုရား။

(၅) ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသော သဘောကို ဘယ်လိုပင် မြင်မြင် (ဘယ်ဟာမမြဲ)ဟု ရှုလျှင် မဟုတ်သောနည်း မမှန်သောနည်း ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး။

ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင် အဟုတ်မြင် အမှန်မြင် ဆိုသည်မှာ—

ဤစကား၀ါကျများ၌ ဘယ်ဟာမမြဲနှင့် ဘယ်ဟာဆိုသည် ဤနှစ်ချက်သာ လိုရင်းဖြစ်ပါသည်၊ ထို ၂-ချက်အရကို ၎င်းခြောက်စောင် ဆရာတော်ကြီး၏ စကား၀ါကျများဖြင့်ပင် လျှောက်ထားပါမည်ဘုရားး

ပရမတ်မှန်က ပရမာဏုမြူတခြမ်းကို အစိတ်တသန်းစိတ်၍ **တစိတ်စာမျှ** သဏ္ဌာန်ပညတ် ဒြင်္ဂအသွင် ထင်စရာ မြင်စရာမရှိ လစ်လစ်သုတ်သုတ် သိမ့်သိမ့် လှုပ်သော သဘောမြိမြိမျှမှသာ ပရမတ်ဟု မှတ်ပါ၊ သဏ္ဌာန်နိမိတ် အရိပ် အသွင်နှင့် ပြောစရာ ပြစရာ ရောတည့် မ-တည့် သည်ဟာဟု ဟိုဟာဟု တခုခု နိမိတ်နှင့် အရိပ်သွင်ဟန် ထင်ခဲ့ပြန်လျှင် ပညတ်ခံသာပြီဟူ၍သာမှတ်ပါ။

ဤကဲ့သို့ သဏ္ဌာန်ပညတ် ဒြဗ်အသွင်နှင့် ထင်မြင်ခဲ့လျှင် တကဲ့အနိစ္စပင် မဟုတ်သေး၊ တကဲ့ဒုက္ခမှာဒဂ်စ္စ၊ **တကဲ့အနတ္တမှာ** ပဂေဝ။

(ကမ္ဘာလုံးမူ-ခြောက်စောင်တွဲ နှာ-၉၁)

ဤသခ်္ခာရ ဓမ္မာ၏အရ အနိစ္စဖြစ်သော မမြဲသဘောမှာ ပြောစရာ ပြစရာ ဘယ်ဟာတစိ ရှိသည်ဟု ထင်လျှင် မဟုတ်ဒသာနည်း မမှန်သောနည်း၊ဒိဋ္ဌိပြုတ် ရုန်အရေးနှင့် အဝေးကြီး၊ ဒိဋ္ဌိပြုတ်ရန် ဟုတ်မှန်သောနည်းက ထိုမမြဲသော သဘောမျှ ဓမ္မပုဉ္ဇ သဘာဝကိုသာ ဘယ်ဟာ ဟူသော ဝေါဟာရ ပါးစပ်၀ နှုတ်ဖျားမျှဖြင့် ပြောရသည်ဟု ရှုမြင်မှသာ ယခင်ပြအပ်သော ပရမတ္ထဒီပနီ ဋ္ဌီကာဆိုသော အလိုကျမည်။

(ကမ္ဘာလုံးမူ ခြောက်စောင်တွဲ နှာ-၁၅၂)

ဤသို့ ခြောက်စောင်ဆရာတော်ကြီး ရေးသားချက်အရ ဘယ်ဟာ ဆိုသည်မှာ ပညတ်ကို ဆိုလိုကြောင်း သိသာထင်ရှားပါပြီဘုရား။

http://www.dhammadownload.com

မှန်၏—ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်မှာ ပညတ်နိမိတ်များ အာရုံ အယူနည်းနိုင်သမျှ နည်းစေပြီးလျှင် သစ်ါရ နိမိတ်ဟုဆိုအပ်သော ပရမတ်အာရုံများ အယူများနိုင်သမျှ များစေရပါမည်။ ထို့ကြောင့်—

ဓာတုသော ပစ္စဝေက္ခတော ပနဿ သတ္တသညာ အန္တရဓာယတိ၊ ဓာတုဝသေနေဝ စိတ္တံ သန္ဋိဌတိ။

(သုတ်မဟာဝါ အဋ္ဌကထာ၊ ဆဋ္ဌမူ-နှာ-၃၆၁)

ဓိဏာသဝေါ ယသ္မိ အာသ္ဝမ္ဖေ သတတဝိဟာရေန ဝိဟရတိ၊ တံ သတ္ထော ဝါ ပဂ္ဂလော ဝါ န ဟောတိ၊ ဓာတု အာဒိမတ္တမေဝ ပန ဟောတိ။

(သံယုတ္တ အဋ္ဌကထာ၊ ဒုတိယတ္တဲ့၊ နှာ—၂၅၅)

ဤသို့သောအဋ္ဌကထာကြီးများနှင့်အညီ ဘယ်ဟာ အရပညတ်ကိုဆိုလိုသည်ဟု မှတ်ယူတော်မူပါသည် ဘုရား၊ မရှရ မပွားရ အားမထုတ်ရဟု မဆိုပါ။

(၆) သောတာပန်ပင် ဟုသာ မှတ်ပါ ဟူသောစကားအရ—

အထ ခေါ ဓမ္မဒိဋိတိဉာဏံ ပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။

(နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ နိဒါနသံယုတ္တ၊ မဟာဝဂ္ဂ၊ သုသိမသုတ္တ ဆဋ္ဌမူ-နှာ-၃၄၄)

ဓမ္မဋိဋိတိဉာဏန္တိ ဝိပဿနာဉာဏံ တံ ပဌမတရံ ဥပ္ပဇ္ဇတိ။ နိဗ္ဗာနေ ဉာဏန္တိ ဝိပဿနာယ စိဏ္ဏန္တေ ပဘဿရဂုဉာဏံ၊ တံ ပစ္ဆာ ဥပ္ပဇ္ဇတိ။

(သံ-ဋ္ဌ-၂။၁၁၇။)

ဝိပဿနာမဂ္ဂမူလကော ဟိ အရိယမဂ္ဂေါ။

(သုတ်မဟာဝါ အဋ္ဌကထာ၊ ဆဋ္ဌမူ၊ နှာ—၅၂)

ဥဂ္ဃဋ္ဌတိ ယထာဒိစ္စော၊ ပုရံကတ္ဘတ္ဘာ ဂုဏံ တထာ။
ဝိပဿနံ ပုရကတ္ဘတ္ဘာ၊ မဂ္ဂဓမ္မော ပဝတ္တတိ။

နာမရူပ ပရိစ္ဆေဒကင်္ခါမ်း၊ ဒုါဒသမပရိစ္ဆေဒ၊ ဒသာဝတ္ထာ ဝိဘာဂ။ ဆဋ္ဌမူ-နှာ-၁၅၃။ ဂါထာနံပါတ်-၁၇၇၉)

အယဉ္စိ ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာနမဂ္ဂေါ ဘာဝိတော လောကုတ္တရမဂ္ဂဿ အဓိဂမာယ သံဝတ္တတိ။

(သုတ်မဟာဝါ အဋ္ဌကထာ ဆဋ္ဌမူ-နှာ—၃၄၂)

http://www.dhammadownload.com

ဤသို့ပြဆိုခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာကြီးများနှင့်အညီ အထက်တွင်ပြဆိုခဲ့ပြီးသော တကယ် ထိထိ မိမိနှင့် တကယ်သိမြင် တကယ်ပေါက်ရောက်လျှင် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ထုံးစံအတိုင်း မဟာသောတာပန် စသည်ဖြင့် တကယ်ကြီးဖြစ်ပါသည်၊ အနုပုဗ္ဗသိက္ခာမပါသော သောတာပန် မကျင့်မကြံ မရှုမပွား အားမထုတ်သော သောတာပန်စသည် မဟုတ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

(ဂ—ဃ) အမှတ်များကိုပေါင်း၍ ဖြေဆိုပါမည် ဘုရား။

(ဂ—ဃ) သောဓနာချက်ပါ ဘုရား။

ဤ (ဂ—ဃ) စောဒနာချက်၌ ခြိုက်ကန့်သိမြင်လျှင် သောတာပန်ပင်ဟု သာမှတ်ပါ၊ ဤအချက်ပင် ဖြစ်ပါသည် ဘုရား၊ ဤအချက်နှင့် ပတ်သက်၍ လွေ့လာသုံးသပ်ဆင့်သည်မှာ=

ယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋ္ဌဝေလာယ ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဂ္ဃဋိတညူ။

ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇိယမာနေ ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဉ္စိတညူ။

ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။

ယဿ ပုဂ္ဂလဿ ဗဟုမ္ပိ သုဏတော ဗဟုမ္ပိ ဘဏတော ဗဟုမ္ပိ ဓာရယတော ဗဟုမ္ပိ ဝါစယတော န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ပဒပရမော။

(သံယုတ္တ အဋ္ဌကထာ၊ ပထမတွဲ–ဆဋ္ဌမူ၊ နှာ—၁၈၄-၁၈၅)
(ဂဠိးဒုတိယတွဲ၊ နှာ-၄။ အာဘိ၊၃။၁၄၇-ပိဋ္ဌေ)

ယဿ ဆဒ္ဓါစိ ဗလဝတီ ဝိပဿနာ စ အာရဒ္ဓါ၊ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓော နာမ နော ဟောတိတိ နတ္ထိ။

(ပုဂ္ဂလပညတ် အဋ္ဌကထာ၊ ဆဋ္ဌမူ နှာ-၂၉)

ဤကျမ်းဂန်တို့၌ သီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိကိုလုပ်ရမည်၊ စိတ္တဝိသုဒ္ဓိ ပြည့်စုံမှ ဒိဋ္ဌိဝိသုဒ္ဓိကို လုပ်ရမည်၊ ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ကင်္ခါဝိတရဏဝိသုဒ္ဓိကို

http://www.dhammadownload.com

လုပ်ရမည်၊ ကခ်ီဝိတရဏပြည့်စုံမှု အနိစ္စ, ဒုက္ခ, အနတ္တ ဘာဝနာအလုပ်ကို လုပ်ရမည်ဟု ပဋိပတ်ကျင့်စဉ် ထင်ရှား ရှိနေသည်မှာ ယခုဘဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလျင်အမြန်ရဖို့ အားထုတ်သောသူတို့၏ ကျင့်စဉ်ပေတည်း။

ထို့ကဲ့သို့ မတတ်နိုင်ကြကုန်မူ၍ ပါရမီမျိုးမျှကို အရယူကြကုန်သော သူတို့မှာ ရဏာကိုသာ အမိဖမ်း၍ ယူကြရကုန်သောသူတို့ ဖြစ်သောကြောင့် သီလဝိသုဒ္ဓိ မပြည့်စုံဆေးလျှင် သမထ မနသိကာရ စိတ္တဝိသုဒ္ဓိအမှုမျိုးကို မလုပ်နှင့်ဟု မဆိုအပ်၊ မုဆိုးတံငါ အလုပ်နှင့်နေသောသူကိုပင် ထိုအလုပ်မှ မကျွတ်နိုင်လျှင် သမထဝိပဿနာ မနသိကာရအမှုကို မလုပ်ထိုက်ဟု မပြောဆိုအပ်၊ ပြောဆိုလျှင် ဓမ္မန္တရာယ် ငြိရာ၏။

ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်များကို တတ်အားသမျှ နှလုံးသွင်းရမည် မိမိကိုယ်ခန္ဓာ၏ အသုဘ အချင်းအရာများကို တတ်အားသမျှ နှလုံးသွင်းရမည် သေခြင်းတရားများကို တတ်အားသမျှ နှလုံးသွင်းရမည် ဟု သမထ မနသိကာရ အမှုများကို မုဆိုးတံငါတို့အားပင် တိုက်တွန်းခြင်းကိုသာ ပြုအပ်သည်။

(လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ၊ ဗောဓိပက္ခိယဒီပနီကျမ်း၊ သာသနာရေး ဦးစီးမှူးနှာ-၂၆၃-၂၆၄)

ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိနေသော ဝိသုဒ္ဓိ (၇) ရပ် ပဋိပတ်ကျင့်စဉ်များကိုသာ တွေ့ရှိ၍ ခေတ်သမယကို မမျှော်မိကြကုန်သော ဆရာတို့သည်ကား ယခုအခါ၌ သမထမှု ဝိပဿနာမှုများကို အားထုတ်ပါသည်ဆိုလျှင် သီလ ဝိသုဒ္ဓိပြည့်စုံပြီလား သီလဝိသုဒ္ဓိမရှိလျှင် အာပေါက်အောင်စီးဖြန်းသော်လည်း မဖြစ်ဟုပြောဆိုလေ့ရှိကြကုန်၏၊ အချို့သောလူပြိန်းတို့ကလည်း ထိုစကားကို နားယောင်ကြကုန်၏၊ ဓမ္မန္တရာယ်ဖြစ်ကုန်၏၊ ထိုသူတို့သည် အခါသမယကို မသိကြသည့်အတွက် ဘုရားသာသနာနှင့် တွေ့ကြုံမှု ရနိုင်သော ယူနိုင်သော ဝိဇ္ဇာမျိုးမှ အပဖြစ်ကြကုန်လတ္တံ့။

(လယ်တီဒီပနီပေါင်းချုပ်၊ ပ-တွဲ ဗောဓိပက္ခိယ ဒီပနီကျမ်း၊ သာသနာရေး ဦးစီးမှူး၊ နှာ ၂၆၄-၂၆၅)

ဝိပဿနာ ကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ယင်းလည်း ဖြစ်နိုင်၏၊ ယာလုပ်ယင်းလည်း ဖြစ်နိုင်၏၊ လှေသွားယင်း လှည်းသွားယင်း ဝန်ထမ်းယင်း ရောင်းယင်း ဝယ်ယင်း အစရှိသဖြင့် အိမ်အလုပ် အိမ်စီးပွါးနှင့် ဖက်တွဲနိုင်သတည်း၊ ဘုရားလက်ထက်တော်၌ လူကမူ မဇ္ဈိမတိုက်နှင့် အပြည့်ရှိ၏၊ လူသောတာပန်လည်း ပြည့်မတတ်ပင် များလှ၏၊ ထိုသို့ များလှခြင်းသည်ကား အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်းတွဲသာလှသောကြောင့်တည်း။

(လယ်တီဆရာတော်ဘုရားကြီး၏ အာဟာရဒီပနီ သုဓမ္မဝတီပုံနှိပ်တိုက်၊ နှာ-၁၂၆-၁၂၇)

http://www.dhammadownload.com

အယုတ်အားဖြင့် အစေခံ အိမ်ကျွန်မ အခစား ကူလီပင်ဖြစ်သော်လည်း သံဝေဂသတိ ကောင်းကောင်းရှိပါလျှင် ဝိပဿနာ ဖက်တွဲနိုင်တော့သည် သာတည်း။

(လယ်တီဆရာတော်၏ အာဟာရဒီပနီ၊ သုခမ္မဝတီပုံနှိပ်တိုက်ရိုက် နှာ-၁၂၇)

ဤကဲ့သို့သော အဋ္ဌကထာများနှင့် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများကို ထောက်ထား၍လည်းကောင်း အဋ္ဌသာလိနီအဋ္ဌကထာ၊ ဆဋ္ဌမုနှာ-၂၇၉ စသော ပါဠိတော် အဋ္ဌကထာများကို ထောက်ထား၍လည်းကောင်း "ခြိုက်ကန်မြင်လျှင် သောတာပန်ပင် ဟုဆမှတ်ပါ" ဟူသော ရေးသားချက်သည် ရေးသားသင့်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် အာရဒ္ဓဝိပဿက နေယျ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်တို့ အလို ဖြစ်သောကြောင့်တည်း။

သို့ဖြစ်လျှင် ယခုခေတ်မှာ ဥဂ္ဃဋိတညူပုဂ္ဂိုလ် သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်တို့ ရှိသေးပါသလားဟုဆိုငြားအံ့၊ မရှိတော့ပေ၊ ကြွင်းသော ပုဂ္ဂိုလ်(၃)မျိုးတို့သာ များသောအားဖြင့် ရှိနေကြပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည်လည်း ဝေဖန်ရေးသားထားပါသည်၊ ထို ပုဂ္ဂိုလ်များ အတွက်ကိုလည်း ခြောက်စောင်ဆရာတော်ဘုရားကြီးသည် အမှတ် (၁)တွင် ထုတ်ပြခဲ့သော (၁-၂-၃-၄-၅-၆)အမှတ်ပြ စာပိုဒ်များဖြင့် ဆုံးမ ရေးသားခဲ့ပါသည်၊ ဝိပဿနာအလုပ်ဟူသည် အပူရင်ကွဲမဟာရဇကွ တိကွိုဒ်ဒိုယ မုဒိဒ်ဒိုယ စသော ပုဂ္ဂိုလ်အားလျော်စွာ အားထုတ်ကြရပါသည်၊ ခြောက်စောင် ဆရာတော်ကြီးသည် ပုဂ္ဂိုလ်အားလုံးနှင့် သက်ဆိုင်စေရန် အထူးသတိထား၍ ရေးသားထားခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

အမှတ်(၄)အချက်မှာ တပည့်တော်များ တာဝန်ယူထားသော ကျမ်းစာများ မဟုတ်သဖြင့် တပည့်တော်များ ဖြေဆိုရန် တာဝန်မရှိပါဘုရား။

ဤမျှသော စကားရပ်တို့ဖြင့် သောဓနာအမှတ်(၆)ကို တင်ပြလျှောက်ထား၍ ပြီးစီးပါကြောင်း၊ အမှတ် (၃) နိဗ္ဗာန်တော် သီးခြားဝိနည်းဓိုရိုးဆရာတော်သံဃာ တော်အရှင်သူမြတ်တို့ဘုရား။

သောဓနာအမှတ် (၇)

ကြောင်ပန်းတောရဝါဒသည် အသခ်္ခတဟုဆိုအပ်သော သြကာသလောက ထဲ၌ သခ်္ခတ အနိစ္စရှိပုံ ဝါဒနှင့် နိဗ္ဗာန်ကို နည်း(၂)နည်းဖြင့် ပြသော ဝါဒ ဖြစ်ကြောင်း လျှောက်လွှာပါဘုရား။

http://www.dhammadownload.com

ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည် အမှတ်(၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား၊ စောဒနာအမှတ် (၇)ကို ဉာဏ်မီသမျှ တပည့်တော်များ၏ သောဓနာချက်ပါဘုရား။

(က)အမှတ်ဖြင့် ခြောက်စောင်ဆရာတော်က သြကာသလောကကို ပြဆိုပါသည်၊ နိဗ္ဗာန်ကို ပြဆိုသည်မဟုတ်ပါ၊ မပြဆိုပုံ စကားဝါကျအစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား။

ထိုလေ၏အောက်၌ မြေလည်းမရှိ၊ ရေလည်းမရှိ၊ သဒ်ပင်သတ္တဝါလည်းမရှိ၊ ဘယ်ဟာတစ်မျှ လုံးလုံးမရှိသော အဇဋာကာသ ဟူသော အဆုံးမရှိသော လဟာပြင်ကြီးအတိသာ ဖြစ်၍နေ၏၊ ရှေ့ နောက် ဝဲ ယာ ရွှေမျက်နှာ ဖီလာမှာလည်း အဆုံးမရှိ၊ ဤသို့ ဝဲ ယာ ရှေ့ နောက် ထက် အောက် ဖီလာ ဆယ်မျက်နှာ အဆုံးမရှိသော လဟာပြင်ကြီးအတိကိုသာ သြကာသလောကဆိုသည်။

ကမ္ဘာလုံးမူ ခြောက်စောင်တွဲ နှာ(၃၄)

ဤစကားဝါကျများ၌ အဇဋာကာသ ဟူသော အဆုံးမရှိသော လဟာပြင်ကြီးအတိသာဟု ကြေဓင်ပန်းဆရာတော်ကြီး ရေးထားသဖြင့် နိဗ္ဗာန်ကို မဆိုလိုကြောင်း ကောင်းကင်ဘုံ နိဗ္ဗာန်ဝါဒမဟုတ်ကြောင်း တိကျသေချာ ထင်ရှားလှပါသည်ဘုရား။

ဤစကားများနှင့် စပ်လျဉ်း၍ ထေရဝါဒ ပိဋကတ်တော်များမှ ပြဆိုတော်မူကြသော လောက(၃)ပါးကို ဉာဏ်မီသမျှတင်ပြ လျှောက်ထားပါမည်ဘုရား။

ကြေဓင်ပန်း ဝိပဿနာ ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီကျမ်း နှာ(၃၂)မှ။

၁။ ဤကဲ့သို့ ဝဲ ယာ ရှေ့ နောက် ထက် အောက် ဖီလာ ဆယ်မျက်နှာအဆုံးမရှိသော လဟာပြင်ကြီးအတိကိုသာ သြကာသလောကဆိုသည်။

၂။ ပရမတ္ထသဘာဝ အတိပါကဋ္ဌ အလွန်ပင် ကြီးကျယ်ထင်ရှားလှသော ရူပ်နာမ် သခါရတို့၏ ဖြစ်ပျက်ရာ အသစ်တစ်ခမူဖြစ်သော လဟာပြင်လောကကြီးကိုသာ သြကာသလောက ဆိုသည်မှတ်ပါ။

၃။ အသစ်တ လဟာပြင်ကြီးမှာမှသြကာသလောက သတ္တုကျသည်ဟူလို။ ခြောက်စောင်တွဲသုံးလောကဒီပနီ၊ နှာ (၂၅၂)မှ။

၄။ လိုရင်းက သြကာသလောကထဲမှထာဝစဉ် ထာဝရ အနိစ္စခေတ် နည်းများမရှိအပ်သော ပရမတ်တရား ထင်ရှားရှိ၏ဟု သိအပ်သည်မှာ–

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ၊ ဗြဟ္မုနိမန္တနသုတ်ပါဠိတော်၊ ဤသို့ရေးသားမိန့်ဆိုတော်မူထ၌–

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ)ဆဋ္ဌမူ-နှာ(၁၉၇)မှာ

အပိစ တဓော လောကာ သခါရလောကော သတ္တလောကော သြကာသဓလောကောတိ ဟုဋ္ဌ မိန့်ဆိုတော်မူရာမှာ-

(၁) သခါရလောကဟူသည်မှာ-

သခါရက ဂ္ဂန္ဒြိယဗဒ္ဓ ခန္ဓာငါးပါး ပရမတ်တရားနှင့် အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ် ရုပ်ခတ်ရှစ်ပါး ပရမတ်တရားတို့သည် သခါရတရားတို့သာ ဖြစ်ပါသည်။

လောက-က အနိစ္စဘူတေန လုဇ္ဇတီတိလောကောဟူသည်နှင့်အညီ(အနိစ္စ) ကိုလောကဆိုပါသည်။

ထို့ကြောင့် သခါရလောကဆိုသည်မှာ ရုပ်နာမ်သဘာဝ သစ္စာပရမတ်နှင့် အနိစ္စခတ်ဟု ဆိုအပ်သော အရိယသစ္စာ ပရမတ်တို့ကိုတွဲ၍ ထားပါသည်၊(ဝါ) ပရမတ် ပရမတ်ချင်းတွဲ၍ ထားသည်ကို သခါရလောက ဆိုပါသည်။

(၂) သတ္တလောက ဆိုသည်မှာ-

သတ္တက အနန္တသတ္တဝါဟူသမျှပညတ်သမ္မုတိတရားဖြစ်ပါသည်၊ လောက-က ကုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုးဖြစ်သော ဂ္ဂန္ဒြိယဗဒ္ဓ ခန္ဓာငါးပါး သဘာဝ သစ္စာ ပရမတ်တရားဖြစ်ပါသည်၊ ထို့ကြောင့် သတ္တလောကဆိုသည်မှာ သတ္တဝါ ပညတ်နှင့် ခန္ဓာငါးပါး ပရမတ်တရားတို့ကို တွဲ၍ထားပါသည်၊ (ဝါ)ပညတ် ပရမတ်တွဲ၍ ထားပါသည်။

(၃) သြကာသလောကဆိုသည်မှာ သြကာသ - ကသတ္တဝါတို့၏ တည်ရာ (၃၁)ဘုံ ပညတ် သမ္မုတိသစ္စာတရားဖြစ်ပါသည်။

လောကက အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ် ရုပ်ခတ်ရှစ်ပါး သဘာဝသစ္စာ ပရမတ်တရား ဖြစ်ပါသည်၊ (ဝါ) ပညတ် ပရမတ်တွဲ၍ ထားပါသည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆဋ္ဌမူ(ပ) နှာ (၂၃၇)မှာ—

တတ္ထ ဂ္ဂန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟတော သန္တာနေ စ သတ္တလော-ကော။ ရူပါဒီသု သတ္တဝိသတ္တတာယ သတ္တော၊ လောကီယန္တိ တတ္ထ ကုသလာ ကုသလံ တပ္ပိပါကေ စ တာတိ လောကောတိ။ အနိန္ဒြိယဗဒ္ဓါနံ ရူပါဒီနံ သမူဟေ သန္တာနေ စ သြကာသလောကော လောကီယန္တိ တတ္ထ တသ္မာဆာဝရာ စ၊ တေသဉ္စ သြကာသဘူတောတိ။ပ။ ဥဘယေပိ ခန္ဓာ သခါရလောကော ပစ္စယေဟိ သခံရီယန္တိ လုဇ္ဇန္တိ ပလုဇ္ဇန္တိစာတိ။

ဤသို့ ရေးသားတော်မူသည်နှင့်အညီ ဖြစ်ပါသည်။

http://www.dhammadownload.com

လောကသုံးပါးကို ဝိပဿနာရှုသောအခါမှာ—

(၁) သတ္တလောကကို ဝိပဿနာရှုလျှင် လောကအရ ဣန္ဒြိယဗဒ္ဓ ခန္ဓာငါးပါး ရှုပွားလိုက်ပါက ရှုပွားဆဲမှာ သတ္တဝါပညတ် ပျောက်ကွယ်၍ ထိုခန္ဓာငါးပါး သည်လည်း သခ်ါရလောက အနိစ္စထဲသို့ ရောက်သွားပါသည်။

(၂) သြကာသလောကကို ဝိပဿနာရှုလျှင် လောကအရ အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ် ရုပ်ခေတ်ရှစ်ပါးကို ဝိပဿနာ ရှုပွားလိုက်ပါက ရှုပွားဆဲမှာ(၃၁)ဘုံ သြကာသလောက ပျောက်ကွယ်၍ ထိုအဋ္ဌကလာပ် ရုပ်ခေတ်သည်လည်း သခ်ါရ လောက အနိစ္စထဲသို့ ရောက်သွားပါသည်။

(၃) သခ်ါရလောကကို ဝိပဿနာရှုလျှင် သခ်ါရအရ ဣန္ဒြိယဗဒ္ဓ ခန္ဓာငါးပါး နှင့် အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ် ရုပ်ခေတ်ရှစ်ပါးကို ရှုပွားလိုက်ပါက ရှုပွားဆဲမှာ သတ္တဝါပညတ်နှင့် သြကာသဘုံ ပညတ်များပျောက်ကွယ်၍ လောကအရ အနိစ္စ ဝိပဿနာ ဖြစ်သွားပါသည်၊ (၀၊) လောကသုံးပါးမှာ သခ်ါရလောက တပါးသာ ဖြစ်သွားပါသည်၊ ရှုပွားရပါသည်၊ ဝိပဿနာအရာ ဖြစ်ပါသည်။

လောကသုံးပါး တုစ္ဆသုညဖြစ်ပုံမှာ—

လယ်တီမဏ္ဍိုင်မူ အနတ္တဝိဘာဝနာပါဠိ၊ နှာ (၁၁၄)။

(၁) တ္ထေဝတာ သဗ္ဗော သတ္တလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။

(၂) လောကိယ မဟာဇနေဟိ သမ္မတော သဗ္ဗော သြကာသ-လောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။

(၃) တိဏ ရုက္ခ ဝိမာန ဝိဟာရ ဂေဟ ရထ သကဋာဒိကောစ သဗ္ဗော သခ်ါရလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ သုဒ္ဓသခ်ါရ ရာသိမတ္တမေဝ အဝသိဋ္ဌဟောတိ။ ဆိုလိုရင်းမှာ—

(၁) သတ္တလောကသည် ပညတ်တုစ္ဆ သုည၊ ပရမတ်တုစ္ဆသုည ဖြစ်ပါသည်။

(၂) သြကာသလောကသည် ပညတ်တုစ္ဆသုည၊ ပရမတ်တုစ္ဆ သုည ဖြစ်ပါသည်။

(၃) သခ်ါရလောကသည် ရုပ်ပရမတ် တုစ္ဆ သုညနှင့် ရုပ်နာမ် ပရမတ်တုစ္ဆ သုည ဖြစ်ပါသည်။

မှတ်ချက်။ ။သကဋာဒိကောစ-၌ (စ) သဒ္ဒါဖြင့် ဣန္ဒြိယဗဒ္ဓ ရုပ်နာမ်တို့ကို ဆည်း ယူပါ။

http://www.dhammadownload.com

သခ်ါရလောကနှင့် ပရမတ် သြကာသလောက စပ်၍နေပုံ-ဧမ္မ။ မိတ်ဆွေမူ သုတ်မဟာဝါ ပါဠိတော် ပရိနိဗ္ဗာနသုတ် နှာ (၇၉)။

အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ ဥဒကံ ဝါတေ ပတိဋ္ဌိတံ ဝါတော အာကာသဋ္ဌော ဟောတိ။

ဆိုလိုရင်းမှာ–ပညတ်သြကာသလောကတွင် ပါဝင်သော မဟာပထဝီမြေထုကြီးသည် ရေထုကြီးမှာ တည်ပါသည်၊ အပေါ် ကမြေထုကြီး အောက်ကရေထုကြီး ဖြစ်ပါသည်၊ တဖန် ရေထုကြီးသည် လေထုကြီးမှာ တည်ပါသည်၊ အပေါ် ကရေထုကြီး အောက်ကလေထုကြီး ဖြစ်ပါသည်၊ တဖန် လေထုကြီးသည် အဆုံးမရှိသော အဋ္ဌကလာပ် ရုပ်ဓာတ်မျှ မရှိသော အောက်ကောင်းကင်ကြီးမှာ တည်ပါသည်၊ အပေါ် ကလေထုကြီး အောက်ကကောင်းကင်ကြီး ဖြစ်ပါသည်။

ရှင်းလင်းပြပါဦးအုံ–မြေထုကြီး ရေထုကြီး လေထုကြီးတို့သည် အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ် ရုပ်ဓာတ် သခ်ါရလောကကြီးသာ ဖြစ်ပါသည်၊ ထိုသခ်ါရလောကကြီးသည် ပရမတ်သာ ဖြစ်ပါသည်၊ ထိုသခ်ါရလောက ပရမတ်တို့၏ တည်ရာမှာ အောက်ကောင်းကင်ကြီးသာဖြစ်ပါသည်၊ ထို့ကြောင့် ဝါတော အာကာသဋ္ဌော ဟောတိ ဟု ဟောတော်မူပါသည်။

ကြောင်ပန်း ဆရာတော်ကြီးက ရုပ်နာမ်သခ်ါရတို့၏ ဖြစ်ပျက်ရာ အသခ်ိတဓမ္မ ဖြစ်သော လဟာပြင်လောကကြီးကိုသာ သြကာသဆိုသည်ဟုမှတ်ပါဟု ရေးသားတော်မူခြင်းသည် သုတ်မဟာဝါပါဠိတော်နှင့် ကြောင်ပန်းဆရာတော်၏ ဝိဇ္ဇဒီပနီအဋ္ဌကထာ ဖြစ်ပါသည်၊ ထိုလဟာပြင် အာကာသ အောက်ကောင်းကင်ကြီးသည် ပညတ်အသခ်ိတ ဖြစ်ပါသည်၊ နိဗ္ဗာန် အသခ်ိတ မဟုတ်ပါ။

မိလိန္ဒပဉ္ဟာပါဠိတော် ဆဋ္ဌမူ၊ နှာ(၂၆၀)မှာ–

အာကာသော မဟာရာဇ အကမ္မဇော အဟေတုဇော အနုတုဇော၊ နိဗ္ဗာနံ မဟာရာဇ အကမ္မဇံ အဟေတုဇံ အနုတုဇံ၊ ဣမေ ခေါ် မဟာရာဇ ဒ္ဝေ အကမ္မဇာ အဟေတုဇာ အနုတုဇာတိ။

ဤသို့ မိန့်ဆို ရေးသားသဖြင့် အောက်ကောင်းကင်ပညတ် အသခ်ိတဖြစ်ပုံ ထင်ရှားပါသည်။

ထို့အာကာသဋ္ဌဖြစ်သော အောက်ကောင်းကင်ကြီးသည် သခ်ါရပရမတ်ထွားတို့၏ အဖြစ်အပျက် တည်ရာဖြစ်သောကြောင့် လောကဆိုပါသည်။

http://www.dhammadownload.com

ဝိဝဋ္ဋဒီပနီဋ္ဌ ရေးသားသော ဩကာသလောကကြီး၏ နယ်တခွင်လုံး ဝင်ပြင်လုံး အဆုံးမရှိကြီးထဲမှာ ဆိုသည်ကား သခါရပရမတ်တို့၏တည်ရာ အာကာသဌ အောက်ကောင်းကင်ကြီးသည် အောက်ကို ဘယ်မှာဆုံးသည်ဟု ယူဇနာ အပိုင်း အခြား မရှိပါ၊ သစ်ပင် ရေမြေ နေလ စသော အနိန္ဒြိယဇဋ္ဌ အဝိညာဏက ရှိသမျှကိုပင် သခါရလောကဆိုသည်၊ ဤသို့ရေးသားရာဌ် အနိန္ဒြိယဇဋ္ဌ အဋ္ဌကလာပ် ရုပ်ခာတ် ရှိရှိသမျှကို သခါရလောကထဲသို့သွင်း၍ ကောက်ရုပ်ကို ပြပါသည်၊ အတိပါကဋ္ဌ အလွန်ပင် ကြီးကျယ် ထင်ရှားလှသော ဆိုသည်ကား အာကာသဌဖြစ်သော အောက်ခံလဟာပြင် ကောင်းကင်ကြီးသည် အလွန် ထင်ရှားပါသည်။

ရုပ်နာမ်သခါရတို့၏ ဖြစ်ပျက်ရာ အသခ်္ခတဓမ္မဖြစ်သော ဆိုသည်ကား ထိုအာကာသဌဖြစ်သော အောက်ခံ ကောင်းကင်ကြီးအပေါ်မှာ သတ္တလောက တွင်ပါဝင်သော ရုပ်နာမ်သခါရ ပရမတ်တို့၏ သမ္မုတိဩကာသလောကတွင် ပါဝင်သော ရုပ်သခါရပရမတ်တို့၏ ဖြစ်ရာ ပျက်ရာ တည်ရာ ဖြစ်ပါသည်၊ ထို့ကြောင့် အောက်ခံ ကောင်းကင် ပညတ်ကြီးသည် အသခ်္ခတဓမ္မဖြစ်ပါသည်၊ လဟာပြင် လောကကြီးကိုသာ ဩကာသလောကဆိုသည်ဟု မှတ်ပါ။ ဤသို့ရေးသားရာမှာ သခါရလောကသည် လေထုကြီးမှာ အဆုံးရှိသည်၊ လေထုကြီးမှာလဲ အောက်ခံလဟာပြင် ကောင်းကင်ကြီးမှာဆုံးသည်၊ အောက်ကောင်းကင် လဟာပြင်ကြီးမှာ တည်သည်၊ တည်ပုံမှာ–

အထက်ကရေးသားခဲ့သော "ပစ္စယေဟိ သခါရိယန္တိ လုဇ္ဇန္တိ ပလုဇ္ဇန္တိ စာတိ"ဟူသော မဟာဋီကာအရ ပစ္စည်းပစ္စယုပ္ပန် အကြောင်းတရား အကျိုးတရားတို့သည် အချင်းချင်း ကျေးဇူးပြု၍ (၀၊)ကိုယ့်အားကိုယ်ကိုး၍ အောက်ခံကောင်းကင်ကြီးပေါ်မှာ သခါရပရမတ် တရားတို့သည် တည်ကြည်ခြင်းကြောင့် ပရမတ်ဩကာသလောက ဆိုပါသည်၊ ထို့ကြောင့် ကြောင်ပန်းဆရာတော်၏ ဝိဝဋ္ဋဒီပနီရေးသားချက်သည် "၀ါတော အာကာသဋ္ဌော ဟောတိ"ဟူသောသုတ် မဟာဝါ ပါဠိတော်ကြီးနှင့် အထူးကိုက်ညီပါသည်၊ ထို့ပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဝိသုဒ္ဓိမဂ် မဟာဋီကာ မိလိန္ဒပဉှာ ပါဠိတော် လယ်တီဆရာတော်ရေးအနုတ္တဝိဘာဝနာပါဠိတို့နှင့်လည်း ကိုက်ညီခြင်းဖြစ်ပါသည်။

ထို့ကြောင့် မြေထု-ရေထု-လေထု-ဟုဆိုအပ်သော သခါရလောက၏ တည်ရာ လဟာပြင်ကြီးကိုသာ ပရမတ္ထဇရာတို့၏ တည်ရာဖြစ်၍ ဩကာသလောက ဆိုပါသည်၊ ထိုဩကာသလောကမှာ အောက်ကောင်းကင် အသခ်္ခတပညတ် တရား ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

(ခ-ဂ)အမှတ်တို့၌ အသခ်တ သဒ္ဒါသည် နိဗ္ဗာန်ကိုလည်း ဟောပါသည်၊ ပညတ်ကိုလည်းဟောပါသည်၊ ထိုသို့ဟောရာတွင် နိဗ္ဗာန်ဟောပုံမှာ ထင်ရှားပါသည်၊ ပညတ်ဟောပုံမှာ—

အနေကဘေဒါပိ ပညတ္တိပစ္စယေဟိ အကတတ္တာ အသခ််တပက္ခံ ဘဇတိ။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဒုတိ ဆဋ္ဌမူ နှာ-၃၆)။

နိဗ္ဗာနံ ပန ပညတ္တိ စ၊ အသခ််တမေဝ ဟောန္တိ၊ အဇာတိ မေဝ အနုပ္ပါဒမေဝ၊ နိစ္စမေဝ ဓုဝမေဝ။

လယ်တီဒီပနီပေါင်းချုပ်၊ ပဋ္ဌာနုဒ္ဒေသဒီပနိပါဋ္ဌ နှာ(၄၇၉)။

ဤသည်ဘို့ကိုထောက်ဆ၍ အသခ််တ သဒ္ဒါသည် ပညတ်ကိုလည်းဟောပါသေးသည်၊ ထိုသို့ပညတ်ဟော အသခ််တသဒ္ဒါဖြင့် ခြောက်စစာင်ဆရာတော်ဘုရားကြီးက သြကာသလောကကို အသခ််တမေဖြစ်သော လဟာပြင် လောကကြီးကိုသာ သြကာသလောကဆိုသည်ဟုမှတ်ပါ၊ ဟူ၍လည်းကောင်း အသခ််တ လဟာပြင်ကြီးမှာမှ သြကာသလောက သင်္ဘာကျသည်ဟူလို ဟူ၍လည်းကောင်း သုံးနှုန်းထားပါသည် အသခ််တ ပုဒ်အရဤနေရာ၌ နိဗ္ဗာန်ကိုမဆိုလိုပါ၊ သြကာသလောကကိုသာ ဆိုလိုပါဆည်ဘုရား။

(ဃ) အမှတ်၌ သြကာသလောကထဲမှာ ဝိညာဏ်ပုဒ်အရ နိဗ္ဗာန်ရှိ၏ဟု မဆိုလိုပါ၊ ဆိုလိုသည်မှာ အထက်ကောင်းကင်နှင့် အောက်စကောင်းကင်နှစ်ခုတို့၏ အကြားဟု ဆိုအပ်သော ပညတ်သြကာသလောကထဲမှာ နည်းများမရသော ထာဝရ အနိစ္စ သခ််တတရား ထင်ရှားရှိသည်ဟု ဆိုလိုပါသည်ဘုရား။

မှတ်ချက်။ ။(ဂ–စ)အမှတ်ပြ စောဒနာချက်နှင့် ကျမ်းစာအုပ်များမှာ တပည့်တော်များ ကြောင်ပန်းဆရာတော်တို့ ဟောကြားရေးသားသော ကျမ်းစာအုပ်များ မဟုတ်သဖြင့် စဖြဆိုခြင်း မပြုပါဘုရား။

(ဆ)အမှတ်၌ စာသွား စာလာ ကျမ်းဆရာ၏ ဆိုလိုသည်မှာ–"သိ မှတ် ကြံ ဖန် နာမ်ဓာတ်"ဟူသော စကားအရ သခ််တနာမ် ခန္ဓာနာမ် ဓာတ်ကို ဆိုလိုပါသည်၊ နိဗ္ဗာန်သည် သိ မှတ် ကြံ ဖန် တတ်သော သဘော လုံးဝမရှိပါ၊ နိဗ္ဗာန်သည် အားထုတ်တတ်သော ဤဟာ သဘာဝမရှိပါ၊ နိရိဟာ သဘာဝဖြစ်ပါသည်၊ နိဗ္ဗာန်သည် ကြောင့်ကြစိုက်တတ်သော ဗျာပါရသတ္တိ မရှိပါ၊ အဗျာပါရသဘောဖြစ်ပါသည်၊ ဤသို့ သိ မှတ် ကြံ ဖန် တတ်သော သဘောမရှိသော ဤဟာသဘော ဗျာပါရသဘော မရှိသော နိဗ္ဗာန်ကို ဤနေရာ၌ မဆိုလို့ပါ၊ မယူရပါ၊

http://www.dhammadownload.com

နာပ်ခန္ဓာ နာမ်ဝေဒက်ကိုသာ ယူရပါသည်၊ ဤကား ကျွမ်းဆရာ၏ ဝတ္တိစ္ဆာန္ပုဗ္ဗိက သဘောဖြစ်ပါသည်၊ ဤသဘောတရား စကားဝါကျများအရ ဤစာပိုဒ်များသည် ဝိညာဏ်နိဗ္ဗာန်ကို ဆိုလိုသည်မဟုတ်ပါ၊ ဝိညာဏ်ခန္ဓာကိုသာ ဆိုလိုပါသည်ဘုရား။

(၈) နိဗ္ဗာန်သည်—

ဣန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဌပေတွာ သဗ္ဗေ ဓမ္မာ သိယာ အဇ္ဈတ္တာ သိယာ ဗဟိဒ္ဓါ၊သိယာ အဇ္ဈတ္တဗဟိဒ္ဓါ အနိန္ဒြိယဗဒ္ဓ ရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ။

ဓမ္မသင်္ဂဏိပါဠိတော် ဆဋ္ဌမူ နှာ (၂၇၃) အရုလည်းကောင်း ဓမ္မသင်္ဂဏိပါဠိတော် မြန်မာပြန် ဆဋ္ဌမူ နှာ (၅၅၄) အရုလည်းကောင်း အဘိဓမ္မာနည်းမူချနည်းအားဖြင့် ဗဟိဒ္ဓတရား ကေန်စင်စစ် ဖြစ်ပါသည်၊ သုတ္တန်နည်း ဥပစာနည်းအားဖြင့်မူကား—နိဗ္ဗာန်သည် အဇ္ဈတ္တတရားဟု ဆိုထိုက်ပါ၏၊ ဆိုသင့်ပုံမှာ—

အပိ စ ခွါဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမ္ဟိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။

သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ရောဟိတဿသုတ်၊ နှာ-(၆၁)၊

ကဠေဝရေတိ အတ္တဘာဝေ သသညိမ္ဟိ သမနကေတိ သသညေ သစိတ္တေ၊ ဣတိ ''နာဟံ အာဝုသော ဣမာနိ စတ္တာရိ သစ္စာနိ တိဏကဋ္ဌာဒီသု ပညပေမိ ဣမသ္မိံ ပန စာတုမဟာဘူတိကေ ကာယသ္မိံ ယေဝ ပညပေမီ''တိ ဒဿေတိ။

သံယုတ္တ အဋ္ဌကထာ ပဌမတ္ထဲ၊ နှာ(၁၀၉)၊

ဤပါဠိအလိုမှာ – နိဗ္ဗာန်သည် ဗဟိဒ္ဓ တိဏ ကဋ္ဌ စသည်တို့မှာ မရှိ၊ အတ္တဘာဝ မဟာဘူတ ကာယဟု ဆိုအပ်သော အဇ္ဈတ္တခန္ဓာကိုယ်မှာ ရှိသည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဤစကားများကို အကျဉ်းချုပ်၍ ဆိုလိုသည်မှာ နိဗ္ဗာန်သည်—

(က) သံယုတ္တပါဠိ အဋ္ဌကထာအလို (၀၊) နေယျတ္ထနည်း သုတ္တန်နည်းအလို အဇ္ဈတ္တတရား။

(ခ) ဓမ္မသင်္ဂဏိပါဠိတော်အလို၊၀၊ နိတတ္ထနည်း အဘိဓမ္မာနည်းအလို ဗဟိဒ္ဓတရား ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

ဤ (၂)နည်းတို့တွင် ဟောပုံကျမ်းဆရာတော်သည် ရောဟိတဿ နတ်သား ဝတ္ထုကိုပြ၍ သုတ္တန်နည်းဖြင့် ရေးသားတော်မူပါသည်ဘုရား၊ ဤစကားမျှားနှင့် စပ်လျဉ်း၍ ဆိုရသော်—

(၁) ဗဟိဒ္ဓနိဗ္ဗာန်သည် အဇ္ဈတ္တ ဒုက္ခသစ္စာချုပ်ခြင်းနှင့် စပ်၍နေပါသည်။

(၂) ဗဟိဒ္ဓနိဗ္ဗာန်သည် အဇ္ဈတ္တ သမုဒယသစ္စာပယ်ခြင်းနှင့် စပ်၍နေပါသည်၊

(၃) ဗဟိဒ္ဓနိဗ္ဗာန်သည် အဇ္ဈတ္တ မဂ္ဂသစ္စာပွားများခြင်းနှင့် စပ်၍နေပါသည်။ အာရုံအာရမ္မဏိကအဖြစ်ဖြင့် စပ်၍နေပါသည်။

ထို့ကြောင့် ဓမ္မသင်္ဂဏီ မူလဋီကာ ဆဋ္ဌမူ.နှာ (၄၇)၌—

အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တေ နိဗ္ဗာနေ ရတောဟု ဖွင့်ပြတော်မူပါသည်။ ဤသည်တို့ကို ရည်ရွယ်၍ ကြောင်ပန်း စတုတ္ထဆရာတော် ဦးတိဏ္ဏရေးသော ဒီဌိပြုတ်လမ်းဟောပုံကျမ်း ပထမတွဲ၊ နှာ-(၁၅၄)၌—

"ဒါကြောင့် သန္တိလက္ခဏာရှိသော အကြိုက်ပရမတ် နိဗ္ဗာန်ဓာတ်ကြီးဟာ မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်ကြီးကို အာရုံ၏အဖြစ်ဖြင့် အမှီသဟဲ အခဲ့ပြုပြီး ဖြစ်ရသောကြောင့် ဂေါစရဇ္ဈတ္တ အမည်ရကြောင်းကို ကောင်းကောင်းကြီး ဖွင့်ဆိုတော်မူထားတာ မူလဋီကာကြီးမှာလည်း အထင်အရှားပဲရှိတယ် ဒကာညွှန်ရ" ဟု ရေးသားထားပါသည်ဘုရား။

ဤမျှသောစကားရပ်တို့ဖြင့် သောဓနာအမှတ် (၂)ကို တင်ပြလျောက်ထား၍ ပြီးစီးပါကြောင်း အမှတ် (၃) နိဒ်ဒေါတော် သီးခြားဝိနည်းဓိုရ်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သောဓနာ အမှတ် (၄)

စောဒနာ အမှတ် (၄) (က) စောဒနာပြုချက်ကို တပည့်တော်တို့ ဉာဏ်မီသမျှ သောဓနာပြုခြင်းပါဘုရား။

စောဒနာအမှတ် (၄) (က)တွင် နိဗ္ဗာန်ကိုရသည် မရသည် အတွက်နှင့် ခန္ဓာငါးပါး သဘာဝတရားက လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်း မရှိ၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိလေသည် ဟု သက်သေခံ ဖော်ပြပြီးလျှင် မရေမရာ ရေးခဲ့သည် ဟူ၍လည်းကောင်း နိဂုံးတွင် သဿတဒိဋ္ဌအယူ ပိစ္ဆာဝါဒ ဟူ၍လည်းကောင်း စောဒနာထားပါသည်ဘုရား။

http://www.dhammadownload.com

ဤကျမ်း၌ကျမ်းပြုဆရာတော်သည် ရှေးစာမျက်နှာ ၄-မျက်နှာမှစ၍ သမ္မုတိသစ္စာ သဘာဝသစ္စာ အရိယသစ္စာ ဟု သစ္စာ (၃)ပါးကို ဖော်ပြခဲ့ပြီးလျှင် သမ္မုတိသစ္စာနယ်မှ ကျင့်ပုံ ကြံပုံ အားထုတ်ပုံတို့ကို ဖော်ပြပြီး၍ သဘာဝသစ္စာ သဘောမှန်ပုံက ဟု အစချီပြီးလျှင် သမ္မုတိသစ္စာ သတ္တဝါပညတ်နှင့် ပရမတ္ထသစ္စာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ကွဲပြားခြားနားအောင် ခွဲခြားပြပြီး၍ သမ္မုတိသစ္စာ သတ္တဝါမှာ သမုတ်ရုံသာ မှန်ကြောင်း အမှန်ကောန်ရှိတာက ပရမတ္ထသစ္စာ ခန္ဓာငါးပါး သဘာဝတရားသာ အမှန်ရှိကြောင်း ပြတော်မူပြီး၍ သဿတအယူ ဥစ္ဆေဒအယူမှ လွှတ်စေခြင်းငှာ ဖော်ပြထားသော စကားဖြစ်ပါသည်ဘုရား။

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူဖြစ်ပုံမှာ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် စံပြီးသည့်နောက် နိဗ္ဗာန်ထဲမှာ အမြဲတည်ရှိ၍ နေပါသည်ဟု ယူခဲ့သော် သဿတဒိဋ္ဌိ သက်ဝင်ပါသည်၊ ထိုပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်အစံတွင် ပြတ်တောက်၍ သွားပါသည်ဟု ယူခဲ့သော် ဥစ္ဆေဒဒိဋ္ဌိ သက်ဝင်သည်ဟု သိအပ်ပါသည်။

ထို့အတူ လောကဋ္ဌလည်း သေသောအခါ ပုဂ္ဂိုလ်သတ္တဝါသည် ထိုထိုဘဝ သစ်ဘက်သို့ ဆက်လက်ကူးပြောင်းသွားသည်ဟု ယူခဲ့သော် သဿတဒိဋ္ဌိ သက်ဝင်၏၊ ပုဂ္ဂိုလ် သတ္တဝါသည် ဘဝသစ်ဘက်သို့ မဆက်လက် မကူးပြောင်းပဲ ဤလွန်ရာ ဘဝဟောင်းတွင်ပင် ပြတ်တောက် ကွယ်ပျောက်သွားသည်ဟု ယူခဲ့သော် ဥစ္ဆေဒဒိဋ္ဌိ သက်ဝင်၏ဟု သိအပ်ပါသည်။

ထို့ကြောင့်—

သတ္တသည် ဂဟေတွာန၊ သဿတုစ္ဆေဒ ဒဿိနော-ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၃-နှာ-၂၃၈)တွင် အဋ္ဌကထာဆရာ ဖွင့်ဆိုတော် မူထားပါသည်။

အချုပ်စကားမှာ ပကတိကပင် ပုဂ္ဂိုလ်သတ္တဝါ အဟုတ်အမှန်ရှိ၏ဟု အယူရှိကြသော မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့မှာသာ နိဗ္ဗာန် စံဝင်ရာတွင် ထိုပုဂ္ဂိုလ် ပြတ်၍ သွားသည်ဟု ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်၊ ပြတ်၍မသွားပဲ နိဗ္ဗာန်ထဲမှာ အမြဲတည်ရှိ၍ နေသည်ဟု ယူခဲ့ပြန်လျှင် သဿတဒိဋ္ဌိဖြစ်သည်။

ထို့အတူ လောကမှာ သေဆုံးသွားသောအခါ၌လည်း ပုဂ္ဂိုလ်သတ္တဝါ ပြတ်သွားသည်ဟု ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ၊ ပြတ်၍မသွားပဲ ဘဝသစ်ဖက်၌ အမြဲဆက်လက်၍ တည်နေသည်ဟု ယူခဲ့ပြန်လျှင် သဿတဒိဋ္ဌိဖြစ်သည်ဟု မှတ်ရပါမည်၊ အတ္တအယူ သတ္တအယူ ရှိသူတို့သာ သတိမူရန်အချက်ကြီး ဖြစ်ပေသည်။

ပကတိ ပင် ပုဂ္ဂိုလ် သတ္တဝါဟူ၍ အလျဉ်းမရှိ၊ရုပ်နာ မ်နှစ်ပါးမျှ အနတ္တ သက်သက်သာလျှင် အဟုတ်အမှန်ရှိ၏ဟု မှန်ကန်သောအယူရှိကြသော သမ္မာဝါဒီ

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့မှာကား ပုဂ္ဂိုလ်ဆိုတာသည် ပင်ကိုယ်ကပင် အလျဉ်းမရှိသောကြောင့် ပုဂ္ဂိုလ်ပြတ်သွားသည် ဟူ၍လည်းကောင်း ပုဂ္ဂိုလ်မြဲနေသည် ဟူ၍ လည်းကောင်း ဆိုဖွယ်ရာ လုံးဝ မရှိတော့ပေ၊ စင်စစ်မှာမူကား အကြောင်းတရားတို့ ချုပ်ပြတ်ကုန်၍ အကျိုး ရုပ် နာမ် အဆက်ဆက်တို့သည်သာလျှင် အကြွင်းမဲ့ငြိမ်းအေး ချုပ်ပြတ်ကုန်၏။ပုဂ္ဂိုလ်ပြတ်သွားတာ မဟုတ်ဟု ယူခြင်းသည် သမ္မာဒိဋ္ဌိ သာ ဖြစ်၏၊ ဥစ္ဆေဒဒိဋ္ဌိ မဟုတ်ပေ။

လောကတွင် သေဆုံးသွားကြရာ၌လည်း ရုပ် နာမ် ခန္ဓာတို့သည်သာလျှင် သေဆုံးချုပ်ပြတ်သွားကုန်၏၊ ပုဂ္ဂိုလ် သတ္တဝါ ပြတ်သွားတာ မဟုတ်ဟု ယူခြင်းသည် သမ္မာဒိဋ္ဌိသာ ဖြစ်၏၊ ဥစ္ဆေဒဒိဋ္ဌိ မဟုတ်ပေ၊ အကြောင်းတရားတို့က ပြုပြင်စီရင်ပေးသဖြင့် အကျိုး ရုပ် နာမ် နှစ်ပါးတို့သည်သာလျှင် အစဉ်မစဲ အမြဲဆက်လက်၍ ဖြစ်ပေါ်နေကုန်၏၊ ပုဂ္ဂိုလ်မြဲနေတာ မဟုတ်ဟု ယူခြင်းသည် သမ္မာဒိဋ္ဌိသာ ဖြစ်၏၊ သဿတဒိဋ္ဌိ မဟုတ်ပေ၊ ဤကား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အစွန်းနှစ်ပါးမှ လွတ်အောင် ဖြောင့်မှန်စွာ ယူကြသော သမ္မာဝါဒီပုဂ္ဂိုလ်တို့၏ သမ္မာဒိဋ္ဌိအယူပေတည်း။

ထို့ကြောင့် ကြောင်ပန်းသုံးစောင်တွဲ စာမျက်နှာ (၈၁-၈၂) ၌ ဂင်္ဂါသဲလုံးနှင့် အမျှမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တို့၏ တဆူသော ဘုရားရှင်အတွက် ကျတ်တော်မူကြကုန်သော သာဝက အရှင်မြတ်တို့သည် နှစ်ဆယ့်လေးအသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း ကျတ်တန်း ဝင်ကြကုန်သည်ဟု စာအဆိုရှိပေသည် ဟူ၍လည်းကောင်း။

ဓမ္မဓိဋ္ဌာန်အားဖြင့် ကျတ်တာကလဲ ခန္ဓာငါးပါး သဘာဝသစ္စာတရား၊ ကျန်ရှိနေတာ့ကလဲ ခန္ဓာငါးပါး သဘာဝသစ္စာတရားသာ ရှိလေသည်ဟူ၍လည်းကောင်း။

ဤသို့ရေးသားရာ၌ (၁)ပုဂ္ဂလဓိဋ္ဌာန် သမ္မုတိသစ္စာ (၂)ဓမ္မဓိဋ္ဌာန် ပရမတ္ထသစ္စာဟူ၍ အဓိဋ္ဌာန် ၂-ပါး၊ သစ္စာ ၂-ပါးကိုသာ ရေးသားခြင်း ဖြစ်ပါသည်။

(၁) ပုဂ္ဂလဓိဋ္ဌာန် သမ္မုတိသစ္စာဆိုသည်မှာ ဒုက္ခနိရောဓ သစ္စာတရားကြီးဖြင့် ချုပ်ငြိမ်းသွားကြကုန်သော ခန္ဓာငါးပါး ဒုက္ခသစ္စာတရားရဲ့အပေါ်မှာ နှစ်ဆယ့်လေးအသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းဟု ပုဂ္ဂလဓိဋ္ဌာန် သမ္မုတိသစ္စာဖြင့် ရေတွက်ပြောဆိုရပါသည်၊ ဤကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန် သမ္မုတိသစ္စာကို မသိမမြင်လျှင် ပုဂ္ဂိုလ်တကယ်အရှိ သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားတတ်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့် ကထာဝတ္ထုပါဠိတော် နှာ ၅၄။

သကဝါဒီမေး။ ။ပရိနိဗ္ဗုတော ပဂ္ဂလော အတ္ထတ္ထမို့ နတ္ထတ္ထမို့တိ။

ပရဝါဒီအဖြေ။ ။အတ္ထတ္ထမို့တိ၊

ဆိုလိုသည်မှာ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ တည်ရှိ၍နေသလော၊ မရှိသလောဟု သကဝါဒီကမေးလျှင် ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌တည်ရှိနေသည် မှန်ပါ၏ဟု ပရဝါဒီက ဖြေဆို၏။

သကဝါဒီမေး။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ။

ပရဝါဒီအဖြေ။ ။နဟေဝံ ဝတ္တဗ္ဗေ။

ဆိုလိုသည်မှာ–ပရိနိဗ္ဗာန်ဝင်စံသောပုဂ္ဂိုလ်သည် မြဲ၍နေသလောဟု သကဝါဒီကမေးလျှင် ဤသို့မြဲနေသည်ဟူ၍ကား မဆိုထိုက်ပါဟု ပရဝါဒီကဖြေ၏။

ပရဝါဒီအမေး။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမို့၊ နတ္ထတ္ထမို့တိ၊

သကဝါဒီအဖြေ။ ။နတ္ထတ္ထမို့တိ၊

ဆိုလိုသည်မှာ–ပရိနိဗ္ဗာန်ဝင်စံသောပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ရှိသလော၊ မရှိသလောဟု ပရဝါဒီကမေးလျှင် ပရိနိဗ္ဗာန် စံဝင်သောပုဂ္ဂိုလ်ဆိုတာသည် နိဗ္ဗာန်ထဲမှာမရှိပေဟု သကဝါဒီကဖြေ၏။

ပရဝါဒီမေး။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ။

သကဝါဒီဖြေ။ ။နဟေဝံ ဝတ္တဗ္ဗေ၊

ဆိုလိုသည်မှာ—ပရိနိဗ္ဗာန်ဝင်စံပြီးသော ပုဂ္ဂိုလ်သည် ပြတ်တောက် ကွယ်ပျောက်သွားသလောဟုပရဝါဒီကမေးလျှင်ပြတ်တောက်ကွယ်ပျောက်သွားသည်ဟူ၍ကား မဆိုထိုက်ပါဟု သကဝါဒီကဖြေ၏။

ထို့ကြောင့် ကျွတ်တန်းဝင် ပုဂ္ဂိုလ်သည် အဟုတ်တကယ်ရှိသည်ဟုယူဆလျှင် သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိဖြစ်၍ ကျွတ်တန်းဝင်ပုဂ္ဂိုလ်သည် ပဂ္ဂလဓိဋ္ဌာန် သမ္မုတိသစ္စာမျှသာရှိသည်ဟု ယူဆလျှင် သမ္မာဒိဋ္ဌိဖြစ်ပါသည်။

(၂) ထိုမှတပါး မေ့မိဋ္ဌာန် ပရမတ္ထသစ္စာအားဖြင့် ကျွတ်တာကလဲ ခန္ဓာငါးပါး ကျန်ရှိတာကလဲ ခန္ဓာငါးပါးဟုဆိုရာမှာ—

သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဆဋ္ဌမ္မ စာမျက်နှာ (၈၄)လာ ဂါထာများကို အကျဉ်းရုံးကာ တမျိုးပြင်၍ စီထားသည့် (ပရတ္ထသဂ္ဂဟဘေဒနီကျမ်း) စာမျက်နှာ (၃၁၉)၌–

http://www.dhammadownload.com

ဒုက္ခမေဝေတ္ထ နော ဒုက္ခံ၊ ကိဂိယာဝ နု ကာရကော။
နိဗ္ဗုတိဝ နိဗ္ဗုတော နု၊ မဂ္ဂေါဝ ဂမကောနိဓ–
ဟု မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားက မိန့်တော်မူပါသည်။

ဆိုလိုရင်းမှာ သဗ္ဗညုဘုရားရှင်၏ ဟုတ်မှန်သော သာသနာတော် အလို အားဖြင့် သမ္မာဝါဒီ ပုဂ္ဂိုလ်များ မှန်ကန်စွာ သိမြင်ကြပုံမှာ– အကြောင်းအား လျော်စွာ တဖုံးဖုံး ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားသည် သာလျှင် အမှန်ရှိ၏။

ဆင်းရဲတတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ ဘိတ်ဘိတ်မရှိပေဟု သိမြင်ကြကုန်၏။

ဤစကားဖြင့် မကျွတ်လွတ် မငြိမ်းအေးသေးပဲ ယခုထင်ရှားရှိနေတာကလဲ ဒုက္ခသစ္စာ ခန္ဓာငါးပါးမျှသာပင် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု ဆိုလိုသည်။

အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို တဖွားဖွား ဖြစ်ပေါ်နေအောင် ပြုပြင်စီရင်သော သမုဒယသစ္စာတရားသည်သာလျှင် ကောန်ရှိ၏၊ ခန္ဓာငါးပါး တည်းဟူသော လောကကို တည်ထောင်ပြုလုပ်တတ်သော ပုဂ္ဂိုလ်ဟူ၍ အလျဉ်း မရှိပေဟု သိမြင်ကြကုန်၏။

ခန္ဓာငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ သန္တိသဘောမျှ နိဗ္ဗာနသစ္စာ တရားသည်သာလျှင် တကယ်ရှိ၏၊ ငြိမ်းအေးတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ လုံးဝမရှိပေဟု သိမြင်ကြကုန်၏။

ဤစကားဖြင့် အကြွင်းမဲ့ ကျွတ်လွတ်သွားတာ ငြိမ်းအေးသွားတာလဲ ဒုက္ခ-သစ္စာ ခန္ဓာငါးပါး ပုဂ္ဂိုလ် သတ္တဝါ ကျွတ်တာ ငြိမ်းတာ မဟုတ်ဟု ဆိုလိုသည်၊ ထိုနိဗ္ဗာနသစ္စာသို့ ဆိုက်ရောက်ကြောင်းသဘောမျှ မဂ္ဂသစ္စာတရားသည်သာ လျှင် အဟုတ်ရှိ၏၊ နိဗ္ဗာန်သို့သွားရောက်တတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ အလျဉ်း မရှိပေဟု သိမြင်ကြကုန်၏၊ ဤကား သမ္မာဝါဒီပုဂ္ဂိုလ်တို့၏ မှန်ကန်စွာ သိမြင် ကြပုံတည်း။

ခန္ဓာငါးပါး လျော့နည်း တိုး ဆုတ်မရှိ

သာသနာတော်အခါတွင်း၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကြ၍ ခန္ဓာငါးပါးတို့ သည် အကြွင်းမဲ့ ချုပ်ငြိမ်းသွားကြရာတွင် သခ်ာနယ်ထဲမှာ ခန္ဓာငါးပါးသည် လျော့၍လျော့၍ သွားလေသလော မလျော့ပဲရှိလေသလော။

သာသနာပအခါမှာ ခန္ဓာငါးပါးသည် တိုးပွား များပြား၍ လာလေသလော မတိုးပဲ ရှိလေသလောဟု စသည်ဖြင့် ကြံစည်ကြကုန်သော သူတို့၏ ယုံမှားသံသ-ယကို ပယ်ဖျောက်တော်မူလိုပြန်၍ "နိဗ္ဗာန်ကိုရသည် မရသည်အတွက်နှင့် ခန္ဓာ

http://www.dhammadownload.com

ငါးပါး သဘာဝတရားက လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်းမရှိ၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိလေသည်"ဟု ကြောင်ပန်း ဒုတိယဆရာတော်က ရေးသားတော်မူခြင်း ဖြစ်ပါသည်။

လိုရင်းမှာ အကြောင်းတရား ချုပ်ငြိမ်းသဖြင့် အကျိုးခန္ဓာငါးပါးသည် အကြွင်းမဲ့ ရွပ်သိမ်း ငြိမ်းအေးသောအားဖြင့် နိဗ္ဗာနဓာတ်သို့ ကိန်းသွားသည့် အတွက်နှင့် သန်တနယ်ထဲမှာ ခန္ဓာငါးပါးသည် မလျော့ရစ်ပေ၊ အဘယ့်ကြောင့် ဆိုသော် လောကခေတ်တခွင်လုံး၌ အကြောင်းသမုဒယသစ္စာ ပရမတ်က ဘယ် အခါမှ မတုံးကောင်း မသုဉ်းကောင်း မကုန်ကောင်း မဆိတ်ကောင်းသော ကြောင့်တည်း။

ထိုအကြောင်း မသုဉ်းသမျှ မကုန်သမျှကာလပတ်လုံး အကျိုးခန္ဓာငါးပါး သည်လည်း မကုန်တမ်း မခန်းတမ်း မဆုံးတမ်း ငါးပါးအတိုင်းသာ တဖွားဖွား ဖြစ်ပေါ်နေသည်ဖြစ်ရကား နိဗ္ဗာန်ကို ရ-မရအတွက်နှင့် သန်တနယ်ထဲမှာ ခန္ဓာငါးပါး လျော့နည်းတိုးဆုတ် မရှိဟု ဆိုလိုပါသည်။

ထို့ကြောင့်—

> ဥပ္ပာဒါ ဝါ ဘိက္ခဝေ တထာဂတာနံ အနုပ္ပာဒါ ဝါ တထာဂတာနံ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ။ သဗ္ဗေ သင်္ခါရာ အနိစ္စာ။
> တိကဂုတ္တရပါဠိတော် စာမျက်နှာ-၂၀၉။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတာနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပာဒါ-ဥပ္ပာဒဒေ၊ ပွင့်တော်မူခြင်းသည်။ သတိ ဝါ၊ ရှိသော်လည်းကောင်း။တထာဂတာနံ၊ မြတ်စွာဘုရားတို့၏။ အနုပ္ပာဒါ-အနုပ္ပာဒေ၊ ပွင့်တော်မမူခြင်းသည်။ သတိ ဝါ၊ ရှိသော်လည်းကောင်း။ သာ ဓာတု၊ ထိုခန္ဓာငါးဝ အနိစ္စဓာတ်သည်။ ဌိတာဝ၊ တည်ရှိသည်သာလျှင်တည်း။ ဓမ္မဋ္ဌိတတာဝ၊ ဝိပဿနာဉာဏ် မြင်အပ်သောသဘောဌိတည်သည်သာလျှင်တည်း။ ဓမ္မနိယာမတာဝ၊ ခန္ဓာငါးဝ အနိစ္စဓမ္မအားဖြင့် နိယာမတုံး မဆုံး မတုံးပဲ တအုန်းအုန်း အမြဲဖြစ်ပေါ်နေသည်သာလျှင်သာတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။

အကျဉ်းချုပ်အဓိပ္ပာယ်ကား-ကမ္ဘာလောကခေတ်ကြီးထဲ၌ဘုရားရှင်တို့ပွင့်သည် ဖြစ်စေ မပွင့်သည်ဖြစ်စေ၊ ဝါ၊ သတ္တဝါတို့ နိဗ္ဗာန်ရသည်ဖြစ်စေ မရသည်ဖြစ်စေ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှဖြစ်သော ခန္ဓာငါးပါး သဘာဝသစ္စာတရားသည် လျော့နည်းတိုးဆုတ်မရ၊ ဓမ္မနိယာမတုံးအားဖြင့် မကုန်တမ်း မခန်းတမ်း မဆုံးတမ်း မတုံးတမ်း တအုန်းအုန်းဖြစ်ပေါ် တည်ရှိနေလေသည်။

http://www.dhammadownload.com

သို့အတွက် ဘယ်ကမ္ဘာ ဘယ်ဘုရား လက်ထက်ကျသောအခါ ခန္ဓာငါးပါး သန်းတတရား ဒဿလုံးသည် ယုတ်လျော့နည်းပါး၍ ကုန်ဆုံးသွားပြီးလျှင် အသန်းတပရမတ်တပါးတည်းသာလျှင် ကျန်ရှိတော့မည်ဟု ဤသို့ မဖြစ်ကောင်းပေ။

ထိုသို့ ခန္ဓာငါးပါးလျော့နည်း တိုးဆုတ်မရှိ ဖြစ်ခဲ့သော် ခန္ဓာချုပ်ငြိမ်းရာ အောင် နိဗ္ဗာန်ရောက်ရာအောင် ဝိပဿနာအကျင့် မဂ်အကျင့်များကို ကျင့်နေခြင်းသည် ဘာယ်အကျိုးရှိတော့မည်နည်းဟူငြားအံ့၊ ဝိပဿနာ အကျင့် မဂ် အကျင့်များသည် အကျိုးမရှိ ခန္ဓာမချုပ်ငြိမ်းနိုင် နိဗ္ဗာန်မရောက်နိုင်ဟု ဆိုသည်မဟုတ်ပေ။

ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများကို ပွားများအားထုတ်ပါလျှင် ခန္ဓာချုပ်ငြိမ်းနိုင်သည်၊ နိဗ္ဗာန်ရောက်နိုင်သည်၊ မချုတ်အမှန်သာတည်း၊ ထိုခန္ဓာများ ချုပ်ငြိမ်းသွားသည့်အတွက်၊ ဝါ-နိဗ္ဗာန်ရသွားသည့်အတွက်နှင့် သန်းတနယ် ထဲမှာ ခန္ဓာငါးပါး လျော့နည်း တိုးဆုတ်မဖြစ်ရစ်တာကိုသာ ဆိုလိုသည်။

ပရမတ္ထတရားတို့၏ ချိန်ခွင် ပိဿာတင်းချင့် တောင်းချင့်အားဖြင့် မရ ကောင်းသော ရူပက္ခန္ဓာ၏ ဖောက်ပြန်သဘော ဝေဒနာက္ခန္ဓာ၏ ခံစားသဘော သညာက္ခန္ဓာ၏ မှတ်သားသဘော သင်္ခါရက္ခန္ဓာ၏ ပြုပြင်သဘော ဝိညာဏက္ခန္ဓာ၏ သိသဘောများသည် သဘာဝသစ္စာနယ်က သဘောမျှ အမှန်ဖြစ်ပေရကား အတိုးအဆုတ် မရကောင်းနိုင်ပါ။

သို့အတွက် ဘုရားပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ လောကဓာတ်ကြီးထဲမှာ အလွန်တရာ နက်နဲဆန်းကြယ်ကုန်သော ပဋ္ဌာန်းအကြောင်းအကျိုး ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတို့သည် သူသဘာဝ ထုံးစံအတိုင်း ဘယ်တော့မျှ အတိုးအဆုတ် မရှိကြသောကြောင့် ကုန်ဆုံးသွားခြင်းလည်း မရှိကြကုန်၊ သူအကြောင်းနှင့် သူအကျိုးတံသွား ဧဝံမမှတာအားဖြင့် ပဋ္ဌာန်းတရား ၂၄-ပါးအတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးအတိုင်းသာလျှင် အတိုးအဆုတ်မရှိ၊ တဖွားဖွား ဖြစ်ပေါ်နေကြကုန်၏၊ နိဗ္ဗာန်ရ မရ အတွက်နှင့် သန်းတနယ် အသန်းတနယ် နှစ်နယ်လုံးမှာ အတိုးအဆုတ် မရှိကြပါကုန်။

ခန္ဓာငါးပါးသည် သဘာဝအားဖြင့် အတိုးအဆုတ်မရှိနိုင်တာကို ထားပါဦး၊ သန်းကာအားဖြင့်ပင် အတိုးအဆုတ်မရှိကောင်း ဘုရားပွင့်၍ နိဗ္ဗာန်ရကြသည့်ရာ တွက်ကြောင့် သန်းတနယ်ထဲမှာ ခန္ဓာသည် ၄-ပါးသာ ကျန်ရှိတော့၏၊ ၃-ပါး သာကျန်ရှိတော့၏ စသည်ဖြင့် သန်းကာ ယုတ်လျော့သွားခြင်းသည်လည်းကောင်း ဘုရားမပွင့်၍ နိဗ္ဗာန်မရကြသည့်အတွက်ကြောင့် သန်းတနယ်ထဲမှာ ခန္ဓာသည် ခြောက်ပါးဖြစ်လာ၏၊ ခုနစ်ပါး ဖြစ်လာ၏ဟု စသည်ဖြင့် သန်းကာတိုးပွားလာခြင်းသည်သည်းကောင်း လုံးဝမဖြစ်ကောင်း ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်းသာ အခါခပ်သိမ်း ရှိလေသည်ဟု ဆိုလိုပါသည်။

http://www.dhammadownload.com

ဤသို့ သောဓနာ လျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စီစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ်(၇) (က)သောဓနာကို ဝင်သွင်း လျှောက်ထားပါသည် အမှတ်(၃)ဝိနည်းဓိုရ် အရှင်သူမြတ်တို့ဘုရား။

စောဒနာ-အမှတ် (၇)(ခ)စောဒနာကို-သောနော ပြုခြင်းပါဘုရား။

ဤစောဒနာချက်တွင် စောဒနာထားပုံမှာ နိဗ္ဗာန်သို့ ရောက်သောကာလ သတ္တဝါပြတ်၏၊ နောင်ဝဖန်ပြန်၍ သတ္တဝါမဖြစ်ပြီဟု သိမြင် ယူမှားမှုသည် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်းဟု စောဒနာချက်တွင် သက်သေထုတ်ပြပြီးလျှင် သဿတဒိဋ္ဌိအတွင်း သက်ဝင်သည့် ဥဇုဝိပစ္စနိက အဓမ္မဝါဒသာဖြစ်ကြောင်း စောဒနာထားပါသည်။

ထိုစောဒနာချက်တွင် အထောက်အထား ပြထားသည်မှာ "ဘုရားရှင်၏ နိဗ္ဗာန်ရောက်သောအခါ ဘဝပြတ်သည်ဟု ဟောပြောခြင်းကို" ဟု အထောက် အထားလည်း ပြထားပါသည်၊ ထိုအထောက်အထားပြု ဧကာဒနှင့် စောဒနာ တင်ထားသော စကားနှစ်ရပ်ကို ပေါင်းစပ်၍ အဓိပ္ပါယ်ထွက် ကောက်ပြရလျှင် ဘဝနှင့်သတ္တဝါ၊ သတ္တဝါနှင့်ဘဝ မကွဲမပြား တသားတည်း ယူထားကြောင်း အလွန်ပင် ထင်ရှားလှပါသည်။

ဘဝ၏အရကို တရားကိုယ်ကောက်လျှင် –

> တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ။ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မ-ဘဝေါ အတ္ထိ ဥပပတ္တိဘဝေါ။တတ္ထ ကတမော ကမ္မဘဝေါ ပုညာဘိသင်္ခါ-ရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော၊ အယံ ဝုစ္စတိ ကမ္မ-ဘဝေါ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။
>
> တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ ရူပဘဝေါ အရူပ ဘဝေါ၊ သညာဘဝေါ၊ အသညာဘဝေါ၊ နေဝသညာ နာသညာဘဝေါ၊ ကေဝေါကာရဘဝေါ စတုဝေါကာရဘဝေါ၊ ပဉ္စဝေါကာရဘဝေါ၊ အယံ-ဝုစ္စတိ ဥပပတ္တိဘဝေါ၊ ဣတိအယဉ္စ ကမ္မဘဝေါ၊ အယဉ္စ ဥပပတ္တိဘဝေါ၊ အယံ ဝုစ္စတိ ဥပါဒါနပစ္စယာဘဝေါ—
>
> ဟူသော ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသ အဘိဓမ္မာဝတာရပါဠိတော်အရ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ-၂၂-၂၃-တွင် ဖော်ပြထားသည့်အတိုင်း ဘဝ၏သရုပ်ကို အကျဉ်းချုပ်၍ ပြရလျှင် ခန္ဓာငါးပါး နာမ်ရုပ်တရားသာလျှင် တရား ကိုယ်ရပါသည်။

http://www.dhammadownload.com

သတ္တဝါသည်ကား သရုပ်တရားကိုယ်အားဖြင့် လည်းကောင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလအားဖြင့်လည်းကောင်း ရှကောင်းသော တရားမျိုးမဟုတ်၊ စိတ်ထဲတွင် ထင်မြင်၍ ခေါ် ဝေါ် ပြောဆိုရုံမျှ အသုံးကျသော သမ္မုတိသစ္စာ အဘာဝပညတ်မျှသာ ဖြစ်ပါသည်။

ဤသို့ပညတ်မျှသာဖြစ်သော သတ္တဝါကို အဟုတ်ရှိ တကယ်ရှိ ထင်မြင် စွဲယူထားခြင်းကြောင့် ယုတ်မာသော အယူရှိပုံကို–

> သစ္စံ ကိရ တေ အာဝုသော ယမက ဝေဠုပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ၊ ကထာဟံ ဘဂဝတာ မေ့ံ ဒေသိတံ အာဇာနာမိ ယထာ ခီဏာသဝေါ ဘိက္ခု ကာယဿ . ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ နု ဟောတိ ပရံ-မရဏာတိ—

စသည်ဖြင့် ဟောတော်မူပါသည်။

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ယမကသုတ်-နှာ-၉၀

ဘာသာပြန်။ ။အာဝုသော ယမက၊ ငါ့ရှင် ယမက။ တေ၊ သင့်အား။ ယထာ၊ အကြင်အခြင်းဖြင့်။ ခီဏာသဝေါ၊ ရဟန္တာဖြစ်သော။ ဘိက္ခု၊ ရဟန်း သည်။ ကာယဿ၊ ဥပါဒိဏ္ဏ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ပရံ၊ နောက်၌။ (တနည်းကား) ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျောက်၏။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ နု ဟောတိ။ မဖြစ်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ တရားကို။ အဟံ၊ ငါသည်၊ အာဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့။ ပါပကံ၊ ယုတ်မာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ သစ္စံ ကိရ၊ မှန်သလော။ ဣတိ၊ ဤသို့။ အဝေါစ၊ အရှင်သာရိပုတ္တရာက ဆို၏။။

ပဏ္ဍိတဇ သီရိပဝရ မဟာဓမ္မရာဇာဝိ ရာဇဂုရု တံဆိပ်တော်ရ မိုင်းခိုင်း ဆရာတော်ကြီးကလည်း တိပေဋကဝိနိစ္ဆယကျမ်း ဒုတိယတွဲ စာမျက်နှာ-၂၇၀-တွင် အထက်ပါအတိုင်း ရေးသားတော်မူပါသည် ဘုရား။

ဤသို့ သောဓနာ လျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စီစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ် (၇) (ခ) သောဓနာကို တင်သွင်း လျှောက်ထားအပ်ပါသည်၊ အမှတ် (၃) ဝိနည်းဓိုရ် အရှင်သူမြတ်တို့ ဘုရား။

စောဒနာ အမှတ် (၇) (၇) စောဒနာကို- သောဓနာခြင်းပါ ဘုရား။

သတ္တလောက သခါရလောက ဩကာသလောက တည်းဟူသော ဘုံသုံး ပါးဌာ ဖြစ်ကုန်သော သဝိညာဏက အဝိညာဏက အလုံးစုံကို နာမရူပ-

http://www.dhammadownload.com

ပရိစ္ဆေဒဉာဏ် ဓမ္မဝဝတ္ထာန ဉာဏ်တို့ဖြင့် ဝေဖန်ပိုင်းခြား၍ကြည့်လျှင် ဥပါဒ် ဌိ ဘင် အစဉ် ဖြစ်ပျက်၍ နေကြကုန်သော ရုပ် နာမ် ဓမ္မ သခါရတရားတို့သည်သာ ရှိကုန်၏၊ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာဟူ၍ လုံးလုံးမရှိ သက်သက်မရှိ အလျဉ်းမရှိကြကုန်ပြီဟု ဉာဏ်၌ ဆုံးဖြတ်ပိုင်နိုင် သိမြင်နိုင်ကြောင်းကို-ဝိသုဒ္ဓိမဂ် ဒုတိယအုပ် စာမျက်နှာ-၂၂၀-လာ စကားဖြင့် သိအပ်နိုင်ပါသည်။

သဗ္ဗေပိ တေဘူမက ဓမ္မေ၊ ခဂ္ဂေန သမုဂ္ဂံ ဝိဝရမာနောဝိယ ယမက တာလကန္ဒံ ဖာလယမာနော ဝိယ စ၊ နာမဉ္စ ရူပဉ္စ ဒဋ္ဌမော ဝဝတ္ထပေ-တိ၊ နာမရူပမတ္တတော ဥဒ္ဒံ အညော သတ္တော ဝါ၊ ပုဂ္ဂလော ဝါ၊ ဒေ-ဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ။

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေဘူမကေ၊ ဘုံသုံးပါး၌ ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ခဂ္ဂေန၊သန်လျက်ဦးအဖျားဖြင့်။ သမုဂ္ဂံ၊ ပူတာတံတင်းနှင့်တူသော ကြီးစွာသော ပန်းကြွတ်ဖုံး ပန်းကလာပ်ဖုံးကို။ ဝိဝရမာ-နောဝိယစ၊ ဖွင့်လိုက်ဘိသကဲ့သို့လည်းကောင်း။ ယမကတာလကန္ဒံ၊ အလုံးစုံသော ထန်းဖူးညှောင့်ကို။ ဖာလယမာနော ဝိယ စ၊ ခွဲလိုက်ဘိသကဲ့သို့ လည်းကောင်း။ နာမဉ္စ၊ နာမ်ဟူ၍လည်းကောင်း။ ရူပဉ္စ၊ ရုပ်ဟူ၍လည်းကောင်း။ ဇ္ဈတိ၊ ကျွတ်သို့။ ဒဋ္ဌမော၊ နှစ်စု နှစ်ဖုံ နှစ်ပါးအားဖြင့်။ ဝဝတ္ထပေတိ၊ သိမ်းဆည်း ပိုင်းခြား မှတ်သားနိုင်ပေ၏။

နာမရူပ မတ္တတော၊ နာမ် ရုပ်နှစ်ပါးမျှမှ။ ဥဒ္ဓံ၊ အထက်၌။ ဝါ၊ အပိုအလွန်။ အညော၊ တပါးတခြားဖြစ်သော။ သတ္တော ဝါ၊ သတ္တဝါဟူသည် လည်းကောင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်ဟူသည် လည်းကောင်း။ ဒေဝေါ ဝါ၊ နတ်ဟူသည်လည်းကောင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာဟူသည် လည်းကောင်း။ နတ္ထိ၊ ဘိတ်ဘိတ်မရှိ အလျဉ်းမရှိပြီ။ ဇ္ဈတိ၊ ကျွတ်သို့။ နိဋ္ဌံ၊ ပြီးဆုံးအောင်မြင် ဉာဏ်တွင်ရှင်းလင်း ပိုင်နိုင်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။

ကျွတ်သို့ လူ နတ် ဗြဟ္မာ သတ္တဝါ ပညတ်တို့နှင့် မရောမယှက် သက်သက်သော ရုပ်နာမ်တရားတို့၏ ပရမတ္ထ သဘာဝဖြစ်သော ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းနည်းဟူသော အကြောင်းအကျိုးတို့သည် နိယာမသဘောအတိုင်း တဦးတယောက်မျှ ပြုပြင်ဖန်ဆင်းမှုမရှိပဲ အမြဲဖြစ်ပျက်၍နေကြပါကုန်သည်။

နိယာမတရားဆိုသည်ကား တစုံတယောက်သောလူ တစုံတယောက်သော နတ် တစုံတယောက်သော သိကြား တစုံတယောက်သော ဗြဟ္မာ တစုံတယောက်သော ထာဝရဘုရား တို့၏ ပြုလုပ်မှု ဖန်ဆင်းမှုတို့ဖြင့် မစပ်

http://www.dhammadownload.com

မဆိုင်ပဲ ဓာဘ်သဘာဝအလျောက် မဖောက်မပြန် အမှန် အမြဲ မလွဲမပြောင်း သူအကြောင်းနှင့် သူအကျိုး သူအနွယ်နှင့်သူအမျိုး အပြိုးမပျက် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွားရ၍ နေမှုကို နိယာမတရားဆိုသည်ဟူ၍—

လယ်တီဒီပနီပေါင်းချုပ်၊ ပဌမတွဲ–နှာ (၄၂၂) ကြောင်းရေ(၇) နိယာမ ဒီပနီကျမ်း၌၊ လယ်တီဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူထားပါသည်။

ဤသို့ နိယာမတရားအားဖြင့် အနိစ္စသဘာဝ- ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည် ဘယ်ကမ္ဘာကျလျှင် ကုန်ဆုံးမည်၊ ဘယ်ကမ္ဘာတုန်းက စခဲ့သည်ဟု အစနှင့်အဆုံး အဆုံးနှင့်အစ အဘိညာဏ်ရမဟာသာဝကကြီးတို့ပင် ဆင်ခြင်၍ မရနိုင်ဟု ဆိုလိုပါသည်၊ မပျက်မစီးပဲ နိဗ္ဗာနဓာတ်ကြီးကဲ့သို့ ထာဝရတည်မြဲ နေသည်ဟု မဆိုလိုပါ၊ ထို့သို့ စဆုံးမရ ဖြစ်ပေါ်၍ နေကြပါကုန်သော်လည်း အကြောင်းမဲ့ ဖြစ်ပေါ်နေသည် မဟုတ်ပါ၊ အကြောင်းရှိမှ ဖြစ်ပေါ်ကြရပါသည်၊ သို့သော်လည်း မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်ရသောအကျိုး တရားတို့သည် တည်မြဲခြင်း မရှိနိုင်ကြောင်းကို–

> ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု၊ ယောပိ ပစ္စယော၊ ရူပဿ ဥပ္ပါဒါယ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ–

အစရှိသော (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်) အနိစ္စဝဂ်၊ သဟေတုကအနိစ္စသုတ်၊ နှာ–၂၀–ဖြင့် သိအပ်ပါသည်။

ရဟန်းတို့ ရုပ်သည်မမြဲ၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက်အပံ့ သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်သည်ကား အဘယ်မှာ မြဲလိမ့်မည်နည်း။

ထို့ကြောင့် "သတ္တောကာသ သင်္ခါရအားဖြင့် လောကသုံးပါးတို့တွင် သဝိညာဏက အဝိညာဏက ရုပ်နာမ်ဟူသမျှ ပေ်သိမ်းသော ဥပါဒ်,ဌိ,ဘင် ဖြစ်ပျက်စဉ် သင်္ခါရတို့သည် ပရမတ္ထသဘာဝ ဟူသော အကြောင်းကြောင့် အဆုံးလည်းမရ အစလည်းမရှိ နိယာမအားဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော သဘောရှိကုန်၏" ဟု ခြောက်စောင်တဲ့ကျမ်းတွင် ကြောင်ပန်း ဆရာတော်ဘုရား ရေးသားတော်မူခြင်းသည် ဘုရားရှင်အလိုတော်ကျအတိုင်း ဖြစ်ပါသည်။

ဤသို့ ကြောင်းနှင့်ကျိုးပျ ရုပ် နာမ် ဓမ္မ အနိစ္စဓာတ် ပရမတ်ကို မသိမမြင် မဆင်ခြင်သော ဗာလပုထုဇဉ် အန္ဓပုထုဇဉ်တို့မှာသာ အတ္တ အစဲပြဲကြုံး မြဲ၍ အလွဲလွဲ အမှားမှား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူမျှားဖြစ်တတ်သည်မျှားကို

http://www.dhammadownload.com

အောက်ပါ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားသော နိယာမဒီပနီကျမ်းလာ စကားဖြင့် သိအပ်ပါသည်။

မှောင်တွင်းသားတို့မှာ ရုပ်ခေတ် နာမ်ခေတ်တို့ကို သတ္တဝါ၏ အတ္တ ငါ၏ အတ္ထ ဟု ယူကြလျက်ရှိသောကြောင့် ဤဘဝ ရုပ်နာမ်စုသည် စုတိတွင်ချုပ်ဆုံးသည်ဟု ယူကြလျှင် ဤပုဂ္ဂိုလ်သတ္တဝါသည်လည်း စုတိတွင် ပျက်ဆုံးသည်ဟု ဥစ္ဆေဒဒိဋ္ဌိဖြစ်လေ၏၊ ဤပုဂ္ဂိုလ်သတ္တဝါသည် စုတိတွင်မဆုံး နောက်ဘဝတွင် ကူးပြောင်းသည်ဟု ယူဆကြလျှင် အတ္တဖြစ်သော နာမ်ရုပ်စုသည် အခွါအခွါ နောက်ဘဝသို့ ကူးပြောင်းသည်ဟု သဿတဒိဋ္ဌိဖြစ်၏၊ ရုပ်နာမ်မှ အလွတ်ကြဆ၍ ယူကြသော အတ္တဇီဝ အယူမျိုးလည်းရှိ၏။ သေရာမှာ ပြတ်သည်ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ သေရာမှာမပြတ် ခန္ဓာအိမ်တခုပျက်လျှင် ကုသိုလ်ကံအကုသိုလ်ကံပို့ချရာ၌ ခန္ဓာအိမ် အသစ်နှင့် နေပြန်သည်ဟု ယူလျှင် သဿတဒိဋ္ဌိဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ အယူကင်းပျောက်၍ အဘိဓမ္မာအလင်းပေါက်ခဲ့လျှင် သောတာပန်အဖြစ်သို့ ရောက်၍ ဘဝဆက်တိုင်း အပါယ်ဒဏ်မှ အမြဲကင်းငြိမ်းခြင်း ဟူသော ပထမနိဗ္ဗာန်ကြီး ပေါက်လေ၏ ဟု လယ်တီဒီပနီ ပေါင်းချုပ်-ပ-နှာ-၄၂၂ နိယာမဒီပနီကျမ်းတွင် လယ်တီဆရာတော်ဘုရား ရေးသားတော်မူပါသည်။

ဤသို့ လျှောက်ထားအပ်သော သောဓနာ အချက်အလက်တို့ကို ဓမ္မဝိနယနှင့်အညီ စိစစ် ဆုံးဖြတ်ချက်ချတော်မူပါရန် အမှတ်(၈)-(၈) သောဓနာကို တင်သွင်း လျှောက်ထားပါသည် နိဂုံးတော် အမှတ်(၃)ဝိနည်းဋီရိုးဆရာတော် အရှင်မြတ်တို့ ဘုရား။

(ဃ) သောဓနာချက်ကို လျှောက်ထားပါသည်ဘုရား။

ကမ္မာလုံးမူ ကြောင်ပန်း ခြောက်စောင်တွဲ သဘာဝဒီပနီကျမ်း-နှာ-၂(၁၉၅)မှာ-

ဘယ်ဟာတစိမျှ မရှိမမြင်သော ကောဒ်းကင်ကိုသာ ဆတ္တဝါခေါ်သည် ငါခေါ်သည် ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်၊ ဤအဋ္ဌကထာ ဋီကာပြဖော်အလိုတော်က "ဝိညာဏံ အနိဒဿနံ အနန္တံ သမ္မတော ပဘံ" ဟူသော ပြဟ္မ-နိမန္တန သုတ်ပါဠိတော်ကို ပြတော်မူသည်။

ဤသို့ ရေးသားတော်မူရာ၌—

ဥပမာအားဖြင့် လက်ကိုဆုပ်၍ ထားပါလျှင် ကြည့်မြင်သောသူတို့က လက်ဆုပ်ထဲမှာ တခုခုရှိနေလိမ့်မည်ဟု ထင်ရပါလိမ့်မည်၊ သို့သော် လက်ဆုပ်ထဲမှာ

http://www.dhammadownload.com

ဘာမျှ ဘာပစ္စည်းမျှ မရှိပါ၊ကြည့်သောသူတို့ကသာ ရှိလိမ့်မည်ဟုထင်မြင်နေကြပါသည်။

လက်ဆုပ်ကိုဖြန့်၍ ပြလိုက်သောအခါမှ လက်ဆုပ်ထဲမှာ ဘာပစ္စည်းမျှမရှိပါလားလို့ကြည့်သူတို့ရဲ့ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း သံသယကင်းရှင်းမြင်ကြပါတော့သည်။

ထိုဥပမာအတူ လူ နတ် ဗြဟ္မာဘုံ လူ နတ် ဗြဟ္မာ ခန္ဓာတို့မှာ ဆုပ်ရှင်ထားသော လက်နှင့်တူပါသည်၊ အရိယာသစ္စာ ဒေသနာနည်းအားဖြင့် ဒုက္ခသစ္စာသာ ရှိပါသည်၊ သုခဆိုတာ မရှိပါ။

သို့သော် ပုထုဇဉ်တို့အမြင်အားဖြင့် ကြည့်ရှုပါမူ သုခရှိလိမ့်မည်ဟု ထင်နေကြ မြင်နေကြပါသည်။

ဆုပ်ရှင်ထားသော လက်ကို ဖြန့်ရှင်ပြလိုက်ပါလျှင် ကြည့်သောသူတို့က ဘာမျှ ဘာပစ္စည်းမျှ မရှိပါတကားဟု ရှင်းရှင်းလင်းလင်း မြင်ရှင် သွားကြသကဲ့သို့ ထို့အတူ ကလျာဏပုထုဇဉ် အရိယာတို့မှာ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ကြည့်လိုက်မူ လူ နတ် ဗြဟ္မာဘုံ လူ နတ်ခန္ဓာတို့မှာ ဘယ်သုခမျှ မရှိပါတကားဟု ရှင်းရှင်းလင်းလင်း မြင်သွားကြပါသည်၊ အရိယသစ္စာ ဒေသနာနည်းအားဖြင့် ဒုက္ခသစ္စာပါတကားဟု မြင်သွားကြပါသည်။

လက်ဆုပ်ဖြန့် ထားတာလို ကောင်းကင်ကြီးမှာလဲ ဘယ်ဟာတစိမျှ မရှိပါ၊ ပရမတ္ထသစ္စာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အရိပ်အရောင်မျှဖြစ်သော သတ္တဝါ ပညတ် ငါပညတ် ငါ့ကိုယ် ပညတ် တရားတို့သည်လည်း ဘယ်ဟာတစိမျှ မရှိသော ကောင်းကင်ကြီးနှင့်သာ တူကြပါကုန်၏၊ကောင်းကင်လိုသာ သတ္တဝါလို့ ခေါ်ရသည်၊ ကောင်းကင်လိုသာ ငါခေါ်ရသည်၊ ကောင်းကင်လိုသာ ငါ့ကိုယ်ခေါ်ရသည်၊ခြောက်စောင်တွဲမှ ကောင်းကင်ကိုသာ သတ္တဝါခေါ်သည်လို့ ရေးသားရာမှာ စာပုံနှိပ်တိုက် စာပြင်ဆရာတို့၏ ချုတ်ယွင်းမှု ဖြစ်ပါသည်၊ ကောင်းကင်လိုသာ သတ္တဝါခေါ်သည်လို့ ပါမှ အမှန်ဖြစ်ပါသည်။

ဆုပ်ရှင်ကြည့်မြင် ပုထုဇဉ်များ။

ဖြန့်ရှင်ကြည့်ကာ အရိယာများ။

ဤစာမျက်နှာအထက်နားမှာ ရေးသားထားသည်ကို ထောက်ပါ။

ထေရဝါဒ–မူလပဏ္ဏာသပါဠိတော် ဆဋ္ဌမု-စူဠယမကဝဂ္ဂ-ပြဟ္မနိမန္တနသုတ်၊ နှာ-(၄၀၅)။

http://www.dhammadownload.com

ဝိညာဏ် အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ—

ရင်းပြဟ္မနိမန္တနသုတ်ကို အဋ္ဌကထာအလိုအားဖြင့် အသခ်တနိဗ္ဗာန်ကို ဖွင့်ဆည်ကား မှန်ပါ၏၊ပထမ ကြောင်ပန်းဆရာတော်ဘုရားကြီးသည်ကား အရိယပုဂ္ဂိုလ်တို့အတွက်သာ အသခ်တနိဗ္ဗာန် အဖွင့်နှင့်ကောင်းမွန်မြင့်မြတ်၍ဝပဿနာအားထုတ်ရှုပွားကြသော ကလျာဏပုထုဇဉ်တို့မှာအသခ်တနိဗ္ဗာန်ကိုမျက်မှောက်အာရုံမပြုနိုင်ကြပါ၊ သခ်တရုပ်နာမ်ကိုသာ ရှုပွားအားထုတ် အလုပ်လုပ်နိုင်ကြသည်ဖြစ်ပါ၍ ထိုဟ္မနိမန္တနသုတ်ကို ဓမ္မယောဂီများအတွက် သခ်တ ရုပ် နာမ်ကိုသာ ဖွင့်ပြရေးသားတော်မူပါသည်။

ထို ဝိညာဏ် စသောပုဒ်၏ နောက်ဆက်တွဲမှာလည်း တံ ပထဝိယာ ပထဝတ္တေန အနနုဘူတံ စသည်ဖြင့် သခ်တ ရုပ် နာမ်တို့ကိုလည်း ဆက်၍ဟောထားခြင်းကြောင့် ထို ဝိညာဏံ စသောပုဒ်သည် အသခ်တနိဗ္ဗာန် သခ်တ ရုပ်နာမ်နှစ်ချက်လုံးနှင့် ကောင်းမြတ်သင့်လျော်သော ဟ္မနိမန္တနသုတ် ဖြစ်ပါသည်။

ထို ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ-ဟူသော ဟ္မနိမန္တနသုတ်ကို အဋ္ဌကထာနှင့်အညီ ကြောင်ပန်းခြောက်စောင်တွဲနှင့် အညီ နယဂ္ဂါဟဝိဂြိုဟ်ပြု၍ သောဓနာလျောက်ထားပါမည်ဘုရား။

ဝိညာဏံနှင့် အသခ်တနိဗ္ဗာန် တွဲ၍ ဝိသေသညာဏေဟိ ဇာနိတမ္မန္တိ ဝိညာဏံ။

ယံ၊ အကြင်အသခ်တ နိဗ္ဗာန်ကို။ ဝိသေသ ညာဏေဟိ၊ ထူးသောဇင်္ဃာဏ် ဖိုလ်ညာဏ်တို့ဖြင့်။ ဇာနိတမ္မံ၊ မျက်မှောက် သိအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုအသခ်တနိဗ္ဗာန်သည်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။

ဤဝိဂြိုဟ်ကား အရိယာတို့၏ မဂ်ညာဏ် ဖိုလ်ညာဏ်နှင့် အသခ်တနိဗ္ဗာန်ကို ရပါသည်။

ဝိညာဏံနှင့် သခ်တရုပ်နာမ်တွဲ၍ ဝိသေသညာဏေဟိ ဇာနိတမ္မန္တိ ဝိညာဏံ။

ယံ၊ အကြင်သခ်တ ရုပ်နာမ်ကို။ ဝိသေသညာဏေဟိ၊ ထူးသောဝိပဿနာညာဏ်ဆယ်တန်တို့ဖြင့်။ ဇာနိတမ္မံ၊ သိအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုသခ်တရုပ်နာမ်သည်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။

ဤဝိဂြိုဟ်ကား ဝိပဿနာရှုပွား ကလျာဏပုထုဇဉ်တို့၏ ဝိပဿနာညာဏ်နှင့် သခ်တရုပ်နာမ်ကို ရပါသည်။

http://www.dhammadownload.com

အနိဒဿနံနှင့် အသခ်တနိဗ္ဗာန်တွဲ၍ နာ နိဒဿိတဗ္ဗန္တိ အနိဒဿနံ။

ယံ၊ အကြင် အသခ်ာနိဗ္ဗာန်ကို။ နနိဒဿိတဗ်၊စက္ခု ဝိညာဏ်ဖြင့် မမြင်အပ်။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုအသခ်တနိဗ္ဗာန်သည်။ အနိဒဿနံ၊ အနိဒဿန မည်၏။

ဤဝိဂြိုဟ်ကား အရိယာတို့၏ မျက်မှောက် အသခ်တ နိဗ္ဗာန်ကို ရပါသည်။

အနိဒဿနံနှင့် အသခ်တ ရုပ်နာမ်တွဲ၍ နာ နိဒဿိတဗ္ဗန္တိ အနိဒဿနံ။

ယံ၊ အကြင်သခ်တ ရုပ်နာမ်ကို။ နနိဒဿိတ-ဗ်၊ စက္ခု ဝိညာဏ်ဖြင့် မသိမမြင် အပ်။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုသခ်ာရုပ်နာမ်သည်။ အနိဒဿနံ၊ အနိဒဿန မည်၏။

ဤဝိဂြိုဟ်ကား ဝိပဿနာရှုပွား ကလျာဏ ပုထုဇဉ်တို့သည် ရှုပွားအပ်သော သခ်ာရုပ်နာမ်ကိုရပါသည်။

အနန္တန်နှင့် အသခ်တနိဗ္ဗာန်တွဲ၍— နတ္ထိ အန္တော တေဿာတိ အနန္တံ။

တေဿ၊ ထိုအသခ်တ နိဗ္ဗာန်အား။ အန္တော၊ ဥပါဒ်အစ ဘင်အဆုံးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုအသခ်တနိဗ္ဗာန်သည်။ အနန္တံ၊ အနန္တ မည်၏။

ဤဝိဂြိုဟ်ကား အရိယာတို့၏ မျက်မှောက် အသခ်တ နိဗ္ဗာန်ကိုရပါသည်။

အနန္တနှင့် သခ်တ ရုပ်နာမ်တွဲ၍—နတ္ထိ အန္တော တေဿာတိ အနန္တံ။

တေဿ၊ ထိုသခ်တ ရုပ်နာမ်အား။ အန္တော၊ အဖြစ်အပျက်တို့၏ အပိုင်းအခြားအဆုံးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုသခ်တရုပ်နာမ်သည်။ အနန္တံ၊ အနန္တမည်၏။

ဤဝိဂြိုဟ်ကား တရုားရှုပွား ကလျာဏပုထုဇဉ်တို့၏ သခ်တရုပ်နာမ်ကိုရပါသည်။

သမ္မတော ပဘံ နှင့် အသခ်တ နိဗ္ဗာန်—သမ္မတ္ထ ပဘဝတိ သံဝိဇ္ဇတီတိ သမ္မတော ပဘုံ။

ယံ၊ အကြင်အသခ်တ နိဗ္ဗာန်သည်။ သမ္မတ္ထ၊ ခပ်သိမ်းသောအရပ်၌။ ပဘဝ-တိ သံဝိဇ္ဇတိ၊ အထင်အရှားရှိ၏။ ဣတိ၊ ထို့ကြောင့်။တံ၊ ထိုအသခ်တ နိဗ္ဗာန် သည်။ သမ္မတော ပဘုံ၊သမ္မတော ပဘ မည်၏။

ဤဝိဂြိုဟ်ကား အရိယာတို့၏ မျက်မှောက် အသခ်တ နိဗ္ဗာန်ကို ရပါသည်။

သမ္မတော ပဘံ နှင့် အသခ်တရုပ်နာမ်တွဲ၍—သမ္မတ္ထ ပဘဝတိ သံဝိဇ္ဇတီတိ သမ္မတော ပဘံ။

ယံ၊ အကြင်သခ်တ ရုပ်နာမ်သည်။ သမ္မတ္ထ၊ ခပ်သိမ်းသောအရပ်၌။ ပဘဝ တိ သံဝိဇ္ဇတိ၊အထင်အရှားရှိ၏။ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုသခ်တရုပ်နာမ်သည်။ သမ္မတော ပဘံ၊ သမ္မတော ပဘမည်၏။

http://www.dhammadownload.com

ဤဝိဂြိုဟ်ကား တရားရှုပွား ကလျာဏပုထုဇဉ်တို့၏ သခ်ၤတရုပ်နာမ်ဖြစ်ပါသည်။

တိပိဋကဓရာမဗဘဏ္ဍာဂါရိက ဆရာတော်ကြီးဧရား မဟာဗုဒ္ဓဝင် စတုတ္ထတွဲ နှာ (၄၆၄) ပြဟ္မနိမန္တနသုတ် အခန်းမှာ ဤသို့ရေးသားထားပါသည်။

မြတ်စွာဘုရားရှင်က (သက္ကာယသဗ္ဗ) သက္ကာယ တရားအားလုံးကိုရည်ညွှန်းတော်မူ၍ ဗကပြဟ္မာ ငါဘုရားသည် အလုံးစုံသက္ကာယ လောကီတရားများကို အလုံးစုံသဘောအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဟု ထူးသောဉာဏ်ဖြင့်လည်း သိသည်။

ယင်းကို သိပြီးနောက် ထိုဝိပဿနာဉာဏ်အထူး၏ ကျေးဇူးပြုပေးခြင်းကြောင့် မဂ်ဉာဏ်ဖြင့် အလုံးစုံ သက္ကာယတရားစု၏ အလုံးစုံသဘောအားဖြင့် မရောက်ရာ နိဗ္ဗာန်တရားကိုလည်း သိသည်ဟု မိန့်တော်မူခဲ့သည်။

ထိုအနက်အဓိပ္ပာယ်ကို ငါသည် အလုံးစုံကို အလုံးစုံသဘောအားဖြင့် အထူးသိပြီးလျှင် အလုံးစုံ၏ အလုံးစုံသဘောအားဖြင့် မရောက်ရာတရားကိုလည်း သိ၍ ဟု အသိဓက် လျှို့ဝှက်သော စကားဖြင့်မိန့်ကြားတော်မူလေသည်။

ဤသို့ ရေးသား မိန့်ဆိုတော်မူခြင်းကြောင့် အသိဓက် လျှို့ဝှက် အသခ်ၤတ သခ်ၤတ နှစ်ချက်ဖြစ်ပါသည်။

ထူးသော ဝိပဿနာဉာဏ်ဖြင့် သခ်ၤတရုပ်နာမ်ကို ရှေးဦးစွာ ရှုရပွားရ အားထုတ်ရပါသည်၊ ထို့ကြောင့် ဝိညာဏ် စသော ပုဒ်တို့ကို တရားအားထုတ်သော ကလျာဏပုထုဇဉ်တို့အတွက် သခ်ၤတရုပ်နာမ် ကို အနက်ပေးရပါသည်၊ တရားရှုပွား အားထုတ်ကြသော ကလျာဏပုထုဇဉ်တို့သည် ဝိပဿနာ(၁၀)တန် ဖြင့်ရှုပွားသော် အဆုံ မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်၍ လာပါသည်၊ အသခ်ၤတ-နိဗ္ဗာန်ကို မျက်မှောက် အာရုံပြုပါသည်၊ ထိုအရိယာတို့အတွက် ဝိညာဏ်စသော ပုဒ်တို့ကို အရိယာပုဂ္ဂိုလ်တို့အတွက် အသခ်ၤတနိဗ္ဗာန်ကို အနက်ပေးရပါသည်၊ ထို့ကြောင့် ဝိညာဏ် စသော ပြဟ္မနိမန္တနသုတ်သည် သခ်ၤတ အသခ်ၤတ နှစ်ချက်ရသင့်ပါသည်။

ထို့ကြောင့် စောဒနာအမှတ် (၇) အပိုဒ် (ဃ)အရ-

အရပ်ခန္ဓာငါးပါးအပေါ်မှာ အရိပ်ပညတ်ထင်၍ နေသော သတ္တဝါဆိုတာ ငါဆိုတာ ငါ့ကိုယ်ဆိုတာသည် ဘယ်ဟာတစ်မျှ မရှိသော ကောင်းကင် လိုသာ ဖြစ်ပါသည်၊ ဝိညာဏ် စသော ပြဟ္မနိမန္တနသုတ်သည်လည်း အသခ်ၤတနိဗ္ဗာန် အချက်နှင့် သခ်ၤတရုပ်နာမ်အချက်ပါ နှစ်ချက်ရသင့်ပါသည်၊ (ဝါ) တရားရှုပွား ကြသော ကလျာဏ ပုထုဇဉ်များအတွက်နှင့် အရိယာ ပုဂ္ဂိုလ်များအတွက် နှစ်ဖက်ရသင့်ပါ**သည်။**

http://www.dhammadownload.com

ဤကား အမှတ် (၈) သောဓနာ ဖြစ်ပါသည်၊ ဓမ္မဝိနယနှင့်အညီ စိစစ်ဆုံးဖြတ်ချက် ချပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား။

သောဓနာအမှတ် (၉)

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အရှင်သူမြတ်တို့ဘုရား၊ အမှတ် (၉) စောဒနာချက်ကို တပည့်တော်တို့ ဉာဏ်မီသမျှ သောဓနာချက်ပါဘုရား။

(က) စောဒနာချက်မှာ တပည့်တော်တို့နှင့် လုံးဝမပတ်သက်ပါဘုရား။

(ခ) ထေရဝါဒ အဘိဓမ္မတ္ထသင်္ဂဟ စေတသိက်ပိုင်း နှာ(၇)၌- ကထံ ဖဿော ဝေဒနာ သညာ စေတနာ ကေဂ္ဂတာ ဇီဝိတိန္ဒြိယံ မနသိကာရော စေတိ သတ္တိမေ စေတသိကာ သဗ္ဗစိတ္တသာဓာရဏာနာမ။

အဓိပ္ပါယ်မှာ—သညာစေတသိက်ဟု ဆိုအပ်သော သညာကွန္ဓာသည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်မည်၏။

ကထံ သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ကုသလာကုသလေသု စိတ္တုပ္ပါဒေသု လဗ္ဘန္တိ။

အဓိပ္ပါယ်မှာ—ဤ သညာစေတသိက်ဟု ဆိုအပ်သော သညာကွန္ဓာကို အလုံးစုံလည်းဖြစ်ကုန်သော တခုယုတ်ကိုးဆယ် စိတ်တို့၌ ရအပ်ကုန်၏။

ဤအဋ္ဌကထာသွားကို ထောက်သဖြင့်ထည်းကောင်း—

လယ်တီပရမတ္ထသံခိပ်၌

၄၃။ ဖဿ,ဝေ,သဉ်,စေ,ဧ,ဇီ,မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်။
၄၆။ ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းနေ၊ သမာန်အညတရသ။
၅၉။ သဗ္ဗစိတ္တေ၊ ခုနစ်ထွေ၊ ယှဉ်လေစိတ်အားလုံး။

ဤသံခိပ်မျှားကို ဓဇာဂ်သဖြင့်လည်းကောင်း—

ခြောက်စောင်တွဲ သုံးလေးကဗီပနီ ကမ္မာလုံးမူ နှာ (၂၃၄-မှ ၂၄၁)အထိ ခန္ဓာငါးပါးသဘော ပရမတ်တို့ကို ခန္ဓာတပါးစီ အသီးသီးပြခြင်းကို ဉာဏ်ဖြင့်

http://www.dhammadownload.com

ထောက်၍လည်းကောင်း မောဓိဉာဏ်တော် ပုဗ္ဗေနိဝါသဉာဏ်တော်တို့သည် သခ်ါရက္ခန္ဓာဖြစ်ပါသည်၊ သညာစေတသိက်သည် သညာက္ခန္ဓာဖြစ်ပါသည်၊ ၎င်း မောဓိဉာဏ်တော် ပုဗ္ဗေနိဝါသဉာဏ်တော်တို့နှင့် သညာစေတသိက်သည် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သည်ကို ထောက်သဖြင့်လည်းကောင်း မဟာဂ်ရိယာဉာဏသမ္ပယုတ်စိတ်(၄)ခုနှင့်ယှဉ်သော သညာစေတသိက် ရူပါဝစရကိရိယာ ပဉ္စမစျာန်စိတ်နှင့် ယှဉ်သောသညာစေတသိက်တော်ကိုသာ ဆိုပါသည်ဘုရား။

ဤသို့သောဓနာ လျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက်ချတော်မူပါရန် အမှတ်(၉)သောဓနာကို တင်သွင်း လျှောက်ထားပါသည် အမှတ်(၃) နိုင်ငံတော်သီးခြားဝိနည်းမိုရ် အရှင်သူမြတ်တို့ဘုရား။

သောဓနာအမှတ်(၁၀)

အမှတ်(၃)နိုင်ငံတော်သီးခြားဝိနည်းမိုရ်အရှင်သူမြတ်တို့ဘုရား၊ အမှတ်(၁၀) စောဒနာချက်ကို တပည့်တော်တို့ ဉာဏ်မီသမျှ သောဓနာချက်ပါဘုရား။

(က) နိဗ္ဗာန်ကိုဆုတောင်းခြင်းကို မှားသည်ဟု ဆိုလိုသည်မဟုတ်ပါဘုရား၊ ကြောင်ပန်းဆရာတော်၏ ဝိဝဋ္ဋဒီပနီကျမ်း နှာ(၂၀)၊ နိဒါနသံယုတ် ပါဠိတော်ဆဋ္ဌမူ နှာ(၂၄၆)၌—

> ကတမာ စ ဘိက္ခဝေ သမ္မာပဋိပဒါ အဝိဇ္ဇာယတ္တေဝ အသေသ-ဝိရာဂနိရောဓာ သခ်ါရနိရောဓော။
>
> ဝိဝဋ္ဋဒီပနီကျမ်း၊ နှာ(၂၉)။ ၎င်းပါဠိတော်အဖွင့် နိဒါနသံယုတ် အဋ္ဌကထာ ပဋိပဒါသုတ် ဆဋ္ဌ နှာ(၁၈)၌—
>
> ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတ္ဝာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌုက်-ယာဂုမတ္တဒါနမ္ပိ ပဏ္ဍိစ္စံ ဒါနမတ္တမ္ပိ၊ သမ္မံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတံ၊ ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာပဋိပဒါဝ ဟောတိ။ အပ္ပမတ္တကမ္ပိ ဟိ ပဏ္ဍိစ္စ-မတ္တဒါနကုသလံ ဝါ ဟောတု မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတ္ဝာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာ ဒဿိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊နော ဝိဝဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသ-ဝက္ခယာဝဟံ ဟောတူ"တိ ဇေဝပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဒဿိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သမ္မာသမ္ဗောဓိဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတ္ဝာ ပရိယောသာနံ ဂစ္ဆတိ။

http://www.dhammadownload.com

ဤပါဠိတော်အဋ္ဌကထာပုဒ်တို့တွင် သမ္မာပဋိပဒါ ပုဒ်ကိုထောက်ဆ၍ ဗုဒ္ဓဘာသိတ အဋ္ဌကထာဘာသိတ ပဓာနအဓိပ္ပာယ်မှာ ဝိဝဋ္ဋနိဿိတ ဒါန သီလ သမထနှင့် ဝိပဿနာတရားကို အားထုတ်မှ နိဗ္ဗာန်ရမည်ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်ဘုရား။

ကြောင်ပန်းဆရာတော်ဘုရားကြီးအလိုက အားထုတ်မှု ပဓာန ဆုတောင်းမှု အပဓာနကို ရည်ရွယ်၍ ထေရဝါဒပါဠိတော် အဋ္ဌကထာကို အားကိုးပြု၍ ရေးသားခြင်း ဖြစ်ပါသည်ဘုရား။

သုစ်မဟာဝါပါဠို၊ ထေရဝါဒမဟာ ပရိနိဗ္ဗာနသုတ် ဆဋ္ဌမှု နှာ(၁၁၉)

ကတပုညောသိ တွံ အာနန္ဒ ပဓာနမနုယုဉ္ဇ ခိပ္ပံ ဟောဟိသိ အနာသဝေါ။ အဓိပ္ပာယ်—ချစ်သားအာနန္ဒာ သင်သည် ရှေးရှေးသောဘဝတို့က ပြည့်စုံလုံလောက်စွာပြုခဲ့ဖူးသော ပုညကိရိယာပါရမီကုသိုလ်မျိုး ရှိပြီးသူသည်ဖြစ်၏၊ ဘာဝနာကိစ္စ ပဓာနကိုသာလျှင် အားထုတ်လော့၊ လျင်စွာ အာသဝေါကင်းသော ရဟန္တာသည် ဖြစ်လတ္တံ့။

ဝိပဿနာအလုပ် အားထုတ်၍ အဟုတ်သိမြင်မှ နိဗ္ဗာန်ရမည်မှာ ဤပါဠိတော်ထောက်သဖြင့် သိအပ်ပါသည်ဘုရား။

(ခ) ကာမကုသိုလ်ကံ (၈)ပါး ရူပကုသိုလ်ကံ (၅) ပါး အရူပကုသိုလ်ကံ (၄) ပါး ပေါင်း ကုသိုလ်ကံ (၁၇)ပါးရှိရာတွင် ဝဋ္ဋနိဿိတကုသိုလ် ဝိဝဋ္ဋနိဿိတ ကုသိုလ်အားဖြင့် (၂)မျိုးရှိပါသည်ဘုရား၊ ဘုရားမပွင့်သောကာလ၌လည်း ရှိနေသော ဝဋ္ဋနိဿိတကုသိုလ်မျိုးဖြင့် တင်းတိမ်မနေကြပဲ လောကီ လောကုတ္တရာ ချမ်းသာ (၂)ပါးကို ရောက်အောင်ပို့ဆောင်နိုင်သော ဝိဝဋ္ဋနိဿိတကုသိုလ်ကံ (၁၇)ပါး ပါရမီ (၁၀)ပါး မဂ္ဂင် (၈)ပါး ဝိဝဋ္ဋနိဿိတ ပုညကိရိယာ (၁၀) ပါး ဤကုသိုလ်များဘက်သို့ ရောက်အောင် ဗလဝစေတနာ သဒ္ဓါတို့ဖြင့် ကြောင်ပန်းဆရာတော်ကြီးက ထေရဝါဒ အထောက်ပြု၍ ရေးသားခြင်း ဖြစ်ပါသည်ဘုရား။

ထေရဝါဒ နိဒါနသံယုတ် ပဋိပဒါသုတ် ပါဠိတော် ဆဋ္ဌမှု၊ နှာ-၂၄၆-၌—

ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ။

အဓိပ္ပာယ်မှာ—ရဟန်းတို့ အဘယ်သို့ပြောဟော ပြုကျင့်ခြင်းသည်လျှင် မှားသောပြော ဟောပြုကျင့်ခြင်းမည်သနည်း၊ သစ္စာလေးပါးကို မသိခြင်းကြောင့် ပြုလိုရာ ပြုမိ ပါရမီမျိုးစေ့အဖြစ်သို့ မဆိုက် မထိစေသော ဝဋ္ဋနိဿိတကုသိုလ်အကုသိုလ်သင်္ခါရတို့ထည့်။

http://www.dhammadownload.com

ထေရဝါဒနိဒါန၀ဂ္ဂသံယုတ် ပဋိပဒါပါဠိတော် ဆဋ္ဌမနှာ ၂၄၆-၌။

ကတမာ စ ဘိက္ခ၀े သမ္မာ ပဋိပဒါ အဝိဇ္ဇာယတ္တေ၀ အသေသ-
ဝိရာဂနိရောဓာ–

အဓိပ္ပာယ်မှာ—ရဟန်းတို့ အဘယ်သို့ ပြောဟော်ပြုကျင့်ခြင်းသည် သာလျှင် နိဗ္ဗာန်ရောက်ကြောင်း အပြုကောင်း အကျင့်ကောင်းမည်သနည်း၊ အဝိဇ္ဇာသာလျှင် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် ကံ (၂၉)ပါး သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းတည်း။

နိဒါန၀ဂ္ဂသံယုတ် အဋ္ဌကထာ ပဋိပဒါ သုတ်အဖွင့် နှာ (၁၈)၌–

နနု စ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိ အတ္ထိ အာနေဉ္ဇာဘိ-သင်္ခါရောပိ၊ သော ကထံ မိစ္ဆာ ပဋိပဒါ ဟောတီတိ။ ၀ဋ္ဋသီသတ္ထာ။ ယံ ဟိ ကိဉ္စိ ဘ၀ဋ္ဌယသင်္ခါတံ ၀ဋ္ဋံ ပတ္ထေတ္၀ာ ပ၀တ္တိတံ၊ အန္တမသော ပဉ္စာဘိညာ အဋ္ဌ ၀ါ ပန သမာပတ္တိယော သဗ္ဗံ တံ ၀ဋ္ဋ၀ဂ္ဂိယံ ၀ဋ္ဋသီသန္တိ ၀ဋ္ဋသီသတ္ထာ မိစ္ဆာပဋိပဒါ၀ ဟောတိ။ ယံ ပန ကိဉ္စိ ဝိ၀ဋ္ဋံ နိဗ္ဗာနံ ပတ္ထေ-တ္၀ာ ပ၀တ္တိတံ၊ အန္တမသော ဥဋ္ဌက်ယာဂုမတ္တဒါနမ္ပိ ပဏ္ဍုမုဋ္ဌဒါနမတ္တမ္ပိ၊ သဗ္ဗံ တံ ဝိ၀ဋ္ဋပက္ခိယံ ဝိ၀ဋ္ဋသိတံ၊ ဝိ၀ဋ္ဋပက္ခိကတ္တာ သမ္မာ ပဋိပဒါ၀ ဟော-တိ။ အပ္ပမတ္တကမ္ပိဟိ ပဏ္ဍုမုဋ္ဌိမတ္တဒါနကုသလံ ၀ါ ဟောတု မဟန္တံ ဝေလာ-မဒါနာဒိကုသလံ ၀ါ၊ သဗ္ဗေ ၀ဋ္ဋသမ္ပတ္တိံ ပတ္ထေတ္၀ာ ၀ဋ္ဋနိဿိတ၀သေန မိစ္ဆာ ဌပိတံ ဟောတိ၊ ၀ဋ္ဋမေ၀ အာဟရိတုံ သက္ကောတိ၊ နော ဝိ၀ဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသ၀က္ခယာ၀ဟံ ဟောတု"တိ ဧ၀ံ ပန ဝိ၀ဋ္ဋံ ပတ္ထေ-န္တေန ဝိ၀ဋ္ဋ၀သေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိညာဏမ္ပိ သမ္မညျတညာဏမ္ပိ ဒါတုံ သက္ကောတိယေ၀၊ နှ အရဟတ္တံ အပ္ပတ္၀ာ ပရိ-ယောသာနံ ဂစ္ဆတိ။

အနက်။ ။စ-စောဒေမိ၊ စောဒနာဦးအံ့။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ ဟူသောအကြောင်းကြောင့်။ ပုညာဘိသင်္ခါရောပိ၊သည်လည်းကောင်း။ အာနေဉ္ဇာဘိသင်္ခါရောပိ၊ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထို သင်္ခါရနှစ်ပါးသည်။ ကထံ၊ အဘယ်သို့လျှင်။ မိစ္ဆာပဋိပဒါ၊ မှားသော အကျင့်သည်။ ဟောတိနနု၊ ဖြစ်နိုင်ပါအံ့နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဝဋ္ဋသီသတ္တာ၊ အဝိဇ္ဇာတည်းဟူသော ဝဋ္ဋ ဦးခေါင်းရှိသည်၏ အဖြစ်ကြောင့်။ မိစ္ဆာပဋိပဒါ၊ မှားသောအကျင့်ရှိ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။

http://www.dhammadownload.com

ဟိသစ္စံ၊ ထိုစကားမှန်၏။ ဘဝတ္တယသခ်ါတံ၊ ဘဝသုံးပါးဟုဆိုအပ်သော။ ဝင္ဆံ၊ တောဘူမကဝင္ဆဒုက္ခကို။ ပတ္ထေတွာ၊ သာယာခင်မင်နှစ်သက် တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ မြတ်ထုတ်လွန်ဖုံး အထက်ဆုံးအား ဖြင့်။ ပဥ္စာဘိညာ၊ ကုသိုလ်အဘိညာ ငါးပါးတို့သော်လည်းဖြစ်သော။ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သမာပတ်ရှစ်ပါးတို့သည်မူလည်းဖြစ်သော။ ယံ ကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသောကံသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ကံသည်။ ဝဋ္ဋူပက္ခိယံ၊ ဝဋ်၏အသင်းအပင်းဝင်္ဆဆင်းရဲဘက်သာတည်း။ ဝင္ဆသိသံ၊ ဝင်္ဆဆင်းရဲအကြောင်း ဝင်္ဆဉီးခေါင်းနှင့် အလားတူ၏။ ဣတိတသ္မာ ဝင္ဆသိသတ္ထာ၊ ထိုဝင်္ဆ၏အကြောင်း ဝင်္ဆဉီးခေါင်းဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှား လွဲသော ပြောခြင်း ဟောခြင်း ပြုကျင့်ခြင်းသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော။ ယုတ်ညံ့ဖျင်းသုံး အောက်ထစ်ဆုံး အားဖြင့်။ ဥဋ္ဌက်ယာဂုမတ္တဒါနပို၊ တမှုတ်မပို တဟင်းချိုမျှသော ယာဂု အလျှူသည်လည်းဖြစ်သော။ ပဏ္ဏမုဋ္ဌိဒါနမတ္တမို၊ ဟင်းရွက်တဆုပ် အလှူမျှသည် မူလည်းဖြစ်သော။ ယံ ပန ကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသောကံသည်ကား။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသောကံသည်။ ဝိဝဋ္ဋူပက္ခိယံ၊ နိဗ္ဗာန်အဖို့၌ ဖြစ်၏။ ဝိဝဋ္ဋနိဿိတံ၊ ဝဋ်ကင်းရာနိဗ္ဗာန်ကိုမှီ၏။ ဣတိတသ္မာ ဝိဝဋ္ဋူပက္ခိကတ္တာ၊ ထိုနိဗ္ဗာန်အဖို့၌ဖြစ်သောကြောင့်။ သမ္မာပဋိပဒါဝ၊ လမ်းမှန်လမ်းကောင်းနိဗ္ဗာန် ရောက်ကြောင်း မတိမ်းစောင်းသော ပြောဟောပြုကျင့်ကောင်းချည်းသည်သာ လျှင်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ ထိုစကားမှန်၏။ အပ္ပမတ္တကမို၊ အနည်းငယ်မျှ သော်လည်းဖြစ်သော။ပဏ္ဏမုဋ္ဌိမတ္တဒါနကုသလံဝါ၊ဟင်းရွက်တဆုပ်မျှလှူရသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်ခမ်းနားများပြား စွာသော။ ဝေလာမဒါနာဒိကုသလံဝါ၊ အလောင်းတော်ဝေလာမပုဏ္ဏား အလား တူ အလှူအစရှိသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိ၊ တောဘူမိကဝင်္ဆတ္တင်း၌လူမင်း၊နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝါ၊ သာယာခင်မင်-နှစ်သက်စဲ့မိ အထဲ့ငြိ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝင်္ဆဒုက္ခကိုမှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာ၊ မှားယွင်းချွတ်ချော်။ ဌပိတံ၊ ဖြစ်စေအပ်သည်။ သစေ ဟောတိ၊အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်ဆင်းရဲသို့သာ လျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်သို့။ အာဟရိတုံ၊ ရောက်အောင်ပို့ဆောင်ခြင်းငှါ။နော သက္ကောတိ၊မစွမ်း နိုင်။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤအလှူဒါနပုညစေတနာသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါလေးဝန် ကုန်ရာမှန်သော နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိဝေ ပန၊ ဤသို့ကား။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ

http://www.dhammadownload.com

နိဗ္ဗာန်ကို။ ပတ္ထဏ္ဍေန၊ ဟောင့်တလျက်။ ဝိဝဋ္ဋဝသေန၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်သန်သောဆန္ဒ၏အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဌပိတံ၊ ဖြစ်စေအပ်သော ကောင်းမှုကုသိုလ်သည်။ အရဟတ္တမ္ပိ၊ ပကတိသာဝကမဟာသာဝက အဂ္ဂသာဝကရဟန္တာအဖြစ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။သမ္မဉ္ညတညာဏမ္ပိ၊သမ္မဉ္ညတဉာဏ်ကိုလည်းကောင်း။ဒါတုံ၊ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်တော့သည်သာလျှင်တည်း။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အပတ္တာ၊ မရောက်စေမူ၍။ ပရိယောသာနံ၊ ဘဝစက်ရဟတ်လမ်းခုလပ်တွင် စသက်ကုန်ခန်း အကျိုးဆုံးခန်းခြင်းသို့။ နဂစ္ဆတိ၊ မရောက်။

ဆိုလိုရင်းမှာ–အဝိဇ္ဇာဦးစီးသော အဝိဇ္ဇာအလိုအတိုင်း ဖြစ်ကြရသော ဝဋ္ဋနိဿိတပုညကိရိယာ ဒါန သီလ ဘာဝနာနှင့်တကွ လောကီကုသိုလ်က် (၁၇)ပါးသည် ဝဋ္ဋပက္ခ ဝဋ္ဋသီသ မိစ္ဆာပဋိပဒါ မီစ္ဆာဌပိတဖြစ်ပါသည်။

ထို့ကြောင့်တပည့်တော်တို့သည်မြတ်စွာဘုရားကြီး၏အလိုတော်ကျဖြစ်သော လောကုတ္တရာ လောကီခြမ်းသာနှစ်ပါးကို ပေးစွမ်းနိုင်သော ဇောက်အောင်ပို့ဆောင်နိုင်သော သတ္တိရှိသော ဝိဝဋ္ဋနိဿိတ လောကီကုသိုလ်ကံများကိုသာ ဟောပြောပြုလုပ် အားထုတ်ပွားများလျက်ရှိကြပါသည်၊ (ဝါ) ဝိဝဋ္ဋပက္ခ ဝိဝဋ္ဋနိဿိတသမ္မာပဋိပဒါ သမ္မာဌပိတဖြစ်သော ပုညကိရိယာ ဒါန သီလ ဘာဝနာ လောကီကုသိုလ်စေတနာများကိုသာ ဟောပြောပြုလုပ် အားထုတ်ပွားများလျက်ရှိကြပါသည်ဘုရား။

ကမ္မာလုံးမူ ဝိဝဋ္ဋဒီပနီကျမ်း စာမျက်နှာ-၁၂ ၌–

ထို့ကြောင့်-ကာမ ရူပ အရူပ ဟူသော လောကသုံးဖြာ ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါရှဲမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေလျက် တဏှာမဖက် ဝဋ်မှထွက်လိုသောဆန္ဒ မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် လေးခုနှင့် ပြုပြုသမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်ဟူလို။

ဤသို့ ရေးသားထား၍ ပါရမီပက္ခိယ, ဗောဓိပက္ခိယ နှစ်ပါးတို့တွင် ဆုတောင်းရပြုသော ပါရမီပက္ခိယ ပါရမီကုသိုလ်ကိုသာ ဆိုလိုရင်းဖြစ်ပါသည်ဘုရား။

(၁) ဘုံသုံးပါးကို သာယာသော-သမုဒယတဏှာကို-မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် (၄) ခု ဝိပဿနာဉာဏ်ဖြင့် တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်နိုင်ပါစေခြင်း အကျိုးငှါလည်းကောင်း။

http://www.dhammadownload.com

(၂) ထိုသမုဒယတဏှာကို မဟာဂ္ဂါတ်ဈာန်၏တ် သမထဘာဝနာဖြင့် ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်နိုင်ပါစေခြင်း အကျိုးငှါလည်းကောင်း။

(၃) ထိုသမုဒယတဏှာကို လောကုတ္တရာမဂ်စိတ် မဂ္ဂသစ္စာဖြင့် သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်ပါစေခြင်း အကျိုးငှါ လည်းကောင်း ဉာဏသမ္မယုတ်ကုသိုလ် ပါရမီကုသိုလ်ကိုသာ ပြုရမည် ဟုဆိုလိုပါသည်၊ ဤကား ပါရမီပက္ခိယဖြစ်ပုံ ဖြစ်ပါသည်။

တနည်း-ဗောဓိပက္ခိယတရားဖြစ်ပုံကို ပြဆိုပါမည်–

မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် (၄) ခုဖြင့် ပြုရသော-ပါရမီကုသိုလ်ပြည့်စုံသော ပုဂ္ဂိုလ်မြတ်တို့သည်–

(၁) ဘုံသုံးပါးကို သာယာသော သမုဒယတဏှာကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ်နိုင်ပါစေခြင်း အကျိုးငှါ မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် (၄) ခုဖြင့် ဝိပဿနာဘာဝနာ ဗောဓိပက္ခိယတရားကို အားထုတ်ခြင်း။

(၂) ထိုသမုဒယတဏှာကိုဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်သတ်နိုင်ပါစေခြင်းအကျိုးငှါမဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် (၄) ခုဖြင့် သမထ ဥပစာရဘာဝနာ-ဗောဓိပက္ခိယတရားကို အားထုတ်ခြင်း၊ ထိုမဟာကုသိုလ်ဉာဏသမ္မယုတ် ဥပစာရ ဘာဝနာ၏ ကျေးဇူးကြောင့် သမထ အပ္ပနာဘာဝနာ ဗောဓိပက္ခိယဈာန်တရားကို ရခြင်း။

(၃) ထိုသမုဒယတဏှာကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်ပါစေခြင်း အကျိုးငှါ မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် (၄)ခု ပရိကံဝိပဿနာ ဥပစာဝိပဿနာ အနုလုံဝိပဿနာ ဂေါတြဘု ကျေးဇူးတို့ကြောင့် လောကုတ္တရာမဂ်တည်းဟူသော ဗောဓိတရားတို့ကိုရခြင်း။

ဤကား–ဉာဏသမ္မယုတ်မဟာကုသိုလ် ပါရမီပက္ခိယကုသိုလ် တို့ကြောင့် ဗောဓိပက္ခိယတရားတို့ ဖြစ်ပုံဖြစ်ပါသည်ဘုရား။

ဝိဝဋ္ဋဒီပနီ၏ ပဟာန်(၃)ပါး-အကိုးအကားသာဓကမှာ ထေရဝါဒ မွေသင်္ကြံမူလဋ္ဌကာကြိုး-ဆဋ္ဌမ္မူ-နှာ(၂၄)၌

အကုသလေ တဒင်္ဂဝိက္ခမ္ဘနသမုစ္ဆေဒဝသေန ပဇဟန္တိ။

လိုရင်းမှာ

(၁) မဟာကုသိုလ်သည် အကုသိုလ်တို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်ပါသည်။

(၂) မဟာဂ္ဂါတ်ကုသိုလ်သည် အကုသိုလ်တို့ကို ဝိက္ခမ္ဘနပဟာန် အားဖြင့် ပယ်ပါသည်။

http://www.dhammadownload.com

(၃) လောကုတ္တရာကုသိုလ်သည်၊ အကုသိုလ်တို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ပါသည်။

ထေရဝါဒ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဆဋ္ဌမ နှာ (၂၆)မှာ လာသော ပဟာန်(၅)ပါးမှာ

ပဋ္ဌပဟာနာနိ ဝိက္ခမ္ဘနပဟာနံ တဒင်္ဂပဟာနံ သမုစ္ဆေဒပဟာနံ ပဋိပ္ပဿဒ္ဓိ ပဟာနံ နိဿရဏပဟာနံ။

(၁) ဆီမီးဖြင့် အမိုက်မှောင်ကို ပယ်ခြင်းကဲ့သို့ ထိုထိုကာမကုသိုလ် အင်္ဂါဖြင့် ထိုထိုကိလေသာအစိတ်မျှကို ပယ်ခြင်းသည် တဒင်္ဂပဟာန် မည်၏။

(၂) အိုးဖြင့် မှော်ကိုပယ်ခြင်းကဲ့သို့ မဟဂ္ဂုတ်ကုသိုလ် အပွနာသမာဓိဖြင့် ကိလေသာကို ရုတ်တရက် မလာနိုင်အောင် ဝေးစွာခွာပစ်ခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။

(၃) မိုးကြိုးစက်ကျသကဲ့သို့ မဂ်လေးပါးဖြင့် ကိလေသာကို အမြစ်အရင်းနှင့်တကွ အကြွင်းအကျန်မရှိအောင် ပယ်ဖြတ်ခြင်းသည် သမုစ္ဆေဒပဟာန် မည်၏။

(၄) ဖိုလ်လေးပါးဖြင့် အရှိန်အဝေ့မျှ မကျန်ရအောင် တဖန် ငြိမ်းစေခြင်းသည် ပဋိပ္ပဿဒ္ဓိ ပဟာန်မည်၏။

(၅) နိဗ္ဗာန်ဖြင့် ပယ်ခြင်းသည် နိဿရဏပဟာန်မည်၏။

ဤသို့ ကြောင်ပန်းဝိဝဋ္ဋဒီပနီမှာ အကျဉ်းချေးသားခြင်းဖြင့် ဉာဏသမ္မယုတ် မဟာကုသိုလ်စိတ် (၄)ခုက တိုက်ရိုက် ပါရမီပက္ခိယ ကုသိုလ်ဖြစ်ပုံ၊ ဓောင့်ဆင့်ကျေးဇူးပြုသောအားဖြင့် ဗောဓိပက္ခိယကုသိုလ်ဖြစ်ပုံ။

မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် (၄)ခုက တိုက်ရိုက် ဝိပဿနာဉာဏ် တဒင်္ဂပဟာန်ဖြစ်ပုံ၊ မဟာကုသိုလ်စိတ် (၄)ခုက အဆင့်ဆင့်ကျေးဇူးပြုသောအားဖြင့် မဟဂ္ဂုတ်စျာန်- ဝိက္ခမ္ဘနပဟာန်ဖြစ်ပုံ၊ အဆင့်ဆင့်ကျေးဇူးပြုသောအားဖြင့် လောကုတ္တရာမဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြစ်ပုံ တို့ကိုလည်းကောင်း ပဟာန် ငါးပါးဖြစ်ပုံတို့ကိုလည်းကောင်း အကျယ်ပြောရသည်ဖြင့် ဂိုဏ်းနိုင်ငံရေးသားချက်သည် ထေရဝါဒနှင့်အညီ ဖြစ်ပါသည်ဘုရား။

(ဃ)အဘိဓမ္မာသင်္ဂဟသဂ္ဂပ်အရကောက်မှ—

အကုသိုလ်စေတနာ(၁၂)ပါးသည် အပုညာဘိသင်္ခါရမည်ပါသည်၊ မဟာကုသိုလ်စေတနာ (၈)ပါး ရူပကုသိုလ်စေတနာ (၅)ပါး ပေါင်း (၁၃)ပါးသည် ပုညာဘိသင်္ခါရမည်ပါသည်။

http://www.dhammadownload.com

အရှုပကုသိုလ်စေတနာ (၄)ပါးသည် အာနေဉ္ဇာဘိသင်္ခါရမည်ပါသည်။ ကြောင်ပန်း ခြောက်စောင်တွဲကျမ်း ကောက်နည်းမှာ ကမ္မပထနည်းအားဖြင့် ကောက်ခြင်း ဖြစ်ပါသည်၊ အကုသိုလ်စေတနာ (၁၂)ပါးသည် ကမ္မပထနည်းအားဖြင့် အကုသိုလ်ကံ(၁၀)ပါး ဖြစ်ပါသည်။

ပုညကိရိယာဝတ္ထု (၁၀)ပါးကြောင့်ဖြစ်သော ကုသိုလ်ကံ (၁၀)ဟု ဆိုရာ၌ မဟာကုသိုလ်စေတနာကံ (၈)ပါးကို ယူရပါမည်။

မဟာဝိသုဒ္ဓါရုမ ဆရာတော် ရေးသားစီရင်သော ပရမတ္ထသင်္ဂဟဘေဒနီ ကျမ်း ပဌမတွဲ၊ နှာ-၃၃၆၌ သင်္ခါရအပြားနှင့် သင်္ခါရမည်ပုံ။

ဒါန သီလ ဘာဝနာမယ ကာယ ဝစီ မနော သင်္ခါရ ကာမာဝစရကုသိုလ် စေတနာ (၈)ခုဟု ကောက်ယူထားမှုကို နည်းယူ၍ မဟာကုသိုလ်စေတနာကံ (၈)ပါးသည် ကမ္မပထနည်းအားဖြင့် ကုသိုလ်ကံ(၁၀)ဖြစ်ပါသည်။

ရှုပ အရှုပကုသိုလ်စေတနာ(၉)ပါးသည် မဟဂ္ဂုတ်ကုသိုလ်ကံ (၉)ပါးဖြစ်ပါသည်၊ ဤသို့လျှင် ပေါင်းကံ (၂၉)ပါး ဖြစ်ပါသည်ဘုရား။

(ဂ) ပရမတ္ထသစ္စာ သမ္မုတိသစ္စာ (၂) ပါးတို့တွင် ပရမတ္ထသစ္စာကိုသာ သိစေလိုရှိ ရေးသားခြင်း ဖြစ်သောကြောင့် သစ္စာ (၂) ပါး ရောထွေးခြင်း မဖြစ်နိုင်ပါဘုရား၊ အောက်ပါ ကြောင်ပန်းခြောက်စောင်တွဲ စကား (၂) ရပ်ကို ထုတ်ဖော်ပြပါမည် ဘုရား။

ကမ္ဘာလုံးမူ သုံးလောကဒီပနီ- နှာ-၂၇၈-၂၇၉ ၌-

အဘယ်ကြောင့် ဆိုတော်မူသနည်း၊ ပစ္စုပ္ပန်နှင့် တိတ်နာဂတံ မဆက်ဆံသော ဝေါဟာရမတ္တ သတ္တလောက ပညတ်မျှမှာ ပရိညာ ပဟာန သစ္ဆိကရဏ ဘာဝနာဟူသော ပရမတ်ကိစ္စ လေးဌာနနှင့် ခွဲ၍ကြည့်က မရှိမရ၊ သက်သက်မျှ မဆိုင်မစပ်သော ထိုထိုလူနတ် ပညတ်မျှမှာ ရှာကြံပါလျှင် အဝိဇ္ဇာနှင့် တဏှာ မာန ဂါဟပြင်းထန် သဏ္ဌာန်အရိပ် နိမိတ်အမြင် ထင်လွဲစွဲမှား ဥမ္မတ္တက-အလား ဒုက္ခတရား အလွန်ပွါး၍ များသောကြောင့်တည်း၊ ရုပ်ခဒတ် နာမ် ခဒတ် ပရမတ်ကိုသာ ရှာကြံပါလျှင် ကောင်းကင်ကြီးကို မီးမငြိသို့ ထိုတူ ပမာဏ "အနိမိတ္တဥ္စ ဘာဝေဟိ" ပါဠိတော်အရ ပရမတ္ထ သဘာဝက ပရ ရိတ္တ တုစ္ဆခဲမို့ တဏှာမစွဲ အထဲမငြိ သမုဒယ မရှိမျှကို အပဏိဟိတဆိုသည် အတ္တ အတ္တနိယမြို့ ကင်းကွန်မျှကို သုညတဆိုသည် ဤရုပ်နာမ်သင်္ခါရ အနိစ္စ ခဒတ် ပရမတ်၏ အမူအရာကိုသာလျှင် သတ္တဝါထင် သူငါမြင်မှာ သညာ မှတ်သိ ပညတ်ရှိဟု ဤသို့သိရာ၏ ဟူသော စကားတရပ်၊

http://www.dhammadownload.com

ဂင်းသုံးလောက ဒီပနီကျမ်း၊ နှာ-၂၀၀-၌ပင်–

ထိုကုသိုလ် အကုသိုလ် သခ်ါရ သုံးဆယ့်တမြို့မှာ စေတနာပင် ကံဟုန် နှင်က ပဲ့တင်ခ၍ ကျရောက်ပုံကိုပြမည် သတိထား၊ ပရမတ်မှန်က အနိမိတ္တ တရားချည်းဖြစ်၍ အခြားအဆီး ဝေးနီးသော ခရီးကာလ မရအပ် မရှိအပ်၊ ထိုပရမတ်တရား သွားရောက်သည်မှာ သမားခေါ်လာသော တမန်ကို ရေမန်း တိုက်လျှင် ထိုရေသည် သူနာ၏ ဝမ်းပိုက်သို့ မဆိုက်မရောက်သော်လည်း ထို သူနာမှာ ရောဂါပျောက်သကဲ့သို့ ထို့တူပမာ သတ္တဝါခေါ်ရ ဤဘဝက ရုပ် နာမ်နှစ်ဖြာသည် ထိုထိုဘဝသို့ မကျမဆိုက် မလိုက်မရောက်သော်လည်း သမု-ပ္ပါဒ်နည်း ပဋ္ဌာန်းနည်း ပစ္စည်းသကတ် မျှင်မပြတ်သော သခ်ါတ ပရမတ် ပဲ့တင်ခတ်၍ ဓာတ်ရောက်သည်ဟူလို။

သိသာစေဒုံ—ရှေးရှေးသောအခါ ကမ္မာဘာဝက ပြုခဲ့ကြသော ပရမတ် စစ် ဓာတ်နှစ်စေတနာသည် ထိုပြုစဉ်အခါကပင် စိတ္တက္ခဏ တချက်မျှနှင့် ချုပ် ပျက်ကွယ်သုဉ်း ပျောက်ဆုံးခဲ့ပြီး ဖြစ်ပါလျက်နှင့်လည်း ထိုစေတနာသည် ကမ္မာဘာဝတွေ လွန်ဆုံးလေလည်း မင်ကြွမပျက်ကြ၊ ဤဘဝ၌ ဓမ္မပဒ္ဓသဏ္ဌာ-မှာ မိုးပေါ်ကျပမာ ဘာသာအလျောက် အလေ့ပေါက်လာတဲ့၍ ရုတ်တရက် ကျ အမျိုးမျိုး အသီးသီး အကျိုးကြီးရ ကမ္မပစ္စည်း နည်းအသွယ်သွယ် လွန် ဆန်းကြယ်သော သဘောအဟုန် အဖုံဖုံသည် မကုန်နိုင်နည်း လက်ခုပ်တီး၍ အံ့သြမပြီး ပဋ္ဌာန်းကျမ်းကြီးမှာ ပညာနှင့်သာ ယူကြပါလေ ဉာဏ်ကဝေတို့ ဟူသော စကားတရပ်။

ဤသို့ ရှေနောက် ထေရဝါဒ သုတ္တန် အဘိဓမ္မာ ပါဠိတော်တို့ကို အတို အကျဉ်း လိုရင်းထည့်၍ ထေရဝါဒ ပိဋကတ်တော်နှင့်အညီ ဖြစ်ပါသည် ဘုရား။

ဤသို့ ပရမတ္ထသစ္စာကို ရေးသားရာ၌ သမ္မုတိသစ္စာကို ထည့်သွင်း၍ ရေး သားခြင်းမှာ မြတ်စွာဘုရားကြီးတို့ သော်မှလည်း သမ္မုတိသစ္စာ ထည့်သွင်း၍ ဟောပြောတော်မူကြောင်းကို အောက်ပါထေရဝါဒ နိဒါနသံယုတ် အဋ္ဌကထာ ဆဋ္ဌ-နှာ ၂၂-၌

ပရမတ္ထံ ကထေန္တောပိ သမ္မုတိ' အမုစ္စိတ္ထာ ကထေန္တိ။

လိုရင်းမှာ ပရမတ္ထသစ္စာကို မှတ်လွယ် ယူလွယ် နားလည်လွယ်စေခြင်းငှါ အချို့အချို့သော အရာမှာ မြတ်စွာဘုရားကြီးတို့သည်ပင် သမ္မုတိသစ္စာကို ယှဉ်၍ အမည်တင်ကာ မြင်သာအောင် ဟောတော်မူကြကုန်၏၊ ဤသို့ မိန့်တော်မူပါသည်။

ဤသို့သော ဒေသနာယုတ္တိ သဘာဝယုတ္တိတို့ကြောင့် သစ္စာမရောနှော ကြွေးထင်ရှားပါသည် ဘုရား။

http://www.dhammadownload.com

(စ) ကြောင်ပန်းခြောက်စောင်တွဲ ဝိပဿနာ ဒီပနီ၊ နှာ-၁၄-၌—

လက်ခံ။ ။အမျှားသူငါ၊ မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု၊ ပြုကြရှောင်ကြဉ်၊ ဝိညာဏ်မြင်တည်း၊ မှားပင်မှားဘိ၊ မှားခေါင်ထိ၏။

ဆိုလိုရင်းမှာ– အမျှားသူငါ ဆိုသည်ကား ပညတ်သမ္မုတိသစ္စာမျှသာ သုံးစွဲရပါသည်။

မိစ္ဆာယူလွဲ ဆိုသည်ကား—

ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ–

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ (ပ) အယံ ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ ဟု- နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဆဋ္ဌမှု၊ နှာ-၂၄၆ မှာ ဟောတော်မူသည့်အတိုင်း အဝိဇ္ဇာသည် မိစ္ဆာပဋိပဒါ-မိစ္ဆာအယူ မိစ္ဆာအလွဲတရားသာ ဖြစ်ပါသည်။

ငရဲကြီးလှ၊ ကုသိုလ်ရဟု၊ ပြုကြရှောင်ကြဉ် ဆိုသည်ကား–

ငရဲကြီးလှတာကို ရှောင်ကြဉ်ရမည့် ဝန္ဓကမှဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပါသည်။
ကုသိုလ်ကိုပြုရမည့် ဝန္ဓကမှဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပါသည်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဟု ဟောတော်မူသော ကုသိုလ်ကံသင်္ခါရနှင့် အကုသိုလ်ကံ သင်္ခါရမျှားသာ ဖြစ်ပါသည်။

ဝိညာဏ်မြင်တည်း ဆိုသည်ကား ငရဲကြီးတဲ့ အကုသိုလ်ကို မရှောင်ကြဉ်လျှင် ငရဲဘုံ အပါယ်လေးဘုံမှာ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် အမှန် ဖြစ်မည်ထည်း၊ ငရဲကြီးတဲ့အကုသိုလ်ကို ရှောင်ကြဉ်လျှင် လူ့ဘုံ နတ်ဘုံမှာ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် အမှန်ဖြစ်မည်တည်း၊ လူ့ဘုံ၊ နတ်ဘုံ၊ ရူပ၊ အရူပဗြဟ္မာဘုံတို့ကို လိုချင်တပ်မက်၍ ပုဉ္ဇာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ကုသိုလ်တို့ကို ပြုလျှင်လည်း လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် အမှန်ဖြစ်မည်တည်း။

ထို့ကြောင့် သင်္ခါရ ပစ္စယာ ဝိညာဏံ ဟု ဝိညာဏ်ဖြစ်ပုံ ဝိညာဏ်မြင်ပုံတို့ကို ရေးကားပါသည်၊ ထို မိစ္ဆာယူလွဲသော အဝိဇ္ဇာကြောင့်ဖြစ်သော အကုသိုလ်ကုသို်လ်သင်္ခါရနှင့် ပဋိသန္ဓေ ဝိညာဏ် ပဝတ္တိဝိညာဏ်တို့သည် "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟု ဟောတော်မူသည့်အတိုင်း သုခဟူသည် မြူမျှမဖက် ဒုက္ခသက်သက် ဒုက္ခအစု ဒုက္ခမှုတို့သာ အမှန်ဖြစ်ပါကုန်၏။

မှားပင် မှားဘိ၊ မှားခေါင်ထိ၏ ဆိုသည်ကား အောက်ခြေ အပါယ် (၄) ဘုံ၌ဖြစ်ရခြင်းသည်လည်း "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" ဩဇ အမှားပင် ဖြစ်ပါသည်။

http://www.dhammadownload.com

အလယ် လူ့ဘုံ, နတ်ဘုံ, ရူပဗြဟ္မာဘုံ၌ ဖြစ်ရခြင်းသည်လည်း "ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" အရ မှားဘိလေခြင်း ဖြစ်ပါသည်။

အထက်ထိပ်ခေါင် အရူပ (၄)ဘုံ၌ ဖြစ်ရခြင်းသည်လည်း ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အရ အမှား ခေါင်ထိခြင်းပင် ဖြစ်ပါသည်။

ထို့မှတပါးလည်း—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိ ဂတာ။
ဘဝဂ္ဂန္တ္တမို့ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိ —

ဟူသော ထေရဝါဒ အဘိဓမ္မာဝိတင်း ပါဠိတော် ဥပ္ပါဒကထာယုပ္ပမာဏဝါရ၊ ဆဋ္ဌ၊ နှာ ၄၄၁ အရ အကုသိုလ်ရှောင်ကြဉ်သော ကုသိုလ်ပြုကြသော ဝဋ္ဋနိဿိတ ကုသိုလ်တို့ကြောင့် ကာမဘုံ ရူပဘုံ အရူပဘုံထိပ်တန်းသို့ ရောက်ကြရကုန်သော်လည်း ထို ဝဋ္ဋနိဿိတ ကုသိုလ် အကျိန်ကုန်က မိဂပဒဝဋ္ဋန နည်းအားဖြင့် ငရဲဘုံ အပါယ်လေးဘုံသို့ ရောက်ကြရခြင်းကြောင့် မှားပင်မှားဘိ၊ မှားခေါင်ထိ၏၊ မှားခေါင်ထိက ငရဲကျ၏။ ဤသို့လည်း ယူဆရန် ဖြစ်ပါသည်။

ထို့မှတပါးလည်း—

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ။ ဝေမေဝ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ နာ ဝဏ္ဏေမိ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ။

ထေရဝါဒ အဂုံတ္တိရုံပါဠိတော် ကေနိပါတ် ကေဓမ္မတတိယဝဂ် ဆဋ္ဌ၊ နှာ ၃၆- အရ ကာမဘုံ ရူပဘုံ ထိပ်ခေါင် အရူပဘုံတို့မှာ လက်ဖျစ်တတွက်မျှ ဖြစ်ရခြင်းကိုလည်း မစင်ကျင်ကြီးတွင်းလို ဘုရား ရှိုးမှမ်းတော် မမူပါ၊ ထို့ကြောင့် မှားပင် မှားဘိ မှားခေါင်ထိ၏ ဟု ဆိုလိုရင်း ဖြစ်ပါသည်။

အထက်ပါတို့ကို အားလုံးခြုံ၍ ကြည့်လိုက်ပါလျှင်—

ဝိပဿနာဒီပနီမှာ လက်ံအကျဉ်းကလေးမျှ အတိုကလေးမျှကို ရေးလိုက်ရုံနှင့် အကျယ်မြင်သွားရပါသည်၊ **အကျယ်မြင်ပုံမှာ**—

အမျှား သူငါ ဟု ရေးလိုက်ခြင်းကြောင့် သမ္မုတိသစ္စာ အကျယ်ကို မြင်ရပါသည်၊ မိစ္ဆာယူလို့ ဟု ရေးလိုက်ခြင်းကြောင့် မိစ္ဆာပဋိပဒါသုတ်အကျယ်ကို မြင်ရပါသည်၊ အဝိဇ္ဇာကြောင့် ဒုက္ခက္ခန္ဓဿ အကျယ်ကို မြင်ရပါသည်။

ငရဲကြီးလှ ဟု ရေးသားလိုက်ခြင်းကြောင့် အကုသိုလ်ကံ သခ်ါရနှင့်တကွ ငရဲဘုံ အပါယ် (၄)ဘုံကို အကျယ်မြင်ရပါသည်၊ ကုသိုလ်ရ ဟု ရေးသားလိုက်ခြင်းကြောင့် ဝဋ္ဋနိဿိတ ကုသိုလ်ကံ သခ်ါရနှင့်တကွ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့ကို အကျယ်မြင်ရပါသည်။

http://www.dhammadownload.com

ပြုကြ ရှောင်ကြဉ် ဟု ရေးသားခြင်းကြောင့် ကမ္မဝဋ္ဋထဲမှာ တချို့က အကုသိုလ် ပြု၍ နေကြသည်၊ တချို့က အကုသိုလ်ကို ရှောင်ကြဉ်၍ နေကြသည်၊ တချို့က ကုသိုလ်ပြု၍ နေကြသည်၊တချို့က ကုသိုလ်ကိုမပြုပဲ ရှောင်ကြဉ်၍ နေကြသည် စသည်တို့ကို ကမ္မဝဋ္ဋထဲမှာ တွေ့မြင်၍ နေကြရပါသည်။

ဝိညာဏ်မြင်တည်း ဟု ရေးသားခြင်းကြောင့် ဆိုထိုဘုံမှာ ပဋိသန္ဓေ ဝိညာဏ် ပဝတ္တိဝိညာဏ် သခ်ၤါရပစ္စယာ ဝိညာဏံ ကို အကျယ်မြင်ရပါသည်။

မှားပင်မှားဘိ၊ မှားခေါင်ထိ၏ ဟု ရေးသားခြင်းကြောင့် ဘုံသုံးပါး ဒုက္ခ-သစ္စာကို အကျယ်မြင်ရပါသည်။

ထိုသို့ သိမြင်ခြင်းကြောင့် ဝိဝဋ္ဋကမ္မဿကတာ သမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာ-ဒိဋ္ဌိ, မဂ္ဂဖလသမ္မာဒိဋ္ဌိ အကျယ်တို့ကို မြင်စွမ်းနိုင်ပါသည်၊ အလွန် ကောင်းမြတ် သင့်လျော်လှပါသည်၊ နိုင်ငံတော် အမှတ် (၃) ဝိနည်းဓိုရ် ဆရာတော် အရှင် သူမြတ်တို့ ဘုရား။

(ဆ) ထေရဝါဒ၊ သုတ်မဟာဝါပါဠိတော်၊ ပရိနိဗ္ဗာနသုတ် ဆဋ္ဌမု၊နှာ-(၉၀)၌—

အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ ဥဒကံ ဝါတေ ပတိဋ္ဌိတံ ဝါတော အာကာသဋ္ဌော ဟောတိ။

ဆိုလိုရင်းမှာ ပညတ်ဩကာသတွင် ပါဝင်သော မဟာပထဝီမြေထုကြီး သည် ရေထုကြီးမှာ တည်ပါသည်၊ အပေါ်ကမြေထုကြီး အောက်ကရေထုကြီး ဖြစ်ပါသည်၊ တဖန် ရေထုကြီးသည် လေထုကြီးမှာ တည်ပါသည်၊ အပေါ်က ရေထုကြီး အောက်က လေထုကြီးဖြစ်ပါသည်၊ တဖန် လေထုကြီးသည် အဆုံး မရှိသော အဋ္ဌကလာပ်ရုပ် ပါဝင်မှုမရှိသော အောက်ကောင်းကင်ကြီးမှာ တည် ပါသည်၊ အပေါ်က လေထုကြီး အောက်က ကောင်းကင်ကြီးဖြစ်ပါသည်။ ရှင်းလင်းပါရစေဘုရား။

မြေထုကြီး ရေထုကြီး လေထုကြီးတို့သည် အနိန္ဒြိယဗဒ္ဓအဋ္ဌကလာပ်ရုပ်ခတ် သခ်ၤါရလောကကြီးသာ ဖြစ်ပါသည်။ ထိုသခ်ၤါရလောကကြီးသည် ပရမတ်သာ ဖြစ်ပါသည်၊ ထိုသခ်ၤါရလောက ပရမတ်တို့၏ တည်ရာမှာ အောက်ကောင်းကင် ကြီးသာ ဖြစ်ပါသည်။

ထို့ကြောင့် "ဝါတော အာကာသဋ္ဌော ဟောတိ" ဟု ဟောတော်မူပါသည်၊ ကြောင်ပန်းဆရာတော်ကြီးက လဟာပြင် လောကကြီးကိုသာ ဩကာသ လောကဆိုပါသည်။

http://www.dhammadownload.com

ဣန္ဒြိယဗဒ္ဓဖြစ်သော သတ္တဝါအပေါင်းသည် သက္ကလောကကြီးဖြစ်ပါသည်။

ကျေးဇူးရှင် လယ်တီဆရာတော်၏ ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း အောင်ဧယျစာပေ နှာ–၁၁၀၌–

၂-သခ်ါရလောက=သခ်ါရလောက ဆိုသည်မှာ သြကာသလောကပေါ်တွင် ပြူပြင် ဖြစ်ပျက်၍ နေကြကုန်သော သစ်ပင်ချုံနွယ်စသော ဗီဇဂါမ် ဘူတဂါမ် အပေါင်းတို့သည်လည်းကောင်း အိမ် ကျောင်း လှည်း ရထား ရွှေ ငွေရတနာ အဝတ် ပုဆိုးစသော အတွင်းအသုံးအဆောင် အပအသုံးအဆောင်တို့သည် လည်းကောင်း သခ်ါရလောက မည်ကုန်၏။

အကျဉ်းအားဖြင့် ဆိုသည်ရှိသော် ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရားတို့သည် သခ်ါရလောက မည်ကုန်၏။

သခ်ါရလောကပြီး၏။

လယ်တီဆရာတော်ဘုရားကြီး၏ သခ်ါရလောက ကောက်ပုံကို နည်းမှီ၍ သခ်ါရလောကကို ကောက်ယူခြင်း ဖြစ်ပါသည်ဘုရား။

(ဆ) ထေရဝါဒ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ) ဆဋ္ဌမု စာမျက်နှာ (၁၉၇)၌–

အပိစ တယော လောကာ သခ်ါရလောကော်ဝ သတ္တလောကော်ဝ သြကာသလောကော်တိ ဟူသည်နှင့်အညီ—

(၁) သခ်ါရလောက ဟူသည်မှာ သခ်ါရက ဣန္ဒြိယဗဒ္ဓ ခန္ဓာငါးပါးနှင့် အနိန္ဒြိယဗဒ္ဓအဋ္ဌကလာပ်ရုပ်ဓာတ်(၈)ပါး သခ်ါရတရား ရပါသည်။

လောက က "အနိစ္စဘူတေန လုဇ္ဇတီတိ လောကော" အရ အနိစ္စကို လောက ဟု ဆိုပါသည်၊ ထို့ကြောင့် သခ်ါရလောကဆိုသည်မှာ ရူပ်, နာမ်, သဘာဝ သစ္စာပရမတ်နှင့် အနိစ္စဓာတ် အရိယသစ္စာ ပရမတ်တို့ကို တွဲ၍ ထားပါသည်၊ (ဝါ)ပရမတ် ပရမတ်ချင်းတွဲ၍ ထားပါသည်။

(၂) သတ္တလောက ဟူသည်မှာ သတ္တ-က သတ္တဝါဟူသမျှ ပညတ်သမူတိ ထစ္စာတရား ရပါသည်။ လောက-က ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ဣန္ဒြိယဗဒ္ဓ ခန္ဓာငါးပါး သဘာဝသစ္စာပရမတ် တရားရပါသည်။

ထို့ကြောင့် သတ္တလောကဆိုသည်မှာ သတ္တဝါပညတ်နှင့် ခန္ဓာငါးပါး ပရမတ် တရားတို့ကို တွဲ၍ထားပါသည်၊ (ဝါ) ပညတ် ပရမတ် တွဲ၍ထားပါသည်။

http://www.dhammadownload.com

(၃) ဩကာသလောကဟူသည်မှာ ဩကာသက သတ္တဝါတို့၏ တည်ရာ (၃၀)ဘုံ ပညတ်သမျှတိသစ္စာတရား ရပါသည်။

လောက-က အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ်ရုပ်ခာတ်(၈)ပါး၊ သဘာဝသစ္စာ ပရမတ်တရား ရပါသည်။

ထို့ကြောင့် ဩကာသလောကဆိုသည်မှာ (၃၁) ဘုံ ပညတ်နှင့် အဋ္ဌကလာပ် ရုပ်ခာတ်(၈)ပါးတို့ တွဲ၍ထားပါသည်၊ (၀၂) ပညတ် ပရမတ်တွဲ၍ထားပါ သည်။

ထေရဝါဒ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ဆဋ္ဌမု-(ပ)-နှာ-၂၄၇-မှာလဲ–

> တတ္ထ ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟော, သန္တာနော စ သတ္တ-လောကော။ ရူပါဒီသု သတ္တဝိသတ္တတာယ သတ္တော။ လောကီယန္တိ ဇတ္ထ ကုသလာကုသလံ တဒ္ဓိပါကော စာတိ လောကောတိ။ အနိန္ဒြိယ-ဗဒ္ဓါနံ ရူပါဒီနံ သမူဟော, သန္တာနော စ ဩကာသလောကော လောကီယန္တိ ဇတ္ထ တာသာ ထာဝရာ စ၊ တောသ္ဒ ဩကာသဘူ-တောတိ။ပ။ဥဘယေပိ ခန္ဓာ သခ်ါရလောကော ပစ္စယေဟိ သခ်ံရီ-ယန္တိ လုဇ္ဇန္တိ ပလုဇ္ဇန္တိ စာတိ။

ဤသို့ရေးသားတော်မူသည်နှင့်အညီ ဖြစ်ပါသည်ဘုရား။

ကြောင်ပန်း ဝိဝဋ္ဋဓီပနီ-နှာ ၃၉-၌ ဤအရာမှာ ကိ ံဗာဟုလ္လေနဟူသည်နှင့် လျော်ညီစွာ ဂန္ထဂရုသာ များစွာဆိုသဖြင့် အကျိုးမရှိရာ၊ကြိုက်ရာကိုသာ ယူလို ရာယူပါဟု ညွှန်ကြားထားပါသည်ဘုရား။

ဤသို့ သောဓနာလျှောက်ထားသော အချက်အလက်တို့ကို ဓမ္မဝိနယနှင့် အညီ စိစစ်ဆုံးဖြတ်ချက် ချတော်မူပါရန် အမှတ်(၁၀)သောဓနာကို တင်သွင်း လျှောက်ထားပါသည်၊ အမှတ်(၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

http://www.dhammadownload.com

နိဒ်ုံး

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အမှတ်(၃) အဖွဲ့မှ သဘာပတိ ဆဲရာတော်နှင့် တကွ အဖွဲ့ဝင်ဆရာတော်များဘုရား။

စုဒိတက ဖြစ်သော တပည့်တော်များ လျှောက်ထား အသနားခံလိုသည်မှာ ယခု စာ်ဆေးဆုံးဖြတ်မည်ဖြစ်သော ကြောင်ပန်းတောရဝါဒ ဓမ္မ- အမမ္မနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ၁၃၄၁-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁-ရက်နေ့မှ အတိအကျ သိရှိရပါသဖြင့် ဖြေဆိုသည့်သော ဓနာမျာ၁်၌ ကျမ်းအညွှန်းများ ကျမ်းညွှန်းနံပါတ်များ အကွာရာစာလုံးများ ပါဋိ စာလုံးများ အကယ်၍ ချွတ်ချော် လွဲမှား၁ဲ့သော် အပြစ်မှ ခွင့်လွှတ်သည်း၁ံကြပါရန် ရှိသေစွာ တင်ပြအပ်ပါသည်ဘုရား။

ဂုဏ်ပြင် ဆရာတော်များ ဆုံးဖြတ် သုတ်သင် စီစဉ်ဆောင်ရွက်စဉ် မ၁က်ခဲပဲ လွှယ်လင့်ထကူ စဉ်းစားနိုင်ရန်အတွက် အောက်ပါ သာဓကနှင့် သက်သေ၁ံ ပစ္စည်းများကို တင်ပြလိုပါတယ် ဘုရား။

ယင်းတို့မှာ—

၁။ တဖက်မှ တင်ပြသော ဘုတသင် ဝိနိစ္ဆယနှင့် ပတ်သက်၍ ဖြေရှင်းလိုသည်မှာ (လျှောက်ထားလိုသည်မှာ)ဆုံးဖြတ်ချက်ချသော စာအုပ် ၁၃၂၁-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၉-ခုနှစ်၊ ဧပြီလ ဖြစ်ပြီး ကြောင်ပန်းဆရာတော်များ မြန်မာပြည်၌ မရှိစဉ် ဆုံးဖြတ်ချက် ချကြောင်း သိရှိရန်အတွက် ခု-နှစ်-သက္ကရာဇ်နှင့် နှိုင်းယှဉ်ရန် လေယာဉ်လက်မှတ် နှစ်စောင် (မိတ္တူ)။

၂။ ဝိနည်းဓိုရ်များနှင့် သမဂ္ဂ သမောဓာန ဖြစ်သော ရင်းနှီးမှုဖြင့် ကံကြီးကံငယ် အတူတကွ ပြုကြသည်ဆိုသော ဓမ္မဒူတကြီး ရေစက်ချပွဲ၌ ရိုက်ကူးထား၁ော "၁၂-လက်မ" ဓာတ်ပုံတပုံ (မိတ္တူ)။

၃။ ညောင်ပင်ဝန်းရှာ၌ ပြဿနာဖြစ်၁ဲ့သည်ဟု ယူဆသော စွပ်စွဲချက် အတွက် ထောက်ခံထားသော မန္တလေး/စစ်ကိုင်းရှိ သာသနာ့သန့်ရှင်းရေး သံဃာ့အဖွဲ့မှ ပေးပို့ထားသော စာမူတစောင်(မိတ္တူ)—


တင်ပြယင်း တပည့်တော်များ၏ သောဓနာလွှာကို နိဒ်ုံးကမ္မတ် အဆုံးသတ် အပ်ပါသည် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ကြောင်ပန်း ၁၉-၈-၈၁-သ.စ

http://www.dhammadownload.com


စုဖိုတကၠပုဂ္ဂိုလ်များ

၁။ ဦးနန္ဒိယ




.....

၂။ ဦးနန္ဒိယ (၂)




.....

၃။ ဦးယုဝိန္ဒ
ကြောင်ပန်းတောရတိုက်
ဘုတလင်မြို့၊
စစ်ကိုင်းတိုင်း။




.....

၄။ ဦးပဏ္ဍိတ
ကြောင်ပန်းမွောရုံကျောင်း၊
အောင်မင်္ဂလာရပ်ကွက်။
မုံရွာမြို့ စစ်ကိုင်းတိုင်း



.....

၅။ ဦးသုန္ဒရ
ကြောင်ပန်းကျောင်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်း။



.....

http://www.dhammadownload.com

ကြောင်ပန်းတောရဝါဒ ဗိမိုဆွယ

ဂန္ထာရမ္ဘကထာ

၁။ ယေဟိ သေဋ္ဌရတနေဟိ၊ သမံတမ နဝိဇ္ဇတိ။
ထာနိ နတ္ထာ ပသန္နေန၊ ဝဇ္ဇံ ဝိဝါဒနိစ္ဆယံ။
၂။ ကြောင်ပန်းတိနာမကာ ဂန္ထာ၊ ဂဟံ ဝိယ ဗျာကုလာ။
အပေတာ ပိဏ္ဍတ္ထာ ပဒ- သမ္ဗန္ဓာပိ ဒုရန္ဒယာ။
၃။ ယေဘုယ္ယေန ဟိ တေထေရာ၊ သတ္ထုပညတ္တိဝါစယာ။
သဟ ဥပ္ပန္နဓာတ္ဝဒိ၊ မုနေနေဝ ပကာသယုံ။
၄။ ကဠီ ပါဠိံ မူလံ ကတ္ဝာ၊ ရစိတာ ပန ယာ ကထာ။
ပရမတ္ထေန မိဿေတ္ဝာ၊ အနိစ္စိတတ္ထ မာဂမုံ။
၅။ ပါယသော သဗ္ဗဇနာနံ၊ ဝါဒေန ဝိသမံ ဂတာ။
ယာနိ ဝါကျာနိ ကထေန္တိ၊ တာနမ္မေဟိ ဝိပဿိယ။
၆။ အနေကပါဠိဂန္ထေသု၊ မရုမ္မပေါတ္ထကေသု စ။
အာဂတံ သုခုမံ အတ္ထံ၊ ဝိစာရေတ္ဝာ တဟံ တဟံ။
၇။ စောဒကသောဓကာနံ တု၊ ပရိဟရဏရောပနံ။
ဥဘိန္နံ ဂစနံ ဒဋ္ဌုံ၊ နိစ္ဆယော သေ ဟောတိဝံ။
၈။ အဂဏေတ္ဝာန တံ ခေဒံ၊ ကာယစိတ္တသမာယုတော်။
အဝဿံ ဝဟိတော ဘာရော၊ မဟုဿာဟေန သာဓိတော။
၉။ စာသ္မာ တုမ္ဟေ နိသာမေထ၊ တုလမိဝ ဝိနိစ္ဆယံ။
ဂဏှထ သာသနံ သာရံ၊ ပဿထ သုဒ္ဓစေတသာ။

မြန်မာပြန်

၁။ **ဤလောကဌ** ချီးမွမ်းထိုက်၍ လွန်ကဲထူးမြတ်ကုန်သော ရွှေ, ငွေ, စိန်, ကျောက် စသော ရတနာတို့ထက် ထူးကဲသာလွန် မွန်မြတ်ကုန်သော ဘုရား, တရား, သံဃာဟူသော အကြင်ရတနာတို့နှင့်တူသော ရတနာသည် မရှိ၊ ထိုရတနာသုံးပါးတို့ကို လွန်ကဲသော သဒ္ဓါဖြင့် ရှိခိုးပြု၍ ကြောင်ပန်း ဝိဝါဒါဓိကရဏ်း အဆုံးအဖြတ်ကို ဆိုပေအံ့(ရေးပေအံ့)။
၂။ **ကြောင်ပန်း**ကျမ်းစာတို့သည် ဝါးရုံ ချုံပုတ်ကဲ့သို့ ရှုပ်ထွေးလှကုန်၏၊ တချို့နေရာ၌ လိုရင်း ပိဏ္ဍတ္ထအနက်မှ ကင်းကုန်၏၊ ဝါ-ဘာဆိုလိုသည်ကို မသိနိုင်၊ စာစပ်ခေါ် ပဒသမ္ဗန္ဓတို့ကိုပင် ခဲခဲယဉ်းယဉ်းသိအပ်ကုန်၏။
၃။ များသောဖားဖြင့် ထိုကြောင်ပန်းဆရာတော်တို့သည် သတ္ထုပညတ်နှင့် ရောသောအနိစ္စဓာတ် ပရမတ်စသော စကားကို ဦးတည်သဖြင့်သာ ပြဆို ဟောပြောတော်မူကြကုန်၏။

http://www.dhammadownload.com

၄။ အချို့သော ပါဠိတော်ကို မူတည်၍ ပရမတ္ထနှင့် ရောနှောလျက် အကြင်စကားကို ရေးသား ဟောပြောအပ်ပါကုန်သော်လည်း ထို စကားတို့သည် မလိုလားအပ်သောအနက် အဓိပ္ပါယ်သို့ ရောက်ရှိသွား ကြလေကုန်ပြီ။

၅။ ထို့ကြောင့် များသောအားဖြင့် အများစုပုဂ္ဂိုလ်တို့၏ အယူအဆနှင့် မတူမျှကြကုန်သော အကြင်စကားဝါကျတို့ကို ပြောဟောကြကုန်၏၊ ထိုစကားဝါကျတို့ကို ကျွန်ုပ်တို့သည် စစ်ဆေးကြည့်ရှုကြကုန်သည်ဖြစ်၍ လည်းကောင်း–

၆။ မြားမြောင်လှစ္ဆာသော ပါဠိကျမ်းဂန်တို့နှင့် မြားမြောင်လှစ္ဆာသော မြန်မာစကားပြေကျမ်းစာအုပ်တို့ဝယ် ထိုထို့ဌာန၌လာသော သိမ်မွေ့ နူးညံ့သော အနက်အဓိပ္ပါယ်ကို စိစစ်၍လည်းကောင်း–

၇။ ထိုမှတပါး နှစ်ဘက်ကုန်သော စောဒကဆရာတော် သောဓကဆရာ တော်တို့၏ ချေလွှာ့တင်လွှာစကားတို့ကို ကြည့်ရှုရှုလည်းကောင်း ဤကြောင်ပန်းဝိဝါဒါဓိကရဏ်းအဆုံးအဖြတ်သည် ဖြစ်ပေလတ္တံ့။

၈။ ကိုယ်နှင့်စပ်ယှဉ်သော အကြင် ပင်ပန်းနွမ်းနယ်ခြင်းသည်ရှိ၏၊ထိုပင်ပန်း နွမ်းနယ်ခြင်းကို မရေတွက်မူ၍၊ဝါ၊ ပင်ပန်းသည်ဟု သဘောမထားပဲ အမှန်စင်စစ် ဆောင်ရွက်ရမည့် တာဝန်ကို ကြီးမားစွာသောဇဲ့ လုံ့လ သတိ ပညာဖြင့် ပြီးစေအပ်ပေပြီ။

၉။ ထို့ကြောင့် သူတော်ကောင်း ဖြစ်ကြကုန်သော သင်တို့သည် မယုတ် မသာ ချိန်ခွင်လျှာကဲ့သို့သောကြောင်ပန်းဝိဝါဒါဓိကရဏ်းအဆုံးအဖြတ် ကို နှစ်သက်လိုလားကြပါကုန်လေ၊သာသနာတော်၏ အနှစ်အသားကို ယူကြပါကုန်လေ၊ စင်ကြယ်သော စိတ်ထားဖြင့် ကြည့်ရှုကြပါ ကုန်လေ၊။ ။

---

http://www.dhammadownload.com

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနာတော်ဟူသည်

၁။ ဘုန်းတော်ခြောက်ပါးသခင် အစိန္တေယျ အာနုဘာဝ မကြုံစဉ်နိုင်သော တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ၄၅-ဝါကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါဝေနေယျတို့အား ဓမ္မဥဿုံ အလုံးစုံကို ကုံလုံပြည့်ဝစွာ ဟောပြည့်နှံကြား နိဗ္ဗာန်တံခါးကို ဖွင့်လှစ်တော်မူခဲ့ပြီးနောက် မီးဆယ်တတန် ငြိမ်းရာမှန်သော နိဗ္ဗာနဓာတ် အမြတ်ပြည်ခွင်သို့ ကြွဝင်တော်မူခါနီးတွင်–

> "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

ဟူသော စကားတော်ဖြင့် မိမိကိုယ်တော်စား တရားတည်းဟူသော ဆရာဖြင့် သာသနာတော်ကို ထားတော်မူခဲ့လေသည်။

ဤ၌ တရားတည်းဟူသော ဆရာ **သာသနာတော်ဟူသည်**မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် အကြွင်းမဲ့ဟောတော်မူထားခဲ့သော ဓမ္မကွန္ဒာရှစ်သောင်း လေးထောင်ပင်ဖြစ်ပေသည်၊ ဓမ္မကွန္ဒာရှစ်သောင်း လေးထောင်ဟုဆိုသဖြင့် ပြန့်ကျယ်များပြားလှ အသိဉာဏ်အား ရှုပ်ထွေးစေသည်ဟုဆိုလျှင် ဓမ္မကွန္ဒာရှစ်သောင်းလေးထောင်ကို ခြုံးလိုက်လျှင် နိကာယ်ငါးရပ်ဟူ၍ ဖြစ်ပေါ်လာလေသည်၊ ယင်းကို တူရာတူရာပေါင်းလိုက်လျှင် ပိဋကသုံးပုံဟူ၍ ဖြစ်လာလေသည်၊ ထိုမှတဆင့် အနှစ်ထုတ်၍ ချုပ်လိုက်ပြန်လျှင် ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးဟူ၍ ဖြစ်ပေါ်လာပေသည်။

ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးမှာ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး-ဟူ၍ဖြစ်ရာ ယင်း ဗောဓိပက္ခိယ သုံးဆယ့်ခုနစ်ပါးကိုပင် ရနိုင်သမျှ စုရုံး၍ အကျဉ်းခြုံးလိုက်ပါမူ သီလ, သမာဓိ, ပညာ-သိက္ခာသုံးပါးဖြစ်၍ လာပေသည်၊ ဤသည်လျှင် မြတ်စွာဘုရား၏ သာသနာတော်သုံးရပ် ဖြစ်ပေသည်။

၁။ ဒီ။၁၂၆။

http://www.dhammadownload.com

၂။ တနည်းအားဖြင့် သာသနာတော်သုံးရပ်ကို ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ အမည်သညာတမျိုးဖြင့် ခေါ်ဆိုရပြန်သည်၊ ဤ၌ ပရိယတ္တိသာသနာဟူသည်မှာ အထက်တွင် ဖော်ပြခဲ့ပြီးသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဟူသော နိကာယ်ငါးရပ် ပိဋကတ်တော်များကို သင်ယူခြင်း လေ့လာနာကြားခြင်းတို့ပင် ဖြစ်သည်၊ ယင်းသည်ပင် သာသနာတော်အတွက်အရေးအကြီးဆုံးအချက်ပင်ဖြစ်ကြောင်း အဆိုရှိပေသည်။

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏာ၊
ပတ္တိတော ဟိ တေပိဋကံ သုတ္တာ ဒဋ္ဌပိ ပူရေတိ"[၁]

ပရိယတ္တိကို ကျန်စစ်သာ ဆရာသမားထံမှ သင်ယူ၍သာ သာသနာတော်၏ လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်တတ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် သာသနာတော်တည်တံ့ရေး၊ ပြန့်ပွားရေး၊ တိုးတက်ရေးသည် ပရိယတ္တိသာ ပမာဏဖြစ်ကြောင်း ပရိယတ္တိဟူသော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာကို ကောင်းစွာ သင်ကြား နာယူပြီး သူမှသာလျှင် ကျန်သောပဋိပတ္တိ သာသနာနှင့် ပဋိဝေဓသာသနာတို့ကို ဖြည့်ကျင့်နိုင်မည်ဖြစ်ကြောင်း ဆိုလိုပေသည်။

ပရိယတ်နှင့်ပဋိပတ်

၃။ အချို့ပညာနည်းသူတို့က ပဋိပတ်ကိုအားထုတ်ရာ၌ပရိယတ်မလိုကြောင်း ပရိယတ်တတ်ကျမ်းသူသည် "စာခံ" နေသဖြင့် နှောင့်နှေးကြန့်ကြာနိုင်ကြောင်းဖြင့် ရမ်းကားစွာ ပြောကြားတတ်ကြသည် ယင်းသို့ပြောကြားသူများသည် သာသနာကို ဖျက်ဆီးသူများသာဖြစ်ကြောင်း ဤသို့ပြောကြားတတ်သူနှင့် တူသော သာသနာဖျက်သူပုန်သူကန်များအခြားတွင်မရှိ၊ အမှန်အားဖြင့် ပရိယတ်တည်းဟူသော ပိဋကသုံးပုံကို ဆောင်စွမ်းနိုင်သူသည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းကို အဘိဓမ္မာအဋ္ဌကထာကြီးများကဖွင့်ဆိုလမ်းညွှန်၍ ထားပေသည်။

"ဧဝံ ဝဒန္တော ပနဿ သာသနေ ပဟာရံ ဒေတိ၊ ဤမိနာ သဒိ-
သော မဟာစောရော နာမ နတ္ထိ၊ နံ ဟိ ပရိယတ္တိဓရော ဒုက္ခတော နံ
မုစ္စတိတိ"[၂]

၄။ ထို့ကြောင့် ဓရေးပညာရှိတို့သည် ပရိယတ္တိကို တိတိပပအခြေခံရအောင် ကျကျနန သင်ကြားကြသည်သာ မှားပေသည်၊ အဘယ့်ကြောင့်ဆိုသော်

၁။ ဒီ ဋ္ဌ ၁၊၀၂။ ၂။ အဘိ ဋ္ဌ ၃၊၄၅၇။

http://www.dhammadownload.com

ပရိယတ္တိသာသနာကျယ်ပျောက်၍သွားပါက ပဋိပတ္တိသာသနာတည်းဟူသော ကျင့်မှု ကြုံမှု အားထုတ်မှု အားလုံးဆိတ်သုဉ်း၍ သွားနိုင်ပြီးလျှင် ကျင့်ကြံအားထုတ်မှု ဆိတ်သုဉ်းသွားပါကလည်း ကျင့်ကြံအားထုတ်မှုဖြင့် ရအပ် သိအပ် ခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရား အဓိဂမအကျိုးစီးပွားတို့ ပျက်ပြုံးကွယ်ပျောက်၍ သွားနိုင်သောကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသာလျှင် အခြေခံအကျဆုံးဖြစ်ကြောင်း ဆရာတို့ထပ်ကာထပ်ကာ မိန့်ဆိုတော်မူကြခြင်းဖြစ်ပေသည်။

ပရိယတ္တီယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ။
။ပ။ကုတိ ပဋိပတ္တိတောပီ ပရိယတ္တိမေဝ ပမာဏံ။[1]

၅။ ဤသို့ပရိယတ္တိကို ဦးစားပေး၍မိန့်ဆိုတော်မူကြခြင်းမှာ မြတ်စွာဘုရား၏ သာသနာတော်သုံးရပ်ကို ထမ်းဆောင်ရာ၌ ပဓာနဖြစ်၍သာ ဆိုခြင်းဖြစ်ပေရာ ပဋိပတ်ကို အားမထုတ်ရန်ပိတ်ပင်တားမြစ်လို၍ ဆိုခြင်းကားမဟုတ်ပေ၊ ပဋိပတ်ကိစ္စကို ပစ်ပယ်ထားရမည်ဟူသော အဓိပ္ပာယ်ကိုလည်း မဆောင်ပေ၊ အမှန်ကား ပရိယတ်ကို ကြည်ကြက်စေ၍သာ ပဋိပတ်လမ်းကို ဆက်လှမ်းစေလိုသော အလိုဆန္ဒမျှသာဖြစ်ပေသည်၊သဒ္ဒမ္မသုံးဖြာ သာသနာတော်တွင်ပရိယတ္တိသဒ္ဒမ္မကို အခြေတည်၍ ပဋိပတ္တိသဒ္ဒမ္မကို ကျင့်ဆောင်မှသာလျှင် ပဋိဝေဓသဒ္ဒမ္မဟူသော မဂ်ဖိုလ်အကျိုးတရားတို့ကို သုံးစားနိုင်မည်ဖြစ်ပေသည်။

ဤတွင် အထက်၌ ဆိုခဲ့သမျှစကားတို့ကို ပြန်လည်စုစည်းရန် လိုအပ်ပေသည်၊မြတ်စွာဘုရား သာသနာတော်သည် ဓမ္မက္ခန္ဓပေါင်း ရှစ်သောင်းလေးထောင်ပင်ဖြစ်သည်ဟုဆိုခဲ့၏၊ ထိုဓမ္မက္ခန္ဓပေါင်းမှ တဖြည်းဖြည်းအကျဉ်းခြုံးခဲ့လျှင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံနှင့် ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးအထိဖြစ်လာပြီး ထိုဗောဓိပက္ခိယတရားများကို ခြုံးလိုက်လျှင် သီလ သမာဓိ ပညာဟူ၍လည်းကောင်း တနည်းအားဖြင့် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူ၍လည်းကောင်း ဖြစ်ပေါ်လာသည်အထိ ဖော်ပြခဲ့ပြီးပေပြီ၊ ယခု ယင်းသုံးပါးမှ ဖြစ်နိုင်သမျှခြုံး၍ပြရသော် ဝိမုတ္တိရသဟူသော တခုတည်းဟူသော အကျိုးတရား၌သာ အဆုံးသတ်ရမည်ဖြစ်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်ကပင်—

"ဝေမေဝံ ခေါ ဘိက္ခဝေ အယံ ဓမ္မဝိနယော ကေရဏော ဝိမုတ္တိရသော[2]"

ဟူ၍ဟောတော်မူထားပေသည်။

၁။ သံ ၆ ၂၊ ၁၈၇။ ၂။ ခု ၁၊ ၁၄၃။

http://www.dhammadownload.com

၆။ ဝိမုတ္တိမှာသည် လောကီလောကုတ္တရာအားဖြင့်နှစ်မျိုးရှိသည်၊ နိဝရဏာတရားတို့မှ လွတ်ခြောက်ရာဖြစ်သော သမာပတ်ရှစ်ပါး တရားတို့သည်လည်း ဝိမုတ္တိပင်ဖြစ်၏၊ ယင်းကား ဧလောကီဝိမုတ္တိဖြစ်ပေသည်၊ အမှန်အားဖြင့် အလုံးစုံသော သခ်ၤတတရားများမှ လွတ်ခြောက်ရာဖြစ်သော လောကုတ္တရာ ဝိမုတ္တိကိုသာ ဤဥဒ္ဒေသဆိုလိုပေသည်။[၁]

အလုံးစုံသော ကိလေသာတို့မှ လွတ်စေတတ်သောကိစ္စရှိသော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဝိမုတ္တိရသခေါ်ကြောင်း ဋီကာဆရာကမိန့်ဆို၏။

ဤဆိုခဲ့သည့် ဝိမုတ္တိသို့ ရောက်ကြောင်းလမ်းစဉ်ကား ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းပင် ဖြစ်ပေသည်၊ လောကီဝိမုတ္တိဖြစ်သည့် သမာပတ်ရှစ်ပါးစျာန်တရားကို ရရာရကြောင်း ကမ္မဋ္ဌာန်းတရားမှာ သမထကမ္မဋ္ဌာန်းဖြစ်၍ လောကုတ္တရာ ဝိမုတ္တိဖြစ်သည့် သခ်ၤတတရားအားလုံးမှ ထွက်မြောက်ကြောင်း နိဗ္ဗာန်ကိုရရန်အတွက်ကား ဝိပဿနာကမ္မဋ္ဌာန်းသာ ဖြစ်လေသည်။

အဓိကင်းရာ ရှာဖွေပါ

၇။ မှန်ပေ၏၊ သတ္တဝါမှန်သမျှ အိုမူ နာမူ သေမူ ဒုက္ခတို့မှလွတ်ကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံလိုကြသည်ချည်းပင်ဖြစ်၏၊ သို့သော် ယင်းဒုက္ခတို့နှင့် အမြဲပင် တွေ့ကြုံနေရပေသည်၊ အိုမြဲအိုနာမြဲနာ သေမြဲသေကြရပြီး နောက်ဘဝအသစ်ဖြစ်ရပြန်၏၊ ထိုဘဝသစ်၌လည်း အိုဒုက္ခ နာဒုက္ခ သေဒုက္ခတို့က ဆက်၍လာပေဦးမည်၊ တဘဝနှင့်လည်းမပြီး နှစ်ဘဝနှင့်လည်းမဆုံး သုံးဘဝလေးဘဝမှစ၍ ဘဝပေါင်း ရာထောင်သိန်းသန်း ဂဏန်းမပြနိုင်အောင် ဆက်ကာဆက်ကာ အိုနေရဦးမည် နာနေရဦးမည် သေနေရဦးမည်သာ။

ဤအတိုင်း အနာအသေဒုက္ခတို့ထပ်၍ မလာရအောင် မည်သို့လုပ်ရမည်နည်းဟုမေးလျှင် ဤတို့၏တည်ရာ မှီရာ ဘဝဟူ၍မရှိမှသာ မလာပဲ နေပေတော့မည်၊ ဘဝအသစ်ဟူ၍ မဖြစ်မှသာ အို နာ သေ ဒုက္ခတို့ လမ်းပြတ်သွားကြရပေမည်။

ဤသို့ဆိုသော် ဘဝအသစ် ဖြစ်ပေါ်မလာအောင် လုပ်နိုင်မှ အိုနာသေတို့ကို တားဆီးနိုင်မည်ဖြစ်သဖြင့် ဘဝအသစ်ကို ဖြစ်ပေါ်စေသောအကြောင်းကို ရှာဖွေဖျက်ဖျက်ပစ်ဖို့ လိုလာပေသည်၊ ဘဝအသစ်ကို ဖြစ်ပေါ်စေသော လက်သည်အကြောင်းရင်းကား ဘဝကိုခင်တွယ်စွဲမက်နေသော တဏှာသာလျှင် ဖြစ်ပေသည်၊ ထို့ကြောင့် ဘဝသစ်မဖြစ်ပေါ်စေလိုက ထိုတဏှာကို လက်စ

၁။ ဒီ ဋ္ဌ ၃၊၁၃၇။ ၂။ ဗီ ဋ္ဌ ၁၊၂၄။

http://www.dhammadownload.com

ပရိယတ္တိသာသနာကွယ်ပျောက်၍သွားပါက ပဋိပတ္တိသာသနာတည်းဟူသော ကျင့်မှု ကြုံမှု အားထုတ်မှု အားလုံးဆိတ်သုဉ်း၍ သွားနိုင်ပြီးလျှင် ကျင့်ကြုံအားထုတ်မှု ဆိတ်သုဉ်းသွားပါကလည်း ကျင့်ကြုံအားထုတ်မှုဖြင့် ရအပ် သိအပ် ခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရား အဓိဂမအကျိုးစီးပွားတို့ ပျက်ပြုံးကွယ်ပျောက်၍ သွားနိုင်သောကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသာလျှင် အခြေခံအကျဆုံးဖြစ်ကြောင်း ဆရာတို့ထပ်ကာထပ်ကာ မိန့်ဆိုတော်မူကြခြင်းဖြစ်ပေသည်။

ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ။
။ပ။ကုတိ ပဋိပတ္တိတောပိ ပရိယတ္တိမေဝ ပမာဏံ။

၅။ ဤသို့ပရိယတ္တိကို ဦးစားပေး၍မိန့်ဆိုတော်မူကြခြင်းမှာ မြတ်စွာဘုရား၏ သာသနာတော်သုံးရပ်ကို ထမ်းဆောင်ရာ၌ ပဓာနဖြစ်၍သာ ဆိုခြင်းဖြစ်ပေရာ ပဋိပတ်ကို အားမထုတ်ရန်ပိတ်ပင်တားမြစ်လို၍ ဆိုခြင်းကားမဟုတ်ပေ၊ ပဋိပတ်ကိစ္စကို ပစ်ပယ်ထားရမည်ဟူသော အဓိပ္ပာယ်ကိုလည်း မဆောင်ပေ၊ အမှန်ကား ပရိယတ်ကို ကြည်ကြက်စေ၍သာ ပဋိပတ်လမ်းကို ဆက်လှမ်းစေလိုသော အလိုဆန္ဒမျှသာဖြစ်ပေသည်၊သဒ္ဓမ္မသုံးဖြာ သာသနာတော်တွင်ပရိယတ္တိ သဒ္ဓမ္မကို အခြေတည်၍ ပဋိပတ္တိသဒ္ဓမ္မကို ကျင့်ဆောင်မှသာလျှင် ပဋိဝေဓသဒ္ဓမ္မဟူသော မဂ်ဖိုလ်အကျိုးတရားတို့ကို သုံးစားနိုင်မည်ဖြစ်ပေသည်။

ဤတွင် အထက်၌ ဆိုခဲ့သမျှစကားတို့ကို ပြန်လည်စုစည်းရန် လိုအပ်ပေသည်၊မြတ်စွာဘုရား သာသနာတော်သည် ဓမ္မက္ခန္ဓပေါင်း ရှစ်သောင်းလေးထောင်ပင်ဖြစ်သည်ဟုဆိုခဲ့၏၊ ထိုဓမ္မက္ခန္ဓပေါင်းမှ တဖြည်းဖြည်းအကျဉ်းခြုံးခဲ့လျှင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံနှင့် ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးအထိဖြစ်လာပြီး ထိုဗောဓိပက္ခိယတရားများကို ခြုံးလိုက်လျှင် သီလ သမာဓိ ပညာဟူ၍လည်းကောင်း တနည်းအားဖြင့် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူ၍လည်းကောင်း ဖြစ်ပေါ်လာသည်အထိ ဖော်ပြခဲ့ပြီးပေပြီ၊ ယခု ယင်းသုံးပါးမှ ဖြစ်နိုင်သမျှခြုံး၍ပြရသော် ဝိမုတ္တိရသဟူသော တခုတည်းဟူသော အကျိုးတရား၌သာ အဆုံးသတ်ရမည်ဖြစ်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်ကပင်—

"ဝေမေဝံ ခေါ ဘိက္ခဝေ အယံ ဓမ္မဝိနယော ဧကရသော
ဝိမုတ္တိရသော"
ဟူ၍ဟောတော်မူထားပေသည်။

၁။ သံ ၆ ၂၊ ၁၈၇။ ၂။ ခု ၁၊ ၁၄၃။

http://www.dhammadownload.com

၆။ ဝိမုတ္တိမဂ္ဂသည် လောကီလောကုတ္တရာအားဖြင့်နှစ်မျိုးရှိသည်၊ နိဝရဏတရားတို့မှ လွတ်ခြောက်ရာဖြစ်သော သမာပတ်ရှစ်ပါး တရားတို့သည်လည်း ဝိမုတ္တိပင်ဖြစ်၏။ ယင်းကား လောကီဝိမုတ္တိဖြစ်ပေသည်၊ အမှန်အားဖြင့် အလုံးစုံသော သခ်ၤတတရားများမှ လွတ်မြောက်ရာဖြစ်သော လောကုတ္တရာ ဝိမုတ္တိကိုသာ ဤဥဒ္ဒေသဆိုလိုပေသည်။[၁]

အလုံးစုံသော ကိလေသာတို့မှ လွတ်စေတတ်သောကိစ္စရှိသော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဝိမုတ္တိရသခေါ်ကြောင်း ဋီကာဆရာကမိန့်ဆို၏။

ဤဆိုခဲ့သည့် ဝိမုတ္တိသို့ ရောက်ကြောင်းလမ်းစဉ်ကား ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းပင် ဖြစ်ပေသည်၊ လောကီဝိမုတ္တိဖြစ်သည့် သမာပတ်ရှစ်ပါးစျာန်တရားကို ရရုရကြောင်း ကမ္မဋ္ဌာန်းတရားမှာ သမထကမ္မဋ္ဌာန်းဖြစ်၍ လောကုတ္တရာ ဝိမုတ္တိဖြစ်သည့် သခ်ၤတတရားအားလုံးမှ ထွက်မြောက်ကြောင်း နိဗ္ဗာန်ကိုရရန်အတွက်ကား ဝိပဿနာကမ္မဋ္ဌာန်းသာ ဖြစ်လေသည်။

အဓေယျကင်းရာ ရှာဖွေပါ

၇။ မုန်ပေ၏၊ သတ္တဝါမှန်သမျှ အိုမှု နာမှု သေမှု ဒုက္ခတို့မှလွတ်ကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံလိုကြသည်ချည်းပင်ဖြစ်၏၊ သို့သော် ယင်းဒုက္ခတို့နှင့် အမြဲပင် တွေ့ကြုံနေရပေသည်၊ အိုမြဲအို နာမြဲနာ သေမြဲသေကြရပြီး နောက်ဘဝအသစ်ဖြစ်ရပြန်၏၊ ထိုဘဝသစ်၌လည်း အိုဒုက္ခ နာဒုက္ခ သေဒုက္ခတို့က ဆက်၍လာပေဦးမည်၊ တဘဝနှင့်လည်းမပြီး နှစ်ဘဝနှင့်လည်းမဆုံး သုံးဘဝလေးဘဝမှစ၍ ဘဝပေါင်း ရာထောင်သိန်းသန်း ဂဏန်းမပြနိုင်အောင် ဆက်ကာဆက်ကာ အိုနေရဦးမည် နာနေရဦးမည် သေနေရဦးမည်သာ။

ထိုသို့အိုခြင်း နာခြင်း သေခြင်းဒုက္ခတို့ကို ခံစားနေရသော ဤဘဝသည် ဒုက္ခဖြစ်ပါသည်ဟု ဘုရားရှင်ကဟောတော်မူခဲ့ပါသည်။ ဤဘဝသည် ဒုက္ခဖြစ်ကြောင်းကို

http://www.dhammadownload.com

သတ် ချုပ်ငြိမ်းအောင် အားထုတ်ရပေလိမ့်မည်၊ ဤသို့ဖြင့် မြတ်စွာဘုရား လမ်းညွှန်တော်မူခဲ့ရာ ဝိပဿနာလမ်းစဉ်များသည် ဘဝသစ်ဖြစ်ရေး တဏှာ ဘေးမှ ကွာဝေးစေသော ဆေးတော်ကြီးအဖြစ် လူ့လောကဌ ထင်ရှားရှိနေ ပေသည်။

ဤ၌ ဝိပဿနာဟူသည်မှာ–

"ဝိသေသေန ခန္ဓာဒီနံ အနိစ္စာဒီဟိ ပဿတီတိ ဝိပဿနာ"

ဟူသော(ကတ္တုသာဓန ဝိပုဗ္ဗ ဒိသဓာတ် ယုပစ္စည်း) ဝိဂြိုဟ်အရ ခန္ဓာအစရှိသည် တို့ကို အနိစ္စ အစရှိသည်တို့၏အစွမ်းဖြင့် အထူးမြင်တတ် သူတော်သောဉာဏ်ကို ဆိုသည်။

ဝိပဿနာလမ်းစဉ်

၈။ ဖော်ပြပြီးခဲ့သည့် အစဉ်အတိုင်းပင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့် တွေ့ကြုံကြရသော သူတော်စင်တို့သည် အိုနာသေရေးဘေးကြီးများနှင့်ဝေး၍ အေးမြရာမှန် မြတ်နိဗ္ဗာန်ကို ကေန်ပေါက်ရောက် မျက်မှောက်ပြုလိုကြသဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ဘက်သို့ မျက်နှာမူကြကုန်၏၊ အချို့က လောကီစည်း စိမ်တို့ကို စွန့်ပစ်၍ နှစ်နှစ်ကာကာ အားထုတ်နိုင်ရန် ရဟန်းအဖြစ်ဖြင့် အား ထုတ်ကြကုန်၏၊ အချို့ကား အချိန်ပိုင်းအားဖြင့် ကြိုးစားအားသစ်လျက် လူ ဝတ်လူစားဖြင့် အားထုတ်ကြကုန်၏။

ထိုသို့အားထုတ်ကြရာ၌ ကမ္မဋ္ဌာန်းတရားကို ဟောကြား နည်းပြကြသည့် ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်များသည်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော မဟာသတိပဋ္ဌာနသုတ်တော်ကို မူတည်၍ လွယ်ကူသည်ထက် လွယ်ကူအောင် ဆန်းသစ်တည်ထွင်လျက် ပရိယတ္တိလမ်းစဉ်ဝယ် ဉာဏ်ယာဉ်ကိုမောင်းကာ နည်း ကောင်းလမ်းကောင်းတို့ကို ဟောကြားလျက် ကမ္မဋ္ဌာန်းတရားကို အားထုတ် စေကြသည်။

အမှန်အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော ကမ္မဋ္ဌာန်းတရား ဝိပဿနာတရားများ ဖြစ်ကြသော်လည်း လွယ်ကူအောင် တီထွင်ဟောကြား သော ပုဂ္ဂိုလ်၏အမည်ဖြင့်ထင်ပေါ် ကျော်ကြား၍ လာတတ်သည့်အားလျော်စွာ မည်သူ့နည်း မည်ဝါနည်းဟူသောအသံသည်သာကျယ်လောင်စွာ ထွက်ပေါ်၍ နေကြပေသည်၊ မည်သို့ပင်ဖြစ်စေ ပရိယတ်လမ်းစဉ်ပေါ်တွင် ဖြောင့်ဖြောင့် မတ်မတ် တည်ရှိနေသဖြင့် ကောင်းသည်ဟူ၍သာ ဆိုနိုင်ပေသည်။

http://www.dhammadownload.com

ကြောင်ပန်းတောရ ဆရာတော်ကြီး

၉။ မြန်မာနိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်သက်ရှည်ကြာခဲ့သည် နှင့်အမျှ ဒါန,သီလ,ဘာဝနာဟူသော လမ်းစဉ်အတိုင်းလူတိုင်းလိုလိုပင် တတ်နိုင် သမျှ ကြိုးစားလျက်ရှိရာ ဘာဝနာစခန်း ကမ္မဋ္ဌာန်းအာရုံ ပွားထုံခဲ့ဖူးသူများ မနည်းလှပေ၊ သို့နှင့်အမျှ ကမ္မဋ္ဌာန်းနည်းပေးသည့် ရှေးရှေး ဆရာ့ဆရာများမှ ယခုခေတ်အထိ ကမ္မဋ္ဌာန်းဆရာပေါင်း များစွာပေါ်ပေါက်ထင်ရှားလျက် ကမ္မ ဋ္ဌာန်းတရားများလည်း နည်းအမျိုးမျိုးဖြင့် ထွန်းကားကျယ်ပြန့်၍နေပေသည်။

ဤတွင် မြန်မာသက္ကရာဇ် ၁၂၆၀-ပြည့်နှစ်လောက်၌ နာမည်ကျော်ကြား လူသိများလာသော ကြောင်ပန်းဆရာတော်ဘုရားကြီးသည်လည်း ဝိပဿနာ ကမ္မဋ္ဌာနာစရိယတပါးအဖြစ်ဖြင့် ထင်ရှားကျော်ကြား၍လာခဲ့ပေသည်၊ကြောင် ပန်းဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံသာမက ကမ္ဘာသို့တိုင် ပျံ့လွှိုင် ကျော်ကြားတော်မူခဲ့သော လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်ကာ လယ်တီဆရာတော်ဘုရားကြီးထံ၌ နည်းခံသင်ကြား၍ သက်တော် ၃၇-နှစ် အရွယ်တွင် လယ်တီဆရာတော်ထံမှ ခွင့်ပန်၍ တောထွက်ခဲ့သည်ဟု ဆိုပေသည်၊ ၄၃-နှစ်အရွယ်တွင် တရားဟော တရားပြကောင်းသဖြင့် နာမည်ကျော်ကြား လူ သိများလာသည်ဟု ဆိုပေသည်၊ သက်တော် ၅၂-နှစ်အရွယ်တွင် ဘုတလင်မြို့ အနီး ကြောင်ပန်းတောရတိုက်ကို တည်ထောင်သောအခါမှစ၍ ကြောင်ပန်း ဆရာတော်ဟူသောအမည်ဖြင့် ကျော်ကြားထင်ရှားခဲ့ကြောင်း သိရပေသည်။

အထူးအားဖြင့် ဝိဝဋ္ဋဒီပနီကျမ်း, ဝိပဿနာဒီပနီကျမ်း, သဘာဝဒီပနီကျမ်း, သုံးလောကဒီပနီကျမ်း, ရတနာဒီပနီကျမ်း ဟူသော ဒီပနီကျမ်း ၅-ကျမ်းနှင့် ကြောင်ပန်းဟောစဉ်ကျမ်းဟူသောကျမ်းစာများကို ရေးသား၍ ယင်းကျမ်းစာ ၆-ကျမ်းကိုတတ်တည်းထုတ်သဖြင့်ကြောင်ပန်းခြောက်စောင်တဲ့ဟု ဖြစ်လာသည့် ကျမ်းပြုဂန္ထကာရက ပုဂ္ဂိုလ်ကြီးတဆူအဖြစ်ဖြင့်လည်း ပိုမိုကျော်ကြားခဲ့ပေသည်။

ကြောင်ပန်းမှန်မှား ဝိဝါဒဖြစ်ပွား

၁၀။ ကြောင်ပန်းဆရာတော်ဟု ထင်ရှားကျော်ကြားသည်နှင့်အမျှ တုံးနာမ် တိုင်နာမ်စသော ဟောပြောပြသမှုများသည်လည်း သူငါကစ သိရှိကြလျက် တစ တစ မြန်မာတနိုင်ငံလုံး လှုပ်ဖိုးလှုပတတ် ပေါ်လွင်၍နေပေရာ ထိုအခါမှစ၍ပင် မှန်လေသလော မှားလေသလောဟူသော ဒိဋ္ဌစကား သံသယပွားမှုတို့သည် လည်း ဝိဝါဒတပါးအနေဖြင့် ကျယ်ပြန့်၍လာခဲ့ပေသည်၊ မှန်သည်ဟုထောက်ခံ ယူဆသူများရှိသကဲ့သို့ မှားသည်ဟု ကန့်ကွက်ဟောကြား ရေးသားသူများ လည်း မနည်းလှပေ၊ အဟောအကြား ဝိဝါဒပွားသကဲ့သို့ပင် အရေးအသား စာအုပ်စာတမ်းများလည်း များပြားလှကြောင်း သိရပေသည်။

http://www.dhammadownload.com

စောဒကဆရာတော်များ၏ အဆိုအရ "ကြောင်ပန်းဝါဒကို ဆန့်ကျင်သည့် မဟာဥသျှိကတကျမ်း၊ အဓမ္မဝါဒနိဂ္ဂဟကျမ်း၊ မလသုသောဓနီကျမ်း၊ နိဂုဏ္ဍီ ရှုဖွယ်ကျမ်း၊ ယဿဘူတဝိနိစ္ဆယ စသောကျမ်းစာအသီးသီး ပေါ်ထွက်သက့်သို့ ကြောင်ပန်းဘက်မှလည်း ဥပဝါဒဝိသောဓနီ၊ သမ္မာဝိနိစ္ဆယကျမ်းစသည့်ကျမ်း စာအသီးသီးတို့ဖြင့် အပြိန်အလှန်စုပ်စဲ့ဖြေရှင်း နှစ်ပေါင်းများစွာစာပေစစ်ခင်းခဲ့ ကြကြောင်းကိုလည်းသိရပေသည်၊ သို့သော် လေ့နှစ်စင်းပြိုင်ရာတွင် ဒိုင်ပမာစစ် ဆေးရှု အဆုံးအဖြတ်ပေးမည့် အရေးအရာ နှစ်ဖြာယုံမှတ် ခုံသမတ်ဟူ၍ မရှိ သဖြင့် ယခုခေတ်အထိ ရှည်ကြာခဲ့ရသည်၊ ဓမ္မ အဓမ္မအမှန်အမှား ပြတ်သား ရှင်းလင်းနိုင်ခဲ့ခြင်း မရှိပေ။

အမှတ်-၃ နိုင်ငံတော် သီးခြားဝိနည်းဓိုရိုးရုံးဖြစ်ပေါ်လာခြင်း

၁၁။ ယခုအခါတွင်မူ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်တရပ် လုံးရှိ တသိန်းကျော်သံဃာတော်တို့၏ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၇) အပိုဒ် (၅၇)(ပြင်ဆင်ချက်-က)နှင့် အညီ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက အထက်ဖော်ပြပါ ကြောင်ပန်းတောရဝါဒကို ဓမ္မအဓမ္မစိစစ်ဆုံးဖြတ် ရန် အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရိုးအဖွဲ့ကို ဖွဲ့စည်း၍ စောဒကနှင့် စုဒီတကဆိုင်ရာ နှစ်ဖြာနှစ်ဖက်တို့ကို မျက်နှာစုံညီ ပီပီသသ မိမိတို့စိတ်တိုင်းကျ အကြောင်းပြချက် အဖြာဖြာတို့နှင့် စောဒနာသောဓနာတို့ကို စာပေအထောက် အထားတို့ဖြင့် အားရပါးရ ရေးသားတင်ပြစေခဲ့ကြပေသည်။

အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရိုး ဆရာတော်များသည် နှစ်ဖက် သော စောဒက စုဒီတကတို့၏ စောဒနာသောဓနာတို့ကို သေချာစွာ အချိန်ယူ လေ့လာလျက် ပါဠိအဋ္ဌကထာ ဋီကာ ထေရဝါဒ ပိဋကတော်တို့နှင့် နှိုင်းဆ၍ ဤကားဓမ္မ ဤကားအဓမ္မဟု ဝိနိစ္ဆယမှတ် ဆုံးဖြတ်ကြရမည်ဖြစ်ရာ–

> "ယော ဟိ ဘိက္ခု စတုပ္ပဓဝိနယကောဝိဒေါ တိလက္ခဏသမ္ပန္နော ဣမာနိ ဆ ဌာနာနိ ဩလောကေတွာ အဓိကရဏံ ဥပသမေဿတိ တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော၊ ဗုဒ္ဓေန သယံ နိသိဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ"[၁]

ဟူသော ဝိနည်းအဋ္ဌကထာ စကားအတိုင်း–

၁။ ဝိ ၆ ၁၊ ၂၀၂။

http://www.dhammadownload.com

(က) လေးပါးအပြားရှိသော ဝိနည်းဥဒ္ဒေ လိမ္မာခြင်း၊
(ခ) သုံးပါးသောလက္ခဏာနှင့် ပြည့်စုံခြင်း၊
(ဂ) ခြောက်ပါးသောအရာတို့ကို ကြည့်ရှုခြင်း

ဤအင်္ဂါ (၃) ရပ်တို့နှင့် အတတ်နိုင်ဆုံးညီညွတ်အောင် ရက်ပေါင်းများစွာ (၂) လတာမျှ အချိန်ယူကာ ကိစ္စတပါး စွန့်ပစ်ထား၍ ကြိုးစားကြရပေကုန်၏။

၁၂။ ဤဥ္စ အထက်ပါအချက်များကို ထင်ရှားအောင် ဖော်ပြလိုပေသေး၏၊ အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်တို့သည် "သုတ္တံ, သုတ္တာနုလောမံ, အာစရိယဝါဒံ, အတ္တနောမတိန္တိ" ဟူသော ဝိနည်းအဋ္ဌကထာလာ စကားအရ—

(၁) သုတ္တခေါ် ပါဠိတော်ကို လေ့လာခြင်း၊

(၂) သုတ္တာနုလောမခေါ် ပါဠိတော်နှင့် အဓိပ္ပာယ်တူစကားများကို လေ့လာခြင်း၊

(၃) အာစရိယဝါဒခေါ် ဗုဒ္ဓမတည္ဟု အဋ္ဌကထာဆရာကြီးများ၏ အယူအဆကို လေ့လာခြင်း၊

(၄) အတ္တနောမတိခေါ် (အထက်ဖော်ပြပါသုံးရပ်ကို မျက်ခြည်မပြတ် ကြည့်ရှု၍ ဆင်ခြင်သက်ဝင်နှိုင်းညှိ၍) မိမိ၏ အယူအဆကို ဖော်ထုတ်ခြင်း၊

ဤသို့ဖြင့် စတုဒ္ဓိဓ ဝိနယကောဝိဒခေါ်သော (က) အမှတ်ပြု ပထမလက္ခဏာနှင့် ကောင်းစွာညီညွတ်စေလျက်။

"တီဏိ ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတမ္ဘာနိ" ဟူသော ယင်းဝိနည်းအဋ္ဌကထာ[၂]လာအရ—

(၁) သုတ္တခေါ် ပါဠိတော်စကားကို နှစ်ပါးသော အာဂမ သဘာဝဝိနိစ္ဆယ ဉာဏ် ရင့်သန်အောင် ကြိုးစားခြင်း ပထမလက္ခဏာ၊

(၂) ပါဠိတော်၌ရပ်တည်လျက် မဆုတ်ယုတ်ရအောင် ကြိုးစားခြင်း ဒုတိယလက္ခဏာ၊

(၃) အာစရိယပရမ္မရ နယမုဒ္ဒါ ရမိကျွမ်းကျင်မှုရှိအောင် ကြိုးစားခြင်း တတိယလက္ခဏာ၊

ဤလက္ခဏာ ၃-ပါးတည်းဟူသော(ခ)အမှတ်ပြု ဒုတိယလက္ခဏာနှင့်ကောင်းစွာပြည့်စုံစေကာ—

၁။ ဝိ ဋ္ဌ ၁၊၁၄၅။ ၂။ ဝိ ဋ္ဌ ၁၊၁၉၉။

http://www.dhammadownload.com

"ဆ ဌာနာနိ သြလောကေတဗ္ဗာနိ"ဘ အရ

(၁) ဝတ္ထုခေါ် အမှု၏ အခြေခံကို မှန်ကန်အောင် ကြည့်ရှုခြင်း၊
(၂) မာတိကာခေါ် အစဉ်အဆက်အဖြစ်အပျက်ကို သုံးသပ်ကြည့်ရှုခြင်း၊
(၃) ပဒဘာဇနီခေါ် ပတ်ဝန်းကျင်ကို ရှုမြင်ကြည့်ရှုခြင်း၊
(၄) တိကပရိဿဒခေါ် စ လယ် အဆုံးကို သိမ်းကျုံးကြည့်ရှုခြင်း၊
(၅) အန္တရာပတ်ခေါ် အတွင်း၌သင့်နိုင်သည့်အပြစ်ကို ကြည့်ရှုခြင်း၊
(၆) အနာပတ္တိခေါ် အပြစ်လွတ်နိုင်ခွင့်ကို ကြည့်ရှုခြင်း၊

ဤကြည့်ရှုခြင်း (၆) ရပ်ဟူသော (၁) အမှတ်ပြု တတိယ လက္ခဏာနှင့် ကောင်းစွာကုံလုံ ပြည့်စုံနိုင်သရွေ့ ပြည့်စုံစေပြီးလျှင် နေ့စဉ်နေ့စဉ် တိုင်ပင်ဆွေးနွေးလျက် တွေးတွေးဆဆ ဝိနိစ္ဆယစာတမ်းကို ကြိုးပမ်းပြုစုကြပေသည်။

ကြောင်ပန်းဝါဒ ဝိနိစ္ဆယ

၁၃။ အမှတ် (၃) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များသည် ဤကြောင်ပန်း တောရဝါဒကိုဝိနိစ္ဆယပြုကြရာ၌ စောဒနာခေါင်းစဉ် ၁၀-ချက်ပါ စောဒနာတို့ကို ဝိနည်းဓိုရ် တပါးတပါးလျှင် ၂-ချက်စီ ၃-ချက်စီ ခွဲဝေဆုံးဖြတ်စေသောနည်းကို အသုံးမပြုခဲ့ကြပါ၊ စုပေါင်းပိုင်းထိုင်၍ စောဒနာဝတ္ထုစီ တခုစီကို ညီညီညွတ်ညွတ် ဆွေးနွေးနှိုင်းညှိ၍ ပါဠိအဋ္ဌကထာဋီကာတို့၏ အဓိပ္ပာယ်တို့နှင့် နှီးနှယ်ဝေဖန်ကြရပါသည်၊ အဘယ့်ကြောင့်ဆိုသော် စောဒကဆရာတော်တို့၏ ထုတ်ဖော်တင်ပြထားသော ဌပနာစကားများမှာ ကြောင်းပန်းဝါဒ၏ ပင်မအခြေခံဖြစ်သည့်ပြင် ယင်းတို့မှာလည်း ဝိပဿနာဓရဆရာနှင့် ပရမတ်ပညတ် ခံကပ်သော အယူအဆများ ဖြစ်သောကြောင့်ပင်။

ထိုထက်လည်း ကြောင်ပန်းခြောက်စောင်တွဲဟု ခေါ်သော ပထမ ကြောင်ပန်း ဆရာတော်ကြီး၏ ရေးသားချက်များမှာ—

(က) အဓိပ္ပာယ်ခက်ခဲခြင်း
(ခ) ဝါကျရှုပ်ထွေးခြင်း
(ဂ) အစပ်ဝေးရှိ အယူအဆ မလွယ်ခြင်း
(ဃ) ဆိုလိုရင်းမရောက် အဓိပ္ပာယ်တမျိုးပေါက်ခြင်း—

စသော ကျမ်းစာအတွင်း မရှင်းကွယ်ဝှက် သိခက်လိန်နှံ့ အဏန်တန်သော အခက်အဆစ် အထစ်အပု အစုစုတို့ကြောင့် ကြည့်ရှုစဉ်းစား ရှေးဦးစွာ အထပ်ထပ်

ဘ။ ဝိဇ္ဇ၁၂၀၃။

http://www.dhammadownload.com

ဖတ်ကြားကာ ရွှေစကား နောက်စကား အသွားအလာတို့နှင့် များစွာချိန်ဆ လျက် အဓိပ္ပာယ်အဖြောင့်ရအောင် ဖော်ဆောင်ယူငင် ကြရပေသည်၊ထို့နောက် မှ ဝိနိစ္ဆယအတွက် စောဒနာသောဓနာချက် နှစ်ဖက်စဉ်းစားကာ ဘုရားဟော ကျမ်းဂန်တို့နှင့် အဖန်ဖန်လေ့လာကြရသဖြင့် များစွာ အချိန်ယူရပေသည်။

၁၄။ ကြောင်ပန်းတောရဝါဒကို စောဒနာတင်ထုဉ် စောဒကဆရာတော် တို့သည် မူလပိုဒ်မကြီး(၁၀)ပိုဒ်မျှသာ ခေါင်းတပ်ထားသော်လည်း အတွင်းစာ သားတွင် ပိုဒ်ခွဲများစွာ ပါရှိပေသေးသည်၊ (က)(ခ)စသည်ဖြင့် ပိုဒ်ခွဲစောဒနာ ဌပနာစကားပေါင်း (၅၃)ပိုဒ်မျှ ပေါ်ထွက်၍ လာပေသည်။

ယင်း ဌပနာစကားတို့ဉ်လည်း ပထမ ကြောင်ပန်းဆရာတော်ကြီး၏ ကြောင်ပန်းခြောက်စောင်တွဲကျမ်းဒုတိယကြောင်ပန်းဆရာတော်၏ကြောင်ပန်း သုံးစောင်တွဲကျမ်း စသည်တို့မှပါဝင်သလို နောက်ကြောင်ပန်းဆရာတော် အဆက်ဆက် တပည့်အဆက်ဆက်တို့ ရေးသားထုတ်ဝေသည့် ကြောင်ပန်းကျမ်း စာများမှ စကားများလည်း ပါရှိပေသည်။

ဤတွင် စုဗိတကဆရာတော်များက ကြောင်ပန်းစတုတ္ထဆရာတော် ထုတ်ပြန် သည့် စည်းမျဉ်းဥပဒေသကို တင်ပြလျက် အချို့ကျမ်းစာများကို ကြောင်ပန်း တောရက တာဝန်မယူဟုဆိုကာ စောဒနာဌပနာပါ အချို့စကားရပ်များကို သောဓနာမသွင်း ဖြေဆိုရှင်းလင်းခြင်းမပြုပဲ ရှောင်လွဲ၍ သွားခဲ့ပေသည်၊ သို့သော် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်များသည် စောဒနာချက် ရှိနေသည့် အားလျော်စွာ လေ့လာသုံးသပ်ရမည့်တာဝန်ကို မလစ်ဟင်းစေပဲ ယင်းတို့ကိုလည်း ပါဠို အဋ္ဌကထာ ဋီကာတို့နှင့် ညှိနှိုင်း၍ အမှားအမှန်ပေါ်လွင် အောင် လေ့လာသုံးသပ်၍ ထားပေသည်၊ အဆုံးအဖြတ် ပေးထုဉ်ကား အကြောင်းအားလျော်စွာ ဖြစ်စေရပေလိမ့်မည်။

ဓမ္မနှင့် အဓမ္မ

၁၅။ ဖော်ပြပါ ပုဒ်မ ပုဒ်ခွဲ အနဲနဲသော စောဒနာပါ ဌပနာစကားတို့မှာ ပါဠို အဋ္ဌကထာ ဋီကာ မှတ်ကျောက်တို့နှင့် ကောက်ယူမှတ်တင်၍ ဆင်ခြင်သုံး သပ်ကြသောအခါ ပုဒ်မပုဒ်ခွဲ များစွာပင် အမှားဖက်ဉ် ပါဝင်လာသလို အချို့ သော ပုဒ်မပုဒ်ခွဲများစွာမှာ အမှန်ဖက်ဉ် ပါဝင်၍လာနေသည်ကို တွေ့ရပေသည်။

ဤသို့ လေ့လာသုံးသပ်၍ ဆုံးဖြတ်ချက်ချမှတ်ထုဉ် အမှားဟူသော အဓမ္မရှိ သကဲ့သို့ပင် အမှန်ဟူသောဓမ္မလည်း ရှိနေပေလိမ့်မည်၊ဤဉ်အမှား(အဓမ္မ)ဟူ၍ သုံးသပ်ရသလိုပင် အမှန် (ဓမ္မ)ဟူ၍လည်း သုံးသပ်ကြရမည်မှာ ဂတိတရား မလိုက်စားပဲ အမှန်တရားကို ပိုက်ထားရမည့် ဝိနည်းဓိုရ်တို့၏ တာဝန်ဝတ္တရားပင် ဖြစ်ပေသည်၊ ဤတွင် ဓမ္မဟူ၍လည်းကောင်း အဓမ္မဟူ၍လည်းကောင်း ဆိုထုဉ်–

http://www.dhammadownload.com

"နဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။"
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတिं။[၁]

ဟူသော ဂါထာလာ စကားကဲ့သို့ အဓမ္မဟူသည်မှာ ငရဲသို့ပို့ဆောင်ကြောင်းတရား ဓမ္မဟူသည် သုဂတိသို့ပို့ဆောင်ကြောင်းတရား ဟူသော အဓိပ္ပာယ်ကို မဆိုလိုချေ။

ယင်းအယောဓရဇာတ်လာ ဓမ္မ အဓမ္မမှာ သုစရိတဓမ္မနှင့် ဒုစ္စရိတပါပ ဒိဋ္ဌတရားများကို ဆိုပေရာ ဤဝိနိစ္ဆယဆိုင်ရာ ဓမ္မ အဓမ္မနှင့် မသက်ဆိုင်ပေ၊ ဤဥ္စာဆိုလိုသော ဓမ္မ အဓမ္မမှာ မြတ်စွာဘုရား ဟောတော်မူသော ပါဠိတော်နှင့် ယင်း၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာများနှင့် ညီညွတ်မှု မညီညွတ်မှုများပေါ်ဥ္စာ တည်ပေသည်၊ ရှင်းရှင်းဆိုရလျှင် ပါဠို အဋ္ဌကထာ ဋီကာဘို့နှင့် ညီညွတ်လျှင် ဓမ္မဟုဆိုလို၍ မညီညွတ်လျှင် အဓမ္မဟု ဆိုလိုပေသည်။

၁၆။ ဤသို့ဆိုသော် ကြောင်ပန်းတောရဝါဒသည် အမှတ် (၃)နိုင်ငံတော်သီးခြားဝိနည်းဓိုရိန်အဖွဲ့၏ သုံးသပ်ချက်အရ အဓမ္မဝါဒဟုလည်းလုံးလုံးဖြစ်မလာသလို ဓမ္မဝါဒဟုလည်း ပီပီပြင်ပြင်ဖြစ်မလာချေ၊ အဓမ္မနှင့် ဓမ္မ၊ ရောနှောပါဝင်နေသည်ကို တွေ့ရပေလိမ့်မည်။

ဤသို့ဓမ္မ အဓမ္မရောနှောနေဃဖြင့် ဤကြောင်ပန်းဝါဒနှင့် ပတ်သက်၍ မည်သို့ ကျင့်သုံးရပါမည်နည်းဟူသော ပြဿနာတရပ်လည်း ပေါ်ထွက်၍လာနိုင်ပေသည်၊ ယင်းနှင့်ပတ်သက်၍—

"ယထာ ပန သတသဟဿဿုဂ္ဂနိကေ သုဝဏ္ဏထာလေ ဝတ္ထိတဿ သုဘောဇနဿ မတ္ထကေ အာမလကမတ္တေပိ ဂူထပိဏ္ဍေ ဌပိတေ သမ္မံ ဘောဇနံ ဒုဗ္ဗောဇနံ ဟောတိ ဆဒ္ဒေတဗ္ဗံ"[၂]

နိဒါနသံယုတ် အဝိဇ္ဇာပစ္စယသုတ်အဖွင့်စကားအရ တသိန်းတန်ရွှေခွက်၌ ထည့်ထားသော သုဓာဘောဇဉ်ထက်၌ သျှိသျှားသီးပမာဏမျှလောက်သော မစင်တုံးငယ်ကျရောက်သွားလျှင် ခရွှခွက်ရှိ သုဓာဘောဇဉ်အားလုံးကို မသုံးမဆောင် ဖယ်ရှောင်စွန့်ပစ်ရသော ဥပမာကဲ့သို့ ကြောင်ပန်းဝါဒတခုလုံးကို စွန့်ပစ်လိုက်ရမည်လားဟု စဉ်းစားရပေမည်။

ဖော်ပြပါ သံယုတ်အဋ္ဌကထာလာ ဥပမာစကားမှာ ဒိဋ္ဌတရားဆိုင်ရာ အတ္တဝါဒကို အရင်းခံသော နေရာ၌ သုံးသော ဥပမာဖြစ်ပေသည်၊ နိဂဏ္ဌဝါဒကဲ့သို့သော ဝါဒ၌ ကောင်းသော အချက်အလက်များ ပါဝင်သော်လည်း အရင်းခံမှာ အတ္တဒိဋ္ဌိဝါဒ ဖြစ်သဖြင့် အထက်ဥပမာကဲ့သို့ လုံးလုံးစွန့်ပစ်ရမည်သာ ဖြစ်

၁။ ဇာ-၁၊၃၇၇။ ထေရ ၂၇၂။ ၂။ သံ-ဋီ-၂။ဖဝုဂ္ဂ။

http://www.dhammadownload.com

ပေသည်၊ ကြောင်ပန်းတောရ ဝါဒသည် ထိုနိဂဏ္ဌတို့ ဝါဒတို့ကဲ့သို့သော ဝါဒ မျိုးလော။

ကျင့်သုံးဖွယ်ရာ လမ်းညွှန်စာ

၁၇။ ကြောင်ပန်းတောရ ဝါဒသည် ရှေ့ပိုင်းတွင် သုံးသပ်တင်ပြခဲ့သကဲ့သို့ ဆရာကောင်း သမားကောင်းများနှင့် အခြေခံလျက် ကိုယ်တိုင်လည်း နိဂ္ဂမ-ဓာတ်ခံဖြင့် ထက်သန်ပြင်းပြ လုံ့လကြီးစွာ ကောင်းမှန်စွာ အားထုတ်ခဲ့ပြီးလျှင် နှစ်ပေါင်းများစွာ အရည်ဝါသီ လင့်သူမှန် ပုဂ္ဂိုလ်ချန်တပါး ဖြစ်ခဲ့ကြောင်း ထင်ရှားလှသည်။

ဟောပြောရေးသား တရားနည်းပြု၍ ဝါဒကို ထူထောင်ရာ၌ကား ဖော်ပြခဲ့သလိုပင် အရေးမရှင်း လိုရင်းမရောက် အကောက်အယူ ရှုပ်ထွေးလျက် အယူဝါဒရေး လွဲမှားချက်များ ရောယှက်ပါဝင်၍ လာပေသည်။

ဤသည်မှာလည်း ဗုဒ္ဓ၏အနတ္တလမ်းမှန်ကို အရင်းခံခဲ့ရာမှ အမြင်ဉာဏ်တမျိုး ပေါက်၍ အကောက်အယူ လွဲမှားမှု၌ တည်သည်ဟု ဆိုရပေလိမ့်မည်၊ ဝိနည်းတော်၌ အယူအဆ မတူကြသဖြင့် မဟာသုမ မထေရ်ဝါဒနှင့် မဟာပဒုမ မထေရ် ဝါဒတို့ စဉ်းငယ်မတူကြသကဲ့သို့ လည်းကောင်း သာသနာဝင်တွင် အမြင်အယူ မတူညီကာ ဌိကာကျော်နှင့် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ မညီမမျှ ဖြစ်သကဲ့သို့ လည်းကောင်း အဋ္ဌကထာဆရာ တဦးတည်းပင် ဖြစ်လင့်ကစား–

> "ဧဝမေတ္ထ ပန္နရသ ဘဝဒ်ဒ်ဒ်ယော ပဋ္ဌ ဝိဘဝဒ်ဒ်ဒ်ယော ဟောန္တိ။ တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာ"[၁]

ဟူသော အဘိဓမ္မာအဋ္ဌကထာ၌ သက္ကာယဒိဋ္ဌိသည် မဂ္ဂါဝရဏ မင်္ဂဖိုလ်ကိုသာ တားမြစ်သည်၊ သဂ္ဂါဝရဏ- နတ်ရွာသုဂတိကို မတားမြစ်ဟူသော ဝါဒနှင့် —

> ဣဒံ ပန ဝိဓာနံ ပဋိက္ခိပိတ္ထာ ဣမသ္မိံ သုတ္တေ "မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ" တိ ဝစနတော။ပ။ **ကေန္တေ** အပါယေသု ယေဝ နိမုဇ္ဇာ-ပေတိတိ"[၂]

ဟူသော အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ဒိဋ္ဌိဟူသမျှ အပါယ်ကျရသည်ဟူသော ဝါဒမှာ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ တဦးတည်းပင် ဖြစ်သော်လည်း ဘာဏကဆောင် ကွဲလွဲ၍ တနံစီ ဖွင့်ဆိုထားရသကဲ့သို့ လည်းကောင်း ဆိုနိုင်ပေသည်။

၁။ အာဒိ ဋ္ဌ၁၊ ၃၈၈။ ၂။ အံ ဋ္ဌ၊ ၁၊၃၆၉။

http://www.dhammadownload.com

သို့သော် ဗုဒ္ဓစာပေအလာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်သဖြင့် အမှားသည် အမှားသာဖြစ်၍ ထိုးစံအတိုင်းပင် အဓမ္မဟူ၍သာ အမည်တပ်ရမည် ဖြစ်သည်မှာ မလွဲမရှောင်သာသော တာဝန်ပင်ဖြစ်သည်၊ ယင်းတာဝန်အရ ဤကြောင်ပန်းဝါဒဒဿလည်း ဗုဒ္ဓစာပေချိန်ခွင်၌ တင်စက်ချိန်ဆ၍ ဓမ္မ အဓမ္မဟူ၍ ပြတ်ပြတ်သားသား ဆုံးဖြတ်ရပေမည်။

ဤ၌ အတ္တဒိဋ္ဌအခြေမခံ အနတ္တလမ်းမှန် ဖြစ်ခဲ့သဖြင့် အထက် နိဒါနသံယုတ် အဋ္ဌကထာ ဥပမာအတိုင်းမယူပဲ ဆန်ဖြူဆန်ကောင်းကို အလိုရှိသူသည် တောင်းအတွင်း၌ စပါးလုံးများနှင့် ရောထွေးနေသည်ကို မြင်လျှင် စပါးလုံးများကို ရှေး၍ ပစ်ဖို့ကဲ့သို့ လည်းကောင်း သားငါး ဖင်းလျှာဖြင့် အရသာခံယူလိုသူသည် အရိုးအရင်းတို့ကို ထုတ်ပစ်ပယ်ရှားသကဲ့သို့ လည်းကောင်း ဤတွင် လည်း အဓမ္မ အမှားအချက်တို့ကို ပယ်ဖျက်စွန့်ပစ်၍ စင်စစ် သန့်စင်သော မြတ်ရှင်ဗုဒ္ဓ၏ သြဝါဒလမ်းကြောင်းကို မစောင်းမကောက် လျှောက်သွားကျင့်သုံးလျက် အမြင့်ဆုံး အမြတ်ဆုံးသော ဝိမုတ္တိချမ်းသာကိုသာ ကောင်းစွာသိုးဆောင် နိုင်ပါစေသတည်း။

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သီးခြား ဝိနည်းဓိရ်အဖွဲ့
အမှတ် (၃)
အမှတ် (၁) စောဒနာ သောဓနာတို့ကို
ဝေဖန်စိစစ်သုံးသပ်ချက်

၁။ တုံး တိုင် စသည့် ဝေါဟာရ သမ္မုတိပညတ်နှင့် ရုပ်အချို့ကို နာမ်ဟု ဟောပြောဓရေးသားသော တုံးနာမ် တိုင်နာမ်ဝါဒဖြစ်ကြောင်း စောဒနာပါဘုရား ဟု စောဒကဆရာတော်များက ကြောင်ပန်းတောရဝါဒအပေါ် စောဒနာလွှာ တင်သွင်းရာ၌–

(က) "ယခုအခါ ဥပမာနှင့်တကွ နာမ်ကိုပြမည် များစွာသတိထား။ သမုဒ္ဒရာ အိုင်, အင်း, တွင်း, ကန်ထွေထွေ ရေရှိသမျှ ခွက်ဖလား မြက် ဖျားဥ၌ရောက် နှင်းပေါက်ရေမှာ နေ လ ရိပ်ထင်မြင်သည့်ပမာ အိမ် ကျောင်း တုံး ဖျာ ဘုံသုံးရွာစသော သတ္တဝါသာမှတ်လေ" ဟူသော (ခြောက်စောင်တွဲနှာ-၂၇၀)စကားကို သာဓကဆောင်၍ ပြကြသည်။

ထိုစကားအရ စောဒကဆရာတော်တို့ ယူဆချက်မှာ သမုဒ္ဒရာ,အိုင် အင်း စသည်၌ ကျရောက်သော နေ, လ,ရိပ်နှင့်ပမာတူသည့် စက္ခုဝိညာဏ် စသည် တွင် ကျရောက် ထင်ပေါ်လာသည့် တုံး, တိုင်, ဖျာ, အိမ်, ကျောင်း စသည် တို့သည် သမ္မုတိပညတ်သာဖြစ်ပါလျက် ကြောင်ပန်းတောရ ဝါဒီတို့က စိတ်နာမ်ဟု ဟောပြောကြကုန်သည်ဟု ဆိုလိုပေသည်။

၂။ ကြောင်ပန်းတောရဝါဒီတို့ကမူ ၎င်းတို့၏ သောဓနာ၌–

"တုံးပညတ်မမှာရုံ တိုင်ပညတ်မမှာရုံတို့နှင့်တွဲ၍ အာရမ္မဏိကဖြစ် သော မနောဝိညာဏ်စိတ် ပေါ်တိုင်း ပေါ်တိုင်း စိတ်ကိုဖမ်း၍ ရှုသည့် အခါမှာ အာရုံအာရမ္မဏိကတွဲ၍ တုံးနာမ်တိုင်နာမ်ဟု နာမပရိညာ ဝိပဿနာ ရှုပွားကြပါသည်" ဟု ဖြေဆို သောဓနာကြပေသည်။

ယင်းတို့၏ဓကားရပ်၌ စောဒကဆရာတော်တို့ ဆိုလိုသကဲ့သို့ စိတ်နာမ် ဟူ၍လည်းကောင်း ပညတ်နာမ်ဟူ၍လည်းကောင်း ဖော်ပြဆိုလိုခြင်း မရှိသည် ကို တွေ့ရသဖြင့် ဤအမှတ် ၁ (က) စောဒနာအရ စုဒိတကတို့အပေါ်၌ အပြစ် ဆောက်သည်ဟု မယူဆနိုင်သေးပေ၊ သို့သော် ခြောက်စောင်တွဲစကားသည်

http://www.dhammadownload.com

ဆိုလိုသော အဓိပ္ပာယ်ကို တိကျပြတ်သားစွာ ရေးသားဖော်ပြထားခြင်းမရှိ၊ စာ ဖတ်သူ၏ အသိဉာဏ်တွင် စိတ်နာမ်လော ပညတ်နာမ်လောဟု တွေးတောယုံ မှားဖွယ်ရှိသောကြောင့် သံသယ ဒေါသသင့်သော ရေးသားမှု ဖြစ်နေ ပေသည်၊ ထို့ပြင် ဝါကျတခုလုံး၏ အနက်အဓိပ္ပာယ်ကို ကောက်ယူမရသော ကြောင့် အပေတတ္ထဒေါသ သင့်သည်ဟုလည်း ဆိုနိုင်ပေသည်။

အမှန်မှာ ထို (၁) (က) စကားနှင့် တဆက်တည်းပြဆိုထားသော ခြောက် စောင်တဲ့ နှာ(၂၃၉)ပါ "သတ္တဝါအစရှိသော အမည်နာမပညတ်နှင့်" ဟူသော စကားကို ဖတ်ရှုမိပါက ပညတ်နာမ်ကို ရေးထားသည်ဟု ကျမ်းဆရာတို့၏အလို ကို သိရပေလိမ့်မည်။

၃။ **စောဒကပုဂ္ဂိုလ်တို့၏ စောဒနာ (ခ)၌–**

> "ဝိပဿနာနှင့်ဖြင့် မသင့်၊ မသင့်ပုံက စိတ်စေတသိက်ဟူသော နာမ် တရားသည် တုံးဖျာစသည်တို့မှာမရှိ၊ သူငါစသော သတ္တဝါမှာသာစိတ် စေတသိက်စသော နာမ်တရား ရှိသည်ဟု ထင်လွဲ စွဲမှားခြင်းသည် ဒိဋ္ဌိ စေတသိက်ဟူ၍သာမှတ်ပါ၊ အထူးသတိထား"–

ဟူသော ကြောင်ပန်းဝိပဿနာခြောက်စောင်တွဲ နှာ.၃၂၇-စကားကို တင်ပြ၍ ထိုစကားရပ်တို့အရ တုံးဖျာစသည်တို့မှာ နာမ်တရားမရှိဟု ယူဆလျှင် ဒိဋ္ဌိစေတ သိက်ဖြစ်သည်၊ ဝါ၊ မိစ္ဆာဒိဋ္ဌိဖြစ်သည်၊ ထို့ကြောင့် တုံးဖျာတို့၌ နာမ်တရားရှိ သည်ဟု ယူဆဟောပြောကြသည်ဟု ဆိုလိုပေ၏။

ခြောက်စောင်တွဲလာ စကားရပ်ကို နှက်နဲစွာစဉ်းစားလျှင် စိတ် စေတသိက် ဟူသော နာမ်တရားသည် တုံးဖျာစသည်တို့မှာသာ မရှိသည်မဟုတ်၊ သူငါစသော သတ္တဝါပညတ်မှာလည်း စိတ်စေတသိက်ဟူသော နာမ်တရား မရှိဟု အဓိပ္ပာယ် ရောက်၍ အကယ်၍သာ တုံးဖျာစသောပညတ် သတ္တဝါဟူသောပညတ်မှာ စိတ် စေတသိက်ဟူသော နာမ်တရားရှိသည်ဟု စွဲယူခဲ့ပါလျှင် ဒိဋ္ဌိစေတသိက်ဖြစ် သည်ဟု ဆိုလိုသည်၊ ဤကဲ့သို့သော ပိဏ္ဍတ္ထကောက်ယူရန်ရှိသည်။

ထိုပိဏ္ဍတ္ထစကားကို စဉ်းစားသော် ပညတ်တရားဟူသမျှတို့တွင် တဇ္ဇာပညတ် ခေါ်သော ပထဝီ တေဇော စသည် ကြမ်းတမ်းသည့်အဖြစ် ပူသည်၏ အဖြစ် စသည် ပရမတ္ထသဘာဝအားလျော်သည့် ပညတ်မျိုးမှတပါး မည်သည့်ပညတ် တရားမျှ ထင်ရှား မရှိသဖြင့် ဤစောဒနာ (ခ)၌လည်း စုဒိတကတို့အပေါ်၌ အပြစ်ကျရောက်သည်ဟု မယူဆနိုင်ပေ။

http://www.dhammadownload.com

၄။ စောဒနာ(ဂ)၌–

"ဒီနေ့ဟုမှာ ရွှေပ်နာမ်နှစ်ပါး ခွဲပြရမယ်ဆိုယင် အဆင်းကရွှေပ် တုံးကနာမ်၊ အသံကရွှေပ် တုံးကနာမ်" စသည်နှင့်–

စောဒနာ(ဃ)၌–

နေ့ ကြက်၊ ရေနံဆီ၊ ထန်းလျက်၊ ဦးခေါင်း၊ အရွှေ အနောက်စသည်တို့ကို နာမ်ဟူ၍လည်းကောင်း စိတ်ဟူ၍လည်းကောင်း ဝိညာဏက္ခန္ဓာဟူ၍လည်းကောင်း ဖော်ပြချက်များကို ကြောင်ပန်း ၃-စောင်တဲ့ကျမ်း ဝိပဿနာအလင်းရောင်ကျမ်းတို့မှ အကျယ်တဝင့် ကောက်နုတ်တင်ပြ စောဒနာထားပေသည်၊ ထိုသခ်ေပစောဒနာကိုပင် ဝိတ္ထာရဖွင့်ဆို စောဒနာဏ္ဍ တုံး တိုင် နေ ကြက် စသည်တို့သည် လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ပညတ်သမုတ်အပ်သော အမည်နာမ ပညတ်မျှသာ ဖြစ်ပါသည်၊ နာမ်တရား မဟုတ် ဟူ၍ ပါဠိတော် အကိုးအကား ပြ၍ စောဒနာကြသည်။

ယင်း စောဒနာချက်ကိုပင် စုဒိတကတို့က ပြန်လည်ချေပ သောဓနာကြ ရာ၌ "တုံး တိုင် ဖျာ အိမ် ကျောင်း ဘုံသုံးရွာ လူနတ်စသော ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်အမျိုးမျိုးတို့မှာ မနောဝိညာဏ်စိတ်ထဲမှာသာ ထင်ထင်ရှားရှား ရှိနေကြပါသည် ပညတ်သက်သက်မှာ အဝိဇ္ဇမာနဖြစ်၍ ထင်ထင်ရှားရှား မရှိပါ" ဟု ပညတ်များသာဖြစ်ကြောင်း ဆိုကြကုန်၏၊

၅။ ဆိုခဲ့ပြီးသော တုံးစသော နာမပညတ်များကို နာမ် စိတ် ဝိညာဏက္ခန္ဓာဟူ၍ ဆိုခြင်းသည် အဘိဓမ္မာပါဠိတော်ကြီးများနှင့် မညီညွတ်ကြောင်း စောဒနာဆရာတော်များ သိရှိသကဲ့သို့ ကြောင်ပန်းတောရဝါဒီ စုဒိတကဆရာတော်များကလည်း သိရှိကြသည်ဟု ဆိုရပေမည်၊ သို့သော် ကြောင်ပန်းဆိုင်ရာ ပုဂ္ဂိုလ်များသည် တုံးစသော နာမပညတ်များကို နာမ် စိတ် ဝိညာဏက္ခန္ဓာဟူ၍ ရဲရဲဝံ့ဝံ့ သုံးနှုန်းရေးသား ဟောကြေးနေသည်ကား အထင်အရှားပင်ဖြစ်နေသည်ကို တွေ့ရသည်။

ထိုအချက်ကို ထင်ထင်ရှားရှား သိသာနိုင်ရန် တုံးနာမ် တိုင်နာမ်ဟူသော စကားကို အများသိရှိစေရန်အတွက် ဖွင့်ဆိုရေးသားသည့် ကြောင်ပန်းတံခွန် ခေါ် တုံးနာမ် တိုင်နာမ် ဋီကာကျမ်း၏ ရေးသားချက်တို့ကို ကြည့်ရှုသင့်ပေသည်။

၆။ "အဲဒါကြောင့် အခုပရိသတ်များ ကြောင်ကြောင်ကြီး ထင်မြင်နေရတဲ့ လူတွေ လူတွေ ခေါင်းတွေ လက်ခြေတွေ တုံးတိုင်တွေဆိုတာများဟာ တံလှပ်ကို

http://www.dhammadownload.com

ရေထင်မှားနေကြသော သမင်များနဲ့တူတဲ့ ဝိညာဏ်နာမ်များ သညာနာမ်များ တရားမျှားပါပဲ၊ ဟိုမှာဒီမှာ လူ့ခေါင်း လက် ခြေ တုံး တိုင်တွေဆိုတာ ဘိတ်ဘိတ် မရှိပါဘူး၊ ကဲ ကဲ မျက်စိမှိတ်ပြီး စဉ်းစားကြည့်ကြစမ်း၊ မျက်စိမှိတ် စဉ်းစားကြည့်တော့ ခင်ဗျားတို့ရဲ့ စိတ်မနောထဲမှာ လူလူ ခေါင်းခေါင်း စသည် ပေါ်နေတယ် မဟုတ်လား၊ အဲဒီစိတ် မြင်မြင်နေရတဲ့လူဟာ ဟိုမှာတခြားရှိတာလား စိတ်ထဲတွင်သာ ထင်ကာမျှ မြင်ကာမျှဘဲလားလို့ စဉ်းစားပါလျှင် အဲဒီလူဆိုတာဟာ ပရိသတ်များရဲ့ စိတ်မနော့ထဲမှသာ စိတ်တွင် စိတ်ထင် စိတ်မြင် စိတ်ကူး စိတ်ရူးဆိုတဲ့ နာမ်တရားမျှပါပဲ၊ ဒီတော့ လူလူ နာမ်ပရမတ်ပေါ်နေတာ ခေါင်းခေါင်း နာမ်ပရမတ်ပေါ်နေတာ လက်လက် နာမ်ပရမတ် ပေါ်နေတာ ခြေခြေ နာမ်ပရမတ်ပေါ်နေတာ တုံးတုံး နာမ်ပရမတ်ပေါ်နေတာ တိုင်တိုင် နာမ်ပရမတ်ပေါ်နေတာမျှပါ၊ ဒါကြောင့် လူနိမိတ် လက်နိမိတ်စသော အရိပ်နိမိတ်တို့ သည်းဆိတ်သွားအောင် နာမ်ကြောင်ကြောင်မျှ နာမ်အသားကျကို ကြည့်ပြီး လူနာမ် ခေါင်းနာမ် လက်နာမ် ခြေနာမ် တုံးနာမ် တိုင်နာမ်လို့ ဟောတာလို့ နာမဗဟိဒ္ဓါဉာဏ်နှင့် နာမ်ပိုင်အောင် ပွားရှုရမယ်"[၁]

ဤသို့ လူဦးခေါင်း လက်ခြေ တုံးတိုင်တို့ကို နာမ်ဟု ရှုင်းရှုင်းလင်းလင်း ရဲရဲဝံ့ဝံ့ပင် ဟောပြောရေးသားနေကြသည်၊ နာမ်ဟုဆိုသဖြင့် စိတ်ဝိညာဏ် ဝိညာဏက္ခန္ဓာဟုဆိုနေကြခြင်းပင်ဖြစ်သည်၊ အကြောင်းပြု ရှင်းလင်းချက်တို့ဖြင့် မည်သို့ပင် ဆိုစေကာမူ လူဦးခေါင်း လက်ခြေစသည် ခေါ်ဝေါ်ပညတ်အပ်သမျှ ပညတ်တရားမျှသာဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

၇။ ဓမ္မသင်္ဂဏီပါဠိတော်၌ သခ်ါ-ကောင်းစွာပြောဆိုအပ်သောအမည်၊ သမ-ညာ-ကောင်းစွာသိအပ်သောအမည်၊ ပညတ္တိ-သိစေအပ်သောအမည်၊ဝေါဟာရ-ခေါ်ဝေါ်အပ်သောအမည်၊ နာမ-မောင်ဖြူ မည်စသည် နာမည် နာမဟူသော အမည်၊နာမကမ္မ-မှည့်ခေါ်အပ်သမျှသော အမည်၊ နာမဓေယျ-ထားရှိအပ်သော အမည်၊ နိရုတ္တိ-ထုတ်၍ဆိုအပ်သောအမည်၊ ဗျဥ္ဇန-ပြတတ်သောအမည်၊ အဘိ-လာပ-ပြောပြအပ်သောအမည် ဤအားလုံးသည် ပညတ်များဖြစ်ကြောင်း—

> "ကတမေ ဓမ္မာ ပညတ္တိ။ ယာ တေသံ တေသံ ဓမ္မာနံ သခ်ါသမညာ ပညတ္တိ ဝေါဟာရော နာမံ နာမကမ္မံ နာမဓေယ္ယံ နိရုတ္တိ ဗျဥ္ဇနံ အဘိလာပေါ။ ဣမေ ဓမ္မာ ပညတ္တိ"[၂]—

ဟူ၍ ဟောတော်မူထားပေသည်။ အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း အထက်ဖော်ပြပါအတိုင်း ဖွင့်ဆိုခဲ့ပေသည်။

၁။ ကြောင်ပန်း တံခွန်ခေါ် တုံးနာမ် တိုင်နာမ် ဋီကာ နှာ ၁၅၄။
၂။ အဘိ ၁၊၂၅၆။

http://www.dhammadownload.com

၈။ မူလဋ္ဌိကာဒ္ဓိလည်း–

ယသ္မာ ပန ယေသု ရူပါဒီသု စက္ခာဒီသု စ တထာ တထာ ပဝတ္တ-
မာနေသု "သတ္တော ဣတ္ထို ရထော ဃရော"တိအာဒိကာ ဝိစိတ္တသညာ
ဥပ္ပဇ္ဇတိ၊ သညာနုလောမာနိ စ အဓိဝစနာနိ၊ တေဟိ ရူပစက္ခာဒီဟိ
အညော သတ္တရထာဒိသညာဝလမ္ဗိတော ဝေနတ္ထော ဝိဇ္ဇမာနော နော
ဟောတိ၊ တသ္မာ သတ္တရထာဒိအဘိလာပါ "အဝိဇ္ဇမာန ပညတ္တိ" တိ
ဝုစ္စန္တိ[၁] ဟု ဖွင့်ဆိုပေသည်။

ဆိုလိုသည်မှာ ရူပါရုံစသည်တို့နှင့် စက္ခုပသာဒစသည်တို့ အကြောင်းတိုက်
ဆိုင်မိသောအားဖြင့် သတ္တဝါ မိန်းမ ရထား အိုးစသည့် ဆန်းကြယ်သော
အမှတ်သညာတို့ ဖြစ်ပေါ်လာပြီး ယင်းအမှတ်သညာ အားလျော်သော အမည်
နာမသဒ္ဒါတို့ ဖြစ်ပေါ်လာကြရကုန်၏၊ သို့သော် ရူပါရုံစသည့် စက္ခုပသာဒ
စသည်တို့မှတပါး သတ္တဝါ မိန်းမ ရထား အိုးစသည်တို့ ဆဲကိုင်မှီတွယ်စရာ သဒ္ဒါ
၏အနက်ဖြစ်မှာ ထင်ရှားရှိသည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် သတ္တဝါ မိန်းမ
ရထား အိုးစသည်တို့မှာ အဝိဇ္ဇမာနပညတ်-ထင်ရှားမရှိသော ပညတ်မျှသာ
ဖြစ်သောကြောင့်ပင်။

သို့သော်–

နစတေ "မုသာတိ" ဝုစ္စန္တိ လောကသမညာဝသေန ပဝတ္တတ္တာ။
တတော ဧဝ တေအဘိလာပါ "သမ္မုတိသစ္စ"န္တိ ဝုစ္စန္တိ။

ဟူသော မူလဋ္ဌိကာစကားအရပင် ထိုသတ္တဝါစသော သဒ္ဒါတို့ကို လွဲမှားသည်
ဟူ၍ကား မဆိုရပေ၊ အကြောင်းမှာ လောကအမှတ်အသား၏ အစွမ်းအားဖြင့်
ဖြစ်သဖြင့် သမ္မုတိသစ္စာဟု ခေါ်ဆိုရသည်၊ လောကဝေါဟာရအနေဖြင့် မှန်ကန်
သည်ဟုပင် ဆိုကြရပေသည်။

ထိုမှတပါးလည်း—

တေဟိ ရူပစက္ခာဒီဟိ အညော သတ္တရထာဒိသညာဝလမ္ဗိတော
ဝေနတ္ထော ဝိဇ္ဇမာနော နော ဟောတိ။

ဟူသော မူလဋ္ဌိကာစကားဖြင့် ရူပါရုံ စက္ခုပသာဒစသည်ကိုစွဲ၍ သတ္တဝါရထား
စသော ဥပါဒါပညတ်များ ပေါ်လာသည်၊ ထိုပညတ်ကို သညာ,စိတ်,ဒိဋ္ဌိတို့က
အာရုံပြုသည် ထိုဥပါဒါပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇ-

---

၁။ မူလဋ္ဌိ ၁၊၁၈၀။

http://www.dhammadownload.com

မာနုပညတ် ဖြစ်သောကြောင့် ယင်းတို့ကို ဟောနိုင်သည့် သတ္တ ရထ စသော ပါဠိစကားသံ သတ္တဝါ ရထားစသော မြန်မာစကားသံမျှားသည်လည်း အဝိဇ္ဇ-မာနုပညတ်ပင် မည်လေတော့သည်။

ဘာမျှမရှိသော ထိုသတ္တုပညတ်ကို သတ္တဝါသည်နာမ် နာမ်သည် သတ္တဝါဟု တခုတည်းပြု၍ မဆိုနိုင် မဆိုရ မဆိုသင့်ပေ၊ သတ္တဝါကို ဝိညာဏက္ခန္ဓာလည်း မဖွဲ့ရ နာမ်ဟူ၍လည်းကောင်း စိတ်ဟူ၍လည်းကောင်း မဆို၊ အာရုံတခြား အာရမ္မဏိကတခြား အနေဖြင့် ခွဲခြား၍ မှတ်သားထားရမည်သာ ဖြစ်သည်။

ဖော်ပြပါ မူလဋ္ဌိကာ၏ ဖွင့်ဆိုချက်တို့သည် မြတ်စွာဘုရား၏ အဘိမ္မာပါဠိတော်၏ အနှစ်သဘောတို့ကို မူတည်ဖွင့်ဆိုထားသည်ဖြစ်၍ ခိုင်ခံ့လှပေသည်၊ ဤနေရာ၌ စုဒိတကတို့က တုံးနာမ် တိုင်နာမ်သဘောကို ရှင်းလင်းရန်အတွက် နိဒါန၀ဂ္ဂသံယုတ်ပါဠိတော်ကြီးမျှားကို ကျယ်ကျယ်ဝန်းဝန်း ကိုးကားဖော်ပြထားသော်လည်း အထောက်အကူအဖြစ်သို့ မရောက်ခဲ့ပေ။

ထို့ပြင်လည်း စုဒိတကတို့က ရာဟုလော၀ါဒသုတ်စသည်တို့ကို ကိုးကား၍–

> "တိုင်ဟူ၍ ခေါ်ဆိုမှုတခုသည် စိတ်ထဲတွင် အထင်ကြီးထင်၍ အဆင်းရှုပါရုံတွေကို စိတ်ကရှည်ရှည်လုံးလုံး တိုင်ဟုကြံစည်ပြီးမှ တိုင်ဟု ခေါ်ဆိုမှုတခု နှုတ်ဖျားပါးစပ်ဝတွင် ဖြစ်ပေါ်လာတာယ်၊ ဒါကြောင့် တိုင်ဟု ကြံစည်တိုင်းကြံစည်တိုင်း ခေါ်ဝေါ်ပြောဆိုမှု ဖြစ်တိုင်းဖြစ်တိုင်း သူတပါးပြောဆိုသော အသံကိုကြားရ၍ တိုင်တိုင်ဟု ကြံသိမှုပေါ်တိုင်းပေါ်တိုင်း ဝိညာဏက္ခန္ဓာ နာမ်တရားဟု ဆင်ခြင်ရမည် နှလုံးသွင်းရမည်"–

ဟု သောခနာလ္ဘာတွင် ရေးသားတင်သွင်းကြကုန်၏၊ ရာဟုလော၀ါဒသုတ်လာ ဓာတ်လေးပါးကို အနတ္တရှုရမည်ဟူသော အနှစ်သာရနှင့် မသက်ဆိုင်သဖြင့် ကိုးကားရာလည်း မရောက်ပေ၊ အထက်ပါ အဘိဓမ္မာ သဘောတရားနှင့်လည်း ကွာဝေးလျက်သာ ရှိချေသည်။

၉။ အမှန်အားဖြင့် သတ္တဝါ ယောကျ်ား မိန်းမ တုံးတိုင်စသည်တို့မှာ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနုပညတ်များသာ ဖြစ်ကြ၏၊ ယင်းတို့ကို ပင် ရှိသကဲ့သို့ ကြံဆ၍ စိတ်ကအာရုံပြုရလေသည်။

ထို့ကြောင့် လယ်တီဋီကာခေါ် ပရမတ္ထဒီပနီတွင်—

> "ယော ပန အတ္တနော လက္ခဏော ဝိဇ္ဇမာနော ယော၀ နု ဟောတိ၊ ဝိဇ္ဇမာနဿ ပန အတ္ထဿ နာနာပ၀တ္တိအာကာရေ ဥပါဒါယ စိတ္တေန

http://www.dhammadownload.com

ပရိကပ္ပေတ္ဝာ သဝိဂ္ဂဟံကတ္ဝာ ဂဟိတော စိတ္တမယော စိတ္တနိမ္မိတော ဟုတ္ဝာ စိတ္တေဧေ ဥပလဗ္ဘမာနော ဟောတိ၊ သော သဗ္ဗာပုဂ္ဂလာဒိကော အတ္ထော ပရိကပ္ပသိဒ္ဓေါနာမ[1]။

ပန၊ သဘာဝသိဒ္ဓိတရူးမှတပါး ပရိကပ္ပသိဒ္ဓသဘောတရူးကို ဆိုဦးအုံ။ သဗ္ဗာပုဂ္ဂလာဒိကော၊ သတ္တဝါ ပုဂ္ဂိုလ်အစရှိသော။ ယော အတ္ထော၊ အကြင် ပညတ်သဘောတရူးသည်။ အတ္ထနော၊ မိမိ၏။ လက္ခဏေန၊ လက္ခဏာအားဖြင့်။ ဝိဇ္ဇမာနော၊ ပရမတ်ကဲ့သို့ အဟုတ်အမှန် ထင်ရှားရှိနိုင်သည်။ နဟောတိယေဝ၊ မဖြစ်သည်သာတည်း။ ပန၊ စင်စစ်သော်ကား။ ဝိဇ္ဇမာနသာ၊ အဟုတ်အမှန် ထင်ရှားရှိသော။ အတ္ထာသာ၊ ပရမတ်သဘောတရူး၏။ နာနာပဝတ္တိအာကာရေ၊ အထူးထူးသောဖြစ်ခြင်း အမူအရာတို့ကို။ ဥပါဒါယ၊ ထောက်ဆစ်မှု အကြောင်း ပြု၍။ စိတ္တေန၊ မနောစိညာဏ်စိတ်ဖြင့်။ ပရိကပ္ပေတ္ဝာ၊ မဟုတ်မမှန် လုပ်ကြံဖန်၍။ သဝိဂ္ဂဟံ၊ ကိုယ်ထည်ဖြစ်မဟုတ် မရှိပါပဲလျက် ကိုယ်ထည်ဖြစ်ဟုတ်သလို ရှိသလို။ ကတ္ဝာ၊ မမှန်မဟုတ်ကြံဖန်လုပ်၍။ ဂဟိတော၊ ယူအပ်သည်။ စိတ္တမယော၊ စိတ်ဖြင့်ပြီးသည်။ စိတ္တနိမ္မိတော၊ စိတ်လည်လှည့်ပတ်လိမ်ပြ ဖန်ဆင်းအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ စိတ္တေဧေ၊ စိတ်၌သာလျှင်။ ဥပလဗ္ဘမာနော၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗာပုဂ္ဂလာဒိကော၊ သတ္တဝါပုဂ္ဂိုလ် အစရှိသော။ သော-အတ္ထော၊ ထိုပညတ်သဘောတရူးသည်။ ပရိကပ္ပသိဒ္ဓေါနာမ၊ လုပ်ကြံဖန်တီး၍ ပြီးစီးရသော ပရိကပ္ပသိဒ္ဓတရူးမည်၏။

ဤလယ်တီဋီကာ၌ "စိတ္တေဧေ ဥပလဗ္ဘမာနော ဟောတိ" ဟူသောစကား၏ အဓိပ္ပာယ်မှာ စိတ္တသညာဒီဒ်ိတို့က အာရမ္မဏိကတရူး တုံးပညတ် တိုင်ပညတ်-စသည်တို့က အာရုံတရူးဟုဆိုလိုသည်။

၁၀။ တုံးပညတ်သည် အာရုံ နာမ်တရူးသည် အာရမ္မဏိကဖြစ်သော သဘောမှာ စာလာပေလာ ဒေသနာနည်းအရပင် ဖြစ်စေ၊ ဝိပဿနာရှုရာ ဘာဝနာနည်းအရပင် ဖြစ်စေ အာရုံ အာရမ္မဏိက ကွဲပြားရမည်သာ ဖြစ်ပေသည်၊ သို့သော် တုံးနာမ် တိုင်နာမ် ဌိကာကမူ "နမနလက္ခဏာဖြစ်သော တုံးသည်ပင် နာမ်တရူးတည်း၊ နမနလက္ခဏာဖြစ်သော တိုင်သည်ပင် နာမ်တရူးတည်း" ဟု တုံးနှင့် နာမ် တိုင်နှင့်နာမ်ကို တခုတည်းပြု၍ ရေးသား ထားလေသည်။

"ဝိပဿနာဉာဏ် အလုပ် ပဓာန အချုပ်ကြီးဖြစ်သော ပရိညာရှုနည်းမှာ တုံးသည် နမနလက္ခဏာ တိုင်သည် နမနလက္ခဏာ၊ ထိုနမနလက္ခဏာဖြစ်သော တုံးသည်ပင် နာမ်တရူးထည်း၊ နမနလက္ခဏာဖြစ်သော

၁။ ပရမတ္ထဒီပနီ၊ နှာ-၁၈-၄ ဋ္ဌာသယ။

http://www.dhammadownload.com

တိုင်သည်ပင် နာမ်တရားတည်း၊ တုံးနာမ် တိုင်နာမ် တုံးနာမ် တိုင်နာမ် ဟူ၍သာ နာမ်သက်သက်မျှကို ပြောင်ပြောင်စင်စင် ကြောင်ကြောင် ကြီးမြင်အောင် ပွားရှုရသည်"[၁]။

စာလာပေလာ ဒေသနာနည်းအရပင် ဖြစ်စေ၊ ဝိပဿနာရှုရာ ဘာဝနာနည်းအရပင် ဖြစ်စေ စိတ်သည် အာရုံနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အာရုံကိုပင်ဖြစ်စေ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အာရုံကိုပင် ဖြစ်စေ စိတ်နာမ်ကသာ အာရုံပြုရမည် ဖြစ်ကြောင်းကို ကျမ်းဆရာတို့ မိန့်တော်မူကြသည်။

"ယဒိ ပုဂ္ဂလော နု ဝိဇ္ဇတိ၊ ကထံ ပုဂ္ဂလဂ္ဂဟဏဿ သာရမ္မဏစာ သိယာတိ?၊ အဝိဇ္ဇမာနဿပိ အာရမ္မဏဿ ဂဟဏတော။ အဝိဇ္ဇမာနမ္ပိ ဟိ ပရိကပ္ပိတံ လောကသညာတံ ဝါ၊ ဝိဇ္ဇမာနံ ဝါ သဘာဝဘူတံ အာရမ္မဏံ ဂဟေတ္ဘာဝ ဥပ္ပဇ္ဇနတော သာရမ္မဏတာ ဝုတ္တာ။ သာရမ္မဏာတိ ဟိ ဝစနံ စိတ္တ စေတသိကာနံ အာရမ္မဏေန ဝိနာ အပ္ပဝတ္တိညေဝ ဒီပေတိ၊ န တေဟိ ဂဟိတဿ အာရမ္မဏဿ ဝိဇ္ဇမာနတံ အဝိဇ္ဇမာနတံ ဝါတိ။[၂]

ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယဒိ နု ဝိဇ္ဇတိ၊ အကယ်၍ မရှိသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ပုဂ္ဂိုလ်မရှိသည်ရှိသော်။ ကထံ၊ အဘယ်သို့လျှင်။ ပုဂ္ဂလဂ္ဂဟဏဿ၊ ပုဂ္ဂိုလ်ဟု ယူကြောင်း စိတ်၏။ သာရမ္မဏတာ၊ အာရုံရှိသည်၏ အဖြစ်သည်။ သိယာ၊ ဖြစ်နိုင်ပါအံ့နည်း။ ဣတိ၊ ဤကား စောဒနာခြင်းတည်း။ အဝိဇ္ဇမာနဿပိ၊ ထင်ရှားမရှိသည်လည်းဖြစ်သော။ အာရမ္မဏဿ၊ အာရုံကို။ ဂဟဏတော၊ ယူနိုင်ခြင်းကြောင့်။ သာရမ္မဏတာ၊ အာရုံရှိသည်၏ အဖြစ်သည်။ သိယာ၊ ဖြစ်နိုင်ရာ၏။ ဟိ၊ မှန်၏။ အဝိဇ္ဇမာနမ္ပိ၊ ထင်ရှားမရှိသည်လည်း ဖြစ်သော။ ပရိကပ္ပိတံ၊ ကြံဆအပ်သော။ အာရမ္မဏံ ဝါ၊ အာရုံကိုသော် လည်းကောင်း။ လောကသညာတံ၊ လောကသည် အသိအမှတ်ပြုအပ်သော။ အာရမ္မဏံ ဝါ၊ အာရုံကိုသော် လည်းကောင်း။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ သဘာဝဘူတံ၊ သဘောဖြစ်၍ ဖြစ်သော။ အာရမ္မဏံ ဝါ၊ အာရုံကိုသော်လည်းကောင်း။ ဂဟေတ္ဘာဝ၊ ယူ၍သာလျှင်။ ဥပ္ပဇ္ဇနတော၊ ဖြစ်နိုင်ခြင်းကြောင့်။ သာရမ္မဏတာ၊ အာရုံရှိသည်၏အဖြစ်ကို။ ဝုတ္တာ၊ မိန့်ဆိုအပ်ပြီ။ ဟိ၊ မှန်၏။ သာရမ္မဏာတိ-ဝစနံ၊ သာရမ္မဏဟူသော သဒ္ဒါသည်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ အာရမ္မဏေန၊ အာရုံနှင့်။ ဝိနာ၊ ကင်း၍။ အပ္ပဝတ္တိညေဝ၊ မဖြစ်နိုင်ခြင်းကို

၁။ တုံးနာမ် တိုင်နာမ် ဋီကာ ၃၄၈။ ၂။ မူလဋီ ၁၊၁၈၁။

http://www.dhammadownload.com

သာလျှင်။ ဒီပေတိ၊ ပြ၏။ တေဟိ၊ ထိုစိတ်စေတသိက်တို့သည်။ ဂဟိတဿ၊ ယူအပ်သော။ အာရမ္မဏဿ၊ အာရုံ၏။ ဝိဇ္ဇမာနတံ ဝါ၊ ထင်ရှားရှိသည်၏ အဖြစ်ကို လည်းကောင်း။ အဝိဇ္ဇမာနတံ ဝါ၊ ထင်ရှားမရှိသည်၏ အဖြစ်ကို လည်းကောင်း။ န ဒီပေတိ၊ မပြ။ ဣတိ၊ ဤကား အပြီးတည်း။

ဤစကားရပ်တို့ဖြင့် ထင်ရှားရှိသော ပရမတ္ထ အာရုံကိုပင်ဖြစ်စေ ထင်ရှားမရှိသော ပညတ်အာရုံကိုပင် ဖြစ်စေ စိတ်က အာရုံပြုသည်မှာ ထင်ရှားလှ၏၊ အာရုံနှင့် အာရမ္မဏိကကို တခုတည်းအဖြစ် မယူရသည်မှာလည်း အလွန်ပင် သိသာလှပေသည်။

၁၁။ သမထကမ္မဋ္ဌာန်းတခုခုကို အားထုတ်ရာ၌ ရှေးဦးစွာ ပရိကမ္မနိမိတ် ခေါ် ကသိုဏ်းဝန်းကို တစိမ့်စိမ့်မြဲကြည့်ရှုရ၍ အားထုတ်ရ၏၊ အားထုတ်ဖန် မျှားလာလျှင် ပရိကမ္မနိမိတ် ကသိုဏ်းဝန်းကြီးသည် ဥဂ္ဂဟနိမိတ်ဖြစ်၍ ထင်လာ၏၊ ထိုအခါ မူလပရိကမ္မနိမိတ် ကသိုဏ်းဝန်းကို မရှုမကြည့်တော့ပဲ စိတ်ထဲ၌ စွဲမြဲထင်မြင်နေသော ဥဂ္ဂဟနိမိတ်ကို အဖန်တလဲလဲ ရှုဆင်ခြင်သောအခါ မူလ-ဥဂ္ဂဟနိမိတ်ထက် အဆပေါင်းများစွာ သိမ်မွေ့သော ပဋိဘာဂနိမိတ်သည် ထင်မြင်၍ လာလေ၏ ထိုပဋိဘာဂနိမိတ်သည် အမှန်အားဖြင့် အဆင်းသဏ္ဌာန် အလုံးအခဲဟူ၍ ရှိသည်မဟုတ်၊ ဥပစာရသမာဓိရသည့် ယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ ထင်သောအခြင်းအရာမျှသာ ဖြစ်ပေသည်။

ကေဝလဥ္စိ သမာဓိလာဘိနော ဥပဋ္ဌာနာကာရမတ္တံ သညဇမေတံ[1]။

ဟိသဒ္ဒံ၊ မှန်၏။ ကေဝလံ၊ သက်သက်။ ဧတံ၊ ဤပဋိဘာဂနိမိတ်သည်။ သမာဓိလာဘိနော၊ ဥပစာရ သမာဓိကိုရသော ယောဂီ၏ သန္တာန်၌။ ဥပဋ္ဌာနာကာရမတ္တံ၊ ထင်သောအခြင်းအရာမျှဖြစ်၍။ သညဇံ၊ ဘာဝနာသညာ သည် ဖြစ်စေအပ်၏။

> ယဒိ နု ပနေတံ ဘာဒိသံ ဝဏ္ဏာဒိဝန္တံ၊ ကထံ စျာနဿ အာရမ္မဏ ဘာဝေါတိ အာဟ "ကေဝလဥ္စိ" တိအာဒိ။ သညဇန္တိ ဘာဝနာ သညာဇနိတံ၊ ဘာဝနာသညာယ သဋ္ဌာတမတ္တံ။ နဟိ အသာ-ဘာဝဿ ကုတောစိ သမုဋ္ဌာနံ အတ္ထိ။ တေနာဟ "ဥပဋ္ဌာနာ ကာရမတ္တ"န္တိ။[2]

ဧတံ၊ ဤပဋိဘာဂနိမိတ်သည်။ ဘာဒိသံ၊ ထိုကဲ့သို့ ရှုအပ်သောသဘောရှိသော။ ဝဏ္ဏာဒိဝန္တံ၊ အဆင်းစသည်ရှိသည်။ ယဒိ ပန နု ဘဝေယျ၊ အကယ်၍

၁။ ဝိသုဒ္ဓိမဂ် ၁၊၁၂၂။ ဝိ ဋ္ဌ ၂၊၂၉။ ၂။ ဝိသုဒ္ဓိ ဋိ ၁၊၁၄၇။ ဆာရတ္ထ ၂၊၂၁၉။

http://www.dhammadownload.com

မဖြစ်ခြားအံ့။ ဧဝံသတိ၊ ဤသို့မဖြစ်သည်ရှိသော်။ ဗျာနသာ၊ ဗျာန်၏။ အာရမ္မဏဘာဝေါ၊ အာရုံ၏အဖြစ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်နိုင်အံ့နည်း။ ဣတိ၊ ဤသို့မေးဖွယ်ရှိသောကြောင့်။ ကေဝလဉ္စိတိ အာဒိ၊ ကေဝလဉ္စိ ဤသို့အစရှိသော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ အာဟ၊ မိန့်ဆို၏။ သညဇန္တိ၊ သညဇံဟူသည်ကား။ ဘာဝနာသညာဇနိတံ၊ ဘာဝနာသညာသည် ဖြစ်စေအပ်သော အာရုံတည်း။ ဘာဝနာသညာဃ၊ ဘာဝနာသညာကြောင့်။ သဒ္ဒတမတ္တံ၊ ဖြစ်သောအာရုံမျှသာတည်း။ ဟိ၊ မှန်၏။ အသဘာဝဿ၊ ပရမတ္ထသဘောမဟုတ်သောတရား၏။ ကုတောစိ၊ တစုံတခုသောအကြောင်းကြောင့်။ သမုဋ္ဌာနံ၊ ဖြစ်ခြင်းသည်၊ နအတ္ထိ၊ မရှိ။ တေန၊ ထို့ကြောင့်။ ဥပဋ္ဌာနာကာရမတ္တန္တိ၊ ဥပဋ္ဌာနာကာရမတ်ဟူ၍။ အာဟ၊ မိန့်ဆို၏။

ဤ၌ ပဋိဘာဂနိမိတ်ဟူသောသညဇပညတ်ကို ဗျာန်စိတ်က အာရုံပြုသည်၊ ပဋိဘာဂနိမိတ် သညဇပညတ်ကအာရုံ၊ ဗျာန်စိတ်က အာရမ္မဏိက၊ သညဇပဋိဘာဂ နိမိတ်သည်ပင် ဗျာန် (နာမ်)မဟုတ်၊ ဗျာန် (နာမ်)သည်ပင် သညာဇပဋိဘာဂ နိမိတ်ပညတ်မဟုတ်၊ ဗျာန်ကပညတ်ကို အာရုံပြုသည်ဟု ခဲခြားပြဆိုလိုခြင်းဖြစ်သည်၊ ဤအဋ္ဌကထာ ဋီကာစကားများအရ နာမ်ကသာတုံးစသော ပညတ်ကို အာရုံပြုကြောင်း ထင်ရှားသည်၊ တနည်းအားဖြင့် နာမ်ကတခြား တုံးက တခြားသာဖြစ်သည်၊ တုံးနာမ် တိုင်နာမ်ဟူ၍ မရှိနိုင်။

၁၂။ ဤအကြောင်းကိုလည်းကြောင်ပန်းတံခွန်ခေါ် တုံးနာမ်တိုင်နာမ်ဋီကာ၌ အောက်ပါအတိုင်း ဝန်ခံထားသည်ကို တွေ့ရသည်။

> ထိုသို့ဖြစ်ခဲ့သော် ထိုတုံးနာမ် တိုင်နာမ်သည် အာရုံနှင့်ကင်း၍ပေါ်လာသလော၊ သို့တည်းမဟုတ် မိမိကိုပင် မိမိပြန်၍ အာရုံပြုသလော၊ တုံးနာမ် တိုင်နာမ်တို့၏အာရုံသည် အဘယ်နည်းဟု မေးပြန်ခြားအံ့၊ထို တုံးနာမ် တိုင်နာမ်တရားသည် အာရုံနှင့်ကင်း၍လည်း ပေါ်လာသည်မဟုတ် တုံးဟူသော နာမနလက္ခဏာ တိုင်ဟူသော နာမနလက္ခဏာတည်းဟူသော မိမိကိုလည်း မိမိပြန်အာရုံပြုသည် မဟုတ်ပါ။[၁]

စင်စစ်ကား ပြဆိုခဲ့ပြီးသော ရူပံ ဥပါဒါယ၊ ရူပံအတ္တာတော စသော ပါဠိတော်ကြီးများ၊ တံတံဘူတဝိပရိဏာမာကာရမုပါဒါယ စသောအဋ္ဌကထာကြီးငယ်များအတိုင်းပင် အဟုတ်ရှိ အမှန်ရှိသော ပရမတ်အာရုံများကို အစဲပြု၍တုံးနာမ်တိုင်နာမ်များ ပေါ်လာသည်၊ ထိုပရမတ်အာရုံများ အပေါ်ကိုပင် ပရမတ်သဘောသို့ ဆိုက်ထိအောင် အာရုံမယူ အာရုံမပြုပဲ တုံးဟု တိုင်ဟု အာရုံပြုများနေကာမျှ အမြင်များနေကာမျှ ဖြစ်သည်။[၂]

၁။ တုံးနာမ် တိုင်နာမ် ဋီကာ၊ ၄၄၊၄၄၉။

http://www.dhammadownload.com

ဆိုအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာလာ အကြောင်းအချက်အလက်တို့ကို ခြုံငုံသုံးသပ်၍ တိုးစသောပညတ်များကို နာမ် ဝိညာဏကွန္ဓာ စိတ်ဟု သုံးနှုန်းရေးသား ဟောကြားထားသောကြောင်ပန်းဆရာတော်များ၏ ဝါဒသည် ဘုရားဟောပါဠိတော် ဗုဒ္ဓဝါဒအဋ္ဌကထာ ဋီကာများနှင့် ညီညွတ်သော ဝါဒမဟုတ်ဟု အမှတ် (၃) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များက ယူဆတော်မူကြသည်။

အမှတ်(၂)စောဒနာ သောဒနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်

၁။ စောဒကဆရာတော်တို့က အမှတ် ၂-စောဒနာတွင် "ကြောင်ပန်းတောရဝါဒသည် သက္ကာယဒိဋ္ဌိ ရှိလျှင် ဗုဒ္ဓဘာသာမဖြစ် သရဏဂုံမတည်" ဟု ယူဆဟောပြော ရေးသားသော အဓမ္မဝါဒဖြစ်ကြောင်းနှင့် "သူငါကစ သက္ကာယဒိဋ္ဌိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ် စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင်၏ ရန်သူတော့နှင့်သာ တူကြပေသည် များးများကြီး သတိထားကြပါကုန်၊ သတိမူကြပါကုန်" ဟူသော စကားကို သာဓက ဆောင်၍ တင်ပြကြကုန်၏၊ ဤ၌ စောဒကဆရာတော်များက ဗုဒ္ဓဘာသာဟူသော စကားကို ဥပါသကာဟူသော စကားနှင့် အတူထား၍ အကျယ်တဝင့် ကိုးကား တင်ပြကြကုန်၏။

"ဘာသန္တိ တောယာတိဘာသာ" ဒီဋ္ဌိ ဏ္ဍူဝါဒ ရ၏။

"ဗုဒ္ဓဿ ဘာသာ ဗုဒ္ဓဘာသာ" ဤသို့ ဝတ္ထိဿ္ဆာဝိဂြိုဟ်ပြု၍ ဗုဒ္ဓဘာသာ အရ အယူဝါဒကို ကောက်ယူနိုင်သောကြောင့် ဗုဒ္ဓဘာသာဆိုသောစကားနှင့် ဥပါသကဟူသော စကားသည် တူညီပါသည်ဟု ကင်ပြထားသော စောဒကဆရာတော်တို့၏အယူအဆ အတိုင်းပင် ဝိနည်းဓိုရ်ဆရာတော်များကလည်း ယူဆတော်မူကြသည်။

ထို့ကြောင့် "သူငါကစ သက္ကာယဒိဋ္ဌိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်" ဟူသော ခြောက်စောင်တွဲဆရာ၏ ရေးသားချက်သည် သက္ကာယဒိဋ္ဌိပြုတ်လျက် နိယတသရဏဂုံ တည်စေလိုသော ဥက္ကဋ္ဌစကားမျိုးဖြစ်၍ တစိဘ်တဒေသအားဖြင့် မှန်သည်ဟု ဆိုရသော်လည်း ပါဠိစာပေအဆို အားလုံးအတွက် နှံ့စပ်သက်ရောက်သောစကားဟု မဆိုနိုင်ပေ။

အဘယ့်ကြောင့်ဆိုသော် မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ ဗေဖဓိရာဇကုမာရဝတ္ထုလာ ဗောဓိမင်းသားသည် သက္ကာယဒိဋ္ဌိမပြုတ်ပဲ မိခင်ဝမ်း၌ တည်စဉ်ကပင် သရဏဂုံတည်၍ ဗုဒ္ဓဘာသာဖြစ်နှင့်နေသည်ဟူသော စကားကို ထောက်ဆနိုင်

၁။ ခြောက်စောင်တွဲ၊ ဝိပဿနာဒီပနီ၊ ၁၁၂၊ ရတနာဒီပံ မန္တလေး။

http://www.dhammadownload.com

သောကြောင့်ပင်ဖြစ်၏၊ ထိုအကြောင်းကို လယ်တီဆရာတော် ဘုရားကြီးသည် "သရဏာဂုံဝိနိစ္ဆယကျမ်းသစ်" (၄၈)၌ ပါဠိတော်လာအတိုင်း ဤသို့ ရေးသားတော်မူခဲ့ပေသည်။

ထိုစကားမှာ ဤသို့ဖြစ်သည်—

> တရံရောအခါ မြတ်စွာဘုရားသည် သံသုမာဂိရမြို့သို့ ကြွရောက်တော်မူ၏၊ ဗောဓိမင်းသားသည် လုလင်တယောက်(သဋ္ဌိကာပုတ္တ)နှင့် မြတ်စွာဘုရားထံသို့လာ၍ ချမ်းသာသုခမည်သည်ကို ဒုက္ခနှင့်ရင်းမှရနိုင်သည်ဟု လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားသည် ဟုတ်လှ၏၊ မင်းသားဟု မိန့်တော်မူ၍ ဘုရားအဖြစ်ဟူသော သုခကို ရခြင်းငှါ ခြောက်နှစ်ပတ်လုံး ကျင့်ခဲ့သော ဒုက္ကရစရိယာဒုက္ခကို အကျယ်အားဖြင့် ဟောတော်မူ၏၊ ဒေသနာအဆုံး၌ ဗောဓိမင်းသားသည် "အဘိက္ကန္တံ ဘန္တေ အဟော ဗုဒ္ဓေါ" အစရှိသော စကားဖြင့် ဒေသနာတော်ကို ချီးမွမ်း၏၊ သရဏာဂုံမဆောက်တည်။
>
> ထိုအခါ လုလင်က အရှင်မင်းသားသည် ဒီလိုချည်းလုပ်သည် ဒေသနာတော်ကိုသာ ချီးမွမ်းသည် သရဏာဂုံကိုကား ဆောက်တည်သည်ဟူ၍ မရှိဟုဆိုလေ၏၊ ထိုအခါ "လုလင် ငါကား သရဏာဂုံဆောက်တည်ဖွယ်ကိစ္စမရှိ မယ်တော်၏ဝမ်း၌ ပဋိသန္ဓေတည်စဉ်အခါ ငါ၏မယ်တော်သည် မြတ်စွာဘုရားအထံတော် သွားရောက်၍ သရဏာဂုံဆောက်တည်သော အခါ မိမိအတွက်တကြိမ် ငါ၏အတွက်တကြိမ် နှစ်ကြိမ်ထပ်မံ၍ ဆောက်တည်သည်၊ ထို့ကြောင့် ငါသည် မဖွားမီကပင် သရဏာဂုံတည်ပြီးဖြစ်သည်"ဟု မြတ်စွာဘုရားရှေတော်၌ လုလင်အား ဗောဓိမင်းသား ပြောကြားပေ၏။"

ဤ၌ အစိတ္တကသရဏာဂုံမည်သည်မရှိ၊ ထိုသို့ပင် မရှိသော်လည်း အမိ၌ တည်သောသရဏာဂုံသည် သားဖြစ်ထင်ဟပ်သည် ဖြစ်ရကား ဌာနူပစာအားဖြင့် ဆိုခြင်းဖြစ်ကြောင်း မဇ္ဈိမဋ္ဌကထာ၌—

> အစိတ္တကသရဏဂမနံ နာမ နတ္ထိ၊ အာရက္ခော ပနဿ ပစ္စုပဋ္ဌိတော၀ ဟောတိ။ အထ နံ ယဒါ မဟလ္လကကာလေ မာတာပိတရော "တာတ ကုစ္ဆိဂတမေ၀ တံ သရဏံ ဂဏှာပယိမှာ"တိ သာရေန္တိ၊ သော စ သလ္လက္ခေတွာ "အဟံ သရဏံဂတော ဥပါသကော"တိ သတိံ ဥပ္ပါဒေတိ၊ တဒါ သရဏံ ဂဟိတံ နာမ ဟောတိ" ဟု ဖွင့်ဆို၏။

၀။ မ ၂။၃၀၀။ ၂။ မ၊ ဋ္ဌ၁။၂၂၆။

http://www.dhammadownload.com

ဗောဓိမင်းသားသည် မိဘတို့စကားကို နားလည်လောက်အောင် ကြီးပြင်းလာသောအခွင့်ရှိ အမိအဘတို့က ငါသား သင်သည် အမိဝမ်း၌တည်စဉ်ကပင် သရဏဂုံတည်ခဲ့ပြီးဖြစ်သည်ဟု ပြောကြသောအခါ ငါသည် သရဏဂုံတည်ပြီးသားတည်းဟု သတိကိုဖြစ်စေခြင်းသည်ပင် သရဏဂုံယူပြီးဖြစ်သည်ဟု ဆိုရသည်ဟု ဆိုလိုပေသည်။

ဤဝတ္ထုကို ထောက်ဆ၍ လယ်တီဆရာတော်ဘုရားကြီးက သရဏဂုံဝိနိစ္ဆယတွင် ဤသို့ ထက်လက်မှာထားတော်မူခဲ့သည်။

> 'ယခုအခါ၌ သဒ္ဓါပညာရှိကြသောမာတုဂါမတို့လည်း မိမိဝမ်း၌ကိန်းသောသူငယ်၏ ဘုန်းကြီးသက်ရှည်စေခြင်းငှါ အတုခိုးဖို့ကောင်းလှ၏၊ ဤဝတ္ထုကိုထောက်၍ လူတို့သရဏဂုံမည်သည် ရတနာသုံးပါးကို အထူတ်အမြတ်ဟု ယုံကြည်၍ သိရှိ ငါ၏ကိုးကွယ်ရာတည်းဟု စိတ်ဖြစ်၍နေလျှင် ထိုသူ၌သရဏဂုံ တည်တော့သည်၊ ထိုစိတ်ကို မစွန့်သမျှကာလပတ်လုံး ဘယ်သူကိုပင် ဆည်းကပ် ကိုးကွယ်သော်လည်း သရဏဂုံပျက်သည်ဟု မရှိပြီမှတ်လေ။"[၁]

၂။ သရဏဂုံသည်–

> "တယိဒံ စတုဓာ ဝတ္ထုတိ အတ္တသန္နိယျာတနေန, တပ္ပရာယဏတာယ, သိဿဘာဝူပဂမနေန, ပဏိပါတေနာတိ။"[၂]

အဋ္ဌကထာစကားအတိုင်း လောကီသရဏဂုံ **လေးမျိုး**ရှိရာတွင် လောကဝယ်အမြင့်ဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဟူ၍ ဆည်းကပ်ခြင်း, ရှိခိုးခြင်း ပါဏိပါတသရဏဂုံတည်သည်ဟု ဆိုလောက်သော ဗုဒ္ဓဘာသာဥပါသကာ တိရစ္ဆာန်ဝတ္ထုအချို့ကို ဖော်ပြရန်လိုပေသည်၊ ဤ၌ ပါလိလေယျကဆင်နှင့် မျောက်တို့အကြောင်းကို ဖော်ပြလို၏။

မြတ်စွာဘုရားသည် ပါလိလေယျက တောအုပ်၌ ပါလိလေယျကဆင်၏ အလုပ်အကျွေးကိုခံလျက် ဝါဆိုတော်မူစဉ် ပါလိလေယျက (ပလလည်း)ဆင်သည် မြတ်စွာဘုရားကို ချဉ်းကပ် ရှိခိုး၍ ထိုထို့ကြောင့်လျှက် အဖော်ကို မမြင်၍ အင်းကြင်းပင်ရင်းကို ခြေဖြင့် တိုက်ညှို့လျက် နှာမောင်းဖြင့်သစ်ခက်ကို ချိုးယူ၍ တံမြက်လှည်း၏၊ ထိုအခါမှစ၍ နှာမောင်းဖြင့် အိုးကို ယူ၍ သောက်တော်ရေ,

---

၁၊ သရဏဂုံဝိနိစ္ဆယကျမ်း။၄၉။ ၂။ ဒီ၊ဋ္ဌ၊၁၊၂၀၆။

http://www.dhammadownload.com

သုံးဆောင်ရေကို တည်ထား၏၊ ရေနွေးလိုလျှင် ရေနွေးကို စီရင်၏၊ စိုင်ပုံမှာ လက်ဖြင့် ထင်းတို့ကို ပွတ်၍ မီးမွှေး၏၊ ထိုမီးဌာန ထင်းတို့ကို ထည့်လျက် မီးဖို၍ မီးဖိုဌာန ကျောက်တုံးတို့ကိုထည့်၍ ဖုတ်ပြီးသော် တုတ်ချောင်းဖြင့် ကော်ပြီးလျှင် ကန့်ထားသော ရေအိုင်ငယ်ဌာန ချ၏၊ ထို့နောက် နှာမောင်းဖြင့် စမ်း၍ ရေပူလာသည်ကို သိလျှင်မြတ်စွာဘုရားကို သွား၍ ဦးဦး၏၊ မြတ်စွာဘုရားက ချစ်သား ပါလိလေယျက ရေနွေးလုပ်ပြီးပြီလောဟု မိန့်တော်မူကာ ထိုနေရာသို့ ကြွ၍ ရေသပ္ပာယ်တော်မူ၏၊ ထို့နောက် မြတ်စွာဘုရားအား သစ်သီးအမျိုးမျိုးတို့ကို ဆောင်၍ ဆက်ကပ်၏၊ မြတ်စွာဘုရား ရှာသို့ ဆွမ်းခံဝင်လျှင် သပိတ် သင်္ကန်းတို့ကို ယူ၍ ဦးကင်းဌ တင်ကာ မြတ်စွာဘုရားနှင့်အတူသာလျှင်လိုက်၏၊ ရှာ၏ ဥပစာသို့ ရောက်လျှင် မြတ်စွာဘုရားက ချစ်သား ပါလိလေယျက ဤနေရာမှစ၍ သင်လိုက်ရန် မသင့်တေ့ ငါ၏ သပိတ်သင်္ကန်းတို့ကို ပေးလော့ဟု သပိတ်သင်္ကန်းတို့ကို တောင်းယူ၍ ရှာသို့ ဆွမ်းခံဝင်တော်မူ၏၊ ဆင်မင်းလည်း မြတ်စွာဘုရား ရှာမှ ထွက်တော်မူမလာမချင်း ထိုနေရာ၌ ရပ်လျက်သာလျှင် ငံ့လင့်၍ ကြွတော်မူလာလျှင် ခရီးဦးကြိုလျက် ရွှေနည်းအတိုင်းပင် သင်္ကန်းသပိတ်ကိုယူ၍ နေတော်မူရာ အင်ကြင်းပင်ရင်း၌ ချထားပြီးခနာက် ဝတ်ကြီးဝတ်ငယ်ပြုလျက် သစ်ခက်ဖြင့် ယပ်လေခတ်၏၊ ညဉ့်အခါ၌ သားရဲဘေးရန်ကို တားမြစ်ရန် တုတ်ချောင်းကြီးတခုကို နှာမောင်းဖြင့် ဆွဲကိုင်၍ မြတ်စွာဘုရားကို ခစာင့်ရှောက်အံ့ဟု အရဏ်မတက်မချင်း တောအုပ်အတွင်း၌ လှည့်လည်၏၊ ထိုအခါမှစ၍သာလျှင် ထိုတောအုပ်သည် ပလလည်းဆင်မင်း စောင့်သော တောအုပ်မည်သည် ဖြစ်သတတ်၊ အရဏ်တက်လျှင် မျက်နှာသစ်ရေတော်ဆက်ကပ်ခြင်း စသည်ဖြင့် ဆိုခဲ့သောအတိုင်း ဝတ်အားလုံးကို ပြုလေ၏။

ထိုအခါ၌ မျောက်တကောင်သည် နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားအား ထထကြကြွ ဝတ်ကြီးဝတ်ငယ် ပြုလုပ်နေသော ထိုပလလည်းဆင်ကိုမြင်၍ ငါသည်လည်း တစုံတခုကို ပြုပေအံ့ဟု ကြံစည်လှည့်လည်သော် တနေ့တွင် ပျားကောင်များ စွန့်သွားသော ပျားလင်္ကိုကို တွေ့၍ ကိုင်းတံကို ချိုးခဲ့ပြီးလျှင် ကိုင်းတံနှင့် တကွသော ပျားလင်္ကိုကို မြတ်စွာဘုရားထံသို့ ယူလာပြီးလျှင် ဌက်ပျော်ရွက်ကို ဖြတ်ယူ၍ ထိုဌက်ပျော်ရွက်၌ ထည့်လျက် လှူဒါန်း၏၊ မြတ်စွာဘုရားသည် အလှူခံတော်မူ၏၊ မျောက်သည် သုံးဆောင်ခြင်းကို ပြုအံ့လော မပြုအံ့လောဟု ကြည့်သော် ခံယူ၍ ထိုင်နေသည်ကို မြင်လျှင် ဘယ့်ကြောင့်နည်းဟု ကြံစည်၍ ပျားလင်္ကိုတံကို ကိုင်၍ လှန်ပြန်ကြည့်ရှုသော် ပျားဥတို့ကို မြင်သဖြင့် ထို ပျားဥတို့ကို ဖြည်းညှင်းစွာ ဖယ်ရှားပြီးမှ တဖန် ကပ်လှူ၏၊ မြတ်စွာဘုရားသည် သုံးဆောင်တော်မူ၏၊ထိုမျောက်သည် နစ်သက်ဝမ်းမြောက်လျက် ထိုထိုသစ်ကိုင်းတို့ကို ကိုင်၍ ကခုန်လေ၏၊ ထိုအခါ ကိုင်သော သစ်ခက်နှင့် နင်းသော သစ်ကိုင်းတို့သည် ကျိုးလေကုန်၏၊ ထိုမျောက်သည် ထိုအခါ၌ သစ်ငုတ်ပေါ်သို့ ကျသဖြင့်

http://www.dhammadownload.com

ကိုယ်ပေါက်၍ မြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ဖြင့်သာ ကွယ်လွန်လျက် တာဝတိ သာနတ်ဘုံတွင် ယူဇနာသုံးဆယ်ရှိသော ဗိမာန်၌ ဖြစ်လေ၏၊ နတ်သမီး တထောင်ခြံရံလျက် မျောက်နတ်သားဟု အမည်တွင်လေ၏။

ပလလည်း ဆင်ပြောင်ကြီး အလုပ်အကျွေးကို ခံယူလျက် မြတ်စွာဘုရား ထိုပလလည်း ကောဋ် သီတင်းသုံးသည့်အဖြစ်သည် ဇမ္ဗူဖြိပ်တကျွန်းလုံး၌ ထင်ရှားလေ၏၊ သာဝတ္ထိပြည်မှ အနာထပိဏ်ဝိသာခါ စသော ထင်ရှားသော ဒါယကာ ဒါယိကာမတို့သည် အာနန္ဒာမထေရ်အား အရှင်ဘုရား တပည့်တော်တို့အား မြတ်စွာဘုရားကို ဖူးမြော်ခွင့်ပေးကြပါကုန်ဟု သတင်းစကားကို လျှောက်ထားပေးပို့ကုန်၏၊ ထိုထိုအရပ်တို့၌ နေကုန်သော ရဟန်းငါးရာတို့ကလည်း အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ငါ့ရှင်အာနန္ဒာ ငါတို့ မြတ်စွာဘုရားမျက်မှောက်တော်မှ တရားတော်ကို နာကြားရပါမူ ကောင်းလေစွဟု တောင်းပန်ကြကုန်၏။ အရှင်အာနန္ဒာမထေရ်သည် ထိုရဟန်းတို့ကို ပင့်ခေါ်ပြီးလျှင် ထိုပလလည်း တောသို့ သွား၍ သုံးလပတ်လုံး တပါးတည်း သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအထံသို့ ဤမျှလောက်ကုန်သော ရဟန်းတို့နှင့်အတူ သွားရောက်ချဉ်းကပ်ရန်မသင့်လျော်ပေဟု ကြံစည်၍ ထိုရဟန်းတို့ကို အပြင်၌ ထားခဲ့ပြီး တပါးတည်း သာလျှင် မြတ်စွာဘုရားအထံ၌ ချဉ်းကပ်၏၊ ပလလည်းဆင်လည်း အရှင်အာနန္ဒာကို မြင်သော် တုတ်ချောင်းကို ပယ်၍ ပြေးသွား၏၊ မြတ်စွာဘုရားသည် ကြည့်ရှု၍ ပါလိလေယျက ဖယ်လော့ ဖယ်လော့ မတားမြစ်လင့် ဤသူသည် ငါဘုရား၏အလုပ်အကျွေးတည်းဟု မိန့်တော်မူ၏၊ပလလည်းဆင်သည် ထိုနေရာ၌သာ တုတ်ချောင်းကို စွန့်ခဲ့၍သပိတ်သင်္ကန်းကြို့ဆိုယူငင်မှုကို ပန်ကြား၏၊မထေရ်က မပေး၊ ဆင်သည် သင်ယူအပ်သောကျင့်ဝတ်ရှိသူဖြစ်မူ မြတ်စွာဘုရားထိုင်တော်မူသော ကျောက်ဖျာထက်၌ မိမိပရိက္ခရာကို မထားလတ္တံ့ဟု ကြံစည်၏၊ မထေရ်သည် သပိတ်သင်္ကန်းကို မြေပေါ်၌ ထား၏၊ ကျင့်ဝတ်နှင့် ပြည့်စုံကုန်သူတို့သည် ဆရာသမားတို့၏ နေရာ အိပ်ရာတို့၌ မိမိပရိက္ခရာများကို မထားကုန်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုး၍ သင့်ရာ၌ ထိုင်နေ၏၊ မြတ်စွာဘုရားက အာနန္ဒာ တယောက်တည်းသာ လာသလောဟု မေးတော်မူမှ ရဟန်းငါးရာတို့နှင့် လာသည့်အဖြစ်ကို ကြားလျှောက်သဖြင့် သူတို့ကို အဘယ်မှာထားခဲ့သနည်းဟု မေးတော်မူလျှင် အရှင်ဘုရားတို့၏ စိတ်တော်ကို မသိ၍ အပြင်၌ ထားခဲ့လျက် လာခဲ့ပါသည်ဘုရားဟု လျှောက်သောအခါ သူတို့ကို ခေါ်ခဲ့ချေဟု မိန့်တော်မူ၏၊ မထေရ်လည်း သွားရောက်ခေါ်ငင်လေ၏၊ ထိုရဟန်းငါးရာတို့သည် လာကုန်၍ မြတ်စွာဘုရားကို ရှိခိုးလျက် သင့်ရာ၌ထိုင်ကြကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် နှုတ်ဆက်ပြောဆိုတော်မူပြီးလျှင် ထိုရဟန်းတို့က မြတ်စွာဘုရား မြတ်စွာဘုရားမည်သည် ဘုရား၏သိမ်မွေ့တော်မူခြင်း မင်း၏

http://www.dhammadownload.com

သိမ်မွေ့တော်မူခြင်းရှိပါ၏၊ သုံးလပတ်လုံး အရှင်ဘုရားတို့ဟာည် တပါးတည်း ရပ်ခြင်း ထိုင်ခြင်းတို့ဖြင့် ပင်ပင်ပန်းပန်း ပြုမူနေထိုင်ရ၏၊ ဝတ်ကြီးဝတ်ငယ်ပြုသူ မျက်နှာသစ်ရေဆက်ကပ်သူ မရှိဟု ထင်ပါ၏ဟု လျှောက်လေသော် ရဟန်းတို့ပလလည်း ဆင်သည် ငါ၏ကိစ္စ အားလုံးကို ဆောင်ရွက်၏၊ ဤသို့သော အဖော်ကိုရသော် တကွနေခြင်းငှါသင့်၏၊ မရသော် တဦးတည်းနေသည့်အဖြစ်သည်သာ မြတ်၏ဟု မိန့်တော်မူပြီးသော် နာဂဝဂ်လာ "သစေ လဘေထ နိပကံ သဟာယံ" စသော ၃-ဂါထာတို့ကို ဟောတော်မူ၏၊ ဤ ၃-ဂါထာ အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်လေ၏။

အရှင်အာနန္ဒာမထေရ်သည်လည်း အနာထပိဏ်သဒ္ဒေးကြီး စသည်တို့၏ လျှောက်ထားအပ်သော သတင်းစကားကို လျှောက်ကြား၍ မြတ်စွာဘုရား အနာထပိဏ်သဒ္ဒေးအမှူးရှိကုန်သော ထိုအရိယာသာဝက ငါးကုဋေမျှတို့သည် အရှင်ဘုရားတို့၏ကြွလာတော်မူခြင်းကို တောင့်တကြကုန်၏ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည် သို့ဖြစ်လျှင် သပိတ်သင်္ကန်းတို့ကို ယူကြကုန်ဟု မိန့်တော်မူကာ သပိတ်သင်္ကန်းတို့ကို ယူစေပြီးသော် ထွက်တော်မူ၏၊ ပလလည်းဆင်သည် သွား၍ မြတ်စွာဘုရား ကြွသွားသောလမ်း၌ ကန့်လန့်ရပ်နေ၏၊ မြတ်စွာဘုရား ဆင်သည် အဘယ်ကို ပြုပါသနည်းဟု ရဟန်းတို့ကမေး၏၊ ရဟန်းတို့ သင်တို့အား ဆွမ်းလှူလို၏၊ ဤဆင်သည် နွေညှဉ်မျှစွာ ငါဘုရားအား ကျေးဇူးပြုပေ၏၊ ထိုဆင်၏ ကြည်ညိုစိတ်ကို မပျက်စေသင့်၊ ရဟန်းတို့ ပြန်၍ နေကြကုန်ဦးလော့ဟု မိန့်တော်မူကာ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်ကာ ပြန်၍သိတင်းသုံးတော်မူ၏၊ ဆင်သည် တောအုပ်သို့ လှည့်လည်၍ ပိန္နဲသီး ငှက်ပျောသီး အစရှိကုန်သော သစ်သီးအမျိုးမျိုးတို့ကို ဆောင်ယူစုပုံ၍ နောက်နေ့မိုးသောက်ချိန်၌ ရဟန်းတို့အား လှူဒါန်း၏၊ ရဟန်းငါးဆာတို့သည် သစ်သီးအားလုံးကို ကုန်အောင် မသုံးဆောင်နိုင်ပေ၊ ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကိုယူ၍ ထွက်တော်မူ၏၊ ပလလည်းဆင်သည် ရဟန်းတို့၏ အကြွားအကြွား၌ သွား၍ မြတ်စွာဘုရားရှေ့တော်မှ ကန့်လန့်ရပ်ပြန်၏၊ မြတ်စွာဘုရား ဆင်သည် မည်သည်ကို ပြုပါသနည်းဟု လျှောက်သော် ရဟန်းတို့ ဤဆင်သည် သင်တို့ကိုလွှတ်လိုက်၍ ငါဘုရားကို ပြန်လည်၍နေစေလို၏ဟု မိန့်တော်မူ၏၊ ထို့နောက် ထိုပလလည်း ဆင်ကို မြတ်စွာဘုရားက ပါလိလေယျက ယခုအခါကား ငါဘုရား၏ မပြန်လည်သော သွားခြင်းတည်း၊ သင့်အား ဤဆင်ဘဝဖြင့်ဤသာန် သည်လည်းကောင်း ဝိပဿနာသည် လည်းကောင်း မဂ်ဖိုလ်သည်လည်းကောင်း မရှိနိုင်၊ သင်သည် နေရစ်လေ၊ လာ့ဟု မိန့်တော်မူ၏၊ ထိုစကားကို ကြားလျှင် ပလလည်းဆင်သည် ခံတွင်း၌ နှာမောင်းကိုထည့်၍ ငိုကြွေးလျက် နောက်မှ

၁။ ခု၊၁၆၀-၂၀၆။ ဝိ၊၃၊၄၉၆။ မ၃၊၁၈၉၂။

http://www.dhammadownload.com

နောက်မှလိုက်၏၊ ထိုဆင်သည် မြတ်စွာဘုရားကို ပြန်လည်စေခွင့်သာ ရပါမူ ထိုအတိုင်းသာ တသက်လုံး လုပ်ကျွေးနေမည်ဖြစ်၏၊ မြတ်စွာဘုရားသည် ရွာ ဥပစာသို့ ရောက်လျှင် ထိုဆင်ကို ပါလိလေယျက ဤအရပ်မှစ၍ သင်၏နေရာ မဟုတ်တော့၊ လူဘို့နေရာသည် ဘေးအန္တရာယ်များ၏၊ သင်နေရစ်ပေလော့ဟု မိန့်တော်မူလေ၏၊ ထိုပလလည်း ဆင်သည် ငိုကြွေးလျက် ထိုနေရာ၌သာလျှင် ရပ်၍ မြတ်စွာဘုရား မျက်စိတဆုံးကို လွန်သောအခါ နှလုံးကွဲ၍ သေဆုံး ကွယ်လွန်လျက် မြတ်စွာဘုရား၌ ကြည်ညိုစိတ်ကြောင့် တာဝတိံသာနတ်ဘုံ၌ ယူဇနာ ဆုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် နတ်သမီးတထောင် အလယ်၌ ဖြစ်လေ၏၊ ပါလိလေယျက နတ်သားဟူ၍သာလျှင် အမည်တွင်လေသတည်း။[၁]

၃။ ဤဖော်ပြအပ်သော တိရစ္ဆာန် မျောက်ဝတ္ထု ဆင်ဝတ္ထုများ၌—

"သတ္ထရိ ပသန္နေနေဝ စိတ္တေန ကာလံ ကတ္တာ"ဟူ၍ လည်းကောင်း

"သတ္ထရိ ပသာဒေန ။ပ။ နိမ္မတ္တိ" ဟူ၍လည်းကောင်း ပသန္နသဒ္ဒါ ပသာဒသဒ္ဒါစကားတို့ကို အဋ္ဌကထာ ပြတော်မူ၏။

ထိုပသာဒ, ပသန္နစကားတို့ဖြင့် အနဝေစ္စပသာဒ လောကိသရဏကို, အဝေစ္စ-ပသာဒ သောကုတ္တရာ သရဏကိုဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် ပထမအမျိုး အစားသည် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်ဟူ၍ နှစ်မျိုးရှိပြန်၏၊ ထိုနှစ်မျိုးအနက် ဤနေရာတွင် တိရစ္ဆာန်များ ဖြစ်သောကြောင့် ဉာဏဝိပ္ပယုတ် သရဏကိုသာ ယူရမည်။

၄။ (က) အဝိသေသေန ဝါ ပသာဒဂရုတာ ဇောတိတာတိ ပသာဒဂ္ဂဟ-ဏေန အနဝေစ္စပ္ပသာဒဿာ, လောကိယဿ၊ အဝေစ္စပ္ပသာဒဿ စ လောကုတ္တရဿာ ဂဟဏံ[၂]။

(ခ) "သဒ္ဓါပဋိလာဘော" တိ ဣမိနာ သမ္မာဒိဋ္ဌိဝိရဟိတာပိ၊ သဒ္ဓါ လောကိယသရဏဂမနဿ ဒဿေတိ၊ လောကိယမ္ပိ ဟိ သရဏဂမနံ ဒုဝိဓံ ဉာဏသမ္ပယုတ္တံ ဉာဏဝိပ္ပယုတ္တဉ္စ။ တတ္ထ ပဋမေန ပဒေန မာတာဒီဟိ ဥဿာဟိတဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဂဟိတံ၊[၃]

ဤ၌ ပြလိုရင်းကား သက္ကာယဒိဋ္ဌိ မကွာသေးသည့် မျောက် ဆင် စသည် တို့သည်ပင် သရဏကိုတည် ဗုဒ္ဓဘာသာဖြစ်သေးသည်၊ ကြင်းသောပုထုဇဉ်ပုဂ္ဂိုလ် ၃-ယောက်နှင့် အရိယာပုဂ္ဂိုလ်တို့မှာမူကား သရဏကိုတည် ဗုဒ္ဓဘာသာဖြစ်သည် ကို အထူးဆိုဖွယ် မလိုတော့ပြီ။

၁။ မဇ္ဈိမ ၌၊၁၃၇-၄၁။ ၂။ သီ၊ဋ္ဌိ၊သစ်၊ ၂၊၁၇၇။ ၃။ သီ၊ဋ္ဌိ၊သစ်၊ ၂၊၁၇၉။

http://www.dhammadownload.com

၅။ သို့သော် အယုတ်အလတ်အမြတ်အားဖြင့် သုံးမျိုးသုံးစားတွင် အမြတ်စား အနေအားဖြင့် အရိယာဖြစ်မှ ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆိုခွင့်ရှိနိုင်သေး၏။

"အလံ ဝက္ကလိ၊ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ။ သော မံ ပဿတိ။ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊ မံ ပဿန္တော ဓမ္မံ ပဿတိ။"[၁]

ဝက္ကလိ သင်သည် ဤအကောင်ပုပ်ကို ရှုမြင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဝက္ကလိ အကြင်သူသည် တရားကိုရှုမြင်၏၊ ထိုသူသည် ငါဘုရားကို ရှုမြင်သူမည်၏၊ အကြင်သူသည် ငါဘုရားကို ရှုမြင်၏၊ ထိုသူသည် တရားကို ရှုမြင်သူမည်၏။ (ဤ၌ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်သိသောသူမှသာ သရဏကုံတည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆိုလိုပေသည်)။

၆။ မျက်စိဖြင့် အရိယာများကို ဖူးမြင်ရပါသော်လည်း အရိယာများသိမြင်အပ်သော ခန္ဓာ အာယတန ဓာတ် သစ္စာ စသည်တို့၏ အနိစ္စစသော လက္ခဏာကို မသိမြင်ရသောသူ အရိယာတို့ ရအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားကို မရသော သူတို့ကို အရိယာနှံ့ အဒဿာဝီ(သရဏကုံတည် ဗုဒ္ဓဘာသာမဖြစ်သူ)ဟု ဆိုထိုက်၏။

အကြောင်းကား အရိယာဖြစ်အောင် ပြုနိုင်သော ခန္ဓာစသော တရားနှင့် အရိယာဖြစ်ကြောင်းဖြစ်သော ဗောဓိပက္ခိယတရားတို့ကို မသိမြင်သောကြောင့်ဟု ဆိုလို၏။[၂]

ဤ၌ သက္ကာယဒိဋ္ဌိမက္ခာသေးသရွေ့ ခန္ဓာစသောတရားတို့၏ အနိစ္စစသော လက္ခဏာကို တကယ်မသိမြင်၊ ထိုလက္ခဏာတို့ကို မသိမြင်လျှင် အရိယာလည်းမဖြစ်၊ ထိုပုဂ္ဂိုလ်များကို သရဏကုံတည် ဗုဒ္ဓဘာသာမဟုတ်ဟု ဆိုလို၏။

ဤဖော်ပြပြီး ပါဠိတော် အဋ္ဌကထာစကားများမှာ အကောင်းဆုံး သရဏကုံတည် ဗုဒ္ဓဘာသာဖြစ်သည်ကိုသာ ရည်ရွယ်၍ဆိုခြင်းဖြစ်၏၊သက္ကာယဒိဋ္ဌိရှိသူတိုင်း သရဏကုံတည် ဗုဒ္ဓဘာသာမဖြစ်ဟု ဆိုလိုသော စကား မဟုတ်ပေ။

၇။ စင်စစ်သော်ကား—

"ဟေဋ္ဌိမကောဋိယာ တိသရဏံ ဂစ္ဆတာ ဥပါသကောပိ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော နာမ။"[၃]

၁။ သံ ၂။၉၀။ ၂။ မ ဋ္ဌ ၁၂၃။ ၃။ မ ဋ္ဌ ၄-၂၂၃။

http://www.dhammadownload.com

အဋ္ဌကထာစကားအတိုင်း သောတာပတ္တိမဂ်ဖိုလ်သို့ မရောက်သေး၍ သက္ကာယဒိဋ္ဌိမပြုတ်သေးသည့်တိုင်အောင် သရဏဂုံသုံးပါးကိုခံယူဆောက်တည်သူသည် ဥပါသကာ ဗုဒ္ဓဘာသာဖြစ်နိုင်သဖြင့် စောဒကဆရာတော်တို့ ဆိုသည့်အတိုင်းသာ မှတ်ယူသင့်သည်ဟု ဝိနည်းဓိုရိ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

[အမှတ်(၂)စောဒနာ(ခ)မှာ ကြောင်ပန်းဆရာတော်များ တာဝန်မယူ ပယ်ချထားသော ဦးဗိုလ်ရေး သစ္စာသုံးလီ လင်းရောင်ခြည်ကျမ်းမူစကားဖြစ်သော်လည်း (က)နှင့် သဘောချင်းတူသောကြောင့် ပေါင်း၍ သုံးသပ်ထားသည်။]

အမှတ် (၃) စောဒနာ သောဝနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်

၁။ "ကြောင်ပန်းတောရဝါဒသည် ကုသလကမ္မပထ ပုညကိရိယ ကုသိုလ်ပြုလုပ်ကြခြင်းသည် ဗာလုဿုက္ကာ-လူမိုက်အလုပ်ဟု ဟောပြော ရေးသားသော အဓမ္မဝါဒဖြစ်ကြောင်း" ဖြင့် စောဒက ဆရာတော်များက စောဒနာလွှာ တင်သွင်းခဲ့လေသည်။

ယင်းစောဒနာစကားရပ်၌—

(က) မဂ်ဖိုလ်နိဗ္ဗာန်သို့ မဆိုက်မကပ် လူနတ်တို့၏ချမ်းသာကို သာယာခြင်း ကမ္မဿကတသမ္မာဒိဋ္ဌိနှင့်ပြုသော သဒ္ဓါကို ပသာဒသဒ္ဓါဆိုသည်၊ ယခုကာလ သာသနာတော်သမယ၌ ထိုပသာဒသဒ္ဓါနှင့် ခုဏ္ဍနောင်ပါ ကောင်းအောင် သာဟု ပြုကြသမျှ ကုသလကမ္မပထသခ်ါရကို ဗာလုဿုက္ကဟုဆိုရမည်။ ဗာလာနံ ဥဿုက္ကော ဗာလုဿုက္ကောဟု ဝိဂြိုဟ်ပြု။ ဗာလာနံ၊ လူ့အဖျင်း လူ့အဖြုန်း လူ့အသုံး လူ့အသံ လူ့အခွံ့ လူ့အကာ လူ့ချူချူချာချာ သံသရာမှာ မသိဆုံး အမိုက်တုံး အမိုက်ခဲ အမိုက်မဲမှန်လှ လူ့ဗဟုလတို့၏။ ဥဿုက္ကော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော အကျိုးမများ အလကားသား ယောင်ဝါး၍ အားထုတ်မှုတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗဒ္ဓလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

ဤဝိဂြိုဟ်အတိုင်း အဟုတ်အမှန်ကို မသိသောသူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးမပြီး အချည်းနှီး အလကားသား ပြုမှုသမျှသော ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည် ဗာလုဿုက္ကမည်ကုန်၏။

http://www.dhammadownload.com

စသည်ဖြင့် စောဒကဆရာတော်များက ကြောင်ပန်း ခြောက်စောင်တဲ့ဆရာ၏ ရေးသားချက်ကိုတင်ပြ၍ အကျယ်သုံးသပ်တင်ပြကြသည်မှာ အလွန်ပြည့်စုံလှပါပေသည်၊ စောဒကဆရာတော်များ၏ စောဒနာဆိုလိုရင်းကို အကျဉ်းချုံး၍ ယူရသော် 'ကုသိုလ်မှန်သမျှ ပြုရမည်'ဟု ဆိုလိုပေသည်။

၂။ ခြောက်စောင်တဲ့ဆရာ၏ ဆိုလိုရင်းမှာ—

"ဣမသ္မိံ ကမ္မဿကတဉ္ဉေ ဌတ္ဘာ ဣမေ သတ္တာ ဗဟုံ ဝဠဂါမိကမ္မံ အာယူဟိတ္ဘာ"[၁]—

စသော စကားအရ ကမ္မဿကတ သမ္မာဒိဋ္ဌိသည် ဝဋ်သုံးပါးသို့ ရောက်စေတတ်သောကံကိုသာ ပြုတတ်သဖြင့် အရဟတ္တဖိုလ်သို့ တိုက်ရိုက်မပို့ဆောင်နိုင်၊ သစ္စာနုလောမိက ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် ယှဉ်သော ဝိဝဋ္ဋကုသိုလ်မျိုးကိုသာ လုပ်ရမည်၊ တကယ်နိဗ္ဗာန်သို့ ရောက်လိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်နှင့် အနီးကပ်ဆုံးဖြစ်သည့် ဝိပဿနာ ဘာဝနာအလုပ်ကိုသာ လုပ်ရမည်ဟု ဆိုလိုသည်။

စောဒကဆရာတော်များက—

"တယော မေ ဥပနိဿာ ဒါနူပနိဿယော သီလူပနိဿယော ဘာဝနူပနိဿယောစာ"တို့[၂]—

စသော စကားအရ ဒါန,သီလ, ဘာဝနာတို့ကို အဆင့်ဆင့်အားထုတ်၍ ပါရမီအဖြစ်သို့ ရောက်သွားသောအခါ နိဗ္ဗာန်ပန်းတိုင်သို့ ဝင်သွားနိုင်ကြသည်ဟု ဆိုလိုကြပေသည်။

ခြောက်စောင်တဲ့ကျမ်းဆရာက ကုသိုလ်ရှိ၍သာ ဗုဒ္ဓုပ္ပါဒနဝမကွဏ္ဍ လူ့ဘဝ ရလာကြသည်၊ ဗုဒ္ဓုပ္ပါဒနဝမကွဏ္ဍသာ ရှပ်နာမ်မွေ သခါရတို့၏ အနိစ္စစသော လက္ခဏာတို့ကို သိရသည်၊ ထို့ကြောင့် ယခုအချိန်၌ အခြားကုသိုလ်များကို ပြုမနေနှင့် ဝိပဿနာကုသိုလ်ကိုသာ ပြုကြရမည်ဟု ဆိုလိုသော အဓိပ္ပာယ်မျိုးဟု ဝိနည်းဓိရ်ဆရာတော်များက ယူဆကြသည်။

မှန်ပေသည်—

အဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒါနာ စ ခေါ ဓမ္မပဒံဝ သေယျော။
ပုဗ္ဗေဝ ဟိ ပုဗ္ဗတရော သန္တော၊
နိဗ္ဗာနမေဝ'ဇ္ဈဂမုံ သပညာတိ?။

၁။ အဘိဋ္ဌ ၁။၄၃၄။ ၂။ သံဋ္ဌ၂။၂၅၅။ ၃။ ဇာတက ၁၊၁၀၄။

http://www.dhammadownload.com

မင်းကြီး ဒါနသည် မျှားစွာရှိုးမှမ်းအပ်သော တရားဖြစ်သော်လည်း ဒါန ထက် သမထဝိပဿနာနိဗ္ဗာန်တရားစုကသာ လွန်မြတ်သည်၊ ဝေဿဘူ ကဿပ စသော ရှင်တော်ဘုရားတို့သည် သမထဝိပဿနာတရားအစုကို ပွားများတော်မူ ကြ၍ နိဗ္ဗာန်သို့ ရောက်တော်မူကြကုန်ပြီ–

ဟူသော စကားအရ ခြောက်စောင်တဲ့ ဆရာ၏ အဆိုကိုလည်း မှားသည်ဟု မဆိုသာချေ၊ သို့သော် ဗာလုဿုက္ကာ ဟူသောစကား, ရန်သူနှင့်တူသည်ဟူသော စကား, နှစ်ဆယ့်ကိုးပါးသောကံကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်တစ်က လွတ်ကြ မည် ဟူသော စကားတို့ကိုမူ အများက လက်သင့်ခံနိုင်ကြလိမ့်မည်ဟု ဝိနည်း ဓိုရ်ဆရာတော်များက မယူဆကြပေ။

၃။ ဤ၌ ဗာလုဿုက္ကာဟူသော စကားကို စိစစ်ရန်လိုပေသည်။ ဗာလ သဒ္ဒါသည်–

(၁) "ဗာလော ဓမ္မော"၌ အကုသိုလ်ဒုစရိုက်ကိုဟောသည်။
(၂) "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဗာလော ဝေဒိတဗ္ဗော "(အံ၊၃၊၁၀၀)၌ ဒုစရိုက်နှင့် ပြည့်စုံသော သူဟူသော အနက်ကို ဟော သည်။
(၃) "ကုမာရော ဗာလပေါတကော"(ဓာန်၊ပိုဒ် ၂၅၀)၌ ကလေးသူငယ် ဟူသော အနက်ကို ဟောသည်။
(၄) "ဗာလော ဝတ မေ ဥပဇ္ဈာယော" (မိလိန္ဒပဉ္ဟ-၁၃)၌ ရဟန်းဖြစ်စ ရှင်နာဂသေနက သူ၏ဥပဇ္ဈာယ်ဖြစ်သော အရှင်ရောဟဏမထေရ်ကို ရည်ရွယ်၍ ဆိုရာတွင် ပညာရှိရဟန္တာမထေရ်ကြီးကို ဟောသည်။

ထိုအနက်တို့တွင် စောဒကဆရာတော်များက အမှတ်-၂ အနက်ကို ဟော သောအဓိပ္ပာယ်ဟု ယူဆ၍ စောဒနာတင်ကြလျက် ကြောင်ပန်းခြောက် စောင်တဲ့ ဆရာကမူ ရှေးစကား နောက်စကားတို့ကို ထောက်ဆ၍ ကမ္မဿကတာ-သမ္မာဒိဋ္ဌိဖြင့် ဝဋ်ကိုတောင့်တ၍ ကုသိုလ်ပြုသူများကို အထက်ပါအမှတ်-၄ ဗာလ အတွင်းသို့ သွင်း၍ ဆိုလိုကြောင်း ထင်ရှားပေသည်။

၄။ ထို ဗာလုဿုက္ကာဟူသောစကားကို ခြောက်စောင်တဲ့ဆရာသည် လယ်တီ ဆရာတော်သုံးသော အသုံးအနှုန်းကို အတုယူ၍ အသုံးပြုခြင်းဖြစ်ကြောင်းကို လယ်တီဆရာတော်၏ အာဟာရဒီပနီလာ အောက်ပါစကားတို့ဖြင့် ထင်ရှား သည်။

၁။ ဇာတကဋ္ဌကထာ၊ ၄။ ၄၅၁၀။

http://www.dhammadownload.com

"နောက်ဘဝဖို့ ဒါနကုသိုလ်ပြုလုပ်ရန် အခွင့်မျှားနှင့် လောကီစီးပွားကို အားထုတ်လုပ်ဆောင် ရှာကြံဆည်းပူးခြင်း အစရှိသော ဗျာပါဒဒုက္ခမှစ၍သည် ဝိညာဏာဟာရပေါက်မှထွက်သော ဗာလုသုက္က ဒုက္ခစုသာတည်း၊ ဤဝိညာဏာဟာရအရာမှာ ဖဿာဟာရမနောသဉ္စေ-တနာဟာရတို့ကိုလည်း အတွင်းဝင်ပြု၍ သိရမည်၊ ဤကား ဗာလုသုက္က ဗျာပါဒဒုက္ခ ပထမစက်ကြီးတည်း။

ဗာလုသုက္ကဟူသောစကား၌ ဗာလာနံ ဥဿုက္ကော ဗာလုသုက္ကောဟု ဝိဂြိဟ်ပြု ဗာလာနံ၊ သစ္စာလေးပါးတရားကို မသင်ကြကုန်သေးသော သူတို့၏။ ဥဿုက္ကော၊ ကြောင့်ကြဗျာပါဒစိုက်မှုတည်း။ ဣတိ၊ ဤသို့ သောအကြောင်းကြောင့်။ ဗာလုသုက္ကော၊ ဗာလုသုက္ကမည်၏။[၁]

လယ်တီဆရာတော်၏ ဥတ္တမပုရိသဒီပနီတွင်လည်း—

ဗာလုသုက္က သဒ္ဒါရဟူရာ၌ ဗာလာနံ ဥဿုက္ကော ဗာလုသုက္ကောဟု ဗာလာနံ၊ အဝိဇ္ဇာမှောင်မောက်အကျပ်အတည်း ဖုံးပိတ်၍ နေကြကုန်သော အန္ဓပုထုဇ္ဇဉ်တို့၏။ ဥဿုက္ကော၊ ကြောင့်ကြစိုက်မှုတည်း။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဗာလုသုက္ကော၊ ဗာလုသုက္ကမည်၏။ ဗာလုသုက္ကသဒ္ဒါရအရာ အဝိဇ္ဇာသဒ္ဒါရန္စပါးတွင် သဒ္ဒါရကိုဆိုသတည်း၊ တဏှာဥပါဒါန်ဘဝ သုံးပါးတွင် ကမ္မဘဝမှကို ဗာလုသုက္ကဆိုသည်။[၂]

ထို့ပြင်—

သံသာရေ သံသရံ ဗာလော၊
တထာ အပရိဏာယကော။
ကရောတိ ကေဒါ ပုညံ၊
အပုညမပိ ကေဒါ။ (အဘိဒ္ဓ ၂၊၁၄၂) —

၌လည်း ဗာလောကို ပုထုဇ္ဇဉ် သေကွ လူ့ဗာလသည်ဟူ၍(ပရမတ္ထသင်္ဂဟပဘေဒနိ ၁၊၃၄၄) ၌ ဝိသုဒ္ဓါရုံ ဆရာတော်ဆိုပေသည်။

ဆိုခဲ့သော လယ်တီဆရာတော် ဝိသုဒ္ဓါရုံဆရာတော်တို့၏ အဆိုအမိန့်အရ ထို ဆရာတို့၏ တပည့်နောက်လိုက်ဖြစ်သော ခြောက်စောင်တဲ့ဆရာသည် အမှတ်-၂ ဗာလမျိုးကို မရည်ရွယ်ပဲ အမှတ်-၄ ဗာလမျိုးကိုသာ ရည်ရွယ်သည်ဟု ဝိနည်း ဓိုရိဆရာတော်မျှားက ယူဆကြသည်။

၁။ အာဟာရဒီပနီ၊ သုမင်္ဂလတီ၊၄၇။ ၂။ ဥတ္တမပုရိသဒီပနီ၊ဟံသာဝတီ၊နှာ၊ ၁၈၈။

http://www.dhammadownload.com

၅။ စောဒကဆရာတော်တို့၏ (ခ) အမှတ်စောဒနာချက်၌ "ပါရမီဆယ်ပါး မဂ္ဂင်ရှစ်ပါး မြတ်တရားကို သတိမထား မသိသောအားဖြင့် လူကောင်း နတ်ကောင်း ဘဝကောင်းကို တောင့်တပြီးလျှင် ကုသလကမ္မပထတရား ပုညကိရိယဆယ်ပါးကို ပြုမှုးသောသူမျှားသည် မြတ်စွာဘုရား၏ ရန်သူ သူပုန်နှင့် တူကုန်၏" ဟူသော ခြောက်စောင်တဲ့ဆရာ၏စကားသည် ဝိဝဋ္ဋနိဿိတကုသိုလ်ကိုသာ ပြုစေလိုသောစိတ်အားကြီးသဖြင့် ဝဋ္ဋနိဿိတကုသိုလ်ကိုနှိပ်၍ ဆိုသောစကား ဖြစ်သော်လည်း အမျှား၏နှား၌ ရင့်သီးသောစကား ကုသိုလ်သာမည်ကို လုံးဝ မပြုရဟူသော စကားအဖြစ်သို့ ရောက်ရှိသွားသည်ဟု ဝိနည်းဓိရ်ဆရာတော်များက ယူဆတော်မူကြသည်။

ဤနေရာ၌ စကားလုံးရင့်သီးလျက် ဝဋ္ဋနိဿိတကုသိုလ်မျိုးကို လုံးဝမပြုရဟူသော အဓိပ္ပာယ်သို့ ရောက်ရှိသွားအောင် မဆိုသင့်ကြောင်းနှင့် ခြောက်စောင်တဲ့ ဆရာ၏ ဆရာရင်းဖြစ်သည့် လယ်တီ ဆရာတော်ဘုရားကြီးသည်ပင် သာသနဝိသောဓနိကျမ်း၌ ဝဋ္ဋနိဿိတကုသိုလ်ကို ဤသို့ လမ်းဖွင့် ရေးသားခဲ့ကြောင်း ထုတ်ပြလိုပေသည်။

> "အထူးဆိုဖွယ်ရှိသေး၏၊ ဝဋ္ဋနိဿိတကုသိုလ်ကိုပြု၍ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝသို့ ရောက်ခဲ့သည်ရှိသော် သူတော်ကောင်းတရားများနှင့် တွေ့ကြုံနိုင်ရန် အခွင့်ရှိပြန်၏၊ ဘုရားသာသနာနှင့်သော်လည်း တွေ့ကြုံနိုင်ရန် အခွင့်ရှိ၏၊ သူတော်ကောင်းတရားများနှင့် တွေ့ကြုံခဲ့သည်ရှိသော် ဝိဝဋ္ဋနိဿိတကုသိုလ်ကဲ့သို့ နိဗ္ဗာန်သို့ အလျင်အမြန် ရောက်တတ်နိုင်ရန် အဖိုရှိ၏၊ ထို့ကြောင့် ဝဋ္ဋနိဿိတကုသိုလ်မျိုးမှန်လျှင် သံသရာရှည်ဖို့ချည်း ဖြစ်သည်ဟု ဒေါမြမယူသာချေ။
>
> လောကဥ္စ အချို့သော မန္ဒဗုဒ္ဓိတို့သည်ကား ပုညကိရိယဥ္စ ပုညဟူသောအသံသည် ပဋိစ္စသမုပ္ပါဒ်အရုတ္တင် ပုညာဘိသင်္ခါရဟူသော စကား၌ ပုညဟူသောအသံနှင့် ထပ်မိသည်ဖြစ်၍ ပုညဆိုလျှင် သံသရာရှည်ဖို့ချည်းဖြစ်သည်ဟု မှတ်ယူပြောဆိုကြကုန်၏၊ ထိုသို့ကားမဟုတ် ပုညကိရိယဝတ္ထု ဆယ်ပါးဆိုသည်ကား ခပ်သိမ်းသောကုသိုလ်မျိုးတို့၏ သက်ဝင်ရာဖြစ်၏၊ ကုသိုလ်ဟူသမျှတို့သည် ဤဆယ်ပါးတို့မှ ပေါက်ဖွားကြရကုန်၏၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို ရနိုင်ကြရန် သံသရာရှည်ရန် ကုသိုလ်မျိုးတို့သည်လည်း ဤဆယ်ပါးမှ ပေါက်ဖွားကြရကုန်၏၊ ဘုရားဖြစ်နိုင်ရန် ပစ္စေကဗုဒ္ဓါဖြစ်နိုင်ရန် အရိယာသာဝက ဖြစ်နိုင်ရန် ပါရမီကုသိုလ်မျိုးတို့သည်လည်း ဤဆယ်ပါးမှ ပေါက်ဖွားကြရကုန်၏။

http://www.dhammadownload.com

ထို့ကြောင့် မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသပါဠိတော်ကြီး၌–

"မာ တုမ္ဟေ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ၊ ယဒိဒံ ပုညာနိ"–

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမ္ဟေ၊ သင်တို့သည်။ ပုညာနံ၊ ပုညကိရိယမှုတို့ကို။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ယဒိဒံ ယာနိ ကုမာနိ ပုညာနိ၊ အကြင် ပုညကိရိယမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ တေံ၊ ဤပုညကိရိယ ဟူသောအမည်သည်။ သုခဿ၊ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာများ၏။ အဓိဝစနံ၊ အမည်ပေတည်း။

မဟာပရိနိဗ္ဗာနသုတ်၌လည်း—

"ကတပုညောသိ တွံ အာနန္ဒ၊ ဝိရိယံ အာရဗ္ဘ၊ ခိပ္ပံ ဟောဟိသိ အနာသဝေါ"—

ဟူ၍ ဟောတော်မူ၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တွံ၊ သင်သည်။ ကတပုညော၊ ရှေးရှေးဘဝ တို့က ပြည့်စုံလုံလောက်စွာ ပြုခဲ့သော ပုညကိရိယ ပါရမီကုသိုလ်မျိုး ရှိပြီးသော သူသည်။ အသိ၊ ဖြစ်၏။ ဝိရိယံ၊ ဘာဝနာကိစ္စ ဝီရိယကိုသဘဲလျှင်။ အာရဗ္ဘ၊ အားထုတ်လော့။ ခိပ္ပံ၊ လျင်စွာ။ အနာသဝေါ၊ အာသဝေါကင်းသော ရဟန္တာသည်။ ဟောဟိသိ၊ ဖြစ်လတ္တံ့။

ဤပါဠိတော်ကြီး၌ ပုညကိရိယကုသိုလ်မျိုးတို့ကိုပင်လျှင် အလျင်အမြန် ရဟန္တာ ဖြစ်နိုင်ရန် ပါရမီမှုကြီးများဖြစ်ကြောင်းကို ဟောတော်မူ၏။[၁]

ဤ ဖော်ပြသော အထောက်အထားများအရ ပုညကိရိယကုသိုလ်ကို ပြုသူများသည် ဘုရား၏ရန်သူ သူပုန်များဖြစ်သည်ဟု မဆိုသာချေ၊ သို့သော် အယုတ်နှင့်အမြတ် ဤနှစ်ရပ်တွင် အမြတ်ကိုသာ ပြဆိုလိုသဖြင့် ဤသို့ ဆိုရပါသည်ဟု ဆိုလျှင်ကား အပြစ်ဟု မယူဆသာချေ။

၆။ စောဒကဆရာတော်များ၏ (ဂ)အမှတ် စောဒနာချက်၌ "ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းသော သူတော်ကောင်းတို့အား ထို ကံ နှစ်ဆယ့်ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်တစ်က လွတ်ကြမည်"ဟု ခြောက်စောင်တဲ့ဆရာ၏ စကားကို ထုတ်ပြ၍ ကျယ်ဝန်းစွာ ရှင်းလင်းတင်ပြ ထားပေသည်၊ ထိုစကားနှင့် ပတ်သက်၍ ဤသို့ အကျယ်စိစစ် သုံးသပ်ကြသည်။

၁။ ဒီ ၂၊၁၁၉။ သာသနဝိသောဓနီ ၁၊ ဟံသာဝတီ ၇၄၊၇၅၊၄၆။

http://www.dhammadownload.com

"အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏ္ဏံ ကဏ္ဏဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ သုက္ကံ သုက္ကဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏ္ဏသုက္ကံ ကဏ္ဏသုက္ကဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ အကဏ္ဏအသုက္ကံ အကဏ္ဏအသုက္ကဝိပါကံ ကမ္မက္ခယာယ သံဝတ္တတိ"[၁]။

ဖော်ပြပါ ပါဠိတော်အရ ကံသည်-

(၁) ကဏ္ဏ ကဏ္ဏဝိပါက = မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံ၊ (အကုသိုလ်ကံ)

(၂) သုက္က သုက္ကဝိပါက = ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံ၊ (အချို့သော ကာမရူပ ကုသိုလ် ကံ)

(၃) ကဏ္ဏသုက္က ကဏ္ဏသုက္ကဝိပါက = မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံ။ (ရောနှောသော ကုသိုလ် အကုသိုလ် ကံ)

(၄) အကဏ္ဏအသုက္က အကဏ္ဏအသုက္ကဝိပါက = မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရာဖြစ်သော ကံ၊ (က၊ မဂ်ဉာဏ်။ ခ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော ဝိဝဋ္ဋဂါမိ ပုဗ္ဗဘာဂ မဂ္ဂစေတနာ။ ဂ၊ မဂ္ဂင်ရှစ်ပါး ဗောဇ္ဈင်ခုနစ်ပါး)။

ဤကံလေးပါးတွင် စတုတ္ထ (အမှတ်-၄) အကဏ္ဏအသုက္က အကဏ္ဏအသုက္က ဝိပါကကံနှင့် ပတ်သက်၍ ယင်း၏အဖွင့်တို့မှာ-

က—"အကဏ္ဏံ အသုက္ကန္တိ ကမ္မက္ခယကရံ စတုမဂ္ဂဉာဏံ အဓိပ္ပေတံ[၂]"

ခ—"ပဟာနာယ ယာ စေတနာတိ ဧတ္ထ ဝိဝဋ္ဋဂါမိနီ မဂ္ဂစေတနာ ဝေဒိတဗ္ဗာ။ သာ ဟိ ကမ္မက္ခယာယ သံဝတ္တတီတိ"[၃]

ဂ—"မဂ္ဂင်္ဂသု ပန ယသ္မာ သတိယာ ဥပဋ္ဌပေတ္ဝာ ပညာယ ပရိစ္ဆိန္နတိ၊ တသ္မာ ဥဘယမေဝ ကမ္မံ။ သေသာ အင်္ဂါနေဝ ဟောန္တိ၊ နော ကမ္မန္တိ ဝုတ္တံ။ ဗောဇ္ဈင်္ဂသုပိ ဧသေဝ နယော။ အဘိဓမ္မေ ပန သမ္ပမ္မေတံ အဝိသေသေန စေတနာသမ္မယုတ္တကမ္မန္တေဝ ဝဏ္ဏိတံ"[၄]

ဤ ဂ-အမှတ်ပါ အဋ္ဌကထာ၏ ဆိုလိုသောအဓိပ္ပါယ်မှာ မဂ္ဂင်ရှစ်ပါးတွင် သတိနှင့် ပညာသာ ကမ္မ မည်သည်၊ ကြွင်းမဂ္ဂင်ခြောက်ပါးသည် ကမ္မမဟုတ်၊

၁။ အံ၁။၅၅၃။ ၂။ အံ ဋ္ဌ၊ ၂၃၉။ သံခိတ္တသုတ္တဝဏ္ဏနာ။
၃။ အံ ဋ္ဌ၊ ၂။၃၉၁။ ဝိတ္ထာရသုတ္တဝဏ္ဏနာ။ ၄။ အံ ဋ္ဌ ၂။၃၉၂။

http://www.dhammadownload.com

ဖောဇ္ဈင်ခုနစ်ပါးဌ်လည်း ဤအတိုင်းပင် မှတ်ပါ၊ အဘိဓမ္မာဌ်မူ သာမညအားဖြင့် စေတနာသမ္မယုတ္တဓမ္မကို ကမ္မဟု ဆိုသည်ဟူ၏။

၇။ ဖော်ပြခဲ့ပြီးသော ကံလေးမျိုးတို့တွင် အမှတ် ၁-ကံအရ အကုသိုလ်စေတနာ အပုညာဘိသင်္ခါရ ဟူသော ကံ၊ အမှတ် ၂-ကံအရ ကုသိုလ်စေတနာ ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရဟူသောကံ၊ အမှတ် ၃-ကံအရ ကုသိုလ် အကုသိုလ် ရောနှောသော မိဿကစေတနာ ဤကံသုံးမျိုးကား စေတနာ စေတသိက်ချည်းသာ ဖြစ်ကြသည်၊ အမှတ် ၄-ကံအရ မဂ်ဉာဏ် ၄-ပါး၊ ဝိဝဋ္ဋဂါမိနီ မဂ်စေတနာ မဂ္ဂင်္ဂစ်ပါး၊ ဖောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်၍ ဆိုခဲ့သော ရှေးစေတနာ ကံသုံးမျိုးကို ကုန်စေတတ်သောကံမျာ း ဖြစ်ကြသည်။

အနည်းငယ် ခွဲ၍ဆိုရသော် ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းအရ အကုသိုလ်ကံကိုပြုလျှင်လည်း အပါယ်ဘုံ၌ဖြစ်မည်၊ ကုသိုလ်ကံပြုလျှင်လည်း သုဂတိဘုံ၌ ဖြစ်မည်၊ ဘုံသုံးဆယ့်တစ်ကလုတ်အောင် မည်သို့ပြုရမည်နည်းဟု ဆင်ခြင်လျှင် ဖော်ပြပြီးအတိုင်း လေးခုမြောက်သောကံဖြင့် ရှေးကံမျာ းကို သတ်၍ ထွက်ရပေလိမ့်မည်။

၈။ စေတနာနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဤသို့ ဥပမာဆောင်၍ ဟောတော်မူသည်၊ "ရဟန်းတို့ မနောသဉ္စေတနာကို မည်သို့မှတ်ထိုက်သနည်း၊ ရဟန်းတို့ မီးလှုံမီးခိုးကင်းသည့် ငါးတောင်ခန့် နက်သော မီးကျီးတွင်း၏ အနီးသို့ အသက်ရှင်သန် နေလိုသည့် ယောကျ်ားတဦး ရောက်ရှိလာရာ အားကောင်းသန်မာသော ယောကျ်ားနှစ်ဦးတို့က ထိုသူ၏ လက်မောင်းတို့ဌ် အသီးသီးဆွဲကိုင်၍ မီးကျီးတွင်းရှိရာသို့ ဆွဲငင်ခေါ်ဆောင်ကြသည်ဆိုပါလျှင် အသက်ရှင်သန်လိုသော ထိုယောကျ်ားအဖို့ မီးကျီးတွင်းသို့ မကျရောက်ရန် ရုန်းကန်ထွက်ပြေးပေလိမ့်မည်၊ ဤကဲ့သို့ အသက်ရှင်သန်လိုသော ယောကျ်ားအဖို့ မီးကျီးတွင်းသို့ ဆင်းလိုသော စေတနာမရှိသည်မှာ အဘယ်ကြောင့်ပါနည်း၊ မီးကျီးတွင်းသို့ကျရောက်လျှင် သေသော်လည်း သေမည်၊ သေလောက်သော ဒုက္ခဝေဒနာကိုသော်လည်း ခံစားရမည်ကို သိသောကြောင့်ပင်တည်း။ ဤသို့ မနောသဉ္စေတနာဟာရကို မှတ်ရမည်"။

"ကထဉ္စ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗော။ သေယျထာပိ ဘိက္ခဝေ အင်္ဂါရကာသု သာဓိကပေါဍိသာ ပုဏ္ဏာ အင်္ဂါရာနံ ဝိတစ္ဆိကာနံ ဝိတဓူမာနံ။ပ။ ဧဝမေဝ ခွာဟံ ဘိက္ခဝေ မနောသဉ္စေကနာဟာရော ဒဋ္ဌဗ္ဗော" တိ ဝဒါမိ။[၁]

၁။ သံ ၁။၃၂၄။

http://www.dhammadownload.com

ဤ၌ မီးကျီးတွင်းနှင့် တောဘူမကဝဋ္ဋတူသည်၊ အသက်ရှင်သန်နေလိုသော ယောကျ်ားနှင့် ဝဋ္ဋနိဿိတဗာလပုထုဇဉ်တူသည်၊ အားကောင်းမောင်းသန်သော ယောကျ်ားနှစ်ဦးနှင့် ကုသိုလ် အကုသိုလ်ကံတူသည်။ အားကောင်းမောင်းသန်သော ယောကျ်ားနှစ်ဦးတို့က အသက်ရှင်နေလိုသော ယောကျ်း၏ လက်မောင်းတို့ကို ဆွဲကိုင်၍ မီးကျီးတွင်းသို့ ဆွဲငင်ခေါ်ဆောင်သောအခါနှင့် ဗာလ ပုထုဇဉ်ပုဂ္ဂိုလ်၏ ကုသိုလ် အကုသိုလ်ကံတို့ကို အားထုတ်ပြုလုပ်သော အခါတူ၏၊ မီးကျီးတွင်းလျှင် အကြောင်းခံသော ဆင်းရဲနှင့် ကံလျှင်အကြောင်းခံသောဝဋ္ဋဆင်းရဲ တူ၏။

"အင်္ဂါရကာသူ ဝိယ ဟိ တေဘူမကဝဋ္ဋံ, ဒဋ္ဌဗ္ဗံ။ပ။ အင်္ဂါရကာသူ နိဒါနံ ဒုက္ခံ ဝိယ ကမ္မနိဒါနံ ဝဋ္ဋဒုက္ခံ ဝေဒိတဗ္ဗံ။"[1]

၉။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကဏ္ဍကဏ္ဍဝိပါက စသော ကံသုံးမျိုးသည် အားကောင်း မောင်းသန်သော ယောကျ်ားနှစ်ဦးနှင့် တူသည်ဖြစ်သောကြောင့် ထိုကံသုံးမျိုးကို ကုန်စေနိုင်သောကံမှာ လေးခုမြောက် အကဏ္ဍ အသုက္ကအကဏ္ဍအသုက္ကဝိပါက ကံဖြစ်သည်။ ထိုလေးခုမြောက် ကံ၏ အရကောက်မှာ သုံးမျိုးရှိသည်ဟု ဖော်ပြခဲ့ပြီး ဖြစ်သည်။

ထိုတွင် လောကီကုသိုလ် အကုသိုလ်ကံကို မဂ်ဉာဏ်ဖြင့် ပယ်သတ်သည် ဆိုခဲ့သော် အရိယာဖြစ်မှ ပယ်သတ်နိုင်သည်၊ ပုထုဇဉ်များ ထိုဉာဏ်မျိုးမရှိ၍ မပယ်သတ်နိုင်၊ မဂ္ဂင် ဗောဇ္ဈင်ဟူသော အကဏ္ဍအသုက္ကကံမှာမူ လောကီ လောကုတ္တရာနှစ်မျိုးရှိ၍ လောကီ သတိပဋ္ဌာ မဂ္ဂင်ဗောဇ္ဈင်သည်လည်းကောင်း ဝိဝဋ္ဋဂါမိနီ မဂ္ဂစေတနာဟူသော လောကီဝိပဿနာသည်လည်းကောင်း လောကီ ကုသိုလ် အကုသိုလ်ကံကို ပယ်သတ်နိုင်ပေသည်၊ ပယ်သတ်ဆိုသည်မှာ တဒင်္ဂ-ပဟာန်မျိုးကိုဆိုသည်။

အချုပ်ဆိုလိုရင်းမှာ ကဏ္ဍကဏ္ဍဝိပါက စသော်အစဉ်၌ ရှေးကံ သုံးမျိုးသည် စေတနာခေါ် ကံသုံးမျိုးဖြစ်၍ ထိုကံများကို အကဏ္ဍအသုက္က အကဏ္ဍအသုက္က ဝိပါကကံဖြင့် ပယ်သတ်နိုင်သည်၊ အများနာလည်အောင် ဆိုရသော်—

"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု" ဟု ဝိဝဋ္ဋခေါ် နိဗ္ဗာန်ကို ရည်မှန်းမျော်ခေါ် ၍ ဘဝကိုမတောင့်တပဲ ပြုသောကုသိုလ်စေတနာသည်လည်း ကောင်း ဝိပဿနာကုသိုလ် ဘံသည်လည်းကောင်း ရှေးကံသုံးမျိုးကို

၁။ သံ ၆ ၂။၁၀၄။

http://www.dhammadownload.com

နိုင်သော ကမ္မက္ခယကရကံမည်၏၊ ဤကံမျိုးရှိသေးသည်ကို အများအားဖြင့် သတိမထားမိကြပေ၊ ဝိဝဋ္ဋနိဿိတဟုဆိုမှ နားလည်ကြမြဲဖြစ်ပေသည်။

ဆိုခဲ့ပြီးသော အကြောင်းအချက်တို့ကို ခြုံငုံသုံးသပ်၍ "ထိုကံနှစ်ဆယ့် ကိုးပါးကို ရှောင်ရှားနိုင်မှ သုံးဆယ့်တဘုံက လွတ်ကြမည်" ဟူသော ခြောက်စောင်တွဲ ဆရာ၏ စကားမှာ သင့်မြတ်သည်ဟု ဝိနည်းဋီရိ ဆရာတော်များက ယူဆတော်မူကြသည်။

အမှတ် (၄) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ်သုံးသပ်ချက်

၁။ (က) "ပုညကိရိယာဆယ်ပါးနှင့် ပါရမီဆယ်ပါး အထူးကား ကုသလ ကမ္မပထကုသိုလ်, ဝဋ္ဋနိဿိတကုသိုလ်, ပုညာဘိသင်္ခရကုသိုလ်, ပုညကိရိယာကုသိုလ်, ဉာဏဝိပ္ပယုတ် ကုသိုလ် စသည်တို့မှာ အတူတူသာ မှတ်ပါ၊ ထို့ကြောင့် ဒါန သီလ စသောကုသိုလ် ကောင်းမှု ပြုလျှင် ပုညကိရိယာချည်းပင်ဟု မထင်နှင့်၊ မမှတ်နှင့်"။

(ခ) ခုဏော နောင်ခါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ဉာဏဝိပ္ပ ယုတ်စိတ်လေးခုနှင့် ပြုပြုသမျှသောကုသိုလ်မှသာ ပုညကိရိယာ ဆိုပါ၊ ပါရမီကုသိုလ်, မဂ်ကုသိုလ်, ဝိဝဋ္ဋကုသိုလ်, ဉာဏသမ္ပယုတ် ကုသိုလ်စသည်တို့မှာ အတူတူသာမှတ်ပါ။

စောဒကဆရာတော်များက အထက်ဖော်ပြပါ ဝိဝဋ္ဋဒီပနီလာ စကားရပ်တို့ကို ထုတ်ပြ၍ ဒါန သီလ စသော ကုသိုလ်ကောင်းမှုပြုလျှင် ပုညကိရိယာ ကုသိုလ် မဟုတ်လျှင် ဘာကုသိုလ်ပါလဲဟု မေးချင်ပါသည် စသည်ဖြင့်လည်းကောင်း ပုညကိရိယာကုသိုလ်ဟူသော အမည်သည် သုတ္တန်အမည်ဖြစ်ပါသည်၊ အဘိဓမ္မာ တရားကိုယ်အရ ကောက်ရပါလျှင် ပုညကိရိယာဝတ္ထုအရ ပုညာဘိသင်္ခါရကုသိုလ် ဖြစ်သော မဟာကုသိုလ်ရှစ်ခု၊ ရူပကုသိုလ် ငါးခု၊ ပေါင်း ၁၃-ခုတို့ကို ကောက်ယူ ရသောကြောင့် ဉာဏဝိပ္ပယုတ်ကုသိုလ်ဟု ကြောင်ပန်းက ဆိုထားခြင်းသည် စာလာ ပေလာနှင့် မညီညွတ်ပါဟူ၍လည်းကောင်း, ဒိဋ္ဌဇုကမ္မဟူသည် ကမ္မဿ-ကတဉာဏ်ဖြစ်၍ ယင်း ဒိဋ္ဌဇုကမ္မခေါ် ကမ္မဿကတဉာဏ်သည် ဒါန သီလ

၁။ ခြောက်စောင်တွဲ နှာ-၁၃

http://www.dhammadownload.com

ဘာဝနာအုပ်စု သုံးခုလုံး၌ ပါဝင်သဖြင့် မဟာကုသိုလ်စိတ် ရှစ်ခုတွင် ဉာဏသမ္ပယုတ်နှင့် ဉာဏဝိပ္ပယုတ်နှစ်ပိုင်းခွဲခြား ဟောတော်မူပါသည်၊ ထို့ကြောင့် ဉာဏဝိပ္ပယုတ်ချည်းသာ ပြော၍ မရပါ ဟူ၍လည်းကောင်း၊

ပုဉ္ဇာယူဟန ခြောက်မျိုးတွင် သယံကာရ, ပရံကာရ, သာဟတ္ထိက, အာဏတ္တိက လေးမျိုးသည် မဟာကုသိုလ်စိတ် ရှစ်ခုတွင် တခုခုသောစိတ်ဖြင့်ပြုလုပ်သဖြင့် ဉာဏ်ပါသည့်အခါ ဉာဏသမ္ပယုတ်ဖြစ်၍ ဉာဏ်မပါသည့်အခါ ဉာဏဝိပ္ပယုတ် ကုသိုလ်မျိုးဖြစ်ပါသည်၊ ကံနှင့်ကံ၏ အကျိုးကို ယုံကြည်ပြီး ပြုလုပ်သည့် သမ္မာနကတာ ကုသိုလ်တွင် ကမ္မဿကတဉာဏ်ပါဝင်နေသဖြင့် ဉာဏသမ္ပယုတ် ကုသိုလ်မျိုးသာ ကောန်ဖြစ်ပါသည်၊ ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုး မဖြစ်နိုင်တော့ပါ၊ ကံနှင့် အကျိုးကို မသိပဲ ပြုလုပ်သည့် အသမ္မာနကတာ ကုသိုလ်သည် ကံနှင့် အကျိုးကိုမျှ သိသည့်ဉာဏ် မပါတော့သဖြင့် ဉာဏဝိပ္ပယုတ်သက်သက်သာ ဖြစ်ပါသည်ဟူ၍လည်းကောင်း၊

ဉာဏ်ပါသည် မပါသည်နှင့် ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ်ဆိုသည်မှာ တခြားစီဖြစ်ပါသည်၊ ဝဋ္ဋကုသိုလ်သည် ကမ္မဿကတဉာဏ်ပါသည့်အတွက် ဉာဏသမ္ပယုတ်ဖြစ်နေပါသည်၊ ဆိုလိုရင်းမှာ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းကို တောင့်တပြီး ကုသိုလ်လုပ်ခြင်းသည် ဒီကုသိုလ်လုပ်ရင် ဒီအကျိုးရမည်ဟု ကံနှင့် အကျိုးကို ယုံကြည်မျှော်ကိုးကာ ပြုလုပ်သောကြောင့် အနည်းဆုံး ကမ္မဿကတသမ္မာဒိဋ္ဌိသို့ဝင်ရောက်၍ ဒိဋ္ဌိဇုကမ္မဖြစ်ပြီး ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်သည် ဟူ၍လည်းကောင်း၊

ထိုဉာဏဝိပ္ပယုတ်ကုသိုလ်သည်လည်း ကုသလဓမ္မ- ကောင်းသောတရားဖြစ်ကြောင်း ထင်ရှားပါသည်၊ ထို့ကြောင့် ဉာဏဝိပ္ပယုတ်ဖြစ်စေ ဉာဏသမ္ပယုတ်ဖြစ်စေ ကုသိုလ်သည် ကောင်းသည်သာဖြစ်၍ ကောင်းသောတရား ဖြစ်ကြောင်း သို့သော် အကောင်းထဲတွင် ပို၍ကောင်းသည်ကိုသာ ဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်ပါသည် ဟူ၍ လည်းကောင်း၊

ကြောင်ပန်းဝါဒက ပုညကိရိယာကုသိုလ်သည် ဉာဏဝိပ္ပယုတ် တခုတည်းသာ ဗုဒ္ဓဝါဒက ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် နှစ်ပါးလုံးရှိသည် စသည်ဖြင့်လည်းကောင်း အဓမ္မဝါဒအဖြစ် စောဒနာတင်ကြသည်။

စုဒိတက ဆရာတော်များကလည်း ကုသလကမ္မပထကုသိုလ်, ဝဋ္ဋနိဿိတကုသိုလ်၊ ပုညာဘိသင်္ခါရကုသိုလ်, ပုညကိရိယာကုသိုလ်, ဉာဏဝိပ္ပယုတ်ကုသိုလ် ဟူ၍ ထိုသို့ရေးသားထုတ်၌ တဏှာပါသော ကုသိုလ်များကို လောကီချမ်းသာများကိုသာ ပေးစွမ်းနိုင်၍ လောကုတ္တရာချမ်းသာကို မပေးစွမ်းနိုင်ခြင်း တူပုံကို "အပ္ပမတ္တကမိဒံ ဟိ ပဏ္ဍမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု" စသော နိဒါနဝဂ္ဂ

http://www.dhammadownload.com

သံယုတ် အဋ္ဌကထာ (နှာ-၁၈)ကို ကိုးကား၍လည်းကောင်း၊ပုညကိရိယာချည်း မထင်နှင့်ဟု ရေးသားရာ၌ ဝဋ္ဋနိဿိတပုညကိရိယာကိုသာ ရေးသားခြင်းဖြစ်ပါသည်၊ ဝိဝဋ္ဋနိဿိတပုညကိရိယာကို ဝိဝဋ္ဋနိဿိတကုသိုလ်၌ ပါဝင်သွားပြီးဖြစ်သောကြောင့် ဆရာတော်ဘုရားကြီးက သိလောက်သဖြင့် ရေးသားခြင်းမပြုပါ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း နှာ-၂၁၈-၌ လည်း ဝိဝဋ္ဋနိဿိတကုသိုလ်ကိုမူကား သခ်ါရပုဒ်၌လည်း မထည့်သွင်းအပ်၊ကမ္မဘဝ၌လည်း မထည့်သွင်းအပ်၊ အဘယ့်ကြောင့်နည်းဆိုသော် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် ဝဋ်လည်ပုံကိုသာ ဟောသော ဝဋ္ဋကထာ ဒေသနာ ဖြစ်သောကြောင့်တည်းဟူ၍လည်းကောင်း ပါရမီကုသိုလ်, မဂ်ကုသိုလ်, ဝိဝဋ္ဋကုသိုလ်, ဉာဏသမ္ပယုတ်ကုသိုလ် ဤကုသိုလ်များသည် နိဗ္ဗာန်ကိုရောက်အောင် ပို့ဆောင်နိုင်ခြင်း ပေးနိုင်ခြင်းတူသောကြောင့် အတူတူသာ မှတ်ပါဟု ရေးသားခြင်းဖြစ်ပါသည်။

ဝိဝဋ္ဋနိဿိတ ပုညကိရိယာကို ပါရမီကုသိုလ် ဝိဝဋ္ဋကုသိုလ်၌ သဘာဝယုတ္တိအားဖြင့် ပါဝင်သွားပြီဖြစ်၍ ဂန္ထဂရုအပြစ်မှ လွတ်စေရန် ရေးသားခြင်း မပြုခဲ့ပါ၊ ၎င်းခြောက်စောင်တဲ့အဖွင့်ဖြစ်သော စတုတ္ထဆရာတော် ဦးတိဏ္ဏရေးသားသော ဝိဝဋ္ဋဒါနဒီပနီကျမ်း၊ နှာ-၁၀၀-၌ ထိုဒါန သီလ ဘာဝနာစသော ပုညကိရိယာဝတ္ထုဆယ်ပါးတို့သည် (၁) ဝဋ္ဋနိဿိတပုညကိရိယာကုသိုလ် (၂) ပဝဋ္ဋနိဿိတပုညကိရိယာကုသိုလ် ဤသို့ မိမိတို့ညွတ်ကိုင်းသော စေတနာအစွမ်းဖြင့် နှစ်ပါးအပြားရှိ၏ ဟူသောအကြောင်းကိုပြု၍လည်းကောင်း–

မဂ်ကုသိုလ်ဆိုရာ၌–

> ကာယာဒိစတုအာရမ္မဏပဝတ္တော ဟိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ ဣဓာဓိပ္ပေတော နာ လောကုတ္တရော[1]၊

အရ ပုဗ္ဗဘာဂသတိပဋ္ဌာန်ဟုဆိုအပ်သော ဝိပဿနာမဂ်ကို ဤနေရာမှာ အလိုရှိအပ်၏၊ လောကုတ္တရာမဂ်ကို အလိုမရှိအပ်ဟူ၍လည်းကောင်း ချေပ သောဓနာခြင်းပြုကြပေသည်။

၂။ ဖော်ပြပါ အဆိုအချေ စကားနှစ်ရပ်တို့ကို ခြုံငုံသုံးသပ်သည်ရှိသော် စောဒကဆရာတော်တို့က ဒါန သီလစသော ကုသိုလ်ကောင်းမှုကိုပြုလျှင် ပုညကိရိယာချည်းပင်မထင်နှင့် မမှတ်နှင့်ဟူသော ခြောက်စောင်တဲ့ဆရာ၏ စကားကို ဆုပ်ကိုင်ကာ ပုညကိရိယာကုသိုလ်ကို ဝဋ္ဋနိဿိတကုသိုလ်ဟုလည်းကောင်း ဉာဏ-ဝိပ္ပယုတ်ကုသိုလ်ဟုလည်းကောင်း ကြောင်ပန်းကဆိုသည်ဟု အဓိပ္ပာယ်ကောက်

၁။ ဒီဃ၊ ၂။၃၇၆။

http://www.dhammadownload.com

ယူ၍ ပုညကိရိယာဝတ္ထုမှာ အရကောက်အားဖြင့် မဟာကုသိုလ်စိတ်ရှစ်ခု ပါဝင်နေသဖြင့် ဉာဏဝိပ္ပယုတ်ကုသိုလ်ချည်းမဟုတ်၊ ဉာဏသမ္ပယုတ်ကုသိုလ်လည်း ပါဝင်သည်ဟု ဆိုလိုပေသည်။

စုဒိတကပုဂ္ဂိုလ်မျာ်းက "ပုညကိရိယာချည်းမထင်နှင့်" ဟူသော ခြောက်စောင်တဲ့စကားမှာ ဝဋ္ဋနိဿိတပုညကိရိယာကိုရည်ရွယ်၍ ရေးသားပါသည်ဟု အဆိုပြုကြပေသည်၊ ထိုအဆိုအတိုင်း ဝဋ္ဋနိဿိတဟူသောစကားကို ထည့်သွင်းလျှင် –

"ထို့ကြောင့် ဒါန သီလစသောကုသိုလ်ကောင်းမှုပြုလျှင် ဝဋ္ဋနိဿိတပုညကိရိယာချည်းပင်ဟု မထင်နှင့်မမှတ်နှင့်" ဟူသော စကားဖြစ်လာသည်၊ ထိုစကားအရ ပုညကိရိယာဝတ္ထုမှာ–

(က) ဝဋ္ဋနိဿိတ ပုညကိရိယာ
(ခ) ဝိဝဋ္ဋနိဿိတ ပုညကိရိယာ-

ဟူ၍နှစ်မျိုးရှိကြောင်း ကျမ်းဆရာ၏အလို ပေါ်လာသည်။

ထိုသို့ ပေါ်လာသော်လည်း "ခုရောနောင်ပါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း၊ လောဘတဏှာပါသော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုညကိရိယာဆိုပါ" ဟူသော(ခ) အမှတ်စကား၏အဓိပ္ပာယ်မှာ ပြောင်းလဲ၍မသွားနိုင်ပေ၊ အဘယ်ကြောင့်နည်း ပုညကိရိယာမှာ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးခုသာ ရှိသည်ဟု ဆိုသလို ဖြစ်နေသောကြောင့်ပေတည်း။

စုဒိတကပုဂ္ဂိုလ်တို့ အဆိုပြုထားသည့်အတိုင်း ဝဋ္ဋနိဿိတ ပုညကိရိယာ ဟူသော စကားကို ပါဠိအဋ္ဌကထာအဆိုမျာ်းနှင့် ညှိနှိုင်းစိစစ်၍ ပြလိုပေသည်။

> ၃။ တတ္ထ ကတမံ ကမ္မဿကတဉာဏံ၊ အတ္ထि ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ။ပ။ ယေ ဣမဿ လောကံ ပရဿ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"တိ၊ ယာ ဝေဿပါ ပညာ ပဇာနနာ။ ပ။ ဌပေတွာ သစ္စာ-နုလောမိကံ ဉာဏံ သမ္မာပိ သာသဝါ ကုသလာ ပညာ ကမ္မဿကတ-ဉာဏံ[၁]။

ဆိုလိုသည်မှာ – ကမ္မဿကတဉာဏ်ဟူသည်မှာ "ပေးလှူခြင်းအကျိုးသည်ရှိ၏၊ ယဇ်ပူဇော်ခြင်း (အလှူကြီးပေးခြင်း)၏ အကျိုးသည်ရှိ၏၊ ဟုန်းပူဇော်

၁။ အဘိ-၂ ၂၃၄။

http://www.dhammadownload.com

ခြင်း (ညှဉ်ခံခြင်း လက်ဆောင်ပေးခြင်းစသော အသေးအဖွဲ ပေးလှူပူဇော်ခြင်း)၏အကျိုးသည်ရှိ၏၊ ကောင်းမှု မကောင်းမှု၏အကျိုး ဝိပါက်သည်ရှိ၏၊ ဤလောကသည်ရှိ၏၊ တပါးသော လောကသည်ရှိ၏၊ အမိဦးကောင်းစွာပြုခြင်း မပြုခြင်း၏ အကျိုးသည်ရှိ၏၊ အဖဦးကောင်းစွာပြုခြင်း မပြုခြင်း၏အကျိုးသည်ရှိ၏၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည်ရှိကုန်၏၊ ဝါဒပဋိပဒေသန္ဒေနေကုန်သော နတ်စသောသတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုလည်းကောင်း တပါးသော လောကကို လည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော သမဏဗြာဟ္မဏတို့သည် လောကဋ္ဌရှိကုန်၏၊ ဤသို့သဘောရှိသောပညာ အပြားအားဖြင့် သိတတ်သောပညာ မတွေ့မဝေသိတတ်သောပညာ ဖြောင့်မှန်စွာသိတတ်သောပညာသည် ကမ္မဿကတညာဏ်မည်၏၊ မဂ္ဂသစ္စာ နိဗ္ဗာန်အာဝဇ္ဇော်သော ဝိပဿနာဉာဏ်ကိုထား၍ ကြင်းသောအလုံးစုံသောအာသဝေါတရားတို့၏အာရုံဖြစ်သော လောကီကုသိုလ် သတ္တရသဋ္ဌရှိသော ပညာသည် ကမ္မဿကတဉာဏ် မည်၏ဟု ဆိုလိုပေသည်။ အဋ္ဌကထာကလည်း—

> "ဌပေတွာ သစ္စာနုလောမိကံ ဉာဏန္တိ မဂ္ဂသစ္စဿ ပရမတ္ထသစ္စဿ စ အနုလောမနတော သစ္စာနုလောမံကန္တိ လဒ္ဓနာမံ ဝိပဿနာဉာဏံ ဌပေတွာ အဝသေသာ သဗ္ဗာပိ သာသဝါ ကုသလာပညာ ကမ္မဿကတဉာဏမေဝါတိ အတ္ထော"[၁]။

"မဂ္ဂသစ္စာအားလည်းကောင်း ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန်အားလည်းကောင်း လျော်စွာဖြစ်ခြင်းကြောင့် သစ္စာနုလောမိကဉာဏ်ဟူ၍ အမည်ရသည့် ဝိပဿနာဉာဏ်ကိုထား၍ ဝိပဿနာဉာဏ်မှကြွင်းသည့် အလုံးစုံလည်းဖြစ်သော အာသဝေါတရားတို့၏အာရုံဖြစ်သည့် ကုသိုလ်ပညာဟူသမျှသည် ကမ္မဿကတဉာဏ်ခေါ်သည်း"ဟုဆိုလို၏။

ဤပါဠိအဋ္ဌကထာများအရ သစ္စာနုလောမိကအမည်ရသော ဝိပဿနာဉာဏ်မှတပါးသော အာသဝေါတရား၏အာရုံဖြစ်သည့် အလုံးစုံသောလောကီကုသိုလ်သတ္တရသ(မဟာကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ အရူပကုသိုလ် ၄)ခွဲယှဉ်သော ပညာသည် ကမ္မဿကတဉာဏ်မည်သည်သဘောရသည်းဟူသော အနက်အဓိပ္ပာယ်ကို သိရပေသည်။

အထူးအားဖြင့် အဋ္ဌကထာ၌ သာသဝါ (အာသဝေါတရား၏အာရုံ) ဟူသောစကားဖြင့် ကမ္မဿကတဉာဏ်သည် ဝဋ္ဋနိဿိတကုသိုလ်ဖြစ်ကြောင်း ဖော်ပြနေ၏၊ ထိုသို့ဖော်ပြနေကြောင်းကိုလည်း—

၁။ အဘိ ဋ္ဌ၊ ၂။၃၉၈။

http://www.dhammadownload.com

"တတ္ထ ကမ္မဿကတသမ္မာဒိဋ္ဌိ သမ္မတ္တိဘဝံ အာကဈတိ၊
စျာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိံ ဒေတိ"[၁]

ဤဩဂုံတို့ရိုအင်္ဂကထာစကားဖြင့် ပိုမိုသိသာ ထင်ရှား၏။

ဆိုလိုရင်းကား ကမ္မဿကတသမ္မာဒိဋ္ဌိသည် ဝဋ္ဋနိဿိတကုသလကမ္မပထပုဉ်ကိရိယာကုသိုလ်မျိုးဖြစ်သည်၊ ထိုကုသိုလ်မျိုး၌ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဟူ၍ နှစ်မျိုးရှိသည်ဖြစ်သောကြောင့် "ခုဏောနောင်ပါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုဉ်ကိရိယဆိုပါ" ဟူသော ခြောက်စောင်တဲ့ဆရာ၏ စကားသည် ပါဠိတော် အင်္ဂကထာလာ အဓိပ္ပါယ်တို့နှင့် မညီညွတ်သဖြင့် ပညာရှိတို့ ကျေနပ်လောက်သော စကားမဟုတ်ဟု ဝိနည်းဓိုရ်များက ယူဆကြသည်။

၄။ (ဂ) "မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှ ကုသလကမ္မပထတရားဆယ်ပါးကို သာသနာတော်အခါများ၌ ကောင်းသော တရားဟု ပြော်မှား ဟောမှား ပြုကျင့်မှားသော သူများသည် သာသနာပ လူများ အပါယ်ဘုံသား ခွေး ဝက် ကျွဲ နွားများနှင့်အလားတူ ဆုယူမှားကြောင်းကို – "ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသည်ဖြင့် သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။[၂]

ဖော်ပြပါစကားရပ်ကို ထုတ်နုတ်၍ စောဒနာ အမှတ်-၄ (ဂ) အဖြစ် တင်ပြကြသည်၊ ထိုသို့ တင်ပြရာ၌ ကုသိုလ်နှင့်စပ်ဆိုင်၍ ဘုရားရှင်က ကောင်းသော တရားသာ ဖြစ်ကြောင်းကို အကြိမ်ကြိမ်အဖန်ဖန်နည်းအမျိုးမျိုးဖြင့် ဟောကြားတော်မူခဲ့ပါသည်၊ ကာယကံ ဝစီကံမြောက်ကုသိုလ်လုပ်သည်ကို မဆိုထားနှင့် ကုသိုလ်တရားတို့၌ စိတ်ညွတ်ရုံမျှ ကုသိုလ်လုပ်ချင်စိတ်ကလေးဖြစ်ရုံမျှကိုပင် အကျိုးကျေးဇူးများကြောင်း ဟောတော်မူပါသည် - ဟူ၍လည်းကောင်း။

"အနည်းငယ်မျှ ကုသိုလ်ကို လုပ်မိသဖြင့် အကျိုးပေးနည်းမှာပါ" ဟု မကဲ့ရဲ့ပါနှင့် မထေမဲ့မြင်မလုပ်ပါနှင့်၊ အဖုံးဖွင့်ထားသောအိုးကြီးသည် မိုးရွာသောအခါ မိုးရေစက်ကလေးပေါင်းများစွာ ကျပါများသဖြင့် ပြည့်ရသကဲ့သို့ ပညာရှိသည် ကုသိုလ်ကို နည်းနည်းလုပ်ခြင်းဖြင့် ပြည့်စုံ၏ဟု ဟောကြားတော်မူသောကြောင့် ကုသိုလ်ဟူသည်မှာ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်မှ ဆိုသည်ထက် အစက်ကျ

၁။ အံ ၆ ၁၃၃။ ၂။ ခြောက်စောင်တဲ့၊ နှာ ၁၉၅။

http://www.dhammadownload.com

များ ပြည့်သောလားသို့ ရရာကုသိုလ်ကို ရသည့်အချိန်အခါ ရသည့်နေရာတွင် လုပ်ခဲ့ပါသည်၊ ယင်းသို့ လုပ်သော ကုသိုလ်မျိုးကို ဘုရားရှင်က မကဲ့ရဲ့ မချတ်ချပါလင့် ဟုဆိုထားပါသော်လည်း ကြောင်ပန်းကမူ ခွေး ဝက် ကျွဲ နွား အပါယ်ဘုံသားများနှင့်တူသည်'ဟု ကဲ့ရဲ့ရှုတ်ချဝံ့သော သတ္တိကောင်းကြီးဖြစ်လေသည်" ဟူ၍လည်းကောင်း

အထက်ဖော်ပြပါ အချက်အလက်တို့အရဖြင့်ပင် ဉာဏဝိပွယုတ်ကုသိုလ်သည်လည်း ကုသလဓမ္မ ကောင်းသောတရားဖြစ်ကြောင်း ထင်ရှားပါသည်၊ထို့ကြောင့် ဉာဏဝိပွယုတ်ဖြစ်စေ ဉာဏသမ္ပယုတ်ဖြစ်စေ ကုသိုလ်သည် ကောင်းသည်သာဖြစ်၍ ကောင်းသောတရားဖြစ်ကြောင်း သို့သော် အကောင်းထဲတွင် ပို၍ကောင်းသည်ကိုသာ ဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်ပါသည်ဟူ၍လည်း ကောင်း အကြောင်းပြကာ စောဒနာတင်ကြပေသည်။

စုဒိတက ပုဂ္ဂိုလ်များကလည်း သုဂတီဘုံ၌ သာသနာတော်တွင်းကာလ ရနေကြသော ပုဂ္ဂိုလ်များမှာ ဒါန သီလ ဘာဝနာများကို ပြုလုပ်ဆောက်တည်ပွားများအားထုတ်တိုင်း နိဗ္ဗာန်ကိုသာ ဆုတောင်း၍ ပြုလုပ်ပါဟု ဗုဒ္ဓဘာသိတကို ရေးသားခြင်း ဖြစ်ပါသည်။

> "ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌုက်ယာဂုမတ္တဒါနမ္ပိ-"

စသော နိဒါနသံယုတ်အဋ္ဌကထာ ပဋိပဒါသုတ်အဖွင့် (၁၈) ကို ကိုးကား၍ အကျဉ်းအဓိပ္ပာယ်မှာ အနည်းဆုံး အုန်းတမှုတ်မပို ဟင်းချိုမျှသော ယာဂုအလှူ ဟင်းရွက်တဆုပ်အလှူမှစ၍ နိဗ္ဗာန်ကိုသာ ဆုတောင်း ပြုလုပ်ပါ၊ ဒါမှ ဘုရားအလိုတော်ကျ ကောင်းသောအကျင့်ဖြစ်ပါ'မည်ဟု သဘောရပါသည်ဟူ၍ ချေပရေးသားကာ သောဓနာလ္ဘာ တင်သွင်းကြသည်။

၅။ ဤအချေအတင်နှစ်ရပ်ကို ခွဲငုံစဉ်းစားလိုက်သည်ရှိသော်

> "မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနိ" [၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ပုညာနံ၊ တေဘူမကကုသိုလ်တို့မှ။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ယဒိဒံ-ယာနိ ပုညာနိ၊အကြင်တေဘူမကကုသိုလ်တို့သည်။ သန္တိ၊ရှိကုန်၏။ ဧတံ၊ ဤတေဘူမကကုသိုလ်ဟူသောအမည်သည်။ သုခဿ၊အလိုရှိအပ်သောအကျိုး၏။ အဓိဝစနံ၊ အမည်တည်း။ (ဋီကာဖွင့်နှင့် အညီပေးသည်)

၁။ အံ၂၊၄၆၅။

http://www.dhammadownload.com

ဤဖော်ပြခဲ့သော ပါဠိတော်အရ တေဘူမကကုသိုလ်တရားကို မြတ်စွာဘုရား ကဲ့ရဲ့တော်မမူဟူသော စောဒကဆရာတော်တို့၏ စကားသည် မှန်ပေသည်၊ သို့သော် ဉာဏဝိပ္ပယုတ္တကုသိုလ်ကို နှိမ်၍ ရေးသောခြောက်စောင်တွဲကျမ်းဆရာ၏ စကားသည်လည်း မှားသည်ဟု မဆိုသာချေ။

စဉ်းငယ်ခွဲထုတ်၍ စိစစ်ဦးအုံ–

> "အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝဋ္ဋံ ကမ္မဘဝသခ်ါတော ဘဝေကဒေသော သခ်ါရာ စ ကမ္မဝဋ္ဋံ၊ ဥပပတ္တိဘဝသခ်ါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိ ဝဋ္ဋာနိ"[၁]
>
> "ကမ္မဘဝသခ်ါတော ဘဝေကဒေသောတိ ဇဝ္ဇ အာယတိ• ပဋိသန္ဓိယာ ပစ္စယစေတနာ့ ဘဝေါ နာမ၊ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယစေတနာ သခ်ါရာတိ ဝေဒိတဗ္ဗာ။ အဝသေသာစာတိ ဝိညာဏာဒိပဉ္စကဇာတိဇရာမရဏဝသေန သတ္တဝိဓာ ပစ္စုပ္ပန္နဖလဝသေန ဝုတ္တဓမ္မာ။ ဥပပတ္တိဘဝသခ်ါတော ဘဝေကဒေသောတိ ပန အနာဂတပရိယာပန္နာ ဝေဒိတဗ္ဗာ။ ဘဝသဒ္ဒေန ကမ္မဘဝဿာပိ ဝုစ္စမာနတ္တာ ဘဝေကဒေသသဒ္ဒေါ ဝုတ္တော"[၂]

အဓိပ္ပါယ်မှာ– အဝိဇ္ဇာတဏှာ ဥပါဒါန်သည် ကိလေသဝဋ်မည်၏၊ လာလတ္တံ့ အနာဂတ်ကာလ၌ ပဋိသန္ဓေဝိညာဏ်၏ အကြောင်းဖြစ်သော ယခု ပစ္စုပ္ပန် စေတနာဟူသော ဘဝတစိတ် ရှေးဘဝကံကြောင့် ဤပစ္စုန်ဘဝ၌ ပဋိသန္ဓေဝိညာဏ်၏ အကြောင်းဖြစ်သော အတိတ်စေတနာဟူသော သခ်ါရတို့သည် ကမ္မဝဋ်မည်၏၊ အနာဂတ်ဘဝ၌ အကြုံးဝင်သော လောကီဝိပါက် ကမ္မဇရုပ်ဟု ဆိုအပ်သော ဥပပတ္တိဘဝသည်လည်းကောင်း ထိုမှကြွင်းသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏသည်လည်းကောင်း ဝိပါကဝဋ်မည်၏ဟု ဆိုလိုသည်။

ယင်း ဝဋ်သုံးပါးလည်ပုံမှာ—

(က) ရှေးဘဝက မြင်မှု ကြားမှုစသည်ကို အမှန်အတိုင်းမသိပဲ ချမ်းသာသည် ကောင်းသည်ဟု သိမှုသည် အဝိဇ္ဇာမည်၏၊ ထိုအဝိဇ္ဇာသိထားသည့် မြင်မှု ကြားမှုစသည်ကို သာယာနှစ်သက်ခဲ့ခြင်းသည် တဏှာမည်၏၊ ယင်းကိုစွဲလမ်းခြင်းသည် ဥပါဒါန်မည်၏၊ ဤသုံးပါးသည် ကိလေသဝဋ်မည်၏။

၁။ အဘိ၁မ္ဗဋ္ဌသင်္ဂဟ ပစ္စည်းပိုင်း ပုဒ် ၁၁။ ၂။ ဝိဘာဝိနီဋီကာ-၂၄၀။

http://www.dhammadownload.com

(ခ) ထိုကိလေသဝဋ်ဖြင့် အသိမှားပြီး သာယာ စွဲလမ်းသည့်အတွက် ချမ်းသာ ကောင်းစားရအောင် ရည်ရွယ်ပြီး အားထုတ်ခဲ့မှုသည် သခ်ါရမည်၏၊ အမှုကံပြီးမြောက်ခဲ့မှုသည် ကမ္မဘဝမည်၏၊ ထိုနှစ်မျိုးသည် ကမ္မဝဋ်မည်၏။

(ဂ) ကံ သခ်ါရဟူသော ကမ္မဝဋ်ကြောင့် ပဋိသန္ဓေခဏမှစပြီး ဖြစ်ပေါ်လာသည့် ခဏမစဲ တဖြစ်ပြီးတဖြစ် ဖြစ်ချုပ်နေသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တရားငါးပါးသည် ဝိပါကဝဋ်မည်၏။

ထိုဝိပါကဝဋ်တရားတွေကိုပင် ငါမြင်တယ် ငါကြားတယ် ငါတွေ့တယ် ငါသိတယ် ငါခံစားတယ်စသည်ဖြင့် အလွဲအမှားသိမှု အဝိဇ္ဇာ သာယာနှစ်သက်မှု တဏှာ စွဲလမ်းမှုဥပါဒါန် ကိလေသဝဋ်သည် ယခုဘဝ ဝိပါကဝဋ်ကိုမှီပြီး ဖြစ်လာပြန်သည်၊ ထိုအဝိဇ္ဇာအစရှိသော ကိလေသဝဋ်ကြောင့် အားထုတ်မှုသခ်ါရအမှုကံပြီးမြောက်မှု ကမ္မဘေါ် ကမ္မဝဋ်ဖြစ်လာပြန်သည်၊ ထိုကမ္မဝဋ်ကြောင့် နောက်ဘဝဋ္ဌ ဇာတိပေါ်လာ၍ ဇရာမရဏစသည်မျှား ဖြစ်ကြရသည်၊ ထိုဇာတိဇရာ မရဏ၏ တရားကိုယ်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ဝိပါကဝဋ်တရားတွေပင်ဖြစ်သည်၊ ထိုဝိပါက ဝဋ်တရားကိုမှီ၍ ကိလေသဝဋ် ရှေးနည်းအတိုင်း ဖြစ်ပြန်သည်။

ဤသို့အားဖြင့် အရဟတ္တမဂ်ကို မရသေး မရောက်သေးသမျှ သံသရာဝဋ်၌ တလည်လည် တပတ်ပတ်ဖြစ်၍ နေပေလိမ့်မည်၊ ဤသည်မှာ ဝဋ်သုံးပါးလည်ပတ်ပုံပင်တည်း။[၁]

၆။ ထိုသံသရာဝဋ်မှလွတ်အောင်သော်လည်းကောင်း သံသရာဝဋ်၌ လည်နေအောင်သော်လည်းကောင်း မည်ကဲ့သို့ ကျင့်ရမည်ကို ဤသို့ ဟောတော်မူသည်။

> ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သခ်ါရာ၊ သခ်ါရပစ္စယာ ဝိညာဏံ။ ပ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။"
>
> ကတမာ စ ဘိက္ခဝေ သမ္မာပဋိပဒါ။ အဝိဇ္ဇာယ တွေဝ အသေသ-ဝိရာဂ နိရောဓာ သခ်ါရနိရောဓော၊ သခ်ါရနိရောဓာ ဝိညာဏနိရောဓော ။ပ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာပဋိပဒါတိ။[၂]

၁။ ပဋိသံ၊ ၂-၅။ အဘိဒ္ဓ ၂၊၁၀၂။ ၂။ သံ၊ ၁၂၊၄၆။

http://www.dhammadownload.com

တတိယော မိစ္ဆာပဋိပဒန္တိ အယံ တာဝ အနိယျာနိက ပဋိပဒါ။ ပ။ ဝဋ္ဋသိသန္တိ ဝဋ္ဋသိသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။ ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတ္ဝာ ပဝတ္တိတံ။ ပ။ ဝဋ္ဋဓမဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ"။

ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ။ ပ။ ပဋိလောမဝသေန သမ္မာပဋိပဒါ ဒေသိတာတိ ဓဝဒိတမ္ဘာ။[၁]

ဤပါဠိ အဋ္ဌကထာများအရ သမ္မာပဋိပဒါဖြစ်အောင် လုပ်ရမည်၊ သမ္မာပဋိပဒါဆိုသည်မှာ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ဝါ-ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု ဟု ဆုတောင်း၍ စိတ်ဖြင့်ရည်စူးလျက် အလှူပေးခြင်း သီလဆောက်တည်ခြင်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း စသည်များသည် သမ္မာပဋိပဒါများဖြစ်သည်၊ ထိုသမ္မာပဋိပဒါအတိုင်း ကုသိုလ်ပြုသည်ရှိသော် အရဟတ္တဖိုလ်ဉာဏ် ပစ္စေကဗောဓိဉာဏ် သဗ္ဗညုတဉာဏ်များအထိ ရနိုင်သည်၊ သမ္မာပဋိပဒါဖြစ်မှ သံသရာဝဋ်ကလွတ်မည်ဟု ဆိုလိုပေသည်။

ထိုသို့မဟုတ်ပဲ ဘဝသုံးပါးဟု ဆိုအပ်သော ဝဋ်တရားကို တောင့်တ၍ အလှူပေးခြင်း သီလဆောက်တည်ခြင်း ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း စသည်များသည် မိစ္ဆာပဋိပဒါဖြစ်သည်၊ ထိုကုသိုလ်မျိုးသည် သံသရာဝဋ်၌သာလျှင် တရစ်ပတ်ပတ်လည်၍ နေစေလိမ့်မည်၊ ဤစကားများဖြင့် လောကီဝဋ္ဋနိဿိတ ကုသိုလ်ကို မိစ္ဆာပဋိပဒါ-မှားသောအကျင့်ဟု ကဲ့ရဲ့တော်မူထားခြင်း။

၇။ ထိုမှတပါး—

"ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ဟိနံ ။ပ။ ဣမေ ဓမ္မာ ကုသလာ။

ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ။ပ။ အရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ။ပ။ ဣမေ ဓမ္မာ ကုသလာ[၂]။

ဟီနတ္တိကေ မစ္ဆိမရာသိမှိ ယေ သဝိပါကာ ဝဋ္ဋနိဿိတေနေဝ ဒါနာဒိ-ဝသေန ပဝတ္တိတာ၊ တေ ဟီနာတိ ကာတဗ္ဗာ။ ယေ ဝိဝဋ္ဋနိဿိတေန ဒါနာဒိဝသေန ပဝတ္တိတာ၊ တေ ပဏီတာတိ ကာတဗ္ဗာ။ အဝိပါကာ မစ္ဆိမာတိ ကာတဗ္ဗာ[၃]။

---

၁ သံ ၆ ၂၊ ၁၈။ ၂။ အဘိ၊ ၁၊၆၉-၇၁။ ၃။ မူလဋ္ဌိ၊ ၁၊၁၁၀။

http://www.dhammadownload.com

ဘဝသမ္ဘတ္တိလောဘေန ဝါ ပဝတ္တိတံ ဟိနံ၊ အလောဘဇ္ဈာသယေန ပဝတ္တိတံ မဇ္ဈိမံ၊ ပရဟိတာယ ပဝတ္တိတံ ပဏီတံ[၁]။

ဤ၌ ပါဠိတော်ဖြင့် ကာမ ရူပ အရူပကုသိုလ်တို့ကိုထုတ်ပြ၍ ဟီန မဇ္ဈိမ ပဏီတ ခွဲပြတော်မူသည်။ အဖွင့်သံဝဏ္ဏနာတို့ဖြင့် ဝဋ်ကိုမှီသော ဒါနစသည်တို့ကို ဟီန, ဝဋ်ကိုမမှီ နိဗ္ဗာန်ကိုမှီ၍ပြုသော ဒါနစသည်တို့ကို ပဏီတဟုခွဲပြသည်၊ ထို့ပြင် ဘဝသမ္ပတ္တိကို အလိုရှိ၍ပြုသော ကုသိုလ်သည် ဟီန၊ အလောဘဓောတ်ဖြင့်ပြုသော ကုသိုလ်သည် မဇ္ဈိမ၊ သူတပါး၏အစီးအပွားကို တောင့်တ၍ပြုသော ကုသိုလ်သည် ပဏီတဟု ခွဲပြသည်။

ဤစကားရပ်ဘုံဖြင့် ဘုံသုံးပါး၌ ဖြစ်သော လောကီကုသိုလ်သတ္တရသကို အယုတ်အလတ်အမြတ်ခွဲ၍ ပြတော်မူလျက် ဝဋ္ဋနိဿိတကုသိုလ်ကို ဟီနဟုကဲ့ရဲ့တော်မူခြင်း။

၈။ သေယျထာပိ ဆိကွဝေ အပွမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ။ ဧဝမေဝံ ခေါ အဟံ ဘိက္ခဝေ အပွမတ္တကမ္ပိ ဘဝံ နာဝဏ္ဏေမိ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ။[၂]

ရဟန်းတို့ အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသောအနံ့ရှိသကဲ့သို့ ဤအတူ၊ ငါသည် အနည်းငယ်မျှသောဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တတွက်ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူဟု မိန့်တော်မူ၏[၃]။

အပွမတ္တကမ္ပိ ဘဝံ နာဝဏ္ဏေမိတိ အပွမတ္တကမ္ပိ ကာလံ ဘဝေ ပဋိသန္ဓိံ နာဝဏ္ဏယာမိဂ်[၄]။

ဤအဂုံတ္တရဋ္ဌကထာ၌ ဘဝံအရ ဥပပတ္တိဘဝခေါ် ပဋိသန္ဓေဟု ဖွင့်ဆိုထားသော်လည်း အကျိုးဥပပတ္တိဘဝကို မချီးမွမ်းဟုဆိုအပ်သဖြင့် အကြောင်းကံသခ်ါရတို့ကိုလည်း မချီးမွမ်းဟု ဆိုရာရောက်သည်ဟု အဓိပ္ပါယ်ယူရာ၏။

ဤပါဠိအဋ္ဌကထာ အဆိုအမိန့်တို့ဖြင့်လည်း တောဘူမကလောကီကုသိုလ်များကို မြတ်စွာဘုရားကိုယ်တော်တိုင် ကဲ့ရဲ့တော်မူခြင်း။

"အကောင်းထဲတွင် ပို၍ကောင်းသည်ကိုသာ ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်ပါသည်"ဟူသော စောဒကဆရာတော်တို့၏ အရေးအသားကိုလည်း စောဒနာစကားရပ်၌ တွေ့မြင်ရခြင်းတို့နှင့် ခြောက်စောင်တွဲကျမ်းဆရာသည် ဝဋ္ဋကထာအရာ၌ ဝိဝဋ္ဋအဖြစ်သို့ ဇရောက်အောင်ရေးသားသော အရာဌာနဖြစ်

၁။ အနုဋ္ဌီ ၁၊၁၁၇။ ၂။ အံ၁၊၃၊၆။ ၃။ ဇောတိ၊ ၁၊၄၆။ ၄။ အံဋ္ဌ၊၁၊၃၇၆။

http://www.dhammadownload.com

ခြင်းစသော အကြောင်းတို့ကြောင့် "မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခု နှင့် ပြုပြုသမျှ" စသောစကားသည် မှားသည်ဟု မဆိုသာပေ။

အချုပ်အားဖြင့် "ကုသိုလ်ဟူသမျှပြုရသည်"ဟူသော စောဒက ဆရာတော်တို့၏စကားသည် ပါဠိစာပေများနှင့် လျော်ကန်သင့်မြတ် သော်ငြားလည်း ဤဝိဝဏ္ဏကထာကို ရေးသားရာ ဌာနဌကား ခြောက်စောင်တွဲဆရာ၏ စကားသည်သာလျှင် ပါဠိစာပေများနှင့် ပိုမိုလျော်ကန် သင့်မြတ်ပေသည်ဟု ဝိနည်းဓိုရ် ဆရာတော်များက ယူဆကြသည်။

အမှတ်(၅) စောဒနာ သောဒနာတို့ကို ဝေဖန်စိစစ်သုံးသပ်ချက်

၁။ စောဒကဆရာတော်တို့၏ ကြောင်ပန်းတောရဝါဒဆိုင်ရာ အမှတ်(၅) စောဒနာဌာန်—

(က) လောကဌ် ကိလေသဝဋ်ဖြစ်မှု, ကမ္မဝဋ်ဖြစ်မှု, ဝိပါကဝဋ်ဖြစ်မှု တရား တွေကို နာလည်းမနာကောင်း ယူလည်းမယူကောင်း ဤ ကိလေသာဖြစ်မှုတရား တွေကို ဟောပြောသူတို့ကိုလည်း မဆည်းကပ် မကိုးကွယ်ကောင်း မပေးကောင်း မလှူကောင်းဟု မှတ်ကြလေကုန်တပည့်တို့ သတိရှိကြစေ[၁]။

ဤသို့ ထုတ်နုတ်တင်ပြ၍ အကျယ်ရှင်းလင်းချက်များဖြင့် ရှင်းလင်းပြဆိုထား သည်ကို တွေ့ရ၍ပသည်၊ စုဒါတကဆရာတော်တို့ကမူ ဤ(က) စောဒနာချက်မှာ ၎င်းတို့ တာဝန်မယူသော ကျမ်းစာများပါ စကားရပ်တို့ဖြစ်၍ မဖြေ ကြားပဲ ရှောင်လွဲ၍သွားကြ၏၊ သို့သော် အမှားအမှန်ကို သိရှိနိုင်ယုန်အတွက် ဤဌာနဌ်ရှင်းလင်းစိစစ်ပေအံ့။

၂။ အထက်ဖော်ပြပါ အကြောင်းနှင့်ပတ်သက်၍ သဂါထာဝဂ္ဂသံယုတ်ပါဠိ တော် အယျိကာသုတ်လာ အောက်ပါဂါထာကို ရှုမှတ်ရာ၏—

တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ[၂]။

အဓိပ္ပာယ်ဆိုလိုသည်မှာ "ထို့ကြောင့် တမလွန်ဘဝဖြစ်သော အစီးအပွားကို ဆည်းပူးလိုသူသည် ကောင်းမှုကုသိုလ်ပြုရာ၏ ကောင်းမှုတို့သည် ပရလောကခေါ် တမလွန်ဘဝ၌ သတ္တဝါတို့၏ တည်မှီရာဖြစ်ကုန်၏"ဟု ဆိုလို၏။

၁။ ပဋ္ဌဝေဒနီပနီ၊ နှာ.၁၅၃။ ၂။ သံ၊၁၊၉၀။

http://www.dhammadownload.com

ဤဂါထာသည် ဘုရားကိုယ်တော်တိုင် ဟောတော်မူသောဂါထာဖြစ်၏၊ သမ္မာသမ္ဗုဒ္ဓဿ ဟူသောစကား ပရလောကသို့ ဟူသောစကားများသည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဘို့ကို ဖော်ပြသောစကားများဖြစ်သည်၊ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ထိုစကားများကို သုံးနှုန်းဟောကြားထားသည် ဖြစ်သောကြောင့်—

"ကိလေသဝဋ်ဖြစ်မှု ကမ္မဝဋ်ဖြစ်မှု, ဝိပါကဝဋ်ဖြစ်မှု, တရားတွေ့ကို နာလည်းမနာကောင်း, ယူလည်းမယူကောင်း"—

ဟူသော ပဋိဝေဓဒီပနီကျမ်းဆရာ၏ စကားသည် ပိဋကတ်ပါဠိစာပေကျမ်းဂန်များနှင့်မညီဟူ၍ ဝိနည်းဂိုရိဆရာတော်များက ယူဆကြသည်။

၃။ ထို့ပြင်—

"ဝဋ်သုံးပါးကိုဟောပြောသူတို့ကိုလည်း မဆည်းကပ် မကိုးကွယ်ကောင်း၊ မပေးကောင်း မလှူကောင်း"—

ဟူ၍ဆိုထားပြန်၏။

ထိုစကားမှာလည်း—

"ကတ္ထ နုခေါ ဘန္တေ ဒါနံ ဒါတဗ္ဗ"န္တိ၊ ယတ္ထ ခေါ မဟာဇန စိတ္တံ ပသီဒတိ—

ဟူသော ကောသလမင်းကြီးအား မြတ်စွာဘုရားဟောတော်မူသော သံယုတ်ပါဠိတော်(သံ၊၁၊၉၉)စကားနှင့်မညီညွတ်ခြေ။

အဓိပ္ပာယ်မှာ ကောသလမင်းကြီးက မြတ်စွာဘုရားအား "မြတ်စွာဘုရား အဘယ်ပုဂ္ဂိုလ်အား အလှူပေးထိုက်ပါသနည်း"ဟု မေးလျှောက်ရာ မြတ်စွာဘုရားက "မင်းကြီး အကြင်ပုဂ္ဂိုလ်အားကြည်ညိုခြင်း၊ ထိုပုဂ္ဂိုလ်အားအလှူပေးထိုက်၏"ဟုဟောတော်မူလေသည်၊ မည်သည့်တရားကိုဟောသူအား မလှူထိုက်ဟုမလာရှိခြေ၊ ထို့ကြောင့် ပဋိဝေဓဒီပနီစကားသည် ပိဋကတ်ပါဠိကျမ်းဂန်များနှင့်မညီညွတ်ဟု ဝိနည်းမိုရိဆရာတော်များက ယူဆကြသည်။

၄။ (ခ)"ဤသို့ အဘိဓမ္မာနည်းအားဖြင့်သာ အာရုံပြု၍လှူအပ်သော ဒါနသည်သာလျှင် အမှုန်ဆုံးအမြဲတဲဆုံးဖြစ်သည်ဟု ကျမ်းပြုဆရာကြီးတို့ဆိုကြကုန်၏၊ အဘယ့်ကြောင့်မြတ်သနည်း၊ ထိုမင်းဟူသော အကပိယပုဂ္ဂိုလ်သည်ဆွမ်းဟူသော ကပိယပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့မှလွဲ၍မြောက်၍အဆင်းဟူသော ပရမတ်အသံဟူသောပရမတ် သဘောတရားစုကို အာရုံပြု၍ ဖြစ်သောကြောင့်တည်း[၁]။

၁။ ဝိဝဏ္ဏဒီပနီ နှ၁-၂၂။

http://www.dhammadownload.com

ဤဝိဝဋ္ဋဒါနဒီပနီလာစကားကို သာဓကထုတ်ဆောင်လျက် စောဒကဆရာတော်များက ကိုယ့်ဘက်ကိုယက်လျက် မှီငြမ်းတိုက်သည့်စကားဖြစ်ကြောင်းပြဆိုကာ စောဒနာတင်ကြသည်။

ဒါနနှင့်ပတ်သက်၍ မှတ်သားစရာ အချက်အလက်များစွာတို့နှင့် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဂါထာအဖွင့်တို့ဖြင့် ဒါနအားလုံးတွင် ဓမ္မဒါနက သာလွန်ကြောင်း ရှင်းလင်းတင်ပြကြလေသည်။

၅။ သောဓနာလ္ဘာတင် ဆရာတော်တို့ကမူ–

> "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယေား။ ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ပစ္စဝေက္ခတိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဋ္ဌန္တိ" စသောပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍လည်း ကောင်း—
>
> "သုတ္တန္တနယဒါနတော ဝိနယဒါနမေဝ မဟပ္ဖလံ၊ တတောပိ အဘိဓမ္မဒါနမေဝ မဟပ္ဖလံ"

ဟူသော အဘိဓာန်ဋီကာစာပိဒ်-၄၄၂၂ နှာ-၂၉၃ လာ ဒါနဝတ္ထုအဖွင့်စကား ဝဒန္တိ ဝါဒကို ကိုးကား၍လည်းကောင်း အဘိဓမ္မာဒါနကသာ မြတ်ကြောင်း ဖြေရှင်းတင်ပြကြသည်။

၆။ ဒါနသည် သုတ္တန်ဒါန ဝိနည်းဒါန အဘိဓမ္မာဒါနဟူ၍ သုံးမျိုးရှိသကဲ့သို့ ဒါနမယ သီလမယ ဘာဝနာမယဟူ၍လည်း သုံးမျိုးရှိသည်၊ ယင်းသို့ ဒါနသုံးမျိုး အကြောင်းကို–

> "တယိဒံ ရဇနီယဝတ္ထာရမ္မဏံ ဟုတ္ဝာ ဥပ္ပဇ္ဇမာနမေဝ တိဝိဓေန နိယမေန ဥပ္ပဇ္ဇတိ ဒါနမယံ ဝါ ဟောတိ သီလမယံ ဝါ ဘာဝနာမယံ ဝါ။
>
> ကထံ ယဒါ ဟိ နီလပီတလောဟိတောဒါတေသု ပုပ္ဖဒီသု အညတရံ လဘိတ္ဝာ ဝဏ္ဏဝသေန အာဘုဇိတ္ဝာ "ဝဏ္ဏဒါနံ မယာ"န္တိ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ ဒါနမယံ ဟောတိ။ပ။
>
> ယဒါ ပန တထာရူပမေဝ ဒေယျမေဝံ လဘိတ္ဝာ "မယာ ကုလဝံသော ကုလတန္တိ ကုလပဝေဏီ သော့ ကုလဝတ္တံ တေ"န္တိ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ သီလမယံ ဟောတိ။
>
> ယဒါ ပန တာဒိသေနေဝ ဝတ္ထုနာ ရတနတ္တယဿ ပူဇံ ကတ္ဝာ "ဧတေ ဝဏ္ဏော ဧယံ ဂန္ဓော ဧတံ ရသော ဧသော ဖောဋ္ဌဗ္ဗော"တိ ဧယဝယံ ပဋ္ဌပေတိ၊ တဒါ ဘာဝနာမယံ ဟောတိ။

၁။ အဘိဋ္ဌ ၁။၁၁၈-၁၁၉။

http://www.dhammadownload.com

ဤသို့ အဘိဓမ္မာအဋ္ဌကထာတွင်ဒါနသုံးမျိုးကို အကျယ်ဖွင့်ဆိုထားပေသည်၊ ဆိုလိုသည်မှာ "ပန်းအစရှိသည်တို့တွင် အမှတ်မထင်သော အရာဝတ္ထုကိုရ၍ အဆင်းကို နှလုံးသွင်းပြီးလျှင် ငါ၏ဒါနသည် အဆင်းဒါနတည်းဟု ရတနာသုံးပါးကို ပူဇော်လျှင် ဒါနမယကုသိုလ်ဖြစ်သည်၊ ဘုရားကိုပန်းသျှင်းသည် ငါတို့အမျိုး၏ ဝတ်အကျင့်ထုံးတမ်း စဉ်လာဖြစ်သည်ဟု နှလုံးသွင်း၍ ပူဇော်လျှင် သီလမယကုသိုလ်ဖြစ်သည်၊ ထိုလှူထားသော ပန်း၏အဆင်းကိုပင်လျှင် ဤအဆင်းသည် ကုန်ခြင်းပျက်ခြင်းသို့ ရောက်လတ္တံ့ဟု ဤသို့ကုန်ခြင်း ပျက်ခြင်းကို ရှုမှတ်ခဲ့လျှင် ဘာဝနာမယကုသိုလ်ဖြစ်သည်။

၇။ တနည်းအားဖြင့် ဒါနကုသိုလ်တွင် စိတ္တာလင်္ကာရ ဒါနကုသိုလ်ဟူ၍ ရှိသည်၊ ယင်းမှာ—

> စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိတိ သမထဝိပဿနာ စိတ္တဿ အလင်္ကာရတ္ထဉ္စေဝ ပရိက္ခာရတ္ထဉ္စ ဒေတိ။ ဒါနဉ္ဉိ စိတ္တံ မုဒုံ ကရောတိ။ ယေန လဒ္ဓေါ၊ သော လဒ္ဓံ မေ"တိ မုဒုစိတ္တော ဟောတိ။ ယေန ဒိန္နံ၊ သောပိ "ဒိန္နံ မယာ"တိ မုဒုစိတ္တော ဟောတိ။ ဣတိ ဥဘိန္နံ စိတ္တံ မုဒုံ ကရောတိ။ပ။ ဣမေသု ပန အဋ္ဌသု ဒါနေသု စိတ္တလင်္ကာရဒါနမေဝ ဥတ္တမံ[၁]။

ဤအဋ္ဌကထာတို့အဆိုအရ သမထဝိပဿနာစိတ်၏ အဆင်တန်ဆာအကျိုးငှါလည်းကောင်း အခြံရုံးအကျိုးငှါလည်းကောင်း ပေးလှူသောအလှူသည် စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဒါနမည်၏၊ မှန်၏- ယင်းဒါနသည် အလှူပေးသူ၏ စိတ်ကိုလည်းကောင်း အလှူခံသူ၏ စိတ်ကိုလည်းကောင်း နူးညံ့အောင်ပြုလုပ်တတ်လေသည်၊ အဆိုပါဒါနသည် ဥတ္တမဒါနဟုဆိုသော်လည်း အာသင္ခဒါနစသော (၇)မျိုးတို့တွင်သာ အမြတ်ဆုံးဟု အကန့်အသတ်ထား၍ ဆိုထားပေသည်။

ဤသို့အားဖြင့် အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာယဉ်သုံးပါးကို ရှု၍ လှူဒါန်းရသော အဘိဓမ္မာဒါန ဓယ ဝယ ကုန်ခြင်း ပျက်ခြင်းကို ရှုရန် ပြုလုပ်ရသော ဘာဝနာဒါနတို့မှာ သဘောအားဖြင့် တူညီသကဲ့သို့ဖြစ်လေသည်။

၁။ ဓါ၌၃၃၊ ၂၂၇။အံ၊၌၃၃၊ ၂၂၈။

http://www.dhammadownload.com

"သမ္မဒါနံ ဓမ္မဒါနံ ဇိနာတိ"၌ ဓမ္မဒါနအလှူသည် ဒါနအကျိုးဖို့ဖြိုးဝေဆာ အကျိုးပေးရာ၌ အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံးဖြစ်သည်ဟု ဆိုလိုသည်၊ သံသရာကျိုး တမလွန်ကျိုး၌ ကြီးကျယ်မြင့်မြတ်သဖြင့် ဇိနာတိ ဟု ဆိုရသည်၊ အဘိဓမ္မာဒါန, ဘာဝနာမယဒါနကိုမူ မျက်မှောက်မှာပင်လက္ခဏာမြင် ဝိပဿနာထင်သဖြင့် အမြတ်ဆုံးဖြစ်သည်ဟု ဆိုရသည်၊ သို့ဖြစ်၍ စုဒိတကတို့ ကိုးကားပြဆိုသော အဘိဓာန်ဋီကာလာစကားသည် ကိုးကားထိုက်သော စကားပင်ဖြစ်သည်။

၈။ ဤဖော်ပြပါအချက်အလက်တို့ကို ထောက်ထား၍ စောဒနာအမှတ်၅၊ပိုဒ်ခွဲ(ခ)လာ "အဘိဓမ္မာနည်းအားဖြင့်သာ အာရုံပြု၍ လှူအပ်သော ဒါနသည်သာလျှင် အမွှန်ဆုံးအမြတ်ဆုံးဖြစ်သည်ဟု ကျမ်းပြုဆရာကြီးတို့ ဆိုကြကုန်၏" ဟူသော ဝ်ဝင္ဒဒါနဒီပနီစကားကို မှားသည်ဟုမဆိုနိုင်သဖြင့် စောဒကဆရာတော်တို့၏ စောဒနာချက်သည် ဝိဝင္ဒဒါနဒီပနီကျမ်း ဆရာအပေါ်၌ ထိရောက်သောအပြစ် ကျရောက်သည်ဟု ဝိနည်းဓိုရ် ဆရာတော်များက မယူဆကြပေ။

အမှတ် (၆) စောဒနာ သောဓနာတို့ကို ဧဖန်စီစစ်သုံးသပ်ချက်

၁။ (က) လောကဥ္စ အန္ဓပုထုဇ္ဇနကလျာဏပုထုဇ္ဇဉ်ဖြစ်အောင် လုပ်ရသည်၊ ကလျာဏပုထုဇ္ဇဉ်က သောတာပန်ဖြစ်အောင် လုပ်ရသည်၊ သောတာပန်က သကဒါဂါမ်ဖြစ်အောင် လုပ်ရသည်၊ သကဒါဂါမ်က အနာဂါမ်ဖြစ်အောင် လုပ်ရသည်၊ အနာဂါမ်က ရဟန္တာဖြစ်အောင် လုပ်ရသည် ဒွိဟိတ်က တိဟိတ်ဖြစ်အောင် လုပ်ရသည် စသည်ဖြင့်ပြောကြဟောကြကုန်၏၊ ယူလည်းယူကြကုန်၏၊ လွဲလေစ့၊ မှားလေစ့၊ မှောက်လေစ့၊ ပညာမဲ့တို့၏ အသုံးအယူပင်တည်း[၁]။

ဤစကားရပ်ကို ထုတ်ပြ၍ စောဒကဆရာတော်များက အနုပုဗ္ဗသိက္ခာကို ပယ်ရှားသည့် အဓမ္မဝါဒဖြစ်ကြောင်းဖြင့် စောဒနာကြသည်။

ဤစကားရပ်၌ ကျမ်းဆရာသည် "လွဲလေစ့ မှားလေစ့ မှောက်လေစ့၊ ပညာမဲ့တို့၏ အသုံးအယူပင်တည်း" ဟု နှင့်နှင့်သီးသီးဆို၏၊ တောင်ကိုဆို၍ မြောက်ကို မြင်စေလိုသော ပဟေဠိကဲ့သို့သော စကားကိုထုတ်ပြ၍ အယူဆ လွဲမှားထင်မြင်မိသူတို့အားပြက်ရယ်ပြုသကဲ့သို့သော အသုံးကို သုံးထားပေသည်၊ သူထင်

၁။ ဦးဝါသဝရေး ဝိဃာသာအလင်းရောင်ကျမ်း ပဋိဝေဓဒီပနီ နှာ ၁၉၉။

http://www.dhammadownload.com

သကဲ့သို့ပင် စောဒကဆရာတော်များကလည်း ယူဆထင်မြင် စောဒနာဝင်ကြကုန်၏၊ ဤသို့ဖြစ်ရသည်မှာလည်း အကြောင်းပြချက်နှင့် ကွာဝေး၍ မျက်ခြည်ဖြတ်သကဲ့သို့ လုပ်ထားသော ကျမ်းဆရာ၏ အပြစ်ပင် ဖြစ်သည်။

အထက်ပါစကား၏ အကြောင်းပြစကားကို ယင်းကျမ်း၏ ရှေ့ပိုင်း၌ ဤသို့ ပါရှိ၏။

> "အဘယ်ကြောင့်ဆိုသော် တရားသဘောက တနိစ္စနှင့် တနိစ္စရောလို့ မရသော သဘောပင်တည်း၊ အန္ဓပုထုဇဉ်ဟု သမုတ်ခြင်းသည် ပုဂ္ဂလသတ္တ အတ္တဇီဝ ငါသူတပါး ယောကျ်ား မိန်းမ အကောင်အထည် ဖြစ်သဏ္ဌာန်နှင့် စွဲယူသောတရားအစု တရားသဘောကို အန္ဓပုထုဇဉ်ဟု သမုတ်ရသည်၊ ဤတရားသဘောအစုက အနိစ္စဖြစ်၏၊ ကလျာဏနှင့် မရောမယှက် သက်သက်သူသဘောနှင့် သူဖြစ်သော တရားပင်တည်း။ ကလျာဏပုထုဇဉ်ဟု သမုတ်ရခြင်းသည် ပုဂ္ဂလသတ္တအတ္တဇီဝ ငါသူတပါး ယောကျ်ားမိန်းမ အကောင်အထည်သဏ္ဌာန်ဖြစ်နှင့် စွဲယူသော မိစ္ဆာဒိဋ္ဌိ အယူဆိုး အယူမှား မရှိမပါသော ရုပ်နာမ်အယူသက်သက်သာယူသော တရားအစုအပုံကိုပင် ကလျာဏပုထုဇဉ်ဟု သမုတ်ရသည်၊ ဤတရားသဘောအစုက တနိစ္စဖြစ်၏၊ အန္ဓပုထုဇဉ်နှင့် မရောမယှက် သက်သက်သူသဘောနှင့် သူဖြစ်သော တရားပင်တည်း"[၁]။

ဤစကားအားလုံး၏ ရေးလိုရင်းမှာ အန္ဓပုထုဇဉ်ဟူသော အမည်ဝေါဟာရ၏ စွဲမှီရာ တရားမှာ ရုပ်နာမ်ဖြစ်သည်၊ အန္ဓပုထုဇဉ်ဖြစ်ခိုက်၌ ကလျာဏပုထုဇဉ်ဟူသော အမည်ဝေါဟာရ၏ စွဲမှီရာရုပ်နာမ်များမရှိသေး၊ အန္ဓပုထုဇဉ်ဟူသော အမည်ဝေါဟာရ၏ စွဲမှီရာရုပ်နာမ်များသာ ရှိနေသည့်အတွက် အန္ဓပုထုဇဉ်ဟူ၍သာ ခေါ်ရသည်၊ အန္ဓပုထုဇဉ်ဟူသော အမည်ရခိုက်၌ဖြစ်သော ရုပ်နာမ်တို့သည် သူ့အလိုလို ချုပ်ဆုံးကုန်ကြ၍ အန္ဓပုထုဇဉ်မှ ကလျာဏပုထုဇဉ် မဖြစ်နိုင်ပါပဲလျက် အန္ဓပုထုဇဉ်က ကလျာဏပုထုဇဉ် ကလျာဏပုထုဇဉ်က သောတာပန်စသည်ဖြစ်အောင် လုပ်ရသည်ဟု ဆိုနေကြသည်မှာ လွဲ, မှား, မှောက်သော အယူသာတည်းဟု အဓိပ္ပာယ်ရလေသည်။

၂။ ဤသို့ဖြင့် ပဋိဝေဓဒီပနီဆရာသည်—

> "ယထာ ဂဝါ ခီရံ ခီရာဒီဟိ စ ဒဓိအာဒီနိ ဘဝန္တိ၊ တတ္ထ ယသ္မိံ သမယေ ခီရံ ဟောတိ၊ နု တသ္မိံ သမယေ ဒဓိတိ ဝါ နဝနီတာဒီသု ဝါ အညတရန္တိ သင်္ခံ နိဂ္ဂတ္တိံ နာမံ ဝေါဟာရံ ဂစ္ဆတိ"[၂]

၁။ ပဋိဝေဓဒီပနီ နှာ ၁၁၃၊၁၁၄။ ၂။ ဒီဃ၊၁၊၃၁၅။

http://www.dhammadownload.com

ဟူသော အဋ္ဌကထာစကားအတိုင်း "နွားမမှ နို့ရည်ဖြစ်သည်၊ နို့ရည်မှ နို့ခဲမ်းစသည်တို့ ဖြစ်ကြသည်ဆိုရာ၌ နို့ရည်အခိုက်ဝယ် နို့ခဲမ်းဟူသောအမည် ဝေါဟာရ၏ စွဲမှီရာ ရုပ်တရားများ မရှိကြသေး၊ နို့ရည်ဟူသော အမည်ဝေါဟာရ၏ စွဲမှီရာ ရုပ်တရားများသာ ရှိနေသည့်အတွက် နို့ရည်ဟူသော အမည်ဝေါဟာရသာဖြစ်ရသည်"။ဤဥပမာကို ရည်ရွယ်၍ ဆိုလိုသော်လည်း ဆိုလိုရာသို့မရောက် အန္ဓပုထုဇဉ်မှ ကလျာဏပုထုဇဉ်မဖြစ်နိုင် စသော အဓိပ္ပာယ်သာ ပေါ်လွင်ထင်ရှားသွားလေသည်။

အမှန်အားဖြင့် အန္ဓပုထုဇဉ်စသည်မှ ကလျာဏပုထုဇဉ် စသည်သို့ ရောက်နိုင်သည်သာဖြစ်သည်၊ ထိုသဘောကို—

"အပိ စ ခေါ ယထာ နာ အာစရိယမုခတော သဇ္ဈာယော အန္တေဝါသိကဿ မုခံ ပဝိသတိ၊ နာ စ တပ္ပစ္စယာ တဿ မုခေ သဇ္ဈာယော နာ ဝတ္တတိ"[၁]

ဆရာ၏ခံတွင်းမှ ထွက်ပေါ်လာသော ရွတ်အံသရဇ္ဈာယ်မှုသည် တပည့်၏ခံတွင်းသို့ဝင်သည်ကားမဟုတ်၊ ထိုသို့မဝင်သော်လည်း ဆရာ၏ရွတ်အံသရဇ္ဈာယ်ခြင်းဟူသော အကြောင်းကြောင့် တပည့်၏ခံတွင်း၌ ရွတ်အံသရဇ္ဈာယ်မှု မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာတည်းဟူသော ဝိသုဒ္ဓိမဂ်စကားနှင့် အထက်တွင်ဆိုခဲ့သည့် နို့ရည်ဟူသော ဝေါဟာရအခိုက်ဝယ် နို့ခဲမ်းဟု မခေါ်နိုင်သော်လည်း နို့ခဲမ်းသည် နို့ရည်ကြောင့်ဖြစ်သော အရာဝတ္ထုဖြစ်သည်၊ နို့ရည်နှင့်မကင်းဟူ၍အဓိပ္ပာယ်ထွက်နိုင်သော စကားများအရ အန္ဓပုထုဇဉ်အခိုက် ရုပ်နာမ်စုက သူ့အလိုလို ချုပ်ဆုံးသွားသည်မှန်သော်လည်း ကလျာဏမိတ္တစသော ပကတူပနိဿယအကြောင်းကြောင့် အဆိုပါ ရုပ်နာမ်ကပင် ကလျာဏပုထုဇဉ် အဖြစ်သို့ ရောက်စေနိုင်သည်ဟု ယူဆရမည်ဖြစ်၍ ပဋိဝေဓကျမ်းဆရာ၏ စကားသည် "မပြည့်စုံသောစကား မရှင်းလင်းသောစကား"ဟု ဝိနည်းဓိဋ္ဌာန်ရှိများက ယူဆပေသည်။

မှတ်ချက်။ ။ဤစောဒနာအမှတ် (၆) ပိုဒ်ခွဲ (က) မှာ ကြောင်ပန်းဆရာတော်များက တာဝန်မယူဟု ဆိုထားသော ကျမ်းစာမှ စကားဖြစ်သော်လည်း အမှားအမှန် ဝေဖန်နိုင်ရန် စိစစ်သုံးသပ်ပြခြင်း ဖြစ်သည်။

၃။ (ခ) တကယ့် ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဘယ် အနိစ္စ ဒုက္ခ ဘယ် အနတ္တဟု ရှုဖွယ်ရာမရှိ၊ တကယ်ကြီးပြီးစီးပါ၏၊ လိုရင်းကား ပရမတ်ဆတ်ဆတ်ခဲတက်ကို ပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခမ်းတနား အခြားလုပ်ဖွယ်မရှိ၊ အကုန်

၁။ ဝိသုဒ္ဓိမဂ္ဂ ၂၊၅၃၈

http://www.dhammadownload.com

လုံး ပြီးစီးပါ၏၊ ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသောသဘောကို ဘယ်လိုပင်မြင်မြင် ဘယ်ဟာ မမြဲဟုရှုလျှင် မဟုတ်သောနည်း မမှန်သောနည်း ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး၊ ဟုတ်မှန်သောနည်းမှာ ထို မမြဲတဲ့သဘောခွဲကိုသာ ဘယ်ဟုဆိုသည်ဟု ရှုမြင်လျှင် အဟုတ်မြင် အမှန်မြင် သောတာပန်ဟုသာ မှတ်ပါ[1]။

စောဒနာအမှတ် (၆-ခ) အဖြစ် အထက်ပါစကားရပ်ကိုထုတ်ပြ၍ အနုပုဗ္ဗ-သိက္ခာကိုပယ်သကဲ့သို့ ကျင့်စဉ်မလို သိလျှင်ပြီးရော၊ လွယ်လွယ်နှင့် သောတာပန် ဖြစ်နိုင်သည်ဟု ရေးသောစကားဖြစ်ကြောင်း ကျင့်စဉ်ကိုပယ်၍ "အရှင်မွေးနွေခြင်းကြီး" ဆိုသကဲ့သို့ တရားအားထုတ်ကာမျှ ဆင်ခြင်ကာမျှ နှလုံးသွင်းကာမျှ ရုပ်နာမ် စကားလေး ပြောကာမျှဖြင့် "ပရမတ်ဆတ်ဆတ် ဓာတ်ကို ပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခမ်းတနား အခြားလုပ်ဖွယ် မရှိ၊ အကုန်လုံးပြီးစီးပါ၏" ဟု ဆိုပြီးလျှင် အရိယာအဖြစ် မွေးထုတ်ပေးနေကြကြောင်း မမြဲတဲ့သဘောသာ ဘယ်ဟာဟုရှုလျှင် နည်းမှန် ဟု မလိမ့်တပတ် လုပ်ထားကြောင်း ဘယ်ဟာ မမြဲဆိုသည်နှင့် မမြဲတာ ဘယ်ဟာဆိုသည်မှာ ကုလားကြီးနှင့် အရာကြီးကဲ့သို့ အထည်ကိုယ် သဘောတရားမှာ အတူတူပင် ဖြစ်ကြောင်း စသည်ဖြင့် အပြစ်ထုတ်ဖော်ကာ စောဒနာလွှာ တင်သွင်းခဲ့ကြသည်။

သောဓနာလွှာတင် ဆရာတော်များကလည်း ပရမတ္ထဒီပနီ အဖွင့် အနုဒီပနီကို ကိုးကား၍ သညာမြင် ဝိညာဏ်မြင်တို့ဖြင့် သဘာဝကို သိရှိကလေးမျှ မဟုတ်ပဲ ဝါ-အနုဗောဓ သိရှိကလေးမျှမဟုတ်ပဲ ပဋိဓဝဓသိ ထိုးထိုးထွင်းထွင်းသိ၊ ခန္ဓာငါးပါး ပရမတ္ထတရားတို့ကို မျက်စိဖြင့် တဲ့တဲ့မြင်သကဲ့သို့သိသော ကာယ-သစ္ဆိကရဏ သိ၊ ဉာဏသစ္ဆိကရဏ သိ၊ သိသော အသိမျိုး အမြင်မျိုးကိုသာ တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဟူသော စကား၏ အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ "ဘယ်ဟာမမြဲဟု ရှုလျှင်" ဟူသော စကား၏အရမှာလည်း "သဏ္ဌာန်ဒြဗ်နှင့်မြင်လျှင် တကယ့်အနိစ္စ မဟုတ်သေး တကယ့်ဒုက္ခမှာဝေး" ဟူသော ခြောက်စောင်တွဲ၊ နှာ-၉၁ စကားဖြင့်လည်းကောင်း၊ ထို့ပြင် စကားလုံး အသီးသီးကို အစိတ်စိတ် ရှင်းလင်းခြင်းဖြင့်လည်းကောင်း သောဓနာလွှာတင်ပြလျက် ချေပဖြေဆိုကြကုန်၏။

၄။ ယင်း စောဒနာ (၆-ခ) ကို လေ့လာဝေဖန်လျက် စိစစ်သုံးသပ်ပြဆိုပါမည်။

၁။ ခြောက်စောင်တွဲ နှာ ၇၉-၈၀။

http://www.dhammadownload.com

"တကယ့် ပရမတ်ဆတ်ဆတ်ကို တကယ်သိမြင်လျှင်" ဟူသော စကားဌ် တကယ်သိမြင်ရပုံကို စဉ်းစားဝေဖန်ရသော်– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ဖြင့် ရှုမြင်နိုင်ရမည်၊ ထို လက္ခဏာသုံးမျိုးတို့အနက် အနတ္တလက္ခဏာနှင့် ထိုလက္ခဏာ ထင်ရှားပေါ်လာ အောင် အနိစ္စ ဒုက္ခ လက္ခဏာတို့ကို ဟောပြနိုင်သော ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်များသာ ဖြစ်ကြပေသည်၊ အနတ္တလက္ခဏာကို ဟောတော်မူသော အခါဌ် ယင်း လက္ခဏာသက်သက်ကိုသာ ဟောတော်မူသည် မဟုတ်၊ အနိစ္စဖြင့်ဖြစ်စေ ဒုက္ခဖြင့်ဖြစ်စေ နှစ်မျိုးလုံးဖြင့်ဖြစ်စေ ဟောတော်မူ၏။

> "မဟိဒ္ဓိကာ ဟိ မဟာနုဘာဝါ တာပလဝရိဒ္ဓာဇကာ သရဘင်္-
> သတ္ထာရာဒယောပိ အနိစ္စံ ဒုက္ခန္တိ ဝတ္တုံ သက္ကောန္တိ၊ အနတ္တာတိ ဝတ္တုံ
> န သက္ကောန္တိ"

သရဘင်္စသော အလွန်တန်ခိုး ဣဒ္ဓိပါဒ်ကြီးလှသည့် သာသနာပ ဆရာကြီး များသော်မှလည်း အိုသည်ကိုပြ၍ အနိစ္စလက္ခဏာ, သေသည်ကိုပြ၍ ဒုက္ခ လက္ခဏာဟူ၍သာ ဟောပြနိုင်ပေသည်၊ အနတ္တလက္ခဏာပေါ် အောင်မဟောနိုင် ကြဟု အဋ္ဌကထာဋီကာများ၌ ပြဆိုကြ၏။

မှန်လှ၏၊ အိုးကွဲခြင်း၊ ဆူးစူးခြင်းစသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော အနိစ္စမျိုး ဒုက္ခမျိုးတို့သည် သတ္တဝါများအဖို့ အနတ္တလက္ခဏာကို သိမြင်နိုင်ခြင်း၏ အကြောင်းများမဟုတ်ကြကုန်၊ အကြောင်းနှင့်စပ်ခြင်း မပြတ်နှိပ်စက်ခံရခြင်း၏ အစွမ်းဖြင့် သိအပ် ရအပ်ကုန်ကော အနိစ္စမျိုး ဒုက္ခမျိုးတို့သာ အနတ္တလက္ခဏာကိုသိမြင်ခြင်း၏အကြောင်းဖြစ်ကြကုန်၏။

ခဲ့ပါဦးမည်–

စက္ခုအစရှိသော တရားတို့သည် ကံစသောအကြောင်း မဟာဘုတ်စသော အကြောင်းများနှင့် ဆက်စပ်နေသော တရားများ ဖြစ်ကြကုန်၏၊ ယင်းတို့လည်း ပင်ကိုယ်က ထင်ရှားရှိနေသော် တရားများမဟုတ်ကြပါပဲ အကြောင်းညီညွတ်မှသာ ထင်ရှားဖြစ်ပေါ်ကသော တရားများ ဖြစ်ကြကုန်၏၊ ဖြစ်ပြီးနောက် ပျက်စီးပျောက်ကွယ်၍ သုဉ်းကြကုန်၏၊ ထို့ကြောင့် ယင်းတရားတို့သည် အနိစ္စ= မမြဲသောတရားများ ဖြစ်ကြကုန်၏။

မပြတ်နှိပ်စက် ခံနေရသော တရားများ ဖြစ်ကြသည့်အတွက် ယင်းတရားတို့သည် ဒုက္ခ= ဆင်းရဲသောတရားများ ဖြစ်ကြကုန်၏။

၁။ အဘိ ဋ္ဌ၊ ၂-၄၆။

http://www.dhammadownload.com

ဤသို့ မမြဲ ဆင်းရဲဖြစ်နေကြသော တရားတို့သည် မိမိအလိုဤဖြစ်စေတတ်သော အတ္တမရှိ၊ သူသဘောအတိုင်း ဖြစ်သည့်အတွက် အတ္တမဟုတ်၊ အသက်ကောင် မဟုတ်၊ ဝိညာဏ်ကောင် မဟုတ်၊ လိပ်ပြာကောင်မဟုတ်ကြဟုသိမ်းဆည်းခြင်း၌ ကပ်၍တည်ကုန်သူတို့သည် ကောင်းစွာ ဆည်းပူးအပ်သော ဉာဏ်တို့ဖြင့်သာ သိနိုင်ကြကုန်၏။[၁]

ဤဋ္ဌိကာ၏ ဆိုလိုရင်းမှာ အိုးကွဲသည်ကို အနိစ္စ, ဆူး စူးသည်ကို ဒုက္ခဟု ရှုသိမှုသည် အနုတ္တလက္ခဏာကို အထောက်အကူပြုသော အနိစ္စမျိုး ဒုက္ခမျိုး မဟုတ်၊ ပညတ်မှ အသီးအခြားထုတ်ယူအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာဟု ရှုနိုင်မှ အနုတ္တလက္ခဏာကို အထောက်အကူပြုသည်ဟု ဆိုလိုသည်၊ ဤဋ္ဌိကာအဆိုအတိုင်း ရှုနိုင်မှ တကယ့် ပရမတ် ဆတ်ဆတ်ကို သိသည်ဟု မှတ်ရမည်။

၅။ "တကယ့် ပရမတ်ဆတ်ဆတ်ဓာတ်ကို ပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခဏတနား အခြားလုပ်ဖွယ်မရှိ၊ အကုန်လုံး ပြီးစီးပါ၏" ဟူသော စကား၌ ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခဏတနား အခြားလုပ်ဖွယ် မရှိ ဟူသောစကားကို ဝေဖန်စိစစ်ပါဦးမည်–

ဝိသုဒ္ဓိခုနစ်ပါးနှင့် ရထားခုနစ်စင်း တူကြောင်း မူလပဏ္ဏာသပါဠိတော်၌ ဤသို့ ဟောတော်မူထားပေသည်–

"သာဝတ္ထိမြို့တော်မှ သာကေတမြို့သို့သွားသော ကောသလဘုရင်သည် ပထမရထားကို တက်စီးပြီးနောက် ဒုတိယရထားရှိရာသို့ ရောက်သောအခါ ယင်းကို တက်စီး၍ ပထမရထားကို စွန့်လွှတ်ခဲ့သည်။ပ။ ဆဋ္ဌရထားကို တက်စီးပြီးနောက် သတ္တမရထားရှိရာသို့ ရောက်သောအခါ ဆဋ္ဌရထားကို စွန့်လွှတ်ခဲ့၍ သတ္တမရထားဖြင့် သာကေတရှိ နန်းတော်တံခါးဝသို့ ရောက်ရှိသကဲ့သို့ ထို့အတူ သီလဝိသုဒ္ဓိကို စိတ္တဝိသုဒ္ဓိအကျိုးရှိရုံသာ (အကျိုးဖြစ်သော စိတ္တဝိသုဒ္ဓိတိုင်ရုံသာ) အလိုရှိအပ်၏။ ပ။ဉာဏဒဿနဝိသုဒ္ဓိကို အနုပါဒါပရိနိဗ္ဗာန် အကျိုးရှိရုံသာ (အကျိုးဖြစ်သော အနုပါဒါပရိနိဗ္ဗာန်တိုင်ရုံသာ) အလိုရှိအပ်၏။"[၂]

ဥပမာပြု၍ ဟောတော်မူသော ဤသုတ်ကိုပင် အမှီပြု၍ လယ်တီဆရာတော် ဘုရားကြီးက ဗောဓိပက္ခိယဒီပနီတွင် ဤသို့ ဆိုထားပေသည်။

၁။ အနုဋ္ဌီ ၂၊၄၃၃။ ၂။ မ ဝ၊၂၈၃၊၂၀၄။

http://www.dhammadownload.com

"ကျမ်းဂန်တို့၌ သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိကိုလုပ်ရမည်၊ စိတ္တဝိသုဒ္ဓိ ပြည့်စုံမှ ဒိဋ္ဌိဝိသုဒ္ဓိကိုလုပ်ရမည်၊ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ကင်္ခါဝိတရဏဝိသုဒ္ဓိကို လုပ်ရမည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိပြည့်စုံမှ အနိစ္စ မုက္ခ အနုတ္တဘာဝနာ အလုပ်ကို လုပ်ရမည်ဟု ပဋိပတ်ကျင့်ဝဋ် ဒေထင်အရှား ရှိနေသည်မှာ ယခုဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလျင်အမြန်ရဖို့ အားထုတ်သော သူတို့၏ ကျင့်စဉ်ပေတည်း။"[၁]

ဤစကားများ၌ 'လုပ်ရမည်'ဟု ဆိုသည်မှာ ဖော်ပြပါ သီလဝိသုဒ္ဓိများကို ဘယ်မျှကြာအောင် လုပ်ရမည်၊ ဘယ်ရက်, ဘယ်လ,ဘယ်နှစ်အထိ လုပ်ရမည်ဟု မဆိုသည်ကို သတိပြုရမည်၊ ကျင့်စဉ် ပဋိပတ္တိကမကိုသာ ပြသည်ဟု သိထားသင့်ပေသည်။

"စိတ္တဝိသုဒ္ဓတ္ထာတိ နိဿက္ကဝစနမေတံ၊ အယံ ပနေတ္ထ အတ္ထော ယာဝ-ဒေဝ စိတ္တဝိသုဒ္ဓိသင်္ခါတာ အတ္ထာ၊ တာဝ အယံ သီလဝိသုဒ္ဓိ နာမ ဣစ္ဆိ-တဗ္ဗာ၊ ယာ ပန အယံ စိတ္တဝိသုဒ္ဓိ၊ သော သီလဝိသုဒ္ဓိယာ အတ္ထော၊ အယံ ကောဋ္ဌိ၊ ဣဒံ ပရိယောသာနံ၊ စိတ္တဝိသုဒ္ဓိယံ ဌိတဿ ဟိ သီလ ဝိသုဒ္ဓိကိစ္စံ ကတံ နာမ ဟောတိတိ သေ နယော သမ္ဗဝေသု"[၂]။

၆။ ဤအဋ္ဌကထာဆရာ၏ ဆိုလိုရင်းမှာ စိတ္တဝိသုဒ္ဓတ္ထာ စိတ္တဝိသုဒ္ဓိအကျိုးငှာ (စိတ္တဝိသုဒ္ဓိတိုင်ရုံ စိတ္တဝိသုဒ္ဓိရောက်အောင်)ဟု ဟောတော်မူထားသော စကား မှာ ပဋိပဒါနက်ရှိသော သဒ္ဒါဖြစ်၍ သီလဝိသုဒ္ဓိကို စိတ္တဝိသုဒ္ဓိ အကျိုးတိုင်ရုံသော အချိန်အခါအထိသာ အလိုရှိအပ်သည်၊ စိတ္တဝိသုဒ္ဓိဟူသည် သီလဝိသုဒ္ဓိ၏ အကျိုး တရား ဖြစ်သည်၊ သီလဝိသုဒ္ဓိ၏ အစွန်း၊ ဝါ— သီလဝိသုဒ္ဓိပြီးလျှင် စိတ္တဝိသုဒ္ဓိ ဖြစ်လာရသည်၊ ထို့အတူ စိတ္တဝိသုဒ္ဓိပြီးလျှင် ဒိဋ္ဌိဝိသုဒ္ဓိ စသည် ဆက်ဖြစ်လာရ သည်ဟု ဆိုလိုသည်။ ထို့အတူ—

"နိဿက္ကဝစနမေတံ "ယာဝ ဟေဋ္ဌိမသောပါနကဋ္ဌေဝာ"တိ-အာဒီသု ဝိယ။ အတ္ထောတိ ပယောဇနံ။ စိတ္တဝိသုဒ္ဓိ ဟေတ္ထ သီလဝိသုဒ္ဓိ ပယောဇေတိ တဿ တဒတ္ထတ္တာ။ သီလဝိသုဒ္ဓိကိစ္စံ ကတံ နာမ ဟောတိ သမာဓိသံဝတ္တနတော။ သမာဓိသံဝတ္တနိကာ ဟိ သီလဝိသုဒ္ဓိ နာမ။ သမ္ဗဝေသူတိ "စိတ္တဝိသုဒ္ဓိ ယာဝဒေဝ ဒိဋ္ဌိဝိသုဒ္ဓတ္ထာ"တိအာဒီသု သမ္ဗဝေသု၊ ဒိဋ္ဌိဝိသုဒ္ဓိယံ ဌိတဿ စိတ္တဝိသုဒ္ဓိကိစ္စံ ကတံ နာမ ဟောတိတိ-အာဒိနာ ယောဇေတေဗ္ဗံ။[၃]

ဟု ဋီကာဆရာကလည်း ထိုအဓိပ္ပာယ်ကိုပင် ထပ်ဆင့်ဖွင့်ဆိုထား၏။

၁။ ဒီဃနိကာယ်ဋီကာ ၁၊၂၅၆၊၂၅၄။ ၂။ မဇ္ဈိ ၂၊၆၃။ ၃။ မ ဋီ ၂။ ၁၄၉။

http://www.dhammadownload.com

ဤအဋ္ဌကထာဋီကာတို့၌ "စိတ္တဝိသုဒ္ဓတ္ထာတိ နိဿက္ကဝစနမေတံ" ဟူသော အဋ္ဌကထာစကားကို နိဿက္ကဝစနမေတံ 'ယာဝ ဟေဋ္ဌိမသောပါနကဋ္ဌေဝ' တိ-အာဒီသု ဝိယ ဟု ဋီကာက ဖွင့်၏။

ပါဠိတော်၌ "သီလဝိသုဒ္ဓိ ယာဝဒေဝ စိတ္တဝိသုဒ္ဓတ္ထာ" ဝယ် စိတ္တဝိသုဒ္ဓတ္ထာ ဟူသော ပုဒ်သည် ပဋ္ဌမဈာန်အဆုံးရှိသော ပုဒ်ဖြစ်သဖြင့်၊ ထို ပဋ္ဌမဈာန် အဆုံးရှိသော ပုဒ်သည် မရိယာဒါဝဓိပုဒ် ဖြစ်၏ဟု ဆိုသည်။

အဓိပ္ပာယ်ကား သီလဝိသုဒ္ဓိဖြစ်အောင် ဘယ်ရက်ဘယ်လဘယ်နှစ်အထိ ကျင့်ရမည်ဟု ရက် လ နှစ် အချိန်အကန့်အသတ် မပါသော်လည်း စိတ္တဝိသုဒ္ဓတ္ထာ ဟူသော မရိယာဒါဝဓိပုဒ်ကို ကြည့်၍ စိတ္တဝိသုဒ္ဓိဖြစ်သည့်တိုင်အောင်သော ကာလ အထိကျင့်ရမည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။

ခဲ့ပြီးအံ့—တနာရီလောက်ဖြင့် သီလဝိသုဒ္ဓိ ဖြစ်နေလျှင် ထိုအချိန်ကစ၍ စိတ္တဝိသုဒ္ဓိသမာဓိစခန်းသို့ တက်လှမ်းရောက်ရှိသွားသည်၊ ထိုထက် တလ, နှစ်လ ကြာမှ တနှစ်, နှစ်နှစ်ကြာမှ သီလဝိသုဒ္ဓိပြည့်စုံလျှင် ထိုအချိန်ကစ၍ စိတ္တဝိသုဒ္ဓိ သမာဓိစခန်းသို့ တက်လှမ်းရောက်ရှိသွားသည်ဟူသော အဓိပ္ပာယ်မျိုးဖြစ်သည်။

၇။ ဤသီလဝိသုဒ္ဓိနှင့် ပတ်သက်၍ ဝါဒထူးကို ဖော်ပြပါဦးမည်၊ ရဟန်းတော်များနှင့် လူများအဖို့ ဤသီလဝိသုဒ္ဓိအရာ၌ မတူညီကြဟု ဆရာများအယူရှိကြသည်၊ ရဟန်းတော်များမှာ ပါတိမောက္ခသံဝရ ဖြစ်ရမည်၊ ပါတိမောက္ခသံဝရမဖြစ်လျှင် အာဇာဝီတိက္ကမန္တရာယ်ရှိ၍ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်ကင်း ဖြစ်နိုင်သည်၊ လူများအဖို့မူ သီလဝိသုဒ္ဓိ မဖြစ်သော်လည်း သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်နိုင်၊ တရားအားထုတ်၍ တရားထူးရနိုင်သည်ဟု အဆိုရှိကြသည်၊ အကောက်အထား အနေဖြင့် သန္တတိအမတ်ကြီးနှင့် ကုက္ကုဋမိတ္တမုဆိုးဝတ္ထုတို့ကို ထုတ်ပြကြသည်။

သန္တတိအမတ်ကြီးဝတ္ထု အကျဉ်းချုပ်မှာ—

သန္တတိ အမတ်ကြီးသည် ပစ္စန္တရစ်ဆူပုန်ကို နှိမ်နင်းနိုင်သဖြင့် ကောသလမင်းကြီးက ၇-ရက် ထီးနန်းစည်းစိမ်ကို အပ်နှင်းချီးမြှောက်ထားရာ ခုနစ်ရက်မြောက် နောက်ဆုံးနေ့၌ အရက်ကို မူးယစ်အောင် သောက်စား၍ မြစ်ဆိပ်သို့ ဆင်စီးလျက် ထွက်လာရာ ဆွမ်းခံကြွလာသော မြတ်စွာဘုရားနှင့် လမ်းတွင်တွေ့သဖြင့် ရှိမခိုးသာ၍ ဆင်ပေါ်မှ ဦးခေါင်းကိုလှုပ်၍သွား၏၊ မြတ်စွာဘုရားက ဂျင်အာနန္ဒာအား အာနန္ဒာ သန္တတိအမတ်ကြီးကိုရှုလော့၊ ယနေ့ပင် ငါဘုရားအထံတော်သို့ တန်ဆာဆင်ယင်လျက်ပင် ရောက်ရှိလာပြီး လေးပါဒရှိသော ဂါထာအဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍ ထန်းခုနစ်ဆင့်မျှလောက်သော ကောင်းကင်၌ နေ၍ ပရိနိဗ္ဗာန်ပြုလိမ့်မည်ဟု မိန့်တော်မူ၏။

http://www.dhammadownload.com

မြတ်စွာဘုရား၏ စကားတော်ကို ကြား၍ မိစ္ဆာဒိဋ္ဌိတို့က ရဟန်း ဂေါတမစကား မဖြစ်နိုင်၊ ဤမျှမူးယစ်နေသူသည် တန်းဆာဆင်ယင်း တရားနာ၍ အရဟတ္တဖိုလ်ရောက်၍ ပရိနိဗ္ဗာန်ပြုနိုင်မည်မဟုတ်၊ ရှင် ဂေါတမကို မုသာဝါဒဖြင့် နှိပ်ကွန့်အံ့ဟု ကြံကြလျက် သမ္မာဒိဋ္ဌိအယူ ရှိသူများကမူ မြတ်စွာဘုရားစကားသည် မမှားနိုင်၊ ယနေ့ ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်း သန္တတိအမတ်ကြီး၏ တင့်တယ်စံပယ်ခြင်းတို့ကို မြင်ကြရတော့မည်ဟု ကြံစည်ကြကုန်၏။

သန္တတိအမတ်ကြီးသည် ရေဆိပ်၌ တနေ့လုံးရေကစား၍ဥယျာဉ်သို့ သွားကာ ကချေသည်မတဦးကို ကစေလျက် စည်းစိမ်ခံနေစဉ် ကချေ သည်မမှာ ကိုယ်ခန္ဓာလှုပ ပြေပြစ်စေရန် ခုနစ်ရက်လုံး အစာကိုလျှော့ ပေါ့၍ စားထားသဖြင့် ကခုန်နေစဉ်မှာပင် လေဖြတ်၍ လဲကျသေဆုံး သွားလေ၏၊ ထိုအခါ အမတ်ကြီးသည် ပြင်းစွာသော သောကဖြင့် အနှိက်စက်ခံရသည်ဖြစ်၍ သောက်ထားသော အရက်ကြောင့် မူးယစ် စနသမျှတို့သည် ပူသောခွက်၌ ကျရောက်သော ရေပေါက်ပမာ ခန်း ခြောက်လျက် ကျရောက်ဖိစီးနေသော သောကကို ငြိမ်းစေရန် မြတ်စွာဘုရားရှိရာသို့ ရောက်လာလေလျှင် မြတ်စွာဘုရားက "ယံ ပုဗ္ဗေ တံ ဝိသောသေဟိ" စသော ဂါထာကို ဟောတော်မူရာ ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားအထံ ပရိနိဗ္ဗာန်ပြုရန် အခွင့် တော်ရပြီးလျှင် ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ တင်ပလ္လင်ခွေ ထိုင်လျက် ပရိနိဗ္ဗာန်ပြုသွားလေသည်။[၁]

ဤဝတ္ထု၌ သန္တတိအမတ်ကြီးသည် သီလဝိသုဒ္ဓိ မဖြစ်ခြားသော် လည်း ရဟန္တာအဖြစ်သို့ ရောက်ရှိသွားသည်ကို ထောက်၍ သီလ မစင်ကြယ်သော်လည်း လူဝတ်ကြောင်များအဖို့ မဂ္ဂန္တရာယ်မဖြစ်ဟု ဆိုကြကုန်၏။

၇။ တဖန် ကုက္ကုဋမိတ္တ (မုဆိုးကြီး)သည် သားခုနစ်ယောက်နှင့် အတူ မြတ်စွာဘုရားအား မြားဖြင့်ပစ်ရန်ပြုကြစဉ် မြတ်စွာဘုရားတန်ခိုး တော်ကြောင့် မြားလွှတ်၍မရ ဖြစ်နေစဉ် ဇနီးနှင့် ချွေးမများရောက် လာကာ လေးမြားစသော ကိရိယာတို့ကို စွန့်ပစ်စေ၍ မြတ်စွာဘုရား အား တောင်းပန်ကန်တော့ခိုင်းသဖြင့် မြတ်စွာဘုရားက ဒါနကထာ စသော အနုပုဗ္ဗီကထာကို ဟောတော်မူရာ သားခုနစ်ယောက် ချွေးမ ခုနစ်ယောက်နှင့်အတူ မုဆိုးကြီးပါ တဆယ့်ငါးဦးသားတို့ တပြိုင်နက် သောတာပန်တည်လေ၏။[၂]

၁။ ဓမ္မပဒဋ္ဌ ၂။၅၁-၅၂။ ၂။ ဓမ္မပဒဋ္ဌ ၂။၁၃၇။

http://www.dhammadownload.com

ဤဝတ္ထုဒွ်ဲ မုဆိုးအလုပ်ဖြင့် အသက်မွေးနေကြသည့် ကုက္ကုဋ္ဌမိတ္တမုဆိုး အမှူးရှိသော မိသားစု တဆယ့်ငါးယောက်တို့သည် သောတာပန်အဖြစ်သို့ ရောက်ကြသည်ကို ထောက်ရှုရ်လည်း လူဝတ်ကြောင်များအဖို့ သီလဝိသုဒ္ဓိ မဖြစ်သော်လည်း တရားထူးရနိုင်သည်ဟူ၍လည်း ဆိုကြကုန်၏။

၉။ ယင်းနှင့်ပတ်သက်၍ ပါဠိအဋ္ဌကထာ စကားတို့ဖြင့်သုံးသပ်ကြရကုန်မူ–

ပညာပရိဓောတံ သီလံ?။

ယဿ ပန အဗ္ဘန္တရေ သီလသံဝရော နတ္ထိ၊ ဥဒ္ဓတ္တိတည္ဟုတာယ ပန စတုပ္ပဒိကဂါထာပရိယောသာနေ ပညာယ သီလံ ဓောဝိတ္ဝာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏာတိ၊ အယံ ပညာယ သီလံ ဓောဝတိ နာမ သေယျထာပိ သန္တတိမဟာမတ္တော။[၂]

သီလံ၊ သီလကို။ ပညာပရိဓောတံ၊ ပညာဖြင့်ဆေးလျော်အပ်၏၊ (ပါဠိတော်အနက်)။

ပန၊ အဖို့တပါးကား။ ယဿ၊ အကြင်သူ၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ သီလသံဝရော၊ သီလစောင့်စည်းခြင်းသည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင်မရှိသော်လည်း။ ဥဒ္ဓတ္တိတည္ဟုတာယ၊ ဥဒ္ဓတ္တိတည္ဟုပုဂ္ဂိုလ်၏ အဖြစ်ကြောင့်။ စတုပ္ပဒိကဂါထာပရိယောသာနေ၊ ဓလေးပါဒရှိသော ဂါထာ၏အဆုံး၌။ ပညာယ၊ ပညာဖြင့်။ သီလံ၊ သီလကို။ ဓောဝိတ္ဝာ၊ ဆေးလျော်၍။ သဟ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပညာယ၊ ပညာဖြင့်။ သီလံ၊ သီလကို။ ဓောဝတိ နာမ၊ ဆေးလျော်သည်မည်၏။ သေယျထာပိ သန္တတိမဟာမတ္တော၊ သန္တတိအမတ်ကြီးကဲ့သို့တည်း။ (အဋ္ဌကထာအနက်)။

ဤပါဠိတော် အဋ္ဌကထာအဆိုအရ သန္တတိအမတ်ကြီးနှင့် ကုက္ကုဋ္ဌမိတ္တမုဆိုးစသောပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်သို့ရောက်ရှိသွားရခြင်းများမှာ ဘာဝနာပညာဖြင့် သီလဝိသုဒ္ဓိကိစ္စပြီးစီးသောကြောင့်ပင် ဖြစ်ကြောင်းမှတ်သားနိုင်ပေ၏၊ ဤကား ပညာဖြင့် သီလဝိသုဒ္ဓိဖြစ်ပုံပေတည်း။

၁၀။ သီလဖြင့် ဘာဝနာပညာပြီးစီးပုံကိုလည်း သိရန်လိုပေသေး၏၊ ပုထုဇဉ်အဖြစ်ဖြင့်အနှစ်ခြောက်ဆယ် အနှစ်ရှစ်ဆယ်ပတ်လုံး သီလကိုမကျိုးမပေါက် မပြောက်မကျားရအောင်စောင့်ရှောက်ထားသော ပုဂ္ဂိုလ်၏စုတေခါနီးမှ ကိလေသာအားလုံးကို ပယ်သတ်၍ အရဟတ္တဖိုလ်ကိုရယူခြင်းသည် သီလဖြင့် ဘာဝနာပညာကို ဆေးလျော်ခြင်းပင်ဖြစ်၏။

၁။ ဗီ ၁။၁၁၆။ ၂။ ဒီ ဋ္ဌ ၁။၂၆၀။

http://www.dhammadownload.com

သီဟိုဠ်ကျန်း ကန္ဒရုသာလပရိဝုဏ်၌ ဝါတော်ခြောက်ဆယ်ရပြီးသော မဟာထေရ်ကြီးသည် စုံတေးရာညောဝ်စောင်း၌လျောင်းလျက် ပြင်းပြသောဝေဒနာကြောင့် ညည်းညူနေစဉ် သဒ္ဓါတိဿမင်းကြီးသည် မဟာထေရ်ကိုဖူးမြင်အံ့ဟုလာခိုက် ထိုမထေရ်၏ညည်းညူသံကိုကြားရ၍ ရဟန်းအဖြစ်၌ ဝါတော်ခြောက်ဆယ်ရပြီးဖြစ်ပါလျက် ဝေဒနာကိုသိမ်းဆည်းခြင်းမျက်ိုပင်မပြုနိုင်၊ ထိုမထေရ်ကိုငါရှိမခိုးတော့အံ့ဟု ဆုတ်နစ်၍ မဟာဗောဓိကိုရှိခိုးရန်ထွက်သွားလေ၏၊ ထိုအခါ အနီးတွင်လုပ်ကျွေးသောပဉ္စင်းငယ်က အရှင်ဘုရားကြောင့် တပည့်တော်တို့အရှက်ကွဲရ၏၊ သဒ္ဓါတိဿမင်းကြီးသည် အရှင်ဘုရားတို့ညည်းညူသံကိုကြားရ၍ ရှိမခိုးပဲထွက်သွားပါသည်ဟုလျှောက်လျှင် ငါ့ကိုဝိပဿနာစရှုခွင့်ပြုလေ့ဟုဆိုလျက် ဝေဒနာကိုခွာလျက် ဝိပဿနာရှုသောအခါ ခဏနှင့်ပင် အရဟတ္တဖိုလ်သို့ဧရောက်လေ၏၊ ပဉ္စင်းငယ်အား ငါ့ကိုရှိခိုးရန် မင်းကြီးကိုခေါ်ချေလော့ဟုစေခိုင်း၍ မင်းကြီးရောက်လာသောအခါ မင်းကြီးသည် မိကျောင်းတို့၏ဝပ်ခြင်းဖြင့် ဝပ်၍ရှိခိုးလျက် အကျွန်ုပ်သည် အရှင်ဘုရားယခုရသောအရဟတ္တဖိုလ်ကို ရှိခိုးခြင်းမဟုတ်ပါ၊ ပုထုဇဉ်အဖြစ်၌တည်၍ အနှစ်ခြောက်ဆယ်တိုင်တိုင်စောင့်ဧရှာက်ထားသောသီလကိုရှိခိုးပါ၏ဟု လျှောက်ထားလေ၏"။

ဤကားသီလဖြင့် ပညာကိုဆေးလျော်ပုံတည်း။

ပညာဖြင့်သီလကို ဆေးလျော်ပုံကိုပြရာအဋ္ဌကထာ၌ "ဥဿဒ္ဓိတညုတာဃ"ဟုဆိုသဖြင့် ဤနေရာ၌ ပုဂ္ဂိုလ်လေးမျိုးကို ပြခွင့်ရောက်လာ၏၊ ထို့ကြောင့် ပုဂ္ဂိုလ်လေးမျိုးကို အမြွက်မျှ ပြဆိုဦးမည်။

၁၁။ ပုဂ္ဂိုလ်လေးမျိုးမှာ—

(က) ဥဿဒ္ဓိတညူ ပုဂ္ဂိုလ်
(ခ) ဝိပဉ္စိတညူပုဂ္ဂိုလ်
(ဂ) နေယျပုဂ္ဂိုလ်
(ဃ) ပဒပရမပုဂ္ဂိုလ်ဟု လေးမျိုးရှိ၏။

ထိုတွင်—

(က) ဥဿဒ္ဓိတညူပုဂ္ဂိုလ် ဟူသည် (၁) တစုံတယောက်သော ပုဂ္ဂိုလ်က အကျဉ်းအားဖြင့် တရားဟောခြင်း။ (၂) အကျဉ်းအားဖြင့်ဟော အပ်သောတရားဆုံးသည်နှင့်တပြိုင်နက် အရဟတ္တဖိုလ်သို့ရောက်ခြင်း ဤအင်္ဂါ ၂-ပါးနှင့်ပြည့်စုံ၏။

၃။ ဒီဃ ၂၊၂၆၀။

http://www.dhammadownload.com

(ခ) ဝိပဿီတညူပုဂ္ဂိုလ်ဟူသည် (၁) ပုဂ္ဂိုလ်တဦးဦးက အကျဉ်းမဘဲကာထား၍အကျယ်ခွဲဟောခြင်း၊ (၂)ထိုတရားကိုနာကြား၍ အရဟတ္တဖိုလ်သို့ရောက်ခြင်း ဤသို့အင် ၂-ပါးနှင့်ပြည့်စုံ၏။

(ဂ) နေယျပုဂ္ဂိုလ်ဟူသည်— ပါဠိသင်ခြင်း အဖန်ဖန်မေးမြန်းခြင်း လမ်းမှန်ကမ်းမှန် နှလုံးသွင်းခြင်း ကလျာဏမိတ္တတို့ကို ဆည်းကပ်ခြင်းတို့ဖြင့် အစဉ်အတိုင်း သစ္စာလေးပါးတရားကို သိသူဖြစ်၏။

(ဃ) ပဒပရမပုဂ္ဂိုလ်ဟူသည် တရားတော်ကိုအကြိမ်များစွာကြားနာရှုတ်ဆို ဆောင်ထားမှတ်သားပါသော်လည်း ထိုအတ္ထဘောဖြင့် စျာန်မဂ်ဖိုလ်တရားထူးကို မရနိုင်သောပုဂ္ဂိုလ်ဖြစ်၏[၁]။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် သန္ဓတိအမတ်ကြီးသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ပြဆိုအပ်ခဲ့ပြီးသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်၏ အင် ၂-ပါးနှင့်ပြည့်စုံသောကြောင့်ပင်ဖြစ်၏၊ အဋ္ဌကထာကလည်း ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်သောကြောင့် အရဟတ္တဖိုလ်သို့ရောက်သည်ဟုဆိုပေ၏။

ကုက္ကုဠမိတ္တမုဆိုးစသော မိသားစုတို့သည် ဥဂ္ဃဋိတညူအင် ၂နှစ်ပါးတို့တွင် ဘုရားရှင်ကိုယ်တော်တိုင် တရားဟောခြင်းဟူသော ပထမအင် ၁နှင့်ပြည့်စုံသော်လည်း အရဟတ္တဖိုလ်သို့မရောက် သောတာပန်မျှသာဖြစ်ကြသည့်အတွက် ယင်းပုဂ္ဂိုလ်တို့သည် နေယျပုဂ္ဂိုလ်၌ ပါဝင်သည်ဟု ဆိုရ၏။

သီဟိဠ်ကျန်း ကန္ဒရသာလပရိဝုဏ်၌နေသည့် ဖော်ပြပါမထေရ်ကြီးသည် ဥဂ္ဃဋိတညူအင် ၁နှစ်ပါးတွင် အရဟတ္တဖိုလ်သို့ရောက်ခြင်းဟူသော အင် ၁နှင့်ပြည့်စုံသော်လည်း တစုံတယောက်သောသူက တရားဟောခြင်းဟူသောပထမအင် ၁နှင့် မပြည့်စုံသောကြောင့် နေယျပုဂ္ဂိုလ်၌ပင် ပါဝင်သည်ဟု ဆိုရပေမည်။

ဤသို့ ပုဂ္ဂိုလ်လေးမျိုးပြရခြင်းမှာ သန္ဓတိအမတ်ကြီးသည် သီလဝိသုဒ္ဓိမရှိသော်လည်း အရဟတ္တဖိုလ်သို့ရောက်ရခြင်းမှာ ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်သည့်အတွက် ဂါထာတပုဒ်အဆုံး၌ ပညာဖြင့် သီလဝိသုဒ္ဓိကိုဖြစ်စေသည်ဟူသော ပါဠိအဋ္ဌကထာစကားများ၏ဒသဆိုအမိန့်နှင့် ပစ္ဆိမဘဝိကဥဂ္ဃဋိတညူ ဝိပဉ္စိတညူဖြစ်သောကြောင့်အရဟတ္တဖိုလ်သို့ရောက်ရသည်မဟုတ် လူများအဖို့ သီလဝိသုဒ္ဓိမရှိခြင်းမှာ မဂ္ဂင်္ဂရာယ်မဟုတ်သောကြောင့်သာ အရဟတ္တဖိုလ်သို့ရောက်ရသည်ဟူသောအဆိုအမိန့်တို့ကို နှိုင်းယှဉ်စဉ်းစားနိုင်ရန် ထည့်သွင်းဖော်ပြရခြင်းဖြစ်ပေသည်။

ထို့ပြင် ဤနေရာတွင် ဤပုဂ္ဂိုလ်လေးမျိုးဖြင့်ပင် နှိုင်းယှဉ်သုံးသပ်ရန် လိုအပ်ပေသည်။

၁။ အဘိ ၄ ၃၊၁၃၃-၁၄၅။

http://www.dhammadownload.com

၁၂။ သန္တတိအမတ်ကြီးသည် ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်လေးမျိုးထဲတွင် ထိပ်တန်းအကျဆုံးသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး ဖြစ်သည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်ပင် တရားနာရုံမျှဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်ဟု မမှတ်သင့်ပေ၊ ဝိပဿနာ၏အာရုံဖြစ်သော သခါရတရားတို့တွင် တစုံတခုသော သခါရကို အနိစ္စ စသော အခြင်းအရာဖြင့် ဝိပဿနာရှုမှတ်၍သာ တရားထူးကို ရသည်ဟုဆိုပေသည်။

"ယသ္မာ ပန ကာယဝေဒနာစိတ္တဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတ္ဝာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ"[၁]

ဆိုလိုသည်မှာ သန္တတိအမတ်ကြီး အစရှိသောသူတို့သည် ဂါထာ၏အဆုံး၌ မင်္ဂိုလ်ကို ရောက်ကြကုန်သည်မှန်သော်လည်း ကာယဝေဒနာ စိတ္တဓမ္မတို့အနက် တစုံတခုသောတရားကို မသုံးသပ်ပဲ ဘာဝနာကံမည်သည် မဖြစ်သည့်အတွက်ယင်း ပုဂ္ဂိုလ်တို့သည် ဤသတိပဋ္ဌာန်လေးပါးဟူသော လမ်းခရီးဖြင့်သာ စိုးရိမ်ဝိုင်းကြေးပူဆွေးခြင်းတို့ကို လွန်မြောက်ကြရကုန်သည် ဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်။

အချုပ်မှာ ဖော်ပြသော အဋ္ဌကထာစကားအရ သန္တတိအမတ်ကြီး စသော ပုဂ္ဂိုလ်မျိုးတို့အဖို့ အလွန်တိုတောင်းလှသော အချိန်ကာလအတွင်းမှာပင် ဝိပဿနာဘာဝနာပွားကြသည်ဟု ဆိုသဖြင့် သီလဝိသုဒ္ဓိ စသော ဝိသုဒ္ဓိအဆင့်ဆင့်ကိုလည်း ပွားများကြသည်ဟုဆိုရာ ရောက်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိခုနစ်ပါးကို အကျဉ်းခြုံးလိုက်သည်ရှိသော် သီလ, သမာဓိ, ဝိပဿနာပညာမဂ်ပညာဟုသုံးပါးသာရှိသောကြောင့်ပင်ဖြစ်သည်၊ ထိပ်တန်းအကျဆုံးဖြစ်သော သန္တတိအမတ်ကြီးသည်ပင် တိုတောင်းလှသော အချိန်ကာလအတွင်း ဝိသုဒ္ဓိအဆင့်ဆင့်ကို ပွားများနေရသေးလျှင် ဝိပဋ္ဌိတညူပုဂ္ဂိုလ်တို့မှာ ပြောဖွယ်ရာပင် မလိုတော့ချေ။

သို့သော် သန္တတိအမတ်ကြီး ရဟန္တာဖြစ်သည်ကို ဆင်ခြင်လျှင် မြတ်စွာဘုရားဟောတော်မူသော ယံ ပုဗ္ဗေ တံ ဝိသောသေဟိ စသောဂါထာအဆုံး၌ပင် ရဟန္တာအဖြစ်သို့ ရောက်ရသည်၊ ဤအတွင်းမှာပင် ဝိသုဒ္ဓိခုနစ်ပါးကို အဆင့်ဆင့် ပွားများပြုလုပ်၍သွားသည်ဟု စဉ်းစားလျှင် ဝိသုဒ္ဓိခုနစ်ပါးကို ကြိုးစားပမ်းစားတခုပြီးတခု ရှုပွားအားထုတ်၍မနေရ၊ တခုမှတခုသို့ အလိုအလျောက် ဝင်ရောက်

၁။ ဒီ ဋ္ဌ ၂။၃၃၉။

http://www.dhammadownload.com

ကူးပြောင်း သက်ဝင်လျက် နောက်ဆုံးတွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားရသည်ကို သတိချပ်နိုင်စရာ ရှိပေသည်၊ တခမ်းကနားရှုပ်ထွေးနေရသည်မဟုတ်ချေ။

အထက်ဖော်ပြပါ ရထဝိနီတသုတ်လာ "သီလဝိသုဒ္ဓိ ယာဝဒေဝ စိတ္တဝိသုဒ္ဓတ္ထာ" ဟူသော ဝါကျ၌ စိတ္တဝိသုဒ္ဓတ္ထာ ဟူသော ပုဒ်၌ ပါရှိသော သမ္မာဝိဘတ်သည် မရီယာဒ အဝဓိအနက်၌ ဖြစ်သောကြောင့် သီလဝိသုဒ္ဓိကို စိတ္တဝိသုဒ္ဓိ ဖြစ်သည်အထိ ကျင့်သုံးရမည်၊ နောက်နောက်သော ဝိသုဒ္ဓိများကိုလည်း သက်ဆိုင်ရာ အကျိုးဝိသုဒ္ဓိများဖြစ်သည်အထိ ကျင့်သုံးရမည်ဟူသော အဋ္ဌကထာ ဋီကာတို့အဆိုအရ ဝိသုဒ္ဓိတရားများတခုပြီးတခု ကျင့်သုံးရသည်ဟူသော စကားသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်အဖို့ ကြည့်ရှုလျှင် အထူးတခမ်းတနား ကြိုးစားနေရသည်မဟုတ်၊ တရားသဘောအရ တခုပြီး တခု ဆက်တိုက် ဝိသုဒ္ဓိအစဉ် ဉာဏ်စဉ်တို့ ဖြစ်ပေါ်နေရခြင်းကိုပင် ဆိုရသည်၊ တနည်းအားဖြင့် ကျဲကူး ရေပါအနေဖြင့် တပါတည်း ပါသွားပြီးပင် ဖြစ်သည်ဟု ယူဆရပေသည်၊ ဝိပဉ္စိတညူပုဂ္ဂိုလ် အတွက်လည်း ထို့အတူပင် မှတ်သားရ၏၊ သို့သော် ပါဠိသင်ခြင်း အဖန်ဖန် ဆွေးနွေးမေးမြန်းရခြင်း လမ်းမှန်အောင် နှလုံးသွင်းရခြင်း ကလျာဏမိတ္တတို့ကို ဆည်းကပ်ရခြင်း စသည်တို့ဖြင့်-အချိန်ယူ၍ ကျင့်ကြံရသော နေယျပုဂ္ဂိုလ်တို့အဖို့ မူကား ဝိသုဒ္ဓိခုနစ်ပါးကို တပါးပြီးတပါး ကြိုးစား အားထုတ်ရမှု ရှိနိုင်ပေသည်။

ထိုသို့ ဝိသုဒ္ဓိခုနစ်ပါးကို အစဉ်အတိုင်းတခမ်းတနား ကြိုးစားအားထုတ်ရသော နေယျပုဂ္ဂိုလ်တို့ရှိနိုင်သဖြင့် "ပရမတ်ဆတ်ဆတ် ခတ်ကိုပေါက်လျှင်။ပ။အကုန်လုံး ပြီးစီးပါ၏" ဟူသော ခြောက်စောင်တွဲကျမ်းဆရာ၏ စကားသည် ဥဂ္ဃဋိတညူဝိပဉ္စိတညူနှစ်ပါးအတွက် မှန်ကန်သော်လည်း နေယျပုဂ္ဂိုလ်အတွက် မှန်ကန်သည်ဟု မဆိုနိုင်ရကား ပျံ့နှံ့မှန်ကန်သော စကားဟု မယူဆနိုင်ကြောင်း ဝိနည်းဓိရ်များက သုံးသပ် ဝေဖန်ကြပေသည်။

၁၃။ စောဒနာအမှတ် (၆) ပုဒ်ခွဲ (ခ)၌လာသော-

> "ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသော သဘောကို ဘယ်လိုပင်မြင်မြင်၊ ဘယ်ဟာ မမြဲဟုရှုလျှင် မဟုတ်သောနည်း မမှန်သောနည်း ဒီဋ္ဌိပြုတ်နှင့် အဓိဋ္ဌာန်ကြီး" ဟူသော ခြောက်စောင်တွဲလာ စကားမှာ-

ထိုစကား၏ရှေ့၌ပါရှိသော-

> "သဏ္ဌာန်နိမိတ်အရိပ်အသွင်နှင့်ပြောစရာ ပြစရာ ဆောတည် မ.တည်၊ သည်ဟာ ဟိုဟာဟု တခုခုနိမိတ်နှင့် အရိပ်သွင်ဟန်ထင်ခဲ့ပြန်လျှင် ပညတ်ခံလာပြီဟူ၍သာ မှတ်ပါ"

http://www.dhammadownload.com

ဟူသော ခြောက်စောင်တွဲဆရာ၏ စကားနှင့်ဆက်စပ်၍ ပညတ်ကို ဆိုလို ကြောင်း ထင်ရှား၏၊ ပညတ်နှင့်ပရမတ်နှစ်မျိုးတို့တွင် ဝိပဿနာအရာ၌ ပရမတ် ကိုသာ လိုအပ်သဖြင့် ပညတ်ကို မလိုအပ်ကြောင်းမှာ အထူးပြောဖွယ်မရှိပေ။

၁၄။ စောဒနာအမှတ်(၆)ပိုဒ်ခွဲ(ဂ)၌—

(ဂ) ဤကဲ့သို့ စာပေကို ကြည့်၍သော်လည်းကောင်း သူတပါး ဟောသောတရားကို ကြား၍သော်လည်းကောင်း၊ မိမိစိတ်၌ခိုက်ခန့် သိမြင်လျှင် သောတာပန်ပင်ဟုသာ မှတ်ပါ" (ခြောက်စောင်တွဲ၊ နှာ-၁၉)

(ဃ) "ဤကဲ့သို့ ရုပ်ခေတ် နာမ်ခေတ်တို့ကို ဓပါက်အောင် ရှုမြင် သောသမ္မာဒိဋ္ဌိမဂ္ဂင်သည် ပညာရှိတို့ သိမြင်ပုံတည်း"

"ဤကဲ့သို့ စာပေကို ကြည့်၍သော်လည်းကောင်း သူတပါး ဟောပြော သော တရားကို ကြား၍သော်လည်းကောင်း မိမိစိတ်၌ တဏှာယ်နှစ်ခြိုက်စွာ သိမြင်လျှင် သောတာပန်ဟုသာ မှတ်ပါ"။ (ဩဝါဒ၊ နှာ—၅၉)

ဤစကားများသည် ကျမ်းကွဲ စကားတူများဖြစ်၍ စောဒကဆရာတော် များက ကောက်နုတ်ချက်ပြုကာ "ကျင့်စဉ်မလို သိလျှင်ပြီးရော ဆိုပြီး လွယ် လွယ်နှင့် နေယင်းထိုင်ယင်း အလိုအလျောက် သောတာပန် ဘဝရောက်ကာ ဗုဒ္ဓ ဩဝါဒစွာ ဒေသနာအလိုကျ ကျင့်ရအားထုတ်ရမည်၊ ဝိသုဒ္ဓိ ၇-ပါး ဝိပဿနာ ဘုံများတို့ကို အပို အလုပ်ဟု ထင်မြင်ယူဆစေသည်" ဟု အပြစ်တင်ချက်ကို ပြဆို ကြသည်။

သောဓနာလင်္ကာတင် ဆရာတော်များက—

"ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ယင်း လည်းဖြစ်နိုင်၏၊ယာလုပ်ယင်းလည်းဖြစ်နိုင်၏၊လှေသွားယင်း လှည်းသွား ယင်း ဝန်ထမ်းယင်းရောင်းယင်းဝယ်ယင်း အစရှိသည်ဖြင့် အိမ်အလုပ်ကိစ္စ စီးပွားနှင့် ဖက်တွဲနိုင်သတည်း[၁]" စသော စကားဖြင့်လည်းကောင်း—

"အယုတ်အားဖြင့် အစေခံအိမ်ကျွန်မ အခစား ကူလီပင်ဖြစ်သော် လည်း သံဝေဂသတိ ကောင်းကောင်းရှိပါလျှင် ဝိပဿနာဖက်တွဲနိုင်တော့ သည်သာတည်း"[၁] ဟူသော စကားဖြင့်လည်းကောင်း တို့ပြန်ဖြေကြား ကြသည်။

၁။ အာဟာရဒီပနီ၊ နှာ—၁၅၆။

http://www.dhammadownload.com

ဤအပိုဒ်ခွဲ (ဂ–ဃ)ပါ ကျမ်းဆရာ၏ စကားများသည် အနက်အဓိပ္ပါယ်အားဖြင့် တူညီကြသော ကျမ်းကွဲနေသည့် ဆရာတဦးတည်း၏ စကားများဖြစ်သည်။

ဤ၌ "ဤကဲ့သို့ စာပေကို ကြည့်၍သော်လည်းကောင်း သူတပါးဟောသောတရားကို နာကြား၍သော် လည်းကောင်း" ဟူသောစကား၌ ဤကဲ့သို့ စာပေကို ကြည့်၍သော်လည်းကောင်း ဟူသောစကားမှာ ဥပစာစကားဖြစ်သည်။

ဟောပြောထားပြီးသော စကားကို စာအုပ်ပြုလုပ်သည်၊ထိုစာကိုကြည့်သည်၊ စာပေဟူသော အကျိုး၏ အမည်ကို ပထမဟောပြောထားသော အကြောင်းဖြစ်သောစကား၌ တင်စား၍ အကြောင်းဖြစ်သော စကားကို စာပေဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

၁၅။ ထိုစကားသည် "သူတပါးဟောသောတရားကို ကြားနာ၍သော်လည်း ကောင်း" ဟူသောစကားနှင့် အတူတူပင်ဖြစ်ရာ ပါဠိဘာသာအားဖြင့် သူတပါးဟောသောတရားကို ကြားနာခြင်းဟူသည် "ပရတော ဃောသ"ပင် ဖြစ်သည်။

"ပရတော စ ဃောသောတိ ပရဿ သန္တိကာ အဿဒ္ဓမ္မဿဝနံ၊ ပရဿ သန္တိကာ သဒ္ဓမ္မဿဝနံ။[၁]

"ပရေဟိ သုတာ ဒေသိတာ ဝါ ဒေသနာ ပရတော ဃောသော။[၂]

ပရတော ဃောသောတိ၊ ပရတော ဃောသဟူသည်ကား။ ပရဿ၊ တပါးသောသူ၏။ သန္တိကာ၊ အထံမှ။ အဿဒ္ဓမ္မဿဝနံ၊ မသူတော်တို့၏ တရားကို နာခြင်းတည်း။ ပရဿ၊ သူတပါး၏။ သန္တိကာ၊ အထံမှ။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတို့၏တရားကို နာခြင်းတည်း။ ပရေဟိ၊ တပါးသောသူတို့၏ အထံမှ။ သုတာ၊ ကြားအပ်သော။ ဒေသနာ၊ ဒေသနာသည်။ ဝါ– တရားစကားသည်။ ပရတောဃောသော၊ ပရတောဃောသမည်၏။ ဝါ– တနည်းကား။ ပရေဟိ၊ တပါးသောသူတို့သည်။ ဒေသိတာ၊ ဟောအပ်သော။ ဒေသနာ၊ တရားစကားသည်။ ပရတောဃောသော၊ ပရတောဃောသ မည်၏။

ဤပါဠိအဋ္ဌကထာ ဋီကာစကားများအရ ပရတောဃောသ ဆိုသည်မှာ ဒေသက ပုဂ္ဂိုလ်ထံမှ ထွက်လာသော ကောင်းသော တရားသံ မကောင်းသော တရားသံများပင်ဖြစ်သည်။ ဤ၌ "ပရတောဃောသ" အရ "ကောင်းသော စကားသံ" ဟု အရကောက်၍ "ရုပ်ခေတ် နာမ်ခေတ်တို့ကို ပေါက်အောင်ရှုမြင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပညာရှိတို့ သိမြင်ပုံတည်း" ဟူသောစကားနှင့်တွဲစပ်ကာ ဤသို့ အဓိပ္ပါယ်ယူသင့်၏။

၁။ အံ ဋ္ဌ ၂။၅၈။ ၂။ သီ ဋီ သစ် ၁၄၀၄။

http://www.dhammadownload.com

"ပရတောဃောသကြောင့် မိမိ၏စိတ်ဓာတ်၌ ရုပ်ဓာတ် နာမ်ဓာတ်တို့ပေါက်အောင် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်သိမြင်လျှင် သောတာပန်ပင်ဟုသာ မှတ်ပါ" ဤသို့အဓိပ္ပာယ် ယူသင့်ပေသည်၊ အထက်ကဖော်ပြခဲ့သော စောဒနာ သောဓနာအပိုဒ် ၆– (ခ) စိစစ်သုံးသပ်ချက်နှင့် ပြန်လည်တိုက်ဆိုင်ကြည့်လျှင် ရှင်းလင်းစွာ သိနိုင်ပေလိမ့်မည်။

၁၆။ ဤအကြောင်းနှင့်ပတ်သက်၍ အဋ္ဌကထာ (ဒီ ဋ္ဌ ၁၊၁၆၆၊၁၆၇) လာဝတ္ထုများကို ဖော်ပြလိုပေသည်။

"ရဟန်းငယ်တပါးသည် သာမဏေငယ်တပါးနှင့် ဒန်ပူသားခုတ်ရန် တောထဲသို့သွားရာ သာမဏေသည် လမ်းမှဖဲထွက်၍ ရှေ့သို့သွားသော် အသုဘတခုကို တွေ့မြင်သဖြင့် ပဌမဈာန်ကိုဖြစ်စေလျက် ထိုဈာန်ကို အခြေပြု၍ သခ်ါရတို့ကို သုံးသပ်သောအခါ အနာဂါမိဖိုလ်အထိ ဘရားထူးရ၏၊ အထက်မင် (အရဟတ္တဖိုလ်) အတွက် ကမ္မဋ္ဌာန်းရှုနေစဉ်ရဟန်းငယ်က "သာမဏေ" ဟုခေါ်သဖြင့် ဝိပဿနာကိုဖျက်၍ "အရှင်ဘုရား" ဟု ထူး၏၊ "လာလော့" ဟုခေါ်သောခဏ၌ ရဟန်းငယ်ထံသို့ပြန်လာပြီးလျှင် "အရှင်ဘုရား ဤလမ်းဖြင့်သွား၍တပည့်တော် ရပ်သောနေရာ၌ နေ၍ ရှေ့သို့ ရှေးရှု ကြည့်တော်မူပါ" ဟု လျှောက်ထားလေရာ ရဟန်းငယ်သည် ထိုအတိုင်းပြုလုပ်သဖြင့် ရဟန်းငယ်လည်း အနာဂါမိဖိုလ် အထိ ဘရားထူးကို ရသွားလေ၏။

"တလက်ရအရပ်၌နေဒသာ ရဟန္တာ ဓမ္မဒိန္နမထေရ်သည် ဥစ္စလက်အရပ်၌ နေသော သူ၏ဆရာဖြစ်သော မဟာနာဂမထေရ်၏ ပုထုဇဉ်အဖြစ်ကိုသိမြင်၍ မဟာနာဂမထေရ်အား ပုစ္ဆာတထောင် မေးလျှောက်ရာ မတွန့်မဆုတ် ဖြေဆိုနိုင်သည်ကို တွေ့ရ၍ အရှင်ဘုရား၏ ဉာဏ်သည် အလွန်ထက်မြက်လှပါပေသည်၊ အဘယ်အခါက ဘရားထူးကို ရခဲ့ပါသနည်းဟု မေးလျှောက်သောအခါ လွန်ခဲ့သော ၀၊–၆၀ - လောက်က ဘရားထူးကိုရခဲ့ပါသည်ဟု ဖြေကြား၏၊ အရှင်ဘုရား သမာဓိကို အသုံးပြုပါသေးသလောဟု မေးလျှောက်ရာ သမာဓိကိစ္စသည် ငါ့အဖို့ဝန်မလေးဟုဖြေကြား၏၊ ထိုသို့ဖြစ်လျှင် အရှင်ဘုရား ဆင်တကောင်ဖန်ဆင်းတော်မူပါဟု လျှောက်ထား၏၊ မဟာနာဂမထေရ်သည် အလုံးစုံဖြူသော ဆင်ကိုဖန်ဆင်းလေ၏။

အရှင်ဘုရား၊ ဤဆင်သည် နားရွက်တို့ကိုစွင့်ကာ အမြီးကိုထောင်လျက်ခံတွင်း၌ နှာမောင်းကိုထည့်ပြီးလျှင် ကြောက်မက်ဖွယ်အသံကိုမြည်ကာ အရှင်ဘုရားထံသို့ ရှေးရှုလာပါစေလော့ဟု လျှောက်ထား၏။

http://www.dhammadownload.com

မထေရ်လည်း လျှောက်ထားသည့်အတိုင်း ဖန်ဆင်းလေသော် လျင်မြန်သောအဟုန်ဖြင့် သူ၏ထံသို့လာသော ဆင်၏ ကြောက်မက်ဖွယ် အခြင်းအရာကိုမြင်လျှင် ထချပြေးရန် အားထုတ်၏၊ ထိုအခါ ဓမ္မဒိန္နမထေရ်က သူ၏လက်ကိုဆန့်တန်းကာ သူ့ဆရာ၏ သင်္ကန်းစွန်းကိုဆွဲထားပြီးလျှင် "ရဟန္တာဟူသည် ကြောက်ရွံ့မှုရှိပါသေးသလော"ဟု လျှောက်ထား၏၊ ထိုအခါ မဟာနာဂမထေရ်က ကမ္မဋ္ဌာန်းတောင်းသဖြင့် တပည့် ရဟန္တာ ဓမ္မဒိန္နမထေရ်က ကမ္မဋ္ဌာန်းကိုပေး၏၊ မဟာနာဂမထေရ်သည် ကမ္မဋ္ဌာန်းရွတ်ရန် စကြံသို့တက်သောအခါ တတိယခြေလှမ်း၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဖော်ပြခဲ့သော ဝတ္ထုများ၌ ရဟန်းယောဂီနှင့် သာမဏေတို့သည် ခေတ္တမျှ ကမ္မဋ္ဌာန်းရွတ်ဖြင့် အသီးအသီး အနာဂါမိဖိုလ်သို့ ရောက်ရှိကြခြင်း တပည့်ဖြစ်သူ ဓမ္မဒိန္နမထေရ်ပေးသော ကမ္မဋ္ဌာန်းကို ဆရာဖြစ်သူ မဟာနာဂမထေရ်က ခေတ္တမျှ ပွားများမျှဖြင့် အရဟတ္တဖိုလ် တရားထူးကို ရရှိခြင်းတို့မှာ မြန်ဆန်လှသော်လည်း အစဉ်အတိုင်းကျင့်ရသော ဝိသုဒ္ဓိ ၆-ပါးကို သွေဖီ၍ ဉာဏဒဿန ဝိသုဒ္ဓိတရားထူးကို ရရှိကြရသည် မဟုတ်ပေ၊ အထက်စောဒနာအမှတ် ၆- အပိုဒ်ခွဲ (ခ)၌ ဖော်ပြခဲ့သည့်အတိုင်း ရုပ်ဓာတ်နာမ်ဓာတ်များကို နှစ်နှစ်ခြိုက်ခြိုက် သိမြင်ခဲ့ကြသောကြောင့်သာ ဝိသုဒ္ဓိ ၇-ပါး လမ်းစဉ်ဖြင့် ရရှိကြရသည့်အတွက် စောဒနာ ၆၊ ပိုဒ်ခွဲ (ဂ) (ဃ)လာ ကျမ်းဆရာ၏စကားများကို သင့်လျော်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြသည်။

၁၇။ စောဒနာအမှတ် ၆၊ ပိုဒ်ခွဲ (ငဂ)၌—

"မသိလျှင် မပြီး၊ သိလျှင်ပြီး၏ဟု မုချမှတ်လေ တပည့်တို့"[၁]

ဤသို့ထုတ်ပြ၍ "ကျင့်စဉ်ရာမလို သိလျှင်ပြီးရောဆိုပြီး ဝိသုဒ္ဓိ (၇)ပါး ဝိပဿနာတရားတို့ကို အပိုအလုပ်ဟု ထင်မြင်ယူဆစေသည်"ဟု စောဒကဆရာများက အပြစ်ပြလျက် စောဒနာလွှာ တင်သွင်းကြပေသည်။

ဤစကားရပ်ပါ ကျမ်းစာမှာ ကြောင်ပန်းဆိုင်ရာမှ တာဝန်မယူဟုဆိုသော ကျမ်းစာဖြစ်သော်လည်း ရွှေစကားရပ်များနှင့် ဆက်စပ်လျက်ရှိသဖြင့် ဤတွင် ထုတ်ဖော်သုံးသပ်၍ ပြဦးမည်။

ယင်းစကားမှာ ၎င်းကျမ်း နှာ(၁၃၂)၌ရှိသော အောက်ပါ စကားအဓိပ္ပါယ်များနှင့် ဆက်စပ်လျက် ရှိနေကြပေသည်။

၁။ ပဋိဝေဓဒီပနီ၊ နှာ-၈၃၄။

http://www.dhammadownload.com

ပရိညာသည်—
၁။ ဉာတပရိညာ၊
၂။ တီရဏပရိညာ၊
၃။ ပဟာနပရိညာ—

ဟု သုံးပါးရှိရာတွင်—

၁။ ဉာတပရိညာဖြင့် ရုပ်နာမ်နှစ်ပါးတို့ကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားသိမြင်ရသည်၊
၂။ တီရဏပရိညာဖြင့် အနိစ္စစသော လက္ခဏာတို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင်ရသည်၊
၃။ ပဟာနပရိညာဖြင့် ပယ်သင့်ပယ်ထိုက်သော တရားတို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင်ရသည်။

ထိုသို့ သိမြင်နိုင်အောင် စိတ်တွေ့ ဉာဏ်တွေ့ တွေ့အောင် အားထုတ်ကြရမည်။ ပရိညာသုံးပါးဖြင့် သိအောင် ကြိုးစားကြရမည်ဟူသော အဓိပ္ပါယ်မျှားဖြစ်သည်။

(က) တဿာ သပ္ပစ္စယနာမရူပါဘိဇာနနာ အာဝေဏိကာ ဘူမိ၊
(ခ) တဿာ ကလာပသမ္မသနတော ပဋ္ဌာယ အနိစ္စံ ဒုက္ခမနတ္တာတိ တီရဏဝသေန ပဝတ္တမာနာယ ယာဝ အနုလောမာ အာဝေဏိကာ ဘူမိ။
(ဂ) တဿာ ဘင်္ဂါနုပဿနတော ပဋ္ဌာယ ယာဝ မဂ္ဂဉာဏာ ဘူမိ။[၁]

သပ္ပစ္စယနာမရူပါဘိဇာနနာ၊ အကြောင်းနှင့်တကွ နာမ်ရုပ်ကို သိခြင်းသည်။ တဿာ၊ ထိုဉာတပရိညာ၏။ အာဝေဏိကာ၊ အသီးဖြစ်သော။ ဘူမိ၊ အရာတည်း။ ကလာပသမ္မသနတော၊ အပေါင်းအားဖြင့် နာမ်ရုပ်ကို သုံးသပ်သည်မှ။ ပဋ္ဌာယ၊ စ၍။ အနိစ္စ ဒုက္ခ အနတ္တာတိတီရဏဝသေန၊ အနိစ္စ ဒုက္ခ အနတ္တဟူသော စူးစမ်းခြင်း၏ အစွမ်းဖြင့်။ ပဝတ္တမာနာယ၊ ဖြစ်သော။ တဿာ၊ ထိုတီရဏပရိညာ၏။ ယာဝအနုလောမာ၊ အနုလောမဉာဏ်တိုင်အောင်။ အာဝေဏိကာ၊ အသီးဖြစ်သော။ ဘူမိ၊ အရာတည်း။ ဘင်္ဂါနုပဿနတော၊ ဘင်္ဂါနုပဿနာဉာဏ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ မဂ္ဂဉာဏာ၊ မဂ်ဉာဏ်တိုင်အောင်၊ ဝါ—မဂ်ဉာဏ်အထိ။ တဿာ၊ ထို ပဟာန ပရိညာ၏။ ဘူမိ၊ အရာတည်း။

ဤပရိညာမျှားနှင့် "မသံလျင်မပြီး သီလျင်ပြီးသည်" ဟူသော စကား ကို ဆက်စပ် ယူဆကြည့်ပါလျှင် စောဒကဆရာတော်မျှားက စောဒနာ ၆၊ ပို၌ခွဲ (၄) ကို ထုတ်ပြ၍ စောဒနာကြွလိမ့်မည် မဟုတ်ဟု ဝိနည်းဓိုရ် ဆရာတော်မျှားက ယူဆကြပေသည်။

၁၊ ဝိသုဒ္ဓိမဂ္ဂ ၂၊၃၃၄-၃၃၅။

http://www.dhammadownload.com

အမှတ်(၇)စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ်သုံးသပ်ချက်

၁။ စောဒကဆရာတော်များက စောဒနာအမှတ်-၇ အနေဖြင့်-

(က) ဤသို့ဝဲယာရွေ့နောက် ထက်အောက်ဖိလာ ဆယ်မျက်နှာ အဆုံးမရှိသော လဟာပြင်ကြီးအတိုင်းသာ သြကာသလောကဆိုသည်[၁]။

(ခ) ပရမတ္ထသဘာဝ အတိပါကဋ္ဌ အလွန်ပင်ကြီးကျယ်ထင်ရှားလှသော ရုပ်နာမ်သခါရတို့၏ ဖြစ်ပျက်ရာအသခ်္ခတမဖြစ်သော လဟာပြင်လောကကြီးကိုသာ သြကာသလောကဆိုသည်မှတ်ပါ။

(ဂ) အသခ်္ခတလဟာပြင်ကြီးမှာမှ သြကာသလောက သတ္တုကျသည်ဟူလို[၂]။

ဤအချက်များကို ကောက်နုတ်ဖော်ပြ၍ လဟာပြင်ကြီးကို သြကာသလောကဟု ကောက်ယူခြင်းသည်အဋ္ဌကထာဋီကာအလိုကျမဟုတ်ကြောင်း(ဣတိ-ဝုတ် အဋ္ဌကထာ၊ ၂-၄၈။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပ-၂၃၇။ ဝိမတိဝိနောဒနီ-ဋီကာ ပ၊ ၅၂။ သာရတ္ထဒီပနီဋီကာ ပ၊ ၂၄၀။ ဥဒါန်းအဋ္ဌကထာ ၁၀၇)တို့ကို ကိုးကား၍ တင်ပြစွဲဆိုကြပေ၏၊ စုဒိတကဆရာတော်တို့ကလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာစသော ကျမ်းတို့ကို အလောက်အထားပြု၍ လဟာပြင်ကြီးသာ သြကာသလောကဖြစ်ကြောင်း ရှင်းလင်းကြပေ၏။

၂။ ဝိနည်းဓိုရ်ဆရာတော်တို့သည် ယင်းတို့၏ အဆိုအခြေတို့ကို ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် အခါခါနှိုင်းညှိလျက် စိစစ်လေ့လာကြရာ၌-

> ယာဝတာ စန္ဒိမသူရိယာ၊ ပရိဟရန္တိ ဒိသာ ဘန္တိ ဝိရောစနာ။
> တာဝ သဟဿခေ လောကေ၊ ဧတ္ထ တေ ဝတ္တတေ ဝသေ[၃]။

မြန်မာပြန်။ အရပ်မျက်နှာတို့၌ တင့်တယ်ထွန်းလင်းစေလျက် လနေတို့လှည့်လည်ရာ (လောကခေတ်တခု) ပမာဏအားဖြင့် ဤတစောင်သောလောက၌ သင်၏အာဏာသည် ဖြစ်၏[၄]။

ဖော်ပြပါ ပြဟ္မုနိမန္တနိကသုတ်လာဂါထာ၌ လနေတို့လှည့်ပတ်ရာဖြစ်သော တထောင်သောလောကခေတ်ဟူသည် ဤစကြဝဠာအပါအဝင် စကြဝဠာပေါင်းတထောင်ကိုဆိုလိုကြောင်း ယင်းအဋ္ဌကထာ၌-

---

၁။ ခြောက်စောင်တွဲ နှာ၊၃၂၂။ ၂။ ခြောက်စောင်တွဲ နှာ၊၃၄၊၃၅။
၃။ မ ၁၊၄၀၄။ ၄။ မ မြန် ၁၊၄၈၇။

http://www.dhammadownload.com

"ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိတိ ယတ္ထကေ ဌာနေ စန္ဒိမ-သူရိယာဝ စရန္တိ။ ဒိသာ ဘန္တိ ဝ်ဏ္ဍေစနာတိ ဒိသာသု ဝိဇ္ဇုစမာနာ သြဘာသန္တိ၊ ဒိသာ ဝါတေဟိ ဝိဇ္ဇုစမာနာ သြဘာသန္တိ။တာဝ သဟ-ဿဓာ လောကောတိ တတ္ထကေန ပမာဏေန သဟဿဓာ လောကော၊ ဣမိနာ စက္ကဝါဓေန သဒ္ဓိ စက္ကဝါဠသဟဿန္တိ အတ္ထော[1]။

ဟု ဖွင့်ဆိုထားပေသည်။

ယင်းစကြဝဠာတထောင်သည်ပင် သြကာသလောကဖြစ်ကြောင်းကို ဥဒါန်း အဋ္ဌကထာ လောကသုတ်အဖွင့်တွင်–

တတ္ထ ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ။ ပ။ တ္ထေ တေ ဝတ္တေတိ ဝဒေသောတိအာဒီသု သြကာသလောဓကော[2]။

ဟု ဖွင့်ဆိုလေသည်။

ဤဥ စကြဝဠာဘခုဟူသည် လနေတို့လှည့်ပတ်ရာ, နတ်လူပြဟ္မာသတ္တဝါတို့၏ တည်ရာဘုံတို့နှင့် မြင့်မိုရ်သတ္တရဿန်နှင့်ကျန်းကြီး ကျန်းငယ်အသွယ်သွယ် တို့ပါဝင်၍ ယင်းကဲ့သို့သောစကြဝဠာပေါင်းဟထောင်ကို ဗကပြဟ္မာကြီးက လွှမ်းမိုးနိုင်သည်ဟုဆိုလိုသည်၊ ယင်းစကြဝဠာပေါင်းတထောင်အပါအဝင် သတ္တ လောက သခါရလောကတို့၏တည်ရာသည်ပင် သြကာသလောကဖြစ်ကြောင်း ဆိုသည်၊ လဟာပြင်ကြီးကိုဆိုသည်မဟုတ်ဧပ။

၃။ ပို၍ထင်ရှားသည်ကား "သော ဣမံ လောကံ သဒေဝကံ သမာရကံ သပြဟ္မကံ သဿမဏြာဟ္မဏိ သဒေဝမနုဿံ"ဟူသော သာမညဖလသုတ် လာ ပါဠိတို့ကိုဖွင့်ရာ၌—

"ဧဝမေတ္ထ တီဟိ ပဒေဟိ သြကာသလောကေန သဒ္ဓိ သတ္တ-လောကော"

ဟူသော သီလကွန်အဋ္ဌကထာ၏စကားပင်ဖြစ်၏[3]။

တ္ထေ တေသု ပဒေသု၊ ဣသဒေဝကံ အစရှိသောငါးပုဒ်တို့တွင်။ တီဟိ၊ သုံးပါးကုန်သော။ ပဒေဟိ၊ သဒေဝကံ,သမာရကံ, သပြဟ္မကံဟူသော ပုဒ်တို့ဖြင့်။ သြကာသလောကေန၊ သြကာသလောကနှင့်။ သဒ္ဓိ ၊ ထက္က။ သတ္တလောကော၊ သတ္တလောကကို။ ဂဟိတော၊ ယူအပ်ပြီ။

ဆိုလိုသည်မှာ လူ့ပြည် အောက် ကာမာဝစရ နတ်ပြည်ငါးထပ်၌ ဖြစ်သော နတ်အပေါင်းနှင့်တကွဖြစ်သောဟူသော သဒေဝကပုဒ်၊ မာရ်မင်း၏တည်ရာ

၁။ မ ဋ္ဌ ၂၊၃၀၅။ ၂။ ဥဒါန ဋ္ဌ ၁၀၆။ ၃။ ဒီဋ္ဌ ဋ၊၃၇၇။

http://www.dhammadownload.com

ဝသဝတ္တိနတ်ပြည်၌ဖြစ်သော နတ်အပေါင်းနှင့်တကွဖြစ်သောဟူသော သမာရကပုဒ် ရှုပါဝစရ ဗြဟ္မာအပေါင်းနှင့်တကွဖြစ်သော ဟူသော သဗြဟ္မကပုဒ် သုံးပုဒ်မှာ ဩကာသလောကကို ဟောသောပုဒ်များဟု ဆိုလိုပေသည်။

၄။ ထိုအဆိုအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် ရေးသား၍ အင်္ဂလိပ်လိုပြန်ဆိုဖြန့်ချိသော ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်းနှင့် ယင်းကို လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး မြန်မာလိုပြန်ဆိုရေးသားသော သာသနသမ္မတ္တိဒီပနီကျမ်း လောကဝိဒူဂုဏ်တော်ဖွင့်၌ ဤသို့ပါရှိ၏။

> "ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ"ဟူသောစကား ရပ်တို့ဖြင့် ဩကာသလောကကိုပြတော်မူ၏၊ သဒေဝကံဟူသောစကားဖြင့် နတ်ပြည်ခြောက်တပ်နှင့်တကွသော လောကကိုပြဆို၏၊ ပရန်မိုတဝသဝတ္တိဘုံ၌ မာရ်နတ်၏ အပင်းအသင်း အဆက်အနွယ်ဖြစ်သော နတ်တို့၏တည်နေရာဌာနဖြစ်သော မာရလောကဟု အသိုးအခြားရှိ၏၊ သမာရကံဟူသောစကားဖြင့် ထိုမာရလောကနှင့်တကွသော လောကကိုပြဆို၏၊ သဗြဟ္မကံဟူသောစကားဖြင့် ဗြဟ္မာ့ဘုံနှစ်ဆယ်နှင့်တကွသော လောကကိုပြဆို၏[၁]။

ဤအကိုးအကား သာဓကများကိုထောက်ဆ၍ လဟာပြင်ကောင်းကင်ကြီးကို ဩကာသလောကဟုဆိုသော ခြောက်စောင်တဲပါ စကားရပ်သည် ထေရဝါဒ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့်မညီဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြပေသည်။

ထို့ပြင် ခြောက်စောင်တဲဆရာကိုယ်တိုင်ပင် သုံးလောကဒီပနီ၊ နှာ ၂၆၀-၌ သမ္မုတိသစ္စာကဟု စကားခံ၍ တတ္ထ ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟော သန္တာနော-စ သတ္တလောကော-စသည်ဖြင့် မဟာဋီကာစကားကို ဖော်ပြ၍ အနိန္ဒြိယဗဒ္ဓဖြစ်သော စက္ကဝဠမဟာပထဝီ တိုင်းပြည်မြို့ရွာစသည်ကို ဩကာသလောကဆိုသည်ဟု စာပေလာအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

၅။ (ဃ) "လိုရင်းက ဩကာသလောကဆဲမှာ ထာဝစဉ်ထာဝရ အနိစ္စဓာတ်နည်းများမရှိအပ်သော ပရမတ်တရား ထင်ရှားရှိ၏ဟု သိအပ်သည်မှာ ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ ဗြဟ္မနိမန္တနသုတ်ပါဠိတော်[၂]

၁။ သာသနသမ္မတ္တိဒီပနီ၊ ၁၁၇။ ဟံသာဝတီ။ ၂။ ခြောက်စောင်တဲ၊ နှာ ၂၅၂။

http://www.dhammadownload.com

ဖော်ပြပါစကားရပ်၌—

(၁) "ထာဝစဉ် ထာဝရအနိစ္စဓာတ်" ဟူသော စကားကို "နည်းများ မရှိအပ်" ဟူသော စကား၌လည်းကောင်း "နည်းများ မရှိအပ်" ဟူသော စကားကို "ပရမတ်တရား" ဟူသော စကား၌လည်းကောင်း အဆင့်ဆင့် စပ်ခဲ့လျှင် ထာဝစဉ် ထာဝရ အနိစ္စဓာတ် နည်းနည်းဖြစ်စေ, များများဖြစ်စေ မရှိသော (အနိစ္စဓာတ် လုံးဝမရှိသော) ပရမတ်တရားသည် ထင်ရှားရှိ၏ဟု အဓိပ္ပာယ်ရပေသည်။

(၂) "ထာဝစဉ် ထာဝရအနိစ္စဓာတ်" ဟူသောစကားက ဝိသေသနတခု, "နည်းများမရှိအပ်သော" ဟူသောစကားက ဝိသေသနတခုဟု ဝိသေသနနှစ်ခု ပြုလုပ်၍ "ပရမတ်ထရား" ဟူသောစကား၌ အသီးသီးဆက်စပ်ခဲ့လျှင် "ထာဝရ အနိစ္စဓာတ် ပရမတ်တရားသည် သြကာသလောကထဲတွင် ထင်ရှားရှိသည်, ထို ပရမတ်တရားသည် နည်း၍လည်းမသွား များ၍လည်း မလာ, ခန္ဓာငါးပါး အောက်လည်း လျော့မသွား, ခန္ဓာငါးပါးထက်လည်း ပိုမလာ, ရှိနေကျ ပရမတ်အရေအတွက်အတိုင်း ထင်ရှားရှိနေသည်" ဟု အဓိပ္ပာယ်ရပေသည်။

ဖော်ပြပြီးသော စာစပ်နည်းနှစ်မျိုးတို့အနက်—

အမှတ် (၁) စာစပ်နည်းအတိုင်း အဓိပ္ပာယ်ယူလျှင် ကောင်းကင်ထဲမှာ နိဗ္ဗာန်ရှိသည်ဟု အဓိပ္ပာယ်ရသည်,

အမှတ် (၂) စာစပ်နည်းအတိုင်း အဓိပ္ပာယ်ယူလျှင် ကောင်းကင်ထဲမှာ ချပ်ဓာတ် နာမ်ဓာတ် အနိစ္စဓာတ် ပရမတ်တရားရှိသည်ဟု အဓိပ္ပာယ်ရသည်။

စောဒကဆရာတော်တို့က အမှတ်(၁)စာစပ်နည်းအတိုင်း စာစပ်၍ "နိဗ္ဗာန်" ဟု ငြင်းယူ၍ "ကောင်းကင်ဘုံနိဗ္ဗာန်ဝါဒ" ဟု စွဲချက်တင်သည်မှာ ခြောက်ဘောင်တွဲဘုရား၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ထိထောက်အောင် မသုံးသပ်ကြသော ကြောင့်ဖြစ်သည်ဟု ဝိနည်းဓိုရ်များက ယူဆကြသည်။

၆။ ထို (ဃ) အမှတ်နှင့်ဆက်စပ်၍—

"ဝိညာဏံ၊ အနိစ္စ ဓာတ် ပရမတ် ဖြင့်သာ သိအပ်စွာ၏။ အနိဒဿနံ၊ အနိစ္စဓာတ် ပရမတ်၏ ရွေ့နောက်ကင်းလ ရုပ်ဌာနနှင့် သက္ကာန်ပမာဏ ညွှန်ပြခြင်းငှါ မထိုက်။ အနန္တံ၊ အနိစ္စဓာတ် ပရမတ်အားလုံး ဘယ်တုန်းက၊ ဆုံးဘယ်မှဟု အစအဆုံး နှစ်ပါးလုံး မရှိအပ်။ သမ္ဘတောပဘံ၊ ဘယ်ခါမှ်ပြတ် ခပ်သိမ်းရပ်၌ အနိစ္စဓာတ် ပရမတ်တရား ထင်ရှားရှိနိုင်ရှိနိုင် ထိန်ထိန်လင်းလင်း ဝင်းဝင်းတောက်ရှိ၏"။

၁။ ခြောက်စောင်တွဲ၊ ၂၅၂-၂၅၃။

http://www.dhammadownload.com

ဤသို့ ပါဠိတော်ဂါထာကို အနက်ပေး၍ ဖော်ပြထားသည်ကို ထောက်လျှင် သြကာသလောကထဲ၌ အနိစ္စခေတ် ပရမတ်တရားရှိသည်ဟူသော ကောက်ယူချက်သာ ခြောက်စောင်တွဲကျမ်းဆရာ၏အလိုကျဖြစ်သည်ဟု ယူဆနိုင်ပေသည်။

သို့သော် ဤသို့ကောင်းကင်ထဲမှာ အနိစ္စခေတ် ပရမတ်တရားရှိ၍ "ဝိညာဏံ အနိဒဿနံ" စသော စကားများကို သခ်ၤတပရမတ်တရားရအောင် အနက်ပေးသည်မှာ အဋ္ဌကထာ ဋီကာနှင့် မလျော်ညီပေ၊ ယင်း၏ သုံးသပ်ဝေဖန်ချက်ကို ဆိုင်ရာအမှတ် (ဂ) စောဒနာအခန်း၌ ဖော်ပြမည်။

၇။ (ငြ) "အသခ်ၤတဆိုတာ သစ္စာမှလွဲတ်သော တရားပင်တည်း၊ ထို့ကြောင့် အသခ်ၤတသဘောကို မြင်အောင်ရှုကြရမည်၊ မြင်အောင်လုပ်ကြရမည်ဟု ငါဆရာတို့ မိန့်ဆိုတိုက်တွန်းသတည်း။[1]

အထက်-ကျခဂဃဃတို့နှင့် ဆက်စပ်၍ ဤ (ငြ) စောဒနာချက်ကို စောဒကဆရာတော်များကထုတ်ပြ စောဒနာထားပေသည်၊ ဤပဋိဝေဓဒီပနီကျမ်းမှာ စုဒိတကဆရာတော်များအဆိုအရ ကြောင်ပန်းဆိုင်ရာမှ တာဝန်မယူဟုဆိုသော ကျမ်းလာစကားဖြစ်သော်လည်း အမှားအမှန်ဝေဖန်နိုင်ကြရန် ဤတွင် သုံးသပ်ရပေမည်။

ပဋိဝေဓဒီပနီ၊ နှာ-၁၃၀-၌ "သခ်ၤတဆိုတာ ဖြစ်ပျက်သဘောကို ဆိုသည်၊ အသခ်ၤတဆိုတာ ဖြစ်ပျက်သဘော မရှိသည်ကိုဆိုသည်၊ ဖြစ်ပျက်မရှိဟုဆိုတာ ရုပ်နာမ်မရှိသည်ကိုဆိုသည်၊ ဝါ-အကြောင်းအကျိုး ဒုက္ခ သမုဒယငြိမ်းသည်ကိုဆိုသည်" ဟု အသခ်ၤတအရ နိဗ္ဗာန်ကို ရည်ရွယ်၍ ရေးသားထားပြီး ဖြစ်ပါလျက် နောက်စာမျက်နှာ (ယင်းကျမ်း ၁၃၁)၌ "အသခ်ၤတဆိုတာ သစ္စာမှလွဲတ်သော တရားပင်တည်း" ဟု ဆိုပြန်သည်မှာ ဓရ္ဓနောက်မညီညွတ်သောစကားဖြစ်သည်၊ အသခ်ၤတဆိုသောစကားအရကို နိဗ္ဗာန်ကို ကောက်ယူသည့်အခါ ကောက်ယူပညတ်ကိုကောက်ယူသည့်အခါ ကောက်ယူ၊ ဤသို့ဖြင့် တည်ငြိမ်မှုမရှိ ရှေ့နောက်ညီညွတ်မှုမရှိသောစကားများဖြစ်သည်ဟု ဝိနည်းခိုရ်များက ယူဆကြသည်။

၈။ (စ) ရုပ်နာမ်နှစ်ပါး၌ ဖြစ်ပျက်သဘောမျှ သခ်ၤါရလောကကြီးကို အနှစ်အသားရှာမရတဲ့ သက်သက်လဟာပြင် ကောင်းကင်ကြီးဟု ထင်မြင်လေ၏၊ ထို့သို့ ထင်မြင်လာသောအခါ ကိလေသာသုံးချက်သည် တုပ်ပြိုင်နက်ချုပ်လေ၏၊ ငြိမ်းခြင်းသို့ရောက်လေ၏။[2] ဤကား အနတ္တ ထင်မြင်ပုံတည်းဟူသော စကားကို စောဒကဆရာတော်များက ထုတ်ပြစောဒနာကြသည်။

၁။ ပဋိဝေဓဒီပနီ၊ ၀၌၁။ ၂။ ပဋိဝေဓဒီပနီ၊ ၁၂၇။

http://www.dhammadownload.com

ဤစကားမှာမူ—

"သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိ ဥိဟာစ္ဆ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နာ ပဿတိ။"[1]

ပြန်မဟုပြန်။ ။မောဃရာဇ အခါခပ်သိမ်းအောက်မေ့မှု "သတိ" ရှိလျက် မိမိကိုယ်ဟုစွဲလမ်းမှု "အတ္တာနုဒိဋ္ဌိ" ကို နုတ်ပယ်၍ လောကကို ဆိတ်သုဉ်းသော အားဖြင့်ရှုလော့၊ ဤသို့ရှုသည်ရှိသော် သေမင်းကိုလွန်မြောက်နိုင်ရာ၏၊ ဤသို့ လောကကိုရှုသောသူကို သေမင်းသည် မမြင်နိုင်။

ဤ သုတ္တန်ပါတ မောဃရာဇ မာဏဝပုစ္ဆာ လာ "သုညတော လောကံ အဝေက္ခဿု" ဟူသောပါဠိကို **အဋ္ဌကထာကလည်း** "သုညတော လောကံ အဝေက္ခဿုတိ အဝသိယပဝတ္တသလ္လက္ခဏဝသေန ဝါ တုစ္ဆသခ်ါရသမနုပဿနာဝသေန ဝါ တိဒ္ဓိဟိ ကာရဏေဟိ သုညတော လောကံ ပဿ"[2] ဟု ဖွင့်ဆိုထား၍ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုဆင်ခြင်သကဲ့သို့ ဖြစ်သဖြင့် မှားသည်ဟု မဆိုသာပေ။

၉။ (ဆ) "ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ" ဟူသော ပြဟ္မုနိ မန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည်၊ (အနက်လွယ်ပြီ)။

ဤအရာမှာ သတ္တပုဂ္ဂလ အတ္တဇီဝနှင့် မရောမဖက်၊ အပြောခက်သက်သက်မျှသော သဘောတရားက ဤကား မြေ၏၊ ဤကား မမြဲ၊ အနဲနဲစသော သိမှတ်ကြံဖန် နာမ်ခေတ်ဟူသော အမူအရာ ဤဟာဗျာပါရ ကြိယာအထူးမျှ ပရမတ္ထသဘောကို ဝိညာဏ်ဟူသော ပုဒ်ကဟော သည်။[3]

ဤခြောက်စောင်တွဲ ကျမ်းဆရာ၏စကား[4]ကို ထုတ်ပြ၍ "ဝိညာဏံ ပုဒ်အရ သိမှတ်ကြံဖန် နာမ်ခေတ်ဟု ဆိုပြန်သဖြင့် နိဗ္ဗာန်အရမှာ ဝိညာဏ်ဖြစ်ပြန်သော ကြောင့် ဝိညာဏ်နိဗ္ဗာနဝါဒဖြစ်ကြောင်း" ဟု စောဒနာတင်ကြပြန်သည်။

ထိုစကား၏ရှေ့က—

"ဘယ်ဟာတစိမျှ မရှိမမြင် ကောင်းကင်ကိုသာ သတ္တဝါခေါ်သည် ငါခေါ်သည် ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်၊ **အဋ္ဌကထာ**ပြ အလို တော်က "ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ" ဟူသော ပြဟ္မုနိမန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည်[5] ဟုပါရှိသည်။

၁။ ခု ၁၄၄၈။ သုတ္တနိပါတ။ ၂။ သုတ္တနိ ဋ္ဌ၊ ၂။၃၁၈။
၃။ ခြောက်စောင်တွဲ၊သဘာဝဒီပနီ၊ ၁၆၇။ ၄။ ခြောက်စောင်တွဲ၊ ၁၆၇။

http://www.dhammadownload.com

ဤစကားအရ စောဒကဆရာတော်များက ကောင်းကင်ကို သတ္တဝါကောင်းကင်ကို–ငါ ကောင်းကင်ကို–ကိုယ်ခေါ်ကြောင်း စောဒနာတင်သည်၊ စင်စစ်အားဖြင့် ယင်းစကားနှစ်ရပ်မှာ တဆက်တည်းပင်ဖြစ်သည်၊ နောက်စကားကို ရှေ့ ရှေ့စကားကို နောက်ထား၍ စောဒနာခြင်းမျှသာထူးသည်၊ အမှတ် (၇) စောဒနာ (၁၀) ၌ သုံးသပ်ချက်အကျယ် ပြဆိုမည်ဖြစ်၍ ဤ၌ အထူးမဆို တော့ပေ၊ အမှတ် (၇) (၁၀) သုံးသပ်ချက်တွင် ကြည့်ကြရာ၏။

၁၀။ (၈) အဲဒီနိဗ္ဗာန်နိဒ္ဒေသစ္စာကော ဘယ်မှာလဲ၊ မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်မှာပါဘုရား[1]။

ဤစကားကိုထုတ်ပြ၍ ကြောင်ပန်းဝါဒသည် အင်္ဂုတ္တိကနိဗ္ဗာနဝါဒ ဖြစ်ကြောင်း စောဒကဆရာတော်များက စောဒနာကြပေသည်။

ယင်းသို့ စောဒနာကြရာ၌–

"အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဒွပေတ္တာ သမ္မေ ဓမ္မာ သိယာ အင်္ဂုတ္တာ သိယာ ဗဟိဒ္ဓါ သိယာ အင်္ဂုတ္တဗဟိဒ္ဓါ။ အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ"[2] ဟူသော ဓမ္မသင်္ဂဏိပါဠိတော်အရ ကိုးကား၍ နိဗ္ဗာန်သည် အင်္ဂုတ္တမဟုတ် ဗဟိဒ္ဓဖြစ်ကြောင်း သာဓကတင်ပြလာပေသည်။

စုဒိတကဆရာတော်များကလည်း ထိုစောဒကပြု ပါဠိသာကေနှင့်အတူ–

"အပိစ ခွါဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမ္ဟိ"[3] စသော ပါဠိများကို ကိုးကား၍ နိဗ္ဗာန်သည် ဓမ္မသင်္ဂဏီပါဠိတော်အလို မုချနည်း နိတ္ထာနည်းအားဖြင့် ဗဟိဒ္ဓတရား ဖြစ်သော်လည်း သုတ္တန်နည်း ဥပစာနည်း အားဖြင့်မူ အင်္ဂုတ္တတရားဖြစ်ကြောင်း ပြဆိုပြီးလျှင်–

ဒါကြောင့် သန္တိလက္ခဏာရှိသော အပြိုက်ပရမတ် နိဗ္ဗာနဓာတ်ကြီးဟာ မျက်မြင်ကြောင်တောင် ဤကိုယ်ကောင်ကို အာရုံအဖြစ်ဖြင့် အမှီသဟဲ အစဲ့ပြုပြီး ဖြစ်ရသောကြောင့် ဂေါစရဇ္ဈတ္တ အမည်ရကြောင်းကို ကောင်းကောင်းကြီး ဖွင့်ဆိုတော်မူထားတာ အထင်အရှားရှိတယ် ဒကာညွှန့်ရ[4] ဟူသောစကားကိုလည်း ထောက်ပြသောဓနာ ကြပေသည်။

၁၁။ ဤစောဒက စုဒိတက အယူအဆ နှစ်မျိုးတို့တွင်—

"လောကနိရောဓန္တိ တဿ လောကဿ နိရုဇ္ဈနံ နိဗ္ဗာနမေဝ ဝါ။ နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသ္မိံ ယေဝ ပညာပေတိ။

၁။ ဟောပုံကျမ်း၊ တွဲ၊ ၁၊၁၅၁။
၂။ သံ ၁၊၆၁။
၃။ အဘိ ၁၊၂၇၃။
၄။ ဟောပုံကျမ်း၊ ပ၊ ၁၅၁။

http://www.dhammadownload.com

အဒေသမိ့ ဟိ တံ ယေသံ နိဇောဓော၊ တေသံ ဝသေန ဒေသတောပိ ဥပစာရဝသေန နိဒ္ဒိသီယတိ"[1] ယထာ စက္ခုံ လောကေ ပိယရူပံ သာတရူပံ။ ဇွေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဇွေ နိရုဇ္ဈမာနာ နိရုဇ္ဈတိ" တိ။[2]

ဤဒိဏ္ဍကာစကားအရ ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဟု ခေါ်ဆိုရ၍ ဒုက္ခသစ္စာသည် ခန္ဓာကိုယ်ဌာန ချုပ်ငြိမ်းသဖြင့် တည်ရာကိုစုံ၍ ဌာနူပစာအားဖြင့် နိဗ္ဗာန်သည် အဇ္ဈတ္တဖြစ်သည်ဟု ဆိုစရာဖြစ်သော်လည်း ဖော်ပြပါမွေသင်္ကေတ ပါဠိတော်စကားအရ "စက္ခုသောတ စသော ဣန္ဒြေနှင့် မစပ်သော အဝိညာဏကရူပများနှင့် နိဗ္ဗာန်တရားကို ဖယ်ထား၍ ကျန်အားလုံးသော တရားတို့သည် အခ္ခါက ခန္ဓာကိုယ်အတွင်းမှာ ဖြစ်နေကြသည်၊ အခ္ခါက ခန္ဓာကိုယ်အပြင်မှာ ဖြစ်နေကြသည်၊ အခ္ခါက ခန္ဓာကိုယ် အတွင်းအပြင်မှာ ဖြစ်နေကြသည်၊ စက္ခုသောတ စသော ဣန္ဒြေနှင့်မစပ်သော အဝိညာဏက ရူပများနှင့် နိဗ္ဗာန်ထရားတို့က ခန္ဓာကိုယ်၏ပြင်ပ "ဗဟိဒ္ဓ" မှာသာ ဖြစ်နေကြသည်ဟူသော ပါဠိတော်စကားကို မလွန်ဆန်နိုင်ပေ။

စုဒိတက ဆရာတော်တို့၏ ကိုးကားချက်ဖြစ်သော "ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ" စသော ဇောဟိတဿသုတ်အရ ဤခန္ဓာကိုယ်အတွင်း အဇ္ဈတ္တဒ္ဒ ဒုက္ခ သမုဒယ နိဇောဓ မဂ္ဂဟူသော သစ္စာလေးပါးတရား ရှိသည်ဟူသော စကားမှာလည်း မုချဒေသနာတော်မဟုတ်၊ ဥပစာဒေသနာမျှသာဖြစ်ကြောင်း အဋ္ဌကထာ ဆရာများက ညွှန်ပြတော်မူခဲ့ကြ၏။

"အဒေသမိ့ ဟိ တံ ယေသံ နိဇောဓော၊ တေသံ ဝသေန ဥပစာရတော ဒေသတောပိ နိဒ္ဒိသီယတိ"[3]

ထို့ကြောင့် နိဗ္ဗာန်သည် ဥပစာအားဖြင့် အဇ္ဈတ္တိကတရား ဖြစ်သော်လည်း မုချအားဖြင့်ကား ဗဟိဒ္ဓတရားဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆတော်မူကြသည်။

၁။ သာရတ္ထ ဋီ၊ ၁၂၄၀။ ၂။ ဝိသုဒ္ဓိ ဋီ ၁။၁၃၇။ ဝိမတိ ၁။၅၁။

http://www.dhammadownload.com

အမှတ် (ဂ) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ်သုံးသပ်ချက်

၁။ (က) "နိဗ္ဗာန်ကိုရသည့် မရသည့်အတွက်နှင့် ခန္ဓာငါးပါး သဘာဝ တရားက လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်း မရှိ၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိနေသည်" ဟူသော စကားကို ထုတ်ပြ၍ စောဒက ဆရာတော်များက နိဗ္ဗာန်ရသည့်အတွက် ကြောင့် ခန္ဓာငါးပါးက လျော့နည်းမသွားပဲ နိဗ္ဗာန်ကိုမရသည့် အတွက်ကြောင့်လည်း ခန္ဓာငါးပါးက တိုးပွားမလာဟု ဆိုလို ပါကြောင်း အဓိပ္ပာယ်ဖော်ပြ၍ ခန္ဓာငါးပါး ရုပ်နာမ်တရား မြဲသည် သဿတဖြစ်သည်ဟု ဆိုရာရောက်သည်ဟု စောဒနာ အမှတ် ဂ-ကို တင်သွင်းလာကြသည်။

ထိုစကားမှာ ထိုမျှလောက်သာ ထုတ်ဆိုတင်ပြပါက စောဒကဆရာတော်တို့ ဆိုလိုသကဲ့သို့ ဖြစ်နေသော်လည်း ဝိနည်းဓိုရ် ပဂ္ဂိုလ်များသည် ဆိုလိုရင်းကို ပေါ်လွင်စေရန်အတွက် ကျမ်းရင်းလာ ရွေစကား နောက်စကားများဖြင့် ညှိနှိုင်း ကြည့်ရှုလေ့လာကြရာ ဤသို့တွေ့ရပေသည်။

"သဘာဝသစ္စာ သဘောမှန်ပုံက ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးခန္ဓာငါးပါး သဘာဝတရားကို လူနတ်ဗြဟ္မာဟု ခေါ်ဆိုပညတ် သမုတ်ကြရတယ်၊ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုး ခန္ဓာငါးပါး သဘာဝတရားကို အပါယ်လေးဘုံသား သတ္တဝါဟု ခေါ်ဆိုပညတ် သမုတ်ကြရတယ်၊ ဤသုံးဆယ့်တဘုံဠရှိသော သတ္တဝါတွေကို အကုန်လုံးပေါင်းလိုက်က ခန္ဓာငါးပါးသာ ရလေ၏၊ အဲဒါက သဘာဝ သစ္စာ သဘောမှန်ပုံ။

တနည်း။ ။သဘာဝသစ္စာ သဘောမှန်ပုံက ဂင်္ဂါသဲလုံးနှင့်အမျှမက မက ပင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တို့၏ တဆူသော ဘုရားရှင် အတွက် ကျတ်တော်မူကြကုန်သော သာဝက အရှင်မြတ်တို့သည် နှစ် ဆယ့်လေးသခြေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း ကျတ်တမ်း ဝင်တော်မူကြသည်ဟု စာအဆိုရှိပေသည်၊ တဆူသော ဘုရားရှင်တွင် ဤမျှလောက်ကျတ်ခဲ့လျှင် ဘုရားတွေက ဂင်္ဂါသဲလုံးနှင့်အမျှ မကမက အလွန်များသည့်အတွက် သတ္တဝါအစစ်အမှန်ရှိက ကုန်လောက်ပေပြီ၊ အဘယ့်ကြောင့် မကုန်ပါသနည်း၊ သတ္တဝါက အစစ်အမှန် မဟုတ်၊

http://www.dhammadownload.com

သမ္မုတိသစ္စာ သမုတ်ရုံမှန်သော်ကြောင့် မကုန်လေသည်၊ အမှန်ကောန်ရှိတာက ခန္ဓာငါးပါး သဘာဝသစ္စာတရားသာ အမှန်ရှိလေသည်၊ ဒါကြောင့် နှစ်ဆယ့်လေးသင်္ခေါနှင့် ကုဋ္ဌေခြောက်ဆယ် ဗိုလ်ခြေတသိန်း အစရှိသော ကျတ်တမ်းဝင် စာအဆိုသည် ပုဂ္ဂလဓိဋ္ဌာန်မျှသာ ဖြစ်လေသည်။

ဒါ့ကြောင့် ဓမ္မဓိဋ္ဌာန်အားဖြင့် ကျတ်တာကလဲ ခန္ဓာငါးပါးသဘာဝ သစ္စာတရား၊ ကျန်ရှိနေတာကလဲ ခန္ဓာငါးပါး သဘာဝသစ္စာတရားသာ ရှိပေသည်၊ နိဗ္ဗာန်ကိုရသည် မရသည်အတွက်နှင့် ခန္ဓာငါးပါး သဘာဝတရားက လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်းမရှိ၊ ခန္ဓာငါးပါးက ခန္ဓာငါးပါးအတိုင်း ရှိလေသည်၊ အဲသည် ခန္ဓာငါးပါး တရားများသည် ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားများဖြစ်၍ မြတ်စွာဘုရားက "ဓမ္မာ နိဿတ္တာနိဇ္ဇီဝသဘာဝါ"ဟု ဟောတော်မူ၏။[၁]

၂။ ဤသို့ ရှေ့စကား နောက်စကားများနှင့် ဆက်စပ်၍ ကြည့်ရှုလေ့လာသောအခါ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်သော သတ္တဝါတို့၏ လျော့နည်းမှု စသည်ကို မလိုဓမ္မဓိဋ္ဌာန်ဖြစ်သော ခန္ဓာတရားတို့ကိုသာ လိုကြောင်း ပေါ်လွင်ထင်ရှားသဖြင့်–

"သုညတော တာဝ ပရမတ္ထေန ဟိ သမ္မာနေဝ သစ္စာနိ ဝေဒက-ကာရကန်ဗုတဂမကာဘာဝတော သုညာနီတိ ဝေဒိတမ္မာနိ။ ပ။ ဧဝံ တာဝ သုညတော ဝိနိစ္ဆယော ဝေဒိတမ္မော"

ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်္ဂ သုတ္တန္တဘာဇနီယ-ဝဏ္ဏနာ[၂] လာ ပရမတ္ထအားဖြင့် သစ္စာတရားမှန်သမျှ ခံစားသူ ပြုသူ နိဗ္ဗာန်သို့ သွားသူဟူ၍ မရှိ၊ သုညတသဘောသာ ဟူသည်နှင့်အညီ ခန္ဓာငါးပါးသာ ရှိပြီး ပုဂ္ဂိုလ်ဟူ၍ မရှိသဖြင့် စောဒကဆရာတော်တို့၏ "ခန္ဓာငါးပါး ရုပ်နာမ်တရား မြဲသည် သဿတ ဖြစ်သည်"ဟူသော စောဒနာချက်သည် ထိရောက်မှု မရှိဟု ဝိနည်းဓိုရ်ဆရာတော်တို့ ယူဆကြသည်။

၃။ တဖန် စောဒကဆရာတော်တို့က—

"နိဗ္ဗာန်သို့ရောက်သောကာလ သတ္တဝါပြတ်၏ နောက်တဖန် ပြန်၍ သတ္တဝါမဖြစ်ပြီ ဟု သိမြင်ယူမှုသည် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်း" ဟူသော စကားကို ထုတ်ပြ၍ ဘုရားရှင်ကိုပါ ဥစ္ဆေဒဒိဋ္ဌိသမားဟု စွပ်စွဲရာ ရောက်ကြောင်း စောဒနာတင်ကြရာ၌ အထက်ပါအတိုင်း ရှေ့စကား နောက်စကား အပြည့်အစုံကို ကြည့်ရှုလေ့လာကြရာ–

၁။ စတုသစ္စပကာသနီ၊ ၈၃။ ၂။ ဇာတိ ၌၊ ၂၀၄။

http://www.dhammadownload.com

"ဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရားကြီး၏ မင်္ဂိုမပဋိပဒါ ပရမတ္ထအယူ အကျင့်လမ်းမှန်ကို မသိမမြင် နားမလည်ကြကုန်သော ပုဂ္ဂိုလ်တို့သည် (လူ ရှင် ရဟန်းတို့သည်) ပြဆိုအပ်ပြီးသော သဿတဒိဋ္ဌအယူ ဥစ္ဆေဒဒိဋ္ဌိ အယူဋ္ဌ နှစ်၍ မြုပ်၍ မျောချ၍ နေကြကုန်၏။

သတ္တဝါဟုတ်၏၊ အသက်ဟုတ်၏၊ သတ္တဝါရှိ၏၊ အသက်ရှိ၏ ဟူ၍ သိမြင်ယူမှားမှု ရှိနေသမျှကာလပတ်လုံး နိဗ္ဗာန်ကိုမရသေးမီ မရောက်သေးမီ ကာလဋ္ဌ သတ္တဝါသည် ဤဘဝမှ ထိုဘဝသို့ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်၍ နေ၏ဟု သိမြင်ယူမှားမှုသည် သဿတဒိဋ္ဌိ အယူမှားတည်း၊ နိဗ္ဗာန်သို့ရောက်သောကာလ သတ္တဝါပြတ်၏၊ နောက် တဖန်ပြန်၍ သတ္တဝါမဖြစ်ပြီဟု သိမြင်ယူမှားမှုသည် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်း။[1]

ဟူ၍ ဓမ္မဓိဋ္ဌာန်သဘောကို တွေ့ရပြန်၏။

၄။ ဤ၌-

"စုတိယာ တာဝ ဝိမူဋ္ဌော သင်္ခတ္တ "ခန္ဓာနံ ဘေဒေါ မရဏ"န္တိ စုတိံ အဂဏှန္တော သတ္တော မရတိ၊ သတ္တဿ ဒေသန္တရသင်္ကမနန္တိ-အာဒီနိ ဝိကပ္ပေတိ၊ ဥပပါတေ ဝိမူဋ္ဌော သင်္ခတ္တ "ခန္ဓာနံ ပါတုဘာဝေါ ဇာတီ"တိ ဥပပါတံ အဂဏှန္တော သတ္တော ဥပပဇ္ဇတိ၊ သတ္တဿ နဝ-သရီရပါတုဘာဝေါတိအာဒီနိ ဝိကပ္ပေတိ။ သံသာရေ ဝိမူဋ္ဌော ယော သေ—

"ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ"တိ။

ဧဝံ ဝဏ္ဏိတော သံသာရော၊ တံ ဧဝံ အဂဏှန္တော 'အယံ သတ္တော အသွာ လောကာ ပရံ လောကံ ဂစ္ဆတိ၊ ပရသွာ လောကာ ဣမံ လောကံ အာဂစ္ဆတိ'တိ အာဒီနိ ဝိကပ္ပေတိ"[2]

ဟု ဖွင့်ဆိုထားသော သမ္မောဟဝိနောဒနီအဋ္ဌကထာ သခ်ါရပဒနိဒ္ဒေသ အရ ခန္ဓာငါးပါးတို့၏ ပျက်စီးခြင်းသည် မရဏဟု ခန္ဓာပျက်စီးခြင်း မရဏကို မယူဆ နိုင်ပဲ သတ္တဝါသေ၏ သတ္တဝါ ဘဝတပါးသို့ ပြောင်းရွှေ့သည်ဟု ယူဆကြံစည်မှု ပဋိသန္ဓေ နေခြင်း၌လည်း ဘဝအားလုံးမှာပင် ခန္ဓာတို့၏ ထင်ရှား ဖြစ်ပေါ်လာ ခြင်းသည် ဇာတိဖြစ်၏ဟု မမြင်ပဲ သတ္တဝါသည် ပဋိသန္ဓေနေ၏၊ သတ္တဝါ၏ ခန္ဓာ ကိုယ်သစ်သည် ဖြစ်ပေါ်လာ၏ဟု ယူဆကြံစည်မှုတို့မှာ တွေဝေ မိုက်မှားသော

၁။ ဒုဗ္ဘာဆာဒီပနီ ၁၈။ ၂။ အဘိ ၌၊ ၂၊၁၄၂။

http://www.dhammadownload.com

အသီအမြင် အယူအဆများ ဖြစ်ကြောင်း သံသရာဆိုသည်ကိုလည်း ခန္ဓာ-အာယတနဓာတ်တို့၏ အဆက်မပြတ်ဖြစ်နေသော အစဉ်ကို သံသရာခေါ်သည်ဟု မသိမမြင် မယူမဆနိုင်ပဲ ဤသတ္တဝါသည် ဤလောကမှ တပါးသောလောကသို့ တပါးသောလောကမှ ဤလောကသို့ သွားလာ ရှဲ့ပြောင်း ဖြစ်ပွားနေ၏ဟု ယူဆကြံစည်မှုတို့သည် တွေဝေမိုက်မှားသော အသီအမြင် အယူအဆများ ဖြစ်ကြောင်း—

ထို့ပြင်—

> "သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥစ္ဆေဒဝါဒါ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တိ သတ္တဟိ ဝတ္ထူဟိ"[၁]
>
> "ဥစ္ဆေဒဝါဒေ သတော်တိ ဝိဇ္ဇမာနဿ။ ဥစ္ဆေဒန္တိ ဥပစ္ဆေဒံ။ ဝိနာသန္တိ အဒဿနံ။ ဝိဘဝန္တိ ဘာဝဝိဂမံ"။[၂]
>
> "အဝိဇ္ဇမာနဿ ဝိနာသာသမ္ဘဝတော အတ္ထိဘာဝဟေတုကော ဥစ္ဆေဒေါတိ ဒဿေတုံ ဝိဇ္ဇမာနဝါစကေန သန္တသဒ္ဒေန "သတော"တိ ပါဠိယံ ဝုတ္တန္တိ အာဟ "ဝိဇ္ဇမာနဿာ"တိ။ဝိဇ္ဇမာနတာ ပယုတ္တော စေသ ဒိဋ္ဌိဂတိကဝါဒဝိသယော သတ္တောယေဝ ဣဓ အဓိပ္ပေတောတိ ဒဿနတ္ထံ ပါဠိယံ "သတ္တဿာ"တိ ဝုတ္တံ။[၃]

ဤ၌ ပြတ်၏ ပျက်၏ ဟူသောစကားသည် မပြတ်မီ မပျက်မီကပင် ထင်ရှားရှိနေမှသာ ပြတ်လို့ ပျက်လို့ ဖြစ်သည်၊ သတ္တဝါဟူသော အခေါ်အဝေါ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သမ္မုတိအားဖြင့်သာ ခေါ်ဝေါ်နေသော စကားဖြစ်သောကြောင့် သတ္တဝါပြတ်၏။ သတ္တဝါသေ၏ဟု နှစ်နှစ်ကာကာ တဏှာမာန ဒိဋ္ဌိဖြင့် စွဲယူထင်မှတ်ပြီးလျှင် ဥစ္ဆေဒဒိဋ္ဌိဟု ဆိုရ၏ဟု ဆိုလိုကြောင်း။

ထို့မှတပါးလည်း—

> ခန္ဓေသု ဘိဇ္ဇမာနေသု၊ သော စေ ဘိဇ္ဇတိ ပုဂ္ဂလော။
> ဥစ္ဆေဒါ ဘဝတိ ဒိဋ္ဌိ၊ ယာ ဗုဒ္ဓေန ဝိဝဇ္ဇိတာ။[၄]

ခန္ဓာငါးပါးတို့ ချုပ်ပျက်ကုန်သည်ရှိသော် (ခန္ဓာငါးပါး ချုပ်ပျက်သည်ဟု မယူဆပဲ) ပုဂ္ဂိုလ်သတ္တဝါ ချုပ်ပျက်သည်ဟု နှစ်နှစ်ကာကာ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲယူသောအယူကို မြတ်စွာဘုရားက စွန့်ပစ်သည် ပယ်သည်၊ ထိုအယူသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု ဆိုလိုကြောင်း ထို့မှတပါးလည်း—

၁။ ဒီ ၁၊၃၀။ ၂။ ဒီ ဋ္ဌ ၁ ၁၁၁။ ၃။ သီဋ္ဌ သစ် ၁၊၄၄၅။ ၄။ ဇာတိ ၄။၃၄။

http://www.dhammadownload.com

> ကေ သမယံ အာယသ္မာ သာရိပုတ္တော သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တေန ခေါ ပန သမယေန ယမကဿ နာမ ဘိက္ခုနော ဝေဠုပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ ခီဏာ-သဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ န ဟောတိ ပရံ မရဏာတိ။[၃]

ထိုအခါ ယမကမည်သော ရဟန်းအား ဤသို့သတောရှိသော ယုတ်မာသော အယူသည် ဖြစ်ပေါ်၏၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊သေသည်မှ နောက်၌မဖြစ်၊ ထိုသို့သောအခြင်းအထူးအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ဟု ယုတ်မာသော အယူဖြစ်ပေါ်၏။[၂]

ဖော်ပြပြီး ပါဠိတော်၌ ယမကမထေရ် ယုတ်မာသောအယူ ဖြစ်ရခြင်းအကြောင်းကို အဋ္ဌကထာ ဋီကာများက ဤသို့ဖွင့်ပြထားပေသည်။

> တတိယေ ဒိဋ္ဌိဂတန္တိ သစေ ဟိဿ ဧဝံ ဘဝေယ္ယ "သခီဏာ ဥပ္ပဇ္ဇန္တိ စေဝ နိရုဇ္ဈန္တိ စ သခီဏပဝတ္တမေဝ အပဝတ္တံ ဟောတီ"တိ ဒိဋ္ဌိဂတံ နာမ န ဘဝေယ္ယ။ သာသနာဝစရိကံ ဉာဏံ ဘဝေယ္ယ။ ယသ္မာ ပနဿ "သတ္တော ဥစ္ဆိဇ္ဇတိ ဝိနဿတီ"တိ အဟောသိ၊ တသ္မာ ဒိဋ္ဌိဂတံ နာမ ဇာတံ[၃]
>
> ဒိဋ္ဌိဂတံ နာမ ဇာတံ ခန္ဓဝိနိမုတ္တဿ သတ္တဿ ဂဟိတတ္တာ။[၄]

ယမကမထေရ်၏ သန္တာန်၌ "သခီဏာသည် ဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်လည်းချုပ်ကုန်၏၊ သခီဏာ၏ ဖြစ်သော အစဉ် မပြတ်ခြင်းသည်သာ ဖြစ်၏" ဟူသော အယူဖြစ်ငြားအံ့၊ ယုတ်မာသောအယူသည် မဖြစ်ရာ၊ သာသနာ၌ သက်ဝင်သော အသိဉာဏ်သာဖြစ်ရာ၏၊ သို့သော် ယမကမထေရ်၏ သန္တာန်၌ သတ္တဝါဖြစ်၏ ပျက်၏ဟူသော အယူဖြစ်၏၊ ထိုသို့ ခန္ဓာမှလွတ်သော သတ္တဝါပညတ်ကိုစွဲယူထားခြင်းကြောင့် ယုတ်မာသောအယူဖြစ်၏ဟုအဓိပ္ပာယ်ရရှိသည်။

ဤသာဓကသည်(ခ)အမှတ်၌ အခိုင်လုံဆုံးသော သာဓကဟု ဆိုအပ်ပေသည်၊ ဤဆိုအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာစကားတို့ကို ထောက်ဆ၍ ဖော်ပြပါ စောဒကဆရာတော်များ၏ (ခ) အမှတ်ပြု စောဒနာသည်လည်း ဆိုင်ရာကျမ်းဆရာ၌ အပြစ်ဆောက်သည်ဟု ဝိနည်းဂိုဏ်ဆရာတော်များက မယူဆကြပေ။

၁။ ၂။၈၉။ ၂။ သံ မြန် ၂။၈၄-၅။ ၃။ သံ ဋ္ဌ၊၂။၂၀၄။ ၄။ သံ ဋီ၊ ၂၊၂၄၅။

http://www.dhammadownload.com

(၅) (ဂ) "သတ္တောကာသ သခါရအားဖြင့် လောကသုံးပါး တို့တွင် သဝိညာဏက အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒ်ဌီ ဘင် ဖြစ်ပျက်စဉ် သခါရတို့သည် ပရမတ္ထသဘာဝ ဟူသော အကြောင်းကြောင့် အဆုံးလည်းမရ အစလည်းမရှိ နိယာမအား ဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော သဘောရှိကုန်၏။[၁]

ဟူသောစကားရပ်ကို ထုတ်ဆောင်၍ စောဒကဆရာတော်တို့က ခြောက်စောင်တွဲဆရာ၏ အယူသည် အမြဲတည်သည် သဿတဖြစ်သည်ဟု စောဒနာကြပေသည်။

ဤစောဒနာစကားရပ်လာ ခြောက်စောင်တွဲဆရာ၏ စကားရပ်တွင် "ရုပ်နာမ်ဟူသမျှ ခပ်သိမ်းကုန်သော ဥပါဒ်ဌီဘင် ဖြစ်ပျက်စဉ် သခါရတို့သည် ပရမတ္ထသဘာဝဟူသော အကြောင်းကြောင့်" ဟူသောစကားရပ်နှင့် "မသုဉ်းကောင်း မဆိတ်ကောင်း"ဟူသောစကားရပ်တို့ကို ဆက်စပ်၍အဓိပ္ပာယ်ကောက်ယူက မသင့်ဟုမဆိုသာချေ၊ အဘယ့်ကြောင့်ဆိုသော် ဥပါဒ်ဌီဘင် ရှိနေသော ရုပ်နာမ်ဓမ္မ သခါရတို့သည် ဖြစ်လိုက်ပျက်လိုက်နှင့် အမြဲမပြတ် တရစပ်ဖြစ်ပျက်နေကြသောကြောင့်ပင် ဖြစ်သည်၊ ထို့ကြောင့်–

> "တတ္ထ ကေကာသာ စိတ္တာသာ တီသု တီသု ခဏေသု သမတိံသ သမတိံသ ကမ္မဇရူပါနိ ဥပ္ပဇ္ဇန္တိ။ ပ။ဝုတ္တံ။[၂]

ဟု အကျယ်တဝင့် ဖွင့်ဆိုတော်မူခဲ့သည်၊ ဤအချက်အလက်တို့ကို ထောက်ထား၍ သဿတဖြစ်သည်ဟုဆိုသော စောဒကဆရာတော်တို့၏ စောဒနာချက်သည်လည်း ထိထောက်မှုမရှိဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြပေသည်။

(၆) (ဃ) ဘယ်ဟာတစိမ့် မရှိမမြင်သော ကောင်းကင်ကိုသာ သတ္တဝါခေါ်သည်၊ ငါခေါ်သည်၊ ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်(ကြောင်ပန်းခြောက်စောင်တွဲ၊ သဘာဝဒီပနီ–၁၆၇) ဟူသော စကားကို ထုတ်ပြ၍ ကောင်းကင်သည် သတ္တဝါ ကောင်းကင်သည်ငါ ကောင်းကင်သည် ကိုယ်ဟု ကြောင်ပန်းတေ၁ရ အနှစ်သာရမှာ ပေါ်လွင်သည်ဟု စောဒကဆရာတော်များက စောဒနာတင်သွင်းခဲ့သည်။

ယင်း စောဒနာစကားရပ်ကို ပြန်လည်ဖြေကြားကြသော သောဓနာတ စုဒီတကပုဂ္ဂိုလ်များက "ကောင်းကင်ကိုသာ သတ္တဝါခေါ်သည်" ဟူသော

၁။ ခြောက်စောင်တွဲသဘာဝဒီပနီ၊ ၁၅၁။ ၂။ အဘိ ၄ ၂၊၂၅၊၂၆။

http://www.dhammadownload.com

စကားမှာ စာပုံနှိပ်တိုက် စာပြင်ဆရာတို့၏ ချို့ယွင်းမှုသာဖြစ်သည်၊ အမှန်မှာ ကောင်းကင်လိုသာ သတ္တဝါခေါ်သည်ဟု ရေးလိုရင်းဖြစ်သည်ဟု ဖြေကြား သောဓနာပြုသွားကြပေသည်။

(၁) ကောင်းကင်ကိုသာ သတ္တဝါခေါ်သည်။

(၂) ကောင်းကင်လိုသာ သတ္တဝါခေါ်သည်။

ဤစကားဝါကျ (၂)ခုကို ရှုဆဆင်ခြင်လျှင် မြန်မာစကားဝါကျအနေဖြင့် (၁) ဝါကျသည်သာ မှန်ကန်၍ (၂) ဝါကျသည် မှားသည်ဟု ဆိုရပါမည်၊ (၂) ဝါကျကို မြန်မာစကားမှန်ကန်အောင် ဆိုရ ရေးရလျှင် သတ္တဝါသည် ကောင်းကင်ကဲ့သို့သာ ဖြစ်သည်ဟု ဆိုရပေမည်၊ မည်သည့်မြန်မာစကား မြန်မာ ဝေါဟာရ ကျွမ်းကျင်သူကမျှ အမှတ်(၂)ပြု အဓိပ္ပာယ်မျိုးကို အမှတ်(၂)ပြု ရေးပုံ ရေးနည်းမျိုးဖြင့် ရေးလိမ့်မည်မဟုတ်ချေ၊ သို့သော် စုဒိတကတို့က ဤသို့သာရေးခဲ့ပါသည်ဟု အခိုင်အမာ သော့ခနာလ္ဘာတင် တင်ပြထားသဖြင့် တကြောင်း ဆက်စပ်ထုတ်ပြထားသော ရှေ့စကားရပ်တို့နှင့် ညီညွတ်သဖြင့် တကြောင်းတို့ကြောင့် အမှတ်(၁)စောဒနာ စိစစ်ချက်တွင်ပြသကဲ့သို့ ဖေါ်သ သင့်သော ဝါကျတခုဟုသာယူဆလျက် စိစစ်သုံးသပ်ကြရပေမည်။

ကောင်းကင်လိုသာ သတ္တဝါခေါ်သည်(သတ္တဝါသည် ကောင်းကင်ကဲ့သို့သာ ဖြစ်သည်) ဟူသော ပြင်ဆင်ချက်အတိုင်းဆိုသော်—

"သခ်ါဏ္ဍ သခ်ါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ"[၁]

ဟူသောစကားနှင့်ညီစွာ ကောင်းကင်မှာ ဘာမျှမရှိသကဲ့သို့ သတ္တဝါမှာ ဘာမျှ မရှိ၊ ငါ-မှာ ဘာမျှမရှိ၊ ကိုယ်မှာဘာမျှမရှိဟူသော အဓိပ္ပာယ်ဖြစ်သည်ဟု ဝိနည်း ဓိုရ်ဆရာတော်များက ယူဆကြသည်။

၇။ ဖော်ပြပြီး ဘယ်ဟာတစိမျှ စသောစကားနှင့်ဆက်စပ်၍ ခြောက်စောင် တွဲကျမ်းဆရာက—

"ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ"[၂]

ဟု ဂါထာကိုထုတ်ပြ ကိုးကားထားလေသည်။

ယင်းဂါထာဖြင့် သခ်ါတ အသခ်ါတတရားများ ဝိညာဏအနိဒဿနစသည်ဖြစ် နိုင်ပုံကို ရေးသားပြဆိုထားသည့်အတိုင်းပင် သောဓနာလ္ဘာတင် စုဒိတက

၁။ ဝိသုဒ္ဓိ ၂၊၂၆၃။ ၂။ မ ၁။၄၀၅။

http://www.dhammadownload.com

ဆရာတော်များကလည်း ဝိဂွဟများပြု၍ ရှင်းလင်းဖော်ပြထားသည်မှာ ဗဟုသုတဖြစ်ဖွယ်ပင် ဖြစ်ပါသည်။

သို့သော်—

တတ္ထ ဝိညာဏန္တိ ဝိဇာနိတဗ္ဗံ၊ အနိဒဿနန္တိ စက္ခုဝိညာဏဿ အာပါထံ အနုပဂမနတော အနိဒဿနံ နာမ၊ ပဒဒ္ဒယေနပိ နိဗ္ဗာနမေဝ ဝုတ္တံ။

အနက်ကား။ ။တတ္ထ၊ ထိုဝိညာဏ်အနိဒဿနံ အစရှိသောပါဠိ၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝိညာဏန္တိ၊ ဝိညာဏ်ဟူသည်ကား။ ဝိဇာနိတဗ္ဗံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် အထူးသိအပ်၏။ အနိဒဿနန္တိ၊ အနိဒဿနံဟူသည်ကား။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဏ်၏။ အာပါထံ၊ ရှေးရှုထင်ခြင်းသို့။ အနုပဂမနတော၊မရောက်ခြင်းကြောင့်။အနိဒဿနံ နာမ၊ အနိဒဿနမည်၏။ ပဒဒ္ဒယေနပိ၊ ပုဒ်နှစ်ခုတို့၏အပေါင်းဖြင့်လည်း။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အန္တဝန္တာနိ ဘူတာနိ၊ အသမ္ဘူတံ အနန္တကံ။
ဘူတေ အန္တာနိ ဒိဿန္တိ၊ ဘူတေ အန္တာ ပကာသိတာ။[2]

ဘူတာနိ၊ သန်တရုပ်နာမ်တို့သည်။ အန္တဝန္တာနိ၊ ဥပါဒ်ဘင်ဟူသောအပိုင်းအခြားရှိကုန်၏။အသမ္ဘူတံ၊ အသန်တနိဗ္ဗာန်သည်။အနန္တကံ၊ ဥပါဒ်ဘင်ဟူသောအပိုင်းအခြားမရှိ။ ဘူတေ၊ သန်တရုပ်နာမ်၌။အန္တာနိ၊ ဥပါဒ်ဘင်ဟူသောအပိုင်းအခြားတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဘူတေ၊ သန်တရုပ်နာမ်၌။ အန္တာ၊ ဥပါဒ်ဘင်ဟူသောအပိုင်းအခြားတို့ကို။ ပကာသိတာ၊ ပြအပ်ကုန်၏။

ဤအဋ္ဌကထာဆရာ၏ သာဓကစကားအရ သန်တသည် အန္တဝန္တ ဥပါဒ်စွန်း ဘင်စွန်းရှိသည်၊ အသန်တသည် အနန္တက ဥပါဒ်စွန်းဘင်စွန်းမရှိဟု အဖြောင့်အဓိပ္ပာယ်ရသောကြောင့် ဖော်ပြပြီး "ဝိညာဏံ" စသော ဂါထာသည်ခြောက်စောင်တွဲဆရာဆိုသကဲ့သို့ သန်တ-အသန်တ နှစ်ချက်ရမဟုတ်၊ နိဗ္ဗာန်အသန်တအတွက်သာပြသော စကားဖြစ်သဖြင့် ခြောက်စောင်တွဲဆရာ၏စကားနှင့် သောဓနာလ္ဟာတင်ဆရာများ၏စကားတို့မှာ မှားယွင်းသောစကားများဖြစ်သည်ဟု ဝိနည်းဓိုရ်များက ယူဆကြသည်။

၁။ မ ဋ္ဌ ၂။၃၁၀။

http://www.dhammadownload.com

အမှတ် (၉) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်

၁။ "ဝိညာဏ်လိမ်ကတော့ လိမ်ချင်လိမ်ပါစေ၊ ဘုရားတောင်မှ လိမ်သေးတာပဲ၊ အဆင်းဓာတ်သား ပရမတ်တရားကို မြတ်စွာဘုရားရဲ့ မျက်လုံးတော်က သေသေချာချာမြင်ရပါလျက် "ရာဟုလာ" လို့ စိတ်ပေါ်လာတဲ့အတွက် "ချစ်သား ရာဟုလာ "လို့ နှုတ်တော်က ခေါ်ရတယ်မဟုတ်လား။

မှန်ပါ ဝိညာဏ်လိမ်လက်တွင်းက မကင်းသေးလို့ နှုတ်တော်က ခေါ်ရပါ ဘုရား။[၁]

အထက်ပါ စကားကိုတင်ပြ၍ ဘုရားရှင်ကို ဝိညာဏ်လိမ်ခံရကြောင်း ဘုရားရှင်၏ ဗောဓိဉာဏ်တော်သည် ဝိညာဏ်လိမ်ဟူသော စိတ္တဝိပလ္လာသကို မဖယ်ရှားနိုင်သေးကြောင်း လောကဓံအာရုံနှင့် တွေ့ကြုံလျှင် ဘုရားရှင်ပင် တုန်ခါရသေးကြောင်း ပြောကြဆိုကြ ရေးသားကြသည်ဟု စောဒက ဆရာတော်များက စောဒနာလျှာ တင်သွင်းခဲ့လေသည်။

ကြောင်းကျိုး ဖော်ပြချက် အနေဖြင့်—

> "ချစ်သားရာဟုလာ" ဟု သုံးခြင်းသည် ဝိညာဏ်လိမ်ခံရသော ကြောင့်မဟုတ်၊ လောကဥ္စ ညီညီညွတ်ညွတ် အသိအမှတ်ပြုထားသော အမည်ပညတ်ကို မသုံးက နားလည်နိုင်မည်မဟုတ်သောကြောင့်သာ "ချစ်သားရာဟုလာ"ဟု သုံးရခြင်းဖြစ်သည်။
>
> ဘုရားရှင်၏ ကာယကံ ဝစီကံ မနောကံတို့သည် ဉာဏ်တော်နောက်သို့သာ အစဉ်လိုက်ပါလျက်ရှိသည်၊[၂] တဏှာမာနဒိဋ္ဌိတို့နောက်သို့ လိုက်ပါ၍ သုံးခြင်း မဟုတ်ကြောင်း စသည်ဖြင့် ကြောင်းကျိုးဖော်ပြလျက် စောဒကဆရာတော်များက တင်ပြလာပေသည်။

၂။ ဤအကြောင်းအရာနှင့် ပတ်သက်၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ အရဟန္တသုတ်ကို ဖော်ပြ ရှင်းလင်းသင့်ပေသည်။

တောအုပ်တခုဌ် နေသော တောစောင့်နတ်တဦးသည် ယင်းတောအုပ်ဌ် အရည်ကင်ခုတင် ဆောက်တည်နေကြသော ရဟန်းတော်တို့က "ငါဆွမ်းစား၏, ငါထိုင်၏, ငါသပိတ်, ငါသင်္ကန်း" စသည်ဖြင့် ပြောဆိုကြသော စကားကို ကြား၍ " ငါသည် ဤရဟန်းတို့ကို ရဟန္တာထို့ဟု ထင်မိသည်၊ ရဟန္တာမည်

၁။ အရှင်ကောဝိဒ၏ နာမ်လောကဝိပဿနာ အလင်းရောင်ကျမ်း၊ ၂၆၊၂၇။

၂။ မူလဋီ ၂၊၂။

http://www.dhammadownload.com

သည် ဤသို့ မိမိကိုယ်ကို စွဲလမ်းပြောဆိုသော ငါဟူသော စကားကို ပြောဆို မည်မဟုတ်" ဟု ယူဆကာ မြတ်စွာဘုရားအထံတော်သို့ သွား၍ ဤဂါထာဖြင့် လျှောက်ထားလေသည်။

ယော ဟောတိ ဘိက္ခု အရဟံ ကတာဝီ၊
ခီဏာသဝေါ အန္တိမဒေဟာဓာရီ။
အဟံ ဝဒါမီတိပိ သော ဝဒေယျ၊
မမံ ဝဒန္တီတိပိ သော ဝဒေယျ[1]။

မြန်မာပြန်။ ။ အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ (မင်္ဂ) ကိစ္စ ကိုပြုပြီးဖြစ်၏၊ အာသဝကုန်ပြီးဖြစ်၏၊ အဆုံးစွန်သောကိုယ်ကို ဆောင်ပြီးဖြစ်၏၊ ထိုရဟန်းသည် ငါပြောဆို၏ ဟူ၍လည်းဆိုရာပါသလော၊ ထိုရဟန်းသည် ငါ့ကို(တပါးသူတို့က) ပြောဆိုကုန်၏ ဟူ၍လည်းဆိုရာပါသလော ဟု လျှောက်၏။[2]

ထိုအခါ မြတ်စွာဘုရားက—

ယော ဟောတိ ဘိက္ခု အရဟံ ကတာဝီ၊
ခီဏာသဝေါ အန္တိမဒေဟာဓာရီ။
အဟံ ဝဒါမီတိပိ သော ဝဒေယျ၊
မမံ ဝဒန္တီတိပိ သော ဝဒေယျ။
လောကေ သမညံ ကုသလော ဝိဒိတ္ဝာ၊
ဝေါဟာရမတ္ထေန သော ဝေါဟရေယျ။

(မြန်မာပြန်)။ အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ (မင်္ဂ) ကိစ္စကိုပြုပြီးဖြစ်၏၊ အာသဝကုန်ပြီးဖြစ်၏၊ အဆုံးစွန်သောကိုယ်ကို ဆောင်ပြီး ဖြစ်၏၊ ထိုရဟန်းသည် ငါပြောဆို၏ ဟူ၍လည်းဆိုရာ၏၊ ထိုရဟန်းသည် ငါ့ကို (တပါးသူတို့က) ပြောဆိုကုန်၏ ဟူ၍လည်းဆိုရာ၏၊ လောကဝယ် (ခန္ဓာစ-သည်တို့၌) လိမ္မာသော ထိုရဟန်းသည် ခေါ်ဝေါ်အပ်သော အမည်ကိုသိ၍ ခေါ်ဝေါ်မှုမျှဖြင့် ခေါ်ဝေါ်ရာ၏ဟု ဖြေတော်မူ၏။

ထိုအခါ နတ်က မကျေနပ်သေးပဲ ထပ်မံ၍ လျှောက်ထားပြန်သည်—

ယော ဟောတိ ဘိက္ခု အရဟံ ကတာဝီ၊
ခီဏာသဝေါ အန္တိမဒေဟာဓာရီ။
မာနံ နု ခေါ သော ဥပဂမ္မ ဘိက္ခု၊
အဟံ ဝဒါမီတိပိ သော ဝဒေယျ။
မမံ ဝဒန္တီတိပိ သော ဝဒေယျ။

၁။ ဆံ ၁၊ ၁၃။ ၂။ သံ မြန် ၁၊ ၁၃။

http://www.dhammadownload.com

မြန်မာပြန်။ ။ အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ (မင်္ဂ) ကိစ္စကို ပြုပြီးဖြစ်၏၊ အာသဝေါကုန်ပြီး ဖြစ်၏၊ အဆုံးစွန်သော ကိုယ်ကိုဆောင်ပြီးဖြစ်၏၊ထိုရဟန်းသည်(ကိုးပါးအပြားရှိသော)ထောင်လွှားမှု 'မာန'သို့ ကပ်ရောက်၍ ငါပြောဆို၏ ဟူ၍လည်းဆိုရာပါသလော၊ ထိုရဟန်းသည် ငါ့ကို (သူတပါးတို့က) ပြောဆိုကုန်၏ ဟူ၍လည်း ဆိုရာပါသလော ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက—

ပဟီနမာနဿ နသန္တိ ဂန္ထာ၊
ဝိမုပ္ပိတာ မာနဂန္ထဿ သဗ္ဗေ။
သ ဝီတိဝတ္တော မညတံ သုမေဓော၊
အဟံ ဝဒါမီတိပိ သော ဝဒေယ္ယ။
မမံ ဝဒန္တီတိပိ သော ဝဒေယ္ယ၊
လောကေ သမညံ ကုသလော ဝိဒိတ္ဝာ။
ဝေါဟာရမတ္တေန သော ဝေါဟရေယ္ယ။

မြန်မာပြန်။ ။ထောင်လွှားမှု 'မာန'ကို ပယ်ပြီးသော ရဟန်းအား ထုံးဖွဲ့မှု 'ဂန္ထ' တရားတို့သည် မရှိကုန်၊ ထိုရဟန်းသည် အလုံးစုံသော ထောင်လွှားမှု 'မာန'ထုံးဖွဲ့မှု 'ဂန္ထ'တို့ကို ဖျက်ဆီးအပ်ကုန်၏၊ ကောင်းသော ပညာရှိသော ထိုရဟန်းသည်(တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်)မှတ်ထင်မှုကိုလွန်မြောက်၏၊ ထိုရဟန်းသည် 'ငါပြောဆို'၏ဟူ၍လည်း ဆိုရာ၏၊ ထိုရဟန်းသည် ငါ့ကို (တပါးသူတို့က)ပြောဆိုကုန်၏ဟူ၍လည်းဆိုရာ၏၊ လောကဝယ် (ခန္ဓာစသည်တို့၌)လိမ္မာသောထိုရဟန်းသည် ခေါ်ဝေါ်အပ်သော အမည်ကိုသိ၍ ခေါ်ဝေါ်မှုမျှဖြင့်ခေါ်ဝေါ်ရာ၏ဟုဟောဖော်မူ၏။

ဖော်ပြပါ သံယုတ်ပါဠိတော်လာ အရဟန္တသုတ်၌ ဘုရားရှင်ဟောတော်မူသည့်အတိုင်း ရဟန္တာမျာ်းသည် ငါဆွမ်းစားသည်, ငါထိုင်သည်, ငါ့သပိတ်, ငါ့သင်္ကန်း စသော စကားကိုသုံးခြင်းမှာ လောကလူများသိအောင် လောကလူများစကားနှင့် မကွဲပြားအောင် သုံးတော်မူခြင်းသာ ဖြစ်၏၊တဏှာ မာနဒိဋ္ဌိကပ်ငြိ၍ သုံးတော်မူကြသော စကားမဟုတ်၊ အကယ်၍ ခန္ဓာများစားကြသည်, ခန္ဓာများထိုင်ကြသည်, ခန္ဓာများ၏ သပိတ်, ခန္ဓာများ၏သင်္ကန်းဟု သုံးနှုန်းက အများလူတို့နှင့် ဝေါဟာရကွဲပြားသောကြောင့် မည်သည့်အဓိပ္ပာယ်ကိုမျှ နားလည်ကြမည်မဟုတ် ဟူသော[1] အဋ္ဌကထာလာ အဓိပ္ပာယ်အရ စောဒကဆရာတော်များ၏

၁။ သံ ဋ္ဌ ၁၊၅၀။

http://www.dhammadownload.com

စကားသည် ပါဠိအဋ္ဌကထာ ဋီကာများနှင့်ညီညွတ်သည်ဟု ဝိနည်းဓိုဒ်ဆရာတော်များက ယူဆကြသည်။

မှတ်ချက်။ ။ဤစောဒနာအမှတ်(၉-က) မှာ စုဒိတကဆရာတော်တို့က ကြောင်ပန်းအဖွဲ့နှင့်မသက်ဆိုင်၊ ကြောင်ပန်းအဖွဲ့က တာဝန်မယူဟု ဆိုသော စာအုပ်မှ စကားရပ်ဖြစ်သော်လည်း စောဒနာလာရှိခြင်းကြောင့် အမှားအမှန်ကို ခွဲခြားသိနိုင်ရန် စိစစ်ဖော်ပြလိုက်ခြင်းဖြစ်သည်။

၃။ ထို့ပြင် ဤသို့လည်း ရေးသားထားသေးသည်—

"နှာမ်ဝိဇ္ဇာတရုးခွင်ကို နားရှင်းအောင် ဟောရမှာဆိုတော့ ဧရှေးဦးစွာ ဝိညာဏ်လိမ်နှင့် ဝိညာဏ်မြင်ကို ခွဲပြရလိမ့်မယ်၊ ဘုရားရဟန္တာများလဲ ဝိညာဏ်လိမ် ပေါ်သေးသည်ဟု အချို့သော ပုဂ္ဂိုလ်များ ပေါကြပြောကြတာကတော့ မနောဝိညာဏ်၏ဝိဇာနနလက္ခဏာ ထင်ရှားစေလို သည့်အတွက် ဝိညာဏ်မြင်ကို မလိမ်သော်လည်း လိမ်သောအလား တင်စား၍ ဟောခြင်းမျှသာ ဖြစ်ပါတယ်၊ စင်စစ်တော့ ဘုရား ရဟန္တာ များမှာ ဝိညာဏ်လိမ်မခံရတော့ပဲ ဝိညာဏ်မြင်သာ ရှိတော့တယ်လို့ သိထားရမယ်" (အရှင်ကောဝိဒ)။

ဤ၌ "ဝိညာဏ်မြင်"ဟု ဆို၏၊ ဝိပဿနာအလင်းရောင်၌ "ဝိညာဏ်လိမ်"ဟု ဆိုခဲ့သည်၊ တဦးတည်းဖြစ်လျက် တကျမ်းတွင် တမျိုးစီ မှတ်သားထားသည်ကို တွေ့ရသည်၊ အမှန်အားဖြင့် စင်စစ်စောဒနာထိုက် စိစစ်ထိုက်သော စကား များပင်မဟုတ်ချေ၊ **အထူးသတိရှိကြရာ၏**။

၄။ စောဒနာ(ခ)အဖြစ် စောဒကဆရာတော်များက ဤသို့ တင်ပြကြ၏။

"သညာက္ခန္ဓာဆိုသည်ကား ကုသိုလ်အကုသိုလ်နှစ်ပါးနှင့်ပင် ကြားမြင် ကြံသိသမျှ အစစ၌ ကျမ်းကျင်မှတ်မိ တတ်သိလိမ္မာခြင်းကို သညာ ဆို သည်၊ အယုတ်အားဖြင့် အကုသိုလ်အရာမှာ မုဆိုး **တံငါတို့၏အလိမ္မာ** ကျား၏အသိ ကြောင်၏အသိ **အစရှိသည်တို့၏အလိမ္မာတို့ကို** သညာ ဆိုသည်၊ သတိထား။

အလတ်အားဖြင့် ကုသိုလ်အရာမှာ စာပေကျမ်းဂန် စသည်ကို့ကို ဆောင်အံမှတ်မိ တတ်သိလိမ္မာသည်ကို သညာဆိုသည်၊

အမြတ်အားဖြင့် ဘုရားရဟန္တာတို့တွင် ပကတိသာဝကရဟန္တာ တို့၏သညာတော်မှာ ကမ္မဿကတောင်ကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊

http://www.dhammadownload.com

မဟာသာဝကတို့၏သညာတော်မှာ ကမ္မာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊ အဂ္ဂသာဝကတို့၏သညာတော်မှာ တသောင်းနှင့် ကမ္ဘာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏။

ပစ္စေကဗုဒ္ဓါတို့၏ သညာတော်မှာ နှစ်သောင်းနှင့် ကမ္ဘာတသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏၊သမ္မာသမ္ဗုဒ္ဓဘုရားတို့၏သညာတော်မှာ လေးသောင်းနှင့် ကမ္ဘာတသိန်း၊ ရှစ်သောင်း တဆယ့်ခြောက်သောင်း သောင်းနှစ်ဆယ်နှင့် ကမ္ဘာတသိန်း စသည်ဖြင့် မှတ်သိမြင်တော်မူသမျှကို သညာဆိုသည် သတိမူပါ။[1]

ဤသို့ တင်ပြ၍ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကို သညာဟု ကောက်ကာ ခန္ဓာငါးပါးဖွဲ့ရာမှာ ထင်သလိုဖွဲ့သည်ဟု စောဒနာလွှာတင်သွင်းခဲ့ကြသည်။

၅။ ဤ၌—

အတ္ထပကရဏာ လိင်္ဂါ၊ဩစိတျကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ နာ သဒ္ဒါယေဝ ကေဝလံ—

ဟူသော(ဇာလိနီသဒ္ဒါကျမ်း) စကားအရ အတ္ထပကရဏစသည်ကို သတိထား၍ အနက်အဓိပ္ပာယ်ကို ကောက်ယူရမည်ဟူသော ရှေးဆရာများ၏ဩဝါဒအတိုင်း ကျင့်သုံးရမည်ဖြစ်၏။

ဥပမာအားဖြင့် ဆိုရသော် စစ်မြေပြင်၌ "သိန္ဓဝံ အာနေဟိ" ဟုဆိုခဲ့လျှင် ဆားကို ယူသွား၍ မဖြစ်၊ မြင်းကို ယူသွားမှ သဘာဝမှန်ပေလိမ့်မည်၊ စားသောက်နေစဉ် "သိန္ဓဝံ အာနေဟိ" ဟု ဆိုခဲ့လျှင် မြင်းကို ယူသွား၍ မဖြစ်၊ ဆားကို ယူသွားမှ သဘာဝကျပေလိမ့်မည်၊ အဏ္ဍဇာနအားလျော်ပေလိမ့်မည်။

ဤနည်းတူ ခြောက်စောင်တဲ့ကျမ်းလာ အထက်ပါစကားဝါကျကိုလည်း မည်သည့်နေရာ၌ မည်သည့်အကြောင်းကို ရေးနေသနည်းဟု လေ့လာမှတ်သား သတိထား၍ စကားကျအဓိပ္ပာယ်ကို ကောက်ယူဆုံးဖြတ်မှသာ မှန်ကန်နိုင်ပေမည်၊ ဤနေရာ၌ ခြောက်စောင်တဲ့ကျမ်းဆရာသည် ဝိညာဏကွန္ဓာမှစ၍ ဝေဒနာကွန္ဓာ သညာကွန္ဓာနှင့် သင်္ခါရကွန္ဓာတို့ကို တခုစီ ရေးပြနေသည့် အခန်းကဏ္ဍဖြစ်၍ သညာကွန္ဓာ၏ အယုတ် အလတ် အမြတ် ပုဂ္ဂိုလ်များ၏ သညာဖြင့် မှတ်မိပုံကို ရေးသားနေသော နေရာဌာနလည်း ဖြစ်သည်။

ဤအခန်း ကဏ္ဍ၏ အထက် တနေရာတွင် ဘုရားဟော ပါဠိတော်ကို ကိုး ကား၍ သဠာယန ဟူသော သညာသိန္ဒ် ပဇာနနဟူသောပညာသိတို့၏ ထူးခြားပုံကို ဖော်ပြထားကာ "သဠာယနံ နာမ၊ သညာသိ မည်သည်ကား။ သုဠု ဇာနနံ၊

၁။ ကြောင်ပန်းခြောက်စောင်တွဲ၊ သုံးလောကဒီပနီ- ၂၀၃-၂၀၄။

http://www.dhammadownload.com

ကောင်းစွာသိခြင်းတည်း။ ကာလန္တရေပိ၊ ကာလတပါးဦလည်း။ အပမုဿမာနံ၊ မမေ့မလျော့သည်ကို။ ကတ္တာ၊ ပြုခြင်း၊ ဇာနနံ၊ သိခြင်းတည်း။ ဤတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း"-စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

၆။ ပုဗ္ဗေနိဝါသညာဏ်တော်ကို သညာဟု ကောက်ယူကြောင်းဖြင့် စောဒက ဆရာတော်များက တင်ပြရာ၌ ယင်းဉာဏ်တော်၌ ဖဿ၊ ဝေဒနာ၊ သညာ စသော သမ္မယုတ္တဓမ္မများလည်း ပါဝင်နိုင်ကြပေသည်၊ ထိုသမ္မယုတ္တဓမ္မတို့တွင် သညာမှာလည်း ပုဗ္ဗေနိဝါသညာဏ်တော် သိသကဲ့သို့ အပိုင်းအခြားမရှိ သိနိုင်စွမ်းရှိပေသည်။

ထို့ကြောင့်—

> "ယာ ပနေတ္ထ ဉာဏသမ္မယုတ္တာ ဟောတိ၊ သာ သညာ ဉာဏမေဝ အနုဝတ္တတိ၊ သသမ္ဗာရုပထဝီအာဒီသု သေသဓမ္မာ ပထဝီအာဒီနိ ဝိယာတိ ဝေဒိတမ္မာ။"[၁]

ဟု အဘိဓမ္မာအဋ္ဌကထာဆရာကြီးတို့ ဆိုတော်မူကုန်၏။

အဓိပ္ပာယ်မှာ ဉာဏသမ္မယုတ်သညာသည် ဉာဏ်တော်နောက်သို့သာ အစဉ်လိုက်သည်၊ ဥပမာအားဖြင့် မြေ၌အခြားသော အာပေါ တေဇော ဝါယောတို့ ပါရှိကြကုန်သော်လည်း မြေနောက်သို့သာ အစဉ်လိုက်ရကုန်သကဲ့သို့ ဖြစ်ပေသည်ဟု ဆိုလိုသည်။

ထို့ပြင်လည်း—

> "ဉာဏမေဝ အနုဝတ္တတိ၊ တသ္မာ အဘိနိဝေသကာရိကာ ဝိပရိ-တဂ္ဂါဟိကာ စ နဟောတိတိ အဓိပ္ပါယော။"[၂]

ဤမူလဋီကာဆရာ၏အဆိုအရ သညာသည် ဉာဏ်တော်နောက်သို့အစဉ်လိုက်သည့်အတွက် မှားမှားယွင်းယွင်းနှလုံးသွင်းမှုကို ပြုခြင်း၊ ဖောက်ဖောက်ပြန်ပြန် ယူခြင်းတို့ မဖြစ်နိုင်တော့ဟု သိသာနိုင်ပေသည်။

၇။ သညာ၏သိခြင်းသည် ဝိညာဏ်၏သိခြင်းကဲ့သို့ပင် လက္ခဏာရေးသုံးပါးကို ပေါက်ရောက်နိုင်သည့်ပြင် ဝိညာဏ်၏သိခြင်း ပညာ၏သိခြင်းထို့ကို စွဲမြဲစေနိုင်သဖြင့် သညာကို ပွားများစေရမည်ဟုပင် မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသည်။

၁။ အဘိ ဋ္ဌ၊ ၁။ ၁၅၄။ ၂။ မူလဋီ ၁၊ ၈၇။

http://www.dhammadownload.com

(က) ရုဂဿ ဘိက္ခဝေ အာဘိညာယ ဆ ဓမ္မာ ဘာဝေတဗ္ဗာ။ ကတမေ ဆ။ အနိစ္စသညာ အနိစ္စေ ဒုက္ခသညာ ဒုက္ခေ အနတ္တသညာ ပဟာနသညာ ဝိရာဂသညာ နိဗ္ဗာနသညာ။[၁]

(ခ) ရုဂဿ ဘိက္ခဝေ အာဘိညာယ သတ္တ ဓမ္မာ ဘာဝေတဗ္ဗာ။ ကတမေ သတ္တ၊ အနိစ္စသညာ အနတ္တသညာ အသုဘသညာ အာဒီနဝသညာ ပဟာနသညာ ဝိရာဂသညာ နိဗ္ဗာနသညာ။[၂]

ဤအဂ်ံတ္ထရ ဆက္က သတ္တက ရုဂပေယျာလ တို့လာ အနိစ္စသညာ ဘာဝေ ဘဗ္ဘာတို့၌ သတိပဋ္ဌာန်တွင် သတိပဋ္ဌာန်ကို ပွားများသကဲ့သို့ သညာကိုအထပ်ထပ် ပွားများစေရမည်၊ သညာကို အထပ်ထပ်ပွားများခြင်းဖြင့် အသစ်အသစ် အသိအမြင် တိုးပွားမှုဟူသော ဝိညာဏ်ကိစ္စ ပညာကိစ္စတို့ အထူးအားရှိ လာနိုင်သည်ဟု ဟောတော်မူပေသည်။

၈။ သို့ဖြစ်၍ အမှတ်–၉ (ခ) စောဒနာလာ သညာကိစ္စမှာ ပုဗ္ဗေနိဝါသညာဏ်တော်ကို သညာဆိုသည် မဟုတ်၊ ပုဗ္ဗေနိဝါသ ဉာဏ်တော်နှင့် ယှဉ်သောသညာ၏ အစွမ်းသတ္တိကိုသာ ပြဆိုခြင်းဖြစ်သည်၊ သို့ဖြစ်ခြင်းကြောင့် မြတ်စွာဘုရား၏ ဗောဓိဉာဏ်တော်ကို စွပ်စွဲသော အဿာစီကွန အဓမ္မဝါဒအဖြစ်သို့မရောက်ဟု ဝိနည်းဓိရ်ဆရာတော်များက ယူဆတော်မူကြသည်။

အမှတ် (၁၀) စောဒနာ သောဓနာတို့ကို ဝေဖန်စိစစ် သုံးသပ်ချက်

၁။ (က) နိဗ္ဗာနံ ပတ္ထေတ္ဘာဟူသော အဋ္ဌကထာ၏သဘောကား နိဗ္ဗာန်ကိုရပါလို၏ဟုထား ပါးစပ်စကားဖြင့် ဆိုသည်မဟုတ်၊ ပရမတ်နှစ် ခေတ်အစစ်ကိုသိမှ ရှိသမျှရုပ်နာမ်စုကို တခုစီခွဲခြမ်း၍ စွဲလမ်းသော ဒိဋ္ဌိခေတ်ကို ပရမတ်ဉာဏ်ဖြင့်ရှာသော် ပြဟ္မာ နတ်လူမပိုင် မဆီဆိုင် အလေ့ပေါက် သူအလျောက်ဖြစ်မစဲ မမြဲသည့်ခေတ်အစုကို အတပ်ရှုမြင်လာသော် ငါ၏ကိုယ်မဆိုထားဘိ၊ ငါတကားစွဲဘို့ရန်မျှ ရှာကြံ၍ ဘယ်မတွေ့ သိမ်မွေ့သော ဝိပဿနာတရား သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်မှသာ နိဗ္ဗာန်ကို တောင်းရာကျသည်။[၃]

ဖော်ပြပါ ဝိဝဋ္ဋဒီပနီလာစာပိုဒ်ကို ထုတ်ပြ၍ "လိုရာပါဠိတို့ကို ထင်သလို ကိုးကား အမျိုးမျိုးလှည့်စားသော မာယာသာဌေယျ အဓမ္မဝါဒ"အဖြစ်ဖြင့် စောဒကဆရာတော်တို့က စောဒနာတင်ကြသည်။

၁။အံ ၂၊ ၃၉၃။ ၂။အံ ၂၊ ၅၁။ ၃။ခြောက်စောင်တွဲ၊ ဝဝဋ္ဋဒီပနီ၊ ၂၈။

http://www.dhammadownload.com

ယင်းသို့ စောဒနာဘင်ရာ၌ သစ္စာလေးပါးကို ပိုင်းခြားသိမြင်သူဟူသည်မှာ မဂ်ဉာဏ်ရသူဖြစ်ပါသည်၊ သောတာပန်ဖြစ်မှ နိဗ္ဗာန်ကို ဆုတောင်းရာရောက်သည်ဟု ဆိုရာရောက်ပါသည်၊ နိဗ္ဗာန်ကိုရပြီး ရောက်ပြီးသူအတွက်မူ တောင်းစရာမလိုတော့၊ လက်ဝယ်ရောက်ရှိပြီးသားကို အသုံးပြုရန်သာ ရှိပါသည်....ဟူ၍လည်းကောင်း၊

ဆုတောင်းခြင်း ပတ္ထနာအလုပ်သည် ဗုဒ္ဓဘာသာတို့၏ အဓိကလုပ်ငန်းတရပ်ဖြစ်ကြောင်း ထင်ရှားပါသည်၊ ယင်းသို့ ဆုတောင်းရာ၌ ဗုဒ္ဓမြတ်စွာအလိုတော်ကျဖြစ်စေရန် ဝိဝဋ္ဋနိဗ္ဗာန်ကိုသာ ဆုတောင်းရမည် ဖြစ်ပါသည်ဟူ၍လည်းကောင်း၊

ဆုတောင်းခြင်းသည်ရှေ့ သစ္စာသိခြင်းသည်နောက် ဆုတောင်းခြင်းသည်အကြောင်း သစ္စာသိခြင်းသည်အကျိုး ဟူ၍လည်းကောင်း အကြောင်းပြလျက် "သစ္စာလေးပါး ပိုင်းခြားသိမှ နိဗ္ဗာန်ကို ဆုတောင်းရာရောက်သည်" ဟူသော စကားသည် အဓမ္မဝါဒဖြစ်သည်ဟု စောဒက ဆရာတော်များက ဖော်ပြထားကြသည်။

သောဓနာလင်္ကာတင် ဆရာတော်များကမူ အမှတ်-၁၀၊ ပိုဒ်ခွဲ (က) နှင့် ပတ်သက်၍ သမ္မာပဋိပဒါသုတ်နှင့် အဋ္ဌကထာအဆိုကို ကိုးကား၍ ကြောင်ပန်း ဆရာတော်ဘုရားကြီးအလိုက—

အားထုတ်မှု—ပဓာန

ဆုတောင်းမှု—အပဓာနကို ရည်ရွယ်၍ ရေးသားခြင်း ဖြစ်ပါသည်၊ ဝိပဿနာအလုပ်အားထုတ်၍ အဟုတ်သိမြင်မှ နိဗ္ဗာန်ရမည်မှာ—

"ကတပုညောသိ တ္ဝံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ ခိပ္ပံ ဟောဟိသိ အနာသဝေါ"။[၄]

ဤပါဠိတော်ကို ထောက်ဆသဖြင့် သိအပ်ကြောင်း ချေပကြသည်။

၂။ ဤစောဒနာ အမှတ်-၁၀ (ပိုဒ်ခွဲ-က) လာ နိဗ္ဗာန် ပတ္ထတ္တာ-စသော စကား၌ ပတ္ထတ္တာအရ ပတ္ထနာသည်—

(က) ယာစန
(ခ) ဣစ္ဆာသီသန—

ဟူ၍ ၂-မျိုးရှိသည်။[၂]

ပ+အတ္ထ+ယု+အာ=ပတ္ထနာ ဟုရုပ်ပြီးသော ပတ္ထနာသဒ္ဒါသည် ပဏိဓာနသဒ္ဒါ ပဏိဓိသဒ္ဒါတို့နှင့် အနက်တူပင်ဖြစ်သည်။[၃]

၁။ ဒီ ၂။ ၁၁၉။ ၂။ မော၏ ၆၊၉။ ၃။ ဓာန်၊ ဓာန်ဋီ၊၄၂၆။

http://www.dhammadownload.com

"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊
လဘေယျံ ဥပသမ္ပဒံ"[၁]

တပည့်တော်သည် အရှင်ဘုရား၏ အထံတော်၌ ရှင်အဖြစ်ရပါရစေ, ရဟန်းအဖြစ်ရပါရစေ ဟူသော စကားဝါကျမှာ "ယာစန=တောင်းခြင်း၊ ခွင့်ပန်ခြင်းပတ္ထနာ" မျိုးဖြစ်သည်။

"ပတ္ထနာတိ 'ဝေရ္ဓပေါ သိယ'န္တိ ဧဝံ ပတ္ထနာ၂ အရ "ဤသို့သဘောရှိသူ ဖြစ်ရလို၏" ဟူသော စကား ပါကျမှာ "ဣဋ္ဌာသီသန-အလိုရှိသည်ကို တောင်းခြင်း ပတ္ထနာ" မျိုးဖြစ်သည်။

၃။ ထိုဣဋ္ဌာသီသန ပတ္ထနာသည်—

(က) တဏှာ ပတ္ထနာ

(ခ) ကတ္တုကမ္မတာ ကုသလစ္ဆန္နပတ္ထနာ

ဟူ၍ နှစ်မျိုးရှိသည်[၃]။

ထိုတွင် "အယံ သုမနမာလာ ဝိယ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ပိယာဝ ဟောမိ"[၄]= ဖြစ်လေရာ ဌာန သံသရာ ဘုံဘဝ၌ ဤမြတ်လေးပန်း ပမာ ချစ်စရာကောင်းသူလေး သာ ဖြစ်ရပါလို၏ဟု-ဆုတောင်းမျိုးသည် လည်းကောင်း။

လင်တူအမျိုးသမီး နှစ်ဦးတို့အချင်းချင်း မနာလိုမှုဖြစ်ကြရာ မယားငယ် သေခါနီး ဆုတောင်းပတ္ထနာကြောင့် နောက်ဘဝ၌ကြောင်မဖြစ်၍ မယားကြီးက ကြက်မဖြစ်ရသည်၊ ကြောင်မက ကြက်မနှင့်တကွ ကြက်ဥများကိုစား၍ကြက်မ၏ ဆုတောင်းပတ္ထနာကြောင့် နောက်တဘဝ၌ ကြက်မက သစ်မဖြစ်၍ ကြောင်မက သမင်မဖြစ်ရပြီး သစ်မက သမင်မနှင့်တကွ သားကိုစားပြန်သည်၊ သမင်မ၏ ဆုတောင်းကြောင့် သမင်မက ဘီလူးမဖြစ်ကာ သစ်မက လူမ ဖြစ်ရပြန်ပြီး ထိုဘဝ၌ လူမကမွေးလာသော ကလေးများကို စားလေသည်၊ တတိယမြောက် ကလေးရသောအခါ မြတ်စွာဘုရားထံရောက်၍ မြတ်စွာဘုရားက တရားဟော သဖြင့် ရန်ငြိမ်းကြလေသည်[၅]။

ဤဝတ္ထုလာ အမျိုးသမီးနှစ်ဦးတို့၏ ဆုတောင်းမျိုးသည် လည်းကောင်း "တဏှာပတ္ထနာ" မည်ပေသည်။

၁။ ဒီ ၁၊၁၆၅။ ၂။အံ၌ ၊၃။၃၃၄။ ၃။ မ၌၁။၄၃။ ၄။အံ၌၃။၁၃။
၅။ ဓမ္မပဒ ၌ ၁၊ ၃၁၊ ၃၂။

http://www.dhammadownload.com

"မဟာသတ္ထော သောဏ္ဍာယ ကကစံ ဂဟေတ္ဝာ အပရာပရံ စာရေသိ၊ ဒန္တံ ဂဋီရာ ဝိယ ဆိဒ္ဓိံသု။ အထ နံ တေ အာဟာရာပေတ္ဝာ ဂဏှိတ္ဝာ "သမ္မ လုဒ္ဒပုတ္တ အဟံ ဣမေ ဒန္တေ တုယှံ ဒဒမာနော နေဝ မယှံ အပ္ပိယာတိ ဒမ္မိ၊ နံ သက္ကတ္တ မာရတ္တ ဗြဟ္မတ္တာနိ ပတ္ထေန္တော၊ ဣမေဟိ ပန မေ ဒန္တေဟိ သတဂုဏေန သဟဿဂုဏေန သတသဟဿဂုဏေန သမ္မညုတညာဏဒန္တာဝ ပိယတရာ၊သမ္မညုတညာဏပ္ပဋိဝေဓာယ မေ ဣဒံ ပုညံ ပစ္စယော ဟောတူ"တိ ဒန္တေ ဒတ္ဝာ"

"အလောင်းတော် ဆဒ္ဒန်ဆင်မင်းသည် နှာမောင်းဖြင့် လွှကိုကိုင်၍ အပြန်ပြန်အလှန်လှန် တိုက်ဖြတ်လေရာ စွယ်တော်တို့သည် အညွှောက်ကဲ့သို့ ပြတ်ကျကြကုန်၏၊ ထို့နောက် စွယ်တော်တို့ကိုကိုင်လျက် "အဆွေ မုဆိုး ဤစွယ်တော်တို့ကို ပေးသောငါသည် ထိုစွယ်တော်တို့ကို မချစ်ခင်၍ ပေးသည်မဟုတ် သိကြားအဖြစ် မာရ်နတ်အဖြစ် ဗြဟ္မာအဖြစ်တို့ကို တောင့်တ၍လည်း ပေးသည်မဟုတ်၊ ဤစွယ်တော်တို့ထက် ရာပေါင်းများစွာ ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာ အဖိုးထိုက်တန်သော သမ္မညုတဉာဏ်တော် တည်းဟူသော စွယ်တော်မြတ်ကို သာ အလွန်အကဲ ငါ ချစ်မြတ်နိုးတော်မူသည်၊ ငါ၏ဤကောင်းမှုသည် သမ္မညုတဉာဏ်ရခြင်း၏ အကြောင်းဖြစ်ပါစေသတည်း"ဟု ဆို၍ စွယ်တော်တို့ကို ပေးလှူလေ၏။

ဤဝတ္ထုလာ အလောင်းတော် ဆဒ္ဒန်ဆင်မင်း၏ ဆုတောင်းမျိုးသည် 'ကတ္တုကမ္မတာကုသလစ္ဆန္ဒပတ္ထနာ၊ ဝါ-ဆန္ဒပတ္ထနာ"မည်၏။

၄။ ထို့ပြင် သုမေဓာစသော ဘုရားအလောင်းတော်တို့၏ ကြီးစွာသော ဆန္ဒဖြင့် ဆုတောင်းပတ္ထနာပြုပုံကိုလည်း ဤသို့သိရှိရသည်။

က။ သစေ ဟိ ဧဝမဿ ယော သကလစက္ကဝါဠဂဗ္ဘံ ကောဒဏ်ဘူတံ အတ္တနော မာဟုမလေန ဥတ္တာရိတ္ဝာ ပါရံ ဂန္တုံ သမတ္ထော၊ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။

ခ။ ယော ဝါ ပန သကလစက္ကဝါဠဂဗ္ဘံ ဝေဠုဂုမ္ဗသဉ္ဆန်ံ ဗျူဟိတ္ဝာ မဒ္ဒိတ္ဝာ ပဒသာ ဂစ္ဆန္တော ပါရံ ဂန္တုံ သမတ္ထော၊ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။

၁။ ဇာတ ၅၊၅၃။

http://www.dhammadownload.com

၇။ ယော၁ ဝါ ပန သကလစက္ကဝါဠဂဗ္ဘံ သတ္တိယော အာကော၁ဠ္ဍေတ္ဝာ နိရန္တရံ သတ္တိဖလသမာဂိဏ္ဍံ ပဒဿာ အက္ကမမာနော ပါရံ ဂန္တုံ သမတ္ထော၁၊ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။

၈၊ ယော ဝါ ပန သကလစက္က ဝါဠဂဗ္ဘံ ဝိတစ္ဆိတဂံဂါရဘရိတံ ပါဒေဟိ မဒ္ဒမာနော ပါရံ ဂန္တုံ သမတ္ထော၁၊ သော ဗုဒ္ဓတ္တံ ပါပုဏာတိတိ။ ယော တေသု ကေမ္မိ အတ္တနော ဒုက္ကရံ နာ မညတိ၊ အဟံ ဧတမ္မိ တရိတ္ဝာ ဝါ ဂန္ဆာ ဝါ ပါရံ ဂဟေဿာမီ” တိ ဧဝံ မဟန္တေန ဆန္ဒေန စ ဥဿာဟေန စ ဝါယာမေန စ ပရိယေဋ္ဌိယာ စ သမန္နာဂတော ဟောတိ၊ တဿ ပတ္ထနာ သမိဇ္ဈတိ နာ ဣတရဿ။

ဂ။ ရေတစပ်တည်းရှိနေသော စကြဝဠာတိုက်ကို လက်ပစ်ကူး၍ စကြဝဠာ၏ တဖက်ကမ်းသို့ ရောက်အောင်ကူးနိုင်စွမ်း ရှိသူဖြစ်ပါက ဘုရားအဖြစ်သို့ ရောက်မည်ဟု ဆိုလျှင်သော်လည်းကောင်း။

၉။ ဝါးရုံချုံအတိ ဖုံးလွှမ်းနေသော အလျားအနုံအားဖြင့် ယူဇနာတသန်း နှစ်ဆိန်း သုံးထောင် လေးရာ့ငါးဆယ်ကျယ်ပြန့်သော စကြဝဠာ တခုလုံးကို ယက်ငင်နှိမ်နင်း၍ စကြဝဠာတဖက်ကမ်းသို့ ရောက်အောင်သွားနိုင်စွမ်းရှိသူဖြစ်ပါက ဘုရားအဖြစ်သို့ ရောက်မည်ဟုဆိုလျှင်သော်လည်းကောင်း။

၈။ လုံတို့ကို စိုက်ထောင်ထားသဖြင့် အကြားမရှိ လုံသွားတို့ဖြင့် ပြည့်နေသော စကြဝဠာတိုက်တခုလုံးကို ခြေဖြင့်နင်းလျက် စကြဝဠာ၏ တဖက်ကမ်းသို့ ရောက်အောင်သွားနိုင်စွမ်းရှိပါက ဘုရားအဖြစ်သို့ ရောက်မည်ဟုဆိုလျှင်သော်လည်းကောင်း။

၁၀။ မီးတောက်မှုကင်းသော မီးကျီးတို့ဖြင့် ပြည့်နေသော စကြဝဠာတိုက်တခုလုံးကို ခြေဖြင့်နင်းလျက် စကြဝဠာ၏တဖက်ကမ်းသို့ ရောက်အောင်သွားနိုင်စွမ်း ရှိပါက ဘုရားအဖြစ်သို့ ရောက်မည်ဟုဆိုလျှင်သော်လည်းကောင်း။

ဤလေးမျိုးတို့တွင် တမျိုးမျိုးကိုပင် မိမိအတွက် ခဲယဉ်းသည်ဟု မထင်မှတ်၊ ငါသည် ကူး၍သော်လည်းကောင်း ခြေဖြင့်သွား၍သော်လည်းကောင်း စကြဝဠာ၏ တဖက်ကမ်းကို ယူပေအံ့ဟု ကြိုးစားသောဆန္ဒ ကြိုးစားသောအားထုတ်မှု ကြိုးစားသောလှုံ့လကြိုးစားသော ရှာမှီးခြင်းနှင့် ပြည့်စုံသောသူ၏ တောင့်တခြင်း ပတ္ထနာမှသာပြီးစီး၏၊ ထိုဆန္ဒမျိုး မရှိသူ၏တောင့်တခြင်း ပတ္ထနာမှာ မပြည့်စုံချေ။

ဆိုခဲ့ပြီးသော အကြောင်းအရာများအရ မည်သည့်ဝိပဿနာတရား သစ္စာလေးပါးကိုမျှ မသိကြရသေးမီ အမျိုးမျိုးသော ကောင်းမကောင်းသည့် ဆုများ

http://www.dhammadownload.com

ကို တောင်းကြ ပြည့်စုံကြသည်ဖြစ်သောကြောင့် "သစ္စာလေးပါးကို ပိုင်းခြားသိမြင်မှုသာ နိဗ္ဗာန်ကို တောင်းရာကျသည်"ဟူသော ခြောက်စောင်တဲ့ကျမ်းဆရာ၏စကားမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ လက်သင့်ခံနိုင်ကြလိမ့်မည် မဟုတ်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြသည်။

၅။ (ခ) "အကုသိုလ်ဆယ်ပါး ပုညကိရိယာဆယ်ပါး မဟဂ္ဂုတ်ကုသိုလ်ကိုးပါး ဤ နှစ်ဆယ့်ကိုးပါးသော သာသနာ့ပတရားတို့သည် စကြဝဠာအနန္တ ကမ္ဘာအနန္တ သတ္တဝါ တည်ထောင်စကပင် လောကတံထွာ ဓမ္မတာတရား သတ္တဝါဖြစ်ပွားသော တရားဖြစ်၍ ဘုရား၏ ရန်သူဒေစစ် ကေန်ဖြစ်၏။

အကုသလကမ္မပထတရား ဆယ်ပါးကိုပြုမှားမိလျှင် အပါယ်လေးဘုံ၌ ကေန်စင်စစ် ဖြစ်မည်ဟူ၍မှတ်၊ ထို အကုသလကမ္မပထတရား ဆယ်ပါးကို ပြုမှားခြင်းကြောင့် နိဗ္ဗာန်ကိုလည်းမသွား၊ အခြားသော ဘုံတို့၌လည်းမဖြစ်၊ အပါယ်လေးဘုံ၌သာ ဖြစ်သည်၊ ထို့အတူ ကုသလကမ္မပထတရား ပုညကိရိယာဆယ်ပါးကို ပြုမှားမိလျှင် လူ့ဘုံ နတ်ဘုံမှာသာ ဖြစ်သည်၊ ထိုပုညကိရိယာဆယ်ပါးကို ပြုမှားခြင်းကြောင့် နိဗ္ဗာန်သို့လည်း မသွား၊ အပါယ်လေးပါး၌လည်း မကျ၊ ငြဟ္မာ့ဘုံသို့လည်း မဆိုက် လူ့ဘုံ နတ်ဘုံ၌သာ ဖြစ်သည်၊ ထို့အတူ မဟဂ္ဂုတ်ကုသိုလ် ကိုးပါးကို ပြုမှားခြင်းကြောင့် ငြဟ္မာ့ဘုံ နှစ်ဆယ်၌သာ ဖြစ်သည်၊ ထို မဟဂ္ဂုတ်ကံကြောင့် နိဗ္ဗာန်သို့လည်း မသွား၊ အခြားသော ဘုံတို့၌လည်း မဖြစ်၊ စင်စစ်အားဖြင့် ဥပမာပုံ၊ သူ့ မောင်းဆုံနှင့် သူ့ မောင်းကျောက် အလားကဲ့သို့ သူ့ဘုံနှင့် သူကံတရား၊ လောကတံထွာ ဓမ္မတာအားဖြင့် ဖြစ်ပွား၍သာနေသည်၊ ထို့ကြောင့် နိဗ္ဗာန်ကိုဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံနှစ်ဆယ့်ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်ကစ်က လွတ်ကြမည်၊ ထိုဘုံသုံးဆယ့်တစ်၌ မဖြစ်သည်ကို နိဗ္ဗာန်ဆိုသည်[၁]။

ဤစကားရပ်ကိုတင်ပြ၍ စောဒကဆရာတော်တို့က စောဒနာလွှာတင်သွင်းခဲ့၏၊ ယင်းစောဒနာအမှတ် (၁၀) ပို့ဒ်ခွဲ (ခ)ပါ သာဓကစကား၌ "အကုသိုလ်ဆယ်ပါး ပုညကိရိယာဆယ်ပါး မဟဂ္ဂုတ်ကုသိုလ်ကိုးပါး ဤ နှစ်ဆယ့်ကိုးပါးသော သာသနာ့ပတရားတို့သည် စကြဝဠာအနန္တ ကမ္ဘာအနန္တ သတ္တဝါတည် ကေဝင်စကပင် လောကတံထွာ ဓမ္မတာတရား သတ္တဝါဖြစ်ပွားသောတရားဖြစ်၍

၁။ကြောင်ပန်းခြောက်စောင်တဲ့ နှာ ၈၉။

http://www.dhammadownload.com

ဘုရား၏ရန်သူအစစ် ကောန်ဖြစ်၏"ဟူသောစကားမှာ "အယုတ်အမြတ် ကျိန်စာရပ်တွင် အမြတ်ကိုသာ ပြဆိုလိုသဖြင့် ဆိုရပါသည်ဟုဆိုလျှင်ကား အပြစ်မဆိုသာခြေ"ဟု စောဒနာအမှတ်(၃)စာပိုဒ်နှင့်ပါတ် ၅-အဆုံးဦးသုံးသပ်ဝေဖန်ခဲ့ပေပြီ။

၅။ မြတ်စွာဘုရားသည် ကုသိုလ်နှင့် အကုသိုလ်နှစ်မျိုးတွင် အကုသိုလ်ကို ရွှတ်ချတော်မူသည်၊ ကုသိုလ်တို့တွင်လည်း မဟဂ္ဂုတ်လောကုတ္တရာနှင့် ကာမကုသိုလ်ဆိုလျှင် ကာမကုသိုလ်ကို ရွှတ်ချသည့်သဘောရှိသည်၊ မဟဂ္ဂုတ်နှင့် လောကုတ္တရာဆိုလျှင် မဟဂ္ဂုတ်ကို ရွှတ်ချတော်မူလေ့ရှိသည်။

ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသော ဓနဥ္ဇာနိပုဏ္ဏားကို ပုဏ္ဏားများသည် အများအားဖြင့် ပြဟ္မဉ္ဇုပြည်သို့ ရောက်လိုကြသည်ဟု အမှတ်ပြု၍ အရှင်သာရိပုတ္တရာက ပြဟ္မဉ္ဇုပြည်သို့ ရောက်ကြောင်း မေတ္တာကမ္မဋ္ဌာန်းကို ဟောခဲ့သဖြင့် ဓနဥ္ဇာနိပုဏ္ဏား ကွယ်လွန်သောအခါ ပြဟ္မဉ္ဇုပြည်သို့ ရောက်လေ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူ၍ အရှင်သာရိပုတ္တာကို ဤသို့ မိန့်တော်မူ၏။

"ကိ ံပန တွံ သာရိပုတ္တ ဓနဥ္ဇာနိ ံ ပြာဟ္မဏံ သတိ ဥတ္တရိကရဏီယေ
ဟီနေ ပြဟ္မလောကေ ပတိဋ္ဌာပေတွာ ဥဋ္ဌာယာသနာ ပက္ကန္တောတိ"[၁]

"သာရိပုတ္တရာ အထက်မဂ်ဖိုလ်အတွက် ပြုဖွယ်ကိစ္စ ရှိနေသေးပါလျက် အဘယ့်ကြောင့် ဓနဥ္ဇာနိပုဏ္ဏားကို ယုတ်ညံ့သော ပြဟ္မဉ္ဇုပြည်၌တည်စေ၍ နေရာမှ ထလာခဲ့ဘိသနည်း"

ဤပါဠိတော်၌ ပြဟ္မဉ္ဇုပြည်ကိုပင် 'ဟီနေ'ဟု ကဲ့ရဲ့တော်မူသည်၊ ထို့အတူပင် ပြဟ္မဉ္ဇုပြည်သို့ရောက်ကြောင်းမေတ္တာကမ္မဋ္ဌာန်းကိုပါကဲ့ရဲ့ရာသို့ရောက်တော့သည်။

ထိုကြောင့်—

"ကာလက်ိတော စ သာရိပုတ္တ ဓနဥ္ဇာနိ ပြာဟ္မဏော၊ ပြဟ္မလော-
ကဉ္စ ဥပပန္နော[၂]။

"သာရိပုတ္တရာ ဓနဥ္ဇာနိ ပုဏ္ဏားကား ပြဟ္မဉ္ဇုပြည်၌ဖြစ်လေပြီ"ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တာသည် ဓနဥ္ဇာနိပုဏ္ဏားကို မေတ္တာကမ္မဋ္ဌာန်း ဟောခဲ့ပြီးနောက် မြတ်စွာဘုရားထံသို့ ပြန်ရောက်လာသောအခါ မေတ္တာကမ္မဋ္ဌာန်းဟောခဲ့

၁။ မ ၂၊၄၀၆။ ၂။ မ ၂၊၄၀၆။

http://www.dhammadownload.com

ကြောင်း လျှောက်ထားလေသည်၊ ထိုအချိန်မှာပင် ဓနဥ္ဇာနိုပုဏ္ဏား ကွယ်လွန်၍ ပြဟ္မဉ့်ပြည်သို့ရောက်နေကြောင်းကို မြတ်စွာဘုရား သိတော်မူနှင့်သည့် အတွက် ဖော်ပြပြီးဆော "ကာလက်တော" စသော စကားကို မိန့်တော် မူခြင်းဖြစ်ပေသည်။

ယင်း "ကာလက်တော"စသောစကားကို မြတ်စွာဘုရား မိန့်တော်မူရခြင်း၏ အဓိပ္ပာယ်ကို အဋ္ဌကထာဆရာက ဤသို့ဖွင့်ပြတော်မူသည်။

> "ဟိနေတိ နိဟိနေ လာမကေ။ ကာလက်တော စ သာရိပုတ္တာတိ ဣဒံ ဘဂဝါ "တတြဿ ဂန္ဓာ ဒေသေတီ"တိ အဓိပ္ပာယေန ထေရံ အာဟ။ ထေရော်ပိ တံ ခဏံယေဝ ဂန္ဓာ မဟာပြဟ္မုနော ဓမ္မံ ဒေသေသိ၊ တတော ပဋ္ဌာယ စာတုပ္ပဒိကံ ဂါထံ ကထေန္တော်ပိ စတုသစ္စဝိမုတ္တိ နာမ န ကထေသီတိ"ဒ

ကာလက်တော စ သာရိပုတ္တ ဟူသော စကားကို "ထိုပြဟ္မဉ့်ဘုံသို့သွား၍ ဓနဥ္ဇာနိပြဟ္မာအား တရားဟောချေလော့" ဟူသော အဓိပ္ပာယ်ဖြင့် မိန့်တော်မူခြင်းဖြစ်သည်။မထေရ်လည်း ထိုခဏ၌ပင် ပြဟ္မဉ့်ဘုံသို့ကြွ၍ ဓနဥ္ဇာနိပြဟ္မာအား တရားဟောတော်မူသည်၊ ထိုအခါမှစ၍ (အရှင်သာရိပုတ္တရာမထေရ်သည်)လေး ပါဒရှိသော ဂါထာကို ဟောပြောရာမှာပင် သစ္စာလေးပါးမှ မလွတ်တော့ပေ။

ဖော်ပြပြီး ပါဠိအဋ္ဌကထာမျှားပါ နိဟိနေပါဠိကို ထောက်၍ မြတ်စွာဘုရား သည် ပြဟ္မဉ့်ဘုံကိုပင် ယုတ်ညံ့ သည်ဟု ကဲ့ရဲ့တော်မူသည်၊ ထိုဘုံသို့ ရောက် ကြောင်း၊ ဝါ-ဝဋ်ဆင်းရဲမှု မလွတ်ကင်းကြောင်း တရားကိုလည်း ကဲ့ရဲ့တော်မူ သည်ဟု သိရှိနိုင်သဖြင့် "ရန်သူအစစ်ကေန်ဖြစ်၏"ဟူသော စကားမှာ လွန်ကဲ သော စကားမဟုတ်ဟု ဝိနည်းဓိရိန်ဆရာအော်မျှားက ယူဆကြသည်။

၆။ ဖော်ပြပြီးသော စောဒနာအမှတ်(၁၀)ပိုဒ်ခွဲ(ခ)လာ စကားဝါကျမျှား၌ "ရန်သူအစစ် ကေန်ဖြစ်၏"ဟူသော စကားဖြင့် အဆိုးသတ်ထားသော ဝါကျမှု တပါး၊ ကျန်ပိုဒ်ခွဲ(ခ)လာ စကားအားလုံးသည် စောဒနာအမှတ် (၃)ပိုဒ်ခွဲ (ဂ)နှင့်တူသည်၊ အကျဉ်းနှင့်အကျယ်သာ ခြားနားသည်၊ သို့သော်လည်း ရှင်း သည်ထက် ရှင်းအောင် ဤတွင် အကျဉ်းချုပ်သုံးသပ်ပြဦးမည်။

အကုသိုလ်ပြုလျှင်လည်း အပါယ်ကျမည်၊ ကုသိုလ်ပြုလျှင်လည်း သံသရာမှ မလွတ်၊ မည်သို့လုပ်ရမည်နည်း။

၁။ မ၊ဋ္ဌ ၃၊ ၂၉၃-၄။

http://www.dhammadownload.com

ကဏ္ဍ ကဏ္ဍဝိပါက စသော ကံလေးမျိုးရှိသည်၊ ထိုကံလေးမျိုးထဲတွင် ရှေးကံသုံးမျိုးသည် စေတနာချည်းသာဖြစ်သည်၊ ထိုစေတနာ ကံသုံးမျိုးကို ကုန်စေနိုင်သောကံမှာ လေးခုမြောက်ဖြစ်သော အကဏ္ဍအသုက္က အကဏ္ဍအသုက္က ဝိပါက ကံဖြစ်သည်၊ ထိုကံ၏အရကို—

(က) အကဏ္ဍံ အသုက္ကန္တိ ကမ္မက္ခယကရံ စတုမဂ္ဂဉာဏံ အဓိပ္ပေတံ။

(ခ) ပဟာနာယ ယာ စေတနာတိ ထေ္ထ ဝိဝဋ္ဋဂါမိနီ မဂ္ဂစေတနာ ဝေဒိတဗ္ဗာ။ သာ ဟိ ကမ္မက္ခယာယ သံဝတ္တတီတိ။

(ဂ) မဂ္ဂင်္သေ ပန ယသ္မာ သတိယာ ဥပဋ္ဌပေတွာ ပညာယ ပရိစ္ဆိန္နတိ၊ တသ္မာ ဥဘယမေဝ ကမ္မံ။ သေသာ အင်္ဂါနေဝ ဟောန္တိ၊ နော ကမ္မန္တိ ဝုတ္တံ။ ဗောဇ္ဈင်္သေပိ သေဝ နယော။ အဘိဓမ္မေ ပန သဗ္ဗမေတံ အဝိသေသေန စေတနာသမ္မယုတ္တကမ္မန္တေဝ ဝဏ္ဏိတံ။[1]

ဤသို့ဖွင့်ဆိုသော သံခိတ္တသုတ် ဝိတ္ထာရသုတ် အဋ္ဌကထာ စကားများအရ—

(က) အရ မဂ်ဉာဏ်လေးပါး။

(ခ) အရ နိဗ္ဗာန်သို့ ရောက်စေတတ်သော ဝိဝဋ္ဋဂါမိနီပုဗ္ဗဘာဂမဂ် စေတနာ။

(ဂ) အရ မဂ္ဂင်ရှစ်ပါး ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ကြသည်။

ဤ (က) နှင့် (ခ) အရကို စဉ်းစားသင့်ကြသည်၊ (က) အရ မဂ်ဉာဏ်လေးပါးရသလို (ခ) အရ မဂ်ဉာဏ်နှင့်ယှဉ်သော စေတနာကို ကောက်ယူလိုက ကောက်ယူကြပေလိမ့်မည်၊ ထိုသို့ ကောက်ယူလျှင် မှန်ပါမည်လောဟု တွေးတောကြံဆကြည့်ပါက အမှန်မဟုတ်ကြောင်း သိရှိလာပေလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် (ခ) အဖွင့်၌ "ဝိဝဋ္ဋဂါမိနီ" ဟူသော ဝိသေသန ပါနေသောကြောင့်ပင်ဖြစ်သည်။

မဂ်နှင့်ယှဉ်သော စေတနာကို ယူစေလိုပါက "ဝိဝဋ္ဋဂါမိနီ" ဟူသော ဝိသေသနမလိုပေ၊ မဂ္ဂစေတနာဟူသော ပါဠိတခုတည်းဖြင့်ပင် ပြည့်စုံလုံလောက်နိုင်ပေသည်၊ ထို့ကြောင့် ခ-အရကို ပုဗ္ဗဘာဂမဂ်ခေါ် ဝိပဿနာနှင့်ယှဉ်သော စေတနာဟူ၍လည်းကောင်း ဝိဝဋ္ဋကုသိုလ် စေတနာဟူ၍လည်းကောင်း ရဲရဲကြီး ပြန်ဆိုနိုင်ပေသည်။

၁။ အံ ၌ ၂၃၁၊ ၃၉၂။

http://www.dhammadownload.com

အချုပ်အားဖြင့် ရွေးကံသုံးမျိုးကို မဂ်ဉာဏ်ဖြင့် ပယ်သတ်သည်ဆိုခဲ့သော် အရိယာဖြစ်မှ ပယ်သတ်နိုင်သည်၊ အရိယာဖြစ်မှဆိုသော်လည်း ထိုကံအားလုံး ကုန်အောင်ဆိုလျှင် အရဟတ္တမဂ်ကသာ ပယ်သတ်နိုင်သည်၊ ပုထုဇဉ်ပုဂ္ဂိုလ် များမှာ ထိုဉာဏ်မျိုးမရှိ၍ မပယ်သတ်နိုင်ပေ၊ မဂ္ဂင်, ဗောဇ္ဈင်ဟူသော အကဏှ အသုက္ကကံမှာ လောကီလောကုတ္တရာ နှစ်မျိုးရှိ၍ လောကီသတိပညာ မဂ္ဂင် ဗောဇ္ဈင်သည်လည်းကောင်း ဝိဝဋ္ဋဂါမိနီမဂ်ဟူသော လောကီဝိပဿနာဉာဏ် ပါဌော ပုဗ္ဗဘာဂမဂ်စေတနာသည်လည်းကောင်း လောကီကုသိုလ် အကုသိုလ် ကံကို ပယ်သတ်နိုင်သည်၊ပယ်သတ်ဆိုသော်လည်း မဂ်ကဲ့သို့ သမုစ္ဆေဒမျိုးမဟုတ်၊ တဒင်္ဂမျိုးသာ ဖြစ်သည်။

၇။ ထိုစကား ထင်ရှားစေရန်အတွက် သံယုတ်ပါဠိတော်လာ ကပ္ပနိရောဓ သုတ်ကို ဖွင့်ဆိုချက်များနှင့်တကွ ဖော်ပြရန်လိုပေသည်။

"နဝပုရာဏာနိ ဘိက္ခဝေ ကမ္မာနိ ဒေသေဿာမိ ကမ္မနိရောဓံ ကမ္မနိရောဓဂါမိနိ ံ စ ပဋိပဒံ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီတိ။

(က) ကတမဉ္စ ဘိက္ခဝေ ပုရာဏကမ္မံ။ စက္ခု ဘိက္ခဝေ ပုရာဏကမ္မံ အဘိသင်္ခတံ အဘိသဉ္စေတယိတံ ဝေဒနီယံ ဒဋ္ဌဗ္ဗံ။ ပ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပုရာဏကမ္မံ။

(ခ) ကတမဉ္စ ဘိက္ခဝေ နဝကမ္မံ။ ယံ ခေါ ဘိက္ခဝေ ဧတရဟိ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နဝကမ္မံ။

(ဂ) ကတမော စ ဘိက္ခဝေ ကမ္မနိရောဓော။ယော ခေါ ဘိက္ခဝေ ကာယကမ္မဝစီကမ္မမနောကမ္မသ္သ နိရောဓော ဝိမုတ္တိ ံ ဖုသတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ကမ္မနိရောဓော။

(ဃ) ကတမာ စ ဘိက္ခဝေ ကမ္မနိရောဓဂါမိနီ ပဋိပဒါ။အယမေဝ အရိယော အင်္ဂဂိကော မဂ္ဂေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ကမ္မနိရောဓဂါမိနီ ပဋိပဒါ။ ပ။ စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီတိ။[၁]

(မြန်မာပြန်) ရဟန်းတို့ အသစ်အဟောင်းဖြစ်သော ကံကိုလည်းကောင်း ကံ၏ချုပ်ရာကိုလည်းကောင်း ကံ၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို လည်းကောင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့။

၁။ သံ ၂။၃၄၄။

http://www.dhammadownload.com

(က) ရဟန်းတို့ အဘယ်သည် ကံဟောင်းမည်သနည်း၊ ရဟန်းတို့ မျက်စိသည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှုအကြောင်းဟူ၍ ရှုရမည်။ ပ။ စိတ်သည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏ အကြောင်းဟူ၍ ရှုရမည် ရဟန်းတို့ ဤအလုံးစုံကို ကံဟောင်းဟုဆိုအပ်၏။

(ခ) ရဟန်းတို့ အဘယ်သည်ကံသစ်မည်သနည်း၊ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ အကြင် တစုံတခုအမှုကို ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်းကောင်း စိတ်ဖြင့်လည်းကောင်း ပြု၏၊ ရဟန်းတို့ ကိုယ်နှုတ်စိတ်ဖြင့် ပြုအပ်သော ဤအမှုကို ကံသစ်ဟုဆိုအပ်၏။

(ဂ) ရဟန်းတို့ အဘယ်သည် ကံ၏ ချုပ်ရာမည်သနည်း၊ရဟန်းတို့ အကြင် နိဗ္ဗာန်သည် ကာယကံ ဝစီကံ မနောကံ၏ ချုပ်ခြင်းကြောင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်သို့ အာရုံ၏အဖြစ်ဖြင့် ရောက်၏၊ ရဟန်းတို့ ဤနိဗ္ဗာန်ကို ကံ၏ချုပ်ရာဟု ဆိုအပ်၏။

(ဃ) ရဟန်းတို့ အဘယ်သည် ကံ၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်မည်သနည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း၊ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာသိခြင်း။ ပ။ မှန်ကန်စွာတည်ကြည်ခြင်းတည်း။

ရဟန်းတို့ ဤမဂ်ကို ကံ၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဟုဆိုအပ်၏၊ ရဟန်းတို့ ဤသို့လျှင် ငါသည် ကံဟောင်းကို ဟောအပ်ပြီ၊ ကံသစ်ကို ဟောအပ်ပြီ၊ ကံ၏ချုပ်ရာကို ဟောအပ်ပြီ၊ ကံ၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ဟောအပ်ပြီ။

ရဟန်းတို့ တပည့်သာဝကတို့၏ အစီးအပွားကို လိုလားသော သနားတတ်သော ဆရာဖြစ်သော ငါသည် သနားခြင်းကိုစဲ၍ သင်တို့အတွက် ပြုသင့်သည်ကို ပြုအပ်ပြီ၊ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ ကျောင်းတို့တည်း၊ ရဟန်းတို့ (ကိလေသာကို) ရှိုးမြိုက်ကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါ နှလုံးမသာမယာ မဖြစ်ကြကုန်လင့်၊ ဤသည်ပင်လျှင် သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု မိန့်တော်မူ၏။[1]

ဤပါဠိတော်နှင့် မြန်မာပြန်တို့ဖြင့် ကံဟောင်း ကံသစ် ကံ၏ ချုပ်ရာနှင့် ကံ၏ ချုပ်ရာသို့ရောက်ကြောင်း အကျင့်တို့ကို သိသာနိုင်၏၊ ထိုထက်ပိုမို ကျယ်ပြန့်စွာ သိသာနိုင်ရန် ယင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ ဋီကာစကားတို့ကို အနည်းငယ် ထုတ်ပြဦးမည်။

၁။ သံ။ မြန်၊ ၂၊ ၃၄၀။

http://www.dhammadownload.com

"နဝပုရာဏဝဂ္ဂသာ ပဌမေ နဝပုရာဏာနီတိ နဝါနိ စ ပုရာဏာနိ စ။ စက္ခု ဘိက္ခဝေ ပုရာဏကမ္မန္တံ နာ ဇက္ခု ပုရာဏံ၊ ကမ္မမေဝ ပုရာဏံ၊ ကမ္မတော ပန နိဗ္ဗတ္တတ္တာ ပစ္စယနာမေန ဧဝံ ဝုတ္တံ။ အဘိသခ််တန္တိ ပစ္စယေဟိ အဘိသမာဂန္ဆာ ကတံ။ အဘိသဉ္ဆေတယိတန္တိ စေတနာယ ပကပ္ပိတံ။ ဝေဒနိယံ ဒဋ္ဌဗ္ဗန္တိ ဝေဒနာယ ဝတ္ထူတိ ပဿိတဗ္ဗံ။ နိရောဓာ ဝိမုတ္တိံ ဖုသတီတိ ဣမဿ တိဝိဓဿ ကမ္မဿ နိရောဓေန ဝိမုတ္တိံ ဖုသတိ။ အယံ ဝုစ္စတိတိ အယံ တဿာ ဝိမုတ္တိယာ အာရမ္မဏဘူတော နိရောဓော ကမ္မနိရောဓောတိ ဝုစ္စတိ။ ဣတိ ဣမသ္မိံ သုတ္တေ ပဋ္ဌာဂ-ဝိပဿနာ ကထိတာ"[၃]။

ယင်း အဋ္ဌကထာစကားကို ဋီကာက ဤသို့ဖွင့်ဆိုတော်မူ၏၊

"သမ္မတိ ဝိဇ္ဇမာနဿ စက္ခုဿ တံနိဗ္ဗတ္တဿ ကမ္မဿ စ အဓိပ္ပေ-တတ္တာ "နဝ စက္ခု ပုရာဏံ၊ ကမ္မမေဝ ပုရာဏ" န္တိ ဝတ္ဝာ ယထာ တဿ စက္ခုဿ ပုရာဏဘာပရိယာယော ဝုတ္တော၊ တံ ဒဿေန္တော အာဟ "ကမ္မ-တော ပနာ" တိ အာဒိ။ ပစ္စယနာမေနာတိ ပုရိမဇာတိသံသိဋ္ဌတ္တာ "ပုရာဏ"န္တိ ဝတ္ထုဗ္ဗဿ ပစ္စယဘူတဿ ကမ္မဿ နာမေန ဧဝံ ဝုတ္တန္တိ "ပုရာဏကမ္မ"န္တိ ဇဝံ ဝုတ္တံ၊ ပစ္စယေဟိ အဘိသမာဂန္ဆာကတန္တိ တဏှာ-ဝိဇ္ဇာဒိပစ္စယေဟိ အဘိမုခဘာဝေန သမာဂန္ဆာ သမေစ္စ နိဗ္ဗတ္တိတံ။ စေတနာယာတိ ကမ္မစေတနာယ။ ပကပ္ပိတန္တိ အဘိသမိဟိတံ။ ဝေဒနာ ယာတိ အတ္တာနံ နိဿာယ အာရမ္မဏံ ကတ္ဝာ ပဝတ္တာယ ဝေဒနာယ။ ဝတ္ထူတိ နိဗ္ဗတ္တိကာရဏံ ပဝတ္တဋ္ဌာနန္တိ ဝိပဿနာပညာယ ပဿိတဗ္ဗံ။ ကမ္မဿ နိရောဓေနာတိ ကိလေသာနံ အနုပ္ပါဒနိရောဓသိဒ္ဓေန ကမ္မဿ နိရောဓေန။ ဝိမုတ္တိံ ဖုသတီတိ အရဟတ္တဖလဝိမုတ္တိံ ပါပုဏာတိ။ အာရမ္မဏဘူတော နိရောဓော နိဗ္ဗာနံ "ကမ္မနိရောဓော"တိ ဝုစ္စတိ၊ "ကမ္မံ နိဂ္ဂုဏ္ဟတိ ဍဟာ"တိ ကတ္ဝာ၊ "စျာယထ ဘိက္ခဝေ မာ ပမာ-ဒတ္ထာ"တိ ဝုတ္တတ္တာ "ပဋ္ဌာဂဝိပဿနာ ကထိတာတိဝုတ္တံ"[၂]။

ပြဆိုအပ်ပြီးသော ကမ္မနိရောဓသုတ် ပါဠိတော်ဖြင့်–

(က) စက္ခုစသည်၏ အကြောင်းကံကို ကံဟောင်း=ပုရာဏကံ။

(ခ) ယခု ပစ္စုပ္ပန်အခါ၌ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုအပ်သော တစုံတခုသော အမှုကို ကံသစ်=နဝကံ။

၁။ သံ၊ ၌ ၃၊ ၄၆။ ၂။ သံ ဋီ ၂၊ ၃၁၅၊၃၁၆။

http://www.dhammadownload.com

(ဂ) ကံသစ်ချုပ်ခြင်းကြောင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်၏ အာရုံအဖြစ်ဖြင့် ရောက်သောနိဗ္ဗာန်ကို ကံ၏ချုပ်ရာ=ကမ္မနိရောဓ။

(ဃ) မှန်ကန်စွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ' စသော မဂ္ဂင်ရှစ်ပါးကို ကံ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း = ကမ္မနိရောဓ ပဋိပဒါဟု ပြတော်မူ၏။

ဂ။ ထိုလေးပါးတို့တွင် ကံသစ်=နဝကမ္မ၏ အရမှာ ကာယဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရကြောင့်ဖြစ်သော ကာမာဝစရကုသိုလ် အကုသိုလ် စေတနာ ၂၀-ဟူသော ကာယသဉ္စေတနာကို ကာယကံ။

ဝစီဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရကြောင့် ဖြစ်သော ကာမာဝစရ ကုသိုလ် အကုသိုလ် စေတနာ ၂၀-ဟူသော ဝစီသဉ္စေတနာကို ဝစီကံ။

ကာယ ဝစီ ဝိညတ်နှစ်မျိုးတို့ကို မဖြစ်စေမူ၍ စိတ်ကြောင့်ဖြစ်သော ကာမာဝစရကုသိုလ် အကုသိုလ် စေတနာ ၂၀၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခုအားဖြင့် မနောသဉ္စေတနာ ၂၉-ခုကို မနောကံဟု ခေါ်သည်၊ ဤသုံးမျိုးသော ကံကို ကံသစ် နဝကမ္မဟု ဆိုရ၏။[1]

ဤ ကမ္မနိရောဓသုတ် ပါဠိတော်ပါ—

> "ယော ခေါ ဘိက္ခဝေ ကာယကမ္မဝစီကမ္မမနောကမ္မဿ နိရောဓာ ဝိမုတ္တိ ဖုသတိ" ဟူသော ဝါကျကို " နိရောဓေန ဝိမုတ္တိ ဖုသတိ " တိ ဤမဿ တိဝိဓဿ ကမ္မဿ နိရောဓေန ဝိမုတ္တိ ဖုသတိ" ဟု အဋ္ဌကထာက ဖွင့်ဆို၏။

အဓိပ္ပာယ်မှာ—သုံးပါးအပြားရှိသော ကံသစ် 'နဝကမ္မ' ၏ ချုပ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်၏ဟု ဆိုလိုသည်၊ နဝကမ္မချုပ်မှုဆိုသည်မှာ ကိလေသာတို့၏ တဖန်မဖြစ်ခြင်းဟူသော ချုပ်မှုဖြစ်မှသာ ကံချုပ်သည်ဟု ဋီကာကဆိုသည်၊ အရဟတ္တဖိုလ်ရဖို့မှာ ကံချုပ်ရမည်၊ ကံချုပ်ဖို့မှာ ကိလေသာများ တဖန်ပြန်မဖြစ်ခြင်းဖြင့် ပြီးသည်။

ကိလေသာပြန် မဖြစ်အောင် မည်သို့လုပ်ရမည်နည်း၊ ကမ္မနိရောဓဂါမိနိပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါးကို ပွားရမည်၊ ထိုမဂ္ဂင်ရှစ်ပါးမှာ မဂ်စိတ်၌ပါဝင်သော မဂ္ဂင်လော ပုဗ္ဗဘာဂခေါ် ဝိပဿနာ၌ပါဝင်သော မဂ္ဂင်လောဟု အတွေးအဆနှစ်မျိုးဝင်နိုင်သည်၊ ထို့ကြောင့် "ဤမသို့သုတ္တေ ပုဗ္ဗဘာဂဝိပဿနာ ကထိတာ" ဟု အဋ္ဌကထာဆရာ မိန့်ဆိုသည်။

၁။ အဘိ ၆ ၂။ ဆဋ္ဌ။

http://www.dhammadownload.com

အဘယ့်ကြောင့် ဤသို့ဆိုနိုင်သနည်းဟု မေးဖွယ်ရှိနေပြန်ရကား—

"ဗျာယထ ဘိက္ခဝေ မာ ပမာဒတ္ထာတိ ဝုတ္တတ္တာ ပုဗ္ဗဘာဂ-ဝိပဿနာ ကထိတာတိ ဝုတ္တံ" ဟု ဋီကာဆရာ ဖွင့်ပြလေသည်။

၉။ ဤသည်တို့ကိုထောက်ထား၍ မဂ်မရမီစပ်ကြား ဝိပဿနာဥဿုပါဝင်သော စေတနာ လောကီမဂ္ဂင်ဗောဇ္ဈင်ထိုက်သော သတိပညာမျှားသည် ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ်နိုင်သည်နှင့်အမျှ ကာယကံ ဝစီကံ မနောကံခေါ် ကံသစ်နှစ်ဆယ့်ကိုးပါးတို့ကိုလည်း ဝိပဿနာဥဿုပါဝင်သော ယင်းစေတနာမဂ္ဂင်ဗောဇ္ဈင်ထိုက်သော ယင်း သတိပညာတို့က သူတို့သတ္တိရှိသလောက် ချုပ်ငြိမ်းစေနိုင်သည်၊ ဝိဝဋ္ဋခေါ် နိဗ္ဗာန်ကို တောင့်တ၍ လှူဒါန်းသော ဒါနစေတနာသည်လည်းကောင်း ပုဗ္ဗဘာဂ ဝိပဿနာမျှားသည် လည်းကောင်း လေးခုမြောက်သော အကဏှ အသုက္က အကဏှအသုက္ကဝိပါကကံ၌ ပါဝင်သည့်အတွက် သူတို့၏ သတ္တိအလျောက် ကဏှ ကဏှဝိပါက စသော ရှေးစေတနာကံသုံးမျိုးကို နည်းပါးအောင် လုပ်နိုင်သည်ဟူသော စကား၏ အထောက်အထား အကိုး သဘဲခကအဖြစ် ဤ ကမ္မနိဒ္ဒေသုတ်မှာ အခိုင်မာဆုံးဖြစ်သည်ဟု ဆိုရပေမည်။

ကဏှ ကဏှဝိပါက စသော ကံလေးပါးအစဉ်အရ ရှေးကံသုံးမျိုးကို လေးခုမြောက် အကဏှအသုက္ကအကဏှအသုက္ကဝိပါကကံ က ကုန်ခန်းအောင်ပြုနိုင်သည်ဟု ဆိုရာ၌ ထို လေးခုမြောက် ကံအရမှာသည်း ဝိဝဋ္ဋကုသိုလ်စေတနာနှင့် ဝိပဿနာ တရားမျှား ပါဝင်နိုင်သည်ဟူသော အပူအဆင်ကို မကျေနပ်နိုင်သေးပါက ဖော်ပြလတ္တံ့သော 'မဟာကမ္မဝိဘင်း' သုတ်လာ ပါဠိတော်စကားမျှားနှင့် အဋ္ဌကထာ စကားမျှားကို နက်နက်နဲနဲ ဝေခွဲကြည့်ရှုကြရန် လိုပေသည်။

၁၀။ လေးခုမြောက် ကံဟု ဆိုအပ်သော ဝိဝဋ္ဋဂါမိနီစေတနာ မဂ္ဂင်ဗောဇ္ဈင်ထိုက်သော သတိပညာတို့ကသာ ကဏှ ကဏှဝိပါက စသော ရှေးစေတနာကံ သုံးမျိုးကို ကုန်ခန်းစေနိုင်သည်မဟုတ်၊ ရိုးရိုး ဒုဗ္ဗလကံကို ရိုးရိုးဗလဝကံက လွှမ်းမိုးနိုင်ကြောင်းကို မြတ်စွာဘုရား ဟောတော်မူသည်မှာ ဤသို့ဖြစ်ပေသည်—

ဤတိ ခေါ အာနန္ဒ

(က) အတ္ထိ ကမ္မံ အဘိဗ္ဗံ အဘိဗ္ဗာဘာဝါယ၊

(ခ) အတ္ထိ ကမ္မံ အဘိဗ္ဗံ ဘဗ္ဗာဘာဝါယ၊

(ဂ) အတ္ထိ ကမ္မံ ဘဗ္ဗဥ္စေဝ ဘဗ္ဗာဘာဝါယ၌၊

(ဃ) အတ္ထိ ကမ္မံ ဘဗ္ဗံ အဘိဗ္ဗာဘာဝါယ[၁]။

၁။ မ ၃ ၂၅၀။

http://www.dhammadownload.com

(က) ကြီးပွားကြောင်း ကင်းသည်ဖြစ်၍ ကြီးပွားကြောင်း ကင်းသော ဒုဗ္ဗလ အကုသိုလ်ကို လွှမ်းမိုးတတ်သော ဗလဝအကုသိုလ်ကံ။

(ခ) ကြီးပွားကြောင်း ကင်းသည်ဖြစ်၍ ကြီးပွားကြောင်း ဒုဗ္ဗလကုသိုလ်ကို လွှမ်းမိုးတတ်သော ဗလဝကုသိုလ်ကံ။

(ဂ) ကြီးပွားကြောင်းလည်းဖြစ်၍ ကြီးပွားကြောင်း ဒုဗ္ဗလကုသိုလ်ကို လည်း လွှမ်းမိုးတတ်သော ဗလဝကုသိုလ်ကံ။

(ဃ) ကြီးပွားကြောင်းဖြစ်၍ ကြီးပွားကြောင်းကင်းသော အကုသိုလ်ကို လွှမ်းမိုးတတ်သော ကုသိုလ်ကံ။

ဆိုခဲ့ပြီးသော အထောက်အထားများအရ အကုသိုလ်ကံ, လောကီဝဋ္ဋနိဿိတ ကုသိုလ်တို့သည် ဘုံသုံးပါး၌ တဝဲလည်လည် ဖြစ်စေနိုင်ကြသောကြောင့် ထိုကံများကို ရှောင်ကြဉ်၍ ဝိဝဋ္ဋနိဿိတကံ, မဂ္ဂင်, ဗောဇ္ဈင် ဟူသော အကဏှ အသုက္က အကဏှအသုက္ကဝိပါကကံမျိုးကို ပြုစေလိုသောအားဖြင့် "အကုသလကမ္မပထတရား ဆယ်ပါးကို ပြုမှားမိလျှင်၊ပ။ ထို့ကြောင့် နိဗ္ဗာန်ကို ဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံ နှစ်ဆယ့်ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံ သုံးဆယ့်တစ်က လွှတ်ကြမည်၊ ထို ဘုံသုံးဆယ့်တစ်၌ မဖြစ်သည်ကို နိဗ္ဗာန်ဆိုသည်" ဟူသော ခြောက်စောင်တွဲကျမ်းဆရာ၏ စကားများကို မှားသည်ဟု ဝိနည်းဓိုရ်ဆရာတော်များက မယူဆကြပေ။

၁၁။ စောဒနာအမှတ် (၁၀) ပိုဒ်ခွဲ (ဂ)၌-

> (ဂ) "ထို့ကြောင့် ကာမ, ရူပ, အရူပ ဟူသော ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါရှဲမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေလျက် တဏှာမဖက် ဝင်္ဂမ္မထွက်လိုသောဆန္ဒ, မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုဖြင့် ပြုသမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည် ဟူလို့"။

ဤစကားရပ်များကို ထုတ်ပြ၍ သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းစေပြီးမှလုပ်သောကုသိုလ်ကို ပါရမီကုသိုလ်ဟု ဆိုခြင်းသည် လိုရာတဘက်ကမ်းသို့ ရောက်ပြီးမှ ကူးစရာ ဖောင်ပြန်ရွာရသည်နှင့် တူပါသည်၊ နိဗ္ဗာန်ကို မရသေး, မရောက်သေး၍ သံသရာ၏ဒီဘက်ကမ်းမှ နိဗ္ဗာန်တဘက်ကမ်း ကူးလို၍သာ ပါရမီကုသိုလ် ဟူသော လှေ ဖောင် သဘော်ကို ရှာရပါသည်၊ ယခုမူ ကြောင်ပန်းဝါဒက

---

၁ ။ ခြောက်စောင်တွဲ၊ ၁၃၊၁၄။

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ပြီးမှ လေ့ ဖောင် သဘော်ကို ပြန်ရှာရမည်ဟု ဆိုသဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုနှင့် ပြုသောကုသိုလ်သည် နိဗ္ဗာန်မှ သံသရာကို ပြန်ကူး၍ အလည်တခေါက် ပြန်လာသလိုဖြစ်သည်...စသည်ဖြင့် စောဒက ဆရာတော်တို့က စောဒနာ တင်ကြပေသည်။

စုဒိတကပုဂ္ဂိုလ်မျှားကလည်း ထို သမုဒယတဏှာကို လောကုတ္တရာမဂ်စိတ် မဂ္ဂသစ္စာဖြင့် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်ပါစေခြင်း အကျိုးငှာ ၎င်းဉာဏသမ္ပယုတ်ကုသိုလ် ပါရမီကိုသာ ပြုရမည်ဟု ဆိုလိုပါသည်၊ ဤကား ပါရမီပက္ခိယ ဖြစ်ပါသည် ဟူ၍လည်းကောင်း ထို သမုဒယတဏှာကို သမစ္ဆေဒပဟာန်အားဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်ပါစေခြင်းအကျိုးငှာ မဟာကုသိုလ် ဉာဏသမ္ပယုက် စိတ်လေးခု ပရိကမ်ဝိပဿနာ ဥပစာဝိပဿနာ အနုလုံဝိပဿနာ ဂေါတြဘူကျေးဇူးတို့ကြောင့် လောကုတ္တရာမဂ်တည်း ဟူသော ဗောဓိပက္ခိယတရားတို့ကို ရခြင်း ဤကား ဉာဏသမ္ပယုတ် မဟာကုသိုလ် ပါရမီ ဗောဓိပက္ခိယကုသိုလ်တို့ကြောင့် ဗောဓိပက္ခိယဖြစ်ပုံ ဖြစ်ပါသည်ဘုရား ဟူ၍ လည်းကောင်း ချေပကြသည်။

၁၂။ ဤနှစ်ဖက်သော တင်လွှာ ချေလွှာတို့တွင် စောဒကဆရာတော်များက ခြောက်စောင်တွဲ ကျမ်းဆရာ၏စကားကို သမုဒ္ဆေဒပဟာန်ဖြင့် ပြုတ်စဲချုပ်ငြိမ်းစေပြီးမှ လုပ်သောကုသိုလ်ကို ပါရမီကုသိုလ်ဟု ဆိုပါသည်ဟူ၍ ကောက်ယူ စောဒနာကြပေသည်၊ ထိုအတိုင်းသာဆိုလျှင်–

(က) တဒင်္ဂဝိမုတ္တိပုဗ္ဗဘာဂ ကာမာဝစရကုသလစိတ်။

(ခ) ဝိက္ခမ္ဘနဝိမုတ္တိပုဗ္ဗဘာဂ မဟဂ္ဂတစိတ်။

(ဂ) သမုစ္ဆေဒဝိမုတ္တိပုဗ္ဗဘာဂ မဂ္ဂစိတ်။

(ဃ) ပဋိပ္ပဿဒ္ဓိဝိမုတ္တိပုဗ္ဗဘာဂ ဖလစိတ်။

(င) နိဿရဏဝိမုတ္တိပုဗ္ဗဘာဂမှိ တဒုဘယမေဝ။[1]

ယင်း ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၏ အဓိပ္ပါယ်မှာ—

(က) တဒင်္ဂဝိမုတ္တိစိတ်မှာ ကာမာဝစရကုသိုလ်၊

(ခ) ဝိက္ခမ္ဘန ဝိမုတ္တိစိတ်မှာ မဟဂ္ဂုတ်ကုသိုလ်၊

(ဂ) သမုစ္ဆေဒဝိမုတ္တိစိတ်မှာ မဂ်စိတ်မဂ်ကုသိုလ်၊

(ဃ) ပဋိပ္ပဿဒ္ဓိဝိမုတ္တိစိတ်မှာ ဖိုလ်စိတ်၊

၁။ ဝိသုဒ္ဓိ ဋီ ၂၊ ၄၃။

http://www.dhammadownload.com

(c) နိဿရဏဝီမုတ္တိစိတ်မှာ မဂ်စိတ်, ဖိုလ်စိတ်တို့ဖြစ်၍ ကာမာဝစရကုသိုလ်စိတ်မှာ သမုစ္ဆေဒပဟာနသတ္တိမရှိ၊ တဒင်္ဂပဟာနသတ္တိသာ ရှိသည်ဖြစ်သောကြောင့် ဗုဒ္ဓစာပေ ထေရဝါဒပါဠိကျမ်းဂန်များနှင့် ဆန့်ကျင်၍ နေပေသည်။

ကြောင်ပန်းဆရာတော်သည် အာစရိယပရမ္မရာ ထေရန္တယ်ဆက် မပျက်စဉ်လာ ပညာရည်ပြည့်ဝ၍ သိဿာနုသိဿတ္ထိအား ဝိပဿနာဉာနညဏ်နာနယ ပြသဟောကြားလျက် ပရမတ္ထတရား အဘိဓမ္မာကျမ်းများကိုလည်း ကျက်စားဆင်ခြင်နိုင်သော ပညာရှင်ကြီးတပါးဟု ထင်ရှားလှသော ဂဏာစရိယ ဂဏဦးဆောင် ဦးသျှောင်ဆရာတော်တပါးပင် ဖြစ်သည်၊ ထိုကဲ့သို့သော ဆရာတော်တပါးက မဟာကုသိုလ်တရား၌ သမုစ္ဆေဒပဟာနသတ္တိ ရှိမရှိကို သိပြီးသားသာဖြစ်ကောင်းရာပါလျက် "ကာမာဝစရမဟာကုသိုလ်မှာ သမုစ္ဆေဒ ပဟာနသတ္တိ ရှိသည်"ဟူသော အဓိပ္ပာယ်ကောက်ယူ နိုင်လောက်အောင် ရေးသားခဲ့ခြင်းမှာ အလွန် အံ့သြဖွယ်ရာ ကောင်းလှပေသည်၊ သို့သော် "ထိုသမုဒယတဏှာကို လောကုတ္တရာမဂ္ဂသစ္စာဖြင့် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်ပါစေခြင်းငှာ ဉာဏသမ္မယုတ်ကုသိုလ် ပါရမီကုသိုလ်ကိုသာ ပြုရမည်ဟုဆိုလိုပါသည်"ဟူသော စုဒိတကတ္ထ၏ ချေလွှာကို ရှုဆဆင်ခြင်သော အခါတွင်မူ ဤသို့ အဓိပ္ပာယ်ကောက်ယူနိုင်သည်ဟု စဉ်းစားမိကြသည်။

"သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် အဆင့်ဆင့်ပယ်သတ်နိုင်အောင် တဏှာမဖက် ဝင်္ဂမ္မထုက်လိုသော ဆန္ဒပါသော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်လေးခုနှင့်ပြုသမျှကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်"ဟူသော ပိဏ္ဍတ္ထစကားမျိုး ဖြစ်ကောင်းရာပေ၏၊ သို့သော် ထိုကဲ့သို့ အဓိပ္ပာယ်မထွက် ထပ်ကာထပ်ကာ မည်သို့ပင် ဖတ်ပါသော်လည်း တဏှာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ပြတ်စဲပြီးမှ လုပ်သောကုသိုလ်သည်သာ ပါရမီကုသိုလ်မည်သည်ဟူသော အဓိပ္ပာယ်မှာ အခါခပ်သိမ်း ပေါ်လွင်လျက်ရှိပေသည်။

တနည်းအားဖြင့်လည်း မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်လေးခုမှာ ဝိက္ခမ္ဘနသမုစ္ဆေဒပဟာနသတ္တိ ရှိနေသည်ဟုဆိုရာသို့ ရောက်နေပေသည်။

သို့ဖြစ်သောကြောင့် ခြောက်စောင်တဲ့ ကျမ်းဆရာ၏ မိမိအလိုရှိရာ အနက်အဓိပ္ပာယ်သို့ ရည်ရွယ်ချက်မမိ ဆိုက်ထိအောင် မရေးသားနိုင်ခြင်း၊ သို့မဟုတ် အဓိပ္ပာယ်မှန်ကို သွေလှုန်ပယ်ရှား မရေးမသားခဲ့ခြင်းသည်ပင် အများစု၏ ဉာဏ်အမြင်နှင့် ဆန့်ကျင်နေခြင်း အကြောင်းရင်းပင် ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြသည်။

http://www.dhammadownload.com

၁၃။ (ဃ) ဒုစရိုက်ဆယ်ပါးကြောင့် ဖြစ်သော အကုသိုလ်ကံ တဆယ်၊ ပုညကိရိယာ ဝတ္ထုဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံတဆယ်၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပါဝစရကုသိုလ်ကံငါးခု၊ အရူပါဝစရကုသိုလ်ကံလေးခု အားဖြင့် ကံပေါင်းနှစ်ဆယ့်ကိုးခု။[၁]

စောဒကဆရာတော်များက အထက်ပါခြောက်စောင်တွဲလာ စကားရပ်ကို ထုတ်ပြ၍ ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတဆယ်နှင့် ပုညကိရိယာဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံတဆယ်ကတော့ တဆယ်ချင်း တူလို့ရှိပါစေဦး၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပါဝစရကုသိုလ်ကံငါးပါး အရူပါဝစရ ကုသိုလ်ကံလေးပါးက ဘာ့ကြောင့်ဖြစ်ရပါသလဲ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဆိုလျှင် ဘာကမ္မဋ္ဌာန်း စီးဖြန်းစီးဖြန်း၊ စီးဖြန်းတာချင်း သဘောတူလို့ တခုပဲဆိုလျှင် ရူပကုသိုလ်ကံလည်း ငါးခုမဖြစ်ပဲ တခုသာဖြစ်ရာသည်၊ အရူပကုသိုလ်ကံကလည်း တခုတည်းသာဖြစ်ရာသည်၊ အကယ်၍ ဗုဒ္ဓသာသနာနည်းစနစ်အရ သမထကမ္မဋ္ဌာန်း လေးဆယ်တောင်ရှိတာကိုးဆိုလျှင် သူ့မောင်းဆုံနှင့် သူ့မောင်းကျောက်ဆိုသော ကြောင်ပန်းပုံသေနည်းအရ ရူပအရူပကုသိုလ်ကံ လေးဆယ်ပင် ဖြစ်ရပါမည်၊ သို့မဟုတ် အထက်က ဖော်ပြခဲ့သလို သဘောတရားချင်းတူ၍ ကောက်ယူပါသာည် ဆိုလျှင်လည်း တခုသာဖြစ်ရပါမည်၊ ယခုမူ တခုလည်းမဟုတ် လေးဆယ်လည်း မဟုတ်၊ အပေါ်က အကုသိုလ်ကံ ကုသိုလ်ကံကောက်စဉ်က ပြုလုပ်မှုအခြင်းအရာ ကမ္မပထအလိုက် တဆယ်စီကောက်ခဲ့ပြီး အောက်က မဟဂ္ဂုတ်ကျတော့မှ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပဈာန်းပါး အရူပကံလေးပါးဟု ဆိုသော ကြောင့် ကြောင်ပန်းဝါဒသည် စာပေနည်းဗေဒရလည်းမမှန် သဘာဝမှန်လည်း မဟုတ် ကိုယ်ကြိုက်ရာကောက်ကာ စာပေပရိယတ် မတတ်ကျွမ်းသူများအား လှည့်စားသော မာယာသာဌေယျဝါဒ ဖြစ်ပါသည်ဟု စောဒနာလွှာတင်သွားကြပေသည်။

စုဒိဝကဆရာတော်များကလည်း မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ရေးသားစီရင်သော ပရမတ္ထသရူပဘေဒနီ ပဌမတွဲ နှာ–၃၃၆–လာ သခ်ၤါရအပြားနှင့် သခ်ၤါရမည်ပုံ ခေါင်းစဉ်ပါ ဒါန့်သိလ့ ဘာဝနာမယ ကာယဝစီ့ မနောသခ်ၤါရ ကာမာဝစရကုသိုလ် စေတနာရှစ်ခုဟု ကောက်ယူထားမှုကို နည်းယူ၍ မဟာကုသိုလ်ကံစေတနာ ရှစ်ပါးသည် ကမ္မပထနည်းအားဖြင့် ကုသိုလ်ကံတဆယ် ဖြစ်ပါသည်၊ ရူပ အရူပကုသိုလ်စေတနာ ကိုးပါးသည် မဟဂ္ဂုတ်ကုသိုလ်ကံကိုးပါး ဖြစ်ပါသည်၊ ဤသို့ပေါင်းလျှင် ကံနှစ်ဆယ့်ကိုးပါး ဖြစ်ပါသည်ဟု ချေပသောဓနာကြေပေသည်။

၁။ ခြောက်စောင်တွဲ၊ နှာ ၂၂၇။

http://www.dhammadownload.com

နှစ်ဖက်သော အချေအတင်စကားများကို ခြုံငုံသုံးသပ်သည်ရှိသော် သန်္ဃာအားဖြင့် တူညီနေစသော်လည်း ကံစေတနာဟူသော သရုပ်မပေါ်လွင်သကဲ့သို့ ဖြစ်နေပေသည်။

> "ဧဝံ ပုညာဘိသင်္ခါရဝသေန တေရသ၊ အပုညာဘိသင်္ခါရဝသေန ဒ္ဝါဒသ၊ အာနေဉ္ဇာဘိသင်္ခါရဝသေန စတဿောတိ သမ္မာပေတာ ပရိပိဏ္ဍိတာ ကွေနတိ သ စေတနာ ဟောန္တိ"။[၁]

ဤသမ္မောဟဝိနောဒနီ အဋ္ဌကထာလာစကားအရ မဟာကုသိုလ်စိတ်(၈)ခု ရူပကုသိုလ်စိတ် ၅-ခု၌ ရှိသောစေတနာ ၁၃-ခုဟူသော ပုညာဘိသင်္ခါရ၊ အကုသိုလ်စိတ် ၁၂-ခု၌ရှိသောစေတနာ ၁၂-ခုဟူသော အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စိတ် ၄-ခု၌ရှိသော စေတနာ ၄-ခုဟူသော အာနေဉ္ဇာဘိသင်္ခါရ၊ ပေါင်းစေတနာ(၂၉)ပါးတို့သည် ကံမည်ကုန်၏ဟု ရေတွက်ခြင်းသည်သာ ရှင်းလင်းတိကျသည်ဟု ဝိနည်းဗိုရိမ်များက ယူဆကြပေသည်။

> ၁၄။ (ဂ)"ပါဏာတိပါတအစရှိသော ဒုစရိုက်မှု ပြုသူခပဲမှာ ငရဲသို့ကျရောက်သည်ဟူသော ဒေသနာတော်ကို ယုံပါ၏လော်မေးသောအခါ မိရိုးဖလာဆရာအစဉ် လူတိုင်းပင်ယုံပါ၏ဆိုရာတွင် အနိစ္စခာတ် ပရမတ် ပြင် ပုဂ္ဂိုလ်သတ္တဝါ ဘယ်ဟာတစိ မရှိသည်ကိုပင် သိမြင်မှသာ ထိုဒေသနာတော်ကို ယုံရာကျမည်၊ အဘယ့်ကြောင့်နည်း ပုဂ္ဂိုလ်သတ္တဝါမှာ အနှစ်အထည်နှင့် တကယ်ရှိက ထိုအဝိစိစသော ငရဲရှစ်ဆယ်ကို အထယ်ရောက်အောင် ဘယ်အပေါက် ဘယ်တွင်းက ဆင်းကြမည်နည်းမေး။ ထိုအခါ အနှစ်ခြေဗ် နိမိတ်မကပ်သော အနိစ္စခာတ်ပရမတ်သာ ရောက်အပ်ပါသည်ဟုဆိုရာ၏၊ ဆိုဘို့သာရှိသည်၊ ထို့ဘုပမာ လူနတ်ဗြဟ္မာ ခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းကိုမှီ၍သာ သိရာ၏"[၂]။

စောဒကဆရာတော်များက စောဒနာအခွံတ်-၁၀၊ ပိုဒ်ခွဲ(ဂ)အဖြစ်အထက်ပါခြောက်စောင်တွဲလာ စကားရပ်ကိုထုတ်ပြပြီးလျှင် ဒုစရိုက်ပြုသူငရဲမသွားရုပ်နာမ်သာ ငရဲသွားသည်ကို ကြောင်ပန်းက ပုဂ္ဂိုလ်သတ္တဝါဘယ်ဟာတစိ မရှိသော ကြောင့် အနိစ္စခာတ်ပရမတ်သာရောက်သည်၊ ပုဂ္ဂိုလ်သတ္တဝါ ငရဲသွားသည်ဆိုလျှင် ငရဲရောက်အောင် ဘယ်တွင်း ဘယ်အပေါက်က ဆင်းကြမည်နည်းဟု အမေးထုတ်ထားပါသေးသည်။

သမ္မုတိသစ္စာနှင့်ပရမတ္ထသစ္စာကို လည်းကောင်း သမ္မုတိဒေသနာနှင့်ပရမတ္ထဒေသနာကိုလည်းကောင်း သူစည်းနှင့်သူ သူနေရာနှင့် သူနေရာ အသုံးမပြုပဲ

၁။ အဘိဋ္ဌ ၂၊၁၃၆။ ၂။ ခြောက်စောင်တွဲ၊ နှာ၂၃၅။

http://www.dhammadownload.com

ရောထွေးယှက်တင် အံမဝင် ဂွင်မကျ အသုံးချထားသဖြင့် "လှချင်လွန်း၍ သွားချောင်တိုက်၊ ရေစီးကမ်းပြိုလိုက်" ဆိုသကဲ့သို့ ပညတ်ပရမတ်ရှုပ်ထွေးလျက် ။ပ။ထိုသို့သမုတိသစ္စာ ပရမတ္ထသစ္စာမကဲ့ပဲဒုစရိုက်ကိုပြုသူမှာ သတ္တဝါပြုလုပ်သည်မဟုတ်၊ ဒုစရိုက်တရားသာကသာပြုလုပ်သည်၊ ထို့ကြောင့် အကျိုးတရားကို ခံစားသည်မှာလည်း အနိစ္စဓာတ် ပရမတ်ဒုစရိုက်ပြုလုပ်သူကလည်း အနိစ္စဓာတ် ပရမတ်ဖြစ်၍ အားလုံးပရမတ်သဘောသာဆိုကာ လုပ်ချင်ရာလုပ်၍ဒုစရိုက်သော သုစရိုက်သောရှောင်ရန်မလိုပဲ ကံကိုပယ်သောဝါဒကိုဖြစ်ပွားစေခြင်းဖြင့် ဗုဒ္ဓ၏ ဝိပဿနာတရားအရိပ်ကိုခိုကာ ဗုဒ္ဓ၏ဒေသနာတော်ကို ချိုးဖဲ့ချက်ဆီးသည့် မာယာသာဌေယျ အဓမ္မဝါဒသာဖြစ်ပါသည်ဟု စောဒနာလွှာတင်ပြကြပေသည်။

စုဒိတကပုဂ္ဂိုလ်တို့ကလည်း အဘယ့်ကြောင့်ဆိုတော်မူသနည်း၊ ပစ္စုပ္ပန်နှင့် တိတ်နာဂတံ မဆက်ဆံသောဝေါဟာရမတ္တ သတ္တလောကပညတ်မျှမှာ ပရိညာ ပဟာန သစ္ဆိကရဏာဘာဝနာဟူသော ပရမတ်ကိစ္စလေးဌာနနှင့် ချ၍ကြည့်က မရှိမရ သက်သက်မျှ မဆိုင်မစပ်သော ထိုထိုလူနတ်ပညတ်မျှမှာ ရှာကြံပါလျှင် အဝိဇ္ဇာနှင့်တဏှာမာန ဂါဟပြင်းထန် သဏ္ဌာန်အရိပ် နိမိတ်အမြင်ထင်လွဲစွဲမှား ဥမ္မတ္တကအလား ဒုက္ခတရားအလွန်ပွား၍ များသောကြောင့်တည်း။ပ။ "ပရမတ္ထံ ကထေန္တောပိ သမ္မုတိ ံ အမုဉ္ဆိတ္ဝာ ကထေန္တိ" (နိဒါနသံယုတ်အဋ္ဌကထာ ဆဋ္ဌ-နှာ-၇၂)အရ ပရမတ္ထသစ္စာကိုမှတ်လွယ်ယူလွယ် နားလည်လွယ်စေခြင်းငှာ အချို့အချို့သောအရာမှာ မြတ်စွာဘုရားကြီးတို့သည်ပင် သမ္မုတိသစ္စာကိုယှဉ်၍ အမည်တင်ကာ မြင်သာအောင်ဟောတော်မူကြကုန်၏ စသည်ဖြင့် အကြောင်းပြ၍ ဖြေဆိုရှင်းလင်းကာ သောဓနာလွှာတင်ကြပေ၏။

၁၅။ ဤ၌(ဂ)"ပါဏာတိပါတအစရှိသော ဒုစရိုက်ပြုသူခပဲမှာ။ပ။ ငရဲရှစ်သွယ်ကို အထယ်ရောက်အောင် ဘယ်အပေါက်ဘယ်တွင်းက ဆင်းကြမည်နည်းမေး"ဟူသောစကားကို ရှေးဦးစွာ စိစစ်လိုပေသည်။

ဖော်ပြပြီးသော ကျမ်းဆရာ၏စကားဝါကျတရပ်လုံး၏ဆိုလိုရင်းအဓိပ္ပာယ်မှာ ဒုစရိုက်သမားသည် ပုဂ္ဂိုလ်ပညတ်ဖြစ်သည်၊ ပညတ်ဆိုသည်မှာ ပင်ကိုယ်ကပင် ပရမတ္ထလိုထင်ရှားရှိနေသည့် တရားမဟုတ်သည့်အတွက် ငရဲသို့ကျရောက်ခြင်း သည်သဘောမဟုတ်၊ ထို့ကြောင့်ဖော်ပြပြီးသော စကားကိုမှားသည်ဟုမဆိုနိုင်ဖြစ်ချေ၊ ဤအကြောင်းကို စောဒနာအမှတ်(၇) စာပိုဒ်-၄၌ ပြည့်ပြည့်စုံစုံလေ့လာသုံးသပ်ခဲ့ပြီးဖြစ်ပေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ သစ္စာနှင့်ကထာကို ပြည့်စုံစွာ ဖော်ပြရန် လိုပေသည်၊ ထို့စကားရပ်၌–

http://www.dhammadownload.com

(က) သမ္မုတိသစ္စာ

(ခ) ပရမတ္ထသစ္စာ

(ဂ) သမ္မုတိကထာ-ဒေသနာ

(ဃ) ပရမတ္ထကထာ-ဒေသနာ

ဤလေးမျိုးကို ကွဲကွဲပြားပြား သိရှိရန်လိုအပ်၏။

(က) အိုးကွဲခြင်း, ပုဆိုးပျက်စီးခြင်းဖြစ်သော်လည်းကောင်း အသိဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာလိုက်သော်လည်းကောင်း အိုးပုဆိုးဟူသောအနက် ပျက်ယွင်းသွားခြင်းသည် သမ္မုတိသစ္စာမည်၏။

(ခ) ပထဝီစသောရုပ်တရား၏ ကြမ်းခြင်းနုခြင်းစသော ကက္ခဋမုဒုတ္တ သဘောစသည်၌လည်းကောင်း ဖဿစသောနာမ်တရား၏ ဖုသနစသောသဘော စသည်၌လည်းကောင်း ခွဲ၍စိတ်၌ကြည့်ရခြင်းသဘောကို မရနိုင်၊ သမ္မုတိသစ္စာ၏ပြောင်းပြန် ခိုင်မြဲသောအနက်သည် ပရမတ္ထသစ္စာမည်၏။

> "တတြိဒံ သမ္မုတိပရမတ္ထာနံ လက္ခဏံ၊ ယသ္မိ• ဘိန္နေ ဗုဒ္ဓိယာ အဝ-
> ယဝဝိနိဋ္ဌောဂေ ဝါ ကတေ နတ် သမညာ၊ သာ ဃဋပဋာဒိပဟောဒါ
> သမ္မုတိ၊ တဗ္ဘိပရိယာယတော ပရမတ္ထော၊ နဟိ ကဿဋုသနာဒိ
> သဘာဝေ အယံ နယော လဗ္ဘတိ။"[၁]

တနည်းအားဖြင့်—(က) ရုပ်ဝေဒနာအစရှိသော ထင်ရှားရှိသောအနက်၏ အထူးထူးဖြစ်သော အခြင်းအရာတို့ကိုစွဲ၍ စိတ်ဖြင့်ကြံစည်ပြီး အကောင်အထည်ပြုလုပ်လျက် စိတ်၌သိအပ်ရအပ်သော သတ္တ ပုဂ္ဂလစသော ပရိကပ္ပအနက်သည် သမ္မုတိသစ္စာမည်၏။

(ခ) အနိစ္စစသော သာမညလက္ခဏာ ဖုသနစသော သီးခြားလက္ခဏာနှင့် ်စုံသော စိတ်ဝေဒနာ အစရှိသော သဘာဝသိဒ္ဓ အနက်သည် ပရမတ္ထသစ္စာ

) သတ္တ ပေါသ ဒေဝ ဗြဟ္မာ–စသော စကားသည် သမ္မုတိကထာ သ်၏။

အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာ အာယတန ဓာတ် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဃည် ပရမတ္ထကထာ ဒေသနာမည်၏။

၁။ မဇ္ဈိ၊၁၊၂၄၂။ သီ၊ဋ္ဌသစ်၊၂၊၄၀၀

http://www.dhammadownload.com

ဗုဒ္ဓါနံ ပန ဒွေကထာ သမ္မုတိကထာ စ ပရမတ္ထကထာ စ။တတ္ထ "သတ္တော ပေါသော ဒေဝေါ ဥဟ္မာတိ" အာဒိကာ သမ္မုတိကထာ နာမ။ "အနိစ္စံ ဒုက္ခမနတ္တာ ခန္ဓာ ဓာတုယော အာယတနာနိ သတိ-ပဋ္ဌာနာ သမ္မပ္ပဓာနာတိ" အာဒိကာ ပရမတ္ထကထာ နာမ။

သမ္မုတိယာ ဝေါဟာရဿ ကထနံ သမ္မုတိကထာ။ ပရမတ္ထဿ သဘာဝဓမ္မဿ ကထနံ ပရမတ္ထကထာ။[၂]

သမ္မုတိသစ္စာကို ပြောဆိုသုံးစွဲခြင်းကြောင့် အပြစ်မရောက်သော ပုဂ္ဂိုလ်များမှာ (က) တဏှာမာနဒိဋ္ဌိတို့ လုံးဝမရှိသည့်အတွက် ဒေဝဒတ္တော့ နေရယိကော့ မမပတ္တံ-စသည်ဖြင့် သမ္မုတိကထာကို သုံးနှုန်းသော်လည်း ဘုရား ရဟန္တာများမှာ အပြစ်မရောက်ကြတော့ပေ။

(ခ) စဏှာ မာန ဒိဋ္ဌိတို့ဖြင့် မကပ်ငြိပဲ သမ္မုတိသစ္စာကို ပြောဆိုသုံးနှုန်းသော အချို့သော ပုထုဇဉ် သေက္ခများ၌လည်း အပြစ်မရောက်နိုင်ပေ၊ သမ္မုတိသစ္စာကို ပြောဆိုသုံးစွဲခြင်းကြောင့် အပြစ်ထိုက်သော ပုဂ္ဂိုလ်များမှာကား တဏှာမာနဒိဋ္ဌိ တို့ဖြင့် နှစ်နှစ်ကာကာ ထင်မှတ်စွဲလမ်းပြီးလျှင် သမ္မုတိသစ္စာကို သုံးနှုန်းခြင်းဆိုသော အချို့သော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ ဖြစ်ကြသည်။[၃]

ဆိုခဲ့ပြီးသော ကထာတို့တွင် မြတ်စွာဘုရားသည် ဝေနေယျဇ္ဈာသယအလိုက် သမ္မုတိကထာကို အသုံးပြုတော်မူသည့် အခါလည်း ရှိသည်၊ ဤကျမ်းဆရာ၏ "ပါဏာတိပါတအစရှိသော ဒုစရိုက်မှုပြုသူခပဲမှာ ငရဲသို့ကျရောက်သည်ဟူသောဒေသနာကို" ဟူသောစကားမှာ သမ္မုတိကထာ သမ္မုတိဒေသနာ ဖြစ်သည်။

မြတ်စွာဘုရားသည် သမ္မုတိကထာကို အသုံးပြုတော်မူသော်လည်း တဏှာမာန ဒိဋ္ဌိ မကပ်ငြိပဲ လူအများတို့ အသိအမှတ်ပြုထားသောစကားကို အသုံးပြုတော်မူသည့်အတွက် မှန်ကန်သော မုသားမဖြစ်သောစကားဖြစ်၍ အပြစ်မရှိပေ။

ထို့ပြင် ပဂုလကထာ ပညတ္တိကထာကို မြတ်စွာဘုရား အသုံးပြုတော်မူရာ၌ ဟိရိ ဩတ္တပ္ပကို ပြုခြင်းငှါ.... စသော်အကြောင်း ရှစ်မျိုးတို့တွင် ရှစ်ခုမြောက် လောကသမ္မုတိကို မပယ်မြင်းအကျိုးလည်း ပါဝင်သည်ဖြစ်၍ လောကသုံးလူအများသုံးနှုန်း ဆန့်ကျင်တော်မမူပဲ လောကသမ္မုတိ၌ ရပ်တည်တော်မူ

တသ္မာ အယမ္ပိ အာယသ္မာ လောကဝေါဟာရကုသလတာဂ
ဘဂဝတော ဒေသနံ အဝိလောမေန္တော လောကသမ္မုတိပ
'စတ္တာရောမေ အာဝုသော ပုဂ္ဂလာ' တိ အာဟ၊ တသ္မာ ဏ္ဍေ
ဝသေန အဂ္ဂဟေတ္ဝာ သမ္မုတိဝသေနေဝ ပုဂ္ဂလော ဝေဒိတဗ္ဗော။[၄]

၁။ ဒီဋ္ဌ ၁၀၃၁၅၂၊ မဇ္ဈ ၁၁၁၂၂၂။ ၂။ သိဒ္ဓိသစ်၂၁၃၉၀။
၃။ ဝိသုဒ္ဓိ၂၂၃၂၂။ ၄။ မဇ္ဈ၊ ၁၁၁၄၄၂။

http://www.dhammadownload.com

ထို့ကြောင့် ဤ အချင် သာရိပုတ္တရာသည်လည်း မြတ်စွာဘုရား၏ ဒေသနာတော်ကို ဆန့်ကျင်တော်မမူပဲ သမ္မုတိသစ္စာ၌ ရပ်တည်၍ စတ္တာရောမေ ပုဂ္ဂလာဟု ဟောတော်မူသည့်အတွက် ပရမတ္ထ၏ အစွမ်းဖြင့်မယူပဲ ပုဂ္ဂိုလ်၏ အစွမ်းဖြင့်သာ ပုဂ္ဂိုလ်ကိုသိထိုက်၏ဟု အဋ္ဌကထာ၏ အဓိပ္ပါယ်ကို မှတ်သားရာ၏။

အထက်ဖော်ပြပါ ခြောက်စောင်တွဲကျမ်း ဆရာ၏ ဆိုလိုရင်းစကားအဓိပ္ပါယ်ကို စိစစ်သော်– " ဒုစရိုက်ပြုသူသည် ငရဲမကျ " ဟူသောအဓိပ္ပါယ်သည် စင်းစင်းကြီးပင် ပေါ်၍နေပေ၏၊ ပုဂ္ဂိုလ်ပညတ်အနေဖြင့် ငရဲသို့မရောက်သည်မှာ မှန်သော်လည်း ဒုစရိုက်မှု နာနာကွဏိက ကမ္မသတ္တိကြောင့် ငရဲ၌ ပဋိသန္ဓေဖြစ်ရမည်မှာ ကေန်သာတည်း။ ခန္ဓာက ခန္ဓာကိုသတ်လျှင် ငရဲကျ၏ဟု ဟောကမည်သူက မည်သူကိုသတ်သည်ဟု သိနိုင်တော့မည်မဟုတ်၊ ပုဂ္ဂိုလ်က သူတပါးအသက်ကိုသတ်သည်၊ ထိုသို့သတ်သောကြောင့် ငရဲသို့ကျသည်ဟူ၍ ပုဂ္ဂိုလ်ပညတ် သမ္မုတိစကားဖြင့် ပြောမှ လူအများနားလည်ကြမည့် အရာဖြစ်၍ သမ္မုတိကထာကို အသုံးပြုရပေသည်၊ ခြောက်စောင်တွဲကျမ်း ဆရာသည် ထိုသဘောကို ကွဲ့ရှောင်၍ ရေးသားထားသဖြင့် ပုဒ္ဓဘာသာဝင်တို့ နားဥ်တံကျင်လျှိုသကဲ့သို့ ဖြစ်ရသည်ဟု ဝိနည်းဓိုရ်များက ယူဆကြသည်။

၁၆။ ဖော်ပြခဲ့သော စကားများနှင့် ဆက်တွဲ၍ —

> " ထိုအခါ အနှစ်ဖြစ် နိမိတ်မကပ်သော အနိစ္စဓာတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏၊ ဆိုဘို့သာရှိသည်။ ထို့တူပမာ လူနတ်မြဟွာ ခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းကို မှီ၍သာသိရာ၏။[၁]

ဟူ၍ပါရှိရာ ယင်း၏အဓိပ္ပါယ်မှာ 'ဒုစရိုက်ပြုသူ ငရဲသွား၊ အနိစ္စဓာတ်ပရမတ်သာ ငရဲသွား၏' ဟု ဖြစ်သည်။

ထိုသို့ဆိုသဖြင့် ဘဝဟောင်းက စိတ်ဝေဒနာ စသော နာမ်ဓာတ်တို့သည် ငရဲဘုံ နတ်ဘုံသို့ သွားရောက်ကြသည်ဟု ဆိုရာသို့ ရောက်ပြန်၏၊ အမှန်မှာကား ရှေးဘဝက ရုပ်နာမ် ခန္ဓာတို့သည် တဆံခြည်မျှ နောက်ဘဝ လာလတ္တံ့သော ဘဝသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည်မဟုတ်၊ ရှေးဘဝက ပြုခဲ့သော ကံ၏ နာနာကွဏိက ကမ္မသတ္တိကြောင့် နောက်ဘဝလာလတ္တံ့သောဘဝ၌ ဝိပါက်ဝိညာဏ်အမှုးရှိသော ပရမတ်တရားများသာ ဖြစ်ပေါ်လာကြရခြင်း ဖြစ်သည်။

၁။ ခြောက်စောင်တွဲ၊ နှာ ၂၃၅။

http://www.dhammadownload.com

စိတ်ဝိညာဏ်ဟူသမျှ ဘယ်မျှမသွားကြောင်းကို—

"ဒူရင်္ဂမန္တိ စိတ္တဿ ဟိ မက္ကဋသုတ္တမတ္တကမ္ပိ ပုရတ္ထိမာဒီဒိသာဘာဂေန ဂမနာဂမနံ နာမ နတ္ထိ၊ ဒူရေ သန္တမ္ပိ ပန အာရမ္မဏံ သမ္ပဋိဒူရင်္မံ နာမ ဇာတံ။"

စိညာဏ်က တဆံခြည်မျှ အရှေအနောက် တောင်မြောက်အရပ်ဖျားသို့ မရွေ့မရှား မသွားမလာပေ၊ သို့သော် အဝေးမှအာရုံကို ခံယူခြင်းဖြင့်ပင် အဝေးသို့သွားသည် မည်သည် ဖြစ်နေမှပေ့ါဟု ဆိုလိုပေသည်။

၁၇။ ထို့ပြင် စုတိမှ ပဋိသန္ဓေသို့ ကူးပြောင်းပုံကိုလည်း ဤသို့ သိသင့်ပေ၏။

"သိယုံ နိဒဿနာ နေတ္တ၊ ပဋိဃောသာဒိကာ အထ။
သန္တာနဗန္ဓတော နတ္ထိ၊ ကေတာ နာပိ နာနတာ။ပ။
ဝေဠု သတိ သဗ္ဗလောကဝေါဟာရလောပေါ သိယာ။သော စ အဒ္ဒိဋ္ဌော၊
တသ္မာ တ္ထေ နကေန္တမေကတာ ဝါ နာနတ္တာ ဝါ ဥပဂန္တုမ္ဘာတိ။"

ဤအဋ္ဌကထာစကားလာ ဥပမာကိုဖော်ပြရသော် ပင်ကိုယ်သံနှင့် ပွဲတင်သံတို့သည် စင်စစ် တခုတည်း ဖြစ်ငြားအံ့၊ ပင်ကိုယ်သံ,ပွဲတင်သံဟူ၍ နှစ်မျိုး ဖြစ်ပေါ်မလာနိုင်၊ ပင်ကိုယ်သံနှင့် ပွဲတင်သံသည် တသီးတခြားစီ ကွဲပြားသည် ဖြစ်ငြားအံ့ ပွဲတင်သံသည် ပင်ကိုယ်သံနှင့်ဆက်စပ်ခြင်းမဖြစ်နိုင်။

ဆီမီးညှိထွန်းရာ၌ ပထမဆီမီးနှင့် ဒုတိယဆီမီးတူသည်ဖြစ်အံ့၊ ပထမဆီမီး, ဒုတိယဆီမီးဟု နှစ်မျိုးဖြစ်မလာနိုင်၊ တသီးတခြားစီ ကွဲပြားသည်ဖြစ်အံ့၊ ဒုတိယဆီမီးသည် ပထမဆီမီးနှင့်ဆက်စပ်ခြင်း မဖြစ်နိုင်။

တံဆိပ်ရိုက်ရာ၌ တံဆိပ်တုံးနှင့် အမှတ်တံဆိပ်တို့ တူသည်ဖြစ်အံ့၊ တံဆိပ်တုံး အမှတ်တံဆိပ်ဟူ၍ နှစ်မျိုးဖြစ်မလာနိုင်၊ တသီးတခြားစီ ကွဲပြားသည် ဖြစ်အံ့၊ အမှတ်တံဆိပ်သည် တံဆိပ်တုံးနှင့် ဆက်စပ်ခြင်းမဖြစ်နိုင်။

သူရိယ်ထင်ရာ၌ လူနှင့်အရိပ်တို့ တူသည်ဖြစ်အံ့၊ လူအရိပ်ဟူ၍ နှစ်မျိုးဖြစ်မလာနိုင်၊ တသီးတခြားစီ ကွဲပြားသည် ဖြစ်အံ့၊ အရိပ်နှင့်လူသည် ဆက်စပ်ခြင်းမဖြစ်နိုင်။

ဤဥပမာများအတူ—ဘဝဟောင်းက ဝိညာဏ်သည် ဤပစ္စုပ္ပန်ဘဝသို့ ရောက်လာသည်မဟုတ်၊ ဘဝဟောင်းက ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော

http://www.dhammadownload.com

ကံစုတိအနိဿ ဇောဝိညာဏ်နှင့်တကွ ဖြစ်သော သခါရ၊ ညှတ်စေတတ်သော တဏှာ ကံ ကမ္မနိမိတ် ဂတိနိမိတ်၏ အာရုံ အစရှိသောအကြောင်းမပါပဲလည်း ပဋိသန္ဓေဝိပါက်ဝိညာဏ် ဖြစ်လာသည်မဟုတ်ဟုမှတ်ပါ၊ ဆိုလိုရင်းမှာ ဘဝသစ်တခုခု၌ ပဋိသန္ဓေဝိညာဏ် ဖြစ်လာရခြင်းသည် ရှေးဘဝက ဝိညာဏ်က လိုက်ပါလာပြီး ဖြစ်နေသည်မဟုတ်၊ ရှေးဘဝက အဝိဇ္ဇာ တဏှာ က သခါရတည်းဟူသော အကြောင်းကြောင့် ဘဝသစ်၌ အသစ်စက်စက် ပဋိသန္ဓေဝိညာဏ်ပေါ်လာရခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

၁၈။ ထို့ပြင် ဋီကာဆရာက ပဋိသန္ဓေဝိညာဏ်ဖြစ်ရာ၌ ဤဥပမာကိုလည်း တင်ပြထားပေသည်—

"ဗာလသရီရေ ကတံ ဝိဇ္ဇာပရိယာပုဏနံ သိပ္ပသိက္ခနံ ဩသဓပွယော-ဂေါ စ။ပ။နေ စ အညတောတိ ယောဇေတဗ္ဗံ"[၁]။

ဤမူလဋီကာဆရာ၏အလိုမှာ "ငယ်သောအရွယ်ကသင်ထားသော အတတ်ပညာသည်လည်းကောင်း အခါအားလျော်စွာ စားထားသောဆေးသည်လည်းကောင်း အရွယ်ရောက်သောအခါ၌ ထိုအတတ်,ထိုဆေးတို့ မရှိကြကုန်၊ ထိုငယ်စဉ်က သင်ထားသော အတတ် ပညာနှင့်ကင်းရှင်းလည်း ပညာထက်မြက်ခြင်း မဖြစ်နိုင်၊ထိုငယ်စဉ်က အခါအားလျော်စွာ စားထားသောဆေးနှင့်ကင်းရှင်းလည်း ကျန်းမာခြင်းမဖြစ်နိုင်၊ အတတ်ပညာတတ်ကျွမ်းမှု အနာရောဂါကင်းရှင်းမှုသည် အခြားသူ၏သန္တာန်မှာ ဖြစ်နေသည်လည်းမဟုတ်၊ ငယ်ရာက ကြိုးလာသော ထိုသူ၏ကိုယ်၌သာဖြစ်နေသောကြောင့်တည်း၊ငယ်စဉ်ကသင်ထားသော အတတ်ပညာနှင့်ကင်းရှင်းလည်း အခြားသော အကြောင်းကြောင့် အတတ်ပညာ တတ်မြောက်နေသည်မဟုတ်၊ အဘယ့်ကြောင့်နည်း ငယ်စဉ်က အတတ်ပညာသင်ခြင်းမရှိခဲ့သော် အရွယ်ရောက်လာသောအခါ၌ အတတ်ပညာထက်မြက်ခြင်း မရှိနိုင်သောကြောင့်တည်း။

ဤနည်းတူ ကံကြောင့် ဝိညာဏ်ဖြစ်ရာ၌လည်း အကျိုးဝိပါက် ဝိညာဏ်သည် အခြားသူ၏သန္တာန်၌ ဖြစ်သည်မဟုတ်၊ မိမိပြုအပ်သောကံကြောင့် မိမိသန္တာန်၌ ဖြစ်သည်ဟု မှတ်ပါ။

ဤစကားများအရ ခြောက်စောင်တွဲဆရာ၏ "ထိုအခါ အနှစ်ဖြင်နိမိတ် မကပ်သော အနိစ္စဓာတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏၊ ဆိုဖို့သာ ရှိသည်၊ ထို့အတူပမာ လူ နတ် ဗြဟ္မာခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းကို မှီ၍သာ သိရာ၏၂။"

၁။ မူလဋီ ၂။၁၁၃။ ၂။ ခြောက်စောင်တွဲ ၂၀၅။

http://www.dhammadownload.com

ဟူသော စကားဝယ် အနိစ္စဓာတ် ပရမတ်သာ ဆောက်အပ်ပါသည်ဆိုသော စကားသည် ဘဝဟောင်းက အနိစ္စဓာတ် ပရမတ်တရားများ ဘဝသစ်သို့ ဆောက်သည်ဟု ဆိုရာကျသောကြောင့် သဏ္ဌာန်အယူသို့ပင် ဆောက်ရှိသွားသည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြသည်။

၁၉။ (စ) အများသူငါ၊ မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု၊ ပြုကြ ရှောင်ကြဉ်၊ ဝိညာဏ်မြင်တည့်၊ မှားပင် မှားဘိ၊မှားခေါင်ထိ၏။[၁]

အထက်ပါစကားရပ်ကို ထုတ်ပြ၍ ထိုသို့အကုသိုလ်ကို ရှောင်ခြင်း ကုသိုလ်ကို ပြုလုပ်ခြင်းတို့သည် ဝိညာဏ်လှည့်စားကာ ဝိညာဏ်လိမ်ခံခြင်းသာဖြစ်၍မှားပင် မှားဘိ မှားခေါင်ထိ၏ဟု ဆိုထားပါသည်၊ ထိုစကားများအရ အကုသိုလ်လုပ်တာလည်း ဝိညာဏ်လိမ်တာ ကုသိုလ်လုပ်တာလည်း ဝိညာဏ်လိမ်တာ ဝိညာဏ်လိမ်တာကိုပင် ရှောင်ကြဉ်ခြင်း ပြုလုပ်ခြင်းလုပ်နေကြခြင်းကြောင့် အမှားသံသရာထိပ်ခေါင်ရောက်နေသည်ဆိုခြင်းဖြင့် ကုသိုလ်ကိုလုပ်ချင်စိတ် ကုသလစ္ဆန္ဒများ အကုသိုလ်ကို ရှောင်ကြဉ်လိုစိတ်များ မရှိတော့ပဲ လုပ်ချင်ရာလုပ် အရေးမကြီး၊ သတ္တဝါက ငရဲမသွား အနိစ္စဓာတ်တရားကြီးက သွားလိမ့်မည်ဟု ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ကံ၏အကျိုးတရားကို ပယ်ရှားသော အဟေတုကဆိသို့ ဦးတည်စေပါသည် စသည်ဖြင့် စောဒကဆရာတော်များက စောဒနာတင်ထားကြပေသည်။ သောခနာတင်ဆရာတော်များကလည်း အစိတ်စိတ်အကျယ်တဝင့် ရှင်းလင်းခဲ့ပြတော်မူကြပေ၏။

ထို အခြေအတင်စကားနှစ်ရပ်တို့ကို အထပ်ထပ် ကြည့်ရှု၍ မူလကျမ်းဆရာ၏ ဆိုလိုရင်းကိုလည်း ပိုင်နိုင်သိရှိအောင် ရှေ့နောက်စကားများကိုလည်း ရှာဖွေလေ့လာကြပေသည်၊ ထိုအခါ ဖော်ပြပါစကားရပ်၏ ရှေ့နောက်စကားရပ်တို့ကို ဤသို့ တွေ့ရပေသည်။

"လိုရင်းကား လူရှိသည် နတ်ရှိသည် လူ့ပြည်ရှိသည် နတ်ပြည်ကျမည် ငရဲကျသည် ငရဲခံရမည် ဤသို့ အစရှိသော အထင်အမြင်စုသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟူသော ဝိညာဏ်ခြောက်ပါး၏သဘော၊ သမ္မာမယ္ဗုဒ္ဓ မိစ္ဆာဝင်သော ဝိညာဏ်သိဝိညာဏ်ထင် ဝိညာဏ်မြင်ဟူ၍သာ မှတ်ပါ၊ ထိုဝိညာဏ်မြင်ကိုပင် မရှိဘူးဟု မထင်နှင့်၊ ရှိပုံမှာ အိပ်မက်သောအခါ မည်သူ၏ မျက်လုံး မည်သူ၏ မျက်တောင်ကို ခကြောင်ကြောင်ကြီး မြင်ရသလိုပင် အလွန်လျင်ကြီးကျယ် တကယ်ပင်ထင်ရှားလှသော ဝိညာဏ်မြင်၏ သဘောကလည်း သတ္တလောကကြီးပါပေတည်း။

၁။ ခြောက်စောင်တွဲ ၉၅။

http://www.dhammadownload.com

သခ်ၤတာ ဓမၼာ အာသခ်ၤတာ ဓမၼာ ဟူသော ဒေသနာတော်မြတ်ကြီး၏ အရကလည်း ဖြစ်ပျက်မှန်လှု ရုပ်နာမ် သခ်ၤါရပဝတ္ထု၊ ဝဠုဒုက္ခသဘောမျှ မြိုမြိုသာရှိသည်၊ ဤသို့လူနတ်ဗြဟ္မာသတ္တဝါခပဲ ငရဲမရှိဟု သိမြင်မှုမှာလည်း ဝိပဿနာ ဉာဏ်ယှဉ် သမ္မာယှဉ်သော ပညာသိ ပညာထင် ပညာမြင်ဟူ၍သာမှတ်ပါ။

ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်တွင်–

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နညတြ ဒုက္ခာ သမ္ဘောတိ၊ နညံ ဒုက္ခာ နိရုဇ္ဈတိ။

အနက်ကား။ ။ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဆင်းရဲသက်သက် သည်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာဖြစ်၏။ ဒုက္ခံဝေ၊ ဆင်းရဲသက်သက် သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌိ ပဗန္ဓဋ္ဌိအားဖြင့်တည်၏။ ဝေတိ စ၊ ချုပ်လည်းချုပ်၏။ ဒုက္ခာ၊ ဒုက္ခကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိ ဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဖွယ်ရာ တစုံတခုသော တရားသဘောသည်။ နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ဒုက္ခာ၊ ဒုက္ခမှ၊ အညံ၊ တပါးသော။ ကိဉ္စိ ဓမ္မပုဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဖွယ်ရာ တစုံတခုသော တရားသဘောသည်။ နနိရုဇ္ဈတိ၊ ချုပ်သည်မရှိ။

ထို့ကြောင့် "ဝိညာဏ်ပညာ, သိရာအမှု, မြင်နှစ်ခုတွင်, ဝိညာဏ်မြင်ပုံ နွားမမြုံသား နွားငယ်အားဖြင့် နိမ့်မြင့်ဆူကြုံ ငြင်းခုံအလား ပုံမခြားတည့်။

"အမျှားသူငါ မိစ္ဆာယူလွဲငရဲကြီးလှ ကုသိုလ်ရဟု ပြုကြရှောင်ကြဉ် ဝိညာဏ်မြင်တည့် မှားပင်မှားဘိ မှားခေါင်ထိ၏။

ဉာဏ်သိသဘော ပညာဇောမှာ သတ္တောကာသ သခ်ၤါရမှ လောကဝေါဟာပညတ်သာလျက် ဖြစ်နှင့်ပျက်မျှ ဆဘာဝသာ အဗျာပါရ ကေတ္တနှင့် နာနတ္တနည်း ဧဝံနည်းသာ ဓမ္မတာဟု ဖြူခါစင်စင် ပညာမြင်မှ ကြည်လင်လှသည် မြင်ကြအမျှား မှန်အမှား။

ခြောက်ပါးဝိညာဉ် သိထင်မြင်နှင့် သုံးအင် ကမ္မ ပြုသမျှမှာ သမုဒယ ဒုက္ခသစ္စာ ဖြစ်လေရာ၏၊ ပညာသိမှ ဒုါရသုံးခု ပြုပြုသမျှ မဂ္ဂသစ္စာ နိရောဓကျ ဖြစ်လေရသည် သစ္စာအပြား မှန်လေးပါး" ဟု စပ်ဆိုခဲ့ပေသည်။

ဤကဲ့သို့ အစစ်ကောန်အမှန်အားဖြင့် လူနတ်ဗြဟ္မာ သတ္တဝါခပဲ ငရဲမရှိသည်ကို ပင် သိမြင်ရှိသာထားပါ၊ ပါပဓမ္မ ပါပကမ္မ ပါဏာတိပါတ စသော အမှုတို့မှာ မပြုရာ"။[1]

ဖော်ပြခဲ့ပြီးသော ရွှေနောက်ပါရှိသည့် ခြောက်စောင်တွဲကျမ်း ဆရာ၏ စကား ဆိုလိုရင်းမှာ ဤသို့ဖြစ်သည်။

၁။ ခြောက်စောင်တွဲ ၉၄-၅၆။

http://www.dhammadownload.com

လူရှိသည် နတ်ရှိသည် လူ့ပြည်ရှိသည် နတ်ပြည်ကျမည် ဤသို့အစရှိသော အထင်အမြင်စုသည် စက္ခုစသော ဝိညာဏ်ခြောက်ပါး၏သဘော မိစ္ဆာဝင် နေသောဝိညာဏ်သိ ဝိညာဏ်ထင် ဝိညာဏ်မြင် ဖြစ်သည်၊ လူနတ်ပြဟ္မာသတ္တဝါခပဲ ငရဲမရှိဟုသိမြင်မှုသည် ဝိပဿနာဉာဏ်ယုဉ်ပညာသိပညာမြင် ပညာထင်ဖြစ်သည်၊ ထို့ကြောင့် "ဒုက္ခမေဝ ဟိ သမ္ဘောတိ" အစရှိသော စကားတော်ကို ဘုရားဟောတော်မူသည်။

ထိုပါဠိအရ ဆင်းရဲဒုက္ခသက်သက်သာ အကြောင်းအားလျော်စွာ ဖြစ်သည်၊ ဆင်းရဲဒုက္ခသက်သက်သာခဏဋ္ဌိပဗန္ဓဋ္ဌိအားဖြင့် တည်လည်းတည်၏၊ ချုပ်လည်းချုပ်၏၊ ဒုက္ခမှတပါး ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဖွယ်ရာ တစုံတခုသော တရားချုပ်သည်မရှိ၊ ဤကဲ့သို့ လူနတ်ပြဟ္မာ သတ္တဝါခပဲ ငရဲမရှိ အနိစ္စဓာတ် ပရမတ်သာ မိမိဉာဏ်၌ သိမြင်၍သာထားပါ၊ ပါပဓမ္မ ပါပကမ္မ သူအသက်ကို သတ်ခြင်း စသော မကောင်းမှုတို့ကို မပြုလေနှင့် ပြုလျှင် ငရဲအိုး စောက်ထိုး သွားကြရမည် ဟူသော အဓိပ္ပာယ် ဖြစ်ပေသည်။

ဤသို့ကျမ်းဆရာသည် ဝိညာဏ်သိ ပညာသိမျှားကို ဖော်ပြ၍ပညာသိအတိုင်း လူနတ်ပြဟ္မာ ငရဲမရှိ၍ မကောင်းမှု ဒုစရိုက်ကို မလုပ်လေနှင့်၊ ပြုလုပ်က ငရဲကျမည်ဟု ရေးသားထားပေ၏၊ ဤအတိုင်းဆိုလျှင် ပုဂ္ဂိုလ်သတ္တဝါစသောပညတ်ကို ပယ်သောစကားဖြစ်၍ မှားသည်ဟု မဆိုသာချေ။

၂၀။ သို့သော် သမ္မုတိ ဒေသနာ ပရမတ္ထ ဒေသနာဟူသော ဒေသနာနှစ်မျိုးတို့တွင် မြတ်စွာဘုရားသည် ပရမတ္ထဒေသနာကိုချည်း အသုံးပြုတော်မူသည် မဟုတ်၊ ဝေနေယျတို့၏ အဇ္ဈာသယအားလျော်စွာ သမ္မုတိ ဒေသနာတော်ကိုလည်း အသုံးပြုတော်မူသည်။

ပုံစံကား–

> ဣဓ ဘိက္ခဝေ ကေစ္စော ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ စရတိ။ သော ကာယေန ဒုစ္စရိတံ စရိတ္ဝာ ဝါစာယ ဒုစ္စရိတံ စရိတ္ဝာ မနသာ ဒုစ္စရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ တမေနံ ဘိက္ခဝေ နိရယပါလာ နာနာဗာဟာသု ဂဟေတ္ဝာ ယမဿ ရညော ဒဿေန္တိ၊ "အယံ ဒေဝ ပုရိသော အမေတ္တေယျော အပေတ္တေယျော အသာမညော အဗြဟ္မ-ညော န ကုလေ ဇေဋ္ဌာပစာယီ၊ ဣမဿ ဒေဝေါ ဒဏ္ဍံ ပဏေတူတိ။"

http://www.dhammadownload.com

မြန်မာပြန်။ ။"ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ ထို့ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏၊ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် အသီးသီးလက်မောင်းတို့၌ ဆွဲကိုင်ကြကုန်၍ ယမမင်းအား ပြကုန်၏၊ 'မင်းမြတ် ဤယောကျ်ားသည် အမိအဖ၌ သားသမီးတို့ကျင့်ဝတ် ချွတ်ယွင်း၏၊ သမဏ ဗြာဟ္မဏတို့၌ လူတို့ကျင့်ဝတ် ချွတ်ယွင်း၏၊ အမျိုးတို့၌ ကြီးသောသူ (အဖိုးအဖွား ဦးကြီး ဦးလေး စသည်) တို့ကို အရိုအသေမပြု၊ မင်းမြတ်သည် ဤယောကျ်ားအား ဒဏ်ပေးတော်မူပါ'ဟု ပြောဆိုကြကုန်၏" (အနည်းငယ် ချုံး၍ ပြန်ဆိုထားသည်)။[1]

ခြောက်စောင်တဲ့ ကျမ်းဆရာသည် ငါ သူတပါး ယောကျ်ား မိန်းမ မရှိဟူသော စကားမျှကိုသာ သုံးနှုန်း၍ ဟောလျှင် ပြီးနိုင်ပါလျက် ပညတ်ကိုချည်း အာရုံစိုက်၍ လူနတ်ဗြဟ္မာ သတ္တဝါခပဲ ငရဲမရှိဟူ၍ ဟောလာ၏၊ ထိုဟောပြောချက်ကို ကြားနာကြရသော တရားနာပရိသတ်တို့အဖို့ သတ်သာသတ်ဟေ့ ငရဲမရှိဘူးတဲ့၊ ခိုးသာခိုးဟေ့ ငရဲမရှိဘူးတဲ့ ဟူ၍လည်းကောင်း ကုသိုလ်ပြုစရာ မလိုပါဘူးကွာ လူနတ်ဗြဟ္မာမှမရှိတာမဟုတ်ပဲ ဟူသော အယူလွဲသူများ ရှိလာနိုင်ပေသည်။

လူတို့သဘောသည် ခက်ခက်ခဲခဲ တရားမမှတ်ကို မှတ်မိသူက နည်း၍ လွယ်လွယ်ကူကူ ယူနိုင်မှတ်နိုင်သော စကားလုံးအသေးအဖွဲတို့ကိုကား အသဲစဲ့အောင် မှတ်မိလွယ်၏၊ ပရမတ်သဘော ဓာတ်သဘောတို့ကို မှတ်သား နားလည်သူ ရှိပါသည်ဟုဆိုလျှင်လည်း အနည်းစုမျှသာဖြစ်ပေလိမ့်မည်၊ အများစုအတွက်ကား လူနတ်ဗြဟ္မာမရှိ ငရဲမရှိဆိုသောစကားကိုသာ နားကြားအတိုင်း စွဲမြဲ၍ အဆည်းစဲ့ မှတ်မိကြဖို့များပေသည်၊ အနိစ္စဓာတ် ပရမတ်ဆိုသော စကားကို လေးစားကြလိမ့်မည် မဟုတ်ပေ။

ထို့မူတပါး ဥပမာစကားဖြင့်ဆိုရသော်—

မြတ်စွာဘုရားလက်ထက်က သစ္စကပရိဗိုဇ်သည် ဆွမ်းခံကြွလာသောအဿဇိမထေရ်အား တွေ့မြင်သောအခါ "အို ရှင်ရဟန်း သင်တို့ဆရာ ဂေါတမရဟန်းသည် တပည့်တို့အား အဘယ်သို့ ဆုံးမလေ့ရှိသနည်း" ဟု မေးသောအခါ အဿဇိမထေရ်က "ငါတို့ဆရာ မြတ်စွာဘုရားသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်များကို အနိစ္စဟူ၍လည်းကောင်း အနတ္တဟူ၍လည်းကောင်း ဆုံးမတော်

၁။အင် မြန်၁-၁၅၅။

http://www.dhammadownload.com

မူလေ့ရှိပါသည်၊ ထိုအတိုင်းပင် ကျင့်စေတော်မူပါသည်"ဟု ဒုက္ခလက္ခဏာ မပါပဲ အနိစ္စနှင့် အနတ္တနှစ်မျိုးကိုသာ ဖြေကြားတော်မူခဲ့ပေသည်။

အဘယ့်ကြောင့် အရှင်အာဿဇိမထေရ်က ဒုက္ခလက္ခဏာကို မထည့်ပဲ အနိစ္စနှင့် အနတ္တကိုသာ ဖြေကြားရပါသနည်းဟူမူ အညတရဝိန္ဒိယနိဒ္ဒေသ၌ "မဂ္ဂင်္ဂ မဂ္ဂပရိယာပန္နံ"ဟု မဂ်ဖိုလ်သည် ပရိယာယဒုက္ခမည်ကြောင်း ဟောတော်မူသော အရာဌာနရှိသဖြင့် သစ္စက က အဘယ်အကျိုးငှာ သင်တို့ ရဟန်းပြုကြသနည်းဟု မေးသော် မဂ် ဖိုလ်အကျိုးငှာ ရဟန်းပြုသည်ဟု ဖြေရလိမ့်မည်၊ ထိုအခါ သစ္စက က သင်တို့သာသနာသည် လူသတ်ဌာနကြီးကဲ့သို့ ပါတကား၊ ဥဿဒရဲကဲ့သို့ပါတကား၊ သင်တို့၌ ချမ်းသာသော တောင့်တချက် မရှိပါတကား၊ ဒုက္ခအကျိုးငှာ ကျင့်ကြံအားထုတ်၍ လုံ့ဝိရှားထကြွလျက် ဒုက္ခကိုသာ ခံစားလှည့်လည်၍ နေကြပါတကားဟု အပြစ်တင်ပေလိမ့်မည်၊ ထိုသို့ အပြစ်မတင်ရလေအောင် အရှင်အာဿဇိမထေရ်သည် ဒုက္ခလက္ခဏာကို ချန်လှပ်၍ ဖြေကြားခဲ့ပေသည်။

ဤ၌ အရှင်အာဿဇိမထေရ်သည်ပင် သာသနဗာဟိရက အညတိတ္ထိယပရိဗ္ဗာဇကတို့ အပြစ်မတင် ကြားမဝင်နိုင်စေရန် သတ္တဝါများ ယုံမှား မရှိနိုင်စေရန် ဒုက္ခလက္ခဏာကို ရှောင်ကွင်းလျက် ဖြေကြားခြင်း ပြုနိုင်ပါသေးလျက် ခြောက်စောင်တဲ့ကျမ်းဆရာသည် သာသနာနေဂက်ဖျားတွင် အများသံသယ ရှိနိုင်သော ငရဲမရှိ သူအသက်သတ်ဖြတ်သူ ငရဲမသွားဟု အဓိပ္ပါယ်သက်ရောက်သော ပညတ်ပယ်ရှား စကားဆန်းထွင် တန်ဆာဆင်လေသည်မှာ အမြင်မကျယ်ရာသာ ကျပေသည်။

သို့ဖြစ်သောကြောင့် "ငရဲစသည်မရှိ" ဆိုသော ကျမ်းဆရာ၏ စကားမှာ တရားနာပရိသတ်တို့အဖို့ အကောက်အယူ လွဲမှားနိုင်သော စကားဖြစ်သည်ဟု ဝိနည်းဓိဋ္ဌာန်များက ယူဆကြသည်။

၂၁။ ဤစောဒနာအမှတ် (၁၀) တွင် ပိုဒ်ခွဲ (ဆ) အဖြစ်ဖြင့်—

(ဆ) "ထို ဝဲယာ ရွှေနောက် ထက်အောက်ဖီလာ ဆယ်မျက်နှာအားဖြင့် ဆုံးစဝိုင်းခြား ကမ်းကရနားမရှိ လဟာပြင်ကြီး အတိသာဖြစ်သော သြကာသလောကကြီး၏ နယ်တခွင်တပြင်လုံး အဆုံးမရှိကြီးထဲမှာ သစ်ပင် မြေ ရေ နေ လစသော အနိန္ဒြိယဗဒ္ဓ အဝိညာဏက ရှိသမျှကိုပင် သခါရလောကဆိုသည်၊ ဣန္ဒြိယဗဒ္ဓ သဝိညာဏက ရှိသမျှကိုလည်း သတ္တလောကဆိုသည်။"

၁။ ခြောက်စောင်တွဲ၊ ၃၂။

http://www.dhammadownload.com

ဤစကားရပ်ကို ထုတ်ပြ၍ လောကသုံးပါးအကောက်တွင် သခါရလောက အရ အနိန္ဒြိယ ဗဒ္ဓ အဝိညာဏက ရုပ်သက်သက်ဖြစ်သော သစ်ပင် မြေ ရေ နေ လ စသည်တို့ကိုသာ သခါရလောကအရ ကောက်ပြခြင်းဖြင့် သတ္တလောက ဖြစ်သော ဣန္ဒြိယဗဒ္ဓ သဝိညာဏကဖြစ်သော သတ္တဝါများမှာ ဖြစ်ပျက်မှု သခါရ မရှိတော့ပဲ သခါရလောကမှ ကင်းလွတ်သွားပြန်ပါသည် စသည်ဖြင့် အကြောင်း ပြလျက် စောဒကဆရာတော်များက စောဒနာတင်လာပေသည်။

စုဒ်ဒိတကဆရာတော်များကလည်း အပိစ တယော လောကာ ဧသော (ဝိသုဒ္ဓိ မဂ်-၁၊ ၁၉၈) လာ ပါဠိများကို ကိုးကား၍လည်းကောင်း (ဝိသုဒ္ဓိမဂ် မဟာဋီကာ ၁၊ ၂၇၇ လာ) စကားများကို ကိုးကား၍လည်းကောင်း သခါရလောက ကောက်ပုံ အပြည့်အစုံဖော်ပြ၍ သောဓနာကြပေသည်။

ဤစောဒနာချက်မှာ ပြီးခဲ့သော စောဒနာအမှတ်-၇ (က၊ ခ၊ ဂ၊ ဃ) သုံးသပ်ချက်တို့တွင် အတော်အတန်ပြည့်စုံအောင် သုံးသပ် ဝေဖန်ခဲ့ပြီးပင် ဖြစ်ပေသည်၊ အချုပ်အားဖြင့် "ဥဘယေပိ ဟိ ခန္ဓာ သခါရလောကော" ဟူသော (ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ၁၊ ၂၇၇) စကားအရ ဣန္ဒြေနှင့် စပ်ကြသည့် ဣန္ဒြိယဗဒ္ဓ ရုပ်ခန္ဓာအပေါင်း အစဉ်သည် သတ္တလောက, ဣန္ဒြေနှင့် မစပ်ကြသော အနိန္ဒြိယဗဒ္ဓရုပ်ခန္ဓာ အပေါင်းအစဉ်သည် ဩကာသလောက, ၎င်းခန္ဓာနှစ်မျိုး အပေါင်းသည် သခါရလောကဟုဆိုသော စကားနှင့် အခြားအဋ္ဌကထာဋီကာ စကားများစွာနှင့် မညီညွတ်သဖြင့် အကောက်အယူလွဲမှား၍ ရေးသားသော စကားများသာဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြပေသည်။

http://www.dhammadownload.com

စောဒနာ သောဓနာအပိုဒ်ကြီး-၁၀၊ ပိုဒ်ခွဲ ၄၈ တို့၌ မမှ အဓမ္မ နှင့် စုဒိတကပယ်ဇယား

စောဒနာအမှတ်	ပိုဒ်ခွဲများ	မမှ	အဓမ္မ	စုဒိတကတို့ပယ်သောအချက်
၁	ကာခညာ၊	။		
။	ဃာငေစဒ္ဒ၊		။	
။	ဂါဆာဇေစျာဒ္ဒ၊			။
၂	ကာ၊		။	
။	ခ၊			။
၃	ကာခဂာ၊	။		
၄	ကာခအတော-၁၊		။	
။	ကာခအတော-၂ဂာ၊	။		
၅	ကာ၊			။
။	ခ၊	။		
၆	ကာငေ၊			။
။	ခ-၁၊		။	
။	ခ-၂ဂာဃာအတောတူ	။		
၇	ကာခဂာဃာဆာဇေ၊		။	
။	ငေစ၊			။
ဂ	ကာခဂာဃ-၁၊	။		
။	ဃ-၂၊		။	
။	ကာ၊			။
။	ခ၊	။		
၁၀	ကာဂာဃာငေ-၁ငေ-၂၊			
။	စာဆာ၊		။	
။	ခ၊	။		

http://www.dhammadownload.com

ဓမ္မ အဓမ္မ ပယ်စာရင်းချုပ်

စော အမှတ်	ဓမ္မ	စော အမှတ်	အဓမ္မ	စော အမှတ်	ပယ်စာရင်း
၁	ကာခၤညၤ	၁	ဃငၤစ။ဌ	၁	ဂၤဆၤငၤဈၤဋ္ဌ
၃	ကာခၤဂၤ	၂	ကၤ	၂	ခၤ
၄	ကာခၤဆော-၂ၤဂၤ	၄	ကာခၤဆော-၁	၅	ကၤ
၅	ခၤ	၆	ခ-၁ၤ	၆	ကၤငၤ
၆	ခ-၂ၤဂၤဃၤဆော	၇	ကာခၤဂၤဃၤ ဆၤင	၇	ငၤစၤ
၈	ကာခၤဂၤဃ-၁ၤ	၈	ဃ-၂ၤ	၉	ကၤ
၉	ခၤ	၁၀	ကာဂၤဃၤင-၁ၤ င-၂ၤစၤဆ		
၁၀	ခၤ				
စုစုပေါင်း	၁၉		၂၂		၁၂

ကြောင်ပန်း ကျမ်းစာအဆိုနှင့် ပါဠိစာပေ နှိုင်းယှဉ်ချက်

ဤပူးတွဲပါ စာရင်းအရ ကြောင်ပန်းကျမ်းစာများ၌ ဓမ္မ ၁၉-ချက်၊ အဓမ္မ ၂၂-ချက်၊ ကြောင်ပန်း စုဒိတကများ တာဝန်မယူသော့ ကျမ်းစာများလာ အချက် ၁၂-ချက်တို့ကို တွေ့မြင်ရမည်ဖြစ်၏၊ ထိုတွင် ၂၂-ချက်သော အဓမ္မတို့ကို ပါဠိစာပေအဆိုနှင့် ကြောင်ပန်းအဆို နှိုင်းယှဉ်ချက်အကျဉ်းကို အောက်ပါ အတိုင်း ဖော်ပြလိုက်သည်။

၁။ (ဃ) (ငၤ) (စ) (ဌ) အမှတ်တို့၌၊ တုံး-နေ ကြက် စသည်တို့ကို ကြောင်ပန်းကျမ်းဆရာများက တုံးစသည်ပင် နာမ်- နာမ်ပင် တုံး စသည်ဖြင့် အာရုံ အာရမ္မဏိကမခဲ့ပဲ အာရုံနှင့်အာရမ္မဏိကကို တသားတည်းယူဆထားသည်။

ပါဠိစာပေကမူ တုံးစသည်သည် အာရုံ၊ နာမ်စိတ်သည် အာရမ္မဏိက ဟူ၍ ဆိုထားသည်။

၂။ (က) အမှတ်၌ သက္ကာယဒိဋ္ဌိရှိနေသူမှန်သမျှ ဗုဒ္ဓဘာသာမဖြစ် သရဏာဂုံ မတည်ဟု ကြောင်ပန်း ခြောက်စောင်တွဲ ဆရာက ဖော်ပြထားသည်။

ပါဠိစာပေကမူ လောကီယ သရဏဂုံ-လောကုတ္တရာသရဏ ဂုံ ၂-မျိုး ရှိသည်၊ သက္ကာယဒိဋ္ဌိ ရှိနေသော်လည်း လောကီယသရဏဂုံ တည်နိုင် သည်ဟု အဆို ရှိသည်။

http://www.dhammadownload.com

၄။ (က) (ခ) အရော (၁) ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုညကိရိယာဆိုပါဟု ကြောင်ပန်းကျမ်းဆရာ များက ဆိုသည်။

ပါဠိစာပေကမူ ပုညကိရိယာမှာ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုက် ၂-မျိုးရှိ သည်ဟုဆိုသည်။

၆။ (ခ) (၁) ၌ တကယ့် ပရမတ်ဆတ်ဆတ်ကို တကယ် ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဘယ်အနိစ္စ ဒုက္ခ ဘယ် အနတ္တဟု ရှုဖွယ်ရာမလို တကယ် ပြီးစီးပါ၏၊ ဝိသုဒ္ဓိ (၇) ပါး ဝိပဿနာတရားဟု တခမ်းတနား လုပ်ဖွယ်မရှိ အကုန်ပြီးစီးပါ၏ဟု ကြောင်ပန်းခြောက်စောင်တွဲ ဆရာကဆို၏။

ပါဠိစာပေကမူ နေယျပုဂ္ဂိုလ်အတွက် ဝိသုဒ္ဓိ (၇) ပါးကို တခမ်းတနား လုပ်၍ အားထုတ်ရမည်ဟုဆို၏၊

၇။ (က) (ခ) (ဂ) အမှတ်တို့၌ လဟာပြင်ကြီး အတိသာ သြကာသ လောကမည်၏ဟု ကြောင်ပန်း ခြောက်စောင်တွဲ ကျမ်းဆရာကဆို၏။

ပါဠိစာပေကမူ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇအင္ဂကလာပ်တို့၏ အပေါင်း အစဉ်ဖြစ်သည့် တော တောင် ရေမြေ အစရှိသော အရာဝတ္ထုများသည် သြကာသလောက မည်၏ဟုဆို၏။

(ဃ) အမှတ်၌ ဝိညာဏံ အနိဒဿနံ စသော ပါဠိဂါထာကို အနိစ္စခေတ် သခ်ၤတပရမတ် ရအောင် ခြောက်စောင်တွဲဆရာက အနက်ပေးပြထားသည်။

ပါဠိစာပေကမူ ဝိညာဏံ အနိဒဿနံ ၂-ပုဒ်အရ နိဗ္ဗာန်ကိုသာယူရမည်ဟုဆို၏။

(ဆ) အမှတ်၌ ဝိညာဏံ အနိဒဿနံ စသော ဂါထာအရ သခ်ၤတ အသခ်ၤတ တရား ၂-မျိုးလုံး ရနိုင်ပုံကို ခြောက်စောင်တွဲဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ ဝိညာဏံ အနိဒဿနံ ဟူသော ၂-ပုဒ်အရ သခ်ၤတ အသခ်ၤတ ၂-မျိုးလုံးကို မကောက်ယူရ၊ အသခ်ၤတနိဗ္ဗာန် တမျိုးတည်းကိုသာ ကောက်ယူ ရမည်ဟု (ဃ)အမှတ်၌ ဆိုထားသကဲ့သို့ပင် ပြဆိုထားသည်။

(ဇ) အမှတ်၌ နိဗ္ဗာန်ကို ဂေါစရဇ္ဈတ္တဟု ကြောင်ပန်း ဟောပုံကျမ်းဆရာနှင့် မူလဋီကာဆရာကြီးက ပြဆိုထားသည်။

ဓမ္မသင်္ဂဏီပါဠိတော် (၂၇၃)ကမူ ဗဟိဒ္ဓဟု ပြဆိုထားသည်။

၈။ (ဃ) (၂) အမှတ် နောက်ပိုင်း၌ ဝိညာဏံ အနိဒဿနံ၊အနန္တံ သဗ္ဗတော ပဘံ (မ ၁၊ ၄၀၅)ကို ထုတ်ပြ၍ ကောင်းကင်ကို သတ္တဝါခေါ် ကြောင်း ငါခေါ်

http://www.dhammadownload.com

ကြောင်း ကိုယ်ခေါ် ကြောင်း ခြောက်စောင်တဲ့ဆရာက ပြဆိုထားသည်၊ အမှန်မှာ (၇)နံပါတ်(ဆ)နှင့်(၈)နံပါတ်(ဃ)နောက်ပိုင်းပါ စကားတို့သည် နံပါတ်တူ ဖြစ်ကြ၍ သခ်ံတ အသခ်ံတ ၂-မျိုးလုံးကို ပြသောစကားများ ဖြစ်ကြသည်၊ စောဒကဆရာများ တင်သည့်အတိုင်း ကောင်းကင်ဘုံကို သတ္တဝါခေါ် သည်ဟူသော စကားမျိုးမဟုတ်၊သခ်ံတ အသခ်ံတ ၂-မျိုးရ စကားဖြစ်ကြောင်းကို သာ ကျမ်းဆရာပြလိုရင်း ဖြစ်သည်။

ပါဠိစာပေကမူ အမှတ်(၇)(ဆ)အတိုင်း ဝိညာဏ် အနိဒဿနံ ၂-ပုဒ်အရ နိဗ္ဗာန်ကိုသာ ကောက်ယူရမည်ဟု ပြဆိုထားပေသည်။

၁၀။ (က)အမှတ်၌ နိဗ္ဗာနံ ပတ္ထေတ္ဝာဟူသော အဋ္ဌကထာ၏သဘောကား သစ္စာလေးပါးကို ပိုင်းခြားသိမြင်မှ နိဗ္ဗာန်ကို တောင်းရာကျသည်ဟု ဆိုထားသည်။

ပါဠိစာပေကမူ သစ္စာလေးပါးတရားကို မသိသော်လည်း မိမိလိုရာကို ဆုတောင်းကောင်းကြောင်း ပြဆိုထားသည်။

(ဂ) အမှတ်၌ သမုဒယသစ္စာကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းစေပြီးမှ တဏှာမဖက် ဝဋ်မှထွက်လိုသော ဆန္ဒမဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုနှင့် ပြုသမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်ဟု ခြောက်စောင်တဲ့ဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခု၌ ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်များ မရှိ တဒင်္ဂပဟာန်သာရှိသည်ဟု ပြဆိုထားသည်။

(ဃ) အမှတ်၌ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သောအကုသိုလ်ကံတဆယ် ပုဉ္ဉကိရိယာ ဝတ္ထုဆယ်ပါးကြောင့်ဖြစ်သော ကုသိုလ်ကံ တဆယ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဖြစ်သော ရူပါဝစရကုသိုလ်ကံ ၅ ခု၊ အရူပကုသိုလ်ကံ ၄-ခုအားဖြင့် ကံပေါင်း ၂၉-ခုဟု ခြောက်ခစောင်တဲ့ဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ ကာမ ရူပကုသိုလ်ကံ စေတနာ ၁၃-ခု၊အကုသိုလ်ကံစေတနာ (၁၂)ခု၊ အရူပကုသိုလ်ကံစေတနာ (၄)ခု၊ စုစုပေါင်း (၂၉)ဟု ပြဆိုထားသည်။

(၈-၁)၌ ဒုစရိုက်ပြုသူ ငရဲမကျဟူသော တိုက်ရိုက်အဓိပ္ပာယ်သက်ရောက်သော စကားမျိုးကို ခြောက်စောင်တဲ့ဆရာက သုံးနှုန်းသည်။

ပါဠိစာပေကမူ သမ္မုတိဒေသနာ ပုဂ္ဂလကထာကို ဒုဿီလော သီလဝိပန္နော ။ပ။ နိရယံ ဥပပဇ္ဇတိဟု အကွက်ကျကျသုံးနှုန်းသည်။

http://www.dhammadownload.com

(၄-၂)၌ ထိုအခါ အနှစ်ခြဗ် နိမိတ်မကပ်သော အနိစ္စခဏတ် ပရမတ်သဘာဝရဲသို့ ရောက်ပါသည်ဟု ခြောက်စောင်တွဲဆရာက ဆိုထားသည်။

ပါဠိစာပေကမူ အတိတ်ဘဝက ရုပ်နာမ်ခန္ဓာတို့သည် ပစ္စုပ္ပန်ဘဝသို့ပြောင်းရွှေ့လာကြသည်မဟုတ်၊ အတိတ်ဘဝကပြုခဲ့သော ကံစသော အကြောင်းသတ္တိကြောင့်သာ ဝိပါက်ဝိညာဉ်အမှူးရှိသော အသစ်ဖြစ်သော ပရမတ်တရားများသာ ဖြစ်ပေါ်လာသည်ဟု ပြဆိုထားသည်။

(စ) အမှတ်၌ လူရှိသည် နတ်ရှိသည် လူ့ပြည်ရသည် နတ်ပြည်ကျသည်၊ ဤသို့အစရှိသော အထင်အမြင်စုသည် စက္ခုစသော ဝိညာဉ်ခြောက်ပါး၏ သဘော မိစ္ဆာဝင်နေသော ဝိညာဉ်သိ ဝိညာဉ်ထင် ဝိညာဉ်မြင်ဖြစ်သည်၊ လူနတ်ပြဟ္မာ သတ္တဝါခပဲ့ရဲမရှိဟု သိမြင်မှုသည် ဝိပဿနာဉာဏ်ယှဉ် ပညာသိပညာထင် ပညာမြင်ဖြစ်သည်ဟု ကျမ်းဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ (ဇ) (၁)မှတ်စကားရပ်ကဲ့သို့ သမ္မုတိဒေသနာ ပုဂ္ဂလကထာကိုပင် အကွက်ကျကျ ပြဆိုထားလေသည်။

(ဆ) အမှတ်၌ သခ်ါရလောကအရ အနိန္ဒြိယဗဒ္ဓ အဝိညာဏကတမျိုးတည်းကိုသာ ကောက်ယူထားသည်။

ပါဠိစာပေကမူ သခ်ါရလောကအရ ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓခေါ် သတ္တလောက သြကာသလောက ၂-မျိုးလုံးကို ကောက်ယူရမည်ဟု ပြဆိုထားသည်။

ဆုံးဖြတ်ချက်

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အမှတ် (၃) နိုင်ငံတော်သီးခြားဝိနည်းဓိုရိ အဖွဲ့ဝင်ဆရာတော်တို့သည် ကြောင်ပန်း ဝိဝါဒါဓိကရဏ်းနှင့် ပတ်သက်၍ နှစ်ဖက်သော စောဒက စုဒိတကတို့၏ အချက်ကြီး (၁၀) ချက်၊ အချက်ငယ် (၄၈) ချက်၊ဝိနည်းဓိုရိများ ခွဲခြားသုံးသပ်ထားသော အချက် (၅) ချက်၊ စုစုပေါင်း (၅၃) ချက်ပါ စောဒနာ သောဓနာတို့ကို—

> "ပါဠိ အဋ္ဌကထဥ္စေဝ၊ သာဓိပ္ပာယမသေသတော၁။
> သြဂယှ အပွမတ္တေန၊ ကရဏီဒယာ ဝိနိစ္ဆယော။"[1]

ဟူသော အဋ္ဌကထာ အနုသာသနီနှင့်အညီ ပါဠိတော်၊ အဋ္ဌကထာ ဋီကာတို့နှင့် မြန်မာဘာသာ ကျမ်းစာပေါင်းများစွာတို့လာ အနက်အဓိပ္ပာယ် အသွယ်သွယ်တို့နှင့် ၁၃၄၃-ခုနှစ် တပို့တဲ့လပြည့်ကျော် ၁၃-ရက် (၂၁-၂-၈၂) တနင်္ဂနွေနေ့မှ

၁။ဝိ ဋ္ဌ ၁၊၃၄၆။

http://www.dhammadownload.com

နှောင်းတန်ခူးလဆန်း ဂ-ရက် (၁-၄-ဂ၂) ကြာသပတေးနေ့အထိ ရက်ပေါင်း (၄၀) တိုင်တိုင် နေ့စဉ် နာရက်မထား ဆွမ်းစားချိန် စသည်မှလွဲ၍ နံနက် ၇-နာရီမှ ညနေ ၆-နာရီအထိ ကြည့်ရှုနှိုင်းညှိ သတိပညာ ကြီးစွာလုံ့လ ဥဿာဟ ဖြင့် နှိုင်းဆလေ့လာ၍ ကောင်းစွာသုံးသပ် အပ်ခဲ့ကြပေပြီ။

အဘယ့်ကြောင့် ဤမျှ အချိန်ယူ၍ လေ့လာ သုံးသပ်ကြရသနည်းဟူမူ-ကြောင်ပန်း၀ါဒဆိုင်ရာ စာအုပ်များစွာတွင် မူလပထမ ကြောင်ပန်းဆရာတော်ကြီး စီစဉ်ရေးသားခဲ့သည့် ကြောင်ပန်း ခြောက်စောင်တွဲကျမ်းမှာ များစွာ ကွယ်ဝှက် ခဲခက်ယှက်မြေး အဓိပ္ပာယ်ရှုပ်ထွေး၍ အရေးအသား အသွားအလာ အဆစ်အဖု အဖြာဖြာဖြင့် လွန်စွာအသိခက်သော ကျမ်းစာဖြစ်ပေသည်၊ အချို့နေရာတို့၌ ကျမ်းဆရာ၏ ဆိုလိုရင်းကိုပင် မသိနိုင်သည်အထိ ဖြစ်ကြရပေသည်၊ ဤသို့ ကျမ်းဆရာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုမျှ မရှင်းနိုင်က ယင်း အယူအဆ ၀ါဒရေးရာ စွဲပ်စွဲချက်အလာကို ကောင်းစွာ ဆုံးဖြတ်နိုင်မည်မဟုတ်ရာထို ကြောင်ပန်းခြောက်စောင်တွဲ ကျမ်းစာကိုပင် များစွာ အချိန်ယူ၍ ရှေနောက်ဆက်စပ် စကားရပ်တို့ကို မျက်ခြည်မပြတ် ဖတ်ရှုလျက် စောဒက စုဒိတက ဆရာတော်တို့၏တင်လွှာ ချေလွှာများနှင့် တိုက်ဆိုင်ကာ ပိုင်နိုင်အောင် စဉ်းစား၍ သုံးသပ်ချက်များကို ရေးသားရပေသည်။

> "ယော စ တုလံ၀ ပဂ္ဂယှတိ ယထာ ဟိ တုလံ ဂဟေတွာ ဥ့်တော အတိရေကံ စေ ဟောတိ၊ ဟရတိ။ ဦနံ စေ ဟောတိ၊ ပက္ခိပတိ။ ဧ၀-မေ၀ ယော အတိရေကံ ဟရန္တော ဝိယ ပါပံ ဟရတိ ပရိ၀ဇ္ဇေတိ ဦန-ကေ ပက္ခိပန္တော ဝိယ ကုသလံ ပရိပူရေတိ၊ ဧ၀ဥ္ဇ ပန ကရောန္တော သီလသမာဓိပညာဝိမုတ္တိဝိမုတ္တိဉာဏဒဿနသခ်ိတံ ၀ရံ ဥတ္တမမေ၀ အာဒါယ ပါပါနိ အကုသလကမ္မာနိ ပရိ၀ဇ္ဇေတိ။[၁]

"ခွါနှင့်ခွင်ကိုကိုင်သောသူသည် ပိုလျှံလျှင်ပယ်၍ မပြည့်လျှင်ဖြည့်ရသည်" ဟူသော အဋ္ဌကထာ ဥပမာစကားကဲ့သို့ ကြောင်ပန်းတောရဝါဒကို စစ်ဆေးရာ၌ ပိုဖျက်လိုစွက် အနက်အဓိပ္ပာယ်သိလွယ်အောင် ဖော်ပြ၍ ဆန္ဒ ဒေါသ ဘယ မောဟ ကင်းပကတိ လိုအပ်သော ပန်းတိုင်သို့ လှမ်းကိုင်နိုင်သည့်အထိ သတိပညာမေတ္တာကရုဏာတို့ဖြင့် ကောင်းစွာဆုံးသပ်၍ ဆုံးဖြတ်ရေးသားကြပေအံ့။

၁။ စောဒနာ သောဓနာ အမှတ်(၁)ပါ—

(က) အမှတ်၌ သမုဒ္ဒရာ အင်းအိုင်စသည်၌ ကျရောက်သော နေရိပ်, လရိပ်, အိမ်, ကျောင်း, တိုးဖျာစသည်ကို သမ္မုတိပညတ်သာ ဖြစ်ပါလျက် စိတ်

၁။ ဓမ္မပဒ ဋ္ဌ ၂၊၂၅၀။

http://www.dhammadownload.com

နာမ်ဟု စောဒကဆရာတော်များက ကောက်ယူကြ၏၊ ကျမ်းဆရာက "ယခု အခါ ဥပမာနှင့်တကွ နာမ်ကို ပြမည်ဟုဆိုထားသော စကားအရ စိတ် နာမ်ဟူ၍ လည်းကောင်း ၊ ပညတ်နာမ်ဟူ၍ လည်းကောင်း" မဆိုသေးသောကြောင့် ဤအမှတ် (၁) (က) သည် ဓမ္မသာဖြစ်သည်။

(ခ) အမှတ်၌ တုံ့ဖျာ စသော ပညတ်တို့မှာ စိတ်စေတသိက် နာမ်တရား မရှိသကဲ့သို့ သူငါစသော သတ္တဝါပညတ်မှာလည်း စိတ်စေတသိက်ဟူသော နာမ် တရားမရှိ၊ ပညတ်မှာ နာမ်တရားရှိ၏ဟုဆိုလျှင် ဒိဋ္ဌစေတသိက်ဟု ကျမ်းဆရာက ဆိုထားသောအရာဖြစ်၏၊ တဇ္ဇာပညတ်မှတပါး ပညတ်ဟူသမျှ၌ ပရမတ္ထတရား ထင်ရှားမရှိသောကြောင့် ဤအမှတ် (၁) (ခ) သည် ဓမ္မသာဖြစ်သည်။

(ဃ) (င) (စ)(ဌ) အမှတ်တို့နှင့် ကြောင်ပန်းတံခွန်ခေါ် တုံးနာမ် တိုင်နာမ် ဋီကာကျမ်းတို့၌ တုံ့,နေ့,ကြက်,ရေနံဆီ,ထန်းလျက်,ဦးခေါင်း,အရွှေ,အနောက်, တောင်,မြောက်,အောက်,အထက်,အနိမ့်,အမြင့်, အဝေး,အနီး, အသေး,အကြီး, လေးမြှောင့်,ရှစ်ထောင့်,နက်,တိမ်, တို့,ရှည်,ရှိ,မရှိ,သို့မသို့, ငုတ်တုတ်တို့ကို နာမ် ဟူ၍လည်းကောင်း စိတ်ဟူ၍လည်းကောင်း ဝိညာဏက္ခန္ဓာ ဟူ၍လည်းကောင်း ဖော်ပြထားလေသည်။

ယင်းအချက်တို့၌ တုံးအစရှိသော အရာဝတ္ထုတို့သည် နာမ်၊ ဝါ-တုံးသည် နာမ် နာမ်သည်တုံး စသည်ဖြင့် အာရုံနှင့် အာရမ္မဏိက မခွဲခြား, တသားတည်း ယူဆထားသော အယူအဆဖြစ်ပေသည်၊ အမှန်မှာ တုံးက အာရုံ၊ နာမ်က အာရမ္မဏိကအဖြစ်ဖြင့်သာ ဒေသနာနည်း, ဘာဝနာနည်းတို့၌ ဟောတော်မူ ထားသည်ဖြစ်သောကြောင့် အဓမ္မသာဖြစ်သည်။

(ည) အမှတ်၌—

လူဆိုတဲ့ အမည်က ဘာနာမ်လဲ
သမ္မုတိနာမ် ဖြစ်ပါသည်။
အဆင်းသဘောရဲ့အမည် ဝဏ္ဏက ဘာနာမ်လဲ
ပရမတ်နာမ် ဖြစ်ပါသည်။[၁]

ဤ (ည) အမှတ်မှာ ပါဠိကျမ်းဂန်များနှင့် ညီညွတ်သောကြောင့် ဓမ္မသာ ဖြစ်ပါသည်။

၂။ စောဒနာ သောဓနာ အမှတ် (၂) ပါ—

(က) အမှတ်၌ "သူငါကစ သက္ကာယဒိဋ္ဌိ ရှိရှိသမျှမှာ ဗုဒ္ဓဘာသာမဖြစ်၊ သရဏဂုံမတည်"ဟု ဖော်ပြထားသောစကားများသည် အရိယာဖြစ်မှ သရဏဂုံ

၁။ ကြောင်ပန်း ၃ စောင်တွဲ ၁၄၂-၃။

http://www.dhammadownload.com

တည်သည်ဟု ဆိုရာရောက်နေပေသည်၊အမှန်မှာ လောကီသရဏကို လောကုတ္တရာသရဏကုံဟူ၍ နှစ်မျိုးရှိသည်ကို ကျမ်းဆရာသတိမထားမိခြင်းကြောင့်–

အမှတ် (၂) စောဒနာ (က) စကားသည် ပါဠိစာပေနှင့် မညီညွတ်ရကား အဓမ္မသာဖြစ်သည်။

၃။ စောဒနာ သောဓနာအမှတ် (၃)ပါ—

(က) အမှတ်၌ "ကုသလကမ္မပထသခ်ါရကို ဗာလုဿုက္ကဟု ဆိုရမည်" ဟူသော ကျမ်းဆရာ၏စကားသည် ဝိဝဋ္ဋအရာဖြစ်၍ ဝဋ္ဋနိဿိတကို ကဲ့ရဲ့သော စကား ဖြစ်သောကြောင့် ဓမ္မသာဖြစ်သည်။

(ခ) အမှတ်၌ "လူကောင်း နတ်ကောင်း ဘဝကောင်းကို တောင့်တပြီးလျှင် ကုသလကမ္မပထတရား ပုညကိရိယာဆယ်ပါးကိုပြုမှုးသောသူများသည် မြတ်စွာဘုရား၏ ရန်သူ သူပုန်နှင့်တူကုန်၏"ဟူသော စကားဖြစ်၏၊ ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ နှစ်မျိုးတို့တွင် ဝဋ္ဋနိဿိတကုသိုလ်သည် ပင်မ မပြုမနေရ ကုသိုလ် ဖြစ်သော်လည်း ဝိဝဋ္ဋနိဿိတကုသိုလ်နှင့်စာလျှင် ယုတ်ညံ့နေသည်၊ အယုတ် အမြတ် ဤနှစ်ရပ်တွင် အမြတ်ကိုသာပြဆိုရာ ဌာနဖြစ်သောကြောင့် (ခ) အမှတ် ကျမ်းဆရာ၏စကားသည် ဓမ္မသာဖြစ်သည်။

(ဂ) အမှတ်၌ လောကီကုသိုလ် အကုသိုလ်ကံ နှစ်ဆယ့်ကိုးပါးကို ရှောင်ရှားနိုင်မှ သုံးဆယ့်တဘုံက လွတ်ကြမည် ဟူသော စကားဖြစ်၏၊ ကဏ္ဍကဏ္ဍဝိပါက စသော ကံလေးမျိုးတို့တွင် ရှေးကံသုံးမျိုးသည် စေတနာကံဖြစ်၏၊ ထို ကံသုံးမျိုး ရှောင်နိုင်အောင် စတုဋ္ဌမြောက်ကံအရ မဂ်ရအောင်သော်လည်းကောင်း လုပ်ရမည်၊ ထိုသို့မလုပ်နိုင်လျှင် ဝိဝဋ္ဋဂါမိနီပုဗ္ဗဘာဂမဂ်ဖြစ်အောင်သော် လည်းကောင်း လုပ်ရမည်၊ လောကီဗောဇ္ဈင် မဂ္ဂင်၌ပါဝင်သော သတိ ပညာ ဖြစ်အောင်သော်လည်းကောင်း လုပ်ရမည်ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် (ဂ) အမှတ်ပြစကားသည် ဓမ္မသာဖြစ်သည်။

၄။ စောဒနာ သောဓနာ အမှတ် (၄)ပါ–

(က) (ခ) အမှတ်တို့၌ "ထို့ကြောင့် ဒါန သီလ စသော ကုသိုလ်ကောင်းမှုပြုလျှင် ပုညကိရိယာချည်းပင်ဟု မထင်နှင့် မမှတ်နှင့်၊ ခုရော နောင်ပါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုညကိရိယာ ဆိုပါ"(ခြောက်စောင်တွဲ၊ နှာ-၁၃)ဟူသော စကားကို ရေးသားထားသည်။

http://www.dhammadownload.com

ထိုစကား၌ ဝဋ္ဋနိဿိတပုညကိရိယာကို ရည်ရွယ်၍ ဆိုပါသည်ဟု သောခနာလ္ဘာတင် ဆရာတော်များက အဆိုပြုသည့်အတိုင်း ဝဋ္ဋနိဿိတစကားကို ထည့်သွင်း ပြင်ဆင်လိုက်သည်ရှိသော် "ထို့ကြောင့် ဒါန သီလ စသော ကုသိုလ်ကောင်းမှုပြုလျှင် ဝဋ္ဋနိဿိတ ပုညကိရိယာချည်းပင်ဟု မထင်နှင့် မမှတ်နှင့်" ဟူသော စကားဝါကျ ဖြစ်လာသည်၊ ထိုစကားဖြင့် "ခုရော နောင်ခါ ကောင်းအောင်သာဟု သမုဒယသစ္စာ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုညကိရိယာ ဆိုပါ" ဟူသော စကား၌ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုမှ ပုညကိရိယာ ဆိုပါ ဆိုသောစကား ပျက်ယွင်းမသွားပေ၊ဆိုလိုရင်းမှာ ပုညကိရိယာ ဆိုသည်မှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုသော ကုသိုလ်မျိုး ဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

စုဒိတက ဆရာတော်များ အလိုအတိုင်း၊ ဝဋ္ဋနိဿိတ စကားထည့်လျှင်လည်း ဝဋ္ဋနိဿိတပုညကိရိယာမှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခု ကုသိုလ်မျိုးသာ ဖြစ်သည်ဟု အဓိပ္ပာယ်ရနေသည်၊ အမှန်မှာ ဝဋ္ဋနိဿိတကုသိုလ်မျိုး၌ အမိအဖတို့က သားသမီးတို့ကို သားသမီးတို့က အမိအဖတို့ကို အမှတ်တမဲ့ ဉာဏ်မပါပဲပြုသော ကုသိုလ်မျိုးသည် စကြဝဠတေးမင်း စည်းစိမ်အထိ အကျိုးပေးသည်ဟူသော (ဒီ ဋ္ဌ ၃၊၃၂) အရလည်းကောင်း အမိအဖတို့က တိုက်တွန်းသဖြင့် ကလေးသူငယ်တို့၏ ဦးချရှိခိုးခြင်းကုသိုလ်မျိုးသည် (သီ ဋ္ဌီ သစ်၊ ၂၊၁၇၉) အရလည်းကောင်း မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ဝဋ္ဋနိဿိတကုသိုလ်မျိုးဖြစ်သည်။

ကံ ကံ၏အကျိုးရှိသည်ဟု ယုံကြည်၍ပြုသောဉာဏ်သည် ကမ္မဿကတဉာဏ်မည်၏ ဟူသော (အဘိ ဋ္ဌ ၂၊၃၉၇) စကားအရ ထိုဉာဏ်သည် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝဋ္ဋနိဿိတကုသိုလ်မည်၏။

ဤသို့ ဝဋ္ဋနိဿိတပုညကိရိယာဝတ္ထုမှာပင် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် နှစ်မျိုးရှိသည်ဟု အဋ္ဌကထာ ဋီကာများက ဆိုသောကြောင့် "ထို့ကြောင့် ဒါန, သီလစသော ကုသိုလ်ကောင်းမှုပြုလျှင်။ပ။ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ်မှသာ ပုညကိရိယာဆိုပါ" ဟူသော ခြောက်စောင်တွဲဆရာ၏ စကားသည် အဓမ္မသာဖြစ်သည်။

ထို(က)၌ပါသော "ကုသလကမ္မပထကုသိုလ် ဝဋ္ဋနိဿိတကုသိုလ် ပုညာဘိသင်္ခါရကုသိုလ် ဉာဏဝိပ္ပယုတ်ကုသိုလ် စသည်တို့မှာ အတူတူသာမှတ်ပါ" ဟူသောစကားသည် သံသရာဝဋ်၌ လည်စေခြင်းတူသောကြောင့်လည်းကောင်း

.http://www.dhammadownload.com

(ခ) အမှတ်၌ပါဓသာ "ပါရမီကုသိုလ် မဂ်ကုသိုလ် (ပုဗ္ဗဘာဂပဋိပဒါ ဝိပဿနာဟူသော မဂ်ကုသိုလ်) ဝိဝဋ္ဋကုသိုလ် ဉာဏသမ္ပယုတ်ကုသိုလ် စသည်တို့မှာ အတူတူသာမှတ်ပါ" ဟူသောစကားသည် ဝိဝဋ္ဋသို့ ရောက်စေခြင်းတူသောကြောင့်လည်းကောင်း ထိုစကားနှစ်ရပ်တို့သည် ဓမ္မသာဖြစ်သည်။

(ဂ) အမှတ်၌ "မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှ ကုသလ ကမ္မပထတရား ဆယ်ပါးကို သာသနာတော်အခါမျှား၌ ကောင်းသော တရားဟု ပြောမှားဟောမှား ပြုကျင့်မှားသောသူမျှားသည် သာသနာပ လူမျှား အပါယ်ဘုံသား ခွေးဝက်ကျဲနွားမျှားနှင့် အလားတူ ဆုယူမှားကြောင်းကို ကတမာစ ဘိက္ခဝေ မိစ္ဆာ ပဋိပဒါ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် သိယုတ်ပါဠိတော်၌ ဟောတော်မူ၏ "(ခြောက်စောင်တွဲ၊နှာ။၁၉) ဟူသော စကားကို ထုတ်ပြ၍ စောဒနာတင်သောစကား ဖြစ်သည်။

ဝိဝဋ္ဋအဖြစ်သို့ ရောက်အောင် ရေးသားထားသော အဆုဌာနဖြစ်သော ကြောင့်လည်းကောင်း အကောင်းထဲတွင် ပို၍ ကောင်းသည်ကိုသာ ဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်ပါသည် ဟူသော စောဒနာတော်တို့၏အရေး အသားကိုတွေ့မြင်ရသောကြောင့် လည်းကောင်း၊

အထူးသဖြင့် အဘိဓမ္မာပိဋကတ် ဓမ္မသင်္ဂဏိပါဠိတော်၌ပင် အယုတ်၊ အလတ်၊ အမြတ် ခွဲခြားရာ၌ လောကီကုသိုလ်တရားတို့ကို ဟီနဟူသောစကား ဖြင့် သုံးနှုန်းထားသောကြောင့်လည်းကောင်း၊

(ဂ) အမှတ်ပါ ခြောက်စောင်တွဲဆရာ၏ စကားသည် ဓမ္မသာဖြစ်သည်။

၅။ စောဒနာ သောဓနာ အမှတ်(၅)ပါ–

(ခ) အမှတ်၌ "အဘိဓမ္မာနည်းအားဖြင့်သာ အာရုံပြု၍ လှုံ့အပ်သော ဒါနသည်သာလျှင် အမွန်ဆုံး အမြတ်ဆုံးဖြစ်သည်ဟု ကျမ်းပြုဆရာကြီးတို့ဆိုကြကုန်၏" ဟူသော ဝိဝဋ္ဋဒါနဒီပနီ(၂၂) ကျမ်းဆရာက ဝဒန္တိဝါဒကို ထုတ်ပြထားလေသည်။

မျက်မှောက်မှာပင် လက္ခဏာယာဉ်သုံးပါးကိုဝိပဿနာဉာဏ်ဖြင့် ထင်မြင်နိုင်သောကြောင့် အဆိုပါ ဝိဝဋ္ဋဒါန ဒီပနီကျမ်းဆရာ၏ ဝဒန္တိဝါဒစကားသည် ဓမ္မသာဖြစ်သည်။

၆။ စောဒနာ သောဓနာအမှတ်(၆)ပါ၊

(ခ) အမှတ်၌ "တကယ်ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ် သိမြင်လျှင် ဘယ်အနိစ္စ, ဒုက္ခ, ဘယ်အနတ္တဟု ရှုဖွယ်ရာမရှိ တကယ်ပြီးစီးပါ၏၊

http://www.dhammadownload.com .

ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု တခမ်းတနားအခြားလုပ်ဖွယ်မရှိ အကုန်လုံး ပြီးစီးပါ၏"စသော စကားကို ခြောက်စောင်တဲ့ဆရာဆိုထားသောအရာဖြစ်၏။

ပုဂ္ဂိုလ်လေးမျိုးတို့တွင် ဥဂ္ဃဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်အတွက်မှာ ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရား တခမ်းတနားလုပ်၍ အားထုတ်ဖွယ်မရှိဟု ဆိုနိုင်သော်လည်း ယခုဘဝတွင် တမဂ်တဖိုလ်ရအောင် အားထုတ်ရမည့် နေယျပုဂ္ဂိုလ်အတွက်မှာမူ ရထဝိနီတသုတ်လာသည့်အတိုင်း ဝိသုဒ္ဓိခုနစ်ပါးကို တခမ်းတနားလုပ်၍ အားထုတ်ရမည်ဖြစ်သောကြောင့် ဖော်ပြပြီး ခြောက်စောင်တဲ့ဆရာ၏ စကားမှာ ပါဠိစာပေနှင့် မလျော်ညီသောကြောင့် အဓမ္မသာ ဖြစ်သည်။

အထက်ပါစကားနှင့်ဆက်၍ ရေးသားထားသော "ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသောသဘောကို ဘယ်လိုပင်မြင်မြင် ဘယ်ဟာမမြဲဟုရှုလျှင် မဟုတ်သောနည်း၊ မမှန်သောနည်း၊ ဒီဋ္ဌိပြုတ်နှင့်အဝေးကြီး၊ ဟုတ်မှန်သောနည်းမှာ ထိုမမြဲတဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင် သောတာပန်ဟုပင် မှတ်ပါ"ဟူသော ခြောက်စောင်တဲ့ဆရာ၏ စကားသည် ထိုစကား၏ ရှေ့၌ပါသော "သဏ္ဌာန် နိမိတ် အရိပ်အသွင်နှင့် ပြောစရာ ပြစရာရောတည့်မတည်၊ သည်ဟာဟု ဟိုဟာဟု တခုခုနိမိတ်နှင့် အရိပ်သွင်ဟန် ထင်ခဲ့ပြန်လျှင် ပညတ်ခံလာပြီဟုသာမှတ်ပါ"ဟူသောခြောက်စောင်တဲ့ဆရာ၏ စကားနှင့် ဆက်စပ်၍ ဖတ်လျှင် ပညတ်ကိုဆိုလိုကြောင်း ထင်ရှားသည်ဖြစ်သောကြောင့် အဆိုပါစကား ဝါကျသည် ဓမ္မသာဖြစ်သည်။

စောဒနာ သောဓနာ အမှတ် (၆) ပါ

(ဂ) (ဃ) **အမှတ်တို့၌** "ဤကဲ့သို့စာပေကိုကြည့်၍ **သော်လည်းကောင်း** သူတပါးဟောသောတရားကို ကြား၍**သော်လည်းကောင်း** မိမိစိတ်ထဲ၌ ခိုင်ခန့်သိလျှင် သောတာပန်ဟုသာမှတ်ပါ"

ဟူသောခြောက်စောင်တဲ့ ဆရာ၏စကားသည် စောဒနာအမှတ် (၆) ပို့ဒ်ခွဲ (ခ)၌ လာသောနည်းအတိုင်း ရှုပ်ဓာတ်နာမ်ဓာတ်ကို လက္ခဏာယာဉ်သုံးပါးဖြင့် တကယ်သိသာအောင် လုပ်ခဲ့လျှင် အရိယာစခန်းသို့ တက်လှမ်းနိုင်သည်ဖြစ်သောကြောင့် ဓမ္မသာဖြစ်သည်။

၇။ စောဒနာ သောဓနာအမှတ် (၇) ပါ

(က) (ခ) (ဂ) **အမှတ်တို့၌** လဟာပြင်ကြီးအတိသာ သြကာသလောကမည်သည်ဟု ကျမ်းဆရာက ပြဆိုထားသည်။

http://www.dhammadownload.com

ထိုဧကားမှာ အနိန္ဒြိယပဒ္ဓဖြစ်သော ဥတုဇအဋ္ဌကလာပ်ရှပ်တို့၏ အပေါင်းအစည်ဖြစ်သည့် တော, တောင်, ရေ, မြေ အစရှိသော အရုပဝတ္ထုများသည် သြကာသလောကမည်၏ဟု ဆိုထားသောအဋ္ဌကထာ ဋီကာများနှင့်လည်း ကောင်း ထိုအဋ္ဌကထာ ဋီကာဧကားများအတိုင်း ရေးသားထားသော သုံးလောကဒီပနီ၊ နှာ-၂၆၀၊ လာ ခြောက်စောင်တဲ့ကျမ်းဆရာ ကိုယ်တိုင်ရေးသားထားသော စကားများနှင့်လည်းကောင်း ဆန့်ကျင်နေသည် ဖြစ်သောကြောင့် စောဒနာ သောဓနာအမှတ် (၇) ပါ (က) (ခ) (ဂ) အမှတ်ပါစကားရပ်များသည် အဓမ္မသာဖြစ်သည်။

(ဃ) အမှတ်၌လိုရင်းစကား သြကာသလောကထဲမှာ ထာဝစဉ် ထာဝရ အနိစ္စဓာတ်နည်းများ မရှိအပ်သော ပရမတ်တရား ထင်ရှားရှိ၏ဟုသိအပ်သည်မှာ "ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ(ဗြဟ္မ နိမန္တနသုတ်ပါဠိတော်) (ခြောက်စောင်တဲ့၊ နှာ–၂၅၂) ဟူသောကျမ်းဆရာ၏ စကားကိုပြ၍ ကောင်းကင်ထဲမှာ နိဗ္ဗာန်ရှိသည့် ကောင်းကင်ဘုံ နိဗ္ဗာန်ဝါဒဟု စောဒက ဆရာတော်များက စွဲချက်တင်တော် မူကြသောအရာဖြစ်သည်။

ထို့နောက်၌ ကျမ်းဆရာက ဝိညာဏံ စသည်ကို အနိစ္စဓာတ် သခ်ၤတပရမတ် ရအောင် အနက်ပေးပြထားသည်၊ ဝိညာဏံ အနိဒဿနံ နှစ်ပုဒ်အရ အသခ်ၤတ ပရမတ် နိဗ္ဗာန်ကိုသာရ၍ အနိစ္စဓာတ် သခ်ၤတပရမတ်များကို မရဟု အဋ္ဌကထာ ဆရာက ဆိုထားသောကြောင့် စောဒနာ သောဓနာအမှတ် (၇) (ဃ) ပါ စကားသည် အဓမ္မသာဖြစ်သည်။

(ဆ) အမှတ်၌ ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ ဟူသောဗြဟ္မ-နိမန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည်၊ အနက်လွဲယိုပြီ။

ဤအရုပမှာ သတ္တ ပဂ္ဂလ အတ္တ ဇီဝနှင့်မရောမဖက် အပြောခက်သက်သက်မျှသော သဘောတရားက ဤကားမြို့၏၊ဤကားမမြို့ အနဲနဲစသော သိမှတ်ကြံဖန်နာမ်ဓာတ်ဟူသောအမူအရာ ကိရိယာထူးမျှ ပရမတ္ထသဘောကို ဝိညာဏံဟူသော ပုဒ်က ဟောသည် (ခြောက်စောင်တဲ့၊ နှာ-၁၆၇)ဟူသော စကားကို ထုတ်ပြ၍ စောဒကဆရာတော်များက ဝိညာဏ်နိဗ္ဗာန်ဝါဒဖြစ်ကြောင်း စောဒနာတင်သော အရာဖြစ်သည်၊ အမှန်မှာ စောဒကဆရာတော်တို့ဆိုတိုင်း ဝိညာဏ် နိဗ္ဗာန်ဝါဒကို ပြသော စကားမဟုတ်၊ ကျမ်းဆရာအလိုက ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ ဟူသော စကားတမျိုးတည်းဖြင့် သခ်ၤတ အသခ်ၤတတရားနှစ်မျိုး ရှုနိုင်ပုံကို ကျမ်းဆရာနှင့် စုဒိတကဆရာတော်များက ပြဆိုထားသော စကား ဖြစ်သည်။

http://www.dhammadownload.com

ထိုသို့ ပြဆိုထားသော်လည်း ဝိညာဏ် အနိဒဿနံ ဟူသော နှစ်ပုဒ်အရ သခ်ိတ အသခ်ိတနှစ်မျိုးလုံးကို မကောက်ယူရ အသခ်ိတနိဗ္ဗာန်တမျိုးတည်းကိုသာ ကောက်ယူရမည်ဟု ဆိုထားသော အဏ္ဍဖြစ်သောကြောင့် စောဒနာသောဓနာအမှတ်(၇) (ဆ) အမှတ်ပါ စကားသည် အဓမ္မသာ ဖြစ်သည်။


(၈)အမှတ်၌ နိဗ္ဗာန်ကို ဂေါစရဇ္ဈတ္တဟု ကြောင်ပန်း ဟောပုံကျမ်းတွင် ဆိုသည်၊ ဓမ္မသင်္ဂဏီပါဠိတော် (၂၃၃)၌ ဗဟိဒ္ဓဟု တိုက်ရိုက် ဟောထားသည်။

အကောင်းဆုံး လေးသမားက ပစ်လွှတ်လိုက်သောမြား၏ လျင်မြန်နှုန်းသည် မြေပြင်၌ ရွေ့လျားနေသော ထန်းပင်ရိပ်ကို တခဏလောက်မျှဖြင့် ကျော်လွန်သွားနိုင်သည့်လျင်မြန်နှုန်းရှိသည်၊ ထိုလျင်မြန်နှုန်းဖြင့် တန်ခိုးရှင် ဆောဟိတဿ ရသေ့သည် စားချိန် အိပ်ချိန် ကျင်ကြီး ကျင်ငယ်စွန့်ချိန်မှတပါး နှစ်ပေါင်းတရာ တိုင်တိုင် အရွေ့စကြဝဠာနခမ်းမှ အနောက်စကြဝဠာနခမ်းသို့လည်းကောင်း၊ ထိုမှ အခြား စကြဝဠာနခမ်းသို့လည်းကောင်း သွားလာလှည့်လည်လျက် လောက၏အဆုံးကို ရှာခဲ့သည်မှန်သော်လည်း လောက၏အဆုံးသို့ မရောက်ရှိခဲ့ဟူသော အဋ္ဌုပ္ပတ္တိက ပုစ္ဆာဝသိက သုတ္တနိက္ခေပဖြင့် ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ အစရှိသော စကားများပါဝင်သည့် ဆောဟိတဿသုတ်ကို မြတ်စွာဘုရားဟောတော်မူသည်။

ထိုသုတ်၌ နတ်သားက သူ၏ ရွေးဘဝ ဆောဟိတဿ ရသေ့ဖြစ်စဉ်တုန်းက ဩကာသလောက၏ အဆုံးကို ရှာခဲ့ပူးသော်လည်း မတွေ့ရှိခဲ့ကြောင်း ဩကာသလောက၏ အဆုံးကား အဘယ်ပါနည်းဟု မေးလျှောက်သောအခါ ဩကာသလောက၏အဆုံးကို ရှာနေခြင်းဖြင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်မည်မဟုတ်၊ သခ်ိရလောက၏ အဆုံးကို ရှာမှ ဝဋ်ဆင်းရဲမှ ထွက်မြောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် နိဗ္ဗာန်သည် အမှန်စင်စစ် ကိုယ်ခန္ဓာ၏ အပမှာရှိ၍ ဗဟိဒ္ဓသာဖြစ်သော်လည်း နိဗ္ဗာန်သည် ဗဟိဒ္ဓခန္ဓာကိုယ်၏ အပမှာရှိသည်ဟု ဟောကြားတော်မူလျှင် ထိုဆောဟိတဿနတ်သားသည် တဖန်ထပ်၍ ခန္ဓာကိုယ်အပြင်ပ၌ နိဗ္ဗာန်ကို ရှာဖွေနေပေလိမ့်ဦးမည်။

ထို အကြောင်းကြောင့် နိဗ္ဗာန်သည် ခန္ဓာကိုယ်ထဲမှာ ရှိ၏ဟု ဥပစာအားဖြင့် ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်၊ ထိုသို့ ဥပစာအားဖြင့် ဟောတော်မူသည်ကို အဋ္ဌကထာ ဋီကာဆရာများက ရွှေနလိုက်သောအားဖြင့် "ဂေါစရဇ္ဈတ္တ" ဟု သုံးနှုန်းထားသည်မှန်သော်လည်း ဗဟိဒ္ဓါ ဓမ္မာဟူသော ပုဒ်၏အရ နိဗ္ဗာန်ကို ကောက်ယူထားသော ဓမ္မသင်္ဂဏီ အာဘိဓမ္မာပါဠိတော်၏စကားကိုသာ အလေးအနက်ထား၍ နိဗ္ဗာန်ကို ဗဟိဒ္ဓဟု အမြဲတမ်း သုံးနှုန်းရပေမည်။

http://www.dhammadownload.com



စုဒိတက ဦးသုန္ဒရ အဓမ္မဝါဒစွန့်လွှတ်ကြောင်း
လက်မှတ်ရေးထိုးနေပုံ



စုဒိတက ဦးနန္ဒိယ (၂) အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
လက်မှတ်ရေးထိုးနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com

ထို့ကြောင့် (၈) အမှတ်ပါ ဟောပုံကျမ်းဆရာ၏ နိဗ္ဗာန်ကို ဂေါစရဇ္ဈတ္တဟု ဆိုသော စကားသည် အစမွှသာဖြစ်သည်။

ဂ။ စောဒနာ သောဓနာအမှတ် (ဂ)ပါ

(က) အမှတ်၌ "နိဗ္ဗာန်ကိုရသည်မရသည်အတွက်နှင့် ခန္ဓာငါးပါး သဘာဝ တရားက လျော့ခြင်း နည်းခြင်း တိုးခြင်း ဆုတ်ခြင်းမရှိ၊ ခန္ဓာငါးပါးက ခန္ဓာ ငါးပါးအတိုင်းရှိနေသည်" (သုံးစောင်တွဲ စတုသစ္စပကာသနီ၊ နှာ—၈၃) ဟူသော စကားကို စောဒကဆရာတော်များက ထုတ်ပြ၍ ခန္ဓာငါးပါး ရုပ်နာမ် တရား မြဲသည် သဿကဖြစ်သည်ဟု အပြစ်ပြ၍ စောဒနာတင်ထားသော အရာ ဖြစ်သည်။

ဤအရာ၌ ရှေ့စကားနောက်စကားတို့ကို ထောက်ဆလိုက်သော် ပုဂ္ဂလ ဓိဋ္ဌာန် ဖြစ်သော သတ္တဝါတို့၏ လျော့နည် မူစသည်ကိုမလို၊ ဓမ္မဓိဋ္ဌာန်ဖြစ်သော ခန္ဓာတရားတို့ကိုသာ လိုကြောင်း ပေါ်လွင်ထင်ရှားသည် ဖြစ်သောကြောင့် စောဒကဆရာတော်များ အပြစ်တင်သည့်အတိုင်း သဿတဝါဒ မဖြစ်၊ ပါဠိစာပေ နှင့် လျော်သောကြောင့် ဓမ္မသာဖြစ်သည်။

(ခ) အမှတ်၌ "နိဗ္ဗာန်သို့ရောက်သောကာလ သတ္တဝါ ပြတ်၏၊ နောက်ထဖန် ပြန်၍ သတ္တဝါမဖြစ်ပြီဟု သိမြင်ယူမှားမှုသည် ဥစ္ဆေဒဒိဋ္ဌိအယူမှားတည်း" (ဗုဒ္ဓ ဘာသာဒီပနီ၊ နှာ – ၁၈) ဟူသောကျမ်းဆရာ၏ စကားကိုထုတ်ပြ၍ ဘုရားရှင် ကိုပါ ဥစ္ဆေဒဒိဋ္ဌိသမားဟု စွပ်စွဲရာ ရောက်ခြင်း စောဒကဆရာတော်တို့က တင်ပြထားသော အရာဖြစ်သည်။

တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ငါ သူတပါး ယောကျ်ား မိန်းမ သတ္တဝါဟု စွဲယူ၍ သတ္တဝါပြတ်၏၊ နောက်ထဖန်သတ္တဝါမဖြစ်ဟု ယူဆခဲ့လျှင် အမှန်ပင် ဥစ္ဆေဒ ဒိဋ္ဌိအယူဖြစ်ကြောင်း ပါဠိကျမ်းဂန်များ၌ ပြဆိုထားပြီးဖြစ်သောကြောင့် ဗုဒ္ဓ ဘာသာဒီပနီကျမ်းဆရာ၏ အဆိုပါစကားသည် ဓမ္မသာဖြစ်သည်။

(ဂ) အမှတ်၌ "သတ္တောကာသ သခ်ါရအားဖြင့် လောကသုံးပါးတို့တွင် သဝိညာဏက, အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒ် ဌိ ဘင် ဖြစ်ပျက်စဉ်သခ်ါရတို့သည် ပရမတ္ထသဘာဝဟူသောအကြောင်းကြောင့် အဆုံး လည်းမရ အစလည်းမရှိ နိယ မအားဖြင့် မသုဉ်းကောင်း မဆိတ်ကောင်းသော သဘောရှိကုန်၏" (သဘာဝဒီပနီ၊ နှာ – ၁၅၁) ဟူသော ကျမ်းဆရာ၏ စကား ကို ထုတ်ပြ၍ စောဒက ဆရာတော်တို့က ခန္ဓာငါးပါးရုပ်နာမ်တရား အမြဲတည် သည်ဟု စောဒနာတင်သော စကားကို ဖော်ပြထားသော ဌာနဖြစ်သည်။

http://www.dhammadownload.com

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ရုပ်ဝိထိစဉ်အားဖြင့်လည်းကောင်း နာမ်ဝိထိစဉ်အားဖြင့်လည်းကောင်း ဖြစ်လိုက် ပျက်လိုက်နှင့် အစဉ်အတန်းကြီးဖြစ်နေ ပျက်နေကြသည်ကို ကျမ်းဆရာဆိုလိုသည် ဖြစ်သောကြောင့် (ဂ)အမှတ်သည်ထည်း ဓမ္မသာဖြစ်သည်။

(ဃ) အမှတ်၌ ဘယ်ဟာတစိမျှ မရှိမမြင်သော ကောင်းကင်ကိုသာ သတ္တဝါခေါ်သည် ငါခေါ်သည် ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည် (ခြောက်စောင်တွဲ၊ နှာ-၁၆၇) ကောင်းကင်သည်သတ္တဝါ ကောင်းကင်သည်ငါ ကောင်းကင်သည်ကိုယ်ဟု ကျမ်းဆရာက ဆိုလိုကြောင်း စောဒကဆရာတော်များက စောဒနာတင်သွင်းခဲ့သော အရာဖြစ်သည်။

စုဒိတကဆရာတော်များက ကောင်းကင်ကိုသာ သတ္တဝါခေါ်သည်ဟူသော စာပိုဒ်သည် စာပုံနှိပ်တိုက် စာပြင်ဆရာတို့၏ ချို့ယွင်းမှုသာ ဖြစ်ပါသည်၊ အမှန်မှာ ကောင်းကင်လိုသာ သတ္တဝါခေါ်သည်ဟု ရေးလိုရင်းဖြစ်ကြောင်း စုဒိတကဆရာတော်များက သောဓနာပြုသွားကြသည်၊ ကောင်းကင်လို သတ္တဝါခေါ်ရသည် (သတ္တဝါသည် ကောင်းကင်ကဲ့သို့သာဖြစ်သည်) ဟူသော ပြင်ဆင်ချက်အတိုင်း ဆိုသော် သခါရုပ သခါရေ ဝိပဿန္တိစသော (ဝိသုဒ္ဓိ ၂၊ ၂၆၃) နှင့်အညီ ကောင်းကင်မှာ ဘာမျှမရှိသကဲ့သို့ သတ္တဝါမှာ ဘာမျှမရှိ၊ ငါမှာဘာမျှမရှိ၊ ကိုယ်မှာဘာမျှမရှိဟု အဓိပ္ပါယ် သက်ရောက်သောကြောင့် (ဃ) အမှတ်ရှေပိုင်းဖြင်သော ကျမ်းဆရာ၏ စကားသည် ဓမ္မသာဖြစ်သည်။

(ဃ) အမှတ် နောက်ပိုင်း၌ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ” (မ ၁၊၄၀၅) ကိုထုတ်ပြု၍ ကောင်းကင်ကို သတ္တဝါခေါ်ကြောင်း ငါခေါ်ကြောင်း ကိုယ်ခေါ်ကြောင်း (စောဒနာအကျယ်၊ ဂ/၇) ဟုဆို၍ အပြစ်တင်သော အရာဖြစ်သည်၊ ထိုစကားသည် အမှတ်(၇) (ဆ) နှင့်အတူတူဖြစ်၍ အမှတ်(၇) (ဃ) ပါစကားသည် အနိစ္စခေတ်သခ်ိတပရမတ်ကို ပြသောစကားဖြစ်သည်၊ အမှတ်(၇) (ဆ) နှင့် အမှတ် (ဂ) (ဏ) နောက်ပိုင်းပါ ဝိညာဏံစသော စကားတို့သည် နုံပါတ်တူဖြစ်ကြ၍ သခ်ိတ အသခ်ိတ နှစ်မျိုးလုံးကို ပြသောစကားများဖြစ်ကြ၏၊ ဤသို့အရတူပါလျက် စောဒကဆရာတော်များသည် အမှတ် (ဂ)အမှတ်(၇) တို့၌ တမျိုးစီရေး၍ စောဒနာတင်ကြခြင်းဖြစ်သည်။

ဤ၌ စောဒနာလွှာတင် စုဒိတကဆရာတော်များကလည်း ဂိဂ္ဂဟပျားပြု၍ သခ်ိတ အသခ်ိတ နှစ်မျိုးရကြောင်း(မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ နှာ ၄၆၄)ပါစကားရပ်များကို ကိုးကား၍ သောဓနာလွှာ တင်ကြပါသေးသည်၊ ဗဟုသုတဖြစ်ဖွယ်ရှိဆော်လည်း “ပဒဒ္ဓယေနပိ နိဗ္ဗာနမေဝ ဝုတ္တံ”(မ ၄ ၂၊၃၉၁)နှင့်အညီ ဝိညာဏံ

http://www.dhammadownload.com

နှင့် အနိဒ္ဓသနံ ပုဒ်အရ နိဗ္ဗာန်ကိုသာ ယူရသည် ဖြစ်သောကြောင့် စောဒနာသောဓနာ အမှတ် (ဂ) (ဃ) နောက်ပိုင်းစကားသည် အမှာ်(၇) ပါ (ဃ) (ဆ) တို့ကဲ့သို့ **အဓမ္မသို့သာသက်ဝင်ကျရောက်လေသည်။**

၉။ စောဒနာ သောဓနာအမှတ် (၉) ပါ

(ခ) အမှတ်၌ "သညာက္ခန္ဓာဆိုသည်**ကား** ကုသိုလ် အကုသိုလ်နှစ်ပါး၌ပင် ကြားမြင်ကြဲသိသမျှ အစစ၌ ကျမ်းကျင်မှတ်မိ တတ်သိလိမ္မာခြင်းကို သညာဆိုသည် စသည်ဖြင့် မုဆိုး တံငါတို့၏အလိမ္မာ ကျား၏အသိ ကြောင်၏အသိ အစရှိသည်တို့၏ အလိမ္မာမှစ၍ သမ္မာသမ္မုဒ္ဓ ဘုရားတို့၏ သညာတော်မှာ လေးသင်္ချေနှင့်ကမ္ဘာဘသိန်း စသည်ဖြင့် မှတ်မိသိမြင်တော်မူသမျှ သညာဆိုသည်" (ခြောက်စောင်တွဲ၊ နှာ–၂၀၃၊၄) ဟူသော စကားကို ထုတ်ပြ၍ ဉာဏ်တော်ကို သညာဟုကောက်ယူကြောင်း **စောဒကဆရာတော်တို့က** ဖော်ပြ **စောဒနာကြသော** အရာဖြစ်သည်။

အမှန်မှာ– ပုဗ္ဗေနိဝါသဉာဏ်တော်ကို သညာဆိုသည်မဟုတ်၊ ပုဗ္ဗေနိဝါသဉာဏ်းတော်နှင့်ယှဉ်သော သညာ၏ အစွမ်းသတ္တိကိုသာ ပြဆိုခြင်းဖြစ်သော ကြောင့် စောဒကဆရာတော်တို့ တင်ပြထားသည့်အတိုင်း မြတ်စွာဘုရား၏ ဗောဓိဉာဏ်တော်ကိုစွပ်စွဲသော အဗ္ဘာစိက္ခန အဓမ္မဝါဒအဖြစ်သို့ မရောက်၊ **ဓမ္မသို့သာ သက်ဝင်ရောက်ရှိသွားလေသည်။**

၁၀။ စောဒနာ သောဓနာအမှတ်(၁၀)ပါ

(က) အမှတ်၌"နိဗ္ဗာနံ ပတ္တော်တွာဟူသော အဋ္ဌကထာ၏ သဘောကား နိဗ္ဗာန်ကိုရပါလို၏ ဘုရားဟု ပါးစပ်စကားဖြင့်ဆိုသည် မဟုတ်။ပ။သစ္စာလေးပါး ကို ပိုင်းခြား၍ သိမြင်မှသာ နိဗ္ဗာန်ကိုတောင်းရာကျသည်"(ခြောက်စောင်တွဲ ဝိဝဋ္ဋဒီပနီ၊နှာ–၂၈)စာပိုဒ်ကိုထုတ်ပြ၍ မာယာသာဌေယျ အဓမ္မဝါဒအဖြစ်ဖြင့် **စောဒကဆရာတော်တို့က** စောဒနာတင်ပြသော အရာဖြစ်သည်။

ယင်း ကျမ်းဆရာ၏စကား၌ သစ္စာလေးပါးကို ပိုင်းခြား၍သိမှ နိဗ္ဗာန်ကို တောင်းရာကျသည်ဟူသော စကားသည် သစ္စာလေးပါးတရားကို မသိလျှင် ဆုမတောင်းကောင်း ဆုတောင်းရာမရောက်ဟု အဓိပ္ပါယ်ရရှိလေသည်၊ **အမှန်** မှာ–ဆဒ္ဒန်ဆင်မင်း, ကောသလဘုရင်၏ **သမီး**တော် သုမနာ၏ အတိတ်ဘဝ ဆုတောင်းတို့ကို ထောက်ထားလျှင် သစ္စာလေးပါးတရားကို မသိသော်လည်း နိဗ္ဗာနံ ပတ္တော်တွာ မှစ၍ မိမိလိုချင်ကိုဆုတောင်းကောင်းကြောင်း **ဆုတောင်းရာ** ကျကြောင်း တွေ့မြင်ရသည် ဖြစ်သောကြောင့် အမှတ်(၁၀)(က) အမှတ်ပါ **ကျမ်းဆရာ၏ စကားသည် အဓမ္မသာဖြစ်သည်။**

http://www.dhammadownload.com

(ခ) အမှတ်၌"အကုသိုလ်ဆယ်ပါး၊ ပုညကိရိယာဆယ်ပါး၊ သာသနာပတရား တို့သည် ဘုရား၏ရန်သူ အစစ်ကေန်ဖြစ်၏။ပ။ ထို့ကြောင့် နိဗ္ဗာန်ကိုဆုတောင်းသော သူတော်ကောင်းတို့အား ထိုကံနှစ်ဆယ့်ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆယ့်တစ်ဂ ကွာကြမည်၊ ထိုဘုံသုံးဆယ့်တစ်၌ မဖြစ်သည်ကို နိဗ္ဗာန်ဆိုသည်"(ခြောက်စောင်တွဲ၊ နှာ–၈၊၉)ဟူသောစကားကို ထုတ်ပြ၍ ဝိပဿနာတရား အားထုတ်ခြင်းသည် ဘာဝနာမယ ပုညကိရိယာထဲတွင် ပါဝင်နေပါသည်၊ ထို့ကြောင့် ပုညကိရိယာပယ်လျှင် ဝိပဿနာပယ်ပြီးသော ဖြစ်ပါသည်ဟု အပြစ်ကိုပြ၍ စောဒကဆရာတော်တို့က စောဒနာတင်ကြသော အဆုံးဖြစ်သည်၊ စောဒနာ သောဓနာအမှတ် (၃)(ဂ)နှင့်တူသည်၊ အကျဉ်းနှင့် အကျယ်သာကွဲသည်၊ အမှတ်(၃)(ဂ)၌ ရေးသကဲ့သို့ ကဏ္ဍကဏ္ဍဝိပါက စသော ကံလေးမျိုးတို့တွင် ရွှေကံသုံးမျိုးသည် စေတနာကံဖြစ်၍ ထိုကံသုံးမျိုးကို ရှောင်နိုင်အောင် စတုတ္ထမြောက် အကဏ္ဍအသုက္က အကဏ္ဍအသုက္ကဝိပါက ကံအရ မဂ်ရအောင်သော်လည်းကောင်း လုပ်ရမည်၊ ဝိဝဋ္ဋဂါမိနီ ပုဗ္ဗဘာဂမဂ်ဖြစ်အောင်သော်လည်းကောင်း လုပ်ရမည်၊ လောကီဗောဇ္ဈင် မဂ္ဂင်၌ပါဝင်သော သတိပညာ ဖြစ်အောင် သော်လည်းကောင်း လုပ်ရမည်ဟု အဋ္ဌကထာဆိုထားသောကြောင့် စောဒနာသောဓနာ အမှတ်(၁၀) (ခ)ပါကျမ်းဆရာ၏စကားသည် ဓမ္မသာဖြစ်သည်။

(ဂ) အမှတ်၌"ထို့ကြောင့် ကာမရူပ အရူပဟူသော ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု ဝိက္ခမ္ဘနပဟာန်အားဖြင့် ခုာရဲမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေလျက် တဏှာမဖက် ဝဋ်မှထွက်လိုသောဆန္ဒ မဟာကုသိုလ်ဉာဏ-သမ္ပယုတ်ဓလေးခုဖြင့် ပြုသမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်ဟူလို"(ခြောက်စောင်တွဲ၊ နှာ–၁၃၊၁၄)ဟူသော ကျမ်းဆရာ၏ စကားကိုထုတ်ပြ၍ သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းစေပြီးမှလုပ်သော ကုသိုလ်ကို ပါရမီကုသိုလ်ဆိုခြင်းသည် လိုရာတဖက်ကမ်းသို့ ရောက်ပြီးမှ ဖောင်ပြန်ရှာရသည်နှင့် တူပါသည်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုဖြင့် ပြုသမျှသော ကုသိုလ်သည် နိဗ္ဗာန်မှ သံသရာသို့ ပြန်ကူး၍ အလည်တခေါက်ပြန်လာသလိုဖြစ်သည် စသည်ဖြင့် စောဒကဆရာတော်တို့က စောဒနာတင်ပြထားသော အဆုံးဖြစ်သည်၊ (ဝိသုဒ္ဓိ ဋီ ၂၊၄၁)စသော အဋ္ဌကထာ ဋီကာများ၌ ကာမာဝစရကုသိုလ်စိတ်ကို တဒင်္ဂဝိမုတ္တိပွတ္တိစိတ် သို့မဟုတ် တဒင်္ဂပဟာနစိတ်ဟု ဆိုထားသည် ဖြစ်သောကြောင့် စောဒနာ သောဓနာအမှတ်(၁၀)(ဂ)၌ ပါသော ဝိက္ခမ္ဘနပဟာန်အားဖြင့် ခုာရဲမှု သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေလျက်ဟူသော စကားများပါဝင်သည့် စကားအားလုံးသည် အဓမ္မသာဖြစ်သည်။

http://www.dhammadownload.com

(ဃ) အမှတ်၌ "ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတဆယ် ပုညကိရိယာဝတ္ထုဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံတဆယ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပါဝစရကုသိုလ်ကံ ငါးခု အရူပကုသိုလ်လေးခု အားဖြင့် ကံပေါင်းနှစ်ဆယ့်ကိုးခု" (ခြောက်စောင်တွဲ၊ နှာ–၂၂၇) ဟူသော ကျမ်းဆရာ၏ စကားကိုထုတ်ပြ၍ အကုသိုလ်ကံတဆယ် ကုသိုလ်ကံတဆယ်တို့မှာ ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါးတို့ကြောင့် အသီးသီး တဆယ်ဖြစ်သည်ဟု ဆိုထားခြင်းသည် သင့်သည်ဟုဆိုလိုက ဆိုနိုင်၏သည်၊ ရူပကုသိုလ်ငါးခု အရူပကုသိုလ်ကံ လေးခုတို့မှာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဟု အကြောင်းပြထားပါလျက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းတူလျှင် ရူပါဝစရကုသိုလ်တခု အရူပကုသိုလ်ကံကခု ဟူ၍လည်းကောင်း စီးဖြန်းသော ကမ္မဋ္ဌာန်းကလေးဆယ်ဟူသော အရေအတွက်သို့လိုက်၍ ရူပါဝစရကုသိုလ်(၄၀) အရူပါဝစရကုသိုလ်ကံ(၄၀)ဟူ၍လည်းကောင်း ဖြစ်သင့်ပါသည်၊ ယခု ထိုသို့မဟုတ်ပဲ ရေတွက်ထားခြင်းကြောင့် စာပေပရိယတ် မတတ်ကျွမ်းသူများအား လှည့်စားသော မာယာသာဌေယျဝါဒဖြစ်ကြောင်း စောဒကဆရာတော်များက စောဒနာတင်သော အရာဖြစ်သည်။

စုဒိတက ဆရာတော်များကလည်း မဟာဝိသုဒ္ဓါရုံ ဆရာတော်တရားကြီး ဓရေသားစိရင်သော ပရမတ္ထသရူပဘေဒနီပထမတွဲ၊နှာ–၃၃၆ ၌ သခ်ါရဒ. ပြားနှင့် သခ်ါရမည်ပုံ ခေါင်းစဉ်ပါ ဒါန,သီလ,ဘာဝနာမယ ကာယဝစီမနောသခ်ါရ ကာမာဝစရကုသိုလ် စေတနာရှစ်ခုဟု ကောက်ယူထားမှုကို နည်းယူ၍ မဟာကုသိုလ်ကံ စေတနာ (၈)ပါးသည် ကမ္မပထနည်းအားဖြင့် ကုသိုလ်ကံ(၁၀)ဖြစ်ပါသည် စသည်ဖြင့် ချေပလွှာတင်ကြသည်။

နှစ်ဖက်သော အချေအတင်စကားများကို ခြုံငုံသုံးသပ်သည်ရှိသော် ကံ (၂၉) ပါးသခ်ါအားဖြင့် တူညီနေသော်လည်း အသီးသီးသော ကံစေတနာ သရုပ်ငုပ်ကွယ်နေသည်ဖြစ်၍ ကာမရူပကုသိုလ်ကံစေတနာ(၁၃)ခု အကုသိုလ်ကံ စေတနာ(၁၂)ခု အရူပကုသိုလ်ကံစေတနာ(၄)ခုဟူသော (အဘိ ၌ ၂။၁၃၆) ရေတွက်နည်းအတိုင်းသာ ရှင်းလင်းသည်ဖြစ်သောကြောင့် စောဒနာသောဓနာ အမှတ်(၁၀)(ဃ)ပါ ကျမ်းဆရာ၏စကားသည် အဓမ္မသာဖြစ်သည်။

(င) အမှတ်၌ ပါဏာတိပါတ အစရှိသော ဒုစရိုက်ပြုသူခပဲမှာ ငရဲသို့ကျရောက်သည်ဟူသော ဒေသနာတော်ကို ယုံပါ၏လော မေးသောအခါ မိရိုးဖလာ ဆရာအစဉ် လူတိုင်းပင် ယုံပါ၏ဟု ဆိုရာတွင် အနိစ္စဓာတ် ပရမတ်ပြင်ပုဂ္ဂိုလ်သတ္တဝါ ဘယ်ဟာ တစိ မရှိသည်ကိုပင် သိမြင်မှသာထို ဒေသနာကို ယုံရာကျမည်၊ အဘယ့်ကြောင့်နည်းပုဂ္ဂိုလ်သတ္တဝါမှာ အနှစ်အထယ်နှင့် တကယ်ရှိက အဝိစိ စသော ငရဲရှစ်ဆူယံကို အထယ်ရောက်အောင် ဘယ်အပေါက် ဘယ်တွင်း

http://www.dhammadownload.com

က ဆင်းကြမည်နည်းမေး၊ ထိုအခါ အနှစ်ခြဗိနိမိတ်မကပ်သော အနိစ္စခေတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏၊ဆိုဖို့သာရှိသည်၊ ထို့တူပမာ လူ နတ် ဗြဟ္မာ ခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းမှီး၍သာ သိရာ၏၊ (ခြောက် စောင်တွဲ၊နှာ-၂၃၅)ဟူသော ကျမ်းဆရာစကားကို ထုတ်ပြ၍ ဒုစရိုက်ကိုပြုသူမှာ သတ္တဝါ ပြိုလုပ်သည်မဟုတ်၊ ဒုစရိုက်တရားသဘောကသာ ပြုလုပ်သည်၊ ထို့ကြောင့် အကျိုးတရားကို ခံစားသည်မှာလည်း အနိစ္စခေတ် ပရမတ် ဒုစရိုက်ပြုလုပ်သူကလည်း အနိစ္စခေတ်ပရမတ်ဖြစ်၍ အားလုံး ပရမတ်သဘော သာ ဆိုကာ လုပ်ချင်ရာလုပ်၍ ဒုစရိုက်သော သုစရိုက်သော ရှောင်ရန်မလိုပဲ ကံကို ပယ်သော ဝါဒဖြစ်ပွားစေခြင်းဖြင့် ဗုဒ္ဓ၏ဒေသနာတော်ကို ချိုးဖဲ့ဖျက်ဆီး သည့်မာယာသာဌေယျ အဓမ္မဝါဒအဖြစ် စောဒကဆရာတော်များက စောဒနာ တင်သော အရာဖြစ်သည်။

စုံဒိတကဆရာတော်များကလည်း ပရမတ္ထသစ္စာကို မှတ်လွယ်ယူလွယ်စေခြင်း ငှာ သမ္မုတိသစ္စာကို ယှဉ်၍ မြတ်စွာဘုရားကြီးတို့ ဟောတော်မူသည့်အတိုင်း ရေးသားခြင်းဖြစ်ပါသည်ဟု ချေပကြသည်။

နှစ်ဖက်သော တင်လွှာချေလွှာတို့ကို ခြုံငုံစဉ်းစားလိုက်သော် ကျမ်းဆရာ၏ (ဂ)အမှတ်စကား၌—

၁။ ပါဏာတိပါတအစရှိသော ဒုစရိုက်ပြုသူခပဲ့မှာ ငရဲသို့ ကျရောက်သည် ဟူသော ဒေသနာတော်ကို ယုံပါ၏လောဟုမေးသောအခါ မိရိုးဖလာဆရာအစဉ် လူတိုင်းပင် ယုံပါ၏ဟု ဆိုရာတွင် ဇနိစ္စခေတ်ပရမတ်ပြင် ပုဂ္ဂိုလ်သတ္တဝါ ဘယ် ဟာတစိ မရှိသည်ကိုပင် သိမြင်မှသာ ထိုဒေသနာတော်ကို ယုံရာကျမည်၊ အဘယ့် ကြောင့်နည်း၊ပုဂ္ဂိုလ်သတ္တဝါမှာ အနှစ်အထယ်နှင့် တကယ်ရှိက ထိုအဝိစိစသော ငရဲကြီး ရှစ်ဆူယံကို အထယ်ရောက်အောင် ဘယ်အပေါက် ဘယ်တွင်းက ဆင်းကြမည်နည်း မေးဟူသော စကားတရပ်။

၂။ထိုအခါ အနှစ်ခြဗိ နိမိတ်မကပ်သော အနိစ္စခေတ် ပရမတ်သာ ရောက်အပ် ပါ၏ဟုဆိုရာ၏၊ ဆိုဖို့သာရှိသည်၊ ထို့တူပမာ လူ နတ် ဗြဟ္မာခေါ်ဆိုရာ ကုသိုလ် မှာလည်း ဤနည်းမှီး၍ သိရာ၏ဟူသော စကားတရပ်၊ ထို နှစ်ရပ်သော စကား တို့တွင်(၁)အမှတ်စကားရပ်ဝယ် ကျမ်းဆရာ၏ဆိုလိုရင်း တိုက်ရိုက်အဓိပ္ပာယ်မှာ ဒုစရိုက်ပြုသူ ငရဲမကျဟူသော အဓိပ္ပာယ်မျိုးဖြစ်နေ၏၊ ဒုစရိုက်ပြုသူဟူသော စကား ငရဲဟူသော စကားတို့မှာ ပုဂ္ဂလ သတ္တဝေါဟာရပညတ်များ ဖြစ်နေ၍ အမှန်ပင် ငရဲသို့မကျရောက်နိုင်၊ အပြစ်မရှိအောင် ပြောဆိုလိုလျှင် ဒုစရိုက်မှု နှာနှာကွဲကကမ္မသတ္ထိကြောင့် ငရဲခေါ် ဝင်္ဆင်းရဲ၌ ပဋိသန္ဓေတည်နေရသည်ဟု

http://www.dhammadownload.com

ပြောဆိုရမည်၊ အခိပ္ပဝဿ်အဖြောင့်ရနေသော ဒုစရိုက်ပြုသူ ငရဲမကျဟူသော ကျွန်းဆရာ၏ စကားမမှန်ဟု မဆိုနိုင်ပေ။

သို့သော် ထိုစကားအတိုင်း တရားနာပရိသတ်များ၏ စိတ်၌ စွဲယူနေခဲ့လျှင် အကုသိုလ် ဒုစရိုက်ကိုပြုရာ၌လည်း အပြစ်မရှိ၊ ကုသိုလ်သုစရိုက်ကို ပြုရာမှာလည်း ကောင်းကျိုးရမည်မဟုတ်ဟု ထင်မှတ်ကြလျက် သားနှင့် အမေ ဖအေနှင့်သမီး တအိမ်တည်း မနေဝံ့လောက်အောင် လောကပါလတရား အပိုင်းအခြား အတားအဆီးများ ပျက်ပြုန်းကာ အဓမ္မသုဂ မိစ္ဆာဓမ္မတို့ လွှမ်းမိုးသဖြင့် မလိုလားအပ်သော အပြစ်များ ဖြစ်ပေါ် လာနိုင်ပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဖွားဘက်တော် ဆန္နမထေရ်ကို ဗြဟ္မဒဏ် ပေးသည့်အတွက် ဆန္နမထေရ်သံဝေဂရကာ ရဟန်းတော်တို့အား ဩဝါဒပေးဖို့ လျောက်ထားသည်၊ ရဟန်းတော်များက အနိစ္စလက္ခဏာ အနတ္တလက္ခဏာ နှစ်မျိုးကိုသာဟော၍ ဒုက္ခလက္ခဏာကို မဟောကြ၊ ဘာကြောင့်နည်း၊ ဆန္နရဟန်းသည် ဘိက္ခုဟူသော သတ္တပုဂ္ဂလပညတ် အယူစွဲရှိသူဖြစ်သည်၊ အကယ်၍ ဒုက္ခလက္ခဏာကို ဟောပြခဲ့သည်ရှိသော် ရုပ်သည် ဒုက္ခ။ပ။ ဝိညာဏ်သည် ဒုက္ခ မင်္ဂသည် ဒုက္ခ ဖိုလ်သည် ဒုက္ခဟု မှတ်ထင်၍ အရိယာဖြစ်သော သင်္ဃရဟန်း တို့သည် ဒုက္ခဇောက်နေသော ရဟန်းများဖြစ်သည်ဟု မှားသော အယူကို ယူမည် စိုးသောကြောင့် ဒုက္ခလက္ခဏာကို ချန်ထား၍ အနိစ္စ, အနတ္တလက္ခဏာနှစ်မျိုး ကိုသာ ဟောတော်မူကြသည်ဟု(သံ ၌ ၂၊၂၉၁)လာ ဆန္နမထေရ်အကြောင်းကို နှလုံးသွင်းသင့်သည်။

ဤဝတ္ထု၌ ဒုက္ခလက္ခဏာကို ချန်ထားသကဲ့သို့ ခြောက်စောင်တဲ့ဆရာ သည်လည်း ဒုစရိုက်ပြုသူ ငရဲမကျဟူသော စကားကို မသုံးစွဲပဲ ပုဂ္ဂိုလ်သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မရှိဟူသော စကားကို သုံးစွဲလျှင် ပြီးနိုင်ပါသည်။ ထိုထိုသုတ္တန်တို့၌—

> ပုန စပရံ ဂဟပတယော ဒုဿီလော သီလဝိပန္နော ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိ ံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ပ။ပုန စပရံ ဂဟ-ပတယော သီလဝါ သီလသမ္ပန္နော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ ံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။[၁]

ဟု သမ္မုတိဒေသနာ ပုဂ္ဂလကထာ ဟောရခြင်းအကြောင်းရှစ်မျိုးတွင် တမျိုးမျိုးဖြင့် သမ္မုတိကထာ ပုဂ္ဂလကထာတို့ကို အကွက်ကျကျဟောတော်မူသွားသည်ဖြစ်သောကြောင့်—

၁။ ဥဒါန။ ၁၀၅။

http://www.dhammadownload.com

စောဒနာ သောဓနာ အမှတ် (၁၀) (ဇ) (၁) အမှတ်စကားရပ်သည် အဓမ္မသို့သာ ရောက်သွားပေသည်။

ဖော်ပြခဲ့ပြီးသော (ဇ) (၁) စကားများနှင့်ဆက်တွဲလျက် (ဇ) (၂) စကားကို ဤသို့ရေးသားထားသည်ကို တွေ့ရသည်၊ "ထိုအခါ အနှစ်ခြင်္ဂနိမိတ် မကပ်သော အနိစ္စဓာတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏၊ ဆိုဖို့သာရှိသည်၊ ထို့တူပမာ လူနတ်ဗြဟ္မာ ခေါ်ဆိုရာ ကုသိုလ်မှာလည်း ဤနည်းကို မှီး၍ သိရာ၏" (ခြောက်စောင်တွဲ၊ နှာ ၂၃၅)။

ဤအမှတ် (ဇ) (၂) စကား၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ ဒုစရိုက်ပြုသူ ငရဲမသွား အနိစ္စဓာတ်ပရမတ်သာ ငရဲသွားသည်ဟု ဆိုလိုရင်းဖြစ်သည်၊ ထိုသို့ဆိုသဖြင့် ဘဝဟောင်းက ဝိညာဏ်ငေးနာ စသောတရားတို့သည် ငရဲဘုံ နတ်ဘုံသို့ ရောက်သွားကြသည်ဟု ဆိုရာရောက်နေပြန်သည်၊ အမှန်မှာ ရှေးဘဝက ရုပ်နာမ် ခန္ဓာတို့သည် တဆံ့ခြည်မျှ လာလတ္တံ့သော နောက်ဘဝသို့ ပြောင်းရွှေ့ ရောက်ရှိလာကြသည်မဟုတ်၊ ရှေးဘဝကပြုခဲ့သော ကံစသော အကြောင်းသတ္တိကြောင့်သာ ဝိပါက်ဝိညာဏ်အမှုန်းရှိသော အသစ်ဖြစ်သော ပရမတ်တရားများသာ ဖြစ်ပေါ်လာကြခြင်းဖြစ်သည်၊ ထို့ကြောင့် အမှတ် (ဇ) (၂) ပါ ခြောက်စောင်တွဲ ဆရာ၏ စကားသည်လည်း အဓမ္မသာဖြစ်သည်။

(၄) အမှတ် ၌ "အမျိုးသူငါ မိစ္ဆာယူလွဲ ငရဲကြီးလှ ကုသိုလ်ရဟု ပြုကြရှောင်ကြဉ်၊ ဝိညာဏ်မြင်တည့်၊ မှားငင်မှားဘိ၊ မှားခေါင်ထိ၏။" (ခြောက်စောင်တွဲ၊ နှာ ၉၅) ဟူသော စကားကိုထုတ်ပြ၍ ထိုသို့ အကုသိုလ်ရှောင်ခြင်း ကုသိုလ်ကို ပြုလုပ်ခြင်းတို့သည် ဝိညာဏ်လှည့်စားကာ ဝိညာဏ် လိမ်ခံရခြင်းသာဖြစ်၍ ထိုစကားအရ အကုသိုလ်လုပ်တာလည်း ဝိညာဏ်လိမ်တာ၊ ကုသိုလ်လုပ်ကာလည်း ဝိညာဏ်လိမ်တာ၊ ဝိညာဏ်လိမ်တာကိုပင် ရှောင်ကြဉ်ခြင်း ပြုလုပ်ခြင်းလုပ်နေကြခြင်းကြောင့် အမှားသံသရာ ထိပ်ခေါင်ရောက်နေသည်ဟု ဆိုချင်းဖြင့် ကုသိုလ်ကို လုပ်ချင်စိတ် ကုသလစ္ဆန္ဒများ အကုသိုလ်ကို ရှောင်ကြဉ်လိုစိတ်များ မရှိတော့ပဲ လုပ်ချင်ရာလုပ် အရေးမကြီး သတ္တဝါက ငရဲမသွား အနိစ္စဓာတ်တရားကြီးက သွားလိမ့်မည်ဟု ကမ္မဿကတသမ္မာဒိဋ္ဌိနှင့်ကံ၏အကျိုးတရားကို ပယ်ရှားသော အဟေတုကဒိဋ္ဌိဆိုသို့ ဦးတည်စေပါသည် စသဖြင့် စောဒကဆရာကြီးကို စောဒနာတင်ကြသော အရာဖြစ်သည်။

စုဒိတကဆရာတော်များကလည်း အမျိုးသူငါဆိုသည်ကား ပညတ်သမ္မုတိသစ္စာမျှသာ သုံးစွဲရပါသည်၊ မိစ္ဆာယူလွဲဆိုသည်ကား အဝိဇ္ဇာသည် ဒိစ္ဆာအယူမိစ္ဆာပဋိပဒါ မိစ္ဆာဇီလွဲ တရားသာဖြစ်ပါသည်၊ ငရဲကြီးလှ ကုသိုလ်ရဟု ပြုကြရှောင်ကြဉ်ဆိုသည်ကား ငရဲကြီးလှတာကို ရှောင်ကြဉ်ရမည်၊ ဝန္ဒကမ္မဿကတ

http://www.dhammadownload.com

သမ္မာဒိဋ္ဌိဖြစ်ပါသည်၊ ကုသိုလ်ပြုရမည်၊ ဝဋ္ဋကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်ပါသည် စသည်ဖြင့် အသေးစိတ် ရှင်းလင်းချေပကြသည်။

ထိုတင်လျှာ ချေလျှာ စကားနှစ်ရပ်တို့ကို ခြုံငုံသုံးသပ်ကြသည့်ပြင် ကျမ်းဆရာ၏ ဆိုလိုရင်းကိုသိအောင် ရွေးနောက်စကားများကို ရှာဖွေ လေ့လာကြသော အခါ ကျမ်းဆရာဆိုလိုသော အဓိပ္ပါယ်မှာ ဤသို့ဖြစ်နေသည်။

လူရှိသည် နတ်ရှိသည် လူ့ ပြည်ရှိသည် နတ်ပြည်ကျမည် ဤသို့ အစရှိသော အထင်အမြင်စုသည် စက္ခုစသော ဝိညာဏ်ခြောက်ပါး၏သဘော မိစ္ဆာဝင်နေသော ဝိညာဏ်သိ ဝိညာဏ်ထင် ဝိညာဏ်မြင်ဖြစ်သည်၊ "လူနတ်ပြဟ္မာ သတ္တဝါ ခပဲ ငရဲမရှိ" ဟု သိမြင်မှုသည် ဝိပဿနာဉာဏ်ယှဉ် ပညာသိ ပညာထင် ပညာမြင်ဖြစ်သည်။

ဤသို့ ဝိညာဏ်သိ ပညာသိမျှားကို ဖေါ်ပြ၍ ပညာသိအတိုင်း လူနတ်ပြဟ္မာ ငရဲမရှိ၍ မကောင်းမှု ဒုစရိုက်ကို မလုပ်လေနှင့် ပြုလုပ်က ငရဲကျမည်ဟု ရေးသားလိုရင်းဖြစ်ပေသည်၊ ဤအတိုင်းဆိုလျှင် ပုဂ္ဂိုလ်သတ္တဝါစသော ပညတ်ကို ပယ်သောစကားဖြစ်၍ မှားသည်ဟု မဆိုသာသော်လည်း ကျမ်းဆရာသည် ငါ သူတပါး ယောကျ်ား မိန်းမ မရှိဟူသော စကားမျှကိုသာ သုံးနှုန်း၍ ယောလျှင် ပြီးစီးနိုင်ပါလျက် ပညတ်ကိုချည်းအာရုံစိုက်၍ လူနတ်ပြဟ္မာ သတ္တဝါ ခပဲ ငရဲမရှိဟု အမြဲဟောနေသဖြင့် သတ်သာသတ်ဟော့ ငရဲမရှိဘူးတဲ့၊ ခိုးသာ ခိုးဟော့ ငရဲမရှိဘူးတဲ့ဟူ၍လည်းကောင်း ကုသိုလ်ပြုစရာမလုပ်ပါဘူးကွာ လူ နတ် ပြဟ္မာရှိတာမှ မဟုတ်ပဲဟူ၍လည်းကောင်း အယူလွဲသူမျှား ရှိလာနိုင်ပေသည်။

ဤအရာနှင့် ပတ်သက်၍ အဿဒီအရှင်မြတ်နှင့် သစ္စကပရိဗိုဇ်တို့ ဆွေးနွေးပုံကို ဖေါ်ပြလိုပေသည်။

မြတ်စွာဘုရားလက်ထက်တော်က သစ္စကပရိဗိုဇ်သည် ဆွမ်းခံကြွလာသော အဿဇိမထေရ်အား "သင်တို့ဆရာ ရဟန်းဂေါတမသည် ထပည့်တို့အား အဘယ်သို့ ဆုံးမလေ့ရှိသနည်း" ဟု မေးသောအခါ အဿဇိမထေရ်က ငါတို့ဆရာ မြတ်စွာဘုရားသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်များကို အနိစ္စဟူ၍ လည်းကောင်း အနတ္တဟူ၍လည်းကောင်း ဆုံးမတော်မူလေ့ ရှိပါသည်၊ထိုအတိုင်း ပင် ကျင့်စေတော်မူပါသည်ဟု ဒုက္ခလက္ခဏာမပါပဲ အနိစ္စနှင့်အနတ္တနှစ်မျိုးကိုသာ ကျင့်စဉ်ကို ဖော်ပြတော်မူခဲ့ပေသည်။

အဘယ့်ကြောင့်ပါနည်းဟူမူ ဝိဘင်းအဋ္ဌကထာ ဝိန္ဒြိယနိဒ္ဒေသ၌ "မဂ္ဂင်္ဂ မဂ္ဂပရိယာယန္တိ" ဟု မင်္ဂ ဖိုလ်သည် ပရိယာယဒုက္ခမည်ကြောင်း ဟောတော်မူသော အရာ ဌာနရှိနေသဖြင့် သစ္စကက အဘယ်အကျိုးငှာ သင်တို့ရဟန်းပြုကြသနည်း

http://www.dhammadownload.com

ဟု မေးခဲ့သော် မင်္ဂ ဖိုလ်အကျိုးငှာ ရဟန်းပြုသည်ဟု ဖြေရလိမ့်မည်၊ ထိုအခါ သစ္စကက သင်တို့သဿနာသည် လူသတ်ဌာနကြီးကဲ့သို့ ပါတကား၊ ဥဿဒ ငရဲကဲ့သို့ပါတကား၊သင်တို့၌ ချမ်းသာသော တောင့်တချက် မရှိပါတကား၊ဒုက္ခအကျိုးငှာ ကျင့်ကြံအားထုတ်၍ လူပ်ရှား ထကြွလျက် ဒုက္ခကိုသာ ခံစားလှည့်လည်၍ နေကြရပါကုန်တကားဟု အပြစ်တင်ပေလိမ့်မည်၊ သဿနဗဟိ·ရက အညတိတ္ထိယ ပရိဗ္ဗာဇကတို့ ထိုသို့အပြစ်မတင် ကြားမဝင်နိုင်စေရန် ဒုက္ခလက္ခဏာကို ရှောင်ကင်း၍ အရှင်အဿဇိမထေရ်မြတ်သည်ပင် ဖြေကြားခြင်းပြုနိုင်ပါသေးလျက် ခြောက်စောင်တွဲ့ ကျမ်းဆရာသည် သဿနာနောက်ဖျားတွင် အများသံသယရှိနိုင်သော ငရဲမရှိ သူအသက်သတ်ဖြတ်သူ ငရဲမသွားဟု အဓိပ္ပါယ်သက်ရောက်သော ပညတ်ပယ်ရှား ဆန်းသစ်သော စကားကို သုံးနှုန်းခြင်းသည် သမ္မုတိကထာ ပုဂ္ဂလကထာကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း အကွက်ကျကျ မသုံးနှုန်းနိုင်ခြင်းကြောင့် စောဒနာ သောဓနာအမှတ် (၁၀) (ဇ) အမှတ်(၁) ပါ စကားရပ်ကဲ့သို့ အဓမ္မသို့သာ သက်ဝင်ရောက်ရှိသွားလေသည်။

(ဆ) အမှတ်၌ ဤသို့ ဝဲ့ယာ ရွေ နောက် ထက်အောက်ဖီလာ ဆယ်မျက်နှာအားဖြင့် ဆုံး စပိုင်းခြား ကမ်းကရနားမရှိ လဟာပြင်ကြီး အတိသာဖြစ်သော ဩကာသလောကကြီး၏ နယ်တခွင်စာပြင်လုံး အဆုံးမရှိကြီးထဲမှာ သစ်ပင်မြေရေ နေလစသော အနိန္ဒြိယဗဒ္ဓ အဝိညာဏက ရှိသမျှကိုပင် သခ်ါရလောကဆိုသည်၊ ဤန္ဒြိယဗဒ္ဓ သဝိညာဏက ရှိသမျှကိုလည်း သတ္တလောကဆိုသည်၊ (ခြောက်စောင်တွဲ့၊ နှာ-၃၂) ဟူသောစကားကို ထုတ်ပြ၍ လောကသုံးပါး အဓကောက်တွင် သခ်ါရလောကအရ အနိန္ဒြိယဗဒ္ဓ အဝိညာဏက ရုပ်သက်သက်သာဖြစ်သော မြေ ရေ နေ လ စသည်တို့ကိုသာ သခ်ါရလောက အရ ကောက်ခြင်းဖြင့် သတ္တလောကဖြစ်သော ဤန္ဒြိယဗဒ္ဓ သဝိညာဏကဖြစ်သော သတ္တဝါများမှာ ဖြစ်ပျက်မှုသခ်ါရ မရှိတော့ပဲ သခ်ါရလောကမှ ကင်းလွတ်သွားပြန်ပါသည် စသည်ဖြင့်လည်း စောဒကဆရာတော်များက စောဒနာတင်ကြသည်။

စုဒီတကဆရာတော်များကလည်း (ဝိသုဒ္ဓိ ၁၊၁၉၈) (ဝိသုဒ္ဓိ ဋီ ၁၊၃၂၇) ကို ကိုးကား၍ သခ်ါရလောက ကောက်ပုံ အပြည့်အစုံဖော်ပြ၍ ချေပကြသည်။

တင်လှာ ချေလှာ နှစ်ရပ်ကို ခြုံငုံ သုံးသပ်လိုက်သည့်ရှိသော် ခြောက်စောင်တွဲ့ ကျမ်းဆရာသည် ဥဘယေပိ ဟိ ခန္ဓာ သခ်ါရလောကော ဟူသောဋီကာအားလုံး၏ စကားများကို အလေးမမူ သတိမထားပဲ သခ်ါရ လောကအရ ဤန္ဒြိယဗဒ္ဓ သဝိညာဏကဟု ဆိုအပ်သော သတ္တလောကကို ချန်ထား၍ ကောက်ယူသည်ဖြစ်သောကြောင့် အဓမ္မသာဖြစ်သည်။

http://www.dhammadownload.com

နိဂုံးချုပ် ဓမ္မော်လင့်တောင့်တချက်

ဆိုခဲ့ပြီးသော ဆုံးဖြတ်ချက်များအရ ဒုတိယ သံဂါယနာတင်ရခြင်း အကြောင်းဆယ်မျိုးတို့တွင် "ကပ္ပတိ အာစိဏ္ဏကပ္ပေါ=ဆရာ့ဦးဥပဇ္ဈာယ်များထံမှ ဆင်းသက်လာသော အယူအဆဖြစ်၍ မှားယွင်းနေသော်လည်း ဝိနည်းအနေဖြင့် အပ်စပ်၏"(ဝိ ဋ္ဌ ၁၊ ၂၆) ဟူသောစကား မှန်ကန်သည်ဟု မယူဆနိုင်သော အကြောင်းဆယ်မျိုးတို့တွင် အထူးအရေးကြီးသည့်" မာ သမဏော နော ဂဂု= တ္တိဆရာပြောသည့်စကားမို့ အမှားမဟုတ်နိုင် အမှန်ချည်းသာ"ဟု မယူဆရ (အံ ၁၊၁၈၉၊၁၉၀။ အံ ဋ္ဌ ၂၊၁၈၂) ဟူသော စကားတို့ကို သတိပြုလျက် မိမိတို့ အယူအဆကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ထားခြင်း=အာဓာနဂ္ဂါဟိ၊ ယူနေကျအယူ အဆကို စွန့်လွှတ်နိုင်ခဲခြင်း ဝါ-မစွန့်လွှတ်နိုင်ခြင်း=ဒုပ္ပဋိနိဿဂ္ဂိ (မ ၁၊ ၅၂။ မ ဋ္ဌ ၁၊၁၉၄) သဘောထားမျိုး ကင်းရှင်းအောင် ကြိုးစားကာ အဆိုပါ အဓမ္မ အချက်များကို တကယ်တန်း စွန့်လွှတ်နိုင်ကြလိမ့်မည်ဟု ဝိနည်းဓိရ်များက ဓမ္မော်လင့်တောင့်တ ဆန္ဒပြုအပ်ပေသတည်း။

နိဋ္ဌိတော ဘော ဝိဂါဒါဓိ–ကရဏာဿ ဝိနိစ္ဆယော။
ရန္ဓပဝေသကောစေတော၊ နိစ္စံ ပဇာယ သမ္မတံ။

ဘော၊ အတိဇ်က ကံမဆိုးလို့ မြန်မာ့မျိုးမြန်မာ့နွယ်တွင်၊ ပါဝင်ခွင့်ရ၊ ဗုဒ္ဓဘာသာ သမ္မာအယူ ကြည်ဖြူလိုလား စိတ်ထားညွှတ်ပျော်ငး အိုသူတော်ကောင်းတို့။ ဝိဂါဒါဓိကရဏာဿ၊ ကြောင်ပန်းဟောစဉ်၊ တရားယဉ်ကြောင့်၊ ဆန့်ကျင်ဘက်ကြုံ၊ တိုင်းပြည်တုန်မျ၊ ငြင်းခုံဆူပွက်၊ အမျက်ထစ်ကြုံး၊ ဝိဂါဒ အဓိကရဏ်းဇ်။ ဝိနိစ္ဆယော၊ ပါဠိစာဒပ၊ အထွေထွေနှင့်၊ တသွေညီလား၊ မညီလားတိုင်း၊ ညှိနှိုင်းဖော်လတ်၊ အဆုံးအဖြတ်သည်။ နိဋ္ဌိတော၊ သာသနာ့ဘေး၊ စင်ကြယ်ရေးမို့၊ ကိုယ်ရေးကိုယ်တာ၊ မငဲ့သာပဲ၊ ပညာသတိ၊ အထူးဖိ၍၊ ကြီးဘိလို့လ၊ ဥဿာဟသုံး၊ ကိုယ်စိတ်ချုံးလျက်၊ အပြီးအဆုံးသို့ ရောက်ခဲ့လေပြီ။ ပဇာယ၊ ကိလေသာကံ၊ ကြောင်းခံဖြစ်ပွား၊ လောကသား၏။ ရန္ဓဂဝေသကောစေတော၊ ဟောသူ နာသူ၊ မည်သူဖြစ်ဖြစ်၊ အပြစ်ဖြစ်ဖွယ်၊ သွယ်သွယ်များစွာ၊ ဆီပေါက်ရှာတတ်၊ လူ့စိတ်ဓာတ်သည်။ နိစ္စံ၊ အချိန်အပေါင်း၊ ရှည်ကြာညောင်း၍၊ ခေတ်ပြောင်းခေတ်လဲ၊ ဆုံကာတဲ့လည်း၊ အမြဲနိစ္စ၊ ထာဝရပင်။ သမ္မတိ-သမ္မတု၊ ရေစင်သီတာ၊ ကဲ့ပမာသို့၊ ဝိဂါဒဘေး၊ ညစ်ကြေးကွာလှမ်း၊ပီတိလွှမ်းလျက်၊ အေးချမ်းပါစေသတည်း။

http://www.dhammadownload.com

အမှတ် (၃) အဖွဲ့ ဝိနည်းဓိုရ်များ၏ အထုပ်ထိုင်ရက်

ဝေဖန်စီစစ် သုံးသပ်ရက်

၁၃၄၃-ခု၊ တပို့တွဲလဆုတ်-၁၃ (၂၁-၂-၈၂)ရက် တနင်္ဂနွေနေ့ နံနက် ၇း၀၀-နာရီအချိန်မှစ၍ ၁၃၄၃-ခု၊ နှောင်းတန်ခူးလဆန်း ၈ (၁-၄-၈၂)ရက် ကြာသပတေးနေ့ နံနက် ၉း၃၀-နာရီ အချိန်၌ (ရက်ပေါင်း ၄၀) ဝေဖန်စီစစ် သုံးသပ်ချက်ပြီးသည်။

အဆုံးအဖြတ် ရေးသားရက်

၁၃၄၃-ခု၊ နှောင်းတန်ခူးလဆန်း ၈ (၁-၄-၈၂) ရက်၊ ကြာသပတေးနေ့ နေ့လယ် ၁း၃၀-နာရီ အချိန်မှစ၍ ၁၃၄၃-ခု၊ နှောင်းတန်ခူးလဆုတ် ၂၊ (၁၀-၄-၈၂) ရက် စနေနေ့ည‌နေ ၅း၃၀-နာရီအချိန်၌ (ရက်ပေါင်း ၁၀) ဆုံးဖြတ်ချက် ရေးသားပြီးစီးသည်။

ဂန္ထဝရမ္ဘ ရေးသားရက်

၁၃၄၃-ခု၊ နှောင်းတန်ခူးလဆုတ် ၃ (၁၁-၄-၈၂) ရက် တနင်္ဂနွေနေ့ နံနက် ၇း၀၀-နာရီအချိန်မှစ၍ ၁၃၄၃-ခု၊ နှောင်းတန်ခူးလဆုတ် ၆ (၁၄-၄-၈၂)ရက် ပုဒ္ဓဟူးနေ့ နံနက် ၉း၀၀-နာရီအချိန်၌ (ရက်ပေါင်း ၄ ရက်) ဂန္ထဝရမ္ဘကထာ ရေးသားပြီးစီးသည်။

နိဒါန်း ရေးသားရက်

၁၃၄၃-ခု၊ နှောင်းတန်ခူးလဆန်း ၁၅-ရက် (၈-၄-၈၂) ကြာသပတေးနေ့ နံနက် ၇း၀၀-နာရီ အချိန်မှစတင်ရေးသား၍ ၁၃၄၃-ခု၊ နှောင်းတန်ခူးလပြည့် ကျော် ၂-ရက် (၁၀-၄-၈၂) စနေနေ့ ည‌နေ ၃း၀၀-နာရီ အချိန် (ရက်ပေါင်း ၃-ရက်)တွင် နိဒါနကထာကို ရေးသားပြီးစီးသည်။

စုစုပေါင်း ၅၇-ရက် ဖြစ်သည်။

http://www.dhammadownload.com

၁။ ဘဒ္ဒန္တ သြဘာသ
သရက်တောကျောင်း
ကျောက်မမြို့




၂။ ဘဒ္ဒန္တ ပဏ္ဍဝ
ရွှေအင်း ရိပ်သာ၊ တပ်ကုန်းမြို့




၃။ ဘဒ္ဒန္တ နာရဒါဘိဝံသ
မစိုးရိမ်ကျောင်းတိုက်၊မန္တလေးမြို့


၄။ ဘဒ္ဒန္တ ကဝိဓဇ
မဟာဝိဇယာရုံမတိုက်၊ ဆင်ဖြူကျွန်းမြို့




၅။ ဘဒ္ဒန္တ နေမိန္ဒ
မဟာဝိဇယာရုံမတိုက်၊ ပခုက္ကူမြို့



၆။ ဘဒ္ဒန္တ တိလောကသာရ
မြို့သစ်ကျောင်း၊ မလှိုင်မြို့



၇။ ဘဒ္ဒန္တ ဝိမလ
မဟာလယ်တိုက်၊ မုံရွာမြို့



http://www.dhammadownload.com

သို့ သဘာပတိဆရာတော်
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃)
ဥတ္တရကုရု ကျောင်းဆောင် ကမ္ဘာအေးကုန်းမြေ။
ရက်စွဲ ၂၇၊ ၄၊ ၈၂။

အကြောင်းအရာ။ ။ ကြောင်ပန်းတောရကျောင်းဟူသော အမည်နှင့် ပတ်သက်၍ လျှောက်ထားခြင်း။

ကြောင်ပန်းတောရဝါဒကို မမွေ အဓမ္မအားဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယပြုရာတွင် "ကြောင်ပန်းတောရ ကျောင်းတိုက်" ဟူသော အမည်သည် မူလဆရာတော်ဘုရားကြီး၏ အမည်ဖြစ်ပါသဖြင့် ယင်း"ကြောင်ပန်း" ဟူသောအမည်ကို ဆက်လက်သုံးစွဲခွင့် ပြုပါရန် လျှောက်ထားပါသည် ဘုရား။

စုဒိတက ပုဂ္ဂိုလ်များ

၁။ ဦးနန္ဒိယ ဦးနန္ဒိယ .....

၂။ ဦးနန္ဒိယ (၂) ဦးနန္ဒိယ .....

၃။ ဦးယုဝိန္ဒ
ကြောင်ပန်းတောရတိုက်
ဘုတလင်မြို့၊
စစ်ကိုင်းတိုင်း။ ဦးယုဝိန္ဒ .....

၄။ ဦးပဏ္ဍိတ
ကြောင်ပန်းဓမ္မာရုံကျောင်း၊
အောင်မင်္ဂလာရပ်ကွက်။
မုံရွာမြို့ စစ်ကိုင်းတိုင်း ဦးပဏ္ဍိတ .....

၅။ ဦးသုန္ဒရ
ကြောင်ပန်းကျောင်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်း။ .....

http://www.dhammadownload.com



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့
အမှတ် (၃)
နေ့စွဲ။ ။၁၃၄၄-ခုနှစ် ကဆုန်လဆန်း
၅-ရက်
၁၉၈၂-ခုနှစ် ဧပြီလ ၂၇-ရက် အင်္ဂါနေ့

အကြောင်းအရာ။ ။ကြောင်ပန်းအမည်နှင့် ပတ်သက်၍ ပြန်ကြားခြင်း

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ စုဒိတက ပုဂ္ဂိုလ်များ၏ လျှောက်ထားလွှာနှင့် ပတ်သက်လျက် ဝိနည်းဓိုရ်ဆရာတော် စုံညီဆွေးနွေးပြီးလျှင်—

(၁) ကြောင်ပန်းဝိယနာဝါဒနှင့် ပတ်သက်၍ အငြင်းပွားမှု မရှိခြင်း၊

(၂) ဟောပြောချက်အချို့နှင့် ပတ်သက်၍ အငြင်းပွားမှု ရှိရာတွင်လည်း အချို့သာ အဓမ္မဖြစ်၍ အချို့ဓမ္မဖြစ်ခြင်း။

ဤအကြောင်းနှစ်ရပ်ကို ထောက်ရှု၍ ပရိယတ်ဆိုင်ရာ အယူအဆများ၌သာ ဓမ္မ အဓမ္မ ဆုံးဖြတ်ခြင်း ဖြစ်သဖြင့် ပရိယတ်၌ အကျုံးမဝင်သော အမည်နှင့် ပတ်သက်၍ အဓမ္မအဖြစ်လည်းကောင်း အဓမ္မပစ္စည်းအဖြစ်လည်းကောင်း မသုံးသပ်ကြောင်း ပြန်ကြားလိုက်သည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃)
အပရဂေါယာနကျောင်းဆောင်၊ ကမ္ဘာအေး။

၁။ ဦးဩဘာသ (သဘာပတိ)
၂။ ဦးပဏ္ဍဝ (အဖွဲ့ဝင်)
၃။ ဦးနာရဒါဘိဝံသ (အဖွဲ့ဝင်)
၄။ ဦးကဝိဇေ (″)
၅။ ဦးနေမိန္ဒ (″)
၆။ ဦးတိလောကသာရ(″)
၇။ ဦးဝိမလ (″)

http://www.dhammadownload.com

ကြောင်ပန်းတောရ
အဓမ္မဝါဒ စွန့်လွှတ်ပွဲအခမ်းအနား
အခမ်းအနားအစီအစဉ်

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃) သဘာပတိဆရာတော် ဘုရားကြီးက ဝိနည်းဓိုရ်အဖွဲ့ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များကို ရှင်းလင်းလျှောက်ထားရန်။

၂။ သဘာပတိ ဆရာတော်ဘုရားကြီးက ကြောင်ပန်းဝိနိစ္ဆယ အမှုတွဲကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပခုံး မြို့မဆရာတော်ဘုရားကြီးထံ အပ်နှံရန်။

၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက ဓမ္မ အဓမ္မ အဓိကရဏ် ပြေငြိမ်းအောင် ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ဩဝါဒစကားကို မိန့်ကြားရန်။

၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးဆောင် ဆရာတော်က "ဝိနိစ္ဆယအကျဉ်းချုပ် သုံးသပ်ချက်"ကို မိန့်ကြားပြီး "စုဒိတက" ပုဂ္ဂိုလ်များ နှလုံးသွင်းဖွယ် ဩဝါဒ မိန့်ကြားရန်။

၅။ ဝိနည်းဓိုရ်ဆရာတော်များ၏ ဆုံးဖြတ်ချက်အတိုင်း စုဒိတကအားလုံးတို့က သံဃမဟာနာယက ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် "အဓမ္မဝါဒ" စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန်။

၆။ အကျိုးဆောင် ဆရာတော်က အဓမ္မဝါဒ စွန့်လွှတ်ပြီးသော ဆရာတော် (၅)ပါးတို့ကို သံဃာအဖွဲ့အစည်းတွင် ပါဝင်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီဇရာစဉ်ကို မိန့်ကြားရန်။


၇။ သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်များမှ ကြောင်ပန်းတောရဝါဒနှင့် စပ်လျဉ်း၍ လောကကြောင်းအရလည်းကောင်း ဓမ္မကြောင်းအရလည်းကောင်း အပြစ်ရှိသူများအနေဖြင့် မိမိတို့၏ ဝါဒများကို အမှားဝန်ခံ၍ စွန့်လွှတ်ကြရန်အတွက် မြို့နယ် သံဃနာယကများထံသို့ ဆက်လက်ပြီး ညွှန်ကြားမည့်အကြောင်း အကျိုးတော်ဆောင်ဆရာတော်က မိန့်ကြားရန်။

အခမ်းအနားမှူး

http://www.dhammadownload.com



စုဒိတက ဦးပဏ္ဍိတ အဓမ္မဝါဒစွန့်လွှတ်ကြောင်း
လက်မှတ်ရေးထိုးနေပုံ



စုဒိတက ဦးယုဝိန္ဒ အဓမ္မဝါဒစွန့်လွှတ်ကြောင်း
လက်မှတ်ရေးထိုးနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com

နိုင်ငံတော်သီးခြားဝိနည်းစိုရ်အဖွဲ့ အမှတ် (၃)

ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယစာမူကို

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လက်သို့ အပ်နှံရာ၌

ဝိနည်းဝိုရ်အဖွဲ့ သဘာပတိဆရာတော်၏

ရှင်းလင်းချက်ပေးခြင်း

သို့

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ဇမ္ဗုဒီပကျောင်းဆောင်

ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

အကြောင်းအရာ။ ။နိုင်ငံတော် သီးခြားဝိနည်းဝိုရ်အဖွဲ့ အမှတ် (၃)၏ ဝမ္မ အဓမ္မဗုဒ္ဓဇ္ဇီး အမှတ်(၃) ဆုံးဖြတ်ချက်ကို ဆက်ကပ်ခြင်း။

ရည်ညွှန်းချက်။ ။၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက်(၆-၂-၀၂) နေ့စွဲပါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော် ဗဟိုသံဃဒ္ဓဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော် သီးခြားဝိနည်းဝိုရ်အဖွဲ့ အမှတ် (၃) ဖွဲ့စည်းခြင်း အမိန့်စာကို ရည်ညွှန်းပါသည်။

ရှိသေစွာ လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဘုရား–

အထက်ဖော်ပြပါ အမိန့်အရ ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၂၅-၂၆-၃၅)တို့နှင့်အညီ သဘာပတိဆရာတော် ရွေးချယ်ပြီးလျှင် ပုံစံ ၅-ဖြင့် စောဒက စုဒ်တက ဆရာတော်များကို ဆင့်ခေါ်၍ ၁၃၄၁-ခု၊ တပို့တွဲလပြည့်ကျော် ၁-ရက်(၉-၂-၀၂)အင်္ဂါနေ့ နံနက် ဂ-နာရီအချိန်မှ စ၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အပရဂေါယာန ကျောင်းဆောင် အထက်ထပ် သီးခြားဝိနိစ္ဆယရုံးခန်း၌ စောဒကဆရာတော်များ၏ ပထမတင်သွင်းသော စောဒနာကို ကြားနာခဲ့ကြပြီးလျှင် ၁၃၄၁-ခု၊ တပို့တွဲလပြည့်ကျော် ၅-ရက်(၁၃-၂-၀၂) စနေနေ့ နံနက် ဂ-နာရီအချိန်မှစ၍ စောဒကဆရာတော်များ၏ အကျယ်ဝိတ္ထာရ စောဒနာကို ဆက်လက်ကြားနာခဲ့ကြပါသည်ဘုရား။

ကြောင်ပန်း ၂၉–ပ-မ-သ-စ

http://www.dhammadownload.com

ထို့နောက် ၁၃၄၃-ခု၊ တပို့တွဲလပြည့်ကျော် ၁၂-ရက် (၂၀-၂-၀၂) စနေနေ့ နံနက် ၀-နာရီ အချိန်မှစ၍ စုဒိတက ပုဂ္ဂိုလ်တို့ တင်သွင်းသော သောဓနာ ချေလွှာများကို ကြားနာခဲ့ပါသည်ဘုရား၊ စောဒက စုဒိတက နှစ်ဦးနှစ်ဖက်တို့ အား ယင်းတို့၏ တင်လွှာ ချေလွှာများကို စာဖြင့်သာ တင်သွင်းစေခဲ့ပါသည် ဘုရား၊ ယင်းစောဒနာ သောဓနာတင်လွှာ ချေလွှာများနှင့်တကွ ကြောင်ပန်း တောရဝါဒ ဆိုင်ရာ စာအုပ်စာတမ်းများကို ၁၃၄၃-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃-ရက်(၂၁-၂-၀၂)နေ့မှစ၍ ယင်းဝါဒဆိုင်ရာ တင်လွှာချေလွှာစာအုပ်စာတမ်း တို့ကို နေ့စဉ်နေ့တိုင်း ကြည့်ရှုသုံးသပ်ကြံလျက် ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အဝဝတို့နှင့် ညှိနှိုင်း တိုက်ဆိုင်ကာ ဤ ဝိနိစ္ဆယစာတမ်းကို ရေးသားခဲ့ကြပါသည်ဘုရား။

ယင်းသို့ ရေးသားကြပြီးနောက် ၁၃၄၃-ခု၊ ကဆုန်လဆန်း ၄-ရက် ၅-ရက် (၂၆-၄-၀၂) (၂၇-၄-၀၂) နေ့တို့၌ ဝိနည်းဓိုရ်ဆရာတော် ၇-ပါး အစုံအညီ ကြွရောက်တော်မူကြ၍ စောဒကစုဒိတကတို့၏ရှေ့တွင် ဤဆုံးဖြတ်ချက်ကို ဖတ် ကြား ချမှတ်ခဲ့ကြပါသည်ဘုရား၊ တပည့်တော်များ နိုင်ငံတော်သီးခြားဝိနည်း ဓိုရ်အဖွဲ့ အမှတ်(၃)၏ ဆုံးဖြတ်ချက် ဝိနိစ္ဆယစာမူကို ယခုစာနှင့်အတူ ပူးတွဲဆက် ကပ်ပါသည်ဘုရား။

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၃) ဆရာတော်များ

၁။ ဘဒ္ဒန္တ သြဘာသ၊ သရက်တောကျောင်း၊ ကျောက်မဲမြို့
၂။ ဘဒ္ဒန္တ ပဏ္ဍဝ၊ ရွှေအင်းရိပ်သာ၊ တပ်ကုန်းမြို့
၃။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့
၄။ ဘဒ္ဒန္တ ကဝိဓဇ၊ မဟာဝိဇယာရုံမတိုက်၊ ဆင်ဖြူကျွန်းမြို့
၅။ ဘဒ္ဒန္တ နေမိန္ဒ၊ မဟာဝိဇယာရုံမတိုက်၊ ပခုက္ကူမြို့
၆။ ဘဒ္ဒန္တ တိလောကသာရ၊ မြို့သစ်ကျောင်း၊ မလှိုင်မြို့
၇။ ဘဒ္ဒန္တ ဝိမလ၊ မဟာလယ်တီတိုက်၊ မုံရွာမြို့

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏

ဩဝါဒကထာ

၁။ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၃)က ကြောင်ပန်းတောရ ဝါဒနှင့် ပတ်သက်ပြီး ဝိနိစ္ဆယ ချမှတ်ခြင်းကိစ္စ ပြီးစီးလို့ ချမှတ်ထားတဲ့ ဝိနိစ္ဆယ များကိုလဲ ဒီမှာ ဆက်ပဲ့ အပ်နှင်းပြီးပါပြီ၊ ဝိနည်းမိုရ်အဖွဲ့အနေနဲ့ လုပ်ငန်း ပြီးစီးသွားပြီလို့ ဆိုရမှာဖြစ်ပါတယ်၊ ရှေ့ဆက်လက်ပြီး သံဃမဟာနာယကအဖွဲ့ အနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်များရှိလာတယ်လို့ ဆိုယင်လဲ ဆိုရ မှာပါပဲ၊ ဒီလုပ်ငန်းတာဝန်ကတော့ ယခုကြောင်ပန်းတောရဝါဒီ ဖြစ်ကြတဲ့ ဆရာ တော်များဟာ မြန်မာနိုင်ငံမှာ ရှိကြတဲ့ ဇာသိန်းကျော် သံဃာတော်များနှင့် တန်းတူ မိမိတို့နှစ်သက်ရာ အဖွဲ့အစည်းများမှာ ပါဝင်ပြီး ညီတူညီမျှ သာသနာ့ တာဝန်ကို ထမ်းဆောင်နိုင်ကြဖို့ သံဃမဟာနာယကအဖွဲ့ကြီးက ကြောင့်ကြစိုက် ပေးရမှာ ဖြစ်ပါတယ်၊ ဒါကတော့ ဩဝါဒပေးဖို့ပဲ ဆိုပါတော့။

၂။ ဩဝါဒပေးရုံနှင့် ပြီးပါ့မလားလို့ မေးစရာရှိပါတယ်၊ ဒီနေရာမှာ လောက ၌ (၁) သောဝစဿတာဂုဏ်ရှင် သူတော်ကောင်းပုဂ္ဂိုလ်ဟူ၍လည်းကောင်း (၂) ဒုဗ္ဘစသမားသူယုတ်မာဟူ၍လည်းကောင်း နှစ်မျိုးရှိရာမှာ ယခု ဒီ သံဃ-မဟာနာယကအဖွဲ့ ရှေ့မှောက်မှာ ရောက်နေတဲ့ ကြောင်ပန်းဆိုင်ရာ ဆရာတော် များဟာဆိုယင် သောဝစဿတာဂုဏ်ရှင် နံပါတ် (၁) သူတော်ကောင်းပုဂ္ဂိုလ် များ ဖြစ်တယ်ဆိုတာ ဘုန်းကြီးတို့ ကောင်းကောင်း ယုံကြည်ပါတယ်၊ ဘာ ကြောင့်လဲဆိုယင် ဒီဝါဒကို စတင်စစ်ဆေးစ အချိန်တုန်းကပဲ ဝိနည်းဓိုရ်ဆရာ တော်များ ဆုံးဖြတ်တဲ့အတိုင်း နာခံပါမယ်လို့ ဝန်ခံကတိပြုထားကြတယ်၊ အဲဒီ ဝန်ခံကတိပြုချက်အတိုင်းလဲ အခုဝိနည်းဓိုရ်ဆရာတော်များရဲ့ ဝိနိစ္ဆယအတိုင်း အချို့သော အချက်များမှာ အဓမ္မဖြစ်သည့်အားလျော်စွာ အဲဒီအဓမ္မဝါဒများကို လက်မှတ်ထိုးပြီး စွန့်လွှတ်ကြဖို့ အဆင်သင့်ပဲဆိုတဲ့ အချက်က ထောက်ခံလျက် ရှိနေပါတယ်။

၃။ ဒီလို သူတော်ကောင်းပုဂ္ဂိုလ်မျိုးအဖို့ရာမှာ ဩဝါဒစကားဟာ လုံလောက် တဲ့ အလုပ်အဆောင်ဖြစ်ပါတယ်၊ မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရား သားတော်ရှင်ရာဟုလာဟာ နံနက်မိုးလင်းယင် သဲတဆုပ်ကို ဆုပ်ယူပြီး ယနေ့ အဖို့ ဒီသဲနှင့်အမျှ အဆုံးအမ ဩဝါဒတွေ ရပါစေလို့ ဆုတောင်းကာ ရရှိတဲ့ အဆုံးအမ ဩဝါဒကို မြတ်မြတ်နိုးနိုး ဦးထိပ်ရွက်ပန်ဆင်လိုက်နာလေ့ရှိသတဲ့၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဆိုယင်လဲ ယနေ့ ပြုသစ်စ သာမဏေလေး ကပဲဖြစ်စေ အပြစ်ပြပြီး ဆုံးမလာမယ်ဆိုယင် အဲဒီ အဆုံးအမကို ဦးထိပ်ရွက် ပန်ဆင်ကာ လိုက်နာမယ်ဖြစ်တဲ့အကြောင်း မိန့်ဆိုလေ့ရှိသတဲ့၊ အဲဒီဟော့ ယခု

http://www.dhammadownload.com

ပဂိုလ်များလဲ ရှင်ရာဟုလာလို စိတ်မျိုး ရှင်သာရိပုတ္တရာလို စိတ်မျိုးကို အတုခိုးပြီး လိုက်နာကျင့်သုံးကြရမယ့် ဘုရားသားတော်များဖြစ်လို့ ဩဝါဒကို လိုက်နာကြမယ်ဆိုတာ ပြောစရာမလိုပါဘူး။

၄။ ဒီစောဒကာ အခု ဝါဒမှားများကို စွန့်လွှတ်ကြမယ်ဆိုတဲ့ အကြောင်းဝန်ခံကတိ လက်မှတ်ထိုးကြမှာဖြစ်လို့ မုချစွန့်လွှတ်ကြလိမ့်မယ်ဆိုတာ ယုံမှားမရှိပါဘူး၊ ဘာပြုလို့လဲဆိုတော့ အယူမှားဆိုတာဟာ ကောင်းကျိုးမပေးတတ်ပါဘူး၊ အစီးအပွားလဲ မဖြစ်ပါဘူး၊ တန္ဒေမှာ ဆင်းရဲဒုက္ခကိုသာ ပေးတတ်ပါတယ်၊ အဆုံးတန္ဒေမှာ အများရှဲ့ ဒဏ်ခတ်ခြင်းပင် ခံရတတ်ပါတယ်။

"တသ္မာ အယံ ဘိက္ခု ဗုဒ္ဓေန အက္ကထိတံ ကထေတိ၊ ဇိနစက္ကေ ပဟာရံ ဒေတိ။ပ။အဟိတာယ ဒုက္ခာယ ပဋိပန္နော"

(မူလပဏ္ဏာသ အဋ္ဌကထာ ၂၊၂၀၆)

တသ္မာ၊ ထို့ကြောင့်။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ (ဩဝါဒိရဟန်းကို ဆိုလိုရှဲ့ သာဝတ်ရဟန်းသည်) ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ အက္ကထိတံ၊ မဟော အပ်သော အဓမ္မဝါဒကို။ ကထေတိ၊ ဓမ္မဝါဒလုပ်ရှဲ့ ဟောနေ၏။ ဇိနစက္ကေ၊ ဘုရားသာသနာတော်၌။ ပဟာရံ၊ ဒဏ်ခတ်ခြင်းကို။ ဒေတိ၊ ပေးရ၏။ပ။အဟိတာယ၊ အစီးအပွားမဲ့ရန်အလို့ငှါ။ ဒုက္ခာယ၊ ဆင်းရဲရန်အလို့ငှါ။ ပဋိပန္နော၊ ကျင့်ကြံရှဲ့ နေပေ၏။

အဲဒီ အဋ္ဌကထာစကားအတိုင်း အဓမ္မဝါဒ ဘုရားဟောမဟုတ်တာကို ဘုရားဟောလို့ ယူတဲ့သူ ဟောတဲ့သူ မစွန့်လွှတ်တဲ့သူများဟာ ဆင်းရဲဒုက္ခနဲ့သာ တွေ့ကြုံရကြောင်း သတိပြုရမယ်။

၅။ ဒါ့ကြောင့် သူတော်ကောင်းလက္ခဏာနှင့် ပြည့်စုံကြတဲ့ယခုကျွှဲ့ပဂိုလ်များဟာ ကျွှဲ့အဓမ္မလို့ ဆုံးဖြတ်တဲ့အချက်တို့ကို စွန့်ပစ်ရှဲ့ မှန်ကန်သော အယူအကျင့်များကို ကျင့်သုံးကြပြီးလျှင် ယခုမြန်မာနိုင်ငံတော်ရှဲ့ တသိန်းကျော် သံဃာတော်များနှင့်အတူ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ရှဲ့ သာသနာ့ဂုဏ်ရောင်ကို ပြောင်သထက်ပြောင်အောင် အားထုတ်ကြပါလို့ တိုက်တွန်းချင်တယ်၊ နောက်ပြီးတော့လဲ အယူမှန် အယူကောင်းကို နှစ်ထောင်းရှင်ပျှ အားရကျေနပ်စွာ ကျင့်သုံးကြပြီးတော့ သုခါ သံဃာ သာမဂ္ဂီ ဆိုတဲ့အတိုင်း ညီညွတ်သော သံဃာနှင့် ချမ်းချမ်းသာသာ နေထိုင်လျက် မိမိတို့ရည်မှန်းရာ ပန်းတိုင်ဖြစ်တဲ့ ဝိမုတ္တိစခန်းကို တက်လှမ်းနိုင်ကြပါစေလို့လဲ ဆုမွန်ကောင်း တောင်းယင်း နိဂုံးချုပ်လိုက်ပါတယ်။

http://www.dhammadownload.com

နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲမှ
တွဲဖက်အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသ
မိန့်ကြားအပ်သော ဝိနိစ္ဆယအကျဉ်းသုံးသပ်ချက်နှင့် စုဒိတကပုဂ္ဂိုလ်များ
နှလုံးသွင်းဖွယ် ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့်တကွ အကျိုးတော်ဆောင်ဆရာတော် အမှူးရှိသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ ဝိနည်းဓိုရ်ဆရာတော်ဘုရားကြီးများ စောဒကဆရာတော်ဘုရားများနှင့် စုဒိတကဆရာတော် အရှင်သူမြတ်တို့ဘုရား။

အစီအစဉ်နံပါတ် (၄) အရ ဝိနိစ္ဆယအကျဉ်းချုပ်ကို ဘုရားတပည့်တော် သုံးသပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ဒီအကျဉ်းချုပ်ကို မသုံးသပ်မီ ဓမ္မ အဓမ္မဝါဒ ဆိုတဲ့ ငြင်းခုံခြင်းအကြောင်း ၆-မျိုးကို (အံ ၂၊ ၂၉၄၊ ဝိဝါဒမူလသုတ်) စသည်မှာ လာရှိသည့်အတိုင်း ဤ ဓမ္မ အဓမ္မ ဖြစ်ပေါ်ရခြင်း၏အကြောင်းဟာ ဘယ်အကြောင်းတွေလဲလို့ စိစစ်ကြည့်ဘဲ့အခါ အငြင်းအခုံ ဖြစ်ရခြင်း၏ အကြောင်း ၆-မျိုးကို မြတ်စွာဘုရား ဟောထားတာ တွေ့ရပါတယ်ဘုရား။

ငြင်းခုံခြင်းအကြောင်း ၆-မျိုး

ဒီအကြောင်း (၆) မျိုးကတော့-

၁။ ကောဓ+ဥပနာဟ= အမျက်ဒေါသကြီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း။

၂။ မက္ခ + ပဠာသ = ကျေးဇူးချေဖျက်ခြင်း၊ သူတပါးကို ဂုဏ်တု ဂုဏ်ပြိုင်ပြုခြင်း၊

၃။ ဣဿုကီ+မစ္ဆရီ = ငြူစူခြင်း၊ ဝန်တိုခြင်း၊

၄။ သဋ္ဌ+မာယာဝီ = စဉ်းလဲကောက်ကျစ်ခြင်း၊ သူတပါးအပေါ်မှာ လှည့်ပတ်ဖြားယောင်းခြင်း၊

၅။ ပါပိစ္ဆ+မိစ္ဆာဒိဋ္ဌိ = ယုတ်မာသော အလိုဆိုးရှိခြင်း + ယုတ်မာသော မိစ္ဆာအယူရှိခြင်း၊

၆။ သန္ဒိဋ္ဌိပရာမာသီ+အာဓာနဂ္ဂါဟီ+ဒုပ္ပဋိနိဿဂ္ဂီ=မှောက်မှားအယူကို ယူခြင်း၊ (ဝါ) အယူသည်းခြင်း၊ မှားတဲ့အယူကို မစွန့်လွှတ်နိုင်ခြင်း၊ ပြင်းထန်စွာ စွဲလမ်းခြင်း၊ (ဝါ) မှောက်မှားသော အယူကို မိမိက မစွန့်လွှတ်နိုင်ခြင်းဆိုတဲ့ ဒီ ၆-ပါးကို

http://www.dhammadownload.com

အမှီပြုပြီး ငြင်းခုံမှု ဖြစ်တတ်ကြပါတယ်၊ အခုလဲပဲ ကြောင်ပန်းတောရဝါဒကို ဓမ္မ အဓမ္မဟု ငြင်းခုံခြင်းဟာ ဒီ ၆-ပါးထဲက တမျိုးမျိုးကို အကြောင်းပြုရှု ဖြစ်တယ်ဆိုဟာ ဘယ်ဆရာတော်ဘုရားမျှားမှ မငြင်းကွယ်နိုင်ပါဘူးဘုရား။

ဓမ္မ အဓမ္မ စိစစ်ရမည့်ဝါဒမျှား

ဓမ္မ အဓမ္မဝါဒ ငြင်းခုံမှုမျှားနှင့် ပတ်သက်ပြီးတော့ ဘုရားတပည့်တော်တို့ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်၊ ၁၂-ရက်၊ ၁၃-ရက်၊ ၁၄-ရက်နေ့များမှာ ကျင်းပခဲ့တဲ့ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက ဓမ္မ အဓမ္မ စိစစ်ရမယ့် ဝါဒ(၇)မျိုးကို ချမှတ်ခဲ့ပါတယ် ဘုရား။အဲဒီ ဝါဒ (၇)မျိုးကတော့–

၁။ လူသေလူဖြစ်ဝါဒ
၂။ ကျောက်သင်္ဘောဝါဒ
၃။ ကြောင်ပန်းတောရဝါဒ
၄။ ကျောက်ပုံတောရဝါဒ
၅။ ဓမ္မနီတိဝါဒ
၆။ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အရှင်မာလာဝရ ဝါဒ
၇။ မိုးညှိဝိပဿနာဝါဒတို့ ဖြစ်ကြပါတယ်ဘုရား။

အဲဒီ ဝါဒ (၇) မျိုးထဲမှ ကြောင်ပန်းတောရဝိပဿနာဝါဒနဲ့ပတ်သက်ပြီးတော့ ဝိနိစ္ဆယအကျဉ်းသုံးသပ်ရမယ်ဆိုယင် ဝိနည်းဓိုရိဏ်ဆရာတော်များက မိမိတို့၏ ဝိနိစ္ဆယထဲမှာ အကျဉ်းချုပ်မှတ်သားထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီ ကြောင်ပန်းတောရဝိပဿနာဝါဒနှင့်ပတ်သက်ပြီး စောဒကပုဂ္ဂိုလ်များ စောဒနာထားတဲ့အပိုဒ်ကြီး (၁၀) ချက်၊ အပိုဒ်ခွဲ (၄၈) ချက်ရှိတယ်လို့ ဝိနည်းဓိုရိဏ်ဆရာတော်များက သုံးသပ်ထားကြပါတယ်ဘုရား။

နောက်နောက်က ယခုလို ဝိနိစ္ဆယ ချပြီးထားတဲ့ ဝါဒတွေထဲမှာ ၁၃၄၂-ခုနှစ် တပို့တွဲလပြည့်ကျော် (၄) ရက် (၂၃-၂-၁၁) တနင်းလာနေ့မှာ ကျောက်သင်္ဘောဝါဒ ဓမ္မ အမှေ ဝိဝါဒါဓိကရဏ်းကို ဝိနိစ္ဆယချပြီး ဖြစ်ပါတယ်ဘုရား။

၁၃၄၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက် (၂၉-၁၀-၁၁) ကြာသပတေးနေ့မှာ လူသေလူဖြစ် ဦးဥက္ကဋ္ဌဝါဒနှင့်တကွ ဝါဒါနုဝါဒဝိနိစ္ဆယကို ချမှတ်ပြီး ဖြစ်ပါတယ်ဘုရား၊ဒီကြားထဲမှာ ဓမ္မ အဓမ္မ စိစစ်ရမယ့် ဝါဒ(၇)မျိုးထဲမှာ မပါတဲ့ ဉာဏစာဂီဆိုတဲ့ နွေးက ဆုံးဖြတ်ပြီးသားတမှုကိုလဲ ၁၃၄၁-ခုနှစ်၊ ပြာသိုလဆုတ် (၃)ရက် (၁၂-၁-၁၁) အင်္ဂါနေ့မှာ ဝိနိစ္ဆယ ချပြီးဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com

ကြောင်ပန်းဝိနိစ္ဆယနှင့် အခြားဝိနိစ္ဆယများ မတူပုံ

ကျောက်သဘော်ဝါဒ ဝိနိစ္ဆယ၊ လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယ၊ ဉာဏစာဂီ ဝိနိစ္ဆယတို့နှင့် ဒီကြောင်ပန်းတောရ ဓမ္မ အဓမ္မဝိနိစ္ဆယ ချမှတ်ပုံ ကွဲပြားချက်ကို လျှောက်ထားလိုပါတယ် ဘုရား။

ကျောက်သဘော်ဝါဒနှင့် လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယချမှတ်တဲ့ ဝိနည်း ဓိုရိဆရာတော်များက စောဒကပုဂ္ဂိုလ်များ တင်ပြထားတဲ့ စောဒနာအမှတ်အား လုံးကို အဓမ္မအဖြစ်နဲ့ချည်း ဝိနိစ္ဆယချမှတ်ထားတာကို အားလုံးသိကြပြီး ဖြစ်ပါ တယ်ဘုရား။

ကြောင်ပန်း ဝိနိစ္ဆယမှာတော့ အပိုဒ်ကြီး- (၁၀)ချက်၊ အပိုဒ်ခွဲ (၄၈) ချက် ရှိတဲ့ အထဲမှ ဝိနည်းဓိုရိဆရာတော်များ ဆုံးဖြတ်ထားပုံကို အနည်းအကျဉ်းသုံး သပ်ပြပါမယ် ဘုရား၊ စောဒနာအမှတ် (၁) က-ခ-ဉ ကို မှုအဖြစ်လည်း ကောင်း၊ ဃ-ငစ-ဋ- ကို အဓမ္မအဖြစ်လည်းကောင်း၊ ဂ-ဆ-ဇ-ဈ-ဋ္ဌ-ကို စုဒိတက ဆရာတော်များက ပယ်ထားသော အချက်အဖြစ်ဖြင့်လည်းကောင်း အဲဒီလို သုံးချက်ခွဲပြီးတော့ ဝိနိစ္ဆယ ချမှတ်ထားတာ တွေ့ရပါတယ် ဘုရား။

အဲဒီအထဲမှာ ဝိနည်းဓိုရိဆရာတော်များ သုံးသပ်ပေါင်းရုံးပြီး ခွဲပြထား တာကတော့ ကြောင်ပန်းတောရ ဓမ္မအဓမ္မ ဝိနိစ္ဆယ ချမှတ်တဲ့ဓနုရာမှာ တရားသဘော သက်ရောက်ပြီးတော့ ဝိနည်းနဲ့ ညီညွတ်တဲ့အချက်ပေါင်း(၁၉) ချက်၊ တရားသဘော မညီညွတ်ပဲ ဝိနည်းနဲ့ မလျော်ကန်တဲ့ အချက်ပေါင်း (၂၂)ချက်၊ စုဒိတကဆရာတော်များက လက်မခံတဲ့အချက်ပေါင်းက (၁၂)ချက် အဲဒီလို ခွဲခြားပြီး သုံးသပ်ထားတာကို တွေ့ရပါတယ်ဘုရား။

စုဒိတကပုဂ္ဂိုလ်များကို ဘုရားတပည့်တော် လျှောက်ထားချင်တာကတော့ စောဒကပုဂ္ဂိုလ်များက မိမိတို့အပေါ် စောဒနာတာဟာလဲ မေတ္တာစိတ္တေန ဆိုတဲ့ အတိုင်း မိမိတို့သာသနာတော်မှာ နေတဲ့သံဃာတော်များ ဖြစ်တဲ့အတွက်ကြောင့် ဒီလိုအဓမ္မဝါဒဖြစ်နေလို့ရှိယင် ဓမ္မဝါဒသက်ရောက်ပါစေဆိုတဲ့ မေတ္တာစိတ်ထားနဲ့ စောဒနာခြင်းသာ ဖြစ်ပါလိမ့်မယ် ဘုရား၊ "နော ဒေါသန္တရေန" ဒေါသနဲ့ စောဒနာခြင်း မဟုတ်ပါဘူး။

အတ္ထကာမာ=အရှင်ဘုရား စုဒိတကပုဂ္ဂိုလ်တို့ရဲ့ အကျိုးကို လိုလားလို့သာ စောဒနာခြင်း ဖြစ်ပါလိမ့်မယ် ဘုရား။

နော အနတ္ထကာမေန=အကျိုးကိုမလိုလား ပျက်စီးစေလိုတဲ့ စေတနာနဲ့ စောဒနာခြင်းမဟုတ်ပါ ဘုရား။

ဒါကို စောဒကအင်္ဂါနဲ့ ညီညွတ်တယ်လို့ တပည့်တော်တို့ ယူဆပါတယ် ဘုရား။

http://www.dhammadownload.com

ထိုနည်းတူစွာ ဝိနည်းဗိုဒ်ပဂ္ဂိုလ်များကလည်း ယထာဓမ္မ ယထာဝိနယ ဝိနည်းဗိုဒ်အင်္ဂါနှင့်ညီညွတ်စွာ ရှေးတုန်းကချမှတ်ထားတဲ့ ဝိနိစ္ဆယများကဲ့သို့ စောဒနာ (၁၀) ချက် ရှိတဲ့အထဲက အားလုံး အဓမ္မချည်း ချမှတ်ခြင်းမပြုပဲ ယထာဓမ္မ=တရားနဲ့ လျော်တယ်၊ ယထာဝိနယ=ဝိနည်းနဲ့ ညီညွတ်တယ်ဆိုယင် ဓမ္မလို့ ယူဆတော်မူကြပါတယ်၊ ယထာဓမ္မ ယထာဝိနယ မဟုတ်ဘူးဆိုရင် အဓမ္မလို့ချထားတဲ့ အတွက်ကြောင့် (ချိန်ခွင်လျှာပမာ ကျောက်စာတိုင်ပမာ ဓမ္မကိုဓမ္မ၊ အဓမ္မကို အဓမ္မလို့ ချမှတ်ထားတဲ့အတွက်) ဝိနည်းဗိုဒ် ဆရာတော်များသည် စုဒိတက ပဂ္ဂိုလ်တို့ရဲ့ အားကိုးရာအစစ် ဖြစ်တယ်ဆိုတာ ငြင်းနိုင်မယ် မဟုတ်ပါဘူး ဘုရား။

သို့အတွက်ကြောင့် ကြောင်ပန်းတောရ ဝါဒကို ဓမ္မအဓမ္မ အနေနဲ့ ဝိနိစ္ဆယ ချမှတ်ခြင်းခံရတာဟာဖြင့် မြတ်စွာဘုရားမျက်နှာ သာသနာတော်မျက်နှာ သမဂ္ဂသီတဗီးသုံးဖေါ်တို့ရဲ့ မျက်နှာကို ကြည့်ပြီး ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် စုဒိတက ဆရာတော်များအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ထိုက်ပါတယ် ဘုရား။

အရှင် စူဠသုမ မထေရ်နှင့် စူဠနာဂမထေရ်

ဓမ္မ အဓမ္မ ငြင်းခုံမှုသည် အရှင်ဘုရားများသာ မဟုတ်၊ ရှေးအခါကပင် ရှိခဲ့ဖူးပါသည် ဘုရား၊ ကြောင်ပန်းဆရာတော်များသည် ပိဋကတ်ကို အရေးပေးတဲ့ ဆရာတော်များဆိုတာ မည်သူမျှ မငြင်းနိုင်ကြပါဘူး၊ မငြင်းနိုင်တဲ့အတွက် စုဒိတက ဆရာတော်များ နှလုံးသွင်းဖို့ရာ မဟာသတိပဋ္ဌာနသုတ်ကို ညွှန်ကြားပါ့မယ် ဘုရား၊ မဟာသတိပဋ္ဌာနသုတ်မှာ ဆရာဖြစ်သော တိပိဋက စူဠသုမ မထေရ်နှင့် တပည့်ဖြစ်သော တိပိဋက စူဠနာဂ မထေရ်တို့ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" မှာ ပါတဲ့ မဂ္ဂအရ အယူအဆကွဲပြားခဲ့ဖူးကြပါတယ်။

တပည့်ဖြစ်သူ စူဠနာဂ မထေရ်က မဂ္ဂေါအရ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ကိုယူသင့်သည် ယူရမယ်လို့ ဆရာကိုလျှောက်ပါတယ်၊ ပိဋကသုံးပုံဆောင် ဆရာဖြစ်တဲ့ စူဠသုမ မထေရ်က မဂ္ဂအရ မိဿကမဂ်ကို ယူရမယ်လို့ အမိန့်ရှိပါတယ်၊ တပည့်က ပုဗ္ဗဘာဂမဂ်၊ ဆရာက လောကီလောကုတ္တရာ (မိဿက) မဂ်လို့ အငြင်းပွားကြပါတယ်၊ တကြိမ်နှစ်ကြိမ် သုံးကြိမ်လောက် ပြောကြဆိုကြတဲ့အခါမှာတော့ ဆရာကို ဦးစားပေးတဲ့ အနေနဲ့ တပည့်ဖြစ်သူ စူဠနာဂမထေရ်က ငြိမ်ငြိမ်လေးနေလိုက်ပါတယ်၊ ဘုရားတပည့်တော်တို့ သာသနာတော်မှာ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ သုံးကြိမ်ထက် ပိုပြီးလျှောက်ထားလေ့မရှိပါဘူး၊

http://www.dhammadownload.com

ဒီနည်းကို ကောင်းကောင်းကြီး ရထားတဲ့ တိပိဋကဓရ စူဠနာဂ မထေရ် ဟာ ဆရာကို ဘာမျှထပ်မံ လျှောက်လဲချက် မပြုပဲ ငြိမ်ငြိမ်လေး နေလိုက်ပါတယ် ဘုရား။

ဒီလိုနေတော့ ဆရာက ပိဋကသုံးပုံဆောင် ပညာတတ်ပီပီ စဉ်းစားတယ်၊ စူဠနာဂ-က- ပုဗ္ဗဘာဂမင်္ဂလိုလျှောက်တယ် ငါက မိဿကမင်္ဂ ဘယ်သူက မှားလို့ သတ်သူကမှန်တယ်ဆိုတာ ရေချိုးယင်း ရေးချိုးခုံပေါ် မှာရပ်ပြီး စဉ်းစားတော်မူပါတယ်၊ "ကောယနော အယံ ဘိက္ခဝေ" က စပြီး ပါဠိတော်ကို ရွတ်ဖတ်ပါတယ်၊ မဟာသတိပဋ္ဌာနသုတ် ဆုံးခါနီးမှာ "ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ" ဒီပါဠိရောက်ပါတယ်၊ ရောက်တော့ "လောကုတ္တရမဂ္ဂေါ ဥပ္ပဇ္ဇိတ္ထ သတ္တဝဿာနိ တိဋ္ဌမာနော နာမ နတ္ထိ" လောကုတ္တရာမဂ်ဆိုတာ (၇) နှစ်တိုင်အောင် ဘယ်သောခါမျှ မဖြစ်ဘူး၊ မဂ္ဂါဘိ ညာ ဏကိံ မတာလို့ လက်သန်းအဋ္ဌကထာမှာ ဆိုတဲ့အတိုင်း မဂ်စိတ်များဟာ စာကြိမ်မဲဖြစ်ရပါတယ်၊ ဥပါဒ် ဌိ ဘင်တကြိမ်မဲ ဖြစ်ရပါတယ်၊ (၇) နှစ်တိုင်အောင် မနေဘူး၊ ဒီအခါမှ စာပည့်ဖြစ်သူ စူဠနာဂရဲ့ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်က မှန်တယ်၊ ငါရဲ့ မိဿကမဂ်က မှားတယ်လို့ ဆရာက ပရိဿတ် အလယ်မှာ ဝန်ခံခဲ့ပါတယ်၊ အဲဒီလို ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ စူဠသုမနဒ့် တိပိဋကစူဠနာဂမထေရ်တို့တောင်မှ အယူကွဲပြား မတူထူးခြား ဖြစ်ကြသေး လျှင် ဒို့ဟာလဲပဲ ဓမ္မအဓမ္မ အယူကွဲပြား ငြင်းခုံကြတာ ဘာမျှမထူးဆန်းပါဘူးလို့ စုဒိတက ဆရာတော်များ အနေနဲ့ နှလုံးသွင်းကြစေချင်ပါတယ်။

စူဠကာလနှင့် မဟာကာလ

ထိုနည်းတူစွာ သုတ္တန်ပါဠိတော်မှာ ဆရာတော်တို့ ကြားဘူးကြတဲ့အထိုင်းပါပဲ၊ ဒီ ဂေါတမမြတ်စွာဘုရား လက်ထက်တော်မှာ အရှင်ကောဏ္ဍညဟာ ပထမ ရွေးဦးစွာ ရဟန္တာဘဝ ရရှိပါတယ်၊ အရှင်သုဘဒ္ဒက နောက်ဆုံးပိတ် ရဟန္တာ ဖြစ်ပါတယ်၊ အဲဒီရှင်ကောဏ္ဍညနှင့် ရှင်သုဘဒ္ဒအလောင်းများဟာ ဟိုတချိန် တုန်းက စူဠကာလ မဟာကာလညီအစ်ကိုများ ဖြစ်ခဲ့ကြပါတယ်၊ ညီအစ်ကိုဖြစ် တဲ့အထဲမှာ ဓမ္မပဒအဋ္ဌကထာ ညွှန်ပြထားစာကတော့ စူဠကာလသည် အရှင် ကောဏ္ဍညအလောင်းဖြစ်သည်၊ မဟာကာလသည် အရှင်သုဘဒ္ဒအလောင်း ဖြစ်သည်လို့ အကြီးနဲ့ အငယ် လွဲပြီးတော့ ဖွင့်ပြထားပါတယ်၊ ကျန်တဲ့အဂ္ဂိုတို့ရဲ့ အဋ္ဌကထာစသည်မှာတော့ မဟာကာလသည် အရှင်ကောဏ္ဍညအလောင်း စူဠ ကာလသည် အရှင်သုဘဒ္ဒအလောင်းလို့ ပြဆိုထားပါတယ်၊ အဲဒီလို ဆရာ တဦးထဲရေးသားတဲ့ အဋ္ဌကထာချင်းလဲ အယူအဆကွဲပြားပြီး ထူးခြားချက်

http://www.dhammadownload.com

တွေရှိတာကို ထောက်ဆယင် ငါတို့အနေနဲ့ ဓမ္မ အဓမ္မ ဝိဝါဒဖြစ်ခြင်းဟာဖြင့် ထူးဆန်းတဲ့အချက် မဟုတ်ပါဘူးလို့ အဲဒီလို ဆရာတော်တို့ စိတ်ကိုဖြေနိုင်ကြပါစေလို့ လျောက်ထားချင်ပါတယ်ဘုရား။

ဖွားဖက်တော် (၇) ယောက်

နောက်တချက် လျောက်ထားပါရစေဘုရား၊ မြတ်စွာဘုရား ကပိလဝတ်ကြွသွားတဲ့အခါ သုဒ္ဓါဒနမင်းကြီး သေတာပန်ဖြစ်တဲ့ရက်ဟာ ဒုတိယမြောက် ၂-ရက်နေ့မှာ သေတာပန်ဖြစ်တယ်၊ တတိယမြောက် ၃-ရက်နေ့မှာ သေတာပန်ဖြစ်တယ်လို့ အဲဒီလိုကွဲပြားချက် တချက်ရှိပါသေးတယ်။

မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဖွားဘက်တော်မျာကို ဖော်ပြတဲ့နေရာမှာ "အာ့မော့ကာ့ယ, ဆန်, ရွှေ့ကဏ်," ဆိုတဲ့အတိုင်း ကဏ္ဍိကမြင်း (ခဏ္ဍကမြင်း) ရယ်လို့ များသောအားဖြင့် ပြထားပေမယ်လို့ ရှင်ဓမ္မပါလရေးတဲ့ အဋ္ဌကထာမှာတော့ အာရောဟဏီယ ဆင်လို့ ပြထားတာတွေ့ရပါတယ်၊ အဲဒီလို ဖွားဖက်တော် (၇) ယောက်တောင်မှ ခဏ္ဍိကမြင်းနဲ့ အာရောဟဏီယ ဆင်လို့ကွဲပြားတာလဲ ရှိပါသေးတယ်ဘုရား။

မဟာဆုမမထေရ် နှင့် မဟာပဒုမထေရ်

အဲဒီလိုသုတ္တန်မှာသာ အယူအဆ ကွဲပြားရှိမကသေးပါဘူး၊ ဝိနည်းအရာ အယူအဆ ကွဲပြားပုံကိုလဲ လျောက်ထားပါရစေဦးဘုရား၊ ဝိနည်းအရာမှာ ဆရာ့ထံမှာ ၉-ခေါက် မိမိအလိုလို ၉-ခေါက် ဝိနည်းကို အဲဒီလို ၁၈-ခေါက် ကုန်တဲ့ မဟာပဒုမ မထေရ်နဲ့ စာတက်ဘက်ဖြစ်တဲ့ မဟာသုမ မထေရ်ဆိုတာ ရှိပါတယ်၊ ဒီမထေရ် ၂-ပါးအကြောင်းကို ဆရာတော်များ အဋ္ဌကထာမှာကြည့်လို့ရှိယင် ဝါဒပြိုင်တာတွေ့ကို တွေ့ရှိရပါလိမ့်မယ်ဘုရား၊ (ဝိဋ္ဌ ၁၊၂၂၈) ဒီလိုဝိနယ ဓရပုဂ္ဂိုလ်ကြီးများတောင်မှ ဝိနည်းအရာမှာ မတူထူးခြား ကွဲပြားချက်တွေ ရှိသေးတယ်ဆိုယင် ဒို့လို ပညာဉာဏ် မရင့်သန်သေးတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဓမ္မ အဓမ္မပေါ် ပေါက်လာတာဟာဖြင့် ဘာမျှမဆန်းသေးပါဘူးလို့ နှလုံးသွင်းစေချင်ပါတယ်ဘုရား။

အရှင်အာနန္ဒာနှင့် အရှင်ဥပါဒိ

ဒါလောက်တင် မကသေးပါဘူး၊ ဒီမြတ်စွာဘုရား သာသနာတော်မှာ တေဒဂ် (၅) တန်ရထားတဲ့ အရှင်အာနန္ဒာကို ကြည့်ပါဦး၊ ဘိက္ခုဝိဘင်းပါရာဇိကဏ်ပါဠိတော် ဒုတိယပါရာဇိက ဝိနီတဝတ္ထုထဲမှာ အရှင်ဇင္ဇုနနှင့် သက်ဆိုင်တဲ့ ဝတ္ထုတပုဒ်လာရှိပါတယ်၊ အရှင်အဇ္ဇုန ဝေသာလီပြည်နေတဲ့အခါ သူ့ကို

http://www.dhammadownload.com

ကြည်ညိုတဲ့ဒါယကာတယောက်မှာ သားနဲ့တူနှစ်ယောက်ရှိပါတယ်၊အရှင်အင္ဂုနရဲ့ ဒကာက ရတနာသုံးပါးကို ကြည်ညိုတယ်၊ အင်မတန် သဒ္ဓါတရားနဲ့ပြည့်စုံပါတယ်၊ ပြည်စုံတော့လိမ္မာရေးခြားရှိသူကို အဖိုးတန် အမွေအနှစ် ပေးခဲ့ချင်တယ်၊ လူကြီးမိဘဆိုတာ မိမိတို့ ကိုးကွယ်ထားတဲ့ ဘာသာရေးကို ဘယ်တော့မှ မမေ့စေချင်ပါဘူး၊လောကမှာ ရှေ့ငွေ့ ရတနာဆိုတဲ့ လောကီအမွေမျိုးကိုသာ မခံစေချင်ပါဘူး၊ လောကုတ္တရာအမွေဆိုတဲ့ သာသနာ့အမွေကိုလဲ ခံစေချင်တဲ့ သဘောရှိပါတယ်၊ ဒါကြောင့် ဒကာဖြစ်သူက အရှင်အင္ဂုနကို—

"ဤမံ ဘန္တေ ဩကာသံ ယော ဤမေသံ ဒ္ဝိန္နံ ဒါရကာနံ သဒ္ဓါ ဟောတိ ပသန္နော တဿ အာစိက္ခေယျာသိ"

"အရှင်ဘုရား တပည့်တော်၏ သားနှင့်တူ နှစ်ယောက်ရှိတဲ့အထဲက သဒ္ဓါတရားနှင့် ပြည့်စုံပြီး ရတနာသုံးပါး ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကို တပည့်တော်၏ ဥစ္စာနှစ်ကို ခံစားခွင့်ပေးတော်မူပါ၊ အဲဒီပုဂ္ဂိုလ်ကို ညွှန်ကြားတော်မူပါ"

လို့ ဒကာဖြစ်သူက လျှောက်ထားသွားပါတယ်။

အဲဒီလိုလျှောက်ထားတော့ အရှင်အင္ဂုန-က သားနှင့်တူ နှစ်ယောက်တို့ တွင် သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ တူကိုအမွေဥစ္စာနှစ်ပေးရန် ညွှန်ကြားလိုက်ပါတယ်၊ တူကိုပေးတဲ့အတွက် သားဖြစ်သူက မကျေနပ်၊ မကျေနပ်တော့ အရှင်အာနန္ဒာကို လျှောက်ထားပါတယ်၊ "အရှင်ဘုရား အာနန္ဒာ မိဘရဲ့ အမွေအနှစ်ကို ဘယ်သူရထိုက်ပါသလဲ ဘုရား" လို့ လျှောက်ထားပါတယ်၊ အရှင်အာနန္ဒာ-က "သားသမီး ရထိုက်တာပေါ့ ဒကာ" လို့ ဖြေကြားလိုက်ပါတယ်။

ဒါဖြင့် အရှင်အင္ဂုနဟာ တပည့်တော်အဖေရဲ့ ဥစ္စာနှစ်တွေကို သားဖြစ်တဲ့ တပည့်တော်ကို မပေးပဲနဲ့ တူဖြစ်သူကို ပေးလိုက်ပါတယ်၊ အပြစ်ရှိသလား ဘုရားလို့ မေးလျှောက်ပါတယ်၊အရှင်အာနန္ဒာ-က ဒကာ"အသမဏော ဟောတိ အာယသ္မာ အင္ဂုနော" ဒီအတိုင်းမှန်ယင် အရှင်အင္ဂုနဟာ ရဟန်းမဟုတ်တော့ဘူးလို့ အရှင်အာနန္ဒာက ဖြေပါတယ်၊ အရှင်အင္ဂုန-က ဒီစကားကြားတော့ အရှင်ဥပါလိထံ သွားရောက်ပြီး လျှောက်ထားကာ အဆုံးအဖြတ်ခံပါတယ်။

ဒီတော့မှ အရှင်ဥပါလိက "ငါ့ရှင် အာနန္ဒာ ဒကာဖြစ်တဲ့ပုဂ္ဂိုလ်က သဒ္ဓါတရားနဲ့ပြည့်စုံ ရတနာသုံးပါးကို ကြည်ညိုတဲ့ပုဂ္ဂိုလ်ကို အမွေပေးပါဆိုတဲ့ အတွက်ကြောင့် သူစကားအရ ပေးခြင်းကို (ပေးသည့်အတွက်) အရှင်အင္ဂုန မှာ အပြစ်ရှိပါသလားလို့"မေးပါတယ်၊ ဒီအခါကျမှ အရှင်အာနန္ဒာက အပြစ်

http://www.dhammadownload.com

မရှိပါလို့ ပြန်လည်လျှောက်ထားပါတယ်၊ ကုန်ကုန်လျှောက်ထားပါရစေဘုရား၊ ဒီအတိုင်းမှန်ယင် အရှင်အဇ္ဈုနမှာ ဒုက္ကဋ်အာပတ်တောင် မသင့်ပါဘူးလို့ အရှင်အာနန္ဒာက ပြန်ပြီးလျှောက်ထားပါတယ်။

အဲဒီဝတ္ထုကို ထောက်ထားပြီး တေဒဂ် ငါးတန်ရထားတဲ့ အရှင် အာနန္ဒာနှင့် အရှင်ဥပါလိ အရှင်အဇ္ဈုနတို့တောင်မှ အယူအဆကွဲလွဲကြသေးယင် ဒို့လို သူသူငါငါဖြစ်တဲ့ ပါမှာပုဂ္ဂိုလ်များအဖို့ ဘယ်မှာ ဓမ္မ အဓမ္မ မလွဲပဲရှိပါ မလဲလို့ ဆာဟတောဘုရားများ စိတ်နှလုံး သက်သာခွင့်ရအောင် တွေးတောစဉ်းစားရန် လျှောက်ထားရခြင်းဖြစ်ပါတယ်ဘုရား။

အဋ္ဌကထာနှင့် မူလဋီကာ

ဒီလို သုတ္တန်ဝိနည်းအရာ ကွဲပြားရုံသာမက အဘိဓမ္မာအရာမှာလဲ အဋ္ဌ-ကထာဆရာနှင့် မူလဋီကာဆရာတို့ ကွဲပြားပုံကို ဆက်လက်ပြီး လျှောက်ထားချင်ပါသေးတယ်ဘုရား။

ပထမံ ကလလံ ဟောတိ၊ ကလလာ ဧဟာတိ အဗ္ဗုဒါ။
အဗ္ဗုဒါ ဇာယတေ ပေသီ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။

ဆိုတဲ့နေရာမှာ (၇) သတ္တာဟကျော်တဲ့အခါ စက္ခုဒသက စသည်ဖြစ်တယ်လို့ အဋ္ဌကထာဆရာက ဆိုပါတယ်၊ ဒါကို မူလဋီကာဆရာက ကြားထဲမှာ ပက္က-သတ္တာဟဖြစ်တယ်၊ ဒါကြောင့် (၁၁) သတ္တာဟရှိတဲ့အခါကျမှ စက္ခုဒသက စသည် ဖြစ်တယ်လို့ ဆိုပါတယ်၊ အဲဒီလို အဋ္ဌကထာဆရာနှင့် မူလဋီကာဆရာတို့ ကွဲလွဲကြပါတယ်။

အများသိနေကြတဲ့ ဥပါဒ် ဌိ ဘင် ခဏငယ်သုံးချက်မှာလဲ ဥပါဒ် ဌိ ဘင် လို့ အဋ္ဌကထာဆရာက ဆိုပါလျက် ဋီကာဆရာက ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ စသည့် ယမိုက်ပါဠိကို ကိုးကားပြီး ဌိမရှိဘူးလို့ဆိုပါတယ်၊ အဋ္ဌကထာဆရာက ဥပါဒ် ဌိ ဘင် သုံးချက်ရှိစာယ်၊ ဋီကာဆရာက ဌိ မရှိဘူး၊ ဥပါဒ်နှင့် ဘင် ၂-ချက်သာ ရှိတယ်၊ အဲဒီလို အယူအဆကွဲပြားကြပါတယ်၊ ဒီလို ကွဲပြားချက်တွေဟာ ပိဋကသုံးပုံကို ထုံးလိုချေ ရေလိုနှောက်ထားတဲ့ အဋ္ဌကထာဆရာ ဋီကာဆရာတွေတောင် ကွဲပြားကြသေးလျှင် ပညာဉာဏ် မရင့်ကျက်သေးတဲ့ စောဒက ဆရာတော်များနှင့် စုဒိတကဆရာတော်များ အယူအဆ ကွဲလွဲကြတာဟာ ဘာမျှ အံ့သြလောက်စရာ မဟုတ်သေးပါဘူးဘုရား၊ အမှန်ကတော့ ဒီကွဲလွဲချက်တွေရဲ့ အဖြေကို ရှာကြည့်လျှင် ပုထုဇဉ်ဘဝက မလွတ်မြောက်နိုင်ကြသေးလို့ပဲ ဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com

ပုထုဇဉ်အပြစ်

မြတ်စွာဘုရားက "ဥမ္မတ္တကော် ဝိယ ဟိ ပုထုဇ္ဇနော" ပုထုဇဉ်ဟာ ဇရူးလုံပဲ အရူးနှင့်တူတယ်။

သော ယံကိဉ္စိ ယေန ကေနစိ အာကာရေန ဂဏှာတိ။
(ဝိသုဒ္ဓိ ၂၊ ၂၀၈။ မဋ္ဌ ၁၊ ၂၇။ သံဋ္ဌ ၂၊ ၃၉။)

ပုထုဇဉ်ဆိုတာ ထင်ရာမြင်ရာကို ကောက်ယူတတ်တဲ့အတွက် ပုထုဇဉ်သဘာဝ ဓမ္မ အဓမ္မ ဝိဝါဒဖြစ်ကြတာဟာ အရှင်ဘုရားတို့အတွက် ဘာမျှဝမ်းနည်းစရာ မဟုတ်ပါဘူး၊ ဒါဖြင့် ဘယ်အချိန်ရောက်မှ ဒီအပြစ်ကကင်းလွတ်နိုင်မလဲဆိုရင်–

သောတာပတ္တိမဂ္ဂေန ကုက္ကုစ္စဝိစိကိစ္ဆာ ပဟီယန္တိ။
အဘိဋ္ဌ ၁၊၄၁၅၊

မိန့်ဆိုထားချက် အရ အားလုံးသော ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်ဘဝမှ သောတာပတ္တိမဂ်ရောက်ယင်(သောတာပတ္တိမဂ်ရယင်) ကုက္ကုစ္စ ဝိစိကိစ္ဆာ ယုံမှားသံသယတွေပျောက်ပြီး မမှ အဓမ္မလဲ မရှိနိုင်တော့ပါဘုရား။

"သော ဒိဋ္ဌဓမ္မော တဏှ သဒ္ဓါယ အညထာဘာဝေါ နတ္ထိ"

ဥဒါန်း၊ဋ္ဌ၊၁၃၉

သောတာပန်ဘဝ အောက်ထစ်ဆုံး ရောက်သွားပြီဆိုလျှင် အဲဒီပုဂ္ဂိုလ်မှာ ယုံကြည်ချက်သဒ္ဓါတရားကြောင့် ယုံမှားမှု သံသယဘာဝမျှမရှိတော့ဘူးလို့ ဥဒါန်း အဋ္ဌကထာမှာ မိန့်မှာထားသည်အချက်။

ကေဝါရံ မဂ္ဂဉ္စာနေန ပဋိဝိဒ္ဓဓမ္မော၊
အညေသံ ကထေန္တာနမ္မိ နသဒ္ဒဟန္တိ နဂဏှန္တိ။

သောတာပတ္တိမဂ်ဉာဏ်ကို တကြိမ်ရလိုက်လို့ရှိလျှင် သူများတွေ မဟုတ်မမှန် ပြောတဲ့စကားကို ဘယ်အခါမျှ မယုံကြည်တော့ပါဖူး၊ ဘာကြောင့် မယုံကြည်သလဲဆိုရင် "ကသ္မာ အတ္တနော ပစ္စက္ခတ္တာ" မိမိကိုယ်တိုင် အမှန်တရားကို မျက်မှောက်ပြုထားပြီးတဲ့ အရိယာဖြစ်သောကြောင့် ဤသည်ကား ဓမ္မ ဤသည်ကား အဓမ္မ ဤသည်ကား ဝိနယ ဤသည်ကား အဝိနယလို့ သိသည့် အတွက်ကြောင့် ဘယ်သောအခါမျှ အယူအဆမလွဲနိုင် ဓမ္မအဓမ္မ ခြင်းခုံမှုမျှား မဖြစ်နိုင်တော့ပါဖူးဘုရား။

http://www.dhammadownload.com

အဲဒီဒေသနာတော်ကို ထောက်ဆလျှင် ယခု စောဒကနှင့် စုဒိတကတို့ငြင်းခုံခြင်းသည် ဘယ်ပုဂ္ဂိုလ်အပေါ်မှ အပြစ်မရှိ၊ ဝိနည်းဓိုရ်ဆရာတော်တို့၏ ဆုံးဖြတ်ချက်သည်လည်း စောဒကနှင့် စုဒိတကတို့ ငြင်းခုံမှုကြောင့်သာ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ဖြစ်ပေါ်လာခြင်းသည် မိမိတို့ ပုထုဇဉ်များ၏ အဖြစ်သာလျှင် တရားခံဖြစ်ပါသည်၊ အရိယာ၏ အဖြစ်သို့ရောက်အောင် မကြိုးစားနိုင်သမျှ ဤကဲ့သို့ ဓမ္မအဓမ္မ ငြင်းခုံမှု ဘယ်တော့မျှ ပျောက်မည်မဟုတ်သေးဟု နှလုံးသွင်းပြီး ဒီလိုငြင်းခုံမှုသည် အရိယာဘဝသို့ ရောက်အောင် မကြိုးစားနိုင်သေးတဲ့ ပုထုဇဉ်ဘဝမှာ တန်ရပ်နေတဲ့ ငါတို့ရဲ့အပြစ်ပါလားလို့ စုဒိတက ဆရာတော်များ ယောနိသောမနသိကာရ နှလုံးသွင်းတော်မူနိုင်ကြပါစေလို့ လျှောက်ထားပါတယ်ဘုရား။

ဝန်ချရန်အတွက် လျှောက်ထားချက်

ဝန်ချပဋိညာဉ်ပြုဖို့အတွက်နဲ့ ပတ်သက်ပြီး လျှောက်ထားရလျှင်—

စည်းစိမ်တခု၊ အပြိုင်လုက၊
နိုင်သူနှလုံး၊ ပြုံးကြီးပြုံး၍၊
ရှုံးသူစိတ်မှာ၊ နာကြီးနာ၏။

ဆိုတဲ့စကားအရ နိုင်သူစိတ်နှလုံးမှာ အပြုံးကြီးပြုံးပြီး ရှုံးသူအဖို့ ကိုယ်စိတ်နှလုံး အင်မတန်မှ အပင်ပန်းကြီး ပင်ပန်းတတ်ပါတယ်၊ဒီစကားဘယ်ကလာသလဲ ဆိုယင် "ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇယော" ဆိုတဲ့ ဒေသနာကို မြန်မာကဗျာ ရေးစီထားခြင်းဖြစ်ပါတယ်၊ နိုင်သူမှာရန်ပွားပြီး ရှုံးသူမှာ စိတ်ဆင်းရဲတတ်ပါသတဲ့၊ ဒါတွင်မဟုတ်သေးပါဘူး။

ဝိဝါဒေန ကိသာ ဟောတိ၊
ဝိဝါဒေန ဓနက္ခယာ။
ဇာ ၌ ၃၊၃၁၆။

သတ္တကနိပါတ် ဒမ္မပုပ္ဖဇာတ်မှာ ဟောထားတဲ့အတိုင်း ငြင်းခုံခြင်းဖြင့် ရဟန်းရှင်လူတို့အဖို့ ကိုယ်စိတ်နှစ်ပါး ကြုံလှိုခြင်း စည်းစိမ်ဥစ္စာရတနာများ ကုန်ခန်းခြင်းများလဲ ဖြစ်တတ်ပါသေးတယ်ဘုရား။

မိမိတို့က အဓမ္မဝါဒ စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရမယ် ဆိုတော့ စုဒိတကဆရာတော်များအနေဖြင့် ကိုယ်ပင်ပန်းခြင်း စိတ်ပင်ပန်းခြင်းဖြစ်မယ်

http://www.dhammadownload.com

ဆိုတာ တပည့်တော်များ ကိုယ်ချင်းစာပါတယ်ဘုရား၊ စုဒိတကဆရာတော်များ ဖြေဖို့ရာက "လောကဓမ္မမှာ ဝိနိမုတ္တော သတ္တော နာမ နတ္ထိ" မြတ်စွာဘုရား တောင်မှ လောကဓံတရားမှ မလွတ်နိုင်ပါဖူး၊ အရှင်ဘုရားတို့ တပည့်တော်တို့ အဖို့ဆိုလျှင် ဘယ်မှာဆိုဖွယ်ရာရှိပါ့မလဲ၊ ထူးခြားချက်ကတော့ မြတ်စွာဘုရားက လောကဓံနဲ့တွေ့ပေမဲ့ မတုန်လှုပ်ပါဖူး၊ ပုထုဇဉ်ဖြစ်ကြတဲ့ အရှင်ဘုရားတို့ တပည့်တော်တို့ အဖို့ကတော့ တုန်လှုပ်ကြမြဲဖြစ်ပါတယ်ဘုရား။

ထုံးသက်သေ သာဓကများ

ဒီနေရာမှာ ရှေးမထေရ်မြတ်ကြီးများပင် အမှားကို အမှားရယ်လို့ ဝန်ခံကြဘူးတဲ့ သာဓကများကို ဆက်လက် လျှောက်ထားလိုပါတယ်ဘုရား၊ နောက်က လျှောက်ထားခဲ့တဲ့အထဲမှာ ဆရာဖြစ်တဲ့ တိပိဋကက စူဠသုမမထေရ်ဟာ သူ့အမှားသူသိတဲ့အခါ တပည့်ဖြစ်သူ စူဠနာဂ တရားဟောနေတဲ့ ပရိသတ် အလယ်မှာ စူဠနာဂ ငါယူဆထားတဲ့ မိဿကမဂ်က မှားပြီး သင်ပြောတဲ့ ပုဗ္ဗာဂမဂ်က မှန်တယ်လို့ ပရိသတ်အလယ်မှာ တပည့်ထံ ဝန်ခံဖူးတဲ့ ထုံးကလဲတချက်။

ထိုနည်းတူစွာ သာသနာတော်မှာ အယူသည်း အကျင့်ပြင်းထန်ကြတဲ့ ဒါရုစီရိယတို့, ဇမ္ဗုကတို့ဟာ မြတ်စွာဘုရားထံ သွားရောက်ပြီး မိမိတို့ရဲ့ အယူမှားကြောင်းကို ဝန်ခံတဲ့ ထုံးကလဲ တချက်ပါဘုရား။

ဒါ့ပြင် သာသနာတော်မှာ ထင်ရှားတဲ့ ဥရုဝေလကဿပစတဲ့ ရသေ့ညီနောင် ရှင်တထောင်ဆိုတာ ရှိပါတယ်၊ ဒီ ဥရုဝေလကဿပတို့ဟာ သူတို့ကိုယ်သူတို့ ရဟန္တာလို့ သမုတ်ပြီး အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ နောက်ဆုံး မြတ်စွာဘုရားနဲ့ တွေ့ပြီး မြတ်စွာဘုရားက အကျိုးအကြောင်း ဟောပြော ချွေချွတ်တော်မူမှ သူတို့ မှားကြောင်း ဝန်ခံတဲ့ ထုံးက တချက်ပါဘုရား။

ဆရာတော်ဘုရားများကို ကြည်ညိုကြတဲ့ ဒကာ-ဒကာမများအနေနဲ့လဲ အဓမ္မဝါဒကို စွန့်လွှတ်ဖို့ ရှိပါသေးတယ်၊ အဲဒီ ဒကာ-ဒကာမတွေအနေနဲ့ အဓမ္မဝါဒကို စွန့်လွှတ်ဖို့ ခဲယဉ်းနေမယ်ဆိုယင် အရှင်ဘုရားများမှတဆင့် ကျိုးကြောင်းပြ ညွှန်ကြားတော်မူပါဘုရား၊ သာသနာတော်မှာ အဇာတသတ် မင်းတရား အပေါင်းမှားပြီး ဖခင်ကို သတ်မိတဲ့ အပြစ်ကြောင့် အိပ်စက်မရ ဖြစ်နေရာမှာ သမားတော် ဇီဝကနဲ့ တွေ့ပြီး ဘုရားထံရောက်၊ သာမညဖလသုတ် ကြားနာရလို့ သတိသံဝေဂရပြီး မြတ်စွာဘုရားကို ကြည်ညို အလိမ္မာတရားတွေ ပွားများသွားတဲ့ ထုံးလဲ တရပ်ပါဘုရား။

သီရိဂုတ္တနဲ့ ဂရဟဒိန္နတို့ ဝတ္ထုကို ကြည့်ယင်လဲ သိမှတ်စရာ သာဓက ရနိုင်ပါတယ်ဘုရား၊ သီရိဂုတ္တ က မြတ်စွာဘုရားတပည့်၊ဂရဟဒိန္န က ဒိဋ္ဌတွေ့ရှိထပည့်၊

http://www.dhammadownload.com

အပြန်အလှန် နှိပ်စက်ကြတဲ့အခါ ဂရဟဒိန္နက မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို မီးကျီးတွင်းထဲ ချပြီး အသေသတ်မဟဲလို့ ကြံစည် ပြစ်မှားပါတယ်၊ ခနာက်ပိတ်ဆုံး တန်ခိုးတော်နဲ့ အပြိုင်အဆိုင် အနိုင်ရတဲ့အခါကျမှ မိမိ အမှားကို ဝန်ချပြီး ရတနာသုံးပါးကို ဆည်းကပ်တဲ့ ထုံးကလဲ တရပ်ပါဘုရား။

အဲဒီ ထုံးသက်သေ သာဓကဟွေ့ကို ထောက်ထားပြီး ဒီလို အဓမ္မဝါဒကို စွန့်လွှတ်ရတာဟာဖြင့် ပညာရှိသူတော်ကောင်းတွေရဲ့ အလုပ်ပါလားလို့ မြင်ကြစေချင်ပါတယ်ဘုရား၊ အကယ်၍ မိမိတို့မှာအပြစ်မရှိဘူးလို့ အထင်ရောက်စေဦးတော့၊ဥက္ကဋ္ဌဆရာတော်ဘုရားကြီး အမိန့်ရှိသွားတဲ့အတိုင်း အရှင်ရာဟုလာတို့ထုံးနှလုံးမူပြီး ကျင့်သုံးစေချင်ပါတယ်ဘုရား။

ရှင်ရာဟုလာ ပုံပမာ

နည်းယူစရာ အချက်ကတော့ မြတ်စွာဘုရားသခင်ရဲ့ သည်းခြာရင်နှစ် သားတော်ရင်းဖြစ်တော်မူတဲ့ အရှင်ရာဟုလာဆိုလျှင် သာသနာတော် တခွင်မှာ သိက္ခာကာမ (သိက္ခာသုံးပါးအလိုရှိဆဲ့) အရာတွင် တေဒဂ် အတင်ခံထားရတဲ့ ပုဂ္ဂိုလ်ထူးတပါး ဖြစ်ပါတယ်။

ဒီလို သိက္ခာကာမအရာမှာ တေဒဂ်ရတဲ့ အကြောင်းကို သိထားတော်မူကြတဲ့ ရဟန်းတော်တချို့ဟာ အရှင်ရာဟုလာရဲ့ စိတ်နေစိတ်ထား သဘောသွားကို စုံစမ်းကြည့်လိုကြတဲ့အတွက် မြတ်စွာဘုရားနဲ့ သံဃာတော်များ သီတင်းသုံးရာ ကျောင်းတလင်း (ကျောင်းဝင်း) အတွင်းမှာ အမှိုက်သရိုက်များ ရှုပ်ထွေးနေတာတွေ့တခြား မသင့်မတော်မလျော်တဲ့ အမှုကိစ္စတွေကို မြင်တော်မူကြလို့ သံဃာတော်များက ဒီ အမှိုက်သရိုက်များ ရှုပ်ထွေးနေတာတွေ့ မသင့်မတော်မလျော်တဲ့ ကိစ္စတွေဟာ ဘယ်သူတွေ့များ ပြုလုပ်ထားတာလဲလို့ မေးမြန်းတော်မူတဲ့အခါ အရှင်ရာဟုလာ ပြုလုပ်ထားတဲ့ ကိစ္စတွေပါဘုရားလို့ လျှောက်ထားကြပါသတဲ့ဘုရား။

(မုန်းလို့တော့မဟုတ်ပါဘူး၊ ရှင်ရာဟုလာ စိတ်ထား သိချင်ကြလို့ပေါ့)

အဲဒီလို လျှောက်ထားတော့ သံဃာတော်များက ငါ့ရှင်ရာဟုလာ ကျောင်းတလင်းအတွင်းမှာ မသင့်မတော် မလျော်တဲ့ ကိစ္စတွေဟာ ငါ့ရှင် ရာဟုလာပြုလုပ်ထားတဲ့အမှုကိစ္စတွေဆိုတာ ဟုတ်ပါသလားလို့ မေးမြန်းတော်မူကြတဲ့အခါမှာ အရှင်ရာဟုလာက ဒီကိစ္စတွေဟာ တပည့်တော် ပြုလုပ်ထားတဲ့ကိစ္စတွေ့ မဟုတ်ရပါဘူးဘုရားလို့ ပြန်လှန်ပြီး မလျှောက်ထားပဲနဲ့ သံဃာတော်များအပေါ် ရှိသေလေးစားသောအားဖြင့် ဘာတခွန်းမျှ မလျှောက်ထားပဲ မသင့်တော်တဲ့ ကိစ္စမှန်သမျှ အားလုံးကုန် ရှင်းလင်းပစ်လိုက်ပါသတဲ့ဘုရား။

http://www.dhammadownload.com

ဒီနည်းပမာ မိမိအပေါ်မှာ တစုံတရာ အပြစ်မရှိပေမဲ့ သံဃာတော်များကို ရှိသေလေးစားသောအားဖြင့် အမှားကိုပင် တာဝန်ယူနိုင်တဲ့ အရှင်ရာဟုလာထုံးကို နှလုံးမူကာ စုဒိတကဆရာတော်များလဲ ကျင့်သုံးသွားစေချင်ပါတယ်ဘုရား။

အရှင်အာနန္ဒာထုံး

အရှင်ရာဟုလာအပြင် အရှင်အာနန္ဒာကိုလဲ သာဓကအဖြစ် ပြချင်ပါသေးတယ်၊ အရှင်အာနန္ဒာနဲ့ပတ်သက်လို့—

၁။ ခုဒ္ဒါနု ခုဒ္ဒက အာပတ်ကို မြတ်စွာဘုရားအား မလျှောက်ထားမိတဲ့ကိစ္စ
၂။ မြတ်စွာဘုရား ရေသနုပ်တော်ကို ခြေနဲ့နင်းပြီး ချုပ်မိတဲ့ကိစ္စ
၃။ မာတုဂါမများကို ရဟန်းပြုရန် ခွင့်တောင်းပေးတဲ့ကိစ္စ
၄။ ဘုရားပရိနိဗ္ဗာန်ပြုတော့မည်ဟု အမိန့်ရှိသောအခါ (မာရ်နတ်လှည့်ပတ်မှုကြောင့်) မရိပ်မိပဲ ပရိနိဗ္ဗာန်မပြုဖို့ တောင်းပန်ရန် မေ့လျော့နေတဲ့ကိစ္စ
၅။ မြတ်စွာဘုရားအလောင်းတော်ကို မာတုဂါမများအား ဂရုဉီးစွာ စောစောစီးစီး ရှိခိုးစေတဲ့ကိစ္စ

အဲဒီ (၅) ချက်နှင့်ပတ်သက်ပြီး အရှင်အာနန္ဒာမှာ အပြစ်မရှိပါဘူး၊ ဒါပေမယ့်လို့ ဒီအချက် (၅)ချက်နှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာမှာ အပြစ်မကင်းဘူးလို့ သံဃမထေရ်ကြီးများက ပြောတဲ့အခါ မထေရ်ကြီးများကို ဂရုဂါရဝပြုတဲ့အနေနဲ့ အရှင်အာနန္ဒာရဲ့ ဒုက္ကဋ်အာပတ် ပြောကြားခဲ့ခြင်းဆိုတာ ရှိပါတယ်ဘုရား၊ ဒီတော့ အရှင်အာနန္ဒာတို့ အရှင်ရာဟုလာတို့တောင်မှ မိမိတို့မှာ အပြစ်မရှိပေမယ့်လို့သူတပါးတို့စိတ်ချမ်းသာစေရန်ဝန်ခံခဲ့တဲ့အချက်တွေကိုထောက်ယင် အရှင်ဘုရားတို့လဲပဲ အဓမ္မဝါဒ စွန့်လွှတ်တဲ့ကိစ္စမှာ ထုံးသက်သေသာကေဖြစ်တဲ့ အရှင်အာနန္ဒာတို့ အရှင်ရာဟုလာတို့ကို အတုယူလုပ်ဆောင်နိုင်ဖို့ လက်မှတ်ထိုးနိုင်ဖို့ ဖြေဆည်စရာ အထောက်အထားများ ဖြစ်ပါစေလို့ လျှောက်ထားပါတယ်ဘုရား၊ အဲဒီလို လက်မှတ်ထိုးမှလဲ—

ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလောပိ ပဏ္ဍိတမာနီ၊
သ ဝေ ဗာ့လော့တိ ဝုစ္စတိ။

ဟု ဟောထားချက်အရ.... "မိမိကိုယ်တိုင် မသိပလိမ္မာသည်ကို သိချင်ယောင်, လိမ္မာချင်ယောင် ဆောင်ပြီးနေလျှင် လူငုံကဲ့၊ မိမိကိုယ်တိုင် မသိ မလိမ္မာ

http://www.dhammadownload.com

သည်ကို မလိမ္မာကြောင်း ဝန်ခံလျှင်(အဓမ္မဝါဒကို အဓမ္မဖြစ်ကြောင်းသိလျှင်) ပညာရှိ"ဟု ခေါ်ဆို မှတ်သားရပါမည် ဘုရား။

ယောနိသော မနသိကာရထားပြီး လက်မှတ်ထိုးရန်

ဓမ္မ အဓမ္မ ဖြစ်ရတာ ဘာကြောင့်လဲဆိုတော့ အယူအဆမှားယွင်းမှုကို အကြောင်းပြုပြီးဖြစ်ရပါတယ်၊ဒိဋ္ဌိဉာဉနိဿာယကုသလာပိအကုသလာပိဉပ္ပဒဋ္ဌိ၊ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ (၁၆၆) မှာ မိန့်ဆိုထားချက်အရ မိမိတို့အယူဝါဒကို ဆန့်ပြုပြီး ကုသိုလ် အကုသိုလ်ဖြစ်ပေါ်ရတယ်လို့ မှာဆိုထားခြင်း၊ ဒီလို ဒိဋ္ဌိဖြစ်တဲ့အခါ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိဖြစ်အောင် မိစ္ဆာဒိဋ္ဌိဝပသမော နာမ သမ္မာ-ဒိဋ္ဌိ၊ မိမိတို့၏အယူမှားကို အမှားမှန်းသိပြီး သမ္မာအယူကို ပြောင်းလိုက်လို့ရှိယင် စိတ္တက္ခဏ တချက်နဲ့ မိစ္ဆာဒိဋ္ဌိဘဝကနေပြီး သမ္မာဒိဋ္ဌိ ရောက်နိုင်တာတချက်။

"ဧဝံ သံဝစ္ဆာ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန" လို့ ပါတိမောက်မှာ မြတ်စွာဘုရား ဟောထားတော်မူတဲ့ အတိုင်း ဘုရားသားတော် အချင်းချင်း ဤသည်ကားဓမ္မ ဤသည်ကားအဓမ္မ အရှင်ဘုရားတို့၏ဝါဒသည် ဓမ္မမဟုတ် အဓမ္မသာဖြစ်သည်လို့ အချင်းချင်းပြော ဆိုခြင်း ဆုံးမခြင်း အာပတ်မှ ထစေခြင်းသာရှိရင် မြတ်စွာဘုရားပရိတ်သတ် မြတ်စွာဘုရား သာသနာတော်သည် ကြီးပွားခြင်းသာဖြစ်ရမယ်လို့ ဟောတော်မူသည့် အချက်တို့ကို ထောက်ဆသောအားဖြင့် စုဒိတက ဆရာတော်များ အနေနှင့် မိမိတို့ဝါဒ အဓမ္မဖြစ်ခဲ့သော် တိပိဋကစူဠသုမ, ဒါဂျုဝီရိယ, ဇမ္ဗုက, ဥရုဝေဠ ကဿပ အစရှိသည်တို့၏ထုံးကိုနှလုံးမူ၍လည်းကောင်း ဆရာတော်ဘုရားများ၏ ဒကာဒကာမများကိုလဲ အဇာတသတ် မင်းတရားနှင့် ဂရုဟဒိန္ဒတို့ ထုံးကိုနှလုံးမူ၍လည်းကောင်း အပြစ်မရှိဘူးလို့ ထင်ပါသော်လည်း အရှင်အာနန္ဒာတို့ အရှင်ရာဟုလာတို့ ထုံးကိုထောက်ဆ၍လည်းကောင်း မိမိတို့၏ ပညာမဲ့ဘဝမှ ပညာရှိ အဖြစ်ကိုရပြီး သာသနာတော် တိုးတက်ကြီးပွားခြင်းကို မျှော်ကိုးကာ ဆရာတော်ဘုရားများ၏ အဓမ္မဝါဒအဖြစ် စွန့်လွှတ်ခြင်းကို နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ဘုရားများ၏ ရှေ့မှောက်၌ ကျိုက်သို့ နှလုံးသွင်းထားပြီး ယောနိသော မနသိကာရနဲ့ လက်မှတ်ထိုးတော်မူကြပါလို့ ဘုရားတပည့်တော် တောင်းပန်တိုက်တွန်း ဩဝါဒညွှန်းအပ်ပါသည် ဘုရား

http://www.dhammadownload.com

မြို့နယ်သံဃနာယကများထံသို့ ဆက်လက် ညွှန်ကြားမည့် အကြောင်း နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျိုးဆောင် ဆရာတော်၏ မိန့်ကြားချက်

ကြောင်ပန်းတောရ ဆရာတော်များဘုရား။

အစီအစဉ် (၆) အရ အရှင်ဘုရားများအတွက် ရွေးဆက်လက် ဆောင်ရွက်ရမယ့် အစီအစဉ်ကို လျှောက်ထားပြီးတဲ့နောက် အစီအစဉ် (၇) နံပါတ်အရ သက်ဆိုင်ရာ မြို့နယ် တိုင်း အသီးသီးမှာ ရှိကြတဲ့ ကြောင်ပန်းတောရဝါဒီ သံဃာတော်များနှင့် ဆရာတော်ဘုရားများ၏ ဝါဒကို လိုက်နာတဲ့ ဒကာ ဒကာမများအတွက် ညွှန်ကြားချက်များပြုဘို့ တိုက်တွန်းရန်အတွက် တပည့်တော်တို့မှာ တာဝန်ရှိကြပြန်ပါတယ်ဘုရား—

ဒါနဲ့ပတ်သက်လို့ ဘုရားတပည့်တော်တို့ တွေ့ရပုံ ကြုံရပုံ အခက်အခဲများကို လျှောက်ထားပါရစေဘုရား၊ ကျောက်သင်္ဘောဝါဒ ဦးဥက္ကဋ္ဌ၏ လူသေလူဖြစ် ဝါဒါနုဝါဒ အစရှိသည်တို့ကို အဓမ္မလို့ဆုံးဖြတ်ပြီးသည့်နောက် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့အနေနဲ့လည်းကောင်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအနေနှင့်လည်းကောင်း အဓမ္မဝါဒများကို စွန့်လွှတ်ကြဘို့နှင့် စွန့်လွှတ်ပြီး ဓနာက် သာသနာဝင်မှတ်တမ်းများကိုရယူပြီး သက်ဆိုင်ရာ မြို့နယ်/တိုင်း/ပြည်နယ်များရှိ သံဃာ့အဖွဲ့အစည်း အသီးသီးတို့တွင် ပါဝင်မှုများပြုကြရန် ညွှန်ကြားထားပေတယ်လို့ တချို့အယူသည်း ရဟန်းများ တချို့အယူသည်း ဒကာဒကာမများက အားကြီးလို့အားနည်းတဲ့ ပုဂ္ဂိုလ်ကိုဖိတယ်၊ ရေကြီးလို့ ရေနိုင် မီးကြီးလို့ မီးနိုင်တဲ့သဘော (သံဃာ့အဖွဲ့အစည်း လုပ်ပြီးတော့ သူတို့ကိုနှိမ်တဲ့သဘော) မျိုး ပြောဆိုယူဆကြပြီး တင်းတင်းမာမာနဲ့မလိုက်နာပဲ နေကြတာမျိုးတွေကိုလဲ တပည့်တော်များ တွေ့ရှိရပါတယ်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အစည်းနှင့်တကွ ရှိရှိသမျှ သံဃာ့အဖွဲ့အစည်းမှာ ပါဝင်ကြတဲ့ပုဂ္ဂိုလ်များသည် မိမိတို့ သမဏသက္ကပုတ္တိယ အနွယ်တွေချည်း ဖြစ်ကြတဲ့အတွက်ကြောင့် ကြောင်ပန်း တောရဆရာတော်များနှင့် တကွ မမှအမမှ ဆုံးဖြတ်ရမည့် အဖွဲ့အစည်းအားလုံးကိုလည်းကောင်း နောက်ဆုံး ဆုံးဖြတ်ပြီးဖြစ်တဲ့ ဥဏ္ဍာဝဂီ အသင်းအပင်းကိုလည်းကောင်း နှိမ်လိုတဲ့စိတ်ထားမရှိပါဘူး၊ ပယ်ဖျက်လိုတဲ့ စိတ်လဲမရှိပါဘူး၊ အကျိုးမဲ့စေချင်တဲ့ သဘောလဲမရှိပါဘူး၊ အဓမ္မဖြစ်နေတာကိုဓမ္မဖြစ်အောင် မပေါင်းသင်းနိုင်တာကို ပေါင်းသင်းနိုင်အောင် မညှိညှဉ်းတာကို ညှိညှဉ်းအောင်သာ သက်ဆိုင်ရာအဖွဲ့အစည်းများကို နိုင်ငံတော် သံဃမဟာနာယက အနေနဲ့ညွှန်ကြားရခြင်းသာ ဖြစ်ပါတယ်ဘုရား၊ ဒီလိုညွှန်

http://www.dhammadownload.com

ကြားပေတယ်လို့ နောက် နောက် ပြီးခဲ့တဲ့ကိစ္စတွေမှာ အယူသည်းသူများ တွေ့ခဲ့ရတဲ့အတွက်ကြောင့် အစီအစဉ် (၃) နံပါတ်အရ အရှင်ဘုရားများကလဲ သက်ဆိုင်ရာ တပည့်သံဃာများနှင့် ဒကာဒကာမများကို ထပ်ဆင့် ညွှန်ကြားတော်မူကြပါ၊ လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို ရှင်းပြတော်မူကြပါလို့ လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။

အရှင်ဓမ္မာဂ္ဂလာန် အရှင်သာရိပုတ္တရာတို့ထုံး

ဆရာတော်များက ကျန်တဲ့သံဃာတော်များကို ဩဝါဒပေးတဲ့အခါ ဥရုဝေဠကဿပ နဒီကဿပ ဂယာကဿပတို့ဟာ မြတ်စွာဘုရားထံ ရဟန်းပြုမယ်ကြံတော့ သူတို့တပည့်တွေကို သင်တို့ကော ဘယ်လိုသဘောရသလဲလို့ မေးပါတယ်၊ အဲဒီလို မေးတဲ့ထုံးရှိတာကိုလဲ သတိပြုတော်မူကြပါဘုရား။

ထိုနည်းတူစွာ အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ အလောင်းများဟာ ရှင်အဿဇိနဲ့တွေ့လို့ သောတာပန်ဖြစ်ပြီးတဲ့အခါ ဒို့တော့ ဘုရားစစ်,တရားစစ်, တွေ့ထားပြီ၊ သို့ဥည်းဆရာကြီးထံမှခွါပြီး မြတ်စွာဘုရားထံ သွားတော့မယ်၊ သင်တို့တဒေါ့ရဲ့ သဘောက ဘယ်လိုလဲလို့ တပည့်တွေကိုမေးပါတယ်၊ ဒီတော့ တပည့်များက ဆရာတို့သွားလျှင် တပည့်များလဲ မြတ်စွာဘုရားထံ သွားကြမယ်လို့ ပြန်ပြီးလျှောက်ထားပါတယ်၊ အဲဒီလိုဆရာက တပည့်များကို ဆုံးမ, ဩဝါဒ ပန်ကြားတဲ့ထုံးလဲရှိပါတယ်၊ အဲဒီထုံးများကို နည်းယူပြီး ကြောင်ပန်း တောရဝါဒရှိတဲ့ ဆရာတော်များကလဲ မိမိတို့ဝါဒီအယူရှိကြတဲ့ သံဃာတော်များကို ဥရုဝေဠကဿပတို့ထုံး အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာတို့ထုံးကို ထောက်ဆပြီး တပည့်တော်တို့၏ ညွှန်ကြားချက်ကိုသာမက ဆရာတော်ဘုရားများကလဲ နံပါတ် ၆-အစီအစဉ်မှာပြောထားတဲ့ အတိုင်း သက်ဆိုင်ရာ သံဃာအဖွဲ့အစည်းမှာ ပါဝင်နိုင်ဖို့၊ သာသနာဝင်မှတ်တမ်း ရရှိဖို့ ဘယ်လိုဆောင်ရွက်ရင် ဖြစ်နိုင်တယ်ဆိုတဲ့ အကြောင်း ညွှန်ကြားတော်မူကြပါဘုရား။

ဩဝါဒနှင့် အနုသာသနီ

သံဃာတော်များအတွက် ညွှန်ကြားပြီးတဲ့နောက် ဒကာ-ဒကာမများအတွက် ဆက်လက် ညွှန်ကြားစေလိုဒါကတော့ ကြောင်ပန်းဆရာတော်များဟာ ဆရာအဆက်ဆက် များလာတဲ့အတွက် ကြောင်ပန်းထောရဆရာတော်များကို ကိုးကွယ်တဲ့ ဒကာ ဒကာမတွေလဲ အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်၊ ဆရာတော်တို့အပေါ်မှာ ပစ္စည်းလေးပါး ထောက်ပံ့ထားတဲ့ ဒကာ ဒကာမများသည် သံဃာတော်တို့အပေါ်မှာ မိဖအရာ တည်တယ်ဆိုတာ ဆရာတော်တို့ သိပြီးသားပါ ဘုရား။

http://www.dhammadownload.com

အမိ အဖအရာမှာ တည်တဲ့ ပစ္စည်းလေးပါး ဒကာ ဒကာမများကို "တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ" ဆိုတဲ့အတိုင်း ဆရာတော်ဘုရား များက ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ တရားဓမ္မ ဟောဖေါ် ညွှန်ပြ ဆုံးမ ဖို့ တာဝန်ရှိပါတယ်ဘုရား၊ ဒါလောက်သာမကသေးပါဘူးဘုရား။

ဩဘဒေယျာနုသာသေယျ၊
အသပ္ပာ စ နိဝါရယေ။ အရ
တကြိမ်ဟာခါ ဆုံးမခြင်းဩဝါဒ၊
ထပ်ခါထပ်ခါဆုံးမခြင်း အနုသာသနီ၊
မျက်မှောက် ဆုံးမခြင်းဩဝါဒ၊
မျက်ကွယ်ဆုံးမခြင်း အနုသာသနီ၊
အပြစ်ပေါ် လာတဲ့အခါ ဆုံးမတဲ့ဩဝါဒ၊
အပြစ်မပေါ်မီ ဆုံးမတဲ့ အနုသာသနီ။

တနည်း။ ။ရှေးဦးစွာ ဆုံးမခြင်းဆိုတဲ့ ဩဝါဒ၊
နောက်မှဆုံးမခြင်းဆိုတဲ့ အနုသာသနီ၊
အပြစ်ပေါ် လာတဲ့အခါ ဆုံးမတဲ့ဩဝါဒ၊
အပြစ်မပေါ်မီ ဆုံးမခြင်း အနုသာသနီ၊
ပစ္စုပ္ပန်အကျိုးအတွက် ဆုံးမတဲ့ဩဝါဒ၊
တမလွန်အကျိုးအတွက် ဆုံးမခြင်း အနုသာသနီ

များဖြင့်ဆုံးမဩဝါဒအနုသာသန ပြုလုပ်ရမယ့်ဝတ်တရားများလဲ အရှင်ဘုရား တို့မှာ ရှိနေပါတယ်ဘုရား။

အသပ္ပာ စ နိဝါရယေ ဆိုတဲ့အတိုင်း မိမိတို့ ဒကာ ဒကာမများ မသင့်မတော် တဲ့ အပြုအမူများ ကျင့်မယ်, ကြံမယ်, ကြိုးကုတ်မယ် ဆိုလျှင်လဲ အရှင်ဘုရား များအနေနဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ဒကာ ဒကာမများအပေါ် တားမြစ်ရမဲ့သဘော လဲ ရှိပါတယ်၊ အဲဒီလို တားမြစ်တဲ့အခါ——

သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

ဆိုတဲ့အတိုင်း သူတော်ကောင်းစိတ် မမွေးနိုင်တဲ့ ပုဂ္ဂိုလ်များက မချစ် မနှစ်သက် ပေတယ်လို့ သူတော်ကောင်း စိတ်မွေးတဲ့ ပုဂ္ဂိုလ်များကတော့ ဒို့ရဲ့ကြောင်ပန်း တောရ ဆရာတော်အရှင်မြတ်များဟာ ဒို့အပေါ်မှာ ဩဝါဒ အနုသာသန အသပ္ပာနိဝါရယ ဂုဏ်တွေနဲ့ ပြည့်စုံပါလားလို့ ဆရာတော်များအပေါ် ပိယ ဂရု

http://www.dhammadownload.com

ဘာဝနိယ အစုရှိတဲ့ဂုဏ်တွေကို အာရုံပြုကာ ကျေနပ်ကြမှာဖြစ်လို့ သက်ဆိုင်ရာ ဒကာ ဒကာမများအပေါ် ဆရာတော်များက သင့်လျော်တဲ့ သြဝါဒများ ညွှန်ကြားပေးတော်မူကြပါ။

ဘုရားတပည့်တော်များအနေနဲ့ ကြောင်ပန်းဂိုဏ်းဝင် သံဃာတော်များနှင့် ဒကာ ဒကာမများကို ဓမ္မ အခမ္ဘ ဝိဝါဒါဓိကရဏ်း ငြိမ်းအေးမှု၊ သက်ဆိုင်ရာ တိုင်း/ပြည်နယ် မြို့နယ် ရပ်ကွက် ကျေးရွာ အသီးသီးမှာရှိကြတဲ့ သံဃာ့ အဖွဲ့အစည်းတွင် ပါဝင်နိုင်မှု၊ သာသနာဝင်မှတ်တမ်းရရှိမှု၊ ဆရာနှင့် ဒကာ စည်းလုံးညီညွတ်မှု ရရှိအောင် ရွှေဆောင်ဦးရွက် ညွှန်ကြား ပေးတော်မူကြပါ ဆိုတဲ့အကြောင်း ထပ်လောင်းကာ လျှောက်ထားပါတယ်ဘုရား။

ပုဂ္ဂိုလ်က စီရင်ခြင်းမဟုတ် ဓမ္မက စီရင်ခြင်း

ဓမ္မ, အဓမ္မအဖြစ်နဲ့ ကြောင်ပန်းတောရဂါဒကို စစ်ဆေးတဲ့နေရာမှာ စောဒကပုဂ္ဂိုလ်၊ စုဒ်တကပုဂ္ဂိုလ်၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်သုံးမျိုးသုံးစား ရှိတဲ့အထဲမှာ ပုဂ္ဂိုလ်က စောဒနာခြင်းမဟုတ် ပုဂ္ဂိုလ်က သောဓနာခြင်းလဲမဟုတ် ပုဂ္ဂိုလ်က ဆုံးဖြတ်ခြင်းလဲ မဟုတ်ပါဘုရား။

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ
ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

ဆိုတဲ့မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ဟောထားတော်မူသော ဒေသနာတော် အတိုင်း ယခု စောဒကဆရာတော်များ စောဒနာခြင်းသည် ပုဂ္ဂိုလ်က စောဒနာခြင်းမဟုတ်ပဲ ဓမ္မအားဖြင့်သာ စောဒနာခြင်း၊ စုဒ်တကပုဂ္ဂိုလ်တို့ သောဓနာခြင်းမှာလဲစောဒကပုဂ္ဂိုလ်တို့အပေါ် ရန်ငြိုးဖွဲ့ခြင်းမရှိပဲ ဓမ္မအားဖြင့်သာ သောဓနာခြင်း၊ ဝိနည်းဓိုရ်ဆရာတော် များ၏ ဆုံးဖြတ်ခြင်းသည်လည်း စောဒက နှင့်စုဒ်တကတို့၏ မျက်နှာကိုမကြည့်ပဲ ဘုရားရှင်၏ မျက်နှာတော်၊ တရားတော်၏ မျက်နှာတော်၊ ဝိနည်းတော်၏ မျက်နှာတော်ကိုသာကြည့်၍ ဆုံးဖြတ်ခြင်း ဖြစ်တယ်လို့ ဆရာတော်ဘုရားများ နှလုံးသွင်းစေချင်ပါတယ်ဘုရား။

စောဒက ပုဂ္ဂိုလ်များအနေနဲ့လဲ စုဒ်တကပုဂ္ဂိုလ်တို့အပေါ် မနာလိုမုန်းထား၍ စောဒနာခြင်းမဟုတ်ပဲ–

ပရဝဇ္ဇာနုပဃာသီသာ၊ နိဂ္ဂဟုဏ္ဏာနုသာသနာ။
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။

http://www.dhammadownload.com

ဆိုတဲ့အတိုင်း သူတပါးတို့အပေါ်မှာ အမြဲတမ်း အပြစ်ရှုနေတဲ့ပုဂ္ဂိုလ်များအဖို့ အာသဝေါတရားတို့ အမြဲတမ်း ပွားများတတ်ပါတယ်၊ အာသဝေါတရားပွားများယင် အာသဝေါလေးတန် ကုန်ငြိမ်းရာအမှန် ဖြစ်တဲ့ နိဗ္ဗာန်နှင့်ဝေးတယ် ဆိုတဲ့ မြတ်စွာဘုရား၏ အနုသာသနီကို စောဒကဆရာတော်များ သိပြီးဖြစ်ပါဘယ် ဘုရား၊ အဲဒါကြောင့် စောဒကဆရာတော်များကလဲ အပြစ်ကိုရှုလို့၍ စောဒနာခြင်းမဟုတ်ပဲ ကြောင်ပန်းတောရဝါဒီ ဆရာတော်များ သာသနာတော်အတွင်းမှာ ခံစားခွင့် ခံစားထိုက်တဲ့ အခွင့်များ ရစေချင်တဲ့စေတနာဖြင့် စောဒနာခြင်းဖြစ်တယ်လို့ ဘုရားတပည့်တော်များက ယူဆပါတယ်ဘုရား။

စုဒိတကပုဂ္ဂိုလ်ကလဲ စောဒကပုဂ္ဂိုလ်များ အခပါ ရန်ငြိုးမထားကြစေလိုပါ၊ အခမ္မဝါဒီဖြစ်နေတဲ့ ဒို့ကို ဓမ္မဝါဒီဖြစ်အောင် စောဒနာတာပါလားလို့ သဘောထားမယ်ဆိုရင်–

နဟိ ဝေရေန ဝေရာနိ၊
သမ္မန္တိဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊
သေ ဓမ္မော သနန္တနော။

ဒို့ကို သူတို့ကစောဒနာယင် ဒို့ကလဲ သူတို့ကိုပြန်ပြီး ရန်တုံ့မှုမယ်၊ အဲဒီလို သဘောထားယင် ဘယ်တော့အခါမှ ငြိမ်းချမ်းရေး ရနိုင်မည်မဟုတ်ပါဘုရား၊ တပါးနှင့်တပါး တဖွဲနှင့်တဖွဲ ရန်တုံ့မှုမှ ငြိမ်းအေးမှုရမယ်ဆိုတဲ့ မြတ်စွာဘုရားတရားတော်ကို နှလုံးမူပြီး ဒို့အပေါ်မှာ ကောင်းစားစေလိုတဲ့ စေတနာနဲ့ စောဒနာတာပါကလားလို့ စုဒိတကဆရာတော်များက ရန်တုံ့မှုဖို့တချက်–

နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယ္ယော ဟောတိ န ပါပိယော၌။

ဟူသော ဒေသနာအရ.....မိမိရဲ့အပြစ်ကို ပြတတ်တဲ့ဆရာသမား၊ မိမိကို နှိမ်နင်းပြီး ဆိုတတ်တဲ့ ပညာရှိ၊အဲဒီဆရာနှင့် ပညာရှိကို မှီဝဲထားလို့ရှိယင် လိုရာရတဲ့ ချွေအိုး(ဥစ္စာ)ကို ပေးတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲတာနှင့် အတူတူပါပဲ၊ ဒီလိုပုဂ္ဂိုလ်ကို မှီဝဲထားလို့ရှိယင် ဟုတ်ညှဉ်ခြင်းမဖြစ်ပဲ မိမိတို့မှာ အမြဲတစေ တိုးတက်ကြီးပွားခြင်း အမြတ်တရားကို ရခြင်းသာဖြစ်တယ်လို့ ဟောတားတဲ့ဒေသနာတော်အတိုင်း ဒီစောဒကပုဂ္ဂိုလ်များက စောဒနာတဲ့အတွက် ဒို့ဓမ္မအဖြစ်ကို ရပါပြီ၊ အခုလို ရခြင်းဟာ စောဒကပုဂ္ဂိုလ်များ၏ ကျေးဇူးပါလားလို့ စောဒကပုဂ္ဂိုလ်များအပေါ် ကျေးဇူးတင်ဖို့တချက်။

http://www.dhammadownload.com

သာသနာညွှန်ဗွက် မသက်စေလို

ဒီလို စောဒက စုဒိတကတို့ ဓမ္မ-အဓမ္မငြင်းခုံပွဲကြီး ဖြစ်ပေါ်လာရခြင်းဟာ ဘာကြောင့်လဲလို့ အရင်းစစ်မယ်ဆိုရင်–

လာဘော သီလောကော သက္ကာရော၊
ပူဇာ ပရကုလေသု စ။

ဆိုတဲ့အတိုင်း

၁။ လာဘော=လာဘ်ရလိုမှု

၂။ သီလောကော=ကျော်စော်လိုမှု

၃။ သက္ကာရော=သူတပါးအရှိအသေပြုခြင်းကို ခံလိုမှု

၄။ ပူဇာ ပရကုလေသု=သူတပါး၏ အပူဇော်ကိုခံလိုမှု

အဲဒီအချက်တွေကြောင့် သာသနာတော်မှာ ငြင်းခုံခြင်းဖြစ်ရပါတယ်ဘုရား၊ ဆရာတော်ဘုရားများအနေဖြင့် လာဘ၊ သီလောက၊ သက္ကာရ၊ ပူဇာဆိုတဲ့ တရားဆိုးတွေဟာဖြင့်၊

ပကော်ာ သောတိ အက္ခာတော၊
ပြဟ္မစရိယဿ နာရဒ။ ဆိုတဲ့

နာရဒဇာတ်တော်မှာ ဟောထားတဲ့အတိုင်း မဂ္ဂပြဟ္မစရိယခေါ်တဲ့ သာသနာတော်ရဲ့ ညွှန်အိုင်သဖွယ်ဖြစ်တယ်ဆိုတာ သဘောပေါက်ထားစေချင်ပါတယ်၊ အဲဒီ လာဘ်ဆိုတဲ့ညွှန်ထဲမှာ၊ အကျော်အစောဆိုတဲ့ ညွှန်ထဲမှာ၊ သူတပါးအရှိအသေခံလိုခြင်းဆိုတဲ့ ညွှန်ထဲမှာ သူတပါးအပူအဇော်ခံလိုခြင်းဆိုတဲ့ ညွှန်ထဲမှာ ငါတို့တတွေ နစ်နေရပါလားဆိုတဲ့ အချက်၊ ဒီအချက်တွေ သေသေချာချာ စဉ်းစားပြီး စောဒကဆရာတော်ဘုရားများရော၊ စုဒိတကဆရာတော်ဘုရားများရော အဲဒီလာဘ်ကိုလို့၍လည်းကောင်း၊ အကျော်အစောကို လို့၍လည်းကောင်း၊ သူတပါးအရှိအသေပြုမှုကို လို့၍လည်းကောင်း၊ သူတပါးအပူဇော်ခံမှုကို လို့၍လည်းကောင်း ဘယ်တော့မှ ဓမ္မ, အဓမ္မမဖြစ်အောင် ဓမ္မ, အဓမ္မဝိဝါဒါဓိကရဏ်း မပေါ်အောင် နေနိုင်ကြပါစေလို့ လျှောက်ထားလိုပါတယ်ဘုရား။

တပည့်တော် ဆက်လက်လျှောက်ထားပါရစေဘုရား–

သာသနာတော်မှာ နေ့ကြတဲ့ သံဃာတော်များဟာ ရောဟိနီထေရိမ လျှောက်ထားကဲ့–

http://www.dhammadownload.com

ယသ္မာ ဂါမာ ပက္ကမန္တိ၊ န ဝိလောကေန္တိ ကိဉ္စနံ။
အနပေက္ခာဝ ဂစ္ဆန္တိ၊ တေန မေ သမဏာ ပိယာ။

ဆိုတဲ့အတိုင်း—

သံဃာတော်အရှင်မြတ်များသည် သပိတ်တလုံး သင်္ကန်းသုံးထည်နဲ့ မိမိနေရာဟောင်းမှ ဖဲသွားကြလို့ရှိရင် အဲဒီ မိမိနေရာဟောင်းကို ဘယ်အခါမှ ပြန်ကြည့်လေ့ မရှိပါဘူးတဲ့ဘုရား။

အဲဒီပုံပမာကို နည်းယူပြီး စုဒိတကပုဂ္ဂိုလ်များအနေနဲ့လဲပဲ ဒီစောဒကပုဂ္ဂိုလ်များက စောဒနာတဲ့အတွက်ကြောင့် အမြဲ-အဆုံးအဖြတ်ခံရတယ်ဆိုတဲ့ သဘောထားမျိုး မထားစေချင်ပါဘူး၊ ရဟန်းတော်များဟာ မိမိမနေလိုတဲ့ နေရာကရှောင်လွှဲသွားတဲ့အခါ အဲဒီနေရာကို အာလယပြတ်ဖြတ်သလိုပဲ မိမိတို့၏ ယခင်မှားယွင်းသော အယူအဆဟောင်းအပေါ် တွယ်တာအောက်မေ့၍ မနေစေချင်ပါ၊ စုဒိတကဆရာတော်များရဲ့ မှားယွင်းသော အယူအဆဟောင်းများ၊ စောဒကပုဂ္ဂိုလ်များရဲ့ မလဲသာတဲ့အတွက် စောဒနာရတဲ့အချက်များ၊ဝိနည်းဓိုရ်ဆရာတော်များရဲ့ ရှုံးထိုင်ရတဲ့ကိစ္စများကို ဟော်ဒီ ဇမ္ဗုဒီပကျောင်းဆောင်အစည်းအဝေးခန်းမမှာ ထားခဲ့ပြီး နောက်ကြောင်းပြန် အောက်မေ့မနေစေချင်ပါဘူးဘုရား၊ ဆရာတော်အချင်းချင်း သံဃာတော်အချင်းချင်း နေထိုင်ဖို့ရာ

နာနာကုလာ ပမ္မဇိတာ၊ နာနာဇနပဒေဟိ စ။
အညမညံ ပိဟယန္တိ၊ တေန မေ သမဏာ ပိယာ။

ဆိုတဲ့အတိုင်း သာသနာတော်မှာ—

နာနာကုလာ ပမ္မဇိတာ = မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သဒ္ဒေးမျိုး၊ ဆင်းရဲသားမျိုးကလဲ ထွက်ပြီး ရဟန်းပြုကြပါတယ်။

နာနာဇနပဒေဟိ စ = ထိုထိုမြို့ရွာ နိဂုံး ဇနပုဒ်တို့မှလဲ ထွက်ပြီး ရဟန်းပြုကြတာလဲ ရှိပါတယ်။

အဲဒီလို အမျိုးကွဲပြား အရပ်ဒေသကွဲပြားကြပေမယ်လို့ သာသနာတော်မှာ သမဏသက္ကပုတ္တိယဘုရားသားတော်ဖြစ်ပြီဆိုလျှင် ဘယ်နေရာမှာပဲ တွေ့တွေ့ ဘယ်နေရာမှာပဲ ဆုံဆုံ သံဃာဆိုတာ "အညမညံ ပိဟယန္တိ" အချင်းချင်း ညီရင်းအစ်ကို တမိထဲဖွားထားတဲ့ သားချင်းတွေလိုပဲ အမြဲတမ်းချစ်ခင်စိတ် ရှိကြပါတယ်လို့ ရောဟိနီထေရီလျှောက်ထားတဲ့အတိုင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ အပါအဝင် စောဒကဆရာတော်များ၊ စုဒိတက ဆရာတော်များနှင့်တကွ ဝိနည်းဓိုရ် ဆရာတော်များပါ တသာသနာလုံးမှာ ရှိကြကုန်သော

http://www.dhammadownload.com

သံဃာတော်များသည် အချင်းချင်း ညီရင်း အစ်ကို လေးလေးစားစား ချစ်ခင်သော ကာယသံသဂ္ဂ=ကိုယ်၏ ပေါင်းသင်းမှုစိတ္တသာမဂ္ဂီ=စိတ်၏ညီညွတ်မှုများဖြစ်ပေါ် စေလျက် ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာများ ထားရှိကြပြီး အချင်းချင်း တဦးနှင့်တဦး အမြဲတမ်း မေတ္တာတရား ပွားများကာ သီတင်းသုံးနေနိုင်ကြပါစေလို့ ဘုရားတပည့်တော် လျှောက်ထားယင်း နိဂုံးချုပ်အပ်ပါတယ်ဘုရား။

အဓမ္မဝါဒ စွန့်လွှတ်ပြီးသော ရဟန်းတော်များကို
သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက်
ဆောင်ရွက်ရမည့် အစီအစဉ်များကို နိုင်ငံတော်သံဃမဟာနာယက
ပထမအဖွဲ့ခွဲမှ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်

ဘဒ္ဒန္တတေဇောဘာသာဘိဝံသ၏ မိန့်ကြားညွှန်ပြချက်

အဓမ္မဝါဒကို စွန့်လွှတ်ပြီးဖြစ်တဲ့ အတွက်ကြောင့် ဘုရားတပည့်တော်တို့ သာသနာတော်မှာနေတဲ့ သံဃာတော်များ ထုံးစံအရ ဆရာတော်များ အနေနဲ့ မမှဝါဒီပုဂ္ဂိုလ်များဖြစ်သွားပြီဆိုတာ ယုံမှားသံသယမရှိပါဘုရား။

သာသနာတော်ရဲ့ နောက်ပိုင်းပြန်ကြည့်တဲ့အခါ မဇ္ဈိမဒေသမှ သီဟိုဠ်ကျွန်း၊ သီဟိုဠ်ကျွန်းမှ ဗမာနိုင်ငံထိအောင် သမဏသက္ကပုတ္တိယ ဘုရားသားတော်ချင်း တူပေတယ်လို့ ဂိုဏ်းချင်းမတူ ထူးခြားကဲပြားချက်တွေကို ဆရာတော်တို့ သိပြီးဖြစ်ကြပါတယ်ဘုရား။

အထူးအားဖြင့် ဘုရားတပည့်တော်တို့ မြန်မာနိုင်ငံမှာ တဂိုဏ်းနှင့် တဂိုဏ်း မတူညီမျှထဲ့ အတွက်ကြောင့် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ဂိုဏ်းအသီးသီးကို ညီညွတ်စေချင်တဲ့ဆန္ဒနဲ့ မှော်ဘီမှာတကြိမ် အစည်းအဝေးပြုလုပ်ခဲ့ဘူးပါတယ်ဘုရား၊ ပြုလုပ်ခဲ့ပေတယ်လို့ အဲဒီအစည်းအဝေးကြီး ထမြောက်အောင်မြင်ခြင်းမရှိခဲ့ပါဘုရား၊ နောက်ပိုင်းမှာ ပိုမိုကွဲပြားလာပြီး ဝိနိစ္ဆယဌာနတွေမှာလဲ ဘယ်အမှုတွေကိုမျှ ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘုရား၊ ဘယ်လိုမှ ချုပ်ကိုင်မရအောင် ဖြစ်လာပါတယ်ဘုရား။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး

အဲဒီလိုဖြစ်လာတာကိုသိတဲ့နိုင်ငံတော်အစိုးရဟာ လူမှုရေးမှာတစိတ်တဒေသ ပါဝင်ဆက်သွယ်နေတဲ့ သာသနာရေးကို ဒီအတိုင်း ပစ်ထားလို့ မဖြစ်တော့ဘူး၊ ဒီပြင်ကိစ္စတွေမှာ အစိုးရအနေနဲ့အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး သာသနာရေးကိစ္စမှာအောင်မြင်အောင် မဆောင်ရွက်နိုင်ဘူးဆိုလျှင် မျှားစွာ ဆုံးရှုံးနစ်နာ

http://www.dhammadownload.com

ဖွယ်ရာရှိတယ်လို့ စဉ်းစားမိတဲ့အတွက် ၁၉၄၁-ခုနှစ်ကစပြီး သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကြိုးစားပြုလုပ်ဆောင်ရွက်ခဲ့တာဟာ ယနေ့ဆိုယင် ထမြောက်အောင်မြင်ခဲ့တယ်ဆိုတာ ဆရာတော်ဘုရားများ အသိဖြစ်ပါတယ်ဘုရား၊ အစည်းအဝေးကြီးမှ အသိအမှတ်ပြုချက်အရ ဂိုဏ်းကြီး ၉-ဂိုဏ်း ဖွဲ့စည်းပြီး ဖြစ်တဲ့အတွက်ကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ်(၂)(ဃ)နှင့် အပိုဒ်(၇) အပိုဒ်(၈) အရ ဒီဂိုဏ်းကြီး ၉-ဂိုဏ်းအပြင် နောက်ထပ် မည်သည့် ဂိုဏ်းမျှ မဖွဲ့မစည်းရတော့ပါဘုရား၊ သာသနာတော်မှာ ရှိကြတဲ့ သံဃာတော်အားလုံး အဲဒီ ဂိုဏ်းကြီး ၉-ဂိုဏ်းမှ သီးခြား နေလို့လဲ မရတော့ပါဘုရား၊ အဲဒါကြောင့် စုဒီတကဆရာတော်များသည် နံပါတ် ၅ အစီအစဉ်တွင် ရေးဆွဲထားသော အဓမ္မဝါဒ မစွန့်လွှတ်နိုင်ဘူးဆိုလျှင် ဆရာတော်များအဖို့ ဓမ္မ အဓမ္မဝိဝါဒါဒိကရုဏ်း ငြိမ်းအေးမှု ဘယ်ခါမျှ မရတော့ပါဘုရား။

ယခု အရှင်ဘုရားများက နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးနှင့် အကျိုးဆောင်ဆရာတော်များ သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ ရှေ့မှောက်မှာ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးလိုက်တဲ့အတွက်ကြောင့် ဓမ္မ အဓမ္မဝိဝါဒါဒိကရုဏ်း ငြိမ်းအေးမှုကို ရရှိသွားပြီဖြစ်တဲ့အတွက် မိမိတို့ ကြိုက်နှစ်သက်ရာ ဂိုဏ်းထဲမှာ ပါဝင်ခွင့်ရပြီ ဖြစ်ပါတယ်ဘုရား။

သာသနာဝင်မှတ်တမ်းကိစ္စ

အဲဒီလို ပါဝင်ခွင့် ရရှိသွားပြီးနောက် ဆရာတော်ဘုရားများဟာ ဓမ္မဝါဒီများ ဖြစ်လာတဲ့အတွက်ကြောင့် ဘုရားသာသနာတော်မှာ နေထိုင်ကြတဲ့ သံဃာတော်တို့ကိုင်း ကိုင်ဆောင်ရမယ့် သာသနာဝင်မှတ်တမ်း ရရှိမှုမျှားကိုလဲ မိမိတို့ မြို့နယ်သံဃနာယကဆရာတော်များနှင့် ဆက်သွယ်တော်မူပါဘုရား၊ ယင်းသို့ ဆက်သွယ်သည့်အခါ ဆရာတော်ဘုရားများ သာသနာဝင်မှတ်တမ်းရရှိမှုကိစ္စကို ဆိုင်ရာမြို့နယ် သံဃနာယကဥက္ကဋ္ဌ အကျိုးဆောင်နှင့် ကျောင်းထိုင်ဆရာတော်များက ထောက်ခံ ဆောင်ရွက်ပေးကြပါလိမ့်မယ်ဘုရား။

တကယ်လို့သာ အဓမ္မဝါဒမစွန့်လွှတ်ခဲ့ယင် ဆရာတော်များအနေနဲ့ သာသနာဝင်မှတ်တမ်းရရှိဖို့ မလွယ်ကူတဲ့အတွက် သွားမှု လာမှု နေမှု ထိုင်မှု စားမှုသောက်မှု ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်ပြီး "စာတုဒ္ဒိသော အပ္ပဋိဃော" ဆိုတဲ့ အရပ်လေးမျက်နှာ လိုရာသွားနိုင်တယ်ဆိုတဲ့ သံဃာတော်တို့ရဲ့ လွတ်လပ်ရေး

http://www.dhammadownload.com

တရားတော်ကို ဘယ်အခါမျှ မရရှိနိုင်ပါဘူးဘုရား၊ အခုတော့ အဓမ္မဝါဒကို စွန့်လွှတ်ပြီး ဓမ္မဝါဒီပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက်ကြောင့် "စာဘုဒ္ဓိသော အပ္ပဋိ-ဃော"ဆိုတဲ့ သံဃာတော်များ၏ လွှတ်လပ်မှုတည်းဟူသော သွားရေးလာရေးမှ အစ ရသင့်ရထိုက်သော လွှတ်လပ်မှုအခွင့်အရေးတွေ အပြည့်အစုံ ရရှိမည်ဖြစ်တဲ့ အတွက် ဆရာတော်များ သိတင်းသုံးနေတဲ့ ရပ်ကွက် မြို့ရွာ ပြည်နယ် တိုင်းအသီး သီးမှာရှိတဲ့ သံဃနာယက ဥက္ကဋ္ဌဆရာတော်များထံ သာသနာဝင်မှတ်တမ်းများ ရယူရန် ဖြစ်ပါတယ်ဘုရား၊ ရယူကြပါလို့လဲ တိုက်တွန်းပါတယ်ဘုရား။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်နိုင်ခြင်း

သာသနာဝင်မှတ်တမ်း ရယူပြီးနောက် သံဃာ့အဖွဲ့အစည်းအခြေခံ လုပ်ထုံး လုပ်နည်းစည်းမျဉ်းအရ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းအမျိုးမျိုးမှာ ပါဝင် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်ဘုရား၊ ယခင် ဓမ္မ အဓမ္မ ငြင်းခုံမှုဝိဝါဒါဓိကရဏ်း အမှုတန်းလန်းရှိနေစဉ်အခါမှာ သံဃာ့အဖွဲ့အစည်းအမျိုးမျိုးတွင် ပါဝင်ခွင့်မရှိပဲ ချန်ထားခြင်းကို ခံခဲ့ရပါတယ်ဘုရား၊ အခုတော့ အဓမ္မဝါဒကို စွန့်လွှတ်ပြီးဖြစ်တဲ့ အတွက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ် (၁၁) အရ သီးခြားမနေရတော့ပဲ ဆရာတော်ဘုရားများ သိတင်းသုံးရာ ရပ်ကွက် မြို့ ရွာ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့ထဲ လျှောက်လှောတင်ပြီး မိမိတို့ ရပိုင်ခွင့် နေပိုင်ခွင့်ရှိတဲ့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှာ ပါဝင်နိုင်မှု အသီးသီးကိုလဲ မိမိတို့ သိတင်းသုံးရာ ဒေသသို့ ပြန်ရောက်တဲ့အခါ ပါဝင်မှုရရှိအောင် ကြိုးစား တော်မူကြပါဘုရား။

ဒီလို ကြိုးစားတဲ့အခါ အကယ်၍များ အခြား တစုံတရာ အနှောင့်အယှက် အခက်အခဲရှိယင် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး တည် ရာဌာနချုပ်သို့ လျှောက်ထားတော်မူကြပါလို့ ညွှန်ကြားလိုက်ပါတယ်ဘုရား။

ကွဲပြားခြင်း၏ ဆိုးပြစ်များ

ယခင်က ဆရာတော်ဘုရားများနှင့် သံဃာတော်အချင်းချင်း ဝိဝါဒကွဲပြားခဲ့ ကြပေမဲ့ အဓမ္မဝါဒကိုစွန့်လွှတ်ပြီးချိန်မှစပြီး ဆရာအချင်းချင်း၊ ဒကာအချင်းချင်း ဝိဝါဒမကွဲပြားတော့ပဲ ရောနှောထားသောနို့နှင့် ရေအလား တသားတည်း ဖြစ် သွားကြပါပြီဘုရား၊နိုင်ငံတော်အစိုးရက ဓမ္မ အဓမ္မ စိစစ်ခိုင်းခြင်းသည် ဒီ နှံပါတ် (၄)အချက်ဟာ လိုရင်းပဓာန ဖြစ်ပါတယ်ဘုရား၊ ဆရာကွဲလျှင် ဒကာကွဲ ဆရာ ဒကာကွဲလျှင် ညီညွတ်မှု မရရှိပဲ စည်းလုံးရေးပျက်ပြားတတ်ပါတယ်ဘုရား။

http://www.dhammadownload.com

လူမှုစည်းလုံးရေး ပျက်ပြားလျှင် တိုင်းပြည်တိုးတက် ဖွံ့ဖြိုးအောင် ကမ္ဘာမှာ ဗမာဟု လို ကြွေးကြော်နိုင်အောင် လုပ်နေတဲ့ နိုင်ငံတော်အစိုးရအဖို့ ထိခိုက် နစ်နာနိုင်ပါတယ်ဘုရား၊ လူမှုစည်းလုံး ညီညွတ်ရေးရရှိမှုသည် နိုင်ငံတော်အစိုးရ အဖို့ အရေးအကြီးဆုံး ပဓာန သော့ချက်ဖြစ်သောကြောင့် တပည့်တော်တို့ သံဃာတွေ ကွဲပြားယင် တိုင်းပြည်၏ တိုးတက်မှုပါ ထိခိုက်နိုင်၍ ဓမ္မအဓမ္မ ဝိဝါဒါဓိကရဏ်းများကို လျင်လျင်မြန်မြန် ငြိမ်းအေးမှုရရှိအောင် ပြုလုပ်ဆောင် ရွက်ရခြင်း ဖြစ်ပါတယ် ဘုရား။

သံဃာကွဲပြားလျှင် အားလုံးကွဲပြားတာ ဟုတ်မဟုတ် ဆရာတော်များသိပြီး ဖြစ်ပါတယ် ဘုရား၊ ကောသမ္ဗက ခန္ဓကမှာ ဝိနည်းခိုရိ ပဂ္ဂိုလ်နှင့် ဓမ္မက ထိုက ပဂ္ဂိုလ်တို့ သန့်သက်ရောထားမှု မထားမှုက၄ပြီး သံဃာကွဲပြား ကြပါတယ်၊ သံဃာကွဲပြားတဲ့အခါ ကိုယ်စောင့်နတ်တွေကစပြီး ဘုမ္မဇ္ဇိဝ်းနတ် အာကာသဇိဝ်း နတ် ဗြဟ္မာ (၂၀) တိုင်အောင် ပုထုဇဉ်တွေကွဲပြားတာကို ထောက်လို့ရှိလျှင် ဆရာတော်ဘုရားများနှင့် ဓမ္မအဓမ္မစသည် ငြင်းခုံမှုတွေဖြစ်နေပါက ဟိဘက် ဒီ ဘက်ဗြဟ္မာ ၂၀-တိုင်အောင် ကွဲပြားမှုမျှားဖြစ်နိုင်တဲ့အတွက်ကြောင့် ဗြဟ္မာ ၂၀-အောက်မှာ နေထိုင်ကြတဲ့ တပည့်တော်တို့ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ လူမှုရေးစည်းလုံးမှု ညီညွတ်မှု တိုးတက်မှုတွေကို ထိခိုက်နိုင် ပါတယ်၊ အဲဒီလို မထိခိုက်ရလေအောင် ဓမ္မအဓမ္မငြိမ်းအေးမှုကို ပြုလုပ်ရခြင်း ဖြစ်ပါတယ် ဘုရား။

ညီညွတ်ခြင်းအကျိုး

ယခုအခါမှာတော့ ဓမ္မအဓမ္မမရှိပဲ အဓမ္မဝါဒကို စွန့်လွှတ်ပြီးဖြစ်တဲ့ အဝှက်ကြောင့် (ဆရာတော်များ၏ ပဋိညာဉ်ပြု ဝန်ခံမှုကြောင့်) အားလုံးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ စည်းလုံးညီညွတ်ပြီး မြန်မာနိုင်ငံရဲ့ တိုးတက်မှုဟာ ကမ္ဘာမှာ ဂုဏ်ယူလောက်အောင် ဖြစ်တယ်ဆို တာကို ဆရာတော်ဘုရားများ၏ စိတ်ထဲမှာ အစဉ်နှလုံးသွင်းပြီး—

"အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်
ရှိဖွယ်မတည်၊ အမည်စွန့်ပြန်
ပြည့်လုံမရှိ၊ အတိဆာင်
ဆယ်တန်ရတနာ၊ တည်ရာမှန်ဘိ
တိမိ ပိဂ်လ၊ စသည်ငါးကြိုး
ခိုမှီးနေရာ၊ ဤရှစ်ဖြာသည်
မှတ်ပါသမုဒ္ဒရာ အုံဖွယ်တည်း" လို ဟောထားတဲ့အတိုင်း

http://www.dhammadownload.com

သမုဒ္ဒရာမှာ အမည်တမျိုးတည်းသာရှိသလို မြတ်စွာဘုရား သာသနာတော်မှာ သမဏသက္ကပုတ္တိယဆိုတဲ့ နာမည်တမျိုးတည်းသာ ရှိရခြင်းဆိုတဲ့ စတုတ္ထအံ့ဖွယ်အရ ကြောင်ပန်းအပ္ပဲဝင်ဆရာတော် ဘုရားများ ယခုလိုဓမ္မဝါဒ ဖြစ်သွားကြတဲ့ အတွက်ကြောင့် သာသနာတော်မှာရှိကြတဲ့ သံဃာတော်အားလုံးနှင့် သမဏသက္ကပုတ္တိယချင်း ညီရင်းအကို ဖြစ်ကြသည် ဆိုတာကိုလဲ စဉ်းစားဝမ်းမြောက် ဂုဏ်ယူတော်မူကြပါ ဘုရား။

သုခါ သံဃာ သာမဂ္ဂီ=သံဃာတော် အားလုံးညီညွတ်လျှင် ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်း ဖြစ်နိုင်တဲ့အတွက်—

> အဓမ္မဝါဒကိုစွန့်ပြီး ဓမ္မဝါဒဖြစ်တဲ့ အတွက်ကြောင့် ရွှေကို သာသနာဝင် မုတ်တမ်းများရအောင် ယူဆောင်ကြပါ။ ။ သက်ဆိုင်ရာ ရပ်ကွက် မြို့ရွာ ပြည်နယ် တိုင်းအသီးသီးမှ မိမိတို့ပါဝင်နိုင်ခွင့် ရှိတဲ့ သံဃာ့အဖွဲ့အစည်းမှာ ပါဝင်နိုင်ခွင့်ရအောင် ကြိုးစားကြပါ။ ။ဆရာတော် ဘုရားများနှင့်တကွ အားလုံးသော ဒကာ ဒကာမများ စည်းလုံးညီညွတ်မှုရရှိပြီး နိုင်ငံတော်၏ ဂုဏ်ကို ဆယ်တဲ့အနေနဲ့ ကြိုးစားတော်မူကြပါလို့ ဘုရားတပည့်တော်က ရွှေလုပ်ငန်းစဉ်များကို တိုက်တွန်း နှိုးဆော်လျှောက်ထားအပ်ပါတယ် ဘုရား။

http://www.dhammadownload.com

http://www.dhammadownload.com

(၂) ။၃၄၁-၀၀၀၀၀—၂၀၀၇-၀၇—၆၅ —စ ၀၀-၀၀-၀